ရွှေတောင်မြို့

ကျီးသဲလေးထပ် ဆရာတော်ကြီးရေး

# မနောရထပူရဏီ

## သင်္ဂြိုဟ်စက်ဆစ်အလင်းပြ
## အမေးအဖြေကျမ်း

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ၁၉၈၁

၁၅၂၃၃

ရွှေတောင်မြို့

ကျီးသဲလေးထပ် ဆရာတော်ကြီးရေး

# မနောရထပူရဏီ

## သင်္ဂြိုဟ်ခက်ဆစ်အလင်းပြ
## အမေးအဖြေကျမ်း

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်

သာသနာ ၂၅၂၅ ကောဇာ ၁၃၄၃ ၁၉၈၁

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

## မနောရထပူရဏီကျမ်း

# နိဒါန်း

## ဗုဒ္ဓဝါဒ အခြေခံတရားတော်

---

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
**ဧတံ** ဗုဒ္ဓါန သာသနံ။

မကောင်းမှု အကုသိုလ်ဟူသမျှကို မပြုခြင်း၊
ကောင်းမှုကုသိုလ်ကို ပြည့်စုံစေခြင်း၊
မိမိ စိတ်ကို ဖြူစင်စေခြင်း–

ဟူသော ဤတရားသည် ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

ဤတရားတော်ကို ပွင့်တော်မူသမျှသော ဘုရားရှင်တို့သည် တပည့်ရဟန်းသံဃာတို့အား ဩဝါဒပါတိမောက်တရားတော်အဖြစ် ဟောကြား ဆုံးမတော်မူကြသည်။

အကျွန်ုပ်တို့၏ ကိုးကွယ်ရာ ဂေါတမဗုဒ္ဓ ရှင်တော်ဘုရားသည်လည်း ဝါတော် ၂၀-အထိ လပြည့် လကွယ် နေ့တိုင်း တပည့်ရဟန်းသံဃာတို့အား ဟောကြား ဆုံးမတော်မူပါသည်၊ ထို့ကြောင့် ဤတရားတော်ကို ဗုဒ္ဓဝါဒအခြေခံ **တရားတော်** ဟု ဆိုသင့်လှပါသည်။

**သိရန်မလွယ်ပုံ။** ဤဗုဒ္ဓဝါဒ အခြေခံတရားတော်၌ ပါဝင်သည့် အကုသိုလ် ကုသိုလ် ဖြူစင်သော စိတ်ဟူသည်တို့မှာ သိရန် မလွယ်ကူပါ၊ အဘယ်သို့ သိရပါမည်နည်းဟု မေးလျှင်——

**ဗုဒ္ဓအဘိဓမ္မာ**တရားများကို လေ့လာပါဟု ဖြေရပေမည်၊ ဗုဒ္ဓအဘိဓမ္မာမှာ ပါဠိတော်ကျမ်းရင်း (၇) ကျမ်း၊ ဆင့်မူအုပ်ရေ (၁၂) အုပ်၊ အဋ္ဌကထာ ၃-ကျမ်း ၃–အုပ်၊ ဋီကာ ၂–ကျမ်း ၃–အုပ်ရှိရာ ပေါင်း (၁၈)အုပ်ရှိသည်၊ ပါဠိဘာသာဖြင့် ရေးထားသည်၊ သဘောအဓိပ္ပါယ် နက်နဲ၍ ကျယ်ဝန်းသည်၊ ထို့ကြောင့် လေ့လာရန် မလွယ်ချေ။

**အဘိဓမ္မာအခြေခံ။** သို့ဖြစ်လျှင် ယင်း အဘိဓမ္မာကျမ်းကြီး (၁၀) ကျမ်းကို လေ့လာ တတ်သိနိုင်ရန် ရှေးဦးအခြေခံအဖြစ် အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်းကို လေ့လာပါ၊ သင်္ဂြိုဟ်ကျမ်းကို ကျေပွန်စွာ တတ်သိလျှင် အကုသိုလ် ကုသိုလ် ဖြစ်စေသောစိတ်များကိုလည်း နားလည်ပါလိမ့်မည်၊ အခြား ပရမတ္ထသဘောများကိုလည်း နားလည်၍ အဘိဓမ္မာကျမ်းကြီး ( ၁၀ ) ကျမ်း၏ သဘောအဓိပ္ပါယ်ကိုလည်း နားလည်ရန် အခြေခံရပေလိမ့်မည်။

ဤသို့သော အကြောင်းကြောင်းတို့ကြောင့် ဗုဒ္ဓဝါဒအခြေခံတရား ၃-ပါးကို တတ်သိ နားလည်လိုလျှင် အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်းကို လေ့လာပါ ဟု တိုက်တွန်းလိုပါသည်။

မှန်ပါသည်၊ အဘိဓမ္မတ္ထသင်္ဂဟဟူသော အမည်ကပင် "အဘိဓမ္မာ ၇-ကျမ်းလာ သဘောအဓိပ္ပါယ်များကို အကျဉ်းချုံး ပြသောကျမ်း"ဟု အနက် အဓိပ္ပါယ် ထွက်ပါသည်၊ ကျမ်းအမည်၏ အနက်အဓိပ္ပါယ်နှင့် လျော်ညီစွာပင် အဘိဓမ္မာ ၇-ကျမ်းမှာ ပြဆိုသည့် ပရမတ္ထတရားသဘော အဓိပ္ပါယ်များကို ထိထိမိမိ တတ်သိအောင် သင်္ဂြိုဟ်ကျမ်း၌ ပြဆိုထားပါသည်၊ ယင်းသို့ ပြနိုင်သောကြောင့်လည်း ပရမတ္ထတရားများကို သိလိုတတ်လိုသူများ ဗုဒ္ဓအဘိဓမ္မာကျမ်းကြီးများကို လေ့လာလိုသူများသည် သင်္ဂြိုဟ်ကျမ်းကို ရှေးဦးစွာ လေ့လာသင်ယူကြရပါသည်၊ ဗုဒ္ဓသာသနာဝင် လောကတွင် သင်ယူ လေ့လာသူအများဆုံးသော ကျမ်းဖြစ်ပါသည်။

**သင်္ဂြိုဟ်အဖွင့် ကျမ်းများ။** သင်ယူ လေ့လာသူများသည့်အလျောက်ပင် သင်္ဂြိုဟ်ကျမ်းကို ဘာသာ အမျိုးမျိုးသို့လည်း ပြန်ဆိုကြပါသည်၊ ဖွင့်ဆိုသော ကျမ်းများ၊ နိဿယပြန်ဆိုသောကျမ်းများလည်း များလှပါသည်။

အဘိဓမ္မတ္ထဝိဘာဝိနီခေါ် ဋီကာကျော်ကျမ်း၊ သင်္ခေပဋီကာကျမ်း၊ ပရမတ္ထဒီပနီခေါ် ဋီကာမော်ကျမ်းစသည်ဖြင့် ပါဠိဘာသာဖြင့် ဖွင့်ဆိုသောကျမ်းလည်း များစွာရှိသည်။

ပရမတ္ထသရူပဘေဒနီ၊ အဘိဓမ္မတ္ထဒီပက၊ အဘိဓမ္မဂဏ္ဌိတ္ထစသော မြန်မာ အဖွင့်ကျမ်းများလည်း များစွာရှိပေသည်။

**မနောရထပူရဏီ။** ယင်းသို့ သင်္ဂြိုဟ်ကျမ်း၏ ပါဠိဘာသာအဖွင့်ကျမ်း မြန်မာဘာသာဖြင့် ဖွင့်သောကျမ်း များစွာတွင် ယခု စာရှုသူတို့ လက်ဝယ် ရောက်ရှိနေသော မနောရထ-

ပုဂ္ဂိုလ် သင်္ဂြိုဟ်ခက်ဆစ်အလင်းပြ အမေးအဖြေကျမ်းသည်လည်း ထူးခြား တောက်ပြောင်သည့် မြန်မာအဖွင့်ကျမ်းတစ်ခု ဖြစ်ပါသည်။

**ကျမ်းပြုပုဂ္ဂိုလ်ကျော်။** ဤကျမ်းကို ပြုစုစီရင်သောပုဂ္ဂိုလ်မှာ ဗုဒ္ဓသာသနာ၌ ပြည့်စုံလင်သည့် ဗဟုဂင်ကျမ်းကြီးတစ်ဆူ ဖြစ်သော ဇိနတ္ထပကာသနီကျမ်းကိုလည်းကောင်း၊

မြန်မာစာပေကျဖွဲ့စည်းမှုအရာတွင် စံထားလောက်သည့် မဟာဝိသုဒ္ဓါရုံမည်ရှိ သာသနာ့သမိုင်းကြီးစာစောင်ကိုလည်းကောင်း၊

မြန်မာစာရေးယုံ့ထိုင်ရာ ပဋ္ဌာန်းသုတ၊ အဘိဓမ္မာကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း၊ အင်္ဂုလိရတ်ကျမ်း၊ ပိဋကပါဠိတော် အဋ္ဌကထာ ဋီကာ ယောဇနာ နိဿယစသည့် ဗဟုသုတ သေနကီ လောကုတ္တရာ သိမှတ်ဖွယ်ရာ အမြောက်အမြားတို့နှင့်၍ ကျော်စောထင်ရှားသော စွယ်စုံကျော်ထင်ကျမ်းကိုလည်းကောင်း ရေးသားပြုစုတော်မူခဲ့သော ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ကြီးဖြစ်သည်။

**ဤကျမ်းဂုဏ်ရည်။** ဆရာတော်ကြီးသည် ပါရမီရင့်သန် ပညာဉာဏ်ကြီးမားသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည့် အတိုင်းထင်ရှား ကျော်စောသည့် ဖော်ပြပါကျမ်းကြီးများ နည်းတူပင် ဤမေးခွန်းအဖြေကျမ်းကိုလည်း သိပ်သည်းကျစ်လစ်၍ ပေါ်လွင်သောစကားလုံးနှင့်အသုံးအနှုန်း ပြေပြစ်သော ဝါကျဖွဲ့သုံးများနှင့် ခြယ်လှယ်မွမ်းမံကာ နက်နဲသိမ်မွေ့သော ပရမတ္ထသဘောအခိပ္ပါယ်များကို ဖော်ပြရေးသားထားပေသည်။

**အဓိပ္ပါယ် ၄—မျိုး။** ရေးသားပုံမှာလည်း ဖတ်ရှုလေ့လာသူတို့၏ ဉာဏ်အစဉ်၌ ရှင်းလင်းပေါ်လွင်ထင်မြင်လွယ်စေရန် အမေးအဖြေပုံစံဖြင့် ရေးသားထားသည်။

ယင်းသို့ရေးသားရာ၌ သင်္ဂြိုဟ်ကျမ်းလာပရမတ္ထသဘောများကို—

၁။ အစဉ်အလာ ရှိးရာ အဓိပ္ပါယ်၊

၂။ ဆန်းကြယ်ထူးခြားသည့်အဓိပ္ပါယ်၊

၃။ နက်နဲခက်ခဲသည့် အဓိပ္ပါယ်၊

၄။ အရကျက်ဖွယ် အဓိပ္ပါယ်—

များကို ပါဝင်စေလျက် အကြောင်းအရာပေါင်း ၄၅၃—မျိုးကို ဦးတည်ထား၍ လျက် စာချက်နှာပေါင်း (၄၅၈)ဖြင့် ရေးသားထားပေသည်။

ဤအကြောင်းများကို ပုံစံနမူနာအဖြစ်အနည်းငယ်မျှ ဖော်ပြပါအံ့။

## ၁။ အစဉ်အလာ ရိုးရာအဓိပ္ပါယ်

၁။ အစဉ်အလာ ရိုးရာအဓိပ္ပါယ်ဟူသည်မှာ သင်္ဂြိုဟ်ကျမ်းအဖွင့်များနှင့် သင်္ဂြိုဟ်ကျမ်းပို့ချသင်ကြားပေးရာတို့၌ အများအားဖြင့် ရေးရိုးရေးစဉ်ပြောရိုးပြောစဉ် အဓိပ္ပါယ်များကို ဆိုလိုပေသည်။

ပုံစံ (၁) သမ္မာသမ္ဗုဒ္ဓံ ပါဌ်လာ သံသဒ္ဒါ ဧမ္မာသဒ္ဒါထူးခြားပုံ (နှာ-၅)

(၂) အကုသိုလ်စိတ်ကို ရှေးဦးစွာပြခြင်းအကြောင်း (နှာ-၁၀)

စသည်ဖြစ်သည်၊ ဤသို့သောအစဉ်အလာ ရိုးရာအဓိပ္ပါယ်များကား ဤကျမ်း၏ အဓိက ပင်မကြီးအဖြစ် ရေးသားထား-ပေသည်။

## ၂။ ဆန်းကြယ်ထူးခြားသည့်အဓိပ္ပါယ်

ဆန်းကြယ်ထူးခြားသည့် အဓိပ္ပါယ်ဟူသည်မှာ ရှေးသင်္ဂြိုဟ်အဖွင့်ကျမ်းများမှာဖြစ်စေ, မခြား ပရမတ္ထတရားများပြဆိုသည့် အဘိဓမ္မာကျမ်းများမှာဖြစ်စေ, သင်ကြားပို့ချရိုး အစဉ်အလာဖြစ်စေ အတွေ့အကြုံနည်းပါးလှသည့်အဓိပ္ပါယ်များကို ဆိုလိုပေသည်။

ပုံစံ (၁) လောဘမူစိတ်ပေါင်း ၂၀၁၆-ပြစ်ပုံ (နှာ-၂၆)

(၂) ဒေါသမူစိတ် ၅၀၄-ဖြစ်ပုံ (နှာ-၂၇)

(၃) ခေါင်း၍မေးက ရုပ်သေးတရာ ရပုံ (နှာ-၂၃၇)

စသည်ဖြစ်ပေသည်၊ ဤသို့သော ဆန်းကြယ်ထူးခြားသည့် အဓိပ္ပါယ်များကို ဤကျမ်း၌ အကိုင်းအခက်များသဖွယ် များစွာ ရေးသား ပြဆိုထားပေသည်။

## ၃။ နက်နဲခက်ခဲသည့် အဓိပ္ပါယ်

နက်နဲခက်ခဲသည့် အဓိပ္ပါယ်ဟူသည်မှာ ပရမတ္ထသဘာဝဆိုင်ရာ ဂမ္ဘီရဉာဏ်ရှင်သာ နိုင်သူတို့အတွက် နှစ်သက်အားရဖွယ်ရာ ခဲရာခက်ဆစ်အဖုအထစ်မပြေပြစ်သော ဂဏ္ဌိဌာနများကို များစွာသောကျမ်းဂန်တို့မှ ထုတ်နုတ်ရေးသားချက်ဖြစ်သည်။

ပုံစံ (၁) အဋ္ဌသာလိနီအဋ္ဌကထာကို ကိုးကား၍ အာဝဇ္ဇန်းစသည်၌ပါသောစေတနာသည် ကံ မမည်ပုံကို ပြခြင်း-(နှာ-၁၄)

(၂) ဝိဘင်္ဂပါဠိတော်နှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာကို ကိုးကား၍ လက်သမားအတတ်, ပန်းထိမ်အတတ်စသည်ကို ပညာတရားကိုယ်ယူသင့်မယူသင့် စိစစ်ပြထားသည်။ (နှာ-၃၇)

(၃) မူလဋီကာအလိုအားဖြင့် အက္ခရာ ၁-လုံး၏အသံကိုနားဖြင့် ကြားရာ၌ အနည်းဆုံး ၅-ဝိထိဖြစ်ပြီးမှ သိသည်ကိုဖော်ပြသည်။ (နှာ-၇၉)

(၄)သမ္မန္တစိန္တာဋီကာနှင့် အနုဋီကာကို ကိုးကား၍ ဝါလုံးတည်းသော သဒ္ဒါကို ပြောသည့် ပုဂ္ဂိုလ်ဘက်မှ ဝီထိအဆင့်ဆင့်ဖြစ်ပုံကို ပြဆိုထားသည်။ (နှာ-၁၄၆)

(၅) ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ကိုးကား၍ ဝသီဘော် ၅-တန်ဖြစ်ပုံကို ရေးသားဖော်ပြထားသည်။ (နှာ-၁၀၉)

ဤသို့စသည်ဖြင့် တောင်တွင်းနိုင်မာဒေသကျမ်းများကို ကိုးကား၍ အဘိဓမ္မာပရမတ္ထသဘောသိုင်ရာ သေးနက်ခက်ခဲသော အဓိပ္ပါယ်များကို ပြဆိုသည်မှာ ဤကျမ်း၌ အရွက် အသွန့် အဖူး အငုံ အပွင့်များပမာ ပြည့်ဝစုံလင်လှပါသည်။

ဤသို့စသည်ဖြင့် ဤကျမ်း၌ ကျမ်းကြီးကျမ်းနိုင်များကို အထောက်အထား ပြု၍ နက်နဲလေးနက်သော အဓိပ္ပါယ်များ ဖော်ပြထားသည်မှာ ပတ်မကုန် မှတ်မကုန် များပြား ပြည့်စုံလှပါပေသည်။

## ၄။ အရကျက်ဖွယ်အဓိပ္ပါယ်

ဖော်ပြခဲ့သည့် ၃ မျိုးသောအဓိပ္ပါယ်တို့တွင် အချို့မှာ ကြည့်ပြီးလွယ်လွယ်ပင် မှတ်သားနိုင်သော်လည်း အချို့အဓိပ္ပါယ်များ- မှတ်ဉာဏ်ဖြင့် ထိန်းထား နိုင်ခက်သည်လည်း ရှိတတ်ပေသည်၊ ယင်းသို့သော အဓိပ္ပါယ်များကို ရှေးပျို့ကဗျာများမှထုတ်၍လည်းကောင်း ကိုယ်ဘိုင်ကဗျာဖွဲ့၍လည်းကောင်း ဆောင်ပုဒ် ရေးသားထားပေသည်။

ပုံစံ (၁) ဆုတောင်းခန်းပျို့မှထုတ်နုတ်၍ မာန်ကိုးပါးဖြစ်ပုံဆောင်ပုဒ်ကို (နှာ-၅၁)၌ တွေ့ရသည်။

(၂) ပါရမီခန်းပျို့မှထုတ်နုတ်၍ နိဗ္ဗာန်ကို ကလျာဏပုထုဇဉ်များ အနုမာနဉာဏ်ဖြင့် သိမြင်နိုင်ပုံကို (နှာ-၆၉)၌ တွေ့နိုင်သည်။

(၃) စရိုက် ၆-ပါးဖြစ်ပုံအရ နှလုံးသွေးအရောင်ဖြစ်ပုံကို မှတ်လွယ်စေရန် ကိုယ်တော်တိုင် ဆောင်ပုဒ်ရေးသားထားသည်ကို (နှာ-၇၁)၌ တွေ့နိုင်သည်။

ဤသို့စသည်ဖြင့် လိုအပ်ရာ၌ ဆောင်ပုဒ်လင်္ကာများ ဆောင်ပုဒ်များရေး၍ အရကျက်ဖွယ် အဓိပ္ပါယ်များကို ရေးသားဖော်ပြထားသည်မှာ ဤကျမ်း၌ အသီးအခိုင်များသဖွယ် တင့်တယ် ဝေဆာလှပါပေသည်။

**ဤကျမ်းဖြစ်ပေါ်လာပုံ။**

ယင်းသို့ အနက်အဓိပ္ပါယ်အသွယ်သွယ် ဖော်ပြလျက် သင်္ဂြိုဟ်ကျမ်းကို ဖွင့်ဆိုသော မနောရထပူရဏီကျမ်းကို ကျေးသဲလေးထပ်ဆရာတော် ဘုရားကြီးသည် ပေမူဖြင့်ပြုစုတော်မူခဲ့ရာ သာသနာတော်သက္ကရာဇ် နှစ်ထောင်လေးရာတဆယ့်ခုနစ်ခုနှစ် (၂၄၁၇) ခုနှစ် ကောဇာသက္ကရာဇ် တထောင့်နှစ်ရာသုံးဆယ့်ငါး(၁၂၃၅)ခု တော်သလင်းလဆန်း ၁၁-ရက် တနင်္လာနေ့တွင် အောင်မြင်ထမြောက်ပြီးဆုံးခြင်းသို့ ဆိုက်ရောက်တော်မူသည်၊ ရှေးပဝေသဏီက စာဟောင်းပေဟောင်း ကျမ်းဂန်တော်များကို စာရေးတော်ကြီးမှ ဘုံးဆက်မြောက် အရှင်စန္ဒာဘာသသည် နေပြည်ညွန့်ပုံနှိပ်တိုက် ဆရာ ဦးစိုးတင့်နှင့်တိုင်ပင်၍ ပုံနှိပ်ထုတ်ဝေမည်ဟု ... ခဲ့သည်၊ ကြာခဲ့ပြီး ကျမ်းစာကို မရိုက်နှိပ်သေးမီ ဆရာတော်အရှင်စန္ဒာဘာသာ ဘဝနတ်ပြောင်း ပြောင်းကြွတော်မူသည်၊ ဆရာဦးစိုးတင့်လည်း ကွယ်လွန်သည်၊ ပေမူမှာမူ ရန်ကုန်မြို့ဗားကရာတိုက် ရွှေတောင်တိုက်... ဆရာတော်အရှင်သာဂရထံမှာ ကျန်ခဲ့သည်။

မနောရထပူရဏီကျမ်း ယခုမှန်ကန်ဟူသော ကြော်ငြာကို ဖတ်ရှုကြရသော တိုင်းသူပြည်သား မှုလိုလူအများသည်လည်း ကိုယ်တိုင်လာ၍ စာပေးသဖြင့် အမျိုးမျိုးမေးကြသည်။

ထိုကြောင့် စာမူကိုလက်ခံထိန်းထားသော အရှင်သာဂရသည်လည်း အေးဆေးစွာ မနေသာတော့ပဲ ဆရာဦးစိုးတင့်၏ညီ နေပြည်ညွန့်ပုံနှိပ်တိုက်ပိုင်ရှင် သခင်အေးနှင့်တိုင်ပင်ပြီးနောက် စရိယာကျော်ဦးအောင်မြင့်အား တည်းဖြတ်ပြင်ဆင်စေကာ ၁၃၁၉ ခုနှစ်တွင် ဤကျမ်း ပထမတွဲကိုလည်းကောင်း ၁၃၂၀-ခုနှစ်တွင် ဤကျမ်းဒုတိယတွဲကိုလည်းကောင်း ရိုက်နှိပ်ထုတ်ဝေခဲ့လေသည်။

**ပြန်လည်ရိုက်နှိပ်ခြင်း။**

ယခုအခါတွင် စာအုပ်ထွက်ခဲ့သည့်နှစ်ပေါင်းကြာခဲ့ပြီဖြစ်သောကြောင့် မနောရထပူရဏီကျမ်းအလွန်ရှားနေပြီဖြစ်သည့်ပြင် ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုသူများနှင့် စာချစာသင် ရှင်လူအများကလည်း လိုလားတောင့်တ ပြန်လည်ရိုက်နှိပ်ပါရန် တိုက်တွန်းကြသောကြောင့် ဤကျမ်းစာမူကို ထိန်းသိမ်းစောင့်ရှောက်ထားသူ သခင်မြအေးသည် သာသနာ့ခေတ်အကျိုးကို မြော်ကိုး၍ ပေမူနှင့်တကွ ဤစာမူကို သာသနာရေးဦးစီးဌာနသို့ လှူဒါန်းပါသည်။

မဲနောရထ ပူရဏီကျမ်း ၂-တွဲကို အလှူခံရရှိသောအခါ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်မှ ဤကျမ်းကို တတွဲတည်း စုပေါင်းရိုက်နှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပေသည်။

**အကျိုးတရားအဆက်ဆက်။**

ဤ မနော‌ရထ ပူရဏီကျမ်းသည်ကား အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်း၏ အနက်အဓိပ္ပါယ်တို့ကို ပေါ်လွင်ထင်ရှားအောင် ရေးသားသော ကျမ်းဖြစ်သည်။

ဤကျမ်းကို လေ့လာခြင်းဖြင့် အဘိဓမ္မာ ပါဠိ အဋ္ဌကထာ ၁၀-ကျမ်း၌ သဘောအဓိပ္ပါယ်တို့ကို အကျဉ်းချုံးရေးသားသော အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ အဓိပ္ပါယ်သဘောများ ဗုဒ္ဓအဘိဓမ္မာသဘောတရားများကို ကောင်းစွာ နားလည်သိမြင်နိုင်မည် ဖြစ်သည်။

ယင်းသို့နားလည်လျှင်လည်း—

(၁) မကောင်းသော အကုသိုလ်ကို မပြုပဲရှောင်နိုင်ခြင်း

(၂) ကောင်းသောကုသိုလ်များကို ပြည့်စုံစေခြင်း

(၃) မိမိ၏စိတ်ကို ဖြူစင်စေခြင်း

ဟူသော ဗုဒ္ဓဝါဒအခြေခံတရားကော်ကိုလည်း တတ်သိနားလည်ပြီး ကျင့်သုံးပွားများနိုင်ကြမည် ဖြစ်ပေသတည်း။

ဦးထွန်းလှိုင်(ဝိနယပါရဂူ)
သကျသီဟ ဓမ္မာစရိယ ဝဋံသကာ
အစိုးရဓမ္မာစရိယ သိရောမဏိ
စေတိယင်္ဂဏ ဓမ္မာစရိယ ဂဏဝါစက

ပထမ အကြိမ် ပုံနှိပ်စဉ်က

# မူလစကားချီး

## ထုတ်ဝေ ဖြန့်ချိရခြင်းအကြောင်း

တိလောကဂုရု ဘက်မမျှသည် သကျမာရဇိ တုမရှိသား မုနိထွတ်ထား မြတ်ဘုရား၏ သုံးပါးသော သာသနာတော်ဝယ် အံ့ဖွယ်ဘနန်း ထူးဆန်းသောဉာဏ်ထက်သန်သော လုံ့လဖြင့် ပိဋကတ္တယ ဝိသာရဒ ဂန္ထန္တရ ဗဟုသုတ နာနာနယကောဝိဒ ဖြစ်တော်မူသဖြင့် "ဇိနတ္ထပကာသနီ"ကျမ်း "စွယ်စုံကျော်ထင်ကျမ်း" စသော ကျမ်းပေါင်းများစွာတို့ကို ရေးသားတော်မူခဲ့ရာ ဇမ္ဗူဒီပါကျွန်း သာသနာထွန်းကားရာ အရပ်တို့၌ ပဘန့်သောဂုဏ် သတင်းဖြင့် လွှမ်းမင်းစွာ ကျော်စောတော်မူခဲ့သော ကျေးဇူးတော်ရှင် "ရွှေတောင်မြို့-ကျီးသဲလေးထပ်" ဆရာတော်ဘုရားကြီးသည် အဘိဓမ္မတ္ထ သင်္ဂဟမည်သော သင်္ဂြိုဟ်ကျမ်း၌နည်းနာနယ ရရှိကြစေခြင်းငှာ အဘိဓမ္မတ္ထ ဉာဏ် မှိ အဘိရဲရဲ သံသည်းကျစ်လစ်အနှစ်သာရဟူသမျှတို့နှင့် ထူးလှနက်နဲခက်ခဲတာ မှန်သမျှတို့ကို အဆောင်ဆောင်သောပါဠိ, အဋ္ဌကထာ, ဋီကာအဝဝ, ပကိဏ္ဏကမျာသား စကတို့ဖြင့် ကျနစွာ တန်ဆာ ဆင်ပြီးလျှင် ၉-ပိုင်း, ၉-ကဏ္ဍ မေးအဖြေ အစုံပြလျက် ပေထက်အက္ခရာ တင်ကာ "မနောရထပူရဏီ" ဟူသောအမည်ဖြင့် စီရင်ရေးသားတော်မူခဲ့လေသတည်း။

ဤသို့ရေးသားတော်မူခဲ့သော ပေမူသည် ဆရာတော်ကြီးမှ ၃-ဆက်မြောက် ဖြစ်သော ရွှေတောင်မြို့ ထိပ်ဗိုလ်ရုံ ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ပိဋကတ္တယ ဝိသာရဒ ဂန္ထန္တရ ဗဟုသုတ နာနာနယကောဝိဒ ဖြစ်တော်မူသော ဆရာတော်သခင် အရှင် "ဦးစန္ဒောဘာသ" မထေရ်သည် ကောင်းစွာ သိမ်းဆည်းစောင့်ရှောက်လာခဲ့ရာ လွန်ခဲ့သော အနှစ် ၃၀-လောက်က ကျွန်ုပ်တို့၏ နောင်တော် အယ်ဒီတာ "ဦးမိုးဘင်" အား စက်တင်ပုံနှိပ်ရန် အတန်တန်တိုက်တွန်းနှိုးဆော်ခြင်းပြုသဖြင့် ရိုက်နှိပ်ရန် စိုင်းပြင်းပြီးလျှင် "မနောရထပူရဏီ" ကျမ်းကြီးထွက်ပေါ်တော့မည်ဟူ၍ ကြော်ငြာများပင် ဖြန့်ချီခဲ့ဘူးလေသည်။

ထိုသို့ကြော်ငြာလိုက်ရာ များစွာသော ယောတုဇန သူတော်သိ အဝေတို့သည် ထွက်လာမည့် "ကျမ်းပူရဏီ"ကို လှမ်းယူမည့် အာသီသဖြင့် တမ်းတခြင်းမက တမ်းတမျှော်လင့်ခဲ့ကြပါသော်လည်း နေအရှာ လှုံ့ခွင့်မရသဖြင့်

မပွင့်ရသည့် ကြာပဒုံလို ယခုခေတ်တိုင်ရောက်အောင်ပင် ထွက်ပေါ်ခြင်းမရှိ ဖြစ်ခဲ့ရချေသည်။

မမြဲသည့်ဘဝ သင်္ခါရဖြင့် ဦးစိုးတင့်လည်း ကွယ်လွန် ဆရာတော်အရှင် "**ဦးစန္ဒောဘာသ**" သည်လည်း ၁၃၁၇-ခုနှစ် တော်သလင်းလဆန်း ၈-ရက်နေ့ သက်တော် (၇၉) ဝါတော် (၆၀) အရွယ်၌ ဘဝနတ်ထံ ပျံလွန်တော်မူပြန်သည်ဖြစ်ရာ ထိုကျမ်း စာပေမှာ ဆရာတော်၏ တူတပည့် ရန်ကုန်မြို့ ဗားကရာတိုက် ရွှေတောင်တိုက်သစ် ကျောင်းကြီး၏ ဦးစီးနာယက "အရှင်ဦးသာဂရ" မထေရ်မြတ်ထံ၌ ကျန်ရှိနေခဲ့ပြန်လေရာ ယခုအခါ ဥပမာဆိုရလျှင် "စပယ်ဘဲ့လေး၌ အပွင့်ငယ်ကို အငုံမှာကျန်ပါသေးရဲ့" ဆိုသကဲ့သို့ နေအရှိန်ချိန်မသင့်၍ မပွင့်ရသည့်ကြာအလား ကျန်ရှိရစ်သည့် ပေမူများကို အရှင်"**ဦးသာဂရ**"အထံမှ ပုံနှိပ်ထုတ်ဝေရန် တိုက်တွန်းချက်ဖြင့် ရရှိခဲ့လေရာ မျှော်လင့်ကြသူ ရှင်လူအားလုံး သောတုနအလိုသိ ယောဂီအပေါင်း "ပန်ချင်သူ ပျိုနွဲ့နွှောင်းတို့ ခေါင်းဖီးကြလေး..." ဆိုသည့် ရှေးစကားအသွင် ပန်ဆင်လိုသူ ရှင်လူအပေါင်းတို့ အတွက် "မနောရထပူရဏီ"ကျမ်းကို မူလကျမ်းရင်း အတိုင်း ချွတ်ချော်မှီမ်းပါးခြင်း မရှိစေရဲ့ ရှင်းလင်းသေသပ်သော ပုဒ်ပါဌ် အဖြတ်အရပ်မှစ၍ ကျနသေချာစွာ စေ့ရာ ပုဒ်များ မလိပ်လည်းစေရအောင် "ပါဠိဆရာ အယ်ဒီတာကြီး ဦးမောင်ငြိမ်း ဝဏ္ဏဝရိယ" ကိုယ်တိုင် ကြပ်မတ်ကြည့်ရှုလျက် ကောင်းစွာ ပြုတ်သင် ပြီးဆင်ပြီးလျှင် စက်တင်ပုံနှိပ်ထုတ်ဝေလိုက်ပါသည်၊

ယင်းသို့ ကြိုးပမ်းတကုန်း စက်တင် ပုံနှိပ်ထုတ်ဝေရခြင်း၏ **အကြောင်း အဓိက ရည်ရွယ်ချက်များမှာ** -

၁။ အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်းငယ် လမ်းကောင်းသဖွယ် သိပ်မွေ့လှသည့် ခရာခဲဆက် ဟူသမျှကိုကို ရှင်းလင်းစွာ ဖော်ပြတော်မူခဲ့သဖြင့် ပေါ်လွင်လှသည်ဖြစ်ရာ အဘိဓမ္မာ ပရမတ်ခန်း၌ လိမ္မာဝတ်ကျမ်းလိုသူ ရှင်လူ ကုသမျှတို့၏ ပိုအင်ဆန္ဒ ပြည့်ဝစေရန်ရင်း၊

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက နှစ်ပေါင်းများစွာ ပြုလုပ်ကျင်းပလျက်ရှိသော ငယ်, လတ်, ကြီး, ကျော်, ဂမ္ဘီရ, စာချတန်း စာမေးပွဲများနှင့် အဘိဓမ္မာဆိုင်ရာစာမေးပွဲများကို ဝင်နွဲဖြေဆိုကြသော ပုဂ္ဂိုလ် **အပေါင်းတို့မှာလည်း** "သင်္ဂြိုဟ်ဘာသာ" ၏ ခက်ဆစ်ခရာတို့ကြောင့် ငြီးတွားမနေကြရပဲ လွယ်လင့်တကူ ဖြေဆိုနိုင်ကာ မင်္ဂလာအောင် **ပန်းကို ဆင်မြန်းတော်** မူနိုင်ကြစေရန်ရင်း၊

၃။ စာချုပ်အကျော် ဆရာတော်များနှင့် ပဋိပတ်အကျင့် လမ်းတွင် အလုပ်စခန်းဝင်ကာ နေကြသော ယောဂီအပေါင်း သူတော်ကောင်းများ တို့သည်လည်း အားထားကြည့်ရှု ပွားများမှုတွင် အစဉ်မလွဲ အမြဲထာဝရ လက်ကသုံးပြုနိုင် ကြရန်အတွက်၎င်း၊

၄။ ဤမျှထူးခြား ကျေးဇူးများ၍ အနှစ်သာရနှင့် ပြည့်ဝသော ကျမ်းစာတစောင် ဖြစ်ပါလျက် နှစ်ပေါင်း များစွာကပင် ဇက်တင်ပုံနှိပ်ရန် ကြိုးပမ်းတကုတ် အားထုတ်ခဲ့ကြောမူ အခါမသင့် အခွင့်မရသဖြင့် ယနေ့တိုင် မထွက်ပေါ်နိုင်ဘဲ ဖြစ်နေခဲ့ရာ နောင်ကာလရှေ့လျှား ပျောက်ပျက်သွားခဲ့သော် ပေါ်တ ဧမျှော်လင့်လျက်ရှိကြသူ ရှင်လူအများ စာသင်သား သောတုဇန သုတေသီ ဟူသမျှတို့နှင့် နောင်လာနောက်သားတို့သည် ဤ 'မနောရထပူရဏီ' ကျမ်းအဘိုကို တွေ့ကြုံကြည့်ရှုခွင့်မရ အဟောသိက နယ်တွင်းသို့ သက်ဆင်း တိမ်မြုပ်သွားမည့် အရေးကို တွေးမိသဖြင့်၎င်း၊

၅။ ပုံနှိပ်ထုတ်ဝေရန် စိတ်ကြံကြိုးစားတော် မူခဲ့ကြသော ဆရာတော်သခင် ဦးစန္ဒောဘာသ ထေရ်အရှင်နှင့် နောင်တော် ဦးစိုးတင့်တို့၏ဆန္ဒ ပြည့်ဝစေမှုများကိုလည်း ထောက်ရှုလေးစားသောအားဖြင့် ကျေးဇူးများဆပ်ရာ ရောက်စေရန်၎င်း ဆိုခဲ့သမျှသော ရည်ရွယ်ချက် အကြောင်းကြောင်းတို့ဖြင့် စေတနာ သဒ္ဒါရှင်လန်း ကြိုးပမ်းတကုတ် ပုံနှိပ်ထုတ်ဝေခြင်း ပြုလိုက်ပါသတည်း။

သခင်အေး
ပုံနှိပ်ထုတ်ဝေသူ
ရွှေပြည်ညွန့် စာပုံနှိပ်တိုက်ပိုင်ရှင်။
၁၃၁၉-ခု၊ နယုန်လဆန်း ၈-ရက်နေ့

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


ပဏာမနှင့် ပဋိညာဉ် ... ၁

စိတ်ပိုင်း

၁။ သမ္မာသမ္ဗုဒ္ဓပုဒ်၌ သမ္မာသဒ္ဒါနှင့် သံ သဒ္ဒါနှစ်ပါး အထူးကို ပြခြင်း .... .... .... ၅
၂။ အတုလံနှင့် သဒ္ဓမ္မဂဏုတ္တမံ ပုဒ်နှစ်တန်၏ အထူးကိုပြခြင်း ၆
၃။ အဘိဓါဒိယပုဒ်ဖြင့် ဝိသေသရှိခိုးပုံကို ပြခြင်း .... ၇
၄။ ဘာသိဿံပုဒ်အရ ပဋိညာဉ်ကို ပြခြင်း .... .... ၇
၅။ ဂန္ထာရမ္ဘ ၃-ပါးတွင် လိုအပ်သော ဂန္ထာရမ္ဘကို ပြခြင်း .... ၈
၆။ နယဝိသေသဖြင့် ရှိခိုးပုံကို ပြခြင်း .... .... ၈
၇။ ပရမတ္ထ သဘာဝကို ပြခြင်း .... .... ၈
၈။ ပညတ်အပြား ၆-ပါး .... .... .... ၉
၉။ အကုသိုလ်စိတ်ကို ရှေးဦးစွာပြခြင်းအကြောင်း .... ၁၀
၁၀။ လောဘမူစသည်ခေါ်ဆိုရပုံကို ပြခြင်း .... .... ၁၁
၁၁။ ဥဒ္ဓစ္စသမ္ပယုတ်စိတ်ခေါ်ဆိုရပုံကို ပြခြင်း .... .... ၁၁
၁၂။ မိုရှနိဿယအားဖြင့် ပဋိညာဉ်အမည်ရပုံကို ပြခြင်း ၁၂
၁၃။ ကာယဝိညာဉ်၌ သုခ, ဒုက္ခ ဖြစ်ပုံကို ပြခြင်း .... ၁၂
၁၄။ အာဝဇ္ဇန်းစသည်၌ ပါသောစေတနာသည် က် မမည်ပုံကို ပြခြင်း ... .... .... ၁၄
၁၅။ ဟိတ်ကင်းသော ဟသိတုပ္ပါဒ်ဇောအမည်ရပိုကို ပြခြင်း .... ၁၅
၁၆။ ဟသိတုပ္ပါဒ်ဟူသော နာမဝိသေသကို ပြခြင်း .... ၁၅
၁၇။ မဟာကုသိုလ်ဟူသော နာမဝိသေသကို ပြခြင်း .... ၁၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၈။ ဂိဟိတ်ပဋိသန္ဓေ ၁၃-ပါးမှာ အဘယ်စိတ်များ မြတ်သနည်း .... .... .... ၁၈

၁၉။ ဉာဏ်အပြားဖြစ်ပုံကို ပြခြင်း .... .... ၁၉

၂၀။ ဈာန်ဝင်စားရာ အစဉ်မှာ ဘယ်ဈာန်ပါလေနည်း .... ၁၉

၂၁။ ပဉ္စမဈာန်သန္ဓေနေသော ဗြဟ္မာတို့မှာ .... အဘိညာဉ်ရဖို့ အားထုတ်ရသေးသလော .... ၂၀

၂၂။ ပဉ္စမဈာန် ၂ပါး ထူးခြားပုံပြခြင်း .... .... ၂၁

၂၃။ မဟဂ္ဂုတ်ချင်းဘူသော်လည်း အာရုံမတူပုံကို ပြခြင်း .... ၂၁

၂၄။ နေဝသညာ နာသညာ၏ ဝိသေသကို ပြခြင်း .... ၂၁

၂၅။ အရူပစိတ် ၄-ပါးပြားပုံကို ပြခြင်း .... .... ၂၃

၂၆။ လောကုတ္တရာစိတ်မှာ ကြီးယားကင်းပုံကို ပြခြင်း .... ၂၃

၂၇။ ပါဒကစသော ဈာန်တို့နှင့် တူဟန်ကို ပြခြင်း .... ၂၄

၂၈။ သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ရသော မဂ်ကို ပြခြင်း .... ၂၅

၂၉။ မဂ်လေးပါးတို့ ကိလေသာပယ်ပုံကို ပြခြင်း .... ၂၅

၃၀။ လောဘမူစိတ်ပေါင်းကို ပြခြင်း .... .... ၂၆

၃၁။ ဒေါသမူစိတ်ပေါင်းကို ပြခြင်း .... .... ၂၇

၃၂။ မောဟမူစိတ်ပေါင်းကို ပြခြင်း .... .... ၂၇

၃၃။ ရူပါဝစရစိတ်ပေါင်းကို ပြခြင်း .... .... ၂၇

၃၄။ မဂ်စိတ် ၄-ထောင် ပွားနည်းကို ပြခြင်း .... .... ၂၈


## စေတသိက်ပိုင်း


၃၅။ အာရုံအာရမ္မဏိကနှစ်ဝတွင် ဦးစွာ ဖြစ်သော တရားကို ပြခြင်း .... .... .... ၃၁

၃၆။ စေတသိက်ကို နာမ်ဆိုရခြင်း အကြောင်းကို ပြခြင်း .... ၃၁

၃၇။ ဝေဒနာငါးပါး၏ တရားကိုယ်ကို ပြခြင်း.... .... ၃၂

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၇။ | တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာအထူးကို ပြခြင်း .... | ၃၂ |
| ၃၉။ | အပ္ပမညာ တရားလေးပါးဟူပုံကို ပြခြင်း .... | ၃၂ |
| ၄၀။ | ပီတိနှင့်သောမနဿအထူးကို ပြခြင်း .... .... | ၃၃ |
| ၄၁။ | ဥဒ္ဓစ္စစိတ်၌ ကေဂ္ဂတာယှဉ်ပုံကို ပြခြင်း .... .... | ၃၄ |
| ၄၂။ | ဝိရတီ ၃-တန်ရှောင်ကြဉ်ဟန်အထူးကို ပြခြင်း .... | ၃၄ |
| ၄၃။ | အတတ်များစွာ ဒေရာပညာ ဟုသင့်မဆိုသင့်ကိုပြခြင်း | ၃၇ |
| ၄၄။ | အသိ ၃-ပါး ပြားပုံအထူးကို ပြခြင်း .... | ၃၉ |
| ၄၅။ | ဝိတက်, စေတနာ, မနသိကာရ ၃-ပါးအထူးကိုပြခြင်း | ၄၀ |
| ၄၆။ | ဉာဏ်နှင့်ဓိဋ္ဌိအသိထူးပုံကို ပြခြင်း .... .... | ၄၁ |
| ၄၇။ | ပဥ္စဝိညာဉ် ၁၀-၌ ဝိတက်မယှဉ်ပုံကို ပြခြင်း .... | ၄၂ |
| ၄၈။ | ဝိရတီကို အနိယတယောဂီ ဆိုသင့် မဆိုသင့်ကို ပြခြင်း | ၄၂ |
| ၄၉။ | လောကုတ္တရာ ပဉ္စမဈာန်၌ လိုအပ်သော ဥပေက္ခာကို ပြခြင်း | ၄၄ |
| ၅၀။ | ပြဟ္မာတို့မှာ ၃ ပြားဝိရတီ ဖြစ်သင့်မဖြစ်သင့်ကို ပြခြင်း | ၄၅ |
| ၅၁။ | မဟဂ္ဂုတ်ပဉ္စမဈာန်၌ ကရုဏာ, မုဒိတာ ကင်းဟန်ကို ပြခြင်း | ၄၇ |
| ၅၂။ | မဟာကုသိုလ်စိတ်၌ စေတသိက်ယှဉ်ဟန် အထူးကို ပြခြင်း | ၄၈ |
| ၅၃။ | မြတ်စွာဘုရား တရားဟောရာ သဘာသိဟဝါစာ ဖြစ်ပုံကို ပြခြင်း .... .... | ၄၈ |
| ၅၄။ | ပဋိသန္ဓေအခါ မေတ္တာဖြစ်ပုံကို ပြခြင်း .... | ၄၈ |
| ၅၅။ | ပဋိသန္ဓေအခါ လောဘဖြစ်ပုံကို ပြခြင်း .... | ၄၈ |
| ၅၆။ | ထိနနှင့် မိဒ္ဓအထူးကို ပြခြင်း .... | ၄၉ |
| ၅၇။ | ဒေါသမူစိတ်၌ စေတသိက်ယှဉ်ဟန်အထူးကို ပြခြင်း .... | ၄၉ |
| ၅၈။ | ကာယဝိညာဉ်ဒွေ၌ ယှဉ်သောစေတသိက်ကို ပြခြင်း .... | ၅၀ |
| ၅၉။ | ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကင်းပုံကို ပြခြင်း .... | ၅၀ |
| ၆၀။ | မာနတရားထောင်လွှားခြင်း၏ အကြောင်းကို ပြခြင်း | ၅၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ပကိဏ်းပိုင်း


၆၁။ ဝေဒနာမည်သမျှ ခန္ဓာမည်ရပုံကို ပြခြင်း .... ၅၅

၆၂။ ဝေဒနာငါးပါး၏ လက္ခဏာကို ပြခြင်း .... .... ၅၆

၆၃။ အဟိတ်နှင့်သဟိတ်နှစ်ပါးထူးခြားပုံကို ပြခြင်း .... ၅၆

၆၄။ အဟိတ်စေတသိက်စသည် ဂျှမရှိကို ပြခြင်း .... ၅၇

၆၅။ ကေဟိတ်ပုဂ္ဂိုလ်မရှိသင့်ပုံကို ပြခြင်း .... .... ၅၇

၆၆။ အသညသတ်ဗြဟ္မာကို အဟိတ်ခေါ် ဆိုရပုံကို ပြခြင်း ၅၇

၆၇။ နိဗ္ဗာန်ဝင်သောပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ,စုတိကို ပြခြင်း ၅၈

၆၈။ သုံးကျွန်းသားတို့ ဟိတ်တရားမရှိပုံကို ပြခြင်း .... ၅၈

၆၉။ ကိစ္စအကျိုး ဌာနအကြောင်းဖြစ်ပုံကို ပြခြင်း .... ၅၈

၇၀။ ဌာန ၂၅-ပါးကို ပြခြင်း .... .... ၅၉

၇၁။ ဘုံနှင့်ဌာန ပိုင်းခြား၍ ပြခြင်း .... .... ၆၁

၇၂။ ဒွါရ ၆-တန် ရုပ်, နာမ် ကောက်ပုံကို ပြခြင်း .... ၆၁

၇၃။ မနောဒွါရ၏ သရုပ်ကို ပြခြင်း .... .... ၆၂

၇၄။ ဒွါရဝိမုတ်စိတ်ကို ပြဆိုခြင်း .... .... ၆၃

၇၅။ ပဉ္စဒွါရ၌ ဖြစ်သောစိတ်ကို ပြဆိုခြင်း .... ၆၃

၇၆။ မနောဒွါရဖြစ်ထိုက်သောစိတ်ကို ပြဆိုခြင်း .... ၆၃

၇၇။ မနောဒွါရ၌ မဖြစ်ထိုက်သောစိတ်ကို ပြဆိုခြင်း .... ၆၃

၇၈။ ဒွါရတို့၏ရုပ်ကလာပ် အရေအတွက်ကို ပြဆိုခြင်း .... ၆၃

၇၉။ အာရုံ အာရမ္မဏိက ခွဲခြားပုံကို ပြခြင်း .... ၆၄

၈၀။ အာရုံ ၆-ပါးတွင် ဓမ္မာရုံများသည်ကို ပြခြင်း .... ၆၅

၈၁။ ဓမ္မာရုံကို အာရုံပြုသောစိတ်များကို ခွဲခြား၍ ပြခြင်း ၆၅

၈၂။ မနောဒွါရ၌ဖြစ်သောစိတ်တို့၏ အာရုံကို ပြခြင်း .... ၆၇

၈၃။ မရဏာသန္နဇော၏ အာရုံကို ပြခြင်း .... ၆၇

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၄။ | သေက္ခပုဂ္ဂိုလ်တို့ အကုသိုလ်ကို အာရုံပြု မပြုကို ပြခြင်း | ၆၈ |
| ၈၅။ | ဉာဏသမ္ပယုတ် မဟာကုသိုလ် နိဗ္ဗာန် အာရုံပြုနိုင်ပုံကို ပြခြင်း .... | ၆၈ |
| ၈၆။ | ဝတ္ထု ၆-ပါးကို တည်ဌာနအားဖြင့် ပြခြင်း .... | ၆၉ |
| ၈၇။ | ဟဒယဝတ္ထု၏ အဆင်း ၆-ပါးကို ပြခြင်း .... | ၇၀ |
| ၈၈။ | ဝိညာဉ်, အာရုံတို့ကို ဥပမာအားဖြင့် ပြခြင်း .... | ၇၁ |
| | ဝီထိပိုင်း | |
| ၈၉။ | ဝိသယပဝတ္တိ၏ အစိပ္ပါယ်ကို ပြခြင်း .... | ၇၅ |
| ၉၀။ | စက္ခုဒွါရဝီထိစိတ်ဖြစ်ပုံကို ပြခြင်း .... | ၇၅ |
| ၉၁။ | သောတဒွါရဝီထိစိတ်ဖြစ်ပုံကို ပြခြင်း .... | ၇၇ |
| ၉၂။ | မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက ၃ ပါးယူပုံကို ပြခြင်း | ၈၀ |
| ၉၃။ | ဝတ္ထုနှင့်အာရုံ ထိခိုက်ရာတွင် ဘဝင်လှုပ်ပုံကို ပြခြင်း.... | ၈၁ |
| ၉၄။ | အတီတဘဝင်ခေါ် ဆိုရပုံကို ပြခြင်း .... | ၈၃ |
| ၉၅။ | ဝီထိစိတ်ဖြစ်ပုံကို သရက် ဥပမာဖြင့် ပြခြင်း .... | ၈၄ |
| ၉၆။ | ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒခေါ် ဆိုရပုံကို ပြခြင်း .... | ၈၅ |
| ၉၇။ | ကာမဇောတို့၏ အနည်းအများစောပုံကို ပြခြင်း .... | ၈၅ |
| ၉၈။ | ရေအယဉ် ပမာ ဘဝင်စိတ်ဖြစ်ရာကို ပြခြင်း .... | ၈၆ |
| ၉၉။ | မျှောက်မျည်းခါတွင် အိပ်မက်မြင်ပုံကို ပြခြင်း .... | ၈၆ |
| ၁၀၀။ | အိပ်မက်နှစ်ပါး ထူးခြားပုံကို ပြခြင်း .... | ၈၇ |
| ၁၀၁။ | အိပ်မက်ရာတွင် ကောင်းကျိုး,မကောင်းကျိုး ဖြစ်ပုံကို ပြခြင်း | ၈၈ |
| ၁၀၂။ | အနိဋ္ဌာရုံ ဣဋ္ဌာရုံတို့၌ ဝိပါက်အမှန် ဇောအပြန်ကို ပြခြင်း | ၈၉ |
| ၁၀၃။ | ဝိဘူတာရုံနှင့် အဝိဘူတာရုံနှစ်ပါး ထူးခြားပုံကို ပြခြင်း | ၉၁ |
| ၁၀၄။ | မြင်ဘူးသော အာရုံပဇ် စိတ်တွင်ထင်ရာ ပစ္စုပ္ပန်သာ ဖြစ်ပုံကို ပြခြင်း .... | ၉၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၁၀၅။ အပ္ပနာဇောတို့၏ အနည်းအများ စောပုံကို ပြခြင်း.... ၉၂

၁၀၆။ တိက္ခ မန္ဒ ပုဂ္ဂိုလ်တို့၏ ဝိထိ၌ ဖိုလ်ဇောအနည်း အများကို ပြခြင်း ၉၃

၁၀၇။ မဂ်နောက် ဖိုလ်ဇော စောနိုင်ပုံကို ပြခြင်း .... ၉၃

၁၀၈။ သမ္ဗုဒ္ဓတဉာဏ်ယူပုံကို ပြခြင်း .... ၉၃

၁၀၉။ သဗ္ဗညုတဉာဏ်တော်ရရာ ဝီထိကို ပြခြင်း .... ၉၃

၁၁၀။ ဒေါသဇောနောင်ကျသော တဒါရုံဘဝင်များကို ပြခြင်း ၉၅

၁၁၁။ အာဂန္တုက ဘဝင်ဖြစ်ပုံကို ပြခြင်း — ၉၅

၁၁၂။ ဇောနှင့် တဒါရုံဘဝင်တို့ကို ဝေဖန်ပြခြင်း .... ၉၅

၁၁၃။ တဒါရုံ မဖြစ်သော အရာ ၁၀-ပါးကို ပြခြင်း .... ၉၆

၁၁၄။ အရိယာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ် ပဝတ္တိစိတ်တို့ကို ပြခြင်း ၉၇

၁၁၅။ ဘုံပုဂ္ဂိုလ်ရ ဆောင်ပုဒ်ကို ပြခြင်း .... ၉၇

၁၁၆။ ကာမပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြဆိုခြင်း .... ၉၈

၁၁၇။ ရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း .... ၉၉

၁၁၈။ အရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း .... ၁၀၀

၁၁၉။ ဆပညာသအရ ယထာသမ္ဘဝယူရပုံကို ပြခြင်း — ၁၀၀

၁၂၀။ သောတာပန်ပုဂ္ဂိုလ်အပြားကို ပြခြင်း .... ၁၀၀

၁၂၁။ သကဒါဂါမ် ပုဂ္ဂိုလ်အပြားကို ပြခြင်း .... ၁၀၂

၁၂၂။ အနာဂါမ်ပုဂ္ဂိုလ် အပြားကို ပြခြင်း .... ၁၀၃

၁၂၃။ ရဟန္တာပုဂ္ဂိုလ်အပြားကို ပြခြင်း .... ၁၀၄

၁၂၄။ အရိယာပုဂ္ဂိုလ် ၁၀၈-ယောက် ယူပုံကို ပြခြင်း .... ၁၀၄

၁၂၅။ အပါယ်သတ္တဝါတို့မှာ ပညာကင်းသည်ကိုပြခြင်း .... ၁၀၅

၁၂၆။ အပါယ်ဘုံသား အလောင်းတော်များတွင် ဉာဏ်ယှဉ်ပုံကို ပြခြင်း .... .... .... ၁၀၆

၁၂၇။ မဟာဂုတ်ဇော ၁၈-ခုတို့၏ အနည်းအများ စောပုံကို ပြခြင်း ၁၀၇

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၈။ | အဘိညာဉ် ဝိထိဖြစ်ပုံကို ပြခြင်း .... .... | ၁၀၇ |
| ၁၂၉။ | ဝသီဘော် ၅-ပါး ထူးခြားပုံ .... .... | ၁၀၉ |
| ၁၃၀။ | ဈာန်ဝင်စားတိုင်း အသက်ရှည် မရှည် .... .... | ၁၁၀ |
| ၁၃၁။ | သင်္ခါရ ၃-ပါး ရထိုက်, မရထိုက်ပုဂ္ဂိုလ်များကို ပြဆိုရာ.... | ၁၁၀ |
| ၁၃၂။ | တန်ခိုးပြရာဝယ် ဘုရားရှင်နှင့် သာဝကတို့ ဝိထိကျပုံ.... | ၁၁၃ |
| ၁၃၃။ | ဘုံ ၃-ပါး၌ မဂ်ရပုံခြင်း မတူပုံ .... .... | ၁၁၄ |
| ၁၃၄။ | နိရောဓသမာပတ်ကို ဝင်စားရာ၌ အာရုပ္ပဇော ၂-ကြိမ်သာ ဇောခြင်း.... .... .... | ၁၁၄ |
| ၁၃၅။ | ပုဗ္ဗ ကိစ္စလေးပါး ထူးခြားချက် .... .... | ၁၁၅ |
| ၁၃၆။ | နိရောဓသမာပတ်ကို ဝင်စားခြင်းအကြောင်း .... | ၁၁၆ |
| ၁၃၇။ | ကာမပုဂ္ဂိုလ်နှင့် ရူပပုဂ္ဂိုလ်တို့ နိရောဓသမာပတ် ဝင်စားရာ ထူးခြားကြပုံ . .... | ၁၁၆ |
| ၁၃၈။ | နိရောဓသမာပတ်မှ ထသောအခါ အာရုံယူပုံ .... | ၁၁၇ |
| ၁၃၉။ | ဈာန်နှင့်မဂ်တို့၏ ပစ္စဝေက္ခဏာ ဇောများကို ပြခြင်း .... | ၁၁၇ |
| ၁၄၀။ | ပစ္စဝေက္ခဏာဇောဝယ် အယူမှားဖွယ်··· .... | ၁၁၇ |
| ၁၄၁။ | အိပ်ပျော်စဉ်တွင် ထိုဘဝင်စိတ်ပင် ဆိုထိုက် မဆိုထိုက်.... | ၁၁၇ |

ဘုံပိုင်း

| | | |
|---|---|---|
| ၁၄၂။ | ဘုံမည်ခြင်းအကြောင်း .... .... | ၁၂၁ |
| ၁၄၃။ | ကာမသုဂတိမည်ခြင်းအကြောင်း .... .... | ၁၂၁ |
| ၁၄၄။ | ငရဲဘုံမည်ခြင်းအကြောင်း .... .... | ၁၂၂ |
| ၁၄၅။ | တိရစ္ဆာန်မည်ခြင်းအကြောင်း .... .... | ၁၂၂ |
| ၁၄၆။ | ယောနိ သဒ္ဒါ၏ အနက်အပြားကို ပြဆိုရာ.... .... | ၁၂၂ |
| ၁၄၇။ | ပြိတ္တာဟု ခေါ်ဆိုရခြင်းအကြောင်း .... .... | ၁၂၃ |
| ၁၄၈။ | အသူရကာယ်မည်ခြင်းအကြောင်း .... .... | ၁၂၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄၉။ | မနုဿဟူသော ဝေါဟာရကို ပြဆိုခြင်း.... .... | ၁၂၄ |
| ၁၅၀။ | စတုမဟာရာဇ်ခေါ် ဆိုရပုံ.... .... .... | ၁၂၅ |
| ၁၅၁။ | တာဝတိံသာဟု ခေါ်ဆိုရပုံ .... .... | ၁၂၅ |
| ၁၅၂။ | ယာမာဟု ခေါ်ဆိုရပုံ .... .... .... | ၁၂၅ |
| ၁၅၃။ | တုသိတာဟု ခေါ်ဆိုရပုံ.... .... .... | ၁၂၅ |
| ၁၅၄။ | နိမ္မာနရတိဟု ခေါ်ဆိုရပုံ... .... .... | ၁၂၅ |
| ၁၅၅။ | ပရနိမ္မိတ ဝသဝတ္တီခေါ်ဆိုရပုံ .... .... | ၁၂၆ |
| ၁၅၆။ | ရူပ ပထမဈာန် ၃-ဘုံကို ပြဆိုခြင်း .... .... | ၁၂၆ |
| ၁၅၇။ | ဒုတိယဈာန် ၃-ဘုံကို ပြခြင်း .... .... | ၁၂၆ |
| ၁၅၈။ | တတိယဈာန် ၃-ဘုံကို ပြဆိုခြင်း .... .... | ၁၂၇ |
| ၁၅၉။ | စတုတ္ထဈာန် ၇-ဘုံကို ပြဆိုခြင်း .... .... | ၁၂၇ |
| ၁၆၀။ | သတ္တာဝါသ ဘုံကိုးဝကို ပြဆိုချက် .... .... | ၁၂၈ |
| ၁၆၁။ | ပဉ္စဝေါကာရ စတုဝေါကာရ ဧကဝေါကာရ ပြားပုံကို ပြခြင်း .... .... .... .... | ၁၃၀ |
| ၁၆၂။ | ဘဝဂ်ရပ်မှာ အရိယာ ပြောင်းကာ ဖြစ်သင့် မဖြစ်သင့် | ၁၃၀ |
| ၁၆၃။ | အရူပမှာ မဂ်သောတာ ကင်းရာ၌ဝယ် သိမှတ်ဖွယ် .... | ၁၃၁ |
| ၁၆၄။ | သုဒ္ဓါဝါသဘုံ၌ ဗြဟ္မာအမြဲရှိ မရှိကို ပြခြင်း .... | ၁၃၁ |
| ၁၆၅။ | ဇာတိခေတ်မှ ပြင်ပသုဒ္ဓါဝါ ဘုံများမှာ ဗြဟ္မာ ရှိသင့် မရှိသင့်.... .... .... .... | ၁၃၂ |
| ၁၆၆။ | ငရဲသားများ ယသဘာကို ကြောက်မကြောက် .... | ၁၃၂ |
| ၁၆၇။ | ဇမ္ဗူဒိပ်၌ [illegible]သဒ္ဒါ၏ အ[illegible]ဒိဝန်ကို ပြဆိုခြင်း .... | ၁၃၄ |
| ၁၆၈။ | ပဏ္ဏာက်အပြား ၅-ပါး... .... .... | ၁၃၅ |
| ၁၆၉။ | ဥဘတောဗျည်း အပြားနှစ်ပါး .... .... | ၁၃၅ |
| ၁၇၀။ | ဘုမ္မဿိတသတ္တါ စသည်တို့၏ အဖွင့်ကို ပြဆိုရာ .. | ၁၃၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၁။ | ပြိတ္တာအပြား ၁၂-ပါးကို ပြဆိုရာ .... .... | ၁၃၉ |
| ၁၇၂။ | စတုမဟာရာဇ်နတ်ဘုံ၌ နတ်ကျိုး နတ်ကန်းရှိ မရှိ .... | ၁၄၂ |
| ၁၇၃။ | လူ ဥပပါတ်စသည် ရှိသင့် မရှိသင့် .... .... | ၁၄၂ |
| ၁၇၄။ | နတ်တို့ သက်ပိုင်း နတ်တိုင်း နေရ မနေရကို ပြခြင်း .. | ၁၄၄ |
| ၁၇၅။ | နတ် လူ နှစ်ပါးတို့၏ နှစ်, လ, ရက်များကို နှိုင်းယှဉ်ချက် .... .... .... | ၁၄၆ |
| ၁၇၆။ | အပါယ်သားများ သက်ရှည်ပြား အကုသိုလ်လား ကုသိုလ်လား .... .... | ၁၄၇ |
| ၁၇၇။ | လေးကျွန်းသားတို့၏ အသက်တမ်းကို ပြခြင်း .... | ၁၄၇ |
| ၁၇၈။ | နတ်ရွာ ၆-တန် တည်နေဟန် .... .... | ၁၄၈ |
| ၁၇၉။ | ဘုံအကွာအဝေးကို ပြဆိုခြင်း .... .... | ၁၄၉ |
| ၁၈၀။ | ဈာန်ဘုံလေးပါးသား ရှိရခြင်းအကြောင်း .... | ၁၅၀ |
| ၁၈၁။ | ကမ္ဘာနှင့် ဖြဟ္မာ သိဖို့ရာ .... .... | ၁၅၁ |
| ၁၈၂။ | ကမ္ဘာပျက်ဟန်ကို ပြခြင်း .... | ၁၅၂ |
| ၁၈၃။ | ကိစ္စထူးခြား ကံလေးပါး .... .... .... | ၁၅၃ |
| ၁၈၄။ | ဥပဃာတကနှင့် ဇနက ကံနှစ်ပါး ထူးခြားပုံ .... | ၁၅၄ |
| ၁၈၅။ | ပါကဒါနအပြား ကံလေးပါး .... .... | ၁၅၅ |
| ၁၈၆။ | မိဘသားမယားများ ပြုစုကျွေးမွေးရာ အကျိုးပေး ပေး.... .... .... | ၁၅၇ |
| ၁၈၇။ | ဂရုကံစသည်တို့ အကျိုးပေးပုံ အစဉ်ကို ပြခြင်း .... | ၁၅၇ |
| ၁၈၈။ | အကျိုးပေးရာကာလအားဖြင့် ကံလေးပါး ပြားပုံ .... | ၁၅၉ |
| ၁၈၉။ | ဒိဋ္ဌဓမ္မဝေဒနီယကံ၌ အထူးမှတ်ဖွယ် .... .... | ၁၆၀ |
| ၁၉၀။ | ဥပပဇ္ဇဝေဒနီယကံ၌ အထူးမှတ်ဖွယ် .... .... | ၁၆၁ |
| ၁၉၁။ | အပရာပရိယကံ၌ အထူးမှတ်ဖွယ် .... .... | ၁၆၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၂။ | အပေါသိကံ၌ အထူးမှတ်ဖွယ် .... .... | ၁၆၃ |
| ၁၉၃။ | ပဏ္ဏာသအဋ္ဌကထာလာ ကံအပြားကို ပြခြင်း .... | ၁၆၄ |
| ၁၉၄။ | ပဋိသမ္ဘိဒါမဂ်လာ ကံအပြားကို ပြခြင်း .... | ၁၆၅ |
| ၁၉၅။ | အတ္ထိကံ ၆-ပါးကို ပြခြင်း .... .... | ၁၆၈ |
| ၁၉၆။ | ကံတို့ကို အကျယ်ဝေဖန်၍ ပြခြင်း .... .... | ၁၆၉ |
| ၁၉၇။ | သမ္ပတ္တိ ၄-ပါး ဝိပတ္တိ ၄-ပါးကို ပြခြင်း ... .... | ၁၇၀ |
| ၁၉၈။ | ဂရုကံ ၂-မျိုး ပြိုင်ရိုးမရှိ .... .... | ၁၇၂ |
| ၁၉၉။ | ဒိဋ္ဌဓမ္မကံနှင့် ဥပပဇ္ဇကံနှစ်ပါး၌ မှတ်သားဖွယ် .... | ၁၇၂ |
| ၂၀၀။ | ဒွါရအားဖြင့် အကုသိုလ်ကံ ၃-ပါးပြားပုံ .... | ၁၇၃ |
| ၂၀၁။ | ကမ္မပထအားဖြင့် အကုသိုလ်ကံ ၁၀-ပါးပြားပုံ ပြခြင်း | ၁၇၅ |
| ၂၀၂။ | အကုသိုလ်ဝစီကံ ဖြစ် မဖြစ်ကို ပြခြင်း .... | ၁၇၇ |
| ၂၀၃။ | အကုသိုလ်မနောကံ ဖြစ် မဖြစ်ကို ပြခြင်း .... | ၁၇၈ |
| ၂၀၄။ | ကာယကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန်ကို ပြခြင်း .... | ၁၈၀ |
| ၂၀၅။ | ဝစီကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန် .... .... | ၁၈၀ |
| ၂၀၆။ | မနောကံ ဒွါရသုံးပါး၌ ဖြစ်ဟန် .... .... | ၁၈၁ |
| ၂၀၇။ | အကုသိုလ်ကံ ၁၀-ပါးကို အပိုင်အားဖြင့် ဝေဖန်ပြခြင်း .... | ၁၈၃ |
| ၂၀၈။ | ဒါန သီလ ဘာဝနာ၌ ကုသိုလ် ၁၀-ဖြာ သွင်းပုံကို ပြခြင်း .... .... .... | ၁၈၃ |
| ၂၀၉။ | ကုသိုလ် ၁၀-ပါးကို ကံ ၃-ပါးဖြင့် ဝေဖန်ပြခြင်း .... | ၁၈၄ |
| ၂၁၀။ | အကုသိုလ်ကံတို့၏ အပြစ်ကြီးငယ်ကို ပြခြင်း .... | ၁၈၄ |
| ၂၁၁။ | မဟဂ္ဂုတ်ကံမှာ မနောကံ ဖြစ်ကြောင်းကို ပြခြင်း .... | ၁၈၅ |
| ၂၁၂။ | ကံ အပြား ၁၆-ပါးကို ပြခြင်း .... .... | ၁၈၅ |
| ၂၁၃။ | ရှုပ်ချွန်၏ ပရိတ္တ,မဇ္ဈိမ ပဏီတ ဖြစ်ပုံကို ပြခြင်း .... | ၁၈၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁၄။ | အသညသတ်ဘုံသို လားအံ့သော ဈာနလာဘီ ပုဂ္ဂိုလ်တို့၏ ဘဝနောပ္ပါးဟန်ကို ပြခြင်း .... | ၁၈၆ |
| ၂၁၅။ | ကုသိုလ်အဘိညာဉ်၏ ပဋိသန် ပေးဖွယ် အကျိုးမရှိပုံကို ပြခြင်း .... .... | ၁၈၇ |
| ၂၁၆။ | နိမိတ် ၃-ပါးကိုခွဲခြား၍ ပြခြင်း .... .... | ၁၈၇ |
| ၂၁၇။ | သေခါနီးတွင် ထင်ပြီးနိမိတ် မြဲ,မမြဲကို ပြဆိုခြင်း .... | ၁၉၀ |
| ၂၁၈။ | သေခါနီးမှု သက်မရှူပုံကို ပြခြင်း .... .... | ၁၉၂ |
| ၂၁၉။ | နိမိတ်အာရုံ ချုပ်ရာကာလကို ပြဆိုခြင်း .... | ၁၉၂ |
| ၂၂၀။ | စုတိလေးမျိုးကို ပြဆိုခြင်း .... .... | ၁၉၃ |
| ၂၂၁။ | သတ္တဝါတို့ ဘဝပြောင်းကူးရာ၌ အထူးမှတ်ဖွယ်ကိုပြခြင်း | ၁၉၄ |
| ၂၂၂။ | နိမိတ် ၃-ပါးကို ကာလ ၃-ပါး ဒွါးရ ခြောက်ပါးတို့ဖြင့် ဝေဖန်၍ပြခြင်း ... .... | ၁၉၆ |
| ၂၂၃။ | မရဏာသန္နဇောနှင့် ပစ္စုပ္ပန်ကမ္မနိမိတ်တို့ ကြင်ဟန် ထင်ဟန်ကို ပြခြင်း .... .... | ၁၉၇ |
| ၂၂၄။ | အသညသတ်ပြဟ္မာ စုတိရာ၌ နိမိတ်အာရုံ ကင်းဆိတ်ပုံကို ပြခြင်း .... .. | ၁၉၉ |


## ရုပ်ပိုင်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂၅။ | မဟာဘုတ်ဟူသော ဝေါဟာရ .... .... | ၂၀၃ |
| ၂၂၆။ | ဥပါဒါ ရုပ်ကို ပြခြင်း .... .... | ၂၀၄ |
| ၂၂၇။ | ပထဝီဓာတ်ကို ပြခြင်း .... .... | ၂၀၄ |
| ၂၂၈။ | အာပေါဓာတ်ကို ပြခြင်း .... | ၂၀၄ |
| ၂၂၉။ | တေဇောဓာတ်ကို ပြခြင်း .... .... | ၂၀၅ |
| ၂၃၀။ | ဝါယောဓာတ်ကို ပြခြင်း .... .... | ၂၀၅ |
| ၂၃၁။ | ပထဝီ ၄-မျိုးကို ပြခြင်း .... .... | ၂၀၅ |
| ၂၃၂။ | အာပေါ ၄-မျိုးကို ပြခြင်း .... .... | ၂၀၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၃။ | စက္ခုပသာဒရုပ်ကို ပြခြင်း .... .... | ၂၀၆ |
| ၂၃၄။ | သောတပသာဒရုပ်ကို ပြခြင်း .... .... | ၂၀၇ |
| ၂၃၅။ | ဃာနပသာဒရုပ်ကို ပြခြင်း .... .... | ၂၀၇ |
| ၂၃၆။ | ဇိဝှါပသာဒရုပ်ကို ပြခြင်း .... .... | ၂၀၈ |
| ၂၃၇။ | ကာယပသာဒရုပ်ကို ပြခြင်း .. .... | ၂၀၈ |
| ၂၃၈။ | စက္ခု ၂-မျိုးကို ပြခြင်း .... .... | ၂၀၉ |
| ၂၃၉။ | သောတ ၂-ပါ ကို ပြခြင်း .... .... | ၂၁၀ |
| ၂၄၀။ | ဃာန ၂-ပါးကို ပြခြင်း .... .... | ၂၁၀ |
| ၂၄၁။ | ဇိဝှါ ၂-ပါးကို ပြခြင်း .... .... | ၂၁၁ |
| ၂၄၂။ | ကာယ ၂-ပါးကို ပြခြင်း .... .... | ၂၁၁ |
| ၂၄၃။ | ရူပါရုံကို ပြခြင်း .... .... | ၂၁၁ |
| ၂၄၄။ | သဒ္ဒါရုံကို ပြခြင်း .... .... | ၂၁၂ |
| ၂၄၅။ | ဂန္ဓာရုံကိုပြခြင်း .... .... .... | ၂၁၂ |
| ၂၄၆။ | ရသာရုံကိုပြခြင်း .... .... .... | ၂၁၃ |
| ၂၄၇။ | ဖောဋ္ဌဗ္ဗာရုံကိုပြခြင်း .... .... .... | ၂၁၃ |
| ၂၄၈။ | ဂေါစရဟူသောအမည်ကို ပြခြင်း .... .... | ၂၁၃ |
| ၂၄၉။ | ဣတ္ထိဘာဝရုပ်ကို ပြခြင်း .... .... .... | ၂၁၄ |
| ၂၅၀။ | ပုမ္ဘာဝရုပ်ကို ပြခြင်း.... .... .... | ၂၁၅ |
| ၂၅၁။ | ဘာဝရုပ်တို့၏ ပြောင်းလဲပုံကိုပြခြင်း.... .... | ၂၁၅ |
| ၂၅၂။ | ဟဒယရုပ်ကို ပြခြင်း .... .... .... | ၂၁၆ |
| ၂၅၃။ | ဇီဝိတရုပ်ကို ပြခြင်း .... .... .... | ၂၁၇ |
| ၂၅၄။ | အာဟာရရုပ်ကို ပြခြင်း .... .... .... | ၂၁၈ |
| ၂၅၅။ | အနိပ္ဖန္နရုပ် ၁၀-ပါးကို ပြခြင်း .... .... | ၂၁၉ |
| ၂၅၆။ | ကာယဝိညတ်ရုပ်ကိုပြခြင်း.... .... .... | ၂၂၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅၇။ | ဝစီဝိညတ်ရုပ်ကို ပြခြင်း.... .... .... | ၂၂၂ |
| ၂၅၈။ | ဝိကာရရုပ်ကို ပြခြင်း.... .... .... | ၂၂၅ |
| ၂၅၉။ | လက္ခဏာရုပ် ၄-ခုတွင် ဥပစယရုပ်နှင့် သန္တတိရုပ် ၂-ပါး ထူးခြားချက်ကို ပြခြင်း.... .... .... | ၂၂၆ |
| ၂၆၀။ | ဇာတိရုပ်တခုကိုပင် ဥပစယသန္တတိ ခေါ် ဆိုရပုံ .... | ၂၂၆ |
| ၂၆၁။ | မဟာအဋ္ဌကထာလာ ရုပ် ၄-ပါးကို ပြခြင်း .... | ၂၂၇ |
| ၂၆၂။ | ပဿာဒရုပ်ငါးပါးကိုသာ အဇ္ဈတ္တိကရုပ်ခေါ် ဆိုပုံ .... | ၂၂၉ |
| ၂၆၃။ | ဒွါရ ၆-ပါးဖြစ်သော်ငြားလည်း ဒွါရရုပ် ၇-ပါးဖြစ်ပုံ.... | ၂၃၀ |
| ၂၆၄။ | ဒွါရရုပ်မည်ကြောင်းကို ပြခြင်း .... .... | ၂၃၀ |
| ၂၆၅။ | ဣန္ဒြိယရုပ်ခေါ် ဆိုရပုံကို ပြခြင်း .... .... | ၂၃၁ |
| ၂၆၆။ | ရုပ်ဇီဝိတ၏ ရုပ်တိုင်း အစိုးမရပုံ .... .... | ၂၃၁ |
| ၂၆၇။ | ဩဠာရိကရုပ်ခေါ် ဆိုပုံကို ပြခြင်း .... .... | ၂၃၁ |
| ၂၆၈။ | သန္တိကေရုပ်ခေါ် ဆိုပုံကို ပြခြင်း .... .... | ၂၃၂ |
| ၂၆၉။ | သပ္ပဋိဃရုပ်ခေါ် ဆိုပုံကို ပြခြင်း .... .... | ၂၃၂ |
| ၂၇၀။ | သနိဒဿနရုပ်ခေါ် ဆိုရပုံကို ပြခြင်း .... .... | ၂၃၂ |
| ၂၇၁။ | ဥပစာနည်းဖြင့် ဂေါစရဂ္ဂါဟိကရုပ်ခေါ် ဆိုရပုံ .... | ၂၃၃ |
| ၂၇၂။ | ဂေါစရရုပ်ငါးပါးတွင် စက္ခုသောတ ၂-ပါးတို့၏ အသမ္ပတ္တဖြစ်ပုံကိုပြခြင်း .... .... | ၂၃၃ |
| ၂၇၃။ | အဝိနိဗ္ဘောဂရုပ် ၈-ပါးတွင် ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာရုပ်ကို ပြခြင်း | ၂၃၅ |
| ၂၇၄။ | လူတို့ကိုယ်ကို သုံးပိုင်းပိုင်း၍ ရအောင်မြင်းသောရုပ် ပြခြင်း | ၂၃၆ |
| ၂၇၅။ | ခေါက်၍မေးက ရုပ်သေးတရားရပုံကို ပြခြင်း .... | ၂၃၇ |
| ၂၇၆။ | လဟုတာဒိတ္တယရုပ်တို့၏ ဝိကာရမည်ပုံကို ပြခြင်း .... | ၂၃၇ |
| ၂၇၇။ | ဩဇာရုပ်သဏ္ဌာန်ကို ပြခြင်း .... .... | ၂၃၈ |
| ၂၇၈။ | ကံသည် ရုပ်ကိုဖြစ်စေ၏ဆိုရာ၌ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်နှင့် မဆန့်ကျင်ပုံကို ပြခြင်း .... .... | ၂၃၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၉။ | ရုပ်ကိုမဖြစ်စေတတ်သော စိတ်တို့ကို ပြခြင်း .... | ၂၄၉ |
| ၂၅၀။ | ပဋိသန္ဓေစိတ်၏ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်း .... | ၂၄၉ |
| ၂၅၁။ | ရဟန္တာတို့၏စုတိစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ခြင်း .... | ၂၅၀ |
| ၂၅၂။ | ဒွေပဉ္စဝိညာဉ် ၁၀-၏ရုပ်ကို မဖြစ်စေနိုင်ခြင်း .... | ၂၅၀ |
| ၂၅၃။ | အရူပဝိပါက်စိတ်တို့၏ ရုပ်ကို မဖြစ်စေနိုင်ခြင်း .... | ၂၅၀ |
| ၂၅၅။ | ရုပ်ကိုဖြစ်စေတတ်သောဇော်ဟာတို့၏ ကိစ္စအထူးကို ပြခြင်း .... | ၂၅၀ |
| ၂၅၅။ | ရယ်ခြင်း ၆-ပါးကို ပြခြင်း .... | ၂၅၁ |
| ၂၅၆။ | ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့၏ ဖြစ်ရာကာလ အစ,အဆုံးကို ပြခြင်း.... .... .... | ၂၅၂ |
| ၂၅၇။ | ကံ စိတ် ဥတု အာဟာရဟူ၍ ဒေသနက္ကမအားဖြင့် ခေါ်ဆိုရပုံကို ပြခြင်း.... .... .... | ၂၅၃ |
| ၂၅၈။ | သတ္တဝါတို့ မသေရာကာလကို ပြခြင်း.... .... | ၂၅၃ |
| ၂၅၉။ | ပဋိသန္ဓေအခါ ဩဇာပျံ့နှံ့ရာကာလကို ပြခြင်း .... | ၂၅၃ |
| ၂၆၀။ | ရုပ်ကလာပ်ဖွဲ့ရာ အင်္ဂါ ၄-ပါးကို ပြခြင်း.... .... | ၂၅၅ |
| ၂၆၁။ | ကေပွါဒနှင့် သဟဝုတ္တိ ၂ ပါး၏ အထူးကို ပြခြင် .... | ၂၅၅ |
| ၂၆၂။ | စက္ခုဒသက ခေါ်ဆိုရပုံကို ပြခြင်း .... .... | ၂၅၆ |
| ၂၆၃ | ယေဘုယျနည်းအားဖြင့် ဝိညတ်ရုပ်တို့ကိုလည်း ကလာပ်ဖွဲ့စည်းရာ ပါဝင်ပုံကို ပြခြင်း .... .... | ၂၅၆ |
| ၂၆၄။ | ဗဟိဒ္ဓ၌ ရနိုင်သော ကလာပ်တို့ကို ပြခြင်း.... .... | ၂၅၆ |
| ၂၆၅။ | ဝစီဝိညတ်ဒသက ကလာပ်နှင့် ဝေါဟာရ က ကလာပ်တို့ ထူးခြားပုံကို ပြခြင်း .... .... | ၂၅၇ |
| ၂၆၆။ | ကလာပ်ဖွဲ့ရာမပါဝင်သောရုပ် ၅-ပါးကို ပြခြင်း .... | ၂၅၇ |
| ၂၆၇။ | ကလာပ် ၂၁-စည်းတွင် ရုပ်ပေါင်း ၃၁၆-ပါး ဖြစ်ပုံကို ပြခြင်း .... .... | ၂၅၇ |
| ၂၆၈။ | ပဝတ္တိ ပဋိသန္ဓေအခါ ရသင့်ရသော ရုပ်တို့ကို ဝေဖန်၍ ပြခြင်း .... .... | ၂၅၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၉၉။ | စက္ခုစသည်တို့ ချီးသင့် မချီးသင့်သော ပုဂ္ဂိုလ်တို့ကို ပြခြင်း .... .... | ၂၄၉ |
| ၃၀၀။ | ပဋိသန္ဓေ တည်နေစဉ်က စ ကာလ လရောကြည် ပမာဏကို ပြခြင်း .... .... | ၂၅၁ |
| ၃၀၁။ | ပဋိသန္ဓေအခါ သတ္တာဟဖြစ်ပုံကို ပြခြင်း .... | ၂၅၁ |
| ၃၀၂။ | အဘိဓမ္မာ ဋီကာဝါဒအရ သတ္တာဟဖြစ်ပုံကို ပြခြင်း .... .... | ၂၅၂ |
| ၃၀၃။ | သံသေဒဇ ခေါ်ဆိုရပုံကို ပြခြင်း .... .... | ၂၅၃ |
| ၃၀၄။ | ဥပပါတ် ခေါ်ဆိုရပုံကို ပြခြင်း .... .... | ၂၅၃ |
| ၃၀၅။ | သံသေဒဇနှင့် ဥပပါတ် ၂-ပါး၏ အထူး .... | ၂၅၃ |
| ၃၀၆။ | ဂဗ္ဘသေယျက ခေါ်ဆိုရပုံ .... .... | ၂၅၄ |
| ၃၀၇။ | ကမ္မဇရုပ် ချုပ်ရာကာလကိုပြခြင်း.... .... | ၂၅၄ |
| ၃၀၈။ | စိတ္တဇ အာဟာရဇ ရုပ်တို့ချုပ်ရာ ကာလကို ပြခြင်း .... .... | ၂၅၅ |
| ၃၀၉။ | လူသေကောင်မှာ ရသင့်ရာသော ရုပ်ကို ပြခြင်း .... .... | ၂၅၅ |
| ၃၁၀။ | တစ္ဆေတို့မှာ လူတို့အလား ရုပ်များရှိ မရှိ ကို ပြခြင်း .... .... | ၂၅၆ |
| ၃၁၁။ | တစ္ဆေတို့ကို လူများမမြင်ရခြင်း အကြောင်းကို သာဓကနှင့်တကွပြခြင်း .... .... | ၂၅၆ |
| ၃၁၂။ | တစ္ဆေတို့ သေရာ ရုပ်လက္ခဏာ ပြောင်းပုံကို ပြခြင်း | ၂၅၇ |
| ၃၁၃။ | ဗြဟ္မာတို့မှာ ရသင့် မရသင့်သော ရုပ်တို့ကို ပြခြင်း.... | ၂၅၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁၄။ | ပြဟ္မာတို့၌ ရှိသောပြဲဇာသည် အာဟာရဇရုပ် မဖြစ်နိုင်ပုံကို ပြခြင်း .... .... | ၂၆၀ |
| ၃၁၅။ | ပြဟ္မာတို့မှာ ဘာဝရုပ်မရှိခြင်း အကြောင်း.... .... | ၂၆၀ |
| ၃၁၆။ | အသညသတ်ပြဟ္မာတို့ဖြစ်ပုံ ပြခြင်း .... .... | ၂၆၀ |
| ၃၁၇။ | ပြဟ္မာတို့မှာ တည်ရာဗိမာန် စသည် ရှိပုံ .... | ၂၆၁ |
| ၃၁၈။ | ရူပ ၁၆-ဘုံ၌ ရယင့်သောရုပ်ကလာပ်တို့ကို ပြခြင်း .... | ၂၆၄ |


## နိဗ္ဗာန်နှင့် ဆိုင်ရာများ


| | | |
|---|---|---|
| ၃၁၉။ | နိဗ္ဗာန်မြင်သော ဒွါရကို ပြခြင်း .... .... | ၂၆၂ |
| ၃၂၀။ | နိဗ္ဗာန်ရှိမရှိကို သိနိုင်ရန်ကို ပြခြင်း .... .... | ၂၆၃ |
| ၃၂၁။ | ရေဝတနတ်သား လျှောက်ထားရာတွင် ဘုရားသခင် ဟောတော်မူပုံကို ပြခြင်း .... .... | ၂၆၆ |
| ၃၂၂။ | မိလိန္ဒမင်းကြီးမေးရာတွင် ရှင်နာဂသိန်ဖြေဆိုပုံ .... | ၂၆၇ |
| ၃၂၃။ | ပုဂ္ဂိုလ်တိုင်း နိဗ္ဗာန် ရ မရ မိလိန္ဒမင်းကြီးကမေးရာ ရှင်နာဂသိန်ဖြေဆိုပုံ .... .... | ၂၆၉ |
| ၃၂၄။ | နိဗ္ဗာန်အပြား ၂-ပါးကို ပြခြင်း .... .... | ၂၆၉ |
| ၃၂၅။ | တနည်း နိဗ္ဗာန်အပြား ၃-ပါးကိုပြခြင်း .... | ၂၇၀ |
| ၃၂၆။ | လက္ခဏာရေး ၃-ပါးတို့တွင် တပါးပါးကို ထင်ရှားမြင်မှ မဂ်ရ မရပြခြင်း .... .... | ၂၇၇ |
| ၃၂၇။ | တပါးကို နှလုံးသွင်းက ၃-ပါးလုံးထင်ပုံ .... | ၂၇၄ |


(သမုစ္စည်းပိုင်း)


| | | |
|---|---|---|
| ၃၂၈။ | ဒွါသတ္တတိအရ ၇၂-ပါးသရုပ်ကိုပြခြင်း.... .... | ၂၇၉ |
| ၃၂၉။ | အာသဝလေးပါးကို ပြခြင်း .... .... | ၂၇၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃၀။ | ဩဃလေးပါးကို ပြခြင်း .... .... | ၂၈၀ |
| ၃၃၁။ | ယောဂလေးပါးကို ပြခြင်း .... .... | ၂၈၁ |
| ၃၃၂။ | ဂန္ထလေးပါးကို ပြခြင်း ... .... | ၂၈၂ |
| ၃၃၃။ | ဥပါဒါန်လေးပါးကို ပြခြင်း .... .... | ၂၈၃ |
| ၃၃၄။ | ဥပါဒါန်၏အာရုံကို ပြခြင်း .... .... | ၂၈၃ |
| ၃၃၅။ | သက္ကာယဒိဋ္ဌိ ၂၀-ကို ပြခြင်း .... .... | ၂၈၃ |
| ၃၃၆။ | နီဝရဏ ၆-ပါးကို ပြခြင်း .... .... | ၂၈၄ |
| ၃၃၇။ | ထိနမိဒ္ဓစသည်တို့ မကွဲပြားပုံ ပြခြင်း .... .... | ၂၈၅ |
| ၃၃၈။ | အနုသယ ၇-ပါးကို ပြခြင်း .... .... | ၂၈၆ |
| ၃၃၉။ | သံယောဇဉ် ၁၀-ပါးကို ပြခြင်း .... .... | ၂၈၇ |
| ၃၄၀။ | ကိလေသာ ၁၀-ပါးကို ပြခြင်း .... .... | ၂၈၇ |
| ၃၄၁။ | ထောင့်ငါးရာ ကိလေသာကို ပြခြင်း .... .... | ၂၈၇ |
| ၃၄၂။ | ခုဒ္ဒကဝိဘင်းလာ ကိလေသာကို ပြခြင်း .... .... | ၂၈၈ |
| ၃၄၃။ | တခုသော တရားဖြစ်သော်ငြားလည်း အမည်ပြားပုံ .... | ၂၈၈ |
| ၃၄၄။ | မိဿကသင်္ဂဟကိုပြဆိုချက် ဟိတ်တရားတို့ကို ပြခြင်း.... | ၂၈၉ |
| ၃၄၅။ | ဈာနင် ၇-ပါးကို ပြခြင်း .... .... | ၂၉၀ |
| ၃၄၆။ | မဂ္ဂင် ၁၂-ပါးကို ပြခြင်း .... .... | ၂၉၁ |
| ၃၄၇။ | ဣန္ဒြေ ၂၂-ပါးကို ပြခြင်း .... .... | ၂၉၂ |
| ၃၄၈။ | ဗိုလ် ၉-ပါးကို ပြခြင်း .... .... | ၂၉၄ |
| ၃၄၉။ | အဓိပတိ ၄-ပါးကို ပြခြင်း .... .... | ၂၉၅ |
| ၃၅၁။ | အဓိပတိနှင့်ဣန္ဒြေတို့၏ ထူးခြားချက်ကို ပြဆိုခြင်း .... | ၂၉၇ |

# မနောရထပူရဏီကျမ်း


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅၁။ | အာဟာရ ၄-ပါးကို ပြဆိုခြင်း .... .... | ၂၉၇ |
| ၃၅၂။ | ပဋ္ဌဝိညာဉ်မှာ ရှိသောဝေဒနာ၏ ဈာနင်မထိုက်ပုံ .... | ၂၉၈ |
| ၃၅၃။ | အဝိရိယစိတ်မှာ ဗိုလ်မပါပုံနှင့် အဟိတ်စိတ်တွင် မဂ္ဂင်မရှိပုံကို ပြဆိုခြင်း .... .... | ၂၉၉ |
| ၃၅၄။ | ဝိစိကိစ္ဆာစိတ်မှာရှိသော ဧကဂ္ဂတာ၏ မဂ္ဂင်စသည် မမည်ပုံကို ပြဆိုခြင်း .... .... | ၂၉၉ |
| ၃၅၅။ | သတိပဋ္ဌာန် ၄-ပါးကို ပြဆိုခြင်း .... .... | ၂၉၉ |
| ၃၅၆။ | သမ္မပ္ပဓာန် ၄-ပါးကို ပြဆိုခြင်း .... .... | ၃၀၀ |
| ၃၅၇။ | ဣဒ္ဓိပါဒ် ၄-ပါးကို ပြဆိုခြင်း .... .... | ၃၀၁ |
| ၃၅၈။ | ဣန္ဒြေ ၅-ပါးကို ပြခြင်း .... .... | ၃၀၁ |
| ၃၅၉။ | ဗိုလ် [illegible]ပါးကို ပြဆိုခြင်း .... .... | ၃၀၁ |
| ၃၆၀။ | ဗောဇ္ဈင် ၇-ပါးကို ပြခြင်း .... .... | ၃၀၁ |
| ၃၆၁။ | မဂ္ဂင်ရှစ်ပါးကို ပြဆိုခြင်း .... .... | ၃၀၃ |
| ၃၆၂။ | ဗောဓိပက္ခိယတရားကိုယ်ကို ပြဆိုခြင်း.... .... | ၃၀၄ |
| ၃၆၃။ | ခန္ဓာ ဥပါဒါနက္ခန္ဓာ ၂-ပါး ထူးခြားပုံ .... .... | ၃၀၅ |
| ၃၆၄။ | ခန္ဓာ ၅-ပါး ဥပမာဖြင့် ပြဆိုခြင်း .... .... | ၃၀၇ |
| ၃၆၅။ | အာယတန ၁၂-ပါးကို ပြဆိုခြင်း .... .... | ၃၀၉ |
| ၃၆၆။ | အာယတန ၁၂-ပါး သရုပ်ကို ပြဆိုခြင်း.... .... | ၃၀၉ |
| ၃၆၇။ | ဓာတ်တပါးသည် ဓာတ်တပါးအား ကျေးဇူးပြုပုံ .... | ၃၁၂ |
| ၃၆၈။ | ဓာတ်တရားတို့ကို ဥပမာအားဖြင့် ပြဆိုခြင်း .... | ၃၁၃ |
| ၃၆၉။ | သစ္စာ ၄-ပါးကို ပြခြင်း .... .... | ၃၁၄ |
| ၃၇၀။ | သစ္စာအနက် ၁၆-ချက်ကို ပြခြင်း .... .... | ၃၁၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇၁။ | ဋီကာအလာ အရာရာ သိဒ္ဓိပေါက် အဆော င်ဂါထာ.... | ၃၁၇ |
| ၃၇၂။ | သစ္စဝိမုတ်တရားများကို ပြခြင်း .... .... | ၃၁၈ |
| ၃၇၃။ | ပုထုဇဉ် ၂-မျိုးကို ပြဆိုခြင်း .... .... | ၃၁၈ |

## ပစ္စည်းပုင်း


| | | |
|---|---|---|
| ၃၇၄။ | ပစ္စည်း,ပစ္စယုပ္ပန် ၂-ပါး ဟူ ခြ ပုံကို ပြဆိုခြင်း .... | ၃၂၁ |
| ၃၇၅။ | ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ပြခြင်း .... .... | ၃၂၁ |
| ၃၇၆။ | အဝိဇ္ဇာကို ပြ ခြင်း .... .... | ၃၂၁ |
| ၃၇၇။ | သင်္ခါရတို့ ပြ ခြင်း .... .... | ၃၂၃ |
| ၃၇၈။ | ဝိညာ ဉ်ကို ပြဆိုခြင်း .... .... | ၃၂၅ |
| ၃၇၉။ | နာမ်,ရုပ်ကို ပြဆိုခြင်း .... .... | ၃၂၆ |
| ၃၈၀။ | သဠာယတနကို ပြခြင်း .... .... | ၃၂၇ |
| ၃၈၁။ | ဖဿကို ပြခြင်း .... .... | ၃၂၇ |
| ၃၈၂။ | ဝေဒနာကို ပြခြင်း .... .... | ၃၂၈ |
| ၃၈၃။ | တဏှာကို ပြခြင်း .... .... | ၃၂၉ |
| ၃၈၄။ | ဥပါဒါန်ကို ပြခြင်း .... .... | ၃၃၀ |
| ၃၈၅။ | ဘဝကို ပြခြင်း .... .... | ၃၃၁ |
| ၃၈၆။ | ဇာတိ ဇရာ မရဏ တို့ကို ပြခြင်း .... .... | ၃၃၃ |
| ၃၈၇။ | သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တို့ကို ပြခြင်း .... .... | ၃၃၄ |
| ၃၈၈။ | အဝိဇ္ဇာကျေးဇူးပြုပုံကို ပြခြင်း .... .... | ၃၃၅ |
| ၃၈၉။ | သင်္ခါရကျေးဇူးပြုပုံကို ပြခြင်း .... .... | ၃၃၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉၀။ | ဝိညာဉ် ကျေးဇူးပြုပုံကို ပြခြင်း .... .... | ၃၃၉ |
| ၃၉၁။ | နာမ်တရားကျေးဇူးပြုပုံကို ပြခြင်း .... .... | ၃၄၀ |
| ၃၉၂။ | ရုပ်တရား ကျေးဇူးပြုပုံကို ပြခြင်း .... .... | ၃၄၂ |
| ၃၉၃။ | သဠာယတန ကျေးဇူးပြုပုံ .... .... | ၃၄၄ |
| ၃၉၄။ | ဖဿကျေးဇူးပြုပုံ .... .... | ၃၄၆ |
| ၃၉၅။ | ဝေဒနာကျေးဇူးပြုပုံ .... .... | ၃၄၇ |
| ၃၉၆။ | တဏှာကျေးဇူးပြုပုံ .... .... | ၃၄၉ |
| ၃၉၇။ | ဥပါဒါန်ကျေးဇူးပြုပုံ .... .... | ၃၅၀ |
| ၃၉၈။ | ဘဝကျေးဇူးပြုပုံ .... .... | ၃၅၃ |
| ၃၉၉။ | ပဋိစ္စသမုပ္ပါဒ်တရား၏ အဓိပ္ပါယ်ကိုပြသည်ကို ပြခြင်း.... | ၃၅၅ |
| ၄၀၀။ | အဝိဇ္ဇာ၏အကြောင်းမူလကို ပြခြင်း.... .... | ၃၅၈ |
| ၄၀၁။ | အဝိဇ္ဇာတဏှာ ၂-ပါး ဝဋ်မြစ်ထားပုံ .... .... | ၃၅၉ |
| ၄၀၂။ | ပဋ္ဌာန်းနည်း ... .... | ၃၆၀ |
| ၄၀၃။ | အာရမ္မဏပစ္စည်းကို ပြခြင်း .... .... | ၃၆၈ |
| ၄၀၄။ | အဓိပတိပစ္စည်းကို ပြခြင်း .... .... | ၃၇၁ |
| ၄၀၅။ | အနန္တရပစ္စည်းကို ပြခြင်း .... .... | ၃၇၄ |
| ၄၀၆။ | သဟဇာတပစ္စည်းကို ပြခြင်း .... .... | ၃၇၇ |
| ၄၀၇။ | အညမညပစ္စည်းကို ပြခြင်း .... .... | ၃၇၉ |
| ၄၀၈။ | နိဿယပစ္စည်းကို ပြခြင်း .... .... | ၃၇၉ |
| ၄၀၉။ | ဥပနိဿယပစ္စည်းကို ပြခြင်း .... .... | ၃၈၄ |
| ၄၁၀။ | ပုရေဇာတပစ္စည်းကို ပြခြင်း .... .... | ၃၈၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၁၁။ | ပစ္စာဇာတပစ္စည်းကို ပြခြင်း .... .... | ၃၇၅ |
| ၄၁၂။ | အာသေဝနပစ္စည်းကို ပြခြင်း .... .... | ၃၉၀ |
| ၄၁၃။ | ကမ္မပစ္စည်းကို ပြခြင်း .... .... | ၃၉၁ |
| ၄၁၄။ | ဝိပါကပစ္စည်းကို ပြခြင်း .... .... | ၃၉၄ |
| ၄၁၅။ | အာဟာရပစ္စည်းကို ပြခြင်း .... .... | ၃၉၄ |
| ၄၁၆။ | ဣန္ဒြိယပစ္စည်းကို ပြခြင်း .... .... | ၃၉၅ |
| ၄၁၇။ | ဈာနပစ္စည်းကို ပြခြင်း .... .... | ၃၉၆ |
| ၄၁၈။ | မဂ္ဂပစ္စည်းကို ပြခြင်း .... .... | ၃၉၇ |
| ၄၁၉။ | သမ္ပယုတ္တပစ္စည်းကို ပြခြင်း .... .... | ၃၉၇ |
| ၄၂၀။ | ဝိပ္ပယုတ္တပစ္စည်းကို ပြခြင်း .... .... | ၃၉၈ |
| ၄၂၁။ | အတ္ထိပစ္စည်းကို ပြခြင်း .... .... | ၃၉၈ |
| ၄၂၂။ | အနန္တရ စသော ပစ္စည်းတို့၌ ရာဇန္တာစုတ်ကြည့်ရပုံကို ပြခြင်း | ၃၉၉ |
| ၄၂၃။ | သဟဇာတကမ္မနှင့် နာနာက္ခဏိက ကမ္မနှစ်ပါး အထူး .... | ၃၉၉ |
| ၄၂၄။ | အာရမ္မဏ စသော ၄ ပစ္စည်း၌ ပစ္စည်းအားလုံးစုံဝင်ပုံကို ပြခြင်း | ၃၉၉ |
| ၄၂၅။ | ၂၄ ပစ္စည်းကို အားသ ၃ ပါးဖြင့် ပိုင်းခြား၍ ပြခြင်း.... | ၄၀၁ |
| ၄၂၆။ | နိဗ္ဗာန်သည်ကား နာမ်တရားဖြစ်ပုံ .... | ၄၀၁ |
| ၄၂၇။ | ပညတ်နှစ်မျိုးကို ပြခြင်း .... .... | ၄၀၂ |
| ၄၂၈။ | အတ္ထပညတ်အပြား ၆ ပါးကို ပြခြင်း.... .... | ၄၀၃ |
| ၄၂၉။ | နာမပညတ်အပြား ၆ ပါးကို ပြခြင်း .... | ၄၀၅ |

## ကမ္မဋ္ဌာန်းပိုင်း

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၃၀။ | သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ပြခြင်း .... | ၄၁၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၃၁။ | ကာမကုသိုလ် ရူပကုသိုလ် ၂-ပါးလုံးပင် နိဝရဏ ငြိမ်းနိုင်ပုံကို ပြခြင်း .... .... .... | ၄၁၂ |
| ၄၃၂။ | စရိုက် ၆ ပါး ကို ပြခြင်း .... .... | ၄၁၃ |
| ၄၃၃။ | စရိုက်နှင့် ကမ္မဋ္ဌာန်း ယှဉ်တွဲပြခြင်း .... | ၄၁၄ |
| ၄၃၄။ | ကမ္မဋ္ဌာန်း ၂-ပါးပြားပုံကို ပြခြင်း .... .... | ၄၁၅ |
| ၄၃၅။ | ဗြဟ္မဝိဟာရဘာဝနာ ၄-ပါး .... .... | ၄၁၅ |
| ၄၃၆။ | မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း.... .... | ၄၁၅ |
| ၄၃၇။ | ကရုဏာ ကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း .... | ၄၂၀ |
| ၄၃၈။ | မုဒိတာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း .... | ၄၃၁ |
| ၄၃၉။ | ဥပေက္ခာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း .... | ၄၃၂ |
| ၄၄၀။ | ဈာန်ကို မရနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါး .... | ၄၃၃ |
| ၄၄၁။ | ကသိုဏ်းကို ရှုရာ စကျွ, မန ၂-ဒွါရဖြင့် ရှုခြင်း .... | ၄၃၄ |
| ၄၄၂။ | ပဋိဘာဂနိမိတ်ထင်ရာ ဥပစာရ ဘာဝနာ ဖြစ်ခြင်း .... | ၄၃၄ |
| ၄၄၃။ | အာဒိကမ္မိကဝီထိ၌ အပ္ပနာဈာန်စိတ်အရေအတွက် .... | ၄၃၅ |
| ၄၄၄။ | ပဉ္စမဈာန်စသည်တို့ကို ရစေနိုင်သော ကမ္မဋ္ဌာန်းပြခြင်း | ၄၃၅ |
| ၄၄၅။ | အရူပဈာန် ၄-ပါး၏ အာရုံတို့ကို ပြခြင်း .... | ၄၃၆ |
| ၄၄၆။ | အဘိညာဉ် ၅-ပါးထားခြင်း၏ အကြောင်းပြခြင်း .... | ၄၃၆ |
| ၄၄၇။ | ဈာန်ရပုဂ္ဂိုလ်တိုင်း အဘိညာဉ် ရ-မရကို ပြခြင်း .... | ၄၃၆ |
| ၄၄၈။ | ဣဒ္ဓိအမျိုး တန်ခိုးဆယ်ပါးကို ပြခြင်း .... | ၄၃၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဝိပဿနာပိုင်း | |
| ၄၄၉။ | သီလအစ မဂ်ဖိုလ်အလယ် နိဗ္ဗာန်အဆုံး ၃-ပါးကို ပြခြင်း | ၄၄၅ |
| ၄၅၀။ | သီလ ၄-ဖြာ လူတို့မှာလည်း ရသင့်ပုံကို ပြခြင်း .... | ၄၄၆ |
| ၄၅၁။ | ယုံမှားခြင်း ၁၆-ပါး .... .... | ၄၄၇ |
| ၄၅၂။ | မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ပြခြင်း .... .... | ၄၅၀ |
| ၄၅၃။ | မဂ်၏နီးပါး ကာမဝေါမျှားပင် သမာဓိဝေါဖြစ်ကြောင်း | ၄၅၄ |
| | ကျမ်းပြီး နိဂုံး .... .... | ၄၅၅ |

# မနောရထပူရဏီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏ္ဍာမနှင့် ပရိညာဥ်

တိကဘိဏ္ဏံ၊ တိရတနံ၊ နိစ္စံ နမာမိ။
ဂန္ထာရမ္ဘံ၊ ပဏာမံ၊ ဘယံ နဿတိ။
ဂဏ္ဌိပဋ္ဌံ၊ သဇ္ဇနံ၊ ခေပံ လိက္ခာမိ။
သောတာရာနံ၊ တံ ဂန္ထံ၊ အတ္ထံ ဟောဟိတံ။
မနောရထံ၊ ပူရဏံ၊ ဣဒံ ဟေဿတိ။

(သာဝိဘ္ဘိဂါထာ)

အဟံ၊ မုနိန္ဒာဘိဓေ နာမသမုတ် အကျွန်ုပ်သည်။ တိကတိဏ္ဏံ၊ သုံးမည် လောက ဘဝသုံးရွာ ဝဋ်သုံးမြွာမှ ကောင်းစွာကူးမြောက်တော်မူပြီးထသော။ တိရတနံ၊ ဘုရား, တရား, သံဃာအားဖြင့် သုံးပါးသောရတနာကို။ နိစ္စံ၊ အမြဲ။ ဝါ၊ နှိမ့်ချကြိုးနွံစွာ။ နမာမိ၊ ရှိခိုးပါ၏။ ဂန္ထာရမ္ဘံ၊ ကျမ်းကိုအားထုတ်သည်မှ လက်မွန်စဥ်။ ပဏာမံ၊ ရှိခိုးခြင်းသည်။ ဘယံ၊ ဘေးခပ်သိမ်းကို။ နဿတိ၊ ပျောက်စေသတည်း။ ဂဏ္ဌိပဋ္ဌံ၊ သင်္ဂြိုဟ်ကျမ်း၏ ခက်ဆစ်ခက်ရာ ပြဿနာ၏။ သဇ္ဇနံ၊ အဖြေကို။ ခေပံ ခေခပနာ၊ အကျဥ်းအားဖြင့်။ ဝါ၊ ပါဠိ အဋ္ဌကထာ ဋီကာ သာခကေ ပြသွင်းသဖြင့်။ လိက္ခာမိ၊ ရေးလိုက်ပေအံ့။ တံ ဂန္ထံ၊ ထိုငါရေး သောကျမ်းသည်။ သောတာရာနံ၊ မှတ်နာလိုကုန်သော သူတော်ကောင်းတို့၏။ အတ္ထံ၊ အကျိုးစီးပွားသည်။ ဟောဟိတိ၊ ဖြစ်လတ္တံ့သတည်း။ ဣဒံ ဂန္ထံ၊ ဤကျမ်း သည်။ မနောရထံ ပူရဏံ၊ ပရမတ်အရာ လိမ္မာရကြောင်း တောင်းပန်ကုန်သော သူတို့၏ နှလုံးအလိုကို ပြည့်စေတတ်သည်ဖြစ်၍ ◦မနောရထပူရဏီ မည်သည်။ ဟေဿတိ၊ ဖြစ်လတ္တံ့သတည်း။

---

၁။ ပစ္စယာဒနိဋ္ဌာသုတ်ဖြင့် ပဋ္ဌမီတုဝိဘတ်ကို တိရေးသည်။

# ၁ - စိတ်ပိုင်း

# စိတ်ပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

## ၁-သမ္မာသမ္ဗုဒ္ဓ ပုဒ်၌ သမ္မာသဒ္ဒါနှင့် သံသဒ္ဒါ နှစ်ပါးအထူးကို ပြခြင်း

**ပုစ္ဆာ။** ။သမ္မာသမ္ဗုဒ္ဓ၊ ပုဒ်အရမှာ၊ သမ္မာ,သဒ္ဒါ၊ သံ,သဒ္ဒါဝယ်၊ ဟောရေးကျယ်၊ ဘယ်ကိုနှစ်စေ၍ ဟောသနည်း။

**ဝိသဇ္ဇနာ။** ။သမ္မာသဒ္ဒေန သဗ္ဗညုတဉာဏဿ ဂတိတတ္တာ ပစ္စေကဗုဒ္ဓံ နိဝတ္တေတိ၊ သံသဒ္ဒေန အရဟတ္တမဂ္ဂဉာဏဿ ဂဟိတတ္တာ သာဝကာဒယော နိဝတ္တေတိ–ဟူသော သင်္ခေပဋီကာနှင့်အညီ သမ္မာသဒ္ဒါဖြင့် မဖောက်မပြန် ကေန်စင်စစ်သိသော သဗ္ဗညုတဉာဏ်ကို ယူအပ်သောကြောင့် ဖောက်ပြန်သဖြင့် သိသော **ပစ္စေကဗုဒ္ဓါ**ကို နှစ်စေသည်။ သံသဒ္ဒါဖြင့် အရဟတ္တမဂ် အမည်ရသော သယမ္ဘူဉာဏ်ကို ယူအပ်သောကြောင့် နည်းခံ၍သိသော **သာဝက**တို့ကို နှစ်စေသည်။ ဤသို့ ပစ္စေကဗုဒ္ဓါသာဝကတို့ကို နှစ်စေ၍၊ **ဘုရားသခင်ကိုသာ သမ္မာသမ္ဗုဒ္ဓ**သဒ္ဒါဟော၏ ဟူပေ။ ။ပစ္စေကဗုဒ္ဓါတို့သည် သစ္စာလေးပါးကို အလိုလိုသိသောကြောင့် **သမ္ဗုဒ္ဓ**ကား မည်၏၊ မိမိသိသောအတိုင်း သူတပါး သိအောင် သဒ္ဒပညတ်သို့တင်၍ကား မဟောပြနိုင်။ လူအ,သည် မိမိအိပ်မက်ကို မပြန်နိုင်သကဲ့သို့သာ ဖြစ်သောကြောင့် ဖောက်ပြန်သဖြင့် သိသည်မည်ရကား သမ္မာသမ္ဗုဒ္ဓ မမည်။ အရှင်သာရိပုတ္တရာစသော သာဝကတို့မှာလည်း ဘုရားဟောသည်ကို နာခံ၍ သိပြီးလျှင် မိမိသိတိုင်း သူတပါးအားလည်း ဟောပြနိုင်သောကြောင့် မဖောက်မပြန်သိသည်ဖြစ်ရကား **သမ္မာဗုဒ္ဓ**သာမည်၏။ အလိုလိုမသိသောကြောင့် **သမ္ဗုဒ္ဓ**ကား မမည်။ ထို့ကြောင့် နှစ်စေ၏ဟုလိုသည်။ သည်ကို ရည်၍ ပါရမီခန်း၌–

သုံးပါးယဉ်သာ၊ လက္ခဏာတည့်၊ မကွာ ကိုယ်ကြပ်၊ ရထားကပ်၍၊ စီးအပ်သမျှ၊ ပို့ကုန်လျက်၊ သတ္တဝါဟော်၊ ယာဉ်မူးတော်ဟု၊ ကျော် သည်ငါ့ကို၊ မှီပုံးခိုမှု၊ မငြိုမငြင်၊ ပြည်ထင်ရှိမဒ်၊ အကျွတ်ပညာ၊ ပွား ကာကာလျှင်၊ (သမ္မာဗုဒ္ဓ) ရကုန်အမည်၊ သီတိထေင်တွင်၊ အရှည်မြင်

ခြင်း၊ မတံပြင်း၍၊ လက်ရင်းငါ့အောက်၊ အကြီးမြောက်သည်၊ လျှံ တောက်ပညာ၊ သာရိပုတ္တရာ။

ဟူ၍ စပ်ဆိုတော်မူသည်။

## ၂-အတုလံနှင့် သသဒ္ဓမ္မ ဂဏုတ္တမံ ပုဒ်နှစ်တန်၏ အထူးကို ပြခြင်း

**ပုစ္ဆာ**။ ။အတုလနှင့်၊ သသဒ္ဓမ္မဂဏုတ္တမံ၊ ပုဒ်နှစ်တန်ဝယ်၊ ဟောရေးကျယ်၊ ဘယ်ဒြပ်နှင့် ဘယ်ဂုဏ်နည်း။

**ဝိသဇ္ဇနာ**။ ။သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ–ဟူသော ပုဒ်သုံးရပ်တွင် သမ္မာသမ္ဗုဒ္ဓဟူသော ရှေ့ပုဒ်ကို ဝိသေသျ, အတုလံနှင့် သသဒ္ဓမ္မဂဏုတ္တမံ ဟူသောပုဒ်ကို ဝိသေသနပြုသော် **သမ္မာသမ္ဗုဒ္ဓ** ဟူသော ပုဒ်၏အရသည် **ဘုရား ဒြပ်** နောက်နှစ်ပုဒ်၏အရသည် **ဂုဏ်** ဖြစ်၏။

အတုလံကို ဝိသေသျ ပြု၍ သမ္မာသမ္ဗုဒ္ဓနှင့် သသဒ္ဓမ္မဂဏုတ္တမံ ကို ဝိသေသန ပြုသော် **အတုလံ** ပုဒ်၏အရသည် **ဘုရားဒြပ်** နောက်နှစ်ပုဒ်၏ အရသည် **ဂုဏ်** ဖြစ်၏။ ဤသို့ ဂုဏ်ကို ဟောခြင်း, ဒြပ်ကို ဟောခြင်းသည် အမြဲပုံသေမဟုတ်။ ဆိုလိုသော ပုဂ္ဂိုလ်၏ အလိုသို့ လိုက်၍ ဆိုခိုက်, ဆိုခိုက်သာ ဒြပ်ဟော, ဂုဏ် ဟောဖြစ်ရကား အာဝတ္တဒြပ်, အာဝတ္တဂုဏ် မည်၏ဟု ဖြေလေ။

တနည်းကား–ဂုဏ်သည် ဟုတ်မှန်တိုင်း ချီးမွမ်းအပ်သော **ယထာဘူတဂုဏ်**၊ လျှဉ်းပါးရန်ကို ဖြတ်လို၍ ဆိုအပ်ချီးမွမ်းအပ်သော **ဗျဝစ္ဆေဒဂုဏ်အားဖြင့် နှစ်ပါး** အပြားရှိသည်တွင် အတုလံဟူသော ဂုဏ်သည် လျှဉ်းပါးရန်မရှိ၊ ဟုတ်မှန်တိုင်း ချီးမွမ်းလို၍သာ ဆိုသော ပုဒ် ဖြစ်ရကား **ယထာဘူတ** ဂုဏ် မည်၏။

သသဒ္ဓမ္မဂဏုတ္တမံ ဟူသော ပုဒ်သည် တရားတော်ဒြပ် သံဃာတော်ဒြပ်ကို အပဋ္ဌာန၊ ဘုရားရှင်ဂုဏ်ကို ပဋ္ဌာနပြု၍ ဆိုအပ်, ချီးမွမ်းအပ်သော ပုဒ်ဖြစ်ရကား **အာဝတ္တဂုဏ်မည်၏** ဟု ဖြေလေ။

## ၃-အဘိဝါဒိယပုဒ်ဖြင့် ဝိသေသ ရှိခိုးပုံကို ပြခြင်း

**ပုစ္ဆာ**။ ။အဘိဝါဒိယ၊ ပုဒ်အရင်း၊ ဝိသေသနယ်၊ ဖွင့်ရေးကျယ်၊ ဘယ် ရှိခိုးခြင်း မြောက်သနည်း။

**ဝိသဇ္ဇနာ**။ ။ဘယလာဘကုလာစာရာဒိဝိရဟေန, ကာယဝစီမနောဒွါရေဟိ ဝန္ဒိတွာတိ အတ္ထော-ဟု ဋီကာကျော် မိန့်သည်နှင့် အညီ လောကဌ် ဘေးပြု အံ့သည်ကို ကြောက်၍ ရှိခိုးခြင်း, လာဘ်ကိုလို၍ ရှိခိုးခြင်း,အမျိုးတို့၏ ကျင့်ရိုး အစဉ်ဖြစ်၍ ရှိခိုးခြင်း, မှားသော အယူရှိ၍ ရှိခိုးခြင်း, မိုက်၍ ရှိခိုးခြင်းတို့ကို ပြုကြရကုန်၏။ ထို ရှိခိုးခြင်းတို့သည် ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း ပြုလေငြား သော်လည်း စိတ်,စေတနာမပါကုန်။ ဤသို့သော ရှိခိုးခြင်းတို့မှ ကင်းလွတ်လျက် ကြည်ဆွတ်သော စေတနာ သဒ္ဓါတရားနှင့်တကွ ဒွါရသုံးပါးလုံးဖြင့် ညွတ်ကျိုး ၍ ရှိခိုးသည် ဖြစ်ရကား ဝိသေသ ရှိခိုးခြင်းမြောက်၏ ဟူပေ။

## ၄-ဘာသိဿံပုဒ်အရ ပဋိညာဉ်ကို ပြခြင်း

**ပုစ္ဆာ**။ ။သုံးဘုံအရ၊ မြတ်ဓမ္မဝယ်၊ ဘာသိဿနှင့်၊ အဘိဓမ္မတ္ထသင်္ဂဟံ၊ ဘယ်ပဋိညာဉ် ဖြစ်သနည်း။

**ဝိသဇ္ဇနာ**။ ။ပဋိညာဉ်သည် **သကလပဋိညာဉ်**, **ကေဒေသပဋိညာဉ်**-ဟူ၍ နှစ်ပါးအပြားရှိသည်။ ။ထို နှစ်ပါးတို့တွင် ဝက္ခာမိ သုတ္တဟိတံ **တို့ကား** ပိဋကတ်သုံးပုံလုံးကို သိမ်းကျုံး၍ **ဝန်ခံသောကြောင့်** **သကလ** **ပဋိညာဉ်** မည်၏။

ဝဏ္ဏယိဿာမိ ဝိနယံ တို့ကား ပိဋကတ်တပုံ ဖြစ်သော **တစိတ်တဒေသကို** ဝန်ခံသောကြောင့် **ကေဒေသ** ပဋိညာဉ်မည်၏။ ထိုနှစ်ပါးတို့တွင်—

ဤဘာသိဿံ အဘိဓမ္မတ္ထသင်္ဂဟံ ဟူသော ပါဌ်သည်လည်း **အဘိဓမ္မာ** ပိဋကတ်၌ ဟောအပ်သော အနက်ကိုသာ အကျဉ်းချုံး၍ ဆိုအံ့ဟု **ဝန်ခံသော** ကြောင့် **ကေဒေသ** ပဋိညာဉ်မည်၏ဟု ဖြေလေ။

## ၅–ဂန္ထာရမ္ဘ ၃-ပါးတွင် လိုအပ်သော ဂန္ထာရမ္ဘကို ပြခြင်း

**မေး။** ။ဂန္ထာရမ္ဘ၊ စသည်တရိုး၊ ရှိခိုးတောင့်တ၊ ဝတ္ထုပြသည်၊ ဘယ်ပုဗ္ဗက ဖြစ်သနည်း။

**ဖြေ။** ။သမ္ဗာသမ္ဗုဒ္ဓမတုလံ အဘိဝါဒိယ-ဟူသောပါဌ်ဖြင့် ရတနာသုံးပါး တို့အား ရှိခိုးခြင်းတည်းဟူသော ပဏာမကို ရှေ့ထား၍ ကျမ်းကို အားထုတ် ရကား **ပဏာမပုဗ္ဗကဂန္ထာရမ္ဘ** ဖြစ်သည် ဟူပေ။

## ၆–နယဝိသေသဖြင့် ရှိခိုးပုံကို ပြခြင်း

**မေး။** ။အပေါင်းထား၍၊ ဘုရားကိုသာ၊ သဒ္ဒါချမ်းကြွယ်၊ ရှိခိုးရှယ်၊ ဘယ်နည်းအားဖြင့် ဖြစ်သနည်း။

**ဖြေ။** ။မကောင်းရာသည်ကို ဆိုသဖြင့် မကောင်းတတ်သည်ကို ရသောနည်း သည် **အဝိနာဘာဝ**နည်းမည်၏ဟူ၍ နယလက္ခဏ ဝိဘာဝနီ၌ လာရကား ဘုရား တည်းဟူသော မကောင်းရာသည်ကို ဆိုသဖြင့် တရား,သံဃာ တည်းဟူသော မကောင်းတတ်သည်ကိုလည်း ရှိခိုးသည်မည်စေသောကြောင့် **အဝိနာဘာဝနည်း** ဖြစ်သည်ဟု ဖြေ။ ။သမ္ဗန္ဓစိန္တာဋီကာအလို။

တနည်းကား–ဘုရားတည်းဟူသော ပြဋ္ဌာန်းသည်ကို ယူသဖြင့် တရား, သံဃာ တည်းဟူသော မပြဋ္ဌာန်းသည်ကိုလည်း ပြီးစေသောကြောင့် ပဋ္ဌာနနည်း ဖြစ်သည်ဟု ဖြေ။ ။ဋီကာကျော် အလို။

ထိုကြောင့်–

> ဂုဏီဘူတာနမ္ပိ ဟိ ဓမ္မသံဃာနံ အဘိဝါဒေတဗ္ဗဘာဝေါ သဟ-
> ယောဂေန ဝိညာယတိ–

ဟူ၍ မိန့်သည်။

## ၇–ပံရမတ္ထသဘာဝကို ပြခြင်း

**မေး။** ။ပရမတ္ထ၊ ဆတ်ဆတ်ရအောင်၊ ဝေကန်သည်၊ အသံဘယ်ပညတ် တည့်နည်း။

မှတ်ချက်။ ။ပရမတ္ထတောဝေ၊ ဆတ်ဆတ်သောပရမတ္ထ၏ အစွမ်းဖြင့်သာလျှင်–ဟူသော ဤပုဒ်၌ ဝေသဒ္ဒါကို ဆိုခြင်းသည် အဘယ်အကျိုးရှိသနည်းဟု **မေးသည်။**

**ဖြေ။** ။ခေါ်ဝေါ်သမုတ်အပ်သော သမ္မုတိပညတ်ကိုထား၍ ထိုသမ္မုတိပညတ်မှ အသီးထုတ်အပ်သော အနက်သဘောသာလျှင် **ပရမတ္ထမည်၏** ဟူသော **အနက်ကို** သိစေခြင်းအကျိုးရှိ၏ ဟု ဖြေလေ။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ ခေါ်ဝေါ်သော အသံသည် သမ္မုတိပညတ်မည်၏။ ထိုပညတ်ဖြင့် တင်ဆိုအပ်သော အာရုံကိုသိခြင်းသဘော အာရုံကိုတွေ့ခြင်းသဘော အာရုံကိုခံစားခြင်းသဘော ဖောက်ပြန်တတ်သော သဘောတို့သည်သာလျှင် **ပရမတ္ထဓမ္မမည်၏** ဟူလိုသည်။

## ၈-ပညတ်အပြား ၆-ပါး

ထိုသဒ္ဒဝေါဟာရဖြစ်သော သမ္မုတိ ပညတ်သည်လည်း–

(၁) ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကို ခေါ်ဆိုသော **ဝိဇ္ဇမာန** ပညတ်။

(၂) ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကို ခေါ်ဆိုသော **အဝိဇ္ဇမာန** ပညတ်။

(၃) ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကိုစွဲ၍ မရှိသည်၌ ခေါ်ဆိုသော **ဝိဇ္ဇမာနေန အဝိဇ္ဇမာန** ပညတ်။

(၄) ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကိုစွဲ၍ ရှိသည်ကိုခေါ်ဆိုသော **အဝိဇ္ဇမာနေန ဝိဇ္ဇမာန** ပညတ်။

(၅) ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကိုစွဲ၍ ရှိသည်၌ ခေါ်ဆိုသော **ဝိဇ္ဇမာနေန ဝိဇ္ဇမာန** ပညတ်။

(၆) ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကိုစွဲ၍ မရှိသည်၌ ခေါ်ဆိုသော **အဝိဇ္ဇမာနေန အဝိဇ္ဇမာန** ပညတ်ဟူ၍ ၆-ပါးအပြားရှိ၏။

ထို ၆-ပါးတို့တွင်–

(၁) အာရုံကို သိတတ်သောသဘောကို စိတ်, တွေ့တတ်သောသဘော ကိုဖဿ, ဖောက်ပြန်တတ်သောသဘောကို ရုပ် စသည်ဖြင့် ခေါ်ဆိုပညတ်ခြင်း သည် '**ဝိဇ္ဇမာန**' ပညတ်မည်၏။

(၂) မြေ, ရေ, တော, တောင်, သစ်ပင်တို့ကို ဘူမိ, ဥဒက, ဝန, ပဗ္ဗတ, ရုက္ခ စသည်ဖြင့် ခေါ်ဆိုပညတ်ခြင်းသည် 'အဝိဇ္ဇမာန' ပညတ်မည်၏။

(၃) အဘိညာဉ် ခြောက်ပါးရသည့် သူဟု ခေါ်ဆိုခြင်းသည် '**ဝိဇ္ဇမာနေန အဝိဇ္ဇမာန**' ပညတ်မည်၏။

(၄) **မိန်းမသံ** ဟု ခေါ်ဆိုခြင်းသည် '**အဝိဇ္ဇမာနေန ဝိဇ္ဇမာန**' ပညတ် **မည်၏**။

(၅) စက္ခုဝိညာဏ်ဟု ခေါ်ဆိုခြင်းသည် 'ဝိဇ္ဇမာနေန ဝိဇ္ဇမာန' ပညတ် **မည်၏**။

(၆) မင်းသားဟူ၍ ခေါ်ဆိုခြင်းသည် 'အဝိဇ္ဇမာနေန အဝိဇ္ဇမာန' ပညတ် မည်၏။

ဤသို့ သဒ္ဒပညတ် ၆-ပါးကို ခွဲခြား၍ သိအောင်ကြံလေ။

ထိုသို့ကြံစေလို၍ ပုစ္ဆာဆာဆုက–

အမည်ခြောက်ပါး၊ အပြား ၆-ရပ်၊ ဘယ်ပညတ်ဟု၊ ဒါတတ်ဆိုသော်၊ နဂို ဉာဏ်စ ရှင်လိမ့်မည်ဟု မိန့်လေသည်။

## ၉-အကုသိုလ်စိတ်ကို ရှေးဦးစွာ ပြခြင်း အကြောင်း

မေး။ ။ကုသိုလ်အာဒိ၊ ဟောရင်းရှိလျက်၊ ကဝိတဆူ၊ လောဘမူကို၊ ဘယ် အယူကြောင့် ဆိုသနည်း။

ဖြေ။ ။ပဋိသန္ဓိကာဿ သတ္တဿ အာဒိတော ဝီထိစိတ္တဝသေန လောဘ- မူလံ ပဌမံ ဝုတ္တံ။

ဟု ဋီကာကျော် မိန့်သည်နှင့် အညီ ပဋိသန္ဓေ နေရကုန်သော သတ္တဝါတို့အား ပဋိသန္ဓေစိတ်၏နောက် သောဠသ ဘဝင်ဖြစ်ပြီးလျှင် ထိုပဋိသန္ဓေသင်ကို အာရုံပြု၍ တပ်မက်တတ်သော ဘဝနိကန္တိ လောဘဇော စိတ်သည် ၇-ကြိမ်ဖြစ်မြဲဖြစ်၍ ဤအစမှာ ဖြစ်တတ်သော ဝိထိမုတ်၏အစွမ်းဖြင့် လောဘမူ-စိတ်ကို ရှေးဦးစွာ ဆိုသည် ဟူပေ။

## ၁၀-လောဘမူစသည် ခေါ်ဆိုရပုံကို ပြခြင်း

(ရှေးပုစ္ဆာ၌ မပါသောစကားဘိုကိုလည်း ကပည့်သားတို့ ဆောက်ပွားကြစေခြင်းငှာ ပုစ္ဆာသွင်း၍ ရေးလိုက်ဒုံ။)

မေး။ ။စိတ်အဋ္ဌ၊ လောဘ , မောဟ၊ ဟိတ်နှစ်ဝသာ၊ ယှဉ်လျက်ပါကို၊ တခုသာယူ၍၊ လောဘမူ ဘယ့်ကြောင့် မှည့်သနည်း။

ဖြေ။ ။မောဟဟိတ်သည် အသုံးစုံသော အကုသိုလ်စိတ်နှင့် ယှဉ်သည်ဖြစ်၍ သာမညသာဓာရဏ ဖြစ်ရကား အမည်တားခြင်းငှာမတတ်ကောင်း၊ လောဘသာလျှင် ဝိသေသသာဓာရဏဖြစ်၍ အမည်တားခြင်းငှာ တတ်ကောင်းသောကြောင့် လောဘမူစိတ်ဟု အမည် မှည့်လေသည်ဟု ဖြေလေ။ ။ဒေါသမူ၌လည်း နည်းတူ ပုစ္ဆာပြုလေ။

## ၁၁-ဥဒ္ဓစ္စသမ္ပယုတ်စိတ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ဥဒ္ဓစ္စသည်၊ ဒွါဒသတွင်၊ အကုန်ယှဉ်လျက်၊ နောက်ဆုံးစိတ်ကို၊ ဥဒ္ဓစ္စသမ္ပယုတ်၊ သမုတ်သည်မှာ၊ ဘယ်ကြောင်းရာဟု ဆိုမည်နည်း။

ဖြေ။ ။ဥဒ္ဓစ္စဿ ဗလဝတ္တာ ပဓာနဘာဝေန ဝတ္တတ္တာ ဥဒ္ဓစ္စ-သမ္ပယုတ္တန္တိ ဝုတ္တံ--

ဟု ဋီကာမိန့်သည်နှင့်အညီ ဥဒ္ဓစ္စသည် ကပါးသောစိတ်တို့၌ ယှဉ်သောအခါ တပါးတရား၏ နောက်ပါသာဖြစ်၍ ယှဉ်သည်၊ ဤနောက်ဆုံး စိတ်၌ကား မိမိပြဋ္ဌာန်းသည်ဖြစ်၍ ယှဉ်သောကြောင့် ဥဒ္ဓစ္စသမ္ပယုတ္တံ ဟူ၍ ဆိုသည်ဟူပေ။

ဘယ်ကဲ့သို့နည်းဟူမူ စစ်တသယ်နှစ်ပွဲ လိုက်ရသော သူရဲသည် ပထမပွဲ, ဒုတိယပွဲ စသည်တို့၌ သူတပါးကွပ်ကဲ၍ မိမိ နောက်ပါသာဖြစ်သည်။ ဒွါဒသမ

ပွဲ၌ကား ကွပ်ကဲကြိုးကြပ်သူမရှိ။ မိမိပင် ကွပ်ကဲရသောကြောင့် "သူရဲကြီးပွဲ" ဟု ထင်ရှားသကဲ့သို့ တည်း။

## ၁၂—မိုရာနိဿယအားဖြင့် ပဥ္စဝိညာဉ် အမည်ရပုံကို ပြခြင်း

**မေး။** ။စိတ်ဟူသမျှ၊ ဝိညာဏသာ၊ ဖြစ်တုံပါလျက်၊ အခြားစိတ်မှာ၊ သညာမတင်၊ ပဥ္စဝိညာဉ်၊ တဆယ်တွင်သာ၊ ဝိညာဏာဟု၊ သညာဘယ့်ကြောင့် တပ်သနည်း။

**ဖြေ။** ။မှီရာဖြစ်သော ရုပ်နှင့် ခြားနားစိမ့်သောငှာ ဝိညာဏသဒ္ဒါတပ်၍ ခေါ်သည်ဟု ဖြေ။

**ထိုစကားမှန်၏။** စိတ်တို့၏အမည်သည် **သမ္ပယုတ္တဓမ္မ** ကိုစွဲ၍ ဖြစ်သောအမည်၊ **မှီရာနိဿယ**ကိုစွဲ၍ ဖြစ်သောအမည်၊ သတ္တိ ကို စွဲ၍ဖြစ်သောအမည် အားဖြင့် ၃-မျိုး အပြားရှိ၏။ ထို ၃-မျိုးတို့တွင် –

(၁) လောဘမူ, ဒေါသမူ, မောဟမူ စသော အမည်တို့သည် **သမ္ပယုတ္တဓမ္မ** ကို စွဲ၍ဖြစ်သော အမည်တည်း။

(၂) စက္ခုဝိညာဏ် စသော အမည်တို့သည် မှီရာနိဿယ ကို စွဲ၍ဖြစ်သော အမည်တည်း။

(၃) သမ္ပဋိစ္ဆိုင်း, သန္တီရဏ စသည်တို့သည် စိတ်၏သတ္တိ တည်းဟူသော **ကိစ္စ**ကို စွဲ၍ ဖြစ်သော အမည်တို့တည်း။

## ၁၃-ကာယဝိညာဉ်၌ သုခ ဒုက္ခ ဖြစ်ပုံကို ပြခြင်း

**မေး။** ။စက္ခု သောတ၊ ဃာန ဇိဝှါ၊ ဝိညာဏ်နှာ၌၊ ဥပေက္ခာသဟဂုတ်၊ ကာယဝိညာဏ်၌၊ ဘယ့်ကြောင့် သုခဒုက္ခ သဟဂုတ် ဖြစ်သနည်း။

**ဖြေ။** ။စက္ခုဝိညာဏ်၏ မှီရာဖြစ်သော စက္ခုပသာဒလည်း ဥပါဒါရုပ် ရူပါရုံလည်း ဥပါဒါရုပ် ဖြစ်သောကြောင့် ဥပါဒါ ရုပ်ချင်းချင်း ထိခိုက်ခြင်း

သည် အားနည်း၏။ ဝါဂွမ်းစုကို တခုသော ဝါဂွမ်းစိုင်၌ ရိုက်သကဲ့သို့သာ ဖြစ်၏။ ထို့ကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်သည်။ ။သောတ,ဃာနတို့မှာလည်း ဤနည်းအတူ မှတ်လေ။

ကာယဝိညာဉ်မှာကား မှီရာဖြစ်သော ကာယပသာဒလည်း ဘူတရုပ်အစု၊ ဖောဋ္ဌဗ္ဗာရုံ ဟူသည်လည်း အာပေါဓာတ်ကြဉ်သော ဘူတရုပ်သုံးပါး အပေါင်း ဖြစ်ရကား ဘူတရုပ်ချင်းချင်း ထိခိုက်ခြင်းသည် အားကြီး၏။ တခုသော ပေထက်၌ ဝါဂွမ်းစုကိုတင်၍ တူဖြင့် ခတ်လတ်သော် ဂွမ်းစုကိုလွန်၍ ပေ၌ ထိသကဲ့သို့ ဖြစ်၏။ ထိုသို့ ထိခိုက်ခြင်းအားကြီးသောကြောင့် သုခသဟဂုတ် ဒုက္ခသဟဂုတ် ဖြစ်သည် ဟူပေ။

ထို့ကြောင့် ဋီကာ၌—

ဝတ္ထာလမ္ဗသဘာဝါနံ၊ ဘူတိကာနံ သံဃဋ္ဋနံ။
ဒုဗ္ဗလံ ဣတိ စက္ခာဒိ- စတုစိတ္တမုပေက္ခကံ။
ကာယနိဿယဖောဋ္ဌဗ္ဗ—ဘူတာနံ ဃဋ္ဋနာယ တု။
ဗလဝတ္တာ န ဝိညာဏံ၊ ကာယိကံ မဇ္ဈဝေဒနံ—

ဟူ၍ မိန့်သည်။

ဝတ္ထာလမ္ဗသဘာဝါနံ၊ မှီရာသဘော, အာရုံသဘောဖြစ်ကုန်သော။ ဘူတိကာနံ၊ ဥပါဒါရုပ်တို့၏။ သံဃဋ္ဋနံ၊ ထိခိုက်ခြင်းသည်။ ဒုဗ္ဗလံ၊ အားနည်း၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စက္ခာဒိစတုစိတ္တံ၊ စက္ခုဝိညာဉ်အစရှိသော လေးပါးသောစိတ်သည်။ ဥပေက္ခကံ၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်၏။

ကာယနိဿယဖောဋ္ဌဗ္ဗဘူတာနံ၊ ကာယဝိညာဉ်၏ မှီရာမဟာဘုတ်,ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော မဟာဘုတ်တို့၏။ ဃဋ္ဋနာယ တု၊ ထိခိုက်ခြင်းသည်ကား။ ဗလဝတ္တာ၊ အားကြီးသည်၏ အဖြစ်ကြောင့်။ ကာယိကံ ဝိညာဏံ၊ ကာယပသာဒကို မှီသော ဝိညာဉ်သည်။ မဇ္ဈဝေဒနံ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်။ န ဟောတိ၊ မဖြစ်။

## ၁၄-အာဝဇ္ဇန်းစသည်၌ပါသော စေတနာသည် ကံမမည်ပုံကို ပြခြင်း

မေး။ ။ဝီထိသွားလမ်း၊ အာဝဇ္ဇန်းက၊ ဝုဋ္ဌောကျအောင်၊ ထိုမျှစိတ်မှာ၊ စေတနာသည်၊ အကျိုးပေးရာ ကံပင်လော။

ဖြေ။ ။ပဉ္စဒွါရာဝဇ္ဇန်း ပဉ္စဒွါရာဝဇ္ဇန်းမှစ၍ ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီ-ရဏ, ဝုဋ္ဌော ဤစိတ်တို့နှင့် ယှဉ်၍ပါသော စေတနာသည် သဟဇာတကံ-ဖြစ်၍၊ မိမိနှင့်တကွဖြစ်သော သမ္ပယုတ်ခန္ဓာတို့ကိုသာ ပြုပြင်သည်၊ ဝိပါက် ကဋတ္တာရုပ်ကို မဖြစ်စေတတ်၊ ထို့ကြောင့် အကျိုးပေးရာ ကံ မဟုတ်ဟု ဖြေ။

ထို့ကြောင့် အဋ္ဌသာလိနီ၌—

> ကမ္မံ နာမေတံ ကိံ ကရောတီတိ အာယူဟတိ အဘိသင်္ခရောတိ ပိဏ္ဍံ ကရောတိ စေတေတိ ကပ္ပေတိ ပကပ္ပေတိ ဧဝံ သန္တေ ပဉ္စဝိညာဏ-စေတနာ ကိံ အာယူဟတိ ကိံ အဘိသင်္ခရောတိ ကိံ ပိဏ္ဍံ ကရောတိ ကိံ စေတေတိ ကိံ ကပ္ပေတိ ကိံ ပကပ္ပေတိ သဟဇာတဓမ္မေ သာပိ ဟိ သဟဇာတေ သမ္ပယုတ္တခန္ဓေ အာယူဟတိ အဘိသင်္ခရောတိ ပိဏ္ဍံ ကရောတိ စေတေတိ ကပ္ပေတိ ပကပ္ပေတိ။

ဟူ၍ မိန့်သည်။

ဧတံ ကမ္မံ နာမ၊ ဤကံမည်သည်ကား။ ကိံ၊ အဘယ်ကို။ ကရောတိ၊ ပြုတတ်သနည်း။ ဣတိ၊ ဤသို့မေးသည်ရှိသော်။ အာယူဟတိ၊ အားထုတ်တတ်၏။ အဘိသင်္ခရောတိ၊ ကပ်၍ ပြုပြင်တတ်၏။ ပိဏ္ဍံ ကရောတိ၊ ပေါင်းခြင်းကို ပြုတတ်၏။ စေတေတိ၊ စေ့ဆော်တတ်၏။ ကပ္ပေတိ၊ စီရင်တတ်၏။ ပကပ္ပေ-တိ၊ အပြားအားဖြင့် စီရင်တတ်၏။ ဣတိ၊ ဤသို့ ဖြေရာ၏။ ဧဝံ သန္တေ၊ ဤသို့ အားထုတ်တတ်, ပြုပြင်တတ်သည်ရှိသော်။ ပဉ္စဝိညာဏစေတနာ၊ ပဉ္စဝိညာဉ်၌ ယှဉ်သော စေတနာသည်။ ကိံ၊ အဘယ်ကို။ အာယူဟတိ၊ အားထုတ်သနည်း။ ကိံ၊ အဘယ်ကို။ အဘိသင်္ခရောတိ၊ ပြုပြင်တတ်သနည်း။ ကိံ၊ အဘယ်ကို။ ပိဏ္ဍံ ကရောတိ၊ ပေါင်းခြင်းကို ပြုတတ်သနည်း။ ကိံ၊ အဘယ်ကို။ စေတေတိ၊ စေ့ဆော်တတ်သနည်း။ ကိံ၊ အဘယ်ကို။

ကပ္ပေတိ၊ စီရင်တတ်သနည်း။ ကိ'၊ အဘယ်ကို။ ပကပ္ပေတိ၊ ပြီးစေတတ်သနည်း။ သဟဇာတဓမ္မေ၊ မိမိနှင့် အတူတကွဖြစ်သော တရားတို့ကို။ အာယူဟတိ၊ အားထုတ်ဘတ်၏။ ဟိ၊ သင့်စွ။ သာပိ၊ ထိုပဋ္ဌဝိညာဉ်၌ ယှဉ်သော စေတနာသည်လည်း။ သဟဇာတော၊ မိမိနှင့် အတူတကွ ဖြစ်ကုန်သော။ သမ္ပယုတ္တခန္ဓေ၊ သမ္ပယုတ် ခန္ဓာတို့ကို။ အာယူဟတိ၊ အားထုတ်တတ်၏။ အဘိသင်္ခရောတိ၊ ကပ်၍ ပြုပြင်တတ်၏။ ပိဏ္ဍ' ကရောတိ၊ ပေါင်းခြင်းကို ပြုတတ်၏။ စေတေတိ၊ စေ့ဆော်တတ်၏း ကပ္ပေတိ၊ စီရင်တတ်၏။ ပကပ္ပေတိ၊ ပြီးစေတတ်၏။ ဣတိ၊ ဤသို့ဖြေရာ၏။

သာပိ၌ အပိ သဒ္ဒါဖြင့် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌောဘ၌ ယှဉ်သောစေတနာကို ပေါင်းသည်။

## ၁၅-ဟိတ်ကင်းသော ဟသိတုပ္ပါဒ်ဇော အမည်ရပုံကို ပြခြင်း

မေး။ ။ဟိတ်မရှိသည့်၊ ဟသိတုပ္ပါဒ်၊ ဒြဗ်ချောနှော၊ ဇောငါးဆယ့်ငါး၊ ထိုတရားမှာ၊ အပြားဘယ့်ကြောင့် ဝင်သနည်း။

ဖြေ။ ။ဟိတ်နှင့်ယှဉ်ခြင်းသည် ဇောမည်ခြင်း၏ အကြောင်းမဟုတ်၊ အာရုံကိုခံစားတတ်သောသတ္တိရှိခြင်းသည်သာလျှင် ဇောမည်ခြင်း၏အကြောင်းဖြစ်သည်။ ထို့ကြောင့် ဟသိတုပ္ပါဒ်သည် ဟိတ်မရှိသော်လည်း အာရုံကိုခံစားတတ်သော အနုဘဝူန သဘောရှိရကား ဇော ကိစ္စတပ်၏၊ ဇော၌ ဝင်၏ဟူပေ။

## ၁၆-ဟသိတုပ္ပါဒ်ဟူသော နာမဝိသေသကိုပြခြင်း

မေး။ ။တဆယ့်သုံးရပ်၊ သောမနဿတို့၊ ရယ်တတ်သည်သာ၊ ဖြစ်တုံပါလျက်၊ ကြိယာအဟိတ်၊ ဤစိတ်ကိုမှ၊ ဟသိတုပ္ပါဒ်၊ ပညတ်ဘယ့်ကြောင့် တင်သနည်း။

ဖြေ။ ။ လောဘမူ သောမနဿဇော ၄-ခု၊ မဟာကုသိုလ် သောမနဿဇော ၄-ခု၊ မဟာဒကြိယာ သောမနဿဇော ၄-ခုအားဖြင့် ၁၂-ပါးသော

စိတ်တို့သည် ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပါဒ် ခေါ်သင့်လျက် မခေါ်မူ၍ အဟိတ်ကြိယာစိတ်ကိုသာ ဟသိတုပ္ပါဒ်ဟုခေါ်ခြင်းသည် ဤမှတပါးသောစိတ်တို့မှာ လောဘမူ မဟာကုသိုလ်,မဟာကြိယာဟူ၍ အသီးရအပ်သော အမည်ထူး ရှိသေသောကြောင့် မခေါ်သည်ဟူပေ။ ။ပဋ္ဌိလဒ္ဓဝိသေသနာမတ္တာ၊ အသီးရအပ်သော အမည်ထူး ရှိလေသောကြောင့်တည်းဟူ၍ ဧျာသဆရာ ဟိတ်ခတ်၏။

---

ကာမာဝစရသောဘဏစိတ်

၁၃–မဟာကုသိုလ်ဟူသော

နာမဝိသေသကို ပြခြင်း

မေး။ ။ ကာမာဝစရ၊ ကုသလပင်၊ မဟာတွင်သည်၊ ဂုဏ်အင်ဘယ်သို့ကြီးသနည်း။

ဖြေ။ ။ အရေအတွက် များသောကြောင့်ရင်း၊ သတ္တိအားဖြင့် ကြီးမြတ်သောကြောင့်ရင်း မဟာတွင်သည်ဟု ဖြေ။ ဘယ်သို့များသနည်းဟူမူကား–

ကမေန ပုညဝတ္ထူဟိ၊ ဂေါစရာဓိပတီဟိ စ။

ကမ္မဟီနာဒိတော စေဝ၊ ဂဏေယျ နယကောဝိဒေါ–

ဟူသော ဋီကာနှင့်အညီ ဤကုသိုလ်စိတ်(၈) ပါးသည် ပုညကြိယ ဝတ္ထု ဆယ်ပါးတို့ကြောင့် ဖြစ်ရကား–

ဆယ်ခုဖြင့် မြှောက်.... ... ........ .... (၈၀) ဖြစ်၏။

ထိုရှစ်ဆယ်ကို အာရုံ ၆-ပါးဖြင့် မြှောက် ........ (၄၈၀) ဖြစ်၏။

ထိုလေးရာရှစ်ဆယ်ကို ထက်ဝက်ခွဲ၊ တစုသည် ဉာဏသမ္ပယုတ်အဖို့၊ တစုသည် ဉာဏဝိပ္ပယုတ်အဖို့ ဖြစ်၏၊

ဉာဏသမ္ပယုတ် ၂၄၀- ကို အဓိပတိလေးပါးဖြင့် မြှောက်....(၉၆၀) ဖြစ်၏။

ဉာဏဝိပ္ပယုတ် ၂၄၀- ကို ဝီမံသကြဉ်သော အဓိပတိ ၃-ပါးဖြင့် မြှောက် (၇၂၀) ဖြစ်၏။

နှစ်စုကိုရော.... .... .... ၁၆၇၀·ဖြစ်၏၊
ထို ၁၆၇၀· ကို ဟိန, မဇ္ဈိမ, ပဏီတ, ၃ပါးနှင့်မြှောက်.... ၅၀၄၀ ဖြစ်၏၊
ထို ၅၀၄၀·ကို ကာလ ၃·ပါးနှင့်မြှောက် ... .... ၁၅၁၂၀·ဖြစ်၏၊

**သန္တာန် ၂·ပါး, ဘုံ·၃၀, ပုဂ္ဂိုလ် ၁၂·အားဖြင့် မြှောက်ပွားသော် မရေတွက် နိုင်အောင်များ၏။**

ဤသို့ အရေအတွက်အားဖြင့် များသောကြောင့်လည်း ပဟာ တွင်သည်။

အဘယ်သို့ သတ္တိအားဖြင့် ကြီးမြတ်သနည်းဟူမူကား ဤကာပာဝစရ ကုသိုလ်စိတ် ၈·ပါးသည် လောကီဈာန် ၉·ရပ်တို့၏ အခြေခံ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ အားဖြင့်လည်း ဖြစ်သည်။ လောကုတ္တရာ ဖြစ်သော မဂ် ၄·ပါး, ဖိုလ် ၃·ပါးတို့၏ အခြေခံလည်းဖြစ်သည်။ သမာပတ် ၅·ပါး, အဘိညာဉ် ၇·ပါး တို့၏ အခြေခံလည်း ဖြစ်သည်။ ဤသို့ သတ္တိအားဖြင့် ကြီးမြတ်သော ကြောင့်လည်း **မဟာ**တွင်သည်ဟု မြေ။ ။ဤ၌ မဟန္တ သဒ္ဒါသည် များသော အနက်, ကြီးမြတ်သောအနက်ကို ဟော၏။

ဤမဟာကုသိုလ်စိတ်သည် အရေအတွက်အားဖြင့် များသော်လည်း သတ္တဝါ တို့၏ သန္တာန်၌ ဖြစ်ခြင်းကား ကာလအားဖြင့် အလွန်နည်း၏ဟု ပြလိုသော အဋ္ဌကထာ ဆရာသည်—

> ယော ပနေတဿ ကုသလစိတ္တဿ ပဝတ္တိ ကာလော နာမ ဟောတိ၊ သော အတိပရိတ္တော ယာ စဿ အတိပရိတ္တတာ ယထာ စ ဘိက္ခဝေ တဿ ပုရိသဿ ဇဝေါ၊ ယထာ စ စန္ဒိမသူရိယာနံ ဇဝေါ၊ ယထာ စ ယာ ဒေဝတာ စန္ဒိမသူရိယာနံ ပုရတော ဓာဝန္တိ တာသံ ဒေဝတာနံ ဇဝေါ၊ တတော သီဃတရာ အာယုသင်္ခါရာ ခိယျန္တိ—

အစရှိသည်ဖြင့် ဟောတော်မူသည်။

ပိဏ္ဍတ္ထဖြစ်သော အဓိပ္ပါယ်ကား—ဤမဟာကုသိုလ် စိတ်တို့သည် သတ္တဝါ တို့၏ သန္တာန်၌ဖြစ်သော ကာလကား အလွန်နည်း၏။ နည်းဟန်ကိုလည်း ဤသို့သော ဥပမာဖြင့် သိအပ်၏။ ။ရှေ့မြားကို နောက်မြားဖြင့် မှန်အောင် ပစ်နိုင်သော လေးသမားကြီး လေးဦးတို့သည် တစုသောမဏ္ဍိုင်ကို မှီကာထိုင်ပြီး လျှင် တပြိုင်တည်း အရပ်လေးမျက်နှာသို့ ပစ်လွှတ်အပ်သောမြားကို မြေသို့ မရောက်စေပဲ ကောက်ယူနိုင်သော ဇဝန ဟသ်ာမင်း၏ လျင်ခြင်းအဟုန်သည် ရှိ၏။

ထိုအဟုန်ထက်လည်း တနေ့၌ ယူဇနာ ၃-သန်း, တနာရီ၌ ယူဇနာ ၅-သောင်း ရောက်အောင် သွားနိုင်သော နေ, လ တို့၏ အဟုန်သည် လျင်မြန်၏။

ထိုအဟုန်ထက်လည်း နေ, လ, ဗိမာန်တို့၏ ရှေ့၌ ပြေးသွားသော နတ်သား တို့၏ အဟုန်သည် လျင်မြန်၏။ ထိုထက်လည်း ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော အာယု သင်္ခါရ၏ ချုပ်ခြင်းသည် လျင်မြန်၏။

ထိုရုပ်ဇီဝိတိန္ဒြေ၏ ဥပါဒ်, ဌီ, ဘင် အားဖြင့်တည်သော ကာလသည် ရှိ၏။ ထိုကာလ၌လည်း ၁၆-ချက်သော စိတ်တို့သည် ဖြစ်၍ ပျက်ကုန်၏။

ထို ၁၆-ချက်တွင် ကုသိုလ်စိတ်သည် ၇-ချက်မျှသာ ဖြစ်သောကြောင့် အလွန် နည်းလှရကား ဥပမာအားဖြင့် ပြဖွယ်ရာမရှိချေ။ ။ထို့ကြောင့် ဘုရားသခင် သည်—

ယာဝဥ္စိဒံ ဘိက္ခဝေ ဥပမာပိ န သုကရာ၊ ယာဝ လဟုပရိဝတ္တံ စိတ္တံ–

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝ၊ အကြင်မျှလောက်။ ဣဒံ စိတ္တံ၊ ဤစိတ်သည်။ လဟုပရိဝတ္တံ၊ လျင်သောဖြစ်ခြင်းရှိ၏။ ယာဝဥ္စ၊ အကြင်မျှလောက်လျင်။ ဥပမာပိ၊ နှိုင်းယှဉ်စရာ ဥပမာကိုလည်း။ ကာတုံ၊ ပြုခြင်းငှါ။ န သုကရာ၊ မလွယ်။

ဤစကားရပ်တို့ဖြင့် ကုသိုလ်စိတ်တို့၏ ကာလ နည်းသောအဖြစ်ကို ပြတော် မူသည်။ ယင်းသို့ နည်းလှသောကြောင့် လျှပ်ရောင်ဖြင့် ပုလဲလုံးကို သီရဘိသကဲ့ သို့ ဤကုသိုလ်စိတ် ဖြစ်သည်ကို သိခြင်းငှာ ခဲယဉ်းရကား အကြိမ်များစွာ ဖြစ်စိမ့် သောငှာ သူတော်ကောင်း တကာတို့သည် အားထုတ်ရာ၏ဟူ၍ ဩဝါဒ ပေးတော်မူသည်။

## ၁၈–တိဟိတ် ပဋိသန္ဓေ ၁၃-ပါးမှာ

## အဘယ်စိတ်များ မြတ်သနည်း

**မေး။** ။သန္ဓေတည်စိတ်၊ တိဟိတ် အပြား၊ ၁၃-ပါးတွင်၊ တုမမြင်အောင်၊ ဘယ်စိတ်သာလျှင် မြတ်သနည်း။

**ဖြေ။** ။မဟာဝိပါက် စိတ်သာလျှင် မြတ်၏ဟူပေ။

အဘယ့်ကြောင့်နည်းဟူမူ ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝက ဖြစ်သော ပုဂ္ဂိုလ်မြတ်တို့သည် ဤ **မဟာဝိပါက်စိတ်** ဉာဏသမ္ပယုတ် ၄-ခုတို့တွင် တခုခုဖြင့်သာ ပဋိသန္ဓေ နေကုန်သည်, ဘဝင် သက်ကုန်သည်, စုတိကျကုန်သည် ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် အဋ္ဌသာလိနိ၌–

အယဉ္စ ဝိပါကစိတ္တံ ဗုဒ္ဓပစ္စေကဗုဒ္ဓါဒိနံ အဂ္ဂပုဂ္ဂလာနံ ပဋိသန္ဓိဘဝင်္ဂ-
စုတိတဒါရမ္မဏဘူတတ္တာ စ မဟန္တံ—

ဟူ၍ မိန့်သည်။

## ၁၉-ဉာဏ်အပြားဖြစ်ပုံကို ပြခြင်း

**မေး။** ။ဝေဒနာအပြား ၂-ပါး၊ ဉာဏ်အပြား ၄-ပါး၊ သင်္ခါရအပြား ၈-ပါး ဟူရာ၌ ဝေဒနာမှာ သောမနဿ, ဥပေက္ခာ ပြားသောကြောင့် အပြားရှိတန်စေ၊ ဉာဏ်ဟူသည်မှာ ပညိန္ဒြေတပါးတည်း ဖြစ်သောကြောင့် ဘယ်သို့ ပြားနိုင်အံ့နည်း။

**ဖြေ။** ။ဉာဏသင်္ခါရာနံ ဘာဝါဘာဝကတောပိ ဘေဒေါ ဉာဏသင်္ခါရ-ကတော ဝ။ ဋီကာ။

ဉာဏ် သင်္ခါရတို့၏ ရှိ-မရှိသောအားဖြင့် ပြုအပ်သော အပြားသည်ပင်လျှင် ဉာဏ်၏အပြား, သင်္ခါရ၏အပြားမည်၏ ဟူပေ။

ဘယ်ကဲ့သို့နည်းဟူမူ ဝပြောခြင်းကိုရင်း၊ မွတ်သိပ်ခြင်းကိုရင်း မိုးသည် ပြုသကဲ့သို့တည်း။ ဉာဏ်ယှဉ်ခြင်း, မယှဉ်ခြင်း တည်းဟူသော ဂုဏ်ပြားသည်ကို ဂုဏောဖြစ်သော ဉာဏ်ဒြဗ်၌ တင်စား၍ ဂုဏူပစာအားဖြင့် 'ဉာဏ်အပြား' ဆိုသည် ဟူလို။

## ၂၀-စျာန်ဝင်စားရာ အစဥ္စာ ဘယ်စျာန်ပါလေနည်း

**မေး။** ။မဟဂ္ဂုတ်ဝိပါက်၊ စဉ်ဆက်သန္ဓေ၊ ထိုက်ရာနေသော်၊ ဘယ်စျာန် အခြေထသနည်း။

**ဖြေ။** ။ပထမစျာန် သုံးဘုံ၌ ပထမစျာန်ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေသည်။ဒုတိယစျာန် သုံးဘုံ၌ **ဒုတိယစျာန်ဝိပါက်စိတ်, တတိယစျာန်ဝိပါက်စိတ်**

နှစ်ပါးတွင် တပါးပါးဖြင့် ပဋိသန္ဓေ နေသည်။ တတိယစျာန် သုံးဘုံ၌ **စတုတ္ထစျာန်** ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေသည်။ စတုတ္ထစျာန် ၆-ဘုံ၌ **ပဥ္စမစျာန်** ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေသည်။ ယင်းသို့ ဘုံအားလျော်စွာ ပဋိသန္ဓေ နေကြသော်လည်း ရူပဗြဟ္မာ ဟူသမျှသည် ပဝတ္တိကာလ၌ အင်္ဂါငါးပါးရှိသော **ပထမစျာန်ကို** အခြေပြု၍သာ ဝီးဖြန်းရသည်။ ဝင်စားရသည်။ ထို့ကြောင့် ပဉ္စင်္ဂိကစျာန်ကို ပထမစျာန်ဟု ခေါ်သည်။ ထိုအနက်ကို ပြခြင်းငှာ ဋီကာ ကျော်၌—

> ပထမဥ္စ ဒေသနက္ကမတော စေဝ ဥပ္ပတ္တိက္ကမတော စ အာဒိဘူ-တတ္တာ တံ စျာနဥ္စ အာရမ္မဏူပနိဇ္ဈာနတော ပစ္စနီကဈာပနတော စာတိ ပထမဈာနံ–

ဟူ၍ မိန့်သည်။

ဒေသနက္ကမတော စေဝ၊ ဒေသနာစဉ်အားဖြင့်ရင်း။ ဥပ္ပတ္တိက္ကမတော စ၊ သတ္တဝါသန္တာန်၌ ဖြစ်စဉ်အားဖြင့်ရင်း။ အာဒိဘူတတ္တာ၊ အစဖြစ်သည်၏ အဖြစ်ကြောင့်။ ပထမဥ္စ၊ ရှေးဦးသည်လည်း။ ဟောတိ၊ ဖြစ်၏။ အာရမ္မဏူ-ပနိဇ္ဈာနတော စ၊ ကသိုဏ်းစသော အာရုံကို ကပ်၍ရှုတတ်သောကြောင့်ရင်း။ ပစ္စနီကဈာပနတော စ၊ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့ကို ဖုတ်ကြည်းတတ်သောကြောင့်ရင်း။ ဈာနဥ္စ၊ ဈာန်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ပထမဈာနံ၊ ပထမဈာန် မည်၏။

## ၂၁-ပဥ္စမစျာန်သန္ဓေနေသော ဗြဟ္မာတို့မှာ အဘိညာဉ်ရဖို့ အားထုတ်ရသေးသလော

**မေး။** ။ပဥ္စမစျာန်၊ ဧကန်သန္ဓေ၊ နေသူတို့မှာ၊ အဘိညာဉ်ငါးပါး၊ ထို တရားကို အသစ်ပွားရဦးအံ့လော။

**ဖြေ။** ။မဥ္စမစျာန် ပဋိသန္ဓေနေသော ဗြဟ္မာဖြစ်သော်လည်း အဘိညာဉ် ငါးပါးကို အသစ်ပွားမှပင် ရသည်။ အဘယ်ကြောင့်နည်းဟူမူ ပဥ္စမစျာန် ပဋိသန္ဓေကား **ဝိပါက်တရား**, အဘိညာဉ်ကား **ကုသိုလ်**, **ကြိယာ** **တရား** ဖြစ်သည်။ ထို့ကြောင့် ပွားရ၏ ဟူပေ။

ပဥ္စမစျာန်ဝိပါက်သည် ရှေးရှေးသော အဘိညာဉ်ကုသိုလ်၏ အကျိုး မဟုတ်လော ဟူငြားအံ့။ အဘိညာဉ်၏ အကျိုးမဟုတ်၊ အဘိညာဉ်ကား

ဝိပါက်ကဋတ္တာရုပ်ကို မဖြစ်စေတတ်။ သက်သက်သော ပဥ္စမဈာန်ကသာလျှင်
နာနာက္ခဏိကကမ္မပစ္စည်း တပ်သည်ဖြစ်၍ ဝိပါက်ကဋတ္တာရုပ်ကိုဖြစ်စေ၏ ဟူပေ။

## ၂၂-ပဥ္စမဈာန်နှစ်ပါး ထူးခြားပုံကို ပြခြင်း

မေး။ ။သက်သက်သော ပဥ္စမဈာန်နှင့် အဘိညာဉ်ကိစ္စ တပ်သော
ပဥ္စမဈာန်သည် အဘယ်သို့ ထူးကြသနည်း။

ဖြေ။ ။သက်သက်သော ပဥ္စမဈာန်မှာ ကသိုဏ်းဆယ်ပါး, အာနာပါ-
နဿတိ, ဥပေက္ခာ ဗြဟ္မဝိဟာရ အားဖြင့် ၁၂-ပါးသော ပညတ်ကို အာရုံပြု၍
ဖြစ်သည်။ အဘိညာဉ်ကိစ္စတပ်သော ပဥ္စမဈာန်နှစ်ခုတွင် ကုသိုလ်မှာ အရ-
ဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်သော အလုံးစုံသောတရားကို အာရုံပြုသည်။
ကြိယာမှာ အလုံးစုံသောတရားကို အာရုံပြုသည်။ ။ဤသို့ထူးကြ၏ဟူပေ။

## ၂၃-မဟဂ္ဂုတ်ချင်း တူသော်လည်း အာရုံမတူပုံကို ပြခြင်း

မေး။ ။ရူပ, အရူပ၊ စိတ်နှစ်ဝကို၊ တကွချုပ်၍၊ မဟဂ္ဂုတ်အမည်၊ ဆိုပြီး
သည်မှ၊ ဆစိတ္တာနိ မဟဂ္ဂတေ၊ အနေဘယ့်ကြောင့်ထူးသနည်း။

ဖြေ။ ။ရူပ, အရူပစိတ်ကို မဟဂ္ဂုတ်ခေါ်သည်မှာ မဟန္တေဟိ ဈာနလာ-
ဘီဟိ ဂတာ မဟဂ္ဂတာ-ဟူသော ဝစနတ္ထနှင့်အညီ မြတ်ကုန်သော ဈာနလာဘီ
ပုဂ္ဂိုလ်တို့သည် ရောက်အပ်သော တရားဖြစ်သောကြောင့်ရင်း၊ မဟတ္တံ ဂတာနိ
မဟဂ္ဂတာနိ ဟူသော ဝစနတ္ထနှင့်အညီ မြတ်သောအဖြစ်သို့ ရောက်သော
ကြောင့်ရင်း မဟဂ္ဂုတ် ခေါ်သည်။

ဆစိတ္တာနိ မဟဂ္ဂတေ၏ အရကား ဝိညာဏဉ္စာယတန စိတ် ၃-ခု၊ နေဝသညာ-
နာသညာယတနစိတ် ၃-ခု၊ ဤ ၆-ခုသောတရားတို့သည် မိမိကိုလည်း မဟဂ္ဂုတ်
မည်သည်၊ အာရုံလည်း မဟဂ္ဂုတ်စိတ်ကိုပင် အာရုံပြုသည်၊ ကြွင်းသော
၂၁-ပါးသောစိတ်တို့မှာ မိမိကား မဟဂ္ဂုတ်မည်၏။ အာရုံပြုသောအခါ
ကသိုဏ်းစသော ပညတ်ကို အာရုံပြုသည်။ မဟဂ္ဂုတ်တရားကို အာရုံမပြု။ ။
ဤသို့ ထူးကြ၏ဟု ဖြေ။

## ၂၄–နေဝသညာနာသညာ၏ ဝိသေသကိုပြခြင်း

မေး။ ။နေဝသညာနာသညာယတန၊ စိတ်အရသည်၊ အရူပမှာ၊ ခြင်းရာ
ဘယ်သို့ထူးသနည်း။

၁၅၂၃၃

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ဖြေ။ ။သညာဝ ဝိပဿနာယ ဂေါစရဘာဝံ ဂန္တွာ နိဗ္ဗေဒဇနနသင်္ခါ-တတာယ ပဋုသညာကိစ္စဿ အဘာဝတော နေဝသညာ စ ဥဏှောဒကေ တေဇောဓာတု ဝိယ သင်္ခါရာဝသေသသုခုမဘာဝေန ဝိဇ္ဇမာနတ္တာ န အသညာတိ နေဝသညာနာသညာ သာ ဧဝ အာယတနံ ဣမဿ သသမ္ပယုတ္တဓမ္မဿ ဈာနဿ နိဿယာဒိဘာဝတောတိ နေဝသညာနာသညာယတနံ သညာဝသေန စေတ္ထ ဈာနုပလက္ခဏံ နိဒဿနမတ္တံ။ ဝေဒနာဒယောပိ ဟိ တသ္မိံ ဈာနေ နေဝဝေဒနာနာဝေဒနာဒိကာယေဝါတိ- ဟူသော ဋီကာကျော်ဖြင့် ဖြေ။

## အနက်ကား

သညာဝ၊ သညာသည်သာလျှင်။ ဝိပဿနာယ၊ ဝိပဿနာဉာဏ်၏။ ဂေါစရ-ဘာဝံ၊ အာရုံ၏အဖြစ်ကို။ ဂန္တွာ၊ ရောက်၍။ နိဗ္ဗေဒဇနနသင်္ခါတတာယ၊ ငြီးငွေ့ခြင်းကို ဖြစ်စေတတ်သည်ဟု ဆိုအပ်သော။ ပဋုသညာကိစ္စဿ၊ ထင်ရှားသော သညာကိစ္စ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ နေဝသညာ စ၊ ထင်ရှားသော သညာမရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥဏှောဒကေ၊ ရေနွေး၌။ တေဇောဓာတု ဝိယ၊ ရှိသောတေဇောဓာတ်ကဲ့သို့။ သင်္ခါရာဝသေသသုခုမ-ဘာဝေန၊ သင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သောအဖြစ်ဖြင့်။ ဝိဇ္ဇမာနတ္တာ၊ ရှိသေးသည်၏အဖြစ်ကြောင့်။ န အသညာ စ၊ သညာမရှိ မဟုတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ထင်သော သညာလည်းမရှိ သိမ်မွေ့သော သညာလည်း မရှိသည်လည်းမဟုတ်သောသတ္တိကြောင့်။ နေဝသညာ နာသညာ၊ နေဝသညာနာသညမည်၏။ သာ ဧဝ၊ ထိုနေဝသညာနာသညသည်သာလျှင်။ သသမ္ပယုတ္တဓမ္မဿ၊ သမ္ပယုတ်တရားနှင့် တကွဖြစ်သော။ ဣမဿ ဈာနဿ၊ ဤဈာန်၏။ နိဿယာဒိဘာဝတော၊ မှီရာစသည်၏အဖြစ်ကြောင့်။ အာယတနံ၊ တည်ရာတည်း။ ဣတိ၊ ထို့ကြောင့်။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတနမည်၏။ စ၊အထူးကိုဆိုဦးအံ့။ ဧတ္ထ၊ ဤဈာန်၌။ သညာဝသေန၊ သညာ၏အစွမ်းဖြင့်။ ဈာနုပလက္ခဏံ၊ ဈာန်ကိုမှတ်ခြင်းသည်။ နိဒဿနမတ္တံ၊ နိဒဿနနည်းမျှသာတည်း။ ဟိ၊ သင့်မှု။ တသ္မိံ ဈာနေ၊ ထိုဈာန်၌။ ဝေဒနာ-ဒယောပိ၊ ဝေဒနာ အစရှိသည်တို့သည်လည်း။ နေဝဝေဒနာနာဝေဒနာဒိ-ကာယေဝ၊ နေဝဝေဒနာနာဝေဒနာ တို့ချည်းတည်း။

**အဓိပ္ပါယ်အကျဉ်းကား**။ ။ပူလောင်တတ် ထက်မြက်တတ်သော သတ္တိ ရှိသောကြောင့် တေဇောဟုသမုတ်အပ်သော်လည်း နွေးရုံမျှသော ရေ၌ရှိသော တေဇောသည် ပူလောင်ခြင်းသဘောမရှိ၊ မအေးသောကြောင့် ပူသောသဘော မှ ကင်းသည်လည်းမဟုတ်သကဲ့သို့ ဤစိတ်ကိုရင်း၊ စိတ်၌ယှဉ်သော ဝေဒနာ

သညာ ဖဿ စသောတရားတို့ကိုရင်း၊ လက္ခဏာရေးသို့တင်၍ သုံးသပ်ခြင်းငှါ ထင်သော ဝိဇာနန ကိစ္စ, ဝေဒိယနကိစ္စ, သဉ္ဇာနန ကိစ္စလည်းမရှိ၊ ထိုတရားတို့ ပျောက်ပျက်ကုန်ခန်းသည်လည်း မဟုတ်၊ ရှိသည်ဟုဆိုရုံမျှသာ ဖြစ်သည်။

ထိုကြောင့် ထိုစျာန်၌—

စိတ်လည်း–နေဝစိတ္တာ နာစိတ္တ မည်သည်။

ဝေဒနာလည်း–နေဝဝေဒနာ နာဝေဒန မည်သည်။

သညာလည်း–နေဝသညာ နာသညမည်သည်။

ယင်းသို့ မည်သော်လည်း၊ နိဒဿန နည်းအားဖြင့် သညာကိုအရင်းထား၍ ဆိုသည် ဟူလိုသောင်။

## ၂၅–အရူပစိတ် ၄-ပါး ပြားပုံကိုပြခြင်း

မေး။ ။ဥပေက္ခာ, ဧကဂ္ဂတာ၊ အင်္ဂါအားဖြင့်၊ နှစ်ပါးချင်းသာ၊ တူကြပါလျက်၊ စိတ်မှာ ၄-ပါး၊ ဘယ်အကြောင်းဖြင့် ပြားသနည်း။

ဖြေ။ ။သုပ္ပဏီတတရာ ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဣဓ။
ဥပမာ တတ္ထ ဝိညေယျာ၊ ပါသာဒတလသာဋိကာ–
ဟူသော ဂါထာနှင့်ညီစွာ ရှေးစိတ်ထက် နောက်နောက်စိတ် သိမ်မွေ့သည်၏ အစွမ်းဖြင့်ပြား၏။ (အဘိ၊ဋ္ဌ-၁။၂၅၄)

ဥပမာကား။ ။ဘုံလေးဆင့်ရှိသော ပြာသာဒ်၌ ပထမဘုံတွင်ရှိသော ကာမဂုဏ်တို့ထက် ဒုတိယ ဘုံစသည်၌ရှိသော ကာမဂုဏ်တို့သည် သိမ်မွေ့သကဲ့သို့ တဆင့်ထက်တဆင့် သိမ်မွေ့လေသည်။ မစင်တော၌ရှိသော မဏ္ဍပ်တွင် အဆင့်ဆင့်ဆွဲကာ တည်သော လူလေးဦးကဲ့သို့ တဆင့်ထက်တဆင့် ကသိုဏ်းရုပ်နှင့်ဝေးကွာသော ဥပမာကိုလည်း အဋ္ဌကထာ၌ ပြတော်မူသည်။

## ၂၆–လောကုတ္တရာစိတ်မှာ ကြိယာကင်းပုံကို ပြခြင်း

မေး။ ။လောကုတ္တရာ၊ စိတ်သင်္ချာတွင်၊ ကြိယာဘယ့်ကြောင့် ကင်းသနည်း။

ဖြေ။ ။မဂ္ဂဿ ဧကစိတ္တက္ခဏိကတ္တာ–ဟူသော ဋီကာ, ဟိတ်နှင့်အညီ မဂ်စိတ်သည် တကြိမ်သာ ဖြစ်သောကြောင့် ကြိယာ ကင်း၏ ဟူပေ။ မဂ်စိတ် တကြိမ် ဖြစ်ခြင်းတည်းဟူသော အကြောင်းနှင့် ကြိယာ ကင်းခြင်းတည်း

ဟူသော အကျိုးသည် မလျော်ကံ တကား ဟူပြောအံ့၊ လျော်ကံ၏ ဟူပေ။ ဘယ်သို့ လျော်သနည်းဟူမူ ကြိယာ စိတ်ဟူသည်ကား ကရဏာမတ္တမေဝ ကိရိယာ ဟူသည်နှင့်အညီ ပြုကာမျှသာ ဖြစ်၍ အကျိုးမပေးတတ်သော ကုသိုလ်ကို ကြိယာခေါ်သည်။ သဘောအားဖြင့် အနဝဇ္ဇ ဖြစ်၍ ကုသိုလ် သဘောပင် ဖြစ်သည်။လောကုတ္တရာစိတ်၌ မဂ်တည်းဟူသော ကုသိုလ်မှာလည်း တကြိမ်သာ ဖြစ်ရကား ထိုသဘောရှိသော ကြိယာစိတ်မဖြစ်နိုင်ပြီ။ ထို့ကြောင့် ကြိယာကင်း၏ ဟူပေ။ အဝိပါကသဘာဝတ္တာ ကုသလမေဝ ကြိယာ နာမ။ အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီ။

## ၂၇-ပါဒက စသော ဈာန်တို့နှင့် တူဟန်ကို ပြခြင်း

**မေး။** ။မဂ်ဝီထိမှာ ပါဒကဈာန်၊ သမသိတဈာန်၊ ပုဂ္ဂလဇ္ဈာသယဈာန် ၃-ခုတွင် တခုခုနှင့်တူ၏ဟူသော် တူဟန် ဘယ်သို့ ဖြစ်သနည်း။

**ဖြေ။** ။မဟဂ္ဂုတ်ဈာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် မဂ်ကိုရလိုသော် မိမိရအပ်သော ဈာန်ငါးပါးတွင် တပါးပါးကို ဝင်စားပြီး၍ အခြားသော သင်္ခါရတရားတို့ကို လက္ခဏာရေးအားဖြင့် သုံးသပ်၍ ဝုဋ္ဌာနဂါမိနီဝိပဿနာဇော၊ ထိုနောက် မဂ်စိတ် သည် ဖြစ်၏။ ထို ပုဂ္ဂိုလ်အား ရှေးဝင်စားသောဈာန်သည် ဝိပဿနာ၏အခြေခံ ဖြစ်သောကြောင့် ပါဒကဈာန် မည်၏။ ရသောမဂ်သည် ထိုဈာန်နှင့် အင်္ဂါအားဖြင့် တူ၏။

အကြင်ဈာနလာဘီ ပုဂ္ဂိုလ်သည် မဂ်ကို ရလိုသော် မိမိ ရအပ်သော ဈာန်ငါးပါးတွင် တပါးပါးကို လက္ခဏာရေးအားဖြင့် သုံးသပ်၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော၊ ထို့ နောက် မဂ်စိတ်သည်ဖြစ်၏။ ထိုပုဂ္ဂိုလ်အား ရှေးဦး သုံးသပ်သောဈာန်သည် သမသိတဈာန် မည်၏။ ရသောမဂ်သည် ထို သမသိတဈာန်နှင့် အင်္ဂါအားဖြင့် တူ၏။

အကြင်ဈာနလာဘီပုဂ္ဂိုလ်သည် မဂ်ကို ရလိုသော် မိမိရသော ဈာန် ငါးပါးတို့တွင် တပါးပါးကို ဝင်စား၍ ထိုမှအထက်ဖြစ်သော ဈာန်ကို လက္ခဏာ ရေးအားဖြင့် သုံးသပ်၍ မိမိုလိုအပ်သော ဈာန်နှင့် တူစွာသော မဂ်ကို ရအံ့။ ထိုမဂ်သည် ပုဂ္ဂိုလ်၏ အလိုအားလျော်စွာ ဖြစ်သောကြောင့် ပုဂ္ဂလဇ္ဈာသယ မည်၏။ ဤ၌ ဝင်စားသောအခါ ပဌမဈာန်ကို ဝင်စား၍ ဒုတိယ ဈာန်ကိုသုံးသပ်အံ့။ပုဂ္ဂိုလ်ကလည်း ဝင်စားရင်း ဈာန်နှင့်တူသောမဂ်ကိုရလိုအံ့။

ပဌမဈာန်နှင့်တူသော ပဥ္စင်္ဂိကမဂ်သည်ဖြစ်၏။ သုံးသင်ရင်း ဒုတိယဈာန်နှင့်တူသော မဂ်ကို ရလိုအံ့ ဒုတိယဈာန်နှင့်တူသော စတုရင်္ဂိကမဂ်သည် ဖြစ်၏။ ဘယ်ဈာန်ဟု မမှတ်မူ၍ စီးဖြန်းအံ့ အထက်ဈာန်နှင့် အင်္ဂါတူသော မဂ်သည် ဖြစ်၏။ ဤကား ပုဂ္ဂလဇ္ဈာသယ အားဖြင့် ဖြစ်ခြင်းတည်း။

## ၂၈-သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ရသော မဂ်ကိုပြခြင်း

မေး။ ။ဈာန်ရပြီးသော ပုဂ္ဂိုလ်၏မဂ်မှာ ဈာန်အင်္ဂါ ငါးပါးဖြင့် ဖြစ်တန်စေ၊ ဈာန်မရသော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့ မဂ်ကိုရသော် အဘယ်အင်္ဂါဖြင့် ဖြစ်ပါအံ့နည်း။

ဖြေ။ ။ဈာန်မရသော သုက္ခဝိပဿက ပုဂ္ဂိုလ်တို့အား ဝိပဿနာ နိယမ အားဖြင့် ပဥ္စင်္ဂိက ပဌမ မဂ်သာလျှင် ဖြစ်၏ဟူပေ။

ဆောင်ပုဒ်။ ။ဈာန်ရှိ ပုဂ္ဂိုလ်၊ မဂ်ရလိုသော်၊ ထိုဈာန်အများ၊ တပါးပါးကို၊ ဝင်စားပြီးမှ၊ ပကိဏ္ဏက၊ သင်္ခါရကို၊ တိကလက္ခဏာ၊ သုံးသပ်ကာနှင့်၊ ဝုဋ္ဌာ-နဂါမိ၊ ဝိပဿနာတက္က၊ မဂ်ကိုရမူ၊ ရသောမဂ်သည်၊ အထက်ခြေခံ၊ ဝင်သောဈာန်နှင့်၊ အင်္ဂါတူမြဲ မချွတ်တည်း။

ဈာနလာဘီ၊ ထိုယောဂီသည် မိမိရချင်၊ ဈာန်ကိုပင်လျှင်၊ သုံးအင် လက္ခ-ဏာ၊ တင်ကာသုံးသပ်၊ မဂ်ရလတ်သော်၊ သုံးသပ်ခဲ့ရာ၊ ဈာန်အင်္ဂါနှင့်၊ တူလာစမြဲ မချွတ်တည်း။

အောက်ဈာန်အားကို၊ ဝင်စားပြီးလတ်၊ ထက်ဈာန်ရပ်မှာ၊ သုံးသပ်ခါနှင့်၊ ဝိပဿနာဝုဋ္ဌ၊ မဂ်ကိုရသော်၊ ပုဂ္ဂလဇ္ဈာ၊ အောက်ဈာန်မှာလျှင်၊ တူလိုချင်က၊ အောက်တွင်တူလတ်၊ ထက်ဈာန်ရပ်မှာ၊ တူလိုပါလည်း၊ ထက်မှာတူမြဲ၊ ထိုခပဲကား၊ ခေါ်မြဲပုဂ္ဂလဇ္ဈာသယတည်း။ (ဤလင်္ကာကို အာဂုံဆောင်)

## ၂၉-မဂ်လေးပါးတို့ ကိလေသာ ပယ်ပုံကို ပြခြင်း

မေး။ ။လောကုတ္တရာ၊ စိတ်မှာရှစ်ခု၊ ညစ်ကျုကိလေ၊ သာကို ချေသည်၊ ဘယ်စိတ်အစွမ်း ပေတည့်နည်း။

ဖြေ။ ။မဂ်စိတ်လေးခု၏ အစွမ်းဖြစ်သည်ဟူပေ။အဘယ်သို့ ကိလေသာကို ချေသနည်း ဟူမူကား၊ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ဤငါးခုသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သည်။ အပါယဂမနိယ ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု ဒေါသမူဒွေ ဤကိလေသာ ၆-ပါးကို တနုကရ, အားဖြင့် ပယ်သည်။

သကဒါဂါမိ မဂ်ဖြင့် အပါယဂမနိယ မဖြစ်သော ဒေါသမူဒွေကိုလျှင် တနုကရ အားဖြင့် ပယ်ပြန်သည်။

အနာဂါမိ မဂ်ဖြင့် ကာမရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု ဒေါသမူဒွေးတို့ကို အကြွင်းမဲ့ ပယ်သည်။

အရဟတ္တမဂ် ဖြင့် ရူပရာဂ,အရူပရာဂနှင့် သမ္ပယုတ်ဖြစ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄-ခု ဥဒ္ဓစ္စ သဟဂုတ် တခု ဤငါးခုသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သည်ဟု ဖြေ။

ဤကား ဒသာနတိက် အရကောက်အလို။

သင်္ဂြိုဟ်ဆရာကမူကား –

> သောတာပတ္တိမဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ ဟောတိ။
>
> သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂဒေါသမောဟာနံ တနုကရတ္တာ သကဒါဂါမီ နာမ ဟောတိ။ သကိဒေဝ ဣမံ လောကံ အာဂန္တာ။
>
> အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂဗျာပါဒါနံ အနဝသေသပ္ပဟာနေန အနာဂါမီ နာမ ဟောတိ။ အနာဂန္တာ ဣတ္ထတ္တံ။
>
> အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသကိလေသပ္ပဟာနေန အရဟာ နာမ ဟောတိ။ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိဏေယျော –

ဟူ၍ဆိုသည်။ အဓိပ္ပါယ်မှာ ရှေးမာတိကာအတိုင်း ယူလေ။

## ၃၀ လောဘမူစိတ်ပေါင်းကိုပြခြင်း

မေး။ ။နှစ်လောင်တဆယ်၊ စွန်းကယ်မူလ၊ ၆-ခုရအောင်၊ လောဘပွား ဟန် အမှန် ဘယ်သို့ မြွက်သနည်း။

ဖြေ။ ။ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာမိစ္ဆာဒိဋ္ဌိ စ လောဘမူလေန ဇာယန္တိ–ဟူ၍ရှင်း၊

သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ–ဟူ၍ရှင်း

မိန့်ဆိုသော သင်္ဂြိုဟ်ပါဠိနှင့်အညီ ကာမေသုမိစ္ဆာစာရ,အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ, အဒိန္နဒါန်, မုသာဝါဒ,ပိသုဏဝါစာ သမ္ဖပ္ပလာပ ဤ ၇-ပါးတွင်တပါးပါးကြောင့် လောဘစိတ် ဖြစ်ရကား ၎င်းစိတ်ရှစ်ပါးကိုတည် ကံ ၇-ပါးနှင့်မြှောက်၊ ၎င်းကို အာရုံ ၆-ပါးနှင့်မြှောက်၊ ၎င်းကို ကာလ ၃-ပါးနှင့်မြှောက်၊ ၎င်းကို အဇ္ဈတ္တ, ဗဟိဒ္ဓ ဟူသော သန္တာန် နှစ်ပါးနှင့် မြှောက် နှစ်ထောင်တဆယ် ခြောက်ခု ရ၏။

ဆောင်ပုဒ်။ ။စိတ်ကိုတည်ထား၊ ၇-ပါးကံ၊ ရုံ ၆-ပြန်နှင့်၊ ၃-တန်ကာလ၊ သန္တာန်ဒွ၊မြှောက်ကြတုံမြှောက်၊နှစ်ထောင်တဆယ်ခြောက်။

## ၃၁-ဒေါသမူစိတ်ပေါင်းကိုပြခြင်း

မေး။ ။ငါးရာလေးခု၊ အစုမတူ၊ ဒေါသမူဝယ်၊ ကောက်ယူ ဘယ်သို့ မြှောက်မည်နည်း။

ဖြေ။ ။ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ, အဒိန္နဒါန်, မုသာဝါဒ, ပိသုဏဝါစာ, သမ္ဖပ္ပလာပ ဤ ၇-ပါးတွင် တပါးပါးကြောင့် ဒေါသစိတ်ဖြစ်ရကား ၎င်းစိတ် နှစ်ပါးကိုတည် ကံ ၇-ပါးနှင့်မြှောက်၊ အာရုံ ၆-ပါး, ကာလ ၃-ပါး၊ သန္တာန် ၂-ပါးနှင့်မြှောက် ၅၀၄-ခုရ၏။

ဆောင်ပုဒ်။ ။နှစ်တန်ဒေါသာ၊ ကံသတ္တာ၊ ရုံ, ကာ, သန်နှင့်မြှောက်၊ ပွားမြှောက်စုဝေး၊ ငါးရာလေး။

## ၃၂-မောဟမူစိတ်ပေါင်းကို ပြခြင်း

မေး။ ။ခုနစ်ရာနှစ်ဆယ်၊ မောဟဝယ်၊ တသွယ်ဘယ်သို့မြှောက်သနည်း။

ဖြေ။ ။မောဟတည်ထား၊ ကံဆယ်ပါးနှင့်၊ ၆-ပါးအာရုံ၊ အစုံသန္တာန်၊ တိကာလုံ၊ မြှောက်ပြန် ၇၂၀-တည်း။

## ၃၃-ရူပါဝစရ စိတ်ပေါင်းကိုပြခြင်း

မေး။ ။ရူပါဝစရ၊ ကုသလမှာ၊ ဘယ်မျှစိတ်ပေါင်း ပွားသနည်း။

ဖြေ။ ။ရူပ စိတ်သည် စတုက္ကနည်း ပဉ္စကနည်းအားဖြင့် ဈာန် ၉-ပါးဖြစ်၍ သုဒ္ဓိကနဝကမည်၏။ ထိုနဝကကို ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပဋိပဒ

ခိပ္ပါဘိညာ, သုခပဋိပဒါ ဒန္ဓာဘိညာ, သုခပဋိပဒါခိပ္ပါဘိညာဟူသော ပဋိပဒါ လေးပါးနှင့် ယှဉ်၍ ဟောတော်မူခြင်းကြောင့်နဝက လေးပါး ဖြစ်၏။

ပရိတ္တ ပရိတ္တာရုံ, ပရိတ္တ အပ္ပမာဏာရုံ

အပ္ပမာဏပရိတ္တာရုံ, အပ္ပမာဏအပ္ပမာဏာရုံ–

တည်း ဟူသော အာရုံ လေးပါးနှင့် ယှဉ်အပ်သောကြောင့်လည်း နဝက လေးပါး ဖြစ်၏။

ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ,ပရိတ္တ ပရိတ္တာရမ္မဏစသည်ဖြင့်အာရုံပဋိပဒါရော၍လည်း နဝက ၁၆-ပါး ဖြစ်၏။ ပေါင်းသော် နဝက ၂၅-ပါးဖြစ်၍ ဈာန်ပေါင်း ၂၂၅-ပါး ဖြစ်သတည်း။

ဆောင်ပုဒ်။ ။သက်သက် ၉-ရပ်၊ ပဋိပဒ် ၄၊ အာရုံ ၄၊ ရောထွေး ၁၆၊ ပေါင်း၍မြှောက်၊ ပွားမြှောက်ရှုပ၊ ဗျည်းဒွဒ္ဓ။

## ၃၄-မဂ်စိတ် ၄-ထောင် ပွားနည်းကိုပြခြင်း

မေး။ ။မဂ်လေးပါးမှ၊ လွှတ်ပွားတထောင်စီ၊ လေးထောင် ညီအောင်၊ တလီဘယ်သို့ မြှောက်သနည်း။

ဖြေ။ ။ဈာန်ဟူသော အမည်ဖြင့် ဟောအပ်သော သောတာပတ္တိမဂ်သည် ဝိပဿနာ၏ အစွမ်းဖြင့် သုညတ မဂ် အပ္ပဏိဟိတမဂ်ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးကို ပဋိပဒါ ၄-ပါးနှင့်ယှဉ်၍ ဟောတော်မူသောကြောင့် ပဋိပဒါ၏ အစွမ်းဖြင့် ၈-ပါး အပြားရှိ၏။ ပဋိပဒါနှင့် မဖက် သက်သက်ဖြစ်သော အရင်း နှစ်ပါးနှင့်ပေါင်းသော် ၁၀-ပါးဖြစ်၏။

ထိုအတူ မဂ်ဟူသော အမည်, သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, သစ္စာ, သမထ, ဝိပဿနာ, ဓမ္မက္ခန္ဓာ, အာယတန, ဓာတ်, အာဟာရ, ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်ဟူသော အမည်တို့ဖြင့် ဟောရာ၌လည်း ဆယ်ပါး ဆယ်ပါးစီ ဝေဖန်အပ်သည်ဖြစ်၍ အမည်နှစ်ဆယ်၌ နည်းပေါင်း နှစ်ရာဖြစ်၏။

ထိုနည်းနှစ်ရာကို အခြားတည်ပြန်၍ အဓိပတိ လေးပါးနှင့် မြှောက်သော် နည်းပေါင်းရှစ်ရာ ဖြစ်၏။ သက်သက်နှစ်ရာနှင့် ရောသော် သောတာပတ္တိမဂ်၌ နည်းပေါင်းတထောင် ဖြစ်၏။ ။သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်, တို့၌လည်း ဤနည်းအတူ တထောင်စီချည်း ယူရမည်။

စိတ်ပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ ပြီးပြီ။

# ၂-ခေတ်သစ်ပိုင်း

# စေတသိက်ပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ

## ၃၅-အာရုံ အာရမ္မဏိကနှစ်ဝတွင် ဦးစွာဖြစ်သော တရားကို ပြခြင်း

မေး။ ။အာရုံနှင့် စိတ်၊ စေတသိက်၊ ဖြစ်ရိပ်ဘယ်သူ အစနည်း။

ဖြေ။ ။အာရုံနှင့် အာရမ္မဏိကဖြစ်သော စိတ်, စေတသိက် နှစ်ပါးသည် ထိခိုက်၍ ဖြစ်ကြရာတွင် ဘယ်သူ အစနည်းဟု မေးရာ၌ အာရုံဖြစ်သော တရားတို့သည် ပုရေဇာတ ပစ္စည်းတပ်သည်ဖြစ်၍ ရှေး၌ဖြစ်ရကား အစဖြစ်၏ဟု ဆိုထိုက်သည်။

အာရမ္မဏိကဖြစ်သော စိတ်, စေတသိက်နှစ်ပါးမှုကား တူသောဖြစ်ခြင်း, တူသောချုပ်ခြင်း, တူသောအာရုံ, တူသောမှီရာဟု ဆိုအပ်သော လက္ခဏာ ၄-ပါးနှင့် ယှဉ်သည်ဖြစ်၍ တပြိုင်နက်ဖြစ်သည်ဟု ဆိုအပ်သတည်း။

ပုရေဇာတ သဘောကား ကမ္ဘာဦး၌ဖြစ်သော နေ့, လ တို့သည် နောက်မှ ဖြစ်၍ အလင်းကိုမှီသော သတ္တဝါတို့အား ရှေး၌ဖြစ်၍ ကျေးဇူးပြုသကဲ့သို့ ရေ, မြေ, သစ်ပင်စသော ရူပါရုံတို့သည် နောက်မှဖြစ်၍ ရှေ့ရှုထင်လာသော စက္ခုပသာဒ, စက္ခုဝိညာဉ်တို့နှင့်ယှဉ်သော စေတသိက်တို့အား ရှေး၌ဖြစ်၍ ကျေးဇူးပြုသည်။ သဒ္ဒါရုံ, ဂန္ဓာရုံစသည်တို့လည်း ဤနည်းအတူပင်မှတ်လေ။

## ၃၆-စေတသိက်ကို နာမ်ဆိုရခြင်းအကြောင်းကို ပြခြင်း

မေး။ ။စေတသိက်ပေါင်းဖွဲ့၊ ငါးဆယ့်နှစ်ပါး၊ တရားအမှန်၊ ရုပ်နှင့်နာမ်ကို၊ ကေန်ဘယ်သို့ ဆိုသနည်း။

ဖြေ။ ။စေတသိက် ငါးဆယ့်နှစ်ပါးသည် နာမ်တရား ကေန်ဖြစ်သည်ဟု ဆိုရမည်။

စေတသိက်သည် နာမ်တရားဟု ထင်ရှားလှလျက် ဤပုစ္ဆာကို ဘယ့်ကြောင့် ပြုသနည်းဟူမူ—စေတသာ၊ စိတ်ကြောင့်။ သမုဋ္ဌိတံ၊ ဖြစ်သည်တည်း။ စေတသိကံ၊ စိတ်ကြောင့်ဖြစ်သည်။ ။ဤသို့ ဝိဂ္ဂဟ်ပြုသော် စိတ္တဇရုပ်ကိုလည်း စေတသိက သဒ္ဒါဟောသောကြောင့် စိတ္တဇရုပ်ကို စင်စေခြင်းငှာ ပုစ္ဆာပြု၏ ဟူပေ။

## ၃၇-ဝေဒနာငါးပါး၏ တရားကိုယ်ကို ပြခြင်း

မေး။ ။ငါးပါးဝေဒနာ၊ စိတ်မှာမကွေ၊ ယှဉ်၍နေသည်၊ ထိုဝေဒနာ ဘယ်ကနည်း။

ဖြေ။ ။စေတသိက် ဒွေပညာသတွင် ပါသောဝေဒနာ တရားပင် ဟူ လိုသည်။

## ၃၈-တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာအထူးကို ပြခြင်း

မေး။ တတြ မဇ္ဈတ္တတာ ဥပေက္ခာသည် လက္ခဏာ ဘယ်သို့ထူးသနည်း။

ဖြေ။ ။တတြ တတြ အာရမ္မဏေ မဇ္ဈတ္တဘာဝေါ၊ တတြမဇ္ဈတ္တတာ။

တတြ တတြ အာရမ္မဏေ၊ ထိုထိုသောအာရုံ၌၊ မဇ္ဈတ္တဘာဝေါ၊ လျစ်လျူရှု သော အဖြစ်သည်။ ဝါ၊ အလယ်၌တည်သောအဖြစ်သည်။ တတြမဇ္ဈတ္တတာ၊ တတြ မဇ္ဈတ္တတာမည်၏။

သုခဒုက္ခေဟိ ဥပေတာ ယုတ္တာ အဝိရုဒ္ဓါ ဣက္ခာ အနုဘဝနန္တိ၊ ဥပေက္ခာ။

ယာ ဝေဒနာ၊ အကြင်ဝေဒနာသည်။ သုခဒုက္ခေဟိ၊ သုခ ဒုက္ခတို့နှင့် ဥပေ- တာ ယုတ္တာအဝိရုဒ္ဓါ၊ အလိုက်အဖက် မဆန့်ကျင်သောအားဖြင့်။ ဣက္ခာအနုဘ- ဝနံ၊ ခံစားခြင်းတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဥပေက္ခာ၊ ဥပေက္ခာမည်၏။

ဤသို့ ဋီကာ၌ ဝစနတ္ထပြုရကား တရားလိုဘက်သို့လည်းမပါ၊တရားခံဘက်သို့ လည်း မပါ။ အလယ်၌တည့်မတ်စွာနေ၍ တရားစီရင်သော တရားမ သူကြီးကဲ့သို့ သုခဘက်သို့လည်းမပါ၊ ဒုက္ခဘက်သို့လည်းမပါ၊ အလယ်မှာတည်၍ လျစ်လျူ ရှုတတ်သော တရားသည် တတြမဇ္ဈတ္တတာ မည်၏။

တရားလိုနှင့်လည်း လိုက်လျော တရားခံနှင့်လည်း လိုက်လျောအောင် ကြံဆောင်တတ်သော ရှေ့နေ ကဲ့သို့ သုခနှင့်ငင်း၊ဒုက္ခနှင့်ငင်းလိုက်လျောအောင် ဖြစ်၍ လျစ်လျူရှုတတ်သော တရားသည် ဥပေက္ခာ မည်၏။

ခန္ဓာအားဖြင့် တတြမဇ္ဈတ္တတာသည် သင်္ခါရက္ခန္ဓာ။ ဥပေက္ခာသည် ဝေဒ- နက္ခန္ဓာ။ ။ဤသို့ ထူးကြ၏ ဟူပေ။

တနည်းကား–ဥပေက္ခာရင့်, ဥပေက္ခာနုအားဖြင့် ထူးကြ၏ ဟူပေ။

## ၃၉-အပ္ပမညာတရားလေးပါးယူပုံကို ပြခြင်း

မေး။ ။အပ္ပမညာ၊ ၄-ဖြာ ဆိုမူ၊ တရားစုကို၊ နှစ်ခုမျှသာ၊ ထင်ရှားလာ သော်၊ ကြွင်းရာဘယ်သို့ ကောက်သနည်း။

ဖြေ။ ။အဗျာပါဒေန မေတ္တာ ဟိ၊ တတြမဇ္ဈတ္တတာယ စ။
ဥပေက္ခာ ဂဟိတာ ယသ္မာ၊ တသ္မာ န ဂဟိတာ ဥဘောတိ။

ဟိ၊ အဖြေကိုဆိုလိုက်အံ့။ အဗျာပါဒေန၊ အဒေါသ စေတသိက်ဖြင့်။ မေတ္တာ၊ မေတ္တာကို။ ဂဟိတာ၊ ယူအပ်၏။ တတြမဇ္ဈတ္တတာယ စ၊ တတြမဇ္ဈတ္တတာ စေတသိက်ဖြင့်လည်း။ ဥပေက္ခာ၊ ဥပေက္ခာကို။ ယသ္မာ၊ အကြင်ကြောင့်၊ ဂဟိတာ၊ ယူအပ်၏။ တသ္မာ၊ ထိုသို့ယူအပ်သောကြောင့်။ ဥဘော၊ နှစ်ပါးသောမေတ္တာ, ဥပေက္ခာတို့ကို။ န ဂဟိတာ၊ မယူအပ်သတည်း။ ဤသို့ ဋီကာမိန့်သောကြောင့်—

သတ္တဝါတို့၌၊ မမုန်းခြင်း, အကျိုးစီးပွားကိုလိုခြင်း လက္ခဏာရှိသော အဒေါသသည်ပင် မေတ္တာမည်၏။

ထိုထိုသော အာရုံ၌ လျစ်လျူရှုတတ်သော တတြမဇ္ဈတ္တတာသည်ပင် ဥပေက္ခာမည်၏။

ဤနှစ်ပါးကို သောဘဏသာဓာရဏ အမည်ဖြင့် ယူခဲ့ပြီးဖြစ်ရကား ကရုဏာ မုဒိတာ နှစ်ပါးကိုသာ အပ္ပမညာဟူ၍ ပြလေသည်။ ယင်းသို့ ပြသော်လည်း အပ္ပမညာကား ဤနှစ်ပါးသာမဟုတ်၊ လေးပါးဖြစ်သောကြောင့် ဠမေ ဒွေဟု သင်္ချာမချုပ်ပဲ ဆိုလေသည် မှတ်ရမည်။

## ၄၀-ပီတိနှင့် သောမနဿ အထူးကိုပြခြင်း

မေး။ ။ပီတိသဘော၊ သောမနဿ၊ ဤအရမှာ၊ လက္ခဏာ ဝေါဟာ အထူးဘယ့်နှယ်နည်း။

ဖြေ။ ။ကိုယ်၌ဖြစ်သော ဝေဒနာကို သုခ,စိတ်၌ ဖြစ်သောဝေဒနာကို သောမနဿဟူ၍ ဣန္ဒြိယဘေဒ၌ ခွဲ၍ဟောသည်။ ခံစားတတ်သော အနုဘဝနလက္ခဏာ၌ကား သောမနဿလည်း သုခသဘောပင် ဖြစ်သည်၊ ထို့ကြောင့် သုခနှင့် ပီတိထူးသကဲ့သို့ သောမနဿနှင့် ပီတိလည်း ထူးကြ၏ဟု ဆိုရမည်။

ပီတိနှင့် သုခ ဘယ်သို့ထူးသနည်းဟူမူ တောအုပ်၌ ရေသိပ်၍ ရှာဖွေသော ယောကျ်ားသည် ရေကိုမြင်သောအခါ နှစ်သိမ့်ခြင်းကဲ့သို့ အာရုံကိုမြင်၍, ကြား၍ နှစ်သိမ့်ခြင်းသည် ပီတိ၏ သဘောဖြစ်၏။

မြင်သော ရေကိုသုံးရသောအခါ ကိုယ်စိတ်ချမ်းသာသကဲ့သို့ အာဂုံကို ဝမ်းမြောက်စွာ ခံစားခြင်းသည် သုခ၏သဘောဖြစ်သည်။ ။ဤသို့ဟူးဖြ၏ ဟူပေ။ ထို့ကြောင့် ဋီကာ၌–

တတ္ထ အာရမ္မဏပဋိလာဘေ ပီတိယာ ဝိသေသော ပါကဋော၊
ယထာလဒ္ဓဿ အနုဘဝနေ သုခဿ ဝိသေသော ပါကဋော–

စသည်ဖြင့်မိန့်၏။

## ၄၁-ဥဒ္ဒစ္စစိတ်၌ ဧကဂ္ဂတာယှဉ်ပုံကိုပြခြင်း

မေး။ ။ဥဒ္ဒစ္စနှင့်၊ ဧကဂ္ဂတာ၊ ဖြစ်ခြင်းရာသည်၊ တည်ကြည်ပြန့်လွင့်၊ ဆန့်ကျင်ခွင့်ကို၊ အသင့်ဘယ်သို့ ကြံသနည်း။

မှတ်ချက်။ ။ဧကဂ္ဂတာကား တခုတည်းသော အာရုံကို ယူသည်ဖြစ်၍ တည်ကြည်ခြင်း, မပျံ့လွင့်ခြင်း လက္ခဏာရှိသည်၊ ထိုစေတသိက်သည်လည်း သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဖြစ်၍ အလုံးစုံသောစိတ်နှင့်ယှဉ်သည်။ ထိုဧကဂ္ဂတာသည် ပျံ့လွင့်တုန်လှုပ်တတ်သော ဥဒ္ဒစ္စသမ္ပယုတ်စိတ်၌ ဘယ်သို့ယှဉ်ပါအံ့နည်း။ လက္ခဏာချင်း ဆန့်ကျင်လှ၏တကား ဟူ၍ မေးသည်။

ဖြေ။ ။ဥပမာကား မြင်းကိုစီးသော ယောကျ်ားသည် မြင်း၏အလိုသို့ အတန်ငယ်လိုက်၍ လိုက်၍ မိမိ၏အလိုသို့ပါအောင် ဆုံးမသကဲ့သို့ ပျံ့လွင့်တတ်သော ဥဒ္ဒစ္စကို လွန်စွာမပျံ့လွင့်စေပဲ တခုသောအာရုံ၌ တဝီထိရင်း, နှစ်ဝီထိရင်း, သုံးဝီထိရင်း တည်စေ၍ ယှဉ်သည်ဟု ဖြေ။ ။ထို့ကြောင့် မဏိမဥ္ဇူ၌——

ဥဒ္ဒစ္စ သဟဂတ စိတ္တေ ပနာယံ အဿဒမ္မကပုရိသော ဝိယ ဒဋ္ဌဗ္ဗော-
ဟု ဆိုတော်မူသည်။

## ၄၂–ဝိရတီ ၃-တန် ရှောင်ကြဉ်ဟန် အထူးကို ပြခြင်း

မေး။ ။ဝိရတီ ၃-ခု၊ ကြဉ်သည့်မှုမှာ၊ ရှေးကပြုသည့်၊ ဒုစရိုက်ကိုကြဉ်သလော။ မပြုသေးသော ဒုစရိုက်ကိုကြဉ်သလော။ သဘောထက်ကြပ်၊ တွေ့လတ်သောခါ၊ မှုံရန်တခု၊ ထို ၃-ခုတွင် ဘယ်မှုဝိထိတို့ပေနည်း။

မှတ်ချက်။ ။ဝိရတီ ၃-ခုသည် ဒုစရိုက်ကိုကြဉ်၏ဆိုသော် ရှေးပြုပြီးသော ဒုစရိုက်လည်း ချုပ်လေပြီးဖြစ်၍ ကြဉ်ဖွယ်မရှိ၊ မပြုသေးသောဒုစရိုက်လည်း မရှိသေးဖြစ်၍ ကြဉ်ဖွယ်မရှိ၊ တွေ့ဆဲသော ဒုစရိုက်ကိုသာ ကြဉ်ဖွယ်ရှိသည်။ ထို

ကာလ ၃-ပါးတွင် အဘယ်ကာလ၌ ဖြစ်သော ဒုစရိုက်ကို အာရုံပြု၍ ဝိထိကျသဖြင့် ကြည်ခြင်းဖြစ်သနည်းဟု မေးသည်။

ဖြေ။ ။လွန်လေပြီးသော ဒုစရိုက်ကိုကား မကြည်နိုင်, ပြုဆဲသော ဒုစရိုက်ကိုငင်း၊ နောင်ပြုလတ္တံ့သော ဒုစရိုက်ကိုငင်း ကြည်သည်ဖြစ်၍ ပစ္စုပ္ပန်,အနာဂတ် နှစ်ပါးကို အာရုံပြု၍ ဝိထိကျ၏ဟူပေ။

**ဥပမာကား**။ ။သီးဆဲသော သစ်ပင်ကိုသတ်လျှင် ပစ္စုပ္ပန်အသီးကိုငင်း, နောင်သီးလတ္တံ့သည်ကိုငင်း ဖျက်ဆီးသည် မည်သကဲ့သို့တည်း။

ဤဝိရတီ၌ အာဇီဝဟေတုကိုမငဲ့မူ၍ ဘယ်သို့ကြည်သနည်း။ အာဇီဝဟေတုကို ငဲ့၍ ဘယ်သို့ကြည်သနည်း။

ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးအားဖြင့် ၇-ပါးသော ဒုစရိုက်တို့သည် အသက်မွေးကြောင်းဖြစ်သော ဒုစရိုက်, အသက်မွေးကြောင်းမဖြစ်သော ဒုစရိုက်အားဖြင့် နှစ်ပါးပြား၏။

ထိုနှစ်ပါးတို့တွင် မုဆိုး တံငါတို့၏ ပါဏာတိပါတ, ခိုးသူ, လူကောက် စသည်တို့၏ အဒိန္နာဒါန်,ပြည့်တန်ဆာမ စသည်တို့၏ မိစ္ဆာစာရသည်ငင်း၊ နှုတ်, သူရင်းငှါး စသည်တို့၏ မုသာဝါဒ၊ သူလျှို, ဂုံးသမား စသည်တို့၏ ပိသုဏာ-ဝါစာ၊ သဘင်သည် စသည်တို့၏ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ တို့သည်ငင်း အသက်မွေးကြောင်းဖြစ်၍ **မိစ္ဆာအာဇီဝ**မည်ကုန်၏။ ထိုမိစ္ဆာဇီဝမျိုး တခုခုကို အရင်းထား၍ ၇-ပါးလုံးမှ ကြည်ရာ၌ **သမ္မာအာဇီဝ**ဖြစ်၏။

အမျိုးကောင်းသားတို့သည် တရံတခါ ပြုအပ်သော ပါဏာတိပါတ, အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက် ၃-ပါးသည် အသက်မွေးကြောင်းမဟုတ်ရကား **မိစ္ဆာကမ္မန္တ** မည်၏။ ထိုမိစ္ဆာကမ္မန္တမျိုးမှ ကြည်ရာ၌ **သမ္မာကမ္မန္တ** ဖြစ်၏။

အမျိုးကောင်းသားတို့သည် အမှတ်မဲ့ ပြောဆိုအပ်သော မုသာဝါဒ ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက် လေးပါးတို့သည်လည်း အသက်မွေးကြောင်း မဟုတ်သောကြောင့် **မိစ္ဆာဝါစာ**မည်၏။ ထိုမိစ္ဆာဝါစာမှ ကြည်ရာ၌ **သမ္မာဝါစာ** ဖြစ်၏။

အသက်မွေးကြောင်း မဟုတ်သော ကာယဒုစရိုက်မှ ကြည်သည်ကိုငင်း, အသက်မွေးကြောင်း မဟုတ်သော ဝစီဒုစရိုက်မှ ကြည်သည်ကိုငင်း အာဇီဝ-ဟေတုကို မငဲ့မူ၍ ကြည်သည်ဟု ဆိုသည်။

အသက်မွေးကြောင်းဖြစ်သော ယိုဒုစရိုက် ၇·ပါးဟူပု ကြဉ်သည်ကို အာဇီဝ-ဟေတုကိုင့်၍ ကြဉ်သည်ဟု ဆိုသည်။

ထိုအမိပ္ပါယ်ကိုပြခြင်းငှာ အဋ္ဌသာလိနီ၌—

> ကာယဒွါရေ ပန ဝီတိက္ကမော အာဇီဝဟေတုကော ပိ အတ္ထိ န အာဇီဝ-ဟေတုကော ပိ၊ တထာ ဝစီဒွါရေ၊ တတ္ထ ယံ ရာဇရာဇမဟာမတ္တာ ခိဍ္ဍာပသုတာ သူရဘာဝံ ဒဿေန္တော မိဂဝံ ဝါ ပန္ထဒူတံ ဝါ ပရဒါရ-ဝီတိက္ကမံ ဝါ ကရောန္တိ၊ ဣဒံ အကုသလံ ကာယကမ္မံ နာမ။ တတော ဝိရတိပိ သမ္မာကမ္မန္တော နာမ၊ ယံ ပန န အာဇီဝဟေတုကံ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ ဘာသန္တိ၊ ဣဒံ အကုသလံ ဝစီကမ္မံ နာမ၊ တတော ဝိရတိပိ သမ္မာဝါစာ နာမ။ ယံ ပန အာဇီဝဟေတု နေသာဒမစ္ဆဗန္ဓာဒယော ပါဏံ ဟနန္တိ၊ အဒိန္နံ အာဒိယန္တိ၊ မိစ္ဆာစာရံ စရန္တိ၊ အယံ မိစ္ဆာဇီဝေါ နာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ။ ယမ္ပိ လဉ္ဇံ ဂဟေတွာ မုသာ ဘဏန္တိ၊ ပေသုည ဖရုသ သမ္ဖပ္ပလာပေ ပဝတ္တေန္တိ၊ အယမ္ပိ မိစ္ဆာဇီဝေါ နာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါ နာမ –

ဟူ၍ မိန့်အပ်ပြီ။

ကာယဒွါရေ၊ ကာယဒွါရ၌။ ဝီတိက္ကမော၊ လွန်ကျူးခြင်းသည်။ အာဇီဝ-ဟေတုကောပိ၊ အသက်မွေးခြင်း၏ အကြောင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ န အာဇီဝဟေတုကောပိ၊ အသက်မွေးခြင်း၏ အကြောင်းမဟုတ်သည်လည်း။ အတ္ထိ၊ ရှိ၏။ တထာ၊ ထို့အတူ။ ဝစီဒွါရေ၊ ဝစီဒွါရ ၌။ ဝီတိက္ကမော၊ လွန်ကျူးခြင်းသည်။ အာဇီဝဟေတုကောပိ၊ သည်လည်း။ အတ္ထိ ၊ ရှိ၏။ န အာဇီဝဟေတုကောပိ၊ သည်လည်း။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ခိဍ္ဍာပသုတာ၊ မြူးထူးခြင်း၌ လေ့လာကုန်သော။ ရာဇရာဇမဟာ-မတ္တာ၊ မင်း, မင်း၏ အမတ်ကြီးတို့သည်။ သူရဘာဝံ၊ ရဲရင့်သော အဖြစ်ကို။ ဒဿေန္တော၊ ပြလျက်။ ယံ မိဂဝံ ဝါ၊ အကြင် သားသတ်ခြင်းကိုငင်း။ ယံ ပန္ထဒူတံ ဝါ၊ အကြင်ခရီး၌ စောင့်၍ လုယက်ခြင်းကိုငင်း။ ယံ ပရ-ဒါရဝီတိက္ကမံ ဝါ၊ အကြင်သူတပါး၏ မယားကို လွန်ကျူးခြင်းကိုငင်း။ ကရောန္တိ၊ ပြုကုန်၏။ ဣဒံ အကုသလံ၊ ဤအကုသိုလ်သည်။ ကာယကမ္မံ နာမ၊ ကာယကံ မည်၏။ တတော၊ ထိုကာယကံမှ၊ ဝိရတိပိ၊ ကြဉ်ခြင်းသည်လည်း။ သမ္မာ-ကမ္မန္တော နာမ၊ သမ္မာကမ္မန္တ မည်၏။

န အာဇီဝဟေတုကံ၊ အသက်မွေးခြင်း၏ အကြောင်းမဟုတ်သော။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ယံ ပန ဝစီဒုစရိတံ၊ အကြင်ဝစီဒုစရိုက်ကို။ ဘာသန္တိ၊ ပြောဆိုကုန်၏။ ဣဒံ အကုသလံ၊ သည်။ ဝစီကမ္မံ နာမ၊ ဝစီကံ

မည်၏။ တတော၊ ထို့ဝစီကံမှ။ ဝိရတိပိ၊ ကြဉ်ခြင်းသည်လည်း။ သမ္မာဝါစာ နာမ၊ သမ္မာဝါစာ မည်၏။

အာဇီဝဟေတု၊ အသက်မွေးခြင်း၏ အကြောင်းဖြစ်သော။ နေသာဒ· မစ္ဆဗန္ဓာဒယော၊ မုဆိုး တံငါ အစရှိသည်တို့သည်။ ယံ ပါဏံ၊ အကြင်သူ၏ အသက်ကို။ ဟနန္တိ၊ သတ်ကုန်၏။ ယံ အဒိန္နံ၊ အကြင်အရှင်မပေးသော သူ၏ ဥစ္စာကို။ အာဒိယန္တိ၊ ခိုးယူကုန်၏။ ယံ မိစ္ဆာစာရံ၊ အကြင်မှားသော အကျင့်ကို။ စရန္တိ၊ ကျင့်ကုန်၏။ အယံ၊ ဤသို့ကျင့်ခြင်းသည်။ မိစ္ဆာ· အာဇီဝေါ နာမ၊ မိစ္ဆာအာဇီဝ မည်၏။ တတော၊ ထိုမိစ္ဆာအာဇီဝမှ။ ဝိရတိ၊ ကြဉ်ခြင်းသည်။ သမ္မာအာဇီဝေါ နာမ၊ သမ္မာအာဇီဝ မည်၏။

ယံ လဉ္ဇံ၊ အကြင်တံစိုးကို။ ဂဟေတွာ၊ ယူ၍။ မုသာ၊ ချွတ်ယွင်းသော စကားကို။ ဘဏန္တိ၊ ဆိုကုန်၏။ ပေသုည ဖရုသ သမ္ဖပ္ပလာပေ၊ ချောပစ်သော စကား, ရုန့်ရင်းသော စကား, ပြိန်ဖျင်းသော စကားတို့ကို။ ပဝတ္တေန္တိ၊ ဖြစ်စေ ကုန်၏။ အယမ္ပိ၊ ဤမကောင်းမှုသည်လည်း။ မိစ္ဆာအာဇီဝေါ နာမ၊ မိစ္ဆာ· အာဇီဝ မည်၏။ တတော၊ ထိုမိစ္ဆာအာဇီဝမှ။ ဝိရတိ၊ ကြဉ်ခြင်းသည်။ သမ္မာအာဇီဝေါ နာမ၊ သမ္မာအာဇီဝ မည်၏။

၄၃·အတတ်များစွာ အရာရာ, ပညာဆိုသင့် မဆိုသင့်ကို ပြခြင်း

မေး။ ။ပန်းရန်, ပန်းပု၊ လုပ်မှုများစွာ၊ ထွေပြားစွာသည်၊ "ပညာ စေတသိက်ပင်လော။

သေနတ်အမြောက်၊ မီးခပါက်လုံမား၊ မြား, မြှုံး, ပိုက်, ကွန်၊ အလွန် များစွာ၊ လုပ်ဆောင်ရသည်၊ ပညာစေတသိက်ပင်လော။

ဖြေ။ ။ပကာရေန ဇာနာတိ အနိစ္စာဒိဝသေန အဝဗုဇ္ဈတီတိ ပညာ။ သာ ဝေ ယထာသဘာဝပဋိဝေဓလက္ခဏာ အာဓိပစ္စယောဂတော ဣန္ဒြိယန္တိ ပညိန္ဒြိယံ။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ ပကာရေန၊ ယုတ် လတ် မြတ်အား အပြားအားဖြင့်။ ဇာနာတိ၊ သိတတ်၏။ အနိစ္စာဒိဝသေန၊ အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်။ အဝဗုဇ္ဈတိ၊ ဟုတ်မှန်စွာ သိတတ်၏။ ဣတိ တသ္မာ၊ ထိုသို့မှန်စွာ သိတတ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရား သဘောသည်။ ပညာ၊ ပညာမည်၏။ သာ ဝေ၊ ထိုပညာသည်သာလျှင်

ယထာသဘာဝါဝဗောဓနေ၊ ဟုတ်မှန်တိုင်းသော သဘောကို ထိုးထွင်း၍ သိခြင်း၌။ အာဒိပစ္စယောဂတော၊ အစိုးရသောအဖြစ်နှင့် ယှဉ်ခြင်းကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြေမည်၏။ ဣတိ၊ ထို့ကြောင့်။ ပညိန္ဒြိယံ၊ ပညိန္ဒြေမည်၏။

ဤသို့ ဋီကာတို့ ဝဏ္ဏနာပြသောကြောင့် ပန်းရန်, ပန်းပု စသော လုပ်မှု အပြား, သေနတ်, မီးပေါက် စသော ဝတ္ထုအပြား၌ ဟုတ်မှန်စွာ သိသော ဉာဏ်သည် ပညာ စေတသိက်ပင် ဟူပေ။

အနိစ္စာဒိဝသေန ဟု ဋီကာဆိုသည် မဟုတ်လော။ ဤခန္ဓာကို လက္ခဏာရေး အားဖြင့် ထိုးထွင်း၍သိခြင်းကိုသာ ပညာဟု ယူသင့်ပါ၏တကား ဟူငြားအံ့။ အနိစ္စာဒိ၌ အာဒိသဒ္ဒါဖြင့် သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ် တည်းဟူသော ၅ ယျတရေးအားလုံးကိုပင် ယူကောင်းရကား ပညတ်ဖြစ်သော ပန်းရန်, ပန်းပုအတတ်၊ သေနတ်, မီးပေါက်စသော အတတ်တည်းဟူသော လက်မှုပညာ, နှုတ်မှုပညာတို့ကို ယူသင့်၏။

ဤတွင်သာမက မိမိကို သတ်အံ့ဟု ကြံသောသူအား ပြန်၍ သေကြောင်း ကြံသော အမှုကိုပင် ဉာဏ်ပညာရှိသည်ဟု အနုဋီကာသဒ္ဒေး၏ ကျွန်မဝတ္ထု, ကုဏ္ဍလကေသီ၏ ဝတ္ထုတို့၌ ဟောတော်မူ၏ဟု ဖြေ။

၁။ ပညာသည် အကုသိုလ်ကို အာရုံပြု၏လော ဟူငြားအံ့။ ပညာ၏ ယှဉ်ရာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုသည် အရဟတ္တမဂ်, ဖိုလ် ကြဉ်သော အလုံးစုံသော တရားကို အာရုံပြု၏ ဟူပေ။

၂။ အာရုံပြုနိုင်သော် မဟာကုသိုလ်စိတ်နှင့် သတ်ကြောင်း လှုံ့လကို ပြုသလော ဟူငြားအံ့။ ကုသိုလ်စိတ်နှင့်ကား သတ်ကြောင်း လှုံ့လကို မပြု၊ ဤသို့စီမံသော် ငါချမ်းသာ၍ ဤသူပျက်စီးလတ့်ဟု ကုသိုလ် စိတ်နှင့် သိ၏။ သိပြီးမှ ဒေါသစိတ်နှင့် သတ်ကြောင်း လုံ့ လကို ပြု၏။ ထိုသို့ပြုသော်လည်း သိတတ်သော စိတ်သည် သတ်ခြင်းကိစ္စကို ပြီးစေ သော သန္တတိ ပစ္စုပ္ပန်၌ ဝင်လေရကား ဒေါသ၏ ရှေ့ကျသောကုသိုလ်၌ ပါသော ဉာဏ်ကိုပင် 'သမီပူပစာ' အားဖြင့် သေကြောင်းကြံသော ဉာဏ်ဟု ဆိုသည်ဟူ၍ ယူရမည်။

၃။ ဋီကာ ဆရာ၏ စကားအစွန်းအစကို နှိုင်းဆ၍သာ ဆိုသလော ဘုရား ဟော သာဓကကို ပြပါဦး ဟူငြားအံ့။

ဝိဘင်း ကျမ်းမြတ်၏ ၁၈ ရပ်သော ဝိဘင်းတို့တွင် ဉာဏ ဝိဘင်းပါဠိ တော်၌....

ကမ္မာယတနံ, သိပ္ပါယတနံ ဝိဇ္ဇဋ္ဌာနံ စသည်ဖြင့် ဟောတော်မူသည်။ ထိုပါဠိကို သမ္မော အဋ္ဌကထာ၌၊

ကမ္မဉ္စ တံ အာယာတနဉ္စ အာဇီဝါဒိနန္တိပိ ကမ္မာယတနံ။ သိပ္ပါယတနေသုပိ ဧသေဝ နယော။ တတ္ထ ဒုဝိဓံ ကမ္မံ ဟီနဉ္စ ဥက္ကဋ္ဌဉ္စ။ တတ္ထ ဟီနံ နာမ ဝဍ္ဍကီကမ္မံ ပုပ္ဖဆဍ္ဍကကမ္မန္တိ ဧဝမာဒိ။ ဥက္ကဋ္ဌံ နာမ ကသိ ဝါဏိဇ္ဇာ ဂေါ ရက္ခန္တိ ဧဝမာဒိ–

စသည်ဖြင့် ဖွင့်ပြတော်မူသည်။

အသက်မွေးခြင်း စသည်တို့၏ တည်ရာ ဖြစ်သော အမှု လုပ်ခြင်းသည် ကမ္မာယတန မည်၏။

အသက်မွေးခြင်း စသည်တို့၏ တည်ရာဖြစ်သော အတတ်သည် သိပ္ပါယတန မည်၏။

ထို နှစ်ပါးတွင် အမှု လုပ်သည်လည်း ဟီန ဥက္ကဋ္ဌ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် လက်သမား အမှု, ပန်းသွန်း အမှုတို့သည် ဟီန မည်၏။ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း, ကျွဲ နွား မွေးခြင်းစသော အမှုတို့သည် ဥက္ကဋ္ဌမည်၏။

အတတ်သည်လည်း ဟီန ဥက္ကဋ္ဌအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ကျူဖျာ ယက်သောအတတ်, ယက်ကန်းသည်အတတ်, အိုးထိန်းသည်အတတ်, သားရေနယ် အတတ်, ခဝါသည် အတတ်တို့သည် ဟီန မည်၏။

ဂဏန်းအတတ်, စာရေး အတတ်, ဆေး အတတ် စသည်တို့သည် ဥက္ကဋ္ဌ မည်၏။ ထိုအမှု ထိုအတတ်တို့ကို ကြံ၍ သိခြင်းသည် ဉာဏ်မည်၏ဟူ၍ ပြတော်မူသည်။

## ၄၄ အသိ ၃-ပါး ပြားပုံ

### အထူးကို ပြခြင်း

မေး။ ။သညာ, ဝိညာဉ်, ပညာ၊ သိသည်မှာ လက္ခဏာဘယ်သို့ ကွဲသနည်း။

သညာသည် အာရုံကိုမှတ်၍ သိတတ်သော သဘော, ဝိညာဉ်လည်း အာရုံကိုသိတတ်သော သဘော, ပညာလည်း အာရုံကိုအပြားအားဖြင့် သိတတ်သော သဘောရှိသော် ဤ ၃-ပါးသော တရားသည် ဘယ်သို့ ထူးကြသနည်း။

ဖြေ။ ။သညာသည် အညို-အပြာ စသောအဆင်း၏ အစွမ်းဖြင့်၎င်း၊ ကောင်းသည် မကောင်းသည် စသော သတ္တိ၏အစွမ်းဖြင့်၎င်း မှတ်၍သိကာမျှကို ပြုတတ်၏။ သဘော လက္ခဏာကို သိခြင်းငှါ မတတ်နိုင်။

ဝိညာဉ်သည် သဘော လက္ခဏာ တိုင်အောင် သိတတ်၏။ အကြွင်းမဲ့ ထိုးထွင်း၍ မဂ်ကို ရောက်စိမ့်သောငှါကား မတတ်နိုင်။

ပညာမူကား ဤ ၃-ပါးသော ကိစ္စကိုပင် ပြီးစေ၏။

ဥပမာကား ရွှေကို ကောက်၍ရသော သူငယ်သည် ဤဝတ္ထုကား တန်ဆာဆင်ကောင်းသော ဝတ္ထုတည်းဟု သိသကဲ့သို့ သညာက မှတ်၍ သိသည်။ ထိုသူငယ်၏ မိဘသည် ဤဝတ္ထုကား မြတ်နိုးအပ်သော ရွှေရတနာတည်းဟု သိသကဲ့သို့ ဝိညာဉ်က သိသည်။

ရွှေပန်းထိမ်သည် ဤဝတ္ထုကား ၇-မူးရည် ရှိ၏။ ၈-မူးရည် ရှိ၏။ အဖိုး ဤမျှတန်၏ဟု အကြွင်းမဲ့ သိသကဲ့သို့ ပညာက သိသည်။

ထို့ကြောင့် ဋီကာ၌—

ဗာလဂါမိကဟေရညိကာနံ ကဟာပဏာဝဗောဓနမေတ္ထ နိဒဿနန္တိ-ဟူ၍ မိန့်သည်။

> ဧတ္ထ၊ ဤသညာ, ဝိညာဉ်, ပညာတို့၏ အာရုံကို သိကြရာ၌။ ဗာလ-ဂါမိက ဟေရညိကာနံ၊ သူငယ်,ရွာသူ, ရွှေပန်းထိမ်သည်တို့၏။ ကဟာ-ပဏာဝဗောဓနံ၊ ရွှေအသပြာကို အစွမ်းအားလျော်စွာ သိကြခြင်းသည်။ နိဒဿနံ၊ သက်သေတည်း။

စာသင်ရာ၌ အက္ခရာကိုစပ်၍ ဖတ်တတ်ကာမျှ သိသောသူ, မတန့်မနား သွားအောင် ဖတ်ခြင်း၌ သိသောသူ, သဘောအဓိပ္ပါယ်နှင့်တကွ သိသောသူ ဤသုံးယောက်တို့ကိုလည်း သက်သေတင်အပ်၏။

## ၄၅—ဝိတက်, စေတနာ, မနသိကာရ ၃-ပါး အထူးကို ပြခြင်း

မေး။ ဝိတက် စေတနာ၊ မနသိကာရ၊ ဓမ္မ ၃-အင်၊ ရှေးရှုတင်သော်၊ ဘယ်လျှင်ဘယ်သို့ ထူးသနည်း။

ဖြေ။ ။ဝိတက်သည် သဟဇာတ် တရားတို့ကို အာရုံသို့ ရှေးဆောင်တတ်သောကြောင့် ထိုတရားတို့ကို အာရုံ၌ ထည့်သကဲ့သို့ ဖြစ်၏။

စေတနာသည် ဝိတက်ရှေ့ရှု တင်ပြီးသော တရားတို့ကို အာရုံ၌ မပြတ်ယှဉ်စေ၏။

မနသိကာရသည် သတ္တိပြားကြသော တရားတို့ကို တခုသောကိစ္စ၌ ညီစိမ့်သောငှါ ညီညွတ်၏။

ဥပမာကား စစ်သည်အများကို စစ်ထိုးတယ်စိမ့်သောငှါ ဆော်, သောသူကဲ့သို့ ဝိတက်ကို မှတ်အပ်၏။

တက်ပြီး၍ ဆိုင်မိသော စစ်သည်ကို မဆုတ်ပဲ စစ်ထိုးစိမ့်သောငှါ ကွပ်ကဲသောသူ ကဲ့သို့ စေတနာကို မှတ်အပ်၏။

လက်နက် ,သတ္တိ မတူကြသော်လည်း ထိုး ,ခုတ် ခြင်း ကိစ္စ၌ ညီမျှစိမ့်သောငှါ စီရင်သောသူ ကဲ့သို့ မနသိကာရကို မှတ်အပ်၏

တနည်းကား။ ။မြင်းကသော ရထားကို သွားစိမ့်သောငှါ ရှေးဦးစွာနှင်သော ပယောဂကဲ့သို့ ဝိတက်ကို မှတ်အပ်၏။

သွားသောရထား၏ မတန့်နားစိမ့်သောငှာ ထပ်မံ၍ကာ နှင်သော ပယောဂကဲ့သို့ စေတနာကို မှတ်အပ်၏။

အသွားမညီသောမြင်းကို ညီစိမ့်သောငှါ ညှိသကဲ့သို့ မနသိကာရကို မှတ်အပ်၏၊ ဤကား အထူးတည်း။ ဋီကာ၌ ဥပမာ တခြားစီဆိုသောကြောင့် သိခက်ရကား တရား ၃-ခုကို ဥပမာတခု၌ စု၍ ပြလိုက်သည်။

## ၄၆ -ဉာဏ်နှင့်ဒိဋ္ဌိ အသိထူးပုံကို ပြခြင်း

မေး။ ။ ဉာဏ် ,နှင့်ဒိဋ္ဌိ၊ သိတတ် , မြင်တတ်၊ ဤနှစ်ရပ်မှာ၊ လက္ခဏာဘယ်သို့ ခွဲမည်နည်း။

ဖြေ။ ။ဉာဏံ ဟိ အာရမ္မဏံ ယထာ သဘာဝတော ဇာနာတိ၊ ဒိဋ္ဌိ ယထာ-သဘာဝံ ဝိဇဟိတွာ အယာထာဝတော ဂဏှာတိတိ အယမေတေသံ ဝိသေသော။

ဟိ၊ ထူးဟန်ကို ဆိုလိုက်အံ့။ ဉာဏံ၊ ဉာဏ်သည်။ အာရမ္မဏံ ၊ အာရုံကို။ ယထာသဘာဝတော၊ ဟုတ်မှန်တိုင်း သဘောအားဖြင့်။ ဇာနာတိ၊ သိ၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ယထာသဘာဝံ၊ ဟုတ်မှန်သောသဘောကို။ ဝိဇဟိတွာ၊ စွန့်၍။ အယာထာဝတော၊ မဟုတ်မမှန်သော သဘောအားဖြင့်။ ဂဏှာတိ၊ ယူတတ်၏။ ဣတိအယံ၊ ဤသည်လျှင်။ ဧတေသံ၊ ထိုဉာဏ်နှင့် ဒိဋ္ဌိတို့၏။ ဝိသေသော၊ အထူးတည်း။

ပုံကား။ ။ဒါနတော ဘောဂဝါ— ဟူသောပုဒ်ကို၊ဒါနတော၊ အလှူပေး ခြင်းကြောင့်။ ဘောဂဝါ၊ စည်းစိမ်ဥစ္စာရှိ၏။ ဤသို့မှန်သော အနက်ကိုမယူ မှု၍။ ။ဂဘာ၊ အိုးအချင်းတို့။ ဒါနတော၊ အလှူပေးခြင်းကြောင့်။ ဂဝါ၊ နွားဖြစ်၏၊ ဤသို့မမှန်သော အနက်ကို ယူခြင်းသည် ဒိဋ္ဌိ၏ သဘောတည်း။

တနည်းကား။ ။ဤဘဝမှ စုတေလျှင် တယောက်ယောက်သော အမိ ဝမ်း၌ဝင်၍ ဖွားလတ်သဖြင့် ပဋိသန္ဓေတတ်သော သူငယ်ဖြစ်လတ္တံ့ သည်ကို မယူ။ သေလျှင် ပျောက်တော့သည်သာဟု ယူခြင်းစသည်တို့သည် ဒိဋ္ဌိ၏ သဘောပင်တည်း။

၄၇-ပဋိသန္ဓိဉာဉ် ၁၀-၌ ဝိတက်မယှဉ်ပုံကိုပြခြင်း

မေး။ ။ကာမာဝစရ၊ စိတ္တသင်းဝင်၊ ဟူပါချင်လျက်၊ ပဋိသန္ဓိဉာဉ်၊ တဆယ် တွင်၌၊ ဝိတက်ဘယ်ကြောင့် မယှဉ်သနည်း။

ဖြေ။ ။အပိခစတ္တ ပဋိသန္ဓိဉာဏ် အဝိတက္ကမ္ပိ ဝတ္ထာလမ္ဗဏာသံဃဋ္ဋနဗလေန အဘိရောဟန္တိ။ ။ဋီကာ။

ဒွေပဋိသန္ဓိဉာဉ် ၁၀-တို့သည် ဝိတက်ချွေရှူမတင်ပဲ ဝတ္ထု, အာရုံတို့၏ ထိခိုက်ခြင်း၏ အစွမ်းအားဖြင့် အာရုံသို့ တင်သောကြောင့် ဝိတက် မယှဉ်သည် ဟူပေ။

ပဋိသန္ဓိဉာဉ်မှ ကြွင်းသော ၄၄-ပါးသော ကာမစိတ် ပဉ္စမဈာန် ကောဒသ ဤ ၅၅-ပါးသော စိတ်တို့မှာ ဝိတက် ချွေရှူ တင်မှသာလျှင် အာရုံသို့ တက်နိုင် သည်။ ဘယ်ကဲ့သို့နည်းဟူမူ ကျေးတောရွာသားသည် မင်းကျွမ်းဝင်သော သူကိုမှီ၍ မင်း၏ အထံသို့ ဝင်ရသကဲ့သို့တည်း။

ဒုတိယဈာန်စသော ၅၅-ပါးသော စိတ်တို့သည်လည်း ဝိတက်၏အစွမ်းဖြင့် သာလျှင် အာရုံသို့တက်ရ၏။ ဥပမာကား- ထိုကျေးတောသားသည် မင်းကျွမ်း ဝင်သူနှင့် အတူတကွ ဝင်ဘူးထွက်ဘူးသောကြောင့် နောက်ကာလ၌ကား ထိုမင်းကျွမ်းဝင်သူမပါပဲ မင်း၏ထံသို့ ဝင်နိုင်သကဲ့သို့ ရှေးသဝိတက္က စိတ်နှင့် အတူ အာရုံသို့တက်ဘူးသောကြောင့် နောက်ကာလ၌ကား ဝိတက်ကင်း လျက်ပင် အာရုံသို့ တက်နိုင်၏ ဟူပေ။

၄၈-ဝိရတိကို အနိယတယောဂီ သင့်, မဆိုသင့် ကိုပြခြင်း

မေး။ ။ဝိရတိသုံးဖြာ၊ မြတ်ဓမ္မာသည်၊ လောကုတ္တရာ၊ စိတ်မှာနိယတ၊ ယှဉ်ပါကြလျက်၊အနိယတယောဂေ၊ ဘယ်အနေကြောင့် သွင်းသနည်း။

ဖြေ။ ။န ဟိ တောသံ လောကိယေသု ဝိယ လောကုတ္တရေသုပိ မုသာဝါဒါ-ဒီနံ ဝိသုံ ဝိသုံ ပဟာနဝသေန ပဝတ္တိ ဟောတိ သဗ္ဗေသမေဝ ဒုစ္စရိတဒုရာဇီဝါနံ၊ တေန တေန မဂ္ဂေန သမုဂ္ဃာတသမုစ္ဆိန္နတော။ ။ဋီကာ။

ဟိ၊ အဖြေဆိုလိုက်အံ့။ လောကိယေသု ဝိယ၊ လောကီ ကုသိုလ်တို့၌ကဲ့သို့၊ လောကုတ္တရေသုပိ၊ လောကုတ္တရာ စိတ်တို့၌ကား။ မုသာဝါဒါဒီနံ၊ မုသာဝါဒ အစရှိသည်တို့ကို။ ပဟာနဝသေန၊ ပယ်ခြင်း၏ အစွမ်းဖြင့်။ တေသံ၊ ထိုဝိရတိ တရားတို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ သဗ္ဗေသမေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဒုစ္စရိတ ဒုရာဇီဝါနံ၊ ဒုစရိုက်ဒုရာဇီဝတို့ကို။ တေန တေန မဂ္ဂေန၊ ထိုထိုသော မဂ်ဖြင့်။ သမုဂ္ဃာတ၊ အချင်းခပ်သိမ်း။ သမုစ္ဆိန္နတော၊ ဖြတ်ခြင်းကြောင့်။ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤ၌ လိုရင်း အဓိပ္ပါယ်ကား။ ။လောကီကုသိုလ် တရားတို့၌ မုသာဝါဒ အစရှိသော ဒုစရိုက် ဒုရာဇီဝတို့ကို အသီးအသီး ပယ်သည်၏ အစွမ်းဖြင့် ဝိရတိ မည်ခြင်းသည် ဖြစ်သကဲ့သို့ လောကုတ္တရာစိတ်တို့၌ ဒုစရိုက် ဒုရာဇီဝတို့ကို အသီး သီးပယ်ခြင်း၏ အစွမ်းဖြင့် မဖြစ်၊ အလုံးစုံသော ဒုစရိုက် ဒုရာဇီဝတို့၏ ဖြစ်ကြောင်းဖြစ်သော အကုသိုလ်တရားတို့ကို ထိုထိုသောမဂ်ဖြင့် အချင်း ခပ်သိမ်းအကြွင်းမဲ့ ဖြတ်ခြင်းကြောင့် သာလျှင် ဒုစရိုက်ဒုရာဇီဝတို့ကို ကြဉ် သကဲ့သို့ ဖြစ်၏။ ထို့ကြောင့် လောကုတ္တရာစိတ်၌ ဝိရတီမည်ခြင်းသည် အစစ် မဟုတ် အကြောင်းဖြစ်သော အကုသိုလ်စိတ်ကို ကြဉ်သဖြင့် အကျိုးဖြစ်သော ဒုစရိုက်, ဒုရာဇီဝကို ကြဉ်သည်မည်ရကား ကာရဏူပစာဖြင့် အတုသာဖြစ်သည်။

ဤအတု ဝိရတီတို့၏ အမြဲယှဉ်ခြင်းကိုကား ပမာဏမပြု၊ အစစ်ဝိရတီတို့၏ အမြဲမယှဉ်ခြင်းကိုသာ ပမာဏပြု၍ အနိယတယောဂီသို့ သွင်းလေသည်။ (ခဲရပ် ဖြစ်သည့် စေ့ စေ့ နှလုံးသွင်းရမည်)။

ဝိရမိတဗ္ဗဝတ္ထုတော ဝိရမဏံ ဝိရတိ။ ။ဝိရမိတဗ္ဗဝတ္ထုတော၊ ကြဉ်အပ်-သော ဒုစရိုက် ဒုရာဇီဝတို့ကို။ ဝိရမဏံ၊ ကြဉ်ခြင်းသည်။ ဝိရတိ၊ ဝိရတီမည်၏။ ဤသို့ဝစနတ္ထပြုအပ်ရကား-

ကြဉ်ခြင်း ကြိယာသည် မုချဝိရတီမည်၏။ ထိုကြဉ်ခြင်းကြိယာကို မဟာ-ကုသိုလ်စိတ်သာဖြစ်စေသည်၊ မဂ်စိတ်, ဖိုလ်စိတ်တို့ကား မဖြစ်စေ၊ အကုသိုလ် စိတ်ကို ပယ်ခြင်းကိုသာ ဖြစ်စေသည်။ ပင်စည်ကိုဖြတ်လျှင် အသီး အရွက်ကို ပယ်သည်မည်သကဲ့သို့သာဖြစ်သည်။ ထို့ကြောင့် လောကုတ္တရာ၌ ဝိရတီကား ဥပမာသာ ဟူလိုသည်။

မေး။ ။ဒုစရိုက်နှင့် ဒုရာဇီဝသည် ဘယ်သို့ကွဲသနည်း။

ဖြေ။ ။အသက်မွေးကျောင်းမဟုတ်ပဲ ပြုသော ပါဏာတိပါတ စသည်တို့သည် ဒုစရိုက်မည်၏။

အသက်မွေးကျောင်းဖြင့် ပြုအပ်သော ပါဏာတိပါတစသည်တို့ကား ဒုရာဇီဝမည်၏။

ဤကဲ့သို့ ကွဲ၏ ထူး၏ဟူပေ။

၄၉-လောကုတ္တရာ ပဋ္ဌမစျာန်၌လိုအပ်သော ဥပေက္ခာကိုပြခြင်း

မေး။ ။လောကုတ္တရာ၊ပဋ္ဌမစျာန်၊ရှစ်ခုမှန်တွင်၊ယှဉ်သည်စေတသိက်၊ပေါင်းကျိတ်တွက်ဖွဲ၊ ၃၃-ခု၊ တရားစုတွင်၊ ဘယ်ဥပေက္ခာ သွင်းမည်နည်း။

ဖြေ။ ။ဥပေက္ခာသည်-

၁။ ဆဠင်္ဂုပေက္ခာ၊
၂။ ဗြဟ္မဝိဟာရုပေက္ခာ၊
၃။ ဗောဇ္ဈင်္ဂုပေက္ခာ၊
၄။ ဝိရိယုပေက္ခာ၊
၅။ သင်္ခါရုပေက္ခာ၊
၆။ ဝေဒနုပေက္ခာ၊
၇။ ဝိပဿနုပေက္ခာ၊
၈။ တတြမဇ္ဈတ္တုပေက္ခာ၊
၉။ ဈာနုပေက္ခာ၊
၁၀။ ပါရိသုဒ္ဓုပေက္ခာ—

ဟူ၍ **ဆယ်ပါး** အပြားရှိ၏။ ထိုဆယ်ပါးတို့တွင် ရဟန္တာပုဂ္ဂိုလ်တို့အား ဣဋ္ဌ, အနိဋ္ဌဖြစ်သော အာရုံ ၆-ပါးတို့သည် ၆-ဒွါရ၌ ထင်လတ်သော် ဝမ်းမြောက်သောစိတ်လည်းမဖြစ်၊ နှလုံးမသာသောစိတ်လည်း မဖြစ်၊ စင်ကြယ်သော ပကတိသဘောကို မစွန့်သောအခြင်းအရာဖြင့် ဖြစ်သော လျစ်လျူရှုခြင်းသည် ဆဠင်္ဂုပေက္ခာမည်၏။

အလုံးစုံသော သတ္တဝါတို့၌ မချစ်မမုန်း လျစ်လျူရှုသော အခြင်းအရာဖြင့် ဖြစ်သော ဥပေက္ခာသည် ဗြဟ္မဝိဟာရုပေက္ခာမည်၏။

မိမိနှင့် သဟဇာတ်တရားတို့ကို လျစ်လျူရှုသော အခြင်းအရာဖြင့် ဖြစ်သော ဥပေက္ခာသည် ဗောဇ္ဈင်္ဂုပေက္ခာမည်၏။

လွန်စွာလည်း အားမထုတ်၊ လွန်စွာလည်းမလျော့၊ အလတ်သောလုံ့လဟု ဆိုအပ်သော ဥပေက္ခာသည် ဝိရိယုပေက္ခာမည်၏။

နိဝရဏတရား သို့မလိုက်ပဲ တည်ကြည်ငြိမ်သက်စွာ လျစ်လျူရှုသောအခြင်းအရာသည် သခ်ါရုပေက္ခာမည်၏။

သုခလည်းမဟုတ်၊ ဒုက္ခလည်းမဟုတ်သော ဥပေက္ခာသည် ဝေဒနုပေက္ခာမည်၏။

စူးစမ်းဆင်ခြင်ခြင်း၌ လျစ်လျူရှုသောအခြင်းအရာသည် ဝိပဿနုပေက္ခာမည်၏။

မိမိနှင့်တကွဖြစ်ဘက်ဖြစ်သော သဟဇာတ်တရားတို့ကို အညီဆောင်ရွက်တတ်သော ဥပေက္ခာသည် တတြမဇ္ဈတ္တုပေက္ခာမည်၏။

စင်စစ် လွန်မြတ်သောသုခ၌လည်း မတပ်မက် မငဲ့ကွက်ခြင်းကို ဖြစ်စေတတ်သော ဥပေက္ခာသည် ဈာနုပေက္ခာမည်၏။

အလုံးစုံ ဆန့်ကျင်ဘက်ဖြစ်သော နိဝရဏတရားတို့ကို ငြိမ်းစေခြင်း၌လည်း အားမထုတ်တတ်သော စတုတ္ထဈာန်၌ရှိသော ဥပေက္ခာသည် ပါရိသုဒ္ဓိဥပေက္ခာမည်၏။

ထိုဆယ်ပါးတို့တွင် ဆဠင်္ဂုပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ, တတြမဇ္ဈတ္တုပေက္ခာ, ပါရိသုဒ္ဓိဥပေက္ခာ ဤငါးပါးတို့သည် တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာစေတသိက်တည်း။

သခ်ါရုပေက္ခာ, ဝိပဿနုပေက္ခာနှစ်ပါးသည် ပညိန္ဒြေ စေတသိက်တည်း။

ဝိရိယုပေက္ခာသည် ဝိရိယစေတသိက်တည်း။

ဝေဒနုပေက္ခာ၊ ဈာနုပေက္ခာနှစ်ပါးသည် ဝေဒနာစေတသိက်တည်း။

လောကုတ္တရာ ပဥ္စမဈာန် ရှစ်ခု၌ကား လောကီစတုတ္ထဈာန်၌ကဲ့သို့ ပါရိသုဒ္ဓိ-ဥပေက္ခာဟူ၍ ဆိုအပ်၏။

ဆောင်ပုဒ်။ ။ဆ, ဗြ,ဗော,ဝိ၊ သင်,ဝေ,ဝိ၊ ပါရိ, တတြ, ဈာ၊ ဆယ်ပေက္ခာ။ (ပါဠိကိုလိုသော် အဋ္ဌသာလိနီ၌ယူလေ။)

## ၁၀-ဗြဟ္မာတို့မှာ ၃-ဖြာဝိရတီ ဖြစ်သင့် မဖြစ်သင့်ကို ပြဆိုခြင်း

မေး။ ။မဟဂ္ဂုတ်မှာ၊ သုံးဖြာဝိရတီ၊ ကြဉ်သည်ရှိပြီး၊ ဝိရတီသုံးဖြာ၊ ထိုဗြာဟ္မာတို့၊ ယထာရဟ မဖြစ်လော။

ဖြေ။ ။ပြဲပဟ္ဘာတို့၏ စိတ်ရကို ထောက်သော် မဟာကုသိုလ်စိတ် ရှစ်ခုကို လည်း ရသောကြောင့် ထိုစိတ်နှင့် ဝိရတိ ယှဉ်ကောင်းရကား ပြဲပဟ္ဘာတို့၌ ဝိရတိ ဖြစ်၏ဟု ဆိုဖွယ်ဆို၏။ ယင်းသို့ ရှိသော်လည်း မဆိုအပ်။ ဘယ့်ကြောင့် နည်းဟူမူကား ကြဉ်ထိုက်သော ပိရမိတဗ္ဗဝတ္ထုမရှိသော ဘုံဖြစ်သောကြောင့် ထိုဝတ္ထုကို အာရုံပြုသောစိတ် မဖြစ်ကောင်းရကား ဝိရတိမဖြစ် ဟူ၍သာ မှတ် အပ်၏။

ပြဲပဟ္ဘာဘုံ၌ ဝိရမိတဗ္ဗဝတ္ထုမရှိသော် လူ့ဘုံသို့လာ၍ သဟမ္ပတိ ပြဲပဟ္ဘာ တရားတောင်းပန်သောအခါ သမ္မာဝါစာ မဖြစ်လေ။ ထိုအခါ မုသာဝါဒ အစရှိသော ဝစီဒုစရိုက်မှ ကြဉ်သည်ဖြစ်၍ ဝိရတိ မယူသင့်ပါလော ဟူငြားအံ့။ ဝိရတိမယူသင့်, ဘယ့်ကြောင့် မယူသင့်သနည်းဟူမူ ဝစီဒုစရိုက်ကို အာရုံပြု၍ ကြဉ်ဆဲအခါ၌သာ ဝိရတိသမ္မာဝါစာ ဖြစ်သည်။ ကြဉ်ပြီး၍ ကောင်းသော စကားဆိုသောအခါ၌ကား သုဘာသိတ ဝါစာသာ ဖြစ်သည်။ ဝိရတိသမ္မာ-ဝါစာ မဟုတ်၊ ဝိရတိသမ္မာဝါစာကား အကြောင်း, သုဘာသိတ ဝါစာကား အကျိုး ဟူ၍ ယူရမည်။ ထို့ကြောင့် ဋီကာဆရာတို့သည်—

သမ္မာ ဝဒန္တိ ဧတာယာတိ သမ္မာဝါစာ ဟူ၍ ကရဏသာဓနပြုကြကုန်၏။ ဧတာယ ဓမ္မဇာတိယာ၊ ဤဝစီဒုစရိုက်မှ ကြဉ်သောသဘောဖြင့်။ သမ္မာ၊ ကောင်းစွာ။ ဝဒန္တိ၊ ဆိုတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဆိုကြောင်းဖြစ်သော သတ္တိကြောင့်။ သမ္မာဝါစာ၊ သမ္မာဝါစာမည်၏။

သမ္မာ ကရောန္တိ ဧတေနာတိ သမ္မာကမ္မန္တော။ ။ဧတေန၊ ဤကာယ ဧရိုက်မှ ကြဉ်သောသဘောဖြင့်။ သမ္မာ၊ ကောင်းစွာ။ ကရောန္တိ၊ ပြုတတ် ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ပြုကြောင်းဖြစ်သော သတ္တိကြောင့်။ သမ္မာ-ကမ္မန္တော၊ သမ္မာကမ္မန္တ မည်၏။ သမ္မာအာဇီဝလည်း နည်းတူ ဝိဂ္ဂဟ်ဆိုလေ။

## အထူးမှတ်သားဖွယ်

သိတင်းသုံးသောသူတို့အား သိက္ခာပုဒ်ဆောက်တည်သောအခါ ဒုစရိုက်ကို အာရုံပြု၍ ကြဉ်သောကြောင့် ဝိရတိတရား ဖြစ်သည်။

ဆောက်တည်ပြီး၍ ဒါန, ဝေယျာဝစ္စ အစရှိသော ပုညကြိယဝတ္ထုကို ပြု သောအခါ၌ရှင်း, တရားနာခြင်း တရားဟောခြင်း တရားဆွေးနွေးခြင်းကို ပြု သောအခါ၌ရှင်း အနဝဇ္ဇကမ္မ သုဘာသိတဝါစာတို့သာ ဖြစ်သည်ဟူ၍ မှတ်။

ပြဲပဟ္ဘာမင်းသည် မဟာကုသိုလ်စိတ်ဖြင့် တရားတောင်းပန်ပါသည်ကို ဝိရတိ သမ္မာဝါစာမဖြစ်ဟု ဆိုခြင်းသည် ဘယ်သို့ ဝန်ခံနိုင်အံ့နည်း ဟူငြားအံ့။ မြတ်စွာ ဘုရားသည် တရားမဟောလိုသော အကြံဖြစ်သည်ကို သိ၍ "နဿတိ ဝတ ဘော

လောကေ” ဟူသောစကားဖြင့် အချင်းတို့ လောကသည် ပျက်တော့အံ့သည် တကား၊ သတ္တဝါအပေါင်းတို့သည် နတ်လမ်းကြောင်း လူလမ်းကြောင်း လွဲလျက် ဆင်းရဲခြင်းသို့ ရောက်တော့အံ့သည်တကားဟု သတ္တဝါအပေါင်းတို့အား သနားခြင်း ကရုဏာ ပြဋ္ဌာန်းသောစိတ်ဖြင့် ဘုရားထံသို့ ကပ်လာ၍“ဥဋ္ဌေဟိ ဝီရ ဝိဇိတ သင်္ဂါမ” အစရှိသော ဂါထာကို ရွတ်လျက် တရားဟောတော်မူပါဟု တောင်းပန်၏။

ထိုတောင်းပန်သောစိတ်သည် မဟာကုသိုလ် ပထမဒွေဖြစ်အံ့၊ နိယတ ယှဉ်သော စေတသိက် ၃၃-ခုတွင် ကရုဏာကို ထည့်၍ ၃၄-ခု ရသင့်သည်။

ဒုတိယဒွေ, တတိယဒွေ ဖြစ်အံ့၊ နိယတ ယှဉ်သော စေတသိက် ၃၂-ခုတွင် ကရုဏာကို ထည့်၍ ၃၃-ခု ရသင့်သည်။

စတုတ္ထဒွေ ဖြစ်အံ့၊ နိယတယောဂီစေတသိက် ၃၁-ခုတွင် ကရုဏာကို ထည့်၍ ၃၂-ခု ရသင့်သည်။

ဝိရတီ-အပ္ပမညာ တို့သည် မဟာကုသိုလ်နှင့်ယှဉ်၏ ဆိုသော်လည်း အနိယတယောဂီဖြစ်၍ရင်း နာနာကဒါစိဖြင့် ဖြစ်တတ်သောကြောင့်ရင်း ကရုဏာနှင့် ယှဉ်ခိုက်မှာ မုဒိတာ, ဝိရတီတို့သည် မဖြစ်ရာပြီ။

ဒုက္ခိတသတ္တဝါကို အာရုံပြုခိုက် သုခိတ သတ္တဝါကို အာရုံမပြုနိုင်။ ဒုစရိုက်မှ ကြဉ်ခြင်းကိုလည်း အာရုံမပြုနိုင်။ အာရုံပြားကြသော တရားတို့သည် တပြိုင်နက်လည်း မဥပါဒ်နိုင်။

ထို့ကြောင့် သတ္တဝါကို သနား၍ တရားတောင်းပန်ရာ၌ ဝိရတီသမ္ပာဝါစာ မပါသောအဖြစ်ကို စင်စစ် သိအပ်၏ ဟူပေ။

## ၅၁—မဟာဂုတ်ပဥ္စမစျာန်၌ ကရုဏာ မုဒိတာ ကင်းဟန်ကိုပြခြင်း

မေး။ ။မဟဂ္ဂုတ်ရ၊ ပဥ္စမစျာန်၊ ကြဉ်ဟန် ကရုဏာ၊ မုဒိတာ၊ နှစ်ဖြာ ဘယ့်ကြောင့် ကင်းသနည်း။

ဖြေ။ ။ပဥ္စမစျာန် စိတ်၌ တတြမဇ္ဈတ္တတာ ပြဓာန်းရကား သနားခြင်း ဝမ်းမြောက်ခြင်း မရှိပြီ။ ထို့ကြောင့် ကရုဏာ, မုဒိတာ ကင်းသည်ဟူပေ။

အပ္ပနာသို့ ရောက်ကုန်သော အပ္ပမညာတို့ကား ရုံခါမျှ သောမနဿနှင့် ကင်း၍ ဖြစ်ခြင်းမရှိသောကြောင့် ပဥ္စမစျာန်၌ မယှဉ်သည်ဟူ၍ ဋီကာ၌ ဖြေ၏။

## ၅၂-မဟာကုသိုလ်စိတ်၌ စေတသိက် ယှဉ်ဟန်အထူးကို ပြခြင်း

မေး။ ။မဟာကုသလ၊ ပထမဒွေးဟု၊ဆိုရေးတွက်ရ၊အင်္ဂတိ ံသာ၊ ယှဉ်ကြရာဝယ်၊ မက္ခာအစု ဖြစ်၏လော။

ဖြေ။ ။အင်္ဂတိ ံသ စေတသိက်တွင် အညသမာန်းတေရသ,သောဘဏ-သာဓာရဏ ၁၉, ပညိန္ဒြေ ဤ ၃၃-ပါးသာ တစုတည်းဖြစ်သည်။ အပ္ပမညာ, ဝိရတိ ဟူသော အနိယတယောဂီ စေတသိက် ၅-ခုမှာ တခုဖြစ်ခိုက် ၄-ခု မဖြစ်ဟူပေ။

## ၅၃-မြတ်စွာဘုရား တရားဟောရာ သုဘာသိတဝါစာဖြစ်ပုံကို ပြခြင်း

မေး။ ။မဟာကြိယာ၊ ရှစ်ခုမှာ၌၊ သုံးဖြာဝိရတိ၊ မရှိဟူလျှင်၊ ချစ်ရှင်ဘုရား၊ တရားဒေသနာ၊ ဟောသောခါ၌၊ သမ္မာဝါစာ မဟုတ်လော။

ဖြေ။ ။တရားဟောခြင်းသည် သမ္မာဝါစာမဟုတ်၊ သုဘာသိတဝါစာသာ ဖြစ်သည်ဟု ဖြေ။

## ၅၄-ပဋိသန္ဓေအခါ မေတ္တာဖြစ်ပုံကို ပြခြင်း

မေး။ ။မဟာဝိပါက်၊ ရှစ်ချက်စိတ်ဖြင့်၊ ပဋိသန္ဓေ၊ နေသူတို့မှာ၊ မေတ္တာတရား ရ၏လော။

ဖြေ။ ။အခေါ်သ စေတသိက်သည် မေတ္တာ မည်ရကား မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခုအားဖြင့် ပဋိသန္ဓေနေသော ဒွိဟိတ်ပုဂ္ဂိုလ်, ဉာဏသမ္ပယုတ် ၄-ခုဖြင့် ပဋိသန္ဓေနေသော တိဟိတ်ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေ အခါကပင် မေတ္တာ တရားကို ရအပ်၏။ ပဝတ္တိ၌ကား ဆိုဖွယ်မရှိရတော့သည်သာဟု ဖြေ။

## ၅၅-ပဋိသန္ဓေအခါ လောဘဖြစ်ပုံကို ပြခြင်း

မေး။ ။သန္ဓေစိတ်က၊ လောဘမယှဉ်၊ ကြည်သည်ရှိလျက်၊ ဘဝကန္တိ၊ ကပ်မိရောနှော၊ လောဘဘယ်က လာသနည်း။

ဖြေ။ ။ရှေးဘဝ၌ ပြုအပ်သော ကုသိုလ်စေတနာ တည်းဟူသော ပုညာဘိသင်္ခါရ, အကုသိုလ်စေတနာတည်းဟူသော အပုညာဘိသင်္ခါရ တို့သည်

ပြုပြင်အပ်သည်ဖြစ်၍ ပဋိသန္ဓေ ကျေနဝိသတည်းဟူသော ပဋိသန္ဓေဝိညာဉ်, ဘဝင် ကျေနဝိသ, မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိလောဘဇော အစရှိသော ပဝတ္တိ ဝိညာဉ်တို့ ဖြစ်ကုန်ရကား ရှေးကုသိုလ်ကံ, အကုသိုလ်ကံ ပြုပြင်၍ လောဘတို့ပေါ်လာ၏ ဟူပေ။

၂၄-ပါးသော ပစ္စည်းတို့တွင် ကုသိုလ် အကုသိုလ်ကံက ပဋိသန္ဓေ ဝိညာဉ်ကို နာနက္ခဏိကကမ္မပစ္စည်းဖြင့် ကျေးဇူးပြုသည်။ ပဝတ္တိ ဝိညာဉ်ကိုကား ပကတူပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၌ သင်္ခါရပစ္စယာ ဝိညာဏံ ဟူ၍ ဟောတော်မူသည်။

### ၃၆-ထိနနှင့် မိဒ္ဓအထူးကို ပြခြင်း

မေး။ ။မခံ့နွမ်းရိ၊ ထိန,မိဒ္ဓ၊ သဘာဝသည်၊ ကိစ္စဘယ်သို့ ထူးသနည်း။

ဖြေ။ ။ထိန သည် စိတ်၏မခံ့ခြင်းလက္ခဏာ, လေးလံခြင်းကိစ္စ, ပျင်းရိသော အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။

မိဒ္ဓသည် စေတသိက်တို့၏ မခံ့ခြင်းလက္ခဏာ, မထကြွခြင်းကိစ္စ, ငိုက်မျဉ်းသော အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဤသို့ ထူးကြ၏ ဟူပေ။

### ၃၇-ဒေါသမူစိတ်၌ စေတသိက်ယှဉ်ဟန် အထူးကို ပြခြင်း

မေး။ ။ဒေါသဖြစ်မူ၊ စိတ်နှစ်ခုမှာ၊ အစုနှစ်ဆယ်၊ နှစ်ခုကယ်သည်၊ တကယ်စုလျက်၊ ယှဉ်၏လော။

ဖြေ။ ။နှစ်ဆယ့်နှစ်ပါးလုံး တပြိုင်တည်းစုလျက် မယှဉ်၊ ဣဿာ,မစ္ဆရ, ကုက္ကုစ္စတို့သည် အနိယတယောဂီဖြစ်၍ ၁၉-ပါးသာ အမြဲယှဉ်သည်။ ဣဿာ ဖြစ်ခိုက် ဣဿာကိုထည့်၍ ၂၀၊ မစ္ဆရိယဖြစ်ခိုက် မစ္ဆရိယကိုထည့်၍ ၂၀၊ ကုက္ကုစ္စ ဖြစ်ခိုက် ကုက္ကုစ္စကိုထည့်၍ ၂၀-စီသာ ယှဉ်၏ ဟူပေ။

ဤ ၃-ပါးသော တရားတို့သည် ဘယ့်ကြောင့် တပြိုင်နက် မယှဉ်ပဲ တခုတခု စီသာ ယှဉ်လေသနည်းဟူမူ "ဘိန္နာလမ္ဗဏတ္တာဃေဝါတိ အဓိပ္ပါယော" ဟူသော ဋီကာနှင့်အညီ ဣဿာသည် သူတပါး၏ စည်းစိမ်ကို ငြူစူတတ်ရကား ဗဟိဒ္ဓကို အာရုံပြုသည်။

မဇ္ဈိမနိကာယသည် မိမိစည်းစိမ်ကို လျှော့လက်တတ်ရကား အဇ္ဈတ္တကို အာရုံပြုသည်။

ကုဏ္ဍလိတ္တသည် ပြုအပ်ပြီးသော ဒုစရိုက်, သုစရိုက်, မပြုသေးသော ဒုစရိုက်, သုစရိုက်ကို အာရုံပြု၍ ပူပန်တတ်ရကား အတိတ် ကိုရင်း၊ အနာဂတ် ကိုရင်း အာရုံပြုသည်။ ဤသို့ အာရုံပြားသောကြောင့် တခုတခုစိ ယှဉ်၏ ဟူပေ။

## ၅၇-ကာယဝိညာဉ်ဒွေနှင့်ယှဉ်သော စေတသိက်ကို ပြခြင်း

မေး။ ။ကာယဝိညာဏ်၊ နှစ်တန်သမုတ်၊ စိတ်တွင်ချုပ်၍၊ သမ္ပယုတ် ဘယ်မျှ ရသနည်း။

ဖြေ။ ။ဒွိပဉ္စဝိညာဏသု ပကိဏ္ဏကဝိဝဇ္ဇိတာ-ဟု သင်္ဂြိုဟ်ဆရာ ဆိုပြီးဖြစ်သောကြောင့် စက္ခုဝိညာဉ် ဒွေ၌ရင်း၊ သောတ,ဃာန,ဇိဝှါ, ကာယဝိညာဉ် ဒွေ၌ ရင်း သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးသာလျှင် သမ္ပယုတ်ဖြစ်၏ ဟူပေ။

## ၅၉-ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကင်းပုံကို ပြခြင်း

မေး။ ။ဟသိတုပ္ပါဒ်၊ ယှဉ်တတ်စေရ၊ ဇောမူလဝယ်၊ ဆန္ဒဘယ်ကြောင့် ကင်းသနည်း။

ဖြေ။ ။ရဟန္တာပုဂ္ဂိုလ်တို့အား ပြုံးရယ်လိုသော ဆန္ဒမရှိပဲ မျက်နှာရွှင်ရုံ ပြုံးခြင်းတည်းဟူသော သိတ၊ သွားပေါ်ရုံပြုံးခြင်း တည်းဟူသော ဟသိတ ဖြစ်သောကြောင့် ဆန္ဒကင်းသည် ဟူပေ ။ ။တနည်းကား ဆန္ဒသည် အဟိတ်စိတ်တို့၌ ယှဉ်ခြင်းမရှိသောကြောင့် ကင်း၏ ဟူပေ။

## ၆၀-မာနတရား ထောင်လွှားခြင်း၏ အကြောင်းကို ပြခြင်း

မေး။ ။မာနတရား၊ ထောင်လွှားငါပြင်၊ မရှိထင်သည်၊ ဘယ်ဟိတ်စီရင် သောကြောင့်နည်း။

ဖြေ။ ။မာန စေတသိက်သည် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ယှဉ်သည်။ ထိုစိတ်၌ လောဘဟိတ်, မောဟဟိတ် နှစ်ပါးရသည်။ ဤ ဟိတ်နှစ်ပါးလည်း ထူး၍ စီရင်ကြောင်းကို ကျမ်းဂန်မဆို။ မာန ပင်လျှင် ထောင်လွှားခြင်း သဘောကို ပြီးစေရကား မာနဟိတ်ပင် ဒိဋ္ဌိဂတဝိပ္ပယုတ်ကို စီရင်၏ဟု ဆိုသင့်တော့သည်။

ဤမာန် သည်--

၁။ သေယျ မာန်၊
၂။ သဒိသ မာန်၊
၃။ ဟီန မာန်–

ဟူ၍ ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင် ငါကား ဤသူတို့ထက် အမျိုးအားဖြင့် မြတ်၏ ဟူ၍ရင်း, အကျင့်အားဖြင့် မြတ်၏ဟူ၍ရင်း, အတတ်ပညာအားဖြင့် မြတ်၏ဟူ၍ရင်း စထောင်လွှားခြင်းသည် သေယျမာန် မည်၏။

ငါသည် အမျိုးအားဖြင့်, အကျင့်အားဖြင့်, အတတ်ပညာအားဖြင့် ဤသူနှင့်တူ၏ ဟူ၍ ထောင်လွှားခြင်းသည် သဒိသမာန် မည်၏။

ငါသည် အမျိုးအားဖြင့်, အကျင့်အားဖြင့်, အတတ်ပညာ အားဖြင့် ညံ့သော်လည်း ဤသူ ငါ့ကို မကဲ့ရဲ့သင့် ဟူ၍ရင်း, မထေမဲ့ မပြုသင့် ဟူ၍ရင်း ထောင်လွှားခြင်းသည် ဟီနမာန် မည်၏။

ဤမာန် ၃-ပါးသည် သူမြတ်၌ရင်း, သူလတ်၌ရင်း, သူယုတ်၌ရင်း ၃-ပါးစီရှိရကား ၉-ပါးပြား၏။ ဤကို ရည်၍ ဆုတောင်းခန်း၌–

ယုတ်, လတ်, မြတ်, အား၊ သုံးပါးတိုင်တည်၊ ကိုး ခု မည်ဖြင့်၊ ရှည်စွာခလောက်၊ မိုးရှည့်မြောက်သား၊ အစောက်မတ်လတ်၊ မာန်တောင်ထွတ်ကို၊ တိန်းညွတ်ထောက်တို၊ မဂ်စွမ်းဖြို့၍၊ ကုသိုလ်နှိမ့်ချ၊ မီးပွားကျသို့၊ ဂုဏအရာ၊ စွန်းစွန်းပါသား၊ သံဃာတို့ထက်၊ လျှမ်းလျှမ်းတက်၍၊ နွတ်ထွက်ဖြိုးဖြိုး၊ လက်ရတိုးလျက်၊ ကျမ်းရိုးနင်းမိ၊ ဟကာသိသည့်၊ သာရိပုတ္တရာ၊ မည်တော်သာဖြင့်၊ လကျာ်ရံသီး၊ ငါ့သားကြီး –

ဟူ၍ စပ်ဆိုတော်မူသည်။

ဤတွင် စေဟသိက်ပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

# ၇-ပကိဏ်းပိုင်း

# ပကိဏ်းပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ

## ၆၁-ဝေဒနာမည်သမျှ ခန္ဓာမည်ရပုံကို ပြခြင်း

မေး။ ။ကိုးဆယ် တခုယုတ်၊ အဟုတ်စိတ်မှာ၊ ဝေဒနာသည်၊ ခန္ဓာတရား မှန်၏လော။

ဖြေ။ ။ဝေဒနာ ဝေဒနာက္ခန္ဓောတိ၊အာမန္တာ-ဟူ၍ ခန္ဓယမိုက်၌ ဟောတော်မူသောကြောင့် စိတ်တခုယုတ် ကိုးဆယ်၌ ယှဉ်သော ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာမည်သည်ချည်း ဟူပေ။ ။ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာ၌– ရူပံ ရူပက္ခန္ဓောတိ၊ ပိယရူပံ သာတရူပံ ရူပံ၊ န ရူပက္ခန္ဓော။ ရူပက္ခန္ဓော ရူပဉ္စေဝ ရူပက္ခန္ဓော စ–ဟူသောပါဠ်ဖြင့် လောကီစိတ် ကောသိတိ၊ စေတသိက် ဒွေပညာ-သ၊ ရုပ်အဋ္ဌဝီသတို့၏အပေါင်းဖြစ်သော ပိယရုပ်, သာတရုပ်သည် ရုပ်သာမည်၏၊ ရူပက္ခန္ဓာ မမည်။

အစိတ်ဖြစ်သော ရုပ္ပန လက္ခဏာရှိသော ရုပ်အဋ္ဌဝီသသည် ရုပ်လည်း မည်၏။ ရူပက္ခန္ဓာလည်းမည်၏ ဟူ၍ ဟောသည်။

သညာ သညာက္ခန္ဓောတိ၊ဒိဋ္ဌိသညာ သညာ၊န သညာက္ခန္ဓော၊သညာက္ခန္ဓော သညာစေဝ သညာက္ခန္ဓော စ- ဟူသောပါဠ်ဖြင့် ဒိဋ္ဌိစေတသိက်ဟု ဆိုအပ်သော သညာသည် သညာသာ မည်၏။ သညာက္ခန္ဓာ မမည်။

စိတ်တခုယုတ်ကိုးဆယ်၌ ရှိသော သညာစေတသိက်သည် သညာလည်း မည်၏၊ သညာက္ခန္ဓာလည်း မည်၏ဟူ၍ ဟောသည်။

သင်္ခါရက္ခန္ဓာ၌ သင်္ခါရာ သင်္ခါရက္ခန္ဓောတိ၊ သင်္ခါရက္ခန္ဓံ ဌပေတွာ အဝသေ-သာ သင်္ခါရာ၊န သင်္ခါရက္ခန္ဓော။သင်္ခါရက္ခန္ဓော သင်္ခါရာ စေဝ သင်္ခါရက္ခန္ဓော စ-ဟူသောပါဠ်ဖြင့် စိတ်တခုယုတ်ကိုးဆယ်, ဝေဒနာ, သညာ, ရုပ်အဋ္ဌဝီသသည် သင်္ခါရသာ မည်၏။ သင်္ခါရက္ခန္ဓာ မမည်။

ဝေဒနာသညာမှ တပါးသော စေတသိက် ပညာသ သည် သင်္ခါရလည်း မည်၏။ သင်္ခါရက္ခန္ဓာလည်း မည်၏ ဟူ၍ ဟောသည်။

ဤသို့ ရုပ်သာမည်၍ ရူပက္ခန္ဓာ မမည်သောတရား။ သညာသာမည်၍ သညာက္ခန္ဓာ မမည်သောတရား။ သင်္ခါရသာမည်၍ သင်္ခါရက္ခန္ဓာ မမည်သော

တရားရှိသောကြောင့် ဝေဒနာက္ခန္ဓာ၌လည်း ဝေဒနာသာမည်၍ ဝေဒနာက္ခန္ဓာမမည်သောတရား ရှိမရှိကို စိစစ်လိုးသာကြောင့် ယခင်ပုစ္ဆာကို ပြုသည်။

အဖြေကား- ဝေဒနာမည်သမျှ တရားသည် ဝေဒနာက္ခန္ဓာ မည်သည်ချည်း ဟူလို။

## ၆၂- ဝေဒနာငါးပါး၏လက္ခဏာကို ပြခြင်း

မေး။ ။ ဝေဒနာငါးပါး၊ ကွဲပြားလှစွာ၊ သိဘို့ရာသည်၊ လက္ခဏာ ဘယ်သို့ ထူးသနည်း။

ဖြေ။ ။ တတ္ထ ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏံ သုခံ, အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏံ ဒုက္ခံ, သဘာဝတော ဝါ ပရိကပ္ပတော ဝါ ဣဋ္ဌာနုဘဝနလက္ခဏံ သောမနဿံ တထာ အနိဋ္ဌာနုဘဝနလက္ခဏံ ဒေါမနဿံ, မဇ္ဈတ္တာနုဘဝနလက္ခဏာ ဥပေက္ခာ။

ဟူသော ဋီကာနှင့် အညီ သုခသည် ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။

ဒုက္ခသည် အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။

သောမနဿသည်သဘောအားဖြင့်၎င်း၊ ပရိကပ္ပအားဖြင့်၎င်း ဣဋ္ဌဖြစ်သော အာရုံ ၆- ပါးကို ခံစားခြင်းလက္ခဏာရှိ၏။

ဒေါမနဿသည် သဘောအားဖြင့်၎င်း၊ ပရိကပ္ပအားဖြင့်၎င်း အနိဋ္ဌဖြစ်သော အာရုံ ၆-ပါးကို ခံစားခြင်းလက္ခဏာရှိ၏။

ဥပေက္ခာသည် မဇ္ဈတ္တဖြစ်သော အာရုံ ၆- ပါးကို ခံစားခြင်းလက္ခဏာရှိ၏ ဟူပေ။

ကိုယ်၌ဖြစ်သောသာယာခြင်းကို သုခ, မသာယာခြင်းကို ဒုက္ခ, စိတ်၌ဖြစ်သောသာယာခြင်းကို သောမနဿ, မသာယာခြင်းကို ဒေါမနဿ ဆိုသည်။

## ၆၃- အဟိတ်နှင့်သဟိတ်နှစ်ပါး ထူးခြားပုံကို ပြခြင်း

မေး။ ။အဟိတ်စိတ်နှင့်၊ သဟိတ်စိတ်မှာ၊ ဖြစ်ခြင်းရာသည်၊ ပမာဘယ်သို့ ထူးသနည်း။

ဖြေ။ ။ ဟေတုပစ္စယာ ဟိ မူလာ၊ ဝိရုဠ္ဟမူလာ ဝိယ ပါဒပါ ထိရာ ဟောန္တိ၊ အဟေတုကာ ဇလတလေ သေဝါလသဒိသာ–

ဟူ၍ ဋီကာမိန့်သည်ဟု ဖြေ။

ဟိ၊ ဥပမာဖြင့် ထင်စွာဆိုဦးအံ့။ ဟေတုပစ္စယာ၊ ဟေတုပစ္စည်းရှိကုန်သော ။ မှာ၊ သဟိတ်စိတ် စေတသိက် တရားတို့သည်။ ဝိရုဠှမူလာ၊ ပြန့်ပွားစည်သော အမြစ်ရှိသော။ ပါဒပါ ဝိယ၊ သစ်ပင်ကဲ့သို့။ ထိရာ၊ မြဲမြံခိုင်ခံ့ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဟေတုကာ၊ အဟိတ် စိတ် စေတသိက်တရားတို့သည်။ ဇလတလေ၊ ရေအပြင်၌။ သေဝါလသဒိသာ၊ အမြစ်မရှိသောမှော်နှင့် တူကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

သဟိတ်စိတ်တို့သည် အိမ်နေနှင့်တူ၏။ အဟိတ်စိတ်တို့သည် ဧည့်သည်နှင့်တူ၏ ဟူ၍၎င်း၊ သဟိတ်စိတ်တို့သည် ဝန်ထမ်းသမားနှင့် တူ၏၊ အဟိတ်စိတ်တို့သည် ကူပင့်သောသူနှင့်တူ၏ ဟူ၍၎င်း ဥပမာပြုလေ။

## ၆၄-အဟိတ်စေတသိက်စသည် ရှိမရှိကို ပြခြင်း

မေး။ ။အချို့စိတ်ကို၊ သဟိတ်ခွဲဝေ၊ ခေါ်ရလေသို့၊ စေတသိက်မှာ၊ အဟိတ်, သဟိတ်၊ ဧကဟိတ်, ဒွိဟိတ်၊ တိဟိတ်ဟူ၍ မရှိလော။

ဖြေ။ ။မရှိပြီ၊ အဟိတ်စိတ်နှင့်ယှဉ်သောအခိုက် အဟိတ်စေတသိက်, ဧကဟိတ်စိတ်နှင့်ယှဉ်သောအခိုက် ဧကဟိတ်စေတသိက်, ဒွိဟိတ်စသည်နှင့် ယှဉ်သောအခိုက် ဒွိဟိတ်စေတသိက်ဟူ၍ အဝတ္တာအားဖြင့် ခေါ်ဆိုထိုက်တော့သည်။

## ၆၅-ဧကဟိတ်ပုဂ္ဂိုလ်မရှိသင့်ပုံကို ပြခြင်း

မေး။ ။ဧကဟိတ်ဟု၊ စိတ်ရှိလျက်ကို၊ ပုဂ္ဂိုလ်ဧကဟိတ် မရှိလော။

ဖြေ။ ။မရှိပေ၊ ဘယ်ကြောင့် မရှိသနည်းဟူမူကား အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ်စသည်ဖြင့် ခေါ်ဆိုခြင်းသည် ပဋိသန္ဓေ စိတ်နှင့်ယှဉ်သော ဟိတ်ကိုသာစွဲ၍ ခေါ်သည်။ ဧကဟိတ်စိတ်မှာ ပဋိသန္ဓေ စိတ်မဟုတ်၊ ပဝတ္တိစိတ်သာ ဖြစ်သည်။ ထို့ကြောင့် ဧကဟိတ်ပုဂ္ဂိုလ်ဟူ၍ မရှိသတည်း။

## ၆၆-အသညသတ်ပြဟ္မာကို အဟိတ်ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။အသညသတ်၊ မြတ်သည်ပြဟ္မာ၊ ဖြစ်လျက်ပါကို၊ အဟိတ်ဘယ်ကြောင့် ဆိုသနည်း။

ဖြေ။ ။အသညသတ် ပုဂ္ဂိုလ်တို့သည် ဇီဝိတဆက္က, ဇီဝိတနဝက ကလာပ်ဖြင့်သာ ပဋိသန္ဓေနေသည်။ ထိုနဝက ကလာပ်ရုပ်သည်လည်း လောဘ အစရှိသော ဟိတ် ၆-ပါးတွင် တပါးပါးမျှ မယှဉ်ရကား အဟေတုကဖြစ်၍ အဟိတ်၊

ပဋိသန္ဓေဟု ဆိုလေသည်။ ယုတ်မာသောကြောင့် အဟိတ်ပုဂ္ဂိုလ်ခေါ်သည် မဟုတ်ဟူ၍ ဖြေရမည်။

## ၆၇-နိဗ္ဗာန်ဝင်သော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစုတိကို ပြခြင်း

မေး။ ။လောကီစျာန်ပျံ၊ မဂ်,ဖိုလ်,ဉာဏ်နှင့်၊နိဗ္ဗာန်အောင်မြေ၊ ရောက်သူတွေကို၊ သန္ဓေဘယ်သို့ သွင်းမည်နည်း။

ဖြေ။ ။တိဟိတ်ဝိပါက် တေရသဖြင့် ပဋိသန္ဓေ နေ၍ တိဟိတ်စုတိ တေရသဖြင့် စုတိကျ၍ နိဗ္ဗာန်ဝင်ကုန်၏ဟု ဖြေ။

အကျယ်ကား—ကာမသုဂတိ ၇-ဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ခုဖြင့် ပဋိသန္ဓေနေသော တိဟိတ်ပုဂ္ဂိုလ်သည် ဝိပဿနာကို စီးဖြန်း၍ သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရ၏၊ ထို့နောက် သကဒါဂါမိမဂ်,သကဒါဂါမိဖိုလ်ကို ရ၏။ ထို့ နောက် အနာဂါမိမဂ်, အနာဂါမိဖိုလ်ကို ရ၏။ ထို့ နောက်မှ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရ၏။ ထိုသို့ ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်သည် စုတိကျလိုသော် မဟာဝိပါက်ဉာဏသမ္ပယုတ် ၄-ခုဖြင့်ပင် စုတိကျ၍ နိဗ္ဗာန်ဝင်၏။

ရူပတဆယ့်ငါးဘုံ၌ ဖြဟ္မာတို့သည် ရူပဝိပါက် ၅-ခုဖြင့် ပဋိသန္ဓေနေ၍ ဝိပဿနာကိုအားထုတ်သဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ပြီးသော် ဤရူပဝိပါက် ၅-ခုဖြင့် စုတိကျ၍ နိဗ္ဗာန်ဝင်၏။

အရူပ ၄-ဘုံ၌ ဗြဟ္မာတို့သည် အရူပဝိပါက် ၄-ခုဖြင့် ပဋိသန္ဓေနေ၍ ရဟန္တာဖြစ်ပြီးသော် အရူပဝိပါက် ၄-ခုဖြင့် စုတိ၍ နိဗ္ဗာန်ဝင်၏ ဟူပေ။

## ၆၈-သုံးကျွန်းသားတို့ ဟိတ်တရား မရှိပုံကို ပြခြင်း

မေး။ ။ဟိုကျွန်းသားတွေ၊ ဟောတုနတ္ထိ၊ ဟိတ်မရှိဟု၊ ဟောဘိဘုန်းကြွယ်၊ အဓိပ္ပါယ်ကို၊ ဘယ်သို့ကြံရေး သင့်သနည်း။

ဖြေ။ ။အရှေ့ကျွန်း, မြောက်ကျွန်း, အနောက်ကျွန်း သားတို့သည် မိမိတို့၏ကျွန်း၌ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့လည်း မဖြစ်၊ ဤကျွန်းကအရှင်မြတ်တို့လည်း ကြွသွား၍ တရားမဟော၊ ထို့ကြောင့် ထိုသုံးကျွန်းသားတို့အား နိဗ္ဗာန်ရောက်ကြောင်း တရားတည်းဟူသော ဟိတ် မရှိဟု ဆိုလိုသည်။ ။ မင်္ဂလာ စေတီဘွဲ့၌ ရှင်သီလဝံသ ဆိုသည်။

## ၆၉-ကိစ္စအကျိုး ဌာနအကြောင်းဖြစ်ပုံကို ပြခြင်း

မေး။ ။ဆယ့်လေးကိစ္စ၊ ဆယ်ဌာနဟု၊ ရသည်အမှန်၊ ရုပ်နာမ်တရား၊ ထိုနှစ်ပါးတွင်၊ ဖြစ်လားဘယ်သူ အကြောင်းနည်း။

ဖြေ။ ။စိတ်တို့၏ သတ္တိသည် "ကရဏ ကိစ္စ" ဟူသောဝစနတ္ထကြောင့် ကိစ္စမည်၏၊ ထိုသတ္တိ၏တည်ရာဖြစ်သော စိတ်ဒြဗ်သည်ရင်း, စိတ်၏ ဖြစ်ရာအကြားသည်ရင်း ဌိယတိ ဧတ္ထာတိ ဌာနံ-ဟူသော ဝစနတ္ထကြောင့် ဌာနမည်၏။ ။စိတ်တခုယုတ် ကိုးဆယ်ကို သတ္တိအားဖြင့် ဝေဖန်သော် ၁၄-ပါးသာ ရသောကြောင့် ကိစ္စ ၁၄-ပါးထားလေသည်။ ထိုကိစ္စရှိသော စိတ်၏ ဖြစ်ရာဌာနကား အကျဉ်းအားဖြင့် ၁၀-ပါး၊ အကျယ်အားဖြင့် ၂၅-ပါး ပြားလေသည်။ ထို့ကြောင့် ကိစ္စသည် အကျိုး, ဌာနသည် တည်ရာအကြောင်း ဟု မှတ်သင့်၏။

ဥပမာကား–လူတယောက်သည် ပန်းချီ, ပန်းပု, ဆေးကု, ဗိသုကာ, လယ်ယာလုပ်ခြင်းဟူသော သိပ္ပငါးရပ်ကို တတ်မြောက်၏။ ထိုသူအား ပန်းချီတတ်သည်ကိုစွဲ၍ ပန်းချီသမား, အရုပ်ထုတတ်သည်ကို စွဲ၍ ပန်းပုသမား, သူနာတို့အား ဆေးကုတတ်သည်ကိုစွဲ၍ ဆေးဆရာ, အိမ်, ရာ, ကျောင်း, ကန် ပြုတတ်သည်ကိုစွဲ၍ လက်သမား, လယ်ယာလုပ်တတ်သည်ကိုစွဲ၍ လမိုင်းကြီးဟု အမည်ငါးပါးဖြင့် သမုတ်အပ်သည်။ ထိုတတ်သော သတ္တိ၏ တည်ရာကား လူဖြစ်တခုသာ ဖြစ်သကဲ့သို့ ဥပေက္ခာသန္တီရဏနှစ်ခုတို့သည် ဘဝနှင်ရပ်ကို စပ်တတ်သော သတ္တိ, ဥပပတ္တိဘဝ၏ အကြောင်းဖြစ်သောသတ္တိ, ဘဝမှရွေ့တတ်သော သတ္တိ, ယူပြီးသော ပဉ္စာရုံကို စုံစမ်းတတ်သောသတ္တိ, ဇော၏အာရုံသို့လိုက်၍ အာရုံပြုတတ်သော သတ္တိရှိသောကြောင့် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, သန္တီရဏကိစ္စ, တဒါရုံကိစ္စတတ်သည်ဟု ဆိုသည်။ ထို့သတ္တိငါးဦး၏ တည်ရာကား ဥပေက္ခာသန္တီရဏစိတ်ပင် ဖြစ်သည်။ ထို့ကြောင့် သတ္တိကို ကိစ္စ, သတ္တိဝန်ဖြစ်သော စိတ်ဒြဗ်ကို ဌာနဟု ဋီကာ၌ မိန့်လေသည်။

တနည်းကား–စိတ်ဒြဗ်ဟူသည်လည်း မထင်ရှားရကား ရှေ့စိတ် နောက်စိတ် နှစ်ပါး၏ အကြားဖြစ်သော အန္တရဝိကပ္ပပညတ်ကိုပင် ဌာနယူရမည်ဟု ပြသည်။ ထိုသို့ယူမှု ဌာန ၂၅-ပါး ပြား၏။ ရှေ့နည်းကား မုချ, နောက်နည်းကား တဒ္ဒမ္မျုပစာရ တည်း။

## ၇၀-ဌာန ၂၅-ပါးကို ပြခြင်း

၂၅-ဌာနကိုကား——

ဧကဝိဓံ သန္ဓိဌာနံ၊ ဆ ဌာနာနိ ဘဝင်္ဂဿ။

ဒွိဌာနာဝဇ္ဇနံ ပဉ္စ-ဝိညာဏာဒီနမေကကံ။

ဝေါင္ဖွနသာ ဒုဌာနံ၊ ဇဝနံ ဆ တဒါလမ္ဗံ။
ဒွိဌာနံ စုတိယာ ဌာနံ၊ တိဓေဝ ပဋ္ဌိသတိ။

ဟူသော သင်္ခေပဋီကာ ဂါထာဖြင့် မှတ်ရမည်။

သန္ဓိဌာနံ၊ ပဋိသန္ဓေဌာနသည်။ ကေဝိမံ၊ တခုသောအဖို့ ရှိ၏။ ဘဝင်္ဂဿ၊ ဘဝင်၏။ ဌာနာနိ၊ ဌာနတို့သည်၊ ဆ၊ ၆-ပါးတို့တည်း။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ ဒွိဌာနံ၊ နှစ်ဌာနရှိ၏။ ပဋ္ဌိညာဏဒီနံ၊ စက္ခုဝိညာဉ်စသည်တို့၏။ဌာနံ၊ ဌာနသည်။ ကေကံ၊ တပါးပါးစီသာတည်း။

ဝေါင္ဖွနသာ၊ ဝုဋ္ဌော၏။ ဌာနံ၊ ဌာနသည်။ ဒုဌာနံ၊ နှစ်ပါး ပြား၏။ ဇဝနံ၊ ဇောသည်။ ဆ၊ ခြောက်ဌာန ရှိ၏။ တဒါလမ္ဗံ၊ တဒါရုံသည်။ ဒွိဌာနံ၊ နှစ်ဌာနရှိ၏။ စုတိယာ ဌာနံ၊ စုတိ၏ဌာနသည်။ တိဓာ၊သုံးပါး ပြား၏။ ဝေ၊ ဤသို့။ ပဋ္ဌိသတိ၊ ၂၅-ပါးသော ဌာနတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁။ စုဘန္တရံ သန္ဓိဌာနံ၊ ပအာ တအာ ဇအာ ဝေါအာ။
တစု ဇစုန္တရံ ဘဿ၊ ဆ ဌာနံ ပရိဒီပယေ။

၂။ ဘဝိ ဘဇန္တရံယေဝ၊ ဒုအာ ဌာနံ အာသန္တရံ။
ဝိဌာနေကံ ဝိတိန္တရံ၊ သံဌာနေကံ သံဝေါန္တရံ။

၃။ တိဌာနေကံ ဒုဝေါဌာနံ၊ တိဇ တိဘန္တရံ တထာ။
ဝေါတ ဝေါဘ ဝေါစုန္တရံ၊ အာတ အာဘ အာစုန္တရံ။

၄။ ဇဌာနံ ဆ ဇဘဇစု-န္တရံ ဥေ ယျံ ဒုတဌာနံ။
တပ ဇပ ဘပန္တရံ၊ စုတိဌာနံ တိဓာ မတံ။

ဤဂါထာတို့ဖြင့် အကျယ်ကို သိရမည်။

စုဘန္တရံ၊ စုတိ, ဘဝင်၏ အကြားသည်။ သန္ဓိဌာနံ၊ ပဋိသန္ဓေဌာနတည်း။ ပအာ, တအာ, ဇအာ, ဝေါအာ, တစု, ဇစုန္တရံ၊ ပဋိသန္ဓေ, အာဝဇ္ဇန်း၊ တဒါရုံ, အာဝဇ္ဇန်း၊ ဇော, အာဝဇ္ဇန်း၊ ဝုဋ္ဌော, အာဝဇ္ဇန်း၊ တဒါရုံ, စုတိ၊ ဇော, စုတိတို့၏ အကြားသည်။ ဘဿ၊ ဘဝင်၏၊ ဆ ဌာနံ၊ ၆-ဌာနဟူ၍။ ပရိဒီပယေ၊ ပြရာ၏။

ဘဝိ ဘဇန္တရံယေဝ၊ ဘဝင်, ပဋ္ဌဝိညာဉ်၊ ဘဝင်, ဇော၏ အကြားသည်သာ လျှင်။ ဒုအာဌာနံ၊ အာဝဇ္ဇန်းဌာနနှစ်ပါး မည်၏။ အာသန္တရံ၊ အာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း၏ အကြားသည်။ ကေ၊ တခုသော၊ ဝိဌာနံ၊ ပဋ္ဌဝိညာဉ်ဌာန မည်၏။ ဝိတိန္တရံ၊ ပဋ္ဌဝိညာဉ်, သန္တီရဏ၏ အကြားသည်။ ကေ၊ တခုသော။

သံဌာန်၊ သမ္ပဋိစ္ဆိုင်းဌာန မည်၏။ သံဝေါန္တရ၊ သမ္ပဋိစ္ဆိုင်း ဝုဋ္ဌောတို့၏ အကြား သည်။ တိဌာနေက၊ သန္တီရဏဌာနတပါးတည်း။ တိဇ၊ တိဘန္တရ၊ သန္တီရဏ ဇော၊ သန္တီရဏ ဘဝင်၏ အကြားသည်။ ဒုဝေဌာန်၊ ဝုဋ္ဌောဌာန နှစ်ပါးတည်း။

တသာ၊ ထိုမှို။ ဝေါတ၊ ဝေါဘ၊ ဝေါစုန္တရ၊ ဝုဋ္ဌော တဒါရုံ၊ ဝုဋ္ဌော၊ ဘဝင်၊ ဝုဋ္ဌော စုတိတို့၏ အကြားသည်ရင်း။ အာတ၊ အာဘ၊ အာစုန္တရ၊ အာဝဇ္ဇန်း၊ တဒါရုံ၊ အာဝဇ္ဇန်း ဘဝင်၊ အာဝဇ္ဇန်း စုတိတို့၏ အကြားသည်ရင်း။ ဇဋ္ဌာန် ဆ၊ ဇောဌာန ၆-ပါး မည်၏။ ဇဘ၊ ဇစုန္တရ၊ ဇော ဘဝင်၊ ဇော စုတိတို့၏အကြားကို။ ဒုတဌာန်၊ တဒါရုံဌာန နှစ်ပါးဟူ၍။ ဥေယျံ၊ သိအပ်၏။ တပ၊ ဇပ၊ ဘပန္တရ၊ တဒါရုံ ပဋိသန်၊ ဇော ပဋိသန်၊ ဘဝင် ပဋိသန်တို့၏ အကြားသည်။ တိစာ၊ ၃-ပါးပြားသော။ စုတိဌာန်၊ စုတိဌာနဟူ၍။ မတံ၊ သိအပ်၏။

## ၇၁-ဘုံနှင့်ဌာန ပိုင်းခြား၍ ပြခြင်း

မေး။ ။နှစ်ဆယ့်ငါးပါး၊ ဌာနပြားသော်၊ သုံးပါးဘုံမှာ၊ ဌာနဘယ်နှစ်ပါး စီနည်း။

ဖြေ။ ။ကာမေ ဒသ၊ နဝ ရူပေ၊ အရူပေ ပဉ္စ ဌာနာနိ-ဟူသော သုစိတ္တာ လင်္ကာရနှင့် အညီ ကာမဘုံ၌ ပဋိသန္ဓေဌာန, ဘဝင်ဌာန, အာဝဇ္ဇန်းဌာန,ပဉ္စ ဝိညာဉ်ဌာန, သမ္ပဋိစ္ဆိုင်းဌာန, သန္တီရဏ ဌာန, ဝုဋ္ဌောဌာန, ဇောဌာန, တဒါရုံ ဌာန, စုတိဌာနဟူ၍ ဆယ်ပါးရှိ၏။

ရူပဘုံ၌ တဒါရုံကိုချ၍ ၉-ဌာနရှိ၏။ အရူပဘုံ၌ ပဋိသန္ဓေ, ဘဝင်,အာဝဇ္ဇန်း, ဇော, စုတိ အားဖြင့် ၅-ဌာနရှိ၏ ဟူပေ။

## ၇၂-ဒွါရ ၆-တန် ရုပ်နာမ် ကောက်ပုံကို ပြခြင်း

မေး။ ။ဒွါရ ၆-တန်၊ တံခါးမှန်သည်၊ ရုပ်နာမ် ဘယ်သို့ ကောက်သနည်း။

ဖြေ။ ။စက္ခုပသာဒရုပ်သည် စက္ခုဒွါရ၊ သောတပသာဒရုပ်သည် သော တဒွါရ၊ ဃာနပသာဒရုပ်သည် ဃာနဒွါရ၊ ဇိဝှါပသာဒ ရုပ်သည် ဇိဝှါဒွါရ၊ ကာယပသာဒ ရုပ်သည် ကာယဒွါရ၊ ဘဝင်စိတ်သည် မနောဒွါရ မည်ရကား ရုပ်ဒွါရ ၅-ပါး နာမ် ဒွါရ တပါးဟု ကောက်အပ်၏။

၎င်း ပသာဒရုပ်တို့သည် အဘယ့်ကြောင့် ဒွါရမည်သနည်းဟူမူ ဒုဝေ ဇနာ အရန္တိ ဂစ္ဆန္တိ ဧတေနာတိ ဒွါရံ - ဟူသော ဝစနတ္ထကြောင့် ဒွါရ မည်၏။ ဧတေန၊ ၎င်းအပေါက်ဖြင့်။ ဒုဝေ ဇနာ၊ ထွက်သူဝင်သား လူနှစ်ပါးတို့သည်။ အရန္တိ ဂစ္ဆန္တိ၊ သွားလာ ထွက်ဝင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သွားလာ

ထွက်ဝင်ကြောင်းဖြစ်သော သတ္တိကြောင့်။ တံ၊ ထိုအပေါက်သည်။ ဒွါရံ၊ ဒွါရ မည်၏။ လူတို့၏ ထွက်ဝင်ကြောင်း ဖြစ်သော တံခါးပေါက်ရ၏။

ယံ ရူပံ၊ အကြင်ရုပ်သည်။ ဒွါရံ ဝိယ၊ တံခါးပေါက်ကဲ့သို့တည်း။ဣတိတသ္မာ၊ ထိုသို့ တံခါးပေါက်ကဲ့သို့ဖြစ်သော သတ္တိကြောင့်။ ဒွါရံ၊ ဒွါရမည်၏။ တံခါး ပေါက်နှင့်တူသော ရုပ်, နာမ်ရ၏။

ထိုဒွါရ၌ ဖြစ်သော စိတ်တို့သည် ဒွါရေ ပဝတ္တော ဒွါရိကော- ဟူသော ဝစနတ္ထကြောင့် ဒွါရိက မည်ကုန်၏။

## ၇၃-မနောဒွါရ၏ သရုပ်ကို ပြဆိုခြင်း

မေး။ ။ဘဝင် တဆယ့်ကိုးခုသည် ဘယ့်ကြောင့် မနောဒွါရမည်သနည်း။

ဖြေ။ ။မနာနံ ဒွါရံ မနောဒွါရံ။မနာနံ၊ အာဝဇ္ဇန်း အစရှိသော စိတ်တို့၏။ ဒွါရံ၊ ဖြစ်ကြောင်းတည်း။ မနောဒွါရံ၊ အာဝဇ္ဇန်း အစရှိသော ဝိထိ စိတ်တို့၏ ဖြစ်ကြောင်း။ ဤသို့သော ဝစနတ္ထနှင့်အညီ ပဥ္စဒွါရာဝဇ္ဇန်း အစရှိသော ဝိထိ စိတ်တို့၏ ဖြစ်ကြောင်းဖြစ်၍ တံခါးဝနှင့် တူသောကြောင့် မနောဒွါရ • မည်၏ ဟူပေ။

ဝိထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် မနောဒွါရမည်သော်—

ပဥ္စဒွါရာဝဇ္ဇန်းသည် ပဥ္စဝိညာဉ်၏ဖြစ်ကြောင်း,

ပဥ္စဝိညာဉ်သည် သမ္ပဋိစ္ဆိုင်း၏ ဖြစ်ကြောင်း,

သမ္ပဋိစ္ဆိုင်းသည် သန္တီရဏ၏ ဖြစ်ကြောင်း,

သန္တီရဏသည် ဝုဋ္ဌော၏ ဖြစ်ကြောင်း,

ဝုဋ္ဌောသည် ဇော၏ ဖြစ်ကြောင်း—

ဖြစ်သည်မဟုတ်လော၊ ဤစိတ်တို့လည်း မနောဒွါရ မည်ကောင်းပါ၏တကား ဟူငြားအံ့။ အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်ပင် မနောဒွါရ မည်သည် ချည်း ဖြစ်၏။

ယင်းသို့ဖြစ်သော်လည်း ဘဝင်မှတပါးသော စိတ် ၇၀-မှာ မိမိသည် ဒွါရ လည်း မည်၏။ ဒွါရ၌ ဖြစ်တတ်သောကြောင့် ဒွါရိကလည်း မည်၏။

ဘဝင် ၁၉-ခုမှာမူကား ဒွါရသာ မည်သည်။ ဒွါရိက မမည်ပေ။ ထိုကြောင့် ဘဝင် ၁၉-ခုကိုသာ ဒွါရအမည်ဖြင့် ခေါ်လေသည်ဟု ဖြေ။

## ၇၄–ဒွါရဝိမုတ်စိတ်ကို ပြဆိုခြင်း

မေး။ ။ဘဝင် ၁၉-ခုသည် မနောဒွါရ မည်ပါလျက် အနုရှဒွါဆရာသည် ဘယ့်ကြောင့် ဒွါရဝိမုတ် ဆိုပါသနည်း။

ဖြေ။ ။ဒွါရေ နိဗ္ဗတ္တော ဝိမုတ္တာနိ ဒွါရဝိမုတ္တာနိ· ဟူသော ဝစနတ္ထနှင့် အညီ ဒွါရ၌ဖြစ်ခြင်းမှ ကင်းလွတ်သောကြောင့်သာ ဒွါရဝိမုတ်ဆိုပါသည်။ ဒွါရ မဟုတ်သောကြောင့် မဆိုပါဟု ဖြေ။

## ၇၅–ပဉ္စဒွါရ၌ ဖြစ်သောစိတ်ကို ပြဆိုခြင်း

မေး။ ။ပဉ္စဒွါရ၊ နိစ္စမကွာ၊ ဖြစ်ခြင်းရာသည်၊ စိတ်သာတစုဘယ်မျှနည်း။

ဖြေ။ ။ဒွေပဉ္စဝိညာဉ်တဆယ်, မနောဓာတ် ၃-ခုအားဖြင့် ၁၃-ပါးသော စိတ်သည် ပဉ္စဒွါရ၌သာ ဖြစ်၏ ဟူပေ။

## ၇၆-မနောဒွါရဖြစ်ထိုက်သောစိတ်ကို ပြဆိုခြင်း

မေး။ ။မနောဒွါရ၊ ဆိုကုန်ကြသည်၊ မုချဘယ်တွင် ဖြစ်သနည်း။

ဖြေ။ ။ရှေးရှေးသောစိတ်သည် နောက်နောက်သောစိတ်၏ ဖြစ်ကြောင်း ဖြစ်၍ မနောဒွါရ မည်ရကား အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်သည်ပင် မုချအားဖြင့် မနောဒွါရမည်သည်။ ထို့ကြောင့် အဋ္ဌသာလိနီ၌ သဗ္ဗော မနော မနောဒွါရံ-ဟု မိန့်၏။

## ၇၇–မနောဒွါရ၌ မဖြစ်သောစိတ်ကို ပြခြင်း

မေး။ ။နာမ်, ဒွါရမှာ၊ မဖြစ်ရာသည်၊ စိတ်သာဘယ်မျှ ကြွင်းသနည်း။

ဖြေ။ ။ဒွေပဉ္စဝိညာဉ်တဆယ်, မနောဓာတ်သုံးခု, ဝုဋ္ဌော ဤ ၁၄-ခု ကြွင်းသည် ဟူပေ။

## ၇၈-ဒွါရတို့၏ ရုပ်ကလာပ် အရေအတွက်ကို ပြခြင်း

မေး။ ။ဒွါရ ၆-ပြာ၊ ဖြစ်သောခါဝယ်၊ ပါသည်ကိုယ်စီ၊ အညီကလာပ် ဘယ်မျှနည်း။

ဖြေ။ ။စက္ခုဒွါရဟု ခေါ်အပ်သော ပသာဒရုပ်၌ အဝိနိဗ္ဘောဂရုပ်ရှစ်ခု, စက္ခုပသာဒ, ဇီဝိတိန္ဒြေ အားဖြင့် ၁၀-ပါးသော် ရုပ်အစုသည်ရင်း, ကာယ-ပသာဒ, မိန်းမတို့အား ဣတ္ထိဘော, ယောကျ်ားတို့အား ပုမ္ဘော သုက်သွေးဟု ဆိုအပ်သော သမ္ဘဝရုပ်, အလုံးအလျှောင်း မြင်စကောင်းသော သဏ္ဌာနရုပ်

အားဖြင့် လေးပါးသော ရုပ်သည်ရင်း ရှိလေရကား ပေါင်းသော် အကျဉ်း အားဖြင့် ၁၄-ပါးရှိသည်။

အကျယ်အားဖြင့်ကား အဝိနိဗ္ဘောဂရုပ် ရှစ်ခု, သမ္ဘဝ, သဏ္ဍာန ဤရုပ် ၁၀-ပါးသည် ကံ, စိတ်, ဥတု,အာဟာရ တည်းဟူသော အကြောင်းလေးပါး ဖြင့် ဖြစ်ရကား ၄၀-ပြားသည်။ စက္ခုပသာဒ, ကာယပသာဒ, ဘာဝ, ဇီဝိတိန္ဒြေ ဤရုပ်လေးပါးသည် ကံကြောင့်သာ ဖြစ်ရကား ဤအတိုင်းယူ၍ ပေါင်းသော် ၄၄-ပါးရှိသည်။

ထိုရုပ်တို့တွင် စက္ခုပသာဒသည် ရူပါရုံ၌ အဘိမုခိဘူတ ဖြစ်သောအခါ စက္ခုဒသက ကလာပ်သာ ဖြစ်သည်။ထိုကလာပ်သည် သတ္တရသာယုကဖြင့် ချုပ် ပြီးသောနောက် မိန်းမသည် ယောကျ်ားအား၊ ယောကျ်ားသည် မိန်းမအား တပ်သော စိတ်သည်ဖြစ်အံ့၊ ဘာဝဒသကကလာပ် ဥပါဒ်ပြန်၍ သတ္တရသာယုက ဖြင့် ချုပ်၏။ မတပ်ငြိပဲ ပကတိမြင်ရုံသာဖြစ်အံ့၊ ဘာဝဒသက ကလာပ်မဖြစ်။ သောတပသာဒ စသည်တို့၌လည်း ဤနည်းတူ ယူအပ်၏။

ကာယဒသကမူကား ဖောဋ္ဌဗ္ဗာရုံနှင့် ကြုံသောအခါမှ ဖြစ်၏။ ဤသို့ ဖြစ်ကောင်းရကား ဒွါရငါးပါးတွင် တပါးပါး၌ ကလာပ်နှစ်စည်းစီ ဖြစ်ကောင်း ၏ ဟူပေ။

သမ္ဘဝရုပ် ဟူသည်ကား လူတို့အား ၁၄-နှစ်, ၁၅-နှစ် ရှိသောအခါ ရာဂ စွန်းငြိသဖြင့် ဖြစ်ပေါ်သော သုက်သွေးကို **သမ္ဘဝရုပ်** ဆိုသည်။

သဏ္ဍာနရုပ် ဟူသည်ကား ပရမတ်ဖြစ်သော ရုပ်တို့ ပေါင်းစည်း၍ အလုံး အလျှောင်း မြင်ကောင်းအောင်တည်သော သဏ္ဍာန်ကို သဏ္ဍာနရုပ်ဆိုသည်။ ဤရုပ်နှစ်ပါးကို သံဂါယနာ ဆရာတို့ သွင်း၍ ပြသည်။ သင်္ဂြိုဟ် ဆရာက မူကား သမ္ဘဝရုပ်ကို အာပေါဓာတ်၌ သွင်း၍ သဏ္ဍာနရုပ်ကို ဝဏ္ဏ၌ သွင်း၍ ပြသည်။

## ၇၉-အာရုံ,အာရမ္မဏိက ခွဲခြား၍ ပြခြင်း

မေး။ ။အာရုံ အာရမ္မဏိက၊ သမုတ်ကြ၏။ အာရမ္မဏိက၊ နာမခေါ် ဘယ်၊ အဘယ်တရားပေတို့နည်း။

ဖြေ။ ။စက္ခုဝိညာဉ်ဖြင့် မြင်အပ်သမျှသောရုပ်သည် ရူပါရုံမည်၏။သောတ ဝိညာဉ်ဖြင့် ကြားအပ်သမျှသော သဒ္ဒရုပ်သည် သဒ္ဒါရုံမည်၏။ ဃာနဝိညာဉ်ဖြင့် နံအပ်သောရုပ်သည် ဂန္ဓာရုံမည်၏။ ဇိဝှါဝိညာဉ်ဖြင့် သိအပ်သောရုပ်သည်

ရသာရုံမည်၏။ကာယဝိညာဉ်ဖြင့်တွေ့အပ်သောရုပ်သည် ဖောဋ္ဌဗ္ဗာရုံမည်၏။စိတ် စေတသိက်, ပသာဒရုပ်, သုခုမရုပ်, နိဗ္ဗာန်, ပညတ် ဤ၆-ပါးသည် ဓမ္မာရုံ မည်၏။

ဘယ့်ကြောင့် အာရုံမည်သနည်းဟူမူ-"စိတ္တစေတသိကေဟိ မုခံ ကတွာ လမ္ဗိ-ယတီတိ အာလမ္ဗဏံ"ဟူသော ဝစနတ္ထနှင့်အညီ အားနည်းသောသူသည် စွဲကိုင်အပ်သော တောင်ဝှေးကဲ့သို့ စိတ်, စေတသိက်တို့သည် စွဲကိုင်အပ်သောကြောင့် အာရုံမည်၏။

တနည်းကား။ ။"စိတ္တ စေတသိကေဟိ အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရ-မ္မဏံ"ဟူသော ဝစနတ္ထနှင့်အညီ စိတ်, စေတသိက်တို့သည် လာ၍မွေ့လျော်ရာဖြစ်သောကြောင့်လည်း အာရုံမည်၏ ဟူပေ။

ရုပ်နှင့်ရူပါရုံ အထူးကား စက္ခုဝိညာဉ်မဆွဲကိုင်သေးသော မြေ,ရေ,သစ်ပင်စသောရုပ်သည် ရုပ်သာမည်၏၊ ဆွဲကိုင်သောအခါ ရူပါရုံမည်၏။

ပုံကားလှမကိုင်သေးသော ဒုတ်သည် ဒုတ်သာမည်၏။ လှုကိုင်သောအခါ တောင်ဝှေးမည်သကဲ့သို့တည်း။ ဤအာရုံ ၆-ပါး၌ ကျက်စားတတ်သော စိတ်, စေတသိက်တို့သည်-

"အာရမ္မဏေ ပဝတ္တော အာရမ္မဏိကော"ဟူသော ဝစနတ္ထနှင့်အညီ အာရုံ၌ ဖြစ်တတ်သောကြောင့် အာရမ္မဏိကမည်၏။

## ၈၀-အာရုံ ၆-ပါးတွင် ဓမ္မာရုံများသည်ကို ပြခြင်း

မေး။ ။အာရုံ ၆-ဖြာ ဖြစ်မြဲရာတွင် ဘယ်အာရုံက များသနည်း။

ဖြေ။ ။ဓမ္မာရုံသည် ပသာဒရုပ် ၅-ခု၊ သုခုမရုပ် ၁၆-ခု၊ စိတ်တခုယုတ် ၉၀၊ စေတသိက် ဒွေပညာသ၊နိဗ္ဗာန်၊ပညတ်အားဖြင့် ၆-ပါးပြားသည်ဖြစ်၍ ဓမ္မာရုံက များသည်ဟူပေ။

## ၈၁-ဓမ္မာရုံကို အာရုံပြုသော စိတ်များကို ခွဲခြား၍ပြခြင်း

မေး။ ။ရုပ်, နာမ်, ပညတ်၊ သုံးရပ်ဖြစ်တဲ့၊ ဓမ္မာရုံကို၊ ပြုကုန်ကြသည်၊ ထိုမျှစိတ်မှာ၊ ဘာသာဘယ်သို့ ကောက်မည်နည်း။

ဖြေ။ ။ပသာဒရုပ်ကို အာရုံပြု၍ ၄၃-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ သုခုမရုပ်ကို အာရုံပြု၍လည်း ၄၃-ပါး၊ ကာမစိတ် စတုပညာသကို အာရုံပြု၍ လည်း ၄၃-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ၄၃-ပါး ဟူဆော်ကား

ကာမဇော တခုယုတ်သုံးဆယ်, တဒါရုံ ကောဒသ, မနောဒွါရာဝဇ္ဇန်း, အဘိညာဉ်ဒွေတို့တည်း။

ရူပစိတ် ၁၅-ခုကို အာရုံပြု၍ရှင်း, အရူပစိတ်ကို အာရုံပြု၍ရှင်း, အနိယတအားဖြင့် ၃၁-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ၃၁-ပါးဟူသော်ကား ဟသိတုပ္ပါဒ်ကြဉ်သော ကာမဇော ၂၈-ခု, မနောဒွါရာဝဇ္ဇန်း, အဘိညာဉ်ဒွေတို့တည်း။

အရူပစိတ်ကို အာရုံပြု၍ နိယတအားဖြင့် ၆-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ၆-ပါးဟူသော်ကား ဝိညာဏဥ္စာယတန ၃-ခု၊ နေဝသညာနာသညာယတန ၃-ခု ဤ ၆-ပါးတည်း။

အောက်မဂ် ၃-ခု, အောက်ဖိုလ် ၃-ခုအားဖြင့် ၆-ပါးသော လောကုတ္တရာစိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခု, မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု, အဘိညာဉ်ဒွေအားဖြင့် ၁၁-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

အရဟတ္တဖိုလ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု, ကြိယာအဘိညာဉ်အားဖြင့် ၆-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

စေတသိက်ဒွေပညာသကို အာရုံပြု၍ ၄၉-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။ ၄၉-ပါး ဟူသည်ကား ယခင် ၄၃-ပါးတွင် ဒုတိယ စတုတ္ထာရူပစိတ် ၆-ခုကို ထည့်၍ ၄၉-ပါး ဖြစ်သတည်း။

နိဗ္ဗာန်ကို အာရုံပြု၍ နိယတအားဖြင့် ရှစ်ပါး, အနိယတအားဖြင့် မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် ရှစ်ခု, အဘိညာဉ်ဒွေအားဖြင့် ၁၁-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

ပညတ်ကို အာရုံပြု၍ နိယတအားဖြင့် ၂၁-ပါးသောစိတ်၊ အနိယတအားဖြင့် ၃၁-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

**ဆောင်ပုဒ်။** ။ပသာဒနှင့် သုခုမရူပါ၊ ကာမာစိတ္တ၊ ၃-ဌာနမှာ၊ တေစတ္တာ၊ ရူပါ ရူပ၊ ကော်တိ သ။

အောက်မဂ်,၃-ဖြာ၊ ဖိုလ်၃-ဖြာဥ်၊ ကောဒသ၊ အရဟတ္တမှာ၊ ၆-ခုသာ၊ အာရမ္မဏိက၊ စိတ်ပေါင်းရ။

စေတသိက်မှာ၊ နောစတ္တာ၊ ပညတ္တာရမ္မဏ၊ ကော်ဗီသ။

အနိယတ်မှာ၊ ကော်တိ သာ၊ သွင်းပါ ကုန်ကြ၊ ပေါင်း ဒွေပညာသ။

ဤ အကျဉ်းကို အာဂုံဆောင် ပါဠိ ပါဠိနှင့် မှတ်သိလိုမူ သုစိတ္တာလင်္ကာရ ကျမ်းတွင်ယူလေ။

## ၇၂-မနောဒွါရ၌ ဖြစ်သောစိတ်တို့၏ အာရုံကိုပြခြင်း

မေး။ ။မျက်မှောက် ရှေးနှောင်း၊ အပေါင်းပညတ်၊ နှံ့စပ်ကုန်စင်၊ ဘယ်ဒွါရမှာ ထင်သနည်း။

ဖြေ။ ။မနောဒွါရိကစိတ္တာနံ ပန ဆဗ္ဗိဓမ္ပိ ပစ္စုပ္ပန္နမတီတံ အနာဂတံ ကာလဝိမုတ္တဉ္စ ယထာရဟ မာလမ္ဗဏံဟောတိ–

ဟူသော ပါဠိနှင့်အညီ ပစ္စုပ္ပန်ကာလ, အတိတ်ကာလ, အနာဂတ်ကာလ, ကာလ ၃-ပါးမှ လွတ်သောပညတ် ဤ ၃-ရပ်၌ဖြစ်သော အာရုံ ၆-ပါးသည် မနောဒွါရ၌ ထင်၏ဟူပေ။

## ၇၃-မရဏာသန္နဇောတို့၏ အာရုံကို ပြဆိုခြင်း

မေး။ ။မရဏာသန္န၊ ထိုကာလမှာ၊ ဒွါရ ၆-ဖြာ၊ နာဂတ်သာ၊ အာရုံပြုနိုင်သေး၏လော။

ဖြေ။ ။မရဏာသန္နဇော ဟူသမျှသည် အနာဂတ်ကို အာရုံမပြု၊ ပစ္စုပ္ပန်ကိုရင်း, အတိတ်ကိုရင်း အာရုံပြု၏ဟူပေ။

ဤ၌ ထင်စွာဆိုဦးအံ့။ မရဏာသန္နကာလ၏ အနီး၌ဖြစ်သော စိတ်တို့သည် လေးဝီထိ, ငါးဝီထိ ခန့်ကပင် ကံကိုသော်ရင်း၊ ကမ္မနိမိတ်ကိုသော်ရင်း၊ ဂတိနိမိတ်ကိုသော်ရင်း အာရုံပြုကုန်သည်။

ထိုသို့ပြုရာတွင် ကုသိုလ်, အကုသိုလ် စေတနာသည် ကံမည်၏။ ထိုကံသည်, ချုပ်လေပြီးဖြစ်၍ အတိတ်သာတည်း၊ ထိုအတိတ်ဖြစ်သောကံကို ကာမပဋိသန္ဓေ-၁၀ ဘဝင်- ၁၀ စုတိ -၁၀ တို့သည် အာရုံပြုကုန်၏။

ကံ၏ အာရုံဖြစ်သော ကျောင်း ဘုရားစသော အဆောက်အဦသည် ကမ္မ-နိမိတ်မည်၏။ ထို ကမ္မနိမိတ်သည် အတိတ်, ပစ္စုပ္ပန်, ပညတ်အားဖြင့် ၃-ပါး ပြား၏။ ထိုကမ္မနိမိတ်ကို ပဋိသန္ဓေစိတ် ကျေနဝီသ ဘဝင်ကျေနဝီသ, စုတိကျေနဝီသ တို့သည် အာရုံပြုကုန်၏။

လားလတ္တံ့သောဘဝ၌ ရှေးရှုထင်သော အမိဝမ်းရေ, ငရဲအိုး, ငရဲထိန်း စသည်တို့သည် ဂတိနိမိတ်မည်၏။ ထိုဂတိနိမိတ်သည် မရောက် မတွေ့သေး

သော်လည်း အိပ်မက် မြင်သကဲ့သို့ ထင်ရကား ပစ္စုပ္ပန်သာတည်း။ ထိုဂတိနိမိတ်ကို ကာမပဋိသန္ဓေ- ၁၀ ဘဝင်-၁၀ စုတိ-၁၀တို့သည် အာရုံပြုကုန်၏။

**တနည်းကား။** ။မရဏာသန္နဇောသည် ၆-ဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်, အတိတ်ဖြစ်သော ပဉ္စာရုံ ကမ္မနိမိတ်သည် ကာမပဋိသန္ဓေ, ဘဝင်တို့၏ အာရုံဖြစ်၏။ ထို့အတူ အတိတ်ဖြစ်သော ပဉ္စာရုံ ကမ္မနိမိတ်သည် စုတိစိတ်၏ အာရုံဖြစ်၏။

မနောဒွါရဖြင့် ယူအပ်သော အတိတ်ဖြစ်သော ဓမ္မာရုံ ကံ, ကမ္မနိမိတ်သည် ကာမပဋိသန္ဓေ ဘဝင် စုတိတို့၏ အာရုံ ဖြစ်၏။

မနောဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်သာ ဖြစ်သော ရူပါရုံ ဂတိနိမိတ်သည် ကာမပဋိသန္ဓေ ဘဝင်တို့၏ အာရုံဖြစ်၏။

မနောဒွါရဖြင့်ယူအပ်သော ပညတ်ဖြစ်သော ဓမ္မာရုံ ကမ္မနိမိတ်သည် ရူပပဋိသန္ဓေ ၅-ခု, ပထမ တတိယာရုပ္ပပဋိသန္ဓေတို့၏ အာရုံဖြစ်၏။ ဒုတိယ, စတုတ္ထာရုပ္ပတို့၏ အာရုံကား အတိတ်ဓမ္မာရုံသာ ဖြစ်၏။ (ဤကား ဋီကာကျော်နည်းပေတည်း။)

## ၁၄-သေက္ခပုဂ္ဂိုလ်တို့ အကုသိုလ်ကို အာရုံပြု မပြုကို ပြခြင်း

မေး။ ။သေက္ခပုဂ္ဂိုလ်၊ အကုသိုလ်ကို၊ နှင်ဖျိုပြီးတုံ၊ အာရုံဖြစ်ရ၊ အနေကမျှ မစေ၁လော။

ဖြေ။ ။မဂ္ဂဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ န ဝါ။

ပဏ္ဍိတော၊ ပညာရှိသောပုဂ္ဂိုလ်သည်။ မဂ္ဂဉ္စ၊ မဂ်ကိုင်း။ ဖလဉ္စ၊ ဖိုလ်ကိုင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုင်း။ ပစ္စဝေက္ခတိ၊ အာရုံပြု၍ဆင်ခြင်၏။ ဟီနေ၊ မိမိပယ်အပ်ကုန်ပြီးသော။ ကိလေသေ စ၊ ကိလေသာတို့ကိုင်း။ သေသေ စ၊ ကြွင်းသေးသော ကိလေသာတို့ကိုင်း။ပစ္စဝေက္ခတိ ဝါ၊ဆင်ခြင်သည်လည်းရှိ၏။ န ဝါ ပစ္စဝေက္ခတိ၊ မဆင်ခြင်သည်သည်းရှိ၏။ ဤဂါထာဖြင့် ဖြေလေ။

## ၁၅-ဉာဏသမ္ပယုတ် မဟာကုသိုလ် နိဗ္ဗာန်အာရုံပြုနိုင်ပုံကိုပြခြင်း

မေး။ ။လောကုတ္တရာ၊ စိတ်သာအမှန်၊ နိဗ္ဗာန်အာရုံ၊ ကြုံ၏ဆိုသော်၊ မဟာကုသိုလ်၊ ထိုကိုရုံခါ မပြုလော။

ဖြေ။ ။မနောဒွါရာဝဇ္ဇန်း, မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခု, မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု, အဘိညာဉ်ဒွေ ဤ ၁၀-ပါးသော စိတ်တို့သည် ရံခါပြုနိုင်ပါ၏။ ပြုနိုင်သည်ဆိုသော်လည်း မဟာကုသိုလ်တိုင်း မဟုတ်သေးပေ။ မဂ်၏ ရှေ့အဖို့၌ကျသော ဂေါတြဘူကိစ္စတပ်သော ကုသိုလ်သာလျှင် ပစ္စက္ခ အားဖြင့် အာရုံပြုနိုင်သည်။ ပုထုဇဉ်သာမန်တို့၏ ကုသိုလ်မူကား အနုမာန အားဖြင့်သာ အာရုံပြုနိုင်သည်။

ထို့ကြောင့် ဋီကာကျော်၌—

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံတံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ ကလျာဏ ပုထုဇ္ဇနာနံ အနုမာနသိဒ္ဓတံ—

ဟူ၍ မိန့်တော်မူသည်။

ပုထုဇဉ်သာမညကို မဆိုထားဘိ၊ တိပိဋက ပဋိသမ္ဘိဒေနေ၍ ဈာန်သမာပတ်ကို ရသော သုမေဓာရှင်ရသေ့တို့မှလည်း အနုမာန ဖြင့်သာ သိရကြောင်းကို ပါရမီ ခန်း၌—

> သုမေဓာသည်၊ ပြည်သာနိဗ္ဗာန်၊ ရှိသင့်တန်ဟု၊ ကေန်တိတိ၊ ဉာဏ်မျက်စိဖြင့်၊ ပါဋ္ဌိသရုပ်၊ ပါဠ်သားငုပ်ကို၊ ဖွေထုတ်ကျမ်းလာ၊ မြင်ချေပါသို့—

ဟူ၍ စပ်ဆိုလေသည်။

## ဂဗ-ဝတ္ထု ၆-ပါးကို တည်ရာဌာနအားဖြင့် ပြခြင်း

မေး။ ။ဝတ္ထု ၆-ပါး၊ တရားအရ၊ ဟဒယဝတ္ထု၊ ဖြစ်မှုဘယ်အရပ်တွင်နည်း။

ဖြေ။ ။ဝသန္တိ စိတ္တစေတသိကာ ဧတ္ထာတိ ဝတ္ထု။ ။ဧတ္ထ၊ ဤရုပ်၌။ စိတ္တစေတသိကာ၊ စိတ်, စေတသိက်တို့သည်။ ဝသန္တိ၊ မှီ၍နေတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့မှီရာဖြစ်သောသတ္တိကြောင့်။ ဝတ္ထု၊ ဝတ္ထုမည်၏။

ဤသို့သော ဝစနတ္ထနှင့်အညီ မှီရာဖြစ်သောရုပ်သည် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုဟူ၍ ၆-ပါး အပြားရှိ၏။

ထို ၆-ပါးတို့တွင် မံသဝတ္ထု၏အလည်ရှေ၀ယ် တည်နေသောသူတို့၏ အရုပ် ထင်ကောင်းသော မျက်လှာ ၇-ထပ်တို့၏အတွင်း၌ သန်းဦးခေါင်းခန့်မျှ ရှိသော ကြည်စွာသော ပသာဒရုပ်သည် **စက္ခုဝတ္ထု**မည်၏။

**နား**တို့၏အတွင်း၌ လက်စွပ်ကွင်းသဏ္ဍာန်ကဲ့သို့ ကြန်ကြန်နီသော မွေးနု ရှိသော ပသာဒရုပ်သည် **သောတဝတ္ထု**မည်၏။

**နှာ**ခေါင်းတို့၏ အတွင်း၌ ဆိတ်ခြေ, ခွါ သဏ္ဍာန်ကဲ့သို့ ရှိသော ပသာဒ ရုပ်သည် **ဃာနဝတ္ထု** မည်၏။

**ခံတွင်း**တို့၏ အတွင်း၀ယ် လျှာအလယ်အရပ်၌ ကြာရွက်ညွန့်သဏ္ဍာန်ကဲ့သို့ရှိ သော ပသာဒရုပ်သည်။ **ဇိဝှါဝတ္ထု**မည်၏။

ဆံ, **အမွေး**, ခြေသည်း, လက်သည်းစသော ကမ္မဇတေဇောဓာတ်တို့မှ လွတ် သော **ကိုယ်အလုံး**တို့၌ ဆီစွတ်သော ဝါဂွမ်းကဲ့သို့ စိုစွတ်စွာတည်သော ပသာဒ ရုပ်သည် **ကာယဝတ္ထု**မည်၏။

ရင်ချိုင့်၏ အတွင်းသားကို မှီလျက် မျောက်လုပ်သီးပြွတ်ကဲ့သို့ တွဲလျား တည်သော**နှလုံးသား၏အတွင်း** ပုန်းညက်စေ့ဆံ့လောက်ရုံသောကျင်း၌ **အဆင်း ၆-ပါး**ဖြင့်တည်သော သွေးသည် **ဟဒယဝတ္ထု**မည်၏ ဟူ၍ ဖြေပေ။

## ၈၇-ဟဒယဝတ္ထု၏ အဆင်း ၆-ပါးကို ပြခြင်း

**မေး။** ။နှလုံးသွေးသား၊ ၆-ပါးစရိုက်၊ စိတ်သို့လိုက်၍၊ ဖြစ်ခိုက် ဘယ်သို့ ထူးသနည်း။

**ဖြေ။** ။ဤ ဟဒယဝတ္ထုဟု ဆိုအပ်သော နှလုံးသွေးသည် ရာဂစိတ် ဖြစ် သောအခါ ခေါင်ရန်းပန်းကဲ့သို့ ခြင်းခြင်းနီသည်။

**ဒေါသစိတ်** ဖြစ်သောအခါ သစ်စေးကဲ့သို့ **မည်းနက်သောအဆင်း** ရှိသည်။

**မောဟစိတ်** ဖြစ်သောအခါ သားဆေးရေ အဆင်းကဲ့သို့ **ညစ်ကျု**သည်။

**ဝိတက်ကြီးသော** အခါ ပဲပြုတ်ရည်ကဲ့သို့ **နောက်သောအဆင်း** ရှိသည်။

**သဒ္ဓါတရား** ဖြစ်သောအခါ မဟာလှေကားပန်းကဲ့သို့**ဝါသောအဆင်း** ရှိသည်။

**ပညာ** ဖြစ်သောအခါ ကျောက်မျက်ကဲ့သို့ ပြိုးပြိုးပြက်**သောအဆင်း**ရှိသည်။ ဤသို့ ထူးကြ၏ ဟူပေ။

စိတ်ဖြစ်သောအခါသာလျှင် ထူးခြား၍ဖြစ်သည် မဟုတ် မူလရင်းကလည်း ပုဂ္ဂိုလ်ချင်းမတူ။

**ရာဂစရိုက်** ရှိသောသူအား **နီသည်**။

ဒေါသစရိုက် ရှိသောသူအား **မည်းသည်**။

မောဟစရိုက် ရှိသောသူအား **ညစ်ကျုသည်**။

ဝိတက်စရိုက် ရှိသောသူအား ပဲပြုတ်ရည်ကဲ့သို့ **နောက်သည်**။

သဒ္ဓါစရိုက်ရှိသောသူအား **ဝါသည်**။

ပညာစရိုက်ရှိသောသူအား **ဖြိုးဖြိုးပြက်ရှိသည်** ပင်တည်း။

**ဆောင်ပုဒ်**။ ။နီမြန်းရာဂ၊ ဒေါသမည်းငြား၊ သားနှေားမောဟ၊ တက္က ပဲရည်၊ ဝါသည် သဒ္ဓါ၊ ပညာဖြိုးပြက်၊ ဇောတမျက်သွင်၊ အရောင်ထင်သည်၊ ၆-အင် ဟဒယအဆင်းတည်း။

## ဂဂ-ဝိညာဉ် အာရုံတို့ကို ဥပမာအားဖြင့် ပြခြင်း.

**မေး**။ ။ပဥ္စဝိညာဉ်၊ သဏ္ဌာန်လက္ခဏာ၊ တူလှစွာသည်၊ ပမာဘယ်သို့ ဟောသနည်း။

**ဖြေ**။ ။ဝမ္မိကဥဒကာကာသဂါမသိဝထိကသခ်ါတဂေါစရနိန္နာ ဝိယ စ အဟိသုသုမာရ ပက္ခိ ကုက္ကုရ သိင်္ဂါလာရူပါဒိဂေါစရနိန္နာဝ၊ ဧတေ စက္ခာ-ဒယောတိ ဒဠဗ္ဗာ။ ။(သင်္ဂဟာဒီပနီ)။

အဟိ, သုသုမာရ, ပက္ခိ, ကုက္ကုရ, သိင်္ဂါလာ၊ မြွေ, မိကျောင်း, ငှက်, အိမ်ခွေး, တောခွေးတို့သည်။ ဝမ္မိကဥဒကာကာသဂါမသိဝထိကသခ်ါတဂေါစရ-နိန္နာ ဝိယ စ၊ တောင်ပို့ အခေါင်း, ရေကြောင်း, ကောင်းကင်, အိမ်စဉ်, သုသာန်ဟု ဆိုအပ်သော ကျက်စားရာတို့ကို လွန်စွာ ညွတ်ဘိသကဲ့သို့။ ဧတေ စက္ခာဒယော၊ ဤ စက္ခုဝိညာဉ် အစရှိသည်တို့သည်။ ရူပါဒိဂေါစရနိန္နာဝ၊ရူပါရုံ အစရှိသော ကျက်စားရာကို အခါမပြတ် ညွတ်ကုန်၏ ဟူ၍သာလျှင်။ ဒဠဗ္ဗာ၊ မှတ်အပ်ကုန်၏။

ဤသို့ ကျမ်းလာသောကြောင့်–

| | |
|---|---|
| စက္ခုဝိညာဉ်သည် | မြွေနှင့်တူသည်။ |
| သောတဝိညာဉ်သည် | မိကျောင်းနှင့်တူသည်။ |
| ဃာနဝိညာဉ်သည် | ငှက်နှင့်တူသည်။ |
| ဇိဝှါဝိညာဉ်သည် | အိမ်ခွေးနှင့်တူသည်။ |
| ကာယဝိညာဉ်သည် | တောခွေးနှင့်တူသည်– |

ဟူ၍သိအပ်၏။

အာရုံငါးပါးမှာလည်း–

| | |
|---|---|
| ရူပါရုံသည် | တောင်ပို့ခေါင်းနှင့်တူ၏။ |
| သဒ္ဒါရုံသည် | မြစ်ကြောင်းနှင့်တူ၏။ |
| ဂန္ဓာရုံသည် | ကောင်းကင်နှင့်တူ၏။ |
| ရသာရုံသည် | အိမ်စဉ်နှင့်တူ၏။ |
| ဖောဋ္ဌဗ္ဗာရုံသည် | သုသာန်ပြင်နှင့်တူ၏– |

ဟူ၍ သိအပ်၏။

ဤတွင် ပကိဏ်းပိုင်းဆိုင်ရာ ပုစ္ဆာ ဝိသဇ္ဇနာများ ပြီးပြီ။

# ၄-ဝီဆိပိုင်း

# ဝီထိပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

## ၇၉-ဝိသယပ္ပဝတ္တိ၏ အဓိပ္ပါယ်ကိုပြခြင်း

မေး။ ။ဝိသယပ္ပဝတ္တိ၊ ရှိသည် ၆-စုံ၊ အာရုံတို့၏၊ ဒွါရတို့၌ ဖြစ်ခြင်း, အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း အရင်းဘယ်သို့ ထူးသနည်း။

ဖြေ။ ။ဝိသယာနံ ဒွါရေသု ပဝတ္တိ၊ ဝိသယပ္ပဝတ္တိ။ ဝိသယာနံ၊ အာရုံတို့၏။ ဒွါရေသု၊ ဒွါရတို့၌။ ပဝတ္တိ ဖြစ်ခြင်းတည်း။ ဝိသယပ္ပဝတ္တိ၊ အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်း။ (ဆဋ္ဌီတပ္ပုရိသ် မဇ္ဈေလောပိဝိဂ္ဂိုဟ်)

ဝိသယေသု စိတ္တာနံ ပဝတ္တိ၊ ဝိသယပ္ပဝတ္တိ။

ဝိသယေသု၊ အာရုံတို့၌။ စိတ္တာနံ၊ စိတ်တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းတည်း။ ဝိသယပ္ပဝတ္တိ၊ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်း။ (သတ္တမီတပ္ပုရိသ် မဇ္ဈေလောပိဝိဂ္ဂိုဟ်)

ရှေ့ဝစနတ်ကား အာရုံတို့သည် ဒွါရတို့၌ အလိုလို မဖြစ်လာတော်ပဲလျက် ဖြစ်လာသကဲ့သို့ သမ္ဘန်, သမ္ဘန္ဓိ ပြု၍ဆိုရကား တဒ္ဓမ္မူပစာတည်း။

နောက်ဝစနတ်ကား ကျက်စားရာဖြစ်သော အာရုံတို့၌ ကျက်စားတတ်သော စိတ်တို့၏ ဖြစ်ခြင်းကိုစွဲ၍ ဆိုရကား မုချအမည်တည်း။ ဤသို့ ထူး၏ဟူပေ။

## ၈၀-စက္ခုဒွါရ ဝီထိစိတ် ဖြစ်ပုံကိုပြခြင်း

မေး။ ။ပသာဒအား၊ ငါးပါးအာရုံ၊ ကြုံကြလတ်သော်၊ ပရမတ်ပညတ် စပ်၍ဖြစ်ဘိ၊ တဒနုဝတ္တက၊ ဝီထိမှပင်၊ အသိစင်သည်၊ ဘဝင်စပ်ယှဉ်၊ စိတ်စဉ် ဘယ်သို့ ဖြစ်သနည်း။

ဖြေ။ ။သတ္တဝါတို့၏ သန္တာန်၌ သတ္တမသဘ္ဘာဟမှစ၍ စိတ္တက္ခဏအဘိုင်း အစဉ်မပြတ် ဖြစ်နေသော စက္ခုပသာဒရုပ်သည် သစ်ပင် စသော ရူပါရုံနှင့် ရှေ့ရှုထင်လတ်သော အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ဟူ၍ ၃-ကြိမ်၊ ထိုနောင် ထိုပဉ္စုပွန် ရူပါရုံကို အာရုံပြု၍ စိတ်ကို သွင်းတတ်သောပဉ္စဒွါရာဝဇ္ဇန်း, မြင်တတ်သော စက္ခုဝိညာဉ်, ခံလင့် သကဲ့သို့သော သမ္ပဋိစ္ဆိုင်း, စုံစမ်းလင့် သကဲ့သို့သောသန္တီရဏ မှတ်လင့်သကဲ့သို့သော် ဝုဋ္ဌော စိတ်သည်ဖြစ်၏။ ထိုနောင် သိတတ်သော ဇော စိတ် ၇ကြိမ်, ထိုနောင် ထိုဇော၏ အာရုံကို အာရုံပြုတတ်သော တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို နောင် ဘဝင် ၄-ကြိမ်ရင်း, ၅-ကြိမ်ရင်း ဖြစ်၏။

ထိုနောင် ထိုအတိတ် ရုပ်ပါရုံကို အာရုံပြု၍ သိလိုလတ်သော် ဘဝင်စလနဲ, ဘဝင်ုပစ္ဆေဒ ဟု ဘဝင်ကိစ္စ နှစ်ကြိမ်။ ထိုရုပါရုံကို အာရုံပြု၍ စိတ်ကို သွင်းတတ်သော မနောဒွါရာဝဇ္ဇန်း, ထို နောင် ဇောကိစ္စ ၇-ကြိမ်, တဒါရုံ ကိစ္စ နှစ်ကြိမ် ဖြစ်၍ချုပ်၏။ ထို့နောင် ဘဝင် ၄-ကြိမ်ရင်း, ၅-ကြိမ်ရင်း ဖြစ်၏။

ထို့နောင် ထိုရုပါရုံ၏ အဆင်းသဏ္ဍာန်ကို အာရုံပြု၍ သိလိုလတ်သော် ဘဝင်စလနဲ, ဘဝင်ုပစ္ဆေဒ, ထို့နောင် မနောဒွါရာဝဇ္ဇန်း, ထို့နောင် ဇော ၇-ကြိမ်, တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင် ၄-ကြိမ်ရင်း, ၅-ကြိမ်ရင်း ဖြစ်၏။

ထို့နောင် ထိုရုပါရုံ၏ အမည်စသော နာမပညတ် အတ္ထပညတ် ကို သိလိုလတ်သော် ဘဝင်စလနဲ, ဘဝင်ုပစ္ဆေဒ, ထို့နောင် မနောဒွါရာဝဇ္ဇန်း, ထို့နောင် ဇော ၇-ကြိမ် တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်၏။

ဤသို့ လေးဝီထိကျသည်တွင်–

ပထမ ဝီထိကား–ပစ္စုပ္ပန်ရုပါရုံကို

ဒုတိယ ဝီထိကား–အတိတ် ရုပါရုံကို

တတိယဝီထိကား–သဏ္ဌာန ပညတ်ကို

စတုတ္ထ ဝီထိကား–နာမ ပညတ်စသည်ကို အာရုံပြုသည်။

ထို့ကြောင့် ဆရာတို့လည်း–

ရူပံ ပထမစိတ္တေန၊ တီတံ ဒုတိယစေတသာ။

သဏ္ဌာနံ တတိယဝါရေန၊ နာမာဒိ စတုတ္ထေန ဝါ–

ဟူ၍ မိန့်ကုန်၏။

စက္ခုနှင့် ရုပါရုံ ဆိုင်မိလျှင် မြင်ခြင်းကား အလွန်လျင်သည်။ ဘယ်သို့ ၄-ဝီထိ ဖြစ်နိုင်အံ့နည်းဟူငြားအံ့။

စက္ခုဒွါရေ ရူပါရမ္မဏံ အနုဘဝိတုကာမေန ဟိ စိတ္တကရူပကာရာဒယော ပဏ္ဏာသာဒယော ရူပနာမသာ သစ္စေထာတိ ဝတ္တဗ္ဗံ ဟောတိ၊ တေန္တရေ ကောဋိသဟဿာနိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။ အထ ပဉ္စာ တံ အာရမ္မဏံ သမ္ပာပုဏာတိ။ သေသာဒွါရေသုပိ ဧသေဝ နယော။

ဟိ၊ သင့်စွ။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ ရူပါရမ္မဏံ၊ ရူပါရုံကို၊ အနုဘဝိ-တုကာမေန၊ ခံစားလိုသဖြင့်။ စိတ္တကရူပကာရာဒယော၊ဆန်းကြယ်စွာရေးတတ်သော ပန်းချီသမားစသည်တို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တဿ၊ ထိုပန်းချီသမားအား။ရူပံနာမဿ၊ဤမည်သောအရုပ်ကို။ သဒ္ဒေထာတိ၊စီရင်လေလော့ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဧတ္ထန္တရေ၊ ဤသို့ဆိုသောအတွင်း၌။ ကောဋ္ဌိသဟဿာနိ၊ ကုဋေတထောင်ကုန်သော စိတ်တို့သည်။ ဥပ္ပ-ဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ အထပစ္ဆာ၊ ထို့နောင်မှ။ တံ အာရမ္မဏံ၊ ထိုအရုပ်ဟူသော အာရုံသို့။ သမ္ပာပုဏာတိ၊ ကောင်းစွာရောက်၏။ သေသဒွါ-ရေသုပိ၊ ကြွင်းသောဒွါရတို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင်နည်းရှိ၏။

ဤသို့ သံယုတ် အဋ္ဌကထာ၌လာသည်ကို ထောက်သော် ရူပါရုံကိုမြင်ရာ၌ ၄-ဝိထိကျ၏ ဆိုခြင်းသည် အရင်းပြမျှသာ ဖြစ်သည်။ နောက်ကို နှလုံးသွင်း များတိုင်း များသေး၏ ဟူ၏။

အဋ္ဌသာလိနီ၌ကား—

> ဧဝံ ဧကေကာရမ္မဏံ ဇဝနံ ဒွီသု ဒွီသု ဒွါရေသု ဥပ္ပဇ္ဇတီတိ ဝေဒိတဗ္ဗံ၊ ရူပါရမ္မဏံ ဟိ ဇဝနံ စက္ခုဒွါရေပိ၊ ဥပ္ပဇ္ဇတိ၊ မနောဒွါရေပိ သဒ္ဒါဒိအာရမ္မဏေသုပိ ဧသေဝ နယော–

ဟူ၍ ဆိုသည်။

**အဓိပ္ပါယ်ကား**။ ။တခုတခုသော အာရုံလျှင် အာရုံရှိသော ဇောသည် နှစ်ပါးနှစ်ပါးသော ဒွါရတို့၌ ဖြစ်၏ဟူ၍ သိအပ်၏။ ထိုစကားသည် မှန်၏။ ရူပါရုံလျှင် အာရုံရှိသော ဇောသည် စက္ခုဒွါရ၌ရင်း, မနောဒွါရ၌ရင်း ဖြစ်၏။ သဒ္ဒါရုံစသည် အာရုံရှိသော ဇောတို့၌လည်း ဤနည်းအတူ မှတ်အပ်၏ ဟူလိုသည်။

## ၉၁-သောတဒွါရဝိထိစိတ် ဖြစ်ပုံကို ပြခြင်း

သတ္တဝါတို့၏ သဏ္ဌာန်၌ အဋ္ဌမသတ္တာဟမှစ၍ စိတ္တက္ခဏတိုင်း မပြတ်နေသော သောတ ပသာဒရုပ်သည် ဂေါ်, စသော သဒ္ဒါရုံနှင့် ထိလတ်သော် အတိတဘဝင် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ထို့နောင် သဒ္ဒါရုံ၌ ဝီထိကို သွင်းတတ်သော ပဉ္စဒွါရာဝဇ္ဇန်း, သောတဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်, ထို့နောင် ဘဝင် ၄-ကြိမ်, ၅-ကြိမ် ဖြစ်၏။

ထို့နောင် အတိတ်သဒ္ဒါရုံကို အာရုံပြု၍ သိလိုသော် ဘဝင်စလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံနှစ်ကြိမ် ထို့နောင် ဘဝင် ၄-ကြိမ်, ၅-ကြိမ် ဖြစ်၏။

ထို့နောင် သဒ္ဒါရုံ၏ နာမပညတ်ကို အာရုံပြု၍ သိလိုသော် ဘဝင်နှစ်ကြိမ်, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံ နှစ်ကြိမ် ထို့နောင် ဘဝင် ၄-ကြိမ်,၅-ကြိမ် ဖြစ်၏။

ထို့နောင်-သဒ္ဒါရုံ၏ အတ္ထပညတ်ကို အာရုံပြု၍ သိလိုသော် ဘဝင်နှစ်ကြိမ်, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံ နှစ်ကြိမ် ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤ ၄-ဝီထိတို့တွင် ရှေးနှစ်ဝီထိကား ပရမတ် ဖြစ်သော အသံသဒ္ဒကို အာရုံပြုသည်။ တတိယဝီထိကား နာမပညတ် ကို အာရုံပြုသည်။ စတုတ္ထဝီထိကား အတ္ထပညတ်ကို အာရုံပြုသည်။

ထို့ကြောင့် ဆရာတို့သည်—

သဒ္ဒံ ပဌမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယ စိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။

ဟူ၍ မိန့်ကုန်သည်

အနုရုဒ္ဓါ ဆရာတော်မြတ်လည်း၊ ပစ္စယသင်္ဂဟ၌ –

ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။
ပဝတ္တာနန္တရုပ္ပန္န၊ မနောဒွါရဿ ဂေါစရာ။
အတ္ထာယဿာနုသာရေန၊ ဝိညာယန္တိ တတော ပရံ၊
သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိမ္မိတာ—

ဟူ၍ မိန့်အပ်ပြီ။

ဝစီဃောသာနုသာရေန၊ ဂေါစရသော ဝစီမယ သဒ္ဒကို အစဉ်လျှောက်၍ အာရုံပြုသဖြင့်။ ပဝတ္တာယ၊ ဖြစ်သော။ သောတဝိညာဏဝီထိယာ၊ သောတဝိညာဏဝီထိ, တဒနုဝတ္တကမနောဒွါရဝီထိ၏။ ပဝတ္တာနန္တရုပ္ပန္နမနောဒွါရဿ၊ ဖြစ်သည်၏အခြားမဲ့၌ နာမပညတ်ကို ကြံသောအခြင်းအရာဖြစ်သော ဝိညာဉ်အစဉ်၏။ ဂေါစရာ၊ အာရုံဖြစ်ကုန်သော။ တတော၊ ထိုနာမပညတ်ကို ကြံသော ဝိညာဉ်အစဉ်မှ။ ပရံ၊ နောက်၌။ ယဿ၊ အကြင်သမုတိ, ပရမတ္ထအားဖြင့် ပြားသော နာမပညတ်ကို။ အနုသာရေန၊ အစဉ်လျှောက်သဖြင့်။ အတ္ထာ၊ အနက်ဒြပ်, တည်းဟူသော အတ္ထပညတ်တို့ကို။ ဝိညာယန္တိ၊ သိရကုန်၏။

သာယံ ပညတ္တိ၊ ထိုသမုတိ,ပရမတ္ထအားဖြင့် ပြားသောအတ္ထပညတ်ကို။ လောက-သင်္ကေတနိမ္မိတာ၊ ရှေးရှေးသောသူ လူပညာရှိတို့၏ အမှတ်သင်္ကေတပညတ်ဖြင့်ပြီး၏ဟူ၍။ ဝိညေယျာ၊ သိအပ်ကုန်၏။

ဤသို့ တလုံးသော အက္ခရာရှိသော နာမပညတ်ကို ကြားရာ၌ ၄-ဝိထိဖြစ်၏ ဟူသောစကားသည် အဋ္ဌကထာဆရာတို့၏ ဝါဒတည်း။

မူလဋီကာဆရာတော်ကား ရှေးနှစ်ဝိထိ၏နောက်၌ သုဒ္ဓမနောဒွါရတဝိထိဖြစ်ပြီးမှ နာမပညတ်ကို အာရုံပြု၍ တဝိထိ၊ အတ္ထပညတ်ကို အာရုံပြု၍ တဝိထိ ဖြစ်သည်ဟု ဆို၏။ ဤအလိုသော် ၅-ဝိထိကျမှ ဂေါ,သဒ္ဒါ၏ နွား,ဟူသောအနက်ကို ကုန်စင်စွာသိရသည်။

များသောအက္ခရာရှိသော ပုရိသောဟူသော ပုဒ်၌ ပု,ကိုကြားရာ၌ သောတ-ဒွါရတဝိထိဖြစ်ပြီးမှ တဒနုဝတ္တကတဝိထိ, ရိ,ကို ကြားရာ၌လည်း ဤနည်းအတူ နှစ်ဝိထိ, သ,ကိုကြားရာ၌လည်း နှစ်ဝိထိဖြစ်ပြီးမှ အက္ခရာအစဉ်ကိုပေါင်း၍ အာရုံပြုသော သုဒ္ဓမနောဒွါရဘဝိထိ၊ နာမပညတ်ကို အာရုံပြု၍ တဝိထိ၊ အတ္ထပညတ်ကိုအာရုံပြု၍ တဝိထိအားဖြင့် ၉-ဝိထိဖြစ်သည်။ ထိုထက် အက္ခရာများ၌လည်း ဤနည်းအတူကြံလေ။ ဤကား သုတန္တပုဂ္ဂိုလ်တို့၏ ဖြစ်ရိုးတည်း။

ဝဒန္တပုဂ္ဂိုလ်၌ဖြစ်ဟန်ကား ဂေါစသောသဒ္ဒါကို ရွတ်လိုသောပုဂ္ဂိုလ်သည် ထိုဂေါ,သဒ္ဒါ၏မှီရာခန္ဓာ ပဉ္စက, ဒြပ်၌ရှိသော ရုပ်, နာမ် တရားတို့၏ ရုပ္ပန နမန လက္ခဏာတည်းဟူသော တစ္ဆာပညတ်, ယင်းလက္ခဏာကိုစွဲ၍ ရုပ်နာမ်ဟုသမုတ် အပ်သော ဥပါဒါပညတ်, ထိုရုပ်,နာမ် ခန္ဓာငါးပါး အပေါင်းတည်းဟူသော သမူဟပညတ် ထိုတရားတို့၏ အစီအစဉ်တည်းဟူသော သန္တတိပညတ်, ထိုသန္တ-တိ၏ပရမတ္ထအားဖြင့် ထင်ရှားဖြစ်ခြင်းတည်းဟူသော ပရမတ္ထ အတ္ထပညတ်, ထို အတ္ထကို မှတ်ကြောင်းဖြစ်သော လောကသမုတိ ဟု ဆိုအပ်သော သင်္ကေတ ပညတ်, ယင်းသင်္ကေတတို့ကို ပြတတ်သော သုတန္တတို့၏ ဉာဏ်အား ပကတူ-ပနိဿယ သတ္တိဖြင့် ကျေးဇူးပြုတတ်သော မနသာဝဝတ္ထာပိတ သဒ္ဒပညတ် ကို အာရုံပြု၍ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ် ဖြစ်၏။ ထိုဇောစိတ်တို့သည် ဝိညတ်နှင့်တကွသော စိတ္တဇရုပ်ကိုဖြစ်စေ၏။ ယင်းသို့ ဖြစ်စေရာ သတ္တမဇော၌ သဝိညတ္တိက ဝစီဘေဒသဒ္ဒဟူသော ဂေါ သဒ္ဒါ သည်ဖြစ်၏။ ထို့ကြောင့် သမ္မန္ဓစိန္တာ ဋီကာ ၌—

တဗ္ဗောပါဒါ သမ္ပဟာဋ္ဌ၊ သန္တတိ အတ္တသင်္ကေတံ
သဒ္ဒပညတ္တိ မာလမ္ဗ၊ ဝဒနွ္တ ဝတ္တတေ စိတ္တံ–

ဟူ၍ မိန့်အပ်၏။

ဝဒန္တေ၊ ရွတ်ဆိုသောပုဂ္ဂိုလ်၌။ တဗ္ဗောပါဒါ သမ္ပဟာဋ္ဌ၊ တဇ္ဇာ ပညတ်, ဥပါဒါပညတ် သမ္ပဟပညတ်ကိုရင်း။ သန္တတိ၊ သန္တတိ ပညတ်ကိုရင်း။ အတ္တ-သင်္ကေတံ၊အတ္တပညတ်,သင်္ကေတ ပညတ်ကိုရင်း။သဒ္ဒပညတ္တိ၊သဒ္ဒပညတ်ကိုရင်း။ အာလမ္ဗ၊ အာရုံပြု၍။ စိတ္တံ၊ မနောဒွါရိက ဇောစိတ်သည်။ ဝတ္တတေ၊ ဖြစ်၏။

အနုဋီကာ၌လည်း ဤနည်းပင်လာသည်။

ဤသို့ စက္ခုဒွါရ, သောတဒွါရ တို့၌ ဖြစ်ဟန်ကိုမှီ၍ ကြွင်းသော ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ တို့၌လည်း စိတ်အစဉ်ဖြစ်ဟန်ကို ဝေဖန်၍ သိရာသည်။

## ၆၂-မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ၃-ပါးယှဉ်ပြခြင်း

မေး။ ။ဝိသယပ္ပဝတ္တိ၊ ကိုးဝီထိမှာ၊ မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယု-က၊ ပသာဒတို့၊ ဘယ်ကဖြစ်၍၊ စင်စစ်ချုပ်ရာ၊ ဘယ်မှာဥပါဒ်, ပြိုင်သနည်း။

ဖြေ။ ။အတိမဟန္တာရုံ, တဝီထိ၊ မဟန္တာရုံ နှစ်ဝီထိ၊ ပရိတ္တာရုံ ၆-ဝီထိ၊ ဤ ၉-ဝီထိမှာ အာရုံနှင့် ပသာဒတို့၏ ထိခိုက်ကြခြင်းသည် ထင်ရှားသော ကြောင့် ပသာဒ၏ အမည်ကို၊ မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ဟူ၍ အမည် ၃-ပါးဖြင့် သမုတ်ရသည်၊ ကြွင်းသောဝီထိတို့၌ မသမုတ်ရကုန်။

ထို ၃-ပါးတို့တွင် အတိမဟန္တာရုံဝီထိ၌ ပဥ္စဒွါရာဝဇ္ဇန်းမှစ၍ ပဋိလောမ အားဖြင့် ရေတွက်သည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ ဥပါဒ် ဌီ ဘင်၌ ဖြစ်သော စက္ခုပသာဒတို့သည် စက္ခုဝိညာဉ်ဖြစ်သောအခါ ထင်ရှားမရှိ ချုပ် လေပြီးဖြစ်သောကြောင့် ထိုပသာဒတို့ကိုထား၍ စက္ခုဝိညာဉ်ဖြစ်သောအခါ ထင်ရှားရှိသော ၄၉-ချက်သော ခဏ၌ ဖြစ်သော စက္ခုပသာဒတို့တွင် အတီ တ ဘဝင်၏ ဥပါဒ်၌ဖြစ်သော စက္ခုပသာဒသည် ရူပါရုံနှင့်အတူ ဥပါဒ်၍ ရူပါရုံ ချုပ်လေသော ဒုတိယ တဒါရုံ၏ဘင်၌ပင် ပြိုင်၍ချုပ်လေသောကြောင့်၎င်း၊ စက္ခုဝိညာဉ်၏ မှီရာဖြစ်သောကြောင့်၎င်း အလတ်ဖြစ်သော ရုပ်သက်ရှိရကား-

မဇ္ဈိမေ အာယု ယဿာတိ မဇ္ဈိမာယုကော-ဟူသော ဝစနတ်နှင့်ညီစွာ မဇ္ဈိမာယုက မည်၏။

အတီတဘဝင်၏ ရှေးဇောရသမ ဘဝင်၏ ၌မှစ၍ဖြစ်သော ၃၇-ချက်သော စက္ခုပသာဒတို့သည် ရူပါရုံမချုပ်မီ ချုပ်လေသောကြောင့် နံ့သောအသက် ရှိရကား –

မန္ဒော အာယု ယဿာတိ မန္ဒာယုကော ဟူသော ဝစနတ်နှင့်ညီစွာ မန္ဒာယုက မည်၏။

အတီတဘဝင်၏ ၌မှစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘဝင်တိုင်အောင် ၁၁-ချက်သော ခဏ၌ဖြစ်သော စက္ခုပသာဒတို့သည် ရူပါရုံနှင့်အတူဖြစ်လျက် ရူပါရုံ၏ နောက်မှ ချုပ်လေသောကြောင့် ပွါးသောရုပ်သက်ရှိရကား....

အမန္ဒော အာယု ယဿာတိ အမန္ဒာယုကော ဟူသော ဝစနတ္ထနှင့်ညီစွာ အမန္ဒာယုက မည်၏။

မဟန္တာရုံနှစ်ဝီထိတို့တွင် ပထမ မဟန္တာရုံ၌ ပထမ အတီတဘဝင်၏ ဥပါဒ်၌ ဖြစ်သော စက္ခုပသာဒသည် မဇ္ဈိမာယုက, ရှေး ၃၄-ချက်သော ခဏဖြစ်သော စက္ခုပသာဒသည် မန္ဒာယုက, နောက် ၁၄-ချက်သော ခဏ၌ဖြစ်သော စက္ခုပသာဒသည် အမန္ဒာယုကမည်၏။

ဒုတိယမဟန္တာရုံ၌ ပထမအတီတဘဝင်၏ ဥပါဒ်၌ဖြစ်သော စက္ခုပသာဒသည် မဇ္ဈိမာယုက, ရှေး ၃၁-ချက်သော ခဏ၌ဖြစ်သော စက္ခုပသာဒသည် မန္ဒာယုက, နောက် ၁၇-ချက်သော ခဏ၌ဖြစ်သော စက္ခုပသာဒသည် အမန္ဒာယုက မည်၏။

ပရိတ္တာရုံ ၆-ဝီထိ၌လည်း ဤနည်းကိုမှီ၍ယူလေ။

၉၃-ဝတ္ထု နှင့်အာရုံ ထိခိုက်ရာတွင် ဘဝင်လှုပ်ပုံကို ပြခြင်း

မေး။ ။အမှီပြားလျက် ငါးပါးဝိညာဉ်၊ ငါးတန်အာရုံ၊ တော်ကြကုန်၍၊ ကြိုက်ကြုံထိလျှင်၊ ဘဝင်ဘယ့်ကြောင့် လှုပ်သနည်း။

ဖြေ။ ။ဟဒယဝတ္ထုနှင့် ပသာဒ ဝတ္ထုသည် ဌာနအားဖြင့် ဝေးကွာသော်လည်း စည်မျက်နှာ နှစ်ဘက်ကဲ့သို့ တစပ်တည်း တည်သောကြောင့် စက္ခုပသာဒကို ရူပါရုံထိခိုက်လျှင် ဟဒယဝတ္ထုကို မှီသောဘဝင် လှုပ်လေသည်။ သောတဝတ္ထု စသည်တို့၌လည်း နည်းတူမှတ်လေ။

ထို့ကြောင့် သစ္စသံခိပ် ၌–

ဃဋ္ဋိတေ အညဝတ္ထုမှိ၊ အညနိဿိတ ကမ္ပနံ။
ဧကာဗဒ္ဓေန ဟောတီတိ၊ သက္ခရောပမယာ ဝဒေ။

ဟူ၍ ဆိုလေသည်။

မန္ဒော ၆–ပ-မ-သာ-စ

အညဝတ္ထုမှိ၊ ဟဒယ ဝတ္ထုမှ တပါးသော ပသာဒ ဝတ္ထု၌။ ဃဋ္ဋိတေ၊ ပဋ္ဋာရုံ တို့ထိကုန်လတ်သော်။ အညနိဿိတ ကမ္ပနံ၊ စက္ခုဝတ္ထုမှတပါးသော ဟဒယဝတ္ထု ကိုမှီသောဘဝင်၏ လှုပ်ခြင်းသည်။ ဧကာဗဒ္ဓေန၊ တစပ်တည်း တည်ခြင်း ကြောင့်။ ဟောတိ၊ ဖြစ်၏။ ဝုတ္တအတ္ထံ၊ ပြဆိုသော အနက်ကို။ သက္ခရောပ-မယာ–သက္ခရောပမာယ၊ စည် မျက်နှာ၌ ကပ်သောသကာခဲ၌ နားသောယင်၏ ဥပမာဖြင့်။ ဝဒေ၊ ဆိုရာ၏။

အဋ္ဌသာလိနီ၌ကား–ငှက်သည် ကောင်းကင်ဖြင့် ပြန်လာ၍ သစ်ခက် ဖျား၌ နားသည်ရှိသော် သစ်ခက်ကို ထိခိုက်ခြင်း, မြေ၌ ထိုအရိပ် နှံ့ခြင်းတို့သည် မရှေးမနှောင်း တပြိုင်နက်သော ခဏ၌ ဖြစ်ကုန်သကဲ့သို့ ဤအတူ ရူပါရုံ စသည် တို့၏ စက္ခုပသာဒ စသည်၌ ထိခိုက်ခြင်း, ဘဝင်လှုပ်ခြင်းငှါ စွမ်းနိုင်သော မနောဒွါရအား ထင်ခြင်းသို့ ရောက်ခြင်းတို့သည် မရှေးမနှောင်း တခုသော စိတ်၏ ခဏ၌သာလျှင် ဖြစ်၏ဟု ပြခြင်းငှာ–

> သာခါဃဋ္ဋနဆာယာ ဖရဏာနိ၊ အပုဗ္ဗံ အစရိမံ ဧကက္ခဏေယေဝ ဘဝန္တိ၊ ဧဝံ ပစ္စုပ္ပန္နာရမ္မဏာနံ စက္ခုပသာဒါဒိဃဋ္ဋနဉ္စ ဘဝင်္ဂစလနဉ္စ သမတ္ထ-တာယ။ မနောဒွါရေ အာပါထဂမနဉ္စ အပုဗ္ဗံ အစရိမံ ဧကက္ခဏေ-ယေဝ ဟောတိ–

ဟူ၍ မိန့်ဆိုသည်။

ရူပါရုံနှင့် စက္ခုပသာဒ, ရွှေရှုတော်မူကြရာဝယ် ထိသည်, ထင်သည်, မြင်သည် ဟူ၍ ၃-ပါး အပြားရှိ၏။ ထိုတွင် အတီတဘဝင်၏ ဥပါဒ်ခဏ၌ ထိသည်။ ဘဝင်္ဂစလန၏ ဥပါဒ်ခဏ၌ ထင်သည်။ စက္ခုဝိညာဉ်၏ ဥပါဒ်ခဏ၌ မြင်သည်။

ဘဝင်လွန်ဟူသည်ကား ထင်သော ကာလကို လွန်သည်ဟူ၍ ဝီထိလက်ရိုး၌ ဆိုသည်။ ထိုစကားသည်–

ဌိတိပ္ပတ္တာနေဝ၊ ဌီသို့ရောက်ကုန်သည်ဖြစ်၍ သာလျှင်။ ပဉ္စာလမ္ဗဏာနိ၊ ငါးပါးသော အာရုံတို့သည်။ ပဉ္စဒွါရေ၊ ပဉ္စဒွါရ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဧကစိတ္တက္ခဏာတီတံ၊ တခု သောစိတ်၏ ခဏကဲ့သို့သော ခဏလျှင်လွန်ခြင်း ရှိသော။ ရူပါရမ္မဏံ၊ ရူပါရုံသည်။ စက္ခုဿ၊ စက္ခုပသာဒအား။ အာပါထံ၊ ထင်ခြင်းသို့။ ယဒိ အာဂစ္ဆတိ၊ အကယ်၍ ရောက်သည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ရောက်သည်ရှိသော်။ တတော၊ ထိုထင်ခြင်းသို့ ရောက်ခြင်းကြောင့်။ ပါ၊ ထိုထင်ခြင်းသို့ ရောက်သည်မှ။ ပရံ၊

နောက်၌။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဘဝင်္ဂေ၊ ဘဝင်သည်။ စလိတေ၊ လှုပ်သည်ရှိသော်–

ဟူ၍ဆိုအပ်သော သင်္ဂြိုဟ်စကားနှင့် ညီသကဲ့သို့ မထင် ။

သင်္ဂြိုဟ်၌ကား ···ပဉ္စပသာဒတို့၏ ဥပါဒ်နှင့် ပဉ္စာရုံတို့၏ ဥပါဒ်သည်ပြိုင်မိပြသော်လည်း ထိရုံသာ ဖြစ်သည်၊ မထင်သေး။ ထိုရုပ်တို့၏ဌီသို့ရောက်မှသာလျှင် ထင်ကုန်သည်။ ထို့ကြောင့် တခုသောစိတ်၏ ခဏကဲ့သို့သောခဏလျှင် လွန်ခြင်းရှိသော ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်သည်ဖြစ်အံ့။ ထိုသို့ထင်သည်မှ နောက်၌ ဘဝင် နှစ်ကြိမ်လှုပ်၏ ဟူ၍ဆိုသည်။ ထိုစကား၌···ရုပ်တို့၏ ဌီဟူသည်လည်း အတီတဘဝင်၏ ဌီနှင့် တပြိုင်တည်း ဖြစ်သည်။ ဤဌီ၌ ထင်ပါမှ၊ တဒတာလံ ဟူသောစကားကို ဆိုသင့်သည်။ ဘဝင်စလန၏ ဥပါဒ်မှာမှထင်မူ တဝေါပရံ ဟူ၍ မဆိုသင့်ပြီ။

ထို့ကြောင့် –

အတီတဘဝင်၏ ဥပါဒ်၌ ထိသည်။

၎င်းဘဝင်ဌီ၌ ထင် သည်။

ပဉ္စဝိညာဉ်၏ ဥပါဒ်၌ မြင်သည်–

ဟူ၍ဆိုမှ သင်္ဂြိုဟ်နှင့် ညီညွတ်မည်။

## ၉၄-အတီတဘဝင် ခေါ်ဆိုရပုံကို ပြခြင်း

အတိက္ကမိတ္ဝာ ဣတံ အတီတံ။

အတိက္ကမိတ္ဝာ၊ လှုပ်ခြင်းကိုလွန်၍။ ဣတံ၊ ဖြစ်သည်တည်း။ အတီတံ၊ လှုပ်ခြင်းကို လွန်၍ဖြစ်သည်။ ။အာရုံနှင့် ပသာဒ ထိခိုက်၍ ထင်သော်လည်း ထိုစိတ်၌ မလှုပ်သေး။ နောက်စိတ်မှ လှုပ်သောကြောင့် ထိုလှုပ်ခြင်းကို လွန်၍ဖြစ်သောစိတ်ကို အတီတဘဝင် ဆိုလေသည်။

**ရေ**, မြေ,တော, တောင် ဟူသောရုပ်တို့သည် သတ္တဝါတို့ သဏ္ဌာန်၌ကဲ့သို့ သတ္တရသာယုက ရှိသော ဥပါဒ်ဌီဘင် အားဖြင့် မပြတ်ဖြစ်၏လော....ဟူငြားအံ့၊ **မဖြစ်** ဟူပေ။

ဘယ့်ကြောင့် မဖြစ်သနည်းဟူမူ ထိုရုပ်တို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိကောင်းသော အဝိဇ္ဇမာနပညတ်သာ ဖြစ်သည်။

ထိုဗာဟိရဇ ရုပ်တို့သည် ဥပါဒ်, ဌီ, ဘင် အားဖြင့် ဖြစ်ခြင်းမရှိ၊ အကြင်အခါ၌ သတ္တဝါတို့၏ စိတ်သည် အာရုံပြု၍ စွဲလမ်း၏။ထိုအခါ ရုပ်တို့သည် ရူပါရုံ

အဖြစ်သို့ ရောက်၏။ ထိုရှုပါရုံ၏ အဖြစ်သာလျှင် သတ္တရသာယုက ရှိသည်ဖြစ်၍ ဥပါဒ်,ဋ္ဌီ, ဘင် ဟု သမုတ်သတည်း။

ဥပမာကား။ ။က ခုံ တတ်သောသူသည် က,သော အခါ၌သာလျှင် က,ချေသည် မည်သည်။ မကသောအခါ မမည်။ ယင်းသို့မမည်သော်လည်း က, ဘူးသည်ကို စွဲ၍ဘူတပုဗ္ဗဂတိက နည်းဖြင့် ကချေသည် ခေါ်လေသကဲ့သို့ငှင်း....။

လူတို့၏ အသက်အတိုင်းအရှည်ကို ရက်, လ, နှစ်ဖြင့် မှတ်၍ ဤသူကား.... ဤမျှနှစ်, ဤမျှလ, ဤမျှရက်ရှိသည်ဟု ခေါ်ရသကဲ့သို့ငှင်း.... ဖြစ်သည် ဟူပေ။

(ခဲရပ်, စေ့စေ့ဆင်ခြင်လေ။)

## ၉၂- ဝိထိစိတ်ဖြစ်ပုံကို သရက် ဥပမာဖြင့် ပြခြင်း

ဝိထိစိတ်၏ ဖြစ်စဉ်လက္ခဏာကို ဤအာမ္ဗောပမာဖြင့် သိအပ်၏။ လူတယောက်သည် အသီးရှိသောသရက်ပင်၏ အောက်၌ ဥကျောင်းခြုံ၍အိပ်နေရာ··· အနီး၌ သရက်သီးတလုံးကြွေ၍ ထိုအသံဖြင့် နိုးသော် ပုဆိုးခြုံကို ဖွင့်၍ကြည့်သဖြင့် မြင်သော် ထိုသရက်သီးကို ကောက်၍,ညှိပ်နယ်၍ နမ်း၍ ပုညှဲမှန်းသိလျှင် သုံးဆောင်၍ လျှာ, အာ၌ ကပ်သမျှကို တံတွေးနှင့်တကွ မျိုပြီး၍ တဖန်အိပ်မြဲ အိပ်ပြန်သည်။

ဤဥပမာ၌ ယောကျ်ားသည် အိပ်ပျော်သောအခါကဲ့သို့ ဘဝင်ကျနေသော အခါကို မှတ်အပ်၏။

သရက်သီး ကြွေသော အခါကဲ့သို့ ပသာဒနှင့် အာရုံထိသောအခါကို မှတ်အပ်၏။

ကျသောအသံဖြင့် နိုးသောအခါကဲ့သို့ အာဝဇ္ဇန်းဖြစ်သောအခါကို မှတ်အပ်၏။

ပုဆိုးခြုံကို ဖွင့်ကြည့်သော အခါကဲ့သို့ စက္ခုဝိညာဉ် ဖြစ်သော အခါကို မှတ်အပ်၏။

ထ၍ ကောက်သောအခါကဲ့သို့ သမ္ပဋိစ္ဆိုင်းဖြစ်သောအခါကို မှတ်အပ်၏။

ညှိပ်နယ်၍စမ်းသကဲ့သို့ သန္တီရဏ ဖြစ်သောအခါကို မှတ်အပ်၏။

နမ်း၍ မှည့်မှန်းသိသကဲ့သို့ ဝုဋ္ဌောဖြစ်သောအခါကို မှတ်အပ်၏။

သုံးဆောင်သောအခါကဲ့သို့ ဇောဖြစ်သောအခါကို မှတ်အပ်၏။

လျှာ့အာ၌ ကပ်သမျှကို တံတွေးနှင့်တကွ မျိုသောအခါကဲ့သို့ တဒါရုံဖြစ်သောအခါကို မှတ်အပ်၏။

စားပြီးသော် အိပ်မြဲအိပ်ပြန်သကဲ့သို့ ဘဝင်သို့ သက်သောအခါကို မှတ်အပ်၏။

## ၉၆-ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ခေါ်ဆိုပုံကို ပြခြင်း

မေး။ ။ဝိထိရိုးတွင်၊ ဘဝင်္ဂုပစ္ဆေဒ၊ မည်နာမဖြင့်၊ ချမြဲပင်ကို၊ ဘဝင်္ဂစလန နှစ်ကြိမ်ကျဟူ၊ မမျှအဆို၊ သင်္ဂြိုဟ်ဘယ့်ကြောင့်ဟောသနည်း။

ဖြေ။ ။ တတ္ထ ပဌမံ ဘဝင်္ဂသန္တတိ စာလေန္တံ ဝိယ ဥပ္ပဇ္ဇတီတိ ဘဝင်္ဂစလနံ။ ဒုတိယံ တဿာ ဝိစ္ဆိဇ္ဇနာကာရေန ဥပ္ပဇ္ဇနတော ဘဝင်္ဂုပစ္ဆေဒေါတိ ဝေါဟာရန္တိ၊ ဣမ ပန အဝိဘာဝနေ ဝုတ္တံ ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေတိ—ဟူ၍ ဋီကာမိန့်သည်နှင့် အညီ ဘဝင်နှစ်ကြိမ်တွင် ရှေးစိတ်သည် ဘဝင်အစဉ်ကို လှုပ်စေသကဲ့သို့ ဖြစ်သောကြောင့် ဘဝင်္ဂစလနဟု ခေါ်သည်။ နောက်စိတ်သည် ဘဝင်အလျဉ်ပြတ်သောအခြင်းအရာဖြင့် ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒဟု ခေါ်သည်။

ဤသင်္ဂြိုဟ်ကျမ်း၌ကား အများနှင့်ဆက်ဆံသော သာမညနည်းအားဖြင့် နှစ်ပါးလုံးကို ဘဝင်္ဂစလနဟု ခေါ်လေသည်။ ဘယ်သို့ အများနှင့် ဆက်ဆံလေသနည်းဟူမူ အတိပရိတ္တာရုံ ဝိထိ၌ ဘဝင်ပြတ်ခြင်းမရှိ လှုပ်ရုံမျှသာဖြစ်၍ ဆက်ဆံသတည်း။

## ၉၇-ကာမဇောတို့၏ အနည်းအများ စောပုံကို ပြခြင်း

မေး။ ။ ကာမဇောသည်၊ လွန်သော် ဘယ်မျှ၊ ယုတ်ကဘယ့်နှယ်၊ အကြိမ်ဝယ်၊ ခွဲးချယ်ဘယ်သို့၊ ကောက်သနည်း။

ဖြေ။ ။ ကာမ ဇောတို့သည် ပြကတေ့သော ကာလ၌ ၇-ကြိမ်, သစ်ပင်ထက်မှကျခြင်း, ရေမွမ်းခြင်း, ဝေဒနာနှိပ်စက်ခြင်းအကြောင်းတို့ကြောင့် မိန်းမောတွေဝေသော မုစ္ဆာကာလ၌ ၆-ကြိမ်, သေခါနီးဖြစ်၍ မိန်းမောသောမုစ္ဆာကာ-

လ၌ ၅- ကြိမ်, မရဏာသန္နကာလ၌ ၅- ကြိမ်, ယမကပါဠိဟာရိယကာလ၌ ၅- ကြိမ်, ၄-ကြိမ်, ၃-ကြိမ် ဖြစ်ကုန်၏ ဟူ၍ကောက်လေ။

အဘယ်ကိုမြင်၍ ဆိုသနည်းဟူမူ–

သတ္တက္ခတ္တုံ ပကတိ ကာလေ၊ ဆက္ခတ္တုံမေဝ ဝါ မုစ္ဆာကာလေ ဇဝန္တိ ဟူသော သခေ်ပဋ္ဌကာ။

မုစ္ဆာ မရဏာသန္န ကာလေသု ဆပဉ္စပိ ဇဝနာနိ ပဝတ္တန္တီတိ အာဟ ယေဘုယျေနာတိ ဟူ၍ရှင်း, မန္ဒကာလာဒီသူတိ ဧတ္ထ အာဒိသဒ္ဒေန မုစ္ဆာကာလံ သင်္ဂဏှာတိ ဟူ၍ရှင်း ဆိုအပ်သော ဋီကာကိုမြင်၍ ဆိုသည်ဟူပေ။

ဤဋီကာကျော်ဆရာသည် ရှေ့ယေဘုယျေန၏ အဖွင့်တွင် မုစ္ဆာကာလ၌ ၆- ကြိမ် စောကြောင်းကို ဆိုခဲ့ပြီးလျှက် မရဏကာလာဒီသု၌ အာဒိသဒ္ဒါဖြင့် မုစ္ဆာကာလကိုယူ၍ ၅- ကြိမ်စောသည်ဟု အဘယ်ကြောင့် ဆိုပြန်သနည်းဟူမူ–

မုစ္ဆာသည်—

သေခြင်းနီးသော …….. မုစ္ဆာ,

သေခြင်းမနီးသော …….. မုစ္ဆာ, အားဖြင့် နှစ်မျိုး ရှိသည်။

သေခြင်းမနီးသော မုစ္ဆာ၌ ၆-ကြိမ်, သေခြင်းနီးသော မုစ္ဆာ၌ ၅-ကြိမ် ဖြစ်သည်ဟု ခွဲခြမ်း၍ယူစေလိုသောကြောင့် ဆိုသည်ဟူပေ။

မဏိမဉ္ဇူဆရာတော်ကား ဋီကာဆရာ၏ သံဝဏ္ဏနာသည် အဋ္ဌကထာနှင့် ဆန့်ကျင်သည်ဟု ဆို၏။

## ၉၈-ရေအယဉ် ပမာ ဘဝင်စိတ်ဖြစ်ရာကာလကို ပြခြင်း

မေး။ ။ဘဝင်, ဘဝင်၊ စိတ်လျှင်အရ၊ တွေ့တွေ့ကျသည်၊ မုချဘယ် အခါတွင်နည်း။

ဖြေ။ ။နိဒ္ဒေါက္ကမနကာလေ ဘဝင်္ဂပ္ပဝါဟော ဝ ပဝတ္တတိ–ဟူသည်နှင့်အညီ အိပ်ပျော်ခြင်းသို့ ရောက်သောအခါ ဘဝင်သာလျှင် ရေအယဉ်ကဲ့သို့ တွေ့တွေ့ ကျသည် ဟူပေ။

## ၉၉-မျောက်မျည်းခါတွင် အိပ်မက်မြင်ပုံကို ပြခြင်း

မေး။ ။အိပ်ခါ၌တွင်၊ ထင်ထင်ပြက်ပြက်၊ အိပ်မက်မြင်သော်၊ မပျော်ခင် လော၊ ပျော်မှလော။

ဖြေ။ ။ကပိမိဒ္ဓပရေတော ခေါ်၊ မဟာရာဇ သုပိနံ ပဿတိ–ဟူ၍ မိလိန္ဒပဥှာ၌ဆိုသောကြောင့် ဘဝင်ကျ၍ အိပ်ပျော်သည်လည်းမဟုတ်,နိုးသည်လည်း မဟုတ်၊ ထိုနှစ်ပါး၏အကြား မျောက်မျည်းကာမျှသောအခါ၌ အိပ်မက်မြင်၏ ဟု ဖြေ။

ထို့ကြောင့်–သုပိနာစျာယ၌–

ဆဋ္ဌာရမ္မဏ၊ ပစ္စယကြောင့်၊ ဒွါရိကစိတ်၊ မဆိတ်ဖြစ်ဆဲ၊ ဖန်လဲပွါးတက်၊ နိုးစဉ်လျက်လည်း၊ အိပ်မက်မမြင်၊ ဘဝင်သက်၍၊ စက်မွေ့စိုက်စိုက်၊ အိပ်ပျော်ခိုက်လည်း၊ မထိုက်ပေရာ၊ အကြင်ခါ၌၊ အာဝဇ္ဇန်းဟုံ၊ မျှော့လှမ်းပုံသို့၊ အာရုံရမ်းရှ၊ ဖမ်းလှုလှုတွင်၊ ခေါ်မှုဝေါဟာ၊ မျောက်မျည်းခါ၌၊ ခြင်းရာပြီပြင်၊ ထင်လတ်သည်ကို၊ အိပ်မက်ဆို၏–

ဟူ၍ စပ်လေသည်။

## ၁၀၀-အိပ်မက်နှစ်ပါး ထူးခြားပုံကို ပြခြင်း

ထိုအိပ်မက်သည် မထင်လွန်းသောအိပ်မက်,ထင်ရှားသောအိပ်မက်အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် မထင်လွန်းသော အိပ်မက်၌ကား ဘဝင်လှုပ်ပြီးသော် အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် နှစ်ကြိမ်ဖြစ်၍ ဘဝင်သို့သက်၏။ ဤကား အဝိဘူတာရုံတည်း။

ဤဝိထိကိုရည်၍ သမ္မောဟဒ္ဒကထာ ဉာဏဝိဘင်းအဖွင့်၌–

သုပိနေနေဝ ဒိဋ္ဌံ ဝိယ မေ၊ သုတံ ဝိယ မေတိ **ကထေနကာလေပိ** အဗျာကတောယေဝ–

ဟူ၍ မိန့်တော်မူသည်။

သုပိနေနေဝ၊ အိပ်မက်ဖြင့်သာလျှင်။ မေ၊ ငါသည်။ ဒိဋ္ဌံ ဝိယ၊ မြင်သကဲ့သို့။ မေ၊ ငါသည်၊ သုတံ ဝိယ၊ ကြားသကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကထေနကာလေပိ၊ ဆိုရသောအခါ၌လည်း။ အဗျာကတောယေဝ၊ အဗျာကတဖြစ်သော မနောဒွါရာဝဇ္ဇန်းသာလျှင်။ ဟောတိ၊ ဖြစ်၏။

ရင်းပါဠ်ကို မူလဋီကာ၌–

အဗျာကတောယေဝ ယာဝဇ္ဇနမတ္တဿေဝ ဥပ္ပဇ္ဇနတောတိ ဝဒန္တေဟိ မနောဒွါရေပိ အာဝဇ္ဇနံ ဒွိက္ခတ္တုံ ဥပ္ပဇ္ဇိတွာ၊ ဇဝနဋ္ဌာနေ ဌတွာ၊ ဘဝင်ံ ဩတရတီတိ အဓိပ္ပေတန္တိ ဒဋ္ဌဗ္ဗံ–

ဟူ၍ ဖွင့်ဆိုသည်။

အာဝဇ္ဇနမတ္တအသာဝ၊ အာဝဇ္ဇန်း၏ သာလျှင်။ ဉပ္ပဇ္ဇနတော၊ ဖြစ်ခြင်း ကြောင့်။ အဗျာကတောဃေဝ၊ အဗျာကတသာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝဒန္တေဟိ၊ ဆိုကုန်သော အဋ္ဌကထာဆရာတို့သည်။ မနောဒွါရေပိ၊ မနောဒွါရ၌လည်း။ အာဝဇ္ဇန်၊ အာဝဇ္ဇန်းသည်။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ဉပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဇဝနဋ္ဌာနေ၊ ဇောရာအရာ၌။ ဌတွာ၊ တည်၍။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ ဣတိ၊ ဤသို့။ အဓိပ္ပါယတ္ထံ၊ အလိုရှိအပ်၏ဟူ၍။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ထင်ရှားသောအိပ်မက်၌ကား ဘဝင်လှုပ်ပြီးသော် မနောဒွါရာဝဇ္ဇန်း,ဇော ၇-ကြိမ်, တဒါရုံနှစ်ကြိမ်ဖြစ်၍ ဘဝင်သို့သက်၏။ ဤကား ဝိဘူတာရုံတည်း။

ဤသို့ ဖြစ်သောဝီထိကိုရည်၍ တေရသကဏ္ဍဋီကာ၌—

> ယဒိပိ သုပိနန္တေ ဝိဘူတံ ဟုတွာ၊ ဉပဋ္ဌိတေ ရူပါဒိဝတ္ထုမှိ တဒါ-
> ရမ္မဏံ ပဝတ္တတိ၊သုပိနံ ဟိ ပဿန္တော မနောဒွါရိကေနေဝ ဇဝနေန ပဿ-
> တိ၊ န ပဉ္စဒွါရိကေန ပဋိဗုဇ္ဈန္တော စ မနောဒွါရိကေနေဝ ပဋိဗုဇ္ဈတိ၊
> န ပဉ္စဒွါရိကေန—

စသည်ဖြင့် ဆိုတော်မူသည်။

ယဒိပိ၊ အကယ်၍လည်း။ သုပိနန္တေ၊ အိပ်မက်၌။ ဝိဘူတံ၊ ထင်ရှားသည်။ ဟုတွာ၊ ဖြစ်၍။ ပဿတိ၊ မြင်အံ့။ ဉပဋ္ဌိတေ၊ ရှေးရှုထင်လတ်သော်။ ရူပါဒိဝတ္ထုမှိ၊ ရူပါရုံစသောဝတ္ထု၌။ တဒါရမ္မဏံ၊ တဒါရုံသည်။ ပဝတ္တတိ၊ ဖြစ်၏။ ဟိ၊ သင့်စွ။ သုပိနံ၊ အိပ်မက်ကို။ ပဿန္တော၊ မြင်သောသူသည်။ မနောဒွါရိကေနေဝ၊ မနောဒွါရ၌သာလျှင်ဖြစ်သော။ ဇဝနေန၊ ဇောဖြင့်။ ပဿတိ၊ မြင်၏။ ပဉ္စဒွါ-ရိကေန၊ ပဉ္စဒွါရ၌ဖြစ်သော ဇောဖြင့်။ န ပဿတိ၊ မမြင်။ ပဋိဗုဇ္ဈန္တော စ၊ နိုးသော်လည်း။ မနောဒွါရိကေနေဝ၊ မနောဒွါရ၌ ကျသောဇောဖြင့်သာလျှင်။ ပဋိဗုဇ္ဈတိ၊ နိုး၏။ ပဉ္စဒွါရိကေန၊ ပဉ္စဒွါရ၌ ကျသောဇောဖြင့်။ န ပဋိဗုဇ္ဈတိ၊ မနိုး။

## ၁၀၁—အိပ်မက်ရာတွင် ကောင်းကျိုး, မကောင်းကျိုး ဖြစ်ပုံကို ပြခြင်း

ယင်းသို့ ဇော, တဒါရုံကျသော မနောဒွါရဝီထိဖြင့် အိပ်မက်သော် ကုသိုလ်ပြုသည် မက်ရာ၌ ကောင်းကျိုးပေးအံ့လော၊ မကောင်းမှု ပြုသည် မက်ရာ၌ မကောင်းကျိုးပေးအံ့လော ဟူငြားအံ့။

တေနာယံ သုပိနေ ကုသလောပိ ဟောတိ အကုသလောပိ အဗျာကတောပိ၊ တတ္ထ သုပိနန္တေ စေတိယဝန္ဒနဓမ္မသဝနဓမ္မဒေသနာ- ဒီနိ ကရောန္တဿ ကုသလော၊ ပါဏာတိပါတာဒီနိ ကရောန္တဿ အကုသလော၊ ဒွီဟိ အန္တေဟိ မုတ္တော အာဝဇ္ဇနတဒါရမ္မဏက္ခဏေ အဗျာကတောတိ ဝေဒိတဗ္ဗော။ သွာယံ ဒုဗ္ဗလဝတ္ထုကတ္တာ တေနာယ ပဋိသန္ဓိံ အာကဍ္ဍိတုံ အသမတ္ထော။ ပဝတ္တေ ပန အညေဟိ ကုသ- လာကုသလေဟိ ဥပတ္ထမ္ဘိတော ဝိပါကံ ဒေတိ၊ ကိဉ္စာပိ ဝိပါကံ ဒေတိ၊ အထ ခေါ အဝိသယေ ဥပ္ပန္နတ္တာ အဗ္ဗောဟာရိကာဝ သုပိနန္တ- စေတနာ–

ဟူ၍ ပါရာဇိကဏ် အဋ္ဌကထာ မိန့်အပ်ပြီ။

တေန၊ ထို့ကြောင့်။ အယံ သုပိနော၊ ဤအိပ်မက်သည်။ ကုလောပိ၊ ကုသိုလ်သည်လည်း။ ဟောတိ၊ ဖြစ်၏။အကုသလောပိ၊ အကုသိုလ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အဗျာကတောပိ၊ အဗျာကတသည်လည်း။ ဟောတိ၊ ဖြစ် ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ သုပိနန္တေ၊ အိပ်မက်၌။ စေတိယဝန္ဒနဓမ္မသ- ဝန ဓမ္မဒေသနာဒီနိ၊ စေတီကို ရှိခိုးခြင်း, တရားနာခြင်း, တရားဟောခြင်း စသည်တို့ကို။ ကရောန္တဿ၊ ပြုသောသူအား။ ကုသလော၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ အကျယ်ကို ၎င်းဋီကာမှာ ရှုလေ။

### ၁၀၂–အနိဋ္ဌာရုံ, ဣဋ္ဌာရုံ တို့၌ ဝိပါက်အမှန် ဧဝအပြန်ကို ပြခြင်း

မေး။ ။အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံကို၊ အကုသိုလ်နှင့်၊ ကုသိုလ်အကျိုး၊ ဖြစ်ပေ မျိုးဟု၊ ကျမ်းရိုးလာပြီ၊ ဇောမှာဘယ်သို့ ကောက်သနည်း။

ဖြေ။ ။ကောင်းကျိုးကိုလည်း မဖြစ်စေတတ်၊ သတ္တဝါလည်း အလိုမရှိအပ် သော အာရုံသည် အနိဋ္ဌာရုံမည်၏။

ကောင်းကျိုးကိုလည်း ဖြစ်စေတတ် သတ္တဝါလည်း အလိုရှိအပ်သော အာရုံ သည် ဣဋ္ဌာရုံ မည်၏။

ထိုဣဋ္ဌာရုံသည်လည်း ဣဋ္ဌမဇ္ဈတ္တာရုံနှင့် အတိဣဋ္ဌာရုံဟူ၍ နှစ်ပါးအပြား ရှိ၏။

ထိုနှစ်ပါးတို့တွင် အကြင်ထမင်း, အဖျော်, အိပ်ရာ အစရှိသည်တို့သည် ပစ္စုပ္ပန် အတ္တဘော၌ ခံစားအပ်သော ကောင်းကျိုးရှိသည်ဖြစ်၍ သင့်ရုံ လိုအပ် သောကြောင့် ဣဋ္ဌမဇ္ဈတ္တာရုံ မည်၏။

ဘုရားအစရှိသော အာရုံတို့သည် ပစ္စုပ္ပန် တမလွန်အားဖြင့် နှစ်ပါးသော ကာလ၌ ခံစားအပ်သော ကောင်းကျိုးရှိသည်ဖြစ်၍ အလွန် အလိုရှိအပ်သော ကြောင့် အတိဣဋ္ဌာရုံမည်၏။

မေထုနသေဝန စသည်ကိုသည် သတ္တဝါပင် အလိုရှိငြားသော်လည်း နှစ်ပါးသောကာလ၌ ဒုက္ခဝိပါက်သာ ဖြစ်သောကြောင့် ဣဋ္ဌာရုံမမည်၊ အနိဋ္ဌာရုံသာ မည်ကုန်၏။

ထိုအာရုံတို့တွင် ငစင်ခွေးကောင် အစရှိသော အနိဋ္ဌာရုံကို မြင်သော ကာလ အကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သည် ဖြစ်ကုန်၏။

ထမင်း, အဖျော်, အိပ်ရာ, နေရာ, ပန်းနံ့သာ စသော ဣဋ္ဌမဇ္ဈတ္တာရုံကို မြင်သောကာလ ကုသလဝိပါက်ဖြစ်သော စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သည် ဖြစ်ကုန်၏။

ဘုရားအစရှိသော အတိဣဋ္ဌာရုံ၌ကား ကုသလဝိပါက်ဖြစ်သော စက္ခု- ဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သောမနဿသန္တီရဏ, သောမနဿ တဒါရုံတို့သည် ဖြစ် ကုန်၏။

သတ္တဝါသည် သညာဖောက်ပြန်၍ အနိဋ္ဌာရုံကို ဣဋ္ဌအားဖြင့် ယူသော်ငြား၊ ဣဋ္ဌာရုံ, အတိဣဋ္ဌာရုံကို အနိဋ္ဌအားဖြင့် ယူသော်ငြား ဤဝိပါက်တို့သည် ဖောက်ပြန်ခြင်းမရှိ၊ ပကတိအားဖြင့် အမှန်ဖြစ်မြဲပင်တည်း။

ကုသိုလ်, အကုသိုလ်, ဇောတို့မှာကား မပယ်အပ်သေးသော ဝိပ္ပလ္လာသ တရားရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ခြင်းကြောင့် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံကို လည်း အနိဋ္ဌအခြင်းအရာဖြင့် ယူသောအခါ ကုသိုလ်ဥပေက္ခာ ဇောသော်ငြား အကုသိုလ်ဇောသော်ငြား ဖြစ်၏။

အနိဋ္ဌာရုံကိုလည်း ဣဋ္ဌအခြင်းအရာဖြင့် ယူသောအခါ ကုသိုလ်သောမနဿ ဇောသော်ငြား, အကုသိုလ်ဇောသော်ငြား ဖြစ်၏။

ထိုအနက်ကိုပြခြင်းငှါ ဋီကာကျော်၌ –

> တထာ ဟိ အသဒ္ဓါဒီနံ ဗုဒ္ဓါဒိသု အတိဣဋ္ဌာရမ္မဏေသုပိ ဥပေက္ခာ- ဇဝနံ ဟောတိ၊ တိတ္ထိယာဒီနဉ္စ ဒေါမနဿဇဝနံ။ ဂမ္ဘီရပကတိကာဒီ- နဉ္စ ပဋိကူလာရမ္မဏေ ဥပေက္ခာဇဝနံ။ သုနခါဒီနဉ္စ ဘတ္တ သောမနဿ- ဇဝနံ –

ဟူ၍ ဆိုတော်မူသည်။

တထာ တံ ဝစနံ၊ ထိုစကားကို။ ဟိ-ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ဒဿဒ္ဓါဒီနံ၊ မသဒ္ဓါသောသူ အစရှိသည်တို့အား။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော။ အတိဣဋ္ဌာရမ္မဏေသုပိ၊ အတိဣဋ္ဌာရုံတို့၌လည်း။ ဥပေက္ခာဇဝနံ၊ ဥပေက္ခာ ဇောသည်။ ဟောတိ၊ ဖြစ်၏။ တိတ္ထိယာဒီနဥ္စ၊ တိတ္ထိအစရှိသည် တို့အားလည်း။ ဒေါမနဿဇဝနံ၊ ဒေါမနဿဇောသည်။ဟောတိ၊ ဖြစ်၏။ ဂမ္ဘီရပကတိကာဒီနဥ္စ၊နက်နဲသော သဘောရှိသော ယောဂီပုဂ္ဂိုလ် စသည်တို့အား။ ပဋိကူလာရမ္မဏေ၊ စက်ဆုပ်ဖွယ်သော အသုဘအာရုံ၌။ ဥပေက္ခာဇဝနံ၊ ဥပေက္ခာဇောသည်။ ဟောတိ၊ ဖြစ်၏။ သုနခါဒီနဥ္စ၊ ခွေးစသော သတ္တဝါတို့အားလည်း။ တတ္ထ၊ ထိုစက်ဆုပ်ဖွယ်ရှိသော အာရုံ၌။ သောမနဿဇဝနံ၊ သောမနဿဇောသည်။ ဟောတိ၊ ဖြစ်၏။ ပုရိမပစ္ဆာဘာဂပဝတ္တာနိ၊ ရှေ့အဖို့ နောက်အဖို့၌ ဖြစ်ကုန်သော။ ဝိပါကာနိ ပန၊ ဝိပါက်စိတ်တို့သည်ကား။ ယထာ ဝတ္ထုကာနေဝ၊ ဝတ္ထုအတိုင်း သာတည်း။

## ၁၀၃–ဝိဘူတာရုံနှင့် အဝိဘူတာရုံနှစ်ပါး ထူးခြားပုံကို ပြခြင်း

**မေး။** ။အနန္တရာဒိ၊ ပစ္စည်းရှိလျက်၊ ဝိဘူတာရုံ၊ အဝိဘူတာရုံ၊ နှစ်စုံဘယ်သို့ ထူးသနည်း။

ဖြေ။ ။တဒါရုံ ကျသည်ဖြစ်၍ မျက်စိဖြင့် မြင်သကဲ့သို့ ထင်သောအာရုံကို ဝိဘူတာရုံဆိုသည်။

တဒါရုံမကျသည်ဖြစ်၍ အနည်းငယ်ထင်သော အာရုံကို အဝိဘူတာရုံဆိုသည်။ အဝိဘူတပုဒ်၌ အ,သဒ္ဒါသည် အနုဒရ ကညာ၌ကဲ့သို့ အပ္ပကအနက်ကို ဟောသည်။

## ၁၀၄–မြင်ဘူးသောအာရုံပင် စိတ်တွင်ထင်ရာ ပစ္စုပ္ပန်သာဖြစ်ပုံကို ပြခြင်း

**မေး။** ။ရှေးကဖူးမြင်၊ စေတီပြင်ကို၊ စိတ်တွင်တွေးကြံ၊ ထင်လာပြန်သော်၊ ပစ္စုပ္ပန်လော, အတိတ်လော။

**ဖြေ။** ။ရှေးက စက္ခုဒွါရဖြင့် ထင်ဘူးသော ရူပါရုံသည် တဖန် မနောဒွါရဝီထိဖြင့် ထင်ပြန်သော် ပစ္စုပ္ပန္နာရုံပင် မည်၏။

ထိုနောက်ကျသော တဒနုဝတ္တက ဝီထိ၏ အာရုံသည်သာလျှင် အတိတ်ရူပါရုံကို အာရုံပြုသည်ဟု ဆိုအပ်၏။

ထို့ကြောင့် အဋ္ဌသာလိနီ၌—

တဿ ဧဝံ စေတိယံ ပဿိတွာ ဗုဒ္ဓါရမ္မဏံ ပီတိံ နိဗ္ဗတ္တေတွာ။ ပ။ ဧဝံ တာဝ ဒိဋ္ဌဝသေန ရူပါရမ္မဏံ အာပါထံ အာဂစ္ဆတိ–

ဟူ၍ မိန့်တော်မူသည်။

ဧဝံ၊ ဤသို့။ စေတိယံ၊ စေတီတော်ကို။ ပဿိတွာ၊ ဖူးမြင်၍။ ဗုဒ္ဓါရမ္မဏံ၊ ဘုရားလျှင်အာရုံရှိသော။ ပီတိံ၊ နှစ်သက်ခြင်းကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍၊ အပရဘာဂေ၊ နောက်အဖို့၌။ ယတ္ထကတ္ထစိ၊ အမှတ်မရှိသော အရပ်သို့။ ဂတဿ။ ရောက်သော။ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနေသု၊ နေ့သန့်ရာ, ညဉ့်သန့်ရာအရပ်တို့၌။ နိသိန္နဿ၊ နေထသော။ အာဝဇ္ဇမာနဿ၊ တွေးကြံဆင်ခြင်သော။ တဿ၊ ထို စေတီကို ဖူးမြင်ဘူးသောသူအား။ အလင်္ကတပဋိယတ္တံ၊ တန်ဆာဆင်ခြင်းနှင့် စပ်သော။ မဟာစေတိယံ၊ မဟာစေတီသည်။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။အာပါထံ၊ ထင်ခြင်းသို့။ အာဂတသဒိသမေဝ၊ ရောက်သည်နှင့် အတူသာလျှင်။ ဟောတိ၊ ဖြစ်၏။ ပဒက္ခိဏံ၊ လက်ျာရစ် လှည့်သည်ကို။ ကတွာ၊ ပြု၍။ စေတိယံ၊ စေတီကို။ ဝန္ဒနကာလော ဝိယ၊ ရှိခိုးရသော အခါကဲ့သို့။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ဒိဋ္ဌဝသေန၊ မြင်ဘူးသည်၏ အစွမ်းဖြင့်။ ရူပါရမ္မဏံ၊ ပစ္စုပ္ပန်ရူပါရုံသည်၊ အာပါထံ၊ ထင်ခြင်းသို့၊ အာဂစ္ဆတိ၊ ရောက်၏။

**ပတိ ဥပ္ပန္န် ပစ္စုပ္ပန္နံ**။ ပတိ၊ ရှေးရှုအသစ်။ ဥပ္ပန္နံ၊ ဖြစ်သည်တည်း။ ပစ္စုပ္ပန္နံ၊ ရှေးရှုအသစ်ဖြစ်သည်။ ပါဒိပုဗ္ဗပဒကမ္မဓာရည်းဝိဂ္ဂိုဟ်။

## ၁၀၅–အပ္ပနာဇောတို့၏ အနည်းအများစောပုံကို ပြခြင်း

**မေး**။ ။အပ္ပနာဇော၊ သဘောပြစွာ၊ တကြိမ်သာ ဘယ်ဝီထိမှာ ကျသနည်း။

ဖြေ။ ။ဈာန်ကို ရှေးဦးစွာရသော အာဒိကမ္မိက ပုဂ္ဂိုလ်အား အပ္ပနာဇော တကြိမ်သာကျသည်။

ဈာန်ရပြီး၍ ပစ္စဝေက္ခဏာဝသီဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်သော ပုဂ္ဂိုလ်အား ကာမကုသိုလ် ကြိယာဇောသာ ၇-ကြိမ်ကျသည်။

သမာပဇ္ဇနဝသီဖြင့် ဈာန်ဝင်စားသော ပုဂ္ဂိုလ်အား အပ္ပနာဇောသည် ဘဝင်အယဉ်ကဲ့သို့ များစွာဖြစ်သည်။

အဓိဋ္ဌာနဝသီဖြင့် ကာလကိုပိုင်းခြား၍ ဝင်စားသော ပုဂ္ဂိုလ်အား ပိုင်းခြားသမျှ ကာလပတ်လုံး အပ္ပနာဇော ဖြစ်သည်။

ဝုဋ္ဌာနဝသီဖြင့် ဈာန်မှထသော ပုဂ္ဂိုလ်အား ထလိုသောအခါ၌ပင် အပ္ပနာဇောကို ရပ်စေနိုင်သည် ဟူပေ။

## ၁၀၆–တိက္ခ မန္ဒ ပုဂ္ဂိုလ်တို့၏ဝီထိ၌ ဖိုလ်ဇောအနည်းအများကို ပြခြင်း

မေး။ ။မဂ္ဂဝီထိ၊ ဖြစ်ဘိပုဂ္ဂိုလ်၊ နှစ်ပါးဆိုသော်၊ ဖိုလ်ကြိမ်ဘယ်က များသနည်း။

ဖြေ။ ။တိက္ခ ပညာ ပုဂ္ဂိုလ်မှာ ဝုဋ္ဌာနဂါမိ ဝိပဿနာဇောသည် ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၃-ကြိမ် ဖြစ်ပြီးမှ မဂ်စိတ်ဖြစ်ရကား ဇော ၇-ကြိမ် ပြည့်စေခြင်းငှါ ဖိုလ်စိတ် ၃-ကြိမ် ဖြစ်သည်။

မန္ဒပညာ ပုဂ္ဂိုလ်မှာ ဝုဋ္ဌာနဂါမိဝိပဿနာဇောသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ ၄-ကြိမ်ဖြစ်ပြီးမှ မဂ်စိတ်ဖြစ်ရကား နောက်ဖိုလ်စိတ် နှစ်ကြိမ်သာ ဖြစ်သည် ဟူပေ။

## ၁၀၇–မဂ်နောက် ဖိုလ်ဇော စောနိုင်ပုံကို ပြခြင်း

မေး။ ။နည်း၊ များ၊ ဖြာ်ရာ၊ အပ္ပနာမြောက်၊ ဇောနောက်ဘဝင်၊ ကျမြဲပင်ကို၊ ကြောင်းအင်ဘယ်တွက်၊ မဂ်အပ္ပနာ၊ ဖိုလ်အပ္ပနာတို့၊ ဆက်ကာဘယ့် ကြောင့်ဖြစ်သနည်း။

ဖြေ။ ။မဂ္ဂဿ ဂရုကမ္မဘာဝေန အာသန္နဘဝါနိပ္ပစ္စနေ သပတ္တတာယ မဂ္ဂါနန္တရံ ဝိပါက ပဝတ္တတိ– ဟူသော ဓာဋ္ဌိကာနှင့်အညီ မဂ်သည် ဂရုကံဖြစ်၍ အနီး၌ အကျိုးကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ကြောင့် မဂ်၏အခြားမဲ့ ၌ပင် ဖိုလ်ဟူသော အကျိုးဆက်ကာ ဖြစ်လေသည် ဟူပေ။

## ၁၀၈–သဗ္ဗညုတဉာဏ်ယူပုံကို ပြခြင်း

မေး။ ။အရဟတ္တမဂ်၊ ကိလေသာကို၊ ကြွင်းမဲ့ဖျက်၏၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ၃-တန်စုတွင်၊ သဗ္ဗညုတဉာဏ်၊ ကေန်ဘယ်သို့ ကောက်သနည်း။

ဖြေ။ ။မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ် ၃-ပါးတွင်ပစ္စဝေက္ခဏာ ဉာဏ်ကို သဗ္ဗညုတဉာဏ်ကောက်ရမည်ဟု ဖြေ။

## ၁၀၉–သဗ္ဗညုတဉာဏ်တော်ရရာ ဝီထိကို ပြခြင်း

မေး။ ။ဂုဏ်ပေါင်းစုသည့်၊ သဗ္ဗညုခေါ်၊ ရွှေဉာဏ်တော်ကို၊ သုံးတော်သခင်၊ ဆင်ခြင်အစ၊ ဘယ်ဝီထိမှာ ရသနည်း။

သဗ္ဗညုဉာဏ်၊ ဖြစ်ဟန်ခြင်းရာ၊ ဇောတော်မှာ၊ အပ္ပနာလော၊ ကာမလော။

ဖြေ။ ။ဝိမောက္ခော အရဟတ္တမဂ္ဂေါ၊ ဝိမောက္ခန္တေ အရဟတ္တဖလေ၊ တသ္မိံ ဝိမောက္ခန္တေ၊ ပဝတ္တံ ဉာဏံ ဝိမောက္ခန္တိကံ နာမ၊ သဗ္ဗညုတဉာဏဘာဝေါတိ- ဟူ၍ မိန့်အပ်သော ဥဒါန်းအဋ္ဌကထာ, ဤနည်းတူလာသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတို့ဖြင့် ဖြေအပ်၏။

**အဓိပ္ပါယ်ကား**။ ။အရဟတ္တမဂ်ဉာဏ်သည် ကိလေသာတို့မှ လွတ်သောကြောင့် **ဝိမောက္ခ** မည်၏။

ထိုဝိမောက္ခအမည်ရသော မဂ်၏အခြားမဲ့၌ ၃-ကြိမ်သော အရဟတ္တဖိုလ်စိတ်ဖြစ်သည်။

ထို့နောင်မှ ဖလသမာပတ္တိဝီထိ ဖြစ်သည်။ထိုဖိုလ်၏အဆုံး၌ ဥေယျဓမ်တရားကို အာရုံပြု၍ ဆင်ခြင်သော ပစ္စဝေက္ခဏာ ငါးဝီထိဖြစ်သည်။ ဤငါးဝီထိ၌ပါသော ဉာဏ်ကို **သဗ္ဗညုတဉာဏ်** ဆိုသည်။

ဝီထိကျဟန်ကား အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ရပြီးသော် ဥေယျဓမ်တရားကိုသိခြင်းငှာ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်အားဖြင့် ငါးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း ထို့နောင်ထိုဥေယျငါးပါးတို့တွင် တပါးပါးကို ပိုင်းခြား၍သိတတ်သောမဟာကြိယာဇော ၇-ကြိမ်, ထို့နောင် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ ဤနည်းအတူ ငါးဝီထိချရမည်။

သဗ္ဗညုတဉာဏ်ယှဉ်သော ဇောသည် **အပ္ပနာလော** **ကာမလော**ဟူရာ၌ သဗ္ဗညုတဉာဏံ ပန သဝိဘတ္တိ သဝိစာရမေဝ ကာမာဝစရမေဝ၊ လောကိယ- မေဝါတိ-ဟူသော ဉာဏဝိဘင်း အဋ္ဌကထာ။

သဗ္ဗညုတာဉာဏံ ပန ကာမာဝစရမေဝ၊ တထာ **အနာဝရဏဉာဏ**ဟူ၍လာသော မဇ္ဈိမနိကာယ် မဟာသီဟနာဒသုတ် အဋ္ဌကထာ။

ကေမေဝ ဉာဏံ သဗ္ဗညုတဉာဏံ အနာဝရဏ ဉာဏန္တိ ဝိသယပဝတ္တိ မုခေန အညေဟိ အသာဓာရဏဘာဝဒဿနတ္ထံ၊ ဒုဝိဓေန ဥဒ္ဒိဋ္ဌံ-ဟူသော ဥဒါန်း အဋ္ဌကထာတို့နှင့်အညီ ဥေယျဓမ်တရား ငါးပါးတို့တွင် တပါးပါးကိုအာရုံပြု၍ သိတတ်သော ကာမာဝစရဖြစ်သော မဟာကြိယာ ဉာဏသမ္ပယုတ် ဇော ၄-ခု၌ ယှဉ်သော ပညာစေတသိက်ကို သဗ္ဗညုတဉာဏ်ဟူ၍ ဆိုသည်။

ငါသိမြင်ခြင်း၌ ပိတ်ပင်တားဆီးခြင်း ရှိသေး၏ လောဟု တွေးတောသောကာလ အဆီးအတား မရှိပြီဟု သိသော ထိုမဟာကြိယာဇော၌ ယှဉ်သော ဉာဏ်ကိုပင် အနာဝရဏဉာဏ်ဟူ၍ ဆိုသည်။

### ၁၁၀–ဒေါသဇောနောင်ကျသော တဒါရုံဘဝင်များကို ပြခြင်း

မေး။ ။ဒေါသဇောနှင့်၊ အကြောင်းသင့်စွာ၊ ဘယ်တဒါရုံ၊ ဘယ်ဘဝင်လျှင် တုန့်သနည်း။

ဖြေ။ ။ဒေါသဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့၊ ဥပေက္ခာ တဒါရုံ ၆-ခုကျသည်။ တဒါရုံမကျသည်ဖြစ်အံ့၊ ဥပေက္ခာ ဘဝင်ခြောက်ခု ကျသည် ဟူပေ။

### ၁၁၁-အာဂန္တုက ဘဝင်ဖြစ်ပုံကို ပြခြင်း

မေး။ ။သောမနဿ၊ ရသည့်သန္ဓေ၊ နေလတ္တံ့မှာ၊ ဒေါသဖြာသော်၊ တဒါရုံမှာ ကျပါဦး-အံ့လော။

ဖြေ။ ။သောမနဿ ပဋိသန္ဓေ နေသောပုဂ္ဂိုလ်အား ဒေါသဇော ကျခဲ့သော် ၎င်းဇောနောင် သောမနဿ တဒါရုံ, သောမန ဘဝင်တို့လည်း မဖြစ်သင့်ရကား တဒါရုံဖြစ်ချင်းသည် မရှိပြီ၊

ဥပေက္ခာ သန္တီရဏစိတ်သည် ရှေးက လေ့ကျက်ဘူးသော ကာမအာရုံကို အာရုံပြု၍ အာဂန္တုက ဘဝင်တကြိမ် ဖြစ်ပြီးမှ သောမနဿ ဘဝင်ကျလေ သည်။

ထိုအနက်ကို ပြခြင်းငှါ–

> သောမနဿပဋိသန္ဓိကဿဒေါမနဿ သဟဂတဇဝနာဝသာနေ တဒါလမ္ဗဏ သမ္ဘဝေါ နတ္ထိ၊ တဒါ ယံကိဉ္စိ ပရိစိတပုဗ္ဗံ ပရိတ္တာရမ္မဏ-မာရဗ္ဘ ဥပေက္ခာသဟဂတသန္တီရဏံ ဥပ္ပဇ္ဇတိ၊ တမနန္တရိတွာ ဘဝင်္ဂပါ-တောဝ ဟောတိတိ ဝဒန္တိ အာစရိယာ–

ဟူ၍ မိန့်လေသည်။

### ၁၁၂-ဇောနှင့် တဒါရုံ ဘဝင်တို့ကို ပေဖန်၍ ပြခြင်း

ဝေဒနာတူ တဒါရုံ ဖြစ်ခြင်းကို အကျဉ်း မှတ်လွယ် စိမ့်သောငှါ ဂါထာပြလိုက် ဦးအံ့။

> ၁။ ပရိတ္တကုသလာဒေါသ- ပါပသာတ ကြိယာဇဝါ။
> ပဥ္စသွေက တဒါလမ္ဗံ၊ သုခိတေသု ယထာရဟံ။
>
> ၂။ ပါပါကာမသုဘာ စေဝ၊ သောပေက္ခာ စ ကြိယာဇဝါ။
> သောပေက္ခေသု တဒါလမ္ဗံ၊ ဆသွေက မနုရူပတော။

ပရိတ္တကုသလာဒေါသပါပသာတကြိယာဇဝါ၊ ကာမကုသိုလ် ဇောရှစ်ခု၊ ဒေါသကြဉ်သော အကုသိုလ်ဇော ၁၀၊ သောမနဿ ကြိယာ၂ ဇော ၅-ခုနောင်မှ။ ပဉ္စသု၊ ငါးပါးကုန်သော။ သုခိတေသု၊ သောမနဿ တဒါရုံတို့တွင်။ ကေ တဒါလမ္ဗ၊ တခုခုသော တဒါရုံသည်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဟောတိ၊ ဖြစ်၏။

ပါပါ စ၊ အကုသိုလ်ဇော ၁၂-ခုမှုရင်း။ ကာမသုဘာ စေဝ၊ မဟာကုသိုလ်ဇော ရှစ်ခုမှုရင်း။ သောပေက္ခာ စ ကြိယာဇဝါ၊ ဥပေက္ခာသဟဂုတ်ကြိယာဇော ၄-ခုမှုရင်း။ ပရံ၊ နောက်၌။ ဆသု၊ ၆-ပါးကုန်သော။ သောပေက္ခေသု၊ ဥပေက္ခာ တဒါရုံတို့တွင်။ ကေ၊ တခုခုသော တဒါရုံသည်။ အနုရူပတော၊ သတ္တာ၊ အာရုံ အားလျော်စွာ။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား။** ။လောဘမူ, မောဟမူ, မဟာကုသိုလ်ဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့ တဒါရုံ ဧကာဒသတွင် တခုခု၊ မကျသည်ဖြစ်အံ့ ပဥ္စဝေါကာရ ဘဝင် ၁၅-ခုတွင် တခုခုကျသင့်၏။

ဒေါသမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာ တဒါရုံ ၆-ခု။ မကျသည်ဖြစ်အံ့ ကာမ,ဥပေက္ခာ ဘဝင် ၆-ခုတွင် တခုခု ကျသင့်၏။

ဟသိတုပ္ပါဒ် ဇောနောင် တဒါရုံ ကျသည်ဖြစ်အံ့ သောမနဿ တဒါရုံ ၅-ခု၊ မကျသည်ဖြစ်အံ့ ပဥ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုတွင် တခုခုဖြစ်သင့်၏။

မဟာကြိယာ သောမနဿ ဇောနောင် တဒါရုံကျသည်ဖြစ်အံ့ သောမနဿ တဒါရုံ ၅-ခု၊ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသတို့တွင် တခုခုဖြစ်သင့်၏။

မဟာကြိယာ ဥပေက္ခာဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ ဥပေက္ခာ-တဒါရုံ ၆-ခု၊ မကျသည်ဖြစ်အံ့ တိဟိတ်ဘဝင် တေရသတို့တွင် တခုခုဖြစ်သင့်၏။ ဤသို့မှတ်လေ။

### ၁၁၃-တဒါရုံမဖြစ်သော အရာ ၁၀-ပါးကို ပြခြင်း

၁။ ပညတ်ကို အာရုံပြုသော ဇောနောင်ရှင်း၊

၂။ လက္ခဏာရေးကို အာရုံပြုသော ဝိပဿနာ ဇောနောင်ရှင်း၊

၃။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဇောနောင်ရှင်း၊

၄။ ရူပါ, ရူပ, မဟဂ္ဂုတ် အာရုံရှိသော ဇောနောင်ရှင်း၊

၅။ မိစ္ဆတ္တနိယတဓမ္မကို အာရုံပြုသော ဇောနောင်ရှင်း၊

၆။ သမ္မတ္တနိယတဓမ္မကို အာရုံပြုသော ဇောနောင်ရှင်း၊

၇။ လောကုတ္တရာ တရားကို အာရုံပြုသော ဇောနောင်ဝုင်း၊

၈။ အဘိညာဉ်ကို အာရုံပြုသော ဇောနောင်ဝုင်း၊

၉။ ပဋိသမ္ဘိဒါ ၄-ပါးကို အာရုံပြုသော ဇောနောင်ဝုင်း၊

၁၀။ ဒုဗ္ဗလဖြစ်သော ကာမာဝစရ အာရုံ၌ဝုင်း-တဒါရုံ မဖြစ်ဟူ၍ သမ္မော-အဋ္ဌကထာ၌ လာသည်။

ဆောင်ပုဒ်။ ။ပညတ်လက္ခဏာ၊ ဝုဋ္ဌာနာနှင့်၊ ရူပါရူပ၊ မိစ္ဆတ္တက၊ သမ္မတ္တ-နိယတာ၊ လောကုတ္တရာ့ဘိညာဉ်၊ သမ္ဘိဒါလေး၀၊ ကာမ-ဒုဗ္ဗလာ၊ အာရုံမှာ၌၊ တဒါရုံလှပ်၊ မချအပ်ဟု၊ ကျမ်းမြတ် အဋ္ဌ-ကထာ မိန့်သတည်း။

## ၁၁၄-အရိယာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ် ပဝတ္တိစိတ်တို့ကို ပြခြင်း

မေး။ ။သောတာပန်နှင့်၊ သကဒါဂါမ်၊ အနာဂါမ်အား၊ ပုဂ္ဂိုလ်များတို့၊ တည်ငြားသန္ဓေ၊ ဘယ်သည့် စိတ်နှင့် နေသနည်း။

မသေသမျှ၊ ပဝတ္တိကာလ၊ ရသည့်အညီ၊ ကိုယ်စီစိတ်ရ၊ ဘယ်မျှနည်း။

ဖြေ။ ။ကာမဘုံ၌ဖြစ်သော အရိယာ ၃-ယောက်တို့သည် မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ခုတို့ဘွင် တခုခုဖြင့် ပဋိသန္ဓေနေကုန်သည်။ ။ရူပဘုံ၌ ရူပ-ဝိပါက် ၅-ခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေ နေကုန်သည်။ ။အရူပဘုံ၌ အရူပ-ဝိပါတ် ၄-ခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေ နေကုန်သည်။ ပဝတ္တိ အခါ၌ကား—

ကာမသောတာပန်အား စျာန်မရမူ ၄၁။

စျာန်ရမူ ၅၀။

သကဒါဂါမ်လည်း ဤနည်းအတူပင်တည်း။

အနာဂါမ်အား စျာန်မရမူ ၃၉။

စျာန်ရမူ ၄၈—ရကြလေသည်။

## ၁၁၅-ဘုံပုဂ္ဂိုလ်ရ ဆောင်ပုဒ်ကို ပြခြင်း

ဤအရာ၌ ဆောင်ရွက်လွယ်စိမ့်သောငှာ ဘုံပုဂ္ဂိုလ်ရ စိတ်ရကို ချုံး၍ ပြလိုက်ပေအံ့။

၁။ ဒွိ, သု, ဒွိ, တိ၊ အဋ္ဌာရိ၊ ဘုံရှိပုဂ္ဂလာ။

၂။ အပါယ်လေးဘုံ၊ ဒွိ ဟိတ်ကြုံ၊ ယှုတုံတစ်စီသာ။

၃။ စာတုမဟာ၊ မနုဿာ၊ ဒွိ ခွာဆယ့်တစ်လာ။

၄။ ဒွိ, သု, ပယ်လတ်၊ ငါးဘုံနတ်၊ ရမှတ်ဆယ်စီသာ။

၅။ ဆယ်ဘုံပြဟ္မာ၊ ဒွိ, သု, ဒွါ၊ ပယ်ခွာယှုနဝါ။

၆။ အသညသတ်၊ ရုပ်သာမှတ်၊ ယှုလတ်သုဟိတ်သာ။

၇။ သုဒ္ဓါဝါဆို၊ နာဂါမ်ဖိုလ်၊ ထက်ကိုသုံးစီသာ။

၈။ ဒွိ, သု, ဒွိက၊ အောက်မဂ်, ချ၊ အဋ္ဌအရှုပါ။

၉။ ပုဂ္ဂိုလ်အပြား၊ ဝါကရား။ ကောက်ငြား ဘုံသုံးရွာ။

ဘုံပုဂ္ဂိုလ်ရ ပြီး၏။

---

## ၁၁၆-ကာမပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း

၁။ အကုသိုလ် ၁၂၊ ကုသိုလ် ၈၊ တွက်စစ် ဇောနှစ်ဆယ်။

၂။ အဟိတ်စိတ်မှ၊ သတ္တရ၊ ဟသိတုပ္ပါဒ်ပယ်။

၃။ သဘ္တိ ံသစိတ်၊ ပေါင်း၍ကျိတ်၊ ဒုဟိတ်ပုဂ္ဂိုလ်ဝယ်။

၄။ ၎င်းတွင်သာ၊ ဉာဏဝိပ္ပယုတ်၊ ဝိပါတ်စုတ်၊ ပုဂ္ဂိုလ်သုဂတိ။

၅။ ဒွိဟိတ္တာဥ္စ၊ ယင်းသာမျှ၊ ကေစတ္တာရိ။

၆။ တိဟိတ်ဖြစ်လာ၊ ယင်းတွင်သာ၊ ဉာဏသမ္ပယုတ်။

၇။ ဝိပါက်၄-ဖြာ၊ ဆင့်၍သာ၊ သချာစိတ်ရကုတ်။

၈။ ဈာန်ရဖြစ်လျှင်၊ ၉-ခုပင်၊ ရောတင်မဟဂ္ဂုတ်။

၉။ စတုပညာ၊ ဤသချာ၊ ကာမတိဟိတ်ပုဂ်။
ဤကား ပုထုဇဉ်ပုဂ္ဂိုလ် ၄-ယောက်တို့၏ စိတ်ရပေတည်း။

၁၀။ ၄-ပါးဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ပယ်ခွာတုံလို၊ အကုသိုလ်သတ်၊ သတ္တရသ်၊ ရမှတ် အဟေတု။

၁၁။ ကုသိုလ်ဝိပါက်၊ ၁၆-စွက်၊ တက်လော ဖိုလ်တခု။

၁၂။ ၄၁-မှန်၊ သောတာပန်၊ ရဟန်စိတ်အစု။

၁၃။ ဈာန်ရသည့်ပုဂ်၊ မဟဂ္ဂုတ်ယူ၊ ၉-ခုကူ ပေါင်းမူ ၅၀-ပြု။

၁၄။ သကဒါဂါမ်လည်း၊ ဤသို့နည်း၊ လည်း၍ဖိုလ်ကိုသာ။

၁၅။ တနုကရ၊ ပဋိဃ၊ ဤမျှထူးသည်သာ။

၁၆။ အနာဂါမ်မှာ၊ ယင်းတွင်သာ၊ ပယ်ခွာဒေါသပစ်။

၁၇။ နဝတိံသ၊ ဈာန်မရ၊ ရလျှင် ၄၈။

၁၈။ ဝိပါက်ကာမ၊ တေဝီသ၊ ကောဒသကြိယာ။

၁၉။ အရဟတ္တဖိုလ်၊ စွက်လိုသော်၊ ဗျည်းတိံသ၊ စိတ်ရ ရဟန္တာ။

၂၀။ ဈာန်ရဖြစ်လျှင်၊ ၉-ခုပင်၊ တင်လေကြိယာ၊ မဟဂ္ဂါ။

၂၁။ စတုစတ္တာလီ၊ အရညီ၊ ဤဘုံရဟန္တာ။

၂၂။ မဂ္ဂဋ္ဌာန်လေး၀၊ မိမိရသည့်၊ မဂ်မျှကိုသာ၊ ယူသင့်စွာ၏။

ကာမပုဂ္ဂိုလ်စိတ်ရ ပြီး၏။

---

## ၁၁၇-ရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း

၁။ ဒေါသမူပယ်၊ ဇောတဆယ်၊ ရဖွယ်အကုသိုလ်။

၂။ အဟိတ်စိတ်မှာ၊ ဃာနာဒိဆက္က၊ ဟသိ,ချ၊ ဒသတခုပို။

၃။ ကာမာဝစရ၊ ကုသလ၊ အဋ္ဌသွင်းစေလို။

၄။ ကုသိုလ်နဝ၊ ဝိပါက်မှ၊ ကျရာဘုံတွင်ဆို။

၅။ ၃၉-မျှ၊ တိဟိတ်ရ၊ ရူပဘုံပုဂ္ဂိုလ်။

၆။ သောတာပန္န၊ ဖြစ်ပြန်က၊ ရသည့်ဖိုလ်စိတ်တင်။

၇။ ဒိဋ္ဌိလေးဖြာ၊ စိတ်ကင်္ခါ၊ ခွာလေငါးခုပင်။

၈။ သကဒါနှင့်၊ အနာဂါမ်မူ၊ ဤနည်းတူ၊ လဲယူသူ့ဖိုလ်ပင်။

၉။ ပဉ္စတိံသ၊ စိတ်အရ၊ သေက္ခသုံးယောက်တွင်။

၁၀။ စက္ခုသောတ၊ ပဋိစ္ဆနှင့်၊ သုခ,သန္တီရဏာ၊ ပဉ္စဒွါက၊ ကြိယာဝီသ၊
ထက်ဖလ၊ ပါပတခုလျှင်။

၁၁။ ကေတိံသ၊ အရဟန္တ၊ ပဌမဈာန်ဘုံတွင်။

၁၂။ ထက်သုံးဘုံမှာ၊ ဖြစ်တုံလာ၊ ပါကာ,လဲ၍ယူဉ်။

ရူပပုဂ္ဂိုလ်စိတ်ရ ပြီး၏။

## ၁၁၈-အရူပပုဂ္ဂိုလ်စိတ်ရ ဆောင်ပုဒ်ကို ပြခြင်း

၁။ ဒေါ်သပယ်ရှား၊ဆယ်ပါး ပါပါ၊ မနာ၀ဋ္ဋ၊ ကုသလ၊ ကာမ,အရူပါ။

၂။ ပထမဝိပါက်၊ ဗွက်လေသုံး၊ ဇော၀ီသ၊ အရူပ ပုထုဇ္ဇာ။

၃။ သော,သ,နာဂါ၊ ဖြစ်တုံလာက၊ ကခါဒိဋ္ဌိ၊ ပယ်လိုက်ဘိ၍၊ မိမိဖလ၊ လောင်းစွက်ရ၊ ဂီသ,စိတ်ယူပါ။

၄။ ရဟန္တာမှာ၊ မနာ၀ဋ္ဋ၊ ကာမအရူပါ၊ ကြိယာနှင့်၊ အဂ္ဂါဖလ၊ ဘုံပါက၊ စိတ်ရပန္နရာ။

၅။ အထက်ဘုံတွင်၊ ဖြစ်၀ုံလျှင်၊ အောက်ခွင်အရူပ၊ စိတ်ကိုချ၊ ရသင့် လျော်စွာ ယူပေရာ။

အရူပပုဂ္ဂိုလ်စိတ်ရ ပြီး၏။

## ၁၁၉-ဆပညာသအရ ယထာသမ္ဘ၀ ယူရပုံကို ပြခြင်း

**မေး**။ ။ဆပညာသ၊ စိတ်အရကို၊တကွဆိုပြီ၊ပုဂ္ဂိုလ်တယောက်၌ပင်လော။

ဖြေ။ ။တယောက်မှာ မဟုတ်၊ သောတာပန်၊ သကဒါဂါမ် အနာဂါမ် သုံးပါးကို ပေါင်း၍ ဆိုသည်။ ယထာသမ္ဘ၀သာ ယူရမည်၊ ယူနည်းကိုလည်း ရေးကပြခဲ့ပြီ။

## ၁၂၀-သောတာပန် ပုဂ္ဂိုလ်အပြားကို ပြခြင်း

**မေး**။ ။သောတာပန်နှင့်၊ သကဒါဂါမ်၊ အနာဂါမ်ဆို၊ ပုဂ္ဂိုလ်သုံးပါး၊ ဂုဏ်ထူးခြား၊ ပြားသည် ဘယ်မျှစိတ်နည်း။

**ဖြေ**။ ။သောတာပန်သည် ဈာန်ရ, ဈာန်မရ အားဖြင့် နှစ်ပါးပြားသည်၊ ထိုနှစ်ပါးတို့တွင် ဈာန်ရ သောတာပန်သည် ဉာဏဝအရဟတ္တမဂ် ဖိုလ်ကို မရသော် ဗြဟ္မာပြည်သို့သာ သွားလေသည်။ အရဟတ္တမဂ် ဖိုလ်ကို ရသော် ပရိနိဗ္ဗာန်ပြုလေသည်။ ဈာန်မရသော သောတာပန်သည်လည်း-

၁။ ဧကဗီဇ-သောတာပန်,

၂။ ကောလံကောလ-သောတာပန်,

၃။ သတ္တက္ခတ္တုပရမ-သောတာပန်-ဟူ၍ သုံးပါးပြားသည်။

ထိုသုံးပါးတို့တွင် အကြင်ပုဂ္ဂိုလ်သည် ကြီးသောပညာ, ထက်သော ၀ိပဿနာ ရှိသည်ဖြစ်၍ သောတာပန်ဖြစ်ပြီးသည့်နောက် တဘ၀သာ ပဋိသန္ဓေ

နေ၍ အရဟတ္တမဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန်ယူ၏။ ထိုပုဂ္ဂိုလ်သည် ကောဗိဇ- သောတာပန် မည်၏။

အကြင်ပုဂ္ဂိုလ်သည် သောတာပန် ဖြစ်ပြီးသည့်နောက် နှစ်ဘဝရင်း, သုံးဘဝရင်း, လေးဘဝရင်း, ငါးဘဝရင်း, ခြောက်ဘဝရင်းဖြစ်၍ အရဟတ္တမဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန် ယူ၏၊ ထိုပုဂ္ဂိုလ်သည် ကောလံကောလ-သောတာပန် မည်၏။

အကြင် ပုဂ္ဂိုလ်သည် သောတာပန် ဖြစ်ပြီးသည့်နောက် ၇-ဘဝဖြစ်၍ အရဟတ္တမဂ်ဖိုလ်ကိုရ၍ နိဗ္ဗာန်ယူ၏။ ထိုပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ-သောတာပန် မည်၏။

ဤအနက်ကို ပြခြင်းငှာ သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဉာဏဝိဘင်း အဖွင့်၌–

> သတ္တာ ဟိ ဗုဒ္ဓတုလာယ တုလယိတွာ သဗ္ဗညုတဉာဏေန ပရိစ္ဆိန္ဒိတွာ အယံ ပုဂ္ဂလော သဗ္ဗမဟာပဉော, တိက္ခဝိပဿကော, ကေမေဝ ဘဝံ နိဗ္ဗတ္တေတွာ အရဟတ္တံ ဂဏှိဿတီတိ ကောဗီဇီတိ နာမံ အကာသိ။ အယံ ပုဂ္ဂလော ဒုတိယံ, တတိယံ, စတုတ္ထံ, ပဉ္စမံ, ဆဋ္ဌံ ဘဝံ နိဗ္ဗတ္တေတွာ အရဟတ္တံ ဂဏှိဿတီတိ ကောလံကောလောတိ နာမံ အကာသိ။ အယံ ပုဂ္ဂလော သတ္တမံ ဘဝံ နိဗ္ဗတ္တေတွာ အရဟတ္တံ ဂဏှိဿတီတိ သတ္တက္ခတ္တုပရမောတိ နာမံ အကာသိ–

ဟူ၍ မိန့်တော်မူသည်။

သခေ်ပဝဏ္ဏနာ ဆရာတော်ကား–

**သောတာပန်** ဖြစ်ပြီးနောက် လူ့ပြည်၌ ၆-ကြိမ်, နတ်ပြည်၌ **တကြိမ်** ပဋိသန္ဓေနေ၍ အရဟတ္တဖိုလ်သို့ရောက်၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည် ကောဗိဇ သောတာပန် မည်၏။

**သောတာပန်** ဖြစ်ပြီးနောက် လူ့ပြည်၌တကြိမ် နတ်ပြည်၌တကြိမ် **အားဖြင့်** နှစ်ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်ရင်း,

လူ့ပြည်၌တကြိမ် ပဋိသန္ဓေနေပြီးသော် နတ်ပြည်သို့သွား၍ ထိုနတ်ပြည်မှသည် လူ့ပြည်သို့ပြန်၍ ပဋိသန္ဓေတကြိမ်နေပြီးမှ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်ရင်း,

ဤသို့ နတ်ပြည်တကြိမ် လူ့ပြည်တကြိမ် ပြောင်းကာ ပြောင်းကာ ၄-ကြိမ် **ပဋိသ**န္ဓေနေ၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်ရင်း,

၅·ကြိမ် ၆·ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသော ပုဂ္ဂိုလ်သည်ရင်း ကောလံကောလ သောတာပန် မည်၏။

လူ့ပြည်, နတ်ပြည်, အရောရောအားဖြင့် ၇·ကြိမ် ပဋိသန္ဓေနေပြီးမှ အရဟတ္တဖိုလ်ကိုရ၍ နိဗ္ဗာန်ယူသောပုဂ္ဂိုလ်သည် သတ္တက္ခတ္တုပရမ သောတာပန် မည်၏။

လူ့ပြည်၌သာလျှင် ၇ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသောပုဂ္ဂိုလ်, နတ်ပြည်၌သာလျှင် ၇·ကြိမ် ပဋိသန္ဓေနေ၍ နိဗ္ဗာန်ယူသောပုဂ္ဂိုလ်ကို သတ္တက္ခတ္တုပရမ·ဟူ၍ မဆိုအပ်ဟု ပြတော်မူသည်။ ။ဤစကားသည် ကိုးစားရန် အဋ္ဌကထာ မရှိချေ။

၁၂၁—သကဒါဂါမိပုဂ္ဂိုလ်အပြားကို ပြခြင်း

သကဒါဂါမ်သည်လည်း—

ဤလူ့ပြည်၌ သကဒါဂါမိဖိုလ်သို့ရောက်၍ လူ့ပြည်၌ပင် အထက် မဂ်,ဖိုလ်ကိုရ၍ ပရိနိဗ္ဗာန်ပြုသော—

၁။ ဣဓ ပတ္တာ ဣဓ ပရိနိဗ္ဗာယီ....တမျိုး,

နတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ နတ်ပြည်၌ပင် အထက်မဂ်ကိုရ၍ ပရိနိဗ္ဗာန်ပြုသော—

၂။ တတ္ထ ပတ္တာ....တတ္ထ ပရိနိဗ္ဗာယီ....တမျိုး,

နတ်ပြည်၌ သကဒါဂါမ်ဖြစ်ပြီးသော် လူ့ပြည်သို့တကြိမ်လာ၍ အထက် မဂ်, ဖိုလ် ကိုရ၍ နိဗ္ဗာန်ယူသော—

၃။ တတ္ထ ပတ္တာ....ဣဓ ပရိနိဗ္ဗာယီ....တမျိုး,

လူ့ပြည်၌ သကဒါဂါမ်ဖြစ်ပြီးသော် နတ်ပြည်သို့သွား၍ အထက် မဂ်,ဖိုလ် ကိုရ၍ ပရိနိဗ္ဗာန်ယူသော—

၄။ ဣဓ ပတ္တာ....တတ္ထ ပရိနိဗ္ဗာယီ....တမျိုး,

လူ့ပြည်၌ သကဒါဂါမ်ဖြစ်ပြီးသော် နတ်ပြည်သို့ တကြိမ်သွား၍ တဖန် လူ့ပြည်၌ ပဋိသန္ဓေ နေလာပြန်ပြီးမှ နိဗ္ဗာန်ယူသော—

၅။ ဣဓ ပတ္တာ....တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ....တမျိုး,

ဤသို့အားဖြင့် သကဒါဂါမ်အပြား ၅·ပါးရှိသတည်း။

## ၁၂၂–အနာဂါမ်ပုဂ္ဂိုလ်အပြားကို ပြခြင်း

အနာဂါမ် ဟူသည်ကား–

ဤကာမသုဂတိဘုံ၌ တတိယ မဂ်, ဖိုလ်ကိုရပြီးသော် ဤဘဝ အရဟတ္တ မဂ်, ဖိုလ်ကို မရသေးသည်ဖြစ်အံ့၊ ကာမဘုံ၌ ပဋိသန္ဓေမနေ။ ဗြဟ္မာပြည် သာ ဖြစ်လေသော ပုဂ္ဂိုလ်သည် အနာဂါမ်မည်၏။

ထိုအနာဂါမ်သည် ဈာန်ရ, ဈာန်မရအားဖြင့် နှစ်ပါးရှိသည်တွင် ဈာန်ရပုဂ္ဂိုလ် မှာ ဗြဟ္မာပြည်သို့ သွားတန်စေ၊

ဈာန်မရသော သုက္ခဝိပဿက အနာဂါမ်သည် ဘယ်သို့ ဗြဟ္မာပြည်သို့ သွားနိုင်အံ့နည်း ဟူငြားအံ့–

သောပိ မရဏကာလေ ဈာနံ ကောဝ ဟုတွာ ဂစ္ဆတိ၊ ဂစ္ဆန္တော ဟိ မဂ္ဂန္တရေ စောရာဒီဟိ ဇီဝိတက္ခယံ ပါပေန္တော ဧသော၊ လက္ခဏတ္တယံ အာရောပေတွာ ဈာနိကာဝ ဣဿ မရဏံ ဟောတိ–

ဟူသော သင်္ခေပဋီကာနှင့်အညီ–

ထိုဈာန်မရသော အနာဂါမ်သည်လည်း သေခါနီးကာလ၌ဈာန်ရသည်ဖြစ်၍ ဗြဟ္မာပြည်သို့ သွားနိုင်၏။ ထိုစကားသည်မှန်၏။

အကြင် ဈာန်မရသော ပုဂ္ဂိုလ်အား ခရီးသွားစဉ် အကြား၌ ခိုးသားစသည် တို့သည် လိုက်သတ်၍ လျင်စွာ အသက်ဆုံးရသော်လည်း လက္ခဏာရေးသို့ တင်သဖြင့် ဈာန်နှင့် တကွသာလျှင် သေခြင်းသို့ ရောက်တတ်၏။ ထို့ကြောင့် ဗြဟ္မာဘုံသို့သာ လားနိုင်၏ဟူပေ။

ထိုအနာဂါမ်သည်–

၁။ အန္တရာ ပရိနိဗ္ဗာယိ အနာဂါမ်၊

၂။ ဥပဟစ္စ ပရိနိဗ္ဗာယိ အနာဂါမ်၊

၃။ အသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်၊

၄။ သသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်၊

၅။ ဥဒ္ဓံသောတ အကနိဋ္ဌဂါမိနီ အနာဂါမ်-
အားဖြင့် ငါးမျိုးပြား၏။

ထိုငါးမျိုးတို့တွင်–

အကြင်ပုဂ္ဂိုလ်သည် အကြင်ဘုံ၌ အနာဂါမ်၏အဖြစ်ဖြင့် ပဋိသန္ဓေနေ၍ အသက်တဝက်မတိုင်မီ အရဟတ္တဖိုလ်ကိုရ၍ ပရိနိဗ္ဗာန်ပြု၏၊ ထိုပုဂ္ဂိုလ်သည် အန္တရာ ပရိနိဗ္ဗာယီ မည်၏။

အသက်ထက်ဝက်ကိုလွန်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ် ပုဂ္ဂိုလ်သည် ဥပဟစ္စ ပရိနိဗ္ဗာယီ မည်၏။

သင်္ခါရ တရားတို့ကို သန့်ရှင်းသာစီးဖြန်း၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ် ပုဂ္ဂိုလ်သည် အသင်္ခါရ ပရိနိဗ္ဗာယီ မည်၏။

သင်္ခါရ တရားကိုကို အပင်အပန်းစီးဖြန်းမှ အရဟတ္တ မဂ်ဖိုလ်ကို ရ၍ ပရိ-နိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်သည် သသင်္ခါရ ပရိနိဗ္ဗာယီ မည်၏။

ဘုံစဉ်အဘိုင်းစံ၍ အကနိဋ္ဌဘုံသို့ရောက်မှ အရဟတ္တ မဂ်ဖိုလ်ကို ရ၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတ အကနိဋ္ဌ ဂါမိနီ မည်၏။

ပရိတ်ကြီးဋီကာ၌ အန္တရာ, ဥပဟစ္စ, ပရိနိဗ္ဗာယီကို ပုဂ္ဂိုလ်တဦးတည်း ယူသည်ကား မှားလေစွ။

## ၁၂၃–ရဟန္တာပုဂ္ဂိုလ်အပြားကို ပြခြင်း

ရဟန္တာပုဂ္ဂိုလ်သည်ကား –

စျာန်မှခြောက်သော သုက္ခဝိပဿက ရဟန္တာ၊

စျာန်ရသော စျာနလာဘီ ရဟန္တာ ဟူ၍ နှစ်ပါးပြားပေ၏။

ထိုအရိယာပုဂ္ဂိုလ်တို့သည် –

သဒ္ဓါဓုရ ရဟန္တာ၊ ပညာဓုရ ရဟန္တာ အားဖြင့်လည်း နှစ်ပါး ပြားပြန်၏။

အဘိညာ, ဓိပ္ပါဘိညာ၊ မန္ဒပညာ, တိက္ခပညာ အားဖြင့်လည်း နှစ်ပါးပြား သေး၏။

## ၁၂၄–အရိယာပုဂ္ဂိုလ် ၁၀၈-ယောက် ယူပုံကို ပြခြင်း

မေး။ ။ယေ ပုဂ္ဂလာ၊ အဋ္ဌသတံ၊ ပသဋ္ဌာ-လာ၊ အရိယာဖြစ်၊ တရာ ရှစ်ကို၊ ဝိဇ္ဇေဘယ်သို့ ကောက်သနည်း။

ဖြေ။ ။ကောဇ္ဇ သောတာပန် ကောလံကောလ သောတာပန် သတ္တက္ခတ္တုပရမ သောတာပန် ဟူ၍ ၃-ပါး။

ကာမသကဒါဂါမ်, ရူပသကဒါဂါမ်, အရူပသကဒါဂါမ် ဟူ၍ သကဒါဂါမ် ၃-ပါး အားဖြင့် ဤ ၆-ပါးသော ပုဂ္ဂိုလ်တို့သည် ပဋိပဒါ၏ အစွမ်းဖြင့် ၄-ပါးစီ ပြားရကား ၂၄-ပါးဖြစ်၏။

အန္တရာ ပရိနိဗ္ဗာယိ အနာဂါမ်, ဥပဟစ္စပရိနိဗ္ဗာယိ အနာဂါမ်, အသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်, သသင်္ခါရ ပရိနိဗ္ဗာယိ အနာဂါမ်, ဥဒ္ဓံသောတ အကနိဋ္ဌဂါမိနိ အနာဂါမ် အားဖြင့် ငါးဦးသော ပုဂ္ဂိုလ်တို့သည် အဝိဟာဘုံ, အတပ္ပါဘုံ, သုဒဿာဘုံ, သုဒဿီဘုံတို့၌ အသီးသီးရကုန်သည်။ အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံသောတကို ကြဉ်၍ ၄-ဦးသောပုဂ္ဂိုလ်တို့ကို ရကုန်သည်ဖြစ်ရကား အနာဂါမ် ၂၄-ပါး ဖြစ်၏။

သုက္ခဝိပဿက, သမထနိယျာနိက ဟူ၍ ရဟန္တာပုဂ္ဂိုလ် နှစ်ဦး, မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် လေးဦး၊ ဤအလုံးစုံကိုပေါင်းသော် ၅၄-ပါး ဖြစ်၏။

ထို ၅၄-ပါးကို သဒ္ဓါစရိုက်, ဝိပဿနာစရိုက် နှစ်ပါးဖြင့် မြှောက်သော် (တရာ့ ရှစ်ယောက်) ဖြစ်သတည်း။

ဤအကြောင်းကို ပရမတ္ထဒေ ာဘိက ပြည်သော သုတ္တနိပါတ် အဋ္ဌကထာ၌ လာသည်။

ဆောင်ပုဒ်။ ။သောတာ သကဒါ၊ ဤ ၆-ပြာ၌၊ ပဋိပဒါ ၄-ပါး၊ မြှောက် ပွားလေက၊ ဇောဒိသ။

နာဂါမ် ငါးပြ ၊ သုဒ္ဓါဝါ၊ ကောပယ်ချ၊ ဇောဗိသ။

ဒွေအရဟန္တာ၊ မဂ္ဂဋ္ဌာ၊ ပေါင်းပါတုံထ၊ ဇောပညာသ။

စရိုနှစ်ဖြာ၊ မြှောက်သောခါ၊ အဋ္ဌာသတ၊ ပုဂ္ဂိုလ်ရ။

၁၂၅—အပါယ်သတ္တဝါတို့မှာ ပညာ ာင်းသည်ကို ပြခြင်း

မေး။ ။ယေဘုယျနည်း၊ ဖြင်ပည်းသတ္တဝါ၊ ပါယ်လေးရွာမှာ၊ ပညာ စေတသိက် ရ၏လော။

ဖြေ။ ။အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တမျိုးသာ ရှိသည်။ ထိုပုဂ္ဂိုလ်တို့၏ စိတ်ရကိုလည်း ၃၇-ပါးသာ ကျမ်းဆရာတို့ပြသောကြောင့် ဉာဏသမ္ပယုတ်စိတ် ၄-ခုပါရကား ပညာစေတသိက်ရသည်ဟု ဆိုဖွယ်ရှိ၏။ ယင်းသို့ဆိုဖွယ်ရှိသော်လည်း မဆိုအပ်ချေ။ ဘယ့်ကြောင့်နည်းဟူမူ ဤ ၃၇-ပါးသော စိတ်သည် အလွန်အားဖြင့် ရထိုက်သောပုဂ္ဂိုလ်ကိုသာ ရည်၍ ပြသည်။

အလောင်းတော်ဖြစ်သော ကျေးမင်း, ခါမင်း, ဟင်္သာမင်း အစရှိသော ပုဂ္ဂိုလ်တို့၌သာ ရသင့်သည်။

ကုသိုလ်စိတ် မရထိုက်သောပုဂ္ဂိုလ်မှာ ကုသိုလ်စိတ်ကိုချ၍ ကုသလဝိပါက်စိတ်ကိုမျှ မရထိုက်သော ငရဲသူပြိတ္တာတို့မှာ ကုသလဝိပါက်စိတ်ကိုချ၍ယူရမည်။

ဤအကြောင်းကိုကား မိလိန္ဒပဥှာတွင် အရှင်နာဂသိန် ဖြေသောစကားကို ထောက်ထား၍ သိရမည်။

မင်းကြီးမေး။ ။အရှင်ဘုရား၊ အကြင်ပဋိသန္ဓေနေသော သတ္တဝါတို့သည် ယောနိသော မနသိကာရဖြင့် ပဋိသန္ဓေနေသလောဟု မေး၏။

မထေရ်ဖြေ။ ။မင်းကြီး၊ ယောနိသော မနသိကာရဖြင့်လည်း ပဋိသန္ဓေနေ၏။ ပညာဖြင့်လည်း ပဋိသန္ဓေနေ၏။ ပညာကင်းသော တပါးသော ကုသိုလ်ဖြင့်လည်း ပဋိသန္ဓေနေ၏ဟု ဖြေသော်—

မင်းကြီး။ ။အရှင်ဘုရား၊ ယောနိသော မနသိကာရသည်ပင် ပညာမဟုတ်လောဟု မေး၏။

မထေရ်။ ။မင်းကြီး ယောနိသော မနသိကာရလည်း အခြား, ပညာလည်း အခြားပင်တည်း။

မင်းကြီး၊ ဆိတ်, နွား, ကျွဲ, ကုလားအုတ်, မြည်း, မြင်း သတ္တဝါတို့အား မနသိကာရ တရားရှိ၏။ ထိုသတ္တဝါတို့အား ပညာမရှိ။ ထိုအောက် ယုတ်ညံ့သော သတ္တဝါတို့အားလည်း ပညာမရှိ။ ပညာယှဉ်သော စိတ်ပင်မဖြစ်ချေဟု ဖြေ၏။

## ၁၂၆—အပါယ်ဘုံသား အလောင်းတော်များတွင် ဉာဏ်ယှဉ်ပုံကို ပြခြင်း

မေး။ ။ဘုရားအလောင်း၊ ဆွဲဥဒေါင်းမင်း၊ ဝက်မင်းဒေသနာ၊ ဟောသော ခါဝယ်၊ လက္ခဏာဝေဖန်၊ ဉာဏ်ယှဉ်၏လော မယှဉ်လော။

ဖြေ။ ။ဖြည့်အပ်ပြီးသော ပါရမီရှိသော အလောင်းတော်တို့သည်တစုံ တခုသော အကုသိုလ်ကံကြောင့် တိရစ္ဆာန်ဘဝသို့ ရောက်ရငြားသော်လည်း ရပြီးသောဉာဏ်သည် မဘိမ်မကောပြီ။ ထို့ကြောင့် အလောင်းတော်ဖြစ်သော ဥဒေါင်းမင်း, ဟင်္သာမင်း စသည်တို့ တရားဟောသောအခါ လက္ခဏာရေး အားဖြင့် ဝေဖန်နိုင်သော ဉာဏ်ယှဉ်၏ဟု သိရမည်။

## ၁၂၇-မဟာဂုတ်ဇော ၁၈-ခုတို့၏ အနည်းအများ ဇောပုံကို ပြခြင်း

မေး။ ။တဆယ့်ရှစ်ဖြာ၊ ဈာန်မှာဝီထိ၊ အာဒိကမ္မိက၊ သမာပဇ္ဇန၊ အရသဘော၊ ဇောကြိမ်ဘယ်က များသနည်း။

ဖြေ။ ။မဟဂ္ဂုတ် ကုသိုလ်ဈာန် ၉-ပါး၊ ကြိယာဈာန် ၉-ပါးအားဖြင့် ၁၈-ပါးသော ဈာန်ကို ရအံ့သောပုဂ္ဂိုလ်၏ အာဒိကမ္မိကဝီထိ၌ အပ္ပနာဇောသည် တကြိမ်သာ ဖြစ်သည်၊ သမာပဇ္ဇနဝီထိ၌ကား ဘဝင်အယဉ်ကဲ့သို့ များစွာ အပ္ပနာဇော ဖြစ်သည်။

## ၁၂၈-အဘိညာဉ်ဝီထိဖြစ်ပုံကို ပြခြင်း

မေး။ ။အဘိညာဏ်တရား ၅ ပါး၊ ၆-ပါး၊ ၇-ပါး တွင်၊ တပါးပါး၌၊ ဝင်စားသည်ရှိ၊ ၄-ဝီထိမှာ၊ အသိသင်သင်၊ သိညာဉ်ဖြင့်သည်၊ ဘဝင်စပ်ယှဉ်၊ စိတ်စဉ် ဘယ်သို့ ဖြစ်သနည်း။

ဖြေ။ ။အဘိညာဉ်ဟူသည်ကား–

အဘိဝိသေသော ဉာဏော အဘိညာဏော။ ။အဘိဝိသေသော၊ ထူးမြတ်ကဲလွန်သော။ ဉာဏော၊ အသိဉာဏ်တည်း။ အဘိညာဏော၊ ထူးမြတ်ကဲလွန်သောအသိဉာဏ်။

ဤသို့သော ဝစနတ္ထဖြင့် ထူးမြတ်ကဲလွန်သောဉာဏ်ဟု သမုတ်အပ်သော အဘိညာဉ်သည်–

၁။ ဣဒ္ဓိဝိဓ၊ ၂။ ဒိဗ္ဗစက္ခု၊
၃။ ဒိဗ္ဗသောတ၊ ၄။ စေတောပရိယ၊
၅။ ပုဗ္ဗေနိဝါသ–ဟူ၍ ငါးပါးအပြား ရှိ၏။

ထိုငါးပါးတို့တွင် ယထာကမ္မူပဂနှင့် အနာဂတံသကို ထည့်သော် ၇-ပါး အပြားရှိ၏။

ရှေးအဘိညာဉ် ငါးပါးကိုကား သာသနာတော်၏ အပ၌ သုမေဓာ စသော တာပသ ဣသိတို့ပင် ရနိုင်ကြသည်။ ၇-ပါးလုံးကိုကား သာသနာတော်၏ အတွင်း၌ ဗုဒ္ဓသာဝက, ဈာန်လာဘီ ပုဂ္ဂိုလ်တို့သာ ရနိုင်ကုန်သည်။

ထို ၇-ပါးတို့တွင် ဣဒ္ဓိဝိဓ အဘိညာဉ် ဖြစ်ဟန်ကား သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော ကာမ, ရူပ, တိဟိတ်, ပုထုဇဉ်, သေက္ခ, ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏ ရူပကာယကို သတ္တ, သဟဿ စသည်ဖြစ်အောင် နိမ္မိတရုပ် ဖန်ဆင်းလို

လတ်သည်ရှိသော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ဘဝင်္ဂစလန, ဘဝင်္ဂု-ပစ္ဆေဒ၊ ထို့နောင် ပထဝီကသိုဏ်းကို အာရုံပြု၍ ဆင်ခြင်တတ်သော မနော-ဒွါရာဝဇ္ဇန်း, ထို့နောင် ထိုအာရုံကို အာရုံပြု၍ ပုထုဇဉ်, သေက္ခ ဖြစ်အံ့ မဟာ-ကုသိုလ် တတိယဒွေတို့တွင် တခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယ ဒွေတို့တွင် တခုခုသည်၊ မန္ဒပညာ ပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ဟု ၄-ကြိမ်၊ တိက္ခပညာ ပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူဟု ၃-ကြိမ် ဥပစာရသမာဓိ ဇောကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် ရူပကုသိုလ် ပဉ္စမဈာန်သည် ပုထုဇဉ်, သေက္ခအား၊ ကြိယာ ပဉ္စမဈာန်သည် ရဟန္တာပုဂ္ဂိုလ်အား ပါဒကဈာန်ဇောကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏၊ ထို့နောင် ဘဝင်—

ထို့နောင် သတံ ဟောမိ, သဟဿံ ဟောမိ အစရှိသည်ဖြင့် အဓိဋ္ဌာန် ဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် အဓိဋ္ဌာတဗ္ဗကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် ပုထုဇဉ်, သေက္ခဖြစ်အံ့ မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ ရှစ်ခုတို့တွင် တခုခုသည် အဓိဋ္ဌာန်ဇောကိစ္စ ၇-ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်—

ထို့နောင် အဘိညာဉ်၏အခြေဖြစ်သော ပါဒကဈာန်ကို ဝင်စားလိုလတ်သည် ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် ပထဝီကသိုဏ်းကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် ပုဂ္ဂိုလ်သည် ပုထုဇဉ်, သေက္ခ ဖြစ်အံ့ မဟာကုသိုလ် တတိယဒွေတို့တွင် တခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာ-ကြိယာ တတိယဒွေတို့တွင် တခုခုသည်၊ မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု လေးကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူဟု သုံးကြိမ် ဥပစာရသမာဓိ ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ရူပကုသိုလ် ပဉ္စမဈာန်သည် ပုထုဇဉ်, သေက္ခအား၊ ကြိယာပဉ္စမဈာန်သည် ရဟန္တာပုဂ္ဂိုလ်အား ပါဒကဈာန်ဇောကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်—

ထို့နောင် အဘိညာဉ်ဇောဝီထိ ဖြစ်လိုလတ်သည်ရှိသော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထို့နောင် မိမိရူပကာယ၏ သတ, သဟဿ အစရှိသော နိမ္မိတရုပ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် ပုဂ္ဂိုလ်သည် ပုထုဇဉ်, သေက္ခ ဖြစ်အံ့ မဟာကုသိုလ် တတိယဒွေတို့တွင် တခုခုသည်၊ ရဟန္တာဖြစ်အံ့ မဟာကြိယာ တတိယဒွေတို့တွင် တခုခုသည်၊ မန္ဒပညာ ပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ၄-ကြိမ်၊ တိက္ခ-

ပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, ဂေါတြဘူဟု ၃-ကြိမ် ဥပစာရ သမာဓိ ဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ရူပကုသိုလ်ပဉ္စမစျာန်သည် ပုထုဇဉ် သေက္ခအား၊ ကြိယာပဉ္စမစျာန်သည် ရဟန္တာပုဂ္ဂိုလ်အား၊ အဘိညာဉ် ဇောကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သ၍ ဖြစ်၏။ ကြွင်းသော အဘိညာဉ်တို့၌လည်း ဤနည်းအတူ ၄-ဝိထိစီ ချရမည်။

ဣဒ္ဓိဝိဓ အဘိညာဉ်၏ ပါဒကစျာန်ဝီထိမှာ ပသဝိကသိုဏ်းကို အာရုံပြု၍ ကြွင်းသော အဘိညာဉ်တို့၏ ပါဒကစျာန် ဝီထိမှာ အာလောက ကသိုဏ်းကို အာရုံပြုသည်သာ ထူး၏။

ဤအဘိညာဉ်ဝိထိသည် ဝိထိလက်ရိုးတို့၌ ရှိပြီးဖြစ်သော်လည်း စိတ်စဉ် ဘယ်သို့ ဖြစ်သနည်းဟု အမေးရှိသောကြောင့်ရင်း, အကျဉ်းနည်းကို သိစေ လို၍ရင်း ရေးလိုက်သည်။

## ၁၂၉-ဝသီဘော် ၅-ပါး ထူးခြားပုံ

မေး။ ။ဝသီဘော်ဝယ်၊ ငါးပါးသွယ်၊ ဘယ်ဝီထိနှင့်၊ ဘယ်ဝီထိမှာ ကျသနည်း။

ဖြေ။ ။စျာန်ကိုရပြီးသော စျာနလာဘီ ပုဂ္ဂိုလ်သည် မိမိရသော စျာန် ၌ရှိသော စျာန်အင်္ဂါကို ရှေးဦးစွာ ဆင်ခြင်သော ဝိထိသည် ပစ္စဝေက္ခဏာ **ဝီထိမည်၏။** ထို့နောင် ထိုစျာန် **အင်္ဂါ**တို့တွင် ဝိတက်ကို အာရုံပြု၍ ၄-ကြိမ်, ၅-ကြိမ်သော ဇော၊ ၂-ကြိမ်, ၃-ကြိမ်သော ဘဝင်၊ ဝိစာရကို **အာရုံပြု၍** ၄-ကြိမ် ၅-ကြိမ် သော ဇော၊ ၂-ကြိမ်, ၃-ကြိမ်သော ဘဝင်၊ ပီတိကို အာရုံပြု၍ရင်း၊ သုခကို အာရုံပြု၍ရင်း၊ ဧကဂ္ဂတာကို အာရုံပြု၍ရင်း ၄-ကြိမ်, ၅-ကြိမ်သောဇော၊ ၂-ကြိမ်, ၃-ကြိမ်သော ဘဝင်တို့ကို ဖြစ်စေလျက် **အဖန်** တလဲလဲ လေ့လာသော ပစ္စဝေက္ခဏာ ဝိထိသည် **အာဝဇ္ဇနဝသီ မည်၏။**

**သမာပဇ္ဇနဝသီ ဟူသည်ကား** စျာန်ကိုရပြီးသောပုဂ္ဂိုလ်သည် စျာန်ကို ဝင်စားလိုလတ်သော် နှစ်ကြိမ်, သုံးကြိမ်သော ဘဝင်ထက် အလွန်မဖြစ်မူ၍ ရုတ်ခြင်း အာဝဇ္ဇန်း၏ အခြားမဲ့၌ စျာန်ဇောတို့ကို ဘဝင်အယဉ်ကဲ့သို့ များစွာ ဖြစ်စေခြင်းတည်း။

**အဓိဋ္ဌာန ဝသီဟူသည်ကား ကာလကိုပိုင်းခြား၍ ဤမျှလောက်သော အခါပတ်လုံး ဘဝင်မကျစေပဲ စျာန်စိတ်ကိုသာ ဖြစ်စေအံ့ဟု ဆောက်တည်၍ ဝင်စားခြင်းတည်း။**

ဝုဋ္ဌာန ဝသိဟူသည်ကား လိုရာအချိန်၌ နိုးအောင်အိပ်နိုင်သော သူကဲ့သို့ ပိုင်းခြားတိုင်းသော ကာလကို မလွန်မူ၍ ဝင်စားသော စျာန်မှ ထမြောက်ခြင်းတည်း။

ပစ္စဝေက္ခဏာဝသီ ဟူသည်ကား စျာန်အင်္ဂါတို့ကို အနုလုံ, ပဋိလုံ အားဖြင့် ဆင်ခြင် ခြင်းပင်တည်း။ ။ထိုကြောင့် ဝိသုဒ္ဓိမဂ်၌–

ပထမဇ္ဈာနတော ဝုဋ္ဌာယ ပထမံ ဝိတက္ကံ အာဝဇ္ဇနတော။ ဘဝင်္ဂံ ဥပစ္ဆိန္ဒိတွာ ဥပ္ပန္နာဝဇ္ဇနာနန္တရံ ဝိတက္ကာရမ္မဏာနေဝ၊ စတ္တာရိ ပဉ္စ ဝါဇဝနာနိ ဇဝန္တိ။ တတော ဒွေ ဘဝင်္ဂါနိ၊ တတော ပုန ဝိစာရာရမ္မဏံ အာဝဇ္ဇနံ ဝုတ္တနယေနေဝ၊ ဇဝနာနီတိ ဧဝံ ပဉ္စဇ္ဈာနင်္ဂေသု ယဒါ နိရန္တရံ စိတ္တံ ပေသေတုံ သက္ကောတီတိ၊ အာဝဇ္ဇနဝသီ အာဝဇ္ဇနဝသီ သိဒ္ဓါ ဟောတိ။

အစရှိသည်ဖြင့် မိန့်အပ်ပြီ။

## ၁၃၀-စျာန်ဝင်စားတိုင်း အသက်ရှူ မရှူ

မေး။ ။သုမေဓာက၊ စသည်ရှင်ပုံ၊ စျာန်အဘိညာဉ်၊ ယှဉ်လတ်သောခါ၊ အသက်ရှူပါသေး၏လော။

ဖြေ။ ။စတုတ္ထစျာန် ဝင်စားခိုက်သော ပုဂ္ဂိုလ်ဟူသမျှသည် အဿာသ, ပဿာသ မရှိ၊ အသက်မရှူ ဟူပေ။

## ၁၃၁-သင်္ခါရ ၃-ပါး ရထိုက် မရထိုက် ပုဂ္ဂိုလ်များကို ပြဆိုရာ

မေး။ ။ကာယသင်္ခါရ၊ဝစီသင်္ခါရ၊စိတ္တသင်္ခါရ၊ဤသုံးဝကို၊မရကောင်းဆို၊ ပုဂ္ဂိုလ်ရေတွက် ဘယ်မျှနည်း။

ဖြေ။ ။ဤပြဿနာ၌ စုံလင်စွာ ရေးလိုက်အံ့။

တယော သင်္ခါရာ၊ ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရောတိ။ အဿာသပဿာသာ ကာယသင်္ခါရော၊ ဝိတက္ကဝိစာရာ ဝစီသင်္ခါရော၊ ဝေဒနာ စ သညာ စ စိတ္တသင်္ခါရော ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော။

( သင်္ခါရယမိုက် ပါဠိတော် )

သန်္ဒါ၊ သန်္ဒါရတရားတို့သည်။ ကာယသင်္ခါရော၊ ကာယသင်္ခါရရှင်း။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရရှင်း။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရရှင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးတို့ဟည်း။

အဿာသပဿာသာ၊ ထွက်သက် ဝင်သက်တို့သည်။ ကာယသင်္ခါရော၊ ကာယသင်္ခါရမည်၏။ ဝါ၊ကိုယ်ကိုပြုပြင်တတ်သော တရားမည်၏။

ဝိတက္က ဝိစာရာ၊ ဝိတက် ဝိစာရတို့သည်။ ဝစီသင်္ခါရော၊ ဝစီသင်္ခါရမည်၏။ ဝါ၊ ဝစီစေတနာသဒ္ဒကို ပြုပြင်တတ်သော တရားမည်၏။

ဝေဒနာ စ၊ ဝေဒနာသည်ရှင်း။သညာ စ၊ သညာသည်ရှင်း။ စိတ္တသင်္ခါရော၊ စိတ္တသင်္ခါရမည်၏။ ဝိတက္ကဝိစာရေ၊ ဝိတက် ဝိစာရတို့ကို။ ဌပေတွာ၊ ထား၍။ သဗ္ဗေပိ၊အလုံးစုံလည်းဖြစ်ကုန်သော။စိတ္တသမ္ပယုတ္တကာ၊ စိတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ စိတ္တသင်္ခါရော၊စိတ်ကိုပြုပြင်တတ်သော တရားမည်၏။

## ၁-ကာယသင်္ခါရကို ပြဆိုရာ

အဿာသပဿာသာ ကာယသင်္ခါရော– ဟူ၍ ဟောတော်မူအပ်သော ကာယသင်္ခါရ၏ သရူပဝိဘာဂဝါရ၌ အဇ္ဈတ္တိက စတုသမုဋ္ဌာနိကရုပ်ဟုဆိုအပ်သော ကရဇကာယ၏ အကျိုးဆက်ဖြစ်သော စိတ္တဇဝါယော ဓာတ်ဟုဆိုအပ်သော အဿာသပဿာသ သည် ကာယသင်္ခါရ မည်၏။

ထိုကာယသင်္ခါရသည် ဘုံအားဖြင့် ကာမ ၁၁-ဘုံတို့၌ဖြစ်၏။ ရူပ အရူပဘုံတို့၌ မဖြစ်။

ဈာန်အားဖြင့် ပထမဈာန်- ဇော ၂၀၊ ဒုတိယဈာန်ဇော- ၁၀၊ တတိယဈာန်-ဇော- ၁၀ တို့၌ ဖြစ်၏။ စတုတ္ထဈာန်ဇော ၁၈- ခုတို့၌ မဖြစ်။

စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ် ၁၀- ကြဉ်သော ကာမစိတ် ၄၄- ခုတို့၌ ဖြစ်၏။ ဒွေပဉ္စဝိညာဉ် ၁၀၊ မဟာဂ္ဂုတ်ဝိပါက်၉-ခု၊ ပဋိသန္ဓေ, စုတိ စိတ်၏ ရှေးဗာတ္တိံသမ စိတ်မှစ၍ စုတိတိုင်အောင်သော ကာလ၌ ဖြစ်သောစိတ်တို့၌ မဖြစ်။

ပုဂ္ဂိုလ်အားဖြင့် ၁- သေသောပုဂ္ဂိုလ်။ ၂-အမိဝမ်း၌ ကိန်းအောင်းသော ပုဂ္ဂိုလ်။ ၃- ရေငုပ်သောပုဂ္ဂိုလ်။ ၄- နိရောဓ သမာပတ်ကို ဝင်စားခိုက်သော ပုဂ္ဂိုလ်။ ၅- ၆- စတုတ္ထဈာန်ကိုဝင်စားသော ကာမပုဂ္ဂိုလ်, ရူပ, အရူပ ပုဂ္ဂိုလ်။ ၇- မိန်းမောသောပုဂ္ဂိုလ်၊ ဤ ၇- ဦးသောပုဂ္ဂိုလ်တို့၌ မဖြစ်။ ထိုမှကြွင်းသော ဗလဝါရမ္မဏာ ဖြစ်သော ကာမပုဂ္ဂိုလ်တို့၌သာ ဖြစ်၏။

## ၂-ဝစီသင်္ခါရကို ပြဆိုရာ

ဝိတက္ကဝိစာရာ ဝစီသင်္ခါရော- ဟူ၍ ဟောတော်မူအပ်သော ဝစီသင်္ခါရ၏ သရူပ ဝိဘာဂဝါရ၌ ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော ဝိတက်, ဝိစာရသည် ဝစီသင်္ခါရမည်၏။

ထိုဝစီသင်္ခါရသည် ဘုံအားဖြင့် စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ ၂၆-ဘုံတို့၌ ဖြစ်၏။ အသညသတ်ဘုံ၌ မဖြစ်။

ဈာန်အားဖြင့် မူလဘူတဖြစ်သော ပထမဈာန်ဇော ၂၀-တို့၌ ဖြစ်၏။ဒုတိယဈာန်ဇော ၁၀၊ တတိယဈာန်ဇော ၁၀၊ စတုတ္ထဈာန်ဇော ၁၈- ခုတို့၌ မဖြစ်။

စိတ္တုပ္ပါဒ်အားဖြင့် ဒွေပဉ္စဝိညာဉ် ၁၀- ကြဉ်သော ကာမစိတ် ၄၄-ခု၊ ရူပါဝစရ ပထမဈာန်ဝိပါက်, ဒုတိယဈာန်ဝိပါက်တို့၌ ဖြစ်၏။ ဒွေပဉ္စဝိညာဉ် ၁၀၊တတိယဈာန်ဝိပါက်, စတုတ္ထဈာန်ဝိပါက်, ပဉ္စမဈာန်ဝိပါက်, အရူပဝိပါက် လေးခုတို့၌ မဖြစ်။

ပုဂ္ဂိုလ်အားဖြင့် သေသောသူ၊နိရောဓသမာပတ်ကို ဝင်စားခိုက်သောပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ်တို့၌ မဖြစ်။ ထိုမှကြွင်းသော အလုံးစုံသော ကာမ, ရူပ, အရူပ ပုဂ္ဂိုလ်တို့၌ ဖြစ်၏။

## ၃-စိတ္တသင်္ခါရကို ပြဆိုရာ

ဝေဒနာ စ သညာ စ စိတ္တသင်္ခါရော ဌပေတွာ ဝိတက္ကဝိစာရေ, သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော-ဟူ၍ ဟောတော်မူအပ်သော စိတ္တသင်္ခါရ၏ သရူပဝိဘာဂ ဝါရ၌ စိတ်တခုယုတ် ကိုးဆယ်၏ အကျိုးဖြစ်သော ဝိတက် ဝိစာရမှ တပါးသော စေတသိက်ပညာသ သည် စိတ္တသင်္ခါရမည်၏။ ထိုစိတ္တသင်္ခါရသည် ဘုံအားဖြင့် စတုဝေါကာရလေးဘုံ၊ ပဉ္စဝေါကာရ ၂၆-ဘုံတို့၌ ဖြစ်၏။ အသညသတ်ဘုံ၌ မဖြစ်။

ဈာန်အားဖြင့် အလုံးစုံသော ဈာန်တို့၌ ဖြစ်၏။ စိတ္တုပ္ပါဒ်အားဖြင့် အလုံးစုံသော စိတ္တုပ္ပါဒ်တို့၌ ဖြစ်၏။ ပုဂ္ဂိုလ်အားဖြင့် သေသောပုဂ္ဂိုလ်,နိရောဓသမာပတ်ကို ဝင်းစားခိုက်သောပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်တို့၌ မဖြစ်။ ထိုမှကြွင်းသော အလုံးစုံသော ကာမ, ရူပ, အရူပ ပုဂ္ဂိုလ်တို့၌ ဖြစ်၏။ ဤသို့ ယမိုက်ဟောရိုးလာသည်ကို ထောက်၍—

ကာယသင်္ခါရ မရထိုက်သော ပုဂ္ဂိုလ် ၇- ပါး။
ဝစီသင်္ခါရ မရထိုက်သော ပုဂ္ဂိုလ် ၃- ပါး။
စိတ္တသင်္ခါရ မရထိုက်သော ပုဂ္ဂိုလ်လည်း ၃-ပါးဟူ၍ ဖြေ။

## ၁၃၂-တန်ခိုးပြရာတွင် ဘုရားရှင်နှင့် သာဝကတို့ဝီထိကျပုံ

မေး။ ။ရေ, မီး, အစုံ၊ ဂူဏ်ထူးပြရာ၊ ပြာဋိဟာတွင်၊ သာဝကနှင့် ဗုဒ္ဓ, ဘယ်သို့ထူးသနည်း။

ဖြေ။ ။ဘဂဝတော ပန ယမကပါဋိဟာရိယကာလာဒီသု လဟုကပရိဝတ္တိယံ စတ္တာရိ ပဉ္စ ဝါ ပစ္စဝေက္ခဏစိတ္တာနိ ဘဝင်္ဂန္တရိကာနိ ဝဒန္တိ။

(လက်သန်းအဋ္ဌကထာ)

> စတ္တာရိ ဝါ ပဉ္စ ဝါတိ စ ပနေတံ တိက္ခိန္ဒြိယ မုဒိန္ဒြိယ ပညာဝသေန ဝေဒိတဗ္ဗန္တိ အာစရိယ ဓမ္မပါလတ္ထေရေန ဝုတ္တံ၊ တသ္မာ ဘဂဝတော စတ္တာရိ၊ အညေသံ ပဉ္စပီတိ ယုတ္တံ ဝိယ ဒိဿတိ။
>
> (အဘိဓမ္မတ္ထသင်္ဂဟဒီပနီ)

**အဓိပ္ပါယ်ကား။** ။စတ္တာရိ ဝါ ပဉ္စ ဝါ ဟူ၍ သမုစ္စယ အနက်ရှိသော 'ဝါ' သဒ္ဒါကို ဆိုခြင်းကြောင့် ထက်သော ပညိန္ဒြေရှိသော ပုဂ္ဂိုလ်အား ၄-ကြိမ်၊ နုံ့သော ပညိန္ဒြေရှိသော ပုဂ္ဂိုလ်အား ၅-ကြိမ်စောသည်ဟု သိအပ်၏ဟူ၍ ဓမ္မပါလ ဆရာဆိုတော်မူသည်။

ထို့ကြောင့် ဘုရားသခင်အား ၄- ကြိမ် အရှင်သာရိပုတ္တရာ **စသော သာဝက တို့အား** ၅-ကြိမ် စော၏ဟူသော စကားသည် သင့်မြတ်၏ဟူလိုသည်။

> စတ္တာရိ ဝါ ပဉ္စ ဝါ တိ ဝိကပ္ပနတ္ထဝါသဒ္ဒေန ဘဂဝတော အစ္စာယိကကာလေ တီဏိ ဝါ စတ္တာရိ ဝါ ဇဝနစိတ္တာနိ ဘဝန္တီတိ ဂဟေတဗ္ဗာ။
>
> (မဓုဋီကာ)

**အဓိပ္ပါယ်ကား။** ။ စတ္တာရိ ဝါ ပဉ္စ ဝါ ဟူသောပုဒ်၌ ဝိကပ် အနက်ရှိသော ဝါ သဒ္ဒါဖြင့် မြတ်စွာဘုရားအား အသောတလျှင် ပြုချင်သော ကာလတို့၌ ၃-ကြိမ်၄ -ကြိမ်သော ပစ္စဝေက္ခဏာဇောစိတ်သည် ဖြစ်သေး၏ဟူ၍ ယူအပ်၏။

အဘယ်ကြောင့်နည်းဟူမူ စိတ္တိဿရိယဓမ္မ အရှင်မြတ် ဖြစ်တော်မူသောကြောင့်တည်း ဟူ၍ မိန့်ဆိုသည်။

## ၁၃၃-ဘုံ ၃-ပါး၌ မဂ်ရပုံချင်း မတူပုံ

မေး။ ။အရူပနှင့်၊ ရူပဘုံတွင်၊ မဂ်လေးအင်၊ မဂ္ဂင်ရှစ်ပါးစုံ၏လော။

ဖြေ။ ။ကာမဘုံ၌ မဂ်ကိုရကြသော ပုဂ္ဂိုလ်တို့သည် ၅-မျိုးပြား ကြကုန်သည်။ ထို ၅-မျိုးတွင်—

ပထမစျာန်မဂ်ကို ရသည်ဖြစ်အံ့၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်စိတ် ဖြစ်သည်။

ဒုတိယစျာန်မဂ်ကို ရသည်ဖြစ်အံ့၊ သမ္မာသင်္ကပ္ပကို ချန်၍ အင်္ဂါ ၇-ပါးသာ ရှိသော မဂ်စိတ် ဖြစ်သည်။

တတိယစျာန်, စတုတ္ထစျာန်, ပဉ္စမစျာန်မဂ်ကိုရသောသူအားလည်း ဤနည်းအတူ အင်္ဂါ ၇-ပါးရှိသော မဂ်စိတ် ဖြစ်သည်။

ဤအတူ ရူပဘုံ အရူပဘုံတို့၌ မဂ်ရသော မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့သည်လည်း ၅-မျိုးပင် ဖြစ်ရကား—

ပထမစျာန်မဂ်ကိုရအံ့၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဒုတိယ စျာန်မဂ် စသည်ကိုရအံ့၊ ရှစ်ပါးမပြည့်စုံ၊ အင်္ဂါ ၇-ပါးသာရှိ၏ဟု ဖြေ။

## ၁၃၄—နိရောဓသမာပတ်ကို ဝင်စားရာ၌ အာရုပ္ပဇော ၂-ကြိမ်သာ စောခြင်း

မေး။ ။နိရောဓမြတ်၊ သမာပတ်ကို၊ ဝင်လတ်သောခါ၊ စတုတ္ထာရုပ္ပေါ၊ နှစ်ကြိမ်စောမှု၊ ချုပ်ရရှာသည်၊ တကြိမ်နှင့်သာ မချုပ်လော။

ဖြေ။ ။တကြိမ်သော ဇောနှင့်သာလည်း မချုပ်၊ ထိုထက်လွန်၍လည်း ၃-ကြိမ်၊ ၄-ကြိမ် မစောဟူပေ။

ဘယ့်ကြောင့် လွန်၍ မစေ့သနည်းဟူမူ ရုပ်နှမ်း၍ အိပ်ချင်လှသောသူသည် ၄-ဝါကျ ၅-ဝါကျ ရှိသော ဂါထာကို သရဇ္ဈာယ်ပါသော်လည်း ၂-ဝါကျနှင့်သာ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့ နိရောဓ၏ ပယောဂကြောင့် ၂-ကြိမ်မျှ စော၍ သာလျှင် ချုပ်ခြင်းသို့ ရောက်၍။ ။ဤအဓိပ္ပါယ်ကို –

ကသ္မာ ပနဿ ဒွိန္နံ စိတ္တာနံ ဥပရိ စိတ္တာနိ န ပဝတ္တန္တိ၊ နိရောဓဿ ပယောဂတ္တာ၊ ဣဒဉှိ ဣမဿ ဘိက္ခုနော ဒွေ သမထဝိပဿနာ ဓမ္မေ ယုဂနဒ္ဓေ ကတွာ၊ အဋ္ဌသမာပတ္တိ အာရောဟနံ အနုပုဗ္ဗနိရောဓဿ ပယောဂေါ။ န ,နေဝသညာနာသညာယတန သမာပတ္တိယာတိ နိရောဓဿ ပယောဂတ္တာ ဒွိန္နံ စိတ္တာနံ ဥပရိ စိတ္တာနိ န ပဝတ္တန္တိ–

ဟူ၍ သာရတ္ထဒီပနီ(၁။နှာ–၃၇၃)၌ မိန့်သောကြောင့် သိရသည်။

### ၁၃၅-ပုဗ္ဗကိစ္စလေးပါး ဆုံးဖြတ်ချက်

မေး။ ။နိရောဓမှာ၊ ပုဗ္ဗကိစ္စ၊ ၄-ပါးမှန်ကို၊ ပြဟန်ခြင်းရာ ဘယ်သို့နည်း။

ဖြေ။ ။နိရောဓသမာပတ္တိံ သမာပဇ္ဇိတုကာမော ပုဂ္ဂလော၊ အာကိဉ္စညာယတနံ သမာပဇ္ဇိတွာ၊ တတော ဝုဋ္ဌာယ နာနာဗဒ္ဓအဝိကောပနံ, သံဃပဋိမာနနံ, သတ္ထုပက္ကောသနံ, အဒ္ဓါနပရိစ္ဆေဒန္တိ စတုဗ္ဗိဓံ ပုဗ္ဗကိစ္စံ ကတွာ သမာပဇ္ဇတိ–

ဟူသော ဒီပနီပါဌ်နှင့်ညီစွာ နိရောဓသမာပတ်ကို ဝင်စားလိုသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်သည် ပထမဈာန်မှသည် အာကိဉ္စညာယတနဈာန်တိုင်အောင် ဝင်စားပြီးသော် ထိုဈာန်မှထပြီး၍–

မိမိကိုယ်နှင့်စပ်သော ကပ်လျက်ဘည်သော သင်္ကန်း, သပိတ်, ပရိက္ခရာမှ တပါး အသီးသီးသော ဌာန၌ ထားအပ်သော သင်္ကန်း, သပိတ်, အိပ်ရာ, ညောင်စောင်း, ကျောင်း,ကန်, ကုဋိတို့ကို မီးစသော ရန်သူတို့သည် မဖျက်ဆီး စေသတည်းဟူ၍ ဓိဋ္ဌာန်ခြင်း၊

သံဃကိစ္စ သန္နိပါတရှိသည်ဖြစ်၍ သံဃာတို့ မြတ်နိုးတနာ တောင့်တရာ သော အကြောင်းရှိအံ့လောဟု တွေးတောခြင်း၊

ဘုရားဘုန်းမော် ခေါ်တော်မူသော အကြောင်းရှိအံ့လောဟု တွေး တောခြင်း၊

ငါ၏အသက်သည် ၇-ရက်အတွင်း၌ ပြတ်ကင်းကုန်ခန်းရာသော အကြောင်း ရှိအံ့သလောဟု မျှော်ကြည့်ခြင်း။

ဤကိစ္စ ၄-ပါးကို ပြုပြီး၍သာလျှင် ဝင်စားရ၏ ဟူလိုသည်။

နာနာဗဒ္ဓ အဝိကောပနဉ္စ ကာယပဋိဗဒ္ဓံ ပရိက္ခာရံ ၄ပေက္ခာ ဝိသုံ ဝိသုံ ၄ိတစိဝဟာဒိပရိက္ခာရဂေဟာနံ အဂ္ဂိအာဒိနာ အဝိနာသနတ္ထာယ အဓိဋ္ဌာနံ။ အဒ္ဓါနပရိစ္ဆေဒေါတိ ဇီဝိတကာလဿ ပရိစ္ဆေဒေါ၊ သတ္တာဟ-ဗ္ဘန္တရေ အပ္ပနော အာယုသင်္ခါရပ္ပဝတ္တိ ဩလောကနဉ္စ အတ္ထော။ (ဒီပနီ)

## ၁၃၆-နိရောဓသမာပတ်ကို ဝင်စားခြင်း အကြောင်း

မေး။ ။ကျောက်တိုင်အတိ၊ အည်ရုဘိသား၊ နိရောဓမှာ၊ ရဟန္တာအနာ-ဂါမ်၊ အရှင်မွန်တို့၊ ဘယ်အလိုကြောင့် ဝင်သနည်း။

ဖြေ။ ။ကသ္မာ သမာပဇ္ဇန္တိတိ သင်္ခါရာနံ ပဝတ္တိဘေဒေ ဥက္ကဏ္ဌိတွာ ဒိဋ္ဌေဝဓမ္မေ အစိတ္တကာ ဟုတွာ၊ နိရောဓံ နိဗ္ဗာနံ ပတွာ သုခံ ဝိဟရိဿာမာတိ သမာပဇ္ဇန္တိ-

ဟူသော ဝိသုဒ္ဓိမဂ်နှင့်ညီစွာ သင်္ခါရတရားတို့၏ ဖြစ်ခြင်းအကူး၌ ငြီးငွေ့ဆန့်ကျင်သော စိတ်ရှိသည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏အဖြစ်၌ စိတ်ဖြစ်ခြင်း မရှိ၊ နိရောဓ မည်သော နိဗ္ဗာန်ချမ်းသာကို ခံစားကာ နေအံ့ဟူ၍ ဝင်စားကုန်သတည်း။

## ၁၃၇-ကာမပုဂ္ဂိုလ်နှင့် ရူပပုဂ္ဂိုလ်တို့ နိရောဓ သမာပတ် ဝင်စားရာ ထူးခြားကြပုံ

မေး။ ။ကာမပုဂ္ဂိုလ်၊ ရူပပုဂ္ဂိုလ်၊ ထိုနိရောဓ၊ ဝင်စားကြသော်၊ ကာလ ဘယ်သို့ ထူးသနည်း။

ဖြေ။ ။ကာမပုဂ္ဂိုလ်မှာ ၇-ရက်မျှသာ ဝင်စားနိုင်သည်။ ရူပပုဂ္ဂိုလ်မှာ အလိုရှိတိုင်း ဝင်စားနိုင်သည်။

ဘယ့်ကြောင့် ကာမပုဂ္ဂိုလ်အား ၇-ရက်သာ ဝင်စား နိုင်သနည်းဟူမူ-

တထာ ကာလပရိစ္ဆေဒေါ ဒါရကာတော၊ တတ္ထ ယေဘုယျေန အာဟာ-ရူပဇီဝိနံ သတ္တာနံ ဥပါဒိန္နကပဝတ္တဿ ကေဒိသံ ဘုတ္တာဟာရဿ သတ္တာဟမေဝ ယာပနတော-

ဟူသော သာရတ္ထဒီပနီ (၁။၃၇၀)နှင့် ညီစွာ အာဟာရကိုမှီ၍ အသက်ရှည်ကုန်သော သတ္တဝါတို့အား တနေ့ သုံးဆောင်အပ်သော အာဟာရသည် ၇-ရက် ကာလပတ်လုံးသာလျှင် ဥပါဒိန္နကရုပ်ကို မျှတအောင် ထောက်ပံ့နိုင်သော အကြောင်းရှိသည်၏ အဖြစ်ကြောင့် ကာမပုဂ္ဂိုလ်တို့အား ၇-ရက်မျှသာ သမာပတ်ကိုဝင်စား၏ ဟူ၏။

## ၁၃၇-နိရောဓ သမာပတ်မှ ထသောအခါ အာရုံပြုပုံကို ပြခြင်း

မေး။ ။နိရောဓတက်၊ ပစ္စဝေက္ခဏာ၊ ဖြစ်သောခါ၊ အာရုံ ဘယ်သို့ပြုသနည်း။

ဖြေ။ ။နိရောဓဒွနသမာပတ္တိ နိဗ္ဗာနမေဝ အာရမ္မဏံ ကတွာ ပစ္စဝေက္ခတိ—

ဟူသည်နှင့်အညီ နိဗ္ဗာန်ကိုသာ အာရုံပြု၏ဟူပေ၏။

## ၁၃၈-ဈာန်နှင့် မဂ်ကို၏ ပစ္စဝေက္ခဏာဇောများကို ပြခြင်း

မေး။ ။ဈာန်ပစ္စဝေက္ခဏာ၊ မဂ်ပစ္စဝေက္ခဏာ၊ အာရုံထူးပြား၊ ဇောကြိမ် ဘယ်က မျှားသနည်း။

ဖြေ။ ။ဈာန်ပစ္စဝေက္ခဏာကို ဝိဘာဝိနီလက်ရိုး ဆရာတို့သည် ၄-ကြိမ်, ၅-ကြိမ် ချကြကုန်သည်။ ပဋ္ဌာန်းအရကောက်၍ကား ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ ပစ္စဝေက္ခတိ–ဟူသောပါဠိ၌ အရ၍ ၇-ကြိမ်ပင်ချသည်။ မဂ်ပစ္စဝေက္ခဏာကိုလည်း ဇော ၇-ကြိမ်ပင် ချသည်။ ထို့ကြောင့် ပဋ္ဌာန်းအရကောက် ဆရာတို့၏ အလိုအားဖြင့် ဇောကြိမ် အတူတူပင်ဟု ဖြေဆိုရမည်။

## ၁၃၉-ပစ္စဝေက္ခဏာ ဇောဝယ် အထူးမှတ်ဖွယ်

မေး။ ။ထိုပစ္စဝေက္ခဏာ၊ ဇောဖြစ်ရာ၌၊ အပ္ပနာလော၊ ကာမလော။

ဖြေ။ ။ပစ္စဝေက္ခဏာဇော ဟူသမျှသည် ကာမဇောချည်း မှတ်ရမည်။

## ၁၄၀-ဒိဋ်ပျော်စဉ်တွင် ထိုဘဝင် စိတ်ပင် ဆိုထိုက် မဆိုထိုက်

မေး။ ။ဖြစ်ခရေအယဉ်၊ ဘဝင်တွေကွေ၊ ဖြစ်လေရချက်၊ ဤအနက်လည်း စိတ်လက္ခဏာ မဟုတ်လော။

ဖြေ။ ။စိတ်လက္ခဏာ ဟုတ်၏ဟူပေ၊ ဟုတ်သော် ဘဝင်တွေတွေ့ကျ၍ အိပ်ပျော်သောအခါ၌ တစုံတခုသော အာရုံကို မသိခဲ့တကား။ ဘယ်သို့ စိတ်မည်ပါအံ့နည်း ဟူငြားအံ့။ "အာရမ္မဏံ စိန္တေတီတိ စိတ္တံ" ဟူသော ဝစနတ်သည် ထင်ရှားရာသို့ လိုက်၍ ဆိုအပ်သော ရုဠှီနည်းသာတည်း။ အဘယ် သဒ္ဒါ တို့ကဲ့သို့ နည်းဟူမူ-

ကုသလာကုသလေ ဓမ္မေ မနုတိ ဇာနာတီတိ မနုဿော-ဟူသော သဒ္ဒါတို့ ကဲ့သို့တည်း။ ဤဝစနတ္ထဖြင့် ကုသိုလ်, အကုသိုလ် တရားတို့ကို ခွဲခြား၍ သိတတ်သောကြောင့် မနုဿ မည်၏ဟူသော် မသိတတ်သော သူတို့လည်း အများရှိခဲ့သည်။ ထိုသူတို့ကား ဘယ်သို့ မနုဿ မည်အံ့နည်းဟူမူ၊ သိတတ်သောသူနှင့် သွင်, ပြင်, သဏ္ဌာန် တူသောကြောင့် သဒိသူပစာရ အားဖြင့် မနုဿ မည်၏ဟု ဆိုရသကဲ့သို့ ဘဝင်စိတ်တို့သည်လည်း အာရုံကို သိတတ်သော စိတ်တို့နှင့် ဇာတ်အားဖြင့် တူသောကြောင့် သဒိသူပစာရအားဖြင့် စိတ် ခေါ်၏ ဟူပေ။

မုချအားဖြင့် ဘယ်သို့ ဝိဂ္ဂြိုဟ်ဆိုသနည်းဟူမူ-

ကမ္မကိလေသေဟိ စိတံ တာယတီတိ စိတ္တံ-ဟူ၍ ပြုအပ်၏၊

ယံ ဝိပါကဝိညာဏံ၊ အကြင်ဝိပါက် ဝိညာဉ်သည်။ ကမ္မကိလေသေဟိ၊ ကံ ကိလေသာတို့သည်။ စိတံ၊ ဆည်းပူးအပ်သော အတ္တဘောကို။ တာယတိ၊ စောင့်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့အတ္တဘောကို စောင့်တတ်သော သတ္တိကြောင့်။ တံ ဝိပါကဝိညာဏံ၊ ထိုဝိပါက် ဝိညာဉ်သည်။ စိတ္တံ၊ စိတ်မည်၏။

ဤသို့ ဋီကာဆရာတို့ ဝစနတ်ပြုကြ၏ ဟူပေ။

ဤတွင် ဝီထိပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

# ၅-သုံပိုင်း

## ဘုံပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

### ၁၄၂-ဘုံမည်ခြင်း၏ အကြောင်း

**မေး။** ။သုံးဆယ့်တပါး၊ ပြားသည်ဌာန်၊ ဘုံနာမသည်၊ အန္ဒတ္ထလော၊ ရုဠ္ဍီလော။

**ဖြေ။** ။အနက်သို့အစဉ်လိုက်သော အမည်ဖြစ်၍ အန္ဂတ္ထသညာချည်း ဟူပေ။ ဘုံတို့၏ဝိဂ္ဂြိုဟ်ကို ပြဆိုလိုက်ဦးအံ့။

### အပါယ်ဘုံမည်ခြင်း၏အကြောင်း

ပုညသမ္မတာ အယာ ယေဘုယျေန အပဂတောတိ အပါယော။
ဘဝန္တိ သတ္တာ ဧတ္ထာတိ ဘူမိ။
**အပါယော စ သော** ဘူမိ စာတိ အပါယဘူမိ။

ယော ပဒေသော၊ အကြင်အရပ်သည်။ ပုညာဘမ္မတာ၊ ကောင်းမှုဟုသမုတ် အပ်သော။ အယာ၊ စည်းစိမ်ချမ်းသာမှ။ ယေဘုယျေန၊ များသောအားဖြင့်။ **အပဂတော**၊ ကင်းသည်ကည်း။ ဣတိတသ္မာ၊ ထိုသို့စည်းစိမ်ချမ်း**သာ**မှ ကင်း**သော သ**တ္တိကြောင့်။ **သော ပဒေသော**၊ ထိုအရပ်သည်။ အပါယော၊ **အပါယ** မည်၏။

ဧတ္ထ၊ ဤနေရာ၌။ သတ္တာ၊ သတ္တဝါတို့သည်။ ဘဝန္တိ၊ ဖြစ်ကတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သတ္တဝါတို့၏ ဖြစ်ရာဖြစ်သောသတ္တိကြောင့်။ ဘူမိ၊ဘုံမည်၏။

**အပါယော** စ၊ အပါယ်လည်း ဟုတ်၏။ သော၊ ထို အပါယ်ဟူသည်။ ဘူမိ စ၊ **ဘုံလည်းဟုတ်၏**။ ဣတိ၊ ထို့ကြောင့်။ အပါယဘူမိ၊**အပါယ်ဘုံမည်၏**။

အပါယ်လေးဘုံလုံးနှင့်ဆိုင်သော ဝိဂ္ဂြိုဟ်။ ယေဘုယျသဒ္ဒါဖြင့် စည်းစိမ် ချမ်းသာရှိသော နဂါး, ဂဠုန်တို့ကို စင်စေသည်။

### ၁၄၃-ကာမသုဂတိ မည်ခြင်း၏ အကြောင်း

သောဘနာ ဂတိ သုဂတိ။
ကာမတဏှာသဟစရိတာ သုဂတိ ကာမသုဂတိ။

သောဘနာ၊ တင့်တယ်ကောင်းမြတ်သော။ ဂတိ၊ ဖြစ်ခြင်းတည်း။ သုဂတိ၊ တင့်တယ်ကောင်းမြတ်သောဖြစ်ခြင်း။

ကာမတဏှာသဟာစရိတာ၊ ကာမတဏှာနှင့်တကွဖြစ်သော။ သုဂတိ၊ တင့်တယ်သောဖြစ်ခြင်းတည်း။ ကာမသုဂတိ၊ ကာမတဏှာနှင့်တကွ တင့်တယ်သောဖြစ်ခြင်း။ ဘူမိသဒ္ဒါနှင့် ရှေးနည်းအတူ ကမ္ဘာရည်းတွဲ။

## ၁၄၄-ငရဲဘုံမည်ခြင်း၏ အကြောင်း

အယတော သုခတော နိဂ္ဂတောတိ နိရယော။

ယော ပဒေသော၊ အကြင်အရပ်သည်။ အယတော သုခတော၊ ချမ်းသာမှ။ နိဂ္ဂတော၊ ကင်းလွတ်သည်တည်း။ ဣတိတသ္မာ၊ ထိုသို့ချမ်းသာမှ ကင်းလွတ်သော သတ္တိကြောင့်။ သော ပဒေသော၊ ထိုအရပ်သည်။ နိရယော၊ နိရယမည်၏။ ဝါ၊ နရက်မည်၏။

နှ, အက္ခရာကို ငအက္ခရာနှင့်လဲလှယ်၍ ငရဲခေါ်သည်။

## ၁၄၅-တိရစ္ဆာန်မည်ခြင်း၏အကြောင်း

တိရော အဉ္စိတာတိ တိရစ္ဆာနာ။

ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ တိရော၊ ဖီလာ။ အဉ္စိတာ၊ သွားတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ဖီလာသွားတတ်သော သတ္တိကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ တိရစ္ဆာနာ၊ တိရစ္ဆာန်မည်ကုန်၏။

လိုရာအရပ်သို့ ရှေ့ရှုမျက်နှာမူ၍မသွားပဲ အောက်သို့မျက်နှာမူ၍သွားရသောကြောင့် ဖီလာသွား၏ဟုလိုသည်။

တနည်းကား–ဥဒ္ဓံ အနုဂန္တွာ တိရိယံ အဉ္စိတာတိ တိရစ္ဆာနာ။

ယေ သတ္တာ၊ တို့သည်။ ဥဒ္ဓံ၊ အထက်သို့။ အနုဂန္တွာ၊ မတက်မူ၍။ တိရိယံ၊ ဖီလာ။ အဉ္စိတာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ တို့သည်။ တိရစ္ဆာနာ၊ တိရစ္ဆာန်မည်ကုန်၏။

လူတို့ကဲ့သို့ အထက်သို့မမြင့်ပဲ ဖီလာအားဖြင့် ကြီးပွား၍ဖြစ်တတ်၏ ဟုလိုသည်။ (သမ္မောအဋ္ဌကထာ ဝိဂ္ဂိုဟ်)

## ၁၄၆-ယောနိသဒ္ဒါ၏ အနက်အပြားကိုပြဆိုရာ

ယောနိသဒ္ဒါသည်–

၁။ တူသောအဖြစ်နှင့် စပ်သောအနက်၊

၂။ ရှေနှော့ခြင်းအနက်၊

၃။ အကြောင်းဖြစ်သောအနက်။ ဤ ၃-ပါးကိုဟော၏။

ယုဝန္တိ ဧတ္ထ သတ္တာ ကေဇာတိ သမ္ဗန္ဓံ ဟောတီတိ ယောနိ။

ဧတ္ထ၊ ဤဇာတ်၌။ သတ္တာ၊ သတ္တဝါတို့သည်။ ယုဝန္တိ ကေဇာတိ သမ္ဗန္ဓံ ဟောတိ၊ တူသောအမျိုး၌ ပေါင်း၍ဖြစ်ကုန်၏။ ဣတိ၊ ထိုကြောင့်။ ယောနိ၊ ယောနိ မည်၏။

အဖြူအနီစသော အဆင်းအားဖြင့်ရှင်း၊ အကြီး, အငယ်စသော သဏ္ဌာန် အားဖြင့်ရှင်း၊ မတူကြသော်လည်း ဤကား နွား, ဤကား ကျွဲ, ဟူ၍ သိအပ် သော သဏ္ဌာန်တူကြသော အဖြစ်ရှိသော ခန္ဓာကိုယ်သည် ယောနိ မည်၏ ဟုလိုသည်။

ယုဝန္တိ မိဿန္တိ သုက္ကသောဏိကာ ဧတေနာတိ ယောနိ။

ဧတေန၊ ဤမဂ်ဖြင့်။ သုက္ကသောဏိကာ၊ သုက်သွေးတို့သည်။ ယုဝန္တိ မိဿန္တိ၊ ရောယှက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ရောယှက်ကြောင်း ဖြစ်သော သတ္တိ ကြောင့်။ ယောနိ၊ ယောနိမည်၏။ (အင်္ဂါဇာတ်ရ၏။)

ယဝတိ ပဝတ္တတိ ဖလံ ဧတေနာတိ ယောနိ။

ဧတေန၊ ဤအကြောင်းဖြင့်။ ဖလံ၊ အကျိုးသည်။ ယဝတိ ပဝတ္တတိ၊ ဖြစ် တတ်၏။ ဣတိ၊ ထိုကြောင့်။ ယောနိ၊ ယောနိ မည်၏။ (အကြောင်းရ၏။)

ဤ သုံးပါးသော အနက်တို့တွင် တိရစ္ဆာနယောနိ ဟူသောပုဒ်၌ ယောနိ သဒ္ဒါသည် ခန္ဓာကိုယ်ကို ဟော၏။

တိရစ္ဆာနာနံ ယောနိ တိရစ္ဆာနယောနိ။

တိရစ္ဆာနာနံ၊ တိရစ္ဆာန်တို့၏။ ယောနိ၊ ခန္ဓာကိုယ်တည်း။ တိရစ္ဆာနယောနိ၊ တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်။

တိရစ္ဆာန်တို့မှာ မိမိတို့၏ ခန္ဓာကိုယ်သည်ပင် ဘုံမည်၏ဟုလိုသည်။

## ၁၄၇-ပြိတ္တာဟု ခေါ်ဆိုရခြင်း၏ အကြောင်း

ပကဋ္ဌေန သုခတော ဣတာတိ ပေတာ။

ယေ သတ္တာ၊ တို့သည်။ သုခတော၊ ချမ်းသာမှ။ ပကဋ္ဌေန၊ ဝေးသော အားဖြင့်။ ဣတာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ တို့ သည်။ ပေတာ၊ ပေတမည်ကုန်၏။

ပစ္စာဂတဘာဝေန ဣတာတိ ပေတာ။

ယေ သတ္တာ၊ တို့သည်။ ပစ္စာဂတဘာဝေန၊ အိမ်သို့ပြန်လာသော အဖြစ်ဖြင့်။ ဝါ၊ လူ့ဘုံသို့ ပြန်လာသော အဖြစ်ဖြင့်။ ဣတာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်" တေ သတ္တာ၊ တို့သည်။ ပေတာ၊ ပေတပည်ကုန်၏။

ပ,ဣတာ ဟု ပုဒ်ဖြတ်၊ ပ, ကား ပစ္စာဂတ အနက်ဟော ဤဝိဂ္ဂဟ်ကား ဝိနိပါတိက ပြိတ္တာကိုရည်သည်။

ပေတာနံ ဝိသယော ပေတ္တိဝိသယော။

ပေတာနံ၊ ပြိတ္တာတို့၏။ ဝိသယော၊ ဖြစ်ရာအရပ်တည်း။ ပေတ္တိဝိသယော၊ ပြိတ္တာတို့၏ ဖြစ်ရာအရပ်။

ပြိတ္တာတို့မှာ မိမိတို့၏ ဖြစ်ရာဌာနသည်ပင် ဘုံမည်၏ဟူလိုသည်။

၁၄၇–အသုရကာယ်မည်ခြင်း၏ အကြောင်း

ဣဿရိယကီဠာဒီဟိ န သုရန္တိ ဒိဗ္ဗန္တိတိ အသုရာ။

ယေ သတ္တာ၊ တို့သည်။ ဣဿရိယကီဠာဒီဟိ၊ အစိုးရခြင်း မြူးထူးခြင်း စသည်တို့ဖြင့်။ န သုရန္တိ န ဒိဗ္ဗန္တိ၊ နတ်ကဲ့သို့ မထွန်းပကုန်။ ဣတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အသုရာ၊ အသုရာမည်၏။

အသုရာနံ ကာယော အသုရကာယော။

အသုရာနံ၊ အသုရာတို့၏။ ကာယော၊ အပေါင်းတည်း။ အသုရကာယော၊ အသုရာတို့၏ အပေါင်း။

တောင်ခြေ တောအုပ်, သမုဒ္ဒရာအနီးအနားတို့သည် အသုရကာယ်တို့၏ နေရာဘုံမည်၏။

၁၄၈–မနုဿဟူသော ဝေါဟာရကိုပြခြင်း

မနော ဥဿန္နံ ဧတေသန္တိ မနုဿာ။

ဧတေသံ၊ ထိုသတ္တဝါတို့အား။ ဥဿန္နံ၊ မြတ်သော။ မနော၊ စိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုသို့မြတ်သောစိတ်ရှိသော သတ္တ်ကြောင့်။ တေ သတ္တာ၊ တို့သည်။ မနုဿာ၊ မနုဿမည်ကုန်၏။ စတုတ္ထီ ဗဟုဗ္ဗီဟိ၊ သမာသ်ဝိဂ္ဂဟ်။ (ဋီကာအလို)

ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿာ။

ယေ ပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ကုသလာကုသလေ၊ ကုသိုလ်, အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ မနတိ ဇာနာတိ၊ သိတတ်၏။

ဣတိတသ္မာ၊ ထို့ကြောင့်။ တေ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်ဟူသည်။ မနုဿာ၊ မနုဿ မည်ကုန်၏။ (ကစ္စည်းကျမ်းအလို ကိတ်ဝိဂ္ဂဟ်)

## ၁၅၀–စတုမဟာရာဇ်ဟု ခေါ်ဆိုရပုံ

စတုမဟာရာဇေ ဘဝါ စာတုမဟာရာဇိကာ။

စတုမဟာရာဇေ၊ ၄-ယောက်သော နတ်မင်းကြီးတို့၏နေရာ၌။ ဘဝါ၊ ဖြစ်ကုန်သည့်တို့တည်း။ စာတုမဟာရာဇိကာ၊ ၄ ယောက်သော နတ်မင်းကြီးတို့၏ နေရာ၌ ဖြစ်ကုန်သည်တို့။ (သာဝတဒ္ဓိတ်)

## ၁၅၁-တာဝတိံသာဟု ခေါ်ဆိုရပုံ

တေတ္တိံသ သဟပုညကာရိနော ဧတ္ထ နိဗ္ဗတ္တာတိ တာဝတိံသာ။

ဧတ္ထ၊ ဤနတ်ပြည်၌။ သဟပုညကာရိနော၊ ပေါင်း ကောင်းမှုပြုကြကုန်သော။ တေတ္တိံသာ၊ ၃၃ ကျိပ်, ၃-ဦးသောသူတို့သည်။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ၃-ကျိပ် ၃-ဦးသော သူတို့ဖြစ်ရာ ဖြစ်သော သတ္တ်ကြောင့်။ တာဝတိံသာ၊ တာဝတိံသာမည်၏။ (တေတ္တိံသ သဒ္ဒါကို တာဝတိံသာရေး၏ ဟူလိုသည်။)

## ၁၅၂-ယာမာဟု ခေါ်ဆိုပုံ

ဒုက္ခတော ယာတာ အပယာတာတိ ယာမာ။

ဒုက္ခတော၊ တောင့်တချခြင်းဆင်းရဲမှ။ ယာတာ အပယာတာ၊ ကင်းသည် တည်း။ ဣတိ၊ ထို့ကြောင့်။ ယာမာ၊ မာယာမည်။

## ၁၅၃-တုသိတာဟု ခေါ်ဆိုပုံ

အတ္တနော သိရိသမ္ပတ္တိယာ တုသံ ပီတိံ ဣတာ ဂတာတိ တုသိတာ။

အတ္တနော၊ မိမိ၏။ သိရိသမ္ပတ္တိယာ၊ ကျက်သရေရိပ်ငြိမ် မြတ်စည်းစိမ်ဖြင့်။ တုသံ ပီတိံ၊ နှစ်သက်မွေ့လျော်ခြင်းသို့။ ဣတာ ဂတာ၊ ရောက်ကုန်သည့်တို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ တုသိတာ၊ တုသိတာမည်၏။

## ၁၅၄-နိမ္မာနရတိဟု ခေါ်ဆိုပုံ

နိမ္မာနေ ရတိ ဧတေသန္တိ နိမ္မာနရတိနော။

ဧတေသံ၊ ထိုနတ်တို့အား။ နိမ္မာနေ၊ မိမိဖန်ဆင်းအပ်သော စည်းစိမ်၌။ ရတိ၊ မွေ့လျော်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ နိမ္မာနရတိနော၊ နိမ္မာနရတိ မည်ကုန်၏။

## ၁၅၅–ပရနိမ္မိတ ဝသဝတ္တီ ခေါ်ဆိုပုံ

ပရနိမ္မိတေသု ဘောဂေသု ဝသံ ဝတ္တေန္တီတိ ပရနိမ္မိတဝသဝတ္တိနော။

ဧတေသံ၊ ထိုနတ်တို့အား။ ပရနိမ္မိတေသု၊ သူတထူး ဖန်ဆင်းအပ်ကုန်သော။ ဘောဂေသု၊ စည်းစိမ်တို့၌။ ဝသံ၊ မိမိအလိုသို့။ ဝတ္တေန္တိ၊ လိုက်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သူတထူးဖန်ဆင်းအပ်သော စည်းစိမ်တို့ကို မိမိအလိုသို့ လိုက်စေတတ်သော သတ္တိကြောင့်။ တေ၊ ထိုနတ်တို့သည်။ ပရနိမ္မိတဝသဝတ္တိနော၊ **ပရနိမ္မိတဝသဝတ္တီတို့** မည်ကုန်၏။ (ဝသဝတ္တိပုဒ်၌ သ-တွင် သံယုတ်ကင်းစေ။)

## ၁၅၆-ရူပ ပထမဈာန် ၃-ဘုံကို ပြဆိုခြင်း

မဟာဗြဟ္မာနံ ပရိသတိဋ္ဌာနေ ဘဝါတိ ဗြဟ္မပါရိသဇ္ဇာ။

မဟာဗြဟ္မာနံ၊ မဟာဗြဟ္မာတို့၏၊ ပရိသတိဋ္ဌာနေ၊ ပရိသတ်အရာ၌။ ဘဝါ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗြဟ္မပါရိသဇ္ဇာ၊ **ဗြဟ္မပါရိသဇ္ဇာမည်ကုန်၏။**

မဟာဗြဟ္မာနံ ပုရောဟိတဋ္ဌာနေ ဘဝါတိ ဗြဟ္မပုရောဟိတာ။

မဟာဗြဟ္မာနံ၊ မဟာဗြဟ္မာတို့၏။ ပုရောဟိတဋ္ဌာနေ၊ ပုရောဟိတ်အရာ၌။ ဘဝါ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗြဟ္မပုရောဟိတာ၊ **ဗြဟ္မပုရောဟိတာ** မည်ကုန်၏။

ဈာနာဒီဟိ ဂုဏဝိသေသေဟိ ဗြူဟိတာ ပရိဝုဒ္ဓါတိ ဗြဟ္မာနော။

ယေ ပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ဈာနာဒီဟိ၊ ဈာန်အစရှိကုန်သော။ ဂုဏဝိသေသေဟိ၊ ဂုဏ်ကျေးဇူး အထူးတို့ဖြင့်။ ဗြူဟိတာ ပရိဝုဒ္ဓါ၊ ကြီးပွားတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဗြဟ္မာနော၊ **ဗြဟ္မာ** မည်ကုန်၏။

မဟန္တာ ဗြဟ္မာနော မဟာဗြဟ္မာနော။

မဟန္တာ၊ မြတ်ကုန်သော။ ဗြဟ္မာနော၊ ဗြဟ္မာတို့တည်း။ မဟာဗြဟ္မာနော၊ မြတ်ကုန်သော ဗြဟ္မာတို့။

## ၁၅၇-ဒုတိယဈာန် ၃-ဘုံကို ပြဆိုခြင်း

ပရိတ္တာ အာဘာ ဧတေသန္တိ ပရိတ္တာဘာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ ပရိတ္တာ၊ နည်းသော။ အာဘာ၊ အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပရိတ္တာဘာ၊ **ပရိတ္တာဘာ** မည်ကုန်၏။

**အပ္ပမာဏာ အာဘာ ဧတေသန္တိ အပ္ပမာဏာဘာ။**

ဧတေသံ၊ ထိုပြဟ္မာတို့အား။ အပ္ပမာဏာ၊ မနှိုင်းယှဉ်နိုင်သော။ အာဘာ၊ အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ အပ္ပမာဏာဘာ၊ **အပ္ပမာဏာဘာ** မည်ကုန်၏။

ဝလာဟကတော ဝိဇ္ဇု ဝိယ ဣတော စိတော စ အာဘာ သရတိ
နိဿရတိ ဧတေသန္တိ အာဘဿရာ။

ဧတေသံ၊ ထိုပြဟ္မာတို့အား။ ဝလာဟကတော၊ တိမ်တိုက်မှ။ ဝိဇ္ဇု ဝိယ၊ လျှပ်စစ်ကဲ့သို့၊ ဣတော စိတော စ၊ ထိုမှ ဤမှလည်း။ အာဘာ၊ အရောင်သည်။ သရတိ နိဿရတိ၊ ကွန့်မြူးထွက်ပြေးတတ်၏။ ဣတိ၊ ထို့ကြောင့်။ အာဘဿရာ၊ **အာဘဿရာ** မည်ကုန်၏။

**၁၅၇·တတိယဈာန် ၃-ဘုံကို ပြဆိုခြင်း**

ပရိတ္တာ သုဘာ ဧတေသန္တိ ပရိတ္တသုဘာ။

ဧတေသံ၊ တို့အား။ ပရိတ္တာ၊ အထက်ပြဟ္မာတို့အောက် နည်းသော။ သုဘာ၊ တခဲနက်ထွက်သော ကိုယ်ရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပရိတ္တသုဘာ၊ **ပရိတ္တသုဘာ** မည်ကုန်၏။

အပ္ပမာဏာ သုဘာ ဧတေသန္တိ အပ္ပမာဏသုဘာ။

ဧတေသံ၊ တို့အား။ အပ္ပမာဏာ၊ တပြင်တည်းတွင် မနှိုင်းယှဉ်အပ်သော။ သုဘာ၊ တခဲနက်ထွက်သော ကိုယ်ရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အပ္ပမာဏသုဘာ၊ **အပ္ပမာဏသုဘာ** မည်ကုန်၏။

သုဘေဟိ အာကိဏ္ဏာတိ သုဘကိဏှာ။

သုဘေဟိ၊ အရောင်အပေါင်း စုဆောင်း၍တင့်တယ်ခြင်းတို့ဖြင့်။ အာကိဏ္ဏာ၊ ပြွမ်းကုန်၏။ ဣတိ၊ ထို့ကြောင့်။ သုဘကိဏှာ၊ **သုဘကိဏှာမည်ကုန်၏။**

သုဘာကိဏ္ဏ ဆိုအပ်လျက် သဒ္ဒနီတိရာ၏ အကျိုးငှါ အာကိုလည်း အရဿ, ဏ ကိုလည်း ဟပြု၍ သုဘကိဏှ ဟု ဆိုလေသည်။

**၁၅၈·စတုတ္ထဈာန် ၇-ဘုံကို ပြဆိုခြင်း**

ဈာနပ္ပဘာဝနိဗ္ဗတ္တံ ဝိပုလံ ဖလံ ဧတေသန္တိ ဝေဟပ္ဖလာ။

ဧတေသံ၊ တို့အား။ ဈာနပ္ပဘာဝနိဗ္ဗတ္တံ၊ ဈာန်၏ အစွမ်းဖြင့် ဖြစ်သော။ ဝိပုလံ၊ ပြန့်ပြောသော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ဝေဟပ္ဖလာ၊ **ဝေဟပ္ဖိုလ်** မည်ကုန်၏။

နတ္ထိ သညာ ဧတေသန္တိ အသညာ။

ဧတေသံ၊ ထိုပြဟ္မာတို့အား။ သညာ၊ သညာအစရှိသော နာမ်တရားသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့သညာ အစရှိသော နာမ်တရားမရှိသော သတ္တိကြောင့်။ တေ၊ ထိုပြဟ္မာတို့သည်။ အသညာ၊ အသညာ မည်ကုန်၏။

အသညာ ဧဝ သတ္တာ အသညသတ္တာ။

အသညာ ဧဝ၊ သညာစသော နာမ်တရား မရှိသော ရုပ်အစုသာလျှင်။ သတ္တာ၊ သတ္တဝါတို့တည်း။ အသညသတ္တာ၊ သညာစသော နမ်တရားမရှိသော ရုပ်အစုသာလျှင် သတ္တဝါ။

တပါးသော ပုဂ္ဂိုလ်တို့၌ သတ္တသဒ္ဒါမထည့်မူ၍ အသညသတ်၌ သာလျှင် သတ္တ သဒ္ဒါထည့်၍ ဘယ့်ကြောင့် ခေါ်သနည်းဟူမူ ရုပ်အစုမျှသာ ဖြစ်သော ရေ,မြေ, သစ်ပင်များကဲ့သို့ နိဿတ္တ မှတ်မည်စိုးသောကြောင့် သတ္တသဒ္ဒါထည့်၍ အမည်ပေးသည် ဟူပေ။

သုဒ္ဓါနံ အာဝါသာတိ သုဒ္ဓါဝါသာ။

သုဒ္ဓါနံ၊ စင်ကြယ်ကုန်သော အနာဂါမ် ရဟန္တာတို့၏။ အာဝါသာ၊ နေရာတို့တည်း။ သုဒ္ဓါဝါသာ၊ စင်ကြယ်သော အနာဂါမ်ရဟန္တာတို့၏နေရာ။ (အစိတ်အစိတ်သောဘုံတို့၌ ဝိဂ္ဂိုဟ်မှာ ဋီကာတွင် ရှုလေ။)

## ၁၆၀·သတ္တဝါသ ဘုံကိုးဝကို ပြဆိုချက်

မေး။ ။သတ္တဝါသ၊ ဘုံကိုးဝကို၊ ဌာနဘယ်သို့ ခွဲမည်နည်း။

ဖြေ။ ၁။ နာနတ္တကာယ, နာနတ္တသညီ,

၂။ နာနတ္တကာယ, ဧကတ္တသညီ,

၃။ ဧကတ္တကာယ, နာနတ္တသညီ,

၄။ ဧကတ္တကာယ, ဧကတ္တသညီ,

၅။ ဧကတ္တကာယ, သညာနတ္ထိ,

၆။ အာကာသာနဉ္စာယတန,

၇။ ဝိညာဏဉ္စာယတန,

၈။ အာကိဉ္စညာယတန,

၉။ နေဝသညာနာသညာယတန–

အားဖြင့် ဘုံကိုးဝ ဖြစ်သတည်း။

ထိုဘုံကိုးဝတွင် လူ့ပြည် နတ်ပြည်အားဖြင့် ၇-ပါးသော သုဂတိဘုံတို့သည် သတ္တာဝါတို့၏ ကိုယ်သဏ္ဌာန်လည်း အထူးထူးအပြားပြား ပဋိသန္ဓေစိတ်လည်း အထူးထူးအပြားပြားဖြစ်၍ **နာနတ္တကာယ နာနတ္တသညီ** မည်၏။

အပါယ်လေးဘုံ ပဌမစျာန်သုံးဘုံ ဤ ၇ ပါးသော ဘုံတို့သည် သတ္တာဝါတို့၏ ကိုယ်သဏ္ဌာန်ကား အထူးထူးအပြားပြားရှိ၏။ ပဋိသန္ဓေ စိတ်မူကား ပဌမစျာန် ၃-ဘုံ၌ ပဌမစျာန် ဝိပါက်တခုသာ အပါယ်လေးဘုံ၌လည်း အကုသလဝိပါက် သန္တီရဏတခုသာ ရှိသည်ဖြစ်၍ **နာနတ္တကာယ,ဧကတ္တသညီ** မည်၏။

ဒုတိယစျာန်၃-ဘုံသည် သတ္တာဝါတို့၏ ကိုယ်သဏ္ဌာန် အရောင်အဝါကားတူ၏။ ပဋိသန္ဓေစိတ်ကား ဒုတိယစျာန်ဝိပါက်, တတိယစျာန် ဝိပါက်နှစ်ပါး ဖြစ်၍ **ဧကတ္တကာယ နာနတ္တသညီ** မည်၏။

တတိယစျာန် ၃-ဘုံ ဝေဟပ္ဖိုလ်ဘုံ သုဒ္ဓါဝါသဘုံ တို့သည် သတ္တာဝါတို့၏ကိုယ်သဏ္ဌာန်လည်းတူသည်။ ပဋိသန္ဓေစိတ်လည်း စတုက္က နည်းအားဖြင့် စတုတ္ထစျာန် ဝိပါက် တပါးသာ ဖြစ်သောကြောင့် **ဧကတ္တကာယ ဧကတ္တသညီ**မည်၏။

အသညသတ်သည် ကိုယ်သဏ္ဌာန်ကားတူ၏ စိတ်မရှိသောကြောင့် **ဧကတ္တကာယ သညာနတ္ထိ** မည်၏။

အရူပ လေးဘုံသည် သညာနတ္ထိတိ တပါးစီဖြစ်၍ လေးပါးယူရမည်။အဂုံတ္တိုရ် အဋ္ဌကထာ စသည်၌လာ၏။ ထို့ကြောင့် ရှေးဆရာတို့လည်း—

လူ့ပြည်နှင့်နတ်၊ သတ်လျှင်နာနာ၊
ပဌမစျာန်, လေးတန်ပယ်ခွင်၊ သတ်လျှင်နာဧ၊
ဒွေစျာန်နှစ်ရပ်၊ ဧနာဟတ်,
သညသတ်ပြည်၊ အသညီ,
ကြွင်းပြည်နဝါ၊ ဧ ဧသာ,
အရူပါမှ ဘုံလေးဝ,
သတ္တာဝါသာ၊ ဘုံကိုးရှာ—

ဟုစိတ်ဖြာဝေမ်ဲနအပ်သတည်း- ဟူ၍ မိန့်ကုန်၏။

## ၁၆၁-ပဥ္စဝေါကာရ, စတုဝေါကာရ ဧကဝေါကာရ ပြားပုံကို ပြခြင်း

**မေး။** ။ခန္ဓာတရား ၅-ပါး၊ ၄-ပါး၊ တပါးပြွမ်းရာ၊ သတ္တဝါ၊ ဘုံမှာ ဘယ်သို့ ဂေါက်သနည်း။

**ဖြေ။** ။အပါယ် ၄-ဘုံ, ကာမသုဂတိ ၇-ဘုံ, ရူပ ၁၅-ဘုံ။

ဤ ၂၆-ဘုံသည် ခန္ဓာငါးပါး ပြွမ်းလျက်ဖြစ်သောကြောင့် **ပဥ္စဝေါကာရ**ဘုံ မည်၏။

အရူပလေးဘုံသည် နာမက္ခန္ဓာ ၄-ပါးသာ ရှိသောကြောင့် **စတုဝေါကာရ**ဘုံ မည်၏။

အသညသတ်ဘုံသည် ရူပက္ခန္ဓာ တပါးသာရှိသောကြောင့် **ဧကဝေါကာရ**ဘုံ မည်၏။ ။ဤသို့ ဂေါက်လေ။

**ဝေါကာရ**၌ ဝေါသဒ္ဒါသည် ဝေါမိဿက ပုဒ်၌ကဲ့သို့ ရောပြွမ်းခြင်းအနက်ကို ဟော၏။ ။ဝေါမိဿိတွာ ကရောတီတိ ဝေါကာရော-ဟု ဝိဂြိုဟ်ပြုရမည်။

## ၁၆၂-ဘဝဂ်ရပ်မှာ အရိယာ ပြောင်းကာ ဖြစ်သင့်, မဖြစ်သင့်

**မေး။** ။အကနိဋ္ဌ၊ တက္ကဝေဟပ်၊ ဘဝဂ်ရပ်မှာ၊ အရိယာသည်၊ တခါ ဘုံပြောင်းဦးအံ့လော။

**ဖြေ။** ။ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။
န ပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာ နောပပဇ္ဇရေ-

ဟူသော နာမရူပ ပရိစ္ဆေဒပါဌ်ဖြင့် ဖြေ။

ဝေဟပ္ဖလေ စ၊ ဝေဟပ္ဖိုလ်ဘုံ၌၎င်း။ အကနိဋ္ဌေ စ၊ အကနိဋ္ဌဘုံ၌၎င်း။ ဘဝဂ္ဂေ စ၊ ဘုံတို့၏ အထွတ်အဖျားဆုံးဖြစ်သော နေဝသညာနာသညာ-ယတနဘုံ၌၎င်း။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ သဗ္ဗေ အရိယပုဂ္ဂလာ၊ အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့သည်။ ပုန၊ တဖန်။ အညတ္ထ၊ တပါးသောဘုံ၌။ န ဇာယန္တိ၊ မဖြစ်ကုန်။ ဗြဟ္မလောကဂတာ၊ ဗြဟ္မာပြည်သို့ ရောက်ကုန်သော။ အရိယာ၊ အရိယာ ပုဂ္ဂိုလ်တို့သည်။ ဟေဋ္ဌာ၊ မိမိ၏ ဖြစ်ရာမှ အောက်

အောက်သော ဘုံသို့။ နောပပဇ္ဇရေ၊ မဖြစ်ကြကုန်။
ယို ဂါထာကို မှီ၍ ဆရာတို့လည်း—

ဆောင်ပုဒ်။ ။ဝေဟပ်ကနိဋ္ဌ၊ နေဝသညာ၊ ဤ ၃-ပြာ၌၊ ရိယာဖြစ်က၊ အညာ-
ဘုံမှာ၊ မဖြစ်ပါပဲ၊ ထပ်ကာထပ်ကာ၊ ဤဘုံမှာဖြင့်၊ ခေမာ-
အမတ၊ နိဗ္ဗာန်ရသည်၊ ဘဝကူးဆိပ် ၃-ပါးတည်း—

ဟူ၍ မိန့်ဆိုလေသည်။

## ၁၆၃-အရူပမှာ မဂ်သောတာ ကင်းရာ၌ဝယ် သိမှတ်ဖွယ်

မေး။ ။အရူပမှာ၊ ပဌမမဂ်၊ ကျေးဇူးနက်ကို၊ စဉ်ဆက်ဘယ့်ကြောင့် မရသနည်း။

ဖြေ။ ။ပရတော ဃောသပစ္စယာဘာဝတော ပဌမမဂ္ဂေါပိ အရူပ-လောကေ န ဥပလဗ္ဘတိ—ဟူသော ဒီပနီပါဠိနှင့်အညီ ဘုရား ရဟန္တာစသော အရှင်မြတ်တို့၏ တရားဒေသနာသံတည်းဟူသော အထောက်အပံ့မရှိသည်၏ အဖြစ်ကြောင့် အရူပဘုံ၌ သောတာပတ္တိမဂ်ကို မရသည် ဟူပေ။

## ၁၆၄-သုဒ္ဓါဝါသဘုံ၌ ဖြဟ္မာအမြဲ ရှိ,မရှိကို ပြခြင်း

မေး။ ။သောင်းတိုက်သားတွင်၊ ဘုရားရှင်ကြွ၊ မပွင့်ပါသော်၊ သုဒ္ဓါ-ဝါသ မဆိတ်လော။

ဖြေ။ ။သုဒ္ဓါဝါသာ ဝိဝဋ္ဋပက္ခေ ဌိတာ န သဗ္ဗကာလိကာ၊ ကပ္ပသတ-သဟဿမ္ပိ အသင်္ချေယျမ္ပိ ဗုဒ္ဓါ သုည လောကေ န ဥပ္ပဇ္ဇန္တိ၊ သောဠသ-ကပ္ပသဟဿဗ္ဘန္တရေ ဗုဒ္ဓေသု ဥပ္ပန္နေသုယေဝ ဥပ္ပဇ္ဇန္တိ—
ဟူသော ပဋိသမ္ဘိဒါမဂ်, အဋ္ဌကထာဖြင့်ဖြေ။

သုဒ္ဓါဝါသာ၊ သုဒ္ဓါဝါသဘုံတို့သည်။ ဝိဝဋ္ဋပက္ခေ၊ ဝိဝဋ္ဋအဖို့၌။ ဌိတာ၊ တည်ကုန်သည်ဖြစ်၍။ န သဗ္ဗကာလိကာ၊ ခပ်သိမ်းသော ကာလ၌ မရှိကုန်။ ကပ္ပသတသဟဿမ္ပိ၊ ကမ္ဘာတသိန်းပတ်လုံးငင်း။ အသင်္ချေယျမ္ပိ၊ အသင်္ချေ ပတ်လုံးငင်း။ လောကေ၊ လောက၌။ ဗုဒ္ဓါ သုညေ၊ ဘုရားရှင်တို့ ဆိတ်ခဲ့သော်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ သောဠသကပ္ပသဟဿဗ္ဘန္တရေ၊ ကမ္ဘာ တသောင်းခြောက်ထောင်၏ အတွင်း၌။ ဗုဒ္ဓေသု၊ ဘုရားရှင်ပွင့်သည်။ ဥပ္ပန္နေ-သုယေဝ၊ ပွင့်တော်မူကုန်သော်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

## ၁၆၅-ဇာတိခေတ်မှ ပြင်ပသုဒ္ဓါဝါ ဘုံများမှာ ပြဟ္မာ ရှိသင့်-မရှိသင့်

**မေး။** ။သုဒ္ဓါဝါသ၊ နာမသမိုက်၊ သောင်းတိုက်ပြင်မှ၊ နန္တစကြဝဠာ၊ တည်လေရာမှာ၊ ပြဟ္မာတို့ ရှိလေ၏လော။

**ဖြေ။** ။သုဒ္ဓါဝါသေ ပန ဇာတိခေတ္တတော အပရဘာဂေ သတိပိ အနာဂါမိနံ တတ္ထုပပတ္တိ န ယုတ္တာ၊ တတ္ထ နိက္ကန္တိ အသိဒ္ဓိတော ဣဓ ဇာတာနံ ပန တတ္ထ ဝါသော ယုတ္တော၊ အနာကိဏ္ဏတာယ ဖာသုဝိဟာရဟေတုတ္တာ-ဟူသော ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပါဠ်ဖြင့် ဖြေ။

သုဒ္ဓါဝါသေ ပန၊ သုဒ္ဓါဘုံတို့သည်ကား။ ဇာတိခေတ္တတော၊ ဇာတိခေတ်မှ။ အပရဘာဂေ၊ ပြင်အဖို့၌။ သတိပိ၊ ရှိသော်လည်း။ အနာဂါမိနံ၊ အနာဂါမ် ပြဟ္မာတို့၏။ တတ္ထ၊ ထိုဘုံတို့၌။ ဥပပတ္တိ၊ ဖြစ်ခြင်းသည်။ န ယုတ္တာ၊ မသင့်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တတ္ထ၊ ထိုဘုံ၌။ နိက္ကန္တိ အသိဒ္ဓိတော၊ တပ်ခြင်းနှင့်မပြည့်စုံသောကြောင့်တည်း။ ဣဓ၊ ဤဇာတိခေတ်တွင်း၌။ ဇာတာနံ၊ ဖြစ်ကုန်သောပြဟ္မာတို့၏။ အနာကိဏ္ဏတာယ၊ မရောပြွမ်းသည်၏အဖြစ်ကြောင့်တည်း။ ဖာသုဝိဟာရဟေတုတ္တာ၊ ချမ်းသာစွာ နေခြင်း၏အကြောင်းဖြစ်သောကြောင့်ရင်း။ တတ္ထ၊ ထိုပြင်ဖြစ်သောဘုံတို့၌။ ဝါသော၊ နေခြင်းသည်။ ယုတ္တော၊ သင့်၏။

**အဓိပ္ပါယ်ကား။** ။ဇာတိခေတ်၏အတွင်း၌ သုဒ္ဓါဝါသဘုံသည် အမြဲတည်၏။ ပုဂ္ဂိုလ်ကား အမြဲမဘည်။ ဇာတိခေတ်၏ ပြင်၌ကား ဘုံသာရှိသည် ပုဂ္ဂိုလ်မငှိ၊ ဘယ့်ကြောင့်နည်းဟူမူ ထိုဘုံ၌တပ်တတ်သော နိကန္တိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်မရှိသောကြောင့် အနာဂါမ်တို့ဖြစ်ခြင်းငှါ မထိုက်သောကြောင့်တည်း၊ မနှောင့်ယှက်ခြင်း ချမ်းသာစွာ နေခြင်းအကျိုးငှါ ဤဇာတိခေတ်သားဖြစ်သော အနာဂါမ်, ရဟန္တာတို့သည် ရံခါသွား၍နေ၏ဟုလိုသည်။

## ၁၆၆–ငရဲသားများ သေဘေးကို ကြောက်-မကြောက်

မေး။ ။ငရဲခံသူ၊ မပူမြင့်ရှည်၊ ဆင်းရဲတည်လျက်၊ သေမည်ဘေးကို၊ **တွေး၍ကြောက်နိုင်သေး၏လော။**

ဖြေ။ ။သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော။

သဗ္ဗေ၊ ခပ်သိမ်းသောသူတို့သည်။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ ထိတ်လန့်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းသောသူတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ ကြောက်ကုန်၏။ ဤသို့ ဟောတော်မူသောကြောင့် ငရဲခံရသော သူတို့သည်

ငရဲထိန်းတို့ ခုတ်ခြင်း, ထိုးခြင်း, ရိုက်ခတ်ခြင်း တို့ကို ပြုသောဒဏ်မှလည်း ထိတ်လန့်ကုန်၏။ သေရအံ့သော ဘေးမှလည်း ကြောက်လန့်ကုန်၏ ဟူလိုသည်။

ဘုရား, ရဟန္တာတို့သည် အသောက်, ဝိရင်, ခေမ-ဟူသောပါဌ်ဖြင့် ဘယ်ဘေးကိုမှ မကြောက်ဟူ၍ ဟောတော်မူသည်မဟုတ်လော၊ ဘယ့်ကြောင့် သဗ္ဗေ ဘာယန္တိ မစ္စုနော ဟူ၍ ဟောတော်မူပြန်သနည်း-

ဤပါဠိ နှစ်ရပ်သည် ဆန့်ကျင်ကြ၏တကား၊ ဟူငြားအံ့ သဗ္ဗသည်-

၁။ အကြွင်းရှိသော သဝသေသသဗ္ဗ၊

၂။ အကြွင်းမရှိသော အနဝသေသသဗ္ဗ-

ဟူ၍ နှစ်ပါးရှိသည်တွင် သဗ္ဗေ ဘာယန္တိ မစ္စုနော ဟူသောပါဌ်၌ သဗ္ဗသဒ္ဒါသည် အကြွင်းရှိသော သဝသေသ သဗ္ဗ ဖြစ်သောကြောင့် ဘုရား, ရဟန္တာ ဟူသော ကိလေသာ ကုန်ပြီးသော ပုဂ္ဂိုလ်တို့ကိုထား၍ ထိုမှကြွင်းသော အလုံးစုံသောသတ္တဝါဟူသမျှကို ယူအပ်ရကား မဆန့်ကျင် ဟူပေ။

ဘုရား, ရဟန္တာ တို့သည် ဘယ့်ကြောင့် သေဘေးကို မကြောက်သနည်း ဟူငြားအံ့။ ပိမိ၌ အတ္တဘော၌ အိုခြင်း, နာခြင်း, သေခြင်း, ပဋိသန္ဓေနေရခြင်း စသော အပြစ်ကိုရှု၍ ငြီးငွေ့လှသောကြောင့် မကြောက်သည်ဟူပေ။

အတ္တဘော၌ အပြစ်မြင်ပုံကို မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၌ ဥပမာပြသည်ကား-

ယောကျ်ား တယောက်သည် အရွယ်အဆင်း, တင့်တယ်ခြင်းရှိသော မိန်းမတဦးအား တပ်သောစိတ် ရှိသည်ဖြစ်၍ အစား, အဝတ်ကို လောက်စွာပေး၍ အိမ်၌နေစေ၏။ ထိုမိန်းမသည် တပါးသော ယောကျ်ားတို့နှင့် ယှဉ်ပါးမြူးထူးခဲ၏။ လင်ယောကျ်ားက ငါသည် ဤမိန်းမအား ချီးမြှောက်ခြင်းနည်းပါး၍ အခြားသောသူနှင့် နှီးနှောလေသည်၊ တိုး၍ချီးမြှောက်ဦးအံ့ဟု ကြံလျက် တန်ဆာဝတ်စားတို့ကို တိုးပွား၍ ပေးပြန်၏။

ယင်းသို့ပေးသော်လည်း အခြားသူနှင့် နှီးနှောမြဲပင်နှီးနှောပြန်၏။ ထိုအခါ လင်ယောကျ်ားက ဤမိန်းမကား ငါ့အားမထောက်, မညှာ သူပြုလေရာကို သာ ပြုလေ့ရှိ၏။ ကြာသော် ငါ၏အကျိုးမဲ့ကို ပြုလတ္တံ့ဟု ထိတ်လန့်သည်ဖြစ်၍ စုံမက်ခြင်းမရှိပဲ အိမ်မှ နှင်ထုတ်လေ၏။ ထိုမိန်းမသည် သူတပါးတို့နှင့် သွားလာနေထိုင်သည်ကို မြင်သော်လည်း ခင်မင်သောစိတ်သည် ကင်းပြတ်၍ ဒေါမနဿသာဖြစ်လေ၏။

ထိုကဲ့သို့ အကြောင်ပုထုဇဉ်ပုဂ္ဂိုလ်သည် မိမိအတ္တဘောကို ချစ်ခင်ဟက်မက်သဖြင့် အစားကောင်း, အဝတ်ကောင်း, အနေ့ပွဲဒေါင်းတို့ဖြင့် ချိုးမြှင့်ပြုစုရကာနေစေ၏။ ထိုသို့နေစေပါသော်လည်း သွေး, လေ, ပျက် သလိပ် ပျက်ခြင်း စသောရောဂါဟူသော သူတပါးတို့နှင့် နှီးနှောခဲ့၏။ ငါသည် အချိုးအမြှောက်နည်း၍သာ ရောဂါနှင့် နှီးနှောလေသည်ဟု နှလုံးပြု၍ ပညာရှိတပါးတို့နှင့် တိုင်ပင်လျက် ဆေးဝါးကုသခြင်း စသည်ဖြင့် အလွန်ပြုစုပါသော်လည်း ထိုအတ္တဘောသည် ရောဂါဟူသော သူတပါးနှင့်သာ ရောနှောပြန်ခဲ့၏။ ဇရာစသော ရန်သူတို့နှင့်လည်း ပေါင်းဖက်ရောယှက်၏။ ထိုသို့ရောယှက်သော အတ္တဘော ၏အဖြစ်ကို မြင်လျှင် ယခင်မိန်းမကို အိမ်မှနှင်ထုတ်လေသကဲ့သို့ သင်အတ္တဘော၏ အလိုသို့ လိုက်ကာ အစဉ်အဆင် သိသရာ၌ ရှည်ကြာစွာ ငါပင်ပန်းရပြီ သင်မှုကား မညာ မထောက် ဇရာ၏နောက်, ဗျာဓိ၏နောက်, မရဏ၏နောက်သို့သာလိုက်တတ်စွာ လှ၏။ ယနေ့မှစ၍ သင့်အား ငါမပဲ့ပြီ၊ ပျက်လိုပျက် ကြေလိုကြေ, ဖြစ်ချင်တိုင်း ဖြစ်စေဟု နှလုံးသွင်း၍အတ္တဘောကောင်းမအောင်သော အာရုံပြုလေသောကြောင့် သေခြင်းကို မကြောက်သတည်း။

၁၆၇-ဇစ္စန္ဓာဒိဥ္ အာဒိသဒ္ဒါ၏ မာဒိဝန်ကို ပြဆိုခြင်း

**မေး။** ။ဇစ္စန္ဓာဒိ၊ ပုဒ်အရှိ၌၊ အာဒိအလို၊ ပုဂ္ဂိုလ် ဘယ်မျှယူမည်နည်း။

**ဖြေ။** ။ဇစ္စန္ဓာဒိနန္တိ ဧတ္ထ အာဒိဂ္ဂဟဏေန ဇစ္စဗဓိရ,ဇစ္စမူဂ,ဇစ္စဇဠ,ဇစ္စုမ္မတ္တက,ပဏ္ဍက, ဥဘတောဗျဉ္ဇနက, နပုံသက, မမ္မာဒီနံ သင်္ဂဟော–

ဟူသောဋီကာနှင့်အညီ ပဋိသန္ဓေအားဖြင့် နားပင်းသောသူ, ပဋိသန္ဓေအားဖြင့်အ သောသူ, ပဋိသန္ဓေအားဖြင့် မိုက်သောသူ, ပဋိသန္ဓေအားဖြင့် ရူးသွပ်သောသူ, ပဏ္ဍုက် ၄-ပါး, ဥဘတောဗျည်း, နပုံသက, မမ်းစုံသော သူအားဖြင့် ၁၁-မျိုးသော ပုဂ္ဂိုလ်တို့ကို ယူအပ်၏။

ပဋိသန္ဓေအားဖြင့် ကန်းသောသူပါ တကျိပ် နှစ်မျိုးတည်း။ ဤသူတို့သည် သုဂတိဘုံသားဖြစ်လျက် အဟိတ် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏဖြင့် ပဋိသန္ဓေ နေသောကြောင့် သုဂတိအဟိတ် ပုဂ္ဂိုလ်မည်ကုန်၏။

အလုံးစုံသော အဏ္ဍဇ, ဇလာဗုဇ သတ္တဝါတို့သည် ပဋိသန္ဓေအခါ၌ စက္ခုပသာဒ စသည်တို့မဖြစ်၊ သတ္တမ, သတ္တာဟမှစ၍ ဖြစ်ကြရကား အစက္ခုက, အသောတက ပဋိသန္ဓေချည်းဖြစ်၍ ဇစ္စန္ဓမည်ကောင်းရာ၏ ဟကားဟူငြားအံ့–

တထာပိ စက္ခာဒိဥပ္ပတ္တိနာရဟကာလေပိ စက္ခုပ္ပတ္တိ ဝိဗန္ဓက ကမ္မပ္ပဋိဗာဟိတသာမတ္ထိယေန ဒိန္နပဋိသန္ဓိနာ၊ ဣတရေနပိ ဝါ ကမ္မေန အနုပ္ပါဒေတဗ္ဗစက္ခုကော သတ္တော ဇစ္စန္ဓောနာမ–

ဟူသောဋီကာနှင့်အညီ ပဋိသန္ဓေအခါက မပါသော်လည်း စက္ခုဖြစ်ခြင်းငှါ

ထိုက်သောကာလ၌ စကျဖြစ်ကြသော သတ္တဝါသည် ဇစ္စန္ဓမည်။ သစကျကြ ပင်မည်သည်၊ စကျဖြစ်ထိုက်သောကာလ၌ စကျမဖြစ်ရအောင် တားမြစ်သော ကံ၏အစွမ်းဖြင့် ပေးအပ်သော ပဋိသန္ဓေရှိသော သတ္တဝါ တပါးသော အကုသိုလ်ကံကြောင့် မဖြစ်သော စကျပသာဒရှိသော သတ္တဝါသည် ဇစ္စန္ဓမည်၏။ ဖြစ်ပြီးမှ ပျက်စီးသောသူကို ဇစ္စန္ဓ ဟူ၍ မယူအပ်ဟုလိုသည်။ ဇစ္စဗဓိရ တို့၌လည်း နည်းတူယူလေ၊

၁၆၇-ပဏ္ဍုက်အပြား ၅ ပါး

ပဏ္ဍုက်သည်—

၁။ အာသိတ္တ-ပဏ္ဍုက်၊

၂။ ဥသူယျ-ပဏ္ဍုက်၊

၃။ ဩပက္ကမိက- ပဏ္ဍုက်၊

၄။ ပက္ခ-ပဏ္ဍုက် ဟူ၍ ၄-ပါး။

၅။ နပုံသက ပဏ္ဍုက်နှင့်သော် ၅-ပါးပြား၏။

ထို ၄ါးပါးတို့တွင်အကြင်သူသည် သူတပါး၏ အင်္ဂါဇာတ်ကို ခံတွင်းဖြင့်စုပ်၍ သုက်ကိုယူပြီးလျှင် မိမိအင်္ဂါ ဇာတ်တွင်း သွင်းလောင်းရာမှ ရာဂ၏ ပူပန်ခြင်း သည် ငြိမ်း၏၊ ထိုသူသည် အာသိတ္တပဏ္ဍုက်မည်။

အကြင်သူသည် သူတပါးတို့ မေထုန် ပျော်မွေ့သည်ကို ကြည့်၍ ငြူစူရာ ရာဂ၏ ပူပန်ခြင်းသည် ငြိမ်း၏။ ထိုသူသည် ဥသူယျပဏ္ဍုက် မည်၏။

အကြင်သူအား သူတပါးတို့သည် နှိပ်စက်၍ မျိုးစေ့တို့ကို ဖျက်ဆီး၏။ ထိုသူသည် ဩပက္ကမိက ပဏ္ဍုက်မည်၏၊

အကြင်သူအား ရှေးမကောင်းမှု ကံကြောင့် လဆန်းပက္ခ၌ အလွန်ပူပန်ခြင်း ဖြစ်၍ လဆုတ်ပက္ခ၌ ထိုပူပန်ခြင်းသည် ငြိမ်း၏။ လဆုတ်ပက္ခ၌ သော်လည်း အလွန် ပူပန်ခြင်းဖြစ်၍ လဆန်းပက္ခ၌ ငြိမ်း၏။ ထိုသူသည် ပက္ခပဏ္ဍုက် မည်၏။

အကြင်သူအား ပဋိသန္ဓေကပင် ဘာဝရုပ်မဖြစ်သောကြောင့် ဣတ္ထိနိမိတ်၊ ပုရိသနိမိတ်တို့ မရှိကုန်၊ ထိုသူသည် နပုံသကပဏ္ဍုက်မည်၏။

၁၆၈-ဥဘတောဗျည်း အပြားနှစ်ပါး

အကြင်သူအား နှစ်ပါးသော နိမိတ်တို့သည် ထင်ရှားဖြစ်၏။ ထိုသူသည် ဥဘတောဗျည်း မည်၏။ ထို ဥဘတောဗျည်းသည်—

၁။ ဠက္ခ ဥဘတောဗျည်း

၂။ ပုရိသ ဥဘတောဗျည်း ဟူ၍ နှစ်ပါးပြား၏။

ထို နှစ်ပါးတွင်—

ဣတ္ထိဥဘတောဗျည်းအား ဣတ္ထိနိမိတ်သည် အမြဲတည်၏။ တပါးသော ဣတ္ထိတို့နှင့် ရောနှောလိုသောအခါ ဣတ္ထိနိမိတ် ကွယ်၍ ပုရိသနိမိတ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် မိမိလည်း ကိုယ်ဝန်ယူနိုင်၏။ တပါးသော မိန်းမတို့ကိုလည်း ကိုယ်ဝန်ပေးနိုင်၏။

ပုရိသ ဥဘတောဗျည်းအား ပုရိသနိမိတ်သည် အမြဲတည်၏၊ တပါးသော ယောကျ်ားတို့နှင့် ရောနှောလိုသောအခါ ပုရိသနိမိတ်ကွယ်၍ ဣတ္ထိနိမိတ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် မိမိကား ကိုယ်ဝန်မယူနိုင် တပါးသော မိန်းမတို့ကိုသာ ကိုယ်ဝန်ပေးနိုင်၏။ ဤကား ကျမ်း၌လာသော စကားတည်း။

အချို့ကား ဣတ္ထိနိမိတ်,ပုရိသနိမိတ် နှစ်ပါးပင် ထင်ရှားရှိလျက် ပုရိသနိမိတ်သာ အောင်မြင်သည်။ အချို့လည်း ဣတ္ထိနိမိတ်သာ အောင်မြင်သည်။ ဤကား မျက်မြင်တည်း။

ဤ ပဏ္ဍုက်ငါးဦး ဥဘတောဗျည်းတို့တွင် အာသိတ္တပဏ္ဍုက်,ဥဿူယပဏ္ဍုက်တို့အား ရှင်ရဟန်းအဖြစ်ကို မြစ်တော်မမူ၊ ကြွင်းသော ပဏ္ဍုက်တို့ကိုသာ မြစ်တော်မူသည်။

ပက္ခပဏ္ဍုက်ကိုကား၊ အကြင်ပက္ခ၌ ပူပန်ခြင်းရှိ၍ ပဏ္ဍုက်ဖြစ်၏။ ထိုပက္ခ-၌သာ ရှင်ရဟန်းအဖြစ်ကို မြစ်တော်မူသည်ဟူ၍ ဝိနည်းအဋ္ဌကထာ, ဋီကာတို့၌ လာ၏။

မမ်းစွဲသောသူ ဟူသည်ကား- စကား တငေါ်ငေါ်ရှိသော သူတည်း။ အက္ခရာတလုံးကိုလျက် ၂-ကြိမ် ၃-ကြိမ်ဆပ်၍ ဆိုရသော သူတည်းဟု ပြခြင်းငှါ မဏိမဥ္ဇူသာဋီကာ၌—

> မမ္မော ဝုစ္စတိ အဖဋ္ဌဗလော ကေက္ခရမ္ပိ ဒ္ဒိက္ခတ္တုံ ဝါ တိက္ခတ္တုံ ဝါ ဥစ္စာရေအပုဂ္ဂလော-

ဟူ၍မိန့်၏။

## ၁၇၀–ဘုမ္မသိတ, သဒ္ဒါစသည်တို့၏ အဖွင့်ကိုပြဆိုရာ

မေး။ ။သုဂတိအဟိတ် ဘုမ္မိသိတာ၊ ဝိနိပါတိကာ၊ အသုရကို၊ ဋီကာ ဘယ်သို့ ဖွင့်သနည်း။

ဖြေ။ ။ဘုမ္မဒေဝေ သိတာ နိဿိတာ တဂ္ဂတိကတ္တာတိ ဘုမ္မသိတာ။

သုခသမုဿယတော ဝိနိပါတာတိ ဝိနိပါတိကာ–

ဟူ၍ဖွင့်သည်။

တဂ္ဂတိကတ္တာ၊ ထိုဘုမ္မစိုးနတ်တို့၏ အလားလျင် အလားရှိသောကြောင့်။ ဘုမ္မဒေဝေ၊ ဘုမ္မစိုးနတ်တို့ကို။ သိတာ နိဿိတာ၊ မှီ၍ဖြစ်ကုန်သည်တို့တည်း။ ဘုမ္မသိတာ၊ ဘုမ္မစိုးနတ်တို့ကိုမှီ၍ ဖြစ်ကုန်သည်တို့။

ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ သုခသမုဿယတော၊ ချမ်းသာ အပေါင်းမှ။ ဝိနိပါတာ၊ ကင်းကွာတတ်ကုန်၏၊ ဣတိတသ္မာ၊ ထိုသို့ချမ်းသာ အပေါင်းမှ ကင်းကွာတတ်သော သတ္တဝါကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့ သည်။ ဝိနိပါတိကာ၊ ဝိနိပါတိကတို့ မည်ကုန်၏။

ဒီပနိဋီကား–

ဘူမိယံ နိဿိတာ ဒေဝါ ဘုမ္မဒေဝါ၊ တဂ္ဂတိကတ္တာ ဘုမ္မ-
ဒေဝေ သိတာ နိဿိတာတိ ဘုမ္မသိတာ–

ဟူ၍ ဖွင့်၏။

ဘူမိယံ၊ မြေ၌။ နိဿိတာ၊ မှီ၍နေကုန်သော။ ဒေဝါ၊ နတ်တို့တည်း။ ဘုမ္မဒေဝါ၊ မြေ၌မှီ၍နေကုန်သောနတ်တို့။ ပရမေသုရာ, သာတာဂိရိ အစရှိသော ဘုမ္မစိုးနတ်တို့ကိုရ၏။

တဂ္ဂတိကတ္တာ၊ ထိုဘုမ္မစိုးနတ်တို့၏ အလားလျင် အလားရှိခြင်းကြောင့်။ ဘုမ္မဒေဝေ၊ ဘုမ္မစိုးနတ်တို့ကို။ သိတာ နိဿိတာ၊ မှီ၍ဖြစ်ကုန်သည်တို့တည်း။ ဘုမ္မသိတာ၊ ဘုမ္မစိုးနတ်တို့ကိုမှီ၍ ဖြစ်ကုန်သည်တို့။ ဝိနိပါတိကအသုရာကို ရ၏။

တောင်၏အတွင်း ရေ,မြေ၏ အတွင်း ကျင်း, လိုဏ်ခေါင်းတို့၌ ကံအား လျော်စွာ ဗိမာန်ပေါက်၍ ထိုဗိမာန်၌ နေကုန်သောနတ်တို့ကို ဘုမ္မစိုးနတ်ဟူ၍ ဆိုသည်။

ထိုဘုမ္မစိုးနတ်တို့တွင် အချို့နတ်ကား အလွန်ဟန်ခိုးကြီးသည်၊ သား, မြေး, အခြံအရံများသည်။ အသက်လည်း ရှည်သည်ဖြစ်၍ ဘုရားနှစ်ဖြစ်, သုံးဖြစ်

တိုင်အောင် မှီသည်။ အချို့လည်း တန်ခိုးအခြံအရံ သင့်ရုံသာရှိသည်။ အသက်လည်း အနှစ် သုံးရာ, လေးရာ, ငါးရာမျှလောက် ရှည်သည်။

မဏ္ဍာဂိရိတောင်၌ နေသော ပရမေသုရာနတ်, ဟိမဝန္တာတော၌ နေသော ဟေမဝတနတ်, မဇ္ဈိမဒေသ သာတတောင်၌ နေသော သာတာဂိရိနတ်, ပူရ တောင်၌နေသော ပုဏ္ဏကနတ်, ကုက္ကုဋကောင်၌နေသော ကုက္ကုဋိရနတ်, ပရမေသုရာနတ်မင်း၏ သားကြီးဖြစ်သော ခန္ဓကုမာရ မည်သော မဟာပိန္နနတ် အစရှိကုန်သော နှစ်ကျိပ်ရှစ်ယောက်သော နတ်မင်းတို့သည် ဘုမ္မစိုးနတ်ချည်း ဖြစ်ကုန်သည်။ အစာအာဟာရ ကြမ်းတမ်းသောကြောင့် ယက္ခ ဟူ၍လည်း သမုတ်ကုန်သည်။

ထိုဘုမ္မစိုးနတ်တို့ကဲ့သို့ မြေ၌မှီ၍နေရသော ဘုမ္မစိုးနတ်တို့၏ ကျေး, ကျွန်, ခြွေရံသာ ဖြစ်သော နတ်ပြိတ္တာတို့သည် အထူးထူးသော ဆင်းရဲ၏ ကျရောက်ရာဖြစ်သောကြောင့်—

ဝိဝိဓာနိ ဒုက္ခာနိ နိပတန္တိတိ ဝိနိပါတိကာ-

ဟူသော ဝစနတ္ထနှင့်ညီစွာ ဝိနိပါတိကလည်း မည်သည်။

နတ်၏အလားရှိလျက် နတ်ကဲ့သို့ စည်းစိမ်တန်ခိုးဖြင့် မသွန်းပသောကြောင့် န သုရန္တိ န ဒိဗ္ဗန္တီတိ အသုရာ ဟူသော ဝစနတ္ထနှင့်ညီစွာ အသုရာလည်း မည်၏။

ထိုအမည်နှစ်ရပ်ကို စပ်၍ ဝိနိပါတိက အသုရာဟု ခေါ်လေသည်။ ထိုဝိနိပါတိက အသုရာဖြစ်သော ပြိတ္တာတို့ကား ဟိမဝန္တာ၏ အနီးအပါး ဝိဇ္ဈာဋဝီတော အုပ်၌ မြို့ပြဖွဲ့၍နေသည်။ တန်ခိုးကြီးသော ပြိတ္တာပင် မင်းပြုသည်။ လူတို့၏ အနီးဖြစ်သော တောအုပ်၌ကား ဆယ်ဒု ရာနှုန်းမျှသာ နေသည်။

ထို့ကြောင့် ဆုဂတိဒီပနီကျမ်း, လောကပညတ္တိကျမ်းတို့၌—

တတ္ထ ပေတနဂရေ မဟိဒ္ဓိကပေတော သဗ္ဗပေတာနံ ဣဿရိယာဓိပစ္စံ ကရောတိ-

ဟူ၍ပြဆိုသည်။

တတ္ထ၊ ထိုဟိမဝန္တာတော၏ အနီးဖြစ်သော ဝိဇ္ဈာဋဝီတောအုပ်၌။ ပေတနဂရေ၊ ပြိတ္တာတို့၏မြို့၌။ မဟိဒ္ဓိကပေတော၊ တန်ခိုးကြီးသောပြိတ္တာသည်။ သဗ္ဗပေတာနံ၊ အလုံးစုံသော ပြိတ္တာတို့အား။ ဣဿရိယာဓိပစ္စံ၊ အစိုးရခြင်း မင်း၏အဖြစ်ကို။ ကရောတိ၊ ပြု၏။

## ၁၇၁·ပြိတ္တာအပြား ၁၂·ပါးကိုပြဆိုရာ

ထိုပြိတ္တာသည် အမျိုးအားဖြင့် –

| | |
|---|---|
| ၁။ ဝန္တာသပြိတ္တာ | ၇။ သုနိဇ္ဈာမကပြိတ္တာ |
| ၂။ ကုဏပါသပြိတ္တာ | ၈။ သတ္ထင်္ဂပြိတ္တာ |
| ၃။ ဂူထခါဒကပြိတ္တာ | ၉။ ပဗ္ဗတင်္ဂပြိတ္တာ |
| ၄။ အဂ္ဂိဇာလမုခပြိတ္တာ | ၁၀။ ဝေမာနိက ပြိတ္တာ |
| ၅။ သူစိမုခပြိတ္တာ | ၁၁။ အဇဂရပြိတ္တာ |
| ၆။ တဏှာဋ္ဋိကပြိတ္တာ | ၁၂။ မဟိဒ္ဓိကပြိတ္တာ |

ဟူ၍ ၁၂- မျိုးပြားကုန်သည်။ ထို ၁၂-မျိုးတို့တွင်——

အလွန် အစာမွတ်သိပ်ခြင်းရှိသည်ဖြစ်၍ သူတပါးတို့ အန်အပ်သော တံတွေး, နှပ်, အံဖတ် တို့ကို စားရသောပြိတ္တာသည် ဝန္တာသပြိတ္တာ မည်၏။

မြွေကောင်ပုပ်, ခွေးကောင်ပုပ်, လူကောင်ပုပ် စသည်ကို စားရသောပြိတ္တာ သည် ကုဏပါသပြိတ္တာ မည်၏၊

လူတို့စွန့်အပ်သောမစင်ကို စားရသော ပြိတ္တာသည် ဂူထခါဒက ပြိတ္တာ မည်၏။

တစုံတခုသောအစာကို မစားရပဲ ခံတွင်းမှ မီးလျှံထွက်သော ပြိတ္တာသည် အဂ္ဂိဇာလမုခ ပြိတ္တာမည်၏။

ကိုယ်ကြီးမားလျက် အပ်နဖားမျှလောက် ခံတွင်းရှိသောပြိတ္တာသည် သူစိမုခ ပြိတ္တာမည်၏ ထိုပြိတ္တာတို့သည် တရံတခါ မှ အစာကိုတွေ့လတ်သော် ခံတွင်းပေါက် အလွန်ကျဉ်းသောကြောင့် မသွင်းနိုင်ရကား နားပေါက်, နှာခေါင်းပေါက်တို့ဖြင့် သွင်းရကုန်၏။ စိုးစဉ်းမျှ သာယာခြင်းကိုမရ။ ကာလရှည်စွာ ငတ်မွတ်ကုန်၏။

ရေသိပ်ခြင်းတဏှာဖြင့် လွန်စွာနှိပ်စက်သော ပြိတ္တာသည် တဏှာဋ္ဋိကပြိတ္တာ မည်၏၊ ထိုပြိတ္တာတို့သည် တရံတလေမျှ ရေသောက်ရ ရေငတ်လှသောကြောင့် ထုံးအိုင်, မြစ်, ချောင်း စသည်တို့သို့ ရှေ့ရှု တွားလျက် သွားသာဖြင့် အနီး အပါးသို့ရောက်သော် ပြည်စု, သွေးစု, ကျောက်ကြီးတို့သာ ထင်ကုန်၏။

လွန်စွာလောင်မြိုက်ပြီးသော မီးလောင်သစ်ငုတ်နှင့် တူသော ပြိတ္တာသည် သုနိဇ္ဈာမက ပြိတ္တာမည်၏။ ထိုပြိတ္တာသည် အချည်းစည်းသောကိုယ် ကြုံလှီပိန်ကပ် လျက် နံရိုးပြိုင်းရိုင်းလသော ကိုယ်ရှိ၏၊ မကောင်းသောရနံ့ လည်း ညှီ၏။ ချွင် သောခြေလက်, ပြူးပြူးထွက်သော မျက်စိလည်းရှိ၏၊ ထမင်းငတ်ခြင်း, ရေသိပ် ခြင်းဖြင့် ပြင်းစွာနှိပ်စက်၏။

ခါး လုံ အသွား ငါးမျှားချိတ်နှင့် တူသော လက်သည်း ခြေသည်းရှိလျက် မိမိ၏ ကိုယ်အသားကို ခွါ၍ စားကာ နေရသောပြိတ္တာသည် သတ္ထင်္ဂပြိတ္တာမည်၏။ ဤ၌ သတ္ထသဒ္ဒါသည် လက်နက်ဟောဖြစ်၍ ဒန္တဇ, ဒုတိယက္ခရာ ထ, နှင့် ရေးရမည်၊

တောင်မျှလောက်သော ကိုယ်ရှိလျက် ဇီးကွက်မျက်နှာကဲ့သို့ ထိပ်မှာ မျက်နှာရှိသော ပြိတ္တာသည် ပဗ္ဗတင်္ဂပြိတ္တာမည်၏။ ဤပြိတ္တာ၏ကိုယ်သည် နေ့ည ပတ်လုံး အခိုးထွက်၍လောင်၏။

ဝပါးကြီးမြွေကဲ့သို့ ကိုယ်ရှိသော ပြိတ္တာသည် အဇဂရင်္ဂ ပြိတ္တာမည်၏။ ထို ပြိတ္တာသည် ပြောင်ပြောင်တောက်သော ကိုယ်ဖြင့် ညွှတ်ခွေလှည့်လည်၍ နေ၌ အထူးထူးသောဒုက္ခကို ခံရ၏၊

နေရာဗိမာန်၌ဖြစ်ရသော ပြိတ္တာသည် ဝေမာနိက ပြိတ္တာမည်၏။ ထိုပြိတ္တာ သည် မိဿကကံကို ပြုခဲ့သောကြောင့် ရံခါ နတ်ကဲ့သို့စည်းစိမ်ချမ်းသာကိုခံစား ရ၏။ ရံခါ ခွေးစားခြင်း ခါး, လုံ ပြတ်ခြင်းစသော ဆင်းရဲကို ခံစားရ၏။

မဟိဒ္ဓိကပြိတ္တာဟူသည်ကား ထိုဝေမာနိကမျိုးတွင်တန်ခိုးကြီးသော မင်းပြု၍ စိုးရင်သော ပြိတ္တာတည်း။ထိုပြိတ္တာကား အဆင်းလှသကဲ့သို့စည်းစိမ်ကြီးသကဲ့သို့ အကယ်၍ထင်၏။ ယင်းသို့ထင်သော်လည်း ဘောဇဉ်ကို စားလိုတိုင်းမစားရ၊ ရံဖန် သာ မှီဝဲရ၍ ကောင့်တခြင်း အားကြီးလျက်ပင်ရှိ၏။

ပြိတ္တာမျိုးသည် ဤ ၁၂-ပါးမျှသာမကသေး အပ်သွားကဲ့သို့အမွေးရှိသော သုစိလောမ ပြိတ္တာမျိုး၊ မိကျောင်းရေကဲ့သို့ ကြမ်းသောအရေရှိသော ခရလောမ ပြိတ္တာမျိုး၊ ဒိဃနခပြိတ္တာမျိုး၊ ဧကပါဒပြိတ္တာမျိုး၊ အနေကပါဒပြိတ္တာမျိုး၊ ဧကဟတ္ထ ပြိတ္တာမျိုး၊ အနေကဟတ္ထပြိတ္တာမျိုး၊ ဧကနေတ္တပြိတ္တာမျိုး၊ အနေကနေတ္တပြိတ္တာ မျိုးစသောအားဖြင့် များစွာရှိသေး၏။ ယင်းသို့ရှိသော်လည်း ပဋ္ဌာန နည်းအား ဖြင့် ၁၂-ပါးဟူ၍သာ ဆိုသည်ဟု ဆဂတိဒီပနီ၌ မိန့်၏။ (ကိဥ္စာပိ ဒွါဒသပေတ- ကုလာနီတိ ဝုတ္တံ၊ တံ ပန ပဋ္ဌာနဝသေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။) အဋ္ဌကထာကြီးတို့၌ကား—

၁။ ပရဒတ္တူပဇီဝိတပြိတ္တာ၊

၂။ ခုပ္ပိပါသိကပြိတ္တာ၊

၃။ နိဇ္ဈာမတဏှိကပြိတ္တာ၊

၄။ ကာလကဉ္စိကပြိတ္တာ၊

ဟူ၍ ၄-မျိုးသာ ထင်ရှားစွာလာသည်။

ထိုလေးမျိုးတို့တွင် လူ့ပြည်က ဆွေမျိုးညာတိစသောသူတို့ဒါနလှူကောင်း မှုပြု၍ အမျှဝေသည်ကိုမှီ၍ အသက်ရှင်သောပြိတ္တာသည် ပရဒတ္တူပဇီဝိတ ပြိတ္တာ မည်၏။

ထမင်းတော်မွတ်ခြင်း, ရေသိပ်ခြင်းဖြင့် ပြင်းစွာနှိပ်စက်သော ပြိတ္တာသည်ခုပ္ပိပါသိက ပြိတ္တာမည်၏။

ဝမ်းခေါင်းခံတွင်းမှုရင်း, ကိုယ်အလုံးရင်း လောင်သည်ဖြစ်၍ ပူပန်ခြင်းရှိသော ပြိတ္တာသည် နိဇ္ဈာမတဏှိက ပြိတ္တာမည်၏။

အသုရကာယ်ဟူ၍ အသီးခေါ်ဝေါ်အပ်သော ပြိတ္တာအသုရာသည် ကာလကဉ္စိက ပြိတ္တာမည်၏၊

ထို့ကြောင့်—

> တေသံ ကိရ တိဂါဝုတ္တော အတ္တဘာဝေါ အပ္ပမံသ လောဟိတော ပုရာဏပဏ္ဏသဒိသော ကက္ကဋကာန် ဝိယ အက္ခိနိ နိက္ခမိတွာ မတ္ထကေ-တိဋ္ဌန္တိ၊ မုခံ သူစိပါသကသဒိသံ၊ မတ္ထကသ္မိံ ယေဝ ယောတိ၊ တေန တေ ဩနမေတွာ၊ ဂေါစရံ ဂဏှန္တိ—

ဟု ဆိုသော သုတ်ပါဠိထေယျ အဋ္ဌကထာနှင့်အညီ ထိုအသုရာတို့၏ အတ္တဘောသည် ၃ ဂါဝုတ်မျှရှိသတတ်၊ နည်းသော အသားအသွေး ရှိ၏။ ဖက်ရွက်လျော်ကဲ့သို့ အရိုးအရေမျှသာတည်လျက် ပုဇွန်မျက်စိကဲ့သို့ ပြူးရှူးထွက်သော မျက်စိတို့သည် ဦးခေါင်းထက်၌ တည်ကုန်၏။ ခံတွင်းသည် အပ်နဖားပေါက်မျှသာ ဦးခေါင်းထိပ်မှာ တည်၏။

ထို့ကြောင့် ထိုကာလကဉ္စိက အသုရာတို့သည် အောက်သို့ စောက်ထိုးညွတ်၍သာ အစာကို ယူရကုန်၏။ ဤဝိနိပါတိက အသုရာမျိုးတို့သည် ယောနိအားဖြင့် အချို့ကား အဏ္ဍဇ, အချို့ကား ဇလာဗုဇ, အချို့ကား သံသေဒဇ အချို့ကား ဥပပါတ် ဖြစ်ကုန်၍ ယောနိ လေးပါးပင် ရအပ်သည်။ သန္ဓေစိတ်အားဖြင့် သုဂတိအဟိတ်, အချို့ကား ဒွိဟိတ်, အချို့ကား တိဟိတ်ပင် နေရကုန်သည်။

ထို့ကြောင့် နာမရူပပရိစ္ဆေဒကျမ်း၌—

> ဘုမ္မဝဇ္ဇေသု ဒေဝေသု၊ ပေတေနိဇ္ဈာမ တဏှိကေ။
> နိရယေသု စ သမ္ဘောတိ၊ ယောနေကာဝေါပပါတိကာ။
> ဘုမ္မဒေဝေ မနုဿေသု၊ တိရစ္ဆာနေ ပရေတထာ။
> ပေတေသု စာဝ သေသေသု၊ စတဿောပိ စ ယောနိယော-

ဟူ၍ မိန့်အပ်၏။

ဘုမ္မဝဇ္ဇေသု၊ ဘုမ္မစိုးနတ်သည် ကြဉ်အပ်ကုန်သော။ ဒေဝေသု၊ နတ်ပြဟ္မာတို့၌ရင်း။ နိဇ္ဈာမတဏှိကေ၊ နိဇ္ဈာမတဏှိက ဖြစ်သော။ ပေတေ၊ ပြိတ္တာ၌ရင်း။

နိရယေယျ စ၊ ငရဲကြီးရှစ်ထပ်တို့၌၎င်း။ ဧကာဝ၊ တခုသာလျှင် ဖြစ်သော။ ဩပပါတိကာ၊ ဥပပါတ်ဟု ဆိုအပ်သော။ ယောနိ၊ ပဋိသန္ဓေသည်။ သမ္ဘောတိ၊ ဖြစ်၏။

ဘုမ္မဒေဝေ စ၊ ဘုမ္မစိုးနတ်၌၎င်း။ မနုဿေသု စ၊ လူတို့၌၎င်း။ တိရစ္ဆာနေ-စ၊ တိရစ္ဆာန်မျိုး၌၎င်း။ တထာပရေ၊ ထိုမှတပါး။ အဝသေသေသု၊ ဆိုအပ်ပြီးသော နိဗ္ဗာမဘာကိုကမှ ကြွင်းကုန်သော။ ပေတေသု စ၊ ပြိတ္တာမျိုးတို့၌၎င်း။ စတဿောပိစ ယောနိယော၊ လေးပါးသော ယောနိတို့သည်။ သမ္ဘောန္တိ၊ ဖြစ်ကုန်၏။

## ၁၇၂-စတုမဟာရာဇ် နတ်ဘုံ၌ နတ်ကျိုး နတ်ကန်း ရှိ မရှိ

မေး။ ။မာနဝေ ဒေဝေ၊ ကျာကယာဒေါ၊ သဘောလျော်စွာ၊ စတု-မဟာရာဇ် ရွေးဘုံစစ်၌၊ အဖြစ်ယုတ်မျိုး၊ နတ်ကျိုး နတ်ကန်း ရှိ၏လော။

မှတ်ချက်။ ။မာနဝေ၊ လူ့ပြည်၌၎င်း၊ အာဒေါဒေဝေ၊ အစစွာသော စာတုမဟာရာဇ်နတ်ပြည်၌၎င်း။ ကျာကယာ၊ ဒုဂ္ဂတိအဟိတ် ကြဉ်သောပုဂ္ဂိုလ် တကျိပ်တယောက်ကို။ လဘတိ၊ ရ၏။ ဤသို့ ပရမတ္ထဝိန္ဒြဲ ဆိုသည့်အတိုင်း စာတုမဟာရာဇ် ဘုံအစစ်၌ ဇစ္စန္ဓ၊ ဇစ္စဗဓိရ အစရှိသော သုဂတိအဟိတ် ပုဂ္ဂိုလ်တို့ကို ရပါအံ့လောဟု မေးသည်။

ဖြေ။ ။စတုမဟာရာဇ် ဘုံအစစ်၌ နတ်ကျိုး နတ်ကန်း မရှိ၊ စတု-မဟာရာဇ် အဝင်ဖြစ်သော လူ့ပြည်၌နေသော ဝိနိပါတိက အသုရာ နတ်ပြိတ္တာမျိုးတို့၌သာလျှင် အကျိုး, အကန်း စသည်တို့ ဖြစ်ကုန်၏ ဟူပေ။

## ၁၇၃ လူ-ဥပပါတ်စသည် ရှိသင့် မရှိသင့်

မေး။ ။ကမ္ဘာဦးသား၊ ကြဉ်ခဲ့ထားမှ၊ လေးပါးယောနိ၊ ရှိကာ၌မူ၊ လူဥပ-ပါတ် မဖြစ်လော။

ဖြေ။ ။ကမ္ဘာဦးသားမှတပါး လူဥပပါတ် ဖြစ်သည်မှာ အမ္ဗပါလိကာ မည်သော ပြည့်တန်ဆာမတဦးသာ ကျမ်းဂန်၌ လာသည်။ အကြောင်းကား- ဤအမ္ဗပါလိကာ အလောင်းသည် ရှေးရှေးသော ဘုရားရှင်တို့၏ သာသနာ၌ ကုသိုလ်ကောင်းမှုကို သည်းပူး၍ လူ့ပြည်, နတ်ပြည် လှည့်လည်ကာ လာသည်တွင် ဤကမ္ဘာမှသည် ၃၁-ကမ္ဘာထက်၌ သိခီ ဘုရားရှင် သာသနာတော်ဝယ် ရဟန်းပဉ္စင်းပြု၍ ဘိက္ခုနီမတို့၏ သိက္ခာပုဒ်ကို မကျိုး မပေါက်အောင် ဆောက်တည်၍နေ၏။

တနေ့သ၌ ဘိက္ခုနီမ အများတို့နှင့်တကွ တဆူသော စေတီကို ပူဇော်လျက် လက်ျာရစ်လှည့်ကြရာ ရှေကသွားသော ရဟန္တာမ တဦးသည် ချည်ဆတ်သော ကြောင့် သလိပ်ခဲ စင်ကျလေသည်ကို ထိုထေရီမ မမြင်ရကား မပယ်ရှားပဲ သွားလေ၏။ နောက်ကလိုက်သော ဘိက္ခုနီမမြင်လျှင် အဘယ်ပြည့်တန်ဆာမ သည် ဤစေတီပြင်၌ သလိပ်ခဲချလေသနည်းဟု ဆဲရေးမြည်တွန်၏၊

အနီးနေသော ထေရီမတို့က ဤသို့မဆိုလင့်၊ သံဃာကြီးများ ရှေက သွားသည်ဟု တားမြစ်ပါသော်လည်း ပြည့်တန်ဆာမကဲ့သို့ ကျင့်သည်ကို မဆို ပြီလောဟု ထပ်ပြန်၏။ ထိုဘိက္ခုနီမသည် သီလကို ကောင်းစွာ စောင့်ရှောက် လျက် နောက်နောက်သော ဘဝတို့၌ အမိဝမ်းတိုက်ဝယ် ပဋိသန္ဓေနေခြင်းမှ ကင်းလွတ်ပါစေသောဟု ဆုတောင်း၏။ ထိုအကြောင်းကြောင့် နတ်ပြည်၌သော များစွာ ဖြစ်ခဲ့ပြီးသော် အဆုံးဘဝကျသောအခါ ငါတို့ ဘုရားလက်ထက်တော်၌ ဝေသာလီပြည်ဝယ် လိစ္ဆဝီမင်းတို့ပိုင်နက် သရက်ဥယျာဉ်တွင် တခုသော သရက်ပင်အခွ၌ ဥပပါတ် ပဋိသန္ဓေနေလာ၏။

ဥယျာဉ်စောင့်သည် နံနက်စောစော လှည့်ပတ်ရာ တွေ့မြင်လျှင် သရက်ပင် စောင့်နတ်သည် ကိုယ်ထင်ပြသည်ဟု ရှိခိုးလျက် အပေါ်သို့ ချဉ်းလာ၏။ မယှုပ် မရှား စကားမဆိုနေသည်ကို မြင်မှ နတ်မဟုတ်မှန်းသိ၍ မိမိအိမ်သို့ ဆောင်၏။ သမီးပြုထားပြီးလျှင် လိစ္ဆဝီမင်းတို့အား ဆက်လေ၏။ သရက်ပင်၌ ရသော ကြောင့် ထိုသူငယ်မကို အမ္ဗပါလီဟု မှည့်ကြကုန်၏။

ဥပပါတ်သန္ဓေနေသူဖြစ်၍ အလွန်တင့်တယ်လှသောကြောင့် မြင်သမျှသော လိစ္ဆဝီမင်းသားတို့သည် လိုချင်လှရကား သူရသင့်, ငါရသင့်ဟု ငြင်းခုံခိုက်ရန် ဖြစ်ကြ၏။ ထိုအခါ ထိုရန်ငြိမ်းစိမ့်သောငှါ တရားသူကြီးတို့က အလုံးစုံသော မင်းသားတို့နှင့် ဆက်ဆံအောင် ပြည်တန်ဆာမအရာ၌ ထားရမည်ဟု စီစင် ကြ၏။ ရဟန္တာမအား ဆဲရေးဘူးသော မကောင်းမှုကံသည် စီမံတိုက်တွန်းသည် ဖြစ်ရကား ထိုတရားသူကြီးတို့ စီမံတိုင်း အမ္ဗပါလီကာကို ပြည်တန်ဆာမအရာ၌ ထားကြကုန်၏။ ဖွားရာဖြစ်သော သရက်ဥယျာဉ်ကိုလည်း ဆောင်နှင်းပေ၏။ ဆင်းရဲသားတို့ မသွားမဝင်နိုင်စိမ့်သောငှါ တနေ့လျှင် အသပြာ တရာပေးမှ ပျော်ပါးရသတည်း။

နောက်အခါ ထိုပြည်တန်ဆာမသည် ဘုရားသခင်အား အလွန်ကြည်ညို ရကား မိမိဥယျာဉ်၌ ကျောင်းဆောက်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော် တို့အား လှူဒါန်း၏။ ကာလလျှားလတ်သော် မိမိ၏သားဖြစ်သော ဝိမလ- ကောဏ္ဍမထေရ်၏ အထံ၌ တရားတော်ကို နာရသောကြောင့် သာသနာတော်၌

ရဟန်းပြု၍ ဝိပဿနာတရားကို အားထုတ်လေလျှင် ရဟန္တာမအဖြစ်သို့ ရောက်လေသတည်း။

ထိုသို့ ဥပပါတ်ပဋိသန္ဓေနေကြောင်းကို အပဒါန်ပါဠိတော်၌–

ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ အဟောသိ သြပပါတိကာ။
အမ္ဗသာခန္တရေ ဇာတာ၊ အမ္ဗပါလီတိ တေနာဟံ–

ဟူ၍လာသည်။

လူတို့ သံသေဒဇ ပဋိသန္ဓေနေသည်မှာ ပဒုမဝတီမိဖုရား, အာကာသ်မင်းသမီး, ပေါက္ခရသာတိပုဏ္ဏား, ပဒုမဝတီ၏သားဖြစ်သော မင်းသားလေးရာ, ကိုးကျိပ်, ကိုးယောက်တို့တည်း။

သံသေဒဇနှင့် သြပပါတိကအထူးကား သံသေဒဇမှာ ငယ်စွာကသည် အစဉ်အတိုင်း ကြီးပွါးရသည်။ ဥပပါတ်မှာ ၁၆-နှစ်ရွယ်, ၁၇-နှစ်ရွယ်ဖြင့် ဖြစ်ကုန်သည်။ မှိုရှုမှုကား သစ်ပင်, ကြာတိုက် စသော စိမ့်စိုရာကို မှီ၍ချည်း ဖြစ်ကုန်သည်။ ထို့ကြောင့် ပါထိကဝဂ္ဂအဋ္ဌကထာ၌–

သံသေဒဇောပပါတိကာနံ အယံ ဝိသေသော။
သံသေဒဇာ မန္ဒာဒဟရာ ဟုတွာ နိဗ္ဗတ္တန္တိ။
သြပပါတိကာ သောဠသဝဿုဒ္ဒေသိကာ—

ဟူ၍ မိန့်လေသည်။

လူတို့ အဏ္ဍဇပဋိသန္ဓေနေသည်ကို အဋ္ဌကထာ ဋီကာတို့၌ သာဓကမထင်။

ကလျာဏီကျောက်စာတွင် နဂါးမနှင့်ဝိဇ္ဇာမိုရ် ရောနှောကြရာ သန္ဓေရ၍ ဥနှစ်လုံး သဲပြင်တွင် ဥခဲ့၍ ရှင်ရသေ့တွေ့လတ်သော် ယူ၍ထားသဖြင့် ယောကျ်ားငယ်နှစ်ယောက် ဖွားမြင်သည်။ တယောက်ကား ဆယ်နှစ်ရွယ် ရောက်မှ ကျောက်ရောဂါနှင့်ဆုံးသည်။ တယောက်မှာ အစဉ်အတိုင်းကြီးပွါး၍ သုဝဏ္ဏဘုမ္မိမြို့တွင် သီဟရာဇာဟူသောအမည်နှင့် ဘိက်သိက်ခံ၍ မင်းပြုသည်ဟု ဆိုသည်။

## ၁၇၄–နတ်တို့သက်ပိုင်း နတ်တိုင်းနေရ,မနေရကို ပြခြင်း

မေး။ ။အပါယ်လူ့ရွာ၊ အသုရာ၌၊ အာယုမမြဲ၊ ခွဲ၍ပြသော်၊ နိယတ သချ်ာ၊ နတ်တို့ရွာ၌၊ ညီညာသက်တမ်း သေ၏လော–

ဖြေ။ ။နတ်ခြောက်ရွာတို့တွင် နတ်တို့၏ အရေအတွက်အားဖြင့်–

စတုမဟာရာဇ်ဘုံ၌ နှစ်ပေါင်း ငါးရာ၊

တာဝတိံသာဘုံ၌ နှစ်ပေါင်း တထောင်၊

ယာမာဘုံ၌ နှစ်ပေါင်း နှစ်ထောင်၊

တုသိတာဘုံ၌ နှစ်ပေါင်း လေးထောင်၊

နိမ္မာနရတိဘုံ၌ နှစ်ပေါင်း ရှစ်ထောင်၊

ပရနိမ္မိတဝသဝတ္တီဘုံ၌ နှစ်ပေါင်း တသောင်း ခြောက် ထောင် ရှည်သည်။

လူတို့၏အရေအတွက်အားဖြင့်ကား–

စတုမဟာရာဇ်၌ အနှစ် ၉-သန်း၊

တာဝတိံသာ၌ ၃-ကုဋေ ၆-သန်း၊

ယာမာ၌ ၁၄-ကုဋေ ၄-သန်း၊

တုသိတာ၌ ၅၇-ကုဋေ ၆-သန်း၊

နိမ္မာနရတိ၌ ၂၃၀-ကုဋေ ၄-သန်း၊

ပရနိမ္မိတ ဝသဝတ္တီ၌ နှစ်ပေါင်း ၉၂၁ ကုဋေ ၆-သန်း ရှည်သည် ဟူ၍ သက်တမ်းပမာဏကို ပြသည်။

ထိုထို နတ်ပြည်၌ဖြစ်သော နတ်တို့သည် သက်တမ်းအတိုင်း တည်၍သာ စုတေကုန်သလောဟူရာ၌ အချို့ကား သက်တမ်းအတိုင်း ရှည်သည်၊ အချို့ကား မရှည်၊ ယင်းသို့မရှည်သော်လည်း လူတို့ပြည်မှာ ရာတမ်း, ထောင်တမ်း ဆိုသကဲ့သို့ အလွန်ကို ပိုင်းခြားသော ဥက္ကံသကောဋိနည်းအားဖြင့်သာ အသက်တမ်းကို ထားလေသည် ဟူပေ။

ဘယ်ကိုထောက်၍ သိရသနည်းဟူမူကား–

## နတ်တို့၏ စုတိအပြားလေးပါး

နတ်တို့၏စုတေခြင်းသည်–

၁။ အာယုက္ခယ၊

၂။ ပုညက္ခယ၊

၃။ အာဟာရက္ခယ၊

၄။ ကောပါဘိဃာတ၊

အားဖြင့် လေးပါးအပြားရှိသည်။

ထိုလေးပါးတို့တွင် အကြင်သူသည် များစွာသော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ပြီးသော် သက်တမ်းအတိုင်းနေ၍ စုတေပြီးမှ အထက်နတ်ပြည်၌ ဖြစ်၏။ ဤသူအား အာယုက္ခယဖြင့် စုတေသည်မည်၏။

အကြင်သူသည် အနည်းငယ်သော ကောင်းမှုကို ပြုလျက် သဒ္ဓါစေတနာ ထက်လှသောကြောင့် နတ်ပြည်၌ဖြစ်ရ၏၊ ယင်းသို့ဖြစ်သော်လည်း သက်တမ်း အတိုင်းမနေရပဲ သုံးဖို့ တဖို့မျှဖြင့်ရင်း, ထက်ဝက်မျှဖြင့်ရင်း ကောင်းမှု၏ အာနိသင်ကုန်ရကား စုတေခဲ့၍ လူ့ ပြည်စသည်၌ ဖြစ်၏။ ထိုသူအား ပုညက္ခယဖြင့် စုတေသည်မည်၏။

အကြင်နတ်သည် ကာမဂုဏ်ကို ခံစားခြင်း၌ မွေ့လျော်လှသည်ဖြစ်၍ အာ-ဟာရကို သတိမရသောကြောင့် တနပ်စာမျှကို လွန်မိ၏။ ထိုနတ်သည် နောက်ထပ်၍ အာဟာရကို သုံးဆောင်ပါသော်လည်း ရုပ်ခန္ဓာနွမ်းယိသဖြင့် စုတိခြင်းသို့ရောက်၏။ ထိုနတ်သည် အာဟာရက္ခယဖြင့် စုတေသည်မည်၏။

အကြင်နတ်သည် မိမိမြူးထူးစံပယ်ရာ ဥယျာဉ်, ကစားရာစသည်တို့၌ တပါးနတ်တို့ ဘက်ပြိုင်လာသည်ကို မြင်လျှင် ဤနတ်သည် ငါ့အားဘက်ပြိုင်ရာသလောဟု ဒေါသစိတ်ဖြစ်လျက် မျက်မုန်းကျိုးခြင်းသည် ဖြစ်၏။ ထိုအမျက်ကြောင့် ကိုယ်ခန္ဓာသည် မီးလောင်သကဲ့သို့ ပူ၍ စုတေ၏။

ထိုသို့ အမျက်ထွက်သည်ကို နတ်တဦးကသိလျှင် အမျက်မထားပဲ ရှောင်ရှားသည်ဖြစ်အံ့၊ ထိုနတ်ချမ်းသာ၏။ မရှောင်ပဲ ငါ့ကို အမျက်ထွက်ရသလောဟု ဒေါသတဖန် တင်တုံပြန်အံ့၊ နှစ်ဦးစလုံးပင် စုတေခြင်းသို့ ရောက်၏။ ထိုနတ်တို့အား ကောပါဘိဘဝနအားဖြင့် စုတေသည်မည်၏ဟူ၍ ဓမ္မပဒ အဋ္ဌကထာ ဃောသကဝတ္ထု၌လာသည်။ ဒီဃနိကာယ် ဗြဟ္မဇာလသုတ် အဖွင့်၌လည်း ကျယ်စွာလာသည်။

ယင်းသို့ ကျမ်းဂန်လာရကား နတ်သက်တမ်းအတိုင်း မတည်ပဲလည်း အများပင် စုတေကြ၏ဟု သိရမည်။

## ၁၇၅-နတ်လူနှစ်ပါးတို့၏ နှစ်, လ, ရက်များကို နှိုင်းယှဉ်ချက်

စတုမဟာရာဇ်ဘုံ၌ နတ်တို့၏အရေအတွက်ဖြင့် နှစ်ပေါင်းငါးရာသည် လူတို့၏ အရေအတွက်ဖြင့် နှစ်ပေါင်း ၉-သန်းရှိ၏ဆိုသော် ထိုနတ်ပြည်၌ တနှစ်လျှင် လူ၌ နှစ်ပေါင်း ဘယ်မျှရှိအံ့နည်း။နတ်ပြည်၌ တရက်လျှင် လူ၌ ရက်ပေါင်း ဘယ်မျှရှိအံ့နည်းဟူသော် လူတို့၏ နှစ်ပေါင်းကိုးသန်းကို တည်၊ ငါးရာဖြင့်စား၊ လဒ် တသောင်းရှစ်ထောင်ရ၏။ ဤကား နတ်၏ တနှစ်တွင်ရသော လူတို့၏ နှစ်ပေါင်းတည်း။

ထိုနှစ်ပေါင်း တသောင်းရှစ်ထောင်ကိုပင်၊ နတ်တို့၏ရက်ပေါင်း ၃၆၀-ဖြင့် စား၊ လဒ် ၅၀-ရ၏။ ဤကား နတ်၏တရက်၌ရသော လူတို့၏နှစ်ပေါင်းတည်း။

အထက်နတ်တို့၏ သက်တမ်း၌လည်း ဤနည်းအတူ တွက်လေ။ ထို့ကြောင့် ဋီကာ၌–

ယာနိ ပညာသဝဿာနိ၊ မနုဿာနံ ဒိနေ တဟိံ။
တိံသရတ္တိဒိဝေါ မာသော၊ မာသာ ဒွါဒသ သံဝစ္ဆရံ။
တေန သံဝစ္ဆရေနာယု၊ ဒိဗ္ဗံ ပဉ္စသတံ မတံ။

ဟူ၍ မိန့်အပ်ပြီ။

မနုဿာနံ၊ လူတို့၏။ ယာနိ ပညာသဝဿာနိ၊ အကြင် အနှစ်ငါးဆယ်တို့သည်။ တဟိံ၊ ထိုစာတုမဟာရာဇ်နတ်ပြည်၌။ ဒိနေ၊ တနေ့တည်း၌မည်၏။ တိံသရတ္တိဒိဝေါ၊ နေ့ညဉ့်သုံးဆယ်သည်။ မာသော၊ တလမည်၏၊ မာသာဒွါဒသ၊ တဆယ့်နှစ်လတို့သည်။ သံဝစ္ဆရံ၊ တနှစ်မည်၏။ တေန သံဝစ္ဆရေန၊ ထိုနှစ်ဖြင့်။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ ပဉ္စသတံ၊ အနှစ်ငါးရာကို။ အာယု၊ အသက်တမ်းဟူ၍။ မတံ၊ သိအပ်၏။

## ၁၇၆-အပါယ်သားများ သက်ရှည်ပြား

### အကုသိုလ်လား ကုသိုလ်လား

သက်တမ်းမမြဲသော ပုဂ္ဂိုလ်တို့တွင် အပါယ်လေးဘုံ၌ အချို့ကား အသက်တိုသည်။အချို့ကား အသက်ရှည်သည်။ ထိုသို့အသက်ရှည်ခြင်းသည် ကုသိုလ်ကံကြောင့်လော အကုသိုလ်ကံကြောင့်လော ဟူငြားအံ့–

အပါယေသု ပန ကမ္မမေဝ ပမာဏံ ဘတ္တ နိဗ္ဗတ္တာနံ။ ယာဝ ကမ္မံ န ခိယတိ၊ တာဝ စဝနာဘာဝတော–

ဟူသော ဋီကာနှင့်အညီ အပါယ်ဘုံတို့၌ မိမိ၏အကုသိုလ်ကံသာလျှင် ပမာဏ ဖြစ်၏။ အကြင်ကာလပတ်လုံး အကုသိုလ်ကံသည် အာနိသင်မကုန်။ ထိုမျှလောက်ကာလပတ်လုံး စုတေခြင်းမရှိရကား အကုသိုလ်ကံကြောင့်သာ အသက်ရှည်၏ ဟူပေ။

## ၁၇၇-လေးကျွန်းသားတို့၏ သက်တမ်းကိုပြခြင်း

မနုဿာယုပရိစ္ဆေဒေါ န ဝိဇ္ဇတိ-ဟူသောစကားကို ဇမ္ဗူဒိပ်ကျွန်းသူတို့ကို ရည်၍သာ ဋီကာဆရာ ဆိုသည်၊ အရှေ့ကျွန်း, အနောက်ကျွန်းသားတို့ကား

ငါးရာစီ၊ မြောက်ကျွန်းသားတို့ကား အနှစ်တထောင် အသက်ရှည်သည်ဖြစ်၍ သက်တမ်းမြဲသည်ပင်ဟူ၍ အဖေဂ္ဂုသာရ၌ဆိုသည်။

ထို သုံးကျွန်းသားတို့သည် မုချအားဖြင့် လူမမည်။ ဇမ္ဗူဒိပ်သားတို့နှင့် သဏ္ဌာန် တူရုံသာဖြစ်ရကား သဒိသူပစာရ အားဖြင့်သာ လူမည်သည်။ ထို့ကြောင့် သုံးကျွန်းသားတို့၏ အသက်တမ်းကို ပမာဏမပြုပဲ ဆိုလေသည် ဟူ၍ ဆရာကြီးတို့ မိန့်ကုန်၏။

## ၁၇၈-နတ်ရွာခြောက်တန် ဟည်နေဟန်

နတ်ပြည်ခြောက်ထပ်တို့၏ တည်ဟန်ကို ဓမ္မဟဒယဝိဘင်း အဋ္ဌကထာ၌—

**စာတုမဟာရာဇိကာ** နာမ သိနေရုပဗ္ဗတဿ ဝေမဇ္ဈေ **ဟောန္တိ**တိ တေသု ပဗ္ဗတဋ္ဌကာပိ အတ္ထိ အာကာသဋ္ဌကာပိ၊ တေသံ ပရမ္ပရာ စက္ကဝါဠပဗ္ဗတံ ပတ္တာ၊ ခိဍ္ဍာပဒေါသိကာ, မနောပဒေါသိကာ, သီတ-ဝလာဟကာ, ဥဏှဝလာဟကာ , စန္ဒိမဒေဝပုတ္တော, သူရိယဒေဝပုတ္တော-တိ ဧတေ သဗ္ဗေပိ စာတုမဟာရာဇိကဒေဝလောကဋ္ဌကာ ဧဝ။ တေတ္တိံသ ဇနာ တတ္ထ ဥပ္ပန္နာတိ တာဝတိံသာ၊ တေပိ အတ္ထိ ပဗ္ဗတဋ္ဌကာ၊ အတ္ထိ အာကာသဋ္ဌကာ၊ တေသံ ပရမ္ပရာ စက္ကဝါဠပဗ္ဗတံ ပတ္တာ၊ တထာ ယာမာဒီနံ ဧကမေဝ ဒေဝလောကေပိ ဟိ ဒေဝါနံ ပရမ္ပရာ စက္ကဝါဠံ အပတ္တာ နာမ နတ္ထိ—

ဟူ၍ မိန့်ဆိုသည်။

**အနက်ကား—**

စာတုမဟာရာဇိကာ နာမ၊ စာတုမဟာရာဇ် နတ်ပြည်မည်သည်ကား။ သိနေရုပဗ္ဗတဿ၊ မြင်းမိုရ်တောင်မင်း၏။ ဝေမဇ္ဈေ၊ အလယ်ဖြစ်သော ပဉ္စမအာလိန္ဒ၌။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုနတ်တို့တွင်။ ပဗ္ဗတဋ္ဌကာပိ၊ တောင်၌တည်သော နတ်တို့သည်လည်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ အာကာသဋ္ဌ-ကာပိ၊ ဟင်းလင်းအပြင် ကောင်းကင်၌ တည်သောနတ်တို့ သည်လည်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုနတ်တို့၏။ ပရမ္ပရာ၊ အဆက်ဆက်တို့သည်။ စက္ကဝါဠပဗ္ဗတံ၊ စကြဝဠာတောင်သို့။ ပတ္တာ၊ ရောက်ကုန်၏။ ခိဍ္ဍာပဒေါသိကာ၊ မြူးထူးလွန်၍ ပျက်စီးသော နတ်ရင်း။ မနောပဒေါသိကာ၊ မျက်ငြိုး စိတ်-လွန်၍ ပျက်စီးသောနတ်ရင်း။ သီတဝလာဟကာ၊ အချမ်းကိုဆောင်တတ် သောနတ်ရင်း။ ဥဏှဝလာဟကာ၊ အပူကို ဆောင်တတ်သော နတ်ရင်း။ စန္ဒိမဒေဝပုတ္တော၊ လ, နတ်သားရင်း။ သူရိယဒေဝပုတ္တော၊ နေ,နတ်သားရင်း။ ဣတိ၊ ဤသို့အစရှိသော။ ဧတေ သဗ္ဗေပိ၊ ဤနတ်အလုံးစုံ တို့သည်လည်း။

စာတုမဟာရာဇိကဒေဝလောကဋ္ဌကာ ၁၀၊ စာတုမဟာရာဇ် နတ်ပြည်၌ တည်သော နတ်တို့ချည်းတည်း။ တေတ္တိံသ ဇနာ၊ သုံးကျိပ်သုံးဦးသော သူတို့သည်။ တတ္ထ၊ ထိုနတ်ပြည်၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တာဝတိံသာ၊ တာဝတိံသာမည်ကုန်၏။ တေပိ၊ ထိုတာဝတိံသာနတ်တို့သည် လည်း။ ပဗ္ဗတဋ္ဌကာ၊ မြင်းမိုရ်တောင်ထိပ်၌ တည်သော နတ်တို့သည်လည်း။ အတ္ထိ သန္တိ၊ ရှိကုန်၏။ အာကာသဋ္ဌကာ၊ ကောင်းကင်၌ တည်သော နတ်တို့ သည်လည်း။ အတ္ထိ၊ ရှိကုန်၏။ တေသံ၊ ထိုတာဝတိံသာနတ်တို့၏။ ပရမ္ပရာ၊ အဆက်ဆက်တို့သည်။ စက္ကဝါဠပဗ္ဗတံ၊ စကြဝဠာတောင်သို့။ ပတ္တာ၊ ဆိုက် ရောက်ကုန်၏။ ယာမာဒီနံ၊ ယာမာ အစရှိကုန်သော အထက်နတ်ပြည်လေး ထပ်တို့၏။ ပရမ္ပရာ၊ အဆက်ဆက်တို့သည်။ တထာ၊ ထိုအတူပင်တည်း။ ဟိ သစ္စံ၊ မှန်၏။ ဧကောပိ ဒေဝလောကေပိ၊ တထပ်သော နတ်ပြည်၌လည်း။ ဒေဝါနံ၊ နတ်တို့၏။ ပရမ္ပရာ၊ အဆက်ဆက်တို့သည်။ စက္ကဝါဠံ၊ စကြဝဠာတောင်သို့။ အပ္ပတ္တာ နာမ၊ မရောက်သော မည်သည်။ နတ္ထိ၊ မရှိ။

နတ်တက် အဆောင်ရန် ကောင်းလှသောကြောင့် ပါဠိ, အနက် အစုံ ရေး လိုက်သည်။

၁၇၉-ဘုံအကွာအဝေးကို ပြဆိုခြင်း

၁။ လူ ဘုံမှသည်........စာတုမဟာရာဇ်ဘုံ၊

၂။ ထိုမှသည်........တာဝတိံသာဘုံ၊

၃။ ထိုမှသည်........ယာမာဘုံ၊

၄။ ထိုမှသည်........တုသိတာဘုံ၊

၅။ ထိုမှသည်........နိမ္မာနရတိဘုံ၊

၆။ ထိုမှသည်........ပရနိမ္မိတ ဝသဝတ္တီဘုံ၊

ဤ ၆-ပါးသော ဘုံတို့၏အကြားသည် ယူဇနာ လေးသောင်း, နှစ်ထောင်စီ ကွာဝေး၏။

၁။ ဝသဝတ္တီဘုံမှသည်........ပဌမစျာန် ၃-ဘုံ၊

၂။ ထိုမှသည်........ဒုတိယစျာန် ၃-ဘုံ၊

၃။ ထိုမှသည်........တတိယစျာန် ၃-ဘုံ၊

၄။ ထိုမှသည်........စတုတ္ထစျာန်ဖြစ်သော ဝေဟပ္ဖိုလ် အသညသတ်ဘုံ၊

၅။ ထိုမှသည်........အဝိဟာဘုံ၊

၆။ ထိုမှသည်........အတပ္ပါဘုံ၊

၇။ ထိုမှသည်........သုဒဿာဘုံ၊

၈။ ထိုမှသည်........သုဒဿီဘုံ၊

၉။ ထိုမှသည်........အကနိဋ္ဌဘုံ၊

၁၀။ ထိုမှသည်........အာကာသာနဉ္စာဘုံ၊

၁၁။ ထိုမှသည်........ဝိညာဏဉ္စာဘုံ၊

၁၂။ ထိုမှသည်........အာကိဉ္စညာဘုံ၊

၁၃။ ထိုမှသည်........နေဝသညာဘုံ၊

ဤ ၁၃-ဘုံ တို့၏အကြားသည် ယူဇနာ (၅၅၀၈၀၀၀) ငါးသန်း, ငါးသိန်း ရှစ်ထောင်စီ ကွာခြား၏။

ဆောင်ပုဒ် —

လေးသောင်း နှစ်ထောင်၊ အကွာဆောင်၊ လူ့ဘောင် နတ် ၆-ရွာ။
ငါးသန်း ,ငါးသိန်း၊ ရှစ်ထောင်ကိန်း၊ ခြားစိမ်းနတ်ပြဟ္မာ။
တြိသုညာ၊ သောပဋ္ဌာ၊ အဋ္ဌာကေသတ်။
နေဝသညာ၊ နတ်ပြဟ္မာ၊ လူ့ရွာအခြားမှတ် —

ဟူသတည်း။

## ၁၈၀-ဈာန်ဘုံလေးပါးသာ ရှိရခြင်း အကြောင်း

မေး။ ။ ရူပါဝစရ၊ စိတ် ၃- တန်မှာ၊ ဈာန် ၅- ပါးသာ၊ ပြားစပါလျက်၊ ဘုံမှာလေးရပ်၊ သန္တေကပ်သည်၊ ပညတ်ဘယ့်ကြောင့် မညီသနည်း။

ဖြေ။ ။ဈာန်ရသော ပုဂ္ဂိုလ်တို့သည် မန္ဒပညာ,တိက္ခပညာဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် မန္ဒပညာပုဂ္ဂိုလ်အား အင်္ဂါငါးပါးရှိသော ပထမဈာန်ကိုရပြီးနောက် ဝိတက်ကိုလွန်၍ ကျန်အင်္ဂါ လေးပါးဖြင့် ဒုတိယ ဈာန်ကိုရသည်။ ထို့နောင် ဝိစာရကိုလွန်၍ ကျန်အင်္ဂါ ၃- ပါးဖြင့် တတိယဈာန်ကိုရသည်။ ထိုနောင် ပီတိကိုလွန်၍ ကျန်အင်္ဂါ ၂- ပါးဖြင့် စတုတ္ထဈာန်ကို

ရသည်။ ထို့နောင် သုခကိုလွန်၍ ဥပေက္ခာ, ဧကဂ္ဂတာ အင်္ဂါ ၂- ပါးဖြင့် ပဥ္စမစျာန်ကို ရသည်။ ဤသို့ ၅- ကြိမ်ရအသောကြောင့် ဈာန် ၅- ပါးဖြစ်သည်။

တိက္ခပညာ ပုဂ္ဂိုလ်အား ပထမဈာန်ကို ရပြီးနောက် ဝိတက်, ဝိစာရ နှစ်ပါးကိုလွန်၍ ကျန်အင်္ဂါ ၃ပါးဖြင့် ဒုတိယဈာန်ကို ရသည်။ ပီတိကိုလွန်၍ ကျန်အင်္ဂါနှစ်ပါးဖြင့် တတိယဈာန်ကို ရသည်။ သုခကိုလွန်၍ ကျန်ဥပေက္ခာ ဧကဂ္ဂတာ အင်္ဂါနှစ်ပါးဖြင့် စတုတ္ထဈာန်ကို ရသည်။ ဤသို့ ၄- ကြိမ်သာရသော ကြောင့် ဈာန် ၄- ပါး ဖြစ်သည်။

ဥပမာကား——အားနည်းသော သူသည် ငါးလှမ်း တက်ရသောကြောင့် လှေကားငါးထစ်ပြုသည်ကို အားရှိသောသူသည် လေးလှမ်းဖြင့် တက်သကဲ့သို့ မှတ်ရမည်။

ဤသို့ ပဥ္စကနည်း, စတုက္ကနည်းနှစ်ပါးရှိသည်တွင် ရူပါဝစရဘုံကို စတုက္ကနည်း ပြည်တ်သောကြောင့် ၄- ရပ်သာရှိလေသည်ဟု ဖြေလေ။

### ၁၇၁- ကမ္ဘာနှင့်ဗြဟ္မာ သိဖွယ်ရာ

ဗြဟ္မာတို့၏ အာယုပ္ပမာဏကိုပြရာဝယ် ကပ်သည်——

၁။ အာယုကပ်၊ ၃။ အသင်္ချေယျကပ်၊

၂။ အန္တရကပ်၊ ၄။ မဟာကပ်-

ဟူ၍ လေးပါးအပြားရှိသည်။ ထိုလေးပါးတို့တွင်——

သတ္တဝါတို့ ပဋိသန္ဓေနေသည်မှ စုတိတိုင်အောင် **အသက်အပိုင်းအခြား**သည် **အာယုကပ်** မည်၏။

လူတို့အသက် ဆယ်နှစ်နေသည်မှသည် အသင်္ချေယျတိုင်၊ ထိုအသင်္ချေနေသည်မှသည် ဆယ်နှစ်ဟန်းတိုင်အောင်သော ကာလအပိုင်းအခြားသည် အန္တရကပ် မည်၏။

ထိုအန္တရကပ် ၆၄- ရပ်တို့ဖြင့် မှတ်အပ်သော ဝိဝဋ္ဋဋ္ဌာယီကပ်သည် **အသင်္ချေယျကပ်** ဘကပ်မည်၏။

ထိုမျှလောက် ပမာဏရှည်သော သံဝဋ္ဋကပ်, သံဝဋ္ဋဋ္ဌာယီကပ်, ဝိဝဋ္ဋကပ် သုံးကပ်တို့သည်လည်း အသင်္ချေယျကပ်တို့ မည်ကုန်၏။

ဤအသင်္ချေယျ လေးကပ်သည် **တခုသောမဟာကပ်** မည်၏။

## ၁၇၂- ကမ္ဘာပျက်ဟန်ကို ပြခြင်း

သတ္တ သတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝရော သိယာ။

ဟူသော ဂါထာနှင့်အညီ မီးဖျက်သော ကမ္ဘာ ၇-ကြိမ်, ၇-ကြိမ်ဖြစ်၍ ၈-ကြိမ်မြောက်, ၈- ကြိမ်မြောက်၌ ရေဖျက်သည်။မီး ၇- ကြိမ်ရှစ်လီ,ရေ ၇-ကြိမ် အားဖြင့် ၆၃- ကြိမ်ဖျက်ပြီး၍ ၆၄- ကြိမ်မြောက်၌ လေဖျက်သောကမ္ဘာ ဖြစ်သည်။ ။ထို့ကြောင့် လောကဝိဒူပျို့၌—

မီး, ငါးဆယ့်ခြောက်၊ အတောက်လျှံဝေ၊ ရေ, ၇-ကြိမ်၊ လေ တကြိမ်ဖြင့်၊ ရွှေအိမ်လောက၊ ပြဟ္မာဘုံထွတ်၊ ရောက်တိုင်းလွတ်၍၊ သံဝဋ္ဋသုံးလီ၊ ပျက်ပြီကမ္ဘာ၊ တည်ထွန်းခါ်ယ်—

ဟူ၍ စပ်ဆိုလေသည်။

အဂ္ဂိနာဘဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ-

ဟူသော ဂါထာနှင့်အညီ—

မီးဖျက်သောကမ္ဘာ၌ ပထမဈာန် ၃- ဘုံ ပျက်သည်။

ရေဖျက်သောကမ္ဘာ၌ ဒုတိယဈာန် ၃-ဘုံတိုင်အောင် ပျက်သည်။

လေဖျက်သောကမ္ဘာ၌ တတိယဈာန် ၃- ဘုံတိုင်အောင် ပျက်သည်။

ဤသို့ တေဇော သံဝဋ္ဋ၊ အာပေါ သံဝဋ္ဋ၊ ဝါယော သံဝဋ္ဋ ကပ် ၃- ပါးတွင် တပါးပါးမျှ မလွတ်ရကား ပထမဈာန်ပြဟ္မာတို့၏ အသက်ကို မဟာကပ်၏ အစွမ်းဖြင့်သာ မယူအပ်၊ အသင်္ချေယျကပ်၏ အစွမ်းဖြင့်သာ ယူအပ်သည်။ ဒုတိယဈာန် ပြဟ္မာစသည်တို့ကိုကား မဟာကပ်ဖြင့် ယူအပ်သတည်း။

ကမ္မစတုက္က၌ သိလွယ်, ဆောင်လွယ် စိမ့်သောငှာ စုံလင်စွာ ရေးလိုက်အံ့။

### ကံ ဟူသော ဝေါဟာရ

အကုသိုလ်စိတ်ဒွါဒသ, လောကီကုသိုလ် သတ္တရသတို့၌ယှဉ်သော စေတနာ ၂၉- ခုသည်–ကရိယတေ ဧတေနာတိ ကမ္မံ။ ။ဧတေန၊ ဤစေတနာဖြင့်။ ကရီယတေ၊ ပြုအပ်၏။ ဣတိတသ္မာ၊ ထိုသို့ပြုကြောင်းဖြစ်သော သတ္တိကြောင့်။ ကမ္မံ၊ ကံ မည်၏–ဟူသောဝစနတ္ထနှင့်ညီစွာ ဝိပါက်ကဋတ္တာရုပ်, ဒုက္ခ, သုခတို့ကို ပြုပြင်ကြောင်းဖြစ်သောကြောင့် ကံမည်၏။

## ၁၀၃-ကိစ္စထူးခြား ကံလေးပါး

ဤကံသည် ကိစ္စဟုဆိုအပ်သော သတ္တိ၏အစွမ်းအားဖြင့်—

၁။ ဇနကကံ၊ ၃။ ဥပပီဠကကံ၊

၂။ ဥပတ္ထမ္ဘက ကံ၊ ၄။ ဥပဃာတက ကံ—

ဟူ၍ လေးပါးအပြားရှိ၏။

### ၁-ဇနကကံကို ပြဆိုချက်

ထိုလေးပါးတို့တွင်—

ဇနေတီတိ ဇနကံ၊ ပဋိသန္ဓိပဝတ္တီသု ဝိပါကကဋတ္တာရူပါနံ နိဗ္ဗတ္တကာ ကုသလာကုသလစေတနာ ဇနကံ နာမ—

ဟူသော ဋီကာနှင့်အညီ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဝိပါက် ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်စေတနာသည် ဇနကကံမည်၏။

### ၂-ဥပတ္ထမ္ဘကကံကို ပြဆိုချက်

ဥပတ္ထမ္ဘေတီတိ ဥပတ္ထမ္ဘကံ၊ ကမ္မန္တရဇာ စိရတရဝိပါကနိဗ္ဗတ္တနေ ပစ္စယဘူတံ ဝိပါကဿေဝ ဝါ၊ သုခဒုက္ခဘူတဿ ဇနကသာမတ္ထိယာနုရူပံ စိရတရပဝတ္တိပစ္စယဘူတံ ကုသလာကုသလကမ္မံ ဥပတ္ထမ္ဘကံ နာမ။

(ဋီကာ)

ကံတပါး၏ အကျိုးဆက် ကြာမြင့်စွာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သုခ ဝိပါက်, ဒုက္ခဝိပါက်တို့၏ အဆက်မပြတ်ဖြစ်ခြင်းငှာလည်း, ပွားစီးခြင်းငှာလည်း ဇနကကံဟောင်း၏ သတ္တိအားလျော်စွာ ကြာမြင့်အောင် ထောက်ပံ့တတ်သော ကုသိုလ်,အကုသိုလ်ကံသည် ဥပတ္ထမ္ဘကကံမည်၏။

ဒီပနီဆရာတော်၏ အလိုကား ပဝတ္တိအခါ၌ အကျိုးပေးတတ်သော ကံသည် ဖြစ်စေအပ်သော သုခ,ဒုက္ခကိုလည်း, ပဋိသန္ဓေကို ပေးအပ်သော ကံသည် ဖြစ်စေအပ်သော သုခဒုက္ခကိုလည်း ကြာမြင့်စွာဖြစ်စိမ့်သောငှာ ထောက်ပံ့တတ်သော ကံသည် ဥပတ္ထမ္ဘကကံမည်၏ဟူ၍ ဆိုသည်။

ဤကံကား ကုသိုလ်ကို ကုသိုလ်ချင်း၊ အကုသိုလ်ကို အကုသိုလ်ချင်းသာ ထောက်ပံ့သည်။

## ၃-ဥပပီဠကကံကို ပြဆိုချက်

ဥပဂန္တွာ ပီဠေတီတိ ဥပပီဠကံ၊ ကမ္မန္တရဇနိတဝိပါကဿ ဗျာဓိ-
ဓာတုသမတာဒိနိမိတ္တဝိဗာဓနေန စိရတရပဝတ္တိ ဝိနိဗန္ဓကံ၊ ယံကိဉ္စိ
ကမ္မံ ဥပပီဠကံ နာမ။ (ဋီကာ)

ကံတပါးသည် ဖြစ်စေအပ်သော ဝိပါက်၏နာခြင်းအကြောင်း, ဓာတ်ညီ
ညွတ်ခြင်း၏အကြောင်းကို တားမြစ်သဖြင့် ကြာမြင့်စွာဖြစ်ခြင်းကို နှောင့်ယှက်
တတ်သော ကုသိုလ်,အကုသိုလ်ကံသည် ဥပပီဠကကံမည်၏။

ဤ၌ အဓိပ္ပါယ်အဖြောင့်ကား–အကုသိုလ်ကံသည် ဖြစ်စေ၍ အနာများ
သောသူအား ကုသိုလ် ဥပပီဠကကံသည် နာခြင်း၏အကြောင်းကို တားမြစ်
သဖြင့် ကြာမြင့်စွာချမ်းသာအောင် နှိပ်စက်သည်။

ကုသိုလ်ကံသည်ဖြစ်စေ၍ ကျန်းမာသောသူအား အကုသိုလ် ဥပပီဠကကံ
သည် ဓာတ်ညီညွတ်ခြင်း၏အကြောင်းကို တားမြစ်သဖြင့် ကြာမြင့်စွာ နာခြင်း
ဖြင့် နှိပ်စက်သည်ဟု ဆိုလိုသည်။

## ၄-ဥပဃာတကကံကို ပြဆိုချက်

ဥပဂန္တွာ ဃာတေတီတိ ဥပဃာတကံ၊ ဒုဗ္ဗလဿ ပန ကမ္မဿ
ဇနကသာမတ္ထိယံ ဥပဟစ္စ ဝိစ္ဆေဒကပစ္စယုပ္ပါဒနေန တဿ ဝိပါကံ ပဋိ-
ဗာဟေတွာ သယံ ဝိပါကနိဗ္ဗတ္တကကမ္မံ ဥပဃာတကံ နာမ။ (ဋီကာ)

အားနည်းသော ဇနကကံ၏ အစွမ်းကိုဖြတ်၍ ပြတ်စဲခြင်း၏အကြောင်းကို
ဖြစ်စေသဖြင့် ထိုဝိပါက်ကို တားမြစ်၍ အသစ်ဖြစ်သော မိမိ၏အကျိုးကို ဖြစ်
စေတတ်သော ကုသိုလ်, အကုသိုလ်ကံသည် ဥပဃာတကကံမည်၏။

### ၁၈၄-ဥပဃာတကနှင့် ဇနကကံနှစ်ပါး ထူးခြားပုံ

ဥပဃာတကကံသည်လည်း အကျိုးကိုဖြစ်စေတတ်၏ဟူသော် ဇနကကံနှင့်
ဘယ်သို့ထူးသနည်းဟူငြားအံ့၊ ဇနကမှာ တပါးသောကံ၏အကျိုးကို မဖြတ်မူ၍
မိမိ၏သတ္တိအလျောက် အကျိုးပေးသည်။

ဥပဃာတကမှာ တပါးသောကံ၏ အကျိုးကိုဖြတ်၍ အသစ်အကျိုးပေး
သည်။ ဤသို့ထူးကြ၏ဟူ၍ အဋ္ဌကထာတို့၌ ဆုံးဖြတ်ကုန်၏။

သာဓကကား---တော၌ ဆင်းရဲစွာနေရသော ဆင်ဖြူကို မင်းတို့သည်
ဖမ်းယူ၍ ကြီးစွာသော ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်ရာ၌ ရှေးက
ကုသိုလ် ဇနကကံကြောင့် တိရစ္ဆာန်ဖြစ်၍ ဆင်းရဲစွာ နေရသည်ကို ရှေး

ကုသိုလ်ဖြစ်သော ဥပဃာတကကံသည် ဒုက္ခဝိပါက်ကို ဖြတ်၍ သုခဝိပါက်ကို ဖြစ်စေသည်။

အမျိုးကောင်းသားတို့သည် မိဘဆိုးမြွေ့ာက်သဖြင့် ချမ်းသာစွာ နေရလျက် သူ့အသက်ကို သတ်ခြင်း ခိုးဝှက်ခြင်းစသော အမှုကို ပြုလတ်သော် မကောင်းမှုကြောင့် မင်းဒဏ်သင့်၍ နှောင်အိမ်၌ ရှည်မြင့်စွာ ဆင်းရဲခံရရာ၌ ရှေးကုသိုလ်ဇနကကံကြောင့် လူ့ဘဝ၌ သုခဝိပါက်ဖြစ်သည်ကို အကုသိုလ် ဥပဃာတကသည် သုခဝိပါက်ကို ဖြတ်၍ ဒုက္ခဝိပါက်ကိုဖြစ်စေသည်။ ဤသို့ သက်သေပြရာသည်။

အပရေဆရာတို့ကား–ဥပပီဠကကံသည် သတ္တဝါတို့အား အနာများသည်၏ အဖြစ်အစရှိသော အကြောင်းကို ဆောင်သဖြင့် ဇနကကံ၏ အကျိုးကို အကြား အကြား၌ နှောင့်ယှက်၏။

ဥပဃာတကကံသည် ထိုအနာများခြင်း စသည်ကို အချင်းခပ်သိမ်းဖြတ်၍ တပါးသော ဇနကကံ၏ အခွင့်ကိုပေး၏။ မိမိကား အကျိုးကို မဖြစ်စေတတ်ဟူ၍ ဆိုကုန်၏။ ဤကား သတ္တိအားဖြင့် ပြားသောကံ ၄-ပါးတည်း။

၁၀၅—ပါကဒါနအပြားကံလေးပါး

ထို ၄-ပါးတို့တွင် တပါးပါးသော ကံသည် အကျိုးပေးသော အစဉ်အားဖြင့်—

| | |
|---|---|
| ၁။ ဂရုကံ၊ | ၃။ အာစိဏ္ဏကံ၊ |
| ၂။ အာသန္နကံ၊ | ၄။ ကဋတ္တာကံ– |

ဟူ၍ လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင်—

၁-ဂရုကံကို ပြဆိုချက်

ဂရုကာန္တိ မဟာသာဝဇ္ဇံ မဟာနုဘာဝဥ္စ အညေန ကမ္မေန ပဋိဗာဟိတုံ အသက္ကုဏေယျကမ္မံ–

ဟူသော ဋီကာနှင့်အညီ တပါးသောကံသည် တားမြစ်ခြင်းငှာ မစွမ်းနိုင်သော ကြီးသောအပြစ် ကြီးသောအာနုဘော်ရှိသော ကုသိုလ်၊ အကုသိုလ်ကံသည် ဂရုကံမည်၏။

ကုသိုလ်အဖို့၌ မဟဂ္ဂုတ်ကံတို့တည်း။ အကုသိုလ်အဖို့၌ကား မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒကတည်း ဟူသော အနန္တရိယ ကံငါးပါး, နိယတ မိစ္ဆာဒိဋ္ဌိကံ ၃-ပါးတို့တည်း။

## ၂-အာသန္နကံကို ပြဆိုချက်

အာသန္နန္တိ မရဏကာလေ အနုဿရိတံ တဒါ ကတဥ္စ။ ။(ဋီကာ)

သေခါနီးကာလ၌ အောက်မေ့သောကံသည်၎င်း, ပြုအပ်သော ကံသည်၎င်း အာသန္နကံမည်၏။

## ၃-အာစိဏ္ဏကံကို ပြဆိုချက်

အာစိဏ္ဏန္တိ အဘိဏှသော ကတံ ဧကဝါရံ ကတွာပိ ဝါ အဘိဏှသော သမာသေဝိတံ။ ။(ဋီကာ)

မပြတ်မသတ် ပြုအပ်သော ကံသည်၎င်း၊ တကြိမ်ပင် ပြုရသော်လည်း နှစ်သက်လှသည်ဖြစ်၍ နေ့ညမပြတ် မှီဝဲအပ်သော ကံသည်၎င်း အာစိဏ္ဏကံ မည်၏။

## ၄-ကဋတ္တာကံကို ပြဆိုချက်

ကဋတ္တာကမ္မန္တိ ဂရုကာဒိဘာဝံ အသမ္ပတ္တံ ကတမတ္တတာယေဝ ကမ္မန္တိ ဝတ္တဗ္ဗကမ္မံ။ ။(ဋီကာ)

ဂရုက, အာသန္န, အာစိဏ္ဏ အဖြစ်သို့မရောက် လောကဝတ်အလျောက် ပြုခြင်းမျှကို ကံဟူ၍ ဆိုအပ်သော ကံသည် ကဋတ္တာကံမည်၏။ ဤ၌ လောက ဝတ်ဟူသည်ကား တမလွန်၌ ခံစားဖို့ဟု မရည်ပဲ မိဘဖြစ်၍ လုပ်ကျွေးခြင်း သားမယားဖြစ်၍ ဝတ်စားဘန်သာပေးခြင်း အဆွေခင်ပွန်းတို့အား ကျွေးတို့ ကျွေးခြင်း အစရှိသော အမှုတို့တည်း။

အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီ၌ကား—

ဂရုကာသန္နာစိဏ္ဏဘာဝံ အသမ္ပတ္တံ ကတတ္တာ ဝါ အတီတဘဝေ ကတံ ဝါ၊ ကုသလာကုသလကမ္မံ ကဋတ္တာကမ္မံ နာမ—

ဟူ၍ မိန့်သည်။

**အဓိပ္ပါယ်ကား**—ဂရုကံ အာသန္နကံ အာစိဏ္ဏကံ အဖြစ်သို့မရောက် သော လောက၌ ကျင့်ရိုး ကျင့်စဥ်ဖြစ်သောကံသည်၎င်း၊ ရှေးအခါ၌ ပြုဘူး သော အပရာပရိယကံသည်၎င်း ကဋတ္တာကံ မည်၏ ဟူလိုသည်။

## ၁၈၆–မိဘသားမယားများ ပြုစုကျွေးမွေးရာ

### အကျိုးပေး မပေး

မိဘသားမယားတို့၌ လုပ်ကျွေးပြုစုသော စေတနာသည် အကျိုးပေးပါအံ့ လော ဟူငြားအံ့၊ ထိုစေတနာကို မဆိုထားဘိ ဘိုသူတို့ အချင်းချင်း ချစ်ခင် ကြသော မေတ္တာသဟဂုတ် စေတနာသည်လည်း တဆင့်ထက်တဆင့် ရင့်စေ၍ စကြဝတေးမင်းအဖြစ် တိုင်အောင် ဆောင်နိုင်ကြောင်းကို မာဘုဂုဏသုတ်၌—

ပိယန္တိ ပါ ပုတ္တေ ပိန်၊ ပိယော ပယော စ သုပိယော။
မေတ္တာဝသေန တံ ပိယံ၊ စက္ကဝတ္တိကရံ ဘဝေ—

ဟူ၍ ဟောတော်မူသည်။

အနက်ကား—

ပါ-ပိတာ၊ ဖခင်တို့သည်၊ ပုတ္တေ၊ သားသမီးတို့ကို။ ပိယန္တိ၊ ချစ်ခင်ကြ ကုန်၏။ ပိန် ပတိနဥ၊ လင်တို့အားလည်း။ ပိယော ဇရိယာ၊ မယားတို့သည်။ ပိယန္တိ၊ ချစ်ခင်ကြကုန်၏။ ပယော ဘတ္တာရော စ၊ လင်တို့သည်လည်း။ သုပိ- ယော သုန္ဒရပဇာပတိယော၊ ကောင်းမြတ်သော မယားတို့ကို။ ပိယန္တိ၊ ချစ်ခင် ကြကုန်၏၊ မေတ္တာဝသေန၊ မေတ္တာ၏ အစွမ်းဖြင့်။ တံ ပိယံ၊ ထိုချစ်ခင်ကြခြင်း သည်။ စက္ကဝတ္တိကရံ၊ စကြဝတေးမင်း၏ အဖြစ်ကိုပြုတတ်သည်။ ဘဝေ၊ ဖြစ်၏။

သားမယားတို့၌ တဏှာအားဖြင့် ချစ်ခြင်း, မေတ္တာအားဖြင့် ချစ်ခြင်း ဟူ၍ နှစ်ပါးရှိသည်။

ထိုနှစ်ပါးတို့တွင် ငါ့အား ခြေဆုပ်လက်နယ်ပြုခြင်း, ယပ်ခပ်ခြင်း, ကျွေး မွေးခြင်း, နာရေးဖျားတာပြုစုခြင်း, ကောင်းမှုပြုရာ ညီညာခြင်း, ဥစ္စာကို ထိန်းသိမ်းခြင်း စသောအမှုကို ပြုပေသည်ဟု ဂုဏ်ကျေးဇူးကို အောက်မေ့၍ ချစ်ခြင်းသည် မေတ္တာ အားဖြင့် ချစ်ခြင်းမည်၏။ ထိုမေတ္တာသည် မဟာ ကုသိုလ်ပင် ဖြစ်ရကား မြတ်သောအကျိုးကိုပေး၏ ဟူလိုသည်။

## ၁၈၇-ဂရုကံ စသည်တို့ အကျိုးပေးပုံ အစဉ်ကို ပြခြင်း

ထိုလေးပါးသော ကံတို့တွင် အကြင်သူအား ဂရုကံသည် ရှိအံ့၊ ထိုဂရုကံ သည်လျှင် အကျိုးပေး၏။

ဂရုကံမရှိမူကား ထိုဂရုကံနှင့် အလားတူသော အတိဘာရိယကံသည် အကျိုးပေး၏။

ထိုအတိဘာဂိယကံမရှိမူ အာသန္နကံသည် အကျိုးပေး၏။

အာသန္နကံမရှိမူ အာစိဏ္ဏကံသည် အကျိုးပေး၏။

အာစိဏ္ဏကံ မရှိမူ ကဋတ္တာကံသည် အကျိုးပေး၏။ အကျိုးဟူသည်လည်း ပဋိသန္ဓေကိုင်၏ ဟူလိုသည်။ ဤသို့ အကျိုးပေးသော ဆစဉ်အားဖြင့်လည်း ကံလေးပါးစီ ပြား၏ ဟူလိုသည်။

အဘိဓမ္မာဝတာရ စသည်တို့၌ကား ဂရုကံမရှိမူ အာစိဏ္ဏကံ အကျိုးပေး၏။ အာစိဏ္ဏကံမရှိသော် အာသန္နကံ အကျိုးပေး၏ ဟူ၍ အာစိဏ္ဏကံကို ရှေ့တင်၍ ဆိုသည်။

ယင်းသို့ ဆိုသော်လည်း သုတ္တန်အဋ္ဌကထာတို့၌ အာသန္နကံ ဦးစွာ အကျိုးပေးသော ဝတ္ထုသာဓက ရှိသောကြောင့် ခြံဝ၌ တည်သော နွားသည် အိုမင်း အားနည်း သော်လည်း တပါးသော နွားတို့၏ ရှေ့ဦးစွာ ထွက်နိုင်သကဲ့သို့ သေခါနီး၌ဖြစ်သော အာသန္နကံ သည် ငယ်သည်ပင် ဖြစ်သော်လည်း အာစိဏ္ဏကံ၏ အလျင် အကျိုးပေး၏ဟု နှလုံးပြု၍ အနုရုဒ္ဓါ အရှင်ကား အာသန္နကံကို ရှေ့တင်၍ ဆိုသည်ဟု ဋီကာမိန့်၏။

သတ္တဝါတို့မှာ မိမိများစွာ လေ့လာသော အမှုကိုသာလျှင် သေခါနီး ကာလ၌ အောက်မေ့မိသည်၊ ကမ္မနိမိတ် ဖြစ်သည်ကား များ၏။ အခြားအာရုံကို ယူနိုင်၊ အောက်မေ့ နိုင်သည်ကား အနည်းသာ ရှိသည်ဟု အဋ္ဌကထာကြီးတို့၌ ဆိုရကား အဘိဓမ္မာဝတာရ စကားလည်း သင့်သည်ပင်ဟု ဆရာမြတ်တို့ မိန့်ကုန်၏။

အတိဘာဂိယကံ ဟူသည်ကား ရဟန္တာမှ ကြွင်းသော အရိယာပုဂ္ဂိုလ်တို့ကို သတ်သောကံ၊ အလိုမတူသော ဘိက္ခုနီမကို ဖျက်ဆီးသောကံ၊ အရိယာတို့ကို စွပ်စွဲသော ဥပဝါဒကံ၊ စေတီ၊ ဗောဓိတို့ကို ဖျက်ဆီးသော ကံ တို့ပါတည်း။

ထိုကံတို့သည် အနန္တရာဘဝ၌ စင်စစ်အကျိုးပေးတတ်သောကြောင့် အနန္တ-ရိယသဒိသ ကံလည်း မည်ကုန်၏။ ထို့ကြောင့် သမ္မောအဋ္ဌကထာ၌—

သေသအရိယပုဂ္ဂလေ မာရေန္တဿ အနန္တရိယံ နတ္ထိ၊ ကမ္မံ ပန ဘာရိယံ အနန္တရိယသဒိသံ–ဟူ၍ရင်း၊

ပါရာဇိကဏ် အဋ္ဌကထာ၌—

သော စ ဇာနံ ဝါ ဥပဝဒေယျ အဇာနံဝါတိပိ အရိယုပဝါဒေါ ဟောတိ၊ အတိဘာရိယံ ကမ္မံ၊ သဂ္ဂါဝရဏံ၊ မဂ္ဂါဝရဏဉ္စ–ဟူ၍ရင်း၊

အင်္ဂုတ္တိုရ် အဋ္ဌကထာ၌–

စေတိယဿာတကံ ပေါမိဿာတကဥ္စ အတိဘာရိယ ကမ္မံ၊ အနန္တရသဒိသံ–
ဟူ၍ရှင်း မိန့်ဆိုသည်။

ယင်းသို့ အတိဘာရိယကံ ရှိခဲ့သော် သင်္ဂြိုဟ်ကျမ်း၌ ဘယ့်ကြောင့်ဆို
သနည်း၊ ဟူငြားအံ့။ ထိုကံဟူသည် အကုသိုလ်သက်သက် ဖြစ်သောကြောင့်
ကုသိုလ် ့အကုသိုလ်နှစ်ပါးစုံနှင့် ဆက်ဆံသော ကံအမည်ကိုပြရာတွင် မငင်သင့်
သောကြောင့် သွင်း၍မပြသည်ဟု ယူရမည်။

## ၁၀၀·အကျိုးပေးရာ ကာလအားဖြင့် ကံလေးပါး ပြားပုံ

ယင်းကံ လေးပါးတို့တွင် တပါးပါးသော · ကံသည်လည်း အကျိုးပေးရာ
ကာလအားဖြင့်–

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ၊
၂။ ဥပပဇ္ဇဝေဒနီယကံ၊
၃။ အပရာပရိယဝေဒနီယကံ၊
၄။ အဟောသိကံ–ဟူ၍ လေးပါး အပြားရှိ၏။

ထိုလေးပါးတို့တွင်–

## ၁-ဒိဋ္ဌဓမ္မဝေဒနီယကံကို ပြဆိုချက်

တသ္မိံ ယေဝ အတ္တဘာဝေ ဖလဒါယိနီ ပဌမဇဝနစေတနာ ဒိဋ္ဌဓမ္မဝေဒ-
နိယံ နာမ–

ဟူသော ဋီကာနှင့်အညီ ကဲလွန်သောသတ္တိရှိသည်ဖြစ်၍ မျက်မှောက်သော်ကိုယ်
၏အဖြစ်၌ အဟိတ်ဝိပါက် တည်းဟူသော အကျိုးကို ပေးတတ်သော ပဌမ
ဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

## ၂-ဥပပဇ္ဇဝေဒနီယကံကို ပြဆိုချက်

အတ္ထသာဓိကာ ပန သတ္တမဇဝနစေတနာ သန္နိဋ္ဌာပကစေတနာ ဘူတာ
အနန္တရတ္တဘာဝေ ဝိပါကဒါယိနီ ဥပပဇ္ဇဝေဒနီယံ နာမ–

ဟူသော ဋီကာနှင့်အညီ လိုအပ်သော အကျိုးကို ပြီးစေတတ်သော သတ္တ-
မဇော စေတနာသည်ကား ရှေးရှေးဇောတို့မှ ရအပ်သော အာသေဝနပစ္စည်း
ရှိသည်ဖြစ်၍ အခြားမဲ့သောဘဝ၌ အကျိုးကို ပေးခြင်းငှာ စွမ်းနိုင်ရကား
ဆုံးဖြတ်တတ်သော သန္နိဋ္ဌာပကစေတနာဖြစ်၍ ဥပပဇ္ဇဝေဒနီယကံမည်၏။

### ၃-အပရာပရိယဝေဒနီယကံကို ပြဆိုချက်

အပရေ အပရေ ဒိဋ္ဌဓမ္မတော အညသ္မိံ ယတ္ထကတ္ထစိ အတ္တဘာဝေ ဝေဒိတဗ္ဗံ ကမ္မံ အပရာပရိယဝေဒနီယံ-

ဟူသော ဋီကာနှင့်အညီ မျက်မှောက်သော ကိုယ်၏အဖြစ်မှတပါး အမှတ်မထင် အကြင်တစုံတခုသော ကိုယ်၏ အဖြစ်၌ ခံစားအပ်သော အကျိုးကိုပေးတတ်သော အလယ်ဇော ၅-ချက် စေတနာသည် အပရာပရိယဝေဒနီယကံမည်၏။

### ၄-အဟောသိကံကို ပြဆိုချက်

အဟောသိ ဝ ကမ္မံ န တဿ ဝိပါကော အဟောသိ၊ အတ္ထိဘဝိဿတိ စာတိ၊ ဝံ ဝတ္တဗ္ဗံ ကမ္မံ အဟောသိကမ္မံ-ဟူသောဝစနတ္ထ။

သကသကကာလာတီတံ ပန ပုရိမကမ္မဒွယံ တတိယမ္ပိ စ သံသာရပဝတ္တိယာ ဝေါစ္ဆိန္နာယ အဟောသိကမ္မံ နာမ။

ဟူသော အဘိဓမ္မတ္ထနှင့်အညီ ကံကား ဖြစ်ပြီး၊ ကံ၏ အကျိုးကား ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ဟူ၍ မဆိုအပ်သော မိမိ၏ အကျိုးပေးရာ ကာလကိုလွန်သော ဒိဋ္ဌဓမ္မ, ဥပပဇ္ဇကံ နှစ်ပါးသည်၎င်း၊ သံသရာဝဋ်ပြတ်ပြီးသော အပရာပရိယကံသည်၎င်း အဟောသိကံမည်၏။

### ၁၇၉-ဒိဋ္ဌဓမ္မဝေဒနီယကံ၌ အထူးမှတ်ဖွယ်

ထိုလေးပါးတို့တွင် ပဌမဇော စေတနာသည် အဘယ်အကြောင်းဖြင့် ကဲလွန်သော သတ္တိရှိ၍ မျက်မှောက်အကျိုးကို ပေးနိုင်သနည်း ဟူမူကား-

ပဋိပက္ခေ ဟိ အနဘိဘူတတာ စ ပစ္စယဝိသေသေန ပဋိလဒ္ဓဝိသေသတာယ စ၊ ဗလဝဘာဝပ္ပတ္တာ သာတိသယာ-

ဟူသော ဋီကာနှင့်အညီ ဆန့်ကျင်ဘက်ဖြစ်သောတရားတို့သည် မနှိပ်စက်သည်၏ အဖြစ်ကြောင့်၎င်း၊ဝတ္ထု, ခေတ္တ, အဇ္ဈာသယ, ဂုဏာတိရေက ဟူသော အကြောင်းထူးလေးရပ် ကုံကြိုက်လတ်သည်၏ အဖြစ်ကြောင့်၎င်း အားကြီးသော အဖြစ်သို့ ရောက်သည်ဖြစ်၍ ကဲလွန်သော သတ္တိ ရှိသည်။ ထို့ကြောင့် မျက်မှောက်၌ အကျိုးပေး၏ ဟူပေ။

အားကြီးသောအဖြစ်သို့ ရောက်သော် နောက်ဘဝ၌ ပဋိသန္ဓေကို ပေးသင့်ပါ၏။ ဘယ်ကြောင့် မပေးလေသနည်း။

အာသေဝနာလာဘေန အပ္ပဝိပါကတာယ။

ဟူသောဋီကာနှင့်အညီ၍ပဌမဇောသည် အာသေဝနပစ္စည်းကိုမရခြင်းကြောင့်

နည်းသောအကျိုးရှိသည်ဖြစ်၍ ပျိုနုသောသင်္ဘောပင်သည် အပွင့်မျှကိုသာ ပေးသကဲ့သို့၊ ပဝတ္တိ၌ အဟိတ်ဝိပါက်မျှကိုသာ ပေး၏ဟူပေ။

## ၁၉၀- ဥပပဇ္ဇဝေဒနီယကံ၌ အထူးမှတ်ဖွယ်

ဥပပဇ္ဇဝေဒနီယဖြစ်သော သတ္တမဇော စေတနာသည် ဒုတိယဘဝ၌ ပဋိသန္ဓေကိုမပေးပဲ ပဝတ္တိအကျိုးကို ပေးအံ့လော ဟူငြားအံ့၊

> သာ စ ပဋိသန္ဓိံ ဒတွာဝ ပဝတ္တိဝိပါကံ ဒေတိ။ ပဋိသန္ဓိံယာ ပန အဒိန္နာယ ပဝတ္တိဝိပါကံ ဒေတီတိ နတ္ထိ။ စုတိအနန္တရဉှိ ဥပပဇ္ဇဝေဒနီယဿ ဩကာသော။ ပဋိသန္ဓိံယာ ပန ဒိန္နာယ ဇာတိသတေပိ ပဝတ္တိဝိပါကံ ဒေတိတိ အာစရိယာ-

ဟူသောဋီကာနှင့်အညီ ဤသတ္တမဇော စေတနာသည် ပဋိသန္ဓေကို ပေးပြီးသော်သာလျှင် ပဝတ္တိအကျိုးကို ပေးနိုင်၏။ ပဋိသန္ဓေကိုမပေးသော် ပဝတ္တိအကျိုးကို ပေးနိုင်သည် မည်၍ မရှိ။ အယ့်ကြောင့်နည်းဟူမူ စုတိ၏အခြားမဲ့ကာလသည်သာလျှင် ဥပပဇ္ဇဝေဒနီယကံ၏ အခွင့်ရသော ကာလတည်း။

ပဋိသန္ဓေကို ပေးပြီးသော်ကား ဘဝအရာ, ဘဝတထောင် တိုင်အောင်ပင် ပဝတ္တိအကျိုးကိုပေး၏ ဟူ၍ အဋ္ဌကထာ ဆရာတို့မိန့်ကုန်၏။

သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယ မဖြစ်မူ၍ ဒုတိယဘဝ၌ ပဋိသန္ဓေကို မငင်ခဲ့သော် အဘယ်ကံသည် ငင်ပါအံ့နည်း၊ အလယ်ဇော ၅-ချက်စေတနာသည် ပေးပါအံ့လော ဟူငြားအံ့၊

ဒိဋ္ဌဓမ္မတော အညသ္မိံ ယတ္ထ ကတ္ထစိ အတ္တဘာဝေ- ဟု ဋီကာကျော်မိန့်ခြင်းကြောင့်ရင်း၊

ဒိဋ္ဌဓမ္မတော အညသ္မိံ, အတ္တဘာဝေ ဟု အဘိဓမ္မတ္ထဝိဘာဝနီ၌ မိန့်ခြင်းကြောင့်ရင်း၊

သတ္တမဇော စေတနာသည် ဒုတိယဘဝ၌ ပဋိသန္ဓေကို မပေးခဲ့သော် အလယ်ဇော ၅-ချက် စေတနာသည် ပေး၏ဟူပေ။

**မဏိမဉ္ဇူဆရာတော်ကား** အလယ်ဇော စေတနာပေး၏ ဟူသော်လည်း ပစ္စုပ္ပန်ဘဝဖြစ်သော အလယ်ဇော စေတနာသည် မပေး။ အတိတ်ဘဝ၌ ဖြစ်သော အလယ်ဇောစေတနာသည်သာလျှင် ပေးသည်။ ထို့ကြောင့် အပရာပရိယကံသည် တတိယဘဝမှစ၍ ပေးသည် မှတ်ရမည်ဟု မိန့်ဆို၏။

**နယပကာသနီ၌** ဒိဋ္ဌဓမ္မာပပဇ္ဇေဟိ အညသ္မိံဟု ဆိုသည်။

မနော ၁၁—ပ·မ·သ·စ

ဝိသုဒ္ဓိမဂ်ဋီကာ၌ ဒိဋ္ဌဓမ္မာနုဗန္ဓရာ နာဂတဘော အညသို့ အတ္တဘာဝ-ပရိယာယေ-ဟု ဆိုသည်။

ဤကျမ်းဟိုး၏ အလိုသော် ဒိဋ္ဌဓမ္မ, ဥပပဇ္ဇတို့မှတပါး နောက်နောက်သော အတ္တဘော အဆက်ဆက်ကိုသာလျှင် အလယ်ဇောစေတနာ ပေး၏။ ဒုတိယ-ဘဝ၌ မပေးဟူလိုသည်။

ဤသို့ဆိုခဲ့သော ခပ်သိမ်းသော သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယ မည်သည်ချည်းဖြစ်ရာ၏။ စင်စစ်သော်ကား ခပ်သိမ်းသော သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယမမည်။

ပထမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယမည်မှ သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယမည်သည်။

ပထမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယမမည်သော် သတ္တမဇောစေတနာ လည်း ဥပပဇ္ဇဝေဒနီယမမည်။

ထို့ကြောင့် ခပ်သိမ်းသော သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယ မမည်ဟု သိအပ်၏။

အဘယ်ကိုထောက်၍ သိသနည်းဟူမူကား-သတ္တမဇော စေတနာသည်-

သန္နိဋ္ဌာပကစေတနာဘူတာ ဝုတ္တနယေန ပဋိလဒ္ဓဝိသေသာ-

ဟူ၍ ဋီကာဆိုသောကြောင့် ပထမဇောသည် ပစ္စယဝိသေသဖြင့် ရအပ်သော သတ္တိအထူးရှိမှ သတ္တမဇောလည်း ရအပ်သောသတ္တိ အထူးရှိသည်။

ထို့ကြောင့် ပထမဇော ဒိဋ္ဌဓမ္မမည်မှ သတ္တမဇော ဥပပဇ္ဇမည်သည်ဟု သိရ သတည်း။

## ၁၉၁-အပရာပရိယကံ၌ အထူးမှတ်ဖွယ်

အလယ်ဇော ငါးချက်စေတနာကား အပရာပရိယဝေဒနီယ မည်သည်ချည်း ဖြစ်သည်။

မျက်မှောက်၌ အကျိုးမပေးသောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယ မမည်သော ပထမဇောစေတနာ, အခြားမဲ့၌ အကျိုးမပေးသောကြောင့် ဥပပဇ္ဇဝေဒနီယ မမည်သော သတ္တဇောစေတနာသည်လည်း အပရာပရိယဝေဒနီယသာ ဖြစ်ကုန် ၏။ ထိုအနက်ကို ပြခြင်းငှာ ဋီကာကျော်၌-

> ယထာ ဝုတ္တကာရဏဝိရဟတော ဒိဋ္ဌဓမ္မဝေဒနီယာဒိဘာဝံ အသမ္ပတ္တာ အာဒိပရိယောသာနစေတနာနံ မဇ္ဈေ ပဝတ္တာ ပဉ္စ စေတနာ ဝိပါကဒါန-သဘာဝဿ အနုပစ္ဆိန္နတ္တာ ယဒါ ကဒါစိ ဩကာသလာဘေ သတိ ပဋိသန္ဓိပဝတ္တေသု ဝိပါကံ အဘိနိပ္ဖါဒေန္တိ အပရာပရိယဝေဒနီယံ နာမ-

ဟူ၍ (အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ ၁၇၂၌ မိန့်သည်။

ယထာဝုတ္တကာရဏဝိရဟတော၊ အကြင်အကြင် ဆိုအပ်ပြီးသော ပစ္စယ-ဝိသေသဟူသော အကြောင်းကင်းခြင်းကြောင့်။ ဒိဋ္ဌဓမ္မဝေဒနီယာဒိဘာဝံ၊ ဒိဋ္ဌဓမ္မဝေဒနီယ စသော အဖြစ်သို့၊ အသမ္ပတ္တာ၊ မရောက်သော။ စေတနာ၊ ပဌမဇောစေတနာ, သတ္တမဇော စေတနာသည်ရှင်း။ အာဒိပရိယောသာန-စေတနာနံ၊ အစဇော, အဆုံးဇော စေတနာတို့၏။ မဇ္ဈေပဝတ္တာ၊ အလယ်၌ ဖြစ်သော။ ပဉ္စစေတနာ၊ ငါးချက်သော စေတနာသည်ရှင်း။ ဝိပါကဒါနသဘာ-ဝဿ၊ အကျိုးပေးတတ်သော သဘော၏။ အနုပစ္ဆိန္နတ္တာ၊ မပြတ်သည်၏ အဖြစ်ကြောင့်။ ယဒါ ကဒါစိ၊ အမှတ်မရှိသော ဘဝ၌၊ ဩကာသလာဘေ၊ အခွင့်ကို ရသည်။ သတိ၊ ရှိသော်။ ပဋိသန္ဓိပဝတ္တေသု၊ ပဋိသန္ဓေအခါ, ပဝတ္တိ အခါတို့၌။ ဝိပါကံ၊ အကျိုးကို။ အဘိနိပ္ဖါဒေန္တိ၊ ပြီးစေတတ်သည်ဖြစ်၍။ အပရာပရိယဝေဒနီယံ နာမ၊ အပရာပရိယ ဝေဒနီယကံ မည်၏။

ယင်းသို့ အလယ်ဇော အစရှိသော အပရာပရိယကံတို့သည် အနန္တရဘဝမှ စ၍ အကျိုးပေးခဲ့သော် သတ္တမဇောစေတနာနှင့် ဘယ်သို့ ထူးအံ့လောဟူငြားအံ့။ သတ္တမဇောစေတနာသည် အနန္တရဘဝ၌သာလျှင် ခံစားအပ်သော အကျိုးရှိ၏။ အလယ်ဇောစေတနာတို့ကား အနန္တရဘဝ စသည်တို့တွင် အမှတ်မရှိသော ဘဝ၌ ခံစားအပ်သော အကျိုးရှိ၏။ ဤသို့ ထူးကြ၏ဟူပေ။

(အဖေဂ္ဂုဒီပနီ)

## ၁၉၂-အဟောသိကံ၌ အထူးမှတ်ဖွယ်

အဟောသိကံ ဟူသည်ကား ရှေးကံ ၃-ပါးမှ အခြားရှိ၏လော ဟူငြားအံ့—

> သကသကကာလာတီတံ ပန ပုရိမကမ္မဒွယံ တတိယမ္ပိ စ သံသာ-ရပ္ပဝတ္တိယာ ဝေါစ္ဆိန္နာယ အဟောသိကမ္မံ နာမ —

ဟူသော ဋီကာနှင့်အညီ မိမိ၏အကျိုးပေးရာ ကာလကို လွန်သော ဒိဋ္ဌဓမ္မ, ဥပပဇ္ဇကံ နှစ်ပါး၊ သံသရာဝဋ်ပြတ်ပြီးသော ပုဂ္ဂိုလ်၏ အပရာပရိယကံ တပါး ဤ ၃-ပါးကိုပင် အဟောသိကံဆိုသည်ဖြစ်ရကား ဤ ၃-ပါးမှ အခြားမရှိပြီ။

ပဌမဇောစေတနာသည် မျက်မှောက်ဘဝ၌ အကျိုးကိုပေးသည် ဖြစ်အံ့၊ ဒိဋ္ဌဓမ္မဝေဒနီယမည်၏။ အကျိုးကို မပေးသည်ဖြစ်အံ့၊ ဒိဋ္ဌဓမ္မဟူသောအမည်သည် အဟောသိ ဖြစ်၏။

သတ္တမဇော စေတနာသည် အခြားမဲ့ဘဝ၌ အကျိုးကိုပေးသည်ဖြစ်အံ့၊ ဥပပဇ္ဇဝေဒနီယမည်၏၊ အကျိုးကိုမပေးသည်ဖြစ်အံ့၊ ဥပပဇ္ဇဟူသော အမည်သည်အဟောသိဖြစ်၏။

စေတနာမူကား အပရာပရိယသို့သက်၍ အခွင့်ရသောကာလ၌ အကျိုးပေး၏။ အပရာပရိယကံတို့ကား သံသရာဝဋ်မပြတ်မှုသာလျှင် အဟောသိ ဖြစ်၏ ဟူလိုသည်။

ကံအမည်သာလျှင် အဟောသိဖြစ်၍ စေတနာတည်းဟူသော ကံမပျောက်သော အဖြစ်ကို ဘယ့်ကြောင့်ဆိုသနည်းဟူငြားအံ့၊ ဋီကာပါဌ်၌ သက သက-ကာလာတီတံဟူ၍သာဆိုသည်။ ကမ္မာတီတံဟူ၍မဆို။ ထို့ကြောင့် ကံကိုမလွန် ကာလကိုသာလွန်သည်ဖြစ်၍ ထိုကာလ၌ ဒေါ်ဝေါ်အပ်သော အမည် ဝေါဟာရသာ ပျောက်သည်။ ကံမပျောက်ဟု သိရာ၏ဟူပေ။ ဤအရာကို နေရာကျသိခဲစွ။ ဋီကာကျော် ဆင်တဲနိဿယကိုရှုကြလေ။

### ၁၉၃-ပဏ္ဏာသအဋ္ဌကထာလာ ကံအပြားကို ပြခြင်း

ဥပရိပဏ္ဏာသ ဒေဝဒဟသုတ် အဋ္ဌကထာ၌ကား—

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ၊

၂။ သမ္ပရာယဝေဒနီယကံ၊

၃။ ပရိပက္ကဝေဒနီယကံ၊

၄။ အပရိပက္ကဝေဒနီယကံ၊

၅။ သုခဝေဒနီယကံ၊

၆။ ဒုက္ခဝေဒနီယကံ—

ဟူ၍ ၆-ပါး ပြားသည်ဟု ဆို၏။

ထို ၆-ပါးတို့တွင် မျက်မှောက်သောကိုယ်၏အဖြစ်၌ ခံစားအပ်သော အကျိုးရှိသောကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

ဒုတိယ တတိယအစရှိသော အတ္တဘော၌ ခံစားအပ်သော အကျိုးရှိသော ကံသည် သမ္ပရာယဝေဒနီယကံ မည်၏။

ပြီးပြီးသော အတ္တဘော၌ ခံစားအပ်သောကံသည် ပရိပက္ကဝေဒနီယကံ မည်၏။

မပြီးသေးသော အတ္တဘော၌ ခံစားအပ်သောကံသည် အပရိပက္ကဝေဒနီယကံ မည်၏။

ဣဋ္ဌဝိပါက်ကို ပေးတတ်သောကံသည် သုခဝေဒနီယကံ မည်၏။

အနိဋ္ဌဝိပါက်ကို ပေးတတ်သောကံသည် ဒုက္ခဝေဒနီယကံမည်၏။

ဒိဋ္ဌဓမ္မနှင့် ပရိပက္ကဝေဒနီယ၏ အထူးကား–

ပထမအရွယ်၌ ပြုအပ်သောကံသည် ပထမအရွယ်၌သော်၎င်း၊ ဒုတိယအရွယ်၌သော်၎င်း အကျိုးပေးအံ့၊ ဒုတိယအရွယ်၌ ပြုအပ်သောကံသည် ဒုတိယအရွယ်၌သော်၎င်း၊ တတိယအရွယ်၌သော်၎င်း အကျိုးပေးအံ့၊ တတိယအရွယ်၌ ပြုအပ်သောကံသည် အသက်မကုန်မီ အကျိုးပေးအံ့၊ ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။

ကံကိုပြုသည်မှစ၍ ၇-ရက်အတွင်း၌ အကျိုးပေးမူကား ပရိပက္ကဝေဒနီယကံ မည်၏။ ဤသို့ထူးကြ၏၊

ဤကံ ၅-ပါးတို့သည် ကုသိုလ် ၊ အကုသိုလ်အားဖြင့် ပြားရကား အသီးအသီး ပိုင်းခြားသော် ၁၂-ပါးဖြစ်၏ဟုလိုသည်။

၁၉၄-ပဋိသမ္ဘိဒါမဂ်လာ ကံအပြားကိုပြခြင်း

ပဋိသမ္ဘိဒါမဂ်လာသော နည်းအားဖြင့်ကား–

၁။ အဟောသိကမ္မံ အဟောသိကမ္မဝိပါကော၊

၂။ အဟောသိကမ္မံ နာဟောသိကမ္မဝိပါကော၊

၃။ အဟောသိကမ္မံ အတ္ထိကမ္မဝိပါကော၊

၄။ အဟောသိကမ္မံ နတ္ထိကမ္မဝိပါကော၊

၅။ အဟောသိကမ္မံ ဘဝိဿတိ ကမ္မဝိပါကော၊

၆။ အဟောသိကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော–

ဟူ၍ အဟောသိကံ ၆-ပါး–

၁။ အတ္ထိကမ္မံ အတ္ထိကမ္မဝိပါကော၊

၂။ အတ္ထိကမ္မံ နတ္ထိကမ္မဝိပါကော၊

၃။ အတ္ထိကမ္မံ ဘဝိဿတိ ကမ္မဝိပါကော၊

၄။ အတ္ထိကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော၊

၅။ ဘဝိဿတိကမ္မံ ဘဝိဿတိ ကမ္မဝိပါကော၊

၆။ ဘဝိဿတိကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော—

ဟူ၍ အတ္ထိကံ ၆-ပါး ပေါင်းသော် ၁၂-ပါး အပြားရှိသည်။

၁။ ထို ၁၂-ပါးတို့တွင် အကြင်ကံကို အတိတ်ဘဝ၌ပြုပြီး၍အတိတ်ဘဝ၌ပင် အကျိုးပေးခဲ့၏။ ထိုကံသည် အဟောသိကမ္မံ အဟောသိကမ္မဝိပါကမည်၏။

၂။ အကြင်သူသည် အတိတ်ဘဝ၌ ဒိဋ္ဌဓမ္မဖြစ်လောက်သော ကံအများကို အားထုတ်ပြီးသော် တခုသော ဒိဋ္ဌဓမ္မကံသည် အကျိုးပေးခဲ့၍ ကြွင်းသော အကျိုးမပေးရသေးသောကံသည်၎င်း၊ တခုသော ဥပပဇ္ဇကံသည် ပဋိသန္ဓေ ကိုင်၍ ကြွင်းသော အကျိုး မပေးရသေးသော ကံသည်၎င်း၊ အနန္တရိယ ကံ ၅-ပါး, ၄-ပါး, ၃-ပါးတို့ကို ပြုမိသည်တွင် တခုသောကံသည် ငရဲဘုံ၌ ပဋိသန္ဓေကိုင်၍ ကြွင်းသော အကျိုးမပေးရသော ကံတို့သည်၎င်း၊ သမာပတ်ရှစ်ပါးတို့တွင် တပါးပါးသော သမာပတ်ဖြင့် ဗြဟ္မာဘုံ၌ ပဋိ- သန္ဓေကို ပေး၍ကြွင်းသောသမာပတ် တို့သည်၎င်း အဟောသိကမ္မံ နာဟောသိ- ကမ္မဝိပါက မည်ကုန်၏။

ဤနာဟောသိ ပုဒ်၌ ပဋိသေဓ—န, သဒ္ဒါသည် အတိတ်ကိုသာဖြစ်သည်၊ ပစ္စုပ္ပန် အနာဂတ်ကိုမဖြစ်၊ ထို့ကြောင့် ကံက ဖြစ်ပြီး၊ ကံ၏အကျိုးကားဖြစ် ပြီးမဟုတ်၊ ဖြစ်ဆဲ ဖြစ်လတ္တံ့ ဟူလိုသည်၊

ထိုအနက်ကို ပြခြင်းငှါ သမ္မောဟဝိနောဒနီ၌ -

> ယေန စ ပဉ္စပေဟာနိ ကမ္မာနိ ကတာနိ ဟောန္တိ၊ တဿ သံသ- ဝဘဒေါယေဝ ပဋိသန္ဓိဝေသာန ငပစ္စတိ၊ သေသာနံ အဟောသိကမ္မံ နာဟောသိ ကမ္မဝိပါကောတိ ဝေမာဒိသု ဂစ္ဆန္တိ—

ဟူ၍ဆိုတော်မူသည်။

> ယေန စ၊ အကြင်သူသည် ပဉ္စပေဟာနိ၊ ငါးပါးလည်းဖြစ်ကုန်သော။ တောနိ ကမ္မာနိ၊ ဤ အနန္တရိယကံတို့ကို။ ကတာနိ၊ ပြုမိကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ တဿ၊ ထိုသူအား သံသရဘဝေဒါယေဝ၊ သံသ- ဘေဒကံ သည်သာလျှင်။ ပဋိသန္ဓိဝသေန၊ ပဋိသန္ဓေ၏အစွမ်းဖြင့်။ ဝိပစ္စတိ၊ အကျိုးပေး၏။ သေသာနိ၊ ကြွင်းသောအနန္တရိယ ကံတို့ သည်။ အဟောသိကမ္မံ နာဟောသိကမ္မဝိပါကောတိ ဝေမာဒိသု၊

ကံကားဖြစ်ပြီး ကံ၏အကျိုးကား ဖြစ်ပြီးမဟုတ် ဤသို့ အစရှိသည်တို့၌။ သခ်ိ၊ ရေတွက်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

(ဝေမာတိဒ္ဓ အာဒိဝန်ဖြင့် ဘဝိယတိ ကမ္မဝိပါကတို့ကို ယူစေလိုသည်။)

ဤအဋ္ဌကထာ၌ နာနာဘာသိ ကမ္မဝိပါက ကံအံသရုပ်လက္ခဏာကို ထင်စွာပြခြင်းငှါ မူလဋီကာ၌–

> တေသု ပန သမာနဘာတာဝေသု စေကေန ဝိပါကေ ဒိန္နေ ဣတရာနိ အဘ္ဘနာ ကတ္တဗ္ဗကိစ္စဿ ဒေတာနေ ကဘာဏ္ဍာ နဒုတိယံ တတိယံပိ ဝ ပဋိသန္ဓိံ ကဒေရာန္တိ၊ ကေဿ ပန အညာနိပိ၊ ဥပဏ္ဌမ္ဘကာနိ ဟောန္တိတိ ဒဋ္ဌဗ္ဗာနိ–

ဟူ၍ဖွင့်ဆိုသည်။

သမာနသဘာဝေသု၊ မိစ္ဆတ္တနိယတ အာဖြင့် တူသောသဘော ရှိကုန်သော။ တေသု ပန၊ ထိုအနန္တရိယကံ ၅-ပါး ၄-ပါး ၃-ပါး ၂-ပါး တို့တွင်ကား။ ဧကေန၊ တခုသောကံသည်။ ဝိပါကေ၊ အခြားမဲ့ ပဋိသန္ဓေ ဝတ္တိ အကျိုး ကို။ ဒိန္နေ၊ ပေးသည်ရှိသော်။ ဣတရာနိ၊ ဤဟုပါ သောကံတို့သည်။ အဘ္ဘနာ၊ မိမိသည်။ ကတ္တဗ္ဗကိစ္စဿ၊ ပြုအပ်သော ကိစ္စကို၊ ဒေတာနေ၊ ပဋိသန္ဓေကိုပေးသော ကံသည်သာလျှင်၊ ကတဘာဏ္ဍာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဒုတိယံပိ ဝ၊ နှစ်ကြိမ်မြောက်သည်ဖြစ်သော။ တတိယံပိ ဝ၊ သုံးကြိမ်မြောက်လည်းဖြစ်သော။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို၊ န ကဒေရာန္တိ၊ မပြုပြင်ကုန်။ ပန၊ စင်စစ်ကား။ ကေဿ၊ တခုသော အကျိုးပေးကံအား၊ အညာနိပိ၊ တပါးသော ကံတို့သည်လည်း။ ဥပဏ္ဌမ္ဘကာနိ၊ ထောက်ပံ့ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာနိ၊ မှတ်အပ်ကုန်၏။

၎င်းပါဠိ၏ အဓိပ္ပါယ်ကို အနုဋီကာ၌–

> အနေကေသု အနန္တရိယေသု ကတေသု ကိဉ္စာပိ ဗလဝတော ယေဝ ပဋိသန္ဓိဒါနံ န ဣတရေသံ အဘ္ဘနာ ပန ယာတဗ္ဗကိစ္စဿ ဒေးနေဝ ကဋတ္တာ တဿ ဝိပါကဿ ဥပဏ္ဌမ္ဘနဝသေန ပဝတ္တနတော ဣတရာနိ တေန နိဝါရိတဖလာနိ နာမ ဟောန္တိ၊ ကော ပန ဝါဒေါ ပဋိပက္ခေန ကုသလေနာတိ–

ဟူ၍ပြဆိုသည်။

အနေကေသု၊ များစွာကုန်သော။ အနန္တရိယေသု၊ အနန္တရိယကံတို့ကို။ ကတေသု၊ ပြုကုန်သည်ရှိသော်။ ဗလဝတော ယေဝ၊ အားကြီးသောကံသည်သာ

လျှင်။ ပဋိသန္ဓိဒါန်၊ ပဋိသန္ဓေကို ပေးတတ်သည်။ဣတရေသံ၊ ဤမှတပါးသော ကံတို့၏။ နပဋိသန္ဓိဒါန်၊ ပဋိသန္ဓေကို မပေးတတ်သည်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍ဖြစ်၏။ ပန၊ ယင်းသို့ဖြစ်သော်လည်း။ အတ္တနာ၊ မိမိသည်။ ကာတဗ္ဗ-ကိစ္စဿ၊ ပြုအပ်သောကိစ္စကို။ တေနေဝ၊ ထိုဗလဝကံသည်ပင်လျှင်။ ကတတ္တာ၊ ပြုနိုင်သည်၏ အဖြစ်ကြောင့်။ တဿ ဝိပါကဿ၊ ထိုကံ၏အကျိုးကို။ ဥပတ္ထမ္ဘနဝသေန၊ ထောက်ပံ့သည်၏ အစွမ်းဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ ဣတရာနိ၊ တပါးသောကံတို့ကို။ တေန၊ ထိုဗလဝကံသည်။ နနိဝါရိတဖလာနိ နာမ၊ မမြစ်အပ်သော အကျိုးရှိသည် မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဋိပက္ခေသု၊ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ ကုသလေသု၊ ကုသိုလ်တို့၌။ ကော ပန ဝါဒေါ၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

ဤဋီကာတို့၏ အမိန့်ကို ထောက်စာ၍ နာဟောသိကမ္မဝိပါက ဟူသည် ကား ဥပတ္ထမ္ဘကအဖြစ်ဖြင့် အကျိုးပေးဆဲ ပေးလတ္တံ့သော ကံဟု သိအပ်လှ တော့သည်။

များစွာသော ကုသိုလ်ကံကို ပြုပြီးလျက် ကလျာဏမိတ္တကိုမှီ၍ အရဟတ္တ ဖိုလ်သို့ ရောက်သောသူသည်လည်း အဟောသိကမ္မ နာဟောသိကမ္မဝိပါက ပင် မည်၏ဟု အဋ္ဌကထာဆိုသည်။

၃။ အတိတ်ကာလ၌ အားထုတ်ခဲ့သော အကြင်ကံသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးကိုပေးသည်ဖြစ်အံ့။ ထိုကံသည် အဟောသိကမ္မ အတ္ထိကမ္မဝိပါကမည်၏။

၄။ အတိတ်ကာလ၌ အားထုတ်ခဲ့သော အကြင်ကံသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးမပေးသည်ဖြစ်အံ့၊ ထိုကံသည် အဟောသိကမ္မ နတ္ထိကမ္မဝိပါက မည်၏။

၅။ အတိတ်၌ အားထုတ်ခဲ့သော ကံသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးမပေးပဲ အနာဂတ်ဘဝ၌ အကျိုးပေးသည်ဖြစ်အံ့၊ အဟောသိကမ္မ ဘဝိဿတိကမ္မဝိပါက မည်၏။

၆။ ၎င်းကံသည် အနာဂတ်ဘဝ၌လည်း အကျိုးမပေးသည် ဖြစ်အံ့၊ အဟောသိကမ္မ န ဘဝိဿတိကမ္မဝိပါက မည်၏။ ပေါင်း ၆-ပါးတည်း။

## ၁၉၅-အတ္ထိကံ ၆ ပါးကို ပြဆိုခြင်း

အကြင်ကံသည် ပစ္စုပ္ပန်ဘဝ၌ အားထုတ်၍ ဤပစ္စုပ္ပန်ဘဝ၌ပင် အကျိုး ပေးအံ့၊ ထိုကံသည် အတ္ထိကမ္မ အတ္ထိကမ္မဝိပါကမည်၏။

အကြင်ကံသည် ပစ္စုပ္ပန်ဘဝ၌ အားထုတ်၍ ဤပစ္စုပ္ပန်ဘဝ၌ အကျိုးမပေး အံ့၊ ထိုကံသည် အတ္ထိကမ္မ နတ္ထိကမ္မဝိပါက မည်၏။

အကြောင်းကံသည်ပစ္စုပ္ပန်ဘဝ၌ အားထုတ်၍ အနာဂတ်ဘဝ၌ အကျိုးပေးလတ္တံ့သည်ဖြစ်အံ့၊ ထိုကံသည် အတ္တိကမ္မ ဘဝိဿတိကမ္မဝိပါကမည်၏။

၎င်းကံသည် အနာဂတ်ဘဝ၌ အကျိုးမပေးလတ္တံ့သည် ဖြစ်အံ့၊ အတ္ထိကမ္မ န ဘဝိဿတိကမ္မဝိပါက မည်၏။

အကြောင်းကံသည် အနာဂတ်ဘဝ၌ အားထုတ်၍ အနာဂတ်ဘဝ၌ အကျိုးပေးလတ္တံ့သည်ဖြစ်အံ့၊ ထိုကံသည် ဘဝိဿတိကမ္မံဘဝိဿတိကမ္မဝိပါက မည်၏။

၎င်းကံသည် အနာဂတ်ဘဝ၌ အကျိုးမပေးသည်ဖြစ်အံ့၊ ဘဝိဿတိကမ္မံ န ဘဝိဿတိကမ္မဝိပါက မည်၏။ အဘ္ထိကံ ၆-ပါးပေတည်း။

## ၁၉၆-ကံတို့ကို အကျယ်ဝေဖန်၍ ပြခြင်း

ဆိုခဲ့ပြီးသောကံတို့ကို အကျယ်ဝေဖန်သော် ဇနကကံသည်-

၁။ ဂရုက ဇနက ၂။ အာသန္န ဇနက

၃။ အာစိဏ္ဏ ဇနက ၄။ ကဋတ္တာ ဇနက-ဟူ၍လေးပါး။

ဥပတ္ထမ္ဘကကံလည်း-

၁။ ဂရုက ဥပတ္ထမ္ဘက ၂။ အာသန္န ဥပတ္ထမ္ဘက။

၃။ အာစိဏ္ဏဥပတ္ထမ္ဘက။ ၄။ ကဋတ္တာဥပတ္ထမ္ဘက- ဟူ၍လေးပါး။

ဥပပီဠကကံလည်း-

၁။ ဂရုက ဥပပီဠက ၂။ အာသန္န ဥပပီဠက၊

၃။ အာစိဏ္ဏ ဥပပီဠက။ ၄။ ကဋတ္တာ ဥပပီဠက-ဟူ၍ လေးပါး။

ဥပဃာတကကံလည်း ဤနည်းအတူ လေးပါးဖြစ်ရကား ရှေးကံ လေးပါးကိုတည် နောက်ကံ ၄-ပါးနှင့် မြှောက်=၁၆ ပါးဖြစ်၏။

ဤ ၁၆-ပါးကိုတည် ဒိဋ္ဌဓမ္မစသော ကံလေးပါးနှင့်မြှောက်=၆၄-ပါးဖြစ်၏။

ထို ၆၄ ပါးကိုတည် အဟောသိကံ ၆-ပါး၊ အတ္ထိက ၆-ပါးအားဖြင့် ၁၂-ပါးနှင့် မြှောက်=၇၆၈-ပါးဖြစ်၏။

ထို ၇၆၈ ပါးကိုတည် ကုသိုလ်ကံ, အကုသိုလ်ကံ နှစ်ပါးနှင့်မြှောက်=၁၅၃၆-ပါးဖြစ်၏။

ထို ၁၅၃၆-ပါးကိုတည် သမ္ပတ္တိ ၄-ပါး ဝိပတ္တိ ၄-ပါးအားဖြင့် ၈-ပါးသော ပဋိဗာဓကကံနှင့် မြှောက်=၁၂၂၈၈-ပါးဖြစ်၏။

ဆောင်ပုဒ်။ ။သောင်းနှစ်ထောင်မှာ၊ နှစ်ရာရှစ်ဆယ်၊ ရှစ်ပါးကယ် ကျမ်း
ဝယ်လာရှောင်း ကံအပေါင်း။

## ၁၉၇-သမ္ပတ္တိ ၄-ပါး ဝိပတ္တိ ၄-ပါးကို ပြဆိုခြင်း

ကုသိုလ်ကံတို့သည် သမ္ပတ္တိလေးပါးကိုမှီ၍ အခွင့်ရသဖြင့် အကျိုးပေးကုန်သည်၊ ဝိပတ္တိလေးပါးကိုမှီ၍ အကျိုးမပေးကုန်။

အကုသိုလ်ကံတို့သည် ဝိပတ္တိလေးပါးကိုမှီ၍ အခွင့်ရသဖြင့် အကျိုးပေးကုန်သည်၊ သမ္ပတ္တိလေးပါးကိုမှီ၍ အကျိုးမပေးကုန်။

ထိုအခြင်းအရာကို ဉာဏဝိဘင်းအဖွင့်၌ ဟောတော်မူသည်။ သမ္မောအဋ္ဌ-ကထာ၌လည်း ထင်စွာ ဖွင့်ပြတော်မူသည်။ ဤကျမ်း၌ကား အကျဉ်းမျှ ပြလိုက်ပေအံ့။

သမ္ပတ္တိလေးပါး—

၁။ ဂတိသမ္ပတ္တိ=လူ့ ပြည် နတ်ပြည်တည်းဟူသော ပြည့်စုံသော ဂတိ၌ ဖြစ်ခြင်း။

၂။ ဉပဓိသမ္ပတ္တိ=ပြည့်စုံသော ကိုယ်ခန္ဓာသဏ္ဌာန်ရှိခြင်း။

၃။ ကာလသမ္ပတ္တိ=ပြည့်စုံသော ကာလ၌ဖြစ်ခြင်း။

၄။ ပယောဂသမ္ပတ္တိ= ပြည့်စုံသော လုံ့လ ဉဿာဟရှိခြင်း–ဟူ၍ လေးပါးတည်း။

ဝိပတ္တိလေးပါး ဟူသော်ကား—

၁။ ဂတိဝိပတ္တိ=အပါယ်တံုတည်းဟူသော ပျက်သောဂတိ၌ ဖြစ်ခြင်း။

၂။ ဉပဓိဝိပတ္တိ=မျက်စိ, နား, နှာ, အင်္ဂါ, ခြေ, လက် ပျက်သော ကိုယ်ခန္ဓာရှိခြင်း။

၃။ ကာလဝိပတ္တိ=ကပ်သုံးပါးနှင့် ကြုံလျက် ပျက်သောကာလ၌ ဖြစ်ခြင်း။

၄။ ပယောဂဝိပတ္တိ=ပျက်သောလုံ့လရှိခြင်းဟူ၍ လေးပါးတည်း။

ထိုလေးပါးတို့တွင် အကြောင်းသူအား များစွာသော အကုသိုလ်ကံ တို့သည် ရှိကုန်၏။ ထိုကံတို့သည် ဂတိဝိပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေး၏။ တခု

သော ကုသိုလ်ကံကြောင့် ဂတိသမ္ပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်၊ ထိုသို့မပေးခြင်းသည် ဂတိသမ္ပတ္တိပဋိဗာဠ္ဟမည်၏။

အကြင်သူအား များစွာသော အကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဥပဓိဝိပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေး၏။ တခုသော ကုသိုလ်ကံကြောင့် ကိုယ်သဏ္ဌာန်လှပခြင်းတည်းဟူသော ဥပဓိသမ္ပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်။ ထိုသို့ မပေးခြင်းသည် ဥပဓိသမ္ပတ္တိပဋိဗာဠ္ဟမည်၏။

(ဘာတိကမင်းသည် နွားသားစားသော သူတို့အား မင်းဒဏ်ထားသည်တွင် အဆင်းလှသော မိန်းမငယ်တဦးသည် ချမ်းသာရသကဲ့သို့ မှတ်ရမည်။)

အကြင်သူအား များစွာသော မကောင်းမှုတို့သည် ရှိကုန်၏။ ထိုကံတို့သည် အသက်တမ်းတိုသော ကာလဝိပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ တခုသော ကုသိုလ်ကံကြောင့် အသချေ တမ်းစသည်၌ ဖြစ်ခြင်း မင်းကောင်းတို့၏ လက်ထက်၌ ဖြစ်ခြင်းတည်းဟူသော ကာလသမ္ပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်။ ထိုသို့မပေးခြင်းသည် ကာလသမ္ပတ္တိပဋိဗာဠ္ဟမည်၏။

အကြင်သူအား များစွာသော မကောင်းမှုတို့သည် ရှိကုန်၏။ ထိုကံတို့သည် လုံ့လမဲ့ခြင်းတည်းဟူသော ပယောဂဝိပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ ပညာ လုံ့လနှင့် ပြည့်စုံခြင်းတည်းဟူသော ပယောဂသမ္ပတ္တိ၌ တည်သော အခါ အကျိုးမပေးကုန်။ ထိုသို့မပေးခြင်းသည် ပယောဂသမ္ပတ္တိပဋိဗာဠ္ဟမည်၏။

အကြင်သူအား များစွာသော ကောင်းမှုတို့သည် ရှိကုန်၏၊ ထိုကံတို့သည် ဂတိသမ္ပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏၊ တခုသော အကုသိုလ်ကြောင့် ဂတိဝိပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်။ ငရဲခံရခြင်း တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်းအားဖြင့် များစွာသော ကာလပတ်လုံး အပါယ်ဘုံ၌ ဦးခေါင်းချီခွင့်ကိုမျှ မရအောင် ဖြစ်ကုန်၏။ ဤသို့ ဖြစ်ရခြင်းသည် ဂတိဝိပတ္တိပဋိဗာဠ္ဟမည်၏။

အကြင်သူအား များစွာသော ကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ဥပဓိသမ္ပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ တခုသော မကောင်းမှုကံကြောင့် အဆင်းမလှခြင်း, အင်္ဂါချို့တဲ့ခြင်း စသော ဥပဓိဝိပတ္တိ၌တည်သော အခါ အကျိုးမပေးကုန်။ ဤသို့ဖြစ်ခြင်းသည် ဥပဓိဝိပတ္တိသည် နှိပ်စက်အပ်သည် မည်၏။

အကြင်သူအား များစွာသော ကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် ကာလသမ္ပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ တခုသော မကောင်းမှုကံကြောင့် မကောင်းသောမင်း, မကောင်းသောလူရှိသော ကာလဝိပတ္တိ၌ တည်သောအခါ အကျိုးမပေးကုန်။ ထိုသူတို့၏ကံသည် ကာလဝိပတ္တိဖြင့် နှိပ်စက်အပ်သည်မည်၏။

အကြင်သူအား များစွာသော ကုသိုလ်ကံတို့သည် ရှိကုန်၏။ ထိုကံတို့သည် လုံ့လ, ပညာ, သမာဓိတည်းဟူသော ပယောဂသမ္ပတ္တိ၌ တည်စဉ်သာလျှင် အကျိုးပေးကုန်၏။ လုံ့လကင်းလျက် ပျင်းရိမိုက်မူး သေသောက်ကျူးခြင်း စသော ပယောဂ ဝိပတ္တိ၌တည်သောအခါ အကျိုးမပေးကုန်။ ထိုသူတို့၏ ကုသိုလ်ကံသည် ပယောဂဝိပတ္တိဖြင့် နှိပ်စက်အပ်သည် မည်၏။

## ၁၉၇ ဂရုကံ နှစ်မျိုး ပြိုင်ရိုးမရှိ

**မေး။** ။အကုသိုလ်နှင့် ကုသိုလ်အစု၊ ဂရုကံခြင်း ဆိုင်မိလျှင်းသော် အခင်း ဘယ်သူ အောင်အံ့နည်း။

**ဖြေ။** ။အကုသိုလ် ဂရုကံနှင့် ကုသိုလ်ဂရုကံသည် တယောက်တည်း၌ဆိုင်၍ မဖြစ်နိုင်ချေ၊ ဘယ့်ကြောင့်နည်းဟူမူ ဂရုကံဖြင့်သော အနန္တရိယကံ ငါးပါးသည် ကမ္မန္တရာယ်ဖြစ်သည်။ ဤကံ ငါးပါးတွင် တပါးပါးကို ပြုမိသောသူသည် ဤဘဝ၌ ဈာန်, မဂ်, ဖိုလ်ကို မရနိုင်ပြီ။ လူ့ပြည်နတ်ရွာသို့လည်း မလားပြီ။ အဝီစိသို့သာ လားရတော့သည်။ တို့ကြောင့် ဆိုင်၍မဖြစ်နိုင်ဟု ဆိုရမည်။

## ၁၉၈-ဒိဋ္ဌဓမ္မကံနှင့် ဥပပဇ္ဇကံနှစ်ပါး၌ မှတ်သားဖွယ်

**မေး။** ။၇-တန်သော၊ စဉ်၍စောလျက်၊ ပဌမစောသည်၊ အဟောသိကံ၊ ဖြစ်သည်မှန်က၊ ငါးတန်စေသော၊ ပေးရပါမည်၊ သည်မှာမရပ်၊ သတ္တမစော၊ ဘယ်လဘောကြောင့် ပေးသနည်း။

**ဖြေ။** ။ပဌမစောသည် ပစ္စယ ဝိသေသဖြင့် ရအပ်သော သတ္တိအထူး ရှိမှ သတ္တမစောသည်း သတ္တိအထူးရှိသည်ဖြစ်၍ အကျိုးပေးနိုင်သည်။ ပဌမစောသတ္တိအထူးမရှိ၍ ဒိဋ္ဌဓမ္မ မပေးလျှင် သတ္တမစောသည် ဥပပဇ္ဇ၌မပေးနိုင်ပြီ။ အပရာပရိယသို့သာ သက်လေသည်။ ပုစ္ဆာဆရာကား ပဌမစော မပေးသော်လည်း သတ္တမစောပေးသေး၏ဟု ထင်ဟန်ရှိသည်။

## ၂၀၁-ဒွါရအားဖြင့် အကုသိုလ်ကံ၃-ပါး ပြားပုံကိုပြခြင်း

ပါကဠာနအားဖြင့် ပြားသောကံ ၄-ပါးတို့တွင် အကုသိုလ်ကံသည် ဖြစ်ရာ ဒွါရအားဖြင့် ၃-ပါး, ဒုစရိုက် ကမ္မပထအားဖြင့် ၁၀-ပါးပြားရာ၌ အဋ္ဌသာလိနီ၌ လာသောနည်းအားဖြင့် ကွဲပြားအောင်ပြလိုက်ပေအံ့။

ကံ၏ ဖြစ်ရာဖြစ်သော ဒွါရသည်—

၁။ ကာယကမ္မဒွါရ ၂။ ဝစီကမ္မ ဒွါရ ၃။ မနောကမ္မ ဒွါရ ဟူ၍ ၃-ပါး အပြားရှိ၏။

### ကာယအပြားလေးပါးကို ပြခြင်း

ထို ၃-ပါးအပြားတို့တွင် ကာယကမ္မဒွါရ ဟူသောပုဒ်၌ ကာယ သည်—

၁။ ကံကြောင့်ဖြစ်သော ဥပါဒိန္နကကာယ

၂။ အာဟာရကြောင့်ဖြစ်သော အာဟာရသမုဋ္ဌာနကာယ

၃။ ဥတုကြောင့်ဖြစ်သော ဥတုသမုဋ္ဌာနကာယ

၄။ စိတ်ကြောင့်ဖြစ်သော စိတ္တသမုဋ္ဌာနကာယ အားဖြင့် လေးပါးအပြား ရှိ၏၊

ထိုလေးပါးတို့တွင် ကံကြောင့်ရှင်း၊ အာဟာရကြောင့်ရှင်း၊ ဥတုကြောင့်ရှင်း ဖြစ်သောကာယသည် ဓာတ်ဒွာရုံကိုတွေ့တတ်သော ကာယပသာဒမျှသာဖြစ်၍ ကာယဒွါရမမည်။

စိတ်ကြောင့်ဖြစ်သော ကာယသည်လည်း လှုပ်ရှားကာမျှသော စောပနာကာယ၊

မိမိသည်းသိစေအပ်, သူတပါးတို့ကိုလည်းသိစေတတ်သော ဝိညတ္တိကာယ အားဖြင့် နှစ်ပါးရှိသည်။

ထိုနှစ်ပါးတို့တွင် စက္ခုဝိညာဉ်ဖြင့် မြင်၍ မသိအပ်၊ မနောဝိညာဉ်ဖြင့် ဆ၍သာ သိအပ်သော စိတ္တဇရုပ်တို့၏ ဝိကာရ မျှသည် ကာယဝိညတ်မည်၏။ ထိုဝိညတ်ရုပ်သည်သာလျှင် ပါဏာတိပါတ်စသော ကံ၏ဖြစ်ရာ ဖြစ်သောကြောင့် ကာယကမ္မဒွါရ မည်၏။

ထိုဒွါရ၌ ဖြစ်သောစေတနာဖြင့် ပါဏာတိပါတ်စသောအမှုတို့ကိုလည်းပြု၏။ ထိုအမှုတို့မှ ရှောင်ကြဉ်ခြင်းကိုလည်းပြု၏၊ ထိုသို့ပြုခြင်း ရှောင်ကြဉ်ခြင်းသည် ကာယကံ မည်၏။

ထို့ကြောင့် အဋ္ဌသာလိနီ၌–

ဧဝမေသာ စိတ္တသမုဋ္ဌာနေသု ရူပေသု ဝိညတ္တိ ကာယကမ္မဒွါရံ နာမာတိ ဝေဒိတဗ္ဗာ– စသည်ဖြင့် မိန့်ဆိုသည်။

ဝါစာ ၃ ပါးကို ပြခြင်း

ဝစီကမ္မဒွါရဟူသောပုဒ်၌ ဝါစာသည်–

၁။ စေတနာ ဝါစာ ၂။ ဝိရတိ ဝါစာ ၃။ သဒ္ဒ ဝါစာ အားဖြင့် ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင် ကောင်းသောစကားကို ဆိုအံ့ဟုကြံသော စေတနာသည် စေတနာ ဝါစာမည်၏။

ဝစီဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသည် ဝိရတိ ဝါစာမည်၏။

နှုတ်မြွက်၍ဆိုသော အသံသည် သဒ္ဒ ဝါစာမည်၏။

ထိုအသံနှင့် တကွဖြစ်သော မိမိလည်းသိစေအပ် သူတပါးတို့ကိုလည်း သိစေတတ်သော အခြင်းအရာဟူ၍ ဆိုအပ်သော ဝိညတ်ရုပ်သည် ရှိ၏။ ထိုဝိညတ်ရုပ်သည်သာလျှင် ဝစီကံ၏ဖြစ်ရာဖြစ်သောကြောင့် ဝစီကမ္မဒွါရမည်၏။ ထိုဒွါရ၌ဖြစ်သော စေတနာဖြင့် မုသာဝါဒအစရှိသော ဝစီဒုစရိုက်တို့ကို ပြော ဆို၏။ ထိုစကားတို့မှ ရှောင်ကြဉ်ခြင်းကိုလည်း ပြု၏။ ထိုသို့ပြောဆိုခြင်း ရှောင်ကြဉ်ခြင်းတို့သည် ဝစီကံ မည်၏။

အလုံးစုံသော စိတ်ဟုခေါ်ယူတ် ကိုးဆယ်သည် မနောဒွါရမည်၏။ ထိုစိတ်၌ ယှဉ်သော စေတနာသည် ကံမည်၏။ ယင်းသို့ ဒွါရ, ကံ မည်သော်လည်း ဤအရာ၌ ကမ္မပထ ဖြစ်သောကံ၏ဖြစ်ရာကို လိုအပ်ရကား လောကီကုသိုလ် သတ္တရသ အကုသိုလ်ဒွါဒသအားဖြင့် ၂၉-ပါးသော ဇောစိတ်သည်သာလျှင် မနောကမ္မဒွါရ မည်၏။ ထိုစိတ်တို့နှင့်ယှဉ်လျက်ပါသော စေတနာသည်ရှိ၏။ ထိုစေတနာဖြင့် အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့ကိုယူ၏။ ထိုအမှုတို့မှ ရှောင် ကြဉ်ခြင်းကိုလည်း ပြု၏။ ထိုသို့ပြုခြင်း, ရှောင်ကြဉ်ခြင်းတို့သည် မနောကံ မည်၏။

ကိုယ်ဖြင့်ရင်း, နှုတ်ဖြင့်ရင်း ပြုအပ်သောအမှုသည် ကရဏီယန္တိ ကမ္မံ ဟူသည်နှင့်ညီစွာ မုချအားဖြင့် ကံမည်သည်။ ထိုအမည်ကို အကြောင်းဖြစ်သော စေတနာ၌တင်စား၍ အကြောင်းဖြစ်သော စေတနာကို ဖလူပစာရအားဖြင့် ကံ ဟူ၍ဆိုသည်။ ထို့ကြောင့်—

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ၊ ကာယေန ဝါစာယ မနသာ—

ဟူ၍ ဟောတော်မူသည်။

ထိုစေတနာဟူသောကံ၏ ဖြစ်ရာဒွါရသည် ကာယ ဝစီ မနဟူ၍ ၃-ပါး ပြားသည်၏ အဖြစ်ကြောင့် ထိုစေတနာဟူသော ကံကိုလည်း ဌာန၏အမည်ကို ဌာနီ၌တင်စား၍ ဌာနူပစာရနည်းအားဖြင့် ကာယကံ ဝစီကံ မနောကံ ဟူ၍ ခေါ်သည်။

ထိုစေတနာကြောင့်ပြီးသော ပါဏာတိပါတ်စသော အမှုကိုလည်း ဌာနဖြင့် ဌာနီကိုမှတ်၍ ပညတ်သော တဗ္ဗဟုလဝုတ္တိ နည်းအားဖြင့် ကာယကံ, ဝစီကံ, မနောကံဟူ၍ ခေါ်လေသတည်း။

## ၂၀၁ ကမ္မပထ အားဖြင့် အကုသိုလ်ကံ ၁၀-ပါးပြားပုံကို ပြခြင်း

ပါဏာတိပါတော အဒိန္နာဒါနံ ကာမေသုမိစ္ဆာစာရော စေတိ ကာယဝိညတ္တိသင်္ခါတေ ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံ နာမ။ ။ စသော လက်သန်းပါဠ်၌လာ၏ အဓိပ္ပါယ်ကား—

### ကာယကံ ၃-ပါး

ပါဏာတိပါတ်, အဒိန္နဒါန်, ကာမေသုမိစ္ဆာစာရ ၍ ၃-ပါးသောကံသည် ကာယဝိညတ်ဟု ဆိုအပ်သော ကာယဒွါရ၌များစွာ ဖြစ်တတ်သောကြောင့် ဝစီဒွါရ၌လည်း အပွကအားဖြင့် ဖြစ်သော်လည်း များရာသို့လိုက်၍ခေါ်သော တဗ္ဗဟုလဝုတ္တိနည်းအားဖြင့် ကာယကံမည်သည်။

### ဝစီကံ ၄-ပါး

မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ ၍လေးပါးသော ကံသည် ဝစီဝိညတ်ဟုဆိုအပ်သောဝစီဒွါရ၌များစွာဖြစ်တတ်သောကြောင့်ကာယဒွါရ၌ အပွကအားဖြင့် ဖြစ်သော်လည်း ယခင်နည်းအားဖြင့် ဝစီကံမည်၏။

## မနောကံ၃-ပါး

အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ဤသုံးပါးသောကံသည် ကာယဝိညတ်, ဝစီ-ဝိညတ်ကိုကြည့်၍ရင်း, ထိုဝိညတ်ဘို့နှင့်တကွရင်း, မနောဒွါရ၌မျှားစွာ ကာယ-ဝစီဒွါရ၌ အပွကအားဖြင့်သာ ဖြစ်ဘတ်သောကြောင့် မနောကံမည်သည်။

ထိုကြောင့် အဋ္ဌသာလိနီ(၁၇၂)၌—

> အကုသလံ ဟိ ကာယကမ္မံ ကာယဝစီဒွါရေသု သမုဋ္ဌာတိ၊ န မနောဒွါရေ၊ တထာ အကုသလံ ဝစီကမ္မံ အကုသလံ မနောကမ္မံ ပန တီသုပိ ဒွါရေသု သမုဋ္ဌာတိ။ တထာ ကုသလာနိ ကာယဝစီ-မနောကမ္မာနိ—

ဟူ၍ မိန့်သည်။

ဟိ၊ ထင်စွာဆိုလိုက်အံ့။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ကာယကမ္မံ၊ ကာယကံသုံးပါးသည်။ ကာယဝစီဒွါရေသု၊ ကာယဒွါရ, ဝစီဒွါရတို့၌။ သမု-ဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရ၌။ န သမုဋ္ဌာတိ၊ မဖြစ်။ တထာ၊ ထို့အတူ။ အကုသလံ ဝစီကမ္မံ၊ အကုသိုလ်ဝစီကံ ၄-ပါးသည်။ ဝစီကာယဒွါ-ရေသု၊ ဝစီဒွါရ, ကာယဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရ၌။ န သမုဋ္ဌာတိ၊ မဖြစ်။ အကုသလံ မနောကမ္မံ ပန၊ အကုသိုလ်ဖြစ်သော မနော ကံသုံးပါးသည်ကား၊ တီသုပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဒွါရေသု၊ ကာယ-ဒွါရ, ဝစီဒွါရ, မနောဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ ကုသလာနိ၊ ကုသိုလ်ဖြစ်ကုန် သော။ ကာယဝစီမနောကမ္မာနိ၊ ကာယကံ, ဝစီကံ, မနောကံတို့သည်။ တထာ၊ ထို့အတူပင်တည်း။

အကုသိုလ်အရာ၌ ဒုစရိတသာဖြစ်၍ ကမ္မပထမဖြစ်ပုံကို ပြရာ၌— အကုသိုလ်ဆယ်ပါးတို့သည်—

၁။ ကမ္မပထသို့ ရောက်သောကံ၊

၂။ ကမ္မပထသို့ မရောက်သောကံ၊

ဟူ၍ နှစ်ပါး အပြားရှိသည်။

ထိုနှစ်ပါးတို့တွင် ကမ္မပထသို့မရောက်သောကံကို ထိုထိုဒွါရ၌ဖြစ်သော ဒုစရိုက် အမည်ဖြင့်သာသျှင် ခေါ်ဝေါ် အပ်၏ဟု ပြလိုရကား—

> ကာယဝစီဒွါရေသု ဟိ စောပနံ ပတ္တာ ကမ္မပထံ အပတ္တံ အတ္ထိ၊ မနောဒွါရေ စ သမုဒါစာရံ ပတ္တာ ကမ္မပထံ အပတ္တံ အတ္ထိ၊ တံ ဂဟေတွာ တံတံဒွါရပက္ခိကမေဝ အကံသု—

စသည်ဖြင့် မိန့်ဆိုသည်။

ဟိ၊ ထင်စွာဆိုဦးအံ့။ ကာယဝစီဒွါရေသု၊ ကာယဒွါရ, ဝစီဒွါရတို့၌။ စော-ပန်၊ တုန်လှုပ်ခြင်းသို့။ ပတ္တာ၊ ရောက်လျက်။ ကမ္မပထံ၊ ကမ္မပထသို့။ အပ္ပတ္တာ၊ မရောက်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ မနောဒွါရေ စ၊ မနောဒွါရ၌လည်း။ သမုဒါစာရံ၊ လေ့ကျက်ခြင်းသို့။ ပတ္တာ၊ ရောက်လျက်။ ကမ္မပထံ၊ ကမ္မပထသို့။ အပ္ပတ္တာ၊ မရောက်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသို့ကမ္မပထသို့ မရောက်သောကံကို။ ဂဟေတွာ၊ ယူ၍။ တံတံ ဒွါရာရမ္မဏမဝ၊ ကိုယ်ဒွါရ၌ထည့်သွင်းခြင်းကိုသာလျှင်။ အကာသု၊ ပြုကုန်၏။ ဂါထာ၊ ထိုသို့ထည့်သွင်းရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ နယော၊ နည်းပြတည်း။

## အကုသိုလ်ကာယကံ ဖြစ်,မဖြစ်ကို ပြခြင်း

ယော နရော၊ အကြင်သူသည်။ မိဂဝံ၊ သမင်တောသို့။ ဂမိဿာမိတိ၊ သွားအံ့ဟူ၍။ ဓနုံ စ၊ လေးကိုလည်း။ သဇ္ဇေတိ၊ စီရင်၏။ ဇိယံ၊ လေးညှို့ကို။ ဝဋ္ဋေသိ၊ ကျစ်၏။ သတ္တိံ၊ လှံကို။ နိသေတိ၊ သွေး၏။ ဘတ္တံ၊ ထမင်းကို၊ ဘုဉ္ဇတိ၊ စား၏။ ဝတ္ထံ၊ ပုဆိုးကို။ ပရိဒဟတိ၊ အောက်ပိုးကိုက်၏။ တွောဝတာ၊ ဤသို့ပြုခြင်းဖြင့်။ ကာယဒွါရေ၊ ကာယဒွါရ၌။ စောပန်၊ တုန်လှုပ်ခြင်းသို့။ ပတ္တံ၊ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုတောသို့သွားသောသူသည်။ အရညေ၊ တော၌။ ဒိဝသံ၊ တနေ့ပတ်လုံး။ စရိတွာ၊ လှည့်လည်၍။ အန္တမသော၊ အယုတ်သဖြင့်။ သသဗိဠာရမတ္တမ္ပိ၊ ယုန်ယ်,ကြောင်ငယ်မျှကိုလည်း။ န လဘတိ၊ မရခဲ့။ ဣဒံ အကုသလံ၊ ဤတောသည်ရှိမျှသော အကုသိုလ်သည်။ ကာယ-ကမ္မံ နာမ၊ ကာယကံမည်သည်။ ဟောတိ၊ ဖြစ်အံ့လော။ န ဟောတိ၊ မဖြစ်အံ့လော။ ဣတိ၊ ဤသို့မေးသည်ရှိသော်။ န ဟောတိ၊ မဖြစ်။

ကသ္မာ၊ ဘယ်ကြောင့်နည်းဟူမူကား။ ကမ္မပထံ၊ ကမ္မပထသို့။ အပ္ပတ္တတာယ၊ မရောက်သည်၏ အဖြစ်ကြောင့်တည်း။ ကေဝလံ ပန၊ စင်စစ်သော်ကား။ ကာ-ယဒုစ္စရိတံနာမ၊ ကာယဒုစရိုက်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိ-တဗ္ဗံ၊ သိအပ်၏။ မစ္ဆဂဟဏာဒီသု၊ ငါးဖမ်းခြင်းအစရှိကုန်သော။ ပယောဂေသု၊ ပယောဂတို့၌။ ဧသေဝ နယော၊ ဤနည်းပင်တည်း။

## ၂၀၂-အကုသိုလ်ဝစီကံ ဖြစ်, မဖြစ်ကို ပြခြင်း

ဝစီဒွါရေပိ၊ ဝစီဒွါရ၌လည်း။ ယော၊ အကြင်သူသည်။ မိဂဝံ၊ သမင်တောသို့။ ဂမိဿာမိတိ၊ သွားအံ့ဟူ၍၊ ဝေဂေန၊ လျင်စွာ။ ဓနုအာဒီနိ၊ လေး, မြား, လှံ, ဓား စသည်တို့ကို။ သဇ္ဇေထာတိ၊ စီရင်လော့ဟူ၍။ အာဏာပေတွာ၊ သူကို စေခိုင်း၍။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ ဒိဝသံစရိတွာ၊ တနေ့ပတ်လုံး လှည့်လည်၍။ အရညေ၊ တော၌။ ကိဉ္စိ၊ တစုံတခုသော ယုံ, ကြောင်သတ္တဝါကို။ အလဘန္တဿ၊ မရသောသူအား။ ဝစီဒွါရေ၊ ဝစီဒွါရ၌။ စောပန်၊

တုန်လှုပ်ခြင်းသို့။ ကိဉ္စိပိ ပတ္တံ၊ အကယ်၍ကား ရောက်၏။ ပန၊ ထိုသို့ရောက် **သော်လည်း။** ကမ္မပထံ၊ ကမ္မပထသို့။ အပ္ပတ္တတာယ၊ မရောက်သည်၏ အဖြစ်ကြောင့်။ ဝစီကမ္မံ နာမ၊ ဝစီကံမည်သည်။ န ဟောတိ၊ မဖြစ်။ ကေဝလံ၊ **စင်စစ်။** ဝစီဒုစ္စရိတံနာမ၊ ဝစ်ဒုစရိုက်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ **ဝေဒိတဗ္ဗံ၊ သိအပ်၏။**

## ၂၀၃-အကုသိုလ်မနောကံ ဖြစ်, မဖြစ်ကို ပြခြင်း

မနောဒွါရေ ပန၊ မနောဒွါရ၌ကား။ ဝဓကစေတနာယ၊ သတ်လိုသော စေတနာ၏။ ဥပ္ပန္နမတ္တာယ ဧဝ၊ ဖြစ်ကာမျှ၌ပင်လျှင်။ ကမ္မပထဘေဒေါ၊ ကမ္မပထအထူးသည်။ ဟောတိ၊ ဖြစ်၏။ သော စ ခေါ၊ ထိုသို့ဖြစ်ခြင်းသည်လည်း။ ဗျာပါဒဝသေန၊ ညှဉ်းဆဲနှိပ်စက်လိုသော ဒေါသ၏အစွမ်းဖြင့်။ ဟောတိ၊ ဖြစ်၏။ ပါဏာတိပါတဝသေန၊ ပါဏာတိပါတ၏ အစွမ်းဖြင့်။ န ဟောတိ၊ မဖြစ်၊။ ဟိ ကသ္မာ၊ ဘယ့်ကြောင့်နည်းဟူမူကား။ အကုသလံ ကာယကမ္မံ၊ အကုသိုလ်ကာယကံသည်။ ကာယဝစီဒွါရေသု၊ ကာယဒွါရ, ဝစီဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရ၌။ န သမုဋ္ဌာတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ ပါဏာတိပါတဝသေန၊ ပါဏာတိပါတ၏ အစွမ်းဖြင့်။ န သမုဋ္ဌာတိ၊ မဖြစ်။

ဤအဋ္ဌကထာပါဌ်၌ အဓိပ္ပါယ်အကျဉ်းကား—

ကံတို့သည် ကမ္မပထသို့ရောက်သောကံ, မရောက်သောကံဟူ၍ နှစ်ပါးရှိသည်တွင် ကမ္မပထသို့ရောက်သောကံ၌ ပါဏာတိပါတ်စသောအမှုသည် ကာယဒွါရ၌ဖြစ်သောအခါ၊ **ကာယကံ ကာယဒွါရ၌** ဖြစ်သည်မည်၏။ သူတပါးကို စေခိုင်းသောအခါ **ကာယကံ ဝစီဒွါရ၌** ဖြစ်သည်မည်၏။

ကမ္မပထသို့ မရောက်သော ပါဏာတိပါတ စသည်၌ကား လက်နက်ကိုကိုင်ခြင်း, လှည့်ပတ်ရှာဖွေခြင်း စသည်တို့ဖြင့် ကာယဒွါရ၌ဖြစ်သောအခါ **ကာယဒုစရိုက်မည်သည်။** သူ့ကိုစေခိုင်းသည်၏ အစွမ်းဖြင့် ဝစီဒွါရ၌ ဖြစ်**သောအခါ** **ဝစီဒုစရိုက်သာမည်သည်။** ကာယဒုစရိုက်မမည်။ ဘယ့်ကြောင့်နည်းဟူမူ ကမ္မပထသို့ မရောက်လေသောကြောင့်တည်း ဟူလိုသည်။

မနောဒွါရ၌ကား ဥစ္စာကိုလိုချင်သော လောဘ, ညှဉ်းဆဲလိုသော ဒေါသ ဖြစ်သောအခါကပင် **မနောကမ္မပထသို့** ရောက်၏။ ဒုစရိုက်လည်းဖြစ်၏။ အသက်သတ်ခြင်း စသည်ကိုပြုအံ့ဟု ကြံစီအားထုတ်၍ ကိုယ်တုန်လှုပ်ခြင်း, နှုတ်တုန်လှုပ်ခြင်းကို ပြုသောအခါ ထိုစေတနာသည် မနောကံ, မနောဒုစရိုက်မမည်ပြီ။ **ကာယဒုစရိုက်**, **ဝစီဒုစရိုက်**သာရင်း, **ကာယကံ ဝစီကံ**သာရင်း မည်တော့၏ ဟူလိုသည်။

ဤအဓိပ္ပါယ်ကို ပြလိုသော အနုဋီကာဆရာသည်—

> ယထာ ဟိ ကမ္မပထံ ပတ္တာ ကာယကမ္မာဒိသင်္ခါတာ စေတနာ ဒွါရန္တရေ ဥပ္ပန္နာပိ ကာယကမ္မာဒိနာမမေဝ လဘန္တိ န ဝေ ကမ္မပထံ အပတ္တာ တာ ပန ယတ္ထ ယတ္ထ ဒွါရေ ဥပ္ပဇ္ဇန္တိ၊ တေန တေနေဝ ဒွါရေန ကာယဒုစ္စရိတံ, ဝစီဒုစ္စရိတန္တိအာဒိနာမံ လဘန္တိ၊ ဝေ နာမ ဂဟဏမေဝ ဟိ တေသံ ဒွါရပက္ခိက ကရဏံ ဝုတ္တံ—

ဟူ၍ မိန့်အပ်ပြီ။

ဟိ၊ ထင်စွာဆိုဦးအံ့။ ကမ္မပထံ၊ ကမ္မပထသို့။ ပတ္တာ၊ ရောက်ကုန်သော။ ကာယကမ္မာဒိသင်္ခါတာ၊ ကာယကံ စသည်ဟူ၍ဆိုအပ်ကုန်သော။ စေတနာ၊ စေတနာတို့သည်။ ဒွါရန္တရေ၊ မိမိ၏ဖြစ်ရာဒွါရမှ တပါးသောဒွါရ၌။ ဥပ္ပန္နာပိ၊ ဖြစ်သော်လည်း။ ကာယကမ္မာဒိနာမမေဝ၊ ကာယကံ စသော အမည်ကိုသာလျှင်။ လဘန္တိ ယထာ၊ ရကုန်သကဲ့သို့။ ဝေ တထာ၊ ထို့အတူ။ ကမ္မပထံ၊ ကမ္မပထသို့။ အပတ္တာ၊ မရောက်ကုန်သော အကုသိုလ်စေတနာတို့သည်။ ကာယကမ္မာဒိနာမံ၊ ကာယကံ စသောအမည်ကို။ န လဘန္တိ၊ မရကုန်။ တာ ပန၊ ထိုစေတနာတို့သည်ကား။ ယတ္ထ ယတ္ထ ဒွါရေ၊ အကြင်အကြင်ဒွါရ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေန တေနေဝ ဒွါရေန၊ ထိုထိုဖြစ်ရာဒွါရ၏ အစွမ်းဖြင့်သာလျှင်။ ကာယဒုစ္စရိတံ, ဝစီဒုစ္စရိတန္တိအာဒိနာမံ၊ ကာယဒုစရိုက်, ဝစီဒုစရိုက်စသောအမည်ကို။ လဘန္တိ၊ ရကုန်၏။ ဟိ၊ သင့်စွ။ ဝေ၊ ဤသို့။ နာမဂဟဏမေဝ၊ အမည်ကို ယူခြင်းပင်လျှင်။ တေသံ၊ ထိုစေတနာတို့၏။ တံတံဒွါရပက္ခိက ကရဏံ၊ ထိုထို သောဒွါရ၌အည့်သွင်းခြင်းကို ပြုခြင်းဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။

သားငါးသတ်ခြင်းငှါ ကြံ၍ လက်နက်, ခားလှံ, ပြင်ဆင်သောကာလ၌ ကျရောက်သော လောဘ, ဒေါသတို့သည် အဘိဇ္ဈာ,ဗျာပါဒ သဘောဖြစ်၍ မနောကံ မမည်သင့်ပါလောဟု စောဒနာငြားအံ့။

ကမ္မပထ မမြောက်သော ကာယဒုစရိုက်ကိုရင်း, ဝစီဒုစရိုက်ကိုရင်း ပြုသော စေတနာတို့သည် မနောကံ မမည်။ ထို့ကြောင့် မနောကံ မခေါ်သင့်။ ကာယဒုစရိုက်လည်း ကာယကံ၌သာဝင်သည်။ ဝစီဒုစရိုက်လည်း ဝစီကံ၌သာဝင်သည်ဟု ပြခြင်းငှါ မူလဋီကာ၌—

> ဣမေ သတ္တာ ဟညန္တူတိ ပဝတ္တဗျာပါဒဝသေန စေတနာ ပက္ခိကာ ဝါ ဘဝန္တိ၊ ကာယကမ္မဝေါဟာရလာဘာ အဗျောဟာရိကာ ဝါ မနောကမ္မဝေါဟာရဝိရဟာ သသမ္ဘာရပထဝိအာဒီသု အာပါဒယော ဝေ့တ္ထ နီဒဿနံ—

ဟူ၍ မိန့်သည်။

ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ဟညန္တု၊ သေပါလေစေကုန်။ ဣတိ၊ ဤသို့။ ပဝတ္တဗျာပါဒပသေန၊ ဖြစ်သောဒေါသ၏ အစွမ်းဖြင့်။ ကာယဒွါရိက- စေတနာ၊ ကာယဒွါရ၌ ဖြစ်သော စေတနာသည်။ ကာယကမ္မဝေါဟာရ- လာဘာ၊ ကာယကံဟူသော ဝေါဟာရကို ရခြင်းကြောင့်။ စေတနာပက္ခိ- ကာ ဝါ၊ ကာယကံကိုပြီးစေသော စေတနာ၏ အသင်းအပင်းသာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ မနောကမ္မဝေါဟာရဝိရဟာ၊ မနောကံဟူသော ဝေါဟာရမှကင်း ခြင်းကြောင့်။ အဗ္ဗောဟာရိကာ ဝါ၊ မနောကံ မခေါ်ဝေါ်သင့် ကုန်သည် လည်း။ ဘဝန္တိ၊ ဖြစ်ကုန်၏၊ တွေ၊ ဤမနောကံဟု မခေါ်ဝေါ်သင့်ရာ၌။ သသမ္ဘာရပထဝီအာဒီသု၊ ကေသာ, လောမာ အစရှိသော သသမ္ဘာရပထဝီ စသည်တို့၌။ အာပါဒယော၊ အာပေါဓာတ် အစရှိသည်တို့သည်။ နိဒဿနံ၊ သက်သေတည်း။

ကေသာ, လောမာ စသော ပထဝီဓာတ်နှစ်ဆယ်တို့၌ အာပေါ, တေဇော, ဝါယော ဓာတ်တို့သည် ရှိငြားသော်လည်း အာပေါဓာတ်စသည်ဖြင့် မခေါ် ဝေါ်အပ်၊ ပထဝီဓာတ်ဟူ၍သာ ခေါ်ဝေါ်အပ်သကဲ့သို့ ကံမဲမြောက်သော ကာယဒုစရိုက် ဝစီဒုစရိုက်ကို ပြီးစေသော စေတနာနှင့်တကွသော အဘိဇ္ဈာ, ဗျာပါဒတို့ကို မနောကံ မခေါ်ဝေါ်အပ်ကုန် ဟူလိုသည်။

## ၂၀၄-ကာယကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန်ပြခြင်း

ကမ္မပထ မြောက်သော ကံ၏ဒွါရ၌ဖြစ်ဟန်ကို အဋ္ဌကထာ၌ ပြသည်ကား- အကြင်သူသည် မိမိကိုယ်တိုင် သတ်ခြင်း, ခိုးခြင်း, ပြစ်မှားခြင်းကိုပြု၏။ ထိုသူ၏ကံသည် ကာယကံ မည်၏။ ဒွါရလည်း ကာယဒွါရ၌ဖြစ်၏။ ထိုကံကိုပြီး စေသော စေတနာနှင့် တကွသော အဘိဇ္ဈာ, ဗျာပါဒ မိစ္ဆာဒိဋ္ဌိတို့သည် စေတနာအဖို့၌သာ ဖြစ်ကုန်၏။ မနောကံ မခေါ်ထိုက်ကုန်။

အကြင်သူသည် သူတပါးအား သင်သည် ဤမည်သောသူကို သတ်- ချေ ဟူ၍ရင်း, ဤမည်သော ဥစ္စာကို ခိုးချေဟူ၍ရင်း စေ၏။ ထိုစေသော သူ၏ကံသည် ကာယကံ မည်၏။ ဒွါရကား ဝစီဒွါရဖြစ်၌၏။ ထိုသို့စေခြင်းကြိ- ယာကို ပြီးစေတတ်သော စေတနာနှင့်တကွသော အဘိဇ္ဈာ စသည်တို့သည် စေတနာအဖို့၌သာ ဖြစ်ကုန်၏။ မနောကံ မခေါ်ထိုက်ကုန်။

ဤကား-ကာယကံ ဒွါရနှစ်ပါး၌ ဖြစ်ခြင်းတည်း။

## ၂၀၅-ဝစီကံ ဒွါရနှစ်ပါး၌ ဖြစ်ဟန်ကို ပြခြင်း

အကြင်သူသည် သူတပါးအား လှည့်ပတ်လိုသည်ဖြစ်၍ နှုတ်မမြွက်ပဲ လက် ဝါးကာခြင်း, ခေါင်းလှုပ်ခြင်းစသည်ကိုပြု၏။ ဆဲရေးလိုသည်ဖြစ်၍ လက်ဆုပ်

ပြုခြင်းကိုလည်း ပြု၏။ ကိုယ်၏ ဖောက်ပြန်ခြင်းဖြင့်သာလျှင် ပိသုဏဝါစာ, သမ္ဖပ္ပလာပတို့ကို သိစေ၏။ ထိုသူ၏ကံသည် ဝစီကံမည်၏။ ဒွါရကား ကာယဒွါရ၌ဖြစ်၏။ ထိုကံကို ပြီးစေသော စေတနာနှင့် တကွသော အဘိဇ္ဈာစသည်တို့သည် စေတနာအဖို့၌သာ ဖြစ်ကုန်၏။ မနောကံ မခေါ်ထိုက်ကုန်။

အကြင်သူသည် နှုတ်မြွက်၍ မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတို့ကို ပြောဆို၏။ ထိုသူ၏ကံသည် ဝစီကံမည်၏။ ဒွါရလည်း ဝစီဒွါရဖြစ်၏။ ထိုကံကို ပြီးစေသော စေတနာနှင့်တကွသော အဘိဇ္ဈာစသည်တို့သည် စေတနာအဖို့၌သာ ဖြစ်ကုန်၏။ မနောကံ မခေါ်ထိုက်ကုန်။

ဤကား ဝစီကံ, ဒွါရနှစ်ပါး၌ ဖြစ်ခြင်းတည်း။

၂၀၆-မနောကံ ဒွါရသုံးပါး၌ ဖြစ်ဟန်ကို ပြခြင်း

အကြင်သူသည် သူ၏ဥစ္စာကို လိုချင်သောစိတ်ဖြင့် ကိုယ်အင်္ဂါကို တုန်လှုပ်စေလျက် ဥစ္စာထုပ်ကိုကိုင်ခြင်း, လက်ကိုဆွဲခြင်း စသည်ကို ပြု၏။ အမျက်နှင့်တကွသော စိတ်ဖြင့်ရိုက်ခတ်ခြင်းငှါ လှံ, ကန် ကိုင်ခြင်းစသည်ကိုလည်း ပြု၏။ မိစ္ဆာဒိဋ္ဌိနှင့်တကွသောစိတ်ဖြင့် ပိဿာနိုး, ပဂေမသူရေစသော နတ်တို့အား ရှိခိုးခြင်း, ပန်းသစ်သီးပူဇော်ခြင်းကိုလည်းပြု၏။ ထိုသူ၏ကံသည် မနောကံမည်၏။ ဒွါရကား ကာယဒွါရ၌ ဖြစ်၏။ စေတနာကား ကံမှ အခြားမရှိပြီ။

အကြင်အခါ၌ သူ၏ဥစ္စာကို လိုချင်သောစိတ်ဖြင့် နှုတ်အင်္ဂါကို တုန်လှုပ်စေလျက် ဤဘဏ္ဍာသည် ငါ၏ဥစ္စာဖြစ်ပါမူကား ကောင်းလေစွဟု ပြောဆိုတ၏။ ဗျာပါဒနှင့်တကွသောစိတ်ဖြင့် ဤသတ္တဝါတို့သည် သေပါစေဟူ၍ငြင်း, မိပါစေဟူ၍ငြင်း ပျက်စီးပါစေဟူ၍ငြင်း ပြောဆိုတ၏။ မိစ္ဆာဒိဋ္ဌိနှင့် တကွသောစိတ်ဖြင့် အလှူ၏အကျိုးသည် မရှိ စသည်ဖြင့် ဆို၏။ ထိုသူ၏ကံသည် မနောကံမည်၏။ ဒွါရကား ဝစီဒွါရ၌ဖြစ်၏။ ဤစေတနာလည်း ကံမှ အခြားမရှိ။

အကြင်အခါ၌ ကိုယ်အင်္ဂါ နှုတ်အင်္ဂါကို မလှုပ်စေပဲ ငြိမ်သက်စွာနေလျက် သူ၏ဥစ္စာကိုလိုချင်ခြင်း, သူ့စီးပွါးကို ဖျက်ဆီးလိုခြင်း စိတ်သည်ဖြစ်၏။ မိစ္ဆာအယူကိုလေ်လည်း ကြံယူ၏။ ထိုအခါ ထိုသူ၏ကံသည် မနောကံမည်၏။ ဒွါရလည်း မနောဒွါရ၌ဖြစ်၏။ ဤကားမနောကံ ဒွါရ-သုံးပါး၌ ဖြစ်ခြင်းတည်း။

ဤသို့လျှင် ကာယကံ ၃-ပါးသည် ကာယ, ဝစီ ဟူသော ဒွါရနှစ်ပါး၌သာ ဝစီကံ ၄-ပါးသည်လည်း ကာယ, ဝစီ ဟူသော ဒွါရနှစ်ပါး၌သာ ဖြစ်သည်။ မနောကံ ၃-ပါးမူကား ဒွါရ ၃-ပါးလုံးပင် ဖြစ်၏ဟူ၍ ပြတော်မူသည်။

ဤမနောကံ ကာယဒွါရ၌ ဖြစ်ပုံကို ပြသောစကား၌—

ယဒါ ပန အဘိဇ္ဈာသဟဂတေန စေတသာ ကာယင် စောပေန္တော ဟတ္ထဂ္ဂါဟာဒီနိ ကရောတိ ဗျာပါဒသဟဂတေန စေတသာ ဒဏ္ဍပရာမာသာဒီနိ ကရောန္တိ—

ဟူသောပါဠ်ကို မှီ၍ သူ၏ဥစ္စာကိုယူခြင်းငှါ သွားသောသူသည် ဥစ္စာထုပ်ကို ကိုင်မိသည်တိုင်အောင် ဘူအိမ်ရာကို ပြစ်မှားလိုသောသူသည် လက်စသည်ကို သုံးသပ်မိသည်တိုင်အောင်, သတ်ပုတ်လိုသောသူသည် ယုံကန် ကိုင်ရုံမျှမက ရိုက်ခတ်မိသည်တိုင်အောင် ကံ မမြောက်မူကား ကာယဒွါရ၌ဖြစ်သော မနောကံ ဟု ယူမှားကြကုန်၏။

ဤသို့ယူမှု မိမိတို့မှီရာ အဋ္ဌကထာကိုပင် စွပ်စွဲရာကျတော့မည်။ အဘယ့်ကြောင့် နည်းဟူလျှင် ၎င်းအဋ္ဌကထာ၌ ကမ္မပထမမြောက်သော ပုဗ္ဗစေတနာနှင့်တကွသော ပယောဂကို ကာယဒုစရိုက်၎င်း, ဝစီဒုစရိုက်၎င်း ဖြစ်သည်။ မနောကံမဟုတ်ဟု ပြလေပြီးဖြစ်သောကြောင့်တည်း။

ကိုယ်အင် ါကိုလှုပ်စေလျက် လက်နက် ခား, လုံ့ ကိုင်ခြင်းစသော အမူအရာကိုမှ မနောကံ, ကာယဒွါရဖြစ် မယူခဲ့သော် ဘယ်သို့သော အရာကို ယူပါတော့ အံ့နည်း ဟူငြားအံ့။

သူ၏ဥစ္စာကို လိုချင်ခြင်း အားကြီးသဖြင့် ရှေ့ရှုကြံလျက် လက်ဟမ်းသည် တို့မဆိုင်တွေ့မိ ဟန်ရေးပြသကဲ့သို့ ဤသို့ဝင်မည်၊ ဤသို့ထွက်မည်၊ ဤသို့ယူမည် ဟု ကြံရွယ်လှုပ်ရှားသော အခါ၌၎င်း။

သူ့အားရန်ငြိုးထားခြင်းအားကြီးသဖြင့် ဤသို့ရိုက်မည်၊ ဤသို့ထိုးနှတ်မည် ဟု အမူအရာပြုသောအခါ၌၎င်း, ကိုယ်အင်္ဂါလှုပ်ခြင်းသို့ ရောက်သည်ကိုသာ မနောကံ ကာယဒွါရဖြစ်ယူရမည်။

သူ့အသက်ကို သတ်တော့အံ့, သူ့ဥစ္စာကိုခိုးတော့အံ့ဟု ရှေ့ရှုအားထုတ်သည် မှစ၍ ကိုယ်တုန်လှုပ်ခြင်း, နှုတ်မြွက်ခြင်း ပယောဂတို့သည် ကာယဒုစရိုက် ဝစီဒုစရိုက်သာ မည်တော့သည်။ ထိုဒုစရိုက်ကိုလည်း ကာယကံ, ဝစီကံသို့ သွင်းရမည်ဟူ၍ ပူလဝီကာမိန့်၏။

ကာယဒုစရိုက်ကို ကာယကံသို့ သွင်းရမည်။ ဝစီဒုစရိုက်ကို ဝစီကံသို့ သွင်းရမည်ဟူသော စကားကို ဘယ်ကိုထောက်၍ ဆိုသနည်းဟူငြားအံ့—

တိဝိဓံ ကာယဒုစ္စရိတံ အကုသလံ ကာယကမ္မမေဝ ဟောတိ၊ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ အကုသလံ ဝစီကမ္မမေဝ ဟောတိ၊ တိဝိဓံ မနောဒုစ္စရိတံ အကုသလံ မနောကမ္မမေဝ ဟောတိ—

ဟူ၍ အဋ္ဌသာလိနီ ကမ္မပထ သံသန္ဒနပိုင်း၌ မိန့်သည်ကို ထောက်၍ ဆိုသည် ဟူပေ။ (အနက်မှာ သိသာလှပြီ။)

## ၂၀၇-အကုသိုလ်ကံ ၁၀-ပါးကို ဟိတ်ဖြင့် ဝေဖန်၍ ပြခြင်း

မေး။ ။အကုသိုလ် ဆယ်ပါး၊ ဟိတ်တရားကို၊ ခြားနားဘယ်သို့ ဝေအံ့နည်း။

ဖြေ။ ။ဒွိဟိတ်ကံ ၆-ပါး။ တိဟိတ်ကံ ၄-ပါးဟူ၍ဆိုပေ။

ဒွိဟိတ်ကံ ၆-ပါးဟူသည်ကား—

ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ ဤ ၃-ပါးသည် ဒေါသ မောဟဟူသော ဟိတ်နှစ်ပါးကြောင့် ဖြစ်သည်။

၁။ ကာမေသုမိစ္ဆာစာရ, ၂။ အဘိဇ္ဈာ, ၃။ မိစ္ဆာဒိဋ္ဌိ ဤ ၃-ပါးကား လောဘ, မောဟ ဟူသော ဟိတ်နှစ်ပါးကြောင့် ဖြစ်သည်။

### တိဟိတ်ကံ ၄-ပါးဟူသည်ကား

၁။ အဒိန္နာဒါန်။ ၂- မုသာဝါဒ။ ၃- ပိသုဏဝါစာ။ ၄- သမ္ဖပ္ပလာပ။ ဤ ၄-ပါးသည် လောဘ, ဒေါသ, မောဟ ဟူသော ဟိတ် ၃-ပါးကြောင့် ဖြစ်သည်။ မောဟဟိတ်ကို တိုက်ရိုက်မဆိုသော်လည်း သဗ္ဗာကုသလသာဓာရဏ ဖြစ်၍ ပါသည်ချည်းဟု သိရမည်။

## ၂၀၈-ဒါန, သီလ, ဘာဝနာ၌ ကုသိုလ် ဆယ်ဖြာ သွင်းပုံကို ပြခြင်း

မေး။ ။ဒါန, သီလာ၊ ဘာဝနာစု၊ ဤသုံးခုတွင်၊ ကုသိုလ်ဆယ်ဖြာ၊ ဝင်၍ လာသည်၊ ထိုက်ရာဘယ်သို့ သွင်းမည်နည်း။

ဖြေ။ ။ပတ္တိဒါန, ပတ္တာနုမောဒန နှစ်ပါးကို ဒါန၌သွင်း။ အပစာယန, ဝေယျာဝစ္စ နှစ်ပါးကိုသီလ၌သွင်း။ ဓမ္မသဝန, ဓမ္မဒေသနာ နှစ်ပါးကို ဘာဝနာ၌ သွင်း။ ဒိဋ္ဌုဇုကမ္မ တပါးကို ၃-ပါးလုံး၌ သွင်းရမည် ဟူပေ။

ဘယ့်ကြောင့် ပတ္တိဒါနနှင့် ပတ္တာနုမောဒန နှစ်ပါးကို ဒါန၌ သွင်းရသနည်း ဟူမူ—

ဒါနမ္ဟိ ပတိ ဣဿာမစ္ဆေရာနံ ပဋိပက္ခံ့ ဒေတိ တသ္မာ သမာနပ္ပဋိပက္ခတာယ ဧကလက္ခဏတ္တာ စေ ဒါနမယပုညကိရိယာဝတ္ထုမှိ သင်္ဂယှန္တိ—

ဟူသော ဋီကာနှင့်အညီ ဒါနသည် ဣဿာ, မစ္ဆေရတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ပတ္တိဒါန, ပတ္တာနုမောဒနတို့လည်း ဣဿာ, မစ္ဆေရတို့နှင့် ဆန့်ကျင်

ဘက်ပင် ဖြစ်သည်။ ဤသို့ ဆန့်ကျင်ဘက်ချင်း တူသည်၏အဖြစ်ကြောင့် ဒါနဠ္ဌ သွင်း၍ သင်္ဂြိုဟ်အပ်၏ ဟူ၏ပေ။

အပစာယနနှင့် ဝေယျာဝစ္စကို ဘယ့်ကြောင့် သီလဌ္ဌသွင်းသနည်းဟူမူ "စာရိတ္တ သီလ ဘာဝတော" ဟူသော ဋီကာနှင့်အညီ သူတော်ကောင်းတို့၏ ကျင့်ဝတ် အလေ့ ဖြစ်သောကြောင့် သီလဌ္ဌသွင်းအပ်၏ ဟူ၏ပေ။

ဤကား အရှင်မဟာ့ပါသ၏အလိုတည်း။ အပရေဆရာတို့ကား ဓမ္မဒေသနာ သည် ဓမ္မဒါနဌ္ဌဖြစ်သောကြောင့် ဒါနဌ္ဌသွင်း၍သင်္ဂြိုဟ်၏။

## ၂၀၉-ကုသိုလ် ၁၀-ပါးကို ကံ ၃-ပါးဖြင့် ဝေဖန်၍ပြခြင်း

ကမ္မ, ဒွါရအားဖြင့်ကား ဒါန, အပစာယန, ဝေယျာဝစ္စ ဤ ၃-ပါးသည် ကာယဒွါရ၌ များစွာဖြစ်တတ်သောကြောင့် ကာယကံ မည်၏။

သီလ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဒေသနာ ဤလေးပါးသည် ဝစီဒွါရ၌ များစွာဖြစ်တတ်သောကြောင့် ဝစီကံ မည်၏။

ဘာဝနာ, ဓမ္မသဝန, ဒိဋ္ဌိဇုကမ္မ ဤ ၃-ပါးသည် မနောဒွါရ၌ များစွာ ဖြစ်တတ်သောကြောင့် မနောကံ မည်၏ ဟူ၍ ဒီပနီဆိုသည်။

အဌ္ဌသာလိနီ၌ကား- ဒါန, သီလ, ဘာဝနာ ၃-ပါးတွင် တပါး တပါး၌ ကံ ၃-ပါးဖြင့် ဝေဖန်၍ ပြတော်မူ၏။

## ၂၁၀-အကုသိုလ်ကံတို့၏ ဒ ပြစ်ကြီး, ငယ် ကို ပြခြင်း

မေး။ ။အကုသိုလ်တရား ကံ ၃-ပါးဝယ်၊ လွန်ကျူးတွယ်သော်၊ ဘယ်ကံ သာ၍ကြီးသနည်း။

ဖြေ။ ။နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိတည်းဟူသော နိယတ-မိစ္ဆာဒိဋ္ဌိကံသည် သာ၍ကြီးသည်။

ထိုအောက်ကား အနန္တရိယကံ ၅-ပါးတွင် သံဃဘေဒကကံကြီးသည်။
ထို့အောက်-လောဟိတုပ္ပါဒက ကံကြီးသည်။
ထို့အောက်-အရဟန္တဃာတက ကံ ကြီးသည်၊
ထို့အောက်-မာတုဃာတက ကံ ကြီးသည်။
ထို့အောက် ပိတုဃာတက ကံ ကြီးသည်။

မိဘနှစ်ဦးတို့တွင် အမိသည် သီလရှိသည်ဖြစ်၍ အဘသီလမဲ့သည်ဖြစ်အံ့၊ မာတုဃာတက ကံ ကြီးသည်။

အဘာသီလရှိ၍ အမိသီလမဲ့သည်ဖြစ်အံ့၊ ပိတုဃာတကကံ ကြီးသည်။
မိဘနှစ်ဦး သီလရှိခြင်းတူမူကား မာတုဃာတက ကံ ကြီးသည်ဟူပေ။
ပါဠိကိုလိုမူ သမ္မောဟဝိနောဒနီ အင်္ဂုတ္တရ အဋ္ဌကထာဉာဏ ဝိဘင်းအဖွင့်၌ ယူလေ။

## ၂၁၁-မဟဂ္ဂုတ်ကံမှာ မနောကံသာဖြစ်ကြောင်းကို ပြခြင်း

မေး။ ။မဟဂ္ဂုတ်မှန်၊ ကုသိုလ်ကံကို၊ အသံဖွင့်ကာ၊ ဘာ၀နာ၊ ပွားရှာရ လေဦးမည်လော။

ဖြေ။ ။ရူပါဝစရ ကုသလံ ပန မနောကမ္မမေဝ ဝိညတ္တိသမုဋ္ဌာပကတ္တာ ဘာဝေန ကာယဒွါရာဒီသု အပ္ပဝတ္တနတော—

ဟူသော ဋီကာနှင့်အညီ ရူပါဝစရ ကုသိုလ်ကံသည် ဝိညတ်ကို ဖြစ်စေခြင်း မရှိသည်၏အဖြစ်ကြောင့် ကာယဒွါရစသည်တို့၌ မဖြစ်ခြင်းကြောင့် မနောကံ သာလျှင် ဖြစ်၏။ အသံဖွင့်၍ မပွားရပြီ ဟူလို။

## ၂၁၂-ကံအပြား ၁၆-ပါးကို ပြခြင်း

မေး။ ။တိဟိတ်ဥက္ကဋ္ဌ၊ ဒွိဟိတ်ဥက္ကဋ္ဌ၊ ရသည်အမှန်၊ ၄-ပါးကံကို၊ စတုဗ္ဗိဓံ၊ နှစ်တန်နှစ်တန်၊ ဖွင့်ဆိုပြန်သည်၊ ထိုကံဘယ်က ပွားသနည်း။

ဖြေ။ ။ဉာဏသမ္ပယုတ် ၄-ခုသည် တိဟိတ်စိတ်မည်၏။ ထိုတိဟိတ်စိတ်သည် ဥက္ကဋ္ဌ ၄-ပါး, ဩမက ၄-ပါးအားဖြင့် ရှစ်ပါးရှိသည်။ ဉာဏဝိပ္ပယုတ် ၄-ခုဟူသော ဒွိဟိတ်စိတ်သည်လည်း ဥက္ကဋ္ဌ ၄-ပါး၊ ဩမက ၄-ပါးအားဖြင့် ရှစ်ပါးရှိသည်။ ထိုစိတ်၌ပါသော စေတနာလည်း ရှစ်ပါးရှစ်ပါးစီ ရှိသည်ဖြစ်၍ ကံ ၁၆-ပါး ပြားသည် ဟူပေ။

## ဥက္ကဋ္ဌကံ,ဩမကကံတို့၏ အထူးကိုပြခြင်း

ဘယ့်ကြောင့် ဥက္ကဋ္ဌ ဖြစ်သနည်း၊ ဘယ့်ကြောင့် ဩမက ဖြစ်သနည်းဟူငြား အံ့—

ယဉ္ဟိ ကမ္မံ အတ္တနော ပဝတ္တိကာလေ ပုရိမပစ္ဆာဘာဂပဝတ္တေဟိ ကုသလကမ္မေဟိ ပရိဝါရိတံ၊ ပစ္ဆာ ဝါ အာသေဝနာသေဝန သမုဒါစိဏ္ဏံ၊ တံ ဥက္ကဋ္ဌံ၊ ယံ ပန ကရဏကာလေ အကုသလကမ္မေဟိ ပရိဝါရိတံ၊ ပစ္ဆာ ဝါ ဒုက္ကဋမေတံ မယာတိ ဝိပ္ပဋိသာရုပ္ပါဒနေန ပရိဘာဝိတံ၊ တံ ဩမကန္တိ ဒဋ္ဌဗ္ဗံ—

ဟူသော ဋီကာနှင့်အညီ အကြင်ကုသိုလ်ကံသည် မိမိဖြစ်သောအခါ၌ ရှေ့အဖို့ နောက်အဖို့ဖြစ်သော ကုသိုလ်စေတနာတို့သည်လည်း ခြံရံအပ်၏။ နောက်မှမူလည်း

အဖန်တလဲလဲ မှီဝဲခြင်း အာသေဝနကိုရသဖြင့် ကောင်းစွာလေ့ကျက်အပ်၏။ ထိုက်သည် ဥက္ကဋ္ဌကမ်မည်၏။

အကြောင်ကုသိုလ်ကံကို ပြုသောအခါ၌ များစွာသော အကုသိုလ်ကံတို့သည် ခြံရံအပ်၏။ နောက်ပုမ္မလည်း ငါသည် မကောင်းသည်ကို ပြုမိ၏တကားဟု နှစ်လုံးမသာခြင်းရှိ၏။ ထိုကံသည် သြမကကံမည်၏ ဟူလိုသည်။

## ၂၁၃-ရှုပချာန်၏ ပရိတ္တ,မဟဂ္ဂုတ, ပဏီတဖြစ်ပုံကို ပြခြင်း

မေး။ ။ရူပါဝစရ၊ ဈာန်ငါးဝကို၊ရကြသည်မှာ တူသင့်ပါလျက်၊ဘယ်ခြင်း ရာကြောင့်၊ ပရိတ္တ၊ မဇ္ဈိမ၊ ပဏီတဟု သုံးဝပြားပြန်လေသနည်း။

ဖြေ။ ။တတ္ထ ပဋိလဒ္ဓမတ္တံ့မနာသေဝိတံ ပရိတ္တံ၊ တထာ နာတိသုဘာဝိတံ အပရိပုဏ္ဏဝသီဘာဝံ မဇ္ဈိမံ၊အတိဝိယ သုဘာဝိတံ ပန သဗ္ဗသော ပရိပုဏ္ဏဝသီဘာဝံ ပဏီတံ–

ဟူသော အဋ္ဌသာလိနီနှင့်ညီစွာ ဈာန်ကိုရကာမျှဖြစ်၍ ဝသီဘော် ငါးပါးတို့ဖြင့် မမှီဝဲရသေးသော ဈာန်သည် ပရိတ္တမည်၏။

ဈာန်ရပြီးသော ဝသီဘော် ငါးပါးတို့ဖြင့် လေ့လာငြားသော်လည်း အလို အတိုင်း မပြည့်စုံသေးသော ဈာန်သည် မဇ္ဈိမမည်၏။

အလွန်ကောင်းစွာ လေ့လာပွားစေအပ်ပြီးသည်ဖြစ်၍ အလိုအတိုင်း ပြည့်စုံ သောဈာန်သည် ပဏီတမည်၏ဟူ၏။

ဥပမာကား။ ။ဈာန်ကိုကျက်မှတ်၍ ရကာမျှသည် ပရိတ္တဈာန်နှင့်တူ၏။ ရပြီးသော် မဟုန့်မတို ရွတ်ဆိုခြင်းငါ စွမ်းနိုင်သောအခါ မဇ္ဈိမဈာန်နှင့်တူ၏။ သဘော အဓိပ္ပါယ်, အနက်, အကျဉ်းနှင့်တကွ သိသောအခါ ပဏီတဈာန် နှင့်တူ၏။

## ၂၁၄-အသညသတ်ဘုံသို့သွားသူလေသော ဈာနလာဘီ ပုဂ္ဂိုလ်တို့၏ ဘာဝနာပွားဟန်ကို ပြခြင်း

မေး။ ။ပဥ္စမဈာန်သမ္ဘ၊ အနေတူလျက်၊ အယူကွဲကပ်၊ သညသတ်မှာ၊ ရုပ်ဖြစ်လာသည့် ဘာဝနာဘယ်သို့ပွားသနည်း။

ဖြေ။ ။စိတ်, ဝေဒနာ, သညာဟူသော နာမ်တရားကြောင့်သာလျှင် ဤ ခန္ဓာ၏ဖြစ်ခြင်း ချုပ်ခြင်း ဆင်းရဲသည်ဖြစ်၏။ နာမ်တရားမရှိသော် မဖြစ်ရာ မီးခိုးတိမ်တိုက်ကဲ့သို့ တည်ရာ၏ဟု နာမ်တရား၌ ငြီးငွေ့ရကား–

**ဓိ, စိတ္တံ, ဓိပ္ပတံ, စိတ္တံ။** ။စိတ္တံ၊ စိတ်သည်။ ဓိ၊ စက်ဆုပ်ဖွယ်ရှိစွ။ စိတ္တံ၊ စိတ်သည်။ ဓိပ္ပတံ၊ စက်ဆုပ်အပ်သော အကျင့်ဖြစ်ကြောင်းတည်း။

ဤသို့ ဘာဝနာပြုသဖြင့် ထိုကုသိုလ်ကြောင့် ရုပ်သက်သက်သာ ပဋိသန္ဓေ နေရလေသည်။ ဤပုဂ္ဂိုလ်တို့ကား ကမ္မကြိယ ဝါဒီတိတ္ထိတို့တည်း။ ထို့ကြောင့် ဋီကာ၌—

အရူပဝိရာဂဘာဝနံ ဘာဝေတွာ အသည သတ္တေသု ဥပ္ပဇ္ဇန္တိ၊
ကမ္မကြိယဝါဒိနော တိတ္ထိယာ ဝေါတိ အဓိပ္ပါယော—

ဟူ၍ မိန့်သည်။

အရူပဝိရာဂဘာဝနံ၊ နာမ်တရား၌ တပ်ခြင်းကင်းသော ဘာဝနာကို။ ဘာ- ဝေတွာ၊ ပွားစေ၍။ အသညသတ္တေသု၊ အသညဘုံတို့၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ကမ္မကြိယဝါဒိနော၊ ပြုအပ်သော ကုသိုလ်ကံသည် အကျိုးရှိ၏ဟု ယူလေ့ရှိ ကုန်သော။ တိတ္ထိယာ ဝေ၊ တိတ္ထိတို့ပင်တည်း။ ဣတိအဓိပ္ပါယော၊ ဤသို့သော အဓိပ္ပါယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

၂၁၅-ကုသိုလ်အဘိညာဉ်၏ ပဋိသန္ဓိ ပဝတ္တိ, အကျိုးမရှိပုံကို ပြခြင်း

မေး။ ။ကုသိုလ်ကေန်ဇောလည်းမှန်လျက်၊ ပဋိသန်ပဝတ္တိ၊ကျိုးမရှိသည် မည်သည့်ဇောစိတ်ပေတို့နည်း။

**ဖြေ။** ။အဘိညာဉ်ကိစ္စတပ်သော ပဉ္စမစျာန် ကုသိုလ်ဇောဟူပေ။ အဘယ့် ကြောင့် အကျိုးမပေးသနည်းဟူငြားအံ့—

အဘိညာဘာဝပ္ပတ္တဿ ပန အဝိပါကဘာဝေါ အလဒ္ဓါသေဝန- ဝသေန ဝုတ္တော—

ဟူသောဋီကာ, နှင့်အညီ အဘိညာဉ်ဇောသည် တကြိမ်သာ ဇောသည်၏အဖြစ် ကြောင့် အာသေဝနပစ္စည်းကို မရလေရကား အားနည်းသည်ဖြစ်၍ အကျိုး မပေးသည်ဟူပေ။

ကမ္မ စတုက္ကပြီး၏။

---

၂၁၆-နိမိတ် ၃-ပါးကို ခွဲခြား၍ ပြခြင်း

မေး။ ။သေခါနီးစိတ်၊ နိမိတ် ၃-ပါး၊ ထင်သည်များကို၊ ခြားအောင် ဘယ်သို့ခွဲမည်နည်း။

ဖြေ။ ။တတ္ထ ကမ္မံ နာမ အာယူဟိတာ ကုသလာကုသလစေတနာ ကမ္မ-
နိမိတ္တံ နာမ၊ ယံ ဝတ္ထုံ အာရမ္မဏံ ကတွာ အာယူဟတိ ဂတိနိမိတ္တံ နာမ
နိဗ္ဗတ္တနကဩကာသေ၊ ဧကောဝ ဝဏ္ဏော ဥပဋ္ဌာတိ–
ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ ပါဠိနှင့် ညီညွတ်ပြကတော့ အခါ၌ ပြုပြင်အားထုတ်အပ်သော
ကုသိုလ်, အကုသိုလ် စေတနာသည် ကံမည်၏။

အကြင်ကျောင်း ဘုရားစသော ဝတ္ထုကို အာရုံပြု၍ ကံကို အားထုတ်၏။
ထိုကံ၏ အာရုံဖြစ်သော ဝတ္ထုသည် ကမ္မနိမိတ် မည်၏။

ဖြစ်လတ္တံ့သောအရပ်၌ ကံအားလျော်စွာ တခုသော အဆင်းသည်ထင်၏။
ထိုအဆင်းသည် ဂတိနိမိတ်မည်၏ဟုခွဲပေ။

## နိမိတ် ၃-ပါးတင်ဟန်ကိုပြခြင်း

ဤနိမိတ် ၃-ပါးတွင် ဂတိနိမိတ်ပါးသည် အလုံးစုံသော သတ္တဝါတို့အား ထင်သလော ဟူမြွားအံ့-ဟိုထိုသော ဂတိတို့၌ ဖြစ်ထိုက်သေးသော သတ္တဝါတို့အားသာလျှင် ထင်သည်။ တစုံ တခုသော ဘဝ၌ မဖြစ်ထိုက်သော ရဟန္တာပုဂ္ဂိုလ်တို့အား မထင်ပြီ နိဗ္ဗာန်သာလျှင် ထင်တော့သည်။ ထို့ကြောင့် ဋီကာ၌—

ယထာရဟန္တိ တံတံဂတိသု ဥပ္ပဇ္ဇနကသတ္တာနုရူပံ။ ကတ္ထစိ ပန အနု-
ပ္ပဇ္ဇမာနဿ ခီဏာသဝဿ ယထာယောပဋ္ဌိတံ နာမရူပမဗ္ဗာဒိကမေဝ
စုတိပရိယောသာနံ ဂေါစရဘာဝံ ဂစ္ဆန္တိ၊ န ကမ္မကမ္မနိမိတ္တာဒယော–
ဟူ၍မိန့်သည်။

ယထာရဟန္တိ၊ ယထာရဟံဟူသည်ကား။ တံတံဂတိသု၊ ထိုထိုသောဂတိတို့၌။ ဥပ္ပဇ္ဇနကသတ္တာနုရူပံ၊ ဖြစ်လတ္တံ့သော သတ္တဝါအားလျော်စွာ။ ဥပဋ္ဌာတိ၊ ထင်၏။ ကတ္ထစိ တစုံတခုသော ဘဝဂတိ၌။ အနုပ္ပဇ္ဇမာနဿ၊ မဖြစ်လတ္တံ့သော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ယထာယောပဋ္ဌိတံ၊ အကြင်အကြင်ထင်ခဲ့ဘိုင်းသော။ နာမရူပမဗ္ဗာဒိကမေဝ၊ နာမ်, ရုပ်တရားတို့၏ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ သဘောသည်သာလျှင်။ စုတိပရိယောသာနံ၊ စုတိအဆုံးရှိကုန်သောစိတ်တို့၏။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ကမ္မ-ကမ္မနိမိတ္တာဒယော။ ကံ, ကမ္မနိမိတ် စသည်တို့သည်။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။

ဤပါဌ်ကို ဆရာတို့ကြံယူကြသော စကားအကျယ်ကို စွယ်စုံကျော်ထင် အဖြေ၌ ရေးခဲ့ပြီ။

## နိမိတ် ၃-ပါးထင်ရာကာလကို ပြဆိုခြင်း

ထိုနိမိတ် ၃-ပါးတို့သည် စုတိ၏အနီးဖြစ်သော မရဏာသန္နစိတ်၌သာ ထင်အံ့လော ဟူငြားအံ့ — အလွန်လျင်သော သေခြင်းရှိသောသူအား စုတိသို့ မရောက်မီ ၃-ဝီထိခန့်က ထင်သည်။

နှေးနှေးသေခြင်းရှိသောသူအား ၅-ဝီထိ, ၆-ဝီထိ ကွာသော မုဟုတ္တကာလက ပင် ထင်သည်ဟူပေ။

ဤအဓိပ္ပါယ်ကား —

> အညာ သမ္မုဋ္ဌကာလ ကိရိယာ နာမ ဟောတိ၊ ပရမ္မုခံ ဂစ္ဆန္တဿ ဟိ
> ပစ္ဆတော တိခိဏေန အသိနာ သီသံ ဆိန္ဒန္တိ။ပ။ ဣဒံ ကိမတ္ထံ အာဘတံ
> အရူပဓမ္မာနံ ဝိသယော နာမ ဇဝံ လဟုကောတိ ဒီပနတ္ထံ —

ဟူသော သမ္မောအဋ္ဌကထာဖြင့် သိအပ်၏။

အညာ၊ တပါးသော။ သမ္မုဋ္ဌကာလ ကိရိယာ နာမ၊ ပြင်းစွာတွေဝေလျက် သေရခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ ထင်စွာဆိုဦးအံ့။ ပရမ္မုခံ၊ တပါးသို့ မျက်နှာမူလျက်။ ဂစ္ဆန္တဿ၊ သွားသော သူအား။ ပစ္ဆတော၊ နောက်မှ၊ တိခိ-ဏေန၊ ထက်စွာသော။ အသိနာ၊ သန်လျက်ဖြင့်။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ နိပ္ပဇ္ဇိတွာ၊ လျောင်း၍။ နိဒ္ဒါယန္တဿပိ၊ အိပ်ပျော်သော သူအား လည်း။ တိခိဏေန၊ ထက်စွာသော။ အသိနာ၊ သန်လျက်ဖြင့်။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒန္တိ၊ ဖြတ်ကုန်၏။ ဥဒကေ၊ ရေ၌။ ဩသီဒါပေတွာ၊ နစ်မွန်းစေ၍။ မာရေန္တိ၊ သတ်ကုန်၏။ ဧဝရူပေပိ ကာလေ။ ဤသို့သော အခါ၌လည်း။ အညတရံ၊ တပါး ပါးသော။ ကမ္မံ ဝါ၊ ကံသည်၎င်း။ ကမ္မနိမိတ္တံ ဝါ၊ ကမ္မနိမိတ်သည်၎င်း။ ဥပဋ္ဌာတိ၊ ထင်၏။

အညံ၊ တပါးသော၊ လဟုကမရဏံ နာမ၊ လျင်သော သေခြင်းမည်သည်။ အတ္ထိ၊ ရှိ၏။ ဟိ၊ ဘယ်သို့ရှိသနည်းဟူမူကား။ နိခါဒနဒဏ္ဍကမတ္ထကသ္မိံ၊ ဆောက်ရိုး၏ အထက်၌။ နိလီနံ၊ နားသော။ မက္ခိကံ၊ ယင်ကို။ မုဂ္ဂရေန၊ ဆောက်ပုတ်ဖြင့်။ ပဟရိတွာ၊ ပုတ်ခတ်၍။ ပိသန္တိ၊ ကြေကုန်၏။ ဧဝရူပေပိ-ကာလေ၊ ဤသို့သောအခါ၌လည်း။ ကမ္မံ ဝါ၊ ကံသည်၎င်း။ ကမ္မနိမိတ္တံ ဝါ၊ ကမ္မနိမိတ်သည်၎င်း။ ဥပဋ္ဌာတိ၊ ထင်၏။ ဧဝံ၊ ဤသို့။ ပိသယမာနာယ၊ ကြေလေသော။ မက္ခိကာယ ပန၊ ယင်အားလည်း။ ပဌမံ၊ ရှေးဦးစွာ။ ကာယ-ဒွါရာဝဇ္ဇနံ၊ ကာယဒွါရ၌ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းသည်။ ဘဝင်္ဂံ၊ ဘဝင်သို့။ နာဝဋ္ဋေတိ၊ မလည်စေ။ မနောဒွါရာဝဇ္ဇနမေဝ၊ ဒုက္ခဝေဒနာကို အာရုံပြုသော မနောဒွါရာဝဇ္ဇန်းသည်သာလျှင်။ အာဝဋ္ဋေတိ၊ လည်စေ၏။ အထ ပစ္ဆာ၊

ထို့နောင်မှ၊ ဇဝနံ၊ ဇောသည်။ ဇဝိတွာ၊ ဇော၍။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရ-တိ၊ သက်၏။

ဒုတိယဝါရေ၊ နှစ်ကြိမ်မြောက်သော ဝါရ၌။ ကာယဒွါရာဝဇ္ဇနံ၊ ကာယဒွါရ၌ ဖြစ်သော အာဝဇ္ဇန်းသည်။ ဘဝင်္ဂံ၊ ဘဝင်ကို။ အာဝဋ္ဋေတိ၊ လည်စေ၏။ တတော၊ ထို့နောင်မှ၊ ကာယဝိညာဏံ၊ ကာယဝိညာဉ်သည်၎င်း။ သမ္ပဋိစ္ဆန်၊ သမ္ပဋိစ္ဆိုင်းသည်၎င်း။ သန္တီရဏံ၊ သန္တီရဏသည်၎င်း။ ဝေါဋ္ဌဗ္ဗနံ၊ ဝုဋ္ဌောသည်၎င်း။ ဣတိ၊ ဤသို့။ ဝီထိစိတ္တာနိ၊ ဝီထိစိတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဇဝနံ၊ ဇောသည်။ ဇဝိတွာ၊ ဇော၍။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။

တတိယဝါရေ၊ သုံးကြိမ်မြောက်သောဝါရ၌လည်း။ မနောဒွါရာဝဇ္ဇနံ၊ မနော-ဒွါရာဝဇ္ဇန်းသည်။ ဘဝင်္ဂံ၊ ဘဝင်ကို။ အာဝဋ္ဋေတိ၊ လည်စေ၏။ အထ၊ ထို့နောင်မှ။ ဇဝနံ၊ ဇောသည်၊ ဇဝိတွာ၊ ဇော၍။ ဘဝင်္ဂံ၊ ဘဝင်သို့။ ဩတရတိ၊ သက်၏။ တေသုံ ဌာနေ၊ ဤဘတိယဝီထိ၏အရာ၌။ ကာလကိရိယံ၊ သေလွန် စုတိခြင်းကို။ ကရောတိ၊ ပြုအပ်၏။ ဣဒံ၊ ဤစကားကို။ ကိမတ္ထံ၊ အဘယ် အကျိုးငှါ၊ အာဘတံ၊ ဆောင်အပ်သနည်း။ အရူပမေဝ၊ နာမ်တရားတို့၏။ ဝိသယော နာမ၊ အာရုံမည်သည်ကား။ ဝေဝလဟုကော၊ ဤသို့ လျင်မြန်၏။ ဣတိ ဒီပနတ္ထံ၊ ဤသို့ပြခြင်းငှါ၊ အာဘတံ၊ ဆောင်အပ်၏။

ဤအဋ္ဌကထာကို ဆောက်၍ အလွန်လျင်သော သေခြင်းရှိသော သတ္တဝါ အား ၃-ဝီထိ အခါကပင် နိမိတ်ထင်၏ဟု သိရသည်။

ဋီကာကျော်၌ကား–

> ပစ္စုသန္နမရဏာသာတိ ကေဝိထိပမာဏာယုကဝသေန၊ တတော ဝါ ကိဥ္စိ အဓိကာယုကဝသေန သမာသန္နမရဏာသ–ဟူ၍ မိန့်၏။

ဤအလိုသော် တခုသောဝီထိ၏ ပမာဏ အသက်ရှိသည်၏ အစွမ်းဖြင့်၎င်း, ထိုထက် စိုးစဉ်း လွန်သော အသက်ရှိသည်၏ အစွမ်းဖြင့်၎င်း, စုတိကျခြင်းသည် အလွန်နီးသော သေခြင်းရှိသည်မည်၏။ ဤဝီထိ၌သာ နိမိတ် ၃-ပါးထင်၏ ဟူလိုသည်။ ဖြည်းနှေးစွာ သေရသော သတ္တဝါအား ၅-ဝီထိ ၆-ဝီထိ ကွာသော မုဥ္ဆာကာလကသော်၎င်း, ထိုထက်ကွာသော မုဥ္ဆာကာလကသော်၎င်း ထင်၏။

## ၂၁၇-သေခါနီးတွင် ထင်ပြီးနိမိတ်မြဲမမြဲကို ပြဆိုခြင်း

ထိုသို့သော နိမိတ်သည် မမြဲ၊ ပြောင်းလဲကာလည်း ထင်တတ်၏။ ငရဲ လားကြောင်း မကောင်းသော နိမိတ်ထင်ပြီးလျက်လည်း ကောင်းသော ပယောဂကြောင့် ဒေဝနိမိတ်ထင်ပြန်တတ်၏။ နတ်ရွာသွားကြောင်း နိမိတ်

ကောင်းထင်ပြီးလျက်လည်း နိရယနိမိတ်ထင်ပြန်တတ်၏။ လူ့ပြည်ဂတိနိမိတ် ထင်ပြီးလျက်လည်း တိရစ္ဆာနဂတိနိမိတ် ထင်ပြတတ်၏။ တိရစ္ဆာနဂတိနိမိတ် ထင်ပြီးလျက်လည်း မနုဿဂတိနိမိတ်သည် ထင်ပြန်တတ်၏။ ထို့ကြောင့် ဉာဏဝိဘင်းအဋ္ဌကထာ၌—

ဥပဋ္ဌာနသမင်္ဂိတာ နာမ။ သာ စလတိ၊ သေသာ နိစ္စလာ။ နိရယေ ဟိ ဥပဋ္ဌိတေပိ ဒေဝလောကော ဥပဋ္ဌာတိ၊ ဒေဝလောကေ ဥပဋ္ဌိတေပိ နိရယော ဥပဋ္ဌာတိ—

စသည်ဖြင့် မိန့်တော်မူသည်။

## နိမိတ်မမြဲပုံကို ဝတ္ထုသာဓကပြ၍ ပြဆိုခြင်း

အဘယ်သူတို့ ထင်ဘူးသနည်းဟူမူကား သောဏဂိရိတောင်ခြေရင်း သဗ္ဗဂိရိကျောင်း၌ သီတင်းသုံးသော မဟာဓမ္မရက္ခိတ မထေရ်၏ အဘသည် ခွေးမုဆိုး ပြု၍ အသက်မွေး၏။ မထေရ်သည် တရားသဖြင့် တားမြစ်ပါသော်လည်း မကောင်းစွာသော ကိုယ်အကျင့်ကို မဖျောက်နိုင်ချေ၊ အိုမင်းသောအခါ၌ ဤသက်ကြီးသည် မပျက်စီးပါစေလင့်ဟု နှလုံးထားလျက် အလိုမရှိပဲပဝ် ရှင်ပြုစေ၏၊ ထို သာမဏေကြီးသည် မရှည်မြင့်မီ နာ၍သေရာညောင်းစောင်း၌ လျောင်းရသောအခါ မိန်းမောရာတို့၌ နိရယနိမိတ်ထင်လာ၏။ သောဏတောင်၌ ခြေရင်းမှ မြင်းပမာဏရှိသော ခွေးသည် ကိုက်ခဲခြင်းငှါ ခြံရံလာကုန်၏။

ထိုသို့ ထင်သောအခါ သာမဏေကြီးသည် ကြောက်သည်ဖြစ်၍ ချစ်သား သောဏ, ခွေးတို့ကို မောင်းပါလော့ဟု မြည်တမ်းဟစ်အော်၏။ အဘယ်ကို မြင်သနည်းဟု မေးသော် ငါ့အား ခွေးခဲအံ့သောငှါ ဝန်းရံလာသည်ကို မမြင်ပါလောဟု ဆို၏။ ထို စကားကို ကြားသော် သား သောဏ မထေရ်ကလည်း ငါ့အဘအား နိရယနိမိတ်ထင်ချေပြီဟုသိ၍ ငါသို့ခင်သော သားကောင်း၏ အဘသည် ငရဲသို့ လားရာအံ့လောဟု တပည့်သာမဏေတို့အား များစွာသော ပန်းတို့ကို ဆောင်စေ၍ စေတီရင်ပြင်၌ တင်လှူပူဇော်ပြီးလျှင် အဘသာမဏေကြီးကို ညောင်စောင်းပါဆောင်၍ သာမဏေကြီး ဤပန်းဖြင့် ဘုရားသခင်ကို ပူဇော်လော့ သင်၏အလို့ငှါ ငါပူဇော်သည်ကိုလည်း ဝမ်းမြောက်လောဟု တိုက်တွန်း၏။

သာမဏေကြီးလည်း သားဆိုတိုင်း ပန်းပူဇော်၍ စိတ်ကို ကြည်စေသော အခါ တာဝတိံသာနတ်ရွာနိမိတ်သည် ထင်လေ၏။ ထိုအခါ ချစ်သား သောဏ ရှားလော့ ရှားလော သင်၏မိခင်သည် တန်ဆာဆင်လျက် လာသည်ဟု ဆို၏။ ထိုစကားကို ကြားမှ ငါ့အဘအား နတ်ပြည်နိမိတ်ကို ထင်ပြီဟု ငြိမ်သက်စွာ နေလေ၏။

ဤသို့လျှင် စုတိနှင့် ဝေးကွာသော မုဋ္ဌာဘကာလတို့၌ ထင်သော နိမိတ်သည် မပြပဲ ပြောင်းလဲကာ ထင်နိုင်လေသတတ်။

## ၂၁၈။ သေခါနီးသူ သက်မရှူပုံပြ ခြင်း

မေး။ ။နိမိတ်ထင်ပြ၊ ဇောကျသောအခါ၊ ထိုသူနာသည်၊ အသက်ရှူ ပါသေး၏လော။

ဖြေ။ ။ကာယသင်္ခါရဖြစ်သော စိတ္တဇဝါယောဓာတ်ဟု ဆိုအပ်သော အဿာသ ပဿာသသည်စုတိစိတ်သို့မရောက်မီ ၃၂-ချက်မြောက်သော စိတ်ကပင် ချုပ်လေပြီးဖြစ်၍ စုတိနှင့်နီးသော မရဏာသန္နဇော ကျသောအခါ အသက်မရှူ ပြီဟု ဆိုအပ်၏။

## ၂၁၉။ နိမိတ်အာရုံ ချုပ်ရာကာလကို ပြဆိုခြင်း

မေး။ ။စုတိသောအခါ၊ ပစ္စုပ္ပန္နာရုံ၊ အလုံးစုံသည် ဘယ်မှာ အကုန်ချုပ် သနည်း။

ဖြေ။ ။မနောဒွါရ၌ ဂတိနိမိတ်တည်းဟူသော ပစ္စုပ္ပန္နာရုံထင်သော သူ အား တဒါရုံနောင် စုတိကျသည်ဖြစ်အံ့။ ပဋိသန္ဓေ့ထို့နောင် ဘဝင် ၄-ကြိမ်။ ဇောနောင်စုတိကျသည်ဖြစ်အံ့၊ ပဋိသန္ဓေ၊ ထို့နောင် ဘဝင် ၆ ကြိမ်တိုင် အောင် ပစ္စုပ္ပန္နာရုံရှိသည်၏အဖြစ်ကို ရအပ်၏။

ပဉ္စဒွါရ၌ ကမ္မနိမိတ်တည်းဟူသော ပစ္စုပ္ပန္နာရုံထင်သောသူအား တဒါရုံ နောင် စုတိကျသည်ဖြစ်အံ့၊ ပဋိသန္ဓေစိတ်သာလျှင် ဇောနောင်စုတိကျသည် ဖြစ်အံ့၊ ပဋိသန္ဓေနောင် ဘဝင်နှစ်ကြိမ်သည်သာလျှင် ပစ္စုပ္ပန္နာရုံရှိသည်၏အဖြစ် ကို ရအပ်သည်ဟု ဆိုသောကြောင့် ပဋိသန္ဓေနောင် ဘဝင်၆-ကြိမ်တွင် ပစ္စုပ္ပန္နာရုံချုပ်သည်ဟုသိအပ်၏။

ထိုအနက်ကိုပြခြင်းငှာ သင်္ခေပဋီကာ၌—

> ပစ္စုပ္ပန္နာလမ္ဗဏေသု တိ ဂတိနိမိတ္တေ မနောဒွါရေ၊ ကမ္မနိမိတ္တေ ပဉ္စ-ဒွါရေ၊ အာပါထဂတေ ပဋိသန္ဓိ ဘဝင်္ဂါနမ္ပိ တိ မနောဒွါရေ တဒါလမ္ဗ-ဏာဝသာနေ စုတိယာ သတိ ပဋိသန္ဓိယာပိ၊ စတုန္နံဘဝင်္ဂါနမ္ပိ၊ ဇဝနာဝ-သာနေ၊ စုတိယံ ပဋိသန္ဓိယာပိ၊ ဆန္နံ ဘဝင်္ဂါနမ္ပိ၊ ပဉ္စဒွါရေ တဒါလ-မ္ဗဏာဝသာနေ၊ စုတိယံ ဒွိန္နံ ဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာလမ္ဗဏတာ လဗ္ဘတိ—

ဟူ၍ မိန့်လေသည်။

## ၂၂၀ စုတိ ၄-မျိုးကို ပြဆိုခြင်း

မေး။ ။ပဉ္စဒွါရ၊ မနောဒွါရ၊ သေကုန်ကြသော်၊ ကာမမည်ရှိ၊ စုတိအကျ၊ ဝါရဘယ်နှစ်ပါးစီနည်း။

ဖြေ။ ။တဒါလမ္ဗဏာဝသာနေ ဝါ၊ တဒါလမ္ဗဏ ဘဝင်္ဂက္ခယေ ဝါ၊ ဇဝနာဝသာနေ ဝါ၊ ဇဝနဘဝင်္ဂက္ခယေ ဝါ၊ စတုဟာကာရေဟိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ–ဟူသော သင်္ခေပဋီကာနှင့် အညီ--

၁။ တဒါရုံနောင်....စုတိ၊

၂။ တဒါရုံနောင်ဘဝင်....ဘဝင်နောင်...စုတိ၊

၃။ ဇောနောင်....စုတိ၊

၄။ ဇောနောင်ဘဝင်....ဘဝင်နောင်....စုတိ–

အားဖြင့် ၄ ဝါရစီ ပြား၏ဟူပေ။

ဤ ၄-ဝါရတို့တွင် တဒါရုံနောင်ဘဝင် ဘဝင်နောင်စုတိသည် ပဉ္စဒွါရ၌မဖြစ်သင့်၊ ဘယ့်ကြောင့်နည်းဟူမူကား ဤဝီထိသည် ပဉ္စဒွါရ၌ဖြစ်ခဲ့သော် မရဏာသန္နဇောယူခဲ့သော ပစ္စုပ္ပန္နာရုံကမ္မနိမိတ်သည် စုတိတွင်သာ ချုပ်ခဲ့ရာ၏။ ပဋိသန္ဓေသို့ မရောက်ရာ၊ ထိုသို့မရောက်ခဲ့သော် ပဋိသန္ဓေစိတ်သည် အသစ်ဖြစ်သော ပစ္စုပ္ပန္နာရုံကို ယူရရာ၏။ ထိုသို့လည်း ယူမြဲမဟုတ်၊ ထို့ကြောင့် မဖြစ်သင့်ဟူပေ။

မဖြစ်သင့်သော် ဋီကာဆရာတို့ ဤဝါရကို ဘယ့်ကြောင့် ပြသနည်း ဟူငြားအံ့—

သင်္ဂဟကာထလိကမ္ပိ, မဏိသာရမဉ္ဇူသာမ္ပိ, စရန္တမ္ပိ, တိင္ဂန္တမ္ပိ ပဿတိ–ဟူသော ပါဠိ၌ ကဲ့သို့ ရသင့်သည်အားလျော်စွာ ယူစေလို၍သာ ပြသည်။ ဝီထိလက်ရိုးတို့၌ ဤဝီထိကို ရေးမိသည်ကား သတိသမ္မောသကြောင့်သာ ဖြစ်၏။

> ကာမာဝစရပဋိသန္ဓိယာ ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္နမတီတာလမ္ဗဏံ ဥပလဗ္ဘတိ–

ဟူသောပါဠိဖြင့် ကာမာဝစရပဋိသန္ဓေ၏ ပစ္စုပ္ပန္နာရုံဖြစ်ဟန်ကို ပြသည် မဟုတ်ပါလော ဟူငြားအံ့။

မရဏာသန္နဇောသည် ဖ-ဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်ကမ္မနိမိတ်တည်းဟူသောအာရုံ, မရဏာသန္နဇောသည် မနောဒွါရဖြင့်ယူအပ်သော ပစ္စုပ္ပန်ဂတိနိမိတ်တည်းဟူသော အာရုံကို ပဋိသန္ဓေယူသည်ကိုသာ ရည်၍ပြသည်၊ အသစ်ဖြစ်သော ပစ္စုပ္ပန္နာရုံကို ယူသည်ဟု မပြ။

ထို့ကြောင့် တဒါရုံနောင် ဘဝင်, ဘဝင်နောင် စုတိကျသော ဝီထိကို ရသင့်သော မနောဒွါရ၌သာ ယူရမည်။ ပဉ္စဒွါရ၌ မယူသင့်။ ထိုအဓိပ္ပါယ်ကို ပြလိုသော သခေ်ပဆရာသည်–

ဘဝင်္ဂက္ခယေဟိ ယထာရဟံ ယောဇေတဗ္ဗံ–ဟု မိန့်သတည်း။

ဋီကာကျော်၌ကား––

တတ္ထ "ကာမဘဝတော စဝိတွာ တတ္ထေဝ ဥပ္ပဇ္ဇမာနာနံ တဒါရမ္မဏပရိယောသာနာနိ၊ သေသာနံ ဇဝနပရိယောသာနာနိ" တိ ဓမ္မာနုသာရဏိယံ ဝုတ္တံ။ ဘဝင်္ဂက္ခယေ ဝါတိ ယဒိ ကေဇဝနဝီထိတော အဓိကတရာယုသေသော သိယာ၊တဒါ ဘဝင်္ဂါဝသာနေ ဝါ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ–ဟူ၍ ဆိုသည်။

အဓိပ္ပါယ်ကား– ကာမဘုံမှစုတေ၍ ကာမဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့အား တဒါရုံအဆုံးရှိသောဝီထိဖြင့် စုတိသည်။

ကာမဘုံမှ စုတိ၍ ရူပဘုံ,အရူပဘုံတို့၌ ဖြစ်လတ္တံ့သောပုဂ္ဂိုလ်, ရူပဘုံ အရူပဘုံတို့မှ စုတေ၍ တပါးဘုံ၌၎င်း, မိမိတို့ဘုံ၌၎င်း ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောအဆုံးရှိသောဝီထိဖြင့် စုတေသည်ဟူ၍ ဓမ္မာနုသာရဏီကျမ်း၌ ဆိုသည်။

ဘဝင်္ဂက္ခယေ ဝါ ဟူရာ၌ တခုသောဇောဝါရရှိသော ဝီထိထက် အလွန် အသက်ကြွင်းရှိသည်ဖြစ်အံ့၊ ထိုအခါ ဘဝင်၏ အဆုံး၌ စုတိဖြစ်၍ ချုပ်၏။

တခုသော စိတ္တက္ခဏသာ အသက်ကြွင်း ရှိသည်ဖြစ်အံ့။ ထိုအခါ ဝီထိစိတ်၏ အဆုံး၌ စုတိဖြစ်၍ချုပ်၏ ဟူလိုသည်။

ဤစကားဖြင့်လည်း ပဉ္စဒွါရ၌ တဒါရုံနောင် ဘဝင်, ဘဝင်နောင် စုတိကျသော ဝီထိမရှိကြောင်းကို သိသာသည်။

## ၂၂၁-သတ္တဝါတို့ ဘဝပြောင်းကူးရာ၌ အကူးမှတ်ဖွယ်ကို ပြခြင်း

မေး။ ။ဘာတကူး၊ ကူး၍သန္ဓေ၊ တည်ပြန်လေသော်၊ ၄-တွေနာမက္ခန်၊ ဖြစ်ကြဟန်၌၊ ရှေးနာမ်ဟောင်းလော, အသစ်လော။

ဖြေ။ ။ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ၊ န တ္လတော ဂန္တွာတိ အဓိပ္ပါယော၊ န ဟိ ပုရိမဘဝပရိယာပန္နာ ကောစိ ဓမ္မော ဘဝန္တရံ သင်္ကမတိ၊ နာပိ-

ပုရိမဘဝပရိယာပန္နဟေတုဟိ ဝိနာ ဥပ္ပဇ္ဇတိ။ ပဋိသန္ဓိ ပဒီပ-
မုဒ္ဒါ ဝိယာတိ–

ဟူသော ဋီကာဖြင့် ဖြေ။

ဥပ္ပဇ္ဇမာနမေဝ၊ အသစ်ဖြစ်ဆဲ ဖြစ်၍သာလျှင်။ ဘဝန္တရေ၊ ဘဝတပါး၌။ ပတိဋ္ဌာတိ၊ တည်၏။ ဂလတော၊ ဤဘဝဟောင်းမှ။ ဂန္တွာ၊ ပြောင်းသွား၍။ န ပတိဋ္ဌာတိ၊ မတည်။ ဩတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အရှင်အနုရုဒ္ဓါ၏အလိုတည်း။ ဟိ၊ ထင်စွာဆိုဦးအံ့၊ ပုရိမဘာဝပရိယာပန္နော၊ ရှေးဘဝ၌ အကျုံးဝင်သော။ ကောစိ ဓမ္မော၊ တစုံတခုသော တရားသည်။ ဘဝန္တရံ၊ ဘဝသစ်သို့။ န သင်္ကမတိ၊ မပြောင်းရွှေ့။ ပုရိမဘဝပရိယာပန္နဟေတုဟိ၊ ရှေးဘဝ၌ အကျုံးဝင်သော အကြောင်းတရားတို့နှင့်။ ဝိနာ၊ ကင်း၍။ နာပိ ဥပ္ပဇ္ဇတိ၊ ဖြစ်လည်းမဖြစ်။ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့ နည်းဟူမူကား။ ပဋိဃောသ-ပဒီပမုဒ္ဒါ ဝိယ၊ ပဲ့တင်သံ ,ဆီမီးလျှံ, တံဆိပ်ရေး ကဲ့သို့တည်း။

## မိလိန္ဒမင်းကြီးအမေးနှင့် ရှင်နာဂသိန်အဖြေကို ပြခြင်း

ဤအရာကို မိလိန္ဒပဉှာ၌ လာသည်ကား–

မင်းကြီး။ ။ပစ္စုပ္ပန်ဘဝ၌ ရှိသော နာမ်တရားတို့သည် ဘဝသစ်သို့ မပြောင်းပဲ ပဋိသန္ဓေနေ၏ ဟူသောအရာကို တကာတော်မလင်နိုင်ပါ၊ ဥပမာပြုပါလောဟု လျှောက်၏။

အရှင်။ ။မကြွင်သူ တယောက်သည် ဆီမီးတခွက်မှ မီးကို ဆီမီးတခွက်ဖြင့် ညှိထွန်းအံ့။ ထိုမီးလျှံဟောင်းသည် မီးခွက်သစ်သို့ ပြောင်းသလောဟု မေး၏။

မင်းကြီး။ ။အရှင်ဘုရား မီးလျှံဟောင်းသည် မပြောင်းပေ၊ မီးသစ်သာ ဖြစ်ပေသည်ဟု လျှောက်လျှင်။

အရှင်။ ။ထို့အတူ ဘဝဟောင်းမှ မပြောင်းပဲ ဘဝသစ်၌ ပဋိသန္ဓေ ဖြစ်၏ဟု ဖြေပေ၏။

မင်းကြီး။ ။လွန်စွာ ဥပမာ ပြုပါဦးဟု လျှောက်လျှင်။

အရှင်။ ။မင်းကြီး ငယ်စဉ်အခါက ဆရာ၏အထံ၌ အတတ်ပညာကို သင်ယူ၍ ရပါ၏လောဟု မေး၏။

မင်းကြီး။ ။သင်ဘူးပါ၏။ ရလည်းရပါ၏ဟု လျှောက်သော်။

အရှင်။ ။မင်းကြီး ဘိုအတတ်ပညာသည် ထိုဆရာထံမှ ပြောင်း၍ လိုက်လာလောဟု မေး၏။

မင်ကြီး။ ။အရှင်ဘုရား ထိုအတိတ်ပညာသည် ဆရာထံမှ မပြောင်းပေဟု လျှောက်ဆိုလျှင်။

အရှင်။ ။ထို့အတူ နာမ်တရားတို့သည် ဘဝဟောင်းမှ မပြောင်းပဲ ဘဝသစ်၌ ပဋိသန္ဓေနေသတည်းဟု ဖြေပေ၏။

## ၂၂၂-နိမိတ် ၃-ပါးကို ကာလ ၃-ပါး ဒွါရ ၆-ပါးတို့ဖြင့် ဝေဖန်၍ ပြခြင်း

မေး။ ။ဂတိနိမိတ်၊ အတိတ်ကမ္မ၊ မရဏာအခါ၊ ထင်သည်မှာ၊ ဘယ်ဒွါရဖြင့် ယူသနည်း။

ဖြေ။ ။နိမိတ် ၃-ပါးတွင် ကံကား အတိတ်သာ၊ ကမ္မနိမိတ်ကား အတိတ် ပစ္စုပ္ပန် နှစ်ပါး၊ ဂတိနိမိတ်ကား ပစ္စုပ္ပန် ရူပါရုံတပါးသာတည်း။

ကံနိမိတ်နှင့် ဂတိနိမိတ်ကို မနောဒွါရဖြင့် ယူအပ်၏။ ကမ္မနိမိတ်ကိုကား ၆-ဒွါရဖြင့် ယူအပ်၏။

သစ္စသံခိပ်ဆရာကား–ကမ္မနိမိတ်, ဂတိနိမိတ် နှစ်ပါးကို ပဉ္စဒွါရဖြင့် ယူသည်ဟု ပြခြင်းငှာ–

ပဉ္စဒွါရေ သိယာ သန္ဓိ၊ ဝိနာ ကမ္မံ ဒွိဂေါစရေ။

ဟူ၍ မိန့်၏။

ပဉ္စဒွါရေ၊ ပဉ္စဒွါရမရဏာသန္နဇော၏ အဆုံး၌။ ကမ္မံ၊ ကံကို။ ဝိနာ၊ ကြဉ်၍။ ဒွိဂေါစရေ၊ ကမ္မနိမိတ်, ဂတိနိမိတ် ဟူသောအာရုံ နှစ်ပါး၌။ သန္ဓိ၊ ပဋိသန္ဓေသည်။ သိယာ၊ ဖြစ်ရာ၏။

ဤဆရာ၏စကားသည်–

ဂတိနိမိတ္တံ မနောဒွါရေယေဝ အာပါထမာဂစ္ဆတိ–

ဟူသော အမ္မောအဋ္ဌကထာ။

ကမ္မဗလေန ဥပဋ္ဌာပိတံ ဝဏ္ဏာယတနံ သုပိနံ ပဿန္တဿ ဝိယ ဒိဗ္ဗစက္ခုဿ ဝိယ မနောဒွါရေယေဝ ဂေါစရဘာဝံ ဂစ္ဆတိ–

ဟူသော မူလဋီကာတို့နှင့် မညီ။ ထို့ကြောင့် ဆရာတို့ မနှစ်သက်ကုန်။

ကမ္မဗလေန၊ ကံ၏အစွမ်းဖြင့်။ ဥပဋ္ဌာပိတံ၊ ထင်လတ္တံ့သော။ ဝဏ္ဏာယ- တနံ၊ ဂတိနိမိတ် ကည်းဟူသော ရူပါရုံသည်။ သုပိနံ၊ အိပ်မက်ကို။ ပဿန္တဿ၊

မြင်မက်သောသူအား။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ ဝိယ စ၊ ရောက် သကဲ့သို့ငြင်း။ ဒိဗ္ဗစက္ခုဿ၊ ဒိဗ္ဗစက္ခုအဘိညာဉ်အား။ ဂေါစရဘာဝံ၊ အာရုံ၏ အဖြစ်သို့။ ဂစ္ဆတိ ဝိယ စ၊ ရောက်သကဲ့သို့ငြင်း။ မနောဒွါရေယေဝ၊ မနောဒွါရ၌ သာလျှင်။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။

အနုဋီကာ၌လည်း ဤနည်းပင် ဆိုသည်။

## ၂၂၃–မရဏာသန္နဇောနှင့် ပစ္စုပ္ပန် ကမ္မနိမိတ်တို့ ဖြစ်ဟန် ထင်ဟန်ကို ပြခြင်း

ပစ္စုပ္ပန္နာရုံဟူရာ၌ ဂတိနိမိတ်သည် လာလတ္တံ့သော ဘဝ၌ အမိဝမ်းရေ စသော ရုပ်ပါရုံ ဖြစ်သောကြောင့် ပစ္စုပ္ပန်ဆိုသော် သင့်တန်စေ၊ ကမ္မနိမိတ် မူကား ပဋိသန္ဓေကိုဖြစ်စေတတ်သော ကံ၏အာရုံကိုသာ ကမ္မနိမိတ်ဟူ၍ ဆိုအပ် ပါသည်။ စုတိ အာသန္နဇောတို့သည်ကား ပဋိသန္ဓေကို ဖြစ်စေတတ်သောကံ မဟုတ်ရကား ထိုဇောတို့ယူအပ်သော အာရုံသည် အဘယ်သို့ ပစ္စုပ္ပန်ကမ္မ နိမိတ် ဖြစ်သင့်အံ့နည်း။

စောဒနာခြင်း၏ အကြောင်းကို ဆိုလိုက်ဦးအံ့—

ထိုစုတိ အာသန္နဇောသည်လျှင် အာရုံကိုထင်စေတတ်သည်။ ထိုဇောသည် လျှင် ပဋိသန္ဓေကို ဖြစ်စေတတ်သည် မဖြစ်ရာ။ အဘယ့်ကြောင့်နည်းဟူမူ အဖန် တလဲလဲ ဆည်းပူးအပ်သော အာသေဝနပစ္စည်းကို ရသောကံသည်သာလျှင် ပဋိ သန္ဓေကိုငင်တတ်သည်။ တဏှာသည် သာယာအပ်သောကံသည်သာလျှင် အကျိုး ကို ပြီးစေတတ်သည်။ ဤစုတိ အာသန္နဇော စေတနာတို့သည်ကား ဆည်းပူး အပ်သောအဖြစ် မရှိသောကြောင့်ငြင်း၊ တဏှာသည် မသာယာအပ်သော ကြောင့်ငြင်း ပဋိသန္ဓေကို ဖြစ်စေတတ်သည် မဖြစ်ရာ။ ထို့ကြောင့် ပစ္စုပ္ပန် ကမ္မနိမိတ် ဘယ်သို့ဖြစ်နိုင်အံ့နည်းဟု စောဒနာသည်။

တနည်းလည်း စုတိ၏ အနီးဖြစ်ကုန်သော ပဉ္စဒွါရိကဇောတို့၏ အာရုံသည် ပစ္စုပ္ပန်ကမ္မနိမိတ် အကယ်၍ဖြစ်အံ့ ပဉ္စဒွါရိက ကံတို့သည်လည်း အလုံးစုံ အား နည်းသည်၏ အဖြစ်ကြောင့် ပဋိသန္ဓေကို မငင်တတ်ဟူ၍ အဋ္ဌကထာတို့၌ မိန့် ကုန်သည်။ ထိုသို့ ပဋိသန္ဓေကို မဖြစ်တတ်သော ကံ၏အာရုံသည် ဘယ်သို့ ကမ္မနိမိတ် ဖြစ်နိုင်အံ့နည်းဟု စောဒနာသည်။

> သစ္စမေတံ၊ ဉာတကာဒီဟိ ဥပဋ္ဌာပိတေသု ပန ပုပ္ဖါဒီသု သန္နိဟိတေ-
> သွေဝ မရဏာသန္နဝေလာ၊ တတ္ထ ဝဏ္ဏာဒိကံ အာရဗ္ဘ စုတိအာသန္နဝီထိ-
> ဇော ပုရိမဘာဂပ္ပဝတ္တာနံ ပဋိသန္ဓိဇနနသမတ္ထာနံ မနောဒွါရိက-
> ဇဝနာနမာရမ္မဏဘူတေန သဟ သမာနတ္တာ တဒေကာသန္တတိပတိတံ

**စုတိအာသန္နဇဝနင်္ဂဟိတမ္ပိ ပစ္စုပ္ပန္နဝဏ္ဏာဒိကံ ကမ္မနိမိတ္တဘာဝေန ဝုတ္တံ—**

ဟူသော ဋီကာဖြင့် ဖြေ။

တော်၊ ဤမရဏာသန္နဇော၏ အာရုံသည် ကမ္မနိမိတ် မဖြစ်ရာဟု စောဒနာသော စကားသည်။ သစ္စံ၊ မှန်၏။ ပန၊ ယင်းသို့မှန်သော်လည်း။ ဉာတကာဒီဟိ၊ ဆွေမျိုးစသည်တို့သည်။ ဥပဋ္ဌာပိတေသု၊ ထင်စေအပ်ကုန်သော။ ပုပ္ဖါဒီသု၊ ပန်းအစရှိသည်တို့သည်။ သန္နိဟိတေသ္ွ၊ အနီး၌ တည်ကုန်စဉ်လျှင်။ မရဏာသမ္ဘဝတော၊ သေခြင်း၏ ဖြစ်သင့်သောကြောင့်။ တတ္ထ၊ ထိုပန်းစသော ဝတ္ထု၌။ ဌိတံ၊ တည်သော။ ဝဏ္ဏာဒိကံ၊ ရူပါရုံအစရှိသည်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ စုတိအာသန္နဝီထိတော၊ စုတိ၏အနီးဖြစ်သော ဝီထိမှ။ ပုရိမဘာဂပ္ပဝတ္တာနံ၊ ရှေးအဖို့၌ဖြစ်ကုန်သော။ ပဋိသန္ဓိဇနနသမတ္ထာနံ၊ ပဋိသန္ဓေကိုဖြစ်ခြင်းငှာ စွမ်းနိုင်ကုန်သော။ မနောဒ္ွါရိက ဇဝနာနံ၊ မနောဒ္ွါရိကဇောတို့၏။ အာရမ္မဏဘူတေန၊ အာရုံဖြစ်သော ကမ္မနိမိတ်နှင့်။ သဟ၊ တကွ။ သမာနတ္တာ၊ တူသည်၏ အဖြစ်ကြောင့်။ တဒေကသန္တတိပတိတံ၊ ထိုအတိတ် ကမ္မနိမိတ်နှင့် တူသောအစဉ်၌ ကျသော။ စုတိအာသန္နဇဝနင်္ဂဟိတမ္ပိ၊ စုတိ၏အနီးဖြစ်သောဇောသည် ယူအပ်သည်လည်းဖြစ်သော။ ပစ္စုပ္ပန္နဝဏ္ဏာဒိကံ၊ ပစ္စုပ္ပန်ရူပါရုံ အစရှိသည်ကို။ ကမ္မနိမိတ္တဘာဝေန၊ ကမ္မနိမိတ်၏ အဖြစ်ဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

ဤ၌ လိုရင်းအကျဉ်းကား ရှေးအဖို့၌ဖြစ်သော ပဋိသန္ဓေကို ဖြစ်စေနိုင်ကုန်သော မနောဒ္ွါရိကဇောတို့၏ အာရုံဖြစ်သော ကမ္မနိမိတ်ကို အစဉ်အတိုင်း စုတိအာသန္နဇောတို့သည် ယူလေသောကြောင့် ထိုအာရုံကို ပစ္စုပ္ပန် ကမ္မနိမိတ် အဖြစ်ဖြင့် ဆိုအပ်၏ ဟူလိုသည်။

မူလဋီကာ၌လည်း—

> ပဉ္စဒ္ွါရေ စ အာပါထမာဂစ္ဆန္တံ ပစ္စုပ္ပန္နံ ကမ္မနိမိတ္တံ အာသန္နကတ-
> ကမ္မာရမ္မဏသန္တတိယံ ဥပ္ပန္နံ တံသဒိသန္တိ ဒဋ္ဌဗ္ဗံ—

ဟူ၍ မိန့်ဆိုသည်။

ပဉ္စဒ္ွါရေ စ၊ ပဉ္စဒ္ွါရ၌သည်လည်း။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တံ၊ ရောက်သော။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ ကမ္မနိမိတ္တံ၊ ကမ္မနိမိတ်သည်။ အာသန္နကတ-ကမ္မာရမ္မဏသန္တတိယံ၊ သေခါနီးကာလ၌ ပြုအပ်သော ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏အာရုံအစဉ်၌။ ဥပ္ပန္နံ၊ ဖြစ်၏။ တံသဒိသံ၊ ထိုကံ၏ အာရုံနှင့်တူ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

## ၂၂၄–အသညသတ်ပြဟ္မာ စုတိရာ၌ နိမိတ်အာရုံ ထင်းဆိတ်ပုံကို ပြခြင်း

**မေး**။ ။အသညသတ်၊ စုတိလတ်သော်၊ အလျော်စေတနာ၊ နိမိတ်လာကို၊ မရဏာသန္နဇော ယူသလော။

ဖြေ။ ။အသညသတ်ဘုံ၌ ရုပ်သက်သက်သာ တည်သည်ဖြစ်၍ စုတိသော အခါလည်း မရဏာသန္နဇောမကျ၊ နိမိတ် ၃-ပါးတွင် တပါးပါးကိုလည်း အာရုံမပြုပြီ။ ဆီမီးလျှံသည် ငြိမ်းလေသကဲ့သို့ ရုပ်၏ ပျောက်ငြိမ်းခြင်းဖြင့်သာ စုတိ၍ ကာမဘုံ၌ ပဋိသန္ဓေနေလာသည်။ ဤပဋိသန္ဓေစိတ်သာလျှင် ရှေးက၏ အစွမ်းကြောင့်ထင်သော ကံ့ကမ္မနိမိတ်ကို အာရုံပြုသည်။

ထို့ကြောင့် သစ္စသံခိပ်၌–

ဘဝန္တရကတံ ကမ္မံ၊ ယမောကာသံ လဘေ တတော။
ဟောတိ သာ သန္ဓိ တေနေဝ၊ ဥပဋ္ဌာပိတဂေါစရေ–

ဟူ၍ မိန့်အပ်၏။

ဘဝန္တရကတံ၊ အသညသတ်ဘုံသို့ မရောက်မီ ရှေးဘဝ၌ပြုအပ်သော။ ယံ ကမ္မံ၊ အကြင်အပရာပရိယဝေဒနီယကံသည်။ ဩကာသံ၊ အကျိုးပေးခွင့်ကို။ လဘေ၊ ရအပ်၏။ တတော၊ ထိုသို့အခွင့်ရသောကြောင့်။ သာ သန္ဓိ၊ ထို အသညသတ်မှ စုတေ၍တည်သော ပဋိသန္ဓေသည်။ တေနေဝ၊ ထိုအပရာပရိယ ဖြစ်သော ဥပစာရကသည်သာလျှင်။ ဥပဋ္ဌာပိတဂေါစရေ၊ ထင်စေအပ်သော အာရုံ၌။ ဟောတိ၊ ဖြစ်၏။

မီးကိုမွေးသော် အခိုးကိုလည်း ပြုသည် မည်သကဲ့သို့ ထိုဥပစာရကံသည် ပဋိသန္ဓေကိုဖြစ်စေသော် ပဋိသန္ဓေ၏အာရုံကိုလည်း ပြုသည်ပင် မည်လေသည်။

ဤတွင် ဘုံပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

# ၆-ရုပ်ပိုင်း

# ရုပ်ပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

## ၂၂၅-မဟာဘုတ်ဟူသော ဝေါဟာရ

**မေး။** ။ပထဝီအာပေါ၊ တေဇောဝါယော၊ ဓာတ်လေးဖြာကို၊ ဘယ်ခြင်းရာကြောင့်၊ မဟာဘုတ်ဟု၊သမုတ်ပညတ်လေသနည်း။

**ဖြေ။** ။ဥပ္ပါဒိဏ္ဏာနုပ္ပါဒိဏ္ဏသန္တာနေသု သသမ္ဘာရဓာတုဝသေန မဟန္တာ ဟုတွာ ဘူတာတိ မဟာဘူတာ။

**ယေ** ရူပဓမ္မာ၊ အကြင်ရုပ်တရားတို့သည်။ ဥပ္ပါဒိဏ္ဏာနုပ္ပါဒိဏ္ဏသန္တာနေသု၊ လူနတ် တိရစ္ဆာန်စသော ဥပါဒိဏ္ဏသန္တာန်, မြေ,ရေ,မြင်းမိုရ် ယုဂန္ဓိုရ်စသော အနုပါဒိဏ္ဏသန္တာန်တို့၌။ သသမ္ဘာရဓာတုဝသေန၊ အဆောက်အဦဖြစ်သော **ဓာတ်၏အစွမ်းဖြင့်။** မဟန္တာ၊ များကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဘူတာ၊ ထင်ရှားဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့များသည်ဖြစ်၍ ထင်ရှားဖြစ်သောသတ္တိကြောင့်။ တေ ရူပဓမ္မာ၊ ထိုရုပ်တရားတို့သည်။ မဟာဘူတာ၊ မဟာဘုတ်မည်ကုန်၏။

**တနည်း မဟာဘုတ်ဟူသော ဝေါဟာရ**

> **မနာ**ပဝဏ္ဏသဏ္ဌာ**နာ**ဒီဟိ ဝါ သတ္တာနံ ဝဉ္စိတာ ယက္ခိနီအာဒယော ဝိယ မနာပရူပဒဿနာဒိနာ သတ္တာနံ ဝဉ္စကတ္တာ မဟန္တာနိ အဘူတာနိ ဒေဿတီတိ မဟာဘူ**တာ**။

ဒေဿတိ၊ ဤရုပ်တရားတို့၌။ မနာပဝဏ္ဏသဏ္ဌာနာဒီဟိ၊ နှစ်သက်ဖွယ်သော **အဆင်းသဏ္ဌာန်စသည်တို့ဖြင့်။** သတ္တာနံ၊ သတ္တဝါတို့ကို။ ဝဉ္စိတာ၊ လှည့်ပတ်တတ်ကုန်သော။ ယက္ခိနီအာဒယော ဝိယ၊ ဘီလူးမ အစရှိသည့်တို့ကဲ့သို့။ မနာပရူပဒဿနာဒိနာ၊ နှစ်သက်ဖွယ်သော အဆင်းကိုပြခြင်း စသည်တို့ဖြင့်။ သတ္တာနံ၊ သတ္တဝါတို့အား။ ဝဉ္စကတ္တာ၊ လှည့်ပတ်တတ်သည်၏အဖြစ်ကြောင့်။ မဟန္တာနိ၊ များစွာကုန်သော။ အဘူတာနိ၊ မဟုတ်မမှန်သော သဘောတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုရုပ်တရားတို့သည်။ မဟာဘူတာ၊ မဟာဘုတ်မည်ကုန်၏။

## ၂၂၆-ဥပါဒါရုပ်ကို ပြခြင်း

ဥပါဒါယ ပဝတ္တံ ရူပံ ဥပါဒါရူပံ။

ဥပါဒါယ၊ မဟာဘုတ်တို့ကိုမှီ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်တည်း။ ဥပါ-ဒါရူပံ၊ မဟာဘုတ်ကိုမှီ၍ဖြစ်သောရုပ်။

ဤမဟာဘုတ်, ဥပါဒါရုပ်နှစ်ပါးကိုရည်၍ ဒုဝိဓမွေတံ ဟု ဆိုသည်။

## ၂၂၇-ပထဝီဓာတ်ကို ပြခြင်း

ပထန္တိ သဟဇာတရူပါနိ ဧတ္ထာတိ ပထဝီ။

ဧတ္ထ၊ ဤရုပ်တရား၌။ သဟဇာတရူပါနိ၊ တကွဖြစ်ဘက် ဖြစ်ကုန်သော ရုပ်တို့သည်။ ပထန္တိ၊ တည်တတ်ကုန်၏၊ ဣတိတသ္မာ၊ ထိုသို့တည်ရာဖြစ်သော သတ္တိကြောင့်။ သာ၊ ထိုရုပ်တရားသည်။ ပထဝီ၊ ပထဝီမည်၏။

**ပထဝီယေဝ၊** ပထဝီသည်ပင်လျှင်။ ဓာတု၊ ဓာတ်တည်း။ ပထဝီဓာတု၊ **ပထဝီသည်ပင်လျှင်ဓာတ်။**

**သာ၊ ထိုပထဝီဓာတ်သည်။** ကက္ခဠလက္ခဏာ၊ ခိုင်မာခြင်းလက္ခဏာရှိ၏။ ပတိဋ္ဌာနရသာ၊ တည်ရာဖြစ်ခြင်းကိစ္စရှိ၏။ သမ္ပဋိစ္ဆနပစ္စုပဋ္ဌာနာ၊ အာရုံကို ခံခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ သေသဓာတုတ္တယပဒဋ္ဌာနာ၊ ကြွင်း သော ဓာတ်သုံးပါးလျှင် အကြောင်းရင်းရှိ၏။

ပထဝီ၌ မုဒုဇ, ဒန္တဇထနှစ်ပါးပင် ရေးသင့်၏။

## ၂၂၈–အာပေါဓာတ်ကို ပြခြင်း

သဟဇာတရူပါနိ အာပေတိ ပတ္ထရတီတိ အာပေါ။

ယော ရူပဓမ္မော၊ အကြင်ရုပ်တရားသည်။ သဟဇာတရူပါနိ၊ တကွဖြစ် ဘက်ဖြစ်သော ရုပ်တို့ကို။ အာပေတိ ပတ္ထရတိ၊ ပြန့်နှံ့စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ပြန့်နှံ့စေတတ်သောသတ္တိကြောင့်။ သော ရူပဓမ္မော၊ ထိုရုပ်တရားသည်။ အာပေါ၊ အာပေါမည်၏။

**သာ၊ ထိုအာပေါဓာတ်သည်။** ။ပဂ္ဃရဏလက္ခဏာ၊ ယိုစီးခြင်း လက္ခဏာ ရှိ၏။ ဗြူဟနရသာ၊ ပွားစီးခြင်းကိစ္စရှိ၏။ သင်္ဂဟပစ္စုပဋ္ဌာနာ၊ ပေါင်းသင်းခြင်း လျှင် ထင်သော အခြင်းအရာရှိ၏။ သေသဓာတုတ္တယပဒဋ္ဌာနာ။ ကြွင်းသော ဓာတ်သုံးပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၂၉-တေဇောဓာတ်ကို ပြခြင်း

သေသဓာတုတ္တယံ တေဇေတိ ပရိပါစေတိ ဥသ္မာပေတီတိ ဝါ တေဇော။

ယော၊ ရူပဓမ္မော၊ အကြင်ရုပ်တရားသည်။ သေသဓာတုတ္တယံ၊ ကြွင်းသော ဓာတ်သုံးပါးကို။ တေဇေတိ ပရိပါစေတိ၊ ရင့်စေတတ်၏။ ဝါ၊ တနည်းကား။ ဥသ္မာပေတိ၊ ပူစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ရင့်စေတတ်, ပူစေတတ်သော သတ္တိကြောင့်။ သော ရူပဓမ္မော၊ ထိုရုပ်တရားသည်။ တေဇော၊ တေဇော မည်၏။

**သာ၊ ထိုတေဇောဓာတ်သည်။** ။ဥဏှတ္တလက္ခဏာ၊ ပူသော အဖြစ်လျှင် လက္ခဏာရှိ၏။ ပရိပါစနရသာ၊ ရင့်စေ, ကျက်စေတတ်သော ကိစ္စရှိ၏။ မဒ္ဒဝ-ပစ္စုပဋ္ဌာနာ၊ နူးညံ့သောအဖြစ်လျှင် ထင်ရှားရှိ၏။ သေသဓာတုတ္တယပဒဋ္ဌာနာ၊ ကြွင်းသောဓာတ်သုံးပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၃၀-ဝါယောဓာတ်ကို ပြခြင်း

ဒေသန္တရံ ဝါယတိ ပါပေတီတိ ဝါယော။

ယော ရူပဓမ္မော၊ အကြင်ရုပ်တရားသည်၊ ဒေသန္တရံ၊ အရပ်တပါးသို့။ ဝါယတိ ပါပေတိ၊ ရောက်စေတတ်၏၊ ဣတိတသ္မာ၊ ထိုသို့ရောက်စေတတ်သော သတ္တိကြောင့်။ သော ရူပဓမ္မော၊ ထိုရုပ်တရားသည်။ ဝါယော၊ ဝါယော မည်၏။

**သာ၊ ထိုဝါယောဓာတ်သည်။** စလနလက္ခဏာ၊ လှုပ်ရှားခြင်း လက္ခဏာရှိ၏။ သမုဒီရဏရသာ၊ မငြိမ်သက်ခြင်း ကိစ္စရှိ၏။ အဘိနီဟာရပစ္စုပဋ္ဌာနာ၊ ရွေးရှုဆောင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ အဝသေသဓာတုတ္တယ-ပဒဋ္ဌာနာ၊ ကြွင်းသောဓာတ်သုံးပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၃၁-ပထဝီ ၄-မျိုးကို ပြခြင်း

**ပထဝီသည်—**

၁။ လက္ခဏပထဝီ၊ ၂။ သသမ္ဘာရပထဝီ၊
၃။ အာရမ္မဏပထဝီ၊ ၄။ သမုတိပထဝီ—

ဟူ၍ ၄-ပါး အပြားရှိ၏။

**ထိုလေးပါးတို့တွင်—**

ယံ ရူပံ၊ အကြင်ရုပ်သည်။ အဇ္ဈတ္တံ၊ ကိုယ်တွင်း၌ဖြစ်၏။ ပစ္စတ္တံ၊ အသီးတည်၏။ ကက္ခဠံ၊ ခိုင်မာ၏။ ခရိဂတံ၊ ကြမ်းတမ်းခက်မာခြင်းသို့ ရောက်၏။

ဤသို့ ဟောအပ်သော ပထဝီသည် လက္ခဏပထဝီမည်၏။

ကေသာ လောမာ နခါ ဒန္တာ ဒယော ဝီသတိကောဋ္ဌာသာ ပထဝီဓာတု။

ဤသို့ ဟောအပ်သော ပထဝီသည် သသမ္ဘာရ ပထဝီမည်၏။

ပထဝီကသိုဏ်းဝန်းသည် အာရမ္မဏ ပထဝီမည်၏။ နိမိတ္တပထဝီလည်းမည်၏။

ပြကဟေ့သော မြေကြီးသည် သမုတိ ပထဝီမည်၏။ ဤ ၄-ပါးတို့တွင် လက္ခဏပထဝီကိုသာလျှင် ပရမတ္ထ ဓမ္မဟု ယူအပ်၏။

## ၂၃၂—အာပေါ ၄-မျိုးကို ပြခြင်း

အာပေါသည်လည်း—

၁။ လက္ခဏအာပေါ၊ ၂။ သသမ္ဘာရအာပေါ၊

၃။ အာရမ္မဏအာပေါ၊ ၄။ သမုတိအာပေါ—

ဟူ၍ ၄-ပါး အပြားရှိ၏။

ထိုလေးပါးတို့တွင် ရုပ်တို့၏ ပြောင်းပျော့ခြင်း, ပွံ့နှံ့ခြင်း လက္ခဏာသည် လက္ခဏအာပေါမည်၏။

ပိတ္တံ သေမှံ စသော ကောဋ္ဌာသ ၁၂-ပါးသည် သသမ္ဘာရ အာပေါ မည်၏။

အာပေါကသိုဏ်းဝန်းသည် အာရမ္မဏ အာပေါမည်၏။

ပြကတေ့သောရေသည် သမုတိအာပေါမည်၏။

ဤ ၄-ပါးတို့တွင် လက္ခဏအာပေါကိုသာလျှင် ပရမတ္ထဓမ္မဟု ယူအပ်၏။

တေဇော, ဝါယော တို့၌လည်း ဤနည်းအတူ ၄-ပါးစီ ထုတ်ဆောင်အပ်၏။

ဤကား မူလပဏ္ဏာသ အဋ္ဌကထာ၌ လာသောနည်းတည်း။

ဘူတရုပ် ၄-ပါး ပြီး၏။

---

## ၂၃၃—စက္ခုပသာဒရုပ်ကို ပြခြင်း

ဝိညာဏာဒိဋ္ဌိတံ ဟုတွာ စက္ခတိ ရူပံ အဿာဒေန္တံ ဝိယ ဟောတီတိ စက္ခု။

ယံ ရူပံ၊ အကြင်ရုပ်သည်။ ဝိညာဏာဓိဋ္ဌိတံ၊ ဝိညာဉ်စသည်တို့၏ တည်ရာသည်။ ဟုတွာ၊ ဖြစ်၍။ ရူပံ၊ ရူပါရုံကို။ စက္ခတိ အဿာဒေန္တံ ဝိယ ဟောတိ၊

သာယာသကဲ့သို့ ဖြစ်တတ်၏။ ဣတိ၊ ထိုကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ စက္ခု၊ စက္ခုမည်၏။

**တံ၊ထိုစက္ခုပသာဒသည်။** ဒဋ္ဌုကာမတာ နိဒါနကမ္မသမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏာ၊ရှုခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

ရူပါဝိဉ္ဆနရသံ၊ရူပါရုံကို ငင်ခြင်းကိစ္စရှိ၏။ ဝိညာဏာဓာရပစ္စုပဋ္ဌာနံ၊ စက္ခုဝိညာဉ်၏ တည်ရာအဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတပဒဋ္ဌာနံ၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၃၄—သောတပသာဒရုပ်ကို ပြခြင်း

သုဏာတိ သဒ္ဒံ ဧတေနာတိ သောတံ။

ဧတေန၊ ဤပသာဒရုပ်ဖြင့်။ သဒ္ဒံ၊ အသံကို။ သုဏာတိ၊ နာတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ နာကြောင်းဖြစ်သော သတ္တိကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ သောတံ၊ သောတမည်၏။

တံ၊ ထိုသောတပသာဒသည်။ သောတုကာမတာ နိဒါနကမ္မသမုဋ္ဌာန-ဘူတပ္ပသာဒလက္ခဏာ၊ နာခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

သဒ္ဒါဝိဉ္ဆနရသံ၊ သဒ္ဒါရုံကို ငင်ခြင်းကိစ္စရှိ၏။

ဝိညာဏာဓာရပစ္စုပဋ္ဌာနံ၊ သောတဝိညာဉ်၏ တည်ရာအဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတပဒဋ္ဌာနံ၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၃၅-ဃာနပသာဒရုပ်ကို ပြခြင်း

**ဃာယတိ ဂန္ဓံ ဧတေနာတိ ဃာနံ။**

**ဧတေန၊** ဤပသာဒရုပ်ဖြင့်။ ဂန္ဓံ၊ အနံ့ဥဿုံ ဂန္ဓာရုံကို။ ဃာယတိ၊ နမ်းတတ်၏။ ဣတိတသ္မာ၊ ထိုသို့နမ်းကြောင်း ဖြစ်သောသတ္တိကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ ဃာနံ၊ ဃာနမည်၏။

**တံ၊ ထိုဃာနပသာဒသည်၊** ဃာယိတုကာမတာ နိဒါန ကမ္မသမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏာ၊ နမ်းခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

ဂန္ဓာဝိညာဏရသံ၊ ဂန္ဓာရုံကို ငင်ခြင်းကိစ္စရှိ၏။

ဝိညာဏာဓာရပစ္စုပဋ္ဌာနံ၊ဃာနဝိညာဉ်၏ တည်ရာအဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတပဒဋ္ဌာနံ၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၃၆-ဇိဝှါပသာဒကို ပြခြင်း

ဇီဝိတံ အဝှါယတီတိ ဇိဝှါ။

ယံ ရုပ်၊ အကြင်ရုပ်သည်။ ဇီဝိတံ၊ အသက်ကို။ အဝှါယတိ၊ ခေါ်သကဲ့သို့ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ရုပ်၊ ထိုရုပ်သည်။ ဇိဝှါ၊ ဇိဝှါမည်၏။

တံ၊ ထိုဇိဝှါပသာဒသည်။ သာယိတုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏာ၊ လျက်ခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာ ရှိ၏။

ရသေသု အာဝိဉ္ဆနရသံ၊ ရသာရုံတို့ကို ငင်ခြင်းကိစ္စရှိ၏။

ဝိညာဏာဓာရပစ္စုပဋ္ဌာနံ၊ဇိဝှါဝိညာဉ်၏ တည်ရာ အဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတသမုဋ္ဌာနံ၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၃၇-ကာယပသာဒရုပ်ကို ပြခြင်း

ကုစ္ဆိတာနံ သာသဝဓမ္မာနံ အာယောတိ ကာယော။

ယော ရူပဓမ္မော၊ အကြင်ရုပ်တရားသည်။ ကုစ္ဆိတာနံ၊ စက်ဆုပ်အပ်ကုန်သော။ သာသဝဓမ္မာနံ၊ အာသဝေါနှင့် တကွသော တရားတို့၏။ အာယော၊ တည်ရာဖြစ်ရာတည်း။ ဣတိ၊ ထို့ကြောင့်။ ကာယော၊ ကာယမည်၏။

သော၊ ထိုကာယပသာဒသည်။ ဖုသိတုကာမတာနိဒါနကမ္မသမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏော၊ တွေ့ခြင်း ထိခြင်းငှာ အလိုရှိသည်၏ အဖြစ်တည်းဟူသော တဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်း လက္ခဏာရှိ၏။ ဖောဋ္ဌဗ္ဗာဝိဉ္ဆနရသော၊ဖောဋ္ဌဗ္ဗာရုံကိုငင်ခြင်းကိစ္စရှိ၏။ ဝိညာဏာဓာရပစ္စုပဋ္ဌာနော၊ ကာယဝိညာဉ်၏ တည်ရာအဖြစ်လျှင် ထင်ရှား၏။

ကမ္မဇဘူတပဒဋ္ဌာနော၊ ကံကြောင့်ဖြစ်သော ဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန် ရှိ၏။

## ၂၃၈-စက္ခုနှစ်မျိုးကို ပြခြင်း

ဤရုပ်ငါးပါးတို့တွင် စက္ခုသည်—

၁။ သသမ္ဘာရစက္ခု

၂။ ပသာဒစက္ခု ဟူ၍နှစ်ပါး အပြားရှိ၏။

**ထိုနှစ်ပါးတို့တွင်** မျက်မှောင်ရိုး၏အတွင်း မျက်ကွင်းအိမ်ဖြင့် ပိုင်းခြား အပ်သော အကျဉ်းအားဖြင့် ၁၄-ပါး၊ အကျယ်အားဖြင့် ၄၄-ပါးသော ရုပ်တို့၏ စုဝေးရာ ဖြစ်သောအသားစိုင်သည် အကြောတို့ဖြင့် သိုင်းလျက်တည်၏၊ ထို အသားစိုင်သည်သလိပ်အနိုးကြောင့်လည်း ဖြူ၏။ သွေးခြေအနိုးကြောင့်လည်း မည်း၏။ သွေးအနိုးကြောင့်လည်း စဥ်းငယ်နီ၏၊ ပထဝီအနိုးကြောင့်လည်း ခိုင်ခံ့၏။ အာပေါအနိုး ကြောင့်လည်း အရေယို၏၊ တေဇောအနိုး ကြောင့်လည်း ချုပ်ချုပ်ပူ၏၊ ဝါယောအနိုးကြောင့်လည်း အလွန်လှုပ်၏။ ဤအသားစိုင်သည် သသမ္ဘာရ စက္ခုမည်၏။

ဤသသမ္ဘာရစက္ခု၌ စပ်လျက်ဟည်သော မဟာဘုတ်တို့၏ ကြည်လင်ရာ အရုပ်သည် ပသာဒ စက္ခု မည်၏။

ဤပသာဒ စက္ခုသည် သမ္ဘာရဖြစ်သော မျက်နက်ဝန်း၏ အလယ်၌ ရှေ့ဝယ် တည်သောသူတို့၏ ကိုယ်သဏ္ဍာန် ထင်ရာဌာနအတွင်းမှ သန်းဦးခေါင်း ပမာဏရှိသော အရပ်၌ ၇-ထပ်သော ဝါဂွမ်းလွှာတို့ကို ဆီသည် နှံ့၍တည် သကဲ့သို့ မျက်လွှာ ၇-ထပ်တို့ကို ဓာတ် ၄-ပါးတို့သည် နှံ့၍ ဆောင်ခြင်း, ရေချိုးခြင်း, တန်ဆာဆင်ခြင်း, ယပ်ခတ်ခြင်း ကိစ္စရှိကုန်သော အထိန်း၄-ဦး တို့သည် မင်းသားငယ်ကို ထိန်းယပြုစုသကဲ့သို့ ကောင်းမွှာ တည်စေခြင်း, ဖွဲ့ခြင်း, ရင့်စေခြင်း,တုန်လှုပ်စေခြင်း ကိစ္စရှိကုန်သော ဓာတ်လေးရပ်တို့သည် ကျေးဇူးပြုကာ ကည်သဖြင့် ဥတု,စိတ်, အာဟာရ တို့သည် ထောက်မ,ချီးပင့် ကာ အာယုဟုဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ဝဏ္ဏ, ဂန္ဓ ရသ ဩဇာတို့ ခြံရံအပ်သည်ဖြစ်၍ စက္ခုဝိညာဉ် စသည်တို့၏ မှီရာဒွါရ၏ အဖြစ်ကို ပြီးစေလျက် တည်၏။

ထိုအဓိပ္ပါယ်ကို ပြခြင်းငှာ အရှင်သာရိပုတ္တရာသည်—

ယေန စက္ခုပသာဒေန ရူပါနိ မနုပဿတိ၊

ပရိတ္တံ သုခုမံ ဧတံ ဦကာသိရသမုပမန္တိ—

ဟူ၍ မိန့်တော်မူသည်။

ယေန စက္ခုပသာဒေန၊ အကြောင်စက္ခုပသာဒဖြင့်။ ရူပါနိ၊ ရူပါရုံတို့ကို။ အနုပဿတိ၊ အဖန်ဖန်ရှုအပ်၏။ တေ၊ ထိုစက္ခုပသာဒသည်။ ပရိတ္တံ၊ နည်း၏။ သုခုမံ၊ သိမ်မွေ့၏။ ဥကာသိရသပုပမံ၊ သန်းဦးခေါင်း ပမာဏသာရှိ၏။

ရုပ် ၁၄-ပါးဟူရာ၌ အဝိနိဗ္ဘောဂရုပ်ရှစ်ပါး သမ္ဘဝရုပ်, သဏ္ဌာနရုပ် နှစ်ပါး စက္ခုပသာဒ, ဇီဝိတ, ဘာဝ, ကာယပသာဒ အားဖြင့် တဆယ့်လေးပါးတည်း။

ထို ၁၄-ပါးတို့တွင် ရှေ ၁၀-ပါးသည် ကံကြောင့်ရင်း, စိတ်ကြောင့်ရင်း, ဥတုကြောင့်ရင်း, အာဟာရကြောင့်ရင်း ဖြင့်ရကား ၄-ခုမြှောက်ပွား၍ ၄၀-ဖြစ်သည်။ နောက် ၄-ပါးသည် ကံသက်သက်ကြောင့် ဖြစ်ရကား ၄-ခုရော၍ ၄၄-ပါး ပြားသတည်း။

## ၂၃၉-သောတနှစ်ပါးကို ပြခြင်း

**သောတသည်လည်း** ၁။ သသမ္ဘာရသောတ ၂။ ပသာဒသောတဟူ၍ နှစ်ပါးအပြားရှိ၏။

**ထိုနှစ်ပါးတို့တွင်** မြင်စကောင်းသော နားပေါက် အသားစိုင်သည် သသမ္ဘာရ သောတမည်၏။

ပသာဒ သောတမူကား ထိုနားပေါက်၏အတွင်း၌ လက်စွပ်ကွင်းသဏ္ဌာန် ကဲ့သို့ ကြွန်ကြွန်နီသော မွေးနုရှိသောအရပ်၌ ဆိုအပ်ပြီးသော အခြင်းအရာရှိ သောဓါတ် ၄-ပါးတို့ ကျေးဇူးပြုကာ တည်သဖြင့် ဥတု, စိတ်, အာဟာရ တို့သည် ထောက်မ,ချီးပင့်ကာ အာယု ဟုဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာတို့ ခြံရံအပ်သည်ဖြစ်၍ သောတဝိညာဉ်စသည်တို့၏ မှီရာဒွါရ၏ အဖြစ်ကို ပြီးစေလျက်တည်၏။

## ၂၄၀-ဃာန နှစ်ပါးကို ပြခြင်း

**ဃာနသည်လည်း** ၁။ သသမ္ဘာရ ဃာန ၂။ ပသာဒ ဃာန ဟူ၍နှစ်ပါး ရှိသည်။

ထိုနှစ်ပါးတို့တွင် မြင်စကောင်းသော နှာခေါင်း အသားစိုင်သည် သသမ္ဘာရ ဃာနမည်၏။

ပသာဒဃာနမူကား– ထိုနှာခေါင်းပေါက်၏ အတွင်း ဆိတ်ခြေ, ခွာ, သဏ္ဌာန် ရှိသောအရပ်၌ဆိုအပ်ပြီးသော အခြင်းအရာရှိသော ဓာတ် ၄-ပါးတို့ ကျေးဇူးပြုကာ တည်သဖြင့် ဥတု, စိတ်, အာဟာရတို့သည် ထောက်မ,ချီးပင့်ကာ အာယုဟု

ဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ဝဏ္ဏ စသည်ကို ခြံရံအပ်သည်ဖြစ်၍ ဃာနဝိညာဉ် စသည်တို့မှီရာ ဒွါရ၏အဖြစ်ကို ပြီးစေလျက်တည်၏။

## ၂၄၁-ဇိဝှါနှစ်ပါးကိုပြခြင်း

**ဇိဝှါသည်လည်း** ၁။ သသမ္ဘာရဇိဝှါ ၂။ ပသာဒဇိဝှါဟူ၍ နှစ်ပါး အပြားရှိ၏။

ထိုနှစ်ပါးတို့တွင် အသားစိုင်ဖြစ်သော လျှာသည် သသမ္ဘာရ ဇိဝှါမည်၏။

ပသာဒဇိဝှါမူကား လျှာ၏အထက် ကြာရွက်အညွန့် သဏ္ဌာန်ရှိသောအရပ်၌ ဆိုအပ်ပြီးသော အခြင်းအရာရှိသော ဓာတ် ၄-ပါးတို့ ကျေးဇူးပြုကာ တည်သဖြင့် ဥတု, စိတ်, အာဟာရ တို့သည် ထောက်မ,ချီးပင့်ကာ အာယုဟု ဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ဝဏ္ဏ စသည်တို့ခြံရံအပ်သည်ဖြစ်၍ ဇိဝှါဝိညာဉ် စသည်တို့၏မှီရာ ဒွါရ၏အဖြစ်ကို ပြီးစေလျက်တည်၏။

## ၂၄၂-ကာယနှစ်ပါးကိုပြခြင်း

**ကာယသည်လည်း** ၁။ သသမ္ဘာရကာယ ၂။ ပသာဒကာယ ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် အလုံးစုံသော ကိုယ်ခန္ဓာသည် သသမ္ဘာရ ကာယ မည်၏။ ပသာဒကာယမူကား ဆံ, အမွေး, ခြေသည်း, လက်သည်း, သွားတို့မှတပါး ကိုယ်အလုံး၌ ဆီဖြင့်စွတ်သော ဝါဂွမ်းကဲ့သို့ဖြစ်၍ ဆိုအပ်ပြီးသော အခြင်းအရာရှိသော ဓာတ် ၄-ပါးတို့ ကျေးဇူးပြုကာတည်သဖြင့် ဥတု, စိတ်, အာဟာရတို့သည် ထောက်မ,ချီးပင့်ကာ အာယု ဟုဆိုအပ်သော ဇီဝိတိန္ဒြေသည် စောင့်လျက် ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ,တို့ ခြံရံအပ်သည်ဖြစ်၍ ကာယဝိညာဉ်စသည်တို့၏ မှီရာ ဒွါရ၏ အဖြစ်ကို ပြီးစေလျက်တည်၏။ (ဤကား အဋ္ဌသာလိနီနည်းတည်း။)

## ၂၄၃-ရူပါရုံကိုပြခြင်း

ဝဏ္ဏဝိကာရံ အာပဇ္ဇမာနံ ဟဒယင်္ဂတဘာဝံ ရူပယတိ ပကာသေတီတိ ရူပံ။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝဏ္ဏဝိကာရံ၊ အဆင်း၏ဖောက်ပြန်ခြင်းသို့။ အာပဇ္ဇမာနံ၊ ရောက်သည်ဖြစ်၍။ ဟဒယင်္ဂတဘာဝံ၊ နှလုံး၏အလိုကို။ ရူပယတိ ပကာသေတိ၊ ထင်ရှားပြတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ရူပံ၊ ရူပမည်၏။

**တံ၊ ထိုရူပါရုံသည်။** စက္ခုပဋိဃာနုလက္ခဏံ၊ စက္ခုပသာဒနှင့် ထိခိုက်ခြင်း လက္ခဏာရှိ၏။

စက္ခုဝိညာဏဿ၊ စက္ခုဝိညာဉ်၏။ ဝိသယဘာဝရသံ၊ အာရုံအဖြစ်တည်း ဟူသော ကိစ္စရှိ၏။

ဂေါစရဘာဝပစ္စုပဋ္ဌာနံ၊ ကျက်စားရာ အဖြစ်လျှင်ထင်ရှား၏။

စတုမဟာဘူတပဒဋ္ဌာနံ၊ မဟာဘုတ် ၄-ပါးလျှင်ပဒဋ္ဌာန်ရှိ၏။

## ၂၄၄· သဒ္ဒါရုံကို ပြခြင်း

သဒ္ဒိယတိ ကထိယတီတိသဒ္ဒေါ။

ယော ရဝေါ၊ အကြောင်းအသံကို။ သဒ္ဒိယတိ ကထိယတိ၊ ရွတ်ဆိုအပ်၏၊ ဣတိ၊ ထိုကြောင့်။ သဒ္ဒေါ၊ သဒ္ဒမည်၏။

**သော၊ ထိုသဒ္ဒါရုံသည်။** သောတပဋိဃာနုလက္ခဏော၊ သောတပသာဒ နှင့် ထိခိုက်ခြင်း လက္ခဏာရှိ၏။

သောတဝိညာဏဿ၊ သောတဝိညာဉ်၏။ ဝိသယဘာဝရသော၊ အာရုံအဖြစ် တည်းဟူသော ကိစ္စရှိ၏။

ဂေါစရဘာဝပစ္စုပဋ္ဌာနော၊ ကျက်စားရာအဖြစ်လျှင်ထင်ရှား၏။

စတုမဟာဘူတပဒဋ္ဌာနော၊ မဟာဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၄၅· ဂန္ဓာရုံကိုပြခြင်း

ဂန္ဓယတိ သူစေတီတိ ဂန္ဓော။

ယော ရူပဓမ္မော၊ အကြောင်းရုပ်တရားသည်။ ဂန္ဓယတိ သူစေတိ၊ ငါ သည်တွင် ရှိ၏ဟု ကုန်းချောသကဲ့သို့ ထင်ရှား ပြတတ်၏။ ဣတိ၊ ထိုကြောင့်။ ဂန္ဓော၊ ဂန္ဓမည်၏။

**သော၊ ထိုဂန္ဓာရုံသည်။** ဃာနပဋိဃာနုလက္ခဏော၊ ဃာနပသာဒနှင့် ထိခိုက် ခြင်းလက္ခဏာရှိ၏။

ဃာနဝိညာဏဿ၊ ဃာနဝိညာဉ်၏၊ ဝိသယဘာဝရသော၊ အာရုံ၏ အဖြစ် တည်းဟူသော ကိစ္စရှိ၏။

ဂေါစရဘာဝ ပစ္စုပဋ္ဌာနေဘ၊ ကျက်စားရာ အဖြစ်လျှင် ထင်ရှား၏။ စတုမဟာဘူတပဒဋ္ဌာနေဘ၊ မဟာဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၄၆-ရသာရုံကိုပြခြင်း

ရသန္တိ သတ္တာ ဧတေနာတိ ရသော။

ဧတေန၊ ဤရုပ်တရားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ရသန္တိ၊ သာယာ တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သာယာကြောင်း ဖြစ်သော သတ္တိကြောင့်။ ရသော၊ ရသမည်၏။

**သော၊** ထိုရသာရုံသည်။ ဇိဝှါပဋိဟနန လက္ခဏော၊ ဇိဝှါပသာဒနှင့် ထိခိုက် ခြင်းလက္ခဏာရှိ၏။

ဇိဝှါဝိညာဏဿ၊ ဇိဝှါဝိညာဉ်၏။ ဝိသယဘာဝရသော၊ အာရုံ၏အဖြစ်တည်း ဟူသောကိစ္စရှိ၏။

ဂေါစရဘာဝပစ္စုပဋ္ဌာနော၊ ကျက်စားရာအဖြစ်လျှင် ထင်ရှား၏။

စတုမဟာဘူတပဒဋ္ဌာနော၊ မဟာဘုတ် ၄-ပါးလျှင် ပဒဋ္ဌာန်ရှိ၏။

## ၂၄၇-ဖောဋ္ဌဗ္ဗာရုံကို ပြခြင်း

ဖုသိယတေ ဧတေနာတိ ဖောဋ္ဌဗ္ဗံ။

ဧတေန၊ ဤရုပ်တရားဖြင့်။ ဖုသိယတေ၊ ထိအပ်တွေ့အပ်၏။ ဣတိ၊ ထို့ကြောင့်။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗမည်၏။

**တံ၊** ထိုဖောဗ္ဗာရုံသည်။ ကာယပဋိဟနနလက္ခဏံ၊ ကာယပသာဒနှင့် ထိခိုက်ခြင်းလက္ခဏာရှိ၏။

ကာယဝိညာဏဿ၊ ကာယဝိညာဉ်၏။ ဝိသယဘာဝရသံ၊ အာရုံ၏အဖြစ် **တည်း**ဟူသော ကိစ္စရှိ၏။

ဂေါစရဘာဝပစ္စုပဋ္ဌာနံ၊ ကျက်စားရာ အဖြစ်လျှင် ထင်ရှား၏။

စတုမဟာဘူတပဒဋ္ဌာနံ၊ မဟာဘုတ် ၄-ပါးလျှင်ပဒဋ္ဌာန်ရှိ၏။

## ၂၄၈-ဂေါစရဟူသော အမည်ကိုပြခြင်း

ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရံ။

ဧတ္ထ၊ ဤရုပ်ငါးပါး၌။ ဂါဝေါ၊ နွား၏ပမာ တူလှစွာသော စက္ခုန္ဒြေ စသည် တို့သည်။ စရန္တိ၊ ကျက်စားတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ကျက်စားရာဖြစ် သော သတ္တိကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ ဂေါစရံ၊ ဂေါစရရုပ် မည်၏။

## ၂၄၉-ဇလတ္ထိဘာဝရုပ်ကိုပြခြင်း

ဇလစ္ဆတီတိ ဇလတ္ထိ၊ ဇလတ္ထိယာ ဘာဝေါ၊ ဇလတ္ထိဘာဝေါ။ ဇလစ္ဆတိ၊ အလိုရှိတတ်၏။ ဇလတိ၊ ထိုကြောင့်။ ဇလတ္ထိ၊ ဇလတ္ထိမည်၏။ ဇလတ္ထိယာ၊ အလိုရှိတတ်သည်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဇလတ္ထိဘာဝေါ၊ အလိုရှိတတ်သည်၏အဖြစ်။

တံ ရုပံ၊ ထိုရုပ်သည်။ ဇလတ္ထိဘာဝလက္ခဏာ၊ အလိုရှိတတ်သောအဖြစ်လျှင် လက္ခဏာရှိ၏။

ဇလတ္ထိတိ ပကာသနရသံ၊ မိန်းမဟု ထင်ရှားပြတတ်သော ကိစ္စရှိ၏။

ဇလတ္ထိလိင်္ဂ, နိမိတ္တ, ကုတ္တာကပ္ပါနံ၊ ဇလတ္ထိလိင်္ဂ, ဇလတ္ထိနိမိတ္တ, ဇလတ္ထိကုတ္တ, ဇလတ္ထိအာကပ္ပတို့၏။ ကာရဏဘာဝပစ္စုပဋ္ဌာနံ၊ အကြောင်း၏အဖြစ်လျှင်ထင်ရှား၏။

ကမ္မဇရူပပဒဋ္ဌာနံ၊ ကမ္မဇရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

**အကြောင်းလေးပါးတို့တွင်—**

၁။ မိန်းမတို့၏အင်္ဂါဇာတ်သည် ဇလတ္ထိလိင်္ဂမည်၏။

၂။ နူးညံ့သောအသံ, အားကြီးသောအလိုတို့သည် မိန်းမဟူ၍ သိရခြင်း၏ အကြောင်းဖြစ်သောကြောင့် ဇလတ္ထိနိမိတ်မည်၏။

၃။ မသန့်ရှင်းသော သွားခြင်း နေခြင်း အစရှိသည်တို့သည် ဇလတ္ထိကုတ္တ မည်၏။

၄။ ကိုယ်သဏ္ဌာန်သည် ဇလတ္ထိအာကပ္ပမည်၏။ (ဤကား-ဋီကာဝါဒတည်း။)

**အဋ္ဌကထာ** အလိုကား—

၁။ ကိုယ်သဏ္ဌာန်သည် ဇလတ္ထိလိင်္ဂမည်၏။

၂။ အင်္ဂါဇာတ်သည် မိန်းမဟူ၍ သိခြင်း၏အကြောင်း ဖြစ်သောကြောင့် ဇလတ္ထိနိမိတ္တမည်၏။

၃။ ပြုံးရယ်ခြင်း, မြူးထူးခြင်း အမူအရာသည် ဇလတ္ထိကုတ္တမည်၏။

၄။ သွားခြင်းစသော အခြင်းအရာသည် ဇလတ္ထိအာကပ္ပမည်၏။

ဇလတ္ထိတောဟု ဆိုအပ်သော ဇလတ္ထိဣန္ဒြေသည်ကား ရှေးကံကြောင့် ပဋိသန္ဓေက စ၍ဖြစ်၏။

လိင်, နိမိတ္တစသည်တို့ကား ဇာတ္တိမြွေကိုစွဲ၍ ပဝတ္တိအခါမှ ဖြစ်၏။

ဥပမာကား၊ ။မျိုးစေ့ရှိလတ်သော် ထိုမျိုးစေ့ကိုစွဲ၍ ပင်စည်, အကိုင်း အခက်, အရွက်, အသီးတို့သည် ဖြစ်ကုန်သကဲ့သို့ ဇာတ္တိမြွေရှိလတ်သော် ထိုကို စွဲ၍ လိင်နိမိတ္တစသည်တို့သည် ဖြစ်ကုန်သတည်း။ ဇာတ္တိမြွေကိုကား စက္ခုဝိညာဉ် ဖြင့် မမြင်အပ်။ မနောဝိညာဉ်ဖြင့်သာ သိအပ်၏။

ဇာတ္တိလိင် စသည်တို့ကိုကား စက္ခုဝိညာဉ်ဖြင့်လည်း မြင်အပ်၏။ မနော- ဝိညာဉ်ဖြင့်လည်း သိအပ်၏။

## ၂၅၀-ပုမ္ဘာဝရုပ်ကိုပြခြင်း

အတ္တနော မနောရထံ မာတာပိတုနံ ဝါ ဟဒယံ ပူရေတီတိ ပုရိသော။

ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ မနောရထံ ဝါ၊ နှလုံး၏အလိုကိုလည်း၊ မာတာပိတုနံ၊ အမိအဘတို့၏။ ဟဒယံ ဝါ၊ နှလုံးကိုလည်း။ ပူရေတိ၊ ပြည့်စေတတ်၏။ ဣတိ၊ ထို့ကြောင့်၊ ပုရိသော၊ ပုရိသမည်၏။

ပုရိသဿ ဘာဝေါ၊ ပုရိသဘာဝေါ။

ပုရိသဿ၊ ပြည့်စေတတ်သောသူ၏။ ဘာဝေါ၊ အဖြစ်တည်း။ ပုရိသဘာ- ဝေါ၊ အလိုကိုပြည့်စေတတ်သောသူ၏အဖြစ်။

တံ၊ ထိုပုမ္ဘောသည်။ ပုရိသဘာဝလက္ခဏာ၊ ယောကျ်ား၏ အဖြစ်လျှင် လက္ခဏာရှိ၏။

ပုရိသောတိ ပကာသနရသံ၊ ယောကျ်ားဟူ၍ ထင်ရှားပြခြင်း ကိစ္စရှိ၏။

ပုရိသလိင် နိမိတ္တ ကုတ္တာ ကပ္ပါနံ၊ ပုရိသလိင်, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသအာကပ္ပတို့၏။ ကရဏဘာဝပစ္စုပဋ္ဌာနံ၊ အကြောင်း၏အဖြစ်လျှင် ထင် ရှား၏။

ကမ္မဇရူပပဒဋ္ဌာနံ၊ ကမ္မဇရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

လိင်စသည်မှာ ရှေးနည်းကိုမှီ၍ သိရမည်။

## ၂၅၁-ဘာဝရုပ်ကို၏ ခြောင်းလဲပုံကိုပြခြင်း

ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတေနာတိ ဘာဝေါ။ ဘာဝေါ ဧဝ ရူပံ ဘာဝရူပံ။

ဧတေန၊ ဤရုပ်တရားဖြင့်။ ဗုဒ္ဓိသဒ္ဒါ၊ မိန်းမ, ယောကျ်ားဟူသော အသိ ဉာဏ်သဒ္ဒါတို့သည်၊ ဘဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထိုသို့ဖြစ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ ဘာဝေါ၊ ဘာဝမည်၏။

ဘာဝေါ ဝေ၊ ဘာသည်ပင်လျှင်။ ရူပံ၊ ရုပ်တည်း။ ဘာဝရူပံ၊ ဘာဝသည်ပင်လျှင်ရုပ်။

ဤဘာဝရုပ်တို့သည် ကမ္ဘာဦးသားတို့အား ပဝတ္တိ ကာလ၌ဖြစ်၏။ နောက်အဖို့၌ကား ပဋိသန္ဓေကစ၍ ဖြစ်၏။ ယင်းသို့ ပဋိသန္ဓေက ဖြစ်သော်လည်း ပဝတ္တိအခါ၌ ပြောင်းလဲသေး၏။

ဤနှစ်ပါးသော လိင်တို့တွင် ပုရိသလိင်သည် မြတ်၏။ ဣတ္ထိလိင်သည်ယုတ်၏။

ပုရိသလိင်သည် အကုသိုလ်ကံကြောင့် ကွယ်၏။ ဣတ္ထိလိင်သည် ဒုဗ္ဗလ ကုသိုလ်ကံကြောင့် တည်၏။

ဖြစ်ပြီးသော ဣတ္ထိလိင်သည် အကုသိုလ်ကံကြောင့် ကွယ်၏။ ပုလ္လိင်သည် အားကြီးသော ကုသိုလ်ကံကြောင့် တည်၏။

ထို့ကြောင့် ဒီပနီ၌–

> ဒွေ ဥဘယမ္ပိ အကုသလေန အန္တရဓာယတိ၊ ကုသလေန ပဋိလဘ-တီတိ ဝေဒိတဗ္ဗံ-

ဟူ၍ မိန့်၏။

ဤဘာဝရုပ်ဟုဆိုအပ်သော ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတို့သည် ကာယပသာဒကဲ့သို့ ကိုယ်အလုံးကို နှံ့လျက်တည်၏။ ယင်းသို့တည်သော်လည်း သစ်သီး၌ ရူပါရုံ, ရသာရုံတို့သည် မရောယှက်သကဲ့သို့ မရောယှက်ပဲတည်ကုန်၏။

## ၂၅၂-ဟဒယရုပ်ကို ပြခြင်း

စိတ္တဿ အာဓာရံ ဟရတီတိ ဟဒယံ။ ဟဒယမေဝ ရူပံ ဟဒယရူပံ။

ယံ ရူပံ၊ အကြင်ရုပ်သည်။ စိတ္တဿ၊ စိတ်၏။ အာဓာရံ၊ တည်ရာကို။ ဟရတိ၊ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံ ရူပံ၊ ထိုရုပ်သည်။ ဟဒယံ၊ ဟဒယမည်၏။ ဟဒယမေဝ၊ စိတ်၏တည်ရာကို ဆောင်တတ်သော သဘောသည်လျှင်။ ရူပံ၊ ရုပ်တည်း။ ဟဒယရူပံ၊ စိတ်၏တည်ရာကိုဆောင်တတ်သောသဘောသည်လျှင် ရုပ်။

တံ၊ ထိုဟဒယရုပ်သည်။ မနောဓာတု မနောဝိညာဏဓာတူနံ၊ မနောဓာတ် မနောဝိညာဏဓာတ်တို့၏။ နိဿယလက္ခဏံ၊ မှီရာလက္ခဏာရှိ၏။

အာဓာရရသံ၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့ကို ဆောင်တတ်သော ကိစ္စရှိ၏။

ဥပ္ပါဟနပစ္စုပဋ္ဌာနံ၊ နာမ်တရားတို့ကို ထုတ်တတ်သော အခြင်းအရာရှိ၏။

ကမ္မသမုဋ္ဌာနရူပပဒဋ္ဌာနံ၊ ကမ္မဇရုပ်လျှင် အကြောင်းရင်းရှိ၏။

မီးသည် အခိုးကို ထုတ်သကဲ့သို့ စိတ်ကို ထုတ်တတ်၏ ထွက်စေတတ်၏ ဟူလို။

ဟဒယရုပ်သည် ရင်ချိုင့်၏အတွင်း၌ တွဲလျားကျသော ပဒုမ္မာကြာငုံ တမျှ အပ၌ ပြေပြစ်သန့်ရှင်းလျက် အတွင်း၌ သပွတ်ခါးသီးသဖွယ်, အလယ်၌ ပုန်းညက်စေ့ ဆံ့လောက်သော တွင်း၌ တလက်ဆုပ်မျှလောက်သော သွေးကို မှီ၍ ဓာတ် ၄-ပါးတို့ကို ကျေးဇူးပြုလျက် ဥတု, စိတ်, အာဟာရ, တို့သည် ထောက်ပံ့အပ်သည်ဖြစ်၍ ဇီဝိတိန္ဒြေသည် စောင့်လျက် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ တည်ရာအဖြစ်ကို ပြီးစေလျက် တည်၏။

ထိုသွေးသည်–

ရာဂများသော သူအား ချင်းချင်းနီသည်။

ဒေါသများသော သူအား မည်းသည်။

မောဟများသော သူအား သားဆေးရည်နှင့် တူသည်။

ဝိတက်များသော သူအား ပဲပြုတ်ရည်အဆင်းရှိသည်။

သဒ္ဓါများသော သူအား ဝါသည်။

ပညာများသော သူအား ကြည်လင်လျက် ပြိုးပြိုးပြက် အရောင်ရှိသည်။

ထိုသွေး၏တည်ရာ နှလုံးအိမ်သည် မန္ဒပညာတို့အား မပွင့်သေးသော ကြာငုံကဲ့သို့၊ တိက္ခပညာတို့အား စဉ်းငယ်ပွင့်သော ကြာငုံကဲ့သို့ ရှိသည်ဟူ၍ ဝိသုဒ္ဓိမဂ်၌ဆိုသည်။

## ၂၅၃·ဇီဝိတရုပ်ကို ပြခြင်း

ဇီဝန္တိ သဟဇာတမ္မာ ဧတေနာတိ ဇီဝိတံ။
ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။
ဇီဝိတဉ္စ တံ ဣန္ဒြိယဉ္စာတိ ဇီဝိတိန္ဒြိယံ။

ဧတေန၊ ဤရုပ်တရားဖြင့်။ သဟဇာတဓမ္မာ၊ သဟဇာတ်တရားတို့သည်။ ဇီဝန္တိ၊ ရှည်ဝတ်ကုန်၏။ ဣတိ၊ ထိုကြောင့်။ ဇီဝိတံ၊ ဇီဝိတမည်၏။

ဣန္ဒြိယံ၊ အစိုးရသော အဖြစ်ကို။ ကာရေတိ၊ ပြုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြိယမည်၏။

ဇီဝိတဥ္စ၊ သဟဇာတ် ဟာရေးတို့၏ ရှင်ကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုရှင်ကြောင်းဟူသည်။ ဣန္ဒြိယဥ္စ၊ အစိုးရသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသော သတ္တိကြောင့်။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေ မည်၏။

တံ၊ ထိုဇီဝိတိန္ဒြေသည်။ သဟဇာတရူပါနံ၊ တကွဖြစ်ဘက်ဖြစ်သောရုပ်တို့ကို။ အနုပါလနလက္ခဏံ၊ စောင့်ရှောက်ခြင်းလက္ခဏာရှိ၏။ တေသံ၊ ထိုသဟဇာတ် ရုပ်တို့ကို။ ပဝတ္တနရသံ၊ မပြတ်ဖြစ်ခြင်းကိစ္စရှိ၏။

တေသံယေဝ၊ ထိုသဟဇာတ် ရုပ်တရားတို့ကိုသာလျှင်။ ဌပနပစ္စုပဋ္ဌာနံ၊ တည်စေခြင်းလျှင် ထင်ရှား၏။ ယာပယိတဗ္ဗဘူတပဒဋ္ဌာနံ၊ ဘုတ်တို့၏မျှတခြင်းလျှင် ပဒဋ္ဌာန်ရှိ၏။

ဤဇီဝိတိန္ဒြေသည် ရေသည်ကြာကို မညှိုးအောင် စောင့်သကဲ့သို့ သဟဇာတ်ဖြစ်သော ရုပ်တို့ကို မညှိုးနွမ်းအောင် စောင့်လျက် တက်သမားသည် လှေကို မတိမ်းမကောက်အောင် စောင့်သကဲ့သို့ အသစ်ဖြစ်ကုန်သော ရုပ်တို့ကိုလည်း မဖောက်ပြန်အောင် စောင့်လျက် ကိုယ်အလုံးကို နှံ့၍တည်၏။

## ၂၅၄-အာဟာရရုပ်ကို ပြခြင်း

အကဗဠီမှိ ကဗဠံ ဝိယ ကရိယတီတိ ကဗဠီကာရော။
အာဟရိယတိ အဇ္ဈောဟရိယတီတိ အာဟာရော။

ယော ရူပဓမ္မော၊ အကြင်ရုပ်တရားသည်။ အကဗဠီမှိ၊ အလုပ်မပြုကောင်းသော်လည်း။ ကဗဠံ ဝိယ၊ အလုပ်ကဲ့သို့။ ကရိယတိ၊ ပြုအပ်၏။ ဣတိ ထို့ကြောင့်။ ကဗဠီကာရော၊ ကဗဠီကာရမည်၏။

အာဟရိယတိ၊ အဇ္ဈောဟရိယတိ၊ မျိုအပ်၏။ ဣတိ၊ ထို့ကြောင့်။ အာဟာရော၊ အာဟာရမည်၏။

ဣန္ဒြေရှစ်ပါးနှင့် တကွသော ကိုယ်၏ခိုင်ခံ့ခြင်း အကြောင်းဖြစ်သော အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်တက်သော မျိုအပ်သော အာဟာရ၏ အစေး အဆီသည် အကြော အသားတို့သို့ နှစ်၍ ဖြစ်တတ်သောကြောင့် "ဩဇသီဒိတ္တာ ဇာယတီတိ ဩဇာ" ဟူသည်နှင့်ညီစွာ ဩဇာမည်၏။ ဤဩဇာကို အလုပ်ပြုခြင်းငှာ မတတ်ကောင်း၊ ဩဇာ၏တည်ရာ ထမင်းစသည်ကိုသာလျှင်

ပြုပြင်ခြင်းငှာ တတ်ကောင်းသောကြောင့်။ "အကမ္ပဋ္ဌမ္ပိ ကမ္ပဋ္ဌံ ဝိယ ကရောတိ" ဟူ၍ဆိုလေသည်။ ထိုအနက်ကိုပြခြင်းငှာ ဋီကာ၌—

အဇ္ဈောဟရိတဗ္ဗာဟာရေ သန္ဓေယာဘူတာ ဩဇာ၊ ဣဓ အာဟာရရူပံ နာမ-ဟူ၍မိန့်သည်။

နိပ္ဖန္နရုပ် ၁၈-ခု ပြီး၏

---

## ၂၅၅—အနိပ္ဖန္နရုပ် ၁၀-ကို ပြခြင်း

### အာကာသဓာတ်ဟူသော ပရိစ္ဆေဒရုပ်ကို ပြရာ

အနိပ္ဖန္နရုပ်တို့ကိုကား—လက္ခဏာကိုသာ ပြလိုက်အံ့။

ဒဏ္ဍာဒိဟိ န ကဿီယတီတိ အာကာသော။
သဘာဝံ ဓာရေတီတိ ဓာတု။
အာကာသသာဓာတု အာကာသဓာတု။

ယံ၊ အကြင်ကောင်းကင်ကို။ ဒဏ္ဍာဒိဟိ၊ လှံတံစသည်တို့ဖြင့်။ န ကဿီယတိ၊ မရေးခြစ်အပ်။ ဣတိ၊ ထိုကြောင့်။ အာကာသော၊ အာကာသမည်၏။ (ကောင်းကင်ရ၏။)

သဘာဝံ၊ မိမိသဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ၊ ထိုကြောင့်။ ဓာတု၊ ဓာတုမည်၏။

အာကာသသာ၊ ကောင်းကင်၏။ ဓာတု၊ သဘောကို ဆောင်တတ်သည် တည်း။ အာကာသဓာတု၊ ကောင်းကင်၏ သဘောကို ဆောင်တတ်သည်။ (ကောင်းကင်နှင့် တူသောရုပ်ရ၏။)

သော၊ ထိုအာကာသဓာတ်သည်—

ကလာပါနံ၊ ကလာပ်တို့ကို။ ကလာပေဟိ၊ တပါးသော ကလာပ်တို့နှင့်။ ပရိစ္ဆေဒလက္ခဏာ၊ ပိုင်းခြားခြင်းလက္ခဏာရှိ၏။ တသ္မာ၊ ထိုကြောင့်။ ပရိစ္ဆေဒ-ရူပန္တိ၊ ပရိစ္ဆေဒရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤအာကာသဓာတ်သည် ဧကစ္စဒသကစသော ကလာပ်ကို သောတဒသက စသော ကလာပ်တပါးတို့နှင့် မရောယှက်အောင် ပိုင်းခြားတတ်၏။

အဘယ်ကဲ့သို့နည်းဟူမူ သွေး ချွေး နို့ ရည်တို့သည် လူတို့ကိုယ်၌ တပေါင်းတည်း တည်သော်လည်း တဦးနှင့် တဦး မရောသကဲ့သို့တည်း။

ထို့ကြောင့် ဘုရားသခင်သည် ဝိဘင်းပါဠိတော်၌ "အသံဖုဋ္ဌ စတုဟိ မဟာဘူတေဟိ" ဟူ၍ ဟောတော်မူသည်။

စတုဟိ မဟာဘူတေဟိ၊ လေးပါးသော မဟာဘုတ်တို့သည်။ အသံဖုဋ္ဌံ၊ မထိကြ။ အဃံ၊ ဤသို့ မထိကြခြင်းသည်။ အာကာသော၊ အာကာသ မည်၏။

## ၂၅၆—ကာယဝိညတ်ရုပ်ကို ပြခြင်း

စလမာနကာယေန အဓိပ္ပါယံ ပရံ ဝိညာပေတိ၊
သယဥ္စ တေန ဝိညာယတီတိ ကာယဝိညတ္တိ။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ စလမာနကာယေန၊ လှုပ်ရှားသောကိုယ်ဖြင့်။ အဓိပ္ပါယံ၊ အလိုကို။ ပရံ၊ သူတပါးကို။ ဝိညာပေတိ၊ သိစေတတ်၏။ သယဥ္စ၊ မိမိသည်လည်း။ တေန၊ ထိုလှုပ်ရှားသောကိုယ်ဖြင့်။ ဝိညာယတိ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုသို့ သိစေတတ်, သိစေအပ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ကာယဝိညတ္တိ၊ ကာယဝိညတ် မည်၏။

မဟန္တံ၊ ကြီးစွာသော။ ပါသာဏံ၊ ကျောက်ကို။ ဥက္ခိပန္တဿ၊ ချီသောသူ၏။ သဗ္ဗထာမေန၊ အားကုန်သွန်သဖြင့်။ ဂဟဏကာလေ၊ ချီသောအခါ၌။ ဥဿာဟနကဝိကာရော ဝိယ၊ အားထုတ်သော အခြင်းအရာ အထူးကဲ့သို့။ ရူပကာယဿ၊ ရုပ်အပေါင်း၏။ ပရိပ္ဖန္ဒနပစ္စယဘာဝေန၊ တုန်လှုပ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့်။ ဥပလဗ္ဘမာနော၊ ရအပ်သော။ ဝါယောဓာတုယာ ဝိနိမုတ္တော၊ ဝါယောဓာတ်မှ လွတ်သော။ ဝိကာရော၊ အခြင်းအရာအထူးကို။ ကာယဝိညတ္တီတိ၊ ကာယဝိညတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ [ဤကားဋီကာအလို]

ဝိသုဒ္ဓိမဂ်၌ကား ရှေ့သို့ တက်ခြင်းစသည်ကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်နှင့်တကွ ဖြစ်သော ရူပကာယကို ခိုင်စေခြင်း, တည်စေခြင်း။ လှုပ်စေခြင်း၏ အကြောင်းဖြစ်သော အခြင်းအရာ အထူးသည် ကာယဝိညတ် မည်၏ဟု ဆိုသည်။

**အဋ္ဌသာလိနီ၌ လာသည်**ကား ယံ ရူပံ၊ အကြင်ရုပ်သည်။ ကာယဝိညတ္တိ၊ ကာယဝိညတ် မည်၏။ တံ ရူပံ၊ ထိုရုပ်သည်။ ကထမံ၊ အဘယ်နည်း။ ကုသလစိတ္တဿ ဝါ၊ ကုသိုလ်စိတ်ဖြင့်ငင်း။ အကုသလစိတ္တဿ ဝါ၊ အကုသိုလ်စိတ်ဖြင့်ငင်း။ အဗျာကတစိတ္တဿ ဝါ၊ အဗျာကတစိတ်ဖြင့်ငင်း။ အဘိက္ကမန္တဿ ဝါ၊ ရှေ့သို့ တက်သောသူ၏ငင်း။ ပဋိက္ကမန္တဿ ဝါ၊ နောက်သို့ ဆုတ်သောသူ၏ငင်း။ အာလောကေန္တဿ ဝါ၊ တူရူကြည့်သော သူ၏ငင်း။ ဝိလောကေန္တဿ ဝါ၊

တစောင်းကြည့်သောသူ၏ရင်း။ သမိဉ္ဇန္တဿ ဂါ၊ ကွေးသောသူ၏ရင်း။ ပသာရေန္တဿ ဝါ၊ ဆန့်သောသူ၏ရင်း။ ကာယဿ၊ ကိုယ်၏။ ယာ ထမ္ဘနာ၊ အကြင်ခိုင်ခြင်းသည်။ ယာ သန္ထမ္ဘနာ၊ အကြင်ကောင်းစွာ ထက်ဝန်းကျင် ခိုင်ခြင်းသည်။ ယံ သန္ထမ္ဘိတတ္တံ၊ အကြင်ခိုင်သော အဖြစ်သည်။ ယာ ဝိညတ္တိ၊ အကြင် သိခြင်းသည်။ ယာ ဝိညာပနာ၊ အကြင် သူကို သိစေခြင်းသည်။ ယံ ဝိညာပိတတ္တံ၊ အကြင်သိအပ်သော အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ တံ ရူပံ၊ ဤရုပ်သည်။ ကာယဝိညတ္တိ၊ ကာယဝိညတ် မည်၏။

ဤသို့ မဟာသင်္ဂဟကျမ်း၌ ဟောတော်မူသောကြောင့် ရှေ့သို့ တက်အံ့ဟူ၍ရင်း, နောက်သို့ ဆုတ်အံ့ဟူ၍ရင်း အားထုတ်သော စိတ်သည် အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ဤအဋ္ဌကလာပ်တွင်း၌ပါသော စိတ္တဇဝါယောဓာတ်သည် မိမိနှင့် တကွ ဖြစ်သော ရုပ်အပေါင်းကို ကောင်းစွာခိုင်စေ တည်စေ လှုပ်စေ၏။ ရှေ့သို့လည်း တက်စေ၏၊ နောက်သို့လည်း ဆုတ်စေ၏။

ထိုသို့ တက်စေရာ တခုသောအာဝဇ္ဇန်းရှိသော ဝီထိ၌ ဇော ၇ - ကြိမ်ဖြစ်သည်တွင် ပဌမဇော၌ပါသော ဝါယောဓာတ်သည် မိမိနှင့် သဟဇာတ် ဖြစ်သော ရုပ်အပေါင်းကို ခိုင်စေခြင်းငှာသာ စွမ်းနိုင်၏။ ထိုမှ ဤမှ လှုပ်စေခြင်းငှာကား မစွမ်းနိုင်။ ဒုတိယဇောတို့၌လည်း နည်းတူပင်။ သတ္တမဇော၌ပါသော ဝါယောဓာတ်သည်ကား နောက်ဇောတို့မှ အထောက်အပံ့ကိုရသည် ဖြစ်၍ မိမိနှင့်သဟဇာတ်ဖြစ်သော ရုပ်တို့ကို ခိုင်စေ တည်စေခြင်းငှာရင်း လှုပ်ရှားစေခြင်း ရှေ့သို့တက်စေခြင်း နောက်သို့ဆုတ်စေခြင်းငှာရင်း စွမ်းနိုင်လေသည်။ ထိုသတ္တမဇောဖြင့်သာလျှင် သွားခြင်း လာခြင်း စသည်တို့ဖြစ်ကုန်သည်။

**ဉပမာဘယ်ကဲ့သို့နည်းဟူမူ။** ။နွား ၇ - ရှဉ်းကဲ့သော လှည်း၌ ပဌမနွားရှဉ်းစသည်တို့သည် လှည်းဦးကို ခိုင်ရုံသာ သတ္တမနွားရှဉ်းမှာမှ ရွေ့၍ ပါသကဲ့သို့တည်း။

ယင်းသို့ ရွေ့ရှားရာ၌ အကြင်စိတ္တသမုဋ္ဌာန်ရုပ်သည် ဖြစ်၏။ ထိုရုပ်သည်လည်း ဝိညတ်မဟုတ်သေး၊ စင်စစ်သော်ကား ထိုစိတ္တဇဝါယောဓာတ်နှင့် တကွ ဖြစ်သော ရုပ်အပေါင်းကို ခိုင်စေ, လှုပ်စေခြင်း၏ အကြောင်းဖြစ်ခြင်းငှာ စွမ်းနိုင်သော တခုသော အခြင်းအရာအထူးသည် ရှိ၏။ ထိုအခြင်းအရာအထူးသာလျှင် ကာယဝိညတ်မည်၏။

ဤကာယဝိညတ်သည် အဋ္ဌကလာပ်ရုပ်ကဲ့သို့ စိတ္တသမုဋ္ဌာန်မဟုတ် အနိစ္စစသည်အပြား ရှိကုန်သော တရားတို့၏ ဇရာ, မရဏ သဘော ရှိသည်၏အဖြစ်ကြောင့် ဇရာ, မရဏ ကို အနိစ္စ ဆိုရသကဲ့သို့ စိတ္တသမုဋ္ဌာန်ရုပ်တို့ကို သိစေတတ်သည်၏အဖြစ်ကြောင့်သာလျှင် စိတ္တသမုဋ္ဌာန်မည်၏။

ထိုစကားကို ထင်ရှားစေဦးအံ့၊ မြင်ကောင်းရာ၌တည်လျက် လက်, ခြေကိုရင်း, ဦးခေါင်းကိုရင်း လှုပ်သည်ရှိသော် ဤသို့လှုပ်ခြင်းကို စက္ခုဝိညာဉ်ဖြင့် မြင်၏။ ဝိညတ်ကိုကား စက္ခုဝိညာဉ်ဖြင့် မမြင်၊ မနောဝိညာဉ်ဖြင့်သာ သိအပ်၏။ လက်, ခြေ လှုပ်ခြင်းစသည်ကို စက္ခုဝိညာဉ်ဖြင့်မြင်သော် မနောဝိညာဉ်ဖြင့် ဤသူကား ဤအမှုကိုပြုလို၏ဟု သိ၏။

**ဥပမာကား။** ။တောအုပ်တွင် ရေအိုင်၏အနီး သစ်ပင်ကြီးတခု၌ တံခွန်ဆွဲထားခဲ့၍ ရေရှာသောသူတို့အား ထိုအကြောင်းကို ပြောသဖြင့် သွားရှာ၍ တံခွန်ကိုမြင်သော် ယခင်ပြောလိုက်သော စကားကြောင့် ဤ၌ကား ရေရှိသည်ဟု သိရသကဲ့သို့ရင်း၊ ရေ၏အထက်၌ ဗလုံကက်သည်ကိုမြင်၍ အတွင်းတွင် ငါးရှိသည်ဟု သိရသကဲ့သို့ရင်း စက္ခုဝိညာဉ်ဖြင့် လက်လှုပ်ခြင်းစသည်ကို မြင်သော် မနောဝိညာဉ်ဖြင့် အလိုကို သိရ၏။ ဤသိစေကြောင်း ဖြစ်သော အလိုအထူးသာလျှင် ကာယဝိညတ်မည်၏ဟုလိုသည်။

## ၂၅၇-ဝစီဝိညတ်ရုပ်ကို ပြခြင်း

သဝိညာဏကသဒ္ဒသင်္ခါတဝါစာယ အဓိပ္ပါယံ ပရံ ဝိညာပေတိ၊ **သယဉ္စ တာယ** ဝိညာယတီတိ ဝစီဝိညတ္တိ။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ သဝိညာဏကသဒ္ဒသင်္ခါတဝါစာယ၊ ဝိညာဉ်နှင့်တကွသောအသံဟုဆိုအပ်သော ဝါစာဖြင့်။ အဓိပ္ပါယံ၊ အလိုကို။ ပရံ၊ သူတပါးကို။ ဝိညာပေတိ၊ သိစေတတ်၏။ သယဉ္စ၊ မိမိသည်လည်း။ တာယ၊ ထိုဝါစာဖြင့်။ ဝိညာယတိ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုသို့ သိစေတတ်, သိစေအပ်သော သတ္တိကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်မည်၏။

**ဝစီဘေဒကရစိတ္တသမုဋ္ဌာန** ပထဝီဓာတုယာ၊ နှုတ်မြွက်ခြင်းကို ပြုတတ်သော စိတ္တသမုဋ္ဌာန် ပထဝီဓာတ်နှင့်။ အက္ခရုပ္ပတ္တိဋ္ဌာနဂတဥပါဒိန္နရူပေဟိ၊ အက္ခရာတို့၏ဖြစ်ရာ ဌာန်ငါးဖြာ၌တည်သော ဥပါဒိန္နရုပ်တို့နှင့်။ သမာဃဋ္ဋနပစ္စယဘူတော၊ ကောင်းစွာထိခတ်ခြင်း၏ အကြောင်းဖြစ်သော။ ဧကော ဝိကာရော၊ တခုသော အခြင်းအရာအထူးသည်။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်မည်၏။(ဤကား ဋီကာအလို။)

**အဋ္ဌသာလိနီ၌ကား** ဤစကားကိုဆိုအံ့ဟု ကြံသောစိတ်သည် အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ဤကလာပ်၌ပါသော စိတ္တဇပထဝီဓာတ်နှင့် ဥပါဒိန္နက ဌာန်ငါးပါး၌တည်သော ရုပ်တို့သည် ထိခိုက်ခြင်းကြောင့် အသံဖြစ်သည်။ ဤအသံသည် စိတ္တဇသဒ္ဒမည်၏။ ဝစီဝိညတ်ကား မဟုတ်သေး။ စင်စစ်ကား ထိုစိတ္တဇပထဝီဓာတ်နှင့် ဥပါဒိန္နကရုပ်တို့၏ ထိခြင်း, ခတ်ခြင်း၏ အကြောင်း

ဖြစ်သော က, ခ စသည်ကိုထင်စေသော အခြင်းအရာအထူးသည် ရှိ၏။ ဤအခြင်းအရာအထူးသည်သာလျှင် ဝစီဝိညတ်မည်၏။

ဤဝစီဝိညတ်ကို သောတဝိညာဉ်ဖြင့် မကြားအပ်, မနောဝိညာဉ်ဖြင့်သာ သိအပ်သည်။ သောတဝိညာဉ်ဖြင့်ကား အသံကိုသာ ကြားရ၏။ အလိုအဓိပ္ပာယ်ကိုကား မနောဝိညာဉ်ဖြင့် သိအပ်၏။ ဤအလိုသာလျှင် ဝစီဝိညတ်မည်သတည်း။

ဤဝစီဝိညတ်၌ သန္တမှ္တနစသည်တို့၏ မရှိခြင်းကြောင့် သတ္တမဇောသည် ဖြစ်စေအပ်၏ အစရှိသောနည်းကို မရအပ်။ စိတ္တဇပထဝီဓာတ်နှင့် ဥပါဒိန္နက ပထဝီဓာတ်တို့ ထိခိုက်သည်နှင့်တပြိုင်နက်သာလျှင် အသံဖြစ်၏။ ထိုထိခိုက်ခြင်းကိုလည်း ပထမဇော စသည်တို့၌ပင် ရအပ်၏ ဟူ၍ ပြခြင်းငှာ–

**ဋီကာ၌–**

> ဣမ စ သန္ထမ္ဘနာဒီနံ အဘာဝတော သတ္တမဇဝနသမုဋ္ဌိတာတိ-အာဒိနယော န လဗ္ဘတိ၊ ဃဋ္ဋနေန ဟိ သဒ္ဒေါ ယေဝ သဒ္ဒေါ ဥပ္ပဇ္ဇတိ၊ ဃဋ္ဋနဥ္စ ပထမဇဝနာဒီသုပိ လဗ္ဘတေဝ–

ဟူ၍ မိန့်သည်။

ဣမ စ၊ ဤဝစီဝိညတ်၌ကား။ သန္ထမ္ဘနာဒီနံ၊ ထောက်ပံ့ခိုင်စေခြင်း စသည်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ သတ္တမဇဝနသမုဋ္ဌိတာတိ အာဒိနယော၊ သတ္တမဇောသည်ဖြစ်စေ၏ အစရှိသောနည်းကို။န လဗ္ဘတိ၊ မရအပ်။ ဟိ၊ သင့်စွ။ ဃဋ္ဋနေန၊ ထိခိုက်ခြင်းနှင့်။ သဒ္ဒိံ ယေဝ၊ တကွသာလျှင်။ သဒ္ဒေါ၊ အသံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဃဋ္ဋနဥ္စ၊ ထိခိုက်ခြင်းကိုလည်း။ ပထမဇဝနာဒီသုပိ၊ ပထမဇောစသည်တို့၌လည်း။ လဗ္ဘတေဝ။ ရအပ်သည်သာလျှင်ကတည်း။

**အဋ္ဌသာလိနီ၌ကား–**

> တေ သမုဋ္ဌာနိက ကာယံ စာလေတိ န စာလေတီတိ အယံ ပန ဝါရော န လဗ္ဘတိ၊ ပုရိမစိတ္တသမုဋ္ဌာနာယ ဥပထမ္ဘနကိစ္စံပိ နတ္ထိ–

ဟူ၍ဆိုသည်။

ထိုစကားကို မူလဋီကာ ဆရာ မနှစ်သက်သောကြောင့်–

> ဥပထမ္ဘနံ နတ္ထီတိ ဝိစာရေတဗ္ဗံ ဂဟေတဗ္ဗံ–

**ဟူ၍** ဆို၏။

ဤဆရာ၏အလိုကား ဇော ၇-ချက်တွင် တချက်တချက်သော ဇောသည် အက္ခရာ တလုံး တလုံးကို ဖြစ်စေတတ် ရကား ပေါင်းသော် ၇- လုံးဖြစ်၏။

ထို ၇-လုံးတွင် ရှေ ၆-လုံးသည် မထင်၊ သတ္တမ အက္ခရာသာ ထင်၏။ ထို့ကြောင့် ဥပထမ္ဘန ရှိသကဲ့သို့ ထင်၏ ဆိုလိုသည်။

**အဋ္ဌကထာဆရာကား။** ။ပထမဇောဍ္ဍဖြစ်သော ပထဝီဓာတ်သည် ဥပါဒိဏ္ဏက ရုပ်နှင့် ထိခြင်းကြောင့် ဗလဝဖြစ်ရကား တိုပတပဇောစိတ်ဖြင့်ပင်အက္ခရာဖြစ်၏၊ ထို့ကြောင့် ဥပထမ္ဘန မရှိကောင်းဟုလိုသည်။ ဤအဋ္ဌကထာ၏ အလိုသို့လိုက်၍ ဋီကာဆရာလည်း—

ဂူဓ စ သန္ထမ္ဘနာဒီနံ အဘာဝတော သတ္တမဇဝနသမုဋ္ဌိတာတိ အာဒိ- နယော န လဗ္ဘတိ-ဟူသော စကားကိုဆိုလေသည်။

**အနုဋီကာဆရာကား** အဋ္ဌကထာဝါဒကို မနှစ်သက်သောကြောင့်—

သတ္တဇဝနာနိ သတ္တက္ခရာနိ နိဗ္ဗတ္တေန္တီတိ ဝါဒံ ပဋိက္ခိပိတွာ၊ ဧက- ဇဝနဝါရေ ပရိယာပန္နာနိ စိတ္တာနိ ဧကမက္ခရံ နိဗ္ဗတ္တေန္တီတိ ဝဒန္တိ၊ ကိဥ္စာပိ ပဘမပ်တ္တေနာပိ ဃဋ္ဋနာ နိပ္ပဇ္ဇတိ၊ ဧကဓဿဝ ပန ဗဟုသော ပဝတ္တနေ၊ န အတ္ထိ ကောစိ ဝိသေသောတိ ပုရိမ ဇဝနသမုဋ္ဌိတာဟိ ဃဋ္ဋနာနာဟိ ပဋိလဒ္ဓါသေဝနေန သတ္တမဇဝနေန သမုဋ္ဌိတာ ဃဋ္ဋနာ ပရိဗျတ္တမက္ခရံ နိဗ္ဗတ္တေတီတိ ဥပထမ္ဘနံ နတ္ထီတိ န သက္ကာ ဝတ္တုံ- ဟူ၍ ဆိုသတည်း။

သတ္တဇဝနာနိ၊ ၇- ကြိမ်သောဇောတို့သည်၊ သတ္တက္ခရာနိ၊ ၇-လုံးသော အက္ခရာတို့ကို။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကုန်၏။ ဣတိဝါဒံ၊ ဤသို့သောဝါဒကို။ ပဋိက္ခိပိတွာ၊ ပယ်၍။ ဧကဇဝနဝါရေ၊ တခုသောဇော၏ ဝါရ၌။ ပရိယာ- ပန္နာနိ၊ အကျုံးဝင်ကုန်သော။ စိတ္တာနိ၊ စိတ်တို့သည်။ ဧကမက္ခရံ၊ တလုံးတလုံး သောအက္ခရာကို။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ပဌမစိတ္တေနာပိ၊ ရှေးဦးစွာသော ဇောစိတ်ဖြင့်လည်း။ ဃဋ္ဋနာ၊ ထိခိုက်ခြင်းသည်။ ကိဥ္စာပိ နိပ္ပဇ္ဇတိ၊ အကယ်၍ကားပြီး၏ရှင့်။ ပန၊ သို့သော်လည်း။ ဧကဿဝ၊ တလုံးသော အက္ခရာကိုပင်လျှင်။ ဗဟုသော၊ များစွာသောဇောဖြင့်။ ပဝတ္တနေ၊ ဖြစ်စေခြင်း၌။ ကောစိ ဝိသေသော၊ တစုံတခုသောအထူးသည်။ န အတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ ပုရိမဇဝနသမုဋ္ဌိတာဟိ၊ ရှေ့ဇောတို့ကြောင့် ဖြစ်ကုန် သော။ ဃဋ္ဋနာဟိ၊ ထိခိုက်ခြင်းတို့မှ။ ပဋိလဒ္ဓါသေဝနေန၊ ရအပ်ပြီးသော အာသေဝန ပစ္စည်းရှိသော၊ သတ္တမဇဝနေန၊ သတ္တမဇောသည်။ သမုဋ္ဌိတာ၊ ဖြစ်စေအပ်သော။ ဃဋ္ဋနာ၊ ထိခိုက်ခြင်းသည်။ ပရိဗျတ္တံ၊ ထင်သော။ အက္ခရံ၊ အက္ခရာကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပထမ္ဘနံ နတ္ထီတိ၊

အထောက်အပံ့မရှိဟူ၍။ ဝတ္တုံ။ ဆိုခြင်း ငှါ။ န သက္ကာ၊ မစွမ်းကောင်း။ မဏိမဥ္ဇူဆရာလည်း အနုဋီကာ၏ အယူသို့ လိုက်၍....

အမေ့ဟိ ပိ သတ္တမဇ္ဈဝနေန ဝေ ကေကန္ဓရုပ္ပတ္တိ ဝုစ္စတိ၊ ဝဒန္တေဟိ ကေဃော ဥစ္စာရိတတ္တာ သုဏန္တေဟိ ကေဃော သုတတ္တာ–

စသည်ဖြင့်ဆိုလေသည်။ (အနက်လွယ်၏။)

၂၅၈-ဝိကာရရုပ် ကိုပြခြင်း

၁။ လဟုနော ဘာဝေါ လဟုတာ။

၂။ မုဒုနော ဘာဝေါ မုဒုတာ။

၃။ ကမ္မညဿ ဘာဝေါ ကမ္မညတာ။

လဟုနော၊ ပေါ့သည်၏။ ဘာဝေါ၊ အဖြစ်တည်း။ လဟုတာ၊ ပေါ့သည်၏ အဖြစ်။

မုဒုနော၊ နူးည့ံသည်၏။ ဘာဝေါ၊ အဖြစ်တည်း။ မုဒုတာ၊ နူးည့ံ သည်၏ အဖြစ်။

ကမ္မညဿ၊ အမှု၌ကောင်းသည်၏။ ဘာဝေါ၊ အဖြစ်တည်း။ ကမ္မညတာ၊ အမှု၌ ကောင်းသည်၏အဖြစ်။

တေသု၊ ထိုသုံးပါးတို့တွင်။ အရောဂိနော၊ အနာမရှိသောသူ၏။ အဂရုကတာ ဝိယ၊ မလေးလံသောအဖြစ်ကဲ့သို့။ ရူပါနံ၊ တို့ရုပ်တို့၏။ အဂရုတာ၊ မလေးသည်၏ အဖြစ်သည်။ ရူပလဟုတာ နာမ၊ ရူပလဟုတာမည်၏။

သုပရိမဒ္ဒိတစမ္မဿ၊ ကောင်းစွာ အဖန်ဖန် နယ်အပ်သော သားရေ၏။ အကထိနတာ ဝိယ၊ မကြမ်းတမ်းသော အဖြစ်ကဲ့သို့။ ရူပါနံ၊ တိုဖြစ်သောရုပ်တို့၏။ အကထိနတာ၊ မကြမ်းတမ်းသောအဖြစ်သည်။ ရူပမုဒုတာ နာမ၊ ရူပမုဒုတာ မည်၏။

သုဓန္တသုဝဏ္ဏဿ၊ သစ်သောရွှေ၏။ တံတံပိဋ္ဌန္တနဝိကတိယာ၊ ထိုထိုသော လက်ကောက်၊ လက်ကြပ်စသော တန်ဆာအထူးအား။ အနုကူလဘာဝေါ ဝိယ၊ လျော်သော အဖြစ်ကဲ့သို့။ သရီရကိရိယာနံ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုတို့အား။ ရူပါနံ၊ တိဇဖြစ်သောရုပ်တို့၏။ အနုကူလဘာဝေါ၊ လျော်သောအဖြစ်သည်။ ရူပကမ္မညတာ နာမ၊ ရူပကမ္မညတာမည်၏။

ဤ ၃-ပါးသည် နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်ခြင်းကိုစွဲ၍ သိအပ်သောကြောင့် ဝိကာရရုပ်မည်သည်။

## ၂၅၉-လက္ခဏာ ရုပ်လေးခုတွင် ဥပစယရုပ်နှင့် သန္တတိရုပ်နှစ်ပါး ထူးခြားချက်

၁။ ဥပစယနံ ဥပစယော။

၂။ သန္တာနော သန္တတိ။

ဥပစယနံ၊ ရှေးဦးစွာဖြစ်ခြင်း။ ဥပစယော၊ ရှေးဦးစွာဖြစ်ခြင်း။
သန္တာနော၊ ဖြင့်စဉ်တည်း။ သန္တတိ၊ ဖြစ်စဉ်။

တတ္ထ၊ ထိုဥပစယ, သန္တတိ နှစ်ပါးတို့တွင်။ ပဋိသန္ဓိတော၊ ပဋိသန္ဓေမှ။ ပဌာယ၊ စ၍။ ယာဝ၊ အကြင်မျှလောက်။ စက္ခာဒိဒသကာနံ၊ စက္ခုအစရှိသော လေးပါးသော ဒသကတို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေတ္တကရော၊ ဤ ၆၃-ရက်၏အကြား၌။ ရူပုပ္ပါဒေါ၊ ရုပ်၏ဖြစ်ခြင်းသည်။ ဥပစယော၊ ဥပ-စယမည်၏။ တတောပရံ၊ ထိုမှနောက်၌။ ရူပုပ္ပါဒေါ၊ ရုပ်တို့၏ဖြစ်ခြင်းသည်။ သန္တတိ နာမ၊ သန္တတိမည်၏။

### ၃-ဇရတာရုပ်ကို ပြခြင်း

ယထာသကံခဏမတ္တဌာယီနံ၊ အကြင်အကြင် မိမိဥစ္စာဖြစ်သော ကျေနပ-ညာသခဏာ၌သာ တည်လေ့ရှိကုန်သော။ ရူပါနံ၊ စတုဇရုပ်တို့၏။ နိရောဓာ-ဘိမုခဘာဝ ဝသေန၊ ချုပ်ခြင်းသို့ရှေ့ရှုသည်၏အစွမ်းဖြင့်။ ဇီရဏံ၊ ရင့်ခြင်းသည်။ ဇရတာ၊ ဇရတာမည်၏။

### ၄-အနိစ္စတာရုပ်ကို ပြခြင်း

တေသံ၊ ထိုရုပ်တို့၏။ အနိစ္စဘာဝေါ၊ မမြဲသည်၏အဖြစ်သည်။ အနိစ္စတာ၊ အနိစ္စတာမည်၏။

ဤရုပ် ၄-ပါးတို့သည် ပရမတ်ဖြစ်သော ရုပ်တရားတို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဟူသော အခိုက်အတန့်၏ အစွမ်းဖြင့် မှတ်ခြင်း၏အကြောင်းဖြစ်သော ကြောင့် လက္ခဏာရုပ်မည်၏။

### ၂၆၀-ဇာတိရုပ်တခုကိုပင် ဥပစယ သန္တတိခေါ်ဆိုရပုံကို ပြခြင်း

ဇာတိရုပ်တခုကိုပင်လျှင် ဥပစယဟူသောအမည်, သန္တတိဟူသောအမည်ဖြင့် ဘယ့်ကြောင့် ခွဲ၍ဆိုအပ်သနည်း။

ပဌမဂုဏ်ရိနိဗ္ဗတ္တသန်ါတပ္ပာတ္တိအာကာရဘေဒတော ဝေနေယျဝသေန ဥပစယော သန္တတိတိ ဝိဘဇိတွာ ဝုတ္တတ္တာ—

ဟူသောဋီကာနှင့်အညီ ရှေးဦးစွာဖြစ်ခြင်း, အထက်၌ဖြစ်ခြင်းဟုဆိုအပ်သော ဖြစ်သောအခြင်းအရာ ပြားသဖြင့် ဝေနေယျတို့အား ထင်ရှားစိမ့်သောငှါ နှစ်ပါးခွဲ၍ ဟောတော်မူသောကြောင့်ဆိုသည် ဟူပေ။

၂၆၁-မဟာအဋ္ဌကထာလာ ရုပ် ၄-ပါးကိုပြခြင်း

ဣမာနိ အဋ္ဌဝီသ ရူပါနိ၊ ဤ ၂၈-ပါးသော ရုပ်တို့သည်။ အာဟစ္စဘာသိ- တာနိ၊ ပါဠိတော်၌ တိုက်ရိုက်ဘုရားဟောသော ရုပ်တို့တည်း။ မဟာအဋ္ဌ- ကထာယံ ပန၊ ရဟန္တာတို့ဆောင်ခဲ့သော မဟာအဋ္ဌကထာ၌ကား။ ဗလရူပံ၊ ကြီးပွားတတ်သော အားဟူသောဗလရုပ်၎င်း။ သမ္ဘဝရူပံ၊ သုက်ရည်တည်းဟူ သော သမ္ဘဝရုပ်၎င်း။ ဇာတိရူပံ၊ လုံးလျှောင်းသဏ္ဌာန်ဖြင့် တည်သော ဇာတိရုပ်၎င်း။ ရောဂရူပံ၊ နာကျင်တတ်သောရောဂရုပ်၎င်း။ ဣမာနိ စ၊ ဤရုပ်လေးပါးတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ ဣတိဝဒန္တိ၊ ဤသို့ဆိုကြကုန်၏။

ယင်းသို့ ရုပ်လေးပါးရှိကြောင်းကို ဝိသုဒ္ဓိမဂ်၌လာလျက် အရှင်အနုရုဒ္ဓါ ဆရာ ဘယ့်ကြောင့်မပြသနည်းဟူမူကား ဗလရုပ်ကို ဝါယောဓာတ်၌ သွင်း၍၊ သမ္ဘဝရုပ်ကို အာပေါဓာတ်၌သွင်း၍၊ ဇာတိရုပ်ကို ဝဏ္ဏ၌သွင်း၍၊ ရောဂ ရုပ်ကို ဇရတာ၌သွင်း၍ ဘုရားရှင်ဟောတော်မူသောကြောင့် အရှင်အနုရုဒ္ဓါ ဆရာလည်း အသီးမပြသည် ဟူပေ။

**ထို့ကြောင့် ဋီကာဝိဘာဝိနီ အဋ္ဌကထာ၌—**

အာပေါဓာတု ဝဏ္ဏာယတနာနမေဝ ဝါ၊ သမ္ဘဝသဏ္ဌာနတော ဝါ ဝိသုံ ဝုတ္တာ။

ဟူ၍ မိန့်၏။

**အဓိပ္ပါယ်ကား—**

စတုဇရုပ်၌ပါသော အာပေါဓာတ်, စတုဇရုပ်၌ပါသော ဝဏ္ဏာယ- တနတို့ကိုသာလျှင် သမ္ဘဝရုပ်, ဇာတိရုပ်ဖြစ်သည်ဟူ၍ အသီးဆိုအပ်၏ ဟူလိုသည်။

ဤသမ္ဘဝရုပ်တည်းဟူသော သုက်သည် ကာမ ၁၁-ဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့အား ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏ ရင့်ခြင်းကြောင့် ရာဂစိတ်ဖြစ်လတ် သော် ထိုစိတ်၏အာနုဘော်ကြောင့် စတုဇရုပ်၌ရှိသော အာပေါဓာတ်သည် မီး

အဟုန်ကြောင့် ဆူသောရေကဲ့သို့ ကြီးပွားလျက်ဖြစ်လာ၏။ လူတို့အား ၁၅-နှစ် ၁၆-နှစ်တိုင်မှ ဖြစ်သည်။

ထို့ကြောင့်—

သမ္ပဝေါ ကာမဓာတုယံ ကေစ္စိယ သတ္တာနံ ဣန္ဒြိယပရိပါကပစ္စယော အာပေါဓာတုယာ ပဝတ္တိ အာကာရဝိသေသော—

ဟူ၍ ဝိသုဒ္ဓိမဂ်ဋီဒု နှာ-၁၀၆-၌ရင်း၊

အဋ္ဌကထာယံ စတုသမုဋ္ဌာနိကောသု သမ္ဘဝဿ ဝုတ္တတ္တာ။ သော ပန သောဠသဝဿကာလေ ဥပ္ပဇ္ဇတိ၊ တဿ ရာဂဝသေန ဌာနာ-စာဝနံ ဟောတိ—

ဟူ၍သာရတ္ထဒီပနီဋီဒု နှာ-၃၀၁-၌ရင်း မိန့်အပ်၏။

ကထာဝတ္ထုအဋ္ဌကထာ၌ ကာမာဝစရ နတ်တို့အား မေထုန ကိစ္စရှိကြသော်လည်း သုက်လွှတ်ခြင်း မရှိဟူ၍ ဆို၏၊ ထိုစကားသည် တည်ရာမှ မရွေ့ခြင်းကို ရည်၍သာဆိုသည်၊ သမ္ဘဝရုပ်မရှိ၍ ဆိုသည်မဟုတ်ဟု ဋီကာ၌ မိန့်၏။

သာရတ္ထဒီပနီဋီကာဒု၌လည်း—

ကထာဝတ္ထုအဋ္ဌကထာယံ တာသံ ဒေဝတာနံ သုက္ကဝိဿဋ္ဌိ နာမ နတ္ထိတိ၊ တမ္ပိ ဌာနာစာဝနံ သန္ဓာယ ဝုတ္တန္တိ ဂဟေတဗ္ဗံ—

ဟူ၍မိန့်၏။

ထိုနတ်တို့သည် လူတို့ကဲ့သို့ သံသဂ္ဂဖြစ်သော်လည်း သုက်လွှတ်ခြင်းမရှိ၊ မိမိကိုယ်တွင်း၌သာ ငြိမ်းလေသောကြောင့် ဂဗ္ဘသေယျ သန္ဓေမယူနိုင် ဥပပါတ်သာ ဖြစ်လေသည်။

ဤသမ္ဘဝရုပ်သည် အရင်းမှ စတုဇဖြစ်သော်လည်း တည်ရာမှရွေ့၍ ပြင်ပသို့ ရောက်သောအခါ ဥတုဇသာဖြစ်၏။

ထို့ကြောင့်—

ဥပါဒိဏ္ဏကတော ဝိမုတ္တာယံ သမ္ဘဝေါ ဥတုသမုဋ္ဌာနမေဝ—

ဟူ၍ ဝိသုဒ္ဓိမဂ်ဋီကာ မိန့်၏။

ဤရုပ်သည် ဘုရား, ရဟန္တာ, ပြဟ္မာ တို့၌ မရှိကုန်ဟု ပြခြင်းငှါ—

ခီဏာသဝါနံ ပန ပြဟ္မာနဉ္စ သမ္ဘဝေါ နတ္ထိ—

ဟူ၍ သာရတ္ထဒီပနီဋီကာဒု နှာ-၃၀၁-၌ မိန့်၏။

ဤကား ရူပသမုဒ္ဒေသ၌ သိဖွယ်တည်း။

## ၂၆၂-ပသာဒရုပ်ငါးပါးကိုသာ အဇ္ဈတ္တိကရုပ် ခေါ်ဆိုရသည်ကို ပြခြင်း

မေး။ ။ရုပ်ပသာဒ၊ ငါးပါးမျှကို၊ အဇ္ဈတ္တိက၊ အရဆိုသော်၊ ထို့ပြင် အတွင်းမဖြစ်လော။

ဖြေ။ ။အတ္တဘာဝ သင်္ခါတံ အတ္တာနံ အဓိကိစ္စ ဥဒ္ဒိသာ ပဝတ္တန္တီတိ အဇ္ဈတ္တိကာ။

ယေ ရူပါ၊ အကြင်ရုပ်တို့သည်။ အတ္တဘာဝသင်္ခါတံ၊ အတ္တဘောဟုဆို အပ်သော။ အတ္တာနံ၊ ခန္ဓာကိုယ်ကို။ အဓိကိစ္စ ဥဒ္ဒိသာ၊ ရည်ညွှန်းထောက်ပံ့၍။ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ရည်ညွှန်းထောက်ပံ့၍ ဖြစ်တတ် သောသတ္တိကြောင့်။ တေ ရူပါ၊ ထိုရုပ်တို့သည်။ အဇ္ဈတ္တိကာ။ အဇ္ဈတ္တိက ရုပ်တို့မည်ကုန်၏။

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ပသာဒတည်းဟူသော ငါတို့ ငါးဦးတို့သည် အကယ်၍ မဖြစ်ကုန်မူကား....သင်အတ္တဘောသည် မည်သို့သော ကိစ္စမျှမရှိပဲ လဲ၍ခြော သွေ့သော ထင်းတုံးကဲ့သို့သာ ဖြစ်ရာလတ္တံ့ဟု ဆိုဘိ သကဲ့သို့ ဤခန္ဓာကိုယ်ကို အထူးသဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့် အဇ္ဈတ္တိကရုပ် မည်၏။ ဤမှကြွင်းသော ရုပ် ၂၃-ခုကား ဤကဲ့သို့ ကျေးဇူးမပြု တတ်သောကြောင့် ဗာဟိရရုပ် မည်၏ ဟူလိုသည်။

တနည်းကား –

အတ္တသင်္ခါတံ စိတ္တံ အဓိကိစ္စ တဿ ဒွါရဘာဝေန ပဝတ္တတီတိ အဇ္ဈတ္တံ။

ယံ ပသာဒရူပံ၊ အကြင်ပသာဒရုပ်သည်။ အတ္တသင်္ခါတံ၊ အတ္တဟုဆို အပ်သော။ စိတ္တံ၊ စိတ်ကို။ အဓိကိစ္စ၊ စွဲ၍။ တဿ၊ ထိုစိတ်၏။ ဒွါရဘာဝေန၊ တံခါး၏ အဖြစ်ဖြင့်။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ တံပသာဒရူပံ၊ ထိုပသာဒရုပ်သည်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တမည်၏။

ဤရုပ် ငါးခုတို့သည် စိတ်ကိုစွဲ၍ ထိုစိတ်၏ ထွက်ရာ ဝင်ရာ, ဒွါရ၏ အဖြစ် ဖြင့် ဖြစ်တတ်သောကြောင့် အဇ္ဈတ္တိကရုပ်မည်၏။ ကြွင်းသောရုပ်တို့သည် စိတ်မှ အပဖြစ်သောကြောင့် ဗာဟိရရုပ်မည်၏ ဟူလိုသည်။

အာရမ္မဏံ အရတိ ဇာနာတီတိ အတ္တာ။

ယံ စိတ္တံ၊ အကြင်စိတ်သည်။ အာရမ္မဏံ၊ အာရုံကို။ အရတိ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ တံစိတ္တံ၊ ထိုစိတ်သည်၊ အတ္တာ၊ အတ္တာမည်၏။ ဤသို့ဝိဂ္ဂဟ်ပြု။ သုခ်တတ္တာ၌ အတ္တသဒ္ဒါသည် စိတ်ကိုဟောသကဲ့သို့ ဤအတ္တ သဒ္ဒါလည်း စိတ်ကိုဟောသည်။

## ၂၆၃-ဒွါရ ၆-ပါး ဖြစ်သော်ငြားလည်း ဒွါရရုပ် ၇-ပါးဖြစ်ပုံကို ပြခြင်း

မေး။ ။ဒွါရ ၆-မည်၊ ရှိပါသည်ကို၊ ရုပ်မည်တရုပ်။ ဝိညတ်ခု၍၊ ၇-စုသာ ပြသည်မှာ ဒွါရဘယ်ကြောင့်ပွါးသနည်း။

ဖြေ။ ။ဒွါရ ၆ ပါးတို့တွင် ရုပ်ဒွါရ ၅-ပါး၊ နာမ်ဒွါရ ၁-ပါးရှိသည်။ ထိုတွင် စက္ခုပသာဒရုပ်သည် စက္ခုဝိညာဉ်စသော ၄၆-ပါးသော စိတ်တို့၏ ထွက်ရာ၊ ဝင်ရာ ဖြစ်သောကြောင့် စက္ခုဒွါရ မည်သည်။

သောတပသာဒရုပ် စသည်မှာလည်း သောတဝိညာဉ်စသော ၄၆-ပါး သောစိတ်တို့၏ ထွက်ရာ၊ ဝင်ရာဖြစ်သောကြောင့် သောတဒွါရ စသည် မည်သည်။

ကာယဝိညတ်ရုပ် သည်ကား ပါဏာတိပါတ်စသော ကာယကံ ၃-ပါးတို့၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်၍ ကာယဒွါရ မည်သည်။

ဝစီဝိညတ်သည်လည်း မုသာဝါဒစသော ဝစီကံ ၄-ပါးတို့၏ ဖြစ်ရာဖြစ် ကြောင်းဖြစ်၍ ဝစီဒွါရ မည်သည်။

ဤသို့ စိတ်၏ဖြစ်ကြောင်း ဒွါရ ၅-ပါး၊ ကံ၏ ဖြစ်ကြောင်းဒွါရ ၂-ပါးကို ပေါင်းသောအားဖြင့် ရုပ်ဒွါရ ၇-ပါးပြားလေသည်။ နာမ်ဒွါရမှာ အပြားမရှိ။ ရှေးရှေးသောစိတ်သည် နောက်နောက်သောစိတ်၏ ဖြစ်ကြောင်း ဖြစ်၍ စိတ်ဟူသမျှ ဒွါရမည်သည် ချည်းဟူပေ။

## ၂၆၄—ဒွါရရုပ်မည်ကြောင်းကို ပြခြင်း

ဒုဝေ ဇနာ အရန္တိ ဂစ္ဆန္တိ ဧတေနာတိ ဒွါရံ။

ဧတေန၊ ဤတံခါးဖြင့်။ ဒုဝေ ဇနာ၊ ထွက်သူ၊ ဝင်သား လူနှစ်ပါးတို့သည်။ အရန္တိ ဂစ္ဆန္တိ၊ သွားလာ ဝင်ထွက်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ သွားလာ ကြောင်း ဖြစ်သောကြောင့်။ ဒွါရံ၊ ဒွါရမည်၏။ (ပကတိတံခါးရ၏။)

ဒွါရံ ဝိယာတိ ဒွါရံ။

ဒွါရံ ဝိယ၊ တံခါးကဲ့သို့ ဖြစ်သည်ဟည်း။ ဒွါရံ၊ တံခါးကဲ့သို့ ဖြစ်သည်။ စိတ်တို့၏၎င်း၊ ကံတို့၏၎င်း ဖြစ်ရာဖြစ်၍ တံခါးနှင့် တူသော ပသာဒရုပ်၊ ဝိညတ်ရုပ်ရ၏။

## ၂၆၅—ဣန္ဒြိယရုပ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ရှစ်ပါးသောရုပ်တို့သည် ဘယ်သို့ အစိုးရသောကြောင့် ဣန္ဒြိယရုပ်မည်သနည်း။

ဖြေ။ ။ပဉ္စဝိညာဏေသု လိင်္ဂါဒီသု သဟဇာတရူပပရိပါလနေ • စ အာဓိပစ္စယောဂတော—

ဟူသော ဋီကာနှင့်အညီ ပသာဒရုပ်တို့သည် မိမိ၏ ကြည်လင်ခြင်းဖြင့် ပညတ်ဝိညာဉ်၏ ထက်သောအဖြစ်ကို, မိမိ၏ မကြည်လင်ခြင်းဖြင့် ထိုဝိညာဉ်တို့၏ နုံ့သော အဖြစ်ကို ဖြစ်စေတတ်ရကား ဝိညာဉ် (၅) ပါးကို စီရင်ခြင်း၌ အစိုးရသည်။ ဣတ္ထိဘော, ပုမ္ဘောသည် ဣတ္ထိလိင်္ဂ စသည်တို့ကို ဖြစ်စေခြင်း၌ အစိုးရသည်၊ ဇီဝိတိန္ဒြေသည် ကံကြောင့်ဖြစ်သောရုပ်တို့ကို စောင့်ခြင်း၌ အစိုးရသည် ဟူပေ။

ဘယ်သို့ စောင့်သနည်းဟူငြားအံ့၊ အကြင်ကမ္မဇရုပ်တို့၏ ဧကူနပညာသစိတ္တက္ခဏ၌ တည်ခြင်းသည် ဇီဝိတိန္ဒြေစောင့်သောကြောင့်သာ ကည်သည်၊ မစောင့်မူ မတည်နိုင်။ ဇီဝိတိန္ဒြေလည်း မိမိစောင့်အပ်သော ဧကစ္စ, သောတ စသောတရားတို့နှင့် စပ်သဖြင့်သာလျှင် တည်၏။

ဥပမာ ဘယ်ကဲ့သို့နည်းဟူမူ လှေကို မတိမ်းမစောင်းအောင် စောင့်သော လှေသူကြီးသည် မိမိကလည်း လှေကို စောင့်သည်။ လှေကို မှီ၍လည်း မိမိ ရေပေါ်၌ တည်နိုင်သကဲ့သို့တည်း။

## ၂၆၆—ရုပ်ဇီဝိတ၏ ရုပ်တိုင်း အစိုးမရပုံ

မေး။ ။ရုပ်ဇီဝိတ၊ အစိုးရလော်၊ တက္ကညည်း၊ ကလာပ်စုံကို အကုန်စိုးရပါလေသလော။

ဖြေ။ ။စိတ္တဇ, ဥတုဇ, အာဟာရဇတို့ကို အစိုးမရ၊ ကမ္မဇကလာပ်ကိုသာ အစိုးရ၏။ ထို့ကြောင့်—

ဇီဝိတသ ဒ္ အမ္မဇပရိပါလနေ အာဓိပစ္စံ—

ဟူ၍ မိန့်သည်။

## ၂၆၇—ဩဠာရိကရုပ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ပရမတ်ချင်းသာ၊ တူသင့်ပါလျက်၊ ပသာဒါဝိသယ၊ ရုပ်နှစ်ဆယ်ကို၊ ဩဠာရိက ဘယ့်ကြောင့်ဆိုသနည်း။

ဖြေ။ ။ဝိသယဂေါစရယိဘာဝပဝတ္တိဝသေန ထူလတ္တာ ဩဠာရိကရုပ်-ဟူသော ဋီကာနှင့်အညီ ကျက်စားရာ၌ ကျက်စားတတ်သောအဖြစ်သို့ ရောက်သည်၏အစွမ်းဖြင့် ရုန့်ရင်းသည်၏ အဖြစ်ကြောင့် ဩဠာရိကရုပ် မည်သည်။

ပုံကား။ ။ဣတ္ထိလိင်, ပုလ္လိင်တို့ဖြင့် ပြုအပ်သော ကိစ္စသည် ရုန့်ရင်းသော ကြောင့် လိင်ကိုလည်း ဩဠာရိက, ဒုဠုလ္လဆိုရသကဲ့သို့ ဟူလိုသည်။

၂၆၈—သန္တိကေရုပ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ဘယ့်ကြောင့် သန္တိကေရုပ် မည်သနည်း။

ဖြေ။ ။တတောဝေဝ ဂဟဏဿ သုကရတ္တာ သန္တိကေ ရုပ်-ဟူသော ဋီကာနှင့်အညီ ထိုသို့ ရုန့်ရင်းသည်၏ အဖြစ်ကြောင့် ဉာဏ်ဖြင့် သိလွယ်သည် ဖြစ်၍ အသိဉာဏ်နှင့် နီးရကား သန္တိကေရုပ် မည်သည်။

၂၆၉—သပ္ပဋိဃရုပ် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ဘယ့်ကြောင့် သပ္ပဋိဃ မည်သနည်း။

ဖြေ။ ။အာရုံ, ပသာဒတို့သည် အချင်းချင်း ဆိုင်မိသည်ဖြစ်၍ သူနှစ်ယောက်တို့၏ ထိပါးခြင်းနှင့် တူရကား သပ္ပဋိဃရုပ် မည်သည်။

ဤမှ ကြွင်းသော ရုပ် ၁၆-ပါးသည် သိမ်မွေ့လှသောကြောင့် သုခုမရုပ်လည်း မည်သည်။ သိခြင်းငှါ ခဲယဉ်းဖြစ်၍ အသိဉာဏ်နှင့် ဝေးသောကြောင့် ဒူရေရုပ်လည်း မည်သည်။ အာရုံနှင့် ထိပါးခြင်းမရှိသောကြောင့် အပ္ပဋိဃရုပ်လည်း မည်သည်။

၂၇၀—သနိဒဿနရုပ် ခေါ်ဆိုရပုံကို ပြခြင်း

ရူပါရုံကို သနိဒဿနရုပ်ဟု အမည်မှည့်ရာ၌ သနိဒဿနသဒ္ဒါကို နိဒဿနေန သဟ ယံ ပဝတ္တတီတိ သနိဒဿနံ-ဟု ဝိဂ္ဂြိုဟ်ပြု။

ယံ ရုပ်၊ အကြင်ရုပ်သည်။ နိဒဿနေန၊ မြင်အပ်သော အဖြစ်နှင့်။ သဟ၊ တကွ။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သနိဒဿနံ၊ သနိဒဿနမည်၏။

မြင်အပ်သောအဖြစ်ဆိုလျှင် အဋ္ဌကလာပ်၌ ရုပ် ၇-ပါးမှ အသီးဖြစ်သော စက္ခုဝိညာဉ်၏ အာရုံဖြစ်ထိုက်သော ဝဏ္ဏာယတနကို ရသည်။

ယင်းသို့ နိဒဿနသဒ္ဒါဖြင့် ဝဏ္ဏာယတန ကိုရပြီးလျက် သဟသဒ္ဒါဖြင့် မြင်အပ်သောအဖြစ်နှင့်တကွဖြစ်သည်ဟု ဆိုပြန်ခြင်းသည် တရားအသီးရှိသေးသလော ဟု စောဒနာ—

ရူပါရုံမှတပါး အခြားမရှိပြီ၊ မရှိသော်လည်း အပြားရှိသကဲ့သို့ ခေါ်ခြင်းသည် သိလာပုတ္တကသရိယံ၌ ကိုယ်နှင့်ကျောက်သား အပြားမရှိသော်လည်း အပြားရှိသကဲ့သို့ တင်စား၍ခေါ်သော "အဘေဒဘေဒူပစာရ" နည်းသာ ဖြစ်သည်ဟု ဖြေအပ်၏။

ထို့ကြောင့် ဋီကာ၌—

> ဓမ္မဘာဝသာမညေန ဟိ ဧကီဘူတေသု ဓမ္မေသု ယော နာနတ္တကရော ဝိသေသော၊ သော အညော ဝိယ ကတွာ ဥပစရိတုံ ယုတ္တော—

ဟူ၍မိန့်အပ်၏။

ဟိ၊ ထင်စေဦးအံ့။ ဓမ္မဘာဝသာမညေန၊ ဓမ္မသဘောအားဖြင့်တူသည်၏ အဖြစ်ကြောင့်။ ဧကီဘူတေသု၊ တခုတည်းကဲ့သို့ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ နာနတ္တကရော၊ တူသည်၏အဖြစ်ကိုပြုတတ်သော။ ယော ဝိသေသော၊ အကြင်အထူးသည်။ အတ္ထိ၊ ရှိ၏။ သော ဝိသေသော၊ ထိုအထူးကို။ အညော-ဝိယ၊ တပါးတရားကဲ့သို့။ ကတွာ၊ ပြု၍။ ဥပစရိတုံ၊ တင်စား၍ခေါ် ဝေါ်ခြင်းငှါ။ ယုတ္တော၊ သင့်၏။

## ၂၇၁-ဥပစာနည်းဖြင့် ဂေါစရဂ္ဂါဟိကရုပ် ခေါ်ဆိုရပုံကို ပြခြင်း

**မေး။** ။ရုပ်အကုန်ပင်၊ အာရုံစွဲကပ်၊ မယူတတ်ဟု၊ ပြလတ်ပြီးလျက်၊ ငါးချက်ပသာဒ၊ ရုပ်ဓမ္မကို၊ အသမ္ဗုတ္တ သမ္ဗုတ္တဖြင့်၊ ဂေါစရဂ္ဂါဟိက နာမဘယ့်ကြောင့် မှည့်သနည်း။

**ဖြေ။** ။ဤရုပ် ငါးပါးကိုမှီ၍ ပဉ္စဝိညာဉ်တို့သည် အာရုံကိုယူတတ်ကုန်ရကား ဌာနီဖြစ်သော ဝိညာဉ်တို့၏ ဂေါစရဂ္ဂါဟိက ဟူသောအမည်ကို ဌာနဖြစ်သောရုပ်၌တင်စား၍ ရုပ်တရားတို့ကိုလည်း ဂေါစရဂ္ဂါဟိက ဟု "ဌာနျူပစာရ" နည်းအားဖြင့် ပညတ်လေသည်ဟူပေ။

## ၂၇၂-ဂေါစရရုပ်ငါးပါးတွင် စကျသော နှစ်ပါးတို့၏အသမ္ပတ္တရုပ်ဖြစ်ပုံကို ပြခြင်း

ဂေါစရံ ဂဏှန္တီတိ ဂေါစရဂ္ဂါဟိကာ။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ ဂေါစရံ၊ အာရုံကို။ ဂဏှန္တိ၊ ယူတတ်ကုန်

၏။ ဉာတိ၊ ထိုကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဂေါစရဂ္ဂါဟိကာ၊ ဂေါစရဂ္ဂါဟိက တို့မည်ကုန်၏။

ထိုရုပ် ၅-ပါးတို့တွင် စက္ခု, သောတ နှစ်ပါးတို့သည် မိမိသို့လည်း အာရုံ မရောက်လာ အာရုံရှိရာသို့လည်း မိမိတို့မရောက်သည်ဖြစ်၍ ယူတတ်သော ကြောင့် အသမ္ပတ္တဂါဟ မည်ကုန်၏။

စက္ခု, သောတ နှစ်ပါးတို့သည် အာရုံရှိရာသို့သွား၍ ယူ၏ဟုဆိုသော် အဘယ် အပြစ်ရှိရာသနည်း ဟူငြားအံ့။ စက္ခု, သောတ နှစ်ပါးတို့သည် အာရုံရှိရာသို့ သွား၍ ယူ၏ဟုဆိုခဲ့သော် ပသာဒစက္ခု, ပသာဒသောတဖြင့် မမြင်မကြားကောင်း သော ဝေးသော ဌာန၌တည်သော ရူပါရုံ, သဒ္ဒါရုံ၊ ဖုံးလွှမ်းရာ၌တည်သော ရူပါရုံ, သဒ္ဒါရုံ၊ သိမ်မွေ့သော ရူပါရုံ, သဒ္ဒါရုံတို့သည် ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ၏ အာရုံဖြစ် ၏ဟူသောစကားသည် ပျက်ငြားရာ၏။

ဘယ့်ကြောင့်နည်းဟူမူ အာရမ္မဏိကတို့ သွားလေသောကြောင့် ဒူရမဖြစ် နိုင်ရာပြီ၊ ပဋိစ္ဆန္နလည်းမဖြစ်နိုင်ရာပြီ၊ ဤသို့သောအပြစ်သည် ရောက်၏ ဟူပေ။

ဤအပြစ်သာလျှင် ဖြစ်ရာသလော ဤမှတပါး ထင်ရှားလောက်သော အပြစ်ကို ဘယ်သို့ သိရာသနည်းဟူငြားအံ့။

> ယဒိ စေတံ ဒွယံ အတ္တ-သမီပံယေဝ ဂဏှတိ။
> အက္ခိဝဏ္ဏံ တထာ မူလံ၊ ပဿေယျ ဘမုကာသု စ။
>
> ဒိသာဒေသဝဝတ္ထာနံ၊ သဒ္ဒသ္သ န ဘဝေယျ စ။
> သိယာ စ သရဝေခိဿ၊ သကဏ္ဏေ သရပါတနံ။

တေံ ဒွယံ၊ ဤစက္ခု, သောတ နှစ်ပါးအပေါင်းသည်။ အတ္တသမီပံယေဝ၊ မိမိ၏ အနီးဖြစ်သော အာရုံကိုသာလျှင်။ ယဒိ ဂဏှတိ၊ အကယ်၍ယူသည်ဖြစ်အံ့။ ဝေံသတိ၊ ဤသို့ယူသည်ရှိသော်။ အက္ခိဝဏ္ဏံ၊ မျက်စိ၏အဆင်းကို။ ပဿေယျ၊ မြင်ရာ၏။ တထာ၊ ထို့အတူ။ ဘမုကာသု၊ မျက်မှောင်၏။ မူလဥ္စ၊ အရင်းကိုလည်း။ ပဿေယျ၊ မြင်ရာ၏။

သဒ္ဒဿ၊ အသံ၏။ ဒိသာဒေသဝဝတ္ထာနဥ္စ၊ ဤအသံသည် ဤမည်သော ဒေသ၌ဖြစ်၏ဟု သဒ္ဒရှိရာသို့သွား၍ မှတ်ခြင်းသည်လည်း။ န ဘဝေယျ၊ မဖြစ်ရာ။ ယဒိ ဘဝေယျ၊ အကယ်၍ဖြစ်ငြားအံ့။ သရဝေခိဿ၊ အသံကိုနားထောင်၍ ပစ်သော လေးသမား၏။ သကဏ္ဏေ၊ မိမိနားတွင်း၌။ သရပါတနံ၊ မြားကျခြင်း သည်။ သိယာ၊ ဖြစ်ရာ၏။

**အဓိပ္ပါယ်အကျဉ်းကား**၊ ၊စက္ခုသည် ရူပါရုံရှိရာသို့သွား၍ အနီးသို့ရောက်မှ မြင်သည်ဖြစ်အံ့။ မိမိနှင့်အလွန်နီးသော မျက်လုံး၏အဆင်းကိုလည်း မြင်ရာ၏။

မျက်မှောင်၏အရင်း မျက်ကွင်းကိုလည်း မြင်ရာ၏။ ထိုသို့ကားမမြင် ထို့ကြောင့် အာရုံရှိရာသို့ မသွားကြောင်းကို သိအပ်၏။

သောတသည် သဒ္ဒါရုံရှိရာသို့သွား၍ မှတ်သားကာ ယူသည်ဖြစ်အံ့။ အသံကို နားထောင်၍ပစ်သော လေးသမားသည် မိမိနားတွင်းသို့ အသံဝင်လေသော ကြောင့် ထိုအသံကိုပစ်ရသဖြင့် နားတွင်းသို့ မြားကျလေရာ၏။ ယင်းသို့ လည်းမကျရကား သဒ္ဒရှိရာသို့ မသွားကြောင်းကို သိအပ်၏ ဟူလို။

## ၂၄၃-အဝိနိဗ္ဘောဂရုပ် ၈-ပါးတွင်
## ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ရုပ်ကို ပြခြင်း

၁။ ဝဏ္ဏိတဗ္ဗော ဒဋ္ဌဗ္ဗောတိ ဝဏ္ဏော။

ယော ရူပဓမ္မော၊ အကြင်ရုပ်တရားကို။ ဝဏ္ဏိတဗ္ဗော ဒဋ္ဌဗ္ဗော၊ မြင်အပ်၏။ ဣတိ၊ ထိုကြောင့်။ သော ရူပဓမ္မော၊ ထိုရုပ်တရားသည်။ ဝဏ္ဏော၊ ဝဏ္ဏ မည်၏။

၂။ ဂန္ဓယတိ သူစေတီတိ ဂန္ဓော။

ယော ရူပ ဓမ္မော၊ အကြင်ရုပ်တရားသည်။ အတ္တနော ဝတ္ထုံ ၊ မိမိ၏ မှီရာကို။ ဂန္ဓယတိ သူစေတိ၊ ပြတတ်၏။ ဝါ၊ ကုန်းချောသကဲ့သို့ပြုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂန္ဓော၊ ဂန္ဓမည်၏။

၃။ ရသန္တိ အသာဒေန္တိ ဧတေနာတိ ရသော။
ဧတေန၊ ဤရုပ်တရားဖြင့်။ ရသန္တိ အသာဒေန္တိ၊ သာယာတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့သာယာကြောင်း ဖြစ်သောသတ္တိကြောင့်။ ရသော၊ ရသ မည်၏။

၄။ အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ ဩဇာ။

ယော ရူပဓမ္မော၊ အကြင်ရုပ်တရားသည်။ အတ္တနော၊ မိမိ၏။ ဥဒယာနန္တရံ၊ ဖြစ်သည်၏ အခြားမဲ့၌။ ရူပံ၊ ရုပ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ရူပဓမ္မော၊ ထိုရုပ်တရားသည်။ ဩဇာ၊ ဩဇာမည်၏။

နတ္ထိ ဝိသုံ ဝိသုံ နိဗ္ဘောဂေါ ပဝတ္တိ ယေသန္တိ အဝိနိဗ္ဘောဂေါ။

ယေသံ၊ အကြင်ရုပ်တရားတို့အား။ ဝိသုံ ဝိသုံ၊ အသီးအသီး၊ နိဗ္ဘောဂေါ ပဝတ္တိ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ အသီးအသီးဖြစ်ခြင်း မရှိသော သတ္တိကြောင့်။ သော ရူပဓမ္မော၊ ထိုရုပ်တရားသည်။ အဝိနိဗ္ဘောဂေါ၊ အဝိနိဗ္ဘောဂ မည်၏။

ဤရှစ်ပါးသောရုပ်တို့သည် တရံတခါမျှ ခွဲခြား၍ အသီးအသီးမဖြစ်ကောင်း တပေါင်းတည်းသာဖြစ်တတ်၏ ဟူလိုသည်။

အသီးအသီး ခွဲခြမ်း၍ မဖြစ်ဟူသော် ရူပဘုံ၌ ဂန္ဓ, ရသ, ဩဇာတို့မရှိသင့် တကား အသညသတ်ဘုံ၌လည်း ဂန္ဓ, ရသ, ဩဇာတို့ကို ဇီဝိတဆက္ကသာရှိသည် ဟု မူလဋီကာ ဆိုသည်မဟုတ်လော ဟူငြားအံ့။

ရူပလောကေ ဂန္ဓာဒီနံ အဘာဝဝါဒိမတမ္ပိ ဟိ တတ္ထ တတ္ထ အာစရိယေဟိ ပဋိက္ခိတ္တမေဝ–

ဟုဋီကာမိန့်ပြီ။

ရူပလောကေ၊ ရူပဗြဟ္မာဘုံ၌။ ဂန္ဓာဒီနံ၊ ဂန္ဓစသည်တို့၏၊ အဘာဝဝါဒိမတမ္ပိ၊ မရှိဟူသော မူလဋီကာအယူကိုလည်း။ တတ္ထ တတ္ထ၊ ထိုထိုသော ဋီကာ အနုဋီကာတို့၌။ အာစရိယေဟိ၊ ဆရာတို့သည်။ ပဋိက္ခိတ္တမေဝ၊ ပယ်အပ်ကုန်သည် သာတည်း။

## ၂၇၄-လူတို့ကိုယ်ကို သုံးပိုင်းပိုင်း၍ ရသင့်တိုင်းသော ရုပ်တို့ကို ပြခြင်း

**မေး**။ ။လည်ချောင်းနှင့် ချက်၊ ၃ စုံက်၍၊ အသက်မျှရှောင်း၊တကိုယ် ကောင်းတွင်၊ရုပ်ပေါင်းဘယ်မျှ ရသနည်း။

ဖြေ။ ။လူတကိုယ်တွင် ၃-ဖို့ပြုသော် ဦးခေါင်းပိုင်း၌ ကမ္မဇကလာပ် ၆-စည်း တို့တွင် ဝတ္ထုဒသက ကိုလှပ်၍ ကျန် ၈-စည်းကို ရကောင်းသည်။

အလယ်ပိုင်း၌ စက္ခု,သောတ, ဃာန, ဇိဝှါ ဒသကတို့ကိုလှပ်၍ ကြွင်းသော ကာယ ဘာဝ ဟဒယ ဇီဝိတ အားဖြင့် ၄- စည်းရကောင်းသည်။

အောက်ပိုင်း၌ကာယ, ဘာဝ, ဇီဝိတအားဖြင့် ၃-စည်းသော ကလာပ်ကိုသာ ရကောင်းသည်။

စိတ္တဇကလာပ်, ဥတုဇကလာပ်,အာဟာရဇကလာပ် တို့ကိုကား ၃- ပိုင်းလုံး၌ပင် ထပ်တူချည်းရကောင်းသည်။

**ထို့ကြောင့်** ဆရာတို့သည်

တိကောဋ္ဌာသ၊ လူ့အတ္တတွင်၊ အဋ္ဌထက်ပုံ၊ မဇ္ဈိမ့်ဘုံ၊ အောက်စုတြဲကာ၊ ကမ္မဇတွင်၊ တိဇရုပ်သာ၊ ချောယူပါ ဟူ၍ မိန့်ကုန်၏။

## ၂၇၅-ခေါက်၍မေးက ရုပ်သေးတရာ ရပုံကို ပြခြင်း

မေး။ ။ခွက်ကိုမှောက်၍၊ မခေါက်ခင်က၊ ရုပ်ဘယ်မျှ၊ ခေါက်၍မေးသော် ရုပ်သေးဘယ်မျှ ထွက်သနည်း။

ဖြေ။ ။ခွက်၌ ဥတုဇ အဋ္ဌကလာပ်ဖြစ်၍ ရုပ်ရှစ်ခုသာ ရသည် ခေါက်သောကာလ အသံဖြစ်လတ်သော် သဒ္ဒနဝက ကလာပ်ဖြစ်သည်။ ထိုနှင်ပါးကို ပေါင်းသော် ၁၇-ဖြစ်သည်၊ အကြားန်၌ ပရိစ္ဆေဒရုပ်ကား ၁၅-ခုရသည်။ ဤနှစ်ရုပ်ကိုစပ်သော် ၃၂- ခုဖြစ်သည်။

ထို ၃၂-ခုကို လဟုတာ, မုဒုတာ, ကမ္မညတာ ဟူသောရုပ် ၃-ပါးနှင့် မြှောက်သော် ၉၆- ပါးရသည်။

ထိုတွင်လက္ခဏာရုပ် ၄-ခုထည့်၍ရုပ်ပေါင်း တရာရ၏။

ထိုကြောင့်-ဆရာတို့သည် -

ခေါက်၍မေးက၊ ရုပ်သေးအရ၊ သုဒ္ဓဋ္ဌနှင့်၊ နဝကလာပ်၊ သတ္တရသ်ဝယ်၊ ပိုင်းဖြတ်ခြင်းငှာ၊ အာကာသဓာတ်၊ ပန္နရသ်လောင်း၊ ချင့်ပေါင်းရူပ၊ ဒွတ္တိံသမှာ၊ သတ္တိရှာ၍၊ တာ ၃-ခုမြှောက်၊ ဆင့်လျှောက်လက္ခဏာ၊ လေးနုလာက၊ တရာပြည့်ရိုး၊ လူ့ထိပ်မိုး-
ဟူ၍ စပ်ဆိုကုန်သည်။

## ၂၇၆-လဟုတာဒိတ္တယရုပ်တို့၏ ဝိကာရမည်ပုံကို ပြခြင်း

မေး။ ။ဝိညတ်စုတွင်၊ တခုခုသာ၊ ဝိကာရမည်၊ ဟောခဲ့သည်မှာ သည့်ပြင်မဖောက်ပြန်ပြီလော။

ဖြေ။ ။ကာယဝိညတ်ကြောင့်ပင် လဟုတာ, မုဒုတာ, ကမ္မညတာ တည်းဟူသော ရုပ် ၃-ပါးလည်း ဖြစ်လေရကား ဤသုံးပါးလည်း ဝိကာရပင် မည်၏။

ထို့ကြောင့် ဋီကာ၌—

> အညမညံ အဝိဇဟန္တဿပိ ဟိ လဟုတာဒိတ္တယဿ တံတံဝိကာရာ-
> ဓိကရူပေဟိ နာနတ္တံ ဝုတ္တံ—

ဟူ၍ မိန့်သည်။

ဟိ၊ အကြောင်းကို ပြဦးအံ့။ အညမညံ၊ အချင်းချင်း ။အဝိဇဟန္တဿပိ၊ တကလာပ်တည်းဖြစ်၍ မစွန့်ကြသော်လည်း။ လဟုတာဒိတ္တယဿ၊ လဟုတာ

စသော ရုပ် ၃-ပါးအပေါင်း၏။ တံတံဝိကာရာမိကရှာေယတိ၊ ထိုထိုသော ဖောက်ပြန်ခြင်းအလွန်ရှိသော ရုပ်တို့ဖြင့်။ နာနတ္တံ၊ ထူးသည်၏အဖြစ်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။

လျင်စွာထလို ထိခိုက်လိုသော သူ၏တေသမုဋ္ဌာနိကဖြစ်သော နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်ခြင်းသည် လဟုတာ မည်၏။

နူးညံ့စွာ ထလို ထိခိုက်လိုသော သူ၏ တေသမုဋ္ဌာနိကဖြစ်သော နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်ခြင်းသည် မုဒုတာ မည်၏။

အမှုအားလျော်စွာ ထလိုထိခိုက်လိုသော သူ၏ ထိုရုပ်တို့၏ ဖောက်ပြန်ခြင်းသည် ကမ္မညတာ မည်၏ ဟုလိုသည်။

## ၂၃၇-ဩဇာရုပ်၏ သဏ္ဍာန်ကို ပြခြင်း

မေး။ ။ကလာပ်စည်းရာ ဖွဲ့တိုင်းပါသည်၊ ဩဇာရုပ်ကို၊ အဟုတ်အမှန် သဏ္ဍာန် ဘယ်သို့ ထုတ်သနည်း။

ဖြေ။ ။အဇ္ဈောဟရိတဗ္ဗာဟာရေ သိနေဟဘူတာ ဩဇာ ဣဓ အာဟာရ ရူပံ နာမ-

ဟူသော ဋီကာနှင့် အညီ မျိုအပ်သော ထမင်းအစရှိသော အာဟာရတို့၏ အစေး, အဆီ ဖြစ်သော ဩဇာသည် ဤ၌ အာဟာရရုပ်မည်၏ ဟူရကား ဩဇာသည် စိုသော မြေစိုင်၌ နှံ့သော အာပေါဓာတ်သဏ္ဍာန်ရှိ၏ ဟူ၍ ထုတ်ရမည်။

ဤကား ရူပဝိဘာဂ၌ သိမှတ်ဖွယ်တည်း။

---

## ၂၃၈—ကံသည် ရုပ်ကို ဖြစ်စေ၏ ဆိုရာ၌ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်နှင့် မဆန့်ကျင်ပုံကို ပြခြင်း

ရူပသမုဋ္ဌာန်၌ ကာမကုသိုလ်, အကုသိုလ်, ရူပကုသိုလ်အားဖြင့် ၂၅-ပါးသော စိတ်၌ ယှဉ်သော စေတနာတည်းဟူသော ကံသည် ကမ္မဇရုပ်ကို ဖြစ်စေ၏ ဆိုသော်—ပဋိစ္စသမုပ္ပါဒ်ပါဠိတော်၌ သင်္ခါရပစ္စယာ ဝိညာဏံ, ဝိညာဏပစ္စယာ နာမရူပံ ဟူသော ပါဠိဖြင့် ကုသိုလ်, အကုသိုလ်ကံ ဟူသော သင်္ခါရသည် ဝိညာဉ်ကို ဖြစ်စေသည်။ ဝိညာဉ်သည် စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ ဟူသော နာမ်, ရုပ်ကို ဖြစ်စေသည်ဟူသော ဒေသနာနှင့် ဘယ်သို့ညီပါအံ့နည်း ဟူမူ—

တိဏေဟိ၊ မြက်ထင်းတို့ကြောင့်။ ဘတ္တံ၊ ထမင်းသည်၊ သိဒ္ဓံ၊ ကျက်၏။ ဤ၌ မီးကြောင့်သာ ထမင်းကျက်သည်ကို မီးလည်း မြက်ထင်းကြောင့် ဖြစ်ရကား အကြောင်းရင်းသို့ လိုက်သောအားဖြင့် ဝေါဟာရ ဖြစ်သကဲ့သို့ ဝိညတ်ကြောင့်ကား ရုပ်ဖြစ်သည်၊ ဝိညတ်လည်း ကံကြောင့် ဖြစ်ရကား အကြောင်းရင်းသို့ လိုက်သောအားဖြင့် ကံကြောင့် ဖြစ်၏ ဆိုသည်ဟူပေ။

ကာရဏသဒ္ဒါ·ပစ္စယသဒ္ဒါတို့ကား နီးသော အကြောင်းကို ဟောသည်။ သမုဋ္ဌာနသဒ္ဒါ၊ မူလသဒ္ဒါ တို့ကား ဝေးသော အကြောင်းကို ဟောသည်၊ ဝါ၊ အကြောင်းရင်းကို ဟောသည်။

## ၂၄၉—ရုပ်ကို မဖြစ်စေတတ်သော စိတ်တို့ကို ပြခြင်း

မေး။ ။ရုပ်ကို မဖြစ်စေနိုင်သော စိတ်ကားဘယ်မျှနည်း။

ဖြေ။ ။သဗ္ဗသတ္တာနဉ္စ ပဋိသန္ဓိစိတ္တံ, ခီဏာသဝါနံ စုတိစိတ္တံ, ဒွိပဉ္စဝိညာဏာနိ, စတ္တာရိ အရူပဝိပါကာနီတိ သောဠသ စိတ္တာနိ ရူပံ န သမုဋ္ဌာပေန္တိ—

ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ နှာ-၂၂-နှင့် အညီ ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်, ရဟန္တာတို့၏ စုတိစိတ်, ဒွေပဉ္စဝိညာဉ် ၁၀-အရူပဝိပါက် လေးခု ဤစိတ်တို့သည် ရုပ်ကို မဖြစ်စေတတ်ဟူလိုသည်။

ယင်းသို့ အဋ္ဌကထာကြီးဆိုပါလျက် သင်္ဂြိုဟ်၌ အရူပဝိပါက် ၄-ခုနှင့် ဒွေပဉ္စဝိညာဉ်ကိုသာ ဘယ့်ကြောင့် ကြဉ်သနည်းဟူငြားအံ့။ ။ပဋိသန္ဓေစိတ်, စုတိစိတ်တို့သည် ဘဝင်၌ အကျုံးဝင်သည်ဖြစ်၍ အရေအတွက် မပျက်ရာသောကြောင့် မကြဉ်သည်ဟူပေ။

**မူလဋီကာဆရာကား။** ။သဗ္ဗေသမ္ပိ စုတိစိတ္တံ ရူပံ န သမုဋ္ဌာပေတိဟူသော ပါဌ်ဖြင့် ခပ်သိမ်းသော သူတို့၏ စုတိစိတ်တို့ပင် ရုပ်ကို မဖြစ်စေတတ်ဟု ဆို၏။

**အနုဋီကာဆရာကား။** ။စုတိ၏ရှေးသတ္တရသမစိတ်မှစ၍ ရုပ်ကို မဖြစ်စေပြီဟု ဆို၏။

## ၂၅၀—ပဋိသန္ဓေစိတ်၏ ရုပ်ကို မဖြစ်စေနိုင်ခြင်းအကြောင်းကို ပြခြင်း

မေး။ ။ပဋိသန္ဓေစိတ်သည် ဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်သနည်း။

ဖြေ။ ။တတ္ထ ပဋိသန္ဓိစိတ္တံ တာဝ ဝတ္ထုနော ဒုဗ္ဗလတာယ အပ္ပတိဋ္ဌိတတာယ ပစ္စယဝေကလ္လတာယ, အာဂန္တုကတာယ စ ရူပံ န သမုဋ္ဌာပေတိ—

ဟူသော သမ္မောဟဝိနောဒနီ အဋ္ဌကထာ နှာ၂၂-နှင့် အညီ ပဋိသန္ဓေစိတ်သည် မှီရာဝတ္ထု

အားနည်းသည့်ဖြစ်၍ တည်ရာမရှိ‌ သေးသည်၏ အဖြစ်ကြောင့်၎င်း, အာဟာရ-စသောအထောက်အပံ့ကင်းသည်ဖြစ်၍ အာဂန္တုကသာ ဖြစ်သော့ကြောင့်၎င်း ရုပ်ကိုမဖြစ်စေနိုင်။

## ၂၈၁ – ရဟန္တာတို့စုတိစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ခြင်း၏ အကြောင်းကိုပြခြင်း

**မေး။** ။ရဟန္တာတို့၏စုတိသည် ဘယ့်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်သနည်း။

ဖြေ။ ။ခီဏာသဝဿ ပန စုတိစိတ္တံ ပဋ္ဌမူလဿ ဝူပသန္တတ္တာ န သမုဋ္ဌာ-ပေတိ–ဟူသော သမ္မောအဋ္ဌကထာ နှာ-၂၂-နှင့်အညီ ရဟန္တာတို့၏စုတိသည် ငြိမ်းပြီးသောဝဋ္ဋမူလရှိသည်၏အဖြစ်ကြောင့် မဖြစ်စေနိုင်။

## ၂၈၂ – ဒွေပဉ္စဝိညာဉ် ၁၀-၏ရုပ်ကိုမဖြစ်စေနိုင်ခြင်း အကြောင်း

**မေး။** ။ဒွေပဉ္စဝိညာဉ် ၁၀-သည် ဘယ့်ကြောင့်ရုပ်ကို မဖြစ်စေနိုင်သနည်း။

ဖြေ။ ။ဒွိပဉ္စဝိညာဏာနိ ဈာနင်္ဂ နတ္ထိ, မဂ္ဂင်္ဂ နတ္ထိ, ဟေတု နတ္ထီတိ စိတ္တင်္ဂ ဒုဗ္ဗလံ ဟောတိ၊ တသ္မာ န သမုဋ္ဌာပေတိ–

ဟူ၍ သမ္မောအဋ္ဌကထာ နှာ-၂၃-နှင့်အညီ ဒွေပဉ္စဝိညာဉ် ၁၀-တို့၌ ဝိတက်စသော ဈာနင်လည်းမရှိ၊ သမ္မာဒိဋ္ဌိ စသောမဂ္ဂင်လည်းမရှိ လောဘစသော ဟိတ်လည်း မရှိဖြစ်၍ စိတ်အင်္ဂါအလွန်အားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်။

## ၂၈၃ – အရူပဝိပါက်စိတ်တို့၏ ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

**မေး။** ။အရူပဝိပါက်စိတ်တို့သည် ဘယ့်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်သနည်း

ဖြေ။ ။ရူပဝိရာဂဘာဝနာ နိဗ္ဗတ္တတ္တာ-ဟူသောဋီကာနှင့်အညီ ရုပ်၌တပ်ခြင်းကင်းသော ဘာဝနာကံသည် ဖြစ်စေအပ်သောအကျိုးဖြစ်သောကြောင့် မဖြစ်စေဟူပေ။

## ၂၈၄ – ရုပ်ကိုဖြစ်စေတတ်သောစိတ်တို့၏ကိစ္စအထူးကိုပြခြင်း

အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော ၇၅-ပါးသောစိတ်တို့သည် စိတ္တဇရုပ်ကို ဖြစ်စေ၏ဟူသော်–အဘယ်စိတ်သည် အဘယ်ရုပ်ကိုဖြစ်စေသနည်း၊ ရုပ်ကိုဖြစ်စေခြင်းမှတပါး - အခြားကိစ္စကို မပြီးစေနိုင်လောဟု စောဒနာရန်ရှိ၍–

တတ္ထ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ–

ဟူသောပါဌ်ကို မိန့်၏။

**အဓိပ္ပါယ်ကား—**ထို ၇၅-ပါးတို့တွင် အပ္ပနာဇော သမ္ဗီသသည် သွားခြင်း, ရပ်ခြင်း စသော ဣရိယာပုထ်ကိုလည်း ခိုင်စေ၏။ စိတ္တဇရုပ်ကိုလည်း ဖြစ်စေ၏ ဟူလို။ ။(သမ္ဗိတ္တန အနက်ရှိသော ပိသဒ္ဒါဖြင့် ရှေးအနက်ကို ပေါင်းသည်။)

ဝုဋ္ဌော, ကာမဇောတခုယုတ် ၃၀, အဘိညာဉ်ဒွေ ဤ ၃၂-ပါးသောစိတ်တို့သည် ကာယဝိညတ်, ဝစီဝိညတ်ကိုလည်း ဖြစ်စေ၏။ ဣရိယာပုထ်ကိုလည်း ခိုင်စေ၏။ စိတ္တဇရုပ်ကိုလည်း ဖြစ်စေ၏။

ဤ ၃၂-ပါးတို့တွင် သောမနဿဇောတေရသတို့သည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေ၏။

ထို ၁၃-ပါးတို့တွင် ပုထုဇဉ်တို့သည် လောဘမူ သောမနဿ ၄-ပါး, မဟာကုသိုလ် သောမနဿ ၄-ပါး ဤ ၈-ပါးသော စိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။

သေက္ခပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၂-ပါး, ကုသိုလ်သောမနဿ ၄-ပါး ဤ ၆-ပါးသောစိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။

ရဟန္တာပုဂ္ဂိုလ်တို့သည် ဟသိတုပ္ပါဒ်, မဟာကြိယာ သောမနဿဇော ၄-ခု ဤ ၅-ပါးသောစိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။

ထို ၅-ပါးတို့တွင်လည်း ဘုရားသခင်တို့သည် သဟိတ်ကြိယာဇော ၄-ခုဖြင့်သာ ရယ်ရွှင်တော်မူကြကုန်၏။ အဟိတ်ဖြစ်သော ဟသိတုပ္ပါဒ်ဇောဖြင့် မရယ်ရွှင်ကြကုန်။ အဘယ့်ကြောင့်နည်းဟူမူ—ဘုရားသခင်တို့၏ အလုံးစုံသော ကာယကံတော်သည် ဉာဏ်လျှင်ရှေ့သွားရှိသောကြောင့် ဉာဏ်မယှဉ်သော ဟသိတုပ္ပါဒ်စိတ်ဖြင့် မရယ်ဟူ၍ အချို့ဆရာတို့ဆိုကုန်၏။ ထိုစကားသည် မသင့်။ ဟသိတုပ္ပါဒ်စိတ်တော်သည်လည်း ပုဗ္ဗေနိဝါသ, အနာဂတံသ, သဗ္ဗညုတ စသော ဉာဏ်တို့သို့ အစဉ်လိုက်လျက်သာလျှင် ဖြစ်ရကား ဟသိတုပ္ပါဒ်စိတ်ဖြင့် ရယ်သည်ပင်ဟူပေ။ ။[ဋီကာအဆို]

## ၂၈၅—ရယ်ခြင်း ၆-ပါးကို ပြခြင်း

**ဤရယ်ခြင်းသည်—**

| | |
|---|---|
| ၁။ သိတ၊ | ၄။ ဥပဟသိတ၊ |
| ၂။ ဟသိတ၊ | ၅။ အပဟသိတ၊ |
| ၃။ ဝိဟသိတ၊ | ၆။ အတိဟသိတ— |

ဟူ၍ ၆-ပါးအပြားရှိ၏။ ထို ၆-ပါးတို့တွင်—

မျက်နှာရှင်ရှုံ့ပြုံးခြင်းသည် သိတ မည်၏။

သွားပေါ်ရုံပြုံးခြင်းသည် ဟသိတ မည်၏။

အသံညင်းညင်းထွက်အောင် ရယ်ခြင်းသည် ဝိဟသိတ မည်၏။

မျက်ရည်ထွက်ရှိုရယ်ခြင်းသည် ဥပဟသိတ မည်၏။

ကိုယ်တုန်လှုပ်အောင်ရယ်ခြင်းသည် အပဟသိတ မည်၏။

လက်,ခြေ,အင်္ဂါတို့ကိုပစ်၍ ရယ်ခြင်းသည် အတိဟသိတ မည်၏။

ထို ၆-ပါးတို့တွင် သူမြတ်တို့ကား ရှေ့နှစ်ပါးဖြင့် ရယ်သည်။ သူလတ်တို့ကား အလယ်နှစ်ပါးဖြင့် ရယ်သည်၊ သူယုတ်တို့ကား နောက်နှစ်ပါးဖြင့် ရယ်သည် ဟူ၍ အလင်္ကာကျမ်း၌ ဆို၏။

## ၂၇၆-ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်တို့၏ ဖြစ်ရာကာလ အစ အဆုံးကို ပြခြင်း

ထိုစိတ်ကြောင့်ဖြစ်သော ရုပ်တို့သည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ စုတိစိတ်ဘိုင်အောင် ခပ်သိမ်းသောစိတ်တို့၏ ဥပါဒ်ဆဲကာလ၌သာ ဖြစ်ကုန်၏။ ဌီဘင်တို့၌ မဖြစ်ကုန်။

ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ကမ္မဇကလာပ်၌ပါသော တေဇောဓာတ်ဟုဆိုအပ်သော သီတ, ဥဏှဥတုသည် ပဋိသန္ဓေစိတ်၏ ဌီတိုင်သောအခါ ဥတုဇ အဋ္ဌကလာပ်ရုပ်ကို အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်၌ ဖြစ်စေ၏၊ ထိုအခါမှစ၍ ဥတုဇ ကလာပ် ၄-စည်းတို့သည် [illegible] ဖြစ်သည်ဟု ဆိုအပ်သည်တိုင်အောင် ခပ်သိမ်းသော စိတ်တို့၏ ခဏ ၃-ပါး၌ ဖြစ်ကုန်၏။

ထိုကမ္မဇကလာပ်, ဥတုဇကလာပ်, စိတ္တဇကလာပ်၌ပါသော ဩဇာသည် သံသေဒဇ, ဥပပါတ်တို့အား ယံတွေးမျိုခြင်း အစရှိသော အာဟာရကို သုံးဆောင်သောအခါ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား အမိမျိုသော အာဟာရ နှံ့သောအခါ အာဟာရဇအဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ထိုအခါမှစ၍ အာဟာရဇ ကလာပ်နှစ်စည်းတို့သည် စုတိဘိုင်အောင် ခပ်သိမ်းသောစိတ်တို့၏ ခဏ ၃-ပါး၌ ဖြစ်ကုန်၏။

ဤသို့လျှင် စိတ္တဇရုပ်သည် စိတ်တို့၏ဥပါဒ်ခဏ၌သာ ကမ္မဇ, ဥတုဇ, အာဟာရဇရုပ်တို့သည် စိတ်တို့၏ ခဏ ၃-ပါး၌ ဖြစ်ဟန်ကို—

နိုကာ၌ –

စိတ္တဇာ စိတ္တသဿ ဥပ္ပါဒက္ခဏေ၊ ကမ္မဇဥတုဇအာဟာရဇာ ပန
တီသု ခဏေသု ဥပ္ပဇ္ဇန္တိ–

ဟူ၍ မိန့်၏။

၂၁၇-ကံ စိတ် ဥတု အာဟာရဟူ၍
ဒေသနက္ကမအားဖြင့် ခေါ်ဆိုရပုံကို ပြခြင်း

မေး။ ။ကံ, စိတ်, ဥတု၊ ပြသည့်ရုပ်မူ၊ သန္ဓေယူသော်၊ အတူမဝေး၊ ရှေ့နောက်ဘယ်ရုပ် ဖြစ်သနည်း။

ဖြေ။ ။ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇရုပ်, ဌီခဏ၌ ဥတုဇရုပ်, ပဌမဘဝင်၏ ဥပါဒ်၌ စိတ္တဇရုပ်, သို့နောက်မှ အာဟာရဇရုပ် ဖြစ်ရကား ဖြစ်စဉ်အားဖြင့် ကံ, ဥတု, စိတ်, အာဟာရ ဟူ၍ ဖြစ်သည်။ ဒေသနာစဉ် အားဖြင့်သာ ကံ, စိတ်, ဥတု, အာဟာရ ဟူ၍ ခေါ်သည်။

၂၁၈-သတ္တဝါတို့ မသေရာကာလကို ပြခြင်း

မေး။ ။သေမင်းခေါ်ရာ၊ မလိုက်သာ၊ ဘယ်အခါတွင် လပ်သနည်း။

ဖြေ။ ။ပဋိသန္ဓေစိတ်၏ ဥပါဒ်နှင့်အတူ ဖြစ်သော ကမ္မဇရုပ်တို့သည် စိတ္တက္ခဏ ၁၇-ချက်, ခဏ ၅၁-ချက် အသက်ရှိသည်ဖြစ်၍ သောဠသမဘဝင်၏ ဘင်နှင့် ပြိုင်၍ ချုပ်၏၊ ဤစိတ် (၁၇) ချက်အတွင်း၌ ဥပပတ္တိကာလဖြစ်၍ သေမင်းခေါ် ခေါ်သော်လည်း မလိုက်ရ။ မရဏမရှိသောအခါ ဟူပေ။

ထို့ကြောင့်––

"သန္ဓေါ ဝိကာရေ ဇရတာ၊ မရဏဥဗ္ဗေပပတ္တိယံ"–

ဟု အရှင်အနုရုဒ္ဓါဆရာ မိန့်အပ်ပြီ။

၂၁၉-ပဋိသန္ဓေအခါ သြဇာပျံ့နှံ့ရာကာလကို ပြခြင်း

မေး။ ။အာဟာရဇရုပ်ဟု ဆိုအပ်သော သြဇာသည် ဌီသို့ရောက်သည် ဖြစ်၍ ရုပ်ဖြစ်စေ၏ ဟူသော် ကာလအားဖြင့် ဘယ်မျှကြာသနည်း။

ဖြေ။ ။ကေသာ ဝါ ဒွိန္နံ ဝါ, သတ္တာဟာနံ ဂတကာလေ၊ ဖရတီတိ ဝေဒိ-တဗ္ဗံ-ဟူသော ဒီပနီနှင့်အညီ ကသာတ္တာဟခင်း၊ နှစ်သတ္တာဟခင်း ရောက်သော ကာလ၌ နှံ့၏ ဟူပေ။

အဘယ်သို့ဝင်၍ နှံ့သနည်းဟူငြားအံ့–

ကာယ ဟိ နာဘိတော ဥဋ္ဌိတော နာဠော မာတုယာ ဥဒရပဋ္ဋ-
လေန ဧကာဗဒ္ဓေါ ဟောတိ သော ဥပ္ပလဒဏ္ဍော ဝိယ ဆိဒ္ဒါဝဆိဒ္ဒေါ၊

> ဧဝံ သော တတ္ထ အာဟာရရသော သံသရိတွာ အာဟာရသမုဋ္ဌာန-
> ရူပံ သမုဋ္ဌာပေတိ–

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့်အညီ သူငယ်၏ချက်မှပေါက်သော ချက်တန်သည် အမိဝမ်းဗိုက်နှင့် တစပ်တည်းတည်း၏။ ထိုချက်တန်သည် ကြာရိုးကဲ့သို့ အပေါက်ကြီးငယ်တို့ အသွယ်သွယ်ရှိကုန်ရကား အမိစားမျိုးသော အာဟာရသည် ထိုချက်တန်ပေါက်မှ သက်ဝင်၍ ပျံ့နှံ့သဖြင့် သူငယ်၏ သန္တာန်၌ အာဟာရရုပ်ကို ဖြစ်စေ၏ ဟူပေ။

**မဃဒေဝကာရဇ္ဈကာရ၌ကား–**

> ဧကော ဝါ ဒွိန္နံ ဝါ သတ္တာဟာနံ အတိက္ကမေ ဟာတဗ္ဗာ ဘုတ္တံ ကုစ္ဆိ-
> ဂတဿ သရီရေ အဗ္ဘင်္ဂ ဝိယ အာဟာရကိစ္စံ ကရောတိ–

ဟူ၍ မိန့်သည်။

**အဓိပ္ပါယ်ကား**–တခုသော သတ္တာဟကိုဖြင်း, နှစ်ခုသော သတ္တာဟကိုဖြင်း လွန်၍ အမိစားအပ်သော အာဟာရသည် ဝမ်း၌တည်သော သူငယ်အား နယ်ဆီကဲ့သို့ ပျံ့နှံ့၍ အာဟာရကိစ္စကို ပြု၏ ဟူလိုသည်။

**နရသီဟပျို့၌ကား—**

> ဇမ္ဗူဒီပါ၊ ကျွန်းမျက်နှာ၌၊ မျှားစွာရပ်နေ၊ လူပိုလ်ချေ၏၊ ထိပ်ဗွေ
> ဦးခေါင်း၊ ဆံဘားချောင်းကို၊ သင်လောင်းဖော်ပြမှာ။ ၁၆-မြွာမှ၊
> မြောက်မှာကျွန်းသူ၊ လူတို့ဆံနှင့်၊ နှင်းစံတူကြ၊ တပင်ရလျက်၊ ထိုက
> တဖန်၊ ၁၆-ပြန်မှ၊ အလွန်တာ၊ သိမ်မွေ့စွာသား၊ ရွေစာမရှိ၊ သားဇော်၏၊
> နံ့ဆီအပါး၊ လက်တံကြား၌၊ ရောက်ငြားဖွဲ့သေး၊ ထိုအစေ့နှင့်၊
> နှိုင်သေးတူချင်၊ ယိုခမွှားမှင်နှင့်၊ ယပ်လျှင်ပြန်ရာ၊ စစ်ပြီးစွာသား၊
> ဆိန့်သာဘယ်၊ နှစ်ကာဖျားငြို၊ စွတ်သည့်ချီမျှ၊ ပဋိသန္ဓေ၊ တည်နေအစ၊
> ကလလကာ၊ ထိုမှအဗ္ဗုဒါ၊ နောက်မှာပေသီ၊ ဃနီမည်ရ၊ သတ္တာဟချည်း၊
> ပေါင်းစည်းပေါ်ငြိမ်၊ ဒွတ္တိံသကာယာ၊ အင်္ဂါအပြား၊ ဓာတ် ၄-ပါးနှင့်၊
> တခြားဥတု၊ စိတ်ကံပြုသား၊ မာတုဘုဥ်၊ အာဟာရကား၊ တိသတ္တာဟ၊
> တိုင်လတ်မှလျှင်၊ ချက်ကာင်ထွေ၊ မျှတုံပေ၏။ မြဲနေဆယ်လ၊ သန္ဓေ
> ပသည်၊ ကာလမြင့်မြဲ–ကြာတင်တည်း။

ဟူ၍ စပ်ဆိုသည်။

ကမ္မဇရုပ် ၁၈-ပါး။ ။ ဟဒယဝတ္ထု, ပသာဒရုပ် ၅-ခု, ဘာဝရုပ် ၂-ခု, ဇီဝိတရုပ် ၁-ခု ဤ ၉-ခုသည် ကမ္မဇရုပ် ကေန်မည်၏။ အဝိနိဗ္ဘောဂရုပ် ၈-ခု, အာကာသဓာတ် ဤ ၉-ခုသည် စတုဇရုပ် အနေကန်မည်၏။

ဤသို့ ကောန် ၈-ခု, အနေကန် ၈-ခုအားဖြင့် ကမ္မဇရုပ် အဋ္ဌာရသ ဖြစ်၏။

စိတ္တဇရုပ် ၁၅-ပါး။ ။ဝိညတ်ဒွေ, လဟုတာဒိတ္တယ ၃-ခု, သဒ္ဒ ဤ ၆-ပါး သောရုပ်သည် စိတ်ကြောင့် ဖြစ်၏။ အဝိနိဗ္ဘောဂရုပ် ၈-ခု, အာကာသဓာတ် ဟူသော အနေကန် ၉-ပါးနှင့် ပေါင်း၍ စိတ္တဇရုပ် ပန္နရသ ဖြစ်သတည်း။

ဥတုဇရုပ် ၁၃-ပါး။ ။သဒ္ဒ, လဟုတာဒိတ္တယ ဤ ၄-ပါးသည် ဥတုကြောင့် ဖြစ်၏။ ယခင်အနေကန် ၉-ပါးနှင့် ပေါင်း၍ ဥတုဇရုပ် တေရသ ဖြစ်၏။

အာဟာရဇရုပ် ၁၂-ပါး။ ။ လဟုတာဒိတ္တယတွင် ယခင် အနေကန် ၉-ပါး နှင့်ပေါင်း၍ အာဟာရဇရုပ် ဒွါဒသ ဖြစ်၏။ ။ဤကား ရူပသမုဋ္ဌာန်၌ သိမှတ် ဖွယ်တည်း။

## ၂၈၀-ရုပ်ကလာပ်ဖွဲ့ရာ အင်္ဂါလေးပါးကို ပြခြင်း

ကံ အစရှိသော အကြောင်း ၄-ပါးကြောင့် ဖြစ်ကုန်သော ရုပ်တို့သည် တခုစီ, တခုစီ အားဖြင့် မဖြစ်ကုန်။ သတောကူရာပေါင်း၍ တစု, တစု အားဖြင့် ဖြစ်ကုန်၏ဟု ပြခြင်းငှာ—

ဧကုပ္ပါဒါ ဧကနိရောဓာ၊ ဧကနိဿယာ သဟဝုတ္တိနော—

ဟူသော လက္ခဏာ ၄-ပါးကို ဆိုတော်မူသည်။ ထို ၄-ပါးတို့ကား ကလာပ်ဖော် ရုပ်တို့၏ ဥပါဒ်ချင်း, ဌီချင်း, ဘင်ချင်း တူ၍ဖြစ်သည်ကို ဧကုပ္ပါဒ, ဧကနိရောဓ ဆိုသည်။

ကလာပ်တခုတည်း၌ဖြစ်သော ဥပါဒါရုပ် တို့၏ တပါးတပါးသော မဟာဘုတ်၊ ၃-ပါး, ၃-ပါး သော မဟာဘုတ်၊ ၂-ပါး, ၂-ပါးသော မဟာဘုတ်၊ မှီရာတူသည်ကို ဧကနိဿယ ဆိုသည်။

လက္ခဏာ အသီးအသီးရှိသော ရုပ်ကလာပ်တို့သည် ပေါင်း၍ပေါင်း၍ ဖြစ်သည်၏ အဖြစ်ကို သဟဝုတ္တိ ဆိုသည်ဟူ၍ မှတ်။

## ၂၈၁-ဧကုပ္ပါဒနှင့် သဟဝုတ္တိ နှစ်ပါး၏ အထူးကို ပြခြင်း

မေး။ ။ဧကုပ္ပါဒနှင့် သဟဝုတ္တိသည် အဘယ်သို့ ထူးသနည်း။

ဖြေ။ ။တခုတည်းသော ကလာပ်၌တည်သော ရုပ်တို့၏ ဥပါဒ်, ဌီ, ဘင် တူ၍ဖြစ်သည်ကို ဧကုပ္ပါဒ ဆိုသည်။ ဝဏ္ဏသဏ္ဍာန တို့အား ၃-စည်း, သံသေဒဇ ဥပပါတ် တို့အား ၇ စည်း, ရူပဗြဟ္မာတို့အား ၄ စည်းသော ကလာပ်တို့သည်

ပဋိသန္ဓေမှစ၍ ဟပေါင်းတည်း ဖြစ်သည်ကို သဟဂုတ္တ ဆိုသည်။ ဤသို့ ထူးခြ ၏ ဟူပေ။

## ၂၉၂-စက္ခုဒသက ခေါ်ဆိုရပုံကို ပြခြင်း

စက္ခုနာ ဥပလက္ခိတံ ဒသကံ စက္ခုဒသကံ။

စက္ခုနာ၊ စက္ခုဖြင့်။ ဥပလက္ခိတံ၊ မှတ်အပ်သော။ ဒသကံ၊ ရုပ် ၁၀-ခု အပေါင်းတည်း။ စက္ခုဒသကံ၊ စက္ခုဖြင့် မှတ်အပ်သော ရုပ် ၁၀-ခုအပေါင်း။ ကြွင်းသော ကလာပ်တို့၌လည်း ဤနည်းအတူ စိဂ္ဂြိုဟ်ပြု၊

## ၂၉၃-ယေဘုယျနည်းအားဖြင့် ဝိညတ်ရုပ်တို့ကိုလည်း ကလာပ်ဖွဲ့စည်းရာ ပါဝင်ပုံကို ပြခြင်း

**မေး။** ။ကာယဝိညတ္တိ နဝကကလာပ်၊ ဝစီဝိညတ္တိ ဒသကကလာပ် တို့၌ ဝိညတ်ရုပ်တို့သည် စိတ္တဇနုပရိ တ္တမေ့ဖြစ်၍ တပါးရုပ်တို့ကဲ့သို့ သတ္တရသာယုက မဖြစ်ရကား ယခင်လက္ခဏာ ၄-ပါးတွင် ဘယ်သို့ ကေပ္ပါဒ, ကေနိရောဓ ဖြစ်နိုင်အံ့နည်း။

**ဖြေ။** ။ဤဝိညတ်ရုပ်တို့သည် ကေနိရောဓ မဖြစ်သော်လည်း ရှမ်း,တလိုင်း, မြန်မာ ရှိသော်လည်း ပုဏ္ဏားများခြင်းကြောင့် ဗြာဟ္မဏဂါမ ခေါ်ဝေါ်ရ သကဲ့သို့ ကေနိရောဓဖြစ်သောရုပ် များသော ကြောင့် ယေဘုယျဝုတ္တိ နည်းအား ဖြင့် ဆိုသေးသည်။ (ဝါ) မခေါ်ပေါ်အပ်သောကြောင့် အဗ္ဗောဟာရိက နည်းအားဖြင့် ဆိုလေသည် ဟူပေ။

## ၂၉၄-ဗဟိဒ္ဓ၌ ရနိုင်သော ကလာပ်တို့ကို ပြခြင်း

**မေး။** ။ကေဝိယ၊ ကလာပ်ရုပ်ယ်၊ ဗဟိဒ္ဓမှာ၊ လိုက်လျော်စွာ ဖြစ်ရာ ကလာပ် ဘယ်မျှနည်း။

**ဖြေ။** ။ဘဟ္မ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကခွေတိ ဒွေ ဥတုသမုဋ္ဌာနကလာပါ။ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။ ။ဘူမောဇာ ပါဋ္ဌ်နှင့်အညီ သုဒ္ဓဋ္ဌက ကလာပ်၊ သဒ္ဒနဝက ကလာပ်အားဖြင့် နှစ်ပါးသော ကလာပ်တို့ကို တော, တောင် ရေ, မြေ အစ ရှိသော ဗဟိဒ္ဓသန္တာန်၌ ရအပ်၏ ဟူလိုသည်၊ လိုတွင် ရေ, မြေ သစ်ပင်တို့၌ သုဒ္ဓဋ္ဌက ကလာပ်ရသည်။ သစ်ပင် သစ်ခက်တို့ ထိခိုက်၍ အသံဖြစ်သောအခါ တို့၌ သဒ္ဒနဝက ကလာပ်ကို ရသည်။

## ၂၉၅—ဝစီဝိညတ် ဒသက ကလာပ်နှင့် တေရသက ကလာပ်တို့ ထူးခြားပုံကို ပြခြင်း

**မေး။** ။စိတ္တဇကလာပ် ၆-စည်းတို့တွင် ဝစီဝိညတ္တိဒသက ကလာပ်နှင့် ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်တို့သည် ဘယ်သို့ ထူးသနည်း။

**ဖြေ။** ။ယောင်ယမ်း၍ ဆိုသောအသံ, အက္ခရာ မပြီသပဲဆိုသော အသံတို့၌ ဝစီဝိညတ္တိဒသက ကလာပ်ဖြစ်သည်။ အက္ခရာပြီပြင်စွာ ပြောဆိုသောအသံတို့၌ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ်ဖြစ်သည် ဟူပေ။

## ၂၉၆—ကလာပ်ဖွဲ့ရာ မပါဝင်သော ရုပ် ၅-ပါးကို ပြခြင်း

**မေး။** ။လက္ခဏာနှင့်၊ အာကာသဓာတ်၊ ရုပ်ငါးရပ်ကို၊ ကလာပ်အင်္ဂါ၊ ဘယ်ကြောင်းရာကြောင့် မသွင်းသနည်း။

**ဖြေ။** ။အာကာသဓာတ်သည် တပါးသောရုပ်တို့၏ ပိုင်းခြားခြင်းသဘော, လက္ခဏာရုပ် ၄-ခုသည်လည်း တပါးသောရုပ်တို့၏ လက္ခဏာမျှ ဖြစ်သောကြောင့် ကလာပ်၏ အင်္ဂါမဟုတ်ရကား ကလာပ်စည်းရာ၌ မသွင်းသည်။

## ၂၉၇—ကလာပ် ၂၁-စည်းတွင် ရုပ်ပေါင်း ၃၁၆-ပါး ဖြစ်ပုံကို ပြခြင်း

ကမ္မဇကလာပ် ၉-စည်း, စိတ္တဇကလာပ် ၆ စည်း, ဥတုဇကလာပ် ၄-စည်း, အာဟာရဇကလာပ် ၂-စည်းအားဖြင့် ၂၁-ပါးသော ကလာပ်တို့တွင် တပါးတပါး၌ လက္ခဏာရုပ် ၄-ပါး, ပရိစ္ဆေဒရုပ်တပါး အားဖြင့် ငါးခုသော ရုပ်တို့ကို ရကောင်းရကား—

၂၁-ပါး ကိုဟည် —၅-ခုဖြင့် မြှောက်သော် — တရာ့ငါးပါးဖြစ်၏။

ကလာပ် ၂၁ စည်းတို့တွင်———

သုဒ္ဓဋ္ဌက ကလာပ် ၃-စည်း၌ ရုပ်ပေါင်း—၂၄-ပါး။
နဝက ကလာပ် ၃-စည်း၌ ရုပ်ပေါင်း—၂၇-ပါး။
ဒသက ကလာပ် ၉ စည်းတို့၌ ရုပ်ပေါင်း—၉၀-ပါး။
ကောဒသက ကလာပ် ၃-စည်းတို့၌ ရုပ်ပေါင်း—၃၃-ပါး။
ဒွါဒသက ကလာပ် ၂-စည်းတို့၌ ရုပ်ပေါင်း—၂၄-ပါး။
တေရသက ကလာပ်၌ ရုပ်ပေါင်း—၁၃ ပါး။
ဤအလုံးစုံကို ပေါင်းသော် ရုပ်ပေါင်း—၂၁၁-ပါး ဖြစ်၏။
ထိုရုပ်တို့၌ ယင် တရာ့ ငါးပါးကို ထည့်သော်—၃၁၆-ပါးဖြစ်၏။

ထိုရုပ်တို့၌ နိပ္ဖန္နရုပ်တို့သည်—၁၈၉-ပါး ဖြစ်၏။
အနိပ္ဖန္နရုပ်တို့သည်—၁၂၇-ပါး ဖြစ်ကုန်၏။

ထို့ကြောင့် ဒီပနီ၌—

လက္ခဏာကာသရူပါနိ၊ ကလာပေသု တဟိံ တဟိံ။
ပဉ္စပဉ္စဝါတိ ရူပါနိ၊ တိသတံ သောဠသာဓိကာတိ—

ဟူ၍ မိန့်ဆိုသည်။

တဟိံ တဟိံ ကလာပေသု၊ ထိုထိုသောကလာပ်တို့၌။ လက္ခဏာကာသရူပါနိ၊ လက္ခဏာရုပ်, အာကာသရုပ် ဖြစ်ကုန်သော။ ပဉ္စ ပဉ္စဝ၊ ငါးပါး ငါးပါးစီတို့ကိုသျှင်၊ ကတွာ၊ ပြု၍၊ ဌာဘိရူပါနိ၊ ဤအလုံးစုံသော ရုပ်တို့သည်။ သောဠသာဓိကာ၊ ၁၆ ပါး အလွန်ရှိသော။ တိသတံ၊ သုံးရာသည်၊ ဟောတိ၊ ဖြစ်၏။ ။ဤကား ရူပကလာပ ဟောဇနာ၌ မှတ်ဖွယ်တည်း။

## ၂၉၈—ပဝတ္တိ ပဋိသန္ဓေအခါ

## ရသင့်ရာသော ရုပ်တို့ကို ဝေဖန်၍ ပြခြင်း

ကာမ ၁၁-ဘုံ၌ ပဝတ္တိကာလဝယ် ပုရိသတို့အား ဣတ္ထိဘောကို ချ၍ ၂၇-ပါး, မိန်းမတို့အား ပုမ္ဘောကို ချ၍ ၂၇-ပါးသော ရုပ်တို့ကို ရကောင်းရကား ပြည့်စုံသော ဣန္ဒြေရှိသော ပုဂ္ဂိုလ်တို့အား အလုံးစုံသော ရုပ်တို့ကို ရအပ်ကုန်၏ ဟူလိုသည်။

ပဋိသန္ဓေအခါ၌ကား သံသေဒဇ, ဥပပါတ် တို့အား အလွန်၏အစွမ်းအား ဖြင့် စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကအားဖြင့် ၇-ပါးသော ဒသကတို့သည် တပြိုင်နက် ဖြစ်ကြကုန်၏။

ယုတ်သည်၏အစွမ်းဖြင့်ကား ဇစ္စန္ဓတို့အား စက္ခုဒသကကိုချ၍ ၆-ပါး, ဇစ္စဗဓိရတို့အား သောတကိုချ၍ ၆-ပါး, ဇစ္စဃာနတို့အား ဃာနကိုချ၍ ၆-ပါး, နပုံ, ပဏ္ဍုက်တို့အား ဘာဝကိုချ၍ ၆-ပါး, ကမ္ဘာဦးကာလတို့အားလည်း ဘာဝရုပ်ကိုချ၍ ၆-ပါး, စက္ခု, သောတ နှစ်ပါးစုံချို့သောသူတို့အား ၂-ပါးကိုချ၍ ၅-ပါး, စက္ခု, သောတ, ဃာန ၃-ပါးချို့သောသူတို့အား ၃-ပါးကိုချ၍ ၄-ပါး, စက္ခု, သောတ, ဃာန, ဘာဝ ချို့သောသူတို့အား ၄-ပါးလုံးချ၍ ၃-ပါးသော ကလာပ်တို့သည် ဖြစ်ကုန်၏။

## ၂၉၉-စက္ခုစသည်တို့ ချုပ်သင့် မချုပ်သင့်သော ပုဂ္ဂိုလ်တို့ကို ပြခြင်း

ယင်းသို့ စက္ခုစသည်တို့၏ ချုပ်ခြင်းသည် သုဂတိဘုံ၌ သံသေဒဇ ပဋိသန္ဓေ နေသောသူတို့အား ဖြစ်ကုန်၏။ ဥပပါတ်ပဋိသန္ဓေနေသော သူတို့အား မဖြစ် ကုန်။ ။ဘယ့်ကြောင့်နည်းဟူမူ ကြီးမြတ်သော ကုသိုလ်ကံကြောင့်သာ ဥပ-ပါတ်ပဋိသန္ဓေ နေရလေသောကြောင့်တည်း။

ဘာဝရုပ်တို့၏ မရခြင်းကိုလည်း ကမ္ဘာဦး၌ဖြစ်သော လူဥပပါတ်တို့ကိုသာ ယူအပ်ကုန်၏။

ဒုဂ္ဂတိဘုံ၌ကား စက္ခု, သောတ, ဘာဝ ရုပ်တို့၏ ချုပ်ခြင်းကို သံသေဒဇ, ဥပပါတ်နှစ်မျိုး၌ပင် ရအပ်၏။

ဃာန်၏ချုပ်ခြင်းကား သံသေဒဇတို့၌သာ ဖြစ်၏။ ဥပပါတ်တို့၌ မဖြစ်။ ။ ထို့ကြောင့် ယမိုက်အဋ္ဌကထာ၌ "အဃာနကော သံသေဒဇော" ဟူ၍ မိန့်တော်မူသည်။

အမိဝမ်း၌ ကိန်းရကုန်သော အဏ္ဍဇ, ဇလာဗုဇ, သတ္တဝါတို့အား ကာယ-ဒသက, ဘာဝဒသက, ဝတ္ထုဒသက အားဖြင့် ၃-စည်းသောကလာပ်တို့သည် ပဋိ-သန္ဓေ၏ ဥပါဒ်မှစ၍ ဖြစ်ကုန်၏။

ထို ၃-စည်းတို့တွင်လည်း နပုံ, ပဏ္ဍုက် တို့အား ဘာဝဒသကကို မရကုန်။ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက တို့သည်ကား အဋ္ဌကထာ တို့၏ အလိုအားဖြင့် သတ္တမသတ္တာဟမှစ၍, ဋီကာအလိုအားဖြင့် ကောဒသမ သတ္တာဟမှစ၍ တသတ္တာဟစီ အစဉ်အတိုင်းဖြစ်ကုန်၏။

## ၃၀၀-ပဋိသန္ဓေ တည်နေစဉ်အစ ကလလရေကြည် ပမာဏကို ပြခြင်း

ဂဗ္ဘသေယျက သတ္တဝါတို့၏ ပဋိသန္ဓေတည်ဟန်ကို သမ္မောဟဝိနောဒနီ (နှာ-၂၀)၌ ပြသည်ကား—

> ဂဗ္ဘသေယျကသတ္တာနဉ္စိ ပဋိသန္ဓိက္ခဏေ ပဋ္ဌက္ခန္ဓာ အပဏ္ဍာ အပုရေ ကေတော ပါတုဘဝန္တိ။ တသ္မိံ ခဏေ ပါတုဘူတာ ကလလသင်္ခါတာ ရူပသန္တတိ ပရိတ္တာ ဟောတိ။

ဟုစရှိသည်တည်း။

**ထိုပါဠိ၏အဓိပ္ပါယ်ကား**—အမိဝမ်း၌ကိန်း၍ သန္ဓေယူရသော သတ္တဝါတို့အား ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ ခန္ဓာငါးပါးတို့သည် မရှေးမနှောင်း တပြိုင်နက်

ထင်ရှားဖြစ်ကုန်၏။ ထိုသို့ဖြစ်သော ရေကြည်ဟုဆိုအပ်သော ရုပ်အစဉ်သည် အလွန်နည်း၏။ ယင်ငယ်သည် တကြိမ်သောက်ပုံ့လဖြင့် သောက်လောက်ရုံမျှသာ ရှိ၏။

ထိုသို့ပြပြီး၍ တဖန် ဤပမာဏပင် များလှသေး၏။ သိမ်မွေ့စွာသော အပ်ကို ဆီ၌ ချ၍ ဆယ်လတ်သော် အပ်သွားဖျားတွင်ပါသော ဆီပေါက်မျှလောက်သာ ရှိ၏ဟု ဆိုပြန်၏။

ထိုစကားကိုလည်း များသည်ဟု ပယ်ပြန်၍ ဤဇမ္ဗူဒိပ်ကျွန်းသူ လူတို့၏ ဆံကို ရှစ်စိတ်စိတ်၍ တစိတ်မျှသည် ဥတ္တရကုရု ကျွန်းသူတို့၏ ဆံပင်ဖြစ်၏၊ ထိုဆံ တပင်နှင့် ကြည်လင်စွာသောဆီ၌ နှစ်၍ ဆယ်သော် ဆံဖျားတွင်ပါသော ဆီပေါက်မျှလောက်သာ ရှိ၏ဟု ဆိုပြန်၏။

ထိုပမာဏကိုပင် များသည်ဟု ပယ်ပြန်၍ ဟိမဝန္တာဝယ် ဇာတိဥဏ္ဏ မည်သော သိမ်မွေ့သော သားသတ္တဝါသည် ရှိ၏၊ ထိုသား၏ အမွေးတမျှင်ကို ကြည်လင်သောဆီ၌ နှစ်၍ အဖျား၌ တင်ကျန်ပါသော ဆီပေါက်ပမာဏသာ ဖြစ်၏ ဟူ၍ ဆိုကုန်၏။

ထိုဆီပေါက်မျှသောရုပ်သည် အလွန်ကြည်လင် သန့်ရှင်း၏ဟု ပြတော်မူလိုသော မြတ်စွာဘုရားသည်—

တိလတေလဿ ယထာ ဗိန္ဒု၊ သပ္ပိမဏ္ဍော အနာဝိလော။
ဧဝံ ဝဏ္ဏပဋိဘာဂံ၊ ကလလန္တိ ပဝုစ္စတိ။

ဟူ၍ မိန့်တော်မူသည်။

တိလတေလဿ၊ သာမွေးဖျားနှင့်ငြိသော နှမ်းဆီ၏။ ဗိန္ဒု ယထာ၊ အပေါက် ကဲ့သို့လည်းကောင်း။ အနာဝိလော၊ နောက်ကျုခြင်းမရှိသော၊ သပ္ပိမဏ္ဍော ယထာ စ၊ ထောပတ်ကြည်ကဲ့သို့လည်းကောင်း။ ဧဝံ၊ ဤအတူ။ ကလလံ၊ ရေကြည်ဟူသောရုပ်ကို၊ ဝဏ္ဏပဋိဘာဂံ၊ တူသောအဆင်း သဏ္ဍာန်ရှိ၏ ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ သေးဖွဲငယ်နုလှသောရုပ်၌ ဝတ္ထုဒသက, ကာယဒသက, မိန်းမ ထိုအား ဣတ္ထိဘာဝ, ယောကျ်ားတို့အား ပုမ္ဘာဝ ဟူသော ဘာဝဒသက, ဤ ၃-ပါးသော ရုပ်တို့သည် ဖြစ်ကုန်၏။ ထို ၃-ပါးတို့တွင် ဝတ္ထုရုပ်သည် မိမိ၏ မှီရာဖြစ်သော မဟာဘုတ် ၄-ပါး, ထိုကိုမှီသော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတ ဟူသော ရုပ် ၉-ပါးတို့နှင့် ပေါင်းတည်းဖြစ်၍ ဝတ္ထုဒသက မည်၏။

ကာယပသာဒသည် မိမိ၏ မှီရာဖြစ်သော မဟာဘုတ် ၄-ပါး, ထိုကိုမှီသော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတဟူသော ရုပ် ၉ -ပါး တို့နှင့် တပေါင်းတည်း ဖြစ်၍ ကာယဒသက မည်၏။

ဘာဝရုပ်သည်လည်း မိမိ၏မှီရာဖြစ်သော မဟာဘုတ် ၄-ပါး, ထိုကိုမှီသော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဇီဝိတဟူသော ရုပ် ၉-ပါးတို့နှင့် တပေါင်းတည်း ဖြစ်၍ ဘာဝဒသက မည်၏။

ဤသို့ အမျိုး ၃၀-သော ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်နှင့် တပြိုင်နက်ဖြစ်ကုန်၏။ ထိုရုပ်တို့သည် ရူပက္ခန္ဓာ မည်၏။ ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ ကြွင်းသော စေတသိက်တို့သည် သင်္ခါရက္ခန္ဓာမည်၏။ ပဋိသန္ဓေစိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ။ဤသို့ ခန္ဓာငါးပါးတို့သည် တပြိုင်နက်ဖြစ်ကုန်၏ ဟူလိုသည်။

## ၃၁၁-ပဋိသန္ဓေအခါ သတ္တာဟဖြစ်ပုံကို ပြခြင်း

ထိုကလလ ရေကြည်သည် ၇-ရက်ပတ်လုံးတည်၍ လွန်လတ်သော် သားဆေးရည်နှင့်တူသော အမြှုပ်သည် ၇-ရက်ပတ်လုံး ဖြစ်၏၊

ထို ၇- ရက်ကိုလွန်ပြန်သော် ရေပုတ်သီး, တင်လဲနှင့်တူသော သားတစ်သည် ၇-ရက်ပတ်လုံး ဖြစ်၏။

ထို ၇-ရက်ကိုလွန်ပြန်သော် ကြက်ဥသဏ္ဌာန်နှင့်တူသော သားစိုင်အခဲသည် ၇-ရက်ပတ်လုံး ဖြစ်၏။

ထို ၇-ရက်ကိုလွန်ပြန်သော် ခြေနှစ်ချောင်း လက်နှစ်ချောင်း ဦးခေါင်းဖြစ်ခြင်းငှာ ငါးဖြာသောအဖုတို့သည် ထွက်၍ ၇-ရက်ပတ်လုံး ကြီးပွား၏။

ထို ၇-ရက်ကို လွန်သောကာလ–
ဆဋ္ဌမသတ္တာဟပတ်လုံး သူငယ်ရင့်ခြင်းသို့ ရောက်၏။
ထို့နောက် သတ္တမသတ္တာဟ၌ စက္ခုပသာဒသည် ဖြစ်၏။
ထို့နောက် အဋ္ဌမသတ္တာဟ၌ သောတဒသကသည် ဖြစ်၏။
ထို့နောက် နဝမ သတ္တာဟ၌ ဃာနဒသကသည် ဖြစ်၏။
ထို့နောက် ဒသမ သတ္တာဟ၌ ဇိဝှါဒသကသည် ဖြစ်၏။

ဤသို့အစဉ်အားဖြင့် ဖြစ်၍ ၄၂- သတ္တာဟ ရောက်သောအခါ ကေသာ လောမာအစရှိသော ကောဋ္ဌာသတို့သည်ဖြစ်ကုန်၏။ ထိုအနက်ကို သိစေခြင်းငှာ-

**သခေ်ပဋီကာ၌—**

ပဌမံ ဟိ ကလလံ သတ္တာဟံ ဟောတိ။ ပ ။ နဝမ သတ္တာဟာ-
တိက္ကမေန၊ ဇိဝှါပသာဒေါ၊ ဒသမံ သတ္တာဟံ ဇာယတိ ကေသာဒယော
ပန ဒွါစတ္တာလီသမေ သတ္တာဟေ ဟောန္တိ—

ဟူ၍ ပြဆိုသည်။

## ၃၀၂-အဘိဓမ္မာဋီကာဝါဒအရ

## သတ္တာဟာဖြစ်ပုံကို ပြခြင်း

အဘိဓမ္မာဋီကာကို စီရင်သော ရှင်အာနန္ဒာ၏ အလိုအားဖြင့်ကား —

ပဌမံ ကလလံ ဒွိသတ္တာဟံ, အဗ္ဗုဒံ ဒွိသတ္တာဟံ, ပေသိ ဒွိသတ္တာ-
ဟံ, ဃနံ ဒွိသတ္တာဟံ, ပဉ္စပသာခါ ဒွိသတ္တာဟာ ဟောန္တိ၊ တတော
အတိက္ကမေန စက္ခုပသာဒေါ ကောဒသမသတ္တာဟံ, တတော သော-
တပသာဒေါ ဒွါဒသမံ သတ္တာဟံ, တတော ဃာနပသာဒေါ တေရသမံ
သတ္တာဟံ, တတော ဇိဝှါပသာဒေါ စုဒ္ဒသမံ သတ္တာဟံ ဇာယတိ—

ဟူ၍ ဆိုသည်။

အဓိပ္ပါယ်ကား — ရှေးဦးစွာ ကလလရေကြည်သည် နှစ်သတ္တာဟ ဖြစ်၏။ ထိုနောက် အမြှုပ် နှစ်သတ္တာဟ, ထိုနောက် သားတစ် နှစ်သတ္တာဟ, ထိုနောက် အခဲ နှစ်သတ္တာဟ, ထိုနောက် ခက်မငါးဖြာ နှစ်သတ္တာဟ ဖြစ်သည်။

ထိုနောက်မှ ကောဒသမသတ္တာဟ၌ စက္ခုဒသက, ဒွါဒသမသတ္တာဟ၌ သောတဒသက, တေရသမသတ္တာဟ၌ ဃာနဒသက, စုဒ္ဒသမသတ္တာဟ၌ ဇိဝှါဒသက ဖြစ်၏ ဟူလိုသည်။

ဤသို့ အဋ္ဌကထာနှင့်ဋီကာ မညီဆိုကြခြင်းသည် အကြောင်းဘယ်သို့နည်း ဟူငြားအံ့၊ ဂဗ္ဘသေယျကာသတ္တဝါတို့သည် ကာလမညီကြ။ ဆိတ် ခွေး အစရှိသည်တို့မှာ နှစ်လခန့်ကြာသည်၊ နွား, ကျွဲ, မြင်း တို့မှာ လေးလ, ငါးလ, ဆယ်လခန့် ကြာသည်။

လူတို့၌လည်း အချို့ ၇-လ, အချို့ ၈-လ, ၉-လ ကြာသည်။ အချို့ ၁၀-လ၊ ၁၂-လပင် ကြာသည်ဖြစ်၍ အနည်းဆုံးနေရသော သတ္တဝါတို့အား တသတ္တာဟသာ ဖြစ်သင့်သည်ကိုရည်၍ ပေါင်းမကောင်းနည်းအားဖြင့် အဋ္ဌကထာဆရာ ဆိုသည်။

အလွန်ဆုံးနေရသော သတ္တဝါဖြစ်မူ နှစ်သတ္တာဟ စီ ဖြစ်သေး၏ဟု ဥက္ကံသကောဒ္ဒိ နည်းအားဖြင့် ဋီကာဆရာ ဆိုသည်။ ထို့ကြောင့် နှစ်ဝါဒ လုံးပင် သင့်၏ဟု ဆရာတို့ ယူကုန်၏။

(ကာလလရေကြည်၊ တည်သမူတွင်၊ စက္ခုဒသက၊ စ၍ဖြစ်ရာ၊ လူတို့မှာ၊ ဘယ်သတ္တာဟ ကောက်မည်နည်းဟူသော ပုစ္ဆာ၏အဖြေ ပါဝင်ပြီ။)

## ၃၀၃-သံသေဒဇ ခေါ်ဆိုရပုံကို ပြခြင်း

ကမလ ကုဟာရ ဂဗ္ဘမလာဒိကေ သံသေဒေ ဇာတာတိ သံသေဒဇာ။

ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ကမလ ကုဟာရ ဂဗ္ဘမလာဒိကေ၊ ကြာတိုက်, ရေညှိ, ကိုယ်ဝန်၏ အညစ်အကြေး အစရှိသော။ သံသေဒေ၊ စိုစွတ်ရာအရပ်၌။ ဇာတာ၊ ဖြစ်ပေါ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ သံသေဒဇာ၊ သံသေဒဇမည်ကုန်၏။

## ၃၀၄-ဥပပါတ် ခေါ်ဆိုရပုံကို ပြခြင်း

မဟန္တာ ဥပဂန္တာ ပတန္တီတိ ဥပပါတာ။

ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ မဟန္တာ၊ ဆယ့်ငါးနှစ်ရွယ်, နှစ်ဆယ် ရွယ်ဖြင့် ကြီးကျယ်ကုန်လျက်။ ဥပဂန္တာ၊ ကြာတိုက်စသည်သို့ကပ်၍။ ပတန္တိ၊ ကျတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ သတ္တာ။ ထိုသတ္တဝါတို့သည်။ ဥပပါတာ၊ ဥပပါတ်မည်ကုန်၏။

ဥပပါတာ ဝိယ တေသံ အတ္ထီတိ ဩပပါတိကာ။

တေသံ၊ ထိုသတ္တဝါတို့အား။ ဥပပါတာ ဝိယ၊ ကြာတိုက်စသည်သို့ကပ်၍ ကျသကဲ့သို့ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ဩပပါတိကာ၊ ဩပပါတိကတို့မည်ကုန်၏။

## ၃၀၅–သံသေဒဇနှင့် ဥပပါတ်နှစ်ပါးတို့၏ အထူး

သံသေဒဇလည်း ကြာတိုက်စသော စိုစွတ်ရာ၌ဖြစ်သည်၊ ဥပပါတ်လည်း ဤနည်းတူပင်ဖြစ်သည်၊ ယင်းသို့ဖြစ်ခြင်းတူကြသော်လည်း သံသေဒဇမှာ ငယ်ကတဖြေးဖြေးကြီးပွါးသည်။ ဥပပါတ်မှာ ၁၅-နှစ်ရွယ်, နှစ်ဆယ်ရွယ် စသည် ဖြင့် ရုတ်ခြည်းဖြစ်သည်။ ဤသို့ ထူးကြ၏။

## ၃၀၆-ဂဗ္ဘသေယျကခေါ် ဆိုရပုံကို ပြခြင်း

ဂဗ္ဘေ သေန္တီတိ ဂဗ္ဘသေယျကာ။

ယေ သတ္တာ၊ အကြင်သတ္တဝါတို့သည်။ ဂဗ္ဘေ၊ အမိဝမ်းတိုက်၌။ သေန္တိ၊ ဖြစ်ကတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ ဂဗ္ဘ-သေယျကာ၊ ဂဗ္ဘသေယျကမည်ကုန်၏။ ။[အဏ္ဍဇ ဇလာဗုဇတို့ကို ရ၏။]

အဏ္ဍဇခေါ်ဆိုရပုံကား-အဏ္ဍေသု ဇာတာတိ အဏ္ဍဇာ။

အဏ္ဍေသု၊ ဥခွံဖြင့်။ ဇာတာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အဏ္ဍဇာ၊ အဏ္ဍဇတို့မည်ကုန်၏။

ဇလာဗုဇ ခေါ်ဆိုရပုံကား-ဇလာဗုမှိ ဇာတာတိ ဇလာဗုဇာ။

ဇလာဗုမှိ၊ ရေနေ့ာက်စု၌။ ဇာတာ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဇလာဗုဇာ၊ ဇလာဗုဇတို့ မည်ကုန်၏။

ကောဇ, ဒွိဇ, ခေါ်ဆိုရပုံ-ထိုနှစ်ပါးတို့တွင် အဏ္ဍဇ သတ္တဝါသည် အမိဝမ်းမှလည်း တကြိမ်, ဥမှလည်း တကြိမ် ဖွားရသောကြောင့် ဒွိဇမည်သည်။

ဇလာဗုဇမှာ ဝမ်းမှ တကြိမ်သာ ဖွားရသောကြောင့် ကောဇမည်သည်။ ထို့ကြောင့် ဝဿလသုတ်၌-"ဧကဇံ ဝါ ဒွိဇံ ဝါတိ ယော စ ပါဏံ ဝိဟိံသတိ"-ဟု ဟောတော်မူသည်။

## ၃၀၇-ကမ္မဇရုပ် ချုပ်ရာကာလကို ပြခြင်း

မေး။ ။စုတိစိတ်နှင့်၊ အသင့်ပြိုင်လျက်၊ တချက်မယုတ်၊ ကမ္မဇရုပ်၊ ဘယ်ဌာနက ချုပ်သနည်း။

ဖြေ။ ။မရဏကာလေ ပန စုတိစိတ္တောပရိသတ္တရသမစိတ္တဿ ဌိတိ-
ကာလမုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ၊ ပုရေတရမုပ္ပန္နာနိ စ
ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ-

ဟူသော လက်သန်းပါဌ်နှင့်ညီစွာ သေခါနီးကာလ၌ကား စုတိစိတ်သို့ မရောက်မီ အထက် ၁၇-ချက်မြောက်သောစိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်တို့သည် အသစ် မဖြစ်ပြီ။ ၎င်းစိတ်၏ ဥပါဒ်ဝ၌ဖြစ်သော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်နှင့် မျှသော ကာလပတ်လုံးသာ လျှင်ဖြစ်၍ ၎င်းစုတိစိတ်၏ ဘင်ခဏ၌ ချုပ်ကြကုန်၏ ဟူပေ။

## ၃၀၇-စိတ္တဇ အာဟာရဇရုပ်တို့ ချုပ်ရာကာလကို ပြခြင်း

မေး။ ။စိတ္တဇနှင့်၊ အာဟာရဇ၊ ရုပ်တို့မှာ ဘယ်အခါတွင် ချုပ်သနည်း။

ဖြေ။ ။တတော ပရံ စိတ္တဇာဟာရဇရူပဥ္စ ဝေါစ္ဆိဇ္ဇတိ-

ဟူသည်နှင့်ညီစွာ ထိုကမ္မဇရုပ် ချုပ်သည်နောက်၌ စိတ္တဇရုပ်, အာဟာရဇရုပ်တို့ သည်လည်း ပြတ်၏ ဟူပေ။

ဤ၌ တတော ပရံဟု အပါဒါန်နှင့်ဆိုသော် ထိုကမ္မဇရုပ် ချုပ်ပြီးသည့်နောက် ဘယ်လောက်ကြာသေးသနည်း၊ မကြာသော် တတောဟူသော အပါဒါန်ကို မဆိုတန်တကား ဟူငြားအံ့။

ဝေါစ္ဆိဇ္ဇတီတိ အဇီဝကသန္တာနေ တေသံ ဥပ္ပတ္တိယာ အဘာဝတော ယထာ နိဗ္ဗတ္တံ စိတ္တဇမာဟာရဇဉ္စ တတော ပရံ ကိဉ္စိကာလံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ—

ဟူသောဋီကာနှင့်ညီစွာ ထိုစိတ္တဇရုပ်,အာဟာရဇရုပ်တို့သည် အသက်မရှိသော သူ၏ သန္တာန်၌ ဖြစ်ခြင်း၏ မသင့်သောကြောင့် အကြင်မရဏာသန္န ဇောစိတ် တို့၏ ဥပါဒ်ခဏ၌ ဖြစ်သော စိတ္တဇ,အာဟာရဇရုပ်ကိုသည် ကမ္မဇရုပ် ချုပ်ပြီး သည်နောက် စိုးစဉ်သော ကာလမျှ ဖြစ်၍ ချုပ်၏ ဟူလိုသည်။

**ဝိသုဒ္ဓိမဂ်ဋီကာ**သခင် အရှင်ဓမ္မပါလကား စိတ္တဇရုပ်သည်လည်း စုတိစိတ်နှင့် အမျှသာလျှင် ချုပ်၏ ဟု ဆိုတော်မူသည်။

**စိတ္တာလင်္ကာရဋီကာ**-တတော ဟူ၍ အပါဒါန်ကို ခံခြင်းကြောင့် ကမ္မဇရုပ် ချုပ်ပြီးသည်နောက် သတ္တရသာယုက ခန့်ရှိမှ ချုပ်၏ ဟု ဆိုသည်။

## ၃၀၈—လူသေကောင်မှာ ရသင့်သော ရုပ်ကို ပြခြင်း

မေး။ ။လူသေကောင်မှာ၊ ထိုအခါ၊ ကြွင်းရာရုပ်ပေါင်း ဘယ်မျှ နည်း။

ဖြေ။ ။ဥတုသမုဋ္ဌာန ရူပပရမ္ပရာ ယာဝမတကဠေဝရသခါတာ ပဝတ္တန္တိ-

ဟူသည်နှင့်ညီစွာ ဥတုကြောင့်ဖြစ်သော ရုပ်အဆက်ဆက်တို့သည် သေ၍ အပုပ်ကောင် ဖြစ်သည် ဟု ဆိုအပ်သည်တိုင်အောင် ဖြစ်ကုန်၏ ဟူ၍ မိန့် ရကား လူသေကောင်၌ ဥတုဇ အဋ္ဌကလာပ်သာ ရ၏ ဟူပေ။

## ၃၁၀-တစ္ဆေတို့မှာ လူတို့အလား ရုပ်များ ရှိ, မရှိကို ပြခြင်း

**မေး။** ။ဥပပါတ်စိတ်၊ ပဋိသန္ဓေ၊ ထင်ရှားနေသည့်၊ တစ္ဆေတို့မှာ၊ ရုပ်မျိုး လူလို ရှိ၏လော။

**ဖြေ။** ။ပရမတ်ကျမ်း၏အလိုအားဖြင့် ဝိနိပါတိက အသုရာဟု ခေါ်အပ်သော သုတ္တန်ကျမ်းအလိုအားဖြင့် ပြိတ္တာ ဟူ၍ရင်း, အသုရာဟူ၍ရင်း, ဘူတယက္ခ ဟူ၍ရင်း ခေါ်ဝေါ်အပ်သော ဘုတ်, ပြိတ်, ဘီလူးတို့ကို ရှေးသူဟောင်းတို့သည် ဥပါ ဟူ၍ရင်း, တစ္ဆ ဟူ၍ရင်း သမုတ်ကြကုန်သည်။ ထို ဘုတ်, ပြိတ်, ဘီလူးတို့သည် လူတို့ကဲ့သို့ ရုပ်, နာမ် အစုံပင်ရှိသည်။ ကေသာ, လောမာ စသော ဒေါ့ဋ္ဌာသ ၃၂ ပါးပင် ရှိသည်။ထိုဘုတ်,ပြိတ်တို့သည် ပဋိသန္ဓေအားဖြင့် အချို့ကား အဟိတ်, အချို့ကား ဒွိဟိတ်, အချို့ကား တိဟိတ် ပဋိသန္ဓေနေကုန်သည်။ ယောနိအားဖြင့် အချို့ကား သံသေဒဇ, အချို့ကား ဂဗ္ဘသေယျက, အချို့ကား ဥပပါတ် ဖြစ်သည်။

**ထို့ကြောင့် သာရတ္ထသင်္ဂဟ၌—**

> ပေတာနန္တိ ပေတလောကပရိယာပန္နာနံ၊ ဒုက္ခဋ္ဌကမ္မကာရိကာနံ ဝိဘာဝနံ၊ ဓပကာတိ ဒွိဟေတုကတိဟေတုကာဟေတုကာ ဟောန္တိ–

စသည်ဖြင့် မိန့်တော်မူသည်။

လူတို့ကဲ့သို့ ရုပ်, နာမ် အစုံရှိကြောင်းကို ဘယ်ကို ထောက်၍ သိရသနည်း ဟူမူ နတ်, မိန်းမဘုံ၌ လူတို့ကဲ့သို့ မဂ် ၃-ပါးရှိကြောင်း, မေထုနသေဝန ပြုလျှင် ပါရာဇိကကျကြောင်းကို ဝိနည်း၌ ဟောတော်မူသောကြောင့်ရင်း, ထို ဘုတ်, ပြိတ် တို့သည် လူတို့နှင့် အိမ်ထောင်ဖက်၍ သားသမီးပွားစည်းကြောင်းကို ဇာတ်ဟောင်းနိဒါန်းတို့၌ရင်း လာသောကြောင့် သိရသည်။

## ၃၁၁–တစ္ဆေတို့ကို လူများ မမြင်ရခြင်းအကြောင်းကို သာဓကနှင့်တကွ ပြခြင်း

ယင်းသို့ ရုပ်,နာမ် အစုံရှိလျက် လူတို့ ဘယ့်ကြောင့် မမြင်သနည်းဟူမူ ကိုယ်ကိုကွယ်စေတတ်သော ဆေးကို ဆောင်သောကြောင့်ရင်း, မန္တန်ကြောင့်ရင်း, တန်ခိုးကြောင့်ရင်း မမြင်ရ မြင်စေလိုမှ မြင်ရ၏ ဟူပေ။

ဆေးဆောင်ကြောင်းကို ဘယ်ကို ထောက်၍ သိရသနည်းဟူမူ သီဟိဠ်ကျွန်း အနုရာဓမြို့၌ ဘီလူးမတယောက်သည် သားငယ်နှစ်ဦးကို ထူပါရုံ တံခါးပြင်၌ နေစေ၍ အစာရှာခြင်းငှာ မြို့တွင်းသို့ လာခဲ့သော် အစာမရထည့်သည်နှင့်

ကြာမြင့်၍ နေ၏။ ပိဏ္ဍပါတိက မထေရ်တဦးသည် မြို့သို့ ဝင်ခြင်းငှာ လာသည်ကို မြင်သဖြင့် သူငယ်နှစ်ဦးတို့က ကိုယ်ထင်ပြလျက် "အရှင်ဘုရား ကျွန်ုပ်တို့ မိခင်သည် မြို့တွင်းသို့ အစာရှာသွားသည်မှာ ကြာပါပြီ၊ ရရာသမျှနှင့် မြန်စွာ လာပါ၊ သင်၏ သားများ ဆာမွတ်လှပြီ" ဟု မိန့်တော်မူလိုက်ပါဟူ၍ လျှောက်၏။

မထေရ်မြတ်ကလည်း သင်တို့မိခင်ကို ဘယ်အကြောင်းဖြင့် ငါ မြင်နိုင်, သိနိုင် အံ့နည်း ဟုဆိုသော်–

"အရှင်ဘုရား ဤဆေးမြစ်ကို ယူ၍ ကြွတော်မူပါဟုဆေးမြစ်ကို ကပ်လိုက်၏၊ ပုံသဏ္ဌာန်ကိုလည်း ညွှန်ကြားလိုက်၏။

မထေရ်လည်း ဆေးမြစ်ကို ဆုပ်ကိုင်၍ လာသော် တံမြက်ချေးစွန့်ရာ သားငါး, ဖျက်ရာဘို့၌ အဆာအထောင်မျှလောက် သွားလာနေထိုင်သော ဘုတ်,ပြိတ္တာ ဘီလူးတို့ကို မြင်ရလေ၏။

သူငယ်နှစ်ဦးတို့၏ မိခင်ဖြစ်သောဘီလူးမ သည်လည်း တခုသော အိမ်ရိပ်၌ မြုပ်သော ကိုယ်ဝန်၏ အညစ်အကြေးကိုကို ဖော်ယူ၍ လမ်းသို့ ထွက်လာသည်ကို သူငယ်တို့ ပြောလိုက်သော အမှတ်ဖြင့် သိလေလျှင် သားငယ်တို့ မှာလိုက်ကြောင်းကို ပြော၏။

ဘီလူးမလည်း "အရှင်ဘုရား ကျွန်ုပ်ကို ဘယ့်ကြောင့် မြင်သနည်း ဟု မေးလျှင် သင်၏ သားတို့ ပေးလိုက်သော ဆေးကြောင့် မြင်သည် ဟု ပြော၏။

ဆေးကို ပြစမ်းပါဆို၍ လက်ကိုဖြန့်ပြလေသော် ဘီလူးမလည်း ဆေးကို လုယူပြီးမှ လျင်စွာ သွားလေ၏။

ထို့ကြောင့် ထိုသူတို့သည် တခုသောဆေး၏ အာနုဘော်ကြောင့် ကိုယ်ဖွက်နိုင်သည်ဟု သိအပ်၏ဟူ၍ မဇ္ဈိမနိကာယ်, စူဠသကုလဒါယီသုတ်အဋ္ဌကထာ၌ မိန့်သည်။

မန္တန်ဆောင်၍ ကွယ်နိုင်ကြောင်းကို ဇာတ်တို့၌လာ၏။

## ၃၁၂.တစ္ဆေတို့သေရာ ရုပ်လက္ခဏာပြောင်းပုံကို ပြခြင်း

ထိုတစ္ဆေတို့ သေသောကာလ အသေကောင်ကို မမြင်ရသောအရာကို ရှင်နာဂသိန်၏ စကားတော်ဖြင့် သိအပ်၏။

တရံသောအခါ မိလိန္ဒမင်းကြီးသည် ဤသို့မေး၏။

"အရှင်ဘုရား ဤလောက၌ တစ္ဆေ, ဘုတ်, ပြိတ် ဟု ခေါ်အပ်သောနတ်ဘီလူးတို့သည် ရှိပါသလော" ဟုမေး၏။

ရှင်နာဂသိန်။ ။ရှိ၏ဟု ဖြေဆိုလျှင်။

မင်းကြီး။ ။အရှင်ဘုရား ထိုနတ်,ဘီလူးတို့ကို ဘယ့်ကြောင့် မမြင်ရသနည်းဟု မေး၏။

ရှင်နာဂသိန်။ ။မင်းကြီး ဆေး၏အာနုဘော်ကြောင့်ရင်း၊ မိမိတို့ကမ္မဇိဒ္ဓိကြောင့်ရင်း မမြင်ရချေ၊ အကယ်၍ မြင်စေလိုအံ့ ပြနိုင်သည်သာတည်းဟု ဖြေပေ၏။

မင်းကြီး။ ။အရှင်ဘုရား ထိုနတ်ဘီလူးတို့သည် ထိုအဖြစ်မှစုတေကြသေး၏လောဟု မေးပြန်၏။

ရှင်နာဂသိန်။ ။မင်းကြီး စုတေကြသည်သာတည်.ဟု ဖြေပေ၏။

မင်းကြီး။ ။အရှင်ဘုရား၊ ထိုနတ်ဘီလူးတို့ စုတေသောအခါ ဆေးကိုလည်း မဆောင်နိုင်ရာပြီ၊ ကိုယ်အကောင်သည် ဘယ့်ကြောင့် မထင်ပါသနည်း၊ ပုပ်သောအနံ့ သည်လည်း ဘယ့်ကြောင့် မနံပါသနည်းဟု မေး၏။

ရှင်နာဂသိန်။ ။မင်းကြီး နတ်ဘီလူးတို့စုတေသောအခါ ကိုယ်အကောင်လည်းထင်၏၊ ပုပ်သောရနံ့ လည်း နံ၏။ သို့ရာတွင် အကြင်နတ်ဘီလူးတို့သည် စုတေအံ့သောအခါ ကျန်ရစ်သောဆွေမျိုးတို့ကို လူမသိစိမ့်သော ငှာ တခုသော မနောမိဋ္ဌာန်ဖြင့် သေကြ၏။

ထို့ကြောင့် ပိုးရွသဏ္ဌာန်ဖြင့်ရင်း, ကင်းမြီးကောက်သဏ္ဌာန်, ကင်းခြေများသဏ္ဌာန်, ပုတ်သင်သဏ္ဌာန်, ပုရစ်သဏ္ဌာန်ဖြင့်ရင်း, သမင်သဏ္ဌာန် ငှက်သဏ္ဌာန်ဖြင့်ရင်း သေကောင်ထင်လေသည်ဟု ဖြေပေ၏။ (မိလိန္ဒပဉှာ)

## ၁၁၃. ဗြဟ္မာတို့မှာ ရသင့်, မရသင့်သော ရုပ်တို့ကို ပြခြင်း

**မေး။** ။ဗြဟ္မာတို့မှာ ဃာနာဒိတ္တယ၊ ဘာဝနှစ်တန်၊ ကြဉ်သည်မှန်သော်၊ သဏ္ဌာန်ရုပ်ပင် မရှိသလော။

**ဖြေ။** ။တတ္ထ ဗြဟ္မပါရိသဇ္ဇတော ပဋ္ဌာယ ဣမာနိ သောဠသရူပါဝစရာ-
နိ နာမ တေ သဗ္ဗေ ပုရိသသဏ္ဌာနာ၊ ဣတ္ထိ ပုရိသ ဗျဉ္ဇန-
နိမိတ္တံပိ နတ္ထိ၊ စက္ခုသောတာနိ အတ္ထိ၊ ရူပံ ပဿန္တိ၊ သဒ္ဒံ သုဏန္တိ
ဃာနံ အတ္ထိ၊ ဃာနပသာဒေါ စ ဃာနဝိညာဏဉ္စ နတ္ထိ၊ တသ္မာ
ဂန္ဓံ န ဇာနန္တိ၊ သမာပရိဝတ္တဇိဝှါ အတ္ထိ၊ တသ္မာ ဟသန္တိ၊

ဝါစံ ဘာသန္တိ၊ ဇိဝှါပသာဒေါစ ဇိဝှါဝိညာဏဉ္စ နတ္ထိ၊ တသ္မာ ကဗဠီရသံ န ဇာနန္တိ န ခါဒန္တိ န ပိဝန္တိ ဈာနပီတိယေဝ တေသံ အာဟာရော ဟောတိ၊ ကာယော၊ အတ္ထိ၊ ကာယပသာဒေါစ ကာယဝိညာဏဉ္စ နတ္ထိ၊ တသ္မာ တေ ကဗဠီ ဖဿံ န ဇာနန္တိ၊ ဧဝံ သန္တေပိ နိဝါသနပါရုပနသာဋကာနိ အတ္ထိ၊ ဗြဟ္မဝိမာနသယနာသနာနိ အတ္ထိ၊ ကေသာ နခါ ဒန္တာ အတ္ထိ၊ သေသကောဋ္ဌာသာနိ ပန နတ္ထိ၊ ဒီပသိခါ ဝိယ သရီရံ ဟောတိ၊ မလမုတ္တမဂ္ဂါ နတ္ထိ ဂူထော နတ္ထိ နစ္စဂီတာဒီနိ နတ္ထိ ကေစိ အရိယဝိဟာရေန ကေစိ ဒိဗ္ဗဝိဟာရေန၊ ကေစိ ဗြဟ္မဝိဟာရေန ဝိဟာသီတိ-

ဟူ၍ ဇိနာလင်္ကာရ၌ လာသည်။

**မြန်မာဘာသာ အဓိပ္ပါယ်ကား-** ဗြဟ္မာဘုံ နှစ်ဆယ်တို့တွင် ဗြဟ္မပါရိသဇ္ဇာ မှစ၍ ၁၆-ပါးသော ဘုံတို့သည် ရူပါဝစရဘုံမည်ကုန်၏။

ထိုဘုံတို့၌ ခပ်သိမ်းသော ဗြဟ္မာတို့သည် ယောကျ်ားတို့၏သဏ္ဌာန်သာ ဖြစ်ကုန်၏။ ယောကျ်ားနိမိတ်၊ မိန်းမနိမိတ်ကား မရှိကုန်။ မျက်စိ၊ နားတို့သည် လူတို့ကဲ့သို့ ရှိကုန်၏။ အဆင်းကို မြင်ကုန်၏။ အသံကိုလည်း ကြားကုန်၏။ နှာခေါင်း သဏ္ဌာန်ကား ရှိ၏၊ ဃာနပသာဒ၊ ဃာနဝိညာဉ်ကားမရှိ၊ ထို့ကြောင့် အနံ့ကို မသိကုန်၊ လူးလဲလှုပ်ရှားတတ်သောလျှာကားရှိ၏။ ဇိဝှါပသာဒ၊ ဇိဝှါဝိညာဉ် ကားမရှိ၊ ထို့ကြောင့် တစုံတခုသောအရသာကို မသိကုန်။ မစားကုန် မခဲကုန် မသောက်ကုန်၊ ဈာန်၌နှစ်သက်သော ပီတိသာလျှင် ထိုဗြဟ္မာတို့၏ အာဟာရ ဖြစ်ကုန်၏။

**လုံးလုံးလျောင်းလျောင်း** မြင့်စကောင်းသော ကိုယ်သဏ္ဌာန်ကား ရှိ၏။ ကာယပသာဒ၊ ကာယဝိညာဉ်ကား မရှိ။ ထို့ကြောင့် **တစုံတခုသော** အတွေ့ကို မသာယာကုန်၊ ယင်းသို့မသာယာသော်လည်း ကိုယ်၌ ဝတ်ရုံသောပုဆိုးတို့သည် ရှိကုန်၏။ ဗိမာန်၊ အိပ်ရာ၊ နေရာတို့လည်း ရှိကုန်၏။ ဆံ၊ ခြေသည်း၊ လက်သည်း၊ သွားတို့သည်ရှိကုန်၏၊ ကြွင်းသော ကောဋ္ဌာသတို့သည် မရှိကုန်။ ဆီမီး လျှံကဲ့သို့သော ကိုယ်သည် ဖြစ်၏။ ကျင်ကြီးကျင်ငယ် သွားသောမဂ် တို့သည် မရှိကုန်။ ဗြဟ္မာမိန်းမလည်းမရှိ၊ က ခြင်း၊ သီခြင်းလည်းမရှိ။ အချို့သောဗြဟ္မာတို့သည် အရိယာဝိဟာရဖြင့်နေကုန်၏၊ အချို့သောဗြဟ္မာတို့သည် ဒိဗ္ဗဝိဟာရဖြင့် နေကုန်၏၊ အချို့သောဗြဟ္မာတို့သည် ဗြဟ္မဝိဟာရဖြင့် နေကုန်၏ဟူလိုသည်။

## ၃၁၄·ပြဟ္မာတို့၌ရှိသော ဩဇာသည် အာဟာရဇရုပ် မဖြစ်နိုင်ပုံကို ပြခြင်း

ဤပြဟ္မာတို့အား ဩဇာရုပ်သည် ရှိသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် အာဟာရဇ ကလာပ်ကို မရဟုဆိုသနည်း ဟူငြားအံ့-

အဇ္ဈောဟဋ္ဌာဟာရာဘာဝေန သရီရဂတဿပိ အာဟာရဿ ရူပသမုဋ္ဌာ-ပနာဘာဝတော-

ဟူသော အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ (၂၁၅)နှင့် အညီ မျိုအပ်သော ဗဟိဒ္ဓါဟာရ မရှိသည်၏ အဖြစ်ကြောင့် ကိုယ်တွင်း၌တည်သော ဩဇာတည်းဟူသော အာဟာရသည်လည်း ရုပ်ကိုဖြစ်စေခြင်း မရှိသည်၏ အဖြစ်ကြောင့် အာဟာရဇ ကလာပ်ကို မရဟူ၍ဆိုလေသည်။

**ဥပမာကား**-သစ်ပင်ငယ်တို့၌ အာပေါဓာတ် ရှိငြားသော်လည်း ဗဟိဒ္ဓ အာပေါ ဟူသော အကူအပံ့ကို မရသော် ကြီးပွားခြင်း မဖြစ်နိုင်သကဲ့သို့တည်း။

## ၃၁၅·ပြဟ္မာတို့မှာ ဘာဝရုပ် မရခြင်း အကြောင်းကို ပြခြင်း

ဘာဝရုပ်ကို မရခြင်းကား ထူထပ်သော ကာမရာဂ၏ ဥပနိဿယ ကင်းသည်၏ အဖြစ်ကြောင့် မရသည် ဟူပေ။

## ၃၁၆·အသညသတ် ပြဟ္မာတို့ ဖြစ်ပုံကို ပြခြင်း

အသညသတ် ပုဂ္ဂိုလ်တို့အား စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဝတ္ထု, ဘာဝဒသကတို့ကိုရင်း, အာဟာရဇကလာပ်, အလုံးစုံသော စိတ္တဇ ရုပ်တို့ကိုရင်း မရအပ်။ ထိုအသညသတ် ပုဂ္ဂိုလ်တို့အား ၁၇-ပါးသော ရုပ်အစုစုဖြင့်သာ ဗိမာန်နေရာ၌ ဖြစ်၏။

လူ့ပြည်၌ ကမ္မဋ္ဌာန်းစီးဖြန်းစဉ်က ထိုင်လျက် စုတေသောသူသည် ထိုင်သော ဣရိယာပုထ်ဖြင့်, လျောင်းလျက် စုတေသောသူသည် လျောင်းသော ဣရိယာပုထ်ဖြင့်သာဖြစ်၏။

ပုံသဏ္ဌာန်ကား ထုလုပ်၍ထားသော အရုပ်ကဲ့သို့ မိမိဖြစ်သော ဣရိယာပုထ်တို့ဖြင့်သာလျှင် ကမ္ဘာငါးရာပတ်လုံး တည်လေ၏ ဟူ၍ သမ္မောအဋ္ဌကထာ၌ လာသည်။

## ၃၁၇-ဗြဟ္မာတို့မှာ တည်ရာဗိမာန် စသည်ရှိပုံကို ပြခြင်း

ထိုရူပဗြဟ္မာတို့အား မှီခိုတည်နေရာဖြစ်သော ဗိမာန်, ဥယျာဉ်, ပဒေသာပင်တို့သည်ရှင်း, ကိုယ်တွင်ဆင်သော ဘယက် တန်ဆာတို့သည်ရှင်း ရှိကုန်၏၊ ထိုအဆောက်အအုံတို့၌ တပ်မက်သော ဆန္ဒရာဂလည်း ဖြစ်သေး၏။ ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ နိက္ခေပကဏ္ဍ အဖွင့်၌—

ယေ ပန ဗြဟ္မဝိမာနကပ္ပရုက္ခအာဘရဏေသု ဆန္ဒရာဂေါ ဥပ္ပဇ္ဇတိ-ဟု ဟောတော်မူသည်။

ဤဗြဟ္မာ ပြည်တို့၌ တာဝတိံသာနတ်ပြည်ကဲ့သို့ ဗြဟ္မာအများတို့၏စည်းဝေးရာ သာယာ ကောင်းမွန်လှသော သုဓမ္မာ နတ်သဘင်သည်လည်း ရှိ၏။ ထိုသဘင်၌ ဗြဟ္မာအများတို့ပင် စည်းဝေးကြ၏။ နတ်ပြည်, ဗြဟ္မာပြည် ဟူသမျှ၌ သုဓမ္မာသဘင် မရှိသော ပြည်မည်သည် မရှိဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ မာရတဇ္ဇနိယသုတ် အဖွင့်တွင် ဆိုသည်။

ဤသို့ ကျမ်းလာသည်ကို ထောက်၍ ဗြဟ္မာတို့၏ ရုပ်သဏ္ဌာန်ကို သိရာ၏ ဟူပေ၏။

## ၃၁၈-ရူပ ၁၆-ဘုံ၌ ရသင့်သော ရုပ်ကလာပ်တို့ကို ပြခြင်း

ရူပဘုံ၌ ရသောရုပ်ကား ဃာန, ဇိဝှါ, ကာယ ဘာဝဒွေကြဉ်သော ရုပ်တေဝီသတည်း။ ကလာပ်အားဖြင့်ကား စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကအားဖြင့် ကမ္မဇကလာပ် ၄-စည်း၊ စိတ္တဇကလာပ် ၆-စည်း၊ ဥတုဇကလာပ် ၄-စည်း အားဖြင့် ၁၄ ပါးတို့ကို ရကုန်၏။

အသညသတ် ဘုံ၌ရသော သတ္တရသ ရုပ်ဟူသည်ကား လဟုတာဒိတ္တယ, အာကာသဓာတ်, အဝိနိဗ္ဘောဂရုပ် ၈-ခု, ဇီဝိတိန္ဒြေ, လက္ခဏာရုပ် ၄-ခု ဤ ၁၇-ပါးတို့တည်း။ ကလာပ်အားဖြင့်ကား သုဒ္ဓဋ္ဌကကလာပ်, ဇီဝိတနဝကကလာပ်, လဟုတာဒေကာဒသက ကလာပ်အားဖြင့် ၃-စည်းတို့သာတည်း။

အရူပလေးဘုံ၌ကား သတ္တသန္တာန်၌ ဖြစ်သော အဇ္ဈတ္တရုပ်လည်း မရှိ၊ ဗိမာန်, ဥယျာဉ်,ရေကန် စသော ဗဟိဒ္ဓရုပ်လည်း မရှိဟု ပြတော်မူလို၍ "အရူပေ နတ္ထိ ကိဉ္စိပိ" ဟူ၍ ဆိုတော်မူသည်။

ဤတွင် ရုပ်နှင့်ဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

## နိဗ္ဗာန်နှင့် ဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ

### ၃၁၉–နိဗ္ဗာန်ကို မြင်သောဒွါရကို ပြခြင်း

**မေး။** ။ပထမမဂ်၊ ရမ္မက်ခုတ်ထွင်၊ နိဗ္ဗာန်ခွင်ကို၊ မြင်သည် ဘယ်ဒွါရတို့နည်း။

**ဖြေ။** ။မဂ်တည်းဟူသော အပ္ပနာသည် မနောဒွါရဝီထိသာ ဖြစ်ရကား မနောဒွါရဖြင့် မြင်၏ ဟူပေ။

ထိုစကားကို ထင်စွာဆိုဦးအံ့၊သောတာပတ္တိမဂ်၊သောတာပတ္တိဖိုလ်ကို ရခြင်းငှာ အလိုရှိသော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်သည် တေဘူမကသင်္ခါရတို့တွင် တပါးပါးကို အာရုံပြု၍—

သဗ္ဗေသင်္ခါရာ အနိစ္စာ,

သဗ္ဗေသင်္ခါရာ ဒုက္ခာ,

သဗ္ဗေဓမ္မာ အနတ္တာ–

အစရှိသည်ဖြင့် စီးဖြန်းဖန်များ၍ သောတာပတ္တိမဂ်ကို ရလိုလတ်သည်ရှိသော် တေဘူမကသင်္ခါရကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စဖြစ်၍ ချုပ်၏။

ထိုနောင် ထိုအာရုံကို အာရုံပြု၍ မဟာကုသိုလ် ပထမဒွေတို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဟု ၄-ကြိမ်။ တိက္ခပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဟု ၃-ကြိမ်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဇောကိစ္စဖြစ်၍ ချုပ်၏။

ထိုနောင် တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်, မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက် စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပထမစျာန်စိတ်သည်၎င်း, စျာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ဒုတိယစျာန်စိတ်သည်၎င်း စျာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် တတိယစျာန်စိတ်သည်၎င်း စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် စတုတ္ထစျာန်စိတ်သည်၎င်း, ဂေါတြဘူသည် မဟာကုသိုလ် တတိယဒွေတို့တွင် တခုခုဖြစ်အံ့ စျာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပဉ္စမစျာန်စိတ်သည်၎င်း နိဗ္ဗာန်ကိုအာရုံပြု၍–

၁။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း,

၂။ သမုဒယသစ္စာကို ပယ်ခြင်း,

၃။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း,

၄။ မဂ္ဂသစ္စာကို ပွါးစေခြင်း-

တည်းဟူသော ကိစ္စလေးပါးကို တပြိုင်နက် တချက်တည်း ပြီးစေလျက် ပဂ်ကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် သောတာပတ္တိမဂ် ဇောဝေတနာသည် ဖြစ်စေအပ်သော မဂ်ဝိတ်နှင့် စျာန်အင်္ဂါ အာရုံအစရှိသည်ဖြင့် ဟူသော သောတာပတ္တိဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ တိက္ခပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဖိုလ်ဟု ၃-ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်ဟု ၂-ကြိမ် ဖိုလ်ဇောကိစ္စဖြစ်၍ ချုပ်၏။ ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ဖြစ်၍ ချုပ်၏။

ဤနည်းအတူ သကဒါဂါမိမဂ် ဝီထိ, အနာဂါမိမဂ် ဝီထိ, အရဟတ္တမဂ် ဝီထိတို့ကို ချရမည် ဝေါဟာရတူနေရာ၌ ဝေါဒါန် ဟု ဆိုရသည်သာ ထူး၏။

ဤသို့ မဂ်ဝီထိဟူသမျှသည် အပ္ပနာဇော မနောဒွါရ ဝီထိသာ ဖြစ်သောကြောင့် မနောဒွါရဖြင့် နိဗ္ဗာန်ကို မြင်၏ ဟု သိရမည်။

## ၃၂၀—နိဗ္ဗာန် ရှိ-မရှိကို သိနိုင်ရန် ပြခြင်း

မေး။ ။ရွှေပြည်နိဗ္ဗာန်၊ ထိန်လျှံဝင်းညီ၊ ရှိ-မရှိကို၊ အသိဘယ်သို့ ထင်သနည်း။

ဖြေ။ ။စိတ္တံ, စေတသိကံ, ရူပံ, နိဗ္ဗာနမိတိ သဗ္ဗထာ—

ဟူသောပါဠိဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ ၄-ပါးသော ပရမတ္ထတရားတို့သည် တင်ရှားရှိ၏ ဟူ၍ သင်္ဂြိုဟ်၌ ဆိုသောကြောင့်၎င်း၊ စိတ်, စေတသိက်တို့နှင့် နိဗ္ဗာန်သည် နာမ်၏အဖြစ်ဖြင့် တူကြသောကြောင့်၎င်း၊ သတ္တဝါတို့ သန္တာန်၌ စိတ်, စေတသိက် ရှိသကဲ့သို့ နိဗ္ဗာန်လည်းရှိ၏ ဟူ၍ သိရမည်။

**ထို့ကြောင့် သင်္ဂြိုဟ်ကျမ်း၌—**

> နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ
> မဂ္ဂဖလာနမာလမ္ဗဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ
> နိဗ္ဗာနန္တိ ပဝုစ္စတိ——

ဟူ၍ မိန့်တော်မူသည်။

လောကုတ္တရသန်ါတံ၊ လောကမှ ထွက်မြောက်ရာဟု ဆိုအပ်သော။ စတုမဂ္ဂဉာဏေန၊ လေးပါးသော မဂ်ဉာဏ်ဖြင့်။ သစ္စိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော။ မဂ္ဂဖလာနံ၊ မဂ်, ဖိုလ်တို့၏။ အာလမ္ဗဏဘူတံ၊ အာရုံဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ ပန၊ နိဗ္ဗာန်ကိုကား။ ဝါနသန်ါတာယ၊ ဝါန ဟု ဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ထိုပါဌ်တို့တွင် လောကုတ္တရသန်ါတံဟူသော ပါဌ်ဖြင့် ဥပါဒါနက္ခန္ဓာ, ပဉ္စက္ခန္ဓာဟု ဆိုအပ်သော လောကမှ ထွက်သော အဖြစ်ကို ပြသည်။

စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗံ ဟူသောပါဌ်ဖြင့် သောတာပန်, သကဒါဂါမ် အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့အား မျက်မှောက်ပြု၍ သိနိုင်သော အဖြစ်ကို ပြသည်။

မဂ္ဂဖလာနမာလမ္ဗဏဘူတံ ဟူသောပါဌ်ဖြင့် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အနုမာနဉာဏ်ဖြင့် ကြံဆ၍ သိနိုင်သောအဖြစ်ကို ပြသည်။

ထိုပါဌ်အပေါင်းတို့ဖြင့် ကိလေသာတို့၏ အကြွင်းမဲ့ပြတ်ခြင်း တဖန် မဖြစ်ခြင်းကို ပြုတတ်သော မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်မည်သည်ကား တခုသော ပရမတ္ထ တရားပင်တည်း။ သက်သက်မဖြစ်ခြင်း, ပျောက်ငြိမ်းခြင်း သဘောမျှကို နိဗ္ဗာန်ဆိုသည်မဟုတ် ဟူသော အနက်ကိုလည်း ပြ၏။

**ထို့ကြောင့်ဋီကာကျော် ၂၁၆၌—**

> စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံတံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ မဂ္ဂဖလာနမာရမ္မဏဘူတန္တိ ဣမိနာ ကလျာဏပုထုဇ္ဇနာနံ အနုမာနသိဒ္ဓတံ။ သန်တမေ္မာရမ္မဏံ ဟိ ပညတ္တာရမ္မဏံ ဝါ ဉာဏံ ကိလေသာနံ သမုစ္ဆေဒပဋိပ္ပဿမ္ဘနေ အသမတ္ထံ၊ အတ္ထိ စ လောကေ ကိလေသသမုစ္ဆေဒါဒိ။ တသ္မာ အတ္ထိ သန်တသမ္မုတိမေ္မဝိပရီတော ကိလေသာနံ သမုစ္ဆေဒပဋိပ္ပဿဒ္ဓိကရာနံ မဂ္ဂဖလာနမာရမ္မဏဘူတော နိဗ္ဗာနံ နာမ ဓေကော ဓမ္မောတိ သိဒ္ဓံ။ ပစ္စက္ခာနုမာနသိဒ္ဓတာ သန္တဿနေန စ အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိပန္နာနံဝါဒံ နိသေဓေတီတိ အလမတိပ္ပပဉ္စေန—

ဟူ၍ မိန့်တော်မူသည်။

**အနက်ကား။** ။စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗန္တိ ဣမိနာ၊ စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗံ ဟူသော ဤပါဌ်ဖြင့်။ နိဗ္ဗာနဿ၊ နိဗ္ဗာန်တရား၏။ တံတံအရိယ-

ပုဂ္ဂလာနံ၊ ထိုထိုသောအရိယာပုဂ္ဂိုလ်တို့၏။ ပစ္စက္ခသိဒ္ဓတံ၊ မျက်မှောက်ပြု၍ သိသောအဖြစ်ကို။ ဒဿေတိ၊ ပြ၏။ မဂ္ဂဖလာနမာရမ္မဏဘူတန္တိ ဣမိနာ၊ မဂ္ဂဖလာနမာရမ္မဏဘူတံ ဟူသော ဤပါဌ်ဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏။ အနုမာနသိဒ္ဓတံ၊ ကြံဆ၍သိအပ်သော အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

ဟိ၊ ထင်စွာဆိုလိုက်အံ့။ သင်္ခတမ္ပေါရမ္မဏံ ဝါ၊ သင်္ခတ တရားလျှင်အာရုံရှိသည်လည်းဖြစ်သော။ ပညတ္တာရမ္မဏံ ဝါ၊ ပညတ်တရားလျှင် အာရုံရှိသည်လည်းဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ကိလေသာနံ၊ ကိလေသာတို့ကို။ သမုစ္ဆေဒပဋိပ္ပဿမ္ဘနေ၊ အကြွင်းမဲ့ဖြတ်ခြင်း တဖန်ငြိမ်းစေခြင်း၌။ အသမတ္ထံ၊ မစွမ်းနိုင်။ လောကေ၊ လောက၌။ ကိလေသသမုစ္ဆေဒါဒိ၊ ကိလေသာတို့၏ အကြွင်းမဲ့ ဖြတ်ခြင်းစသော သဘောသည်လည်း။ အတ္ထိ စ၊ ရှိသည်သာတည်း။ တသ္မာ၊ ထို့ကြောင့်။ သင်္ခတသမ္မုတိမ္ပဝိပရီတော၊ သင်္ခတတရား, ပညတ်တရားတို့မှ ဖောက်ပြန်သော သဘောသည်လည်း။ အတ္ထိ၊ ရှိသည် စင်စစ်တည်း။ ကိလေသာနံ၊ ကိလေသာတို့၏။ သမုစ္ဆေဒပဋိပ္ပဿဒ္ဓိကရာနံ၊ ဖြတ်ခြင်း, ငြိမ်းခြင်းကို ပြုတတ်ကုန်သော။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာရမ္မဏဘူတော၊ အာရုံ၌ဖြစ်၍ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်သည်ကား။ ဧကော ဓမ္မော၊ တခုသော ပရမတ္ထ တရားတည်း။ ဣတိအတ္ထံ၊ ဤသို့သောအနက်သည်။ သိဒ္ဓံ၊ ပြီး၏။

ပစ္စက္ခာနုမာနတော သန္တဿနေန စ၊ မျက်မှောက်သိအပ်သောအဖြစ် ကြံဆ၍ သိအပ်သောအဖြစ်ကိုပြသဖြင့်လည်း၊ အဘာဝမတ္တံ၊ မဖြစ်ခြင်းသဘောမျှသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဣတိ၊ဤသို့။ ဝိပ္ပဋိပန္နာနံ၊ အယူပျက်စီးအချည်းနှီးသော ပုဂ္ဂိုလ်တို့၏။ ဝါဒံ၊ အယူစကားကို။ နိသေဓေတိ၊ တားမြစ်ပေ၏။ ဣတိ၊ ဤသို့ နိဗ္ဗာန်ရှိဟန် သိလောက်တန်သောကြောင့်။ အတိပ္ပပဉ္စေန၊ အလွန်ချဲ့သဖြင့်။ အလံ၊ အကျိုးမရှိပြီ။

ဤဋီကာပါဌ်ဖြင့် စိတ်, စေတသိက်, ရုပ်တည်းဟူသော သင်္ခတတရားလျှင် အာရုံရှိသောဉာဏ်, ပညတ်တရားလျှင် အာရုံရှိသောဉာဏ်သည် ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း တဖန်ငြိမ်းစေခြင်းငှာ မစွမ်းနိုင်။ နိဗ္ဗာန်ကိုအာရုံပြုသော ဉာဏ်သည်သာလျှင် စွမ်းနိုင်သည်။

လောက၌ ကိလေသာတို့ အကြွင်းမဲ့ဖြတ်ခြင်းသဘောသည်လည်း ထင်ရှား ရှိခဲ့၏။ ထိုသို့ရှိသောကြောင့် သင်္ခတတရား, သမုတိပညတ်တရားတို့မှ အခြား အသီးဖြစ်သော ကိလေသာကိုဖြတ်တတ်သော မဂ်, ဖိုလ်တို့၏အာရုံဖြစ်သော နိဗ္ဗာန်မည်သည်ကား တခုသော ပရမတ်တရားပင်ရှိ၏ ဟူသောအနက်သည် ပြီး၏။

ယင်းသို့ပြီးရကား တစုံတခုမျှ မဖြစ်ခြင်းသဘော ပျောက်ငြိမ်းခြင်းသဘော သည် နိဗ္ဗာန်မည်၏ ဟူ၍ အယူပျက်ကုန်သောသူတို့၏ ဝါဒ စကားကို ယခင်ပါဠိ တို့ဖြင့် တားမြစ်၏ ဟူလိုသည်။

## ၃၂၁-ရေဝတနတ်သား လျှောက်ထားရာတွင် ဘုရားသခင်ဟောတော်မူပုံကို ပြခြင်း

တရံသောအခါ ရေဝတမည်သောနတ်သားသည် ဘုရားရှင်ထံသို့ ကပ်၍ "အရှင်ဘုရား နိဗ္ဗာန်မည်သော ပြည်ကား အဘယ်မျှလောက်ဝေးပါသနည်း။ အဘယ်ခရီးဖြင့် သွားအပ်ပါသနည်း" ဟု လျှောက်ရာတွင် ဘုရားသခင်က—

ယတ္ထ ခေါ အာဝုသော န ဇာယတိ န ဇီယတိ န မီယတိ န စဝတိ န ဥပပဇ္ဇတိ၊ နာဟံ တံ ဂမနေန လောကဿ အန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ။ န စာဟံ အာဝုသော အပ္ပတွာဝ လောကဿ အန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။ အပိ စာဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ။

ဂမနေန န ပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။
န စ အပတွာ လောကန္တံ၊ ဒုက္ခာ အတ္ထိ ပမောစနံ။

ဟူ၍ဟောတော်မူသော ဒေသနာကို ပါရာဇိကဏ်အဋ္ဌကထာ (ပ-နှာ ၇၉) ၌ သာဓကပြု၍ ပြသည်။

အာဝုသော၊ ရေဝတနတ်သား။ ယတ္ထ၊ အကြင်နိဗ္ဗာန်အရပ်၌။ န ဇာယတိ၊ ဖြစ်လည်းမဖြစ်။ န ဇီယတိ၊ အိုလည်းမအို။ န မီယတိ၊ သေလည်းမသေ။ န စဝတိ၊ ရွေ့လည်းမရွေ့။ န ဥပပဇ္ဇတိ၊ တဖန်လည်းပဋိသန္ဓေမနေ။ လောကဿန္တံ၊ လောက၏အဆုံးဖြစ်သော။ တံ ဌာနံ၊ ထိုနိဗ္ဗာန်ဒေသရပ်သို့။ ဂမနေန၊ ရထားလည်း, လှေ, ခြေလျင်သွားခြင်းဖြင့်။ ဉာတေယျံ၊ သိအပ်၏ဟူ၍၎င်း။ ဒိဋ္ဌေယျံ၊ မြင်အပ်၏ဟူ၍၎င်း။ ပတ္တေယျန္တိ၊ ရောက်အပ်၏ဟူ၍၎င်း။ အဟံ၊ ငါဘုရားသည်။ န ဝဒါမိ၊ ဟောတော်မမူ၊

အာဝုသော၊ ရေဝတနတ်သား။ လောကဿန္တံ၊ လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ အပတွာဝ၊ မရောက်ပဲလည်း။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တကိရိယံ၊ အဆုံးကိုပြုတတ်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ န ဝဒါမိ၊ ဟောတော်မမူ။

အာဝုသော၊ ရေဝတနတ်သား။ အပိစ၊ စင်စစ်သော်ကား။ ဗျာမမတ္တေ၊ တလံမျှလောက်သော၊ သသညိမှိ၊ သညာနှင့်တကွသော။ သမနကေ၊ စိတ်နှင့်တကွသော။ ဣမသ္မိံ ယေဝ ကဠေဝရေ၊ ဤကိုယ်၌ သာလျှင်။ လောကဉ္စ၊ သင်္ခါရလောကကိုလည်း။ ပညပေမိ ပညတ်တော်မူ၏။ လောကသမုဒယဉ္စ၊ သင်္ခါရလောက၏ ဖြစ်ကြောင်းကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။ လောကနိရောဓဉ္စ၊ သင်္ခါရလောက၏ ချုပ်ရာနိဗ္ဗာန်ကိုလည်း၊ ပညပေမိ၊ ပညတ်တော်မူ၏။ လောကနိရောဓဂါမိနိပဋိပဒဉ္စ၊ လောက၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။

အာဝုသော၊ အို ရေဝတနတ်သား။ လောကဿ၊ သင်္ခါရလောက၏။ အန္တော၊ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ဂမနေန၊ ရထား, မြင်း, ဆင်, ယာဉ်ဖြင့် ရင်း၊ လှည်း,လှေ, ခြေလျင်သွားခြင်းဖြင့်ရင်း။ ကုဒါစနံ၊ တရံတဆစ်မျှ။ န ပတ္တဗ္ဗော၊ မရောက်အပ်။ လောကဿန္တံ၊ လောက၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့။ အပတွာ စ၊ မရောက်ပဲလည်း။ ဒုက္ခာ၊ ဆင်းရဲမှု။ ပမောစနံ၊ လွတ်ခြင်းသည်။ နတ္ထိ၊ မရှိ။

ဤသို့သော ဒေသနာဖြင့် နိဗ္ဗာန်မည်သည် လူတို့၏မြို့ပြ, ပြည်, ရွာ, ကဲ့သို့ တည်ရာဒေသ မရှိရကား ရထား, မြင်း, ဆင်, စသော ယာဉ်ဖြင့်ရင်း ခြေလျင်ဖြင့်ရင်း သွား၍ ရောက်ကောင်းသည်မဟုတ်။ ဝိသုဒ္ဓိပဋိပတ်မြတ်သော အကျင့်ဖြင့်သာ ရောက်အပ်သည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြင့်သာ မြင်နိုင်သည်။ ဆင်းရဲအပေါင်း၏ ဆုံးရာဖြစ်သည်။ ထိုနိဗ္ဗာန်ကား ကေန်ရှိသည်သာတည်း။ ဤနိဗ္ဗာန်သို့ မရောက်သမျှကို ဒုက္ခမှ ကင်းလွတ်သည် မရှိဟု မိန့်တော်မူသည်။

## ၃၂၂- မိလိန္ဒမင်းကြီး မေးရာတွင် ရှင်နာဂသိန် ဖြေဆိုပုံကို ပြခြင်း

မိလိန္ဒပဉှာ၌ကား–

ဘန္တေ နာဂသေန ကတမေ သတ္တာ ကမ္မဇာ၊ ကတမေ ဟေတုဇာ ကတမေ ဥတုဇာတိ။ ယေ ကေစိ မဟာရာဇ သစေတနာ သတ္တာ သဗ္ဗေ ကမ္မဇာ။ ပထဝီ စ သဗ္ဗေ ပဗ္ဗတာ ဇလာ ဝါတာ စ ဥတုဇာ။ အဂ္ဂိ စ သဗ္ဗေဟိ ပဇာ ဟေတုဇာ။ အာကာသော စ နိဗ္ဗာနဉ္စ အကမ္မဇာ အဟေတုဇာ န ဥတုဇာတိ အစရှိသည်ဖြင့် လာသည်။

**အဓိပ္ပါယ်ကား**။ ။အရှင်နာဂသိန် အဘယ်သတ္တဝါတို့သည် ကံကြောင့်ဖြစ်ကုန်သနည်း။ အဘယ်သဘောတို့သည်အကြောင်းကြောင့် ဖြစ်ကုန် သနည်း။ အဘယ်သဘောတို့သည် ဥတုကြောင့် ဖြစ်ကုန်သနည်းဟု မေး၏။

မင်းကြီးစိတ်ရှိသော အကြင်သတ္တဝါတို့သည် ဖြစ်ကုန်၏။ ထိုခပ်သိမ်းသော သတ္တဝါတို့သည် ကံကြောင့်သာဖြစ်ကုန်၏။ မြေသည်၎င်း အလုံးစုံသော တောင်တို့သည်၎င်း ရေသည်၎င်း လေသည်၎င်း ဥတုကြောင့်ဖြစ်ကုန်၏။ မီးသည်၎င်း အလုံးစုံသော သစ်ပင်တို့သည်၎င်း အကြောင်းကြောင့် ဖြစ်ကုန်၏။ ကောင်းကင်သည်၎င်း နိဗ္ဗာန်သည်၎င်း ကံကြောင့်လည်းမဖြစ် အကြောင်းကြောင့်လည်းမဖြစ် ဥတုကြောင့်လည်းမဖြစ်ချေ။

**မင်းကြီး** နိဗ္ဗာန်ကို ကမ္မဇဟူ၍၎င်း ဟေတုဇဟူ၍၎င်း ဥတုဇဟူ၍၎င်း ဖြစ်ပြီးဟူ၍၎င်း ဖြစ်ဆဲဟူ၍၎င်း ဖြစ်လတ္တံ့ဟူ၍၎င်း အတိတ်ဟူ၍၎င်း အနာဂတ်ဟူ၍၎င်း ပစ္စုပ္ပန်ဟူ၍၎င်း စက္ခုဝိညာဉ်ဖြင့် မြင်အပ်သည်ဟူ၍၎င်း, သောတဝိညာဉ်ဖြင့်ကြားအပ်သည်ဟူ၍၎င်း ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ်တို့ဖြင့် သိအပ်၏ ဟူ၍၎င်း မဆိုအပ်ချေ ဟူ၍ ဖြေဆို၏။

ထိုအခါမင်းကြီးက အရှင်ဘုရား ထိုသို့ဖြစ်တပြီးကား အရှင်ဘုရားတို့သည် မရှိသောသဘောကို နိဗ္ဗာန်ဟူ၍ ညွှန်းတော်မူသလော ဟုလျှောက်၏။

အရှင်နာဂသိန်။ ။မင်းကြီးနိဗ္ဗာန်သည် မရှိသည်ကားမဟုတ်၊ ရှိသည်သာတည်း။ မနောဝိညာဉ်ဖြင့် သိအပ်၏။ ကောင်းသောအကျင့်ရှိသော ပုဂ္ဂိုလ်သည် စင်ကြယ်စွာသော ဉာဏ်ဖြင့် မြင်နိုင်၏ဟု ဖြေလျှင်–

အရှင်ဘုရား ဥပမာဖြင့် သိပါစေလော ဟုလျှောက်ပြန်လေရာ–

မင်းကြီး လေသည် ရှိ၏လောဟု မေး၏။

အရှင်ဘုရားရှိပါ၏ဟု လျှောက်လျှင်–

မင်းမြတ် ဤရှိသောလေကို ငါ့အားပြပါလောဟုဆို၏။

**မင်းကြီး**။ ။အရှင်ဘုရား လေ၏အနီ အဖြူ စသော အဆင်းကို၎င်း, အလုံး အပြားစသောသဏ္ဌာန်ကို၎င်း ကြီးသည် ငယ်သည် တိုသည် ရှည်သည်ကို၎င်း ပြခြင်းငှာ မတတ်နိုင် ဟူ၍ လျှောက်ပေသော်–

**အရှင်နာဂသိန်**။ ။မင်းကြီး ထိုသို့မပြနိုင်မူ လေသည်မရှိသလောဟု မေး၏။

အရှင်ဘုရား၊ လေရှိပါ၏ ပြခြင်းငှာသာ မတတ်နိုင်ပါဟု လျှောက်လျှင်–

မင်းကြီး၊ ဤအတူ နိဗ္ဗာန်လည်း ကောင်ရှိ၏။ ပြခြင်းငှာသာ မတတ်နိုင်ဟု မိန့်တော်မူ၏။

အရှင်ဘုရား အလွန်သင့်မြတ်ပေ၏။ အကျွန်ုပ်သည် နိဗ္ဗာန်ရှိကြောင်းကို ဝန်ခံပါ၏ဟု လျှောက်လေသတည်း။

## ၃၂၃–ပုဂ္ဂိုလ်တိုင်း နိဗ္ဗာန် ရ-မရ, မိလိန္ဒမင်းကြီးက မေးရာ အရှင်နာဂသိန် ဖြေဆိုပုံကို ပြခြင်း

မင်းကြီး။ ။အရှင်နာဂသိန်၊ ခပ်သိမ်းသောသူတို့သည် နိဗ္ဗာန်ကို ရပါကုန်သလောဟု မေး၏။

အရှင်နာဂသိန်။ ။မင်းကြီး၊ ခပ်သိမ်းသောသူတို့သည် နိဗ္ဗာန်ကို မရကုန်။ စင်စစ်သော်ကား ကောင်းသောအယူအကျင့်ရှိသော အရိယာသာဝကတို့သည်သာလျှင် နိဗ္ဗာန်ကို ရကုန်၏ဟု မိန့်တော်မူ၏။

မင်းကြီး။ ။အရှင်ဘုရား အကြင်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မရ၊ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ကား အလွန်ချမ်းသာ၏ဟူ၍ သိပါ၏လောဟု မေး၏။

အရှင်နာဂသိန်။ ။မင်းကြီး၊ သိပါ၏ဟု ဖြေသော်–

မင်းကြီး။ ။အရှင်ဘုရား ဘယ်သို့သိပါအံ့နည်းဟု လျှောက်၏။

အရှင်နာဂသိန်။ ။မင်းကြီး လက်, ခြေ ဖြတ်ခြင်းကို မခံရသေးသော သူတို့သည် သူတပါး လက်, ခြေ ဖြတ်ခြင်းကို ခံရသောအခါ ငိုကြွေးသောအသံကို ကြား၍ လက်, ခြေ ဖြတ်ခြင်း၌ ဆင်းရဲကြီးသည်ကို သိသကဲ့သို့ ဤအတူ အကြင်သူတို့သည် နိဗ္ဗာန်ကို မြင်၏။ ထိုသူတို့၏ ပြောဟောချီးမွမ်းသောအသံကို ကြားသဖြင့် နိဗ္ဗာန်ကား ဤသို့ ချမ်းသာရ၏ဟု သိသတည်း။ ဤသို့ ဖြေတော်မူလျှင်–

မင်းကြီး။ ။အရှင်ဘုရား လျှောက်ပတ်၏ဟု ချီးမွမ်း၏။

ဤမှတပါးသော ဥပမာ ဥပမေယျတို့ဖြင့် သမ္မောဟဝိနောဒနီ၌ရှင်း, သတိပဋ္ဌာန်သုတ်, အဋ္ဌကထာ, ဋီကာတို့၌ရှင်း လာသည်ကား များသေး၏၊ တွေးဆ ဆင်ခြင်၍ သိမြင်လောက်တန်ပြီ ဖြစ်ရကား မရေးသားလိုက်ပြီ။

## ၃၂၄–နိဗ္ဗာန်အပြား နှစ်ပါးကို ပြခြင်း

ထိုနိဗ္ဗာန်သည်–

၁။ သဉပါဒိသေသ နိဗ္ဗာန်

၂။ အနုပါဒိသေသ နိဗ္ဗာန်ဟူ၍နှစ်ပါးပြားသည်။ရဟန္တာပုဂ္ဂိုလ်တို့အား ကိလေသာကုန်၍ ခန္ဓာငါးပါးသာ အကြွင်းရှိသည်ကား သဉပါဒိသေသ နိဗ္ဗာန် မည်၏။

ကိလေသာလည်းကုန် ခန္ဓာငါးပါးလည်း အကြွင်းမရှိသည်ကား အနုပါဒိ-သေသ နိဗ္ဗာန်မည်၏။

ဤသို့ပြားခြင်းသည် ပရမတ္ထအားဖြင့် ပြားသည်မဟုတ် သိလွယ်ရာ အကြောင်း အမြွက်ဖြင့်သာ ပြားသည်ဟု ပြလိုသော အရှင်အနုရုဒ္ဓါဆရာသည်–

တဒေတံ ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန–ဟု မိန့်၏။

ဣတိဝုတ် အဋ္ဌကထာ၌လည်း—

ယဒိ ပိ တဿ ပရမတ္ထတော ဘေဒေါ နတ္ထိ၊ ပရိယာယေန ပန ပညာယတိ—

ဟူ၍ ဆိုတော်မူ၏။

## ၃၂၅–တနည်း နိဗ္ဗာန်အပြား ၃ ပါးကို ပြခြင်း

မေး။ ။သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ သုံးတန် ဘယ့်ကြောင့်ပြားသနည်း။

ဖြေ။ ။အတ္တဟူ၍ စွဲလမ်းခြင်းကို စွန့်တတ်သော အနတ္တဟူ၍ စီးဖြန်းခြင်း သည် သုညတာနုပဿနာ မည်၏။ ထိုအနုပဿနာဖြင့် စီးဖြန်း၍ ဝဋ္ဋမှထမြောက် ကြောင်းဖြစ်သော ဝုဋ္ဌာနဂါမိနိဝိပဿနာဇောသည် ဖြစ်အံ့၊ ထိုဇောသည် သုညတဝိမောက္ခ မည်၏။ ထိုဇောနောက်ကျသော မဂ်သည်လည်း သုညတ မဂ်, ဖိုလ်သည်လည်း သုညတဖိုလ် မည်၏။ ထိုပုဂ္ဂိုလ်၏နိဗ္ဗာန်သည် သုညတ နိဗ္ဗာန် မည်လေသည်။

ဝိပ္ပလာသနိမိတ်ကို စွန့်တတ်သော အနိစ္စဟူ၍ စီးဖြန်းခြင်းသည် အနိမိတ္တာ-နုပဿနာ မည်၏။

ထိုအနုပဿနာဖြင့် စီးဖြန်း၍ ဝုဋ္ဌာနဂါမိနိဝိပဿနာဇောသည် ဖြစ်အံ့၊ ထိုဇောသည် အနိမိတ္တဝိမောက္ခ မည်၏။

ထိုဇောနောက်ကျသော မဂ်သည်လည်း အနိမိတ္တမဂ်, ဖိုလ်သည် အနိမိတ္တ-ဖိုလ် မည်၏။

ထိုပုဂ္ဂိုလ်၏ နိဗ္ဗာန်သည် အနိမိတ္တနိဗ္ဗာန် မည်လေသည်။

တဏှာ ဟူသော တောင့်တခြင်းကို စွန့်တတ်သော ဒုက္ခဟူ၍ စီးဖြန်းခြင်း သည် အပ္ပဏိဟိတာနုပဿနာ မည်၏။

ထိုအနုပဿနာဖြင့် စီးဖြန်း၍ ဝုဋ္ဌာနဂါမိနိဝိပဿနာဇောသည် ဖြစ်အံ့၊ ထိုဇောသည် အပ္ပဏိဟိတဝိမောက္ခ မည်၏။

ထိုဇောနောက်ကျသော မဂ်သည်လည်း အပ္ပဏိဟိတမဂ်, ဖိုလ်သည်လည်း အပ္ပဏိဟိတဖိုလ် မည်၏။

ထိုပုဂ္ဂိုလ်၏ နိဗ္ဗာန်သည် အပ္ပဏိဟိတနိဗ္ဗာန် မည်သည်။

ဤသို့ ဝိပဿနာတည်းဟူသော ရှောက်ကြောင်း အခြင်းအရာအားဖြင့် သုံးပါးပြားသည် ဟူပေ။

## ၃၂၆-လက္ခဏာရေးသုံးပါးတို့တွင် တပါးပါးကို ထင်ရှားမှုဖြင့် မဂ်ကို ရ-မရ ပြခြင်း

**မေး။** ။လက္ခဏာရေးသုံးပါးတို့တွင် တပါးပါးကို နှလုံးသွင်း၍ ထင်သဖြင့် မဂ်ကိုရသလော၊ သုံးပါးလုံးထင်မှ ရသလော။

**ဖြေ။** ။တပါးပါးထင်ရှားမှုဖြင့် မရ သုံးပါးလုံးထင်မှရ၏ ဟူပေ။ သုံးပါးလုံးထင်မှ ဘယ်သို့ သုညတမဂ် စသည်မည်အံ့နည်း ဟူငြားအံ့၊ သုံးပါးလုံး ထင်သော်လည်း မိမိ နှလုံးသွင်းရင်း လက္ခဏာ တပါးပါးသာ ရှေးဦးစွာ ထင်သည်ဖြစ်၍ ထိုထင်သော ရှောက်ကြောင်း၏ အစွမ်းအားဖြင့်ရင်း မိမိ၏ ဂုဏ်အားဖြင့်ရင်း အာရုံအားဖြင့်ရင်း ဤအကြောင်း သုံးပါးကြောင့် သုညတ စသောအမည်ကိုရ၏ ဟူပေ။

ထိုအနက်ကိုပြခြင်းငှာ အဋ္ဌသာလိနီ ၂၆၆-၃၌—

> သုညတန္တိ လောကုတ္တရမဂ္ဂဿ နာမံ။ သော ဟိ အာဂမနတော သဂုဏတော အာရမ္မဏတောတိ တီဟိ ကာရဏေဟိ နာမံ လဘတိ၊ ကထံ ဣဓ ဘိက္ခု အနတ္တတော အဘိနိဝိသိတွာ အနတ္တတော သင်္ခါရေ ပဿတိ။ ယသ္မာ ပန အနတ္တတော ဒိဋ္ဌမတ္တေနေဝ မဂ္ဂဝုဋ္ဌာနံ နာမ န ဟောတိ၊ အနိစ္စတောပိ ဒုက္ခတောပိ ဒဋ္ဌုမေဝ ဝဋ္ဋတိ၊ တသ္မာ "အနိစ္စံ ဒုက္ခ မနတ္တာ"တိ တိဝိဓံ အနုပဿနံ အာရောပေတွာ သမ္မသန္တော စရတိ။ ဝုဋ္ဌာနဂါမိနိဝိပဿနာ ပနဿ တေဘူမကေပိ သင်္ခါရေ သုညတောဝ ပဿတိ။ အယံ ဝိပဿနာ သုညတာ နာမ ဟောတိ၊ သာ အာဂမနီယဋ္ဌာနေ ဌတွာ အတ္တနော မဂ္ဂဿ "သုညတ"န္တိ နာမံ ဒေတိ။ ဧဝံ မဂ္ဂေါ အာဂမနတော သုညတနာမံ လဘတိ—

ဟူ၍ မိန့်တော်မူသည်။

သုညန္တိ၊ သုညတဟူသောအမည်သည်။ လောကုတ္တရမဂ္ဂဿ၊ လောကုတ္တရာမဂ်၏။ နာမံ၊ အမည်တည်း။ ဟိ၊ တင်စွာဆိုဦးအံ့။ သော၊ ထိုမဂ်သည်။ အာဂမနတော၊ ရောက်ကြောင်းအားဖြင့်ရင်း။ သဂုဏတော၊ မိမိဂုဏ်အားဖြင့်ရင်း။ အာရမ္မဏတော၊ အာရုံအားဖြင့်ရင်း။ တီဟိ ကာရဏေဟိ၊ သုံးပါးသောအကြောင်းတို့ဖြင့်။ နာမံ၊ အမည်ကို။ လဘတိ၊ ရ၏။

ကထံ၊ အဘယ်သို့ ရသနည်းဟူမူကား။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အနတ္တတော၊ အနတ္တအားဖြင့်။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍။ သင်္ခါရေ၊ တေဘူမကသင်္ခါရတရားတို့ကို။ အနတ္တတော၊ အနတ္တအားဖြင့်။ ပဿတိ၊ မြင်၏။ ယသ္မာ ပန၊ အကြင်ကြောင့်ကား။ အနတ္တတော၊ အနတ္တအားဖြင့်။ ဒိဋ္ဌမတ္တေနေဝ၊ မြင်ကာမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံ နာမ၊ မဂ်၏ထမြောက်ခြင်းမည်သည်။ န ဟောတိ၊ မဖြစ်။ အနိစ္စတောပိ၊ အနိစ္စအားဖြင့်ရင်း။ ဒုက္ခတောပိ၊ ဒုက္ခအားဖြင့်ရင်း။ ဒဋ္ဌုမေဝ၊ မြင်ခြင်းငှာသာလျှင်။ ဝဋ္ဋတိ၊ သင့်၏။

တသ္မာ၊ ထိုသို့မြင်သင့်သောကြောင့်။ အနိစ္စဒုက္ခမနတ္တာတိ၊ အနိစ္စ, ဒုက္ခ အနတ္တ ဟူ၍။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ အနုပဿနံ၊ အနုပဿနာသို့။ အာရောပေတွာ၊ တင်၍။ သမ္မသန္တော၊ သုံးသပ်လျက်။ စရတိ၊ ကျင့်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ဝုဋ္ဌာနဂါမိနိဝိပဿနာ ပန၊ ဝဋ်မှထမြောက်ကြောင်းဖြစ်သော ဝိပဿနာသည်ကား။ တေဘူမကေပိ သင်္ခါရေ၊ ဘုံသုံးပါး၌ဖြစ်သော သင်္ခါရတို့ကိုလည်း။ သုညတော၊ ဆိတ်သောအားဖြင့်သာလျှင်။ ပဿတိ၊ မြင်၏။ အယံ ဝိပဿနာ၊ ဤဝိပဿနာသည်။ သုညတာ နာမ၊ သုညတဝိပဿနာ မည်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုရှေးဦးစွာမြင်သော ဝိပဿနာသည်။ အာဂမနိယဋ္ဌာနေ၊ ရောက်ကြောင်း၏ အရာ၌။ ဌတွာ၊ တည်၍။ အတ္တနော မဂ္ဂဿ၊ မိမိမဂ်၏။ သုညတန္တိ နာမံ၊ သုညတ ဟူသောအမည်ကို။ ဒေတိ၊ ပေး၏။ ဧဝံ၊ ဤသို့။ မဂ္ဂေါ၊ မဂ်သည်။ အာဂမနတော၊ ရောက်ကြောင်းဝိပဿနာအားဖြင့်။ သုညတနာမံ၊ သုညတ မဂ်ဟူသော အမည်ကို။ လဘတိ၊ ရ၏။

ယသ္မာ ပန၊ အကြင်ကြောင့်ကား။ သော၊ ထိုမဂ်သည်။ ရာဂါဒီဟိ၊ ရာဂအစရှိသော ကိလေသာတို့မှ။ သုညော၊ ဆိတ်၏။ တသ္မာ၊ ထို့ကြောင့်။ သဂုဏေန၊ မိမိဂုဏ်အားဖြင့်သာလျှင်။ သုညတနာမံ၊ သုညတမဂ်ဟူသော အမည်ကို။ လဘတိ၊ ရ၏။ နိဗ္ဗာနံပိ၊ နိဗ္ဗာန်သည်လည်း။ ရာဂါဒီဟိ၊ ရာဂစသည်တို့မှ။ သုညတတ္တာ၊ ဆိတ်သည်၏အဖြစ်ကြောင့်။ သုညတန္တိ၊ သုညတ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထိုနိဗ္ဗာန်ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။

ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ မဂ္ဂေါ၊ မဂ်သည်။ အာရမ္မဏတော၊ အာရုံအားဖြင့်။သုညတနာမံ၊ သုညတဟူသောအမည်ကို။ လဘတိ၊ ရ၏။

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာဒိတော၀၊ အစမှလျှင်။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အဘိနိဝိသိတ္ဝာ၊ နှလုံးသွင်း၍။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ဒုက္ခတော၀၊ ဒုက္ခအားဖြင့်သာလျှင်၊ ပဿတိ၊ မြင်၏။ ယသ္မာ ပန၊အကြင်ကြောင့်ကား။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ဒိဋ္ဌမတ္တေနေ၀၊ မြင်ကာမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံ နာမ၊ မဂ်၏ထမြောက်ခြင်းမည်သည်။ န ဟောတိ၊မဖြစ်။ အနိစ္စတောပိ၊အနိစ္စအားဖြင့်ရင်း။ အနတ္တတော ဝါ၊ အနတ္တအားဖြင့်ရင်း။ ဒဋ္ဌုမေ၀၊ မြင်ခြင်းငှါသာလျှင်။ ဝဋ္ဋတိ၊ သင့်၏။

တသ္မာ၊ ထို့ကြောင့်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ အနိစ္စ, ဒုက္ခ, အနတ္တဟူ၍။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ အနုပဿနံ၊ အနုပဿနာသို့။ အာရောပေတွာ။ တင်၍။ သမ္မသန္တော၊ သုံးသပ်လျက်။ စရတိ၊ ကျင့်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ဝုဋ္ဌာနဂါမိနိဝိပဿနာ ပန၊ဝုဋ္ဌာနဂါမိနိဝိပဿနာသည်ကား။တေဘူမက သင်္ခါရေသု၊ ဘုံသုံးပါး၌ ဖြစ်သောသင်္ခါရတရားတို့၌။ ပဏိဓိံ၊ တဏှာဟူသော တောင့်တခြင်းကို။ သောသေတွာ၊ ခြောက်တတ်စေ၍။ ပရိယာဒိယိတွာ၊ ကုန်စေ၍။ဝိဿဇ္ဇေသိ၊လွှတ်၏။ အယံ ဝိပဿနာ၊ ဤဝိပဿနာသည်။ အပ္ပဏိဟိတာနာမ၊ အပ္ပဏိဟိတ မည်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုဝိပဿနာသည်။ အာဂမနီယဋ္ဌာနေ၊ ရောက်ကြောင်း၏အရာ၌။ ဌတွာ၊ တည်၍။ အတ္တနော မဂ္ဂဿ၊ မိမိမဂ်၏။ အပ္ပဏိဟိတန္တိ နာမံ၊ အပ္ပဏိဟိတဟူသော အမည်ကို၊ ဒေတိ၊ ပေး၏။ ဧဝံ၊ ဤသို့။ မဂ္ဂေါ၊ မဂ်သည်။ အာဂမနတော၊ရောက်ကြောင်းအားဖြင့်။အပ္ပဏိဟိတနာမံ၊ အပ္ပဏိဟိတဟူသောအမည်ကို။ လဘတိ၊ရ၏။ ။သဂုဏ စသည်မှာ ရှေးအတူပင်တည်း။

## တခုသော အာဝဇ္ဇန်းဖြင့် လက္ခဏာရေး

## ၃-ပါးလုံးကို မထင်နိုင်ခြင်း

သုံးပါးသော လက္ခဏာထင်မှ မဂ်ကိုရ၏ ဟူသော်—ထိုလက္ခဏာရေး သုံးပါးတို့သည် တခုသောဝီထိ၌ ထင်နိုင်အံ့သော ဟူငြားအံ့ တခုသော ဝီထိ၌ကား တပြိုင်နက်မထင်၊ ယင်းသို့မထင်သော်လည်း ညဉ့်မိုက်၌ ထင်းမီးစကိုခြာခြာလှည့်သည်ရှိသော် စက်ဝိုင်းအသွင် ထင်သကဲ့သို့ အာရမ္မဏိက စိတ်တို့သည် အလွန် လျင်သည်၏အဖြစ်ကြောင့် အာရုံသည်တပြိုင်နက်ထင်သကဲ့သို့ ဖြစ်၏ ဟူပေ။

ထိုအနက်ကိုပြခြင်းငှာ ရင်းအဋ္ဌသာလိနီအဋ္ဌကထာ နှာ-၂၆၉၌—

တိကဏံ လက္ခဏာနံ ကောဝဇ္ဇနေန ဝိယ အာဂါထ မာဂစ္ဆန္တိ။ တိက္ကာဥ ကောတော အာပါထဂမနံ နာမ နတ္ထိ၊ ကမ္မဋ္ဌာနသ ပန ဝိဘူတဘာဝ- ဝဒီပနတ္ထံ စေ ဝုတ္တံ—

ဟူ၍မိန့်တော်မူသည်။

တိကဏံ လက္ခဏာနံ၊ သုံးပါးသောလက္ခဏာတို့သည်။ ကောဝဇ္ဇနေန၊ တခုသော အာဝဇ္ဇန်းရှိသော ဝီထိဖြင့်။ အာပါထံ ဝိယ၊ ထင်ခြင်းသို့ရောက်သကဲ့သို့ အာ- ပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ စ၊ စင်စစ်ကား။ တိက္ကာ၊ သုံး ပါးသောလက္ခဏာတို့၏။ ကောတော၊ တပေါင်းတည်း။ ဝါ၊ တပြိုင်နက်။ အာ- ပါထဂမနံ နာမ၊ ထင်ခြင်းသို့ ရောက်သည်မည်သည်။ နတ္ထိ၊ မရှိ။ ပန၊ ယင်းသို့မရှိ သော်လည်း။ ကမ္မဋ္ဌာနသ၊ ကမ္မဋ္ဌာန်း၏။ ဝိဘူတဘာဝဒီပနတ္ထံ၊ ထင်ရှားသော အဖြစ်ကိုပြခြင်းငှါ။ စေ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

၃၂၇-တပါးကို နှလုံးသွင်းက ၃-ပါးလုံး ထင်ပုံကိုပြခြင်း

သုံးပါးသောလက္ခဏာတို့တွင် ရှေးဦးစွာ တပါးပါးကို နှလုံးသွင်းသော ပုဂ္ဂိုလ်အား သုံးပါးလုံးမထင်ကောင်းလောဟူ၍ြားအံ့ ရှေးဦးစွာက တပါးပါးကို နှလုံးသွင်း သော်လည်း ဝုဋ္ဌာနဂါမိနီဝိပဿနာခဏ၌ သုံးပါးလုံးကို အာရုံပြု သဖြင့် ထင်ကောင်း၏။ ထိုသို့ထင်မှသာလျှင် မဂ်ကိုရ၏ဟူပေ။ ဤအနက်ကို ပြခြင်းငှါ ရင်းအဋ္ဌသာလိနီ အဋ္ဌကထာ နှာ-၂၆၉၌—

အနိစ္စာဒီသု ဟိ ယတ္ထ ကတ္ထစိ အဘိနိဝိသိတွာ ဣတရမ္ပိ လက္ခဏဒွယံ ဒဋ္ဌုံ ဝဋ္ဋတိ ဧဝ၊ ဧကလက္ခဏဒဿနမတ္တေနေဝ ဟိ မဂ္ဂဝုဋ္ဌာနံ နာမ န ဟောတိ။ တသ္မာ အနိစ္စတော အဘိနိဝိဋ္ဌော ဘိက္ခု န ကေဝလံ အနိစ္စ- တောဝ ဝုဋ္ဌာတိ၊ ဒုက္ခတော အနတ္တတောပိ ဝုဋ္ဌာတိယေဝ။ ဒုက္ခတော, အနတ္တတော အဘိနိဝိဋ္ဌေပိ ဧသေဝ နယော—

ဟူ၍ မိန့်တော်မူသည်။

ဟိ၊ ထင်စွာဆိုဦးအံ့။ အနိစ္စာဒီသု၊ အနိစ္စစသည်တို့တွင်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသောလက္ခဏာကို။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍။ ဣတရမ္ပိ၊ ဤမှတပါးလည်းဖြစ်သော။ လက္ခဏဒွယံ၊ လက္ခဏာနှစ်ပါးကို။ ဒဋ္ဌုံ၊ ရှုခြင်းငှာ။ ဝါ၊ မြင်ခြင်းငှာ။ ဝဋ္ဋတိယေဝ၊ သင့်သည်သာတည်း။ ဟိသစ္စံ၊ မှန်၏။ ဧကလက္ခဏဒဿနမတ္တေနေဝ၊ တခုတည်းသောလက္ခဏာကို မြင်ကာ

မျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံ နာမ၊ မဂ်၏ထမြောက်ခြင်း မည်သည်။ န ဟောတိ၊ မဖြစ်။

တသ္မာ၊ ထို့ကြောင့်။ အနိစ္စတော၊ **အနိစ္စအားဖြင့်**။ အဘိနိဝိဋ္ဌော၊ နှလုံးသွင်းသော။ ဘိက္ခု၊ ရဟန်းသည်။ ကေဝလံ၊ သက်သက်။ **အနိစ္စတောဝ**၊ အနိစ္စမှသာလျှင်။ န ဝုဋ္ဌာတိ။ မထ။ ဒုက္ခတောပိ၊ ဒုက္ခမှလည်းကောင်း။ အနတ္တတောပိ၊ အနတ္တမှလည်းကောင်း။ ဝုဋ္ဌာတိယေဝ၊ ထသည်သာလျှင်တည်း။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ အနတ္တတော၊ အနတ္တအားဖြင့်။ အဘိနိဝိဋ္ဌေပိ၊ နှလုံးသွင်းရာ၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။ ။ဤနောက်နည်းကား သုတ္တန်ပရိယာယ်နည်းတည်း။

ဤလက္ခဏာရေး သုံးပါးဖြင့်မှတ်၍ **စီး**ဖြန်းသောသူအား ခန္ဓာငါးပါးတို့သည် လည်၌ဆွဲသားသော အသေကောင်ပုပ်ကဲ့သို့ ထင်၍ ငြီးငွေ့၏။ ထို့ကြောင့် သင်္ခါရကို အာရုံပြုသောဉာဏ်သည် ထိုသင်္ခါရတို့မှ ထမြောက်ခြင်းဖြစ်၏။

**ဥပမာကား**။ ။သပိတ်ဝယ်လိုသော ရဟန်းသည် သပိတ်သည်၏ လက်၌ သပိတ်ကိုမြင်သဖြင့် ရွှင်လန်းစွာ ယူ၍ ရှုလတ်သော် သပိတ်၌ ပါသော အပေါက် ၃-ခုကိုမြင်အံ့။ အပေါက်ကိုသာ တပ်ခြင်းကင်းသည် မဟုတ်သေး၊ သပိတ်ကိုပင်လိုချင်သကဲ့သို့ ထိုလက္ခဏာရေးဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား ၃- ပါးသောလက္ခဏာတို့ထင်လတ်သော် ထိုလက္ခဏာရှိသော ခန္ဓာငါးပါးကိုပင် ခင်မင်ခြင်းကင်းကွာ၍ သင်္ခါရတို့မှ ထမြောက်ခြင်းဖြစ်လေသတည်း။

နိဗ္ဗာန်ပိုင်း ခေါ်ဆစ်များပြီး၏။

ဤတွင် ရုပ်ပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

# ၇ - သမုစ္စည်းပိုင်း

# သမုစ္စည်းပိုင်းဆိုင်ရာ ပုစ္ဆာ
# ဝိသဇ္ဇနာများ

## ၃၂၈-ဒွါသတ္တတိအရ ၇၂-ပါးသရုပ်ကိုပြခြင်း

မေး။ ။ဒွါသတ္တတိ ဝိဓာအရ၊ များဝမ္မတွင်၊ ဘေဒ ဘယ်သို့ယူမည်နည်း။

ဖြေ။ ။စိတ်သည် အကျဉ်းမှာ တခုယုတ် ၉၀, အကျယ်မှာ ၁၂၁-ပါး ပြားသော်လည်း လက္ခဏာအားဖြင့် အာရမ္မဏ ဝိဇာနန လက္ခဏာတပါးသာ ရှိရကား တပါးယူ၍ စေတသိက် ၅၂ပညာသမှာ လက္ခဏာအသီးသီးရှိရကား ၅၂-ပါးယူ၍ နှစ်ရပ်ကို ပေါင်းသော် နာမ် ၅၃ပညာသ ဖြစ်၏။ ရုပ်မှာ လက္ခဏာ အသီးသီးရကောင်းသောရုပ်သည် နိပ္ဖန္နရုပ် ၁၈-ပါးသာ ဖြစ်သောကြောင့်ရင်း, ၁၈-ပါးကိုရောလျှင် ၇၁-ပါးဖြစ်၏။ ထိုတွင် သင်္ခတလက္ခဏာရှိသော နိဗ္ဗာန်တပါး ကိုထည့်က ဒွါသတ္တတိဝိဓာ ဖြစ်၏ ဟူပေ။

## ၃၂၉-အာသဝ လေးပါးပြဆိုခြင်း

ဘဝတော အာဘဝဂ္ဂံ ဓမ္မတော အာဂေါတြဘုံ သဝန္တိ ပဝတ္တန္တီတိ အာသဝါ။

ယေ ဓမ္မာ။ အကြင်လောဘ, ဒိဋ္ဌိ, မောဟ တရားတို့သည်။ ဘဝတော၊ ဖြစ်ရာဘုံအားဖြင့်။ အာဘဝဂ္ဂံ၊ နေဝသညာ နာသညာ ဟုဆိုအပ်သော ဘဝဂ် တိုင်အောင်။ ဓမ္မတော၊ တရားအားဖြင့်။ အာဂေါတြဘုံ၊ မဂ်၏ရှေ့ဖြစ်သော ဂေါတြဘူကိုင်အောင်။ သဝန္တိ၊ စီးတတ်ကုန်၏။ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့စီးတတ်သောသတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အာသဝါ၊ အာသဝ မည်ကုန်၏။

အာသဝဒ္ဒါသည် အဝဓိ အနက်ကို ဟော၏။ ဤအဝဓိသည်လည်း–

၁။ ကြိယာကို အပပြု၍ ပိုင်းခြားသော မရိယာဒ အဝဓိ

၂။ ကြိယာကို အတွင်းပြု၍ ပိုင်းခြားသော အဘိဝိဓိအဝဓိ–

အားဖြင့် နှစ်ပါးပြားသည်တွင် ဤ၌ အာသဝဒ္ဒါသည် အာဘဝဂ္ဂံ သဒ္ဒေါ, အဘူဂ္ဂတော ကဲ့သို့ ကြိယာကို အတွင်းပြု၍ဖြစ်သော အဘိဝိဓိ အဝဓိ ဟူ၍ မှတ်အပ်၏။

ဤအာသဝေါတရားတို့သည် ဘေဒအားဖြင့်–

၁။ ကာမာသဝ၊ ၃။ ဒိဋ္ဌာသဝ၊

၂။ ဘဝါသဝ၊ ၄။ အဝိဇ္ဇာသဝ–

ဟူ၍ လေးပါးပြားကုန်သည်။ ထိုလေးပါးတို့တွင်–

၁။ ကာမ ၁၁-ဘုံ၌ တပ်ငြိတတ်သောလောဘသည် ကာမာသဝ မည်၏။

၂။ ရူပ ၁၅-ဘုံ, အရူပ ၄-ဘုံ၌ တပ်ငြိတတ်သော လောဘသည်ရင်း, ဈာန်၌ တပ်တတ်သော ရာဂသဿတဒိဋ္ဌိနှင့်တကွသော ရာဂသည်ရင်း ဘဝါ-သဝ မည်၏။

၃။ ၆၂-ပါးအပြားရှိသော မိစ္ဆာအယူသည် ဒိဋ္ဌာသဝ မည်၏။

၄။ သစ္စာ ၄-ပါး, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ, ဣဒပ္ပစ္စယတာ, ပဋိစ္စသမုပ္ပါဒဓမ္မ ဤ၈ဌာန ရှစ်ပါး၌ လွှမ်းတားပိတ်ပင်တတ်သော မောဟသည် အဝိဇ္ဇာသဝ မည်၏။

## မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကိုပြခြင်း

၆၂-ပါးသော မိစ္ဆာအယူတို့ကား—

စတ္တာရော သဿတဝါဒါ, စတ္တာရော ဧကစ္စ သဿတဝါဒါ, စတ္တာရော အန္တာနန္တိကဝါဒါ, စတ္တာရော အမရာဝိက္ခေပဝါဒါ, ဒွေ အဓိစ္စသမုပ္ပန္နိ-ကဝါဒါတိ အဋ္ဌာရသ ပုဗ္ဗန္တာနုဒိဋ္ဌိယော။ သောဠသ သညီဝါဒါ, အဋ္ဌ-အသညီဝါဒါ, အဋ္ဌ နေဝသညီနာသညီဝါဒါ, သတ္တ ဥစ္ဆေဒဝါဒါ, ပဉ္စ ဒိဋ္ဌ-ဓမ္မနိဗ္ဗာနဝါဒါတိ စတုစတ္တာလီသ အပရန္တာနုဒိဋ္ဌိယောတိ သမောဓာ-နဝသေန ဒွါသဋ္ဌိဒိဋ္ဌိယော ဟောန္တိ--

ဟူသော သီလက္ခန် အဋ္ဌကထာနှင့်အညီ သဿတဝါဒ ၄-ပါး, ဧကစ္စသဿ-တဝါဒ ၄-ပါး, အန္တာနန္တိကဝါဒ ၄-ပါး, အမရာဝိက္ခေပဝါဒ ၄-ပါး, အဓိစ္စသမု-ပ္ပန္နဝါဒ ၂-ပါးအားဖြင့်-(၁၈)ပါးသော ပုဗ္ဗန္တာနုဒိဋ္ဌိ။

သညီဝါဒ ၁၆-ပါး, အသညီဝါဒ ၈-ပါး, နေဝသညီ နာသညီဝါဒ ၈ပါး ဥစ္ဆေ-ဒဝါဒ ၇-ပါး, ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါးအားဖြင့် (၄၄)ပါးသော အပရန္တာနုဒိဋ္ဌိ။ ဤနှစ်ရပ်ကိုပေါင်းမှ ဒိဋ္ဌိ(၆၂)ပါးဖြစ်သတည်း။ ။ဤဒိဋ္ဌိတို့၏ယူသော အခြင်းအရာကို ဒိဋ္ဌိဒီပနီ ကျမ်း၌ ပြဆိုခဲ့ပြီးဖြစ်၍ ဤ၌ အကျယ်မဆိုတော့ပြီ။

## ၃၃၀-ဩဃ ၄-ပါးကိုပြဆိုခြင်း

ဇလပ္ပဝါဟော သတ္တေ ဩတ္ထရိတွာ ဟနန္တော ဝိယ သတ္တေ ဝဋ္ဋသ္မိံ ဩဃန္တိ ဩသီဒါပေန္တီတိ ဩဃာ။

ယေ ဓမ္မာ၊ အကြင်လောဘ, ဒိဋ္ဌိ, မောဟ တရားတို့သည်။ ဇလပ္ပဝါဟော၊ ရေအယဉ်သည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဩတ္ထရိတွာ၊ လွှမ်းမိုး၍။ ဟနန္တော ဝိယ၊ သတ်ကုန်သကဲ့သို့။ သတ္တေ၊ သတ္တဝါတို့ကို။ ဝဋ္ဋသ္မိံ၊ ဝဋ်ဆင်းရဲ၌။ ဩဃန္တိ

ဩသီဒါပေန္တိ၊ နှစ်မွန်းစေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့နှစ်မွန်းစေတတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဩဃာ၊ ဩဃမည်ကုန်၏။ ထိုဩဃတရားတို့သည် ဘေဒအားဖြင့်—

၁။ ကာမောဃ၊ ၃။ ဒိဋ္ဌောဃ၊

၂။ ဘဝေါဃ၊ ၄။ အဝိဇ္ဇောဃ-

ဟူ၍လေးပါးအပြားရှိကုန်၏။ ။ ယခင်အာသဝနည်းတူဝေဖန်၍သိလေ။

## ၃၃၁-ယောဂလေးပါးကို ပြဆိုခြင်း

တံသမင်္ဂိပုဂ္ဂလံ ဝဋ္ဋသ္မိံ ယောဇေန္တီတိ ယောဂါ။

ယေ ဓမ္မာ၊ အကြင်လောဘ, ဒိဋ္ဌိ, မောဟတရားတို့သည်။ တံသမင်္ဂိပုဂ္ဂလံ၊ ထိုယောဂနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို။ ဝဋ္ဋသ္မိံ၊ ဝဋ်ဆင်းရဲ၌။ ယောဇေန္တိ၊ ယှဉ်စေတတ်ကုန်၏ ဣတိ တသ္မာ၊ ထိုသို့ယှဉ်စေတတ်သောသတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ယောဂါ၊ ယောဂမည်ကုန်၏။

ထိုယောဂတရားတို့သည် ဘေဒအားဖြင့်-

၁။ ကာမယောဂ၊ ၃။ ဒိဋ္ဌိယောဂ၊

၂။ ဘဝယောဂ ၄။ အဝိဇ္ဇာယောဂ-

ဟူ၍ လေးပါးအပြားရှိ၏။ ။အာသဝ၏နည်းတူ ဝေဖန်၍သိလေ။

## ၃၃၂-ဂန္ထလေးပါးကို ပြဆိုခြင်း

တံသမင်္ဂိပုဂ္ဂလံ ဝဋ္ဋသ္မိံ ဂန္ထေန္တီတိ ဂန္ထာ။

ယေ ဓမ္မာ၊ အကြင်လောဘ, ဒိဋ္ဌိ, ဒေါသတရားတို့သည်။ တံသမင်္ဂိပုဂ္ဂလံ၊ ထိုဂန္ထနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို။ ဝဋ္ဋသ္မိံ၊ ဝဋ်ဆင်းရဲ၌။ ဂန္ထေန္တိ၊ ချည်နှောင်သကဲ့သို့ တုံးဖွဲ့တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့တုံးဖွဲ့တတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဂန္ထာ၊ ဂန္ထမည်ကုန်၏။ ထိုဂန္ထတို့သည် ဘေဒအားဖြင့် —

၁။ အဘိဇ္ဈာကာယဂန္ထ၊

၂။ ဗျာပါဒကာယဂန္ထ၊

၃။ သီလဗ္ဗတပရာမာသကာယဂန္ထ၊

၄။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ-

ဟူ၍ လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် အဘိဇ္ဈာတို့၏ အပေါင်းဖြစ်သော နာမကာယနှင့် ရူပကာယကို ထုံးဖွဲ့ခြင်းသည် အဘိဇ္ဈာကာယဂန္ထမည်၏။

ဗျာပါဒတို့၏ အပေါင်းဖြစ်သော နာမကာယနှင့် ရူပကာယကို ထုံးဖွဲ့ခြင်းသည် ဗျာပါဒ ကာယဂန္ထမည်၏။

ဤဒွိ ကာယသဒ္ဒါသည် အပေါင်းကိုဟော၏။ သူ၏စည်းစိမ် ကို ရှေးရှုလိုချင်ခြင်းသည် အဘိဇ္ဈာသာမည်၏။ အဘယ်သို့ငါရပါအံ့နည်းဟု အဖန်ဖန်ရှေးရှုကြံခြင်းသည် အဘိဇ္ဈာကာယမည်၏။

အချက်ထွေးန်၍ ဖျက်ဆီးလိုခြင်းသည် ဗျာပါဒမည်၏။ ဘယ်သို့ ငါဖျက်နိုင်ပါအံ့နည်းဟု အဖန်ဖန်ရန်ငြိုးဖွဲ့ခြင်းသည် ဗျာပါဒကာယမည်၏။ ထိုအဘိဇ္ဈာကာယဗျာပါဒကာယ နှစ်ပါးလျှင် ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့တတ်သောကြောင့် ဂန္ထမည်၏ဟုလိုသည်။

နွားခြေးစသည်တို့၏ အကျင့်ကဲ့သို့ စိတ်ရှိတိုင်းကျင့်သော်လည်း အပြစ်မရှိဟု မှားသောအားဖြင့် စွဲလမ်းသော ဒိဋ္ဌိတရားအပေါင်းသည် သီလဗ္ဗတပရာမာသ ကာယဂန္ထမည်၏။

ငါ၏အယူသာ မှန်၏။ သူတပါး၏အယူကား အချည်းနှီးသာတည်း ဟု နှလုံးသွင်းသော ဒိဋ္ဌိတရားအပေါင်းသည် ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထမည်၏။

ဋီကာဆရာကား—ဂန္ထ၊ နာမကာယနှင့် ရူပကာယကို။ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို။ ဖြေနိုင်ခဲအောင် ထုံးနှောင်ရစ်ပတ်တတ်ကုန်သော တရား, ဟူ၍ သမ္မာန်လိုသည်။

အဋ္ဌကထာလိနတ္ထကား—ဝဋ်ဆင်းရဲ၌ စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် ထုံးဖွဲ့တတ်ကုန်သော တရားဟူ၍ သမ္မာန်လိုသည်။

၃၃၃—ဥပါဒါန်လေးပါးကို ပြဆိုခြင်း

ပန္နဂေါ ဝိယ မဏ္ဍုကံ ဘုသံ ဒဠှ အာ...မ္မာဘဲ အာဒိယန္တီတိ ဥပါဒါနာနိ။ ယာနိ၊ အကြင်လောဘ, ဒိဋ္ဌိ, တရားတို့သည်။ ပန္နဂေါ၊ မြွေသည်။ မဏ္ဍုကံ၊ ဖားကို။ ဘုသံ ဒဠှံ၊ မြဲမြံစွာ။ အာဒိယန္တိ ဝိယ၊ စွဲလမ်းဘိသကဲ့သို့။ ဘုသံ ဒဠှံ၊ ပြင်းထန်မြဲမြံစွာ။ အာရမ္မဏံ၊ အာရုံကို။ အာဒိယန္တိ၊ စွဲလမ်းတတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့စွဲလမ်းတတ်သောသတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဥပါဒါနာနိ၊ ဥပါဒါန် မည်ကုန်၏။ ဤဥပါဒါန်သည် ဘေဒအားဖြင့်—

၁။ ကာမုပါဒါန်၊ ၃။ သီလဗ္ဗတုပါဒါန်၊

၂။ ဒိဋ္ဌုပါဒါန်၊ ၄။ အတ္တဝါဒုပါဒါန်–

ဟူ၍လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် ကာမဂုဏ်အာရုံငါးပါးတို့၌ မြဲမြံစွာ စွဲလမ်းခြင်းသည် ကာမုပါဒါန်မည်၏။ ၆၂-ပါးသော မိစ္ဆာအယူကို စွဲလမ်းခြင်းသည်။ ဒိဋ္ဌုပါဒါန်မည်၏။ သတ္တဝါတို့ အထူးမကျင့်ပဲ မိလိုက်ဘလာကျင့်စဉ်ဖြင့် သံသရာမှစင်ချိန် တန်သော် စင်၏ဟူ၍ စွဲလမ်းခြင်းသည် သီလဗ္ဗတုပါဒါန် မည်၏။ ငါးပါးသော ခန္ဓာတို့၌ ငါ၏ကိုယ်စသည်ဖြင့် စွဲလမ်းအပ်သော သက္ကာယဒိဋ္ဌိနှစ်ဆယ်သည် အတ္တဝါဒုပါဒါန်မည်၏။

### ၃၃၄—ဥပါဒါန်၏အာရုံကိုပြခြင်း

**မေး။** ။လောဘ,ဒိဋ္ဌိ၊ ရှိသည်အမှန်၊ ဥပါဒါန်သည်၊ ဘယ်ခန္ဓာ၏ အာရုံနည်း။

**ဖြေ။** ။ဥပါဒါနက္ခန္ဓ သခ်ါတလောကဘော–

ဟူသော ဋီကာဟိတ်ကိုမှီ၍ လောကီဖြစ်သော ခန္ဓာငါးပါးလျှင် အာရုံရှိသည် ဟုသိအပ်၏။

### ၃၃၅·သက္ကာယဒိဋ္ဌိ ၂၀·ကိုပြဆိုခြင်း

**မေး။** ။အတ္တဝါဒ၊ ပါဒါန်မှုတွင်၊ ငါဟုကြံရာ၊ အောင့်မေ့စွာသည်၊ ခြင်းရာနှစ်ဆယ်၊ ဘယ်သို့အပြားဆိုအံ့နည်း။

**ဖြေ။** ။သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဟူသည်ကား——

၁။ ရုပ်သည် ကိုယ်ပင်တည်းဟုယူခြင်း,

၂။ ကိုယ်၌ ရုပ်ရှိသည်ဟု ယူခြင်း,

၃။ ရုပ်၌ ကိုယ်ရှိသည်ဟု ယူခြင်း,

၄။ ကိုယ်သည် ရုပ်ရှိသည်ဟု ယူခြင်း,

ဤသို့ ရူပက္ခန္ဓာ၌ လေးပါး

၁။ ဝေဒနာသည် ကိုယ်ပင်တည်းဟု ယူခြင်း,

၂။ ကိုယ်၌ ဝေဒနာရှိသည်ဟု ယူခြင်း,

၃။ ဝေဒနာ၌ ကိုယ်ရှိသည်ဟု ယူခြင်း,

၄။ ကိုယ်သည် ဝေဒနာရှိ၏ဟု ယူခြင်း၊

ဤသို့ ဝေဒနာက္ခန္ဓာ၌ လေးပါး

၁။ သညာသည် ကိုယ်ပင်တည်း ဟု ယူခြင်း,

၂။ ကိုယ်၌ သညာရှိသည် ဟု ယူခြင်း,

၃။ သညာ၌ ကိုယ်ရှိသည် ဟု ယူခြင်း,

၄။ ကိုယ်သည် သညာရှိ၏ ဟု ယူခြင်း၊

ဤသို့ သညာက္ခန္ဓာ၌ လေးပါး

၁။ သင်္ခါရသည် ကိုယ်ပင်တည်း ဟု ယူခြင်း,

၂။ ကိုယ်၌ သင်္ခါရရှိသည် ဟု ယူခြင်း,

၃။ သင်္ခါရ၌ ကိုယ်ရှိသည် ဟု ယူခြင်း,

၄။ ကိုယ်သည် သင်္ခါရရှိ၏ ဟု ယူခြင်း၊

ဤသို့သင်္ခါရက္ခန္ဓာ၌ လေးပါး

၁။ ဝိညာဉ်သည် ကိုယ်ပင်တည်း ဟု ယူခြင်း,

၂။ ကိုယ်၌ ဝိညာဉ်ရှိသည် ဟု ယူခြင်း,

၃။ ဝိညာဉ်၌ ကိုယ်ရှိသည် ဟု ယူခြင်း,

၄။ ကိုယ်သည် ဝိညာဉ်ရှိသည် ဟု ယူခြင်း၊

ဤသို့ ဝိညာဏက္ခန္ဓာ၌ လေးပါးအားဖြင့် သက္ကာယဒိဋ္ဌိ နှစ်ဆယ် ဖြစ်သတည်း။

ပရမတ်အားဖြင့် ကိုယ်မရှိသည်ကို ကိုယ်ရှိ၏ဟု မှတ်ခြင်းကြောင့် သက္ကာယဒိဋ္ဌိ ဆိုသည်ဟု အဂ္ဂတ္တိုရိပါဠိ၌ လာသည်။

၃၃၆-နီဝရဏ ၆-ပါးကိုပြဆိုခြင်း

ကုသလစိတ္တံ နီဝါရေန္တီတိ နီဝရဏာနိ။

ပညာစက္ခုံ အာဝရန္တိ ပဋိစ္ဆာဒေန္တီတိ နီဝရဏာနိ။

ယာနိ၊ အကြင် ရှစ်ပါးသောတရားတို့သည်။ ကုသလ စိတ္တံ၊ ကုသိုလ်စိတ်ကို။ နီဝါရေန္တိ၊ တားမြစ်တတ်ကုန်၏။ ဝါ၊ တနည်းကား။ ပညာစက္ခုံ၊ ပညာမျက်စိကို။ အာဝရန္တိ ပဋိစ္ဆာဒေန္တိ၊ ဖုံးလွှမ်းတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့တားမြစ်တတ် ဖုံးလွှမ်းတတ်သော သတ္တိကြောင့်။ နီဝရဏာနိ၊ နီဝရဏ တို့မည်ကုန်၏။

ထိုနီဝရဏသည် ဘေဒအားဖြင့် ၆-ပါးရှိသည်တွင်—

၁။ ကာမဂုဏ်ငါးပါးတို့၌ ညွတ်သောအားဖြင့် ဖြစ်ခြင်းသည် ကာမစ္ဆန္ဒ-နီဝရဏမည်၏။

၂။ ဤသူကား ငါ၏အကျိုးမဲ့ကို ယခုပြုဆဲဟူ၍၎င်း, ရှေးကပြုဘူးပြီဟူ၍၎င်း, နောင်ပြုလတ္တံ့ဟူ၍၎င်း ရန်ငြိုးဖွဲ့ခြင်း,

ဤသူသည် ငါ့မိတ်ဆွေ၏အကျိုးမဲ့ကို ယခုပြုဆဲ, ရှေးကပြုဘူးပြီ, နောင်လည်းပြုလတ္တံ့ဟူ၍ ရန်ငြိုးဖွဲ့ခြင်း,

ဤသူသည် ငါ့ရန်သူ၏ အကျိုးမဲ့ကို ယခုပြုဆဲ, ရှေးကလည်းပြုဘူးပြီ, နောင်လည်းပြုလတ္တံ့ဟူ၍ ရန်ငြိုးဖွဲ့ခြင်း။

ဤ ၉-ပါးသော အာဃာတဝတ္ထု, အဋ္ဌာနကောပ နှင့်တကွ ဆယ်ပါးသော ဒေါသသည် ဗျာပါဒနီဝရဏ မည်၏။

၃။ ပျင်းရိခြင်း ငိုက်မည်းခြင်းသည် ထိနမိဒ္ဓ နီဝရဏမည်၏။

၄။ ပြန့်လွင့်ခြင်း, ပူပန်ခြင်းသည် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏမည်၏။

[အကြွင်းသိသာပြီ။]

### ၃၃၇-ထိန, မိဒ္ဓ စသည်တို့၏ မကွဲပြားပုံကို ပြခြင်း

မေး။ ။ထိန, မိဒ္ဓ၊ ဥဒ္ဓစ္စနှင့်၊ ကုက္ကုစ္စမှာ၊ တူမကွာ၊ ဘယ်အရာကြောင့်တွဲသနည်း။

ဖြေ။ ။ကိစ္စာဟာရ, ပဋိပက္ခာနံ သမာနတာဝတော— ဟူသော ဋီကာနှင့်အညီ ကိစ္စ အားဖြင့်၎င်း, ဟာရ အားဖြင့်၎င်း, ပဋိပက္ခ အားဖြင့်၎င်း တူသည်၏အဖြစ်ကြောင့် နှစ်ပါးသောတရားတို့ကို တွဲ၍ ဆိုအပ်၏ ဟူပေ။

ကိစ္စအားဖြင့် ဘယ်သို့ တူသနည်းဟူမူကား——

ထိနလည်း စိတ်၏တွန့်တိုခြင်းကိစ္စ၊

မိဒ္ဓလည်း စေတသိက်တို့၏ တွန့်တိုခြင်းကိစ္စ ရှိသည်ဖြစ်၍ တူသည်။

ဟာရ အားဖြင့် ဘယ်သို့ တူသနည်းဟူမူကား——

ထိနလည်း စိတ်၏ဆန့်ကျင်ခြင်းလျှင် အကြောင်း

မိဒ္ဓလည်း စေတသိက်တို့၏ ဆန့်ကျင်ခြင်းလျှင် အကြောင်းရှိသည်ဖြစ်၍ တူကြသည်။

ပဋိပက္ခ အားဖြင့် ဘယ်သို့ တူသနည်းဟူမူကား–

ထိနလည်း ဝီရိယ၏ ဆန့်ကျင်ဘက်

မိဒ္ဓလည်း ဝီရိယ၏ ဆန့်ကျင်ဘက် ဖြစ်၍ တူကြသည်။

ကိစ္စအားဖြင့် ဥဒ္ဓစ္စလည်း စိတ်၏မငြိမ်သက်ခြင်းကို ပြုတတ်သောကိစ္စ။ ကုက္ကုစ္စလည်း စိတ်၏မငြိမ်သက်ခြင်းကို ပြုတတ်သောကိစ္စ တူကြသည်။

ဟာရအားဖြင့် ဥဒ္ဓစ္စသည်း ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်ကို ကြံခြင်းလျှင် အကြောင်း၊ ကုက္ကုစ္စလည်း ဆွေမျိုးတို့၏ ပျက်စီးခြင်းစသည်ကို ကြံခြင်းလျှင် အကြောင်းဖြစ်၍ တူကြသည်။

ပဋိပက္ခအားဖြင့် ဥဒ္ဓစ္စလည်း သမထတရားတို့၏ ဆန့်ကျင်ဘက်။ ကုက္ကုစ္စလည်း သမထတရားတို့၏ ဆန့်ကျင်ဘက်ဖြစ်၍ တူကြသည်။ ဤသို့ ကိစ္စ, ဟာရ, ပဋိပက္ခအားဖြင့် တူကြသောကြောင့် ပေါင်းသည်ဟုမြေ။

## ၃၃၈-အနုသယ ၇-ပါးကို ပြဆိုခြင်း

သတ္တသန္တာနေ အနု အနု သေန္တီတိ အနုသယာ။

ယေ ဓမ္မာ၊ အကြင် ၇-ပါးသော တရားတို့သည်။ သတ္တသန္တာနေ၊ သတ္တဝါတို့၏ အတွင်းသန္တာန်၌။ အနု အနု၊ အဖန်တလဲလဲ။ ဝါ၊ သင့်လျော်သော အကြောင်းကို မျော်၍။ သေန္တိ၊ ကိန်းအောင်းတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကိန်းအောင်းတတ်သော သဘောကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အနုသယာ၊ အနုသယမည်ကုန်၏။

ထိုအနုသယတို့သည် ဘေဒအားဖြင့်—

၁။ ကာမရာဂါနုသယ၊ ၅။ ဒိဋ္ဌာနုသယ၊

၂။ ဘဝရာဂါနုသယ၊ ၆။ ဝိစိကိစ္ဆာနုသယ၊

၃။ ပဋိဃာနုသယ၊ ၇။ အဝိဇ္ဇာနုသယ၊

၄။ မာနာနုသယ၊

ဟူ၍ ၇-ပါး အပြားရှိ၏။

ထိုတရားတို့သည် ကျွဲသည် ချုံ၌အောင်းနေ၍ အစာဖြစ်သော သမင် ကျွဲနွားစသည်ကိုမြင်သော် ထ၍ ကိုက်သကဲ့သို့ ဟဒယ ဝတ္ထုတည်းဟူသောချုံ၌ အောင်းနေ၍ လိုအပ်သောအာရုံကို တွေ့လတ်သော် လေ့လေ့ ရမ်းရမ်း ဖမ်းယူတတ်သော သဘောရှိသည်ဖြစ်၍ အနုသယဟု ဟောတော်မူသည်။

## ၃၃၉-သံယောဇဉ် ၁၀-ပါးကို ပြဆိုခြင်း

ဝဋ္ဋသ္မိံ သတ္တေ သံယောဇေန္တီတိ သံယောဇနာနိ။

ယေ ဓမ္မာ၊ အကြင်ဆယ်ပါးသော တရားတို့သည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝဋ္ဋသ္မိံ၊ ဝဋ်ဆင်းရဲ၌။ သံယောဇေန္တိ၊ ယှဉ်စေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ သံယောဇနာနိ၊ သံယောဇဉ်မည်ကုန်၏။ ထိုသံယောဇဉ်တို့၏ဘေဒကို အဋ္ဌကထာဖြင့် သိသာပြီ။

## ၃၄၀-ကိလေသာ ၁၀-ပါးကို ပြဆိုခြင်း

ကိလိဿန္တိ ဣမံ ပုဂ္ဂလံ ဝဋ္ဋသ္မိံ ဥပတာပေန္တီတိ ကိလေသာ။

ယေ ဓမ္မာ၊ အကြင်ဆယ်ပါးသော တရားတို့သည်။ ဣမံ ပုဂ္ဂလံ၊ ထိုကိလေသာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို။ ဝဋ္ဋသ္မိံ၊ ဝဋ်ဆင်းရဲ၌။ ကိလိဿန္တိ၊ ညစ်နွမ်းစေတတ်ကုန်၏။ ဥပတာပေန္တိ၊ ပူပန်စေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ညစ်နွမ်းစေတတ် ပူပန်စေတတ်သော သဘောကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ကိလေသာ၊ ကိလေသာမည်ကုန်၏။

ထိုကိလေသာတို့၏ဘေဒကား—

| | |
|---|---|
| ၁။ လောဘ၊ | ၆။ ဝိစိကိစ္ဆာ၊ |
| ၂။ ဒေါသ၊ | ၇။ ထိန၊ |
| ၃။ မောဟ၊ | ၈။ ဥဒ္ဓစ္စ၊ |
| ၄။ မာန၊ | ၉။ အဟိရိက၊ |
| ၅။ ဒိဋ္ဌိ၊ | ၁၀။ အနောတ္တပ္ပ— |

ဟူ၍ ဆယ်ပါး အပြားရှိ၏။

## ၃၄၁-ထောင့်ငါးရာ ကိလေသာကို ပြဆိုခြင်း

**အကျယ်အားဖြင့်ကား—**

နာမ်တရားသည် ၅၃-ခု၊ နိပ္ဖန္နရုပ် ၁၈-ခု၊ လက္ခဏရုပ် ၄-ခု အားဖြင့် ၇၅ ပါး။

ထို ၇၅-ပါးသော တရားတို့ကိုပင်၊ အဇ္ဈတ္တ, ဗဟိဒ္ဓ ဟူသော သန္တာန် ၂-ပါးနှင့်မြှောက်၊ တရားပါးဆယ် ၁၅၀-ရ၏။

ထို ၁၅၀-ကို ကိလေသာ ၁၀-ပါးနှင့်မြှောက်, တထောင့်ငါးရာ ၁၅၀၀-ဖြစ်၏။ သည်ကိုရည်၍ ဟတ္ထိပါလပျို့၌—

ဥဒ္ဓစ်ဆယ်ငါး၊ နာမ်, ရုပ်ထား။ နှစ်ပါးဆယ်ပေါ့၊ ပြောက်ပွားရေသော်။ ကိလေသာစက်၊ သုံးထောင်ဝက်ကား—ဟူ၍စပ်ဆိုသည်။

## ၃၄၂-ဥဒ္ဒကဝိဘင်းလာ ကိလေသာကို ပြခြင်း

ဥဒ္ဒကဝတ္ထု၊ ဝိဘင်း၌လာသော ရှစ်ရာ့တခုသော ကိလေလာတို့တွင် တဏှာ ဝိစရိုက် တရာ့ရှစ်ပါးကိုပယ်၍ ၆၉၃-ပါး။ ၎င်းတွင် မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကိုရော၍ ၇၅၅-ပါး။ ၎င်းကို ဥပ္ပန္န အနုပ္ပန္နနှစ်ပါးနှင့်မြှောက်သော် ၁၅၁၀-ဖြစ်၏။

ထို ၁၅၁၀-ဘွင် ၁၀-အသွန်ကို မဒရတွက်သော် ဥနသချာအားဖြင့် ၁၅၀၀ ဟုဆိုလေသည်။

## ၃၄၃-တခုသောတရား ဖြစ်သော်ငြားလည်း အမည်များပြားပုံကို ပြခြင်း

မေး။ ။တရားတဦးဦးကိုပင် အထူးထူးဘယ့်ကြောင့် အမည်တတ်သနည်း။

ဖြေ။ ။အဝတ်ဟုမျိုးကိုပင်

ခါး၌ဝတ်သည်ကိုစွဲ၍ ပုဆိုး,

ကိုယ်၌ ဝတ်သည်ကိုစွဲ၍ အင်္ကျီ ဒုရင်,

ဦးခေါင်း၌ ဝတ်သည်ကိုစွဲ၍ ဦးပေါင်း,

ပခုံး၌ တင်သည်ကိုစွဲ၍ စုလျား တဘက်,

ခြုံသည်ကိုစွဲ၍ ရထည်

ဟု အမည်အထူးထူး ခေါ်သကဲ့သို့ လောဘ, ဒိဋ္ဌိ, မောဟ တရားတို့သည်ပင်

စီးဝင်တတ်သော သတ္တိကိုစွဲ၍ အာသဝ,

နှစ်မွန်းစေတတ်သော သတ္တိကိုစွဲ၍ ဩဃ,

ဝဋ်ဆင်းရဲ၌ အမြဲယှဉ်စေတတ်သည်ကို စွဲ၍ ယောဂ,

သံသရာဝဋ်မှ မလွတ်အောင် ထုံးဖွဲ့တတ်သောကြောင့် ဂန္ထ,

ဤသို့စသည်ဖြင့် ဓမ္မတို့၏ သတ္တိများကြောင်းကို ထင်ရှားစိမ့်သောငှာ ဝေါဟာရ အထူးထူးတတ်၍ ဟောတော်မူသည် ဟုဖြေ။

အကုသလသင်္ဂဟ ပြီး၏။

## ၃၄၄·မိဿကသင်္ဂဟကို ပြဆိုချက်
## ဟိတ်တရားတို့ကို ပြဆိုခြင်း

ဟိနောတိ ပဝတ္တတိ ဖလံ ဧတေဟိတိ ဟေတု။

ဧတေဟိ၊ ဤ ၆-ပါးသောတရားတို့ဖြင့်။ ဖလံ၊ အကျိုးသည်။ ဟိနောတိ ပဝတ္တတိ၊ ဖြစ်ကတတ်၏။ ဣတိတသ္မာ၊ ထိုသို့ဖြစ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဟေတု၊ ဟိတ်မည်ကုန်၏။ ထိုဟိတ်တို့သည်–

၁။ လောဘဟိတ်၊
၂။ ဒေါသဟိတ်၊
၃။ မောဟဟိတ်၊
၄။ အလောဘဟိတ်၊
၅။ အဒေါသဟိတ်၊
၆။ အမောဟဟိတ်–

ဟူ၍ ၆-ပါး အပြားရှိကုန်၏။

ထိုတရားတို့သည် မိမိနှင့် သမ္ပယုတ်ဖြစ်ကုန်သော စိတ်၊ စေတသိက် တို့၏ တည်ရာ အကြောင်း ဖြစ်သောကြောင့် ဟိတ်လည်း မည်သည်။ သစ်ပင်တို့၏ အမြစ်နှင့်တူသောကြောင့် မူလလည်း မည်သည်။

ဟိတ်မရှိသော တရားတို့သည် ရေပေါ်၌ပေါက်သော မှော်ကြီး မှော်သေး နှင့်သာ တူကုန်သည်။

ရေပတ ဆေးမှုသား သဒေလးချိုးခွေသည် သပေလးစပါးကိုပြီးစေသကဲ့သို့ငှင်း၊ ပတ္တမြားသည် အရောင်ကို ပြီးစေသကဲ့သို့ငှင်း၊ ကုသိုလ်၊ အကုသိုလ်မည် သောအဖြစ်ကို ပြီးစေသော သဘောသည် ဟိတ်တို့၏ သတ္တိတည်းဟု ဆို၏။

ထိုစကားသည် မောဟမူဒွန်ရှိသော မောဟသည် အဖော်ဟိတ်တပါး မရှိရကား အကုသိုလ် မမည်ရာသောကြောင့်ငှင်း၊ ဟိတ်ကင်းသော အဟိတ်စိတ် ၁၈-ခုတို့သည် အဗျာကတ မမည်ရာသောကြောင့်ငှင်း မသင့်ချေ။

ယင်းသို့ ဟိတ်သည် ကုသိုလ်စသည် မည်သောအဖြစ်ကို ပြီးစေတတ်သော သတ္တိမရှိသော် အဘယ်အကြောင်းဖြင့် ကုသိုလ် အကုသိုလ် မည်ပါသနည်းဟူမူ ယောနိသောမနသိကာရ အားဖြင့် ကုသိုလ်အဖြစ်သည် ပြီး၏။ အယောနိ· သော မနသိကာရအားဖြင့် အကုသိုလ်အဖြစ်သည် ပြီး၏။ ရဟန္တာတို့၏ သန္တာန်နှင့်စပ်သဖြင့် ကြိယာအဖြစ်သည် ပြီး၏။ ကံနှင့်စပ်သဖြင့် ဝိပါက်ဖြစ် ခြင်းသည် ပြီး၏။ အကျိုးမရှိခြင်းနှင့်စပ်သဖြင့် အဗျာကတ အဖြစ်သည် ပြီး၏ ဟူပေ။

## ၃၄၅-ဈာနင် ၇-ပါးကို ပြခြင်း

မေး။ ။ဈာန်ဟုမည်ရ၊ ခေါ်ဝေါ်ကြသည်၊ မှတ်ဘယ်တရားတို့နည်း။
ဈာန်အဖြစ်ကို၊ တားမြစ်တတ်လှ၊ နီဝရဏကို၊ ဈာန်ရအင်္ဂါ၊
ဘယ်သောခါမှ၊ ထိုက်ရာ ဘယ်သို့လာသနည်း။

ဖြေ။ ။အာလမ္ဗဏံ ဥပနိဇ္ဈာယတိ ပစ္စနီကဓမ္မေ ဈာပေန္တီတိ ဝါ ဈာနာနိ။ ဈာနဿ အင်္ဂါနိ ဈာနင်္ဂါနိ။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အာလမ္ဗဏံ၊ ကသိုဏ်းစသောအာရုံကို။ ဥပနိဇ္ဈာယတိ၊ ကပ်၍ရှုတတ်၏။ ဝါ၊ တနည်းကား။ ပစ္စနီကဓမ္မေ၊ ဆန့်ကျင်ဘက်ဖြစ်သောတရားတို့ကို။ ဈာပေန္တိ၊ လောင်ကျွမ်းတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တာနိ၊ ထိုတရားတို့သည်။ ဈာနာနိ၊ ဈာန်မည်ကုန်၏။ ဈာနဿ၊ ဈာန်၏။ အင်္ဂါနိ၊ အကြောင်းတို့တည်း။ ဝါ၊ အစိတ်တို့တည်း။ ဈာနင်္ဂါနိ၊ ဈာန်၏အကြောင်းအစိတ်တို့။

ထိုဈာနင်သည်–

၁။ ဝိတက်၊
၂။ ဝိစာရ၊
၃။ ပီတိ၊
၄။ ဧကဂ္ဂတာ၊
၅။ သောမနဿ၊
၆။ ဒေါမနဿ၊
၇။ ဥပေက္ခာ–

ဟူ၍ ၇-ပါးအပြားရှိ၏။

လှည်းသန်, ဝင်ရိုး, ဘီးစသော အစိတ်သည် ရထားဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်ရင်း, အစိတ်ဖြစ်သောကြောင့်ရင်း ရထား၏အင်္ဂါမည်သည်။ စုရုံးမိသောအခါ လိုရာသို့စီး၍ သွားနိုင်သော သတ္တိကြောင့် ရထား မည်သည်။

ထိုကဲ့သို့ ဝိတက်စသော တရားတို့သည် ဈာန်၏ အကြောင်းအစိတ်ဖြစ်သောကြောင့် ဈာနင်မည်ကုန်သည်။ ထိုတရားတို့စုရုံးလျက် ကသိုဏ်းစသော အာရုံကို ကပ်၍ ရှုခြင်း ပစ္စနီကဓမ္မ တို့ကို လောင်းကျွမ်းနိုင်ခြင်း သတ္တိသည် ဈာန်မည်၏ ဟူလိုသည်။

ဤ ၇-ပါးတို့တွင် ဒေါမနဿသည် အကုသိုလ်ဈာနင်မည်၏။ အကြွင်း ၆-ပါး သည် ကုသိုလ်, အကုသိုလ်, အဗျာကတ ဈာနင် မည်၏။

ဘယ်သို့မည်သနည်းဟူမူကား မဟာကုသိုလ် စသည့်၌ယှဉ်သော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသည် ကုသိုလ်ဈာနင် မည်ကုန်၏။

အကုသိုလ်စိတ်၌ယှဉ်သော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတို့သည် အကုသိုလ်ဈာနင် မည်ကုန်၏။

မဟာကြိယာစသည့်၌ယှဉ်သော ဝိတက်စသည်တို့သည် အဗျာကတဈာနင် မည်ကုန်၏။ ဤသို့ ခွဲလေ။

ဈာနလာဘီ ပုဂ္ဂိုလ်တို့သည် တစုံတခုသော အကြောင်းဖြင့် ဈာန်မှလျော လတ်သော် ငါ့အား ကြက်ကလေးတကောင်သည် ပျောက်ခဲ့ပြီ ဟူ၍ ဒေါမနဿသည် ဖြစ်၏။ ထိုဒေါမနဿကို အရင်းပြု၍ ဖြစ်ပေါ်သော နောင်တကို ရှုဖြန့်သဖြင့် ဈာန် စိတ်ဖြစ်သောသူအား ထိုဒေါမနဿသည် ကုသိုလ်ဈာန်၏ အကြောင်းလည်း ဖြစ်သည်ဟု ဆိုထိုက်၏။

## ၃၄၆ - မဂ္ဂင် ၁၂-ပါးကို ပြဆိုခြင်း

သုဂတိဒုဂ္ဂတီနံ့ နိဗ္ဗာနဿ စ အာဂါမိနံ မဂ္ဂေတိ ပါပေတီတိ မဂ္ဂေါ။ မဂ္ဂဿ အင်္ဂါနိ မဂ္ဂင်္ဂါနိ။

ယော ဓမ္မော၊ အကြင်တရားသည်။ သုဂတိဒုဂ္ဂတီနဉ္စ၊ သုဂတိဘဝ, ဒုဂ္ဂတိဘဝ တို့သို့၎င်း။ နိဗ္ဗာနဿ စ၊ နိဗ္ဗာန်သို့၎င်း။ အာဂါမိနံ၊ ရှေးရှု။ မဂ္ဂေတိ ပါပေတိ၊ ရောက်စေတတ်၏။ ဣတိ ဣမသ္မာ၊ ထိုသို့ ရောက်စေတတ်သော သတ္တိကြောင့်။ သော ဓမ္မော၊ ထိုတရားသည်၊ မဂ္ဂေါ၊ မဂ်မည်၏။ မဂ္ဂဿ၊ မဂ်၏။ အင်္ဂါနိ၊ အစိတ်တို့တည်း။ မဂ္ဂင်္ဂါနိ၊ မဂ်၏အစိတ်တို့။

ဤမဂ္ဂင်သည် သောဘဏစိတ်၌ ယှဉ်သော မဂ္ဂင်ရှစ်ပါး, အကုသိုလ်စိတ်၌ ယှဉ်သော မဂ္ဂင်လေးပါးအားဖြင့် ၁၂-ပါးရှိသည်။

ထို ၁၂-ပါးတို့တွင် တိဟိတ်စိတ် ၄၇-ခု၌ရှိသော ပညာသည် သမ္မာဒိဋ္ဌိ မဂ္ဂင် မည်၏။

ကာမာဝစရသောဘဏစိတ် ၂၄-ခု၊ ပထမဈာန်စိတ် ၁၁- ခု၌ရှိသော ဝိတက် သည် သမ္မာသင်္ကပ္ပမဂ္ဂင် မည်၏။

မဟာကုသိုလ်စိတ်ရှစ်ခု၊ လောကုတ္တရာစိတ်ရှစ်ခု၌ ရှိသော သမ္မာဝါစာ စေတသိက်သည် သမ္မာဝါစာမဂ္ဂင်မည်၏။

ထိုစိတ် ၁၆-ခု၌ရှိသော သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တမဂ္ဂင် မည်၏။

သမ္မာအာဇီဝ စေတသိက်သည် သမ္မာအာဇီဝ မဂ္ဂင် မည်၏။

သောဘဏစိတ် တခုယုတ် ၆ဝ-၌ရှိသော ဝီရိယစေတသိက်သည် သမ္မာ-ဝါယာမ မဂ္ဂင် မည်၏။

ထိုတခုယုတ် ၆ဝ-၌ရှိသော သတိစေတသိက်သည် သမ္မာသတိ မဂ္ဂင် မည်၏။

ထိုတခုယုတ် ၆ဝ-၌ရှိသော ဧကဂ္ဂတာ စေတသိက်သည် သမ္မာသမာဓိ မဂ္ဂင် မည်၏။

လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ခု၌ရှိသော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိ မဂ္ဂင်မည်၏။

အကုသိုလ်စိတ် ၁၂-ခု၌ရှိသော ဝိတက်သည် မိစ္ဆာသင်္ကပ္ပမဂ္ဂင် မည်၏။

ရှင်းအကုသိုလ်စိတ် ၁၂-ခု၌ရှိသော ဝီရိယသည် မိစ္ဆာဝါယာမမဂ္ဂင် မည်၏။

ဝိစိကိစ္ဆာသဟဂုတ် ကြဉ်သော အကုသိုလ်စိတ် ၁၁-ခု၌ရှိသော ဧကဂ္ဂတာသည် မိစ္ဆာသမာဓိ မဂ္ဂင် မည်၏။

ဤမဂ္ဂင် ၁၂- ပါးတို့တွင် သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးသည် သုဂတိဘုံသို့ ရှင်း, နိဗ္ဗာန်သို့ရှင်း ရောက်စေတတ်သည်။

မိစ္ဆာဒိဋ္ဌိစသော မဂ္ဂင် ၄-ပါးသည် ဒုဂ္ဂတိဘုံသို့ ရောက်စေတတ်သည်။

## ၃၄၇-ဣန္ဒြေ ၂၂-ပါးကို ပြဆိုခြင်း

စက္ခုဝိညာဏာဒီနံ အတ္တနော ဝသေ ပဝတ္တာပနဝသေန ဣသန္တိ အဘိဘဝန္တီတိ ဣန္ဒြိယာနိ။

ယေ ဓမ္မာ၊ အကြင်စက္ခုပသာဒစသော တရားတို့သည်။ စက္ခုဝိညာဏာဒီနံ၊ စက္ခုဝိညာဉ်စသည်တို့ကို။ အတ္တနော ဝသေ၊ မိမိအလို၌။ ပဝတ္တာပနဝသေန၊ ဖြစ်စေသည်၏အစွမ်းအားဖြင့်။ ဣသန္တိ အဘိဘဝန္တိ၊ လွှမ်းမိုး၍ဖြစ်တတ်ကုန်၏။ ဣတိ၊ ထိုကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဣန္ဒြိယာနိ၊ ဣန္ဒြေမည်ကုန်၏။ ။ဣသဓာတ်ဖြစ်၍ ဣသိယဟု ဆိုသင့်လျက် ဝဏ္ဏဝိကာရ နိရုတ္တိနည်းအားဖြင့် ဣကို ဣ, သကို န္ဒြ ပြု၍ ဣန္ဒြိယ ဟု ရုပ်ပြီးသည်။

ထိုဣန္ဒြေတို့သည် ဘေဒအားဖြင့် ၂၂-ပါးပြားသည်တွင် –

စက္ခုပသာဒသည် မိမိနှင့် သဟဇာတ်ဖြစ်သော ရုပ်တို့ကိုရှင်း, မိမိကိုမှီသော စက္ခုဝိညာဉ် စသည်တို့ကိုရှင်း အစိုးရသောကြောင့် စက္ခုန္ဒြေမည်သည်။

သောတပသာဒသည် မိမိနှင့်သဟဇာတ်ဖြစ်သောရုပ်တို့ကိုရင်း မိမိကိုမှီသော သောတဝိညာဉ် စသည်တို့ကိုရင်း အစိုးရသောကြောင့် သောတိန္ဒြေမည်သည်။ ဃာနပသာဒ စသည်တို့လည်း နည်းတူ။

ဣတ္ထိဘာဝသည် ဣတ္ထိန္ဒြေ၊ ပုမ္ဘာဝသည် ပုရိသိန္ဒြေမည်၏။ ရုပ်ဇီဝိတ, နာမ်ဇီဝိတနှစ်ပါးသည် ဇီဝိတိန္ဒြေ မည်၏။ စိတ်တခုယုတ် ၉၀-သည် မနိန္ဒြေ မည်၏။ သုခသဟဂုတ် ကာယဝိညာဉ်၌ရှိသော ဝေဒနာသည် သုခိန္ဒြေမည်၏။ ဒုက္ခသဟဂုတ် ကာယဝိညာဉ်၌ ရှိသော ဝေဒနာသည် ဒုက္ခိန္ဒြေမည်၏။

သောမနဿသဟဂုတ်စိတ် ၆၂-ခု၌ရှိသော ဝေဒနာစေတသိက်သည် သောမနဿိန္ဒြေမည်၏။

ဒေါသမူဒွေ၌ရှိသော ဝေဒနာစေတသိက်သည် ဒေါမနဿိန္ဒြေမည်၏။

ဥပေက္ခာသဟဂုတ်စိတ် ၅၅-ခု၌ရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခိန္ဒြေ မည်၏။

သောဘဏစိတ်တခုယုတ် ၆၀-၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ မည်၏။

၇၃-ပါးသောစိတ်၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။

သောဘဏစိတ် တခုယုတ် ၆၀-၌ရှိသော သတိစေတသိက်သည် သတိန္ဒြေ မည်၏။

ဝိစိကိစ္ဆာ, ဒွေပဉ္စဝိညာဉ် ၁၀, မနောဓာတ် ၃-ခု, သန္တီရဏ ၃-ခု ကြဉ်သော ၇၂-ပါးသော စိတ်၌ရှိသော ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ မည်၏။

လောကီတိဟိတ်စိတ် ၃၉-ခု၌ရှိသော ပညာစေတသိက်သည် ပညိန္ဒြေမည်၏။

သောတာပတ္တိမဂ်စိတ်၌ရှိသော ပညာစေတသိက်သည် အနညာတညဿာ-မိတိန္ဒြေ မည်၏။

အထက်မဂ် ၃-ခု အောက်ဖိုလ် ၃-ခု၌ရှိသော ပညာစေတသိက်သည် အညိန္ဒြေ မည်၏။

အရဟတ္တဖိုလ်စိတ်၌ရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေ မည်၏။ ဤသို့ သဘောထူးသောအားဖြင့် ၂၂-ပါး ပြားသည်။

တရားကိုယ်အားဖြင့်ကား ပသာဒ, ဘာဝ, ဇီဝိတ ဟူ၍ ရုပ်ဣန္ဒြေရှစ်ပါး၊ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ ဟူ၍ နာမ် ဣန္ဒြေ ရှစ်ပါးအားဖြင့် ၁၆-ပါးရှိသည်။

ပြည်သူရှာသားတို့သည် တဦးသောသူကို မိမိတို့အပေါ်၌ မင်းပြုစေသော် ထိုမင်းသည် ပြည်သူတို့အား အစိုးရသကဲ့သို့ သဟဇာတ်တများတို့သည် တခုခုသော တရားကို မင်းပြုစေသော် ထိုမင်းပြုသော တရားသည် သဟဇာတ်တို့အား မိမိအလိုဆို လိုက်စေသောအားဖြင့် အစိုးရသည်၊ ထို့ကြောင့် ဣန္ဒြေမည်၏ ဟူလိုသည်။

အနမတဂ္ဂသံသာရေ အနညာတံ ဇတုသစ္စဓမ္မံ ဉဿာမိတိ အဇ္ဈာသယေန ပဋိပန္နဿ ဣန္ဒြိယံ အနညာတဉ္ဉဿာမိတိန္ဒြိယံ။

အနမတဂ္ဂသံသာရေ၊ အစမထင်သော သံသရာ၌။ အနညာတံ၊ မသိစဘူးသော။ စတုသစ္စဓမ္မံ၊ သစ္စာလေးပါးတရားကို။ ဉဿာမိ၊ သိအံ့။ ဣတိအဇ္ဈာသယေန၊ ဤသို့သောအလိုဖြင့်။ ပဋိပန္နဿ၊ ကျင့်သောပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။ အနညာတဉ္ဉဿာမိတိန္ဒြိယံ၊ အနညာတဉ္ဉဿာမိတိန္ဒြေမည်၏။

ပဌမမဂ္ဂေန ဒိဋ္ဌမရိယာဒံ အနတိက္ကမိတွာ အာဇာနန္တဿ ဣန္ဒြိယံ အညိန္ဒြိယံ။

ပဌမမဂ္ဂေန၊ ရှေးဦးစွာသောမဂ်ဖြင့်။ ဒိဋ္ဌမရိယာဒံ၊ မြင်အပ်သောအပိုင်းအခြားကို။ အနတိက္ကမိတွာ၊ မလွန်မူ၍။ အာဇာနန္တဿ၊ သိသဲ့သောပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။ အညိန္ဒြိယံ၊ အညိန္ဒြေမည်၏။

အညာတာဝိနော ဣန္ဒြိယံ အညာတာဝိန္ဒြိယံ။

အညတာဝိနော၊ သစ္စာလေးပါးကို သိဘူးပြီးသောသူ၏။ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ ဣတိ၊ ထို့ကြောင့်။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေမည်၏။

မေး။ ။ချုပ်ဣန္ဒြေ၊ နာမ်ဣန္ဒြေ၊ ရုပ်ထွေနှစ်လာ၊ အညီဖြစ်ရာ၊ မိဿကကို၊ အရဘယ်သို့ ကောက်သနည်း။

ဖြေ။ ။မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ သုံးတန်အခါ၊ ဣန္ဒြေသိစေဘယ်သို့ ထုးသနည်း။

ဤပုစ္ဆာတို့၏ အဖြေများလည်း ပါဝင်ပြည့်စုံလေပြီ။

## ၃၄၈-ဗိုလ် ၉-ပါးတို့ကို ပြဆိုခြင်း

အသဒ္ဓိယကောသဇ္ဇပမာဒဥဒ္ဓစ္စအဝိဇ္ဇာအဟိရိကအနောတ္တပ္ပသခါတေဟိ ပဋိပက္ခဓမ္မေဟိ အကမ္ပိယဋ္ဌေန သမ္ပယုတ္တဓမ္မေသု ထိရဘာဝေန စ ဗလာနိ။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အသဒ္ဓိယ ကောသဇ္ဇ ပမာဒ ဥဒ္ဓစ္စ အဝိဇ္ဇာ အဟိရိက အနောတ္တပ္ပ သခါတေဟိ၊ မကြည်ညိုခြင်း, ပျင်းရိခြင်း-

မေ့လျော့ခြင်း, ပျံ့လွင့်ခြင်း, ဖုံလွှမ်းခြင်း, မရှက်ခြင်း, မကြောက်ခြင်း ဟုဆို အပ်ကုန်သော။ ပဋိပက္ခဓမ္မေဟိ၊ ဆန့်ကျင်ဘက်တရားတို့သည်။ အကမ္ပိယတ္တေန ၆၊ မတုန်လှုပ်နိုင်သော အနက်ကြောင့်ရင်း။ သမ္ပယုတ္တဓမ္မေသု၊ သမ္ပယုတ်တရားတို့၌။ ထိရဘာဝေန ၈၊ တည်တံ့သော အနက်ကြောင့်ရင်း။ ဗလာနိ၊ ဗိုလ်မည်ကုန်၏။

ဗလသဒ္ဒါသည် ပါဠိပဒိက ပုဒ်ဖြစ်၍ ဝိဂ္ဂဟ်စစ်မရကောင်းသောကြောင့် ဝိဂ္ဂဟ်တုလာ ဋီကာဆရာ ပြသည်။

သောဘဏစိတ် တခုယုတ် ၆၀-၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ် မည်၏။

၇၃-ပါးသော စိတ်၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယ ဗိုလ်မည်၏။

သောဘဏစိတ် တခုယုတ် ၆၀-၌ရှိသော သတိစေတသိက်သည် သတိဗိုလ် မည်၏။

ဝိစိကိစ္ဆာမှဘပါး ဝီရိယဖြစ်သောစိတ် ၇၂-ပါး၌ရှိသော ဧကဂ္ဂတာစေတသိက် သည် သမာဓိဗိုလ် မည်၏။

တိဟိတ်စိတ် ၄၇-ခု၌ရှိသော ပညာစေတသိက်သည် ပညာဗိုလ် မည်၏။

သောဘဏစိတ် တခုယုတ် ၆၀-၌ရှိသော ဟိရီစေတသိက် ဩတ္တပ္ပစေတသိက် သည် ဟိရီဗိုလ် ဩတ္တပ္ပဗိုလ်မည်၏။

အကုသိုလ်စိတ် ၁၂-ခု၌ရှိသော အဟိရိကစေတသိက်သည် အဟိရိကဗိုလ်။ အနောတ္တပ္ပစေတသိက်သည် အနောတ္တပ္ပဗိုလ် မည်၏။ ဤသို့ ဗိုလ်ကိုးပါး ပြားသတည်း။

ထိုတွင် သဒ္ဓါဗိုလ်စသော ဗိုလ်၇ပါးတို့သည် မတုန်လှုပ်တတ်သော သတ္တိ, ခိုင်ခံ့တည်ကြည်တတ်သော သတ္တိနှစ်ပါးကြောင့် ဗိုလ်မည်သည်။ အဟိရိက, အနောတ္တပ္ပနှစ်ပါးတို့မူကား ခိုင်ခံ့တည်ကြည်သော သတ္တိတပါးကြောင့်သာ ဗိုလ်မည်သည်။ ဘယ့်ကြောင့်နည်းဟူမူ—ဥဒ္ဓစ္စနှင့်တကွ ဖြစ်လေသောကြောင့် မတုန်လှုပ်တတ်သော သတ္တိကား မရှိချေ။ တုန်လှုပ်သည်သာလျှင် ဖြစ်သတည်း။

## ၃၄၉-အဓိပတိလေးပါးတို့ကို ပြဆိုခြင်း

အဓိနာနံ ပတိတိ အဓိပတိ။

အဓိနာနံ၊ မိမိနှင့်စပ်ကုန်သော တရားတို့၏။ ပတိ၊ အရှင်တည်း။ ဣတိ-ကသ္မာ၊ ထိုသို့အရှင်ဖြစ်သော သတ္တိကြောင့်။ အဓိပတိ၊ အဓိပတိမည်၏။

ထိုအဓိပတိသည်—

၁။ ဆန္ဒာဓိပတိ၊ ၂။ စိတ္တာဓိပတိ၊

၃။ ဝီရိယာဓိပတိ၊ ၄။ ဝိမံသာဓိပတိ—

ဟူ၍ လေးပါး အပြားရှိ၏။

ထိုတွင် မဟာကုသိုလ်ဒွေးနသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂-ခု၌ရှိသော ဆန္ဒသည် ဒိမိရှေ့ဆောင်၍ ဖြစ်ခိုက် သာဓိပတိဇော ၅၂-ခု၊ ဆန္ဒ၊ ဝီရိကိစ္စာ ကြဉ်သော စေတသိက်ပညာသ,ထိုဇောတို့ဖြစ်အပ်သော စိတ္တဇရုပ် ဤမျှသော တရားတို့ကို အစိုးရသည်ဖြစ်၍ ဆန္ဒာဓိပတိမည်၏။

သာဓိပတိဇော ၅၂-ခုဟု ဆိုအပ်သော စိတ်သည် မိမိရှေ့ဆောင်၍ ဖြစ်ခိုက် ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကပညာသ, သာဓိပတိစိတ္တဇရုပ် ဤမျှသောတရားတို့ကို အစိုးရသည်ဖြစ်၍ စိတ္တာဓိပတိမည်၏။

သာဓိပတိဇော ၅၂-ခု၌ရှိသော ဝီရိယသည် မိမိရှေ့ဆောင်၍ဖြစ်ခိုက် သာဓိ-ပတိဇော ၅၂-ခု,ဝီရိယ,ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသ,သာဓိပတိစိတ္တ-ဇရုပ် ဤမျှသောတရားတို့ကို အစိုးရသည်ဖြစ်၍ ဝီရိယာဓိပတိမည်၏။

သာဓိပတိ တိဟိတ်ဇော ၃၄-ခု၌ရှိသော ပညာသည် မိမိရှေ့ဆောင်၍ဖြစ်ခိုက် သာဓိပတိ တိဟိတ်ဇော ၃၄-ခု, ပညာကြဉ်သော စေတသိက် သတ္တတိံသ, သာဓိပတိ စိတ္တဇရုပ် ဤမျှလောက်သောတရားတို့ကို အစိုးရသည်ဖြစ်၍ ဝိမံသာ-ဓိပတိမည်၏။

ထိုကြောင့် ပဋ္ဌာန်းပါဠိတော်၌—

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော—

ဟူ၍ ဟောတော်မူသည်။

ထိုအဓိပတိတရားတို့သည် အစိုးရသောအားဖြင့် ဘယ်သို့ဖြစ်သနည်း ဟူမူကား ကိုယ်တော်မှ ဖရဲအစုံ မိးအစုံ ထွက်စေလိုသောဆန္ဒရှိက ထွက်ရဘိသကဲ့သို့ ဆန္ဒရှိက အမှုကိုပြီးစီးစေတတ်သောသူအား ပါဠိသဒ္ဒါဖြင့် ဤအမှုကိုပြီးစေအံ့ ဟူသောစိတ်သည် ဖြစ်၏။ ထိုစိတ်တို့တွင် ရှေးရှေးသောစိတ်၌ပါသော ဆန္ဒသည်

နောက်နောက်သောစိတ်အားရင်း, သဟဇာတ်တရားတို့အားရင်း အစိုးရသော အကြီးအကဲအဖြစ်ကို ပြု၏။ ထိုတရားတို့လည်း ဆန္ဒ၏အလိုသို့ လိုက်၍ ဖြစ်ကုန်ရကား ဆန္ဒသည် အဓိပတိသတ္တိဖြင့် ဖြစ်၏ဟုလိုသည်။

ပဇ္ဇုန်နတ်သားသည် မိုဃ်းကိုရွာစေလိုသော စိတ်ရှိလတ်သော် တပြိုင်နက် ရွာရဘိသကဲ့သို့ စိတ်ရှိက အမှုပြီးစီးတတ်သောသူအား ငါ၏စိတ်ဖြင့် ဤအမှုကို ပြီးစီးစေအံ့ဟူသောအကြံသည် ဖြစ်၏။ ထိုကြံသောစိတ်တို့တွင် ရှေးရှေးသော စိတ်သည် နောက်နောက်သောစိတ်အားရင်း, သဟဇာတ်တရားတို့အားရင်း အစိုးရသော အကြီးအကဲအဖြစ်ကို ပြု၏။ ထိုတရားတို့လည်း စိတ်၏အလိုသို့ လိုက်၍ ဖြစ်ကုန်ရကား အဓိပတိသတ္တိဖြင့် ဖြစ်၏ ဟုလိုသည်။

အားထုတ်၍ အမှုပြီးစီးလေ့ရှိသောသူအား ငါအားထုတ်က ဤအမှု ပြီးစီးအံ့ သည်သာတည်းဟု အားထုတ်ခြင်းသို့ လက်ပြု၏။ ထိုသို့ပြုရာတွင် ရှေးရှေးသော စိတ်၌ပါသော ဝီရိယသည် နောက်နောက်သောစိတ်အားရင်း, သဟဇာတ်တရား တို့အားရင်း အစိုးရသော အကြီးအကဲအဖြစ်ကို ပြု၏။ ထိုတရားတို့လည်းဝီရိယ၏ အလိုသို့လိုက်၍ ဖြစ်ကုန်ရကား အဓိပတိသတ္တိဖြင့် ဖြစ်၏ဟုလိုသည်။ ပညာ လည်း ဤနည်းအတူ မှတ်လေ။ ဋီကာကျော်ဆရာ အဓိပ္ပါယ်

## ၃၅၀-အဓိပတိနှင့် ဣန္ဒြေတို့၏ ထူးခြားချက်

အဓိပတိလည်း အစိုးရသောသဘော ဣန္ဒြေလည်း အစိုးရသောသဘောရှိခဲ့ သော် ထိုတရားနှစ်ပါးတို့ ဘယ်သို့ထူးခြားပါအံ့နည်း ဟူငြားအံ့၊ ပြည်ရှင်မင်း သည် တပါးသောသူတို့၏ အစိုးရသောသတ္တိကိုမြစ်၍ မိမိသာအကြီးအကဲအဖြစ် ဖြင့် အစိုးရသည်ကား အဓိပတိသတ္တိတည်း။

အသီးအသီးသော မြို့ဝန် စသည်တို့သည် သူတပါးတို့၏ သတ္တိကို မမြစ်မူ၍ မိမိအရာ၌သာ အစိုးရသကဲ့သို့ စက္ခုပသာဒ စသည်တို့သည် သူတပါးတို့၏ သတ္တိကို မမြစ်မူ၍ မိမိ၏အရာ၌သာ အစိုးရသည်ကား ဣန္ဒြိယသတ္တိတည်း။ ဤသို့ ထူးကြ၏ ဟူပေ။

## ၃၅၁-အာဟာရ ၄-ပါးကို ပြခြင်း

အာဟရိယန္တိ အဇ္ဈောဟရိယန္တီတိ အာဟာရာ။

ဩဇာဋ္ဌမကရူပါဒယော အာဟရန္တီတိ ဝါ အာဟာရာ။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အာဟရိယန္တိ အဇ္ဈောဟရိယန္တိ၊ မျိုအပ် ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အာဟာရာ၊ အာဟာရ မည်ကုန်၏။

**ဝါ၊ တနည်းကား။** ဩဇာဌမကရူပါဒယော၊ ဩဇာလျှင်ရှစ်ခုမြောက်သော ရုပ်စသည်တို့ကို။ အာဟရန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိ၊ ဤကြောင့်။ အာဟာရာ၊ အာဟာရမည်ကုန်၏။

ထမင်း, သစ်သီး စသည်တို့၏ အစေးအညှိသည် **ကဗဠီကာရအာဟာရ** မည်၏။ ထိုအာဟာရသည် ဩဇာလျှင် ရှစ်ခုမြောက်ရှိသော အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေတတ်သော ဇနကသတ္တိဖြင့် ဆောင်သည်။

စိတ်တခုယုတ် ၉၀-ဦရှိသော ဖဿသည် **ဖဿာဟာရ** မည်၏။ ထိုဖဿာဟာရ သည် ဝေဒနာသုံးပါးကို ဆောင်သည်။

လောကီကုသိုလ် အကုသိုလ်စေတနာ ၂၉-ခုသည် **မနောသဥ္စေတနာဟာရ** မည်၏။ ထိုစေတနာဟာရသည် ဘုံသုံးပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ဇနကသတ္တိဖြင့် ဆောင်သည်။

ပဋိသန္ဓေစိတ် ကျေနဝိဉာဉ်သည် ဝိညာဏာဟာရမည်၏။ တနည်းကား စိတ်တ ခုယုတ် ၉၀-သည် **ဝိညာဏာဟာရ** မည်၏။ ထိုဝိညာဏာဟာရသည် မိမိနှင့် တကွ ဖြစ်သော နာမ်, ရုပ် တို့ကို သဟဇာတသတ္တိဖြင့် ဆောင်သည်။

( ဒုတိယ, တတိယ, စတုတ္ထ ဟု အမည်ပေးသည်မှာ ဒေသနာစဉ် အားဖြင့် ဆိုသည်။ )

## ၃၅၂ ပဥ္စဝိညာဉ်မှာရှိသော ဝေဒနာ၏ ဈာနင် မထိုက်ပုံကို ပြခြင်း

မေး။ ။ဒွေပဥ္စဝိညာဏ်၊ စိတ်မှန်ကြည်လင်၊ တဆယ်တွင်၊ ဈာနင် ဘယ့်ကြောင့် ကင်းသနည်း။

ဖြေ။ ။ပဥ္စဝိညာဏ် ဝိတက္ကဝိစာရ ဝိရဟေန အာရမ္မဏေသု အဘိနိပါတ- မတ္တတ္တာ သေသု ဝိဇ္ဇမာနာနိပိ ဥပေက္ခာသုခဒုက္ခာနိ ဥပနိဇ္ဈာနာ ကာယသ္သ အဘာဝတော ဈာနင်္ဂဘာဝေန န ဥဒ္ဓဋ္ဌာ-

ဟူသော ဋီကာနှင့် အညီ ပဥ္စဝိညာဉ်စိတ်တို့သည် အာရုံသို့ ရှေ့ရှုဆောင်တတ် သော ဝိတက်, အာရုံကို သုံးသပ်တတ်သော ဝိစာရတို့မှ ကင်းခြင်းကြောင့် အာရုံ၌ ရှေ့ရှုကျရောက်ရုံသာ ဖြစ်သောကြောင့် ထိုစိတ်တို့၌ယှဉ်သော ဥပေက္ခာ သုခ, ဒုက္ခ ဝေဒနာတို့သည် ရှိပါငြားသော်လည်း အာရုံသို့ကပ်၍ ရှုခြင်းကိစ္စ မရှိသည်၏ အဖြစ်ကြောင့် ဈာနင်၏အဖြစ်ဖြင့် မထုတ်အပ် ဟူပေ။

### ၃၅၃-အဝီရိယစိတ်မှာ ဗိုလ်မပါပုံနှင့် အဟိတ်စိတ်တွင် မဂ္ဂင်မရှိပုံကို ပြခြင်း

**မေး။** ။အဟိတ်စိတ်တွင်၊ မဂ္ဂင်မရှိ၊ အဝီရိယ၊ သောဠသမှာ၊ ဗိုလ်သာဘယ့်ကြောင့် မရသနည်း။

**ဖြေ။** ။အဝီရိယေသု ဗလာနိ န လဗ္ဘန္တိ၊ ဝီရိယပဋ္ဌာနတ္တာ ဗလဿ–

ဟူသော ဋီကာနှင့်အညီ ဗိုလ်မည်သည်ကား ကြံ့ခိုင်းတည်တံ့ခြင်းသဘောဖြစ်သောကြောင့် ဝီရိယလျှင် ပဋ္ဌာနရှိရကား အဝီရိယစိတ် ၁၆-ခုတို့၌ ဗိုလ်ကိုမရအပ်။

အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ ဟေတုပဋ္ဌာနတ္တာ မဂ္ဂဿ–

ဟူသော ဋီကာနှင့် အညီ မဂ်ဟူသည်ကား သုဂတိ, ဒုဂ္ဂတိ ဘဝ၏ အကြောင်း ဖြစ်သောကြောင့် ဟိတ်လျှင် ပဋ္ဌာနရှိရကား အဟိတ်စိတ်တို့၌ ဟိတ်မရှိသောကြောင့် မဂ္ဂင်ကို မရအပ်ဟူပေ။

### ၃၅၄-ဝိစိကိစ္ဆာစိတ်မှာရှိသော ဧကဂ္ဂတာ၏ မဂ္ဂင် စသည် မမည်ပုံကို ပြဆိုခြင်း

**မေး။** ။ဝိစိကိစ္ဆာ၊ စိတ်မှာယှဉ်လျက်၊ ဧကဂ္ဂတာ၊ ဖြစ်ရာ၌ပင်၊ မဂ္ဂင်ဈာန်မြွေ၊ ဗိုလ်နေဘယ့်ကြောင့် ကင်းသနည်း။

**ဖြေ။** ။ဝိစိကိစ္ဆာစိတ္တေ သဿဟဘူတဿ အဓိမောက္ခဿ ဝိရဟိတတ္တာ။ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိတိ ဝေဒိတဗ္ဗံ–

ဟူသော ဋီကာနှင့်အညီ ဝိစိကိစ္ဆာစိတ်၌ အဖော်ဖြစ်သော အဓိမောက္ခ၏ ကင်းခြင်းကြောင့် ထိုစိတ်၌ယှဉ်သော ဧကဂ္ဂတာသည် မိစ္ဆာသမာဓိမဂ္ဂင်, သမာဓိန္ဒြေ, မိစ္ဆာသမာဓိဗိုလ် အဖြစ်သို့ မရောက် ဟူလိုသည်။

မိဿကသင်္ဂဟ ပြီး၏။

---

သဗ္ဗသင်္ဂဟ (ဗောဓိပက္ခိယသင်္ဂဟ)

### ၃၅၅–သတိပဋ္ဌာန်လေးပါးကို ပြဆိုခြင်း

ဘုသံ အနုပဝိသိတွာ ကာယာဒိအာရမ္မဏံ ပတိဋ္ဌဟတီတိ ပဋ္ဌာနာ။
သတိယေဝ ပဋ္ဌာနာ သတိပဋ္ဌာနာ။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ ကေသာဒိအာရမ္မဏာ၊ ဆံအစရှိသော အာရုံကို။ ဘုသံ၊ မြဲမြံစွာ ။ အနုပဝိသိတွာ ၊ သက်ဝင်၍။ ပတိဋ္ဌန္တိ၊ တည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ပဋ္ဌာနာ၊ ပဋ္ဌာန မည်ကုန်၏။

သတိယေဝ၊ သတိသည်သာလျှင်။ ပဋ္ဌာနာ၊ မြဲမြံစွာ သက်ဝင်၍ တည်တတ်သည်တည်း။ သတိပဋ္ဌာန ၊ သတိသည် သာလျှင် မြဲမြံစွာ သက်ဝင်၍ တည်တတ်သည်။

တရားကိုယ်အားဖြင့် သတိတပါးတည်းဖြစ်လျက် အာနာပါန, ဣရိယာပထ, ကေသာဒိ ကောဋ္ဌာသ အစရှိသော ရူပကာယကို အာရုံပြု၍ ရှုတတ်သော ကာယာနုပဿနာ သတိပဋ္ဌာန်၊

ခံစားခြင်းဝေဒနာကို ရှုတတ်သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊

စိတ်ကို ရှုတတ်သော စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

သင်္ခါရဓမ္မတို့ကို ရှုတတ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူ၍ အာရုံ၏ အပြားအားဖြင့်ရင်း, သုဘ, သုခ, နိစ္စ, အတ္တ ဟူ၍ မှတ်ခြင်းတည်းဟူသော သညာဝိပ္ပလ္လာသ ၄-ပါးကို ပယ်သောအားဖြင့်ရင်း ၄-ပါးအပြား ရှိလေသည်။

## ၃၅၆-သမ္မပ္ပဓာန် လေးပါးကို ပြဆိုခြင်း

သမ္မာ ပဒဟန္တိ ဧတေဟီတိ သမ္မပ္ပဓာနာ။

ဧတေဟိ၊ ဤတရားတို့ဖြင့်။ သမ္မာ၊ ကောင်းစွာ။ ပဒဟန္တိ၊ အားထုတ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့အားထုတ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်မည်ကုန်၏။

တရားကိုယ်အားဖြင့် ဝီရိယ တပါးတည်းဖြစ်လျက် —

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်ခြင်း၊

မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စိမ့်သောငှာ အားထုတ်ခြင်း၊

မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စိမ့်သောငှာ အားထုတ်ခြင်း၊

ဖြစ်ပြီးသောကုသိုလ်တရားတို့ကို လွန်စွာ ပွားစိမ့်သောငှာ အားထုတ်ခြင်း— ဟူ၍ သတ္တိပြားသောအားဖြင့် ၄ ပါးပြားလေသည်။

မဂ်ဖလ်ဖိုလ်ဉာဏ်၏ အင်္ဂါအသင်းဖြစ်သော တရားကိုယာ ဗောဓိပက္ခိယ ဆိုသည်ဖြစ်ရကား ဤသင်္ဂဟ၌ လောကုတ္တရာစိတ် ရှစ်ခု၌ ယှဉ်သော သတိသာလျှင် သတိပဋ္ဌာန်မည်သည်။ ၎င်းစိတ်ရှစ်ခု၌ယှဉ်သော ဝီရိယသည်သာလျှင် သမ္မပ္ပဓာန် မည်သည်။

အခြားအရာ၌ကား၊ လောကီကုသိုလ်စိတ်၌ ယှဉ်သော သတိလည်း သတိပဋ္ဌာန်မည်သည်၊ ဝီရိယလည်း သမ္မပ္ပဓာန်မည်သည်။ ထိုသတိပဋ္ဌာန်, သမ္မပ္ပဓာန်တို့သည် လောကီကုသိုလ်စိတ်၌ကား ၄-ပါးလုံး တပြိုင်နက် မဖြစ်နိုင်ကုန်။ ဘယ့်ကြောင့်နည်းဟူမူကား ၈ပါးသော အာရုံကိုသာ စိတ်ဖြင့် ယူနိုင်သောကြောင့်တည်း။

လောကုတ္တရာစိတ်၌ကား လေးပါးလုံး တပြိုင်နက် ဖြစ်သည်။ ဘယ့်ကြောင့်နည်းဟူမူကား မဂ်နှင့်ယှဉ်သော သတိ,ဝီရိယဖြစ်၍ ပယ်အပ်သည်ကို ပယ်ခြင်း ပွားစေအပ်သည်ကို ပွားစေခြင်းကိစ္စ၌ တပြိုင်နက်ပြီးသောကြောင့်တည်း။

## ၃၅၃-ဣဒ္ဓိပါဒ် လေးပါးကို ပြဆိုခြင်း

ဣဇ္ဈတိ နိပ္ဖဇ္ဇတိ ဝိဝိဓ ဓောဿဝတိ ဣဒ္ဓိ။

ဣဒ္ဓိယာပါဒေါ ဣဒ္ဓိပါဒေါ။

တေဟ၊ ဤတန်ခိုးဖြင့်။ နိပ္ဖတ္တိတိ၊ မဂနာမိဋ္ဌာန် စိတ်ကကြံတိုင်း ဖန်ဆင်းအပ်သော အစီအရင်သည်။ ဣဇ္ဈတိ၊ ပြည့်စုံတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဣဒ္ဓိ၊ ဣဒ္ဓိမည်၏။

ဣဒ္ဓိယာ၊ ဖန်ဆင်းအပ်သော ရုပ်အစဉ်၏၊ ပါဒေါ၊ အခြေတည်း။ ဣဒ္ဓိပါဒေါ ဖန်ဆင်းအပ်သော ရုပ်အစဉ်၏အခြေ။

အဓိဋ္ဌာန်၍ ဖန်ဆင်းအပ်သော အဓိဋ္ဌာန်တန်ခိုး, ကိုယ်ကိုဖောက်ပြန်စေ၍ ဖန်ဆင်းအပ်သော ဝိကုပ္ပနတန်ခိုး, ဤနှစ်ပါး ပြည့်စုံခြင်း၏ အကြောင်းဖြစ်၍ ဣဒ္ဓိဝိအဘိညာဉ်သည် ဣဒ္ဓိမည်သည်။ ထိုဣဒ္ဓိ၏ တည်ရာအခြေဖြစ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသာ ၄-ပါးသည် ဣဒ္ဓိပါဒ်မည်သည်။

လောကုတ္တရာစိတ် ရှစ်ခု၌ ယှဉ်သော ဆန္ဒသည် ဆန္ဒိဒ္ဓိပါဒ်, ဝီရိယသည် ဝီရိယိဒ္ဓိပါဒ်, လောကုတ္တရာစိတ်သည် စိတ္တိဒ္ဓိပါဒ်, ပညာသည် ဝီမံသိဒ္ဓိပါဒ်မည်၏။ ဗောဓိပက္ခိယအရာဖြစ်၍ လောကုတ္တရာကိုသာ ယူရမည်။

လောကီဖြစ်သော ဈာန်အဘိညာဉ်တို့၌လည်း ဤ ဣဒ္ဓိပါဒ် ၄-ပါးကို ရသည်ပင် ဖြစ်သည်။ ထိုသို့ရသည့်ရာ၌ ပထမဈာန်၏ ပရိကံသည် ဣဒ္ဓိပါဒ်မည်၏။ ပထမဈာန်သည် ဣဒ္ဓိမည်၏။ ဒုတိယဈာန်စသည်၌လည်း နည်းတူယူလေ။

ရပြီးသော ဈာန်အားဖြင့်လည်း ပထမဈာန်သည် ဣဒ္ဓိပါဒ်မည်၏။ ဒုတိယဈာန်သည် ဣဒ္ဓိမည်၏။ ၎င်းဒုတိယဈာန်သည် ဣဒ္ဓိပါဒ်မည်၏။ တတိယဈာန်သည် ဣဒ္ဓိမည်၏။ ကြွင်းသော ဈာန်တို့၌လည်း နည်းတူယူ။

သောတာပတ္တိမဂ်သို့ ရောက်ကြောင်းဖြစ်သော ဝိပဿနာသည် ဣန္ဒြိပါဒ်မည်၏။ သောတာပတ္တိမဂ်သည် ဣန္ဒြိမည်၏။ ၎င်းသောတာပတ္တိမဂ်သည် ဣန္ဒြိ-ပါဒ်မည်၏။ သကဒါဂါမိမဂ်သည် ဣန္ဒြိမည်၏။ ။ ကြွင်းသောမဂ်တို့၌လည်း နည်းတူ သိလေ။

ထို့ကြောင့် ဒိပနိ၌—

ပထမစျာနပရိကမ္မံ ဣဒ္ဓိပါဒေါ နာမ၊ ပထမစျာနံ ဣဒ္ဓိ နာမ။ ပဋိလာ-ဘေနပိ ဒီပေတုံ ဝဋ္ဋတိ၊ ပထမစျာနံ ဟိ ဣဒ္ဓိပါဒေါ နာမ၊ ဒုတိယစျာနံ ဣဒ္ဓိ နာမ၊ သေသစျာနေသုပိ အယံ နယော၊ သောတာပတ္တိမဂ္ဂဿ ဝိပဿနာ ဣဒ္ဓိပါဒေါ နာမ၊ သောတာပတ္တိမဂ္ဂေါ ဣဒ္ဓိ နာမ၊ သေသမဂ္ဂေ-သုပိ အယံ နယော—

ဟူ၍ ဆိုတော်မူသည်။

## ၃၅၈-ဣန္ဒြေငါးပါးကို ပြခြင်း

ဣန္ဒဋ္ဌံ ကရောတီတိ ဣန္ဒြိယံ။

ဣန္ဒဋ္ဌံ၊ အစိုးရသောအဖြစ်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြိယ မည်၏။

လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော သဒ္ဓါသည် သဒ္ဓိန္ဒြေ မည်၏။ ဝီရိယသည် ဝီရိယိန္ဒြေမည်၏။ သတိသည် သတိန္ဒြေ မည်၏။ ဧကဂ္ဂတာသည် သမာဓိန္ဒြေ မည်၏။ ပညာသည် ပညိန္ဒြေမည်၏။

## ၃၅၉-ဗိုလ်ငါးပါးကို ပြခြင်း

ဗလတိ သမ္ပယုတ္တဓမ္မေသု ဥပတ္ထမ္ဘေတီတိ ဗလံ။

သမ္ပယုတ္တဓမ္မေသု၊ သမ္ပယုတ်တရားတို့၌။ ဗလတိ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗလံ၊ ဗိုလ်မည်၏။

လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော သဒ္ဓါသည် သဒ္ဓါဗိုလ်မည်၏။ ဝီရိယသည် ဝီရိယဗိုလ်မည်၏။ သတိသည် သတိဗိုလ်မည်၏။ ဧကဂ္ဂတာသည် သမာဓိဗိုလ် မည်၏။ ပညာသည် ပညာဗိုလ်မည်၏။

## ၃၆၀-ဗောဇ္ဈင်၇-ပါးကို ပြခြင်း

အရိယသစ္စာနိ ဗုဇ္ဈတိ ဇာနာတိ ဗောတိ၊ မဂ္ဂသမင်္ဂီ။ ။ဗောဓိ-ယာ အင်္ဂေါ ဗောဇ္ဈင်္ဂေါ။

ဧတာဝယ ဓမ္မသာမဂ္ဂိယာ၊ ဤသတိ ပညာ စသောတရားတို့၏ ညီညွတ်ခြင်းဖြင့်။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ ဗုဇ္ဈတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထိုသို့သိကြောင်းဖြစ်သောသတ္တိကြောင့်။ ဗောဓိ၊ ဗောဓိ မည်၏။ ဓမ္မသာမဂ္ဂိ၊ တရားအပေါင်းတို့၏ ညီညွတ်ခြင်းကို။ လဘတိ၊ ရ၏။

ဗောဓိယာ၊ သိတတ်သော တရားအပေါင်း၏။ အင်္ဂေါ၊ အစိတ်တည်း။ ဗောဇ္ဈင်္ဂေါ။ သိတတ်သောတရားအပေါင်း၏အစိတ်။

လောကုတ္တရာကိုအာရုံပြုတော့မှ ရှစ်ခုဥ်ရှိသော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင်မည်၏။ ဆင်ခြင်ရွေးချယ်တတ်သော ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏။ ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။ ပီတိသည် ပီတိသမ္ဗောဇ္ဈင်မည်၏။ ပဿဒ္ဓိသည် ပဿဒ္ဓိသမ္ဗောဇ္ဈင် မည်၏။ ဧကဂ္ဂတာသည် သမာဓိသမ္ဗောဇ္ဈင် မည်၏။ ထိုထိုသောအာရုံ၌ လျစ်လျူရှုတတ်သော တတြမဇ္ဈတ္တတာစေတသိက်သည် ဥပေက္ခာသမ္ဗောဇ္ဈင် မည်၏။ ဤသို့ သတ္တိအထူးအားဖြင့် ၇-ပါးအပြားရှိ၏။

ယို ၇-ပါးသောတရားတို့သည် ဉာဏ်၏ဥပနိဿယဖြစ်၍ အရိယသစ္စာကို သိခြင်းကိစ္စကို လွန်စွာပြီးစေတတ်ရကား ဗောဇ္ဈင် မည်၏ ဟူလိုသည်။

ဥပမာကား–တိက္ခပညာပုဂ္ဂိုလ်အား ငယ်ရွယ်သောအခါက သိတတ်သော ပညာရှိငြားသော်လည်း ထောက်ပံ့တတ်သော ပကတူပနိဿယ နည်းရကား များစွာ မသိနိုင်။ ကြီးရင့်သောအခါ၌ကား မေးမြန်းခြင်း, နည်းခံခြင်း, အတုယူခြင်း, အကြားအမြင်များခြင်း, သင်ခြင်း, စဉ်းစားခြင်း, များစွာ နှလုံးသွင်းခြင်းအစရှိသော ဥပနိဿယ အားကြီးရကား သူတပါးသိနိုင်ခဲသော အရာ မသိဘူးသောအရာတို့ကို ထင်စွာသိနိုင်သကဲ့သို့ပင် မှတ်ရမည်။

ဤဥပမာ၌ မေးမြန်းခြင်း, နည်းခံခြင်း,အကြားအမြင်များခြင်း, သင်ခြင်း, နှလုံးသွင်းခြင်းတို့သည် သိတတ်သောဉာဏ်၏ အဖော်သာ ဖြစ်ကုန်သကဲ့သို့ သတိ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာတို့လည်း ဓမ္မဝိစယ၏ အဖော်သာဖြစ်ကုန်၍ သိခြင်းကိစ္စကို ပြီးကုန်ရကား ၇-ပါးလုံးပင် ဗောဇ္ဈင် မည်လေသည်။

## ၃၆၁-မဂ္ဂင်ရှစ်ပါးကို ပြဆိုခြင်း

ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ။

မဂ္ဂဿ အင်္ဂါနိ မဂ္ဂင်္ဂါနိ။

ယော ဓမ္မသမူဟော၊ အကြင်တရားအပေါင်းသည်။ ကိလေသေ၊ ကိလေသာတို့ကို။ မာရေန္တော၊ ပယ်သတ်လျက်။ ဂစ္ဆတိ၊ နိဗ္ဗာန်သို့သွားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဓမ္မသမူဟော၊ ထိုတရားအပေါင်းသည်။ မဂ္ဂေါ၊ မဂ္ဂမည်၏။

မဂ္ဂဿ၊ မဂ်၏။ အင်္ဂါနိ၊ အစိတ်တို့တည်း။ မဂ္ဂင်္ဂါနိ၊ မဂ်၏အစိတ်တို့။

လောကုတ္တရာစိတ်၌ ယှဉ်သော ပညာ စေတသိက်သည် မဖောက်မပြန် မြင်တတ်သောကြောင့် သမ္မာဒိဋ္ဌိမဂ္ဂင် မည်၏။

ဝိတက်သည် သမ္မာသင်္ကပ္ပ မဂ္ဂင်မည်၏။

သမ္မာဝါစာသည် သမ္မာဝါစာ မဂ္ဂင်မည်၏။

သမ္မာကမ္မန္တသည် သမ္မာကမ္မန္တ မဂ္ဂင်မည်၏။

သမ္မာအာဇီဝသည် သမ္မာအာဇီဝ မဂ္ဂင်မည်၏။

ဝီရိယသည် သမ္မာဝါယာမ မဂ္ဂင်မည်၏။

သတိသည် သမ္မာသတိ မဂ္ဂင်မည်၏။

ဧကဂ္ဂတာသည် သမ္မာသမာဓိ မဂ္ဂင်မည်၏။

ဤမဂ္ဂင်တရားတို့သည် လောကုတ္တရာစိတ်၌ တပြိုင်နက်ဖြစ်ကုန်၏။ မဟာကုသိုလ်စိတ်ရှစ်ခု၌ကား ဝိရတီ ၃-ပါးတို့သည် တခု တခုစီသာ ဖြစ်ကုန်၏။

## ၃၆၂-ဗောဓိပက္ခိယတရားကိုယ်ကို ပြခြင်း

မေး။ ။ဗောဓိပက္ခိယ၊ သတ္တတိံသဝယ်၊ အရဆိုလျှင်၊ တရားကိုယ် ဘယ်မျှ ရှိသနည်း။

ဖြေ။ ။ဆန္ဒော စိတ္တမုပေက္ခာ စ၊ သဒ္ဓါ ပဿဒ္ဓိ ပီတိယော။

သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။

သမ္မာသတိ သမာဓီတိ၊ စုဒ္ဒသေတေ သဘာဝတော။

သတ္တတိံ သပ္ပဘေဒေန၊ သတ္တဓာ တတ္ထ သင်္ဂဟော။

ဟူသော ဂါထာဖြင့် တရားကိုယ် ၁၄-ပါးပြားကြောင်းကို သင်္ဂြိုဟ် အဋ္ဌကထာ၌ မိန့်ပြီ။

ဗောဓိပက္ခိယသင်္ဂဟ ပြီး၏။

## သဗ္ဗ သင်္ဂဟာ

## ၃၆၃-ခန္ဓာ ဥပါဒါနက္ခန္ဓာ နှစ်ပါး

## ထူးခြားပုံကို ပြခြင်း

မေး။ ။ခန္ဓာနှစ်ထပ်၊ ဟောပေလတ်သည်၊ အထပ်ဘယ်သို့ အကြောင်းနည်း။

ခန္ဓာ, အာယတန, ဓာတ်, သစ္စာ ဘယ်အရာကြောင့် မည်သနည်း။

ဖြေ။ ။ခံ အတ္တနိစ္စာဒိသုညံ ခါဒတီတိခန္ဓာ။

ခံ အတ္တနိစ္စာဒိသုညံ၊ ကိုယ်ဟူသောအဖြစ်,မြဲသောအဖြစ်စသည်မှ ဆိတ်ခြင်းကို။ ခါဒတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ခန္ဓာ၊ ခန္ဓာမည်၏။ (ဒီပနီ)

ခံ-ဣန္ဒြိယံ ခါဒတီတိ ခန္ဓာ။

ဝါ၊ တနည်းကား။ ခံ-ဣန္ဒြိယံ၊ ဣန္ဒြေခြောက်ပါးကို။ ခါဒတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ခန္ဓာ၊ ခန္ဓာမည်၏။ (ကေကန္ဓရဋီကာ)

ဇာတိဇရာမရဏာဒီဟိ သံသာရဒုက္ခေဟိ ခါဒိတဗ္ဗာတိ ခန္ဓာ။

ဇာတိဇရာမရဏာဒီဟိ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း အစရှိကုန်သော။ သံသာရဒုက္ခေဟိ၊ သံသရာ၌ ဖြစ်သော ဆင်းရဲတို့သည်။ ခါဒိတဗ္ဗာ၊ အဖန်တလဲလဲ ခဲအပ်စားအပ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ခန္ဓာ၊ ခန္ဓာမည်ကုန်၏။ (ကစ္စည်းကျမ်း)

အတီတာနာဂတပစ္စုပ္ပန္နာဒိဘေဒါ တေ သဘာဝဓမ္မာ ရာသဋ္ဌေန ခန္ဓာ။

အတီတာနာဂတပစ္စုပ္ပန္နာဒိဘေဒါ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် စသည် အပြားရှိကုန်သော။ တေ သဘာဝဓမ္မာ၊ ထိုသဘောတရားတို့သည်။ ရာသဋ္ဌေန၊ ပေါင်းစုအပ်သော အနက်ကြောင့်။ခန္ဓာ၊ ခန္ဓာမည်ကုန်၏။(သမ္မောအဋ္ဌကထာ)

ဤဝစနတ်ဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက တည်းဟူသော ၁၁-ပါးသော ကောဋ္ဌာသဖြင့် ပေါင်းစုအပ်သော ရုပ်တရားသည် ရူပက္ခန္ဓာ မည်၏။

ဤ ၁၁-ပါးသော ကောဋ္ဌာသဖြင့် ပေါင်းစုအပ်သော ဝေဒနာတရားသည် **ဝေဒနာက္ခန္ဓာ** မည်၏။

ဤ ၁၁-ပါးသော ကောဋ္ဌာသဖြင့် ပေါင်းစုအပ်သော သညာတရားသည် **သညာက္ခန္ဓာ** မည်၏။

ဤ ၁၁-ပါးသော ကောဋ္ဌာသဖြင့် ပေါင်းစုအပ်သော ဖဿ, စေတနာ စသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာ မည်၏။

ဤ ၁၁-ပါးသော ကောဋ္ဌာသဖြင့် ပေါင်းစုအပ်သော စိတ်တရားသည် ဝိညာဏက္ခန္ဓာ မည်၏—ဟူသောအနက်ကို ပြသည်။

ဤ ၁၁-ပါးသော ကောဋ္ဌာသ မရှိသောကြောင့် နိဗ္ဗာန်သည် ခန္ဓာဟူသော ရေတွက်ခြင်းမှ လွတ်၏။

ဤနောက်နည်း၌ ခန္ဓသဒ္ဒါသည် အစုဟူသောအနက်ကိုဟောသော အနိပ္ဖန္န ပါဠိပဒိကပုဒ်ဟု ယူသည်။

ရှေ့ဝစနတ်ဖြင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့သည် ဇာတိ စသောသံသရာ ဆင်းရဲတို့သည် ခံအပ်စားအပ်သောကြောင့် ခန္ဓာမည်၏ ဟုဆို သဖြင့် ထိုဆင်းရဲတို့သည် မခံမစားအပ်သော နိဗ္ဗာန်သည် ခန္ဓာဟူသော အရေ အတွက်မှ လွတ်၏။

## တရားကိုယ်တပါး ဖြစ်သော်ငြားလည်း ခန္ဓာမည်ပုံကို ပြခြင်း

အပေါင်းအစုဖြစ်သော အနက်ကြောင့် ခန္ဓာမည်၏ ဆိုသော် အပေါင်းမရှိ သော ရုပ်ပါရုံတခုသည် ခန္ဓာမမည်ပြီလော ဟူငြားအံ့၊ ဤရုပါရုံသည် အတိတ်၌ လည်းဖြစ်ပြီ, ပစ္စုပ္ပန်လည်းဖြစ်ဆဲ, အနာဂတ်၌လည်း ဖြစ်လတ္တံ့. ဤသို့ ဉာဏ်ဖြင့် ပိုင်းခြားသော် ၁၁-ပါးသော အစုရှိသည်သာ ဖြစ်ရကား ရူပါရုံတခုသည်ပင် ခန္ဓာမည်၏ ဟူပေ။ ဝေဒနာ, သညာ, စသည်တို့၌လည်း ဤနည်းတူ။

အချို့ဆရာတို့ကား အပါင်း၏ အမည်ကို အစိတ်၌တင်စား၍ အဝယဝူပစာ အားဖြင့် ခန္ဓာမည်သည်ဟု ဆို၏။ မသင့်ပေ။

ထိုခန္ဓာတို့၏ သရုပ်ကား—

၁။ ဣန္ဒြိယဗဒ္ဓဖြစ်သော ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာ မည်၏။

၂။ စိတ်တခုယုတ် ၉၀-၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။

၃။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။

၄။ ဝေဒနာ, သညာ မှကြွင်းသော စေတသိက်ပညာသသည် သင်္ခါရက္ခန္ဓာ မည်၏၊

၅။ အကျဉ်း တခုယုတ် ၉၀-အကျယ် ၁၂၁-ပါးသော စိတ်သည် ဝိညာဏုပါဒါနက္ခန္ဓာမည်၏။

ဤခန္ဓာငါးပါးကိုပင် ဥပါဒါန်၏ အာရုံဖြစ်ထိုက်သည်ကို သီးသန့်၍ ဥပါဒါနက္ခန္ဓာ ဟူသောအမည်ဖြင့် ဟောတော် မူပြန်သည်။

သရုပ်အားဖြင့်ကား—

၁။ ရုပ် ၂၈-ခုသည် ရူပုပါဒါနက္ခန္ဓာ မည်၏

၂။ လောကီစိတ် ၈၁-ခု၌ရှိသော ဝေဒနာသည် ဝေဒနုပါဒါနက္ခန္ဓာ မည်၏။

၃။ ၎င်းစိတ် ၈၁-ခု၌ရှိသော သညာသည် သညုပါဒါနက္ခန္ဓာမည်၏။

၄။ ၎င်းစိတ် ၈၁ ခု၌ရှိသော စေတသိက်ပညာသသည် သင်္ခါရုပါဒါနက္ခန္ဓာ မည်၏။

၅။ လောကီစိတ်သည် ဝိညာဏုပါဒါနက္ခန္ဓာ မည်၏။

ဤနှစ်ပါးအထူးကား ခပ်သိမ်းသော တွေ့ဘူမကတရားတို့ကို လောကီ လောကုတ်မခွဲပဲ ငါးစုပြု၍သာ ဟောတော်မူသည်ကား ခန္ဓာ မည်သည်၊ လောကီတရားကိုသာ ငါးစုပြု၍ ဟောသည်ကား ဥပါဒါနက္ခန္ဓာ မည်သည်။ ဤသို့ထူးကြ၏။

ထိုကြောင့် ရုပ်သည် လောကီစင်စစ်ဖြစ်ရကား ရုပ်အစုနှင့်တကွ လောကီနာမက္ခန္ဓာ လေးပါးသည် ခန္ဓာလည်းမည်၏။ ဥပါဒါနက္ခန္ဓာလည်းမည်၏။ လောကုတ္တရာ နာမက္ခန္ဓာ လေးပါးသည်ကား ခန္ဓာသာမည်၏၊ ဥပါဒါနက္ခန္ဓာ မမည်ဟု မှတ်ရမည်။

## ၃၆၄-ခန္ဓာငါးပါးကို ဥပမာအားဖြင့် ပြဆိုခြင်း

ဥပါဒါနာနံ ဂေါစရဘူတာနိ ခန္ဓာနီတိ ဥပါဒါနက္ခန္ဓာနိ။

ဥပါဒါနာနံ၊ ဥပါဒါန် တရားလေးပါးတို့၏။ ဂေါစရဘူတာနိ၊ ကျက်စားရာ အာရုံဖြစ်ကုန်သော။ ခန္ဓာနိ၊ ခန္ဓာတို့တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့် ဥပါဒါနက္ခန္ဓာနိ၊ ဥပါဒါနက္ခန္ဓာ မည်ကုန်၏။

ထိုခန္ဓာငါးပါးတို့ကို ဥပမာအားဖြင့် ဘယ်သို့ သိအပ်သနည်း ဟူမူကား—

ဂိလာနသာလူပမော ရူပက္ခန္ဓော၊ ဂေလညူပမော ဝေဒနုပါဒါနက္ခန္ဓော၊ ဂေလည သမုဋ္ဌာနူပမော သညုပါဒါနက္ခန္ဓော၊ အသပ္ပါယ-

သေဝနုပမော သဉ်္ဂါရုပါဒါနက္ခန္ဓော၊ ဂိလာနုပမော ဝိညာဏုပါဒါ-
နက္ခန္ဓော—

ဟူသောပါဠိနှင့်အညီ–ရူပက္ခန္ဓာသည် သူနာဇရပ်နှင့် တူ၏။ ဘယ့်ကြောင့်နည်း ဟူမူ ဝိညာဏုပါဒါနက္ခန္ဓာ တည်းဟူသော သူနာ၏ မှီခိုရာ သွားလာထွက်ဝင်ရာ ဖြစ်သောကြောင့်တည်း။

ဝေဒနုပါဒါနက္ခန္ဓာသည် အနာရောဂါနှင့် တူ၏၊ ဘယ့်ကြောင့်နည်းဟူမူ-ကျင်နာကိုက်ခဲတတ်သည်၏ အဖြစ်ကြောင့်တည်း။

သညုပါဒါနက္ခန္ဓာသည် အနာ၏ ဖြစ်ကြောင်းဖြစ်သော ခေတ်မညီညွတ်ခြင်းနှင့် တူ၏။ ဘယ်ကြောင့်နည်းဟူမူ- သုဘ, သုခ, နိစ္စဟူသော အမှတ်ရှိသောကြောင့်တည်း။

သင်္ခါရုပါဒါနက္ခန္ဓာသည် မလျော်ကပ်သော ဆေးဝါး, အစာ အာဟာ-ရနှင့် တူ၏။ ဘယ့်ကြောင့်နည်းဟူမူ - ဝေဒနာ တည်းဟူသော ရောဂါ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်တည်း။

ဝိညာဏုပါဒါနက္ခန္ဓာသည် သူနာနှင့် တူ၏။ ဘယ့်ကြောင့်နည်းဟူမူ-ဝေဒနာ တည်းဟူသော ရောဂါဖြင့် မပြတ်နှိပ်စက် သောကြောင့်တည်း။

တနည်းကား—

ရူပုပါဒါနက္ခန္ဓာသည် ထမင်းထည့်ရာခွက်နှင့်တူ၏။

ဝေဒနုပါဒါနက္ခန္ဓာသည် ဘောဇဉ်နှင့် တူ၏။

သညုပါဒါနက္ခန္ဓာသည် ဟင်းလျာနှင့် တူ၏။

သင်္ခါရုပါဒါနက္ခန္ဓာသည် ထိုဘောဇဉ် ဟင်းလျာတို့ကို ရှာမှီးမှုံးစုသည်နှင့် တူ၏။

ဝိညာဏုပါဒါနက္ခန္ဓာသည် ထိုဘောဇဉ်ဟင်းလျာ တို့ကို စားသောသူနှင့် တူ၏၊

တနည်းကား—

ရူပက္ခန္ဓာသည် ရေမြှုပ်စိုင်နှင့် တူ၏။

ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူ၏။

သညာက္ခန္ဓာသည် တံလျှပ်နှင့် တူ၏။

သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့် တူ၏။

ဝိညာဏက္ခန္ဓာသည် မျက်လှည့်သည်နှင့် တူ၏။

ဤသို့ ဥပမာအားဖြင့် သိရာသည်။ (ဒီပနီ)

## ၃၆၅-အာယတန ၁၂-ပါးကို ပြဆိုခြင်း

အာယဘူတေ ဓမ္မေ တနေန္တိ ဝိတ္ထာရေန္တီတိ အာယတနာနိ။

အာယတံ သံသာရဒုက္ခံ နယန္တီတိ အာယတနာနိ။

အာယဘူတေ၊ ထိုထိုသောဒွါရအာရုံ၌ဖြစ်ကုန်သော။ ဓမ္မေ၊ တရားတို့ကို။ တနေန္တိ ဝိတ္ထာရေန္တိ၊ ချဲ့တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာယတနာနိ၊ အာယတနမည်ကုန်၏။

ဝါ၊ တနည်းကား။ အာယတံ၊ ရှည်စွာသော။ သံသာရဒုက္ခံ၊ သံသရာ၌ဖြစ်သော ဆင်းရဲကို။ နယန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အာယတနာနိ၊ အာယတန မည်ကုန်၏။

ဒွါရ, အာရုံအားဖြင့် ရှေးရှုဖြစ်ကြသော တရားတို့ကို ရှေး၌ မထင်ရှားသည်တို့ကို ထင်ရှားအောင်ပြု၍ မတပ်မက်သည်ကို တပ်မက်အောင်ပြု၍ ချဲ့တတ်သောကြောင့်၎င်း, သံသရာဒုက္ခကို ရှည်အောင် ဆောင်တတ်သောကြောင့်၎င်း လောကီတရားတို့သည် အာယတနမည်ကုန်သည်။

လောကုတ္တရာတရားတို့မူကား အာရမ္မဏိကဖြစ်သော စိတ်, စေတသိက်တို့၏ အကြောင်းဖြစ်၍ အာယတနမည်သည်။

## ၃၆၆-အာယတန ၁၂-ပါးသရုပ်ကို ပြဆိုခြင်း

သရုပ်အားဖြင့်ကား—

| | |
|---|---|
| ၁။ စက္ခာယတန၊ | ၁။ ရူပါယတန၊ |
| ၂။ သောတာယတန၊ | ၂။ သဒ္ဒါယတန၊ |
| ၃။ ဃာနာယတန၊ | ၃။ ဂန္ဓာယတန၊ |
| ၄။ ဇိဝှါယတန၊ | ၄။ ရသာယတန၊ |
| ၅။ ကာယာယတန၊ | ၅။ ဖောဋ္ဌဗ္ဗာယတန၊ |
| ၆။ မနာယတန- | ၆။ ဓမ္မာယတန- |
| | ဟူ၍ အာရုံအားဖြင့် ၆-ပါးပြားသည် |
| ဟူ၍ ဒွါရအားဖြင့် ၆-ပါး။ | ဖြစ်၍ ၁၂-ပါးရှိသတည်း။ |

ထို ၁၂-ပါးတို့တွင် ကမ္ဘဇရုပ်ဖြစ်သော—

၁။ စက္ခုပသာဒသည် စက္ခာယတနမည်၏။

၂။ သောတပသာဒသည် သောတာယတနမည်၏။

၃။ ဃာနပသာဒသည် ဃာနာယတနမည်၏။

၄။ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏။

၅။ ကာယပသာဒသည် ကာယာယတနမည်၏။

၆။ စိတ်တခုယုတ် ၉၀-သည် မနာယတနမည်၏။

၇။ စတုသမုဋ္ဌာနိကရုပ်ဖြစ်သော ရူပါရုံ, ဥတုဇဖြစ်သော ရူပါရုံသည် ရူပါယတနမည်၏။

၈။ စိတ္တဇ, ဥတုဇအားဖြင့် ဒွိသမုဋ္ဌာနိကဖြစ်သော သဒ္ဒါရုံသည် သဒ္ဒါ-ယတနမည်၏။

၉။ စတုသမုဋ္ဌာနိကဖြစ်သော ဂန္ဓာရုံ, ဥတုဇဖြစ်သော ဂန္ဓာရုံသည် ဂန္ဓာ-ယတနမည်၏။

ထို့အတူ—

၁၀။ ရသာရုံသည် ရသာယတနမည်၏။

၁၁။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။

၁၂။ စေတသိက် ဒွေပညာသ သုခုမရုပ်သောဠသ နိဗ္ဗာန်အားဖြင် ၆၉-ပါးသော ဓမ္မာရုံသည် ဓမ္မာယတနမည်၏။

ဤသို့ သတ္တိအားဖြင့် ၁၂ ပါး ပြားသတည်း။

ဥပမာအားဖြင့်ကား—အဇ္ဈတ္တိကာယတန ၆-ပါးတို့သည် ငြိမ်သက်စွာနေသော ရွာသူရပ်သားတို့နှင့် တူ၏။

ဗာဟိရာယတန ၆-ပါးတို့သည် ရွာကိုဖျက်ဆီးသော ခိုးသားတို့နှင့်တူ၏။

တနည်းကား—အဇ္ဈတ္တိကာယတန ၆-ပါးတို့သည် ယောကျ်ားကို တောင့်တကာနေသော သမီးလုလင်နှင့် တူ၏။

ဗာဟိရာယတန ၆-ပါးတို့သည် ထိုမိန်းမငယ်တို့ကို သွေးဆောင်သော ယောကျ်ားနှင့် တူ၏။ ဤသို့ သိရာသည်။

## ဓာတ် ၁၈-ပါးကို ပြဆိုခြင်း

အနေကပ္ပကာရံ သံသာရဒုက္ခံ ဓိယန္တိ ဝိဓေယန္တိ ဥပ္ပါဒေန္တီတိ ဓာတုယော။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အနေကပ္ပကာရံ၊ များသောအပြားရှိသော။ သံသာရဒုက္ခံ၊ သံသရာဥ္ပဖြစ်သော ဆင်းရဲကို။ ဓိယန္တိ ဝိဓေယန္တိ၊ စီရင်တတ်ကုန်၏။ ဝါ-ဓိယန္တိ ဥပ္ပါဒေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဓာတုယော၊ ဓာတ်မည်ကုန်၏။

အတ္တနော သဘာဝံ ဓာရေန္တီတိ ဓာတုယော။

ယေ ဓမ္မာ၊ အကြင်တရားတို့သည်။ အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ ဓာရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဓာတုယော၊ ဓာတ်မည်ကုန်၏။

ဝန်ထမ်းသော သူတို့သည် မိမိတို့၏ ထမ်းရန်ဝန်ကို ဆောင်ရဘိသကဲ့သို့ ခန္ဓာတည်းဟူသောဝန်ကို ဆောင်ရသော သတ္တဝါတို့သည် ခန္ဓာဥ္ပအကျုံးဝင်သော ဤတရားတို့ကို ဆောင်တတ်သောကြောင့်၎င်း, ဒဿနကိစ္စ, သဝနကိစ္စ အစရှိသော မိမိသဘောကို ဆောင်တတ်သောကြောင့်၎င်း ဓာတ်မည်၏ဟု ဆိုလိုသည်။

## ဓာတ် ၁၈-ပါးသရုပ်ကိုပြခြင်း

ထိုဓာတ်တို့သည် သရုပ်အားဖြင့်

| | | |
|---|---|---|
| ၁။ စက္ခုဓာတ်၊ | ၁။ ရူပဓာတ်၊ | ၁။ စက္ခုဝိညာဏဓာတ်၊ |
| ၂။ သောတဓာတ်၊ | ၂။ သဒ္ဒဓာတ်၊ | ၂။ သောတဝိညာဏဓာတ်၊ |
| ၃။ ဃာနဓာတ်၊ | ၃။ ဂန္ဓဓာတ်၊ | ၃။ ဃာနဝိညာဏဓာတ်၊ |
| ၄။ ဇိဝှါဓာတ်၊ | ၄။ ရသဓာတ်၊ | ၄။ ဇိဝှါဝိညာဏဓာတ်၊ |
| ၅။ ကာယဓာတ်၊ | ၅။ ဖောဋ္ဌဗ္ဗဓာတ်၊ | ၅။ ကာယဝိညာဏဓာတ်၊ |
| ၆။ မနောဓာတ်၊ | ၆။ ဓမ္မဓာတ်- | ၆။ မနောဝိညာဏဓာတ်- |
| ဟူ၍ ဒွါရအားဖြင့် (၆)ပါး။ | ဟူ၍ အာရုံအားဖြင့်(၆)ပါး။ | ဟူ၍ ဒွါရအာရုံ၌ ဖြစ်သော ဝိညာဉ်အားဖြင့်(၆)ပါးရှိသည်ဖြစ်၍ ၁၈-ပါး ပြားသတည်း။ |

ထို၁၈-ပါးတို့တွင်—

၁။ စက္ခုပသာဒသည် .... .... စက္ခုဓာတ်မည်၏။

၂။ သောတပသာဒသည် .... .... သောတဓာတ်မည်၏။

၃။ ဃာနပသာဒသည် .... .... ဃာနဓာတ်မည်၏။
၄။ ဇိဝှါပသာဒသည် .... .... ဇိဝှါဓာတ်မည်၏။
၅။ ကာယပသာဒသည် .... .... ကာယဓာတ်မည်၏။
၆။ ပဉ္စဒွါရာဝဇ္ဇန်းသမ္ပဋိစ္ဆိုင်းဒွေသည် .... မနောဓာတ်မည်၏။
၇။ ရူပါရုံသည် .... .... ရူပဓာတ်မည်၏။
၈။ သဒ္ဒါရုံသည် .... .... သဒ္ဒဓာတ်မည်၏။
၉။ ဂန္ဓာရုံသည် .... .... ဂန္ဓဓာတ်မည်၏။
၁၀။ ရသာရုံသည် .... .... ရသဓာတ်မည်၏။
၁၁။ ဖောဋ္ဌဗ္ဗာရုံသည် .... .... ဖောဋ္ဌဗ္ဗဓာတ်မည်၏။
၁၂။ ဓမ္မာရုံသည် .... .... ဓမ္မဓာတ်မည်၏။
၁၃။ စက္ခုဝိညာဉ်ဒွေသည် .... .... စက္ခုဝိညာဏဓာတ် မည်၏။
၁၄။ သောတဝိညာဉ်ဒွေသည် ....သောတဝိညာဏဓာတ်မည်၏။
၁၅။ ဃာနဝိညာဉ်ဒွေသည် .... .... ဃာနဝိညာဏဓာတ်မည်၏။
၁၆။ ဇိဝှါဝိညာဉ်ဒွေသည် .... .... ဇိဝှါဝိညာဏဓာတ် မည်၏။
၁၇။ ကာယဝိညာဉ်ဒွေသည် .... .... ကာယဝိညာဏဓာတ်မည်၏။
၁၈။ ဒွေပဉ္စဝိညာဉ် ၁၀-မနောဓာတ် ၃-ခု ကြွင်းသော ၇၆-ပါးသော စိတ်သည် မနောဝိညာဏဓာတ် မည်၏။

၁၆၇-ဓာတ်တပါးသည် ဓာတ်တပါးအား

ကျေးဇူးပြုပုံ

ပဋ္ဌာန်းပစ္စည်းတပ်သော နည်းအားဖြင့်ကား—

စက္ခုဓာတ်သည် စက္ခုဝိညာဏဓာတ်အား ဝိပ္ပယုတ္တ, ပုရေဇာတ, အတ္ထိ, အဝိဂတ, နိဿယ, ဣန္ဒြိယ တည်းဟူသော ၆-ပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

ရူပဓာတ်သည် စက္ခုဝိညာဏဓာတ်အား ပုရေဇာတ, အတ္ထိ, အဝိဂတ အာရမ္မဏ ဟူသော ၄-ပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

ဤအတူ သောတဝိညာဏဓာတ် စသည်တို့၌လည်း သိအပ်၏။

ပဉ္စဒွါရာဝဇ္ဇန်းတည်းဟူသော မနောဓာတ်သည် ပဉ္စဝိညာဏဓာတ်တို့အား အနန္တရ,သမနန္တရ,နတ္ထိ, ဝိဂတ, အနန္တရူပနိဿယ တည်းဟူသော ၅-ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

ထိုပဉ္စဝိညာဏ ဓာတ်သည် သမ္ပဋိစ္ဆိုင်းဟူသော မနောဓာတ်အား,

သမ္ပဋိစ္ဆိုင်းဟူသော မနောဓာတ်သည် သန္တီရဏ ဟူသော မနောဝိညာဏ ဓာတ်အား,

သန္တီရဏသည် ဝုဋ္ဌောဟူသော မနောဝိညာဏဓာတ်အားရင်း ၅-ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

ပထမဇောသည် ဒုတိယဇောအား, ဒုတိယဇောသည် တတိယဇောစသည်အား ယခင် ၅-ပစ္စည်းတွင် အာသေဝနကို ထည့်၍ ၆-ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

သတ္တမဇောသည် တဒါရုံအားရင်း, ဘဝင်အားရင်း ယခင် ၅-ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ ဤသို့စသည်ဖြင့် သိရာသည်။

## ၃၆ဂ-ဓာတ်တရားတို့ကို ဥပမာအားဖြင့်ပြခြင်း

ဥပမာအားဖြင့်ကား—

စက္ခုဓာတ်ကို .... စည်မျက်နှာပြင်ကဲ့သို့,
ရူပဓာတ်ကို .... စည်လက်ခတ်ကဲ့သို့,
စက္ခုဝိညာဏဓာတ်ကို.... စည်သံကဲ့သို့ မှတ်အပ်၏။

တနည်းလည်း—

စက္ခုဓာတ်ကို ကြေးမုံပြင်ကဲ့သို့
ရူပဓာတ်ကို မျက်နှာကဲ့သို့
စက္ခုဝိညာဏဓာတ်ကို ထင်သောမျက်နှာရိပ်ကဲ့သို့ မှတ်အပ်၏။

တနည်းလည်း—

စက္ခုဓာတ်ကို .... ကြံ နှမ်း ကဲ့သို့,
ရူပဓာတ်ကို ကြံညှစ် ဆီညှစ် ယန္တရားကဲ့သို့,
စက္ခုဝိညာဏဓာတ်ကို .... ကြံရည်ဆီကြည်ကဲ့သို့ မှတ်အပ်၏။

ကြွင်းသောဓာတ်တို့၌လည်း ဤနည်းကို မှီ၍သိရာသည်။

## ၃၆၉-သစ္စာလေးပါးကို ပြဆိုခြင်း

အရိယန္တိ ဉာယန္တိ ဗုဒ္ဓါဒီဟီတိ အရိယာနိ။

သတနံ သစ္စံ။ အရိယာနိ စ တာနိ သစ္စာနိစာတိ အရိယသစ္စာနိ။

အရိယေဟိ ဗုဇ္ဈိတဗ္ဗာနိ သစ္စာနိ အရိယသစ္စာနိ။

ဗုဒ္ဓါဒီဟိ၊ ဘုရားအစရှိသော ပုဂ္ဂိုလ်တို့သည်။ အရိယန္တိ ဉာယန္တိ၊ သိအပ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အရိယာနိ၊ အရိယာမည်ကုန်၏။

သတနံ၊ မဖောက်မပြန် ဟုတ်မှန်ခြင်းတည်း။ သစ္စံ၊ မဖောက်မပြန်ဟုတ်မှန်ခြင်း။

အရိယာနိစ၊ ဘုရားအစရှိသော ပုဂ္ဂိုလ်တို့သည် သိအပ်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ၊ ထို သိအပ်သော တရားတို့သည်။ သစ္စာနိ စ၊ မဖောက်မပြန် မှန်ကန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုနှစ်ပါး သော သတ္တိကြောင့်။ အရိယသစ္စာနိ၊ အရိယသစ္စာမည်ကုန်၏။

ဝါ၊ တနည်းကား။ အရိယေဟိ၊ မြတ်ကုန်သော ပုဂ္ဂိုလ်တို့သည်။ ဗုဇ္ဈိတဗ္ဗာနိ၊ သိအပ်ကုန်သော။ သစ္စာနိ၊ သစ္စာတို့တည်း။ အရိယသစ္စာနိ၊ မြတ်ကုန်သော ပုဂ္ဂိုလ်တို့သည် သိအပ်ကုန်သော သစ္စာတို့။

ဤအရိယာသစ္စာမည်သော တရားတို့သည် သရုပ်အားဖြင့်–

၁။ ဒုက္ခသစ္စာ၊ ၃။ နိရောဓသစ္စာ၊

၂။ သမုဒယသစ္စာ၊ ၄။ မဂ္ဂသစ္စာ–

ဟူ၍ ၄-ပါးအပြားရှိကုန်သည်။

ထို ၄-ပါးတို့တွင် လောကိယဖဒ္ဒဖြစ်သော ရုပ်အဋ္ဌဝီသ, လောကီစိတ် ကော-သီတိ, လောဘ ကြဉ်သော စေတသိက် ကေပညာသ ဤတေဘူမက ဝဋ္ဋတရားတို့သည် ဒုက္ခသစ္စာမည်၏။

ထို ဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော တဏှာဟူသော လောဘသည် သမုဒယသစ္စာ မည်၏။

ထို ဒုက္ခသမုဒယ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

မဂ်စိတ် ၄–ခု၌ ရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ဤသို့ တရားကိုယ်အားဖြင့် ၄-ပါး ပြားကုန်သတည်း။

## ၃၇၁–သစ္စာအနက် ၁၆-ချက်ကို ပြဆိုခြင်း

မေး။ ။သစ္စာတချက်၊ အနက်ရှုဉ်၊ လေးပါးစီ၊ လေးလီဘယ်သို့ ပြားသနည်း။

ဖြေ။ ။ယိုသစ္စာ ၄-ပါး၏ အနက် ၁၆-ချက် ဟူသည်ကား—

ဒုက္ခသစ္စာ၌—

၁။ ပီဠနဋ္ဌ=နှိပ်စက်တတ်သော အနက်၊

၂။ သင်္ခတဋ္ဌ=ပြုပြင်အပ်သော အနက်၊

၃။ သန္တာပဋ္ဌ=ပူပန်စေတတ်သော အနက်၊

၄။ ဝိပရိဏာမဋ္ဌ=ဖောက်ပြန်တတ်သော အနက်–
အားဖြင့် ၄–ပါးဖြစ်သတည်း။

ဤ ၄–ပါးတို့တွင် ပထမအနက်ကား မိမိ၏သဘောဖြစ်သော အနက်တည်း။

ဒုတိယကား အားတုတ်တတ်သော သမုဒယသစ္စာကို ထောက်သဖြင့် သိအပ်သော အနက်တည်း။

တတိယကား ပူပန်ခြင်းကို ငြိမ်းစေသော မဂ္ဂသစ္စာကို ထောက်သဖြင့် သိအပ်သော အနက်တည်း။

စတုတ္ထကား မဖောက်ပြန်သော နိရောဓသစ္စာကို ထောက်သဖြင့် သိအပ်သော အနက်တည်း။ (သ,မ,နီ။)

သမုဒယသစ္စာ၌—

၁။ အာယူဟနဋ္ဌ=ဝဋ်ဆင်းရဲကို ရခြင်းငှာ အားထုတ်တတ်သော အနက်၊

၂။ နိဒါနဋ္ဌ=ဆင်းရဲ၏ အကြောင်းဖြစ်သော အနက်၊

၃။ သံယောဂဋ္ဌ=ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော အနက်၊

၄။ ပလိဗောဓဋ္ဌ=ဝဋ်၌ မပြတ်နှောင်ဖွဲ့တတ်သော အနက်–
အားဖြင့် ၄ ပါးဖြစ်သတည်း။

ဤ ၄-ပါးတွင် ပထမအနက်ကား–မိမိ၏သဘောအားဖြင့် ထင်ရှားသော အနက်တည်း။

ဒုတိယအနက်ကား အကျိုးဖြစ်သော ဒုက္ခသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။

တတိယကား ဝဋ်၌ မယှဉ်သော နိရောဓသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။

စတုတ္ထကား ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာကို ထောက်သဖြင့် သိအပ်သော အနက်တည်း။ (ဒူ၊နိ၊မ၁။)

နိရောဓသစ္စာ၌—

၁။ နိဿရဏဋ္ဌ=ဝဋ်မှ ထွက်မြောက်တတ်သော အနက်၊

၂။ ဝိဝေကဋ္ဌ=ဆိတ်ငြိမ်တတ်သော အနက်၊

၃။ အသင်္ခတဋ္ဌ=မပြုပြင်အပ်သော အနက်၊

၄။ အမတဋ္ဌ=မသေရာဖြစ်သော အနက်—
အားဖြင့် ၄–ပါးဖြစ်သတည်း။

ဤ ၄–ပါးတွင် ပထမအနက်ကား မိမိ၏သဘောလက္ခဏာဖြစ်သော အနက်တည်း။

ဒုတိယကား မဆိတ်ငြိမ်တတ်သော သမုဒယသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။

တတိယကား အကြောင်းဖြစ်၍ ပြုပြင်တတ်သော မဂ္ဂသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။

စတုတ္ထကား သေတတ်သော ဒုက္ခသစ္စာကို ထောက်သဖြင့် သိအပ်သော အနက်တည်း။ (သ၊မ၊ဒူ)

မဂ္ဂသစ္စာ၌—

၁။ နိယျာနိကဋ္ဌ=ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သောအနက်၊

၂။ ဟေတွဋ္ဌ=နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော အနက်၊

၃။ ဒဿနဋ္ဌ=နိဗ္ဗာန်ကို မြင်တတ်သော အနက်၊

၄။ အဓိပတေယျဋ္ဌ=အကြီးအကဲဖြစ်သောအနက် —
အားဖြင့် ၄-ပါးဖြစ်သတည်း။

ဤ ၄-ပါးတွင် ပထမအနက်ကား မိမိ၏ သဘောလက္ခဏာဖြစ်သော အနက်တည်း။

ဒုတိယကား ဝဋ္ဋဒုက္ခနှစ်မွှန်းကြောင်းဖြစ်သော သမုဒယသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။

တတိယကား မြင်နိုင်ခဲသောနိရောဓသစ္စာကို ထောက်သဖြင့်ထင်ရှားသော အနက်တည်း။

စတုတ္ထကား နှိပ်စက်တတ်သောဒုက္ခသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်တည်း။ ။(သ,နိ,ဒု။)

ဤသို့သစ္စာ ၄-ပါးတွင် တပါး, တပါး၌ ၄-နက် ၄-နက်စီဖြစ်၍ ၁၆-နက်ဖြစ်သတည်း။

### ၃၇၁-ဋီကာအလာ အရာရာသိဒ္ဓိပေါက် အဆောင်ဂါထာကို ပြခြင်း

ဤကိုရည်၍ ဋီကာဆရာတို့သည်——

ပဌမံ သကလက္ခဏမေကပဒံ။ ဒုတိယာဒိပဒဿနိဒဿနတော။
သမနိ ဒုနိမာ သမဒူ၊ သနိဒူ ကမတော ဝိဘဇေ ပထမေန ဝိနာ။

ဟူ၍ (သင်္ခေပဝဏ္ဏနာဋီကာ-၂၉၆) ဂါထာဆိုတော်မူသည်။

ပဌမံ၊ ရှေးဦးစွာသော။ ဧကပဒံ၊ တခုသောအနက်အဖို့သည်။ သကလက္ခဏံ၊ မိမိ၏သဘောလက္ခဏာ အနက်သည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယာဒိပဒဿ၊ ဒုတိယအစရှိသောအနက်အဖို့ကို။ သ မ နိ၊ သမုဒယ, မဂ္ဂ, နိရောဓသစ္စာကိုငင်း။ ဒု နိ မာ၊ ဒုက္ခ, နိရောဓ, မဂ္ဂသစ္စာကိုငင်း။ သ မ ဒူ၊ သမုဒယ, မဂ္ဂ, ဒုက္ခသစ္စာကိုငင်း။ သ နိ ဒူ၊ သမုဒယ, နိရောဓ, ဒုက္ခသစ္စာကိုငင်း။ နိဒဿနတော၊ ထောက်ထား၍မြင်အပ်သောကြောင့်။ ပဌမေန၊ ပထမအနက်နှင့်။ ဝိနာ၊ ကင်း၍။ ကမတော၊ အစဉ်အတိုင်း။ ဝိဘဇေ၊ ဝေဖန်ရာ၏။

ဤဂါထာကား-တပါဒ, တပါဒ၌ သ ဂိုဏ်းလေးခုစီရှိသော ဒွေဥဋ္ဌက ဂါထာတည်း။ လေနတ် စောင့်သော သ ဂိုဏ်းချည်းဖြစ်၍ငင်း၊ သစ္စာအနက် ၁၆-ချက် အနက်သဘော မှန်ကန်သည်ဖြစ်၍ငင်း၊ အာနုဘော် ထက်မြက်လှသည်၊ အကျိုးများစွာပေးနိုင်သည်၊ ထို့ကြောင့် ရှေးသူဟောင်းတို့ အဆောင်အရွက် ပြုကြကုန်သည်။

မှတ်ချက်။ ။ဤဂါထာကို အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်က ထင်ထင်ရှားရှား အကျိုးထူးခံစားခွင့်များ ရနိုင်ပေသည်။

## ၃၇၂-သစ္စဝိမုတ် တရားများကို ပြခြင်း

မေး။ ။မဂ်စိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ်၊ သစ္စာလွတ်သည်၊ မချွတ်စင်စစ်မှန်၏လော။

ဖြေ။ ။တော, တောင်, ရေ, မြေ, သစ်ပင်စသော အဝိညာဏက ရုပ်သည် အနိန္ဒြိယဗန္ဓဖြစ်၍ ဒုက္ခသစ္စာမမည်။ အသက်ရှိသော သတ္တဝါတို့၏ ဣန္ဒြိယဗဒ္ဓ ဖြစ်သော ရုပ်သည်သာလျှင် ဒုက္ခသစ္စာမည်သည်။

လောကီစိတ်၌ရှိသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမမည်။ မဂ်စိတ်လေးခု၌ ရှိသော မဂ္ဂင်ရှစ်ပါးသာလျှင် မဂ္ဂသစ္စာ မည်၏။

မဂ်နှင့်ယှဉ်သော စေတသိက်ဆတ္တိံသတို့တွင် မဂ္ဂင်ရှစ်ပါးမှ တပါးသော စေတသိက် ၂၈-ခု, မဂ်စိတ်အားဖြင့် ၂၈-ပါးသော မဂ်စိတ္တုပ္ပါဒ်တို့သည်၎င်း။ ဖိုလ်စိတ်လေးခု, စေတသိက်ဆတ္တိံသအားဖြင့် ၃၇-ပါးသော ဖိုလ်စိတ္တုပ္ပါဒ် တို့သည်၎င်း မုချအားဖြင့် သစ္စာမမည်၊ သစ္စာ ၄-ပါးမှ လွတ်ရကား သစ္စဝိမုတ် ဖြစ်ကုန်၏။

သဒိသူပစာအားဖြင့်ကား သခါရဒုက္ခ၌ ဝင်သောကြောင့် ဒုက္ခသစ္စာအဖြစ် ဖြင့် ယူအပ်ကုန်၏။

သဗ္ဗသင်္ဂဟ ပြီး၏။

## ၃၇၃-ပုထုဇဉ် နှစ်မျိုးကို ပြဆိုခြင်း

၁။ ပုထုနံ ဇနနာဒီဟိ ကာရဏေဟိ ပုထုဇ္ဇနော။
ပုထုဇ္ဇနန္တောဂဓတ္တာ ပုထုဝါယံ ဇနော ဣတိ။

၂။ ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနော။

ဟ ႒ ယဿ ခန္ဓဓာတုအာယတနာဒိသု ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏ-ပစ္စဝေက္ခဏာနိ နတ္ထိ အယံ အန္ဓပုထုဇ္ဇနော။ ယဿ တာနိ အတ္ထိ သော ကလျာဏပုထုဇ္ဇနော။

ပုထုနံ၊ များစွာသောကိလေသာတို့ကို။ ဇနနာဒီဟိ၊ ဖြစ်စေတတ်သည် အစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ် မည်၏။

ဝါ၊ တနည်းကား။ ပုထုဇ္ဇနန္တောဂတတ္တာ၊ အရိယာတို့၏တရားမှ မျက်ကွယ်ဖြစ်ကုန်သောသူတို့၏ အတွင်း၌ဝင်သည်၏အဖြစ်ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်မည်၏။

ဝါ၊ တနည်းကား။ အယံ ဇနော၊ ဤသူသည်။ ပုထု၊ အရိယာတို့မှ အသီးအခြားဖြစ်၏။ ဣတိ၊ ထို့ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်မည်၏။

အန္ဓော၊ ပညာမျက်စိကန်းသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်လည်း။ ဧကော၊ တယောက်။ ကလျာဏော၊ ပညာမျက်စိကောင်းသော။ ပုထုဇ္ဇနော၊ ပုထုဇဉ်လည်း။ ဧကော၊ တယောက်။ ဣတိ၊ ဤသို့။ ပုထုဇ္ဇနာ၊ ပုထုဇဉ်တို့ကို။ ဒုဝေ၊ နှစ်ယောက်ရှိ၏ဟူ၍။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။

တတ္ထ၊ ထိုပုထုဇဉ်နှစ်ယောက်တို့တွင်။ ယဿ၊ အကြင်သူအား။ ခန္ဓ ဓာတု-အာယတနာဒီသု၊ ခန္ဓာ, ဓာတ်, အာယတန အစရှိသော ပရမတ်တရားတို့၌။ ဥဂ္ဂဟ ပရိပုစ္ဆာသဝနဓာရဏ ပစ္စဝေက္ခဏာနိ၊ သင်အံခြင်း, မေးမြန်းခြင်း, နာခံခြင်း, ဆောင်ရွက်ခြင်း,ဆင်ခြင်ခြင်းတို့သည်။ နတ္ထိ၊ မရှိကုန်။ အယံ၊ ဤပုထုဇဉ်သည်။ အန္ဓပုထုဇ္ဇနော၊ ပညာမျက်စိကန်းသော ပုထုဇဉ်မည်၏။ ယဿ၊ အကြင်ပုထုဇဉ်အား။ တာနိ၊ ထိုခန္ဓာ, အာယတန ဓာတ်စသော ပရမတ်တရားတို့၌ သင်အံခြင်း, မေးမြန်းခြင်း, နာခံခြင်း, ဆောင်ရွက်ခြင်း, ဆင်ခြင်ခြင်းတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ သော၊ ထိုပုထုဇဉ်သည်။ ကလျာဏ-ပုထုဇ္ဇနော၊ ပညာမျက်စိအမြင်ရှိသော ပုထုဇဉ်ကောင်းမည်၏။

ဤသို့ သုမင်္ဂလဝိလာသနီမည်သော သီလက္ခန်အဋ္ဌကထာ၌လာရကား သာသနာတော်၌ ကြုံကြိုက်သော အမျိုးကောင်းသားတို့သည် ပညာကန်းသော အန္ဓပုထုဇဉ်အဖြစ်မှလွတ်၍ ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်စေခြင်းငှာ စိတ် စေတသိက်, ရုပ်, နိဗ္ဗာန် လေးတန်သော ပရမတ္ထဓမ္မတို့၏သရုပ်ကို ဝေဖန်ကာ ခန္ဓာ အာယတန ဓာတ် သစ္စာတရားတို့ကို မှတ်သားလေ့လာ၍ များစွာနှီးနှောခြင်း, ပြောဟောရာ နာခံခြင်းတို့ကို ပြုကုန်ရာသတည်း။

ဤတွင် သမုစ္စည်းပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

# ၈-ပစ္စည်းပိုင်း

# ပစ္စည်းပိုင်းဆိုင်ရာ ပုစ္ဆာ
# ဝိသဇ္ဇနာများ

## ၃၇၄-ပစ္စည်း,ပစ္စယုပ္ပန် နှစ်ပါးထူးခြားပုံကို ပြခြင်း

မေး။ ။ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း၌ ပစ္စည်း ပစ္စယုပ္ပန် အမှန်ဘယ်သို့ ထားသနည်း။

ဖြေ။ ။ပဋိစ္စ ဖလံ ဧတသ္မာ ဧတိ ပဝတ္တတီတိ ပစ္စယော။

ဧတသ္မာ၊ ဤအကြောင်းတရားမှ။ ပဋိစ္စ၊ စွဲ၍။ ဖလံ၊ အကျိုးသည်။ ဧတိ-ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ အကျိုးတရားတို့၏ ဖြစ်ရာဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ ပစ္စယော၊ ပစ္စယမည်၏။

ဤသို့သော ဝစနတ္ထနှင့်ညီစွာ ဤအကြောင်းတရားသည် ထင်ရှားရှိလတ်သော် ဤမည်သောအကျိုးတရားသည် ဖြစ်၏ဟူ၍ သိအပ်သောမှီရာအကြောင်း အထောက်အပံ့ဖြစ်သောအကြောင်းသည် ပစ္စည်း မည်၏။

ပစ္စယေန ဥပ္ပန္နံ ပစ္စယုပ္ပန္နံ။

ပစ္စယေန၊ အကြောင်းကြောင့်။ ဥပ္ပန္နံ၊ ဖြစ်သည်တည်း။ ပစ္စယုပ္ပန္နံ၊ အကြောင်းကြောင့်ဖြစ်သည်။

ဤသို့သော ဝစနတ္ထနှင့်ညီစွာ အကြောင်းကို မှီကာဖြစ်သော အကျိုးတရားတို့သည် ပစ္စယုပ္ပန် မည်၏။

## ၃၇၅-ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ပြခြင်း

ဤအရာ၌ ပဋိစ္စသမုပ္ပါဒ် ဒေသနာသည် လွန်စွာနက်နဲခက်ခဲဆန်းကြယ်သည် ဖြစ်ရကား ဝိဘင်းအဋ္ဌကထာ,ရင်းဋီကာအဖွင့်တို့ကိုမှီ၍ အမြွက်မျှ ပြလိုက်ဦးအံ့။

## ၃၇၆-အဝိဇ္ဇာကိုပြခြင်း

အဝိန္ဒိယံ ဝိန္ဒတိ, ဝိန္ဒိယံ န ဝိန္ဒတီတိ အဝိဇ္ဇာ။

ယော မောဟော၊ အကြင်မောဟသည်။ အဝိန္ဒိယံ၊ မရအပ်, မနှစ်သက်အပ်သော ကာယဒုစရိုက်စသည်ကို။ ဝိန္ဒတိ၊ ရတတ်နှစ်သက်တတ်၏။ ဝိန္ဒိယံ၊ ရအပ်, နှစ်သက်အပ်သော ကာယသုစရိုက်စသည်ကို။ န ဝိန္ဒတိ၊ မရတတ် မနှစ်

သက်တတ်။ ဉာတိတဿ၊ ထို့ကြောင့်။ သော မောဟော၊ ထိုမောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

အဝိန္ဒိယဝိန္ဒာ ဆိုလိုလျက် ဝဏ္ဏနာသ နိရုတ္တိနည်းအားဖြင့် ဝိန္ဒိယဟူသော အက္ခရာကိုချေ၍ အဝိဇ္ဇာဆိုသည်ဟူလို။

ဝေဒိတဗ္ဗံ စတုသစ္စာဒိကံ န ဝိဒိတံ ကရောတီတိ ဝါ အဝိဇ္ဇာ။

ဝါ၊ တနည်းကား။ ယော မောဟော၊အကြင်မောဟသည်။ ဝေဒိတဗ္ဗံ၊သိအပ်သိထိုက်သော။ စတုသစ္စာဒိကံ၊ သစ္စာလေးပါးအစရှိသော တရားကို။ န ဝိဒိတံ ကရောတိ၊မသိခြင်းကို ပြုတတ်၏။ ဉာတိတဿ၊ ထို့ကြောင့်။ သော မောဟော၊ ထိုမောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ အဝိဒိတ ကလျာ ဟုဆိုလိုလျက် သုတ်ကြီးဖြင့် အဝိဇ္ဇာပြု၍ ဆိုသည် ဟူလို။

သံသာရ ဝဋ္ဋေ သတ္တေ ဇဝါပေတီတိ အဝိဇ္ဇာ။

ယော မောဟော၊ အကြင်မောဟသည်။ သံသာရဝဋ္ဋေ၊ သံသရာတည်းဟူသောဝဋ်၌။ သတ္တေ၊ သတ္တဝါတို့ကို။ ဇဝါပေတိ၊ ပြေးစေတတ်၏။ ဉာတိ-တဿ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

အဝိဇ္ဇာ ဧဝ ပစ္စယော အဝိဇ္ဇာပစ္စယော။

အဝိဇ္ဇာ ဧဝ၊အဝိဇ္ဇာသည်သာလျှင်။ ပစ္စယော၊အကြောင်းတည်း။ အဝိဇ္ဇာ-ပစ္စယော၊ အဝိဇ္ဇာသည်သာလျှင် အကြောင်းတည်း။

အဝိဇ္ဇာသည်—

အာရုံ၏ သဘောကို မသိခြင်း လက္ခဏာ,

ပြင်းစွာတွေဝေခြင်း ကိစ္စ,

ဖုံးလွှမ်းတတ်သော ပစ္စုပဋ္ဌာန်,

အာသဝေါ လေးပါးလျှင် ပဒဋ္ဌာန် ရှိ၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟူသောပုဒ်၌ တရားကိုယ် အားဖြင့်ကား ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ, ဟူသောသစ္စာ ၄-ပါး၊ ပုဗ္ဗန္တ, အပရန္တ, ဉာဒ-ပ္ပစ္စယတာ, ပဋိစ္စသမုပ္ပန္န ဤဌာနရှစ်တန်ကို ဟုတ်မှန်စွာမသိအောင် ဖုံးလွှမ်းတတ်သော အကုသိုလ်ဒွါဒသ၌ရှိသော မောဟ စေတသိက်သည် အဝိဇ္ဇာ မည်၏။

ဤအဝိဇ္ဇာသည် ကောင်းမြတ်သော အကျင့်ကို မကျင့်ခြင်း, ယုတ်သော အကျင့်ကို ကျင့်ခြင်းအားဖြင့် နှစ်ပါး အပြားရှိ၏။

ဂတိငါးပါး၏ အဖြစ်ကို ဖုံးလွှမ်းသောအားဖြင့်ကား ငါးပါး။

အာရုံခြောက်ပါး၌ ဖုံးလွှမ်းသောအားဖြင့်ကား ခြောက်ပါး အပြားရှိ၏။

## ၃၇၇-သင်္ခါရကို ပြခြင်း

သင်္ခတံ အဘိသင်္ခရောန္တီတိ သင်္ခါရာ။

ယေ ဓမ္မာ၊ အကြောင်းကုသိုလ်, အကုသိုလ်စေတနာတရားတို့သည်။ သင်္ခတံ၊ ပြုပြင်အပ်သော ဝိပါက်ကဋတ္တာရုပ်ကို။ အဘိသင်္ခရောန္တိ၊ ပြုပြင်စီရင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ပြုပြင်စီရင်တတ်သော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ သင်္ခါရာ၊ သင်္ခါရ မည်ကုန်၏။

( ကတ္တုသာဓနကိတ်ဝိဂ္ဂိုဟ်၊ သံ—ပုဗ္ဗ , ကရဓာတ် , အာ—ပစ္စည်း , ) အရကား လောကီကုသိုလ် , အကုသိုလ် စေတနာ ၂၉-ခုရ၏။

**သင်္ခါရသည်—**

ပြုပြင်ခြင်း လက္ခဏာ ,

လွန်စွာအားထုတ်ခြင်း ကိစ္စ ,

သမ္ပယုတ်တရားတို့ကို သိစေတတ်သော ပစ္စုပဋ္ဌာန် ,

အဝိဇ္ဇာလျှင် ပဒဋ္ဌာန် ရှိ၏၊

### သင်္ခါရ အပြား ၃ ပါးကို ပြခြင်း

**တရားကိုယ်အားဖြင့်—**

အကုသိုလ်ဒွါဒသ , လောကီကုသိုလ် သတ္တရသ၌ ရှိသော စေတနာ ၂၉-ခုသည် သင်္ခါရ မည်၏။

**ထိုသင်္ခါရသည်—**

၁။ ပုညာဘိသင်္ခါရ၊

၂။ အပုညာဘိသင်္ခါရ၊

၃။ အနေဉ္ဇာဘိ သင်္ခါရ၊

ဟူ၍ ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် မဟာကုသိုလ်စိတ် ရှစ်ခုနှင့်ယှဉ်သော စေတနာသည် ပဋိသန္ဓေအခါ ကာမသုဂတိဘုံ၌ ပဝတ္တိအခါ ကာမ, ရူပဘုံတို့၌၊ ရူပကုသိုလ်ငါးခုနှင့်ယှဉ်သော စေတနာသည် ပဋိသန္ဓေအခါ, ပဝတ္တိအခါ, ရူပ ၁၅-ဘုံ၌ ဝိပါက်ကဋတ္တာ ရုပ်တို့ကို ပြုပြင်စီရင်တတ်သောကြောင့် ပုညာဘိသင်္ခါရ မည်၏။

အကုသိုလ် ဒွါဒသ၌ယှဉ်သော စေတနာသည် ပဋိသန္ဓေအခါ အပါယ်လေးဘုံ၌ ပဝတ္တိအခါ ကာမ ၁၁-ဘုံ ရူပ ၁၅-ဘုံ၌ ဝိပါက်ကဋတ္တာ ရုပ်တို့ကို ပြုပြင်စီရင်တတ်သောကြောင့် အပုညာဘိသင်္ခါရ မည်၏။

အရူပကုသိုလ် ၄-ခု၌ယှဉ်သော စေတနာသည် အရူပဘုံ၌ ပဋိသန္ဓေ ပဝတ္တိ-နာမက္ခန္ဓာတို့ကို ပြုပြင်စီရင်တတ်သောကြောင့် အာနေဉ္ဇာဘိသင်္ခါရ မည်၏။

တနည်း သင်္ခါရ အပြား ၃-ပါး

၁။ ကာယသင်္ခါရ၊

၂။ ဝစီသင်္ခါရ၊

၃။ စိတ္တသင်္ခါရ—

အားဖြင့်လည်း ၃-ပါးပြား၏။

ထို ၃-ပါးတို့တွင် ကာယဒွါရဖြင့် ဖြစ်စေအပ်သော ကာယဒုစရိုက် ၃-ပါး, သုစရိုက် ၃-ပါး, ပုညကြိယဝတ္ထုဆယ်ပါးကို မှီသော စေတနာသည် ကာယ-သင်္ခါရ မည်၏။

ဝစီဒွါရဖြင့် ဖြစ်စေအပ်သော ဝစီဒုစရိုက် ၄-ပါး, သုစရိုက် ၄-ပါး, ပုည-ကြိယဝတ္ထုဆယ်ပါးကို မှီသော စေတနာသည် ဝစီသင်္ခါရ မည်၏။

မနောဒွါရဖြင့် ဖြစ်စေအပ်သော မနောကံ ၃-ပါး, ဘာဝနာမယ, ပုညကြိယဝတ္ထုတို့သည် စိတ္တသင်္ခါရ မည်၏။ ထို့ကြောင့် ကာမကုသိုလ်, အကုသိုလ်, စေတနာကို ကာယ, ဝစီ, စိတ္တဟူသော သင်္ခါရ ၃-ပါးဖြင့် ရေတွက်အပ်၏။

ရူပကုသိုလ်, အရူပကုသိုလ် ၉-ခု၌ယှဉ်သော စေတနာကို စိတ္တသင်္ခါရဖြင့်သာ ရေတွက်အပ်၏။

ဤသင်္ခါရကိုးပါးကား အဝိဇ္ဇာကြောင့်ဖြစ်သော သင်္ခါရတို့ချည်းပေတည်း။

တနည်းသင်္ခါရ အပြား ၄-ပါး

ဤမှ တပါး သင်္ခါရသဒ္ဒါဖြင့် ဟောအပ်သော သင်္ခါရတို့ကား—

၁။ သင်္ခတ သင်္ခါရ၊

၂။ အဘိသင်္ခတ သင်္ခါရ၊

၃။ အဘိသင်္ခါရဏ သင်္ခါရ၊

၄။ ပယောဂါဘိသင်္ခါရ—

ဟူ၍ ၄-ပါး အပြားရှိကုန်သည်။

ထို ၄-ပါးတို့တွင် အနိစ္စာဝတသင်္ခါရာ ဥပ္ပါဒဝယ ဓမ္မိနော စသည်ဖြင့် ဟောတော်မူအပ်သော အကြောင်းရှိသော တရားအလုံးစုံတို့သည် သင်္ခတ သင်္ခါရ မည်ကုန်၏။

ကံကြောင့်ဖြစ်သော တေဘူမကရုပ်, နာမ်အပေါင်းတို့သည် အဘိသင်္ခတ-သင်္ခါရ မည်ကုန်၏။

ဘုံ ၃-ပါး၌ ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ ၃၃-ခုသည် အဘိသင်္ခါရဏ သင်္ခါရ မည်ကုန်၏။

ကိုယ်ကိုရင်း, စိတ်ကိုရင်း အားထုတ် ဝီသောဒ်ရိယသည် ပယောဂါဘိ-သင်္ခါရ မည်ကုန်၏။

ဤ ၄-ပါးသော သင်္ခါရတို့ကိုကား အဘိဓမ္မာ၏အကျိုးမဟုတ်သောကြောင့် ဤ၌ မယူအပ်ကုန်။

## ၃၇၈—ဝိညာဉ်ကိုပြခြင်း

ဝိဇာနာတီတိ ဝိညာဏံ။

ယံ စိတ္တံ၊ အကြင်စိတ်သည်။ ဝိဇာနာတိ၊ အထူးထူးသော အာရုံကို သိတတ်၏။ ဣတိတသ္မာ၊ ထိုသို့ သိတတ်သော သတ္တိကြောင့်။ တံ စိတ္တံ၊ ထိုစိတ်သည်။ ဝိညာဏံ၊ ဝိညာဉ်မည်၏။ ( ဝိပုဗ္ဗ—ဉာ—ဓာတ်, ယု—ပစ္စည်း ) ပဋိသန္ဓေဝိညာဉ်, ပဝတ္တိဝိညာဉ် နှစ်ပါးရှိ၏။

ဝိညာဉ်သည်—

သိခြင်း လက္ခဏာ,

နာမက္ခန္ဓာတို့၏ ရှေ့သွားဖြစ်သော ကိစ္စ,

စေ့စပ်တတ်သော ပစ္စုပဋ္ဌာန်,

သင်္ခါရလျှင် ပဒဋ္ဌာန်ရှိ၏။

သခ်ါရပစ္စယာ ဝိညာဏံ ဟူသောပုဒ်၌ ပဋိသန္ဓေ ကျေနဝိဘသသည်ရင်း၊ လောကီဝိပါက်ဗာတ္တိ သသည်ရင်း၊ စိတ်တခုယုတ် ၉၀-သည်ရင်း ဝိညာဉ်မည်၏။

## ၃၇၉–နာမ်ရုပ်ကို ပြခြင်း

**အာရမ္မဏေ နမတီတိ နာမံ။**

ရုပ္ပတီတိ ရူပံ။

နာမဉ္စ ရူပဉ္စ နာမရူပံ။ ။

ယံ ဓမ္မဇာတံ၊ အကြင်စေတသိက်သဘောသည်။ အာရမ္မဏေ၊ စိတ်ယူပြီးသောအာရုံ၌။ နမတိ၊ ညွတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။တံ ဓမ္မဇာတံ၊ ထိုစေတသိက်သဘောသည်။ နာမံ၊ နာမ် မည်၏။

ယံ ဓမ္မဇာတံ၊အကြင်တရားသဘောသည်။ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ထိုတရားသဘောသည်။ ရူပံ၊ ရုပ်မည်၏။

နာမဉ္စ၊ နာမ်တရားလည်း၊ ရူပဉ္စ၊ ရုပ်တရားလည်း။ နာမရူပံ၊ နာမ်တရား, ရုပ်တရား။

နာမ်တရားသည်–

အာရုံ၌ညွတ်သော လက္ခဏာ,

စိတ်နှင့် မကွာယှဉ်ခြင်း ကိစ္စ,

သီးခြား၍ မဖြစ်သော ပစ္စုပဋ္ဌာန်,

စိတ်လျှင် ပဒဋ္ဌာန် ရှိ၏။

ရုပ်တရားသည်–

ဖောက်ပြန်တတ်သော လက္ခဏာ,

ဖရိုဖရဲကြဲခြင်း ကိစ္စ,

အဗျာကတဖြစ်သော ပစ္စုပဋ္ဌာန်,

ဝိညာဉ်လျှင် ပဒဋ္ဌာန် ရှိ၏။

ဝိညာဏပစ္စယာ နာမရူပံ ဟူသောပုဒ်၌ စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသသည် နာမ်,ရုပ် မည်၏။

## ၃၇၀ - သဠာယတနကို ပြခြင်း

အာယံ တနောတီတိ အာယတနံ။

အာယတံ ဝါ သံသာရဒုက္ခံ နယတီတိ ဝါ အာယတနံ။

ယံ စက္ခာဒိကံ၊ အကြင်စက္ခုပသာဒ အစရှိသည်သည်။ အာယံ၊ စိတ်စေ-တသိက် အပေါင်းကို။ တနောတိ၊ ချဲ့တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တံ စက္ခာဒိကံ၊ ထိုစက္ခုပသာဒ အစရှိသည်သည်။ အာယတနံ၊ အာယတန မည်၏။

ဝါ၊ တနည်းကား။ အာယတံ၊ ရှည်စွာသော။ ဝဋ္ဋံ၊ ဝဋ်တရားကို။ နယတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာယတနံ၊ အာယတနမည်၏။

ဆ ဧဝ အာယတနံ သဠာယတနံ။

ဆ ဧဝ၊ ခြောက်ပါးသာလျှင်ဖြစ်သော။ အာယတနံ၊ အာယတနတည်း။ သဠာယတနံ၊ ခြောက်ပါးသာလျှင်ဖြစ်သော အာယတန။ ။(ဒိဂုမိဿက-တပ္ပုရိသ်ဝိဂ္ဂိုဟ် ဆကိုသဠ်ပြု၍ ဠ အက္ခရာလာ၍ သဠာယတန ပြီးသည်။)

သဠာယတနသည်-

> အာရုံသို့ဝင်ခြင်း လက္ခဏာ,
>
> ထင်စွာမြင်ခြင်းကြားခြင်းစသော ကိစ္စ
>
> မိရှုဒ္ဒါရ၏အဖြစ်ကည်းဟူသော ပစ္စုပဋ္ဌာန်,
>
> နာမ်,ရုပ်နှစ်ပါးလျှင် ပဋ္ဌာန်ရှိ၏။

နာမရူပပစ္စယာ သဠာယတနံ ဟူသောပုဒ်၌-

| | |
|---|---|
| ၁။ စက္ခာယတန၊ | ၄။ ဇိဝှါယတန၊ |
| ၂။ သောတာယတန၊ | ၅။ ကာယာယတန၊ |
| ၃။ ဃာနာယတန၊ | ၆။ မနာယတန- |

ဟူသော အဇ္ဈတ္တိကာယတနခြောက်ပါးသည်သဠာယတန မည်၏။

## ၃၇၁ ဖဿကို ပြခြင်း

အာရမ္မဏေ ဖုသတီတိ ဖဿော။

ယော ဓမ္မော၊ အကြင်တရားသည်။ အာရမ္မဏေ၊ အာရုံ၌။ ဖုသတိ၊ သိတတ် တွေ့တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ ဖဿော၊ ဖဿမည်၏။

ဖဿသည်–

အာရုံ၌တွေ့ခြင်း လက္ခဏာ၊

ထိခိုက်တတ်သော ကိစ္စ၊

ပသာဒ, ဝိညာဉ်, အာရုံတို့၏ပေါင်းဆုံခြင်း ပစ္စုပဋ္ဌာန်၊

သဠာယတနလျှင် ပဒဋ္ဌာန် ရှိ၏။

စိတ်တခုယုတ် ၉၀-၌ရှိသော ဖဿ စေတသိက်သည် ဖဿ မည်၏။ ဖဿသည် ဒွါရ၏ အစွမ်းအားဖြင့်–

၁။ စက္ခုသမ္ဖဿ၊ ၄။ ဇိဝှါသမ္ဖဿ၊

၂။ သောတသမ္ဖဿ၊ ၅။ ကာယသမ္ဖဿ၊

၃။ ဃာနသမ္ဖဿ၊ ၆။ မနောသမ္ဖဿ၊

ဟူ၍ ၆-ပါးအပြားရှိ၏။

ထို ၆-ပါးတို့တွင် လက်ခုပ်နှစ်ခုကို ဆိုင်၍ ခပ်သော် အသံဖြစ်သကဲ့သို့ စက္ခုပသာဒနှင့် ရူပါရုံထိခိုက်သော်၊ စက္ခုဝိညာဉ်စသော နာမ်တရားတို့၏ ဖြစ်ခြင်းသည် စက္ခုသမ္ဖဿ မည်၏။

ထို့ကြောင့် ထိုအနက်ကို သိစေခြင်းငှါ မြတ်စွာဘုရားသည်–

စက္ခုံ စ ရူပေ စ ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော ဟူ၍ဟောတော်မူသည်။

စက္ခုံ စ၊ စက္ခုပသာဒကိုလည်းကောင်း။ ရူပေ စ၊ ရူပါရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ သုံးပါးသော တရားတို့၏။ သင်္ဂတိ၊ ပေါင်းမိခြင်းသည်။ ဖဿော၊ ဖဿမည်၏။ (သောတ စသည်တို့၌လည်း နည်းတူသိလေ။)

## ၃၈၂-ဝေဒနာကို ပြခြင်း

ဝေဒယတီတိ ဝေဒနာ၊

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်။ အာရမ္မဏရသံ။ အာရုံ၏အရသာကို။ ဝေဒယတိ၊ သိဘတ်၏။ ဝါ၊ ခံစားတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ ဝေဒနာ၊ ဝေဒနာမည်၏။

**ဝေဒနာသည်–**

အာရုံကိုထင်စွာသိခြင်း လက္ခဏာ၊
ကောင်းစွာခံစားခြင်း ကိစ္စ၊
သုခ, ဒုက္ခဟူသော ပစ္စုပဋ္ဌာန်၊
ဖဿလျှင် ပဒဋ္ဌာန် ရှိ၏။

စိတ်တခုယုတ် ၉၀-၌ရှိသော ဝေဒနာစေတသိက်သည် ဝေဒနာ မည်၏။

**ထိုဝေဒနာသည်–**

၁။ စက္ခုသမ္ဖဿဇာဝေဒနာ။
၂။ သောတသမ္ဖဿဇာဝေဒနာ၊
၃။ ဃာနသမ္ဖဿဇာဝေဒနာ၊
၄။ ဇိဝှါသမ္ဖဿဇာဝေဒနာ၊
၅။ ကာယသမ္ဖဿဇာဝေဒနာ၊
၆။ မနောသမ္ဖဿဇာဝေဒနာ၊

ဟူ၍ ၆-ပါးအပြားရှိ၏။

ထို ၆-ပါးတို့တွင် စက္ခုပသာဒနှင့် ရူပါရုံထိခိုက်၍ နာမ်တရားတို့ တွေ့သော အခါ ဣဋ္ဌ, အနိဋ္ဌ,သောမနဿ ဒေါမနဿ အခြင်းအရာဖြင့် ဖြစ်ခြင်းသည်စက္ခု-**သမ္ဖဿဇာဝေဒနာမည်၏။** ။(သောတ စသည်၌လည်း နည်းတူသိလေ)

## ၃၇၃-တဏှာကို ပြခြင်း

ပရိတဿတီတိ တဏှာ။

ယာ ဓမ္မဇာတိ၊ အကြင်တရားသဘောသည်၊ ပရိတဿတိ၊ ပြင်းစွာတောင့်တ တတ်၏။ ဝါ၊ အဖန်ဖန်တပ်မက်တတ်၏။ဝါ၊ ပူပန်ခြောက်ချားတတ်၏။ ဣတိ-တသ္မာ၊ ထိုသို့ တောင့်တ တပ်မက်တတ်သောသတ္တဝါ, ပူပန်ခြောက်ချားတတ် သော သတ္တကြောင့်။ သာ ဓမ္မဇာတိ၊ ထိုတရားသဘောသည်။ တဏှာ၊ တဏှာ မည်၏။

**တဏှာသည်—**

အကြောင်းရင်းဖြစ်သော လက္ခဏာ,
လွန်စွာနှစ်လိုတတ်သော ကိစ္စ,

မရောင့်ရဲနိုင်သော ပစ္စုပဋ္ဌာန်,
ခံစား ခြင်းလျှင် ပဒဋ္ဌာန် ရှိ၏။
လောဘမူစိတ်ရှစ်ခု၌ရှိသော လောဘစေတသိက်သည် တဏှာမည်၏။

ထိုတဏှာသည်---

၁။ ကာမတဏှာ၊
၂။ ဘဝတဏှာ၊
၃။ ဝိဘဝတဏှာ အားဖြင့် ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင် ကိလေသာကာမဂုဏ်, ဝတ္ထုကာမဂုဏ်၌ တပ်သောတဏှာသည် ကာမတဏှာမည်။

နောင်တဖန်ဖြစ်ခြင်း၌ တပ်သောတဏှာသည် ဘဝတဏှာမည်၏။

သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏။
တနည်းကား——

| | |
|---|---|
| ၁။ ရူပတဏှာ၊ | ၄။ ရသတဏှာ၊ |
| ၂။ သဒ္ဒတဏှာ၊ | ၅။ ဖောဋ္ဌဗ္ဗတဏှာ၊ |
| ၃။ ဂန္ဓတဏှာ၊ | ၆။ ဓမ္မတဏှာ—— |

ဟူ၍ ၆-ပါးအပြားရှိ၏။

ထို ၆-ပါးတို့တွင်——

ရူပါရုံ၌ တပ်မက်ခြင်းသည် ရူပတဏှာ မည်၏။
သဒ္ဒါရုံ စသည်၌ တပ်မက်ခြင်းသည် သဒ္ဒတဏှာစသည် မည်၏။
ပညတ်ဖြစ်သော ဓမ္မာရုံ၌ တပ်မက်ခြင်းသည် ဓမ္မတဏှာမည်၏။

### ၃၇၄-ဥပါဒါန်ကို ပြခြင်း

ဥပယံဟာစ္စ အာဒိယန္တီတိ ဥပါဒါနံ။

ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဥပယံဟစ္စ၊ အာရုံ၌ကပ်ငြိ၍။ အာဒိယတိ၊ စွဲလမ်းတတ်၏၊ ဣတိ ဟသ္မာ၊ ထိုကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ဥပါဒါနံ၊ ဥပါဒါန်မည်၏။

ဥပါဒါန်သည်—

ယူမိသော အာရုံကိုစွဲလမ်းခြင်း လက္ခဏာ၊

မခွါမလွှတ်လိုခြင်း ကိစ္စ၊

မြဲမြံစွာယူခြင်းလျှင် ပစ္စုပဋ္ဌာန်၊

တဏှာလျှင် ပဒဋ္ဌာန် ရှိ၏။

တဏှာပစ္စယာ ဥပါဒါနံ ဟူသောပုဒ်၌ လောဘမူစိတ် ရှစ်ခု၌ရှိသောလောဘ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခု၌ရှိသော ဒိဋ္ဌိ စေတသိက်သည် ဥပါဒါန် မည်၏။

ထိုဥပါဒါန်သည်—

၁။ ကာမုပါဒါန်၊ ၃။ သီလဗ္ဗတုပါဒါန်၊

၂။ ဒိဋ္ဌုပါဒါန်၊ ၄။ အတ္တဝါဒုပါဒါန်—

ဟူ၍ ၄-ပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် ကိလေသာကာမဂုဏ်၊ ဝတ္ထုကာမဂုဏ်တို့၌ ခုံမင်စွဲလမ်းခြင်းသည် **ကာမုပါဒါန်**မည်၏။

၆၂-ပါးသော မိစ္ဆာအယူ၌ စွဲလမ်းခြင်းသည် ဒိဋ္ဌုပါဒါန်မည်၏။

အမျိုးတို့၏ အလေ့အကျင့်ကို စွဲလမ်းခြင်းသည် သီလဗ္ဗတုပါဒါန်မည်၏။

မိမိထင်ရာအယူ၌ စွဲလမ်းခြင်းသည် အတ္တဝါဒုပါဒါန်မည်၏။

## ၃၈၅-ဘဝကို ပြခြင်း

**ဘာဝယတီတိ ဘဝေါ။**

ယော ဓမ္မော၊ အကြင်ကုသိုလ် အကုသိုလ် ကံတရားသည်။ ဝိပါကကဋတ္တာ-ရူပါနိ။ ဝိပါက်ကဋတ္တာရုပ်တို့ကို။ ဘာဝယတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုကံတရားသည်။ ဘဝေါ၊ ဘဝမည်၏။ (ကုသိုလ်၊ အကုသိုလ် စေတနာတည်းဟူသော ကမ္မဘဝရေ၏။)

ဘဝတီတိ ဘဝေါ။

ယော ဓမ္မော၊ အကြင်ဝိပါက်ကဋတ္တာရုပ်တရားသည်၊ ဘဝတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုရုပ်တရားသည်။ ဘဝေါ၊ ဘဝမည်၏။

(ပဋိသန္ဓေ ဝိညာဉ်, ထိုဝိညာဉ်နှင့်ယှဉ်သော နာမက္ခန္ဓာ ကဋတ္တာ ရုပ်တည်း ဟူသော ဥပပတ္တိဘဝရှေ၏)

အနက်ကား—

ဖြစ်ခြင်း လက္ခဏာ၊

ထင်ရှားစွာသော ကိစ္စ၊

ကုသိုလ်, အကုသိုလ်, အဗျာကတ တည်းဟူသော ပစ္စုပ္ပဋ္ဌာန်၊

ဥပါဒါန်တရားလျှင် ပဒဋ္ဌာန် ရှိ၏။

ဥပါဒါနပစ္စယာ ဘဝေါ ဟူသောပုဒ်၌ ဘဝသည် —

၁။ ကမ္မဘဝ၊

၂။ ဥပပတ္တိဘဝ အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ ၂၉-ခုသည် ကမ္မဘဝမည်၏။

ဝိပါက်, ကဋတ္တာရုပ်တို့သည် ဥပပတ္တိဘဝမည်၏။

ဘဝကြီး ၉-ပါးကို ပြခြင်း

ထိုဥပပတ္တိဘဝသည်လည်း—

၁။ ကာမဘဝ၊

၂။ ရူပဘဝ၊

၃။ အရူပဘဝ၊

၄။ သညီဘဝ၊

၅။ အသညီဘဝ၊

၆။ နေဝသညီနာသညီဘဝ၊

၇။ ဧကဝေါကာရဘဝ၊

၈။ စတုဝေါကာရဘဝ၊

၉။ ပဉ္စဝေါကာရဘဝ—

အားဖြင့် ၉-ပါး အပြားရှိ၏။

ထို ၉-ပါးတို့တွင် ကာမဝိပါက်တေဝီသ, စေတသိက် တေတ္တိံသ, ကမ္မဇရုပ် ဝီသတို့သည် ကာမဘဝမည်၏။

ရူပဝိပါက် ၅-ခု, စက္ခုဝိညာဉ်ဒွေ, သောတဝိညာဉ်ဒွေ, သမ္ပဋိစ္ဆိုင်းဒွေ, သန္တီရဏ ၃-ခု, အာဝဇ္ဇန်းဒွေ, စေတသိက်ပဥ္စတိံသ, ဣတ္ထိဘော, ပုမ္ဘော, ဃာနာဒိတ္တယကြဉ်သော ကမ္မဇရုပ်ပန္နရသ တို့သည် ရူပဘဝမည်ကုန်၏။

အရူပဝိပါက် ၄-ခု, စေတသိက်တေတ္တိံသတို့သည် အရူပဘာဝမည်ကုန်၏။

နေဝသညာနာသညာယတနဝိပါက် ကြဉ်သော လောကီဝိပါက် ဒွေတိံသ, စေတသိက်ပဥ္စတိံသ, ကမ္မဇရုပ်ဝိသတို့သည် သညီဘာဝမည်ကုန်၏။

ဇီဝိတဆက္က, ဇီဝိတနဝက ကလာပ်ရုပ်သည် အသညီဘာဝမည်၏။

နေဝသညာနာသညာယတနဝိပါက်စိတ်တခု, စေတသိက် တေတ္တိံသသည် နေဝသညီ နာသညီဘာဝမည်၏။

ရူပက္ခန္ဓာ ၅-ပါးသာရှိသော အသညသတ်ပဋိသန္ဓေသည် ဧကဝေါကာရဘာဝ မည်၏။

နာမက္ခန္ဓာ ၄-ပါးရှိသောအရူပပဋိသန္ဓေ ၄-ခုသည် စတုဝေါကာရဘာဝမည်၏။

ခန္ဓာငါးပါးလုံးရှိသော ပဉ္စဝေါကာရ ပဋိသန္ဓေသည် ပဉ္စဝေါကာရဘာဝ မည်၏။

၁၁၆-ဇာတိ ဇရာ မရဏတို့ကို ပြခြင်း

ဇနနံ ဇာတိ။

ဇနနံ၊ အသစ်ဖြစ်ခြင်းသည်။ ဇာတိ၊ ဇာတိမည်၏။

ဇီရဏံ ဇရာ။

ဇီရဏံ၊ ရင့်ရော်ခြင်းသည်။ ဇရာ၊ ဇရာမည်၏။

မရန္တိ ဧတိ မရဏံ။

မရန္တိ၊ စုတေပျက်ကြွေ သေတတ်ကုန်၏။ ဧတေန၊ ဤတရားဖြင့်၊ ယင်းကြောင့်။ မရဏံ၊ မရဏမည်၏။

ဇာတိသည်—

ဦးစွာဖြစ်ခြင်း လက္ခဏာ၊

ခန္ဓာတို့ကိုရခြင်း ကိစ္စ၊

ဇရာသည်—

ရင့်ရော်ခြင်းလက္ခဏာ၊

ခန္ဓာတို့၏ ယိုယွင်းခြင်းကိစ္စ၊

မရဏသည်—

ပျက်စီးခြင်းလက္ခဏာ၊
ခန္ဓာတို့၏ရွေ့ခြင်းကိစ္စ၊
အနိစ္စသဘောသည် ပစ္စုပဋ္ဌာန်၊
နာမ်ရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

ဘဝပစ္စယာ ဇာတိ ဟူသောပုဒ်၌ ဇာတိသည်—

၁။ ရုပ်၏ဇာတိ၊
၂။ နာမ်၏ဇာတိအားဖြင့် နှစ်ပါး အပြားရှိ၏။
ထိုနှစ်ပါးတို့တွင် ရူပက္ခန္ဓာတို့၏ဖြစ်ခြင်းသည် ရုပ်၏ဇာတိမည်၏။

ဇရာသည်လည်း—

၁။ ရုပ်၏ဇရာ၊
၂။ နာမ်၏ဇရာအားဖြင့် နှစ်ပါး အပြားရှိ၏။
ထိုနှစ်ပါးတို့တွင် ရူပက္ခန္ဓာတို့၏ရင့်ခြင်းသည် ရုပ်၏ဇရာမည်၏။
နာမက္ခန္ဓာ ၄-ပါးတို့၏ရင့်ခြင်းသည် နာမ်၏ဇရာမည်၏။

မရဏသည်လည်း—

၁။ ရုပ်၏မရဏ၊
၂။ နာမ်၏မရဏအားဖြင့် နှစ်ပါးအပြားရှိ၏။
ထိုနှစ်ပါးတို့တွင် ရူပက္ခန္ဓာ၏ပျက်ခြင်းသည် ရုပ်၏မရဏမည်၏။
နာမက္ခန္ဓာတို့၏ ပျက်ခြင်းသည် နာမ်၏မရဏမည်၏။

### ၃၇၇-သောက၊ ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကိုပြခြင်း

သောစနံ သောကော။
သောစနံ၊ စိုးရိမ်ပူဆွေးခြင်းသည်။ သောကော၊ သောကမည်၏။
ပရိဒေဝနံ ပရိဒေဝေါ။

ပရိဒေဝနံ၊ ငိုကြွေးမည့်တမ်းခြင်းသည်။ ပရိဒေဝေါ၊ ပရိဒေဝမည်၏။

ဒုက္ခယတိဟိ ဒုက္ခံ။

ဒုက္ခယတိ၊ ဆင်းရဲဘတ်အံ၏၊ ဣတိ၊ ဘသ္မာ၊ ထိုကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။

ဒုမနဿ ဘာဝေါ ဒေါမနဿံ။

ဒုမနဿ၊ မကောင်းသောစိတ်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဒေါမနဿံ၊ မကောင်းသောစိတ်၏အဖြစ်။

ဥပဘူသော အာယာသော ဥပါယာသော။

ဥပဘူသော၊ ပြင်းထန်စွာသော။ အာယာသော၊ ပင်ပန်းခြင်းတည်း။ ဥပါယာသော၊ ပြင်းထန်စွာသော ပင်ပန်းခြင်း။

ဒေါသမူဒွေ့ဌ်ရှိသော ဝေဒနာ စေတသိက်သည် သောက မည်၏။

ဆွေမျိုးသားချင်း စသည်တို့၏ ပျက်စီးရာ၌ ငိုကြွေးမြည်တမ်းခြင်းကြောင့် ဖြစ်သော ဝိပ္ပလ္လာသ စိတ္တဇသဒ္ဒသည် ပရိဒေဝ မည်၏။

ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်၌ရှိသော ဝေဒနာ စေတသိက်သည် ဒုက္ခမည်၏။

ဒေါသမူဒွေ့ဌ်ရှိသော ဝေဒနာ စေတသိက်သည်ဒေါမနဿမည်၏။

ဒေါသမူဒွေ့ဌ်ရှိသော ဒေါသ စေတသိက်သည် ဥပါယာသ မည်၏။

ဤသောက အစရှိသည်တို့ကား ဇာတိ၏မချွတ်ဧကန်ဟုတ်သော အကျိုးဆက် ဖြစ်သောကြောင့်၎င်း၊ ဇရာမရဏနှင့် အနိစ္စလက္ခဏာ တူသောကြောင့်၎င်း ဇရာမရဏ၌ အကျုံးဝင်ရကား အင်္ဂါအားဖြင့် မရေတွက်အပ်ကုန်။

## ၃ဂ၈-အဝိဇ္ဇာ ကျေးဇူးပြုပုံ

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ဟု ဟောတော်မူရာ၌ အဝိဇ္ဇာသည် တရားကိုယ်အားဖြင့် မောဟဖြစ်သောကြောင့် အကုသိုလ်ဖြစ်သော အပုညာဘိသင်္ခါရကား ဖြစ်ပါစေ၊ ကုသိုလ်ဖြစ်သော ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိ သင်္ခါရ တို့သည် ဘယ်သို့သော အကြောင်းဖြင့် ဖြစ်ပါအံ့နည်း။ ဤသို့ စောဒနာကို နှလုံးထား၍ ထင်ရှားပြလိုသော ဆရာသည် သမ္မောအဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌–

ပစ္စယော ဟောတိ ပုညာနံ၊ ဒုဝိဓာ နေကဓာ ပန။
ပရေသံ ပစ္ဆိမာနံ သာ၊ ဧကဓာ ပစ္စယော မတာ –

ဟူ၍ မိန့်တော်မူသည်။

သာ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာသည်။ ပုညာနံ၊ ကာမ, ရူပ, ကုသိုလ်စေတနာဟု ဆိုအပ်သော ပုညာဘိသင်္ခါရတို့အား။ ဒုဝိဓာ၊ အာရမ္မဏ, ပကတူပနိဿယ တည်းဟူသော နှစ်ပါးသော အပြားအားဖြင့် ။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ထိုမှတပါး။ သာ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာသည်။ ပရေသံ၊ တပါးကုန်သော အပုညာဘိသင်္ခါရတို့အား။ အနေကဓာ၊ အာရမ္မဏ သတ္တိစသော များစွာသော အပြားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ သာ အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာသည်။ ပစ္ဆိမာနံ၊ နောက်ဖြစ်သော အာနဉ္ဇာဘိသင်္ခါရတို့အား။ ဧကဓာ၊ ပကတူပနိဿယ တည်းဟူသော တပါးသောအဖို့အားဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မတာ၊ သိအပ်ကုန်၏။

အဓိပ္ပါယ်ကား။ ။မောဟ ဟူသောအဝိဇ္ဇာသည် ကာမကုသိုလ်, ရူပကုသိုလ် စေတနာဟုဆိုအပ်သော ပုညာဘိသင်္ခါရ ၁၃-ခုတို့အား အာရမ္မဏပစ္စည်း, ပကတူပနိဿယပစ္စည်း တည်းဟူသော သတ္တိနှစ်ပါးဖြင့် ကျေးဇူးပြု၏။ ထိုနှစ်ပစ္စည်းတို့တွင် အာရမ္မဏ ပစ္စည်းတတ်ဟန်ကား အဝိဇ္ဇာကို အာရုံပြု၍ အနိစ္စ, ဒုက္ခ စသည်ဖြင့် သုံးသပ်သောအခါ ကာမာဝစရ ပုညာဘိသင်္ခါရအား အဘိညာဉ်စိတ်ဖြင့်, မောဟနှင့်တကွသောစိတ်ကို သိသောအခါ ရူပါဝစရ-ပုညာဘိသင်္ခါရတို့အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြု၏။

အဝိဇ္ဇာကို လွန်မြောက်ခြင်းငှါ ဒါန, သီလ စသော ကုသိုလ် ပြုသော သူအားရင်း။ ရူပဘုံ ကို ဖြစ်စေသော သူအားရင်း ထိုအဝိဇ္ဇာသည် ကာမ, ရူပ, ပုညာဘိသင်္ခါရ တို့အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ။ ထိုမှ တပါး အဝိဇ္ဇာရှိ၍ အပြစ်ကို မသိခြင်းကြောင့် လူ့ဘုံ, နတ်ဘုံ, ဗြဟ္မာဘုံ၌ ပြည့်စုံသော သမ္ပတ္တိကို တောင့်တ၍ ဒါန, သီလ စသော ကာမကုသိုလ်, ရူပကုသိုလ် တို့ကို ဖြစ်စေသောအခါ ထိုပုညာဘိသင်္ခါရတို့အား ပကတူပနိဿယ-သတ္တိဖြင့် ကျေးဇူးပြု၏။

အပုညာဘိသင်္ခါရအား ကျေးဇူးပြုဟန်ကား သူတပါးမိုက်သည်ကို အာရုံပြု၍ရင်း၊ မိမိ၏အဝိဇ္ဇာကို အာရုံပြု၍ရင်း၊ ရာဂစိတ်စသည် ဖြစ်သောအခါ၌ရင်း အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြု၏။

ကာမဂုဏ်ကို အလေးအမြတ်ပြု၍ သာယာသောအခါ၌ အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ သတ္တိဖြင့် ကျေးပြု၏။

အဝိဇ္ဇာဖြင့် တွေဝေခြင်း အားကြီးသောကြောင့် အပြစ်ကို ရှုလေ့မရှိသည် ဖြစ်၍ ပါဏာတိပါတ် စသည်ကို ပြုသောအခါ၌ ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။

ပဌမဇော စသည်သည် ဒုတိယဇော စသည်အား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြု၏။

တစုံတခုသော အကုသိုလ်ကို ပြုသောသူ၏ ပဌမဇော စသည်၌ဖြစ်သော အဝိဇ္ဇာသည် အတူယှဉ်လျက် ပါသော သင်္ခါရတို့အား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြု၏။

ဤသို့သျှင် အဝိဇ္ဇာသည် အကုသလာဘိသင်္ခါရအား ၁၅-ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

ဥပနိဿယ ၃-ပါးကို အသီး ပြုသော် ၁၇-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဥပနိဿယ ၃-ပါးကို အသီးယူသည်ကား ဝိသုဒ္ဓိမဂ် ဋီကာအလို၊ အသီးမယူသည်ကား ဘာဝနာပဒီပကာ အလိုတည်း။

အာနဥ္ဇာဘိသင်္ခါရအား ကျေးဇူးပြုရာ၌ကား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ပြုပုံကား အဝိဇ္ဇာဖြင့် တွေဝေမှုင်းကြောင့် ရုပ်ကင်းလျက် နာမက္ခန္ဓာ သက်သက်ဖြစ်ခြင်းကို ကောင်းမြတ်သည် ထင်၍ အာကာသာနဉ္စာယတနဈာန် စသည်ကို ဖြစ်စေရာ၌ ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ သိအပ်၏။

ဆောင်ပုဒ်

ပုညအားသာ၊ အဝိဇ္ဇာ၊ တပ်ပြန်ပစ္စည်း။
အပုညမှာ၊ အဝိဇ္ဇာ၊ တပ်ရာဆယ့်ငါးတည်း။
အာနဥ္ဇမှာ၊ အဝိဇ္ဇာ၊ တပ်ရာတခုတည်း။

## ၁၀၉ — သင်္ခါရကျေးဇူးပြုပုံ

သင်္ခါရပစ္စယာ ဝိညာဏံ ဟူသော ပုဒ်၌ ဝိညာဉ်၏အရကား ကုသိုလ်, အကုသိုလ်ကံတည်းဟူသော သင်္ခါရ၏အကျိုးဖြစ်သော လောကီဝိပါက်ဗာတ္တိံသ နာမက္ခန္ဓာရ၏။

ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိအောက်၊ ဓာတုကထာပါဠိတော်တို့၌ကား စိတ်တခုယုတ် ၉ဝကိုပင် ဟောတော်မူသည်။

ထိုသင်္ခါရကြောင့် ဝိပါက်ဝိညာဉ်ဖြစ်၏ ဟူသော် အဘယ်ပစ္စည်းတပ်၍ ဖြစ်ပါသနည်းဟူမူ သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌—

ပဝတ္တမာနံ သန္ဓိမှိ၊ ဒွိဓာ ကမ္မန ဝတ္တတိ။
မိဿာဒီဟိ စ ဘေဒေဟိ၊ ဘေဒယာ ဒုဝိဓာဒိကော။

ဟူ၍ မိန့်သည်။

တံ ဝိပါကဝိညာဏံ၊ ထိုလောကိဝိပါက်ဟု ဆိုအပ်သော ဝိညာဉ်သည်။သန္ဓိမှိ၊ ပဋိသန္ဓေအခါ၌။ ပဝတ္တမာနံ၊ ဖြစ်သည်ရှိသော်။ ကမ္မေန၊ ကံကြောင့်။ ဒွိဓာ၊ နှစ်ပါးသော နာနက္ခဏိကကမ္မ ပကတူပနိဿယပစ္စည်းအပြားအားဖြင့်။ဝတ္တတိ၊ ဖြစ်၏၊ ပဝတ္တိယမ္ပိ၊ ပဝတ္တိအခါ၌လည်း။ ကမ္မေန၊ ကမ္မပစ္စည်းအားဖြင့်။ ဝတ္တတိ၊ ဖြစ်၏။ မိဿာဒီဟိ၊ ရုပ်နှင့်ဟုကွ ရောခြင်းအစရှိကုန်သော။ ဘေဒေဟိ၊ အပြားတို့ဖြင့်။ အယ၊ ထိုဝိပါက်ဝိညာဉ်၏။ ဒုဝိဓာဒိကော၊ နှစ်ပါးပြားခြင်း အစရှိသော။ ဘေဒေါ၊ အပြားကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

**အဓိပ္ပါယ်ကား** ဆိုခဲ့ပြီးသော သင်္ခါရ သုံးပါးတို့တွင် ပဋိသန္ဓေအခါ ဥဒ္ဒစ္စစေတနာကြဉ်သော အပုညာဘိသင်္ခါရ။ ပဋိသန္ဓေ, ပဝတ္တိနှစ်ပါး၌ပင် အဘိညာဉ် စေတနာကြဉ်သော ပုညာဘိသင်္ခါရ။ အာနဉ္စာဘိသင်္ခါရတို့သည် ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ကျေနဝိသအား နာနက္ခဏိက ကမ္မသတ္တိဖြင့်၊ ပဝတ္တိအခါ နာနက္ခဏိကကမ္မ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

**သခင်ပဏ္ဏနာ၌ကား**— အချို့သော ကားပေဋိသန္ဓေသည် သင်္ခါရဖြစ်သော ကံကို အာရုံပြုသည်။ ထို့ကြောင့် အာရမ္မဏ, ဥပနိဿယ ပစ္စည်းနှစ်ပါး တပ်၏ ဟူ၍—

> တေသံ တယော သင်္ခါရာ ယထာရဟံ အာရမ္မဏူပနိဿယဝသေန
> ဒုဝိဓာ ပစ္စယော ဟောတိ—

ဟူ၍ ဆိုတော်မူသည်။

**မေဋ္ဌကောသပဒေသ, ပဋ္ဌာနသာရ ဒီပနီ၌ကား**—

နာနက္ခဏိကကမ္မပစ္စည်းကို ရတိုက်သော်လည်း ကံလျှင် အာရုံရှိသော ပဋိသန္ဓေစသည်တို့၏ ယိုကံသည် အာရမ္မဏပစ္စည်း၏ အဖြစ်ဖြင့် ဖြစ်ခြင်းငှာ မတတ်ကောင်း။ ဘယ့်ကြောင့်နည်းဟူမူ ကမ္မပစ္စည်း အာရမ္မဏပစ္စည်း နှစ်ပါးတို့၏ အချင်းချင်း ပယ်အပ်သည်၏ အဖြစ်ကြောင့်တည်း။

> မရဏာသန္နကာလေ နာနက္ခဏိကံ ကမ္မံ လဘတိ သဗ္ဗံပိ သမာနံ၊
> ကမ္မာရမ္မဏာနံ ပဋိသန္ဓိယာဒီနံ ကမ္မာရမ္မဏပစ္စယဘာဝေန ဘဝိတုံ နာ-
> သက္ကိ၊ ကသ္မာ ဒွိန္နံ ပစ္စယဘာဝါနံ အညမညပဋိက္ခေပတော—

ဟူ၍မိန့်၏။

ဤပုဒ်အရာ၌ အဋ္ဌကထာ, ဋီကာ အလွန်ကျယ်၏။

**ဆောင်ပုဒ်**

> သင်္ခါရကား၊ ဝိညာဉ်အား၊ တပ်ငြားနှစ်ပစ္စည်း။
> ကမ္မနာနာ၊ ပကတူ၊ မှတ်ယူကျမ်းလာနည်း။

## ၃၉၀–ဝိညာဉ် ကျေးဇူးပြုပုံ

ဝိညာဉ်သည် နာမ်ရုပ်အား အကြောင်းပြုဟန်ကို သမ္မောဟဝိနောဒနီအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်တို့၌—

> နာမဿ ပါကဝိညာဏံ၊ နဝဓာ ဟောတိ ပစ္စယော။
> ဝတ္ထုရူပဿ နဝဓာ၊ အဋ္ဌဓာ သေသရူပဿ။
> အဘိသင်္ခါရဝိညာဏံ၊ ဟောတိ ရူပဿ ဧကဓာ။
> တဒညံ ပန ဝိညာဏံ၊ တဿ တဿ ယထာရဟံ။

ပါကဝိညာဏံ၊ဝိပါက်ဝိညာဉ်သည်။ နာမဿ၊ စိတ်စေတသိက်တည်း ဟူသော နာမ်အား။ နဝဓာ၊ ၉-ပါး အပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဝတ္ထုရူပဿ၊ ဝတ္ထုရုပ်အား။ နဝဓာ၊ ၉-ပါး အပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သေသရူပဿ၊ ဟဒယဝတ္ထုမှ ကြွင်းသော ကမ္မဇရုပ်အား။ အဋ္ဌဓာ၊ ရှစ်ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အဘိသင်္ခါရဝိညာဏံ၊ ကုသိုလ်, အကုသိုလ် ဝိညာဉ်သည်။ ရူပဿ၊ ကမ္မဇရုပ်အား။ ဧကဓာ၊ ပကတူပနိဿယတပါးဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တဒညံ ပန ဝိညာဏံ၊ ထိုမှ တပါးသော ပဋိသန္ဓေစသည်အစရှိသော ဝိညာဉ်သည်ကား။ တဿ တဿ၊ ထိုထိုနာမ်ရုပ်အား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပဋိသန္ဓေအခါ, ပဝတ္တိအခါ၌ ဝိပါက်ဝိညာဉ်သည် ဝေဒနာစသော နာမက္ခန္ဓာအား၊ သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတစသော ၉-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပဋိသန္ဓေအခါ ဝိပါက်ဝိညာဉ်သည် ဟဒယဝတ္ထုအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၉-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပဋိသန္ဓေအခါ ဝိပါက်ဝိညာဉ်သည် ဟဒယဝတ္ထုမှ တပါးသော ကမ္မဇရုပ်အား ယခင် ၉-ပစ္စယတွင် အညမညကိုပယ်၍ ရှစ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသိုလ် အကုသိုလ် ဟူသော အဘိသင်္ခါရဝိညာဉ်သည် အသညသတ်ကမ္မဇရုပ် ပဉ္စဒွါရကမ္မဇရုပ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

အဘိသင်္ခါရဝိညာဉ်သည် ကံကို အာရုံပြုသော ပဋိသန္ဓေအားရင်း၊ နာမ်ကို အာရုံပြုသော လက္ခဏာရေးသုံးပါးဖြင့် သုံးသပ်သောအခါ နာမ်အားရင်း အာရမ္မဏပစ္စည်းဖြစ်ကြောင်းကို ဋီကာ ဆို၏။

ပဋိသန္ဓေဝိညာဉ် အဘိသင်္ခါရဝိညာဉ်မှ ကြွင်းသော ပထမဘဝင်မှ စ၍ ခပ်သိမ်းသော ဝိညာဉ်သည် ထိုထိုသော နာမ် ရုပ်အား ဟေတု, ပုရေဇာတ, ကမ္မ, ဈာန, မဂ္ဂ ပစ္စည်းတို့မှတပါးသော ၁၉ ပစ္စည်းတို့ဖြင့် ယထာရဟ ကျေးဇူးပြု၏၊

ဆောင်ပုဒ်

ဝိပါက်ဝိညာဉ်၊ အားသာလျှင်၊ တမ်းချင် ၉-ပစ္စည်း။
ဝတ္ထုအားသာ၊ နဝမာ၊ ကြွင်းမှာရှစ်ပစ္စည်း။
သန္ဓေအခါ၊ တပ်သည်သာ၊ မှတ်ပါယင်းသည်နည်း။
ပဝတ္တိအခါ၊ ဖြစ်လျှင်မှာ၊ ဟပ်ရာဆယ့်ကိုးတည်း။

၃၉၁ နာမ်ရုပ်တရားကျေးဇူးပြုပုံ

နာမ်, ရုပ်တရားတို့သည် သဠာယတနအား အဘယ်သို့ အကြောင်းပြုအံ့နည်း။ စက္ခာယတန စသည်လည်း ရုပ်၌ ဝင်ပြီမဟုတ်လောဟု စောဒနာဖွယ် ရှိသော ကြောင့် အကြောင်းပြုဟန်ကို ပြလိုသောဆရာသည် သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်တို့၌ —

နာမံ ခန္ဓတ္တယံ ရူပံ၊ ဘူတဝတ္ထာဒိကံ မတံ။
ကတေကသေသံ အန္တသ္မာ၊ တာဒိသဿေဝ ပစ္စယော–

စသည်ဖြင့် မိန့်၏။

ခန္ဓတ္တယံ၊ ဝေဒနာစသော ခန္ဓာသုံးပါး အပေါင်းကို။ နာမံ၊ နာမ်ဟူ၍။ မတံ၊ သိအပ်၏။ ဘူတဝတ္ထာဒိကံ၊ ဘူတရုပ်လေးခု, ဝတ္ထုရုပ် ၆-ခု, ဇီဝိတရုပ် အာဟာရရုပ်ကို။ ရူပံ၊ ရုပ်ဟူ၍၊ မတံ၊ သိအပ်၏။ ကတေကသေသံ၊ နာမဉ္စ ရူပဉ္စ-နာမရူပံ ဟူ၍ ပြုအပ်သော တခုကြွင်းရှိသော။ တံ နာမရူပံ၊ ထိုနာမ်ရုပ်သည်။ တာဒိသဿေဝ၊ ထိုပြုအပ်သော တခုကြွင်းရှိသည်သာလျှင် ဖြစ်သော။ တဿ၊ ထိုသဠာယတနအား။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတိ၊ ဖြစ်၏။

နာမရူပံ-ဟူသောပုဒ်၌ ရူပသဒ္ဒါဖြင့် ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဘာဝရုပ်တို့ကို သဟဇာတ နိဿယ အနုပါလနအဖြစ် မရှိသောကြောင့် မယူအပ်ဟူ၍ ဋီကာ မိန့်၏။

နာမမေဝ ဟိ အာရုပ္ပေ၊ ပဋိသန္ဓိပဝတ္တိသု။
ပစ္စယော သတ္တဓာ ဆဋ္ဌာ၊ ဟောတိ တံ အဝကာသတော။

ဟိ၊ အကျယ်ချဲ့ဦးအံ့။ အာရုပ္ပေ၊ အရူပလေးဘုံ၌။ ပဋိသန္ဓိပဝတ္တိသု၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌။ တံ နာမမေဝ၊ ထိုခန္ဓာသုံးပါးတည်းဟူသော နာမ်သည်သာလျှင်။ ဆဋ္ဌာ၊ ခြောက်ခုမြောက်သော မနာယတနအား။ အဝကံ-သတော၊ ယုတ်သော အဖို့အားဖြင့်။ သတ္တဓာ၊ ၇-ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အရူပဘုံ၌ ပဋိသန္ဓေအခါ ခန္ဓာသုံးပါးတည်းဟူသော နာမ်သည် မနာ-ယတနအား အယုတ်အားဖြင့် သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတ ဟူသော ၇-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဤစကားဖြင့် နာမ် ဟူသမှု၌ အညီရသင့်သောပစ္စည်းကို ပြသည်။ အလွန်အားဖြင့်ကား ပုရေဇာတ, ပစ္ဆာဇာတ, ဝိပ္ပယုတ္တမှတပါး ၂၁ ပစ္စည်းတို့၌ ယထာ-ရဟ ယူရမည်။

ပဝတ္တိအခါ၌ ဝိပါက်ခန္ဓာသုံးပါးသည် ဆိုခဲ့ပြီးသော နည်းအားဖြင့် ကျေးဇူးပြု၏။

ကုသိုလ်, အကုသိုလ်, ကြိယာ ခန္ဓာ ၃-ပါးသည် အယုတ်အားဖြင့် ယခင် ၇-ပစ္စည်းတွင် ဝိပါကကိုပယ်၍ ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အလွန်အား ဖြင့်ကား ၂၁-ပစ္စည်းတို့ဖြင့် ယထာရဟ ကျေးဇူးပြု၏။

အညသ္မိံ ပိ ဘဝေ နာမံ၊ တထေဝ ပဋိသန္ဓိယံ။
ဆဋ္ဌဿ ဣတရေသဉ္စ၊ ဆဟာကာရေဟိ ပစ္စယော။

အညသ္မိံ ပိ ဘဝေ၊ အရူပဘဝမှတပါးသော ပဥ္စဝေါကာရဘုံ၌လည်း။ ပဋိ-သန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ တံ နာမံ၊ ထိုဝိပါက်နာမ်သည်။ ဆဋ္ဌဿ၊ မနာယတနအား။ တထေဝ၊ ထိုအတူသာလျှင်။ အဝကံသတော၊ ယုတ်သောအဖို့ဖြင့်။ သတ္တဓာ၊ ၇-ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တံ နာမံ၊ ထိုဝိပါက်နာမ်သည်။ ဣတရေသဉ္စ၊ မနာယတနမှ တပါးကုန်သော ရုပ်အာယ-တန ၅-ပါးတို့အား။ ဆဟာကာရေဟိ၊ ခြောက်ပါးသော အခြင်းအရာတို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပဋ္ဌဝေါကာရ ပဋိသန္ဓေအခါ ဝေဒနာစသော ဝိပါက် နာမက္ခန္ဓာ ၃-ပါးသည် ဟဒယဝတ္ထုလျှင် အဖော်ရှိသော မနာယတနအား ၇-ပါးသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ အလွန်အားဖြင့် ၂၄-ပစ္စည်းပင် ကျေးဇူးပြု၏။

ထိုဝိပါက်နာမက္ခန္ဓာ ၃-ပါးသည် စက္ခာယတန စသော အာယတနငါးပါး အား သဟဇာတ, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပဝတ္တေပိ တထာ ဟောတိ၊ ပါကံ ပါကဿ ပစ္စယော။
အပါကံ အဝိပါကဿ၊ ဆဓာ ဆဌဿ ပစ္စယော။

ပဝတ္တေပိ၊ ပဋ္ဌဝေါကာရပဝတ္တိအခါ၌လည်း။ ပါကံ၊ ဝိပါက်နာမက္ခန္ဓာသည်။ ပါကဿ၊ ဝိပါက်ဖြစ်သော မနာယတနအား။ တထာ၊ ထိုအတူ။ အဝကံသ-တော၊ ယုတ်သော အဖို့အားဖြင့်။ သတ္တဓာ၊ ၇-ပါး အပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဘဝေ၊ ဖြစ်၏။ အပါကံ၊ ဝိပါက်မှတပါးသော ကုသိုလ်, အကု-သိုလ် နာမက္ခန္ဓာသည်။ အဝိပါကဿ၊ ဝိပါက်မှတပါးသော။ ဆဌဿ၊ မနာ-ယတနအား။ အဝကံသတော။ ယုတ်သောအဖို့အားဖြင့်။ ဆဓာ၊ ၆-ပါးအပြား အားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။အဒိပ္ပါယ်မှာ သိသာပြီ။

တတ္ထေဝ သေသပဉ္စန္နံ၊ ဝိပါကံ ပစ္စယော ဘဝေ။
စတုဓာ အဝိပါကံပိ၊ ဝေဓမဝ ပကာသိတံ။

တတ္ထေဝ၊ ထိုပဉ္စဝေါကာရ ပဝတ္တိအခါ၌ပင်လျှင်။ ဝိပါကံ၊ ဝိပါက်နာမက္ခန္ဓာ သည်။ သေသပဉ္စန္နံ၊ မနာယတနမှကြွင်းသော ပဉ္စာယတနတို့အား။ စတုဓာ၊ လေးပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဘဝေ၊ ဖြစ်၏။ အဝိပါ-ကံပိ၊ ဝိပါက်မှတပါးသော ကုသိုလ်, အကုသိုလ်, နာမ်ကိုလည်း။ ဝေဓမဝ၊ ဤဝိပါက်အတူသာလျှင်။ ပကာသိတံ၊ ပြအပ်၏။

ပဉ္စဝေါကာရပဝတ္တိအခါ ဝိပါက်နာမက္ခန္ဓာ ၃-ပါးသည် စက္ခုစသော အာယတနငါးပါးအား ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသော ၄-ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏၊ ။ ကုသိုလ်နာမက္ခန္ဓာစသည်လည်း ၎င်းနည်း ကျေးဇူး ပြု၏ ဟူလို။

နာမ်သည် သဠာယတနအား ပစ္စည်းတပ်ပုံ ပြီး၏

---

## ၃၆၂-ရုပ်တရားကျေးဇူးပြုပုံ

ရူပတော သန္ဓိယံ ဝတ္ထု၊ ဆဓာ ဆဋ္ဌဿ ပစ္စယော။
ဘူတာနိ စတုဓာ ဟောန္တိ၊ ပဉ္စန္နမဝိသေသတော။

ပဉ္စဝေါကာရဘဝေ၊ ပဉ္စဝေါကာရဘုံ၌။ သန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ ရူပတော၊ ရုပ်တို့တွင်။ ဝတ္ထု၊ ဟဒယဝတ္ထုသည်။ ဆဋ္ဌဿ၊ မနာယတနအား။ ဆဓာ၊ သဟဇာတ, အညမည, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၆-ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဘူတာနိ၊ ဘုတ် ၄-ပါးတို့သည်။ အဝိသေသတော၊ ပဋိသန္ဓေ ပဝတ္တိဟု အထူးမပြုသော အားဖြင့်။ ပဉ္စန္နံ၊ စက္ခုစသောအာယတန ၅-ပါးတို့အား။ စတုဓာ၊ သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတဟူသော ၄-ပစ္စည်းဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။အစိပ္ပါယ်ထင်ပြီ။

တိဓာ ဇီဝိတမေဝေတံ၊ အာဟာရော စ ပဝတ္တိယံ။
တာနေဝ ဆဓာ ဆဋ္ဌဿ၊ ဝတ္ထု တဿေဝ ပဉ္စဓာ။

ပဝတ္တိယံ၊ ပဉ္စဝေါကာရ ပဝတ္တိအခါ၌ရင်း။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌ရင်း။ ဇီဝိတံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ဧတေသံ၊ ထိုစက္ခွာယတနစသည်တို့အား။ တိဓာ၊ ဣန္ဒြိယ, အတ္ထိ, အဝိဂတဟူသော ၃-ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။ အာဟာရော စ၊ ကဗဠီကာရာဟာရသည်ကား။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ဧတေသံ၊ ထိုပဉ္စာယတနတို့အား။ တိဓာ၊ အာဟာရ, အတ္ထိ, အဝိဂတ ဟူသော ၃-ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တာနေဝ၊ ထိုပဉ္စာယတနတို့သည် သာလျှင်။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ဆဋ္ဌဿ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဝိညာဏ်ဟု ဆိုအပ်သော မနာယတနအား။ ဆဓာ၊ နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသော ၆-ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ ဝတ္ထု၊ ဟဒယဝတ္ထုသည်။ တဿေဝ၊ ထိုပဉ္စဝိညာဉ်မှ ကြွင်းသော မနာယတနအားသာလျှင်။ ပဉ္စဓာ၊ နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတဟူသော ၅-ပါးပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ။(အဓိပ္ပါယ်ထင်၏။)

ရုပ်သည် သဠာယတနအား ပစ္စည်းတပ်ပုံ ပြီး၏။

---

နာမရူပံ ပနာယံ၊ ဟောတိ ယံ ယဿ ပစ္စယော။
ယထာ စ တမ္ပိ သဗ္ဗတ္ထ၊ ဝိညာတဗ္ဗံ ဝိဘာဝိနာ။

သဗ္ဗတ္ထ၊ အလုံးစုံသော ပဋိသန္ဓေ ပဝတ္တိအခါ၌။ ဥဘယံ၊ နှစ်ပါးစုံသော။ ယံ ပန နာမရူပံ၊ အကြင်နာမ်ရုပ်သည်။ ယဿ၊ အကြင်သဠာယတနအား။

ယထာ၊ အကြောင်းအခြင်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ တမ္ပိ၊ ဆိုကျေးဇူးပြုခြင်းကိုလည်း။ ဝိဘာ ဝိနာ၊ ပညာရှိသည်။ ဝိညာတဗ္ဗံ၊ သိအပ်၏။

ပဋိသန္ဓေအခါ နာမက္ခန္ဓာ ၃-ပါး, ဝတ္ထုဟုဆိုအပ်သော နာမ်, ရုပ်သည် မနာယတနအား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတ စသော ပစ္စည်းတို့ဖြင့် ယထာရဟ ကျေးဇူးပြု၏။ ဤကား အကျဉ်းတည်း။ အကျယ်ကိုကား ဆိုခဲ့ပြီးသောအတိုင်း ယူလေ။

ဆောင်ပုဒ်

သုံးပါးခန္ဓာ၊ နာမ်မှတ်ပါ ၊ သာ ငါးဆယ့်နှစ်။
ဝတ္ထုဘူတ၊ အာဟာရ၊ ဇီဝရုပ်ဆယ်နှစ်။
ဝိပါက်နာမ်ကား၊ မနအား၊ တပ်ခြားသတ္တဝါ။
အဝိပါက်ကား၊ ၎င်းအား၊ တပ်ခြားဆဗ္ဗိဝါ။
အဝကံသ၊ တနည်းပြု၊ ကြံဆဥက္ကံသာ။
(စတုဝေါကာရ, ပဉ္စဝေါကာရ, ပဋ္ဌိပဋိသန္ဓေနှစ်ပါး၌ပင် မှတ်။)
ဝိပါက်နာမ်ကား၊ စက္ခုအား၊ ငါးပါးပစ္စယာ။
(သန္ဓေအခါကို ယူ၊ သောဘာစသည် နည်းတူ မှတ်။)
ပဝတ္တိအခါ၊ ဖြစ်လျှင်မှာ၊ တပ်ရာ ၃-ပစ္စည်း။
ဝတ္ထုရုပ်ကား၊ မနအား၊ တပ်ခြား ၆-ပစ္စည်း။
ပဝတ္တိအခါ၊ တပ်သည်မှာ၊ မှတ်ပါ ၅-ပစ္စည်း။
ဝတ္ထု ၅-ပါး၊ မနအား၊ ခမှား ၆- ပစ္စည်း။
ဘူတရုပ်ကား၊ စက္ခုအား၊ ၄-ပါးပစ္စယာ။
သဟဇာတ၊ နိဿယ၊ အတ္ထိ အဝိဂတာ။
(သောတ စသည်လည်း နည်းတူ)
ဇီဝိတကား၊ စက္ခုအား၊ ၃-ပါးပစ္စယာ။
အာဟာရလည်း၊ ၃-ပစ္စည်း၊ တနည်း တပ်သည်သာ။

၁၉၃-သဠာယတန ကျေးဇူးပြုပုံ

သဠာယတနပစ္စယာ ဖဿော ဟူသောပုဒ်၌ သဠာယတနကြောင့် ဖဿ ဘယ်သို့ ဖြစ်ပါသနည်း ဟူသော စောဒနာကို နှလုံးပိုက်၍ သဠာယတနအဖွဲ့ကထာ, ဝိသုဒ္ဓိမဂ် တို့၌–

ဆဓာ ပဥ္စ တတော ကော၊ နဝဓာ ဗာဟိရာနိ ဆ။
ယထာသမ္ဘဝမေတာသ၊ ပစ္စယတ္တေ ဝိဘာဝယေ။

ဟူ၍ မိန့်၏။

ပဥ္စ၊ ငါးပါးကုန်သော စက္ခာယတန စသည်တို့သည်။ ဖဿာဿ၊ စက္ခုသမ္ဖဿ စသော ငါးပါးအား။ ဆဓာ၊ ၆-ပါး အပြားအားဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုနောင်မှ။ ကော၊ တခုသောမနာယတနသည်။ မနောသမ္ဖဿဿ၊ မနောသမ္ဖဿအား။ နဝဓာ၊ ကိုးပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဆ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနိ၊ ရူပစသော ဗာဟိရာယတနတို့သည်။ ဧတာသ၊ ထို ၆-ပါးသော ဖဿအား။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ ပစ္စယတ္တေ၊ ကျေးဇူးပြုသည်၏အဖြစ်၌။ ဝိဘာဝယေ၊ ထင်စွာပြရာ၏။

( ဤ၌ ဝိပါက်တွင်ယှဉ်သော ဖဿကိုသာ ယူ၊ဝေဒနာလည်း နည်းတူ။ )

အဓိပ္ပါယ်ကား-စက္ခာယတနသည် စက္ခုသမ္ဖဿအား ပ။ ကာယာယတနသည် ကာယသမ္ဖဿအား နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၆-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

မနာယတနသည် မနောသမ္ဖဿအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၉-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဗာဟိရာယတန ၆-ပါးတွင် ရူပါရုံသည် စက္ခုသမ္ဖဿအား။ ပ။ ဖောဋ္ဌဗ္ဗာရုံသည် ကာယသမ္ဖဿအား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတ ဟူသော ၄-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဗာဟိရာယတန ၆-ပါးလုံးသည် မနောသမ္ဖဿအား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြုသည်။

သောင်ပုဒ်

စက္ခုသည်ကား၊ ဖဿအား၊ တပ်ငြား ၆-ပစ္စည်း။
သောတာယတန၊ စသည်မှ၊ တပ်ကြ ဤနည်းချည်း။
မနသော်ကား၊ ဖဿအား၊ ၉-ပါးတပ်သတည်း။
ရူပါရုံကား၊ ဖဿအား၊ တပ်ငြား ၄-ပစ္စည်း။
အာရုံ ၆-ပါး၊ မနအား၊ နည်းပါးတခုတည်း။

## ၃၉၄-ဖဿစကျေးဇူးပြုပုံ

ဖဿပစ္စယာ ဝေဒနာဟူသော ပုဒ်၌ ဝေဒနာနှင့် ဖဿသည် ကော့ပွါဒ စသည်ဖြင့် ဖြစ်လျက် အကြောင်းအကျိုး အဖြစ်ဖြင့် ဟောပြန်ခဲ့၏။ ဘယ်သို့ ဖြစ်သနည်း ဟူသော စောဒနာကို ဖြေလိုရကား သမ္မောဟဝိနောဒနီ အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် တို့၌—

အဋ္ဌဓာ တတ္ထ ပဉ္စန္နံ၊ ပဉ္စဒွါရမှိ ပစ္စယော။
သေသာနံ ဧကဓာ ဖဿော၊ မနောဒွါရေပိ သော တထာ။

ဟူ၍ မိန့်၏။

တတ္ထ၊ ထိုဖဿပစ္စယာ ဝေဒနာ-ဟူသော ပုဒ်၌။ ပဉ္စဒွါရမှိ၊ ငါးပါးသော ဒွါရတို့၌။ ဖဿော၊ စက္ခုသမ္ဖဿစသည်သည်။ပဉ္စန္နံ၊ ငါးပါးကုန်သော သမ္ဖဿဇာဝေဒနာစသည် တို့အား။ အဋ္ဌဓာ၊ ရှစ်ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဖဿော၊ စက္ခုသမ္ဖဿစသည်သည်။ သေသာနံ၊ စက္ခုသမ္ဖဿဇာ ဝေဒနာမှ ကြွင်းကုန်သော သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ အစွမ်းဖြင့်ဖြစ်ကုန်သော မနောသမ္ဖဿဇာ ဝေဒနာတို့အား။ ဧကဓာ၊ ပကတူပနိဿယတပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ မနောဒွါရေပိ၊ မနောဒွါရ၌လည်း။ သော၊ ထိုသဟဇာတ် ဖြစ်သော မနောသမ္ဖဿသည်။ ကာမာဝစရဝိပါကဝေဒနာနံ၊တဒါရုံ၏အစွမ်းဖြင့်ဖြစ်သော ကာမဝိပါက် ဝေဒနာတို့အား။ တထာ၊ ထိုအတူ။ အဋ္ဌဓာ၊ ရှစ်ပါးအပြားအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စက္ခုဒွါရ၌ဖြစ်သော ဖဿသည် စက္ခုသမ္ဖဿဇာဝေဒနာအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ရှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ထိုစက္ခုသမ္ဖဿသည် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံဖြစ်သော မနောသမ္ဖဿဇာဝေဒနာအား ပကတူပနိဿယတပစ္စည်းဖြင့် ကျေးဇူးပြု၏။ (သောတ စသည်နည်းတူ။)

မနောဒွါရ၌ တဒါရုံ၏အစွမ်းဖြင့်ဖြစ်သော ဝိပါက်ဝေဒနာတို့အား တကွ ဖြစ်သော မနောသမ္ဖဿသည် သဟဇာတ စသော ရှစ်ပစ္စည်းဖြင့် ကျေးဇူး ပြု၏။

ပဋိသန္ဓေ, ဘဝင် အစွမ်းဖြင့် ဖြစ်ကုန်သော တေဘူမ္မကဝိပါက်, ဝေဒနာ တို့အားလည်း တကွဖြစ်သော မနောသမ္ဖဿသည် သဟဇာတ စသော ရှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော မနောသမ္ဖဿသည် တဒါရုံ၏ အစွမ်းဖြင့် ဖြစ်သော ဝေဒနာအား ပကတူပနိဿယ တပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဤနည်းဖြင့် ခပ်သိမ်းသော အနန္တရဖဿ၏ ထိုထိုဝိပါက်ဝေဒနာအား ပက-တူပနိဿယအဖြစ်ကို ယှဉ်အပ်၏ ဟူ၍ မူလဋီကာ မိန့်သည်။

**သောင်ပုဒ်။**

ဝေဒနာအား၊ ဖဿကား၊ ရှစ်ပါးတပ်ပစ္စည်း။
ရှေးရှေးဖဿ၊ နောက်အားသာ၊ တပ်ရာတခုတည်း။

## ၃၉၂-ဝေဒနာကျေးဇူးပြုပုံ

ဝေဒနာပစ္စယာ တဏှာ ဟူသောပုဒ်၌ ဝေဒနာကြောင့် တဏှာဖြစ်ဟန်ကို ဝေဖန်၍ ပြလိုရကား သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ဝိဘင်္ဂအဋ္ဌကထာ ဝိသုဒ္ဓိမဂ်တို့၌—

ယသ္မာ စေတ္ထ အဓိပ္ပေတာ၊ ဝိပါကသုခဝေဒနာ။
ဧကာဝ ဧကဓာဝေသာ၊ တသ္မာ တဏှာယ ပစ္စယော။

ယသ္မာ ဝါ—

ဒုက္ခီ သုခံ ပတ္ထယတိ၊ သုခီ ဘိယျောပိ ဣစ္ဆတိ။
ဥပေက္ခာ ပန သန္တတ္တာ၊ သုခမိစ္စေဝ ဘာသိတာ။
တဏှာယ ပစ္စယာ တသ္မာ၊ ဟောန္တိ တိဿောပိ ဝေဒနာ။
ဝေဒနာပစ္စယာ တဏှာ၊ ဣတိ ဝုတ္တာ မဟေသိနာ—

ဟူ၍ မိန့်၏။

စေတ္ထ၊ ဤဝေဒနာပစ္စယာ တဏှာဟူသောပုဒ်၌။ ယသ္မာ၊ အကြင်ကြောင့်။ ဝိပါကသုခဝေဒနာ၊ ဝိပါက်စိတ်၌ယှဉ်သော သုခဝေဒနာကို။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ တသ္မာ၊ ထိုကြောင့်။ ဧကာဝ၊ ဝိပါက်ဇာတ်အားဖြင့် တပါးတည်းသာဖြစ်သော။ ဧသာ ဝေဒနာ၊ ဤဝေဒနာသည်။ ဧကဓာဝ၊ တခုသော ဥပနိဿယပစ္စည်းဖြင့်သာလျှင်။ တဏှာယ၊ တဏှာအား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဝါ၊ တနည်းကား။ ယသ္မာ၊ အကြင်ကြောင့်။ ဒုက္ခီ၊ ဆင်းရဲခြင်းရှိသောသူသည်။ သုခံ၊ ချမ်းသာကို။ ပတ္ထယတိ၊ တောင့်တ၏။ သုခီပိ၊ ချမ်းသာခြင်းရှိသောသူသည်လည်း။ ဘိယျော၊ လွန်စွာသော။ သုခံ၊ ချမ်းသာကို။ ဣစ္ဆတိ၊ အလိုရှိ၏။ ဥပေက္ခာ ပန၊ ဥပေက္ခာကိုကား။ သန္တတ္တာ၊ ငြိမ်သက်သည်၏အဖြစ်ကြောင့်။ သုခမိစ္စေဝ၊ သုခဟူ၍သာလျှင်။ ဘာသိတာ၊ ဆိုအပ်၏။

တသ္မာ၊ ထိုကြောင့်။ တိဿောပိ ဝေဒနာ၊ သုံးပါးကုန်သောဝေဒနာတို့သည်လည်း။ တဏှာယ၊ တဏှာအား။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်

ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝေဒနာပစ္စယာ တဏှာဣတိ၊ ဝေဒနာပစ္စယာ တဏှာဟူ၍။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ဧကဓာတိ ဥပနိဿယပစ္စယေနေဝဟု အဋ္ဌကထာမိန့်ရကား ဝိပါကသုခဝေဒနာသည် တဏှာအား ပကတူပနိဿယ တပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဤသုခဝေဒနာသာလျှင် တဏှာအား ပစ္စည်းတပ်သည်မဟုတ်၊ ဝိပါကဒုက္ခဥပေက္ခာဝေဒနာသည်လည်း တဏှာအား ပစ္စည်းတပ်သည်သာတည်းဟု ပြလို၍ ယသ္မာ စသည်ကို မိန့်၏။

အဓိပ္ပါယ်ကား—ဆင်းရဲခြင်းရှိသော သူသည် သုခကို အလွန်တောင့်တ၏။ ထိုသူအား ဒုက္ခသည် တောင့်တအပ်သော သုခတဏှာအား ပကတူပနိဿယ ပစ္စည်း တပ်၏ ဟူလိုသည်။

သုခရှိသော သူသည် ထိုသုခကို ထောက်ထား၍ တပါးသော သုခကို တောင့်တသောအခါ ပကတူပနိဿယပစ္စည်းတပ်၏။

ဥပေက္ခာသည်လည်း သန္တသဘော ရှိသောကြောင့် သုခမည်၏။ ထိုထိုဥပေက္ခာကို တောင့်တသောအခါ တဏှာအား ပကတူပနိဿယပစ္စည်း တပ်၏ ဟူလို။

**ဋီကာ၌ကား**-အကုသလဝိပါက် ဥပေက္ခာသည် အနိဋ္ဌဖြစ်၍ ဒုက္ခ၌ ဝင်၏။ ထိုဥပေက္ခာနှင့်ပါးသည် သုခ,ဒုက္ခကဲ့သို့ တဏှာအား ဥပနိဿယပစ္စည်းတပ်၏ဟု ဆို၏။

ရဟန္တာတို့အားကား ထိုဝေဒနာသုံးပါးသည် တဏှာအား ပစ္စည်းမတပ်ပြီ။

ဝေဒနာကြောင့်ဖြစ်သော တဏှာသည်ကား အာရုံ ၆-ပါး၌ ဖြစ်သောကြောင့် ရူပတဏှာ စသောအားဖြင့် ၆-ပါးပြား၏။

ယင်းတဏှာ ၆-ပါးတို့ဖြစ်သော အခြင်းအရာကိုစွဲ၍—

၁။ ကာမတဏှာ၊

၂။ ဘဝတဏှာ၊

၃။ ဝိဘဝတဏှာ—

ဟူ၍ သုံးပါးပြားရကား ဤသုံးပါးဖြင့်မြှောက် ၁၈-ဖြစ်၏။ ထို ၁၈-ကို အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးနှင့်မြှောက် ၃၆-ဖြစ်၏။ ထို ၃၆-ကို အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးနှင့်မြှောက် တရာ့ရှစ်ဖြာ တဏှာဝိစရိုက် ဖြစ်၏။

ပဋ္ဌာန်းပုဒ်

အာရုံ ၆-ပြန်၊ တဏှာဟန်၊ မြောက်ရန် သုံးတဏှာ။
တွင်း၊ ပ, သန္တာန်၊ စုံနှစ်ရန်၊ မြောက်ပြန် ဆတ္တိံသာ။
ကာလသုံးပါန်၊ မြောက်တုံပြန်၊ နိဋ္ဌာန်ဋ္ဌသတာ။
ဝေဒနာကား၊ တဏှာအား၊ တပ်ငြားတပစ္စည်း။
ဋီကာကျမ်းကို၊ ယောက်၍ဆို၊ တပ်လို ၄-ပစ္စည်း။

(အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပ, ပကတူပနိဿယ ဤ ၄-ပစ္စည်း တပ်၏ ဟူပေ။)

နည်း ၆-တဏှာ ကျေးဇူးပြုပုံ

တဏှာပစ္စယာ ဥပါဒါန်ဟူသော ပုဒ်၌ တဏှာသည် ဘယ်သို့ ဥပါဒါန်၏ အကြောင်းဖြစ်သနည်းဟု စောဒနာဖွယ်ရှိသောကြောင့်–

တဏှာ စ ပုရိမသော္တာ၊ ဧကဓာ ပေါတိ ပစ္စယော။
သတ္တဓာ အဋ္ဌဓာ ဝါပိ၊ ဟောတိ သေသာတ္တယဿ သာ။

ဟူ၍ မိန့်၏။

ဧတ္ထ စ၊ ဤဥပါဒါန် ၄-ပါးတို့တွင်လည်း။ တဏှာ စ၊ တဏှာသည်ကား။ ပုရိမဿ၊ ရှေးဖြစ်သော ကာမုပါဒါန်အား။ ဧကဓာ၊ တခုသော ပကတူပပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သာ တဏှာ၊ ထိုတဏှာသည်။ သေသတ္တယဿ၊ ကာမုပါဒါန်မှ ကြွင်းသော ဥပါဒါန်သုံးပါးအား။ သတ္တဓာ ဝါ၊ ၇-ပါးအပြားဖြင့် ၎င်း။ အဋ္ဌဓာ ဝါပိ၊ ရှစ်ပါးအပြားဖြင့် ၎င်း။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

တဏှာဖြင့် လွန်စွာနှစ်သက်အပ်ကုန်သော အာရုံတို့၌ ကာမုပါဒါန်ဖြစ်ခြင်းကြောင့် တဏှာသည် ကာမုပါဒါန်အား ပကတူပပစ္စည်းတပ်၏။

ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်သော တဏှာသည် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်အား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဝါ၊ ဥပနိဿယကို ထည့်၍ ရှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဥပနိဿယသဒ္ဒါဖြင့် အာရမ္မဏူပနိဿယ, ပကတူပနိဿယကို ဆိုအပ်သောကြောင့် အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ ပစ္စည်းတို့ကိုလည်း သင်္ဂြိုဟ်အပ်၏ဟူ၍ ဋီကာဆို၏။

တဏှာနှင့် ဥပါဒါန်အထူး

တဏှာလည်း လောဘ, ဥပါဒါန်လည်း လောဘ စေတသိက်ဖြစ်သည်။ ဘယ်သို့ ထူးသနည်းဟူမူ ရှေးဦးဖြစ်သည်ကား တဏှာ၊ နောက်ဖြစ်သည်ကား ဥပါဒါန်၊ အားနည်းသော လောဘကား တဏှာ၊ အားကြီးသော လောဘကား ဥပါဒါန်။

ဝါ၊ အမိုက်တိုက်ကိုဝင်၍ ရှာအံ့သော ခိုးသူ၏ လက်ဆန့်ခြင်းကဲ့သို့ မရောက်သေးသော အာရုံကို တောင့်တခြင်းသည် တဏှာ၊ ခိုးသူ၏ လက်သို့ ရောက်သောဥစ္စာကို သိမ်းပိုက်ခြင်းကဲ့သို့ ရောက်ပြီးသော အာရုံကို စွဲလမ်းခြင်းသည် ဥပါဒါန်။

ဝါ၊ အလိုနည်းခြင်း၏ ဆန့်ကျင်ဘက်ကား တဏှာ၊ ရောင့်ရဲလွယ်ခြင်း၏ ဆန့်ကျင်ဘက်ကား ဥပါဒါန်။

ဝါ၊ ရှာမှီးခြင်း ဆင်းရဲ၏ အကြောင်းကား တဏှာ၊ စောင့်ရှောက်ခြင်း ဆင်းရဲ၏ အကြောင်းကား ဥပါဒါန် ဤသို့ ထူးပြ၏။

ဆောင်ပုဒ်

ရှေးဖြစ်တဏှာ၊ နောက်ဖြစ်ခါ၊ ဥပါဒါန်မည်မြဲ။
အားနည်းတဏှာ၊ အားကြီးခါ၊ ဥပါဒါန်ခေါ်မြဲ။
မရောက်သေးပါ၊ တောင့်တရာ၊ တဏှာမှန်မလွဲ။
အာရုံရောက်ခါ၊ စွဲလမ်းရာ၊ ဥပါဒါန်တပ်စွဲ။
အပိစ္ဆတာ၊ သန္တောသာ၊ စဉ်ကာဆန့်ကျင်မြဲ။
ရှာမှီးဒုက္ခာ၊ မူလကာ၊ တဏှာဖြစ်စမြဲ။
စောင့်ရှောက်ဒုက္ခာ၊ အရင်းမှာ၊ ဥပါဒါန်မလွဲ။
ပရိယေသန၊ အာရက္ခ၊ မူလလွန်ဆင်းရဲ။

၃၉၇-ဥပါဒါန် ကွေးဒူးပြပုံ

ဥပါဒါနပစ္စယာ ဘဝေါ ဟူသောပုဒ်၌ ဥပါဒါန်သည် ဘဝကား ဘယ်သို့ အကြောင်းပြုသနည်း ဟူသော စောဒနာကို ဖြေလို၍–

ရူပါရူပဘဝါနံ ဥပနိဿယပစ္စယော ဥပါဒါနံ။

သဟဇာတာဒိဟိပိ တံ၊ ကာမဘဝဿာတိ ဝိညေယျံ။

ဟူသော ပရိယာယ် ဂါထာကို မိန့်၏။

ဥပါဒါနံ၊ ဥပါဒါန် ၄-ပါးသည်။ ရူပါရူပဘဝါနံ၊ ရူပဘဝ, အရူပဘဝတို့အား။ ဥပနိဿယပစ္စယော၊ ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ ဥပါဒါနံ၊ ထိုဥပါဒါန်သည်၊ ကာမဘဝဿ၊ သမ္ပယုတ် ဖြစ်သော ကာမဘဝအား။ သဟဇာတာဒီဟိပိ၊ သဟဇာတစသော ပစ္စည်းတို့ ဖြင့်လည်း။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဝိပ္ပယုတ္တဿ ပန၊ ဝိပ္ပယုတ်ဖြစ်သော ကာမဘဝအား။ ဥပနိဿယေနေဝ၊ ဥပနိဿယပစ္စည်းဖြင့် လျှင်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် နှစ်ပါးတို့တွင် ကမ္မဘဝသည်-

(၁) စေတနာကမ္မဘဝ၊
(၂) စေတနာသမ္ပယုတ္တကမ္မဘဝ-

အားဖြင့် နှစ်ပါးပြား၏။

ထိုတွင် ပုည, ပုည, အာနဉ္စာဘိသင်္ခါရဖြစ်သော စေတနာသည် စေတနာ ကမ္မဘဝ မည်၏။

အပုညာဘိသင်္ခါရဖြစ်သော စေတနာနှင့် ယှဉ်သော အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိသည် စေတနာသမ္ပယုတ္တကမ္မဘဝမည်၏။

ကံကြောင့်ဖြစ်သော ခန္ဓာသည် ဥပပတ္တိဘဝမည်၏။ ထိုဥပပတ္တိဘဝသည်-

၁။ ကာမဘဝ၊
၂။ ရူပဘဝ၊
၃။ အရူပဘဝ၊
၄။ သညီဘဝ၊
၅။ အသညီဘဝ၊
၆။ နေဝသညီ နာသညီဘဝ၊
၇။ ဧကဝေါကာရဘဝ၊
၈။ စတုဝေါကာရဘဝ၊
၉။ ပဉ္စဝေါကာရဘဝ—

ဟူ၍ ၉-ပါးအပြားရှိ၏။

ထိုတွင် ကမ္မဘဝသည်—

ဘဝတိ ဧတသ္မာတိ ဘဝေါ-ဟူသော အပါဒါန သာဓန။

ဘာဝေတီတိ ဝါ ဘဝေါ-ဟူသော ဟေတုကတ္တုသာဓန။

ဘဝတိ ဧတေနာတိ ဝါ ဘဝေါ-ဟူသော ကရဏသာဓန ဝစနတ္ထကြောင့် ဘဝမည်၏။

ဥပပတ္တိဘဝသည်ကား—

ဘဝတီတိ ဘဝေါ ဟူသော ကတ္တုသာဓနကြောင့် ဘဝမည်၏။

၄-ပါးသော ဥပါဒါန်သည် ရူပ, အရူပဖြစ်သော ကမ္မဘဝ, ဥပပတ္တိဘဝအားရင်း၊ ပုညာဘိသင်္ခါရ ဖြစ်သောကာမကုသိုလ်တည်းဟူသော ကမ္မဘဝအားရင်း ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

အပုညာဘိသင်္ခါရတို့တွင် ဒိဋ္ဌိဂတဝိပ္ပယုတ်၌ရှိသော ကာမုပါဒါန်သည် သမ္ပယုတ်ဖြစ်သော စေတနာကမ္မဘဝအား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသော ၇- ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဝိပ္ပယုတ်ဖြစ်သော ကမ္မဘဝအားကား ပကတူပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဒိဋ္ဌိဂတဝိပ္ပယုတ်၌ရှိသော ကာမုပါဒါန်သည် စေတနာအား ဆိုအပ်ပြီးသော ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ကြွင်းသော ဥပါဒါန်သုံးပါးသည်ကား ယခင် ၇- ပစ္စည်းတွင် ဟေတုနှင့် မဂ္ဂကို လှယ်၍ ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

စေတနာသမ္ပယုတ္တ ကမ္မဘဝဖြစ်သော အဘိဇ္ဈာအားလည်း ဤနည်းအတူ ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဋီကာ၌ကား-ဥပနိဿယ သဒ္ဒါဖြင့် အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ, အနန္တရစသော ပစ္စည်းတို့ကို ယူရမည်ဟု မိန့်၏။ ရသင့်တိုင်းကို ပေါင်းသော် ၁၇-ပစ္စည်း ဖြစ်၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာပုဒ်၌ သင်္ခါရ အရလည်း စေတနာ, ကမ္မဘဝ အရလည်း စေတနာပင် ဖြစ်ရကား ဤနှစ်ပါး ဘယ်သို့ ထူးသနည်းဟူမူ-

ဤပစ္စုပ္ပန်ဘဝ၏ အကြောင်းဖြစ်သော အတိတ်ကာလ၌ဖြစ်သော စေတနာသည် သင်္ခါရမည်၏။

အနာဂတ် ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ပစ္စုပ္ပန်ကာလ၌ ဖြစ်သော စေတနာသည် ကမ္မဘဝ မည်၏။ ဤသို့ ထူး၏ ဟူပေ။

ဆောင်ပုဒ်

ဥပါဒါန်ကား, ဘဝအား, တတ်ငြားသတ္တရယ်။
ယထာရဟ, ယှဉ်ပြီးမှ, ကြံ့ဆခွဲဝေမှတ်။
ယူနည်းသွယ်သွယ်, အမိပ္ပါယ်, သိလွယ် မခဲကပ်။

## ၃၉၇-ဘဝ ကျေးဇူးပြုပုံ

ဘဝပစ္စယာ ဇာတိ ဟူသောပုဒ်၌ ပစ္စည်းတပ်ဟန်ကို ဝေဖန်လိုရကား —

တတ္ထ တတ္ထ နိဗ္ဗတ္တမာနာနံ သတ္တာနံ ယေ ယေ ခန္ဓာ ပါတုဘဝန္တိ တေသံ ပဌမပါတုဘာဝေါ ဇာတိ နာမ။ ဘဝေါတိ ပနေတ္ထ ကမ္မဘ· ဝေါဝ အဓိပ္ပေတော၊ သော ဇာတိယာ ပစ္စယော၊ န ဥပပတ္တိဘဝေါ သော စ ပန ကမ္မပစ္စယ ဥပနိဿယ ပစ္စယဝသေန ဒွေဓာဝ ပစ္စယော ဟောတိ။

ယသ္မာ စ အသတိ ဇာတိယာ, ဇရာ, မရဏံ နာမ သောကာဒယော ဝါ ဓမ္မာ န ဟောန္တိ၊ တသ္မာ အယံပိ ဇရာမရဏဿ စေဝ သောကာ· ဒီနဉ္စ ပစ္စယော ဟောတီတိ ဝေဒိတဗ္ဗော။ သာ ပန ဥပနိဿယ ကော· ဋ္ဌိယာ ဧကဓာဝ ပစ္စယော ဟောတီတိ။ ။( သမ္မော , ဝိသုဒ္ဓိမဂ် )

တတ္ထ တတ္ထ၊ ထိုထိုဘဝ၌။ နိဗ္ဗတ္တမာနာနံ၊ ဖြစ်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ ယေ ယေ ခန္ဓာ၊ အကြင်ကြင် ခန္ဓာတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ တေသံ၊ ထိုခန္ဓာတို့၏။ ပဌမပါတုဘာဝေါ၊ ရှေးဦးစွာ ထင်ရှားဖြစ်ခြင်းသည်။ ဇာတိ နာမ၊ ဇာတိမည်၏။ ပန၊ အထူးကား။ ဧတ္ထ၊ ဤဘဝပစ္စယာဇာတိဟူသောပုဒ်၌။ ဘဝေါတိ ပဒေန၊ ဘဝေါ ဟူသော ပုဒ်ဖြင့်။ ကမ္မဘဝေါဝ၊ ကမ္မဘဝကိုသာလျှင်။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ဟိ သစ္စံ၊ မှန်၏။ သော၊ ထိုကမ္မဘဝသည်။ ဇာတိယာ၊ ဇာတိအား။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဥပပတ္တိဘဝေါ၊ ဥပပတ္တိဘဝသည်။ ဇာ· တိယာ၊ ဇာတိအား။ ပစ္စယော၊ ကျေးဇူးပြုသည်။ န ဟောတိ၊ မဖြစ်။ သော စ ပန၊ ထိုဘဝသည်ကား။ ကမ္မပစ္စယ ,ဥပနိဿယပစ္စယ ဝသေန၊ ကမ္မပစ္စည်း, ဥပနိဿယပစ္စည်း၏ အစွမ်းဖြင့်။ ဒွေဓာဝ၊ နှစ်ပါးအပြားဖြင့်သာလျှင်။ ပစ္စ· ယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယသ္မာ စ၊ အကြင်ကြောင့်လည်း။ ဇာတိယာ၊ ဇာတိသည်။ အသတိ၊ မရှိသော်။ ဇရာမရဏံ နာမ ဇရာမရဏမည်သော။ ဓမ္မာ ဝါ၊တရားတို့သည်၎င်း။ သောကာဒယော၊ သောက အစရှိကုန်သော။ ဓမ္မာ ဝါ၊ တရားတို့သည်၎င်း။ န ဟောန္တိ၊ မဖြစ်ကုန်။ တသ္မာ၊ ထိုကြောင့်။ အယံပိ၊ ဤဇာတိသည်လည်း။ ဇရာမရဏဿ စေဝ၊ ဇရာမရဏအား၎င်း။ သောကာဒီနဉ္စ၊ သောကစသည်တို့

အားရင်း။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သာပနာ၊ ထိုဇာတိသည်ကား။ ဥပနိဿယကောဋိယာ၊ ပကတူပနိဿယ အစွမ်းဖြင့်။ ကေဝလ၊ တပါးဖြင့်သာလျှင်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဤဘဝပစ္စယာဇာတိ ဟူသောပုဒ်၌ ဘဝ၏အရတွင် ဥပပတ္တိဘဝကို မယူအပ်သောအဖြစ်ကို ဋီကာကျော်၌—

နစ တဒေဝ တယာ ကာရဏံ ယုတ္တံ- ဟူ၍မိန့်၏။

တဒေဝ၊ ထိုရှေးဦးစွာ ထင်ရှားဖြစ်သော ခန္ဓာတည်းဟူသော ဥပပတ္တိ ဘဝသည်ပင်လျှင်။ တယာ၊ ထိုရှေးဦးစွာ ထင်ရှားဖြစ်သော ခန္ဓာတည်းဟူသော ဇာတိ၏။ ကာရဏံ၊ အကြောင်း၏ အဖြစ်သည်။ နစ ယုတ္တံ၊ မသင့်သည်သာတည်း။

ကုသိုလ် အကုသိုလ် စေတနာတည်းဟူသော ကမ္မဘဝသည် ထိုထိုဘဝ၌ ရှေးဦးစွာထင်ရှားဖြစ်သော ခန္ဓာဟူသော ဇာတိအား, ကမ္မပစ္စည်း, ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဇာတိမရှိသော် ဇရာ, မရဏ တို့သည်ရင်း သောက, ပရိဒေဝ စသည်တို့သည်ရင်း မဖြစ်ရကား ထိုဇာတိသည် ဇရာ, မရဏ, သောက, ပရိဒေဝ စသည်တို့အား သုတ္တန်နည်းအားဖြင့် ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ အဘိဓမ္မာနည်းအားဖြင့် တစုံတခုသော ပစ္စည်းကိုမျှ မရအပ်။

ဇာတိသည် သောကစသည်တို့၏ အကြောင်းသာ ဖြစ်သည်မဟုတ်။ အဝိဇ္ဇာအား ကျေးဇူးပြုတတ်ရကား အဝိဇ္ဇာ၏ အကြောင်းလည်း ဖြစ်၏။ အဘယ့်ကြောင့် နည်းဟူမူ အဝိဇ္ဇာနှင့် မကင်းသောကြောင့်တည်း။

ဤသို့လျှင် မသိအပ်သော အစရှိသော ပြုပြင်တတ်သောသူ၊ ခံစားတတ်သောသူမှကင်းသော ၁၂-ပါးသော ဆိတ်ခြင်းတို့ဖြင့် ဆိတ်ငြိမ်သော ဤစက်သည် အမြဲပင် မပြတ်မလပ်ဖြစ်၏။

သောင်ပုဒ်

ဘဝသည်ကား ဇာတိအား၊ နှစ်ပါးတပ်ပစ္စည်း။
ဇာတိသော်ကား၊ ဇရာအား၊ နည်းပါးတခုဟည်း။
ယင်းသည်ဇာတိ၊ သောကာဒိ၊ ၈ပ်ဘိ ဤနည်းချည်း။
သောကဖြင့်သာ၊ အဝိဇ္ဇာ၊ တပ်ရာပြီးသည်း။

ပစ္စယာကာရနည်းသည် ပြီး၏။

## ၃၉၉-ပဋိစ္စသမုပ္ပါဒ်တရား၏ အစွန်း, အင်္ဂါစသည်ကိုပြခြင်း

မေး ၁။ ဝဋ်လည်း ၃-ထပ်၊ အစပ် ၃-ဖြာ၊ အလွှာ ၄-ခု၊ စတုသင်္ခေပ၊ တွက်ရေဝီသ၊ ဒွါဒသကို၊ အနေဘယ်သို့ ကောက်သနည်း။

၂။ သုံးပါးဝဋ္ဋ၊ ဒွေမူလ၊ ဘဝဘယ်သို့ ကောက်သနည်း။

၃။ သညီဘဝ၊ စသည်အပြား၊ ကိုးပါးမည်ရှိ၊ ဥပပတ္တိ၊ ပဋိသန္ဓေ၊ ဘုံအနေမှာ၊ ခွဲခဝဘယ်သို့ ပြမည်နည်း။

၄။ စက်သံသရာ၊ ခေါ်သည်မှာ၊ ဘယ်သာမုချ ရသနည်း။

ဖြေ။ ။ဤသို့ ဆိုအပ်ပြီးသော ပဋိစ္စသမုပ္ပါဒ်၌—

၁။ အစွန်း-၃-ပါး၊

၂။ အင်္ဂါ-၁၂-ပါး၊

၃။ အခြင်းအရာ-၂၀၊

၄။ အစပ်-၃-ပါး၊

၅။ အလွှာ-၄-ပါး၊

၆။ ဝဋ်-၃-ပါး၊

၇။ မူလ-၂-ပါး-

အပြားရှိ၏။ ဤသို့ရှိသည်တွင်-

### အစွန်း ၃-ပါး

အဝိဇ္ဇာ, သင်္ခါရသည် အတိတ်ကာလ၌ ဖြစ်ရကား အတိတ်အစွန်း မည်၏။

ဇာတိ, ဇရာ, မရဏသည် ပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်၌ ဖြစ်ရကား အနာဂတ်အစွန်းမည်၏။

ဝိညာဉ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည်၎င်း, တဏှာ, ဥပါဒါန်, ဘဝသည်၎င်း ပစ္စုပ္ပန်အစွန်းမည်၏။

## အင်္ဂါ ၁၂-ပါး

အင်္ဂါ ၁၂-ပါးဟူသော်ကား–အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ် ရုပ်, သဠာ-ယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ– ဟူ၍ ၁၂-ပါး ပြားသတည်း။

## ခြင်းရာနှစ်ဆယ်

အခြင်းအရာ ၂၀-ဟူသည်ကား–အတိတ်အခွန့်၌ အဝိဇ္ဇာ, သင်္ခါရတို့ကို ယူသဖြင့် အဝိဇ္ဇာဖြင့် မကွေမကွာ ဖြစ်လေ့ရှိသော တဏှာ, ဥပါဒါန်ကိုလည်း ယူအပ်၏။ သင်္ခါရနှင့် စေတနာချင်းတူသော ကမ္မဘဝ ကိုလည်း ယူအပ်၏။ ယင်းသို့ ယူရသောကြောင့် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဟူ၍ အတိတ်၌ အကြောင်း ၅-ပါးရ၏။

ထိုအတိတ်အကြောင်းကြောင့် ဝိညာဉ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ပစ္စုပ္ပန်အကျိုး ၅-ပါးသည် ဖြစ်၏။

ပစ္စုပ္ပန် အခွန့်ရှစ်ပါးတွင် တဏှာ, ဥပါဒါန်ကို ယူသဖြင့် ထိုနှင့်မကွေမကွာ ဖြစ်လေ့ရှိသော အဝိဇ္ဇာကိုလည်း ယူအပ်၏။ ဘဝကိုယူသဖြင့် ကမ္မဘဝချင်းတူသော သင်္ခါရကိုလည်း ယူအပ်၏။ ယင်းသို့ ယူသောကြောင့် တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရဟူ၍ ပစ္စုပ္ပန်၌ အကြောင်း ၅-ပါးဖြစ်၏။

အနာဂတ်အခွန့်၌ ဇာတိ, ဇရာ, မရဏကိုယူသဖြင့် ဝိညာဉ်, နာမ် ရုပ်, သဠာ-ယတန, ဖဿ, ဝေဒနာ ဟူသောအကျိုး ၅-ပါးကို ယူအပ်၏။

ဘယ့်ကြောင့်နည်းဟူမူ ထိုဇာတိ, ဇရာ, မရဏသည် တပါးသော တရား၏ ဇာတိ, ဇရာ, မရဏ မဟုတ်၊ ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ်၌ ဖြစ်လတ္တံ့သော ဝိညာဉ်, နာမ် ရုပ် စသည်တို့၏ ဇာတိ, ဇရာ, မရဏပင် ဖြစ်သောကြောင့်တည်း။ ဤသို့လျှင် အခြင်းအရာ ၂၀–ဖြစ်သတည်း။

ထို့ကြောင့်–

> ပုရိမကမ္မဘာသ္မိံ မောဟော အဝိဇ္ဇာ၊ အာယူဟနာ သင်္ခါရော
> တဏှာ ဥပါဒါနံ စေတနာ ဘဝေါတိ ဣမေ ပဉ္စ ဓမ္မာ ပုရိမကမ္မဘဝသ္မိံ
> ဣဓ ပဋိသန္ဓိဝိညာဏံ ဩက္ကန္တိနာမရူပံ ပသာဒေါ အာယတနံ ဖဿော,
> ဝေဒယိတံ ဝေဒနာ၊ ဣတိ ဣမေ ပဉ္စ ဓမ္မာ ဣဓုပပတ္တိ ဘဝသ္မိံ ပုရေ-
> ဇာတဿ ကမ္မဿ ပစ္စယာ–

စသည်ဖြင့် ဟောတော်မူသည်။

သင်္ခါရနှင့် ဘဝ အထူးကား။ ။ဤဘဝ၌ ဝိညာဉ်စသော အကျိုးကို ပြုပြင်ပြီးသော အတိတ်ဘဝ၌ဖြစ်သော စေတနာသည် သင်္ခါရမည်၏။ ဝိညာဉ်စသည်ကို မပြုပြင်သော စေတနာသည် ဘဝမည်၏။

တနည်းကား။ ။ပုဗ္ဗစေတနာသည် သင်္ခါရမည်၏။ မုဉ္စစေတနာသည် ဘဝမည်၏။

ဝါ၊ တခုသော ဝီထိ၌ ရှေ့ဇော ၆-ချက်စေတနာသည် သင်္ခါရမည်၏။ သတ္တမဇောစေတနာသည် ဘဝမည်၏။

ဝါ၊ တခုသောဝီထိ၌ စိတ်ဘိုင်းယှဉ်သော စေတနာသည် ကမ္မဘဝမည်၏။ သမ္ပယုတ်တရားတို့သည် သင်္ခါရမည်၏။

ဆောင်ပုဒ်

ပုဗ္ဗစေတနာ၊ သင်္ခါရာ၊ မုဉ္စာဘဝမှတ်။
ဇော ၆-ချက်မှာ၊ သင်္ခါရာ၊ ဆုံးခါဘဝမှတ်။
သမ္ပယုတ္တာ၊ သင်္ခါရာ၊ ကံမှာဘဝမှတ်။

အစပ် ၃-ပါး

အစပ် ၃-ပါးဟူသော်ကား —

၁။ အတိတ်အကြောင်း ၅-ပါးနှင့် ပစ္စုပ္ပန်အကျိုး ၅-ပါး၏ အကြားသည် တခုသောအစပ်မည်၏။

၂။ ပစ္စုပ္ပန်အကျိုး ၅-ပါးနှင့် ပစ္စုပ္ပန်အကြောင်း ၅ ပါး၏အကြားသည် တခုသောအစပ်မည်၏။

၃။ ပစ္စုပ္ပန်အကြောင်း ၅-ပါးနှင့် အနာဂတ်အကျိုး ၅-ပါး၏ အကြားသည် တခုသောအစပ်မည်၏။ ဤသို့ အစပ် ၃-ပါး ဖြစ်သတည်း။

အလွှာ ၄-ပါးဟူသော်ကား—

၁။ အတိတ်အကြောင်း ၅-ပါးတလွှာ၊

၂။ ပစ္စုပ္ပန်အကျိုး ၅-ပါးတလွှာ၊

၃။ ပစ္စုပ္ပန်အကြောင်း ၅-ပါးတလွှာ၊

၄။ အနာဂတ်အကျိုး ၅-ပါးတလွှာ—

ဤသို့ ၄-လွှာဖြစ်သတည်း။

## ဝဋ် ၃-ပါး

ဝဋ် ၃-ပါးဟူသော်ကား အင်္ဂါ ၁၂-ပါးတွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်သည် ကိလေသာဝဋ် မည်၏။

သင်္ခါရ၏အရဖြစ်သော အတိတ်ကုသိုလ် အကုသိုလ်စေတနာ၊ ကမ္မဘဝ၏ အရဖြစ်သော ပစ္စုပ္ပန်ကုသိုလ်, အကုသိုလ်စေတနာသည် ကမ္မဝဋ်မည်၏။

ဝိညာဉ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏ ဟူသော အင်္ဂါ ၇-ပါး, အနာဂတ်၌ အကျုံးဝင်သော ဥပပတ္တိဘဝသည် ဝိပါကဝဋ်မည်၏။ ။ဤသို့ ဝဋ် ၃-ပါး ဖြစ်သတည်း။

## မူလ ၂-ပါး

မူလ, နှစ်ပါးဟူသော်ကား– ၁။ အဝိဇ္ဇာသည် ပုဗ္ဗန္တ၏ မူလ။ ၂။ တဏှာသည် ပရန္တ၏ မူလ ဤသို့ မူလနှစ်ပါးဖြစ်သတည်း။

ဤကိုရည်၍ ရှင်ရဋ္ဌသာရအကျော် ဆရာတော်သည်–

> ကာလသုံးစဉ်, ဝဋ်ယဉ်သုံးထပ်, အစပ်သုံးခု, စတုသင်္ခေ, တွက်ရေဝီသ, အာကာရဖြင့်, ပဋိစ္စသမုပ္ပါဒ်, ဟောမှတ်လေတွ,, ဟိတ်ဖိုလ်ချွလျက်, တဆယ့်နှစ်အင်, ဒွါဒသင်ဟု, ညွန့်ရှင်ကျူးစက်, အဆက်ဆက်ကို, လွတ်ထွက်နိုင်ကြောင်း, ကောင်းသားလို့လ, အားထုတ်ကြလျက်, မြှစ်မနှစ်မြွာ, နှုတ်ပစ်ခွာ၍, ဇ,ညာနိဗ္ဗာန်, သူတော်ဌာန်သို့ဆန်အံ့ရင်းတည် စူးစူးရည်သည်၊ မလည်မသုန်,မဟာဂုဏ်တို့–

ဟူ၍ သံဝရပျို့ ခြွစပ်တော်မူသည်။

## ၄၀၀-အဝိဇ္ဇာ၏ အကြောင်းမူလကို ပြခြင်း

အဝိဇ္ဇာကို မူလအရင်းဟု ဟောခဲ့သော် အဝိဇ္ဇာသည် ဖြစ်ကြောင်းမရှိပဲ မိမိ၏ သဘောအားဖြင့် လောက၏အရင်း ဖြစ်သလောဟု စောဒနာငြားအံ့ အကြောင်း မရှိသည်ကား မဟုတ်၊ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော ဟူ၍ ဟောတော်မူ သောကြောင့် အာသဝေါ တရားတို့သည် အဝိဇ္ဇာ၏ဖြစ်ကြောင်းတည်းဟူ၍ ဖြေအပ်၏။

အာသဝေါတရားကြောင့် အဝိဇ္ဇာဖြစ်ခဲ့သော် အဝိဇ္ဇာကို မူလကာရဏဟူ၍ မဟောသင့်ပြီ ဘယ့်ကြောင့်ဟောပြန်သနည်း ဟူငြားအံ့။ ဝဋ်စကား၏

အရှင်းဖြစ်သော ကြောင့်သာ ဟောတော်မူ၏၊ လောက၏ အရှင်းဖြစ်သော ကြောင့် ဟောတော်မူသည်မဟုတ်။

ထိုအနက်ကို ပြခြင်းငှာ သမ္မောဟဝိနောဒနီအဋ္ဌကထာ၌—

> အတ္ထိ ပန ပရိယာယေန မူလကာရဏံ သိယာ။ ကော ပနေ-
> သောတိ၊ ဝဋ္ဋကထာယ သီသဘာဝေါ ဘဂဝါ ဟိ ဝဋ္ဋကထံ ကထေန္တော
> ဒွေ ဓမ္မေ သီသံ ကတွာ ကထေသိ၊ အဝိဇ္ဇံ ဝါ ဘဝတဏှံ ဝါ—

ဟူ၍မိန့်တော်မူ၏။

ယေန ပရိယာယေန၊ အကြင်ပရိယာယ်ဖြင့်။ မူလကာရဏံ၊ အကြောင်းရင်းသည်။ သိယာ၊ ဖြစ်ရာ၏။ သော ပရိယာယော၊ ထိုအကြောင်းသည်။ အတ္ထိ ပန၊ ရှိသလျှင်ကတည်း။ ဧသော၊ ဤပရိယာယ်သည်။ ကော ပန၊ အဘယ်နည်း။ ဣတိပုစ္ဆာယံ၊ ဤသို့မေးသည်ရှိသော်။ ဝဋ္ဋ ကထာယ၊ ဝဋ်စကား၏။ သီသ ဘာဝေါ၊ အရှင်း၏အဖြစ်တည်း။ ဟိသစ္စံ၊ မှန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝဋ္ဋ ကထံ၊ ဝဋ်စကားကို။ ကထေန္တော၊ ဟောတော်မူသည်ရှိသော်။ အဝိဇ္ဇံ ဝါ၊ အဝိဇ္ဇာကိုရင်း။ ဘဝတဏှံ ဝါ၊ ဘဝတဏှာကိုရင်း။ ဒွေ ဓမ္မေ၊ နှစ်ပါးသောတရားတို့ကို။ သီသံ ကတွာ၊ အရင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

## ၄၀၁-အဝိဇ္ဇာ, တဏှာ နှစ်ပါး
## ဝဋ်မြစ်သားပုံ

တပါးပါးသော တရားကိုသာလျှင် အရင်းမထားပဲ ဘယ့်ကြောင့် နှစ်ပါး သောတရားကို အရင်းထား၍ ဟောသနည်းဟူမူကား—

> သုဂတိ ဒုဂ္ဂတိဂါမိနော ကမ္မဿ ဝိသေသဟေတုဘူတတ္တာ ဒုဂ္ဂတိ-
> ဂါမိနော ဟိ ကမ္မဿ ဝိသေသဟေတု အဝိဇ္ဇာ သုဂတိဂါမိနော ပန
> ကမ္မဿ ဝိသေသဟေတု ဘဝတဏှာ။

ဟူသော အဋ္ဌကထာနှင့်ညီစွာ သုဂတိဘုံသို့ လားစေတတ်သော ကံ, ဒုဂ္ဂတိဘုံသို့ လားစေတတ်သောကံ၏ ထူးသော အကြောင်း၏အဖြစ်ကြောင့် နှစ်ပါးသော တရားကို အရင်းထားသည် ဟူပေ။

ထိုစကားကို ထင်စွာပြဦးအံ့။ ဒုဂ္ဂတိဘဝသို့ လားစေတတ်သော အကုသိုလ်ကံ၏ ထူးသောအကြောင်းကား အဝိဇ္ဇာဖြစ်သည်။

သုဂတိဘဝသို့ လားစေတတ်သော ကုသိုလ်ကံ၏ ထူးသောအကြောင်းကား တဏှာဖြစ်သည်။

ဘယ်သို့ဖြစ်သနည်းဟူမူ—သတ်အပ်သော နွားမကို ကိုယ်အလုံးကို မီးကင်၍ ဆောက်ပုတ်တို့ဖြင့် ပုတ်ခတ်ပြီးလျှင် ရေပူကို တိုက်သည်ရှိသော် ထိုနွားမသည် ငင်ပန်းလှရကား သာယာခြင်းမရှိပဲလျက် မိမိ၏ အကျိုးမဲ့အောင် ဆောင်မည်ကို သိလျက် ရေပူကိုသောက်ရဘိသကဲ့သို့ ကိလေသာဟူသော ပူပန်ခြင်းဖြင့် နှိပ်စက်သော ပုထုဇဉ်မိုက်အား ဒုဂ္ဂတိသို့ လားရအံ့သည်ကို သိလျက် မိမိ၏ အကျိုးမဲ့အောင် ဆောင်မည်ကိုသိလျက် ပါဏာတိပါတ်အစရှိသော မကောင်းမှုကံကို အဖန်ဖန်အားထုတ်ရ၏။ ထိုအားထုတ်ခြင်း၏အကြောင်းကား အဝိဇ္ဇာပင်တည်း။

သုဂတိကံ၏ အကြောင်းဖြစ်ဟန်ကား— ယခင်ထုခတ်ခြင်းကို ခံရသော နွားမသည် သက်သာရာရခြင်းကို အလွန်တောင့်တသည်ဖြစ်၍ ရေအေးကို ရှာလျက် ရလတ်သောအခါ ထပ်၍သာ သောက်ချင်ဘိသကဲ့သို့ ဘဝတဏှာဖြင့် လွန်စွာနှိပ်စက်သော ပုထုဇဉ်သည် အလွန်သောဒုက္ခကို မခံရစိမ့်သောငှာ ပါဏာတိပါတ်စသည်မှ ရှောင်ခြင်း, ပုညကြိယဝတ္ထုတို့ကို ပြုခြင်းအစရှိသော ကုသိုလ်ကံတို့ကို အားသင်၏။ ထိုကံ၏အကြောင်းရင်းကား ဘဝတဏှာတည်း။ ဤသို့သိရာ၏ ဟူပေ။

ပဋိစ္စသမုပ္ပါဒ်နည်း ပြီး၏။

---

## ၄၀၂-ပဋ္ဌာန်းနည်း

ပဋ္ဌာန်းပစ္စည်းတို့၏ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနီကတပ်ဟန်ကို ညာဏ်နုသောသူတို့ ဆောင်လွယ်, သိလွယ်ရုံ အကျဉ်းမျှပြလိုက်ဦးအံ့။

### ဟေတုပစ္စည်းကို ပြခြင်း

ဟေတုပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်—

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန်၊ ၃။ ပစ္စနိက်—အားဖြင့် ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ ဤ်ဟိတ် ၆-ပါးတို့သည် ဟေတုပစ္စည်း တပ်သော တရားမည်ကုန်၏။

သဟိတ်စိတ် ဧကသတ္တတိ, မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ, သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

အဟိတ်စိတ်အဋ္ဌာရသ, ဆန္ဒ ကြဉ်သော အညသမာန်းစေတသိက် ဒွါဒသ, အဟိတ်စိတ္တဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်, ဗာဟိရရုပ်, အာဟာရဇရုပ်, ဥတုဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ် အားဖြင့် ၇-စွန်းသော မဟာဘုတ် ၄-ပါး ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စနိက်ဖြစ်သော တရားမည်ကုန်၏။

ထိုပစ္စည်း, ပစ္စယုပ္ပန်နှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသောပစ္စယုပ္ပန်တရားတို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ အစိတ်, အစိတ်ကား–လောဘမူစိတ်ရှစ်ခုဌ်ရှိသော လောဘသည် မောဟသည် လောဘ မောဟသည် ပဥ္စဝေါကာရ ၂၆-ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာ အားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား–လောကီစိတ် ကောသိတိ စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ, ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ လောဘမူဇော ဝီထိစိတ္တုပ္ပါဒ်ဖြစ်လတ်သော် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ ဟု ဘဝင်ကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင်ထိုအာရုံကို အာရုံပြု၍ လောဘမူစိတ်ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ၇-ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် ဝိဘူတာရုံဝီထိဖြစ်အံ့ တဒါရုံကောဒသတို့တွင် တခုခုသည် တဒါရုံကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၍ ချုပ်၏။

ထိုသို့ဖြစ်သောအခါ လောဘမူပထမဇောအစရှိသော စိတ္တက္ခဏတခုခု၌ ရှိသော လောဘသည်, မောဟသည်, လောဘ, မောဟသည် ပဥ္စဝေါကာရ ၂၆-ဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

မနောဒွါရဝီထိကိုသာ အချင်းတည်၍ ပြလိုက်သည်၊ ပဉ္စဒွါရဝီထိတို့ ကျရာ၌ ရှိလည်း ဤနည်းအတူ ပစ္စည်းတပ်ဟန်ကို သိလေ။

၂။ ဒေါသမူဒွေ၌ရှိသော ဒေါသသည် မောဟသည် ဒေါသ မောဟသည် ကာမ ၁၁-ဘုံ၌သာ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား—လောကီဝိဘတ် ကောသိဘ်, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝိသ, ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဒေါသမူဇော, ဝီထိစိတ္တုပ္ပါဒ်ဖြစ်လိုလတ်သော် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ထို့နောင် ဒေါသမူဇောတို့တွင် တခုခုသည် ဇောကိစ္စ ၇-ကြိမ်, ဝိဘူတာရုံ ဝီထိဖြစ်အံ့ ဥပေက္ခာတဒါရုံ ၆-ခုတို့တွင် တခုခုသည် တဒါရုံနှစ်ကြိမ်, ထို့နောင် ဘဝင်၊ အဝိဘူတာရုံဝီထိ ဥပေက္ခာပဋိသန္ဓေ နေသောသူ ဖြစ်အံ့ ဥပေက္ခာဘဝင် ၆-ခုတို့တွင် တခုခုသည် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။ သောမနဿပဋိသန္ဓေနေသောသူဖြစ်အံ့ ဥပေက္ခာသဟဂုတ်သန္တီရဏသည် အာဂန္တုကဘဝင်၊ထို့နောင် မိမိပဋိသန္ဓေနှင့်တူသော သောမနဿဘဝင်စိတ်တို့သည် ယထာ-ရဟ ဖြစ်ကုန်၏။ ထိုသို့ဖြစ်သောအခါ ဒေါသမူပထမဇော အစရှိသော စိတ္တ-က္ခဏတခုခု၌ ရှိသော ဒေါသသည် မောဟသည် ဒေါသ,မောဟသည် ကာမ ၁၁-ဘုံ၌သာ သမ္ပယုတ္တခန္ဓာသဟဂုတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ မောဟမူဒွေ၌ရှိသော မောဟသည် ပဉ္စဝေါကာရ ၂၆-ဘုံ၌ဖြစ်သော အခါ သမ္ပယုတ္တခန္ဓာသဟဂုတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တ-ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ လောဘမူကဲ့သို့ ဝီထိချ၍ ပစ္စည်းတပ်လေ။

၄။ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု၌ရှိသော အလောဘသည် အဒေါသသည် အမောဟသည် အလောဘ အဒေါသသည် အလောဘ အမောဟသည် အလောဘ အဒေါသ အမောဟသည် ပဉ္စဝေါကာရ ၂၆-ဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ သဟဂုတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တ-ခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဝီထိချ၍ ပစ္စည်းတပ်လေ။

၅။ မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခု၌ရှိသော အလောဘသည် အဒေါသသည် အလောဘ အဒေါသသည် ပဉ္စဝေါကာရ ၂၆-ဘုံ၌ဖြစ်သော အခါ သမ္ပယုတ္တခန္ဓာ သဟဂုတ်စိတ္တဇရုပ်တို့အား,စတုဝေါကာရဘုံ၌ကား သမ္ပ-ယုတ္တခန္ဓာ အားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဝီထိချ၍ ပစ္စည်းတပ်လေ။

၆။ မဟာဝိပါက်ဉာဏသမ္ပယုတ် ၄-ခု၌ရှိသော ဟိတ် ၃-ပါးသည် ကာမ-သုဂတိ ၇-ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ သဟဂုတ်ကမ္မဇရုပ်တို့အား, ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ သဟဂုတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား-သုဒ္ဓါဝါသကြည်သော ပဉ္စဝေါကာရ ၂၁-ဘုံ၌ အသညသတ်ဘုံ၊ အရူပ ၄-ဘုံ တို့တွင် တဘုံဘုံမှ စုတေ၍ ကာမသုဂတိ ၇-ဘုံ၌ တိဟိတ်ပဋိသန္ဓေ နေလိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒ၊ နိမိတ် ၃-ပါးတွင် တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ရှစ်ခုတို့တွင် တခုခုသည် မရဏာသန္နဇောကိစ္စ ငါးကြိမ်၊ ထိုနောင် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် စုတိကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။

ထိုနောင် မဟာဝိပါက်ဉာဏသမ္ပယုတ် ၄-ခုတို့တွင် တခုခုသည် မရဏာသန္နဇောသည် မနောဒွါရဖြင့် ယူအပ်သော နိမိတ် ၃-ပါးတွင် တပါးပါးကို အာရုံပြု၍ ပဋိသန္ဓေကိစ္စတကြိမ်၊ ထိုနောင် ပဋိသန္ဓေသင်နှင့် တူသောစိတ်သည် ဘဝင်ကိစ္စ ၁၅-ကြိမ်၊ ၁၆-ကြိမ်၊ ထိုနောင် ပဋိသန္ဓေသစ်ကို အာရုံပြု၍ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထိုနောင် ပဋိသန္ဓေသစ်ကို အာရုံပြု၍ ပြင်းစွာ တပ်တတ်သော လောဘမူစိတ် ရှစ်ခုတို့တွင် တခုခုသည် ဘဝနိကန္တိက လောဘဇော ၇-ကြိမ်၊ ထိုနောင် ဘဝင်ကိစ္စဖြစ်၍ ချုပ်၏။

ထိုသို့ဖြစ်သောအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် ပဋိသန္ဓေ နာမက္ခန္ဓာ၌ ရှိသော တိဟိတ် ၃-ပါးသည် ကာမသုဂတိ ၇-ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ သဟိတ်ကမ္မဇရုပ်တို့အား၊ ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၇။ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခု၌ ရှိသော ဟိတ်နှစ်ပါးသည် ကာမသုဂတိ ၇-ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ သဟိတ်ကမ္မဇရုပ်တို့အား၊ ပဝတ္တိ အခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား၊ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (ယခင်ကဲ့သို့ ဝိထိချလော။)

၈။ မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခု၌ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂-ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (ကုသိုလ်ကဲ့သို့ ဝိထိချလေ) ဉာဏဝိပ္ပယုတ် လည်း ဤနည်းအတူ။ ဟိတ်နှစ်ပါးဆိုရသည်သာ ထူး၏။

၉။ ရူပကုသိုလ် ငါးခု၌ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂-ဘုံ၌သာ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ဟန်ကား—ပထမစျာန်ကို ရလိုသော ကာမတိဟိတ်ပုဂ္ဂိုလ်သည် ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော

ဆံအစရှိသော ကောဋ္ဌာသပညတ်, အာနာပါနသတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ, ကရုဏာ, မုဒိတာဟူသော ဗြဟ္မဝိဟာရ တရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤ ၂၅-ပါးသော ပညတ်တို့တွင် တပါးပါးကို အာရုံပြု၍ ပဌဝီ, ပဌဝီ စသည်ဖြင့် စီးဖြန်းဖန်များ၍ ပဌမဈာန်ကို ရလိုလတ်သော် မိမိပဋိသန္ဓေ စိတ်နှင့်တူသော စိတ်သည် ဘဝင်-စလန, ဘဝင်ုပစ္ဆေဒ, ထို့နောင် ၂၅–ပါးသော ပညတ်တို့တွင် တပါးပါးကို အာရုံပြု၍ ခြင်ဆင်တတ်သော မနောဒွါရာဝဇ္ဇန်း, ထို့နောင် ထိုအာရုံကို အာရုံပြု၍ မဟာကုသိုလ် ပဌမဒွေတို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ ဥပစာ, အနုလုံ, ဂေါတြဘူ ဟူ၍ ၄–ကြိမ်, တိက္ခပညာ ပုဂ္ဂိုလ်အား ဥပစာ, အနု-လုံ, ဂေါတြဘူ ဟု ၃–ကြိမ် ဥပစာသမာဓိဇောကျစ္စဖြစ်၍ ချုပ်၏။

ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား ၄–ကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ၅–ကြိမ်မြောက် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပါဝစရကုသိုလ် ပဌမဈာန်စိတ်သည် အာဒိကမ္မိကဖြစ်အံ့– တကြိမ်သာ, သမာပဇ္ဇနဝီထိဖြစ်အံ့–ဘဝင်အယဉ်ကဲ့သို့ အလို၍ရှိသောအတိုင်း အပ္ပနာ သမာဓိ ဇောကျစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ထိုသို့ဖြစ်သောအခါ ရူပါဝစရ ပဌမဈာန် ဇောစိတ္တက္ခဏ တခုခု၌ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြည်သော ပဋ္ဌဝေါကာရ ၂၂-ဘုံ၌သာ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဤနည်းကို မှီ၍ ဒုတိယဈာန် ဝိဘတ်စသည်တို့၌ ပစ္စည်းတပ်ဟန်ကို သိရမည်။

၁၀။ ။ရူပါဝစရပဌမဈာန် ဝိပါက်၌ရှိသော ဟိတ်၃-ပါးသည် ပဌမဈာန် ၃-ဘုံ၌သာ ပဋိသန္ဓေအခါ သမ္ပယုတ္တခန္ဓာ သဟိတ်ကမ္မဇရုပ်တို့အား, ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဒုတိယဈာန်ဝိပါက် တတိယဈာန်ဝိပါက်၌ရှိသော ဟိတ် ၃-ပါးသည် ဒုတိယဈာန်ဘုံ၌သာ, စတုတ္ထဈာန်ဝိပါက်၌ရှိသော ဟိတ် ၃-ပါးသည် တတိယဈာန်ဘုံ၌သာ, ပဉ္စမဈာန်ဝိပါက်၌ရှိသော ဟိတ် ၃-ပါးသည် စတုတ္ထဈာန်ဘုံ၌သာ ပဋိ-သန္ဓေအခါ သမ္ပယုတ္တခန္ဓာ သဟိတ်ကမ္မဇရုပ်တို့အား, ပဝတ္တိအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (ဝိထိမှာ မဟာ-ဝိပါက်၏ နည်းအတိုင်း ချရမည်၊ ကြိယာလည်း ကုသိုလ်နှင့် တူပြီ)

၁၁။ ။အရူပကုသိုလ် ၄-ခု၌ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြည်သော ပဋ္ဌဝေါကာရ ၂၂-ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူး

ပြုပေ၏။ ။(အာဒိကမ္မိကဝိထိ, သမာပဇ္ဇနဝိထိ, ချိုးအတိုင်းချ၍ ပစ္စည်းတပ်လေ)

၁၂။ ။မဂ်စိတ် ၄-ခု၌ ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဉ္စဝေါကာရ ၂၂-ဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား, စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပစ္စည်းတပ်ပုံကား — သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရခြင်းငှာ အလိုရှိသော ဝိပဿနာယောဂီဖြစ်သော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် တေဘူမက သင်္ခါရတို့တွင် တပါးပါးကို အာရုံပြု၍ သဗ္ဗေ သင်္ခါရာ အနိစ္စာဟူ၍ရင်း၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ ဟူ၍ရင်း၊ သဗ္ဗေ ဓမ္မာ အနတ္တာ ဟူ၍ရင်း အဖန်တလဲလဲ စီးဖြန်းဖန်များ၍ သောတာပတ္တိမဂ်ကို ရလိုလတ်သော် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ထို့နောင် တေဘူမကသင်္ခါရတို့တွင် တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, ထို့နောင် မဟာကုသိုလ်ပဌမဒွေတို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, နိဗ္ဗာန်ကိုအာရုံပြု၍ ဂေါတြဘူဟု ၄-ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဂေါတြဘူဟု ၃-ကြိမ်၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဇော ကိစ္စဖြစ်၍ ချုပ်၏။

ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက်, မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက်, ဈာန်အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပထမဈာန်စိတ်သည်ရင်း၊ ဈာန်အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ဒုတိယဈာန်စိတ်သည်ရင်း၊ ဈာန်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော တတိယဈာန်စိတ်သည်ရင်း၊ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော စတုတ္ထဈာန်စိတ်သည်ရင်း ဂေါတြဘူသည် မဟာကုသိုလ် တတိယဒွေ တို့တွင် တခုခုဖြစ်အံ့၊ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပဉ္စမဈာန်စိတ်သည်ရင်း၊ နိဗ္ဗာန်ကို အာရုံပြု၍ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားစေခြင်း တည်းဟူသော ကိစ္စလေးပါးကို တပြိုင်နက် တချက်တည်းပြီးစေလျက် မဂ်ကိစ္စတကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် သောတာပတ္တိမဂ်ဇောစေတနာသည် ဖြစ်စေအပ်သော သောတာပတ္တိမဂ်စိတ်နှင့် ဈာန်အင်္ဂါ, အာရုံ အစရှိသောအားဖြင့် တူသော သောတာပတ္တိဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ တိက္ခပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဖိုလ် ဟု ၃-ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဟု ၂-ကြိမ် ဖိုလ်ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၍ ချုပ်၏။

ထိုသို့ဖြစ်သောအခါ သောတာပတ္တိမဂ် စိတ္တက္ခဏ တခုဌ်ရှိသော ဟိတ် ၃-ပါး သည် အပါယ်ကြဉ်သော ပဋိသန္ဓေဝါကာရ ၂၂-ဘုံ၌ ဖြစ်သောအခါ သမ္မယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ( နောက်ဝီထိတို့ ၌လည်း ဤနည်းတူ ပြည့်စုံစွာဆိုလေ )

၁၃။ အကျဉ်းချုံး၍ ရေးလိုက်ပေအံ့။ သောတာပတ္တိမဂ်, သောတာပတ္တိ ဖိုလ်ရပြီးသော သောတာပန် ပုဂ္ဂိုလ်သည် ဓေတဘူမကသခါရတို့တွင် တပါးပါးကို အာရုံပြု၍—

သဗ္ဗေ သင်္ခါရာ အနိစ္စာ ဟူ၍၎င်း၊

သဗ္ဗေ သင်္ခါရာ ဒုက္ခာ ဟူ၍၎င်း၊

သဗ္ဗေ ဓမ္မာ အနတ္တာ ဟူ၍၎င်း—

အဖန်တလဲလဲ စီးဖြန်းဖန်များ၍ သကဒါဂါမိမဂ်, သကဒါဂါမိဖိုလ်ကို ရလိုလတ်သော် ဘဝင်စလန ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာ ကုသိုလ် ပထမဒွေတို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဉပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဝေါဒါန်ဟု ၄-ကြိမ်၊ တိက္ခပညာ ပုဂ္ဂိုလ်အား ဉပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဝေါဒါန်ဟု ၃-ကြိမ် ဝုဋ္ဌာနဂါမိနိဝိပ- ဿနာဇောကိစ္စဖြစ်၍ ချုပ်၏၊ ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက်, ဈာန်အင်္ဂါ ၅-ပါးနှင့်ပြည့်စုံသော သကဒါဂါမိမဂ် ပထမဈာန်စိတ်သည်၎င်း၊ ဈာန်အင်္ဂါ ၄-ပါး နှင့် ပြည့်စုံသော ဒုတိယဈာန်စိတ်သည်၎င်း၊ ဈာန်အင်္ဂါ ၃-ပါးနှင့်ပြည့်စုံသော တတိယဈာန် စိတ်သည်၎င်း၊ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန်စိတ်သည်၎င်း၊ ဝေါဒါန်သည် မဟာကုသိုလ် တတိယဒွေတို့တွင် တခုခုဖြစ်အံ့ ဈာန်အင်္ဂါနှစ်ပါး နှင့်ပြည့်စုံသော သကဒါဂါမိမဂ် ပဉ္စမဈာန်စိတ်သည်၎င်း၊

၁။ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊

၂။ သမုဒယသစ္စာကို ပယ်ခြင်း၊

၃။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊

၄။ မဂ္ဂသစ္စာကို ပွားစေခြင်း—

ဟူသောကိစ္စ ၄-ပါးကို တပြိုင်နက် တချက်တည်းပြီးစေလျက် မဂ်ကိစ္စတ ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောင် သကဒါဂါမိမဂ်ဇော စေတနာသည် ဖြစ်စေအပ် သော သကဒါဂါမိမဂ်စိတ်နှင့် ဈာန်အင်္ဂါ, အာရုံအစရှိသောအားဖြင့် တူသော သကဒါဂါမိဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ တိက္ခပညာပုဂ္ဂိုလ်အား ဖိုလ်,

ဖိုလ်, ဖိုလ်, ဟု ၃-ကြိမ်၊ မန္ဒပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဟု နှစ်ကြိမ် ဖိုလ်ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စ ဖြစ်ယိုက်သရွေ့ ဖြစ်၍ ချုပ်၏။

ထိုသို့ဖြစ်သောအခါ သကဒါဂါမိမဂ်, စိတ္တက္ခဏတခဉ်ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဥ္စဝေါကာရ ၂၂-ဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်တို့အား, စတုဝေါကာရ ဘုံ၌လည်း သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ အနာဂါမိမဂ် ဝီထိ, အရဟတ္တမဂ် ဝီထိ တို့ကိုလည်း ဤနည်းအတူ ဆိုလေ

၁၄။ ။သောတာပတ္တိမဂ် ၅-ပါး၏ ရှေ့၌ကျသော ဂေါတြဘူ ၅-ပါးသည် တိက္ခပညာ, မန္ဒပညာ ပုဂ္ဂိုလ်အားဖြင့် နှစ်ပါးပြားရကား ၂- ခုနှင့်မြှောက် ၁၀-ပါးဖြစ်၏။

ထို ၁၀-ပါးကို သုညတ အပ္ပဏိဟိတ, အနိမိတ္တတည်းဟူသော ဝိပဿနာ ၃-ပါးနှင့်မြှောက် ဂေါတြဘူ ၃၀-ဖြစ်၏။

အထက်မဂ် ၃-ခု၏ရှေ့၌ ကျသော ဝေါဒါန်စိတ်ကိုလည်း ဤနည်းအတူ မြှောက်သော် ၃၀-စီရ၏။

ဂေါတြဘူ ၃၀- ဝေါဒါန် ၃၀×၃-လီအားဖြင့် ၁၂၀-သောစိတ်တို့သည် မနောဒွါရာဝဇ္ဇန်းယူခဲ့သော အာရုံကို အာရုံမပြု၊ နိဗ္ဗာန်ကိုသာ အာရုံပြုကြသောကြောင့် အာဝဇ္ဇန်းကင်းသောစိတ် မည်ကုန်၏။

၁၅။ ။ဖလသမာပတ္တိ ဝီထိဖြစ်ဟန်ကား သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်ကို ရပြီးသော သောတာပန် ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို အာရုံပြု၍ သောတာပတ္တိဖိုလ်ကို ဝင်စားလိုလတ်သော် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, နိဗ္ဗာန်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း၊ ထို့နောင် မဟာကုသိုလ် ပထမဒွေတို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား အနုလုံ, အနုလုံ ဟု ၄-ကြိမ်, တိက္ခပညာပုဂ္ဂိုလ်အား အနုလုံ, အနုလုံ, ဟု ၃-ကြိမ် ဝုဋ္ဌာဂါမိနီဝိပဿနာဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင် သောတာပတ္တိဖိုလ် ပထမ ဈာန်စိတ်သည်၎င်း၊ ဒုတိယ ဈာန်စိတ်သည်၎င်း၊ တတိယ ဈာန်စိတ်သည်၎င်း၊ စတုတ္ထ ဈာန်စိတ်သည်၎င်း၊ စတုတ္ထ အနုလုံသည် မဟာကုသိုလ် တတိယ ဒွေတို့တွင် တခုခုဖြစ်အံ့ ပဉ္စမဈာန်စိတ်သည်၎င်း၊ ဘဝင်အယဉ်ကဲ့သို့ အလိုရှိသောအတိုင်း ဖိုလ်ဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထို့နောင် ဘဝင်ကိစ္စ ဖြစ်ယိုက်သရွေ့ဖြစ်၏။

ထိုသို့ဖြစ်သောအခါ သောတာပတ္တိဖိုလ်, စိတ္တက္ခဏ တခု, တခဉ်ရှိသော ဟိတ် ၃-ပါးသည် အပါယ်ကြဉ်သော ပဥ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ

သမ္ပယုတ္တခန္ဓာ သဟိဇာတ်စိတ္တဇရုပ်တို့အား စတုဝေါကာရ ဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ( အထက်ဖိုလ် ၃-ပါးကိုလည်း ဤနည်းအတူ ဝိထိချလေ။ )

ဤမျှလောက်သော ဝိထိတို့ကို နှုတ်တက်ဆောင်မှ အထက်ပစ္စည်း တပ်ဟန်များကိုလည်း သိနိုင်မည်ဖြစ်၍ ဝိထိကျဟန်တို့ကို အကျဉ်းရေးလိုက်သည်။

သဟိတ်စိတ် ကေသတ္တတိ တို့၏ ဝိထိချဟန်

ဟေတု ပစ္စည်းတပ်ဟန် ပြီး၏။

---

## ၄၀၃-အာရမ္မဏ ပစ္စည်းကို ပြခြင်း

အာရမ္မဏ ပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်–

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန်၊ ၃။ ပစ္စနိက်-အားဖြင့် ၃-ပါး အပြား ရှိကုန်၏။

ထို ၃-ပါးတို့တွင် စိတ်တခုယုတ် ၉၀, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, နိဗ္ဗာန်, ပစ္စည်းထိုက်သော အချို့သော ပညတ် ဤတရားတို့သည် အာရမ္မဏ ပစ္စည်းတပ်သော တရားမည်ကုန်၏။

စိတ်တခုယုတ် ၉၀ ,စေတသိက် ဒွေပညာသ , နာမက္ခန္ဓာ ဤတရားတို့သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။ ။(ပစ္စနိက်ကား-မရှိ)

ထိုပစ္စည်း, ပစ္စယုပ္ပန် နှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏသတ္တိ ဖြင့် ကျေးဇူးပြုပေ၏။

၁။ ။တနည်းအား—

ပစ္စုပ္ပန် ရူပါရုံသည် စက္ခုဝိညာဉ်ဒွေအား,

ပစ္စုပ္ပန် သဒ္ဒါရုံသည် သောတဝိညာဉ်ဒွေအား,

ပစ္စုပ္ပန် ဂန္ဓာရုံသည် ဃာနဝိညာဉ်ဒွေအား,

ပစ္စုပ္ပန် ရသာရုံသည် ဇိဝှါဝိညာဉ်ဒွေအား,

ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဉ်ဒွေအား,

ပစ္စုပ္ပန် ပဉ္စာရုံသည် ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေဟု ဆိုအပ်သော မနောဓာတ် ၃-ခုအား

ကာမစိတ် စတုပညာသ,စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော အာရုံ ၆-ပါးသည် တဒါရုံကောဒသ, ဟသိတုပ္ပါဒ်အား–

လောကီစိတ်ကောသိဘိ,စေတသိက် ဒွေပညာသ, ရုပ်အဌဝီသ,ပညတ် ဟု ဆိုအပ်သော အာရုံ ၆-ပါးသည် အကုသိုလ်ဒွါဒသ,မဟာကုသိုလ်ဉာဏဝိပ္ပယုတ် စိတ် ၄-ခု, မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄-ခု အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ။အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇-ခု,စေတသိက်ဒွေ-ပညာသ,ရုပ်အဌဝီသ,ပညတ် ဟု ဆိုအပ်သော အာရုံ ၆-ပါးသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု,ကုသိုလ်အဘိညာဉ်အား–

ထိုကုသိုလ်အဘိညာဉ်တို့တွင်လည်း ပစ္စုပ္ပန်ဖြစ်သော မိမိ၏ရူပကာယသတ-သဟာယ အစရှိသော နိမ္မိတရုပ် ပါဒကစျာန်ဟုဆိုအပ်သော အာရုံ ၆-ပါးသည် ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်အား–

ဒူရ,ပဋိစ္ဆန္န သဏှ,သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခု ကုသိုလ် အဘိညာဉ်အား–

ဒူရ, ပဋိစ္ဆန္န,သဏှ,သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကုသိုလ် အဘိညာဉ်အား–

လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလ ၃-ပါး၌ တည်သော သူတပါးသန္တာန်၌ရှိသော အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇-ခု, စေတသိက်ဒွေပညာသ ဟု ဆိုအပ်သော ဓမ္မာရုံသည် စေတောပရိယ ကုသိုလ်အဘိညာဉ်အား–

ပုဗ္ဗေနိဝါသဖြစ်သော စိတ် ၈၇-ခု, စေတသိက် ဒွေပညာသ, ရုပ်အဌဝီသ ဟု ဆိုအပ်သော ခန္ဓာငါးပါး, ထိုခန္ဓာ ငါးပါးနှင့်စပ်သော အမည်,အမျိုး,အစရှိ သော ပညတ်, နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆-ပါးသည် ပုဗ္ဗေနိဝါသာ-နုဿတိ ကုသိုလ်အဘိညာဉ်အား–

အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ် ဟုဆိုအပ်သောဓမ္မာရုံသည် ယထာ-ကမ္မူပဂ ကုသိုလ်အဘိညာဉ်အား–

အနာဂတ်ဖြစ်သောစိတ် ၈၇-ခု,စေတသိက်ဒွေပညာသ, ရုပ်အဌဝီသဟုဆို အပ်သော ခန္ဓာငါးပါး, ထိုခန္ဓာငါးပါးနှင့်စပ်သော အမည်,အမျိုးအစရှိသော ပညတ်,နိဗ္ဗာန် ဟုဆိုအပ်သော အာရုံ ၆-ပါးသည် အနာဂတံသကုသိုလ် အဘိညာဉ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ ။စိတ်တခုယုတ် ၉၀,စေတသိက် ဒွေပညာသ, ရုပ်အဌဝီသ,နိဗ္ဗာန် ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါးသည် မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု, ကြိယာအဘိညာဉ်အား–

ထိုကြိယာအဘိညာဉ်တို့တွင်လည်း ပစ္စုပ္ပန်ဖြစ်သော မိမိ၏ ရူပကာယ-သတသဟာယအစရှိသော နိမိတ္တရုပ်, ပါဒကစျာန်ဟုဆိုအပ်သော အာရုံ ၆-ပါးသည် ဣဒ္ဓိဝိဓ ကြိယာအဘိညာဉ်အား—

ဒူရ,ပဋိစ္ဆန္န,သဏှ,သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခုကြိယာ အဘိညာဉ်အား—

ဒူရ,ပဋိစ္ဆန္န,သဏှ,သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကြိယာ အဘိညာဉ်အား—

လွန်လေပြီးသော ၇-ရက်မှစ၍ လာလတ္တံ့သော ၇-ရက်တိုင်အောင် ကာလ ၃-ပါး၌တည်သော သူတပါးသန္တာန်၌ရှိသော စိတ်တခုယုတ် ၉၀,စေတသိက် ဒွေပညာသ ဟုဆိုအပ်သော ဓမ္မာရုံသည် စေတောပရိယကြိယာအဘိညာဉ် အား—

ပုဗ္ဗေနိဝါသဖြစ်သော စိတ်ခုယုတ် ၉၀,စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ခန္ဓာငါးပါး,ထိုခန္ဓာငါးပါးနှင့်စပ်သော အမည်,အမျိုး အစရှိသော ပညတ်,နိဗ္ဗာန်ဟုဆိုအပ်သော အာရုံ ၆-ပါးသည် ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်အား—

အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ် ကံ ဟုဆိုအပ်သော ဓမ္မာရုံသည် ယထာကမ္မူပဂ ကြိယာအဘိညာဉ်အား—

အနာဂတ်ဖြစ်သော စိတ်တခုယုတ် ၉၀,စေတသိက် ဒွေပညာသ ရုပ်အဋ္ဌ-ဝီသ ဟုဆိုအပ်သော ခန္ဓာငါးပါး ထိုခန္ဓာငါးပါးနှင့်စပ်သော အမည် အမျိုး အစရှိသော ပညတ် နိဗ္ဗာန် ဟုဆိုအပ်သော အာရုံ ၆-ပါးသည် အနာဂတံသ ကြိယာအဘိညာဉ်အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၄။ ။ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, ကာယဂတာသတိ၏ အာရုံ ဖြစ်သော ဆံအစရှိသော ကောဋ္ဌာသ ပညတ်, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်,မေတ္တာ,ကရုဏာ,မုဒိတာဟုဆိုအပ် သော ဗြဟ္မဝိဟာရတရား ၃-ပါး၏အာရုံဖြစ်သော အတိုင်းမသိသောသတ္တဝါ ပညတ် ဤ ၂၅-ပါးသော ပညတ်ဟု ဆိုအပ်သော ဓမ္မာရုံသည် ရူပပထမစျာန် စိတ် ၃-ခုအား—

ကသိုဏ်းဆယ်ပါး, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်, မေတ္တာ, ကရုဏာ,မုဒိတာဟူသော ဗြဟ္မဝိဟာရတရား ၃-ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ် ဤ ၁၄-ပါးသော ပညတ်

ဟု ဆိုအပ်သော မမွာရှိသည် ရူပဒုတိယဈာန် ၃-ခု, တတိယဈာန် ၃-ခု, စတုတ္ထဈာန် ၃-ခုအား–

ကသိုဏ်းဆယ်ပါး,အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက် ပညတ်,ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ တရားတပါး၏ အာရုံဖြစ်သော အတိုင်း မသိသော သတ္တဝါပညတ်, ဤ၁၂-ပါးသော ပညတ်ဟု ဆိုအပ်သော မမွာရှိ သည် ရူပပဥ္စမဈာန်စိတ် ၃-ခုအား–

အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါး ကို ခွာ၍ရအပ်သော ကောင်းကင် ပညတ်ဟု ဆိုအပ်သော မမွာရှိသည် အာ-ကာသာနဉ္စာယတနစိတ် ၃-ခုအား–

အာကာသာနဉ္စာယတနကုသိုလ်ဟု ဆိုအပ်သော မမွာရှိသည် ဝိညာဏဉ္စာ-ယတနဝိပါက်အား–

အာကာသာနဉ္စာယတနကုသိုလ်, ကြိယာဟု ဆိုအပ်သော မမွာရှိသည် ဝိညာဏဉ္စာယတနကြိယာအား–

အာကာသာနဉ္စာယတနကုသိုလ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ် ဟု ဆိုအပ်သော မမွာရှိသည် အာကိဉ္စညာယတနကုသိုလ် ဝိပါက်အား–

အာကာသာနဉ္စာယတန ကုသိုလ်ကြိယာ၏ မရှိခြင်းတည်းဟူသော နတ္ထိ-ဘာဝပညတ်ဟု ဆိုအပ်သော မမွာရှိသည် အာကိဉ္စညာယတနကြိယာအား–

အာကိဉ္စညာယတန ကုသိုလ်ဟုဆိုအပ်သော မမွာရှိသည် နေဝသညာ-နာသညာယတနကုသိုလ်အား–

အာကိဉ္စညာယတနကုသိုလ် ကြိယာဟု ဆိုအပ်သောမမွာရှိသည် နေဝ-သညာနာသညာယတနကြိယာအား–

နိဗ္ဗာန်ဟု ဆိုအပ်သော မမွာရှိသည် လောကုတ္တရာစိတ် ရှစ်ခုအား အာရမ္မဏာ သတ္တိဖြင့် ကျေးဇူးပြု၏။

(ဤအကျဉ်းကို မှီ၍ ဝိထိစုံအောင် အကျယ်ချဲ၍ ပစ္စည်းတပ်ရမည်။)

### ၄၀၄–အဓိပတိပစ္စည်းကိုပြခြင်း

အဓိပတိပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ အဓိပတိသည်–

၁။ အာရမ္မဏာဓိပတိ၊

၂။ သဟဇာတာဓိပတိ-

အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် အာရမ္မဏာဓိပတိဖြစ်အံ့ ပစ္စုပ္ပန် ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ, ဒေါသမူဒွေ့, မောဟမူဒွေ့, ဒုက္ခသဟဂုတ်ကာယဝိညာဉ် ကြဉ်သော စိတ် ၈၄-ခု, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၄၇-ခု, နိဗ္ဗာန် ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်း တပ်သော တရားမည်ကုန်၏။

အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခု, မဟာကုသိုလ်စိတ် ရှစ်ခု, မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု, လောကုတ္တရာစိတ် ရှစ်ခု, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာ ကြဉ်သော စေတသိက် ၄၅-ခု, နာမက္ခန္ဓာ ဤတရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားမည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ ။အစိတ်အားဖြင့်ကား အလေးအမြတ် ပြုအပ်သော လောဘမူစိတ် ရှစ်ခု လောကီကုသိုလ် သတ္တရသ, ဒုက္ခသဟဂုတ်ကာယဝိညာဉ် ကြဉ်သော လောကီဝိပါက်ကေတိ°သ ကြိယာစိတ်ဝီသ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသ ဟု ဆိုအပ်သော အာရုံ ၆-ပါးသည် အလေးအမြတ် ပြုတတ်သော လောဘမူ စိတ် ရှစ်ခုအား—

အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသဟု ဆိုအပ်သော ဓမ္မာရုံသည် အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄-ခုအား—

အလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရသ အောက်မဂ် ၃-ခု အောက်ဖိုလ် ၃-ခု နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည် အလေးအမြတ် ပြုတတ် သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုအား—

အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်, နိဗ္ဗာန်ဟု ဆိုအပ် သော ဓမ္မာရုံသည် အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ် ၄-ခုအား—

အလေးအမြတ်ပြုအပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံသည် အလေး အမြတ်ပြုတတ်သော လောကုတ္တရာစိတ် ရှစ်ခုအား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ။သဟဇာတာဓိပတိဖြစ်အံ့ — မောဟမူဒွေ့, ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂-ခု၌ ရှိသောဆန္ဒ, ဝီရိယ, သာဓိပတိဇော ၅၂-ခုဟု ဆိုအပ်

သော စိတ္တ, သာဓိပတိ တိဟိတ်ဇော ၃၄-ခု၌ရှိသော ဝီမံသ ဤတရားတို့သည် သဟဇာတာဓိပတိ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

အဓိပတိတပ်ခိုက် အဓိပတိတရားကိုယ် ကြဉ်သော သာဓိပတိဇော ၅၂-ခု, ဝီရိယ, စိတ္တ ကြဉ်သော စေတသိက် ၈-ပညာသ, သာဓိပတိ စိတ္တဇရုပ် ဤ တရားတို့သည် သာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ ။တနည်းကား — သာဓိပတိဇော ၅၂-ခု၌ရှိသော ဆန္ဒာဓိပတိသည် သာဓိပတိဇော ၅၂-ခု ဆန္ဒ, ဝီရိယ, စိတ္တ ကြဉ်သော စေတသိက်ပညာသ, သာဓိ· ပတိစိတ္တဇရုပ်တို့အား—

သာဓိပတိဇော ၅၂-ခု၌ရှိသော ဝီရိယာဓိပတိသည် သာဓိပတိဇော ၅၂-ခု, ဝီရိယ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ပညာသ, သာဓိပတိ စိတ္တဇရုပ်တို့ အား—

သာဓိပတိဇော ၅၂-ခုဟုဆိုအပ်သော စိတ္တာဓိပတိသည် ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ၈-ပညာသ, သာဓိပတိစိတ္တဇရုပ်တို့အား—

သာဓိပတိတိဟိတ်ဇော ၃၄-ခု၌ရှိသော ဝီမံသာဓိပတိသည် သာဓိပတိ တိဟိတ်ဇော ၃၄-ခု, ဝီမံသ ကြဉ်သော စေတသိက်သတ္တတိံသ, သာဓိပတိ စိတ္တဇ ရုပ်တို့အား သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၄။ ။တနည်းကား—လောဘမူစိတ်ရှစ်ခု၌ရှိသော အဓိပတိတရားကိုယ်၃-ပါး တို့တွင် တပါးပါးသည် ပဓာနဝါကာရဘုံ၌ဖြစ်သောအခါ, သမ္ပယုတ္တခန္ဓာ, သာဓိ· ပတိစိတ္တဇရုပ်တို့အား, စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ—

ဒေါသမူဒွေ၌ရှိသော အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တပါးပါးသည် ကာမ ၁၁-ဘုံ၌သာ သမ္ပယုတ္တခန္ဓာသာဓိပတိစိတ္တဇရုပ်တို့အား—

မဟာကုသိုလ်ရှစ်ခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါးသည် ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သာဓိပတိ စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ—

မဟာကြိယာရှစ်ခု ၌ရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါးသည် အပါယ်ကြဉ်သော ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ သမ္ပယုတ္တ- ခန္ဓာ, သာဓိပတိစိတ္တဇရုပ်တို့အား၊ စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာ

အားသာ သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (ဉာဏသမ္ပယုတ်၌ ၄-ပါး, ဉာဏဝိပ္ပယုတ်၌ ၃-ပါးယှဉ်သည်။)

၅။ ။ရူပကုသိုလ် ၅-ခု, ကြိယာ ၅-ခု၌ရှိသော အဓိပတိတရားကိုယ် ၄-ပါးတို့တွင် တပါးပါးသည် အပါယ်ကြဉ်သော ပဥ္စဝေါကာရဘုံ၌သာ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်တို့အား–

အရူပကုသိုလ် ၄-ခု, ကြိယာ ၄-ခု, လောကုတ္တရာစိတ်ရှစ်ခု၌ရှိသော အဓိပတိတရားကိုယ် ၄-ပါးတို့တွင် တပါးပါးသည် အပါယ်ကြဉ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ, သာဓိပတိစိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ ကား သမ္ပယုတ္တခန္ဓာအားသာ သဟဇာတာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (သာဓိပတိဇောမှကြွင်သော နိရာဓိပတိစိတ်တို့ကို ပစ္စနိက်ယူလေ)

## ၄၀၅-အနန္တရပစ္စည်းကို ပြခြင်း

အနန္တရ ပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်—

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန်- အားဖြင့်နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ရဟန္တာတို့၏စုတိကြဉ်သော ရှေးရှေးသော စိတ်တခုယုတ် ၉၀-စေတသိက်ဒွေပညာသနာမက္ခန္ဓာ ၄-ပါး ဤတရားတို့သည် အနန္တရပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ ၄-ပါး ဤတရားတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ ။တနည်းကား–ပဋိသန္ဓေနာမက္ခန္ဓာသည် ပဌမဘဝင်နာမက္ခန္ဓာအား။ ပဌမဘဝင်အစရှိသော ရှေးရှေးသော နာမက္ခန္ဓာသည် ဒုတိယဘဝင် အစရှိသော နောက်နောက်သော နာမက္ခန္ဓာအား၊ ပဥ္စဝေါကာရဘဝင်္ဂုပစ္ဆေဒ, ၁၅-ခုသည် အာဝဇ္ဇန်းဒွေအား၊ စတုဝေါကာရဘဝင်္ဂုပစ္ဆေဒ ၄-ခုသည် မနောဒွါရာဝဇ္ဇန်းအား။ ပဥ္စဒွါရာဝဇ္ဇန်းသည် ပဥ္စဝိညာဉ်အား၊ ပဥ္စဝိညာဉ်သည် သမ္ပဋိစ္ဆိုင်း ဒွေအား။ သမ္ပဋိစ္ဆိုင်းဒွေသည် သန္တီရဏ ၃-ခုအား၊ သန္တီရဏ ၃-ခုသည် ဝုဋ္ဌော အား၊ ပရိတ္တာရုံဝီထိဖြစ်အံ့— ပဌမဝုဋ္ဌောသည် ဒုတိယဝုဋ္ဌောအား၊ ဒုတိယ ဝုဋ္ဌောသည် ပဥ္စဝေါကာရဘဝင် ၁၅-ခုအား–

အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ ဝီထိဖြစ်အံ့— ဝုဋ္ဌော မနောဒွါရ၊ ဝဇ္ဇန်းသည် ပဌမဇောအား၊ ပဌမဇောသည် ဒုတိယဇောအာ

ဒုတိယဇောသည် တတိယဇောအား၊ တတိယဇောသည် စတုတ္ထဇောအား၊ စတုတ္ထဇောသည် ပဉ္စမဇောအား၊ ပဉ္စမဇောသည် ဆဋ္ဌမဇောအား၊ ဆဋ္ဌမဇောသည် သတ္တမဇောအား—

လောဘမူ, မောဟမူ, မဟာကုသိုလ်ဇောနောင်တဒါရုံကျသည်ဖြစ်အံ့—အဆုံးဇောသည် တဒါရုံကောဒသအား၊ တဒါရုံမကျသည်ဖြစ်အံ့—ဘဝင်ကျေနဝိသအား၊ ဒေါသမူဇောနောင် တဒါကျသည်ဖြစ်အံ့—အဆုံးဇောသည် ဥပေက္ခာတဒါရုံ ၆-ခုအား၊ တဒါရုံမကျသည်ဖြစ်အံ့—ကာမဥပေက္ခာဘဝင် ၆-ခုအား။ ဟသိတုပ္ပါဒ်ဇောနောင်တဒါရုံကျသည်ဖြစ်အံ့—အဆုံးဇောသည် သောမနဿ တဒါရုံ ၅-ခုအား။ တဒါရုံမကျသည်ဖြစ်အံ့—ပဉ္စဝေါကာရတိဟိတ်ဘဝင် ၆-ခုအား—

မဟာကြိယာသောမနဿဇောနောင် တဒါရုံကျသည် ဖြစ်အံ့—အဆုံးဇောသည် သောမနဿတဒါရုံ ၅-ခုအား။ တဒါရုံမကျသည်ဖြစ်အံ့ တိဟိတ်ဘဝင်တေရသအား—

မဟာကြိယာဥပေက္ခာဇောနောင် တဒါရုံကျသည်ဖြစ်အံ့—ဥပေက္ခာတဒါရုံ ၆-ခုအား။ တဒါရုံမကျသည်ဖြစ်အံ့—တိဟိတ်ဘဝင်ကေရသအား။ ပထမတဒါရုံသည် ဒုတိယတဒါရုံအား။ ဒုတိယတဒါရုံသည် ကာမဘဝင် ၁၀-အားအနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ။အပ္ပနာဝီထိ၌ ပရိကံသည် ဥပစာအား, ဥပစာသည် အနုလုံအား, အနုလုံသည် ဂေါတြဘူ ဝေါဒါန်အား, ရှေးရှေး၌ဖြစ်သော အနုလုံသည် နောက်နောက်ဖြစ်သော ဇောတူအနုလုံအား—

ဂေါတြဘူ, ဝေါဒါန်, အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေသည် မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် ၄-ခု, မဂ်သောမနဿသဟဂုတ် ၁၆ခု အောက်ဖိုလ်သောမနဿသဂုတ် ၂၂-ခုအား—

ဂေါတြဘူ, ဝေါဒါန်, အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေသည် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ခု, မဂ်ဥပေက္ခာသဟဂုတ် ၄-ခု-အောက်ဖိုလ် ဥပေက္ခာသဟဂုတ် ၃-ခုအား—

ဝေါဒါန်, အနုလုံကိစ္စတပ်သော မဟာကြိယာ ပထမဒွေသည် မဟဂ္ဂုတ်ကြိယာ သောမနဿ ၄-ခု, အရဟတ္တဖိုလ် သောမနဿ ၄-ခုအား—

ဂေါတြဘူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာ တတိယဒွေသည် မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ ၅-ခု, အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ် တခုအား အနန္တရ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ ။သမာပတ္တိနဝိထိ၌ ရှေးရှေးသော မဟဂ္ဂုတ် ကုသိုလ် ကြိယာဇော သည် နောက်နောက်သော ဇောတူမဟဂ္ဂုတ်ကုသိုလ် ကြိယာအား–

ရူပါဝစရ ကုသိုလ်ကြိယာ အဆုံးဇောသည် ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉-ခုအား–

အာကာသာနဉ္စာယတန ကုသိုလ်ကြိယာအဆုံးဇောသည် ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခု, အာကာသာနဉ္စာယတနဘဝင်အား–

ဝိညာဏဉ္စာယတန ကုသိုလ်ကြိယာအဆုံးဇောသည် ပဉ္စဝေါကာရတိဟိတ် ဘဝင် ၉-ခု, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန ဘဝင်အား–

အာကိဉ္စညာယတန ကုသိုလ်ကြိယာအဆုံးဇောသည် ပဉ္စဝေါကာရတိဟိတ် ဘဝင် ၉-ခု, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန ဘဝင်အား–

နေဝသညာနာသညာယတနကုသိုလ် အဆုံးဇောသည် တိဟိတ်ဘဝင်တေ- ရသ,နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်အား–

နေဝသညာနာသညာယတနကြိယာ အဆုံးဇောသည် တိဟိတ်ဘဝင် တေ- ရသ, နိရောဓသမာပတ်မှ ထသောအခါအရဟတ္တဖိုလ်အား–

သောတာပတ္တိမဂ်သည် သောတာပတ္တိဖိုလ်အား။ သကဒါဂါမိမဂ်သည် သက- ဒါဂါမိဖိုလ်အား။ အနာဂါမိမဂ်သည် အနာဂါမိဖိုလ်အား။ အနာဂါမိမဂ်သည် အနာဂါမိဖိုလ်အား။ အရဟတ္တမဂ်သည် အရဟတ္တဖိုလ်အား–

ရှေးရှေးသော ဖိုလ် ၄-ခုသည် နောက်နောက်ဖြစ်သော ဇောတူဖိုလ်လေး ခုအား–

ဖိုလ်လေးခုအဆုံးဇောသည် တိဟိတ်ဘဝင်တေရသအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၄။ ။မရဏာသန္နဝိထိ၌ ဇောနှောင် စုတိတို့တွင် အကုသိုလ် ဇောနှောင် စုတိဖြစ်အံ့ အဆုံးဇောသည် ကာမစုတိ ၁၀-အား–

မဟာကုသိုလ်ဇောနှောင် စုတိဖြစ်အံ့ အဆုံးဇောသည် စုတိကျေနဝိသအား ကြိယာဇောနှောင် စုတိဖြစ်အံ့ အဆုံးဇောသည် တိဟိတ်စုတိ တေရသအား–

တဒါရုံနောင်စုတိဖြစ်အံ့ ဒုတိယတဒါရုံသည် ကာမစုတိ ၁၀-အား–

ဘဝင်နောင် စုတိဖြစ်အံ့ ဘဝင်ကျေနုဝိသသည် စုတိကျေနုဝိသအား–

ဒွိဟိတ်, အဟိတ် စုတိသည် ကာမပဋိသန္ဓေ ၁၀- အား–

ကာမတိဟိတ်စုတိ ၄-ခုသည် ပဋိသန္ဓေကျေနုဝိသအား–

ရူပစုတိ ၅-ခုသည် သဟိတ် ပဋိသန္ဓေသတ္တရသအား–

အာကာသာနဉ္စာယတနစုတိသည် အရူပပဋိသန္ဓေ ၄-ခုကာမတိဟိတ်ပဋိသန္ဓေ ၄-ခုအား–

ဝိညာဏဉ္စာယတနစုတိသည် ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, ပဋိသန္ဓေ ၃- ခု, ကာမတိဟိတ်ပဋိသန္ဓေ ၄-ခုအား။

အာကိဉ္စညာယတနစုတိသည် အာကိဉ္စညာယတန, နေဝသညာနာသညာယတန, ပဋိသန္ဓေ ၂- ခု ကာမတိဟိတ်ပဋိသန္ဓေ၄-ခုအား။

နေဝသညာနာသညာယတနစုတိသည် နေဝသညာနာသညာယတန ပဋိသန္ဓေ ၄-ခုအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ရုပ်အင်္ဂဝိသကား ပစ္စနိက်။ (သမနန္တရလည်း ထိုပြီ)

အနန္တရပြီး၏။

၄၀၆-သဟဇာတပစ္စည်းကိုပြခြင်း

သဟဇာတပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သချုပ်တို့သည်–

၁။ ပစ္စည်း ၂။ ပစ္စယုပ္ပန်- အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး, စိတ္တဇ, ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ,ဉတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ အားဖြင့် ၇-စွန်းသော မဟာဘုတ် ၄-ပါး, ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ဤတရားတို့သည် သဟဇာတ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး, စိတ္တဇ,ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ, ဉတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိဉပါဒါရုပ်နှင့်တကွ အလုံးစုံသောမဟာဘုတ် ၄-ပါး ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ ။တနည်းကား အလုံးစုံသော ပဋ္ဌာနပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါး တို့တွင် တပါးပါးသော နာမက္ခန္ဓာသည် ပစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ၃-ပါး, ၃-ပါးသော နာမက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား စတုဝေါ-ကာရဘုံ၌ကား ၃-ပါး, ၃-ပါးသော နာမက္ခန္ဓာအားသာ။ ၃-ပါး ၃-ပါးသော နာမက္ခန္ဓာသည် ပစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ တပါး, တပါးသော နာမ-က္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား တပါး တပါးသော နာမက္ခန္ဓာအားသာ။ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာသည် ပစ္စ-ဝေါကာရဘုံ၌ ဖြစ်သောအခါ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား နှစ်ပါးနှစ်ပါးသော နာမ-က္ခန္ဓာအားသာ ၄-ပါးသော နာမက္ခန္ဓာသည် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် တို့အား—

၇-စွန်းသောမဟာဘုတ် ၄-ပါးတို့တွင် တပါးတပါးသော မဟာဘုတ်သည် ၃- ပါး, ၃-ပါးသော မဟာဘုတ် ဥပါဒါရုပ်တို့အား။ ၃-ပါး, ၃-ပါးသော မဟာဘုတ်သည် တပါးတပါးသော မဟာဘုတ်, ဥပါဒါရုပ်တို့အား။ နှစ်ပါးနှစ် ပါးသော မဟာဘုတ်သည် နှစ်ပါးနှစ်ပါးသော မဟာဘုတ်, ဥပါဒါရုပ်တို့အား။ ၄-ပါးသောမဟာဘုတ်သည် ဥပါဒါရုပ်အား။ ပစ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုတို့တွင် တပါးတပါး, ၃-ပါး ၃-ပါး, ၂-ပါး ၂-ပါး,၄-ပါးသော နာမ-က္ခန္ဓာသည် ဟဒယဝတ္ထုအား။ ဟဒယဝတ္ထုသည် တပါးတပါး, ၃-ပါး ၃-ပါး, ၂-ပါး ၂-ပါး, ၄-ပါးသော နာမက္ခန္ဓာအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု ပေ၏။

၂။ ။တနည်းကား လောဘမူရှစ်ခု, နာမက္ခန္ဓာ ၄-ပါးတို့တွင် တပါးပါး သော နာမက္ခန္ဓာသည် ပစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ၃-ပါး၃-ပါးသော နာမက္ခန္ဓာ စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား ၃-ပါး ၃ပါးသော နာမ-က္ခန္ဓာအားသာ။ ၃-ပါး ၃-ပါးသော နာမက္ခန္ဓာသည် ပစ္စဝေါကာရဘုံ၌ဖြစ်သော အခါ တပါးတပါးသော နာမက္ခန္ဓာ, စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား တပါးတပါးသော နာမက္ခန္ဓာအားသာ—

နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာသည် ပစ္စဝေါကာရဘုံ၌ ဖြစ်သောအခါ နှစ်ပါးနှစ်ပါးသော နာမက္ခန္ဓာ, စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား နှစ် ပါးနှစ်ပါးသော နာမက္ခန္ဓာအားသာ။ ၄-ပါးသောနာမက္ခန္ဓာသည် စိတ္တဇရုပ်တို့

အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ။ဤနည်းအတူ စိတ်တခုယုတ် ၉၀-ဥဒ်ဆိုလေ။ ။ပစ္စနိက်မရှိ။

သဟဇာတပစ္စည်းပြီး၏။

## ၄၀၇-အညမညပစ္စည်းကိုပြခြင်း

အညမညပစ္စယောတိ ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်-

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် အချင်းချင်းအားလျော်သော အလုံးစုံသော ပဝတ္တိ, ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါးအချင်းချင်းအား ထောက်သော ပဋိသန္ဓေကမ္မဇ, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇ အားဖြင့် ၇-မျိုးသောမဟာဘုတ် ၄-ပါး, ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု ဤတရားတို့သည် အညမညပစ္စည်းဖြစ်သော တရားတို့မည်ကုန်၏။ ။ ၎င်းတရားတို့သည်ပင် ပစ္စယုပ္ပန် တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အညမညသတ္တိဖြင့် ကျေးဇူးပြုပေ၏။

(သဟဇာတအတိုင်းတွင် ဥပါဒါရုပ်ကိုသာ ချန်ရမည်။ အကျယ်ကိုလည်း သဟဇာတပစ္စည်းကဲ့သို့ စိတ်ကုန်ဆိုလေ)

အညမညပစ္စည်းပြီး၏။

## ၄၀၈-နိဿယပစ္စည်းကို ပြခြင်း

နိဿယပစ္စယောတိ ဟူသော ပစ္စယုဒ္ဒေသ၌ နိဿယသည်-

၁။ သဟဇာတနိဿယ၊ ၂။ ပုရေဇာတနိဿယ-အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် သဟဇာတနိဿယဖြစ်အံ့ သဟဇာတနှင့်တူ၏။ ပုရေဇာတ နိဿယ သည်လည်း-

၁။ ဝတ္ထုပုရေဇာတနိဿယ၊

၂။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ-

အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ဝတ္ထုပုရေဇာတဖြစ်အံ့ ပဝတ္တိအခါ ဆဝတ္ထု ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်း တပ်သောတရားတို့မည် ကုန်၏။

ပဋိသန္ဓေကာလ၌ ဖြစ်သောအခါ အရူပဝိပါက်၄ -ခုကြဉ်သောစိတ်၇၅-ခု ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန် တရားတို့အား နိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ ပစ္စည်းတပ်ဟန်ကား-ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်ပြိုင်သော ဟဒယ-ဝတ္ထုသည် ပထမဘဝင်အား။ ပထမဘဝင်အစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် ဒုတိယဘဝင်အစရှိသော နောက်နောက်ဖြစ်သောစိတ်အား-

ပဉ္စဝေါကာရ ဘဝင်္ဂပစ္ဆေဒ ၁၅-ခုနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် အာဝဇ္ဇန်းဒွေအား-

မန္ဒာ,မန္ဒ,မဇ္ဈိမာယုက အားဖြင့် ၃-ပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့်အတူဥပါဒ်သော စက္ခုဝတ္ထုသည် စက္ခုဝိညာဉ်ဒွေအား။ ၎င်းနည်းဥပါဒ်သော သောတဝတ္ထုသည် သောတဝိညာဉ်ဒွေအား။ ဃာနဝတ္ထုသည် ဃာနဝိညာဉ်ဒွေအား။ ဇိဝှါဝတ္ထုသည် ဇိဝှါဝိညာဉ်ဒွေအား။ ကာယဝတ္ထုသည် ကာယဝိညာဉ်ဒွေအား-

ပဉ္စဝိညာဉ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် သမ္ပဋိစ္ဆိုင်းဒွေအား။ သမ္ပဋိစ္ဆိုင်းဒွေနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် သန္တီရဏ ၃-ခုအား။ သန္တီရဏ ၃-ခုနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဝုဋ္ဌောအား-

ပရိတ္တာရုံဝီထိဖြစ်အံ့ ပထမဝုဋ္ဌောနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဒုတိယဝုဋ္ဌောအား။ ဒုတိယဝုဋ္ဌောနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပဉ္စဝေါကာရ ဘဝင် ၁၅-ခုအား-

အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ, ဝီထိဖြစ်အံ့-ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းနှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပထမဇောအား။ ပထမဇောနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ဒုတိယဇောအား။ ပ။ ဆဋ္ဌ-ဇောနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် သတ္တမဇောအား-

လောဘမူ,မောဟမူ,မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့-အဆုံးဇောနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် တဒါရုံကောဒသအား။ တဒါရုံမကျသည်ဖြစ်အံ့-ပဉ္စဝေါကာရ ဘဝင် ၁၅-ခုအား-

ဒေါသမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့–အဆုံးဇောနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဥပေက္ခာတဒါရုံ ၆-ခုအား။ မကျသည်ဖြစ်အံ့–ကာမဥပေက္ခာဘဝင် ၆-ခုအား–

ဟသိတုပ္ပါဒ် မဟာကြိယာ သောမနဿဇောနောင် တဒါရုံကျသည်ဖြစ်အံ့–အဆုံးဇောနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် သောမနဿတဒါရုံ ၅-ခုအား။ မကျသည်ဖြစ်အံ့–ပဉ္စဒွါရာဝဇ္ဇနကြိယာဘဝင် ၉-ခုအား–

မဟာကြိယာ ဥပေက္ခာသဟဂုတ်ဇောနောင်, တဒါရုံကျသည်ဖြစ်အံ့ အဆုံးဇောနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဥပေက္ခာတဒါရုံ ၆-ခုအား။ မကျသည်ဖြစ်အံ့–ပဉ္စဝေါကာရတိဟိတ်ဘဝင် ၉-ခုအား။ ပထမတဒါရုံနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဒုတိယတဒါရုံအား။ ဒုတိယတဒါရုံနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ကာမဘဝင် ၁၀-အား–

အပ္ပနာဝီထိ၌ ပရိကံနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် ဥပစာအား။ ဥပစာနှင့်အတူဥပါဒ်သော ဟဒယဝတ္ထုသည် အနုလုံအား။ အနုလုံနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် ဂေါတြဘူ ဝေါဒါန်အား၊ ရှေးရှေးဖြစ်သော အနုလုံနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် နောက် နောက်ဖြစ်သော ဇောတူ အနုလုံအား–

ဂေါတြဘူ, ဝေါဒါန်, အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် မဟဂ္ဂုတ်ကုသိုလ် သောမနဿ သဟဂုတ် ၄-ခု, မဂ်သောမနဿ သဟဂုတ် ၁၆-ခု, အောက်ဖိုလ်သောမနဿ သဟဂုတ် ၁၂-ခုအား–

ဂေါတြဘူ, ဝေါဒါန်, အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် တတိယဒွေနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ခု, မဂ်ဥပေက္ခာသဟဂုတ် ၄-ခု, အောက်ဖိုလ်ဥပေက္ခာသဟဂုတ် ၃-ခုအား–

ဂေါတြဘူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာပထမဒွေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် မဟဂ္ဂုတ်ကြိယာသောမနဿသဟဂုတ် ၄-ခု, အရဟတ္တဖိုလ်, သောမနဿသဟဂုတ် ၄-ခုအား–

ဂေါတြဘူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာ တတိယဒွေနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုသည် မဟဂ္ဂုတ်ကြိယာ ဥပေက္ခာသဟဂုတ် ၅-ခု, အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ် တခုအား–

သမာပတ္တိနဝိထိ၌ ရှေးရှေး၌ဖြစ်သော မဟာကုသိုလ်ကြိယာဇောနှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထုသည် နောက်နောက်၌ဖြစ်သော ဇောတူ မဟဂ္ဂုတ် ကုသိုလ် ကြိယာဇောအား–

မဟဂ္ဂုတ် ကုသိုလ်ကြိယာ ဇောနှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထုသည် ပစ္ဆာဇာတ ပစ္စယ ဝိပါက ပဋိသန္ဓိ–ခုအား–

နိရောဓသမာပတ်မှ ထသောအခါ ရှေးစိတ္တက္ခဏတချက်၌ ဥပါဒ်ခန့်ကာ· လမျှ၌ရှိသော ဟာဒယဝတ္ထုသည် အနာဂါမိဖိုလ်,အရဟတ္တဖိုလ်အား–

မဂ် ၄-ခုနှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုသည် ဖိုလ် ၄-ခုအား။ ရှေးရှေး ဖြစ်သော ဖိုလ် ၄-ခုနှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုသည် နောက်နောက် ဖြစ်သော ဇောတူဖိုလ်လေးခုအား–

ဖိုလ် ၄-ခု,အဆုံးဇောနှင့် အတူဥပါဒ်သော ဟာဒယဝတ္ထုသည် ပစ္ဆာဇာတ တိဟိတ်ဘဝင် ၉-ခုအား–

မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုသည် ပစ္ဆာဇာတဘဝင် ၁၅-ချက်, အာဝဇ္ဇန်းဒွေ့,သမ္ပဋိစ္ဆိုင်းဒွေ့,သန္တီရဏ ၃-ခု, ဝုဋ္ဌော, မရဏာသန္နဇော ၅-ချက်, တဒါရုံ ၂-ချက်,ဂုတိအား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏ ဟူလို သော်။

၂။ ။ဝတ္ထာရမ္မဏပုရေဇာတဖြစ်အံ့ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟာဒယဝတ္ထုသည် ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်း တပ်သောတရားမည်ကုန်၏။

ပစ္ဆာဇာတဘဝင် ၁၅-ချက်, အာဝဇ္ဇန်းဒွေ့, သမ္ပဋိစ္ဆိုင်းဒွေ့, သန္တီရဏ ၃-ခု, ဝုဋ္ဌော, မရဏာသန္နဇော ၅-ချက်, တဒါရုံ နှစ်ချက်, စုတိ ဤတရားတို့ သည် ထိုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ဝတ္ထာရမ္မဏပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဤပစ္စည်းခက်ခဲဟန်အမြွက်ကား—

ဝတ္ထု စ တံ အာရမ္မဏဥ္စာတိ ဝတ္ထာရမ္မဏံ။

ယံမမ္မဇာတံ၊ အကြင်တရားသဘောသည်။ ဝတ္ထု စ၊ မှီရာလည်းဟုတ်၏။ တံ၊ ထိုမှီရာသည်။ အာရမ္မဏဥ္စ၊ အာရုံလည်းဟုတ်၏။ ဣတိ၊ ထိုနှစ်ပါးသော

သတ္တိကြောင့်။ ဝတ္ထာရမ္မဏ၊ ဝတ္ထာရမ္မဏ မည်၏။ မှီရာလည်းဖြစ်, အာရုံလည်း ဖြစ်၍ ကျေးဇူးပြုတတ်သော တရားဟူလိုသည်။

၃။ ။မရဏာသန္နအခါ သတ္တဝါဟူသမျှသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတွင် တပါးပါးကို အာရုံပြုသည် မဟုတ်ပါလော ဟဒယဝတ္ထုကို ဘယ်သို့ အာရုံပြုနိုင်အံ့နည်းဟူငြားအံ့—

တံ ကမ္မကရဏကာလေ ရူပါဒိကမ္မာလဒ္ဓ ပစ္စုပ္ပန္နရဏာဘူတဥ္စ—

ဟူ၍ အဋ္ဌကထာဆိုသည်နှင့်အညီ ရူပါဒိကံ၌ အာဒိဝန်ဖြင့် ဓမ္မာရုံကို ယူသင့် ရကား ဟဒယဝတ္ထုသည် ဓမ္မာရုံကမ္မနိမိတ်ဖြစ်သည် ဟူပေ။

ဤဟဒယဝတ္ထုသည် ဓမ္မာရုံဆိုသော် သင့်တန်စေ—ကမ္မနိမိတ်ဟူရာ၌ ပဋိ-သန္ဓေကို ဖြစ်စေနိုင်သောကံ၏ အာရုံကိုသာ ကမ္မနိမိတ်ဆိုသည်။ ပဋိသန္ဓေကို မဖြစ်စေနိုင်သော အာရုံသာမန်ကို ကမ္မနိမိတ်မဆို။ ဤဟဒယဝတ္ထုသည် ဘယ် သို့ ကံ၏အာရုံဖြစ်နိုင်အံ့နည်း။

စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ပ။ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ—

ဟူ၍ ပဋ္ဌာန်း၌ ဟောတော်မူသည်နှင့်ညီစွာ ဟဒယဝတ္ထုကို လက္ခဏာရေး တင်၍ စီးဖြန်းသော ပုဂ္ဂိုလ်အား ဝိပဿနာဇော တည်းဟူသော ကံ၏အာရုံ ဖြစ်ကောင်း၏။ ထို့ကြောင့် ကမ္မနိမိတ်ဖြစ်သည်ဟူ၍ မဏိသာရမဉ္ဇူ တတိယ ပိုင်း၌ ဆိုသည်။

ဤဟဒယဝတ္ထုကို ဓမ္မာရုံကမ္မနိမိတ်ဆိုသော် ဓမ္မာရုံကို မနောဒွါရဖြင့်သာ ယူသည်မဟုတ်လော ပဉ္စဒွါရိကစိတ်တို့သည် ဘယ့်ကြောင့် ပစ္စယုပ္ပန်ဖြစ်သနည်း။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော—

ဟူ၍ ဘုရားပင် ဟောတော်မူသောကြောင့် ပဉ္စဒွါရိက စိတ်တို့လည်း ပစ္စ-ယုပ္ပန်ဖြစ်၏ ဟူပေ။

ဤပါဠိ၌ မှီရာဖြစ်ကြောင်းကိုသာ ဟောသည်။ အာရုံဖြစ်ကြောင်းကို မဟောတကားဟူငြားအံ့။ ဤပါဠိဖြင့် ဝတ္ထုပုရေဇာတ, ဝတ္ထာရမ္မဏပုရေဇာတ ၂-ပါးကို ပြသည်ဟု အဋ္ဌကထာ ဆိုခြင်းကြောင့် မှီရာ အာရုံ နှစ်ပါးကိုပင် ယူသင့်၏ ဟူပေ။

မဏိသာရမဉ္ဇူဆရာကား-ဓရဏာသန္နကာလ၌ ဓမ္မာရုံကမ္မနိမိတ်ကို ပဉ္စဒွါရိကစိတ်တို့ ယူ၏ဟု အာဘောဝ်ရှိသည်။

ပဋ္ဌာနသာရဒီပနီဋီကာ၌ကား ဓမ္မာရုံကမ္မနိမိတ်ကို မနောဒွါရိက စိတ်တို့သာ ယူသည်။ ပဉ္စဒွါရိကစိတ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် ဟောတော်မူသည်မှာ ပဝတ္တိအခါ အတိမဟန္တာရုံဖြင့် ယူသည်ကို ရည်၍ ဟောသည်ဟု ဆိုသည်။ ထိုဋီကာ၌ များစွာသော ဝါဒကို ပြလျက် ကျယ်ဝန်းစွာ ဆို၏။

နိဿယပစ္စည်းပြီး၏။

၄၀၉-ဥပနိဿယပစ္စည်းကိုပြခြင်း

ဥပနိဿယပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ဥပနိဿယသည်-

၁။ အာရမ္မဏူပနိဿယ၊ ၂။ အနန္တရူပနိဿယ၊

၃။ ပကတူပနိဿယအားဖြင့် ၃-ပါးအပြားရှိ၏။

ထို ၃-ပါးတို့တွင် အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့် တူ၏။ အနန္တရူပနိဿယသည် အနန္တရ နှင့်တူ၏။

ပကတူပနိဿယသည် ဖြစ်အံ့ ဗလဝဖြစ်သော စိတ်တခုယုတ် ၉၀-စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, ပညတ် ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

စိတ်တခုယုတ် ၉၀, စေတသိက် ဒွေပညာသ, နာမက္ခန္ဓာ ၄-ပါး ဤတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား...ဗလဝဖြစ်သော စိတ်တခုယုတ် ၉၀, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, ပညတ် ဤတရားတို့သည် ကုသိုလ်ကေဝီသ, ဝိပါက်ဆတ္တိံသ, ကြိယာဝီသ စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့အား-

လောကီစိတ် ကောသီတိ, စေတသိက်ဒွေပညာသ, ရုပ်အဋ္ဌဝီသ, ပညတ် ဤတရားတို့သည် အကုသိုလ်ဒွါဒသ, နာမက္ခန္ဓာတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဥပနိဿယပစ္စည်း ပြီး၏။

## ၄၁၀-ပုရေဇာတ ပစ္စည်းကို ပြခြင်း

ပုရေဇာတ ပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ ပုရေဇာတသည်–

၁။ အာရမ္မဏပုရေဇာတ၊ ၂။ ဝတ္ထုပုရေဇာတ-အားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် အာရမ္မဏ ပုရေဇာတဖြစ်အံ့ ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ ဤတရားတို့သည် အာရမ္မဏ ပုရေဇာတပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

ကာမစိတ် စေတသိက်ပညာသ, အဘိညာဉ်ဒွေ, အရူပညာ ကြဉ်သော စေတသိက်ပညာသ ဤတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန် တရားတို့အား အာရမ္မဏ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား–ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဝိညာဉ်ဒွေအား။ ပ ။ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဉ်ဒွေအား ။ ပစ္စုပ္ပန်ပဉ္စာရုံသည် ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေ ဟုဆိုအပ်သော မနောဓာတ် ၃-ခုအား။ ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသသည် ကာမဇောတခုယုတ် ၃၀, တဒါရုံကောဒေသ, မနောဒွါရာဝဇ္ဇန်းအား။ ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခု ကုသိုလ်ကြိယာ အဘိညာဉ်အား။ ပစ္စုပ္ပန်သဒ္ဒါရုံသည် ဒိဗ္ဗသောတကုသိုလ်, ကြိယာ အဘိညာဉ်အား။ အာရမ္မဏ ပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုပေ၏။ ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတ နိဿယနှင့် တူ၏။

ပုရေဇာတ ပစ္စည်း ပြီး၏။

---

## ၄၁၁-ပစ္ဆာဇာတ ပစ္စည်းကို ပြခြင်း

ပစ္ဆာဇာတ ပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်–

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန်-အားဖြင့် နှစ်ပါး အပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ပဋိသန္ဓေဝါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်သော စိတ် ၈၅-ခု, နာမက္ခန္ဓာ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်၏ ခဏ ၃-ပါး၌ပါသော ကမ္မဇ, ဥတုဇ, စိတ္တဇ, အာဟာရဇ ဤ တရားသည် ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန် တရားတို့အား ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ ပစ္စည်းတပ်ဟန်ကား–ထင်ရှားရှိသော ဘဝမှ ရွေ့လျောသောအားဖြင့် ပစ္စုပ္ပန်ဘဝအဆုံး စုတိဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ဘာဂ်စလန, ဘဝင်္ဂုပစ္ဆေဒ, ထိုနောင် နိမိတ် ၃-ပါးတွင် တပါးပါးကို အာရုံပြု၍ အာဝဇ္ဇန်းဒွေ့, သမ္ပဋိစ္ဆိုင်းဒွေ့, သန္တီရဏ ၃-ခု, ဝုဋ္ဌော, မရဏာသန္နဇော ၅-ချက်, တဒါရုံ ၂-ချက် စုတိ ဖြစ်၍ ချုပ်၏။

ထိုနောင် ပဋိသန္ဓေ, ဘဝင် ၁၅-ကြိမ်, ၁၆-ကြိမ်, မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိဇော ၇ကြိမ်, ထိုနောင် ဘဝင်္ဂစ္စဖြစ်၍ ချုပ်၏။

တိုသို့ဖြစ်သောအခါ သံသေဒဇ, ဩပပါတိက ပုဂ္ဂိုလ်တို့အား စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ဟုဆိုအပ်သော ကမ္မဇကလာပ် ၇-စည်းတို့သည် ပဋိသန္ဓေမှစ၍ စုတိစိတ်၏ ရှေးသတ္တရသမစိတ်၏ ဥပါဒ်တိုင်အောင် ခပ်သိမ်းသောစိတ်တို့၏ ဥပါဒ်, ဌီ, ဘင် ဟု ဆိုအပ်သော ခဏ ၃-ပါး၌ ဖြစ်ကုန်၏။

ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ဟုဆိုအပ်သော ကမ္မဇကလာပ် ၃-စည်းတို့သည် ပဋိသန္ဓေမှစ၍ စုတိစိတ်၏ ရှေးသတ္တရသမစိတ်၏ ဥပါဒ်တိုင်အောင်။

စက္ခုဒသကသည် သတ္တမသတ္တာဟမှစ၍, သောတဒသကသည် အဋ္ဌမသတ္တာဟမှစ၍, ဃာနဒသကသည် နဝမသတ္တာဟမှစ၍, ဇိဝှါဒသကသည် ဒသမသတ္တာဟမှစ၍ စုတိစိတ်၏ရှေး သတ္တရသမစိတ်၏ ဥပါဒ်တိုင်အောင် ခပ်သိမ်းသော စိတ်တို့၏ ဥပါဒ်, ဌီ, ဘင် ဟုဆိုအပ်သော ခဏ ၃-ပါး၌ ဖြစ်ကုန်၏။

ရူပပုဂ္ဂိုလ်တို့အား စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကကလာပ်ဟု ဆိုအပ်သော ကမ္မဇကလာပ် ၄-စည်းတို့သည် ပဋိသန္ဓေမှစ၍ စုတိစိတ်၏ရှေး သတ္တရသမစိတ်၏ ဥပါဒ်တိုင်အောင် ခပ်သိမ်းသောစိတ်တို့၏ဥပါဒ်, ဌီ, ဘင် ဟုဆိုအပ်သော ခဏ ၃-ပါး၌ ဖြစ်ကုန်၏။

စက္ခုဒသက အစရှိသော ကမ္မဇရုပ်၌ပါသော တေဇောဓာတ်ဟု ဆိုအပ်သော ဥတုသည် ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ဥတုဇအဋ္ဌကကလာပ်ရုပ်ကို ဖြစ်စေ၏။ ထိုအခါမှစ၍ ဥတုဇကလာပ် ၄-စည်းတို့တွင် တစည်းစည်းသည် မတကဋ္ဌေဝရ ဖြစ်သည်ဟု ဆိုအပ်သည်ဟိုင်အောင် ခပ်သိမ်းသော စိတ်တို့၏ ခဏ ၃-ပါး၌ ဖြစ်ကုန်၏။

ပဋိသန္ဓေနောင် ပထမဘဝင်ဟုဆိုအပ်သော ဒုတိယစိတ်သည် မိမိဥပါဒ်သောအခါ စိတ္တဇအဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ထိုအခါမှစ၍ စိတ္တဇကလာပ် ၆-စည်းတို့တွင် တစည်းစည်းသည် စုတိတိုင်အောင် အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော စိတ် ၇၅-ခုတို့၏ ဥပါဒ်ခဏလျှင် ဖြစ်ကုန်၏။

သံသေဒဇ, ဥပပါတ်တို့အား တံတွေးမျိုခြင်း အစရှိသော အာဟာရကို သုံးဆောင်သော အခါ။

ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား နှစ်သတ္တာပတ်လွန်၍ အမိမျိုသောအာဟာရ နှံ့သောအခါ ကဗဠီကာရ အာဟာရဟုဆိုအပ်အောသြဇာသည် အာဟာရဇ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။

ထိုအခါမှ စ၍ အာဟာရဇကလာပ်နှစ်စည်းတို့တွင် တစည်းစည်းသည် စုတိတိုင်အောင် ခပ်သိမ်းသောစိတ်တို့၏ ဥပါဒ်, ဌီ, ဘင် ဟုဆိုအပ်သော ခဏ ၃-ပါး၌ ဖြစ်ကုန်၏။

ထိုသို့ဖြစ်သောအခါ ပထမဘဝင်စိတ်သည် ပဋိသန္ဓေ စိတ်၏ ဥပါဒ်၌ ပါသော ကမ္မဇရုပ်ဟုဆိုအပ်သော ဧကဇကာယ, ပဋိသန္ဓေစိတ်၏ ဌီ,ဘင်၌ ပါသော ကမ္မဇ, ဥတုဇ ဟုဆိုအပ်သော ဒွိဇကာယအား-

ဒုတိယဘဝင် အစရှိသော နောက်နောက်သော စိတ်သည် ပထမဘဝင် အစရှိသော ရှေးရှေးသောစိတ်၏ ခဏ ၃-ပါး၌ပါသော ကမ္မဇ, စိတ္တဇ, ဥတုဇ ဟုဆိုအပ်သော တိဇကာယအား-

အာဟာရဖြစ်၍ နှံ့သောအခါ နောက်နောက်ဖြစ်သော စိတ်သည် ရှေးရှေးသောစိတ်၏ ခဏ ၃-ပါး၌ပါသော တိဇ, ဥတုဇကာယအား-

အာဝဇ္ဇန်းဒွေသည် ပဉ္စဝေါကာရဘဝင် ၁၅-ခု၏ ခဏသုံးပါး၌ ပါသော တိဇ, ဥတုဇကာယအား-

ပဉ္စဝိညာဉ်သည် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇ-ကာယအား-

သမ္ပဋိစ္ဆိုင်းဒွေသည် ပဉ္စဝိညာဉ်၏ ခဏ ၃-ပါး၌ ပါသော ဒွိဇ, တိဇ ကာယအား-

သန္တီရဏ ၃-ခုသည် သမ္ပဋိစ္ဆိုင်း၏ ခဏ ၃-ပါး၌ပါသော တိဇ စတုဇကာယအား-

ဝုဋ္ဌာသည် သန္တိရဏ ၃-ခု၏ ခဏသုံးပါး၌ ပါသော တိဇ,စတုဇ, ကာယ အား–

အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံဝီထိဖြစ်အံ့ ပထမဇော သည် ဝုဋ္ဌာ,မနောဒွါရာဝဇ္ဇန်း၏ ခဏ ၃ ပါး၌ပါသော တိဇ,စတုဇကာယအား–

ဒုတိယဇောသည် ပထမဇော၏ ခဏသုံးပါး၌ပါသော တိဇ,စတုကာဇယအား ။ပ။သတ္တမဇောသည် ဆဋ္ဌဇော၏ ခဏ၃-ပါး၌ပါသော တိဇ, စတုဇကာယအား–

လောဘမူ, မောဟမူ, မဟာကုသိုလ် ဇောနှောင် တဒါရုံ ကျသည်ဖြစ်အံ့ တဒါရုံ ကောဒသ၊ မကျသည်ဖြစ်အံ့ ပဠ္ဌဝေါကာရဘဝင် ၁၅-ခုသည် အဆုံး ဇော၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇကာယအား–

ဒေါသမူဇောနှောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာ တဒါရုံ ၆-ခု။မကျသည် ဖြစ်အံ့ ကာမဥပေက္ခာဘဝင် ၆-ခုသည် အဆုံးဇော၏ခဏ ၃-ပါး၌ပါသော စတုဇ-ကာယအား–

ဟသိတုပ္ပါဒ်, မဟာကြိယာ သောမနဿသဟဂုတ်ဇောနှောင် တဒါရုံကျသည် ဖြစ်အံ့ သောမနဿတဒါရုံ ၅-ခု။ မကျသည် ဖြစ်အံ့ ပဠ္ဌဝေါကာရတိဟိတ်ဘဝင် ၉-ခုသည် အဆုံးဇော၏ ခဏ ၃-ပါး၌ပါသော စတုဇကာယအား–

မဟာကြိယာဥပေက္ခာဇောနှောင် တဒါရုံကျသည်ဖြစ်အံ့ ဥပေက္ခာတဒါရုံ ၆-ခု။ မကျသည်ဖြစ်အံ့ ပဠ္ဌဝေါကာရ တိဟိတ် ၉-သည် အဆုံးဇော၏ ခဏ ၃-ပါး၌ပါသော စတုဇကာယအား–

ဒုတိယတဒါရုံသည် ပထမတဒါရုံ၏ ခဏ ၃-ပါး၌ပါသော စတုဇကာယအား–

ကာမဘဝင် ၁၀-သည် ဒုတိယတဒါရုံ၏ ခဏ ၃-ပါး၌ပါသော စတုဇကာယ အား–

အပ္ပနာဝီထိဖြစ်အံ့ မဟဂ္ဂုတ် ကုသိုလ်သောမနဿ ၄-ခု, မဂ်သောမနဿ-သဟဂုတ် ၁၆-ခု,အောက်ဖိုလ်သောမနဿသဟဂုတ် ၁၂-ခုသည် ဂေါတြဘူ, ဝေါဒါန်, အနုလုံ, ကိစ္စတပ်သော မဟာကုသိုလ်ပထမဒွေ၏ ခဏ သုံးပါး၌ ပါသော တိဇ, စတုဇကာယအား–

မဟဂ္ဂုတ် ကုသိုလ် ဥပေက္ခာ သဟဂုတ် ၅-ခု, မဂ်ဥပေက္ခာသဟဂုတ် ၄-ခု, အောက်ဖိုလ် ဥပေက္ခာသဟဂုတ် ၃-ခုသည် ဂေါတြဘူ, ဝေါဒါန်, အနုလုံ, ကိစ္စ တပ်သော မဟာကုသိုလ် တတိယဒွေ၏ ခဏ ၃-ပါး၌ ပါသော တိဇ, စတုဇ ကာယအား–

မဟာကုသိုလ်ကြိယာ သောမနဿသဟဂုတ် ၄-ခု, အရဟတ္တဖိုလ် သောမနဿ-သဟဂုတ် ၄-ခုသည် ဝေါတ္တကူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာပဌမဒွေ၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇကာယအား–

မဟာကုသိုလ်ကြိယာ ဥပေက္ခာသဟဂုတ် ၅-ခု, အရဟတ္တဖိုလ် ဥပေက္ခာ တခုသည် ဝေါတ္တကူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာဒုတိယဒွေ၏ ခဏ ၃ ပါး၌ ပါသော တိဇ, စတုဇကာယအား–

သမာပဇ္ဇနဝီထိ၌ နောက်နောက်သောဇောတူ မဟာကုသိုလ် ကုသိုလ်ကြိယာဇောသည် ရှေးရှေးသောဇောတူ မဟာကုသိုလ် ကုသိုလ်ကြိယာ၏ ခဏ ၃-ပါး၌ ပါသော တိဇ စတုဇကာယအား–

ပစ္စဝေက္ခဏ တိဟိတ်ဇဝင် ၈-ခုသည် မဟာကုသိုလ် ကုသိုလ်ကြိယာအဆုံးဇော၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇကာယအား–

နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်သည် ရှေးက ချုပ်သောစိတ်၏ ခဏ ၃-ပါး၌ ပါသော ဒွိဇ, တိဇကာယအား–

သောတာပတ္တိဖိုလ်သည် သောတာပတ္တိမဂ်၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇကာယအား–

သကဒါဂါမိဖိုလ်သည် သကဒါဂါမိမဂ်၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇ-ကာယအား–

အနာဂါမိဖိုလ်သည် အနာဂါမိမဂ်၏ ခဏ ၃-ပါး၌ ပါသော တိဇ, စတုဇ-ကာယအား–

အရဟတ္တဖိုလ်သည် အရဟတ္တမဂ်၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇ-ကာယအား–

နောက်နောက်ဖြစ်သော ဇောတူ ဖိုလ်လေးခုသည် ရှေးရှေးဖြစ်သော ဇောတူ ဖိုလ်လေးခု၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇ ကာယအား–

ပစ္စဝေက္ခဏ တိဟိတ်ဇဝင် ၈-ခုသည် ဖိုလ်လေးခုအဆုံးဇော၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇကာယအား–

မရဏာသန္နအခါ စုတိစိတ်မှပြန်၍ ရေတွက်ရှိသော ၁၆-ချက်မြောက်သော စိတ်သည် ၁၇-ချက်မြောက်သော စိတ်၏ ခဏ ၃-ပါး၌ပါသော တိဇ, စတုဇ-ကာယအား–

၁၅-ချက်မြောက်သောစိတ်သည် ၁၆-ချက်မြောက်သောစိတ်၏ ခဏ ၃-ပါး၌ပါသော ဒွိဇ,တိဇကာယအား ။ပ။ တချက်မြောက်သောစိတ်သည် နှစ်ချက်မြောက်သောစိတ်၏ ခဏ ၃-ပါး၌ပါသော ဒွိဇ,တိဇကာယအား။ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ရူပဘုံ၌ အာဟာရဇရုပ်ကို မရသောကြောင့် ကမ္မဇ,စိတ္တဇ,ဥတုဇရုပ် ၃-ပါးကို ရည်၍ တိဇကာယဟု ဆိုသည်။

ကာမပုဂ္ဂိုလ်တို့အား ၄-ပါးစလုံး ရကောင်းသောကြောင့် စတုဇကာယဟု ဆိုအပ်သည်ဟူ၍ မှတ်။

မရဏာသန္နကာလ၌ကား–စုတိ၏အထက် ၁၇-ချက်မြောက်သောစိတ်၏ ဌီမှစ၍ ကမ္မဇရုပ် အသစ်မဖြစ်ရကား ရူပပုဂ္ဂိုလ်မှာ ဒွိဇကာယ, ကာမပုဂ္ဂိုလ်မှာ တိဇကာယသာ ရှိတော့သည်။

ပစ္ဆာဇာတပစ္စည်း ပြီး၏။

## ၄၁၂–အာသေဝန ပစ္စည်းကို ပြခြင်း

အာသေဝနပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်–

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် အဆုံးဇော, မဂ်ဇော,ဖိုလ်ဇော ကြဉ်သော ဇောသတ္တစတ္တာလီသ ဤတရားတို့သည် အာသေဝနပစ္စည်း တပ်သော တရားတို့မည်ကုန်၏။

ပဌမဇော, ဖိုလ်ဇောကြဉ်သော ဇောဧကပညာသ, ဤတရားတို့သည် ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား–ကာမဇောဝါရ၌ ပဌမဇောသည် ဒုတိယဇောအား၊ ဒုတိယဇောသည် တတိယဇောအား ။ပ။ ဆဋ္ဌဇောသည် သတ္တမဇောအား–

အပ္ပနာဝီထိ၌ ပရိကံသည် ဥပစာအား၊ ဥပစာသည် အနုလုံအား၊ အနုလုံသည် ဂေါတြဘူ,ဝေါဒါန်အား–

ဂေါတြဘူ,ဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေသည် မဟဂ္ဂုတ်ကုသိုလ် သောမနဿသဟဂုတ် ၄-ခု, မဂ်သောမနဿ ၁၆-ခုအား–

ဂေါတြဘူဝေါဒါန်ကိစ္စတပ်သော မဟာကုသိုလ်တတိယဒွေသည် မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅-ခု မဂ်ဥပေက္ခာ ၄-ခုအား—

ဂေါတြဘူ, အနုလုံကိစ္စတပ်သော မဟာကြိယာ ပဌမဒွေသည် မဟဂ္ဂုတ်ကြိယာ သောမနဿ ၄-ခုအား—

ဂေါတြဘူ,အနုလုံကိစ္စတပ်သော မဟာကြိယာတတိယဒွေသည် မဟဂ္ဂုတ်ကြိယာ ဥပေက္ခာ ၅-ခုအား—

သမာပဇ္ဇနဝီထိ၌ ရှေးရှေးဖြစ်သော မဟဂ္ဂုတ်ကုသိုလ် ကြိယာဇောသည် နောက်နောက်ဖြစ်သော မဟဂ္ဂုတ်ကုသိုလ် ကြိယာဇောအား အာသေဝန သတ္တိဖြင့် ကျေးဇူးပြုပေ၏။

အာသေဝနပစ္စည်း ပြီး၏။

---

## ၄၁၃—ကမ္မပစ္စည်းကို ပြခြင်း

ကမ္မပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ကမ္မပစ္စည်းသည်—

၁။ သဟဇာတကမ္မ၊ ၂။ နာနာက္ခဏိက ကမ္မအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သဟဇာတကမ္မ၌ စိတ်တခုယုတ် ၉၀-၌ရှိသောစေတနာသည် သဟဇာတကမ္မပစ္စည်းတပ်သော တရားမည်ကုန်၏။

စိတ်တခုယုတ် ၉၀, စေတနာကြဉ်သော စေတသိက် ၁ပည္ဉာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတ ကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား-လောဘမူစိတ် ရှစ်ခု၌ရှိသော စေတနာသည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်တို့အား။ စတုဝေါကာရဘုံ၌ကား သမ္ပယုတ္တခန္ဓာအားသာ သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။ (စိတ်တခု ယုတ် ၉၀ ကုန်သော ဟေတုမှာကဲ့သို့ ဝိထိချရမည်)

နာနာက္ခဏိက ကမ္မ၌ အတီတာနန္တရ အစရှိသော အတိတ်ကာလ၌ ဖြည်သော ကုသိုလ်,အကုသိုလ်, စေတနာ ၃၃-ခုသည် နာနာက္ခဏိကကမ္မ ပစ္စည်းတပ်သော တရားမည်ကုန်၏။

ဝိပါက်စိတ်ဆတ္တိံသ, စေတသိက်အဋ္ဌတိံသ, ပဋိသန္ဓေကမ္မဇ, အသညသတ်ကမ္မဇ,ပဝတ္တိကမ္မဇ ဤတရားတို့သည် နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားမည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ တနည်းကား– အကုသိုလ်ဒွါဒသဉ္စရှိသော စေတနာသည် အကုသလဝိပါက် ၇-ခု ပဋိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇရုပ်တို့အား–

ကုသိုလ်ကာမာဝစရှိသော စေတနာသည် ကုသလဝိပါက် ဂကူနတိံသ, ပဋိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇရုပ်တို့အား–

ထိုကုသိုလ်ကာမာဝစရတို့တွင် မဟာကုသိုလ် ရှစ်ခုရှိသော စေတနာသည် အဟိတ်ကုသလဝိပါက် ရှစ်ခု, ပဋိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇရုပ်တို့အား–

ရူပကုသိုလ် ၅-ခုရှိသော စေတနာသည် ရူပဝိပါက် ၅-ခု, ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်, အသညသတ်ကမ္မဇရုပ် တို့အား–

အရူပကုသိုလ်လေးခု ရှိသော စေတနာသည် အရူပဝိပါက် ၄-ခု,သမ္ပယုတ္တခန္ဓာအား–

မဂ်စိတ် ၄-ခုရှိသော စေတနာသည် ဖိုလ် ၄-ခုသမ္ပယုတ္တခန္ဓာအား နာနာက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ဝိသေသအားဖြင့်ကား တိဟိတ်ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုရှိသော စေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက် ရှစ်ခု, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား–

တိဟိတ်သြမက, ဒွိဟိတ်ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခု, ဉာဏဝိပ္ပယုတ် ၄-ခုရှိသောစေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ခု, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား–

ဒွိဟိတ်သြမကဖြစ်သော မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄-ခုရှိသော စေတနာသည် အဟိတ်ကုသလဝိပါက် ရှစ်ခု, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ တနည်းကား– တိဟိတ်ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် အသင်္ခါရိက နှစ်ခုရှိသော စေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက်အသင်္ခါရိက ၄-ခု, ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်တို့အား–

တိဟိတ်ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် သသင်္ခါရိက နှစ်ခု၌ ရှိသောစေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက်သသင်္ခါရိက ၄-ခု, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား—

တိဟိတ်ဩမက, ဒွိဟိတ် ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ် အသင်္ခါရိကနှစ်ခု ဉာဏဝိပ္ပယုတ် အသင်္ခါရိကနှစ်ခု၌ရှိသော စေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိကနှစ်ခု, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား—

တိဟိတ်ဩမက, ဒွိဟိတ် ဥက္ကဋ္ဌဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် သသင်္ခါရိကနှစ်ခု, ဉာဏဝိပ္ပယုတ် သသင်္ခါရိက နှစ်ခု၌ရှိသော စေတနာသည် အဟိတ်ကုသလဝိပါက်ရှစ်ခု, မဟာဝိပါက်ဉာဏဝိပ္ပယုတ် သသင်္ခါရိက နှစ်ခု, ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား—

ဒွိဟိတ် ဩမကဖြစ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄-ခု၌ရှိသော စေတနာသည် အဟိတ်ကုသလ ဝိပါက်ရှစ်ခု, ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် တို့အား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၄။ ရူပါဝစရပထမဈာန် ကုသိုလ်စေတနာသည် ပထမဈာန်ဝိပါက် ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား။ ပ။ ရူပါဝစရစတုတ္ထဈာန် ကုသိုလ်စေတနာသည် စတုတ္ထဈာန်ဝိပါက် ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်တို့အား—

ရူပါဝစရပဉ္စမဈာန်ကုသိုလ်၌ရှိသော စေတနာသည် ပဉ္စမဈာန်ဝိပါက် ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, အသညသတ် ကမ္မဇရုပ်တို့အား—

အာကာသာနဉ္စာယတနကုသိုလ်၌ ရှိသော စေတနာသည် အာကာသာနဉ္စာယတနဝိပါက် သမ္ပယုတ္တခန္ဓာအား။ ပ။ နေဝသညာနာသညာယတနကုသိုလ်၌ ရှိသော စေတနာသည် နေဝသညာနာသညာယတနဝိပါက် သမ္ပယုတ္တခန္ဓာအား—

သောတာပတ္တိမဂ်စေတနာသည် သောတာပတ္တိဖိုလ်နာမက္ခန္ဓာအား။ ပ။ အရဟတ္တမဂ်စေတနာသည် အရဟတ္တဖိုလ်နာမက္ခန္ဓာအား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ကမ္မပစ္စည်း ပြီး၏။

## ၄၁၄–ဝိပါကပစ္စည်းကို ပြခြင်း

ဝိပါကပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်–

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန်–အားဖြင့် နှစ်ပါးအပြားရှိကုန်၏၊

ထိုနှစ်ပါးတို့တွင် ဝိပါက်စိတ်ဆတ္တိံသ, စေတသိက်အဋ္ဌတိံသ ဤတရားတို့သည် ဝိပါကပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

ဝိပါက်စိတ်ဆတ္တိံသ, စေတသိက် အဋ္ဌတိံသ, နာမက္ခန္ဓာ ထိုနာမက္ခန္ဓာတို့သည် ယဟာရဟာ ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ဝိပါကသတ္တိဖြင့် ကျေးဇူးပြုပေ၏၊

ဝိပါကပစ္စည်း ပြီး၏။

## ၄၁၅–အာဟာရပစ္စည်းကို ပြခြင်း

အာဟာရပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ အာဟာရပစ္စည်းသည်–

၁။ နာမ်အာဟာရ၊ ၂။ ရုပ်အာဟာရအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် နာမ်အာဟာရဖြစ်အံ့ ဖဿ, စေတနာ, ဝိညာဉ် ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

စိတ်တခု ယုတ် ၉၀, စေတသိက်ဒွေပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏။

ရုပ်အာဟာရဖြစ်အံ့ အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ, ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇဩဇာ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ, ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၁။ တနည်းကား—ကမ္မဇကလာပ် ၉-စည်းတို့တွင် စက္ခုဒသကဥ်ပါသော ဩဇာသည် ဩဇာကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉-ခု, သောတဒသက အစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား—

သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက, ဝတ္ထု-ဒသကဥ်ပါသောဩဇာသည် ဩဇာကြဉ်သော ကလာပ်တူကမ္မဇရုပ် ၉-ခု, စက္ခု-ဒသကအစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား—

ဇီဝိတနဝက ကလာပ်၌ပါသော ဩဇာသည် ဩဇာကြဉ်သော ကလာပ်တူ-ကမ္မဇရုပ် ရှစ်ခု, စက္ခုဒသကအစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်တို့အား အာဟာရရှင်သတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ စိတ္တဇကလာပ် ၆-စည်းတို့တွင် သုဒ္ဓဋ္ဌက ကလာပ်၌ပါသော ဩဇာ သည် ဩဇာကြဉ်သော ကလာပ်တူ စိတ္တဇရုပ် ၇-ခု, စက္ခုဒသက အစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား။ ၃။ ဥတုဇကလာပ် ၄-စည်း တို့တွင် သုဒ္ဓဋ္ဌကကလာပ်၌ပါသော ဩဇာသည် ဩဇာကြဉ်သော ကလာပ်တူ ဥတုဇရုပ် ၇-ခု, စက္ခုဒသက အစရှိသော ကလာပ်ပြားဖြစ်သော ဥတုသမုဋ္ဌာ-နိကရုပ်တို့အား။ ၄။ အာဟာရဇကလာပ်နှစ်ပါးတို့တွင် သုဒ္ဓဋ္ဌကကလာပ်၌ပါ သော ဩဇာသည် ဩဇာကြဉ်သော ကလာပ်တူ အာဟာရဇရုပ် ၇-ပါး, စက္ခု-ဒသကအစရှိသော ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား ရုပ် အာဟာရသတ္တိဖြင့် ကျေးဇူးပြုပေ၏။

အာဟာရပစ္စည်း ပြီး၏။

---

## ၄၁၆-ဣန္ဒြိယပစ္စည်းကို ပြခြင်း

ဣန္ဒြိယပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ ဣန္ဒြိယသည်-

၁။ သဟဇာတိန္ဒြိယ၊ ၂။ ပုရေဇာတိန္ဒြိယ၊ ၃။ ရုပဇီဝိတိန္ဒြိယ အားဖြင့် ၃-ပါး အပြားရှိ၏။

၁။ ထို ၃-ပါးတို့တွင် သဟဇာတိန္ဒြိယဖြစ်သော၊ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ ဤနာမ်ဣန္ဒြေရှစ်ပါးတို့သည် သဟဇာ-တိန္ဒြိယပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။

စိတ်တခုယုတ် ၉၀, စေတသိက်ဒွေပညာသ, စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၂။ ပုရေဇာတိန္ဒြိယ၌ အကျုံးဝင်သော ပသာဒရုပ် ၅-ခုသည် ပုရေဇာ-တိန္ဒြိယ ပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။

ဒွေပဉ္စဝိညာဉ် ၁၀, သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခု ဤတရားတို့သည် ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား မဇ္ဈိမာယုကဖြစ်၍ အတိတ်ဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခု-ပသာဒသည် စက္ခုဝိညာဉ် ဒွေအား။ပ။ ကာယပသာဒသည် ကာယဝိညာဉ် ဒွေအား ပုရေဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၃။ ရုပ်ဇီဝိတိန္ဒြိယ၌ ပဝတ္တိပဋိသန္ဓေအားဖြင့် ရုပ်ဇီဝိတိန္ဒြေတို့သည် ပစ္စည်းတပ်သောတရားမည်ကုန်၏။

ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ်တို့သည် ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ရုပ်ဇီဝိတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုပေ၏။

၄။ တနည်းကား—ကမ္မဇကလာပ် ၉-စည်းတို့တွင် စက္ခုဒသကဉ်ပါသော ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်တို့အား။ သောတဒသကဉ်ပါသော ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ်တို့အား။ပ။ ဇီဝိတနဝက ကလာပ်၌ပါသော ရုပ်ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိန္ဒြေကြဉ်သော ကလာပ်တူကမ္မဇရုပ်တို့အား ရုပ်ဇီဝိတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဣန္ဒြိယပစ္စည်း ပြီး၏။

---

## ၁၇-ဈာနပစ္စည်းကို ပြခြင်း

ဈာနပစ္စယောတိ ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်—

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါး အပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဤတရားတို့သည် ဈာနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော စိတ်တခုယုတ် ၈၀-စေတသိက် ဒွေပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် ပစ္စယုပ္ပန် ဖြစ်သော တရားဘို့ **မည်ကုန်၏**။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဈာနပစ္စည်း ပြီး၏။

---

## ၄၁၈-မဂ္ဂပစ္စည်းကို ပြခြင်း

မဂ္ဂပစ္စယော ဟူ**သော** ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်–

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါး အပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် ပညာ, ဝိတက်, ဝီရိယ ၃-ခု၊ ပီတိ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဤတရားတို့သည် မဂ္ဂပစ္စည်း တပ်သော တရားပုံ့မည်ကုန်၏။

သဟိတ်စိတ် ကောသတ္တတိ, စေတသိက် ဒွေပညာသ, သဟိတ်စိတ္တဇရုပ်, **သဟိတ်**ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုပေ၏။

မဂ္ဂပစ္စည်း ပြီး၏။

---

## ၄၁၉-သမ္ပယုတ္တပစ္စည်းကို ပြခြင်း

သမ္ပယုတ္တပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်–

၁။ ပစ္စည်း၊ ၂။ ပစ္စယုပ္ပန် အားဖြင့် နှစ်ပါး အပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် စိတ်တခုယုတ် ၉၀, စေတသိက် ဒွေပညာသ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်း**တပ်**သော တရားတို့မည်ကုန်၏။ ၎င်းတရားတို့သည်ပင် **ပစ္စယုပ္ပန်**ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပေ၏။

**သမ္ပယုတ္တပစ္စည်း** ပြီး၏။

## ၄၂၀-ဝိပ္ပယုတ္တပစ္စည်းကို ပြခြင်း

ဝိပ္ပယုတ္တပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ ဝိပ္ပယုတ္တသည်—

၁။ သဟဇာတဝိပ္ပယုတ်၊ ၂။ ပုရေဇာတဝိပ္ပယုတ်၊ ၃။ ပစ္ဆာဇာတဝိပ္ပယုတ် အားဖြင့် ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင် သဟဇာတဝိပ္ပယုတ်ဖြစ်အံ့၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀-ကြဉ်သော စိတ် ၇၅-ခု, စေတသိက် ဒွေပညာသ, ပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ဤတရားတို့သည် သဟဇာတဝိပ္ပယုတ် ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်, ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ, ဟဒယဝတ္ထု ဤတရားတို့သည် ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ထိုနှစ်ပါးတို့တွင် ဆိုအပ်ပြီးသော ပစ္စည်းတရားတို့သည် ဆိုအပ်ပြီးသော ပစ္စယုပ္ပန်တရားတို့အား သဟဇာတ ဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြုပေ၏။

တနည်းကား—နာမက္ခန္ဓာ ၄-ပါးသည် စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် တို့အား—

တပါး တပါး ၃-ပါး ၃-ပါး၊ ၂-ပါး ၂-ပါးသော ပဋိသန္ဓေနာမက္ခန္ဓာသည် ဟဒယဝတ္ထုအား—

ဟဒယဝတ္ထုသည် တပါး တပါး၊ ၃-ပါး ၃-ပါး၊ ၂-ပါး ၂-ပါးသော ပဋိသန္ဓေနာမက္ခန္ဓာအား သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ပုရေဇာတဝိပ္ပယုတ်သည် ပုရေဇာတနှင့် တူ၏။ ။ပစ္ဆာဇာတဝိပ္ပယုတ်သည် ပစ္ဆာဇာတနှင့် တူ၏။

ဝိပ္ပယုတ္တပစ္စည်း ပြီး၏။

## ၄၂၁-အတ္ထိပစ္စည်းကို ပြခြင်း

အတ္ထိပစ္စယော ဟူသော ပစ္စယုဒ္ဒေသ၌ အတ္ထိပစ္စည်းသည်—

၁။ သဟဇာတတ္ထိ၊ ၂။ ပုရေဇာတတ္ထိ၊ ၃။ ပစ္ဆာဇာတတ္ထိ၊ ၄။ အာဟာရတ္ထိ၊ ၅။ ဣန္ဒြိယတ္ထိ အားဖြင့် ငါးပါး အပြားရှိ၏။

ထိုငါးပါးတို့တွင် သဟဇာတတ္ထိသည် သဟဇာတနှင့် တူ၏။ ။ပုရေဇာတတ္ထိသည် ပုရေဇာတနှင့်တူ၏။ ။ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့် တူ၏။ အာဟာရတ္ထိသည် အာဟာရနှင့်တူ၏။ ဣန္ဒြိယတ္ထိသည် ရုပ်ဇီဝိတိန္ဒြေနှင့်တူ၏။

နတ္ထိ,ဝိဂတသည် အနန္တရနှင့်တူ၏။ ။အဝိဂတသည် အတ္ထိနှင့်တူ၏။

ဤသို့လျှင် ၂၄-ပါးသော ပစ္စည်းတရားတို့၏ သရုပ်ကို အကျဉ်းသိအပ်၏ ဟူလိုသောဝ်။

ဤမျှလောက်ဆောင်မှ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စည်းတပ်ဟန်ကို နားလည်ရာ သောကြောင့် စုံလင်စွာ သခေ်ပဖြင့် ရေးလိုက်သည်။

## ၄၂၂-အနန္တရစသော ပစ္စည်းတို့၌ ရဟန္တာစုတိကြဉ်ရပုံကို ပြခြင်း

မေး။ ။အနန္တရ၊ စသည်တပ်ရည်း၊ ၄-ပစ္စည်းမှာ၊ ရဟန္တာစုတိ၊ မရှိကြဉ်သည်၊ ဖြစ်အင် အယ်အကြောင်းကြောင့်နည်း။

ဖြေ။ ။ရဟန္တာတို့၏ စုတိသည် အဆုံးစွန်စိတ်ဖြစ်၍ နောက်စိတ်ဖြစ်ခြင်း မရှိရကား ပစ္စည်းမဘပ်နိုင် ပစ္စယုပ္ပန်သာ ဖြစ်၏ ဟူပေ။

## ၄၂၃ - သဟဇာတကမ္မနှင့် နာနာက္ခဏိကကမ္မ နှစ်ပါး အထူး

မေး။ ။သဟဇာတကမ္မ၊ နာနာက္ခဏိက၊ နှပ်ဝပစ္စယာ၊ ယပ်ကြံရာ၌၊ ကာလ ဘယ်သို့ ထူးသနည်း။

ဖြေ။ ။သဟဇာတကမ္မမှာ မိမိနှင့်တကွဖြစ်သော နာမက္ခန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓိကမ္မဇရုပ် တို့ကိုသာ ကျေးဇူးပြုသည်ဖြစ်၍ ပစ္စုပ္ပန်ကာလကို မှီသည်။ နာနာက္ခဏိကကမ္မပစ္စည်းမှာ ရှေးရှေးဘ၀ကပြုခဲ့သော စေတနာသည် ဤဘဝ၌ရှင်း, နောက်ဘဝ၌ရှင်း ဝိပါက်ကဋတ္တာရုပ်တို့အား ကျေးဇူးပြုသည်ဖြစ်၍ ကာလ ၃-ပါးကို မှီသည်။ ဝါ၊ ဘဝခြားလျက် ပစ္စည်းတပ်သည်။ ဤသို့ထူး၏ ဟူပေ။

## ၄၂၄–အာရမ္မဏစသော ၄-ပစ္စည်း၌ ပစ္စည်းအလုံးစုံဝင်ပုံကို ပြခြင်း

မေး။ ။အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ အတ္ထိ ရှိသည် ရုံးစည်း၊ ၄-ပစ္စည်းမှာ၊ ပစ္စည်းတကာ၊ ပေါင်းရာဘယ်အကြောင်းကြောင့်နည်း။

ဖြေ။ ။န ဟိ ယော ကောစိ ပစ္စယော အတ္ထိ၊ သော စိတ္တစေတသိကာနံ **အာရမ္မဏဘာဝံ** န ဂစ္ဆေယျ၊ သကသကပစ္စယုပ္ပန္နဿ စ ဥပနိဿယဘာဝံ န ဂစ္ဆတိ၊ ကမ္မဟေတုကတ္တာ စ လောကပ္ပဝတ္တိယာ ဖလဟေတူပစာရဝသေန သဗ္ဗေပိ တဿ သဘာဝံ နာတိဝတ္တန္တိ တေ စ ပရမတ္ထတော **လောကသမုတိ-ဝသေန** စ ဝိဇ္ဇမာနယေဝါတိ **သဗ္ဗေပိ** စတူသု **သမောဓာနံ** ဂစ္ဆန္တိ–

ဟူသော၌ိကာ်နှင့်အညီ စိတ်, စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်သော တစုံတခုသော တရားမည်သည်မရှိ။ ထို့ကြောင့် အလုံးစုံသောပစ္စည်းသည် အာရမ္မဏပစ္စည်း၌ ဝင်၏။

မိမိ၏ ပစ္စယုပ္ပန်ကို မမှီသောပစ္စည်းမည်သည်လည်းမရှိ။ ထို့ကြောင့် ဥပနိဿယပစ္စည်း၌လည်း ဝင်၏။

ခပ်သိမ်းသော သင်္ခါရလောက၏ ဖြစ်ခြင်းသည် ကံလျှင် အကြောင်းရှိသည်၏ အဖြစ်ကြောင့် အကျိုးအကြောင်း တင်စားသည်၏အစွမ်းဖြင့် ဖြစ်ရကား ခပ်သိမ်းသောပစ္စည်းတို့သည် ထိုသဘောကို မလွန်နိုင်။ ထို့ကြောင့် ကမ္မပစ္စည်း၌လည်း ဝင်၏။

ထို ၂၄-ပါးသော ပစ္စည်းတို့သည် ပရမတ္ထအားဖြင့်၎င်း၊ သမ္မုတိပညတ်အားဖြင့်၎င်း, ထင်ရှားရှိသည်သာ ဖြစ်၏။ ထို့ကြောင့် အတ္ထိပစ္စည်း၌လည်း ဝင်၏။

ယင်းသို့ အလုံးစုံသောပစ္စည်းတို့ကို အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ ဟူသော ၄-ပါးသော ပစ္စည်းတို့၌ ပေါင်းအပ်ကုန်၏ ဟူလိုသည်။

ပဋ္ဌာန်းအဋ္ဌကထာ၌ကား —

အာရမ္မဏပစ္စယော ဝိသုံယေဝ ဧကော ဥပနိဿယော တိဝိဓော
တေသု အာရမ္မဏူပနိဿယေ အာရမ္မဏာဓိပတိသမောဓာနံ ဂစ္ဆတိ–

အစရှိသည်ဖြင့် လာ၏။

အဓိပ္ပါယ်ကား–အာရမ္မဏပစ္စည်း အသီးအခြား တပါးတည်းသာ ဖြစ်၏။ ဥပနိဿယကား ၃-ပါးပြားသည်တွင် အာရမ္မဏူပနိဿယ၌ အာရမ္မဏာဓိပတိသည် ပေါင်း၏။

အနန္တရူပနိဿယ၌ အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတပစ္စည်းတို့သည်၎င်း, ဖလာနန္တရ, မဂ်စေတနာတို့သည်၎င်း ပေါင်း၏။,

ပကတူပနိဿယ၌ နာနာက္ခဏိကကမ္မသည် ပေါင်း၏။

အတ္ထိ၌ ဟေတု, သဟဇာတာဓိပတိ, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, သဟဇာတကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်းတို့သည် ပေါင်း၏။

ကမ္မဇရုပ်၏ ပစ္စည်းဖြစ်သော နာနာက္ခဏိက ကမ္မသည်ကား အာရမ္မဏ, ဥပနိဿယ, အတ္ထိဟု ဆိုအပ်သော ၃-ပါးသောပစ္စည်းတို့၌ ပေါင်းခြင်းသို့

မရောက်၊ ထို့ကြောင့် ထိုအဇ္ဈတ္တရုပ်တို့၏ ပစ္စည်းဖြစ်သော နာနာက္ခဏိက ကမ္မကို ရည်၍ ကမ္မပစ္စည်းကို အသီးဆိုအပ်၏ ဟူ၍ မိန့်လေသည်။

## ၄၂၅–၂၄-ပစ္စည်းကို ကာလ ၃-ပါးဖြင့် ပိုင်းခြား၍ ပြခြင်း

မေး။ ။နှစ်ဆယ့်လေးဖြာ၊ ပစ္စည်းမှာ၊ ကာလအားဖြင့်၊ ခြား၍ ဘယ်သို့ ယူမည်နည်း။

ဖြေ။ ။အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတအားဖြင့် ငါး ပစ္စည်းတို့သည် အတိတ်ကာလ၌ဖြစ်၏။

ကမ္မပစ္စည်းသည် အတိတ်, ပစ္စုပ္ပန် ကာလနှစ်ပါး၌ဖြစ်၏။

အာရမ္မဏာဓိပတိ, ဥပနိဿယဟူသော ပစ္စည်းနှစ်ပါးသည် အတိတ်,အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလ သုံးပါး၌ ဖြစ်၏။

ကြွင်းမှတပါးသော ၁၅-ပစ္စည်းသည် ပစ္စုပ္ပန်ကာလ၌ဖြစ်၏။ ဤသို့ ယူမည် ဟူပေ။

## ၄၂၆–နိဗ္ဗာန်သည်ကား နာမ်တရားဖြစ်ပုံ

မေး။ ။အနုတ္တရ၏၊ မြိုက်နိဗ္ဗာန်သည်၊ နာမ်လော, ရုပ်လော, ပညတ်လော။

ဖြေ။ ။တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓောဝ စိတ္တစေတသိကသင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ နိဗ္ဗာနဉ္စေတိ ပဉ္စဝိဓမ္ပိ အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ– ဟူသော အဋ္ဌကထာဖြင့်ပင် နာမ်ဖြစ်ကြောင်းကို သိသာလှ၏ ဟူပေ။

တတ္ထ၊ ထို ရုပ်,နာမ်,ပညတ် သုံးရပ်တို့တွင်။ ရူပဓမ္မာဝ၊ ဣန္ဒြိယဗဒ္ဓ ဖြစ်သော ရုပ်တရားတို့သည်သာလျှင်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မည်၏။ စိတ္တစေတသိက- သင်္ခါတာ၊ စိတ် တခုယုတ်-၅၀၊ စေတသိက် ဒွေပညာသ ဟု ဆိုအပ်သော။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ ရုပ်မရှိကုန်သော။ ခန္ဓာ စ၊ ဝေ- ဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟူသော ခန္ဓာတို့သည်၎င်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန် သည်၎င်း။ ဣတိ၊ ဤသို့။ ပဉ္စဝိဓမ္ပိ၊ ငါးပါးအပြားရှိသော တရားကိုလည်း။ အရူပန္တိ စ၊ အရူပ ဟူ၍၎င်း။ နာမန္တိ စ၊ နာမ် ဟူ၍၎င်း။ ပဝုစ္စတိ၊ အပြား အားဖြင့် ဆိုအပ်၏။

(ရူပက္ခန္ဓောဝ-၌ ဧဝ-သဒ္ဒါသည် အဋ္ဌာနပယုတ် ဖြစ်၍ ရူပဓမ္မာ-ဟူသော ပုဒ်နောင် ယှဉ်၍ ယောဇနာ)

ဝေ-သဒ္ဒါဖြင့် –

၁။ သန္နိဋ္ဌာနတ္ထ၊ ၂။ နိဝတ္တနတ္ထ၊ ၃။ အနုညာတတ္ထ ၃-ပါးကို ယူအပ်ရကား – သတ္တဝါတို့၏ သန္တာန်၌ ရှိသော ဇာတိရူပ ဖြစ်သော ရုပ်တရားတို့သည် သာလျှင် ရူပက္ခန္ဓာ မည်၏ ဟူသော အနက်သည် သန္နိဋ္ဌာနတ္ထ ဖြစ်၏။

တော,တောင်,ရေ,မြေ အစရှိသော ဗာဟိရ ရုပ်တို့သည် အတ္ထပညတ်မျှသာ ဖြစ်၍ ရူပက္ခန္ဓာ မမည်ဟူသော အနက်သည် နိဝတ္တနတ္ထ ဖြစ်၏။

ထို ဗာဟိရရုပ်တို့သည် ရူပါရုံ, သဒ္ဒါရုံ ဖြစ်သောအခိုက်၌ ရူပက္ခန္ဓာသို့ ဝင်သေး၏ ဟူသောအနက်သည် အနုညာတတ္ထ ဖြစ်၏။

ထို့ကြောင့် နိယံဆရာတို့သည် –

"ဝေရှိရာ အကန့်ရှာ၊ ဝေနောက်မှာ အနုညာ၊ သန္နိဋ္ဌာန်ကျ ဝေတ္ထ၊ မုချ ယူလေပါ"-ဟူ၍ မိန့်ကုန်၏။

ဤ သန္နိဋ္ဌာနတ္ထကို ရည်၍ ပရမတ္ထဇောတိကာ အဋ္ဌကထာ၌ –

သတ္တေသုယေဝ ဟိ ခန္ဓာပစာရော သိဒ္ဓေါ။

ကသ္မာ ခန္ဓေသုယေဝ သတ္တောတိ ပညာပေတဗ္ဗတော –

ဟူ၍ မိန့်ဆိုသည်။

ဟိ၊ သင့်စွ။ သတ္တေသုယေဝ၊ သတ္တဝါသန္တာန်တို့၌သာလျှင်။ ခန္ဓာပစာရော၊ ခန္ဓာဟူ၍ ခေါ်ဝေါ်ခြင်းသည်။ သိဒ္ဓေါ၊ ပြီး၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ခန္ဓေသုယေဝ၊ ပရမတ်ဖြစ်သော ခန္ဓာတရားတို့၌ သာလျှင်။ သတ္တောတိ၊ သတ္တဝါဟူ၍။ ပညာပေတဗ္ဗတော၊ ပညတ်အပ်သည်၏ အဖြစ်ကြောင့်တည်း။

၄၂၇–ပညတ်နှစ်မျိုးကို ပြခြင်း

ထို ရုပ်နာမ်တရားတို့မှ ကြွင်းသော ပညတ်တရားသည် –

၁။ အတ္ထပညတ်၊ ၂။ နာမပညတ် ဟူ၍ နှစ်ပါး အပြား ရှိသည်။

၁။ ထိုနှစ်ပါးတို့တွင် မြေ, တောင် အစရှိသော အနက်၊ နေ, လ, ကြယ် တာရာ စသော အနက်သည်....

အတ္ထံ ဟုတွာ တေန တေန ပကာရေန ဉာပေတဗ္ဗာတိ အတ္ထပညတ္တိ–

ဟူသော ဟေတုကမ္မသာဓန၏ ဝစနတ်ကြောင့် အတ္ထပညတ် မည်၏။

အတ္တာ၊ ဒြပ်သည်။ ဟုတွာ၊ ဖြစ်၍။ တေန တေန ပကာရေန၊ ထိုထိုသော အပြားဖြင့်။ ဉာပေတဗ္ဗာ၊ သိစေအပ်၏။ ဣတိတသ္မာ၊ ထိုသို့ သိစေအပ်သော သတ္တိကြောင့်။ အတ္ထပညတ္တိ၊ အတ္ထပညတ် မည်၏။

ဤ အတ္ထပညတ်သည်ပင် အထူးထူးသော အမည်ဖြင့် ဆိုအပ်သောကြောင့် ဝိဝိဓေဟိ နာမေဟိ ဝတ္တဗ္ဗတ္တာ ဝစ္စံ-ဟူသော ဝစနတ္ထနှင့် ညီစွာ ဝစ္စပညတ်လည်း မည်၏။

၂။ အနက်ဒြပ်ကို ခေါ်ဆိုကြောင်း ဖြစ်သော သဒ္ဒါပညတ်သည်–

အတ္ထပညတ္တိယာ ပကာရေဟိ ဉာပေတီတိ ပညတ္တိ။
နာမသင်္ခါတာ ပညတ္တိ နာမပညတ္တိ–

ဟူသော ဟေတုကတ္တုသာဓန၏ ဝစနတ်ကြောင့် နာမပညတ် မည်၏။

အတ္ထပညတ္တိယာ၊ အတ္ထပညတ်ကို။ ပကာရေဟိ၊ အထူးထူးသော အပြားတို့ဖြင့်။ ဉာပေတိ၊ သိစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ သိစေတတ်သော သတ္တိကြောင့်။ ပညတ္တိ၊ ပညတ်မည်၏။ နာမသင်္ခါတာ၊ အမည်ဟု ဆိုအပ်သော။ ပညတ္တိ၊ ပညတ်တည်း။ နာမပညတ္တိ၊ အမည်ဟု ဆိုအပ်သောပညတ်။

ဤ နာမပညတ်သည် နှုတ်မြွက်၍ ခေါ်ဆိုကြောင်း ဖြစ်သောကြောင့် ဝဒန္တိ ဧတေနာတိ ဝါစကော-ဟူသော ဝစနတ်နှင့် ညီစွာ ဝါစက ပညတ်သည်း မည်၏။

သူတပါးတို့၏ သောတဝိညာဉ်၏ အာရုံအဖြစ်သို့ ရောက်တတ်သောကြောင့် သဒ္ဒပညတ်လည်း မည်၏။

## ၄၂၈–အတ္ထပညတ် အပြား ၆-ပါးကို ပြခြင်း

ဤ နှစ်ပါးတို့တွင် အတ္ထပညတ်သည် အကျဉ်းအားဖြင့်

| | |
|---|---|
| ၁။ တဇ္ဇာပညတ်၊ | ၄။ သန္တတိပညတ်၊ |
| ၂။ ဥပါဒါပညတ်၊ | ၅။ အဝတ္ထာဝိသေသပညတ်၊ |
| ၃။ သမူဟပညတ်၊ | ၆။ ဝိကပ္ပပညတ်၊ |

ဟူ၍ ၆-ပါး အပြားရှိ၏။

ထို ၆-ပါးတို့တွင် ပညတ်တရား, ပရမတ်တရားတို့၏ မိမိသဘောအလျောက် ဖြစ်ခြင်းသည် တဇ္ဇာပညတ် မည်၏။

တခုခုကို စွဲ၍ အသီးအသီး ထင်ရှားခြင်းသည် ဥပါဒါပညတ် မည်၏။

ပေါင်းစု၍ ဖြစ်ခြင်းသည် သမူဟပညတ် မည်၏။

ပရမတ်တရားတို့၏ အစဉ်အားဖြင့် ဖြစ်ခြင်းသည် သန္တတိပညတ် မည်၏။

အခိုက်အတန့် ထူးသောအားဖြင့် ဖြစ်ခြင်းသည် အဝတ္ထာဝိသေသပညတ် မည်၏။

ထင်ရှားမရှိပဲ ကြံ၍သိအပ်သော အနက်သည် ဝိကပ္ပပညတ်မည်၏။

တဇ္ဇာပါဒါ သမူဟဉ္စ၊ သန္တတိ ဝတ္ထာ ဝိသေသာ။
ဝိကပ္ပါတိ ဆဓာ ဥေယျာ၊ သင်္ခေပါ အတ္ထညတ္တိယော-

ဟူ၍ ဂါထာ ဆိုအပ်၏။

ထိုသရုပ်ကို ပြခြင်းငှါ သင်္ဂြိုဟ် အဋ္ဌကထာ၌-

ကထံ တံ တံ ဘူတ ဝိပရိဏာမာကာရ မုပါဒါယ၊ တထာ တထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာ-

စသည်ဖြင့် ပြဆိုသည်။

အဓိပ္ပါယ်ကား— ထိုထိုသော ဘူတရုပ်တို့၏ ဖောက်ပြန်သော အခြင်းအရာကို စွဲ၍ ထိုထိုသော အခြင်းအရာအားဖြင့် ပညတ်အပ်သော မြေ,တောင်, ကျောက်ဆောင်, ကျောက်ပြား အစရှိသော တဇ္ဇာပညတ်။

သစ်ဝါးတို့၏ စုဝေးသော အခြင်းအရာကို စွဲ၍ အိမ်, ရထား, လှည်း ဟူ၍၎င်း၊ မြေစိုင်တို့၏ စုဝေးသော အခြင်းအရာကို စွဲ၍ အိုး, အင်, အုတ်ခဲ ဟူ၍၎င်း၊ ချည်မျှင်တို့ စုဝေးသော အခြင်းအရာကို စွဲ၍ ပုဆိုး, အဝတ် ဟူ၍၎င်း ပညတ်အပ်သော သမူဟပညတ်။

ပရမတ်ဖြစ်သော ခန္ဓာငါးပါးကို စွဲ၍ ယောကျ်ား, ပုဂ္ဂိုလ်, လူ, နတ်, ဗြဟ္မာ စသည်ဖြင့် သမုတ်အပ်သော ဇာတိပညတ်၊ ဝါ၊ သန္တတိပညတ်။

နေ,လ တို့၏ လည်ခြင်း စသည်ကို စွဲ၍ သမုတ်အပ်သော အရှေ့, အနောက်, တောင်,မြောက် စသော ဒိသာပညတ်။

နံနက်, ညဉ့်, ပက္ခ, မာသ စသော ကာလပညတ်၊ ဝါ၊ ဝိကပ္ပပညတ်။

ထိုထိုသော ရုပ်ကလာပ်တို့ဖြင့် မတွေ့အပ်သော အခြင်းအရာကို စွဲ၍ ပညတ်အပ်သော တွင်း, ဂူ, လိုဏ်ခေါင်း အစရှိသော အာကာသပညတ်။

ထိုထိုသော ကသိုဏ်းဝန်း စသော အာရုံ ဘာဝနာအထူးကို စွဲ၍ ပညတ် အပ်သောကသိုဏ်း နိမိတ် စသော နိမိတ္တပညတ် ဤနှစ်ပါးကို အဝတ္တာဝိဘသေသ ပညတ်ဟု ဆိုသည်။

ဤသို့စသည်ဖြင့် ပြားသော ဒါနက်ဒြပ်တို့သည် ပရမတ္ထအားဖြင့် ထင်ရှား မရှိပဲလျက် ပရမတ္ထဓမ္မ၏ အရိပ်အရောင် အတုဟူသော အခြင်းအရာဖြင့် စိတ် စေတသိက်တို့၏ အာရုံဖြစ်၍ ထင်ရှားသောကြောင့် အတ္ထပညတ် မည်၏ ဟူလိုသည်။

ဋီကာကျော်၌ကား-

သမူဟသန္တာနအဝတ္ထာဝိသေသာဒိဘေဒေါ-

ဟူ၍ အာဒိဝန်နှင့် ဆို၏။

ပုဂ္ဂလပညတ် အနုဋီကာ၌ကား-

တော ဟိ ပညတ္တိယော သန္တာနပညတ္တိ, သမူဟပညတ္တိ, အဝတ္ထာ-ဝိသေသ ပညတ္တိတိ တတ္ထ ပဗန္ဓော သန္တာနော သမုဒါယော,သမူဟော, ဥပါဒါဒိကော, ဒဟရဘာဝါဒိကော စ၊ အဝတ္ထာဝိသေ သော-

ဟူ၍ မိန့်၏။

ဟိ၊ ထင်စွာဆိုအံ့။ တော ပညတ္တိယော၊ ဤ အတ္ထပညတ်တို့သည်။ သန္တာန-ပညတ္တိ၊ အစဉ်ဖြစ်သော ပညတ်ရင်း။ သမူဟပညတ္တိ၊ အပေါင်းဖြစ်သော ပညတ်ရင်း။ အဝတ္ထာဝိသေသပညတ္တိ၊ အခိုက်အတန့်ထူးကို စွဲ၍ ဖြစ်သော ပညတ်ရင်း။ ဣတိ၊ ဤ ၃-ပါးတို့တည်း။ တတ္ထ၊ ထို ၃-ပါးတို့တွင်၊ ပဗန္ဓော၊ မပြတ်ဖြစ်သော အစဉ်သည်။ သန္တာနော၊ သန္တတိပညတ် မည်၏။ သမုဒါယော၊ အညီအညွတ် ဖြစ်ခြင်းသည်။ သမူဟော၊သမူဟပညတ်မည်၏။ဥပါဒါဒိကော စ၊ ဥပါဒ်အစရှိသည် သည်ရင်း။ ဒဟရဘာဝါဒိကော စ၊ ငယ်သောအဖြစ်စသည် သည်ရင်း။ အဝတ္ထာဝိသေသော၊ အခိုက်အတန့်ထူးဖြင့် ဖြစ်သော ပညတ် မည်၏။

ဤ ဋီကာ၏အလိုသော် အတ္ထပညတ် ဟူသမျှကို ဤ ၃-ပါး၌သာ သင်္ဂြိုဟ် အပ်၏ ဟူလိုသည်။

## ၄၂၆-နာမပညတ်အပြား ၆-ပါးကို ပြခြင်း

ထိုအနက်ဒြပ်ကို သိစေတတ်သော ဝါစက သဒ္ဒဖြစ်သော နာမပညတ်ကို ကား-

၁။ နာမည်၊ ၄။ နိရုတ္တိ၊
၂။ နာမကမ္မ၊ ၅။ ဗျဉ္ဇန၊
၃။ နာမဓေယျ၊ ၆။ အဘိလာပ–

ဟူသော ၆-ပါးသော အခြင်းအရာဖြင့် ပြအပ်၏။

ထို ၆-ပါးတို့တွင်—

အတ္တေသု နာမေတီတိ နာမံ–

ဟူသော ဝစနတ်နှင့်ညီစွာ မြေ, တောင် စသော အနက် ဒြပ်တို့၌ ညွတ်တတ်သောကြောင့်၎င်း၊

အတ္တနိ စတ္တေ နာမေတီတိ နာမံ–

ဟူသော ဝစနတ်နှင့် ညီစွာ မိမိတို့ အနက်ဒြပ်ကို ညွတ်စေတတ်သောကြောင့် ၎င်း, ဘုမ္မိ,ပဗ္ဗတ စသော အမည်သည် နာမပညတ် မည်၏။

ဌပနံ ဓေယျံ။ နာမဿ ဓေယျံ နာမဓေယျံ။

ဌပနံ၊ ထားခြင်း။ ဓေယျံ၊ ထားခြင်း။ နာမဿ၊ အမည်ကို။ ဓေယျံ၊ ထားခြင်းတည်း။ နာမဓေယျံ၊ အမည်ကိုထားခြင်း။

ဤဝစနတ်နှင့်ညီစွာ ပြုအပ်ပြီးသောအမည်ကို ဒြပ်ပေါ်၌ ထားခြင်းသည် နာမဓေယျ မည်၏။

အတ္ထံ နီဟရိတွာ ဥတ္တိ နိရုတ္တိ။

အတ္ထံ၊ အနက်သဘောကို။ နီဟရိတွာ၊ ထုတ်ဆောင်၍။ ဥတ္တိ၊ ဆိုခြင်းတည်း။ နိရုတ္တိ၊ အနက်ကို ထုတ်ဆောင်၍ဆိုခြင်း။

ဤဝစနတ်နှင့်ညီစွာ ထားပြီးသော နာမ၏အနက်ကို အက္ခရာကို အကြောင်းပြုသဖြင့် ထုတ်ဆောင်၍ ဆိုခြင်းသည် နိရုတ္တိ မည်၏။

အတ္ထံ ဝိဝရိတွာ ဗျဉ္ဇယတီတိ ဗျဉ္ဇနံ။

အတ္ထံ၊ အနက်ကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ ဗျဉ္ဇယတိ၊ ပြတတ်၏။ ဣတိ၊ ထိုကြောင့်။ ဗျဉ္ဇနံ၊ ဗျဉ္ဇန မည်၏။

အဘိမုခေါ ဟုတွာ လပတီတိ အဘိလာပေါ။

အဘိမုခေါ၊ အနက်သဘောသို့ ရှေးရှုသည်။ ဟုတွာ၊ ဖြစ်၍။ လပတိ၊ ခေါ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ အနက်ကိုရှေးရှုသည်ဖြစ်၍ ခေါ်ဆိုတတ်သော သတ္တိကြောင့်။ အဘိလာပေါ၊ အဘိလာပ မည်၏။

**ဧတ္ထ အဘိလပတီတိ အတ္ထာဘိမုခေါ ဟုတွာ တံ ဒေတီတိ အတ္ထော။(ဒီပနီ)**

ထားအပ်သော အနက်သဘောကို သိစေခြင်းငှာ ဖွင့်ပြအပ်သော ဝါကျသည် ဗျဥ္ဇန မည်၏။

ထိုအနက်သဘောကို ရှေးရှုလျက် ခေါ်ဆိုခြင်းသည် အဘိလာပမည်၏ဟုလိုသည်။

**ပညတ် ၆-ပါး၏ သာဓကကို ပြခြင်း**

ဤအမည် ၆-ပါးတို့ ထင်ရှားလောက်သော ဥဒါဟရုဏ်ကား ဆရာတပါးသည် တပည့်သူငယ်ကို ရှင်ပြုပြီးသော် ခေါ်ဆိုရုံ အမည်မှည့်အံ့ဟု ကြံ၍ ပဏ္ဍိတဟူသော အမည်ကို ပြု၏၊ ပြီးလျှင် ထိုအမည်ကို ထိုသာမဏေ၏ ကိုယ်၌ထား၏။

ဘယ့်ကြောင့် ဤသာမဏေကို ပဏ္ဍိတ မည်သနည်းဟု သူတပါးမေးလျှင် သိမြင်တတ်သော ဉာဏ်ရှိပေသည်။ ထိုကြောင့်-

ပဏ္ဍာ အဿ ဇာနန္တီတိ ပဏ္ဍာ။ ပဏ္ဍာ ယဿ ဇာတာတိ ပဏ္ဍိတာ-

ဟူသော ဝစနတ္ထ ရသင့်သည်နှင့်ညီစွာ သိမြင်လိမ္မာသောပညာဖြင့် ဖြစ်တတ်သောကြောင့် ပဏ္ဍိတမည်သည်ဟု ဆိုသည်။ဤသို့ နှလုံးသွင်း၍ ပဏ္ဍိတဟူသော အမည်ဖြင့် သာမဏေကို ခေါ်ဆိုလေ၏။

ဤ ဥဒါဟရုဏ်၌ အမည်မှည့်ရန် ကြံခြင်းသည် နာမ။

ပ,အက္ခရာ, ဏ္ဍိ-အက္ခရာ, တ-အက္ခရာတို့ကို ရုံးစု၍ ပဏ္ဍိတဟူသော အမည်ကို မှည့်ခြင်းသည် နာမကမ္မ။

ထိုအမည်ကို သာမဏေ၏ကိုယ်၌ ထားခြင်းသည် နာမဓေယျ။

အကြောင်းဖြစ်သော သတ္တိဗျတ္တိကို ထုတ်ဆောင်ခြင်းသည် နိရုတ္တိ။

ထုတ်ဆောင်သော အနက်ထင်ရှားအောင် ပဏ္ဍာ ဇနန္တိ စသော ဝါကျကို ပြုခြင်းသည် ဗျဥ္ဇန။

ထိုဝါကျအနက်ကို ရှေးရှု၍ ပဏ္ဍိတဟူသော အမည်ကို ခေါ်ဆိုခြင်းသည် အဘိလာပမည်၏ဟု မှတ်ရမည်။

(သိမ်မွေ့၏၊ ကွဲအောင် စေ့စေ့ နှလုံးသွင်းလေ။)

ဤနာမပညတ်သည်-

၁။ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်ကို ခေါ်ဆိုသော ဝိဇ္ဇမာနပညတ်၊

၂။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသည်ကို ခေါ်ဆိုသော အဝိဇ္ဇမာနပညတ်၊

၃။ ထင်ရှားရှိသည်ကို စွဲ၍ မရှိသည်၌ ခေါ်ဆိုသော ဝိဇ္ဇမာနေန အဝိဇ္ဇ-
မာနပညတ်၊

၄။ ထင်ရှားမရှိသည်ကို စွဲ၍ ရှိသည်၌ ခေါ်ဆိုသော အဝိဇ္ဇမာနေန ဝိဇ္ဇမာန
ပညတ်၊

၅။ ထင်ရှားရှိသည်ကို စွဲ၍ ထင်ရှားရှိသည်၌ ခေါ်ဆိုသော ဝိဇ္ဇမာနေန
ဝိဇ္ဇမာနပညတ်၊

၆။ ထင်ရှားမရှိသည်ကို စွဲ၍ ထင်ရှားမရှိသည်၌ ခေါ်ဆိုသော အဝိဇ္ဇမာ-
နေန အဝိဇ္ဇမာနပညတ်—

ဟူ၍ ၆-ပါး အပြားရှိ၏။ ။ ဥဒါဟရဏ်နှင့်တကွ နောက်က ပြခဲ့ပြီ။

ဤတွင် ပစ္စည်းပိုင်းဆိုင်ရာ ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

# ၉-ကမ္မဋ္ဌာန်းပိုင်း

# ကမ္မဋ္ဌာန်းပိုင်းဆိုင်ရာ
# ပုစ္ဆာဝိသဇ္ဇနာများ

**၄၃၀– သမထ,ဝိပဿနာ, ဘာဝနာ ကမ္မဋ္ဌာန်း ခေါ်ဆိုရပုံကိုပြခြင်း**

**မေး။** ။ကမ္မဋ္ဌာန်းလေးဆယ်၊ ခေါ်ဘွယ်မည်ရ၊ သမထဘာဝနာ၊ လက္ခဏာ ၃-ပါး၊ တရားတို့မှာ၊ ဝိပဿနာ၊ သညာဘယ့်ကြောင့်ဆိုသနည်း။

**ဖြေ။** ။ဘာဝေတဗ္ဗာတိ ဘာဝနာ-ဟူသော ဝစနတ္ထနှင့်ညီစွာ နှုတ်ဖြင့်၎င်း, စိတ်ဖြင့်၎င်း ပွားစေအပ်သောလမ္မာဘန္ဒ,ဝီရိယသည် ဘာဝနာမည်၏။ ဤဘာဝနာသည်ပင်-

ဒုဝိဓာ ဘာဝနာ ကမ္မဿ ပဝတ္တိဋ္ဌာနတာယ ကမ္မဋ္ဌာနံ–

ဟူသောဋီကာနှင့်ညီစွာ နှစ်ပြားသော ဘာဝနာ ကုသိုလ်ကံ၏ ဖြစ်ရာဖြစ်သောကြောင့်လည်း ကမ္မဋ္ဌာန်းမည်၏။

ဤကမ္မဋ္ဌာန်းသည်-

၁။ သမထကမ္မဋ္ဌာန်း ၂။ ဝိပဿနာကမ္မဋ္ဌာန်းဟူ၍ နှစ်ပါးအပြားရှိသည်။

ထိုနှစ်ပါးတို့တွင် ဂသိုဏ်းစသော ကမ္မဋ္ဌာန်း ၄၀-သည်–

နီဝရဏာနိ သမေတီတိ သမထော–

ဟူသော ဝစနတ္ထကြောင့် သမထကမ္မဋ္ဌာန်းမည်သည်။

ယော ဓမ္မော၊အကြင်တရားသည်။နီဝရဏာနိ၊ကာမစ္ဆန္ဒစသောနီဝရဏတို့ကို။ သမေတိ၊ငြိမ်းစေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ငြိမ်းစေတတ်သော သတ္တိကြောင့်။ သမထော၊သမထ မည်၏။ ။အရကား တခုတည်းသောအာရုံကို အာရုံပြု၍ တည်ကြည်ခြင်းဟူသော သမာဓိတရားရ၏။

အနိစ္စ,ဒုက္ခ,အနတ္တဟူသော လက္ခဏာရေး၃-ပါးသည်–

ဝိဝိဓေန အာကာရေန သင်္ခါရေ ပဿတီတိ ဝိပဿနာ–

ဟူသောဝစနတ္ထကြောင့် ဝိပဿနာကမ္မဋ္ဌာန်းမည်၏။

ယော ဓမ္မော၊ အကြင်ဉာဏ် တရားသည်။ ဝိဝိဓေန၊ အထူးထူးအပြားပြားသော။ အာကာရေန၊ အခြင်းအရာဖြင့်။ သင်္ခါရေ၊သင်္ခါရတရားတို့ကို။ ပဿတိ၊ ရှုတတ်မြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ အရကား–မှန်ကန်စွာသိတတ်သော ပညာတရားရ၏။

## ၄၃၁—ကာမကုသိုလ်-ရူပကုသိုလ် ၂-ပါးလုံးပင် နီဝရဏ ငြိမ်းနိုင်ပုံကို ပြခြင်း

ကမ္မဋ္ဌာန်း ၄၀-သည် နီဝရဏ‌ကို ငြိမ်းစေတတ်၏ဟူသော် ကာမကုသိုလ်စိတ်ဖြင့် စီးဖြန်းသော ဘာဝနာဖြင့် ငြိမ်းပါအံ့လော, ရူပစိတ်ဖြစ်မှ ငြိမ်းသလော ဟူငြားအံ့-

ရံဖန်ငါးဖြန်းသောပုဂ္ဂိုလ်၏ ကာမကုသိုလ်ဘာဝနာဖြင့်သည်း ငြိမ်း၏။ငြိမ်းသော်လည်း ကုသိုလ်စိတ်ဖြင့် အနိုက်အတန့်သာ ငြိမ်းသည်၊ ဈာန်၏ ရှေ့အဖို့၌ဖြစ်သော ကာမကုသိုလ်စိတ်တို့၌ကား ရူပဈာန်မှာ ဝေးကွာသကဲ့သို့ ဝိက္ခမ္ဘနဖြင့်ပင် ငြိမ်း၏ ဟူပေ။

## ဘာဝနာ ၃-ပါး နိမိတ် ၃-ပါးဈာန်တရား ဖြစ်ပုံတို့ကို ပြခြင်း

သရုပ်ကို ထင်စွာဆိုဦးအံ့ ဈာန်ရလိုသော ပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်းစသည်တို့တွင် တပါးပါးကိုအာရုံပြု၍ ပထဝီ ပထဝီဟု စီးဖြန်း၏။ထိုသို့စီးဖြန်းခြင်းသည် ပရိကမ္မဘာဝနာမည်၏။

ထိုဘာဝနာ၏ အာရုံဖြစ်သော ကသိုဏ်းဝန်းသည် ပရိကမ္မနိမိတ် မည်၏။

ထိုပရိကမ္မဘာဝနာဖြင့် လွန်စွာပွားစေသော ပုဂ္ဂိုလ်အား မျက်စိဖြင့်မြင်သကဲ့သို့ မနောဒွါရ၌ လွန်စွာထင်သော အာရုံသည် ဥဂ္ဂဟနိမိတ် မည်၏။

ထိုဥဂ္ဂဟ နိမိတ်ဖြစ်သည်မှ နောက်၌ ထိုနိမိတ်ကို အာရုံပြု၍ တဖန်တလဲလဲ ပွားစေသောပုဂ္ဂိုလ်အား ထိုနိမိတ်ထက် သန့်ရှင်းကြည်လင်စွာထင်သော မှိုရာ ဒြပ်မှလွတ်သော ပညတ်သက်သက်ဖြစ်သော အာရုံသည် ပဋိဘာဂနိမိတ်မည်၏။

ထိုအခါ ကာမာဝစရသမာဓိဟု ဆိုအပ်သော ဥပစာရဘာဝနာသည် ပြီးပြည့်စုံ၏။

ထိုပဋိဘာဂနိမိတ်ထင်သည်မှ နောက်၌ ထိုနိမိတ်ကို အာရုံပြု၍ ဥပစာရဘာဝနာဖြင့် မှိဝဲသောပုဂ္ဂိုလ်အား ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူဟူသော ကာမကုသိုလ်ဇောနောင် ရူပါဝစရကုသိုလ် ပထမဈာန်သည် အာဒိကမ္မိကအား တကြိမ်သာဖြစ်၍ ဘဝင်ကျ၏။ ထိုအခါ ဘာဝနာအား အပ္ပနာဘာဝနာဖြစ်၏။

ပရိကမ္မဘာဝနာ၌ ပရိကမ္မနိမိတ်,ဥဂ္ဂဟနိမိတ်နှစ်ပါးထင်သည် ဥပစာရဘာဝနာ၌ ပဋိဘာဂနိမိတ်ထင်သည်။ အပ္ပနာဘာဝနာ၌လည်း ၎င်းပဋိဘာဂနိမိတ်ပင် ထင်သည်။

ယင်းသို့ ဥပစာရသမာဓိဖြစ်သော ကာမကုသိုလ်ဇောမှစ၍ ကသိုဏ်းဝန်းတည်းဟူသောအာရုံ၌စိတ်ကိုရှေးရှုတင်ခြင်း,အာရုံကိုအဖန်တလဲလဲ သုံးသပ်ခြင်း

အာရုံကို နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း မပျံ့လွင့်ပဲ တည်ကြည်ခြင်းဟူသော အင်္ဂါ-ငါးပါးနှင့် ပြည့်စုံပြီးဖြစ်၍ ကာမဂုဏ်အာရုံတို့၌ ညွတ်တတ်သော ကာမဆန္ဒ အမျက်ထွက်တတ်သောဗျာပါဒ ငိုက်မျဉ်း ပျင်းရိတတ်သောထိန,မိဒ္ဓ, တုန်လှုပ်ပူပန်တတ်သော ဥဒ္ဓစ္စကုက္ကုစ္စ, ယုံမှားတတ်သောဝိစိကိစ္ဆာ ဤနီဝရဏ ငါးပါးတို့သည် မနှေားမကပ်လာပဲ ဝေးကွာငြိမ်းချမ်း လေကုန်သည်။

ထို့ကြောင့် ကသိုဏ်းဝန်းစသော ကမ္မဋ္ဌာန်း ၄၀-တို့သည် နီဝရဏကိုငြိမ်းစေတတ်သည်ဖြစ်၍ သမထမည်၏ ဟူလေသည်။

## ၄၁၂—စရိုက် ၆-ပါးကို ပြခြင်း

**မေး**။ ။သီးခြားအလိုက်၊ စရိုက်ပြားရာ၊ ပုဂ္ဂိုလ်မှာ၊ ထိုက်ရာကမ္မဋ္ဌာန်း ဘယ်မျှနည်း။

**ဖြေ**။ ။စရိုက်သည် တရားကိုယ်အားဖြင့်-

| | |
|---|---|
| ၁။ ရာဂစရိုက်၊ | ၄။ သဒ္ဓါစရိုက် |
| ၂။ ဒေါသစရိုက်၊ | ၅။ ဗုဒ္ဓိစရိုက်၊ |
| ၃။ မောဟစရိုက်၊ | ၆။ ဝိတက်စရိုက်- |

ဟူ၍ ၆-ပါးအပြားရှိသည်။

ပုဂ္ဂိုလ်အားဖြင့်ကား ၆၃-ပါး အပြားရှိ၏၊ဘယ်သို့ပြားသနည်း ဟူမူကား- ရာဂါဒိတိက်၌-

ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်၊ ရာဂဒေါသစရိုက်,ရာဂမောဟစရိုက်, ဒေါသမောဟစရိုက်, ရာဂ ဒေါသ မောဟစရိုက်ဟူ၍ ဧကက ၃-ပါး,ဒုက ၃-ပါး တိက တပါးအားဖြင့် ၇-ပါးပြားသည်။
သဒ္ဓါဒိတိက်၌လည်း-

သဒ္ဓါစရိုက်, ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်၊ သဒ္ဓါဗုဒ္ဓိစရိုက်,သဒ္ဓါဝိတက်စရိုက်, ဗုဒ္ဓိဝိတက်စရိုက်,သဒ္ဓါ,ဗုဒ္ဓိ,ဝိတက်,စရိုက်ဟူ၍ဧကက ၃ ပါး,ဒုက ၃ ပါး,တိကတပါး အားဖြင့် ၇-ပါးပြားသည်။

နှစ်ရပ်ကိုပေါင်းသော် ၁၄-ပါးဖြစ်၏။ဤသတ္တက နှစ်ရပ်တို့တွင် ရှေ့သတ္တကၡ တပါးတပါးကို မူလတည်၍ နောက်သတ္တကဖြင့် စပ်လျက်ယူအပ်ရကား-

ရာဂသဒ္ဓါစရိုက်, ရာဂဗုဒ္ဓိစရိုက်၊ ရာဂဝိတက်စရိုက်, ရာဂသဒ္ဓါဗုဒ္ဓိစရိုက်, ရာဂ သဒ္ဓါ ဝိတက်စရိုက်, ရာဂဗုဒ္ဓိ ဝိတက်စရိုက်၊ ရာဂ သဒ္ဓါ ဗုဒ္ဓိ ဝိတက်စရိုက်ဟူ၍ ၇-ပါး ဖြစ်၏။

ဤအတူ ဒေါသကို မူတည်ရာ၌ ၇-ပါး။ မောဟကိုမူတည်ရာ၌ ၇-ပါး။ ရာဂ, ဒေါသ,ကို မူတည်ရာ၌လည်း ၇-ပါး။ ရာဂမောဟကို မူတည်ရာ၌လည်း ၇-ပါး။ ဒေါသ, မောဟကို မူတည်ရာ၌လည်း ၇-ပါး။ ၃-ပါးလုံးကို မူတည်ရာ၌လည်း ၇-ပါးစီဖြစ်၍ တေသဋ္ဌိ စရိုက် ၆၃-ပါး ဖြစ်သတည်း။ ထို့ကြောင့်—

ရာဂါဒိကေ တိကေ သတ္တ၊ သတ္တ သဒ္ဓါဒိကေ တိကေ။

ဧကဒွိတိကမူလမှိ၊မိဿတော သတ္တသတ္တကံ—

ဟူ၍မိန့်သည်။

ရာဂါဒိကေတိကေ၊ ရာဂစသော တိက်၌။ သတ္တ၊ ၇-ပါးသော စရိုက်တို့ရှိ၏။ သဒ္ဓါဒိကေ တိကေ၊ သဒ္ဓါစသော တိက်၌။ သတ္တ၊ ၇-ပါးသော စရိုက်တို့ရှိ၏။ ဧကဒွိတိက မူလမှိ၊ ဧကမူ ၃-ပါး၊ ဒွိမူ ၃-ပါး တိမူ ၁-ပါး၌။မိဿတော၊ရောနှော သောအားဖြင့်။သတ္တသတ္တကံ၊ ၇-ပါးသောသတ္တကရှိ၏၊ ဣတိ၊ ဤသို့။ တေသဋ္ဌိ စရိတာ၊ ၆၃-ပါးသော စရိုက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## ၄၃၃—စရိုက်နှင့် ကမ္မဋ္ဌာန်းကို ယှဉ်တွဲ၍ပြခြင်း

ဤစရိုက်နှင့် လျော်သော ကမ္မဋ္ဌာန်းကို သင်္ဂြိုဟ်ကျမ်း၌—

ဒသအသုဘာ ကာယဂတာသတိ သဓါတာ ကောဋ္ဌာသဘာဝနာစ ရာဂစရိတဿ သပ္ပါယာ။

စတဿော အပ္ပမညာယော နီလာဒိနိ စ စတ္တာရိ ကသိဏာနိ ဒေါသစရိတဿ။

အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿ စ။

ဗုဒ္ဓါနုဿတိ အာဒယော ဆ သဒ္ဓါစရိတဿ။

မရဏဥပသမသညာဝဝတ္ထာနာနိ ဗုဒ္ဓိစရိတဿ။

သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ—

ဟူ၍ ပြဆိုသည်။

**ဆောင်ပုဒ်။**

အသုဘနှင့်၊ ကာယဂတာ၊ဆယ့်တဖြာ၊ ရာဂကြီးသူအား။

အပ္ပမညာ၊ နီလာဒိက၊ဤရှစ်ဝ၊ဒေါသကြီးဖို့ထား။

အာနာပါန၊ ဤတဝ၊ မေဘဟ ဝိတက်များ။

ဗုဒ္ဓဓမ္မ၊ သံဃ သိ စာ၊ ဒေဝတာ၊ သဒ္ဓါထက်သူအား။

ဥပသမာ၊ မရဏာနှင့်၊ သညာဝဝတ္ထာန်၊ ဤ-၄တန်၊ဉာဏ်ခံကြီးသူများ။

ဇရိုက်ဝေငှ၊သုံးဆယ်မျှ၊ သေသခပ်သိမ်းအား။

ဤသို့ ဖြေလေ။

## ၄၃၄–ကမ္မဋ္ဌာန်းနှစ်ပါး ပြားပုံကိုပြခြင်း

မေး။ ။စရိုက်ကိုရွေး၊ နည်းပေးစရာ၊ ပုဂ္ဂိုလ်မှာ၊ ထိုက်ရာကမ္မဋ္ဌာန်း၊ ဘယ်မျှနည်း။

ဖြေ။ ။ကမ္မဋ္ဌာန်းသည်–

၁။ သဗ္ဗတ္ထက ကမ္မဋ္ဌာန်း၊

၂။ ပါရိဟာရိယ ကမ္မဋ္ဌာန်း–

ဟူ၍ နှစ်ပါးအပြားရှိသည်။

ထိုနှစ်ပါးတို့တွင် ပထဝီ, အာပေါ်, တေဇော,ဝါယော, အာလောက, အာကာသ ဟူသော ကသိုဏ်း ၆-ပါး အာရုပ္ပ ၄-ပါး ဤဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည် အလုံးစုံသော စရိုက်ရှိသောပုဂ္ဂိုလ်နှင့် လျော်ကပ်သောကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။

ကြွင်းသော ကမ္မဋ္ဌာန်း ၃၀-သည် အထူးထူးသော စရိုက်ရှိသော ပုဂ္ဂိုလ်အားလျော်စွာ လျော်ကပ်သောကြောင့် ပါရိဟာရိယ ကမ္မဋ္ဌာန်းမည်၏။

## ၄၃၅–ဗြဟ္မဝိဟာရတရား လေးပါး

မေး။ ။အပ္ပမညာ၊ လေးဖြာအမှန်၊ စီးဖြန်းရန်၊ ပ၊ ကံဘယ်သို့ ပြားသနည်း။

ဖြေ။ ။အပ္ပမညာလေးပါးကို စီးဖြန်း၍ စျာန်ရသော ပုဂ္ဂိုလ်တို့၏ စီးဖြန်းဟန် ပရိကံကို ဝိသုဒ္ဓိမဂ်၌ လာသောနည်းဖြင့် အကျဉ်းမျှ ပြလိုက်အံ့။

## ၄၃၆–မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း

အပ္ပမညာလေးပါးတွင် မေတ္တာဟူသော ဗြဟ္မဝိဟာရကို ပွား၍ ပထမစျာန်စသည်ကို ရခြင်းငှာ အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် ကြောင့်ကြကြီး

ဆယ်ပါး, ကြောင့်ကြငယ် ခုနစ်ပါးတို့ကို ဖြတ်ပြီးသော် ဆွမ်းစားခြင်းကိစ္စကိုပြု၍ ထိုဆွမ်း၏အဆိပ်ကို ငြိမ်းစေပြီးမှ သိတ်ငြိမ်ရာဌာနသို့ ကပ်၍ ခင်းအပ်သော နေရာ၌ ကောင်းစွာထိုင်နေပြီးလျှင် ရှေးဦးစွာ အမျက်ထွက်ခြင်း ဟူသော ဒေါသ၌ အပြစ်ကိုရင်း, သည်းခံခြင်း ဟူသော ခန္တီ၌ အကျိုးကိုရင်း ဆင်ခြင် အောက်မေ့အပ်၏။

အဘယ့်ကြောင့်နည်းဟူမူ ဤမေတ္တာဘာဝနာဖြင့် ဒေါသကို ပယ်အပ်၏၊ ခန္တိတရားသို့ ကပ်အပ်၏၊ ဒေါသ၏အပြစ်ကို မမြင်သော် ပယ်ခြင်းငှာ မတတ်ကောင်း။ ခန္တီ၏အကျိုးကို မမြင်သော် ရခြင်းငှာ အလိုမရှိ။ ထို့ကြောင့် အမျက်ထွက်ခြင်း၌ အပြစ်ကိုရင်း သည်းခံခြင်း၌ အကျိုးကိုရင်း ရှေးဦးစွာ ဆင်ခြင်အပ်၏။

## အမျက်ထွက်ခြင်း၏အပြစ်

ဘယ်သို့ ဆင်ခြင်အပ်သနည်း ဟူမူ ငါတို့ဆရာ မြတ်စွာဘုရားသည်-

ကောဓော အတ္ထံ န ဇာနာတိ၊ ကောဓော ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ ကောဓော သဟတေ နရံ–

ဟူ၍ ဟောတော်မူသည်။

ကောဓော၊ အမျက်ထွက်သောသူသည်။ အတ္ထံ၊ အကျိုးကို။ န ဇာနာတိ၊ မသိနိုင်။ ကောဓော၊ အမျက်ထွက်သောသူသည်။ ဓမ္မံ၊ အကြောင်းကို။ န ပဿတိ၊ မမြင်နိုင်။ ယာဒါ၊ အကြင်အခါ၌။ ယံ နရံ၊ အကြင်သူကို။ ကောဓော၊ အမျက်ဒေါသသည်။ သဟတေ၊ နှိပ်စက်၏။ တဒါ၊ ထိုအခါ၌။ အန္ဓတမံ၊ အလွန်မိုက်မဲတွေဝေခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤဒေသနာအမြွက်ဖြင့် အမျက်ထွက်သောသူသည် အကျိုးကိုရင်း, အကြောင်းကိုရင်း ကောင်းစွာ မသိမမြင်နိုင်သည်သာ ဖြစ်၏။ အကြင်သူ၏ အမျက်သည် အတွင်းမှထွက်၍ ကိုယ်အလုံးကို နှိပ်စက်သောအခါ လွန်စွာ မိုက်မဲတွေဝေသည်သာ ဖြစ်၏။ ထိုသို့ မိုက်မဲတွေဝေသောကြောင့် မပြုသင့်သော အမှု, မဆိုသင့်သောစကားကို ပြုမိဆိုမိသည်သာ ဖြစ်၏။ ထို့ကြောင့် အမျက်ဒေါသကို မထွက်ရအောင် ငါသိမ်းဆည်းအံ့ဟု နှလုံးသွင်းရာသည်၊ နှလုံးသွင်းပြီးမှ သည်းခံခြင်း ခန္တီ၏အကျိုးကိုလည်း ဤသို့ ဆင်ခြင်အပ်၏။

## သည်းခံခြင်း၏အကျိုး

ခန္တီပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
ခန္တီဗလံ ဗလာနီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

တိတိက္ခာ၊ သူတပါးပြစ်မှားသည်ကို အတုံ့မလှန် သည်းခံခြင်းလက္ခဏာ ရှိသော။ ခန္တီ၊ ခန္တီတရားသည်။ ပရမံ၊ မြတ်သော။ တပေါ၊ မြိုးခြံသော အကျင့်တည်း။ နိဗ္ဗာနံ၊ ဒေါသမာန်စောင်၏ ငြိမ်းခြင်းကို။ ပရမံ၊ ပြတ်လှ၏ ဟူ၍။ ဗုဒ္ဓါ၊ ဘုရားသခင်တို့သည်။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ ခန္တိဗလံ၊ သည်းခံခြင်း တည်းဟူသော အားသည်။ ဗလာနီကံ၊ အားအပေါင်းထွေက် ကောင်းမွန်ကြီးမြတ်သော အားပါည်း။ တံ၊ ထိုခန္တိဗလ ရှိသောသူကို။ ဖြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသောသူ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

ဤသို့သော ဒေသနာဖြင့် မြတ်စွာဘုရားသည် သူတပါးတို့ ပြစ်မှားသမှု ထောင်းထုဘွဲဆဲ ဆောင်းမဲရေးရွတ် ပေါက်လွှတ်ပိုပ်ဖက်သော အမှုကိုသျက် အမျက်မရှေ ဒေါသမပြုန် သည်းခံသောအကျင့်သည် ခပ်သိမ်းသော အကျင့် ဟူသမျှသက် မြတ်အုပ်လှသော အကျင့်ဖြစ်သည်ဟူ၍ ပြတော်မူသောကြောင့် စင်ဖြူသောစာရိတ္တကို တောင့်တသော ငါသည်လည်း အားဟကာတို့ထက် လွန်မြတ်သော ခန္တိဗလကို ပြည့်ရအံ့သည်တ ကားဟု ခန္တိဟဆုး၏အကျိုးကို ဆင်ခြင်အပ်၏။

ယင်းသို့ ဆင်ခြင်၍ မြင်အပ်ပြီးသော အပြစ်ရှိသောဒေါသကို ခွာခြင်းငှာ သိအပ်ပြီးသော အကျိုးရှိသော ခန္တိဗလ၌ နှစ်ဝယှဉ်ခြင်းငှာ မေတ္တာတရားကို ပွားလိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ မေတ္တာမပွားရသောပုဂ္ဂိုလ် ပွားရသော ပုဂ္ဂိုလ် တို့ကိုလည်း ပိုင်းခြား၍ သိအပ်၏။

### ရှေးဦးစွာ မေတ္တာမပွားထိုက်သူ ၄-ဦး

ဘယ်သို့ သိအပ်သနည်းဟူမူ–

၁။ မစုံမက်လှ မုန်းကြသော အပ္ပိယပုဂ္ဂိုလ်၊

၂။ အလွန်ချစ်ကြသော ပိယပုဂ္ဂိုလ်၊

၃။ မမုန်းမချစ် လျစ်လျူသော တည်သော မဇ္ဈတ္တပုဂ္ဂိုလ်၊

၄။ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်–

ဤ ၄-ဦးသော ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ မေတ္တာကို မပွားစေအပ်။

အသွင်မတူသော ပုဂ္ဂိုလ်တို့၌လည်း မေတ္တာကို မပွားစေအပ်။ အသွင် မတူသောသူ ဟူသည်ကား ယောကျ်ားသည် မိန်းမ၌, မိန်းမသည် ယောကျ်ား၌ မပွားစေအပ် ဟူလိုသည်။

သေလေပြီးသော ပုဂ္ဂိုလ်တို့၌လည်း မပွားစေအပ်။ ဘယ့်ကြောင့်နည်း ဟူလျှင် မချစ်ခင်အပ်သော ပုဂ္ဂိုလ်တို့အား ချစ်သောအရာ၌ ထားရခြင်း သည်လည်း ပင်ပန်း၏။

အလွန်ချစ်ခင်သော ပုဂ္ဂိုလ်တို့အား လျစ်လျူသောအရာ၌ ထားရခြင်း သည် ပင်ပန်း၏။

လျစ်လျူသော ပုဂ္ဂိုလ်တို့အား ဂရုအရာ၌ ထားရခြင်း, ဝေရီပုဂ္ဂိုလ် တို့အား ချစ်ခင်သော အရာ၌ ထားရခြင်းသည်လည်း ပင်ပန်း၏။ သမာဓိကို ဖြစ်စေခြင်းငှာ စွမ်းနိုင်ခဲ၏။ ထို့ကြောင့် ဤ ၄-ဦးသော ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မေတ္တာမပွားရာသတည်း။

အသွင်မတူသော မိန်းမတို့အား ရှေးဦးစွာ မေတ္တာပွားမှု တပ်မက်သော ရာဂတရား ဖြစ်ပေါ်တတ်၏။

သေလွန်ပြီးသော ပုဂ္ဂိုလ်တို့အား အာရုံပြုကာ မေတ္တာပွားမှု ပရိဒေဝ တရား ဖြစ်တတ်၏။ ထို့ကြောင့် ဤ ၂-ဦးသော ပုဂ္ဂိုလ်တို့အားလည်း ရှေးဦး စွာ မေတ္တာမပွားရာသတည်း။

### ရှေးဦးစွာ မေတ္တာပွားထိုက်သူနှင့် မေတ္တာပွားပုံ

အဘယ်ပုဂ္ဂိုလ်၌ ရှေးဦးစွာ မေတ္တာပွားရာသနည်းဟူမူကား မိမိကိုယ်၌ ရှေးဦးစွာ ပွားစေအပ်၏။ ဘယ်သို့ပွားစေအပ်သနည်းဟူမူ-

> အဟံ သုခီ ဟောမိ၊ အဟံ နိဒ္ဒုက္ခော ဟောမိ၊ အဟံ အဝေရော ဟောမိ၊ အဟံ အဗျာပဇ္ဇော ဟောမိ၊ အဟံ အနီဃော ဟောမိ၊ အဟံ သုခီ အတ္တာနံ ပရိဟရာမိ ဟောမိ။

ဟူ၍ ပွားစေအပ်၏။

မြန်မာဘာသာကား- ငါသည် ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံသတည်း။ ငါသည် ဆင်းရဲခြင်းမှ ကင်းစေသတည်း။ ငါသည် ရန်သူအပေါင်း မကောင်း မှုအပေါင်းမှ ကင်းစေသတည်း။ ငါသည် ပျက်စီးခြင်း,နှလုံးပင်ပန်းခြင်း, အမျက်ထွက်ခြင်းမှ ကင်းစေသတည်း။ ငါသည် ဥပဒ္ဒဝေါ အပေါင်းမှ ကင်း စေသတည်း။ ငါသည် ချမ်းသာဘိလျက် မိမိကိုယ်ကို ကောင်းစွာ ရွက်ဆောင် နိုင်စေသတည်း-ဟူလိုသည်။

ယင်းသို့ မိမိကိုယ်၌ အဖန်ဖန်ပွားစေအပ်သော မေတ္တာဖြင့် ဥပစာရ- သမာဓိ,အပ္ပနာသမာဓိတို့ကို ဆောင်နိုင်ပါအံ့လောဟူမူ မိမိကိုယ်ကိုသာလျှင်

အနှစ်တရာ၊ အနှစ်တထောင် ပတ်လုံး ပွားစေအပ်သော မေတ္တာဖြင့် သမာဓိ နှစ်ပါးကို မဆောင်နိုင်ချေ။ ယင်းသို့ မဆောင်နိုင်လျက် ဘယ်အကျိုးရှိ၍ မိမိကိုယ်ကို ရှေးဦးစွာ ပွားရာသနည်းဟူမူ မိမိကိုယ်၌ ဟိုအပ်ပြီးသော နည်းအားဖြင့် မေတ္တာပွားပြီးသော ပုဂ္ဂိုလ်အား ငါသည် ချမ်းသာခြင်းကို အလိုရှိသည်။ ဆင်းရဲခြင်းကို စက်ဆုပ်ရွံရှာ၏ အသက်ရှည်ခြင်းကို အလိုရှိသည် သေခြင်းကို အလိုမရှိ။

ငါကဲ့သို့ပင် တပါးသော သတ္တဝါတို့သည်လည်း ချမ်းသာခြင်းကို အလိုရှိကုန်၏။ ဆင်းရဲခြင်းမှ စက်ဆုပ်ကုန်၏ဟု မိမိကိုယ်ကို သက်သေထား၍ တပါးသော သတ္တဝါတို့၌ မေတ္တာစိတ် ဖြစ်လွယ်စိမ့်သောငှာ မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားရသတည်း။

ယင်းသို့ ပွားပြီးသည်၏ အခြားမဲ့၌ တပါးသူတို့တွင် အဘယ်သူကို ရှေးဦးစွာ ပွားရသနည်းဟူမူ မိမိအား သင်ကြားပြသသော ဆရာ၊ ကြွင်ဝါဒပေးသော ဥပဇ္ဈာယ်ဖြစ်စေ၊ ထိုဆရာဥပဇ္ဈာယ်မျှလောက်သော ပုဂ္ဂိုလ်ကို ဖြစ်စေ တဦးဦးသော ပုဂ္ဂိုလ်အား ရည်မှတ်သား၍ အလေးပြုအပ် ချီးမွမ်းအပ်သော ထိုဆရာ၏ သီလ၊ ပညာ၊ သမာဓိဂုဏ်ကို အဖန်တလဲလဲ အောက်မေ့၍–

သေ ဆေသော သပ္ပုရိသော၊ ဤသူတော်ကောင်းသည်။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ နိဒုက္ခော၊ ဆင်းရဲမရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ အဝေရော၊ ရန်မရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ အဗျာပဇ္ဇော၊ စိုးရိမ်ကြောင့်ကြခြင်းမရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ အနီဃော၊ ဘေးရန်မရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ အတ္တာနံ၊ မိမိကိုယ်ကို။ သုခီ၊ ချမ်းသာစွာ။ ပရိဟရတု၊ ရွက်ဆောင်နိုင်ပါစေသတည်း။ ဤသို့သော ပရိကံဖြင့် အဖန်တလဲလဲ ပွားစေအပ်၏။

ယင်းသို့သော ပုဂ္ဂိုလ်၌ ပွားစေသော မေတ္တာဖြင့် မကြာမြင့်မီပင် ဥပစာရ သမာဓိ၊ အပ္ပနာသမာဓိ တရားသည် ပြည့်စုံသည်သာ ဖြစ်၏။ ထိုသို့ ပြည့်စုံသော်လည်း ဤမျှဖြင့် ရောင့်ရဲခြင်းကို မပြုမူ၍ မိမိကိုယ် ချစ်အပ်သော ပိယပုဂ္ဂိုလ်၊ မိမိကိုယ် မုန်းအပ်သော အပ္ပိယပုဂ္ဂိုလ်၊ မချစ်မမုန်း လျစ်လျူ ဖြစ်သော မဇ္ဈတ္တပုဂ္ဂိုလ်၊ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ် ဤ ၄-ယောက်တို့သည် အထူးအပြားမရှိ ထပ်တူမေတ္တာမျှသဖြင့် အပိုင်းအခြား မရှိခြင်းတည်း ဟူသော သီမာသမ္ဘေဒ ကို ပြုခြင်းငှာ ဥပဇ္ဈာယ်ဆရာတို့၌ ပွားအပ်သော မေတ္တာဖြင့် အပ္ပနာကို ရပြီးသည့်နောက်၌ အလွန်ချစ်ခင်အပ်သော ဆင်းရဲဖော်၊ ချမ်းသာဖက်ဖြစ်သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွားစေအပ်၏။

ထို့နောက်မှ လျစ်လျူဖြစ်သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွားစေအပ်၏။

ထို့နောက်မှ ဆန့်ကျင်ဘက် ရန်သူဖြစ်သော ပုဂ္ဂိုလ်၌ မေတ္တာကို ပွားစေအပ်၏။

## ရန်သူ၌ မေတ္တာစိတ်ရောက်အောင် ဒေါသကို ပယ်ဖျောက်နည်းများ

(၁) ထိုပုဂ္ဂိုလ် ၃-ဦးတို့တွင် ဆန့်ကျင်ဘက်ဖြစ်သော ရန်သူပုဂ္ဂိုလ်အား မိမိကိုယ်, ပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ် တို့ကဲ့သို့ ကြည်ညိုစွာ မေတ္တာကို ပွားစေခြင်းငှာ ခဲယဉ်း၏။ ထိုရန်သူသည် ပြုအပ်သော အပြစ်ကို အဖန်တလဲလဲ အောက်မေ့မိလျက် အမျက်ထွက်ခြင်းဟူသော ပဋိဃသည် လျင်စွာ ဖြစ်ပေါ်တတ်၏။

ယင်းသို့ ပဋိဃဖြစ်လတ်သော် ယခင်ပိယ, မဇ္ဈတ္တ, ပုဂ္ဂိုလ်တို့၌ဖြစ်သော မေတ္တာစျာန်ကို အဖန်တလဲလဲ ဝင်စားပြီးလျှင် ရန်သူ၌ထင်လာသော အပြစ်အာဃာတ, ပဋိဃ ကို ဖျောက်အပ်၏။

(၂) ယင်းသို့ ဖျောက်ပါလျက် မငြိမ်းပဲဖြစ်ငြားအံ့။ ထိုသို့မငြိမ်းခဲ့သော် ဟယ်သူယုတ်–သင်သည် အပြစ်ဒေါသ ကြီးလှချေ၏တကား, သုံးလူဆရာ မြတ်စွာဘုရားသည် ဟောကြားဆုံးမခဲ့သည်မှာ–

ဘိက္ခဝေ၊ ရဟန်းတို့။ ဩစရကာ၊ အကျင့်ညစ်ညမ်း ဆိုးသွမ်းကုန်သော။ စောရာ၊ ခိုးသားတို့သည်။ ဥဘတော ဒဏ္ဍကေန၊ နှစ်ဘက်အရိုးတပ်သော။ ကကစေန၊ သံလွှဖြင့်။ အင်္ဂမင်္ဂါနိ။ ခြေလက်စသော အင်္ဂါကြီးငယ် တို့ကို။ စေပိ ဩက္ကန္တေယျုံ၊ အကယ်၍ တိုက်ဖြတ်ကုန်ငြားအံ့။ တတြာပိ၊ ထိုသို့တိုက်ဖြတ်သော သူတို့၌လည်း။ ယော၊ အကြင်သူသည်။ မနောပဒေါသေယျ၊ ဒေါသစိတ်ဖြင့်ပြစ်မှားငြားအံ့။ တေန၊ ထိုသို့ပြစ်မှားသဖြင့်၊ သော၊ ထိုသူသည်။ မေ သာသနကရော၊ ငါဘုရားဆုံးမတိုင်းလိုက်နာ၍ ကျင့်သောသူ မမည်ချေ။

ယော၊ အကြင်သူသည်။ ကုဒ္ဓံ၊ အမျက်ထွက်တတ်သောသူကို။ ပဋိကုဇ္ဈတိ၊ အတုံ့တဖန် ပြန်၍အမျက်ထွက်၏။ သော၊ ထိုသူသည်။ တေန၊ ထိုအမျက်ကြောင့်။ တဿေဝ၊ ထိုရှေးဦးစွာ အမျက်ထွက်သော သူ၏အောက်သည်း။ ပါပိယော၊ ယုတ်မာသည်မည်၏။ ကုဒ္ဓံ၊ အမျက်ထွက်သောသူကို။ အပ္ပဋိကုဇ္ဈန္တော၊ အမျက်တုံ့ မမူသော သူသည်သာလျှင်။ ဒုဇ္ဇယံ၊ အောင်နိုင်ခဲသော။ သင်္ဂါမံ၊ ဒေါသတည်းဟူသော စစ်မြေကို။ ဇေတိ၊ အောင်သည်သာမည်၏။

ဤသို့သောစကားဖြင့် ဘုရားဆုံးမတော်မူသည်ဖြစ်လျက် အမျက်ကို မချုပ်မူ၍ ထိုသူ၌ ရန်ငြိုးထားခြင်းသည် ဘုရားဆုံးမဘိုင်း မလိုက်နာသည်ဖြစ်ခဲ့ရာ၏။ ရှေးဦးတင်စွ, ဒေါသမူသော ထိုသူ့အောက်လည်း သင်ယုတ်မာသည်ဖြစ်ရာ၏။ အောင်နိုင်ခဲသော စစ်မြေကို အောင်ပေနိုင်သော သူရဲကောင်းမမည်လေရာ

စင်ကြယ်စွာကို အမျက်ရန်ငြိုးကို ဖျောက်လော ဟူ၍ မိမိကိုယ်ကို ဆိုဆုံးမသဖြင့် ပဋိဃကို ဖျောက်အပ်၏။

(၃) ယင်းသို့ဖျောက်ပါလျက် ထိုအမျက်ပဋိဃသည် မငြိမ်းနိုင်သည်ဖြစ်မူကား ထိုရန်သူဖြစ်သောသူ၏ ကိုယ်အကျင့်, နှုတ်အကျင့်, နှလုံးအကျင့်ကို ထောင့်ချင့်စဉ်းစား၍ တပါးပါးသောအကျင့်သည် ကြည်ညိုဖွယ်ရှိအံ့၊ ထိုအကျင့်ကို အဖန်ဖန်နှလုံးမူ၍ ဤသူသည် ဤအကျင့်၌ ကောင်းမွန်ကြည်ညိုဖွယ် ရှိပေစွတကား၊ အနည်းငယ်မျှ မကောင်းသည်ကို အပြစ်ယူ၍ ရန်ငြိုးခြင်းကို သင်မပြုအပ်ဟု နှလုံးထား၍ ဖြစ်ပွားသော ပဋိဃကို ဖျောက်အပ်၏။

အကယ်၍ ရန်သူ၏အကျင့်သည် တခုခုမျှ ကြည်ညိုဖွယ်မရှိ ကြမ်းတမ်းရုန့်ရင်းသည်သာ ဖြစ်အံ့။ ထိုသူအား သနားဖွယ် ရှိသည်၏ အဖြစ်ကို စိစစ်၍ အောင့်မေ့အပ်၏။

ဤသူသည် ယခုမူကား လူ့ပြည်၌ ကျင်လည်ပျော်ပါး၍ သူတထူးအား ပြစ်မှားရသေးသည်၊ စင်စစ်သော်ကား ဘဝတပါးလျှင် ရှိပါးသောငရဲဘုံတွင် တစုံတခုသောငရဲ၌ဖြစ်၍ ဆင်းရဲကြီးစွာခံရလတ္တံ့။ ယင်းသို့ ငရဲရောက်သောသူအား သနားထိုက်လှ၏ဟု ကရုဏာတရားကို ဖြစ်စေလျက် ထိုအမျက်ကို ဖျောက်အပ်၏။

(၄)ယင်းသို့ ဖျောက်ပါလျက် ထိုအမျက်ရန်ငြိုးသည် မငြိမ်းနိုင်သည်ဖြစ်မူကား ဤသို့သော ပရမတ္ထဓမ္မအားဖြင့် ပိုင်းခြား၍ ဖျောက်အပ်၏။

ဓမ္မာနံ၊ ပရမတ္ထဖြစ်သော ခန္ဓာ, အာယတန, ဓာတ်တို့၏။ ခဏိကတ္တာ၊ ဥပါဒ်, ဌီ, ဘင် တည်းဟူသော ခဏနှင့်ယှဉ်သည် ၏အဖြစ်ကြောင့်။ ယေဟိ-ဓမ္မေဟိ၊ အကြင်မိုက်မဲသော ရုပ်နာမ်တရားတို့သည်။ တေ၊ သင်၏။ အမနာပံ၊ မနှစ်လိုဖွယ်ဖြစ်သောအမှုကို။ ကတံ၊ ပြုအပ်၏။ တေ၊ ထိုပြုသော ရုပ်နာမ်ခန္ဓာတို့သည်။ နိရုဒ္ဓါ၊ ချုပ်လေကုန်ပြီ။ ဒါနိ၊ ယခု။ ဣဓ၊ ဤရန်သူသဏ္ဍာန်၌။ ကဿ၊ အဘယ်မည်သောခန္ဓာကို။ ကုဇ္ဈသိ၊ အမျက်ထွက်ပါအံ့နည်း။

ဤဒေသနာဖြင့် သင် ရန်သူမှတ်သော သတ္တဝါသည် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်း ခဏနှင့်သာ ယှဉ်သည်။ အကြင်ရုပ်နာမ်ခန္ဓာတို့သည် သင်၏အကျိုးမဲ့ကို ပြု၏၊ ထိုပြုသောခန္ဓာတို့သည် ချုပ်လေကုန်ပြီဖြစ်၍ ယခုမရှိခဲ့တကား။ အဘယ်ခန္ဓာအား သင် အမျက်ထွက်ပါအံ့နည်း။ ယခုဖြစ်ဆဲသော ခန္ဓာသည် သင်၏ အကျိုးမဲ့ကို ပြုသည်မဟုတ်ပေတကား၊ အကျိုးမဲ့မပြုသော ခန္ဓာကို သင် အမျက်မထွက်သင့်ပေဟု ဆုံးမ၍ ထိုပဋိဃကို ဖျောက်အပ်၏။

(၅) ယင်းသို့ ဖျောက်ပါလျက် အမျက်မငြိမ်းခဲ့မူကား မိမိ၏ဥစ္စာ၊ ရန်သူ၏ဥစ္စာ၊ ကံသာလျှင်ဥစ္စာရှိသော အဖြစ်ကို ဆင်ခြင်အပ်၏။ အဘယ်သို့

ဆင်ခြင်အပ်သနည်းဟူမူအချင်းပညာရှိ၊သင်သည် ရန်သူအား အမျက်ထွက်၍ ဘယ်အကျိုး ရှိအံ့နည်း။ သင်၏ အမျက်ထွက်ခြင်းလျှင် အကြောင်းရှိသော မကောင်းမှုကံသည် သင်၏ အကျိုးမဲ့ကိုသာ ဆောင်လတ္တံ့ မဟုတ်လော။ သင်သည် ကံလျှင်ဥစ္စာရှိ၏။ကံ၏အမွေခံသာ ဖြစ်၏။ ကံသာလျှင် ဖြစ်ကြောင်း ရှိ၏။ ကံသာလျှင်ဆွေမျိုးရှိ၏၊ ကံသာလျှင် ကိုးကွယ်လည်းလျောင်းရာဖြစ်၏။ အကြင်ကံကို သင်ပြုအံ့၊ ထိုပြုသောကံ၏ အမွေခံသာ ဖြစ်လတ္တံ့။ ထို့ကြောင့် သူ့အား အမျက်ထွက်၍ဘယ်အမှု ပြီးစီးနိုင်လတ္တံ့နည်း။ သင်၏ အမျက်ထွက်သော မကောင်းမှုကံသည် သမ္မာသမ္ဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ သာဝက-ဗောဓိဆုကိုဎင်း၊ ဗြဟ္မာအဖြစ်၊ သိကြားအဖြစ်ကိုဎင်း၊ ပဒေသရာဇ်၊ စကြာဝတေးစသည်တို့တွင် တပါးပါးသောစည်းစိမ်ကိုဎင်း၊ ပြီးစေနိုင်သည်မဟုတ်၊ စင်စစ်သော်ကား သင်၏ ဒေါသကရားသည် ချမ်းသာမှလျော့ပါး၍ စားကြွင်းစား၏အဖြစ် အဆင်းမလှသောအဖြစ်ကိုဎင်း၊ ငရဲတိရစ္ဆာန်တို့၌ကြီးစွာသော ဆင်းရဲကိုဎင်း ဖြစ်စေအံ့ရာသည်။

ဤအမျက်ထွက်သော သင်သည် လက်နှစ်ဘက်ဖြင့် ရဲရဲညီးသောမီးကြီး ခဲကို ကိုင်၍ သူတပါးအား ပစ်ပေါက်သော်ယောကျ်ားသည် မိမိကိုယ်ကိုသာ ရှေးဦးစွာ ထိုမီးလောင်သကဲ့သို့ဎင်း၊ မစင်ဖြင့်ကိုင်၍ ပစ်ပေါက်သောယောကျ်ားသည် မိမိကိုယ်၌သာ ရှေးဦးစွာအနံ့မကောင်း လူးသကဲ့သို့ဎင်း သင်၏ကိုယ်၌သာ ရှေးဦးစွာ မကောင်းမှုကံသည် လောင်နံ့လိမ်းမည်တကားဟု မိမိကိုယ်၏ကံသာလျှင် ဥစ္စာရှိသောအဖြစ်ကို ဆင်ခြင်အပ်သတည်း။ ဤသို့ ဆင်ခြင်ပြီးမှ ရန်သူဖြစ်သောသူ၏လည်း ကံသာလျှင် ဥစ္စာရှိသောအဖြစ်ကို ဤနည်းအတူ ကြံယူဆင်ခြင်လျက် အမျက်ထွက်ခြင်းဟူသော ဒေါသကို ငြိမ်းစေအပ်၏။

(၆) ယင်းသို့ ဆင်ခြင်ပါလျက် အမျက်ထွက်ခြင်းသည် မငြိမ်းပြန်မူကား ဘုရားသခင်၏ ရှေးအကျင့်တော်တည်းဟူသော ဂုဏ်ကို အာရုံပြု၍ အဖန်တလဲလဲ ဆင်ခြင်အပ်၏။ ဘယ်သို့ဆင်ခြင်အပ်သနည်းဟူမူ၊ အချင်းပညာရှိသင်၏ ဆရာ မြတ်စွာဘုရားသည် ဘုရားဖြစ်ကြောင်းကောင်းမှုပါရမီကို ဖြည့်သော် အခါ လေးသင်္ချေနှင့်ကမ္ဘာတသိန်းကြာအောင် များစွာသော ဇာတ်ဘဝတို့၌ ကိုယ်တော်ကို သေကြေပျက်စီးအောင်သတ်ဖြတ်ညှဉ်းဆဲသော ရန်သူ၌သော်လည်း စိတ်မျဖြင့်ပြစ်မှားခြင်းကိုမပြု၊ သည်းခံတော် မူသည်တကား။ ဘယ်သို့ သည်းခံသနည်းဟူမူ—

သည်းခံပုံသာဓက—သီလဝမင်းဝတ္ထု

သီလဝဇာတ်၌ ဗာရာဏသီမင်း ဖြစ်သောအခါ မိမိ၏ မိဖုရားနှင့်မှားယွင်းသော အမတ်သည် ခေါ်ဆောင် အပ်သည်ဖြစ်၍ ယူဇနာသုံးရာ ကျယ်သော တိုင်းနိုင်

င်ကို ယူအံ့သောငှာ စစ်ဆင်လာသော ဥဇ္ဇေနီမင်းကို တားမြစ်၍ စစ်ထိုး ခြင်းငှာ အားထုတ်ပါသော အမတ်တို့အား အခွင့်မပေးမူ၍ ရန်သူမင်း၏ လက်ဘွင်းသို့ အရောက်ခံသဖြင့် နိုင်ငံထီးနန်းနှင့်တကွ အပ်သည်ကိုလျက် ငဲ့ကွက်သနားခြင်းမရှိ အမတ်တထောင်နှင့်တကွ သူကောင်ပြစ်သော တစပြင်၌ လည်တိုင်အောင် မြှုပ်ထားသော်လည်း စိတ်ပြစ်မှားခြင်းကို မပြုပဲ သည်းခံ တော်မူသည်။

သူကောင်ကို စားမည်လာသော ခွေးတို့၏ မြေယက်ခြင်းကို ကြံဖန်အမှီပြု၍ အားထုတ်သဖြင့် အသက်ကို ရသည်ရှိသော် ဘီလူးနှစ်ဦး၏ အာနုဘော်ကြောင့် မိမိ၏ နန်းတော်တိုက်ခန်းသို့ ရောက်လျှင် ကျက်သရေရှိသော မင်းအိပ်ရာ၌ အိပ်နေသော ရန်သူမင်းကို မြင်၍မျှလည်း အမျက်မထွက် အချင်းချင်းသစ္စာ ပြု၍ ထိုရန်သူကိုပင်လျှင် အဆွေခင်ပွန်းပြု၍ အညီအညွတ် ပေါင်းဖက်တော် မူသည်။

## ခန္တိဝါဒီရသေ့ ဝတ္ထု

ထိုမှတပါး ခန္တိဝါဒီရသေ့ အဖြစ်၌လည်း ပညာမဲ့သော ကာသိကရာဇ်မင်းက သင်သည် ဘယ်အယူအကျင့် ရှိသနည်းဟု မေး၍ ခန္တိအယူရှိသည်ဟု ပြော လျှင် အဆူးရှိသော သံကြိမ်လုံးဖြင့် ရိုက်နှက်၍ ခြေလက်တို့ကို ဖြတ်လည်း မင်းအား အမျက်မထွက်ပဲ သည်းခံတော်မူလေသည်။

## စူဠဓမ္မပါလဝတ္ထု

ဤသီလဝဇာတ်၊ ခန္တိဝါဒီဇာတ်၌ သက်ရှယ်ရင့်ပြီး ပညာကြီးသည် ဖြစ်၍ သူတပါးနှိပ်စက်သော အမှုကိုမခု ရန်ငြိုးစိတ်မဆိုးပဲ သည်းခံနိုင်ခြင်းသည် အံ့ဖွယ်မရှိသေး။ စူဠဓမ္မပါလဇာတ်၌ ပက်လက်အိပ်တတ်ကာမျှ ငယ်လှသော သတိုးသားဖြစ်လျက် ခမည်းတော် မဟာပတာပမင်းသည် ပြင်းစွာ အမျက်ဝင်၍ အရှင်လတ်လတ် သူသတ်တို့ကိုစေ၍ လက်ခြေကို လှီးသော်လည်း ကြွက်သီး ဝှန်တက် အမျက်မပြန် သည်းခံ၍သာ နေတော်မူသည်။

ယင်းသို့ ခြေလက်ဖြတ်ကာမျှဖြင့် စိတ်က မရောင့်ရဲသေး၊ အသွေးအသားကို သောက်စားလိုသော ဘီလူးကဲ့သို့ ဟူးဟူးအမျက်ထွက်လှသော ပတာပ ခမည်း တော်သည် မယ်တော်မိခင်က အရှင်မင်းကြီး မညီးချစ်ဖွယ် နုနယ်ဖွံ့ထွား သနားစရာ ဗာရာဏသီ မဟီတလ တိုင်းမဏ္ဍလနန်း စိုးမြန်းမည့်သူ သက်တူမပြား သားတော်ဓမ္မပါလ၏ မွေးလှကြိုင်မြူး စန္ဒကူးနံ့သာ ကောင်းစွာလိမ်းကျံ လျက် အလွန်နုထွက်သော လက်တို့ကို ဖြတ်လျက် ပစ်ခဲ့ကုန်ပြီ။ မဒီမသာ

သို့ကြင်နာလျက် ငိုရှာခြင်းမျှမပြုဝံ့၊ တလွန့်လွန့်သာ ခံရှာပါသည်၊ ချမ်းသာပေးသင့်လှပါ၏ဟု တေ ာင်းပန်ငိုယို ဆိုမည်တမ်းစဉ် ဦးခေါင်းကို ဖြတ်လော ဟု သူသတ်တို့ကို စေဆိုသောခဏ၌ အချင်းဓမ္မပါလ ယခုအခါကား သင်၏စိတ်ကို နှိပ်ကွပ်ဆုံးမရာသော ကာလတည်း။

ခေါင်းဖြတ်ချေစေသော ခမည်းတော်၌၎င်း၊ ဖြတ်သော သူသတ်တို့၌၎င်း၊ ငိုမည်တမ်းသော မယ်တော်၌၎င်း၊ သင်၏ကိုယ်၌၎င်း၊ ဤသူ ၄-ဦးကို မထူးမပြားမခြားနားပဲသာ၊ မေတ္တာစိတ်ကို ဖြစ်စေလောဟု မြဲမြန်စွာ မိဋ္ဌာန်ခြင်းကို ပြုလျက် အမျက်မရှိပဲ သည်းခံတော်မူသည်။

## ဆဒ္ဒန်ဆင်မင်းဝတ္ထု

ဤဓမ္မပါလဇာတ်၌လည်း လူဖြစ်၍သာ ကောင်းစွာ သည်းခံနိုင်သည်ကား ထူးခြား၍ အံ့ဖွယ်မရှိသေး။ တိရစ္ဆာန်အမျိုး တောင်ငိုးတောယံ ဆဒ္ဒန်ဆင်မင်းဖြစ်တော်မူသော ဘုရားလောင်းသည် သောနုတ္တိုရ်မုဆိုးက ဆိပ်လူးမြားဖြင့် ဝမ်းလယ်နှုက်အောက်က ကျောပေါက်အောင် ပစ်သော်လည်း ထိုမုဆိုး၌ ရန်ငြိုးသိုထား ပြစ်မှားသော အာဃာတစိတ်ကို မဖြစ်စေမူ၍ တွင်း၌အောင်းသော မုဆိုးကို နှာမောင်းဖြင့် ဆွဲယူပြီးလျှင် သင်မုဆိုးသည် ဘယ်အလို့ငှာ ငါ့ကိုမြားဖြင့် ပစ်ပါသနည်း ဘယ်သူစေခိုင်း၍ ပစ်သနည်းဟု မေး၏။

မုဆိုးကြီးကလည်း ကာသိကရာဇ်မင်း၏ မိဖုရားသုဘဒ္ဒါသည် ရောင်ခြောက်ဖြာတောက်ပသော စွယ်တော်ကို ယူ၍ ပေးရမည် ဆိုသောကြောင့် လာရကြောင်းကို လျှောက်ဆိုလျှင် ထိုမိဖုရား၏ နှလုံးကို ပြည့်စေလျက် ရောင်ခြောက်ထွေထွက်သော စွယ်တော်မြတ်ကို လွှဖြင့်တိုက်ဖြတ်၍ မုဆိုးအားပေးတော်မူလိုက်သည်။

## မျောက်မင်းဝတ္ထု

ထိုမှတပါး တောဖျားမြိုင်တွင်း မျောက်မင်းအစစ် ဖြစ်တော်မူသော အခါ၌လည်း နက်စွာသော ချောက်ကြားမှ တုတ်ဆေ ာင်၍ တောင်ထိပ်သို့ တင်အပ်သော ပုဏ္ဏားယုတ်သည် မောပန်းလှ၍ တခဏအိပ်နေရာ၌ ဤမျောက်ကား လူ့သားကောင်းသော အစာဖြစ်သည်။ ငါလည်း ထမင်းမစားရ၍ မွတ်သိပ်လှ၏။ ဤမျောက်ကို သတ်၍ စားရသော် ယခုလည်းဝ၏၊ ကျန်သမျှအသားလည်း ခရီးသွားရာ၌ ရိက္ခာဖြစ်လတ္တံ့ဟု ကြံလျက်၊ အစွန်းထက်သော ကျောက်ခဲဖြင့် ဦးခေါင်းကို ထုသော်လည်း ထိုသူယုတ်၌ မျက်ကြုတ်မထွက်မူ၍ မျက်ရည်ပြည့်သော မျက်စိဖြင့် ထိုသူယုတ်ကို ကြည့်လျက် အရှင်ပုဏ္ဏား ငါ့အား ဘယ့်ကြောင့် ကြမ်းကြုတ်သောအမှုကို ပြုရက်ဘိသနည်း၊ အချည်းသက်သက် မေတ္တာဆက်၍ သေကွက်မှ ကယ်ယူပါသော ငါ့သို့စဉ်၌ သင်ပြစ်မှားသည်ကား

ထူးခြား၍ အံ့ဖွယ် ရှိလှ၏ဟု ဆိုပြီးလျှင် ထိုပုဏ္ဏားအား ခရီးမမှားအောင် ပို့ဆောင်တော် မူလိုက်သေးသည်။

ယင်းသို့ အံ့ဖွယ်သရဲ လွန်ကဲသော သည်းခံခြင်းကို ပြုတော်မူ၍ တဆူသော ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားမြတ်စွာကို ဆရာဟု ညွှန်ပြသော သင်အား အမျက်ဒေါသကို ပွားစေသဖြင့် မသင့်မလျော်ကပ်ပတ်ချေတကားဟု ဆင်ခြင်လျက် အမျက်ဒေါသကို ပျောက်ရာသတည်း။

(၇) ယင်းသို့ ဘုရားသခင်၏ ရှေးအကျင့်တော်ဂုဏ်ကို အာရုံပြု၍ အောက်မေ့ ဆင်ခြင်သော်လည်း မြင့်ရှည်စွာ ကာလပတ်လုံးဖြစ်သော ရန်ငြိုးအမျက်သည် မငြိမ်းနိုင်သည်ဖြစ်အံ့၊ မြတ်စွာဘုရားသည် မဟာကြွေးတော်မူအပ်သော အနမတဂ္ဂသုတ္တန်ကို အဖန်ဖန်လဲလဲ ဆင်ခြင်အောက်မေ့အပ်၏။ ဘယ်သို့ အောက်မေ့အပ်သနည်း ဟူမူကား :—

ချစ်သားရဟန်းတို့ အကြောင်းသတ္တဝါသည် အမိမဖြစ်ဘူး,အဖမဖြစ်ဘူး,အစ်ကို အစ်မ,နှစ်မသားသမီးမဖြစ်ဘူး။ ထိုသို့သော သတ္တဝါသည် ရလွယ်သည် မဟုတ် အလွန်ရခဲသည်သာတည်းဟူ၍ ဘုရားဟာ ဟောတော်မူသောကြောင့် ရန်သူဖြစ်သော ဤသူသည် ရှေးဘဝ၌အမိဖြစ်၍ ဆယ်လပတ်လုံး ဝမ်းဖြင့် လွယ်လျက် ပွားသောအခါလည်း လွန်စွာ စက်ဆုပ်ဖွယ်သော ကျင်ကြီး ကျင်ငယ် အညစ်အကြေးတို့ကို စန္ဒကူးနံ့သာကဲ့သို့ မစက်ဆုပ်ပဲ သုတ်သင်ဆေးကြောလျက် ရင်ပေါက်ပိုက်များ ခါးဖြင့်ချီပိုး မညိုးမပန်းရအောင် ကြဉ်းဆောင်မွေးမြူဘူးသည်တကား။

အဖဖြစ်၍ ချစ်ခွေ့ကဲလို့ ဝေးစွန်ရပ်ချား တပါးပြည်မှာ ဥစ္စာရကြောင်း ကုန်ရောင်းကုန်ဝယ် ယာလယ်ခုတ်ထွန် မှုဝန်မင်းရေး သေဘေးမုချ စစ်ဝရွေဖျား သွား၍ထမ်းရွက် လှိုင်းရေကျယ်ပြော သမုဒ္ဒရာလှေစီး မြစ်ကြီးကူးခတ် ရအပ်သမျှ ရွှာထဲရွှေငွေ ဆန်ရေစပါး ကျွဲနွား မြင်း,ဆင် ပုံယင် ကျွန်ကျေး သားမြေးဖို့သော ရှာမှီးသဖြင့် ကြီးမြင့်စည်းစိမ် ရိပ်ငြိမ်ကြွယ်ဝအောင် မွေးခဲ့လှလေပြီတကား။

အစ်ကိုအစ်မ စသည် ဖြစ်၍လည်း ချစ်ခင်လေးမြတ်စွာ မေတ္တာပိယ, သက်ဝင်ကြလျက် နှစ်သက်သျှင်မြူး ကျေးဇူးဥပကာရ ပြုကြဘူးပြီတကား။

ဤသို့ မြေကြီးမြင်းမိုရ် နှိုင်းမဆိုရ ကြီးလှကျေးဇူး အထူးတင်သည် မိခင်ဖချစ်, အစ်ကိုအစ်မ,နှစ်မသားချင်း, ဆွေရင်းမျိုးချာ,ဖြစ်ဘူးသူ၌ ငြိုးဖူးအမျက်မထွက်သင့်ချေ မွေးမေဖခင် သားချင်းသွင်သို့ ကြင်နာလိုက်လှသည် တကားဟု အဖန်တလဲလဲ အောက်မေ့လျက် အမျက်ဒေါသကို ငြိမ်းစေအပ်၏။

## မေတ္တာအကျိုး ၁၁-မျိုး

(ဂ) ယင်းသို့ ဆင်ခြင်လျက် အမျက်မငြိမ်းသေးသည်ဖြစ်အံ့၊ မေတ္တာ၏ အကျိုးဆက်ကို ဆင်ခြင်အောက်မေ့အပ်၏။ ဘယ်သို့အောက်မေ့ အပ်သနည်း ဟူမူ အချင်းပညာရှိ ဘုရားမြတ်စွာသည် မေတ္တာ၏အကျိုးကို တဆယ့်တပါး ဟု ဟောတော်မူသည်မဟုတ်လော ဤမေတ္တာကို ကောင်းစွာ ပွားသောသူ သည်–

၁။ ချမ်းသာစွာအိပ်ရခြင်း၊

၂။ ချမ်းသာစွာ နိုးရခြင်း၊

၃။ မကောင်းသော အိပ်မက်ကို မမြင်မက်ခြင်း၊

၄။ လူတို့၏ ချစ်ခင်ခြင်း၊

၅။ နတ်တို့၏ ချစ်ခင်ခြင်း၊

၆။ နတ်တို့ စောင့်ရှောက်ခြင်း၊

၇။ မီးတို့သည်၎င်း, အဆိပ်သည်၎င်း, ဓားလက်နက်သည်၎င်း, မထိမပါးနိုင်ခြင်း

၈။ လျင်စွာ စိတ်၏တည်ကြည်ခြင်း၊

၉။ မျက်နှာအဆင်း ကြည်ညိုဖွယ်ရှိခြင်း၊

၁၀။ မတွေဝေပဲ သေရခြင်း၊

၁၁။ သေသည်၏ အခြားမဲ့၌ ဗြဟ္မာပြည်သို့ ရောက်ခြင်း–

တည်းဟူသော အကျိုးတဆယ့်တပါးကို ခံစားရမည်ဟု ဟောတော် မူလျက် သင် အမျက်မငြိမ်းရာ၌ မေတ္တာ မပွားသည့်ဖြစ်အံ့၊ ဤအကျိုး တဆယ့်တဝကို မရသည်သာ ဖြစ်ရာ၏ဟု ဆင်ခြင်အောက်မေ့လျက် အမျက် ဒေါသကို ငြိမ်းစေအပ်၏။

၉။ ယင်းသို့ အောက်မေ့လျက် အမျက် မငြိမ်းပြန်သည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ် သည် ဓာတ်ကိုဝေဖန်ခြင်းကို ပြုအပ်၏။ ဘယ်သို့ဝေဖန်အပ်သနည်းဟူမူ အချင်း ပညာရှိ သင်သည် ရန်သူဖြစ်သောသူအား အမျက်ထွက်၏။ ထိုသူ၌ ဆံအစ ရှိသော ၃၂-ပါးသော အခြင်းအရာတို့သည် ရှိကုန်၏။ ထို ၃၂-ပါးတို့တွင် ဆံ ကိုတည်း အမျက်ထွက်သလော။ ထိုသို့မဟုတ် အမွေး, ခြေသည်း, လက်သည်း စသည်တို့တွင် တပါးပါးကိုတည်း အမျက်ထွက်သလော။ ထိုမှတပါး ဆံ စသည်၌

တည်သော ပထဝီဓာတ်ကိုတည်း အမျက်ထွက်သလော။ အာပေါဓာတ်, တေ-ဇောဓာတ်, ဝါယောဓာတ်တို့တွင် တပါးပါးကိုတည်း အမျက်ထွက်သလော။

ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာကိုဟည်း အမျက်ထွက်သလော၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တို့တွင် တပါးပါးကိုတည်း အမျက်ထွက်သလော။

အာယတန ၁၂-ပါးတို့တွင် စက္ခာယတနကိုတည်း အမျက်ထွက်သလော။ သောတာယတနစသည်တို့တွင် တပါးပါးကိုတည်း အမျက်ထွက်သလော။
ဓာတ် ၁၈-ပါးတို့တွင် စက္ခုဓာတ်ကိုတည်း အမျက်ထွက်သလော။ ထိုသို့မဟုတ် သောတဓာတ်စသည်တို့တွင် တပါးပါးကိုတည်း အမျက်ထွက်သလောဟု ဓာတ်ကိုဝေဖန်ခြင်းကို ပြုအပ်၏။

ထိုသို့ ဓာတ်ကို ဝေဖန်သည်ရှိသော် ပွတ်ဆောက်ဖျား၌ မုံညင်းသီးသည် တည်ရာကို မရသကဲ့သို့၎င်း၊ ကောင်းကင်၌ ပန်းချီဆေးသည် တည်ရာကို မရသကဲ့သို့၎င်း၊ အမျက်ဒေါသသည် တည်ရာကို မရနိုင်သည်ဖြစ်၍ ငြိမ်းရာ၏။

(၁၀) ယင်းသို့ ဓာတ်ကို ဝေဖန်၍မျှ မငြိမ်းသေးမူကား ပေးကမ်းဝေဖန်ခြင်းကို ပြုအပ်၏။ ဘယ်သို့ ပြုအပ်သနည်းဟူမူ မိမိ၏ပစ္စည်းကို ရန်သူဖြစ်သောသူအားပေးအပ်၏။ ရန်သူ၏ ပစ္စည်းကိုကား မိမိယူအပ်။ အကယ်၍ ပစ္စည်းတို့ကို ယူပေမူကား ဤသူသည် ငါနှင့်အားသော အနုဂ်မိကဒါနဖွဲ့အိုးကို စောင့်ထိန်းပေသည်ဟု နှုးညွှတ်အပ်၏။ ဤသို့ ပေးကမ်းဝေဖန်ခြင်းကို ပြုသည်ရှိသော် ထိုရန်သူပုဂ္ဂိုလ်၌ မိမိ၏ရန်ငြိုးသည် ငြိမ်းရာ၏။

ဤသို့ ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ဆင်ခြင်အောက်မေ့လျက် အမျက်ဒေါသကို ငြိမ်းစေပြီးသော ယောဂီပုဂ္ဂိုလ်အား ချစ်ခင်လေးမြတ်အပ်သော ဆရာစသော ပုဂ္ဂိုလ် အလွန်ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ် မချစ်မမုန်း လျစ်လျူဖြစ်သော မဇ္ဈတ္တပုဂ္ဂိုလ် ဤသုံးယောက်တို့၌ တူမျှစွာသော မေတ္တာစိတ် ဖြစ်သကဲ့သို့ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်၌လည်း ညီမျှစွာသော မေတ္တာစိတ် ဖြစ်သည်သာတည်း။

## သီမာသမ္ဘေဒဖြစ်ပုံကို ပြခြင်း

ယင်းသို့ ညီမျှသော မေတ္တာကို များစွာ ပွါးနှံ့စေသဖြင့် ဤပုဂ္ဂိုလ် ၄-ပါးတို့၌ အပိုင်းအခြားမရှိသောသီမာသမ္ဘေဒကို ပြုအပ်၏။ ဘယ်သို့ပြုအပ်သနည်းဟူမူ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ချစ်သောပုဂ္ဂိုလ်, လျစ်လျူဖြစ်သောပုဂ္ဂိုလ်, ရန်သူဖြစ်သောပုဂ္ဂိုလ်တို့နှင့်တကွ နေကြစဉ် ခိုးသူ

တို့သည် လာ၍ ငါ့အား တယောက်တယောက်သောသူကို ပေးလော၊ ထိုသူ၏ လည်ချောင်းသွေးကို ယူ၍ နတ်စာပူဇော်လိုသည်ဟု အကယ်၍ ဆိုငြားအံ့။ ထိုသို့ ဆိုမူ ဤသူကို ယူပါဟု ငါပေးမည်ဟူ၍ စိတ်အကြံဖြစ်ငြားအံ့။ သိမသမ္ဘေဒ မဖြစ်သေး။ အကယ်၍ ငါ့ကိုသာ ယူလော့၊ ဤသူသုံးယောက်ကို မယူလင့်ဟု စိတ်အကြံဖြစ်ငြားအံ့။ ထိုသို့ဖြစ်သော်လည်း သိမသမ္ဘေဒ မဖြစ်သေးပေ။

အကြင်အခါ၌ကား မိမိကိုယ်ချစ်သောသူ့ လျစ်လျူဖြစ်သောသူ့ ရန်သူဖြစ်သောသူတို့၌ မထူးမခြား မေတ္တာသည် ပွား၍ ခိုးသူတို့အား တယောက်မျှ ပေးထိုက်သောသူကို မမြင်၊ ထိုအခါ၌လျှင် သိမသမ္ဘေဒသည် ဖြစ်၏။

ထိုသို့ဖြစ်သောမေတ္တာစိတ်နှင့် တပြိုင်နက်ပင် နိမိတ်သည်၎င်း၊ ဥပစာရ သမာဓိသည်၎င်း ဖြစ်၏၊ ထိုသို့ သိမသမ္ဘေဒကို ပြုပြီးသော် နိမိတ်ကို အဖန် တလဲလဲ မှီဝဲပွားစေသော ယောဂီပုဂ္ဂိုလ်အား မငြိုငြင်သဖြင့်သာ အပ္ပနာသမာဓိ သို့ ရောက်သည်ဖြစ်၍ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်,စတုတ္ထဈာန်တို့ကို ရသည်သာလျှင် ဖြစ်၏။

ထိုသို့ ဈာန်ရသော ပုဂ္ဂိုလ်သည်သာလျှင် ငါးရာနှစ်ဆယ်ရှစ်ပါးသော မေတ္တာအပ္ပနာတို့တွင် တပါးပါး၏အစွမ်းဖြင့် သတ္တဝါပညတ်ကို အာရုံပြု၍ မေတ္တာပြန့်စေလျက် ဈာန်ကို ဝင်စားအပ်၏။

ငါးရာနှစ်ဆယ်ရှစ်ပါးဟူသော်ကား ပဋိသမ္ဘိဒါမဂ်၌ လာသောနည်းအားဖြင့် သဗ္ဗဖရဏာမေတ္တာ ၄၈-ပါး၊ ဒိသာဖရဏာမေတ္တာ ၄၈၀၊ ဤငါးရာနှစ်ဆယ် ရှစ်ပါး တို့တည်း။

ဤကား မေတ္တာပွားရာသော နည်းတည်း။

## ၄၃၇-ကရုဏာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း

ကရုဏာဟူသော ဗြဟ္မဝိဟာရတရားကို စီးဖြန်းအားထုတ်လိုသော ပုဂ္ဂိုလ် သည် သတ္တဝါတို့အား သနားကင်းခြင်း၌အပြစ်ကို၎င်း၊ သနားခြင်း၌ အကျိုး ကို၎င်း အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။ ဘယ်သို့ ဆင်ခြင်အပ်သနည်း ဟူမူကား -

ယော သတ္တေ ဇီဝိတာဝေါရောပနေန ဝါ အင်္ဂပစ္စင်္ဂစ္ဆေဒနေန ဝါ ဓနဇာနိယာ ဝါ အလာဘာယ ဝါ အဝါသာယ ဝါ အနတ္ထာယ ဝါ အယ-သတ္ထာယ ဝါ ပရိသံသက္ကနေန ဝါ အနုမောဒေ ယထာဝဇ္ဇဒဿနေနပိ ဝိဟေဌေတိ၊ တဿ သော ပမာဒဝိဟာရော ဒိဋ္ဌေဝ ဓမ္မေ အလာဘာယပိ ဋ္ဌပေတိ၊ လဒ္ဓဿ ပရိဟာနာယပိ ဟောတိ၊ တန္နိမိတ္တံ ပါပကော ကိတ္တိ-

သဒ္ဒေါ အဗ္ဘုဂ္ဂတော၊ အဝိသာရဒေါ ပရိသံ ဥပသင်္ကမတိ မင်္ကုဘူတော၊ သမ္ပူဠှော ကာလံ ကရောတိ၊ ကာယဿ ဘေဒါ ဒုဂ္ဂတိ ပါဋိကင်္ခါ၊ သုဂတိယမ္ပိ မနုဿဘူတော ဒုဗ္ဗဏ္ဏောပိ ဟောတိ နီစကုလိကော၊ ဒုဗ္ဗဏ္ဏောပိ ဟောတိ ဒုဒ္ဒသိကော၊ ဗဟ္ဝာဗာဓောပိ ဟောတိ ရောဂ-ဗဟုလော၊ ဒုဂ္ဂတောပိ ဟောတိ အပ္ပန္နပါနော၊ အပ္ပါယုကောပိ ဟောတိ ပရိတ္တဇီဝိတော။

(ဝိသုဒ္ဓိမဂ်ဋီကာ ၁- နှာ-၃၇၀-၁။)

ယော၊ အကြင်သူသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပနေန ဝါ၊ ချခြင်းဖြင့်ရင်း။ အင်္ဂပစ္စင်္ဂစ္ဆေဒနေန ဝါ၊ အင်္ဂါကြီးငယ်တို့ ဖြတ်ခြင်းဖြင့်ရင်း။ ဓနဇာနိယာ ဝါ၊ ဥစ္စာစည်းစိမ် ဆုံးရှုံးစေခြင်းငှာရင်း။ အလာ-ဘာယ ဝါ၊ လာဘ်မရစိမ့်သောငှာရင်း။ အဝါသာယ ဝါ၊ နေမြဲနေရာ၌ မနေစိမ့် သောငှာရင်း။ အနတ္ထာယ ဝါ၊ အကျိုးမဲ့ဖြစ်စေခြင်းငှာရင်း။ အဖာသုတ္ထာယ ဝါ၊ အကျော်အစောမရှိစိမ့်သောငှာရင်း။ ပရိသံသက္ကနေန ဝါ၊ လုံ့လပြုသဖြင့်ရင်း။ အန္တမသော၊ အယုတ်သဖြင့်။ ယထာဝဇ္ဇဒဿနေနပိ၊ ဒဏ်ပြစ်အားလျော်စွာ ဘေးကိုပြသဖြင့်လည်း။ ဝိဟေဌေတိ၊ နှိပ်စက်ညှဉ်းဆဲ၏။ ဟသာ၊ ထိုပုဂ္ဂိုလ်၏။ သော ပမာဒဝိဟာရော၊ ထိုသို့မေ့လျော့သောအားဖြင့် နေခြင်းသည်။ ဒိဋ္ဌေဝ-ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင်။ အလာဘာယ ဝါ၊ လာဘ် မရခြင်းငှာရင်း။ ဟောတိ၊ ဖြစ်၏။ လဒ္ဓသာ၊ ရပြီးသောလာဘ်၏။ ပရိဟာနာ ယပိ၊ ကုန်ခန်းခြင်းငှာလည်း။ ဟောတိ၊ ဖြစ်၏။တန္နိမိတ္တံ၊ ထိုသတ္တဝါတို့ကို ညှဉ်းဆဲ နှိပ်စက်ခြင်းတည်းဟူသော အကြောင်းကြောင့်။ ပါပကော၊ ယုတ်မာ သော။ ကိတ္တိသဒ္ဒေါ၊ ကျော်စောသောအသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ နှံ့ရှိတက်၏။ အဝိသာရဒေါ၊ မရဲရင့်သည်ဖြစ်၍။ မင်္ကုဘူတော၊ မျက်နှာမလှသည်ဖြစ်၍။ ပရိသံ၊ ပရိသတ် ၄-ပါးသို့။ ဥပသင်္ကမတိ၊ ကပ်ရ၏။ သမ္မူဠှော၊ တွေဝေလျက်။ ကာလံ ကရောတိ၊ သေရ၏။ ကာယဿ ဘေဒါ၊ ကိုယ်ခန္ဓာပျက်သည်မှနောက်၌။ ဒုဂ္ဂတိ၊ မကောင်းသောဘဝကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။ သုဂတိယံ၊ သုဂတိ ဘုံ၌။ မနုဿဘူတောပိ၊ လူဖြစ်သော်လည်း။ ဒုဗ္ဗဏ္ဏောပိ၊ မကောင်းသော အမျိုး ရှိသည်ရင်း။ နီစကုလိကော၊ ယုတ်နိမ့်သော အမျိုးရှိသည်ရင်း။ ဟောတိ၊ ဖြစ် ၏။ ဒုဗ္ဗဏ္ဏောပိ၊ မကောင်းသောအဆင်းရှိသည်ရင်း။ ဒုဒ္ဒသိကော၊ ရှုဖွယ် မလှသည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဗဟွာဗာဓောပိ၊ များသောအနာရှိသည် လည်း။ ဟောတိ၊ဖြစ်၏။ ရောဂဗဟုလောပိ၊ ရောဂါများသည်လည်း၊ ဟောတိ၊ ဖြစ်၏။ ဒုဂ္ဂတောပိ၊ ဆင်းရဲငြိုငြင်သည်ရင်း။ အပ္ပန္နပါနောပိ၊ နည်းသောအစာ

အာဟာရ ရှိသည်ရှင်း။ ဟောတိ၊ ဖြစ်၏၊ အပ္ပါယုကောပိ၊ နည်းသောအသက် ရှိသည်ရှင်း။ ပရိတ္တဇီဝိတောပိ၊ တိုသောအသက်ရှိသည်ရှင်း။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောပြသောဒေသနာဖြင့် ကရုဏာကင်းခြင်း၌ အပြစ်ကို ဆင်ခြင် အောက်မေ့လျက် သနားတက်သောသူ၏ အကျိုးကို ဆိုအပ်ပြီးသည်မှ ပြန် သောအားဖြင့် ဆင်ခြင်အောက်မေ့အပ်၏။

## ရှေးဦးစွာ ကရုဏာမပွားထိုက်သူ ၆-ဦး

ယင်းသို့ အကျိုးအပြစ်ကို အောက်မေ့ပြီး ကရုဏာတရားကို ပွားစေအပ်၏။ ပွားရာသော ပုဂ္ဂိုလ်သည်လည်း ချစ်ခင်လေးမြတ်အပ်သော ဆရာမိဘစသော ပိယပုဂ္ဂိုလ် မုန်းထားအပ်သော အပ္ပိယပုဂ္ဂိုလ် ဆင်းရဲဖော် ချမ်းသာဖက် ဖြစ်သော အတိပိယပုဂ္ဂိုလ်, မမုန်းမချစ် လျစ်လျူရှုအပ်သော မဇ္ဈတ္တပုဂ္ဂိုလ်, ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်, လိင်ဝိသဘာဂပုဂ္ဂိုလ်, ဤ ၆-ဦးသော ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာကရုဏာကို မပွားစေအပ်။ ဘယ့်ကြောင့်နည်းဟူမူ ဤပုဂ္ဂိုလ် ၆-ယောက်တို့သည် သနားအပ်သောအရာ၌ မတည်လေသောကြောင့်တည်း။

## ရှေးဦးစွာကရုဏာပွားထိုက်သူ

တစုံတယောက်သော သနားဖွယ်ရှိသော ဆင်းရဲပင်ပန်းစွာ စားရာမဲ့ ဝတ် ရာမဲ့ဖြစ်လျက် ခွက်သက်စွဲရသောသူကိုရှင်း။ လက်ခြေပြတ်ပျက်သဖြင့် စက်ဆုပ် ရွံရှာဖွယ်သို့ ရောက်သောသူသည် ဇရပ်တန်ဆောင်း လမ်းကြောင်းအပါး၌ နေသည်ကိုရှင်း မြင်လျှင် ဤသူကား အလွန်ဆင်းရဲငြိုငြင်ခြင်းဖြင့် နှိပ်စက်လှ ၏တကား၊ အကယ်၍ ဤသူသည် ဤဆင်းရဲမှ လွတ်ပါမူကား ကောင်းလေစွဟု နှစ်လုံးပြု၍ –

ဣမိနာ ဒုက္ခာ ပမုစ္စန္တု, ဣမိနာ ဒုက္ခာ ပမုစ္စန္တု–ဟု အဖန်တလဲလဲ စီးဖြန်း ခြင်းကို ပြုအပ်၏။

ထိုသို့သဘောရှိသော ဒုက္ခိတကို မတွေ့မြင်မူကား ချမ်းသာသောသူပင် ဖြစ်သော်လည်း မကောင်းမှုကို ပြုလေ့ရှိသောသူအား ဤသို့ သနားအပ်၏။ ခိုးထုပ်နှင့်တကွမိသော ခိုးသူကို စိုးမင်းသူသတ်တို့သည် သတ်ချေစေသည်ဖြင့် ကြိုးနှောင်ဖွဲ့၍ ဒဏ်ခတ်ခြင်းကိုပြုလျက် သတ်ရာသင်္ချိုင်းသို့ ဆောင်လေ သော် ထိုသူအား မြို့ရွာလူများတို့သည် သနားကြ၍ ဘောဇဉ်ခဲဖွယ်ကို ပေးကြကုန်၏။ ထိုခိုးသူသည် လူတို့ပေးကြသော ဘောဇဉ်ခဲဖွယ်တို့ကို ရသော် လည်း သုခသမ္ပတ္တိရှိသည်ဟု မထင်၊ ဤသူ မကြာခင်သေရလတ္တံ့-ဖဝါးတလှမ်း ထက် တလှမ်းသည် သေခန်းနှင့်နီးသည်သာဖြစ်၏ဟု ပြည်သူတကာ လွန်စွာ သနားကြသကဲ့သို့ ထို့အတူ ဤမကောင်းမှုပြုသောသူသည် ယခုမူကား ချမ်း

သာစွာ စည်းစိမ်ကို ခံစားရသေး၏။ များပကြာမီပင် ဝိညာဉ်ကင်း၍ သေခြင်းသို့ရောက်သဖြင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာတို့၏ရွာ၌ ကြီးစွာသောဆင်းရဲကို ခံစားရလတ္တံ့သတည်းဟု ထိုသူ၌ သနားခြင်းကရုဏာကို ဖြစ်စေအပ်၏။

ထိုယောဂီသည် ဤသို့ပြခဲ့သော ဒုက္ခိတပုဂ္ဂိုလ်ပို၌ အဖန်တလဲလဲ ကရုဏာကို ပွားစေသဖြင့် ဥပစာရသမာဓိမှသည် အပ္ပနာသို့ ရောက်၏။ ယင်းသို့ ရောက်သော်လည်း ဤမျှတည်းဖြင့် ရောင့်ရဲခြင်းကို မဖြစ်စေမူ၍ မေတ္တာပြဟ္မဝိဟာရ၌ ပြအပ်ပြီးသည်နှင့်အတူ သိမာသမ္ဘေဒကိုပြုခြင်းငှာ ပိယ, အတိပိယ, မဇ္ဈတ္တ, ဝေရီပုဂ္ဂိုလ်တို့၌လည်း, အစဉ်အတိုင်း ကရုဏာကို ပွားစေအပ်၏။ ဤသို့ အဖန်တလဲလဲ ပွားစေသဖြင့် မိမိ၌ရင်း, ချစ်အပ်သောသူ, လျစ်လျူဖြစ်သောသူ, ရန်သူဖြစ်သောသူ ဤသူ ၄-ဦးတို့၌ အထူးအပြားမရှိ သိမာသမ္ဘေဒ ဖြစ်၍နိမိတ်သည်ရင်း ဥပစာရသမာဓိ, အပ္ပနာသမာဓိသည်ရင်း ဖြစ်လတ်သည်ရှိသော် ထိုနိမိတ်ကို ပွားစေသဖြင့် အစဉ်အတိုင်း ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့ကို ရသည်သာလျှင် ဖြစ်ကုန်၏။

ထိုကရုဏာဟူသော ပြဟ္မဝိဟာရဖြင့် ဈာန်ရပြီးသော ပုဂ္ဂိုလ်သည် ထိုဈာန်ကို ပွားစေသဖြင့် အနောဓိသ ကရုဏာငါးပါး, ဩဒိသ ကရုဏာ ၇-ပါး၊ သဗ္ဗဖရဏကရုဏာ ၁၂-ပါး ဒိသာဖရဏကရုဏာ ၁၂၀-အားဖြင့် ၁၃၂-ပါးသော ကရုဏာတို့ကို ပျံ့စေလျက် ဈာန်ကို ဝင်စားအပ်၏။

အဂ္ဂတ္ထိုရ် အဋ္ဌကထာ၌ကား ရှေးဦးစွာ ဝေရီပုဂ္ဂိုလ်အား သနားအပ်၏။ ထို့နောက်မှ ဒုဂ္ဂတပုဂ္ဂိုလ်, ထို့နောက်မှ ပိယပုဂ္ဂိုလ်, ထို့နောက်မှ မိမိကိုယ်ကို သနားအပ်၏ဟူ၍ ဆိုသည်။

ထိုစကားသည် သော ဒုဂ္ဂတံ ဒုရူပေတံ ဟူသော ဝိဘင်းပါဠိတော်နှင့်မညီ။ ဤကား ကရုဏာပွားခြင်း၌ နည်းအမြွက်တည်း။

## ၄၃၀-မုဒိတာ ကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း

မုဒိတာကိုပွားစေသော ပုဂ္ဂိုလ်သည်လည်း ရှေးဦးစွာ အတိပိယပုဂ္ဂိုလ်, ပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ်တို့၌ မပွားအပ်။

သောဏ္ဍသဟာယ တို့၌သာ ပွားအပ်၏ဟူ၍ အဋ္ဌကထာ ဆိုသောကြောင့် အကြင်မိတ်ဆွေသည် တွေ့မြင်သောအခါ ရွှင်ပြသောမျက်နှာဖြင့် ကောင်းစွာမေးမြန်း နှုတ်ခွန်းဆက်ခြင်းကို ပြု၏။ စည်းစိမ်ဥစ္စာဖြင့်လည်း ချမ်းသာခြင်းသို့ရောက်၏။ ဒုစရိုက်မနားပဲ သုစရိုက်တရားတို့၌သာ ပျော်ပါးလေ့ရှိ၏။ ထိုမိတ်ဆွေအား ရည်မှတ်သား၍–

အယံ သတ္တော၊ ဤသတ္တဝါသည်။-အဟော သာဓု၊ ကြော်ကောင်းစွာ၏။

အဟော သုဋ္ဌု၊ ကြော်-ချမ်းသာစွာ၏-

ဟူ၍ ပရိကံပြုအပ်၏။ ထိုနောက်မှ ပိယပုဂ္ဂိုလ်အား, ထိုနောက်မှ မဇ္ဈတ္တ, ဝေရီ စသောသတ္တဝါခပ်သိမ်းတို့အားလည်း မုဒိတာ တရားဖြင့် နှံ့စေရာ၏။

ဤကိုရည်၍ ဝိဘင်းပါဠိတော်၌-

သေယျထာပိ နာမ ဧကံ ပုဂ္ဂလံ ပိယံ မနာပံ ဒိသွာ မုဒိတော အဿ၊ ဧဝမေဝ သဗ္ဗသတ္တေ မုဒိတာယ ဖရတိ-

ဟူ၍ ဟောတော်မူသည်။ ဤသို့လျှင် သဟာယပုဂ္ဂိုလ်, ပိယ-ပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ်, မိမိကိုယ် ဟူသော ပုဂ္ဂိုလ် ၄-ပါးတို့၌ တူမျှသောစိတ်ကို ထားသဖြင့် အပိုင်းအခြားမရှိပဲ အဖန်တလဲလဲ ဝမ်းမြောက်သောမုဒိတာသည် မေတ္တာဘာဝနာ၌ကဲ့သို့ ၄-ပါးသောဈာန်နှင့်ယှဉ်သော အပ္ပနာစိတ်တို့သည် အစဉ်အတိုင်း ဖြစ်ကုန်၏။

ဤကား မုဒိတာပွားခြင်း၌ နည်းအမြွက်တည်း။

## ၄၃၉-ဥပေက္ခာကမ္မဋ္ဌာန်း စီးဖြန်းပုံကို ပြခြင်း

ဥပေက္ခာကို ပွားလိုသောပုဂ္ဂိုလ်သည် မေတ္တာအစရှိသော သမထ ၃-ပါးတို့တွင် တပါးပါးဖြင့်ရအပ်သော ဈာန် ၃-ရပ်၌ပြီးသော် မိမိရအပ်သော တတိယဈာန်မှထ၍ ငါရသော တတိယဈာန်သည် ချစ်ခြင်း, မုန်းခြင်း၏ အနီး၌ဖြစ်သော သောမနဿနှင့် ယှဉ်ခြင်းကြောင့် ဈာန်အင်္ဂါသည် ရုန့်ရင်းလှ၏ဟု ရှေးဈာန်၌ အပြစ်ကို ရှု၍ ဥပေက္ခာ၏ အာနိသင်ကို ခင်မင်ပြီးလျှင် အကြင် မဇ္ဈတ္တပုဂ္ဂိုလ်တို့အား ခင်မင်ခြင်း, သနားခြင်း, ဝမ်းမြောက်ခြင်း မရှိသော အဖြစ်သည် အလွန်ငြိမ်သက်၏။ ဤအတူသာ ပိယပုဂ္ဂိုလ်, ဝေရီပုဂ္ဂိုလ် စသော သတ္တဝါ ခပ်သိမ်းတို့အား လျစ်လျူရှုအံ့ဟု နှလုံးသွင်းရာ၏။

ဤကို ရည်၍ ဝိဘင်းပါဠိတော်၌-

သေယျထာပိ နာမ ဧကံပုဂ္ဂလံ နေဝ မနာပံ န အမနာပံ ဒိသွာ ဥပေက္ခကော အဿ၊ ဧဝမေဝ သဗ္ဗသတ္တေ ဥပေက္ခာယ ဖရတိ-

ဟူ၍ ဟောတော်မူသည်။

ဤသို့လျှင် ဝေရီ, ပိယ, သဟာယပုဂ္ဂိုလ်, မိမိကိုယ်၌လည်း မဇ္ဈတ္တပုဂ္ဂိုလ်နှင့် ထပ်တူထားသဖြင့် အပိုင်းအခြားမရှိဟူ၍ လျစ်လျူရှုခြင်းဟူသော ဥပေက္ခာကို

ဖန်လဲများစွာ ပွားသော်ပုဂ္ဂိုလ်အား စတုတ္ထဈာန်ဟူသော အပ္ပနာတရားသည် ဖြစ်လေသတည်း။ (ဤကား ဥပေက္ခာကို ပွားခြင်း၌ နည်းအမြွက်တည်း။)

ဥပေက္ခာကမ္မဋ္ဌာန်းဖြင့် ပုဂ္ဂိုလ်တိုင်း ဈာန်မရနိုင်

ပထဝီ ကသိုဏ်းစသည်ကို စီးဖြန်း၍ရအပ်သော တတိယဈာန်ရှိသော ပုဂ္ဂိုလ်အား ဤဥပေက္ခာဝေဒနာဖြင့် စတုတ္ထဈာန် ဖြစ်ပါသလော – ဟူမြွာ့အံ့ မဖြစ်။ ဘယ့်ကြောင့်နည်းဟူမူ အာရုံသဘောမတူသည်၏ အဖြစ်ကြောင့်တည်း။

မေတ္တာ အစရှိသော ဗြဟ္မဝိဟာရ ၃-ပါး ရအပ်သော တတိယဈာန်ရှိသော သူအားသာလျှင် အာရုံသဘောတူသည်၏ အဖြစ်ကြောင့် ဖြစ်သတည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌–

မေတ္တာဒီသု ဥပ္ပန္နတတိယဈာနဿေဝ ဥပ္ပဇ္ဇတိ အာရမ္မဏသဘာဂ-တာယာတိ။

ဟူ၍ မိန့်သည်။ ပထဝီကသိုဏ်းစသော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းရန် ပရိကံ နည်းကို ဝိထိလက်ရိုးတို့၌ပင် ထင်ရှားလှသောကြောင့် မယုတ်လိုက်ပြီ။

၄၄၀-ဈာန်ကို မရနိုင်သော ကမ္မဋ္ဌာန်း ၁၀-ပါး

မေး။ ။ဗုဒ္ဓါနုဿတိ၊ အစရှိသား၊ ရှစ်ပါးတကွ၊ ကေသည်၊ ဝဝတ္ထာန် သည် ဈာန်ရ၏လော, မရလော။

ဖြေ။ ။ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဇ္ဈာနမေဝ သမ္ပဇ္ဇတိ။ နတ္ထိ အပ္ပနာ—

ဟူ၍ လက်သန်းအဋ္ဌကထာ၌ လာသောကြောင့် ဤဆယ်ပါးသော ကမ္မဋ္ဌာန်းကို စီးဖြန်းသဖြင့် အပ္ပနာဈာန်ကို မရ, ဥပစာရဈာနမျှ၌သာ တည်၏ဟူပေ။ အဘယ့်ကြောင့် ဈာန်ကို မရသနည်းဟူမူ—

ဗုဒ္ဓဂုဏာဒီနံ ပရမတ္ထဘာဝတော အနေကဝိဓတ္တာ ဧကဿာပိ ဂမ္ဘီရဘာဝတော၊ ဗုဒ္ဓါနုဿတိအာဒီသု ဒသသု ကမ္မဋ္ဌာနေသု အပ္ပနာ-ဝသေန ပတိဋ္ဌာတုံ အသက္ကုဏေယျတ္တာ၊ အပ္ပနာဘာဝံ အပတွာ၊ သမာဓိ ဥပစာရဘာဝေနေဝ ပတိဋ္ဌာတိ–

ဟူသော ဋီကာနှင့်အညီ ဘုရားဂုဏ်စသည်တို့၏ ပရမတ္ထသဘောဖြစ်သည်၏ အဖြစ်ကြောင့်၎င်း, များသော အပြားရှိသည်၏ အဖြစ်ကြောင့်၎င်း တခုခု

သောဂုဏ်၏လည်း အလွန်နက်နဲသည်၏ အဖြစ်ကြောင့်ရင်း ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းသယ်ပါးတို့၏ အပ္ပနာ၏အစွမ်းဖြင့် သမာဓိတရား၏တည်ရာ မဖြစ်နိုင်သောကြောင့် အပ္ပနာသို့ မရောက်မူ၍ ဥပစာရသမာဓိ၌သာ တည်၏ ဟူပေ။

၄၄၁-ကသိုဏ်းကိုရှု၍ စကျ္ဘ, မနနှစ်ဒွါရဖြင့် ရှုခြင်း

မေး။ ။ချွန်ကိုရှု၊ ကသိုဏ်းရှုသော်၊ ဖြစ်မှုအစ၊ ဘယ်ဒွါရဖြင့် ယူသနည်း။

ပရိကမ္မ၊ ရသည်အဟုတ်၊ ဥဂ္ဂဟနိမိတ်၊ အခိုပ်ထင်ကာ၊ ဇောစိတ်မှာ ဘယ်ဒွါရသို့ ရောက်သနည်း။

ဖြေ။ ။ကသိုဏ်းဝန်းကိုရှု၍ ပထဝီ, ပထဝီစသည်ဖြင့် စီဖြန်းစသော ပရိကမ္မဘာဝနာ၌ စက္ခုဒွါရဖြင့်ရှု၍ တဒနုဝတ္တက မနောဒွါရဖြင့် ယူသည်။ ရှုဖန်များ၍ မျက်စိဖြင့် မြင်သကဲ့သို့ မနောဒွါရ၌ ထင်သောအခါ မနောဒွါရဖြင့်သာ ယူသည်။ စိတ်လည်း မနောဒွါရိကဇောစိတ်ဖြစ်သည် ဟူပေ။

၄၄၂-ပဋိဘာဂနိမိတ်ထင်လျှ ဥပစာရ ဘာဝနာသာဖြစ်ခြင်း

မေး။ ။ပညတ်မည်ရှိ၊ ပဋိဘာဂ၊ နိမိတ်ရသော်၊ ဖြူဆွဘာဝနာ၊ သုံးပါးမှာ၊ ဘယ်ဘာဝနာဖြစ်သနည်း။

ဖြေ။ ။ဘာဝနာယ ပဋိသင်္ခါရကမ္မဘူဘာ အာဒိကမ္မဘူတာ ဝါ ပုဗ္ဗဘာဂဘာဝနာ ပရိကမ္မဘာဝနာ နာမ။

နီဝရဏဝိက္ခမ္ဘနတော ပဋ္ဌာယ ဂေါတြဘုပရိယောသာနာ ကာမာဝစရဘာဝနာ ဥပစာရဘာဝနာ နာမ။

အပ္ပနာယ သမီပစာရိတ္တာ ဂါမူပစာရာဒယော ဝိယ။ မဟဂ္ဂတဘာဝပ္ပတ္တာ အပ္ပနာဘာဝနာ နာမ။ အပ္ပနာသင်္ခါတဝိတက္ကပမုခတ္တာ—

ဟူသော ဋီကာနှင့် အညီ အပ္ပနာဘာဝနာကို ပြုပြင်တတ်သော အစစွာဖြစ်သော ဝါ-ရှေးဦးစွာဖြစ်သော ဘာဝနာသည် ပရိကမ္မဘာဝနာမည်၏။

နီဝရဏငါးဖြာကို ခွာသည်မှစ၍ ဂေါတြဘူအဆုံးရှိသော ကာမာဝစရဘာဝနာသည် အပ္ပနာ၏အနီး၌ဖြစ်သောကြောင့် ဥပစာရဘာဝနာမည်၏။ အဘယ်ကဲ့သို့နည်းဟူမူ ရွာ၏အနီး ဖြစ်သောအရပ်ကို ဂါမူပစာ, အိမ်၏အနီး၌ဖြစ်သောအရပ်ကို ဃရူပစာဟူသကဲ့သို့တည်း။

မဟဂ္ဂုတ်အဖြစ်သို့ ရောက်သော ဘာဝနာသည် အပ္ပနာဟုဆိုအပ်သော ဝိတက်၏အဦးဖြစ်သောကြောင့် အပ္ပနာဘာဝနာမည်၏ဟု မိန့်ဆိုရကား ဥဂ္ဂဟ-

နိမိတ်ထင်သည်မှစ၍ ပဋိဘာဂ နိမိတ်ထင်ပြီးသော် ဂေါတြဘူတိုင်အောင်သော ဘာဝနာသည် ဥပစာရဘာဝနာသာ ဖြစ်သည်ဟုဖြေ။

## ၄၄၃-အာဒိကမ္မိကဝိထိ၌ အပ္ပနာဈာန်စိတ်

## အရေအတွက်ကို ပြခြင်း

မေး။ ။ပထမဈာန်၊ အခွန်ရကာ၊ ဝိထိမှာ၊ အပ္ပနာစိတ်အစဉ်၊ ဘယ်မျှနည်း။

ဖြေ။ ။ပထမဈာန်ကို ရလိုလာသော် ဘဝင်စလနု, ဘဝင်ုပစ္ဆေဒ, ထို့နောင် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, ၎င်းနောင် မဟာကုသိုလ်ဉာဏသမ္ပယုတ် ပထမဒွေဟိုတ်တွင် တခုခုသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ၄-ကြိမ်, ထို့နောင် ရူပကုသိုလ်ပထမဈာန်စိတ်သည် အာဒိကမ္မိက ဖြစ်အံ့၊ တကြိမ်သာ, အပ္ပနာဇောကိစ္စဖြစ်၏။ ထို့နောင် ဘဝင်ကျ၏ဟူ၍ဖြေ။ (ဝိထိလက်ချိုးမှာ အကျယ်ရှိပြီ)

## ၄၄၄-ပထမဈာန်စသည်တို့ကို

## ရစေနိုင်သော ကမ္မဋ္ဌာန်းတို့ကို ပြခြင်း

မေး။ ။ပထမဈာန်၊ ကောန်ရလာ၊ စီးဖြန်းအပ်သည်၊ ပညတ်ဘယ်နှစ်ပါးတို့နည်း။

ဒုတိယနှင့်၊ တတိယဟုတ်၊ စတုတ္ထဈာန်၊ စီးဖြန်းရန်၊ ရဟန်ပညတ် ဘယ်မျှနည်း။

ပဉ္စမဈာန်၊ ကောန်ရကြောင်း၊ စီးဖြန်းကောင်းသည်၊ အပေါင်းဘယ်မျှ ပညတ်နည်း။

ဖြေ။ ။ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, ကာယဂတာသတိ, အာနာပါနဿတိ, မေတ္တာ, ကရုဏာ, မုဒိတာ ဤ ၂၅-ပါးသော ပညတ်သည် ပထမဈာန်ကို ရစေတတ်သည်။

ကသိုဏ်းဆယ်ပါး, အာနာပါနဿတိ, မေတ္တာ, ကရုဏာ, မုဒိတာ ဤ ၁၄-ပါးသောပညတ်သည် ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကို ရစေတတ်သည်။

**ကသိုဏ်း ၁၀-ပါး, အာနာပါနဿတိ, ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ ဤ ၁၂-ပါးသော ပညတ်သည် ပဉ္စမဈာန်ကို ရစေတတ်သည် ဟူပေ။**

ဆောင်ပုဒ်။ ပဉ္စဝီသ၊ ပထမဈာန်ရ၊ ဒု-တ-စ-မှာ၊ စုဒ္ဒသာ၊ ပဉ္စမာရ၊ ဒွါဒသ၊ ပေါင်းကြသောခါ၊ ဆဗ္ဗီသာ၊ ရူပါဈာန်လမ်း ကမ္မဋ္ဌာန်း။

## ၄၄၅ – အရူပဈာန် ၄-ပါး၏ အာရုံတို့ကို ပြခြင်း

မေး။ ။အရူပမှာ၊ ဈာန်လေးဖြာ၊ အာရုံဘယ်သို့ ယူသနည်း။

ဖြေ။ ။အာကာသာနဉ္စာယတနဈာန်သည် အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကို ခွာ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြုသည်။

ဝိညာဏဉ္စာယတနဈာန်သည် ပထမာရုပ္ပဝိညာဉ်ကို အာရုံပြုသည်။

အာကိဉ္စညာယတနဈာန်သည် ပထမာရုပ္ပဝိညာဉ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြုသည်။

နေဝသညာနာသညာယတနဈာန်သည် တတိယာရုပ္ပဝိညာဉ်ကို အာရုံပြုသည်။

## ၄၄၆ – အဘိညာဉ် ၅-ပါး ထားခြင်း၏ အကြောင်းကို ပြခြင်း

ရူပါဝစရံ ဒိဗ္ဗသောတံ၊ ပရစိတ္တာဝဇာနနာ။
ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဉ္စဓာ။

မေး။ ။အဘိညာဉ်ကား၊ ၇-ပါးဟု၊ ဘုရားဟောလျက်၊ သင်္ဂြိုဟ်ကြီးထု၊ ကျမ်းပြုဆရာ၊ နှုတ်ရွှင်ပါသည်၊ ငါးဖြာဘယ့်ကြောင့် မိန့်သနည်း။

ဖြေ။ ။ယထာကမ္မူပဂ အဘိညာဉ်, အနာဂတံသ အဘိညာဉ်သည် ဒိဗ္ဗ-စက္ခု၌ ဝင်သည်ဖြစ်၍ အနန္တာဂမနည်းအားဖြင့် ငါးပါးဟူ၍ မိန့်သတည်း။

## ၄၄၇-ဈာန်ရပုဂ္ဂိုလ်တိုင်း အဘိညာဉ်ရ မရကို ပြခြင်း

မေး။ ။ရူပ အရူပ၊ စသည့်အပြား၊ ဈာန်တရားကို၊ ဝင်စားနိုင်လျှင်၊ အဘိ-ညာဉ်ကို၊ အစဉ်ရပါလိမ့်မည်လော။

ဖြေ။ ။ဈာန်ကိုးပါးကို ဝသီဘော်ငါးပါးဖြင့် ဝင်စားနိုင်ရုံနှင့် အဘိညာဉ်ကို မရသေး၊ ၁၄-ပါးသောအခြင်းအရာဖြင့် လေ့လာခြင်းကို ပြုပြီးမှ အဘိညာဉ်ကို ရနိုင်သည် ဟူပေ။

၁၄-ပါးသော အခြင်းအရာဟူသော်ကား–

၁။ ကသိဏာနုလောမ=ကသိုဏ်းတို့၏ အနုလုံအားဖြင့်ရှင်း၊

၂။ ကသိဏပဋိလောမ=ကသိုဏ်းတို့၏ ပဋိလုံအားဖြင့်ရှင်း၊

၃။ ကသိဏာနုလောမ ပဋိလောမ=ကသိုဏ်းတို့၏ အနုလုံ ပဋိလုံအားဖြင့်ရင်း၊

၄။ ဈာနာနုလောမ=ဈာန်တို့၏ အနုလုံအားဖြင့်ရင်း၊

၅။ ဈာနပဋိလောမ=ဈာန်တို့၏ ပဋိလုံအားဖြင့်ရင်း၊

၆။ ဈာနာနုလောမ ပဋိလောမ=ဈာန်တို့၏ အနုလုံ ပဋိလုံအားဖြင့်ရင်း၊

၇။ ဈာနုက္ကန္တိက=အစဉ်သောဈာန်ကို ခုန်သောအားဖြင့်ရင်း၊

၈။ ကသိဏုက္ကန္တိက=အစဉ်သော ကသိုဏ်းကို ခုန်သောအားဖြင့်ရင်း၊

၉။ ဈာနကသိဏုက္ကန္တိက=ဈာန်, ကသိုဏ်းကို ခုန်သောအားဖြင့်ရင်း၊

၁၀။ အင်္ဂသင်္ကန္တိက=အင်္ဂါကို လွန်သောအားဖြင့်ရင်း၊

၁၁။ အာရမ္မဏသင်္ကန္တိက=အာရုံကို လွန်သောအားဖြင့်ရင်း၊

၁၂။ အင်္ဂါရမ္မဏ သင်္ကန္တိက=အင်္ဂါ အာရုံကို လွန်သောအားဖြင့်ရင်း၊

၁၃။ အင်္ဂဝဝတ္ထာပန=အင်္ဂါကို မှတ်သောအားဖြင့်ရင်း၊

၁၄။ အာရမ္မဏဝဝတ္ထာပန=အာရုံကို မှတ်သောအားဖြင့်ရင်း။
ဤသို့ ၁၄-ပါးတည်း။

ထို ၁၄-ပါးတို့တွင် ပထဝီကသိုဏ်း၌ ဈာန်ကိုဝင်စားပြီး၍ အာပေါကသိုဏ်း၌ ဝင်စားပြန်၏။ ထို့နောင် တေဇောကသိုဏ်း, ထို့နောင် ဝါယောကသိုဏ်း၌ ဝင်စား၏။ ဤသို့ ဩဒါတ တိုင်အောင်သော ကသိုဏ်းရှစ်ပါးတို့၌ အစဉ်အားဖြင့် အကြိမ်တရာရင်း, အကြိမ်တထောင်ရင်း ဝင်စားခြင်းသည် ကသိဏာနုလောမ မည်၏။

ဩဒါတကသိုဏ်းမှစ၍ ပထဝီကသိုဏ်းတိုင်အောင် ပြန်ကာပြန်ကာ ဝင်စားခြင်းသည် ကသိဏာပဋိလောမမည်၏။

အစဉ်အားဖြင့်ရင်း ပြန်ကာပြန်ကာရင်း ဝင်စားခြင်းသည် ကသိဏာနုလောမ, ပဋိလောမ မည်၏။

ပထမဈာန်မှစ၍ နေဝသညာနာသညာယတနဈာန် တိုင်အောင် အစဉ်အတိုင်း ဝင်စားခြင်းသည် ဈာနာနုလောမမည်၏။

နေဝသညာနာသညာယတန ဈာန်မှစ၍ ပထမဈာန်တိုင်အောင် ပြန်၍ဝင်စားခြင်းသည် ဈာနပဋိလောမမည်၏၊

ဈာန်ကိုးချပ်ကို အစဉ်အားဖြင့်၎င်း, ပြန်၍၎င်း ဝင်စားခြင်းသည် ဈာနာ-နုလောမ, ပဋိလောမ မည်၏။

ပထဝီကသိုဏ်း၌ ပထမဈာန်ကို ဝင်စား၍ ဤကသိုဏ်း၌ တတိယဈာန်ကို ဝင်စား၏။ ထို့နောက် အာကာသာနဉ္စာယတနဈာန်ကို၊ ထို့နောက် အာကိဉ္စ-ညာယတနဈာန်ကို ဝင်စား၏။ ဤသို့ ကသိုဏ်းကို ပလွှန်ပဲ ဈာန်ကို တခုခြား လွှန်၍ ဝင်စားခြင်းသည် ဈာနုက္ကန္တိက မည်၏။

ကသိုဏ်းကို တခုခြားကျော်၍ ဝင်စားခြင်းသည် ကသိဏုက္ကန္တိကမည်၏။

ပထဝီကသိုဏ်း၌ ပထမဈာန်ကို ဝင်စား၍ တေဇောကသိုဏ်း၌ တတိယ ဈာန်ကို ဝင်စား၏။ ထို့နောင် နီလကသိုဏ်းကို ခွာ၍ အာကာသာနဉ္စာ-ယတနဈာန်, ထို့နောင် ကာမဇောဖြင့် လောဟိတ ကသိုဏ်းကို အာရုံပြု၍ ထို့နောင် အာကိဉ္စညာယတနဈာန်ကို ဝင်စား၏။ ဤသို့သောနည်းဖြင့် ဈာန်ကို၎င်း၊ ကသိုဏ်းကို၎င်း ဧကန္တရိက တခုခြားလွှန်ခြင်းသည် ဈာနကသိ-ဏုက္ကန္တိက မည်၏။

ပထဝီကသိုဏ်း၌ ပထမဈာန်ကို အင်္ဂါအစဉ်အားဖြင့် ဝင်စား၍ ထိုကသိုဏ်း၌ ဒုတိယဈာန်စသည်ကို အင်္ဂါအစဉ်အားဖြင့် ဝင်စားခြင်းသည် အင်္ဂသင်္ကန္တိက မည်၏။

ပထမဈာန်၌ အာရုံပြောင်းကာ, ပြောင်းကာ ဝင်စားခြင်းသည် အာရမ္မဏ-သင်္ကန္တိကမည်၏။ (ဤနည်းကိုမှီ၍ နောက်ကျန်သည်များကို သိရမည်။)

ရှေး၌ ပွားစေအပ်ပြီးသော ဘာဝနာမရှိသော အာဒိကမ္မိကဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ဆိုအပ်ပြီးသော ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို မဆုံးမပဲ ဣဒ္ဓိဝိဓ အဘိညာဉ်ကို ဖြစ်စေနိုင်ရာသော အကြောင်းမရှိ။

ထို့ကြောင့် အဘိညာဉ်ကို ရလိုသောသူအား ဤ ၁၄-ပါးသော အခြင်း အရာတို့ဖြင့် စိတ်ကို ဆုံးမရာ၏ဟု ပြခြင်းငှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

ဣမေဟိ ပန စုဒ္ဒသဟိ အာကာရေဟိ စိတ္တံ အပရိဒမေတွာ ပုဗ္ဗေ အဘာဝိတဘာဝနော အာဒိကမ္မိကော ယောဂါဝစရော ဣဒ္ဓိဝိကုဗ္ဗနံ သမ္ပာဒေဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ— ဟူ၍ မိန့်တော်မူသည်။

ယင်းသို့ စိတ်ကိုဆုံးမ၍ ကောင်းစွာ တည်ကြည်ခြင်းသို့ ရောက်သော နီဝ-ရဏာတို့မှ စင်ကြယ်သော ပြိုးပြိုးပြက်အရောင်ရှိသော သုခစသည်၌ တပ်သော ရာဂတည်းဟူသော မှုကင်းပြီးသော ပီတိစသော အညစ်အကြေး ကင်းပြီး သော တုန်လှုပ်ခြင်းကင်းသော အဖြစ်သို့ရောက်သော အလိုရှိတိုင်းလိုက်သည်

ဖြစ်၍ နူးညံ့သော ဦး ပြီးသောရွှေကဲ့သို့ အမှုခံသော ဤအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော စိတ်သည်သာလျှင် အဘိညာဉ်သို့ ရှေ့ရှုဆောင်ခြင်းငှာ စွမ်းနိုင်သတည်း။ ထိုအနက်ကို ပြတော်မူလိုသော မြတ်စွာဘုရားသည်–

> ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပတ္တေ ဉာဏဒဿနာယ စိတ္တံ အဘိနိန္နာမေတိ–

ဟူ၍ ဟောတော်မူသည်။

ဧဝံ၊ ဤသို့ ဆိုအပ်ပြီးသော အခြင်းအရာဖြင့်။ စိတ္တေ၊ စိတ်သည်။ သမာဟိတေ၊ ကောင်းစွာ တည်ကြည်ပြီးသော်။ ပရိသုဒ္ဓေ၊ စင်ကြယ်ပြီးသည်ရှိသော်။ ပရိယောဒါတေ၊ ပြိုးပြိုးပြက်ရှိပြီးသော်။ အနင်္ဂဏေ၊ ရာဂစသော မြူကင်းပြီးသော်။ ဝိဂတူပက္ကိလေသေ၊ ညစ်ညူးခြင်းကင်းပြီးသော်။ မုဒုဘူတေ၊ နူးညံ့စွာဖြစ်ပြီးသော်။ ကမ္မနိယေ၊ တန်ခိုးဖန်ဆင်းခြင်းအမှု၌ခံ ပြီးသော်။ အာနေဉ္ဇပတ္တေ၊ တုန်လှုပ်ခြင်းကင်းသောအဖြစ်သို့ ရောက်ပြီးသော်။ ဉာဏဒဿနာယ၊ တန်ခိုးဖန်ဆင်းခြင်းငှာ။ စိတ္တံ၊ စိတ်ကို၊ အဘိနိန္နာမေတိ၊ ရှေ့ရှုညွတ်စေပြီ။

ဤအင်္ဂါရှစ်ပါးတို့တွင် အာနေဉ္ဇပတ္တ၏ အင်္ဂါ ၆-ပါးပြားဟန်ကို ဝိသုဒ္ဓိမဂ်၌ မိန့်သည်ကား–သဒ္ဓါ ပရိဂ္ဂဟိတံ၊ သဒ္ဓါဖြင့်သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ အဿဒ္ဓိယေန၊ မသဒ္ဓါခြင်းဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ ဝီရိယ ပရိဂ္ဂဟိတံ၊ ဝီရိယဖြင့် သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇေန၊ ပျင်းရိခြင်းဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ သတိပရိဂ္ဂဟိတံ၊ သတိဖြင့် သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ ပမာဒေန၊ မေ့လျော့ခြင်းဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ သမာဓိပရိဂ္ဂဟိတံ၊ သမာဓိဖြင့် သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓစ္စေန၊ ဥဒ္ဓစ္စဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ ပညာပရိဂ္ဂဟိတံ၊ ပညာဖြင့် သိမ်းဆည်းအပ်သော။ စိတ္တံ၊ စိတ်သည်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ ဩဘာသဂတံ၊ ထွန်းလင်းခြင်းသို့ ရောက်သော။ စိတ္တံ၊ စိတ်သည်။ ကိလေသန္ဓကာရေန၊ ကိလေသာတည်းဟူသော အမိုက်တိုက်ဖြင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤသဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဩဘာသ ဟူသော တရား ၆-ပါးတို့ဖြင့်။ ပရိဂ္ဂဟိတံ၊ သိမ်းဆည်းအပ်သော စိတ်သည်။ အာနေဉ္ဇပတ္တံ၊ တုန်လှုပ်ခြင်း ကင်းသော အဖြစ်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ။ (အဘိညာဉ်ဝိထိကျဟန်ကိုကား ဝိထိပိုင်းက ဆိုခဲ့ပြီ။)

## ၄၄၇-ဣဒ္ဓိအမျိုး တန်ခိုးဆယ်ပါးကို ပြခြင်း

မေး။ ။ကိုယ်ခန္ဓာကို၊ အရာ အထောင်၊ ဖြစ်အောင်ပွားပြင်၊ ကောင်းကင်ပျံလွှား၊ သွားသည်အမျိုး၊ တန်ခိုးဘယ်မျှ ပြားသနည်း။

မေး။ ။ဒသ ဣဒ္ဓိယော အဓိဋ္ဌာနိဒ္ဓိ, ဝိကုဗ္ဗနိဒ္ဓိ, မနောမယိဒ္ဓိ, ဉာဏဝိပ္ဖါရိဒ္ဓိ, **သမာဓိဝိပ္ဖါရိဒ္ဓိ**, အရိယိဒ္ဓိ, ကမ္မဝိပါကဇိဒ္ဓိ, ပုညဝတောဣဒ္ဓိ, ဝိဇ္ဇာမယိဒ္ဓိ, ဘာဝနာမယိဒ္ဓိတိ–

ဟူသည်နှင့်ညီစွာ တန်ခိုးဆယ်ပါး အပြားရှိ၏။

၁။ ထိုဆယ်ပါးတို့တွင် ပြကတေ့သော ကိုယ်ခန္ဓာသည် အရာရှင်း အထောင်ရှင်း ဖြစ်စိမ့်သောငှာ နှလုံးသွင်း၍ ဘာဝနာဉာဏ်ဖြင့် ဓိဋ္ဌာန်ခြင်း ကို ပြု၏။ ဤအဓိဋ္ဌာန်၏ အတိုင်း အရာအထောင်သော ကိုယ်၏ဖြစ်ခြင်းသည် အဓိဋ္ဌာနိဒ္ဓိ အဓိဋ္ဌာန်၏အစွမ်းဖြင့်ပြီးသော တန်ခိုးမည်၏။

၂။ ပြကတေ့သောအသွင်ကို စွန့်၍ သူငယ်၏အသွင်, နဂါး ဂဠုန်၏ အသွင်ဖြစ်အောင် ဓိဋ္ဌာန်၍ ဖြစ်စေခြင်းသည် ဝိကုဗ္ဗနိဒ္ဓိ အထူး ဖောက်ပြန် သည်၏အစွမ်းဖြင့် ပြီးသော တန်ခိုးမည်၏။

၃။ ဤကိုယ်မှတပါး အသီးသီးပြုပြင်သော ကိုယ်များစွာကို ဖန်ဆင်းခြင်း သည် စိတ်ကြံတိုင်း ရုပ်, နာမ် ပွားသည်၏ အစွမ်းဖြင့် ဖြစ်သောကြောင့် မနော မယိဒ္ဓိ စိတ်ကြံတိုင်းပြီးသော တန်ခိုးမည်၏။

၄။ မဂ်ဉာဏ်ဖြစ်သည်မှ ရှေ့၌ရှင်း, နောက်၌ရှင်း, ထိုခဏ၌ရှင်း ဉာဏ် အာနုဘော်ကြောင့် ဖြစ်သော အထူးသည် ဉာဏဝိပ္ဖါရိဒ္ဓိ ဉာဏ်ပြန့်ခြင်းကြောင့် ဖြစ်သော တန်ခိုးမည်၏။

## အရှင် ဗာကုလထေရ်

ပြရန်သက်သေကား- အရှင် ဗာကုလထေရ်၏ အလောင်းဖြစ်သော သူငယ် သည် ဖွား၍ ၇-ရက်လွန်သောအခါ မင်္ဂလာပြုခြင်း အကျိုးငှာ ဂင်္ဂါမြစ်ရေကို ချိုးစေရာတွင် အထိန်းတို့လက်မှ ငါးကြီးဟပ်မျို၍ သွားသဖြင့် ထိုငါးကြီးသည် ယူဇနာ ၃၀-ကွာဝေးသော ဗာရာဏသီပြည် ဆိပ်ကမ်းသို့ ရောက်၍ တံငါတို့ မိသဖြင့် သဌေးကြီး၏ မယားကို ရောင်းလတ်သော် သဌေးမလည်း ချက်ပြုတ် ခြင်းငှာ ဝမ်းကိုဖောက်ခွဲစေရာတွင် ငါး၏ဝမ်းဝယ် အန္တရာယ်မရှိပဲ ပါလာသော ရွှေဆင်းတုနှင့်တူသော သူငယ်ကိုမြင်၍ ငါ့အား သားကောင်း ရပြီဟု ဝမ်း မြောက် ဝမ်းသာသူ၍ မွေးမြူလေ၏။ ဤသို့ ငါး၏ဝမ်းတွင်းသို့ ရောက်လျက်အနာ ကင်းသောအဖြစ်သည် ဤဘဝ၌ရလတ္တံ့သော အရဟတ္တမဂ် ဉာဏ်၏ အာနုဘော် ကြောင့်ဖြစ်ရကား ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏။

## အရှင်သံကိစ္စပထေရ်ဝတ္ထု

အရှင် သံကိစ္စ၏ အလောင်းဖြစ်သော သူငယ်သည်လည်း ဝမ်းမှ မဖွားမြင်မိ မယ်တော် ကံကုန်၍ အလောင်းကို သုသာန်ထင်းစင်၌ တင်၍ မီးသင်္ဂြိုဟ်သော အခါ တံစူးဝါးနှင့် ထိုးရာတွင် သူငယ်၏ မျက်ကောင့်ကို ထိုးမိ၍ ငိုလေသဖြင့် ထိုငိုသံကို ကြားမှ သုသာန်စောင့်တို့က အလောင်းကို မီးတွင်းမှဆယ်၍ သူငယ် ကိုယူပြီးလျှင် အဘွားမအား ပေးအပ်၍ မွေးစေရသည်။ ဤသို့ မီးပုံတွင်းသို့ ရောက်လျက် မသေနိုင်ခြင်းသည်လည်း ထိုဘဝ၌ ရလတ္တံ့သော မဂ်ဉာဏ်၏ အာနုဘော်ပင် ဖြစ်ပေသည်၊

## ဘူတပါလ သူငယ်ဝတ္ထု

သူဆင်းရဲ လှည်းသမား၏ သားဖြစ်သော ဘူတပါလ သူငယ်သည်လည်း အဘသည် တောမှ လှည်းဖြင့်ထင်းတင်၍ လာသည်တွင် မြို့တံခါး၏ အနီးသို့ ရောက်သောကာလ နွားတို့သည် ထွက်ပြေးလေ၍ သူငယ်ကို လှည်းရင်း၌ ထားခဲ့ ပြီး နွားကိုလိုက်လေသော် မြို့တွင်းက မထွက်မီ မြို့တံခါးကို ပိတ်သွားသည်နှင့် မထွက်ရပဲ တညဉ့်ပတ်လုံး နေရလေ၏။ ဘီလူး သားရဲတို့၏ သွားလာရာခရီး ဖြစ်သော မြို့၏ အပ၌ ညဉ့်သုံးယာမ် လုံး သူငယ်ကို ပစ်ထားလျက် အန္တရာယ် မရှိခြင်းသည်လည်း ဤဘဝ၌ ရလတ္တံ့သော မဂ်ဉာဏ်၏ အာနုဘော်ပင် ဖြစ်ရ ကား ဉာဏဝိပ္ဖါရိဒ္ဓိ မည်၏။

## သမာဓိဝိပ္ဖါရိဒ္ဓိနှင့် ရှင်သာရိပုတ္တရာ

၅။ သမာဓိ ၄၁-တို့တွင် တပါးပါးကို နှလုံးသွင်း၍ ဥပစာရသမာဓိ, အပ္ပနာသမာဓိနှစ်ပါးတွင် တပါးပါးဖြစ်သည်မှ ရှေ့အဖို့၌၎င်း, နောက်အဖို့၌၎င်း, ယှဉ်ဖက်၌၎င်း သမာဓိ၏ အာနုဘော်ကြောင့် ဖြစ်သော အထူးသည် သမာဓိဝိပ္ဖါ- ရိဒ္ဓိ မည်၏။

သက်သေပြချက်ကား- အရှင်သာရိပုတ္တရာသည် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်နှင့် တကွ ကပေါတ မည်သော ချောက်၌ လွင်တီးခေါင်တွင် နေသော အခါ မိစ္ဆာဒိဋ္ဌိ ဘီလူး တယောက်သည် လည်ပတ်လာရာ ရှင်သာရိပုတ္တရာ ကို မြင်၍ ပုတ်ခတ်ချင်သော အမူအရာကို ပြုရကား အဖော် ဘီလူးတဦးက တား မြစ်သော်လည်း မနေ၊ ကြီးစွာသော လုံ့လကြိုးဖြင့် ဦးခေါင်းကို ရိုက်ခတ်သည် ရှိသော် မိုးကြိုးသံကဲ့သို့ ပြင်းထန်သော အသံသည် ဖြစ်၏။ အရှင်မြတ်လည်း သမာပတ်ဝင်စားခိုက်ဖြစ်၍ ထိုသမာဓိ၏ အာနုဘော်ကြောင့် တစိုးတစိ မျှသော နာကျင်ခြင်းသည် မဖြစ်လေ။

## ၄င်း-သဒ္ဓိဝ မယေရ်ဝတ္ထု

သဒ္ဓိဝလေရ် သည်လည်း နိရောဓသမာပတ် ဝင်စား နေသောအခါ များစွာသော နွားကျောင်းသားတို့သည် ရဟန်းသေဘောင်မှတ်၍ ထင်းအမှိုက်တို့ဖြင့် မီးတိုက်ကြလေကုန်သည်။ အရှင်မြတ်လည်း သမာပတ်၏ အာနုဘော်ကြောင့် သင်္ကန်းတော်၌ ချည်တမျှင်ကိုမျှ မလောင်ပဲ ပြကတေ့သာ တည်တော်မူ၏။

## ၄င်း-ဥတ္တရာဝတ္ထု

ပုဏ္ဏသဋ္ဌေး၏ သို့းဖြစ်သော ဥတ္တရာဥပါသိကာမသည်လည်း ဆွမ်းချက်၍ နေရာ၌ သိရိမာသည် ကြိုက်ကြိုက်သူသော ထောပတ်ပူဖြင့် လောင်းသည်ရှိသော် ဥတ္တရာလည်း မေတ္တာဘာဝနာ သမာဓိဖြင့်သာ နေရကား မွေးညင်းတပင်မျှမပူ ကြာတော၌ကျသော ရေပေါက်၏ အတူသာ ဖြစ်၏။

## ၄င်း-သာမာဝတီ မိဖုရားဝတ္ထု

သာမာဝတီ မိဖုရားအား ဥတေနမင်းသည် မြားဖြင့် ပစ်သတ်ခြင်းငှာ လေးကိုတင်ပါသော်လည်း မတင်နိုင်၊ ပစ်လွှတ်ပါသော်လည်း အပါး၌သာ မြားကျ၍ နေ၏။ ဤသို့ အဘူးဖြစ်ခြင်းတို့သည် သမာဓိဝိပ္ဖါရိဒ္ဓိ သမာဓိနှံခြင်းကြောင့်ဖြစ်သော တန်ခိုးမည်၏။

၆။ စက်ဆုပ်ရွံရှာဘွယ်သော သူကောင်ပုပ် စသည်တို့၌လည်း မစက်ဆုပ်ခြင်း, တပ်နှစ်သက်ဖွယ်သော နတ်သို့း စသည်တို့၌လည်း မတပ်မက်, အလုံးစုံသော ဣဋ္ဌာရုံ, အနိဋ္ဌာရုံ တို့၌ တုန်လှုပ်ခြင်း မဖြစ်မူ၍ လျစ်လျူရှုနိုင်ခြင်းသည် စေတောဝသီပတ္တ ဖြစ်သော ရဟန္တာအရိယာတို့အားသာလျှင် ဖြစ်သော တန်ခိုးဖြစ်သောကြောင့် အရိယိဒ္ဓိ မည်၏။

၇။ ငှက် စသည်တို့အား ကောင်းကင်ဖြင့် သွားနိုင်ခြင်း, နတ်တို့အား ကိုယ်ကိုငင်း ဖိခါနိကိုငင်း ကွယ်ဝှက်နိုင်ခြင်း, မြင်စေလိုမှ ထင်စွာပြနိုင်ခြင်း, ကောင်းကင်၌ သွားနိုင်ခြင်း တို့သည် ကမ္မဝိပါကဇိဒ္ဓိ ကံ၏အကျိုးကြောင့် ဖြစ်သော တန်ခိုးမည်၏။

၈။ စကြာဝတေးမင်းသည် မိမိ၏အခြံအရံပရိသတ်နှင့်တကွ ကောင်းကင်ဖြင့် သွားနိုင်ခြင်း, ဇောတိကသဋ္ဌေးအား မဟာပထဝိမှ ထွက်၍ ပြာသာဒ်ပဒေသာပင်တို့ ပေါက်ရခြင်း, ဇဋိလသဋ္ဌေးအား အတောင်ရှစ်ဆယ်မြင့်သော ရွှေတောင်ကြီး ပေါက်ရခြင်း, မေဏ္ဍကသဋ္ဌေးအား ရွှေဆိတ်ရုပ် ပဒေသာပင် ပေါက်လာရခြင်း, ကောင်းကင်ကို မျှော်၍ ခေါ်တ-ငြားက သလေးစပါးမိုး

ရှာရခြင်းတို့သည် ရှေးကုသိုလ်ကြောင့်ပြီးသော တန်ခိုးဖြစ်ရကား ပုညဝတော-ဣဒ္ဓိမည်၏။

၉။ ဝိဇ္ဇာဓိုရ်တို့အား မန္တာန်ကိုစုပ်၍ရင်း ဆေးပယောဂတို့ဖြင့်ရင်း ကောင်းကင်သို့ သွားခြင်း၊ မြေအပြင်၌ ဝေးစွာသောခရီးကို တခဏနှင့်ရောက်နိုင်ခြင်း၊ ဆင်၊ မြင်းဗိုလ်ပါကို ထင်စေနိုင်ခြင်း၊ သူသေကောင်ကို ထင်စေနိုင်ခြင်းတို့သည် အတတ်ဖြင့်ပြီးသော တန်ခိုးဖြစ်ရကား ဝိဇ္ဇာမယိဒ္ဓိ မည်၏။

ဤဆယ်ပါးသော တန်ခိုးတို့တွင် ဣဒ္ဓိဝိဓအဘိညာဉ်သည် သတ် ဟောမိ၊ သဟဿံ ဟောမိ-စသည်ဖြင့် ဓိဋ္ဌာန်ခြင်းကြောင့် ဖြစ်ရကား အဓိဋ္ဌာနိဒ္ဓိမည်၏။ ဝိကုဗ္ဗနိဒ္ဓိ၊ မနောမယိဒ္ဓိ ကိုလည်း ယူအပ်သတည်း။ (ပါဠိကို လိုမူ ဝိသုဒ္ဓိမဂ်၌ ယူလေ။)

သမထပိုင်း ပြီး၏။

# ဝိပဿနာပိုင်း

## ၄၄၉–သီလအစ မဂ်ဖိုလ်အလယ် နိဗ္ဗာန်အဆုံး ၃-ပါးကို ပြခြင်း

မေး။ ။သီလအစ, မဂ်ဖိုလ်အလယ်, နိဗ္ဗာန်အဆုံး သုံးပါးထင်ရှား သည့်တရားကို ခြားအောင်ဘယ်သို့ ခွဲမည်နည်း။

ဖြေ။ ။မဂ်ဖိုလ်ကို ရ၍ နိဗ္ဗာန်ကို မြင်လိုသော ဝိပဿနာယောဂီဖြစ်သော ကာမတိဟိတ် ပုဂ္ဂိုလ်သည်–

၁။ သီလဝိသုဒ္ဓိ=လေးပါးသော ပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း၊

၂။ စိတ္တဝိသုဒ္ဓိ=စိတ်၏ နီဝရဏကင်းသော အဖြစ်သို့ ရောက်သဖြင့် စင်ကြယ်ခြင်း၊

၃။ ဒိဋ္ဌိဝိသုဒ္ဓိ=ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ=၁၆-ပါးသော ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း၊

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ=မဂ် ဟုတ်သည်-မဟုတ်သည်ကို သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ=မဂ်သို့ရောက်ကြောင်းဖြစ်သော အကျင့်ကို သိတတ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း၊

၇။ ဉာဏဒဿနဝိသုဒ္ဓိ=မဂ်တည်းဟူသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း–

ဤဝိသုဒ္ဓိ ၇-ပါးတို့ အစဉ်အတိုင်း ပြည့်စုံမှ မဂ်ဖိုလ်ကိုရသည်။ ရပြီးသည့် နောက်လည်း မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ပုဂ္ဂိုလ်၏ အဖြစ်ဖြင့် တည်၍ ဆုံးသော ကာလမှ နိဗ္ဗာန်သို့ ရောက်သည်ဖြစ်၍ သီလအစ, မဂ်ဖိုလ်အလယ်, နိဗ္ဗာန် အဆုံးဟု ဆိုလေသည်။

## သီလဝိသုဒ္ဓိ၌ ပါရိသုဒ္ဓိသီလ ၄-ပါးကို ပြခြင်း

**သီလဝိသုဒ္ဓိ၌ စတုပါရိသုဒ္ဓိသီလ ဟူသည်ကား–**

၁။ အာပတ် ၇-ပုံကို လုံခြုံစွာ စောင့်စည်းခြင်းသည် အပါယ်လားခြင်း စသည်မှ ကင်းလွတ်တတ်သောကြောင့် ပါတိမောက္ခသံဝရသီလမည်၏။

၂။ စက္ခုန္ဒြေစသော ဣန္ဒြေ ၆-ပါးကို တားမြစ် စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။

၃။ ကုလဒူသကဂျစ်ပါး, အနေသန နှစ်ဆယ့်တပါး, ကုဟန, လပန စသော မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ စင်ကြယ်စွာ အသက်မွေးသော သီလသည် အာဇီဝပါရိသုဒ္ဓိ သီလမည်၏။

၄။ ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာသတိဖြင့် သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ မည်၏။

ဤလေးပါးနှင့် ပြည့်စုံမှ သီလဝိသုဒ္ဓိ ဖြစ်သတည်း။

## ၄၅၀-သီလ ၄-ဖြာ လူတို့မှာလည်း ရသင့်ပုံကို ပြခြင်း

**မေး။** ။ ရဟန်းတို့မှာစတုပါရိသုဒ္ဓိသီလ၊ဆွဆွဖြူသည်၊ လူမှာမရကောင်းဘူးလော။

**ဖြေ။** ။ ဤသီလလေးပါးကို ရဟန်းတို့၌ကား မုချအားဖြင့် ရသည်။ လူတို့၌ကား ဥပစာအားဖြင့်သာ ရသည်။

ဘယ်သို့ရသနည်းဟူမူ လူဘို့အား မလွန်ကျူးအပ်ဟု တားမြစ်တော်မူသော ဒုစရိုက်ဆယ်ပါးမှ စောင့်စည်းခြင်းသည် ပါတိမောက္ခသံဝရသီလ မည်၏။

ဣန္ဒြေ ၆-ပါးကို စောင့်စည်းခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။

အဝမ္မိကဝါဏိဇ္ဇငါးပါးမှ ရှောင်ကြဉ်၍ အပြစ်ကင်းသောအမှုဖြင့် အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။

ပစ္စည်းလေးပါးကို ခံစားသုံးဆောင်သောအခါ ပဋိကူလသညာ စသည်ဖြင့် သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ မည်၏။

ဤ ၄-ပါးနှင့် ပြည့်စုံခြင်းသည် သီလဝိသုဒ္ဓိ မည်၏။ ဘယ့်ကြောင့် ဤသို့ ယူအပ်သနည်းဟူမူကား လူတို့လည်း မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရကြသောကြောင့် ထိုမဂ်,ဖိုလ်ရသောအကျိုးကို အသဖြင့် သီလဝိသုဒ္ဓိဖြစ်၏ ဟူသော အကြောင်းရင်းကို သိရသတည်း။ ကျမ်းဂန်တို့၌ တိုက်ရိုက်လာသည်ကိုမူ မတွေ့မိချေ။

## စိတ္တဝိသုဒ္ဓိကို ပြခြင်း

စိတ္တဝိသုဒ္ဓိ၌ စိတ်၏ နီဝရဏကင်းခြင်းသည် ဘယ်အခါ၌ ဖြစ်သနည်းဟူမူကား– ဘုရားဂုဏ်စသည်ကို အာရုံပြု၍ ဥပစာရသမာဓိဇော ဖြစ်သောအခါ၌ရှင်း ၊ကသိုဏ်းဝန်း စသည်ကို အာရုံပြု၍ ဥပစာရသမာဓိဇော,အပ္ပနာဇော

ဖြစ်သောအခါ၌ရှင်း နိဝရဏကင်းသည်။ ထိုသို့ကင်းသောစိတ်ကို စိတ္တဝိသုဒ္ဓိ ဆိုသည်။

## ဒိဋ္ဌိဝိသုဒ္ဓိကို ပြခြင်း

မေး။ ။ လက္ခဏာ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့်၊ နာမ်, ရုပ်အပေါင်း၊ သိမ်းဆည်းကြောင်းကို၊ သုဒ္ဓိဆိုသည်၊ ကျမ်းလိုအယ်သို့ ကောက်သနည်း။

ဖြေ။ ။ နာမ်, ရုပ်တရားတို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဖြင့် ဝေဖန်ပိုင်းခြား၍ သိသောပညာကို ဉာဏ်အမြင်စင်ကြယ်ခြင်းဖြစ်၍ ဒိဋ္ဌိ ဝိသုဒ္ဓိ ဆိုသည်။

## ရုပ်,နာမ်တရား ခန္ဓာငါးပါးတို့ကို သိမ်းဆည်းပုံ

ထိုစကား၌ ခန္ဓာငါးပါးကို အဘယ်သို့ သိမ်းဆည်းရာသနည်းဟူမူကား—

၁။ ရုပ္ပနလက္ခဏံ ရူပံ, ဝိကိရဏရသံ, အဗျာကတပစ္စုပဋ္ဌာနံ, ဝိညာဏ-ပဒကာရဏံ။

၂။ ဝေဒယိတလက္ခဏာ ဝေဒနာ, ဝိသယသံဘောဂရသာ, သုခ ဒုက္ခ ပစ္စု-ပဋ္ဌာနာ, ပဿဒ္ဓိ ပဒဋ္ဌာနာ။

၃။ သဉ္ဇာနနလက္ခဏာ သညာ, ပုန သညာဏပစ္စယ နိမိတ္တကရဏ ရသာ, ယထာဂဟိတနိမိတ္တဝသေန အဘိနိဝေသ ပစ္စုပဋ္ဌာနာ, ယထာဥပဋ္ဌိတ-ဝိသယ ပဒဋ္ဌာနာ။

၄။ အဘိသင်္ခရဏလက္ခဏာ သင်္ခါရာ, အာယူဟန ရသာ, ဝိပ္ဖါရ ပစ္စုပဋ္ဌာ-နာ, သေသခန္ဓတ္တယပဒဋ္ဌာနာ။

၅။ ဝိဇာနနလက္ခဏံ ဝိညာဏံ, ပုဗ္ဗင်္ဂမရသံ, သန္ဓာန ပစ္စုပဋ္ဌာနံ, နာမရူပ ပဒဋ္ဌာနံ။

၁။ ရူပံ၊ ရုပ်သည်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိုဖရဲကြဲခြင်း ကိစ္စရှိ၏။ အဗျာကတ ပစ္စုပဋ္ဌာနံ၊ အကျိုး မပေးတတ်သော အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဝိညာဏပဒကာ-ရဏံ၊ ဝိညာဉ်လျှင် နီးစွာသောအကြောင်းရှိ၏။

၂။ ဝေဒနာ၊ ဝေဒနာသည်။ ဝေဒယိတလက္ခဏာ၊ အာရုံကို ခံစားခြင်း လက္ခဏာရှိ၏။ ဝိသယသံဘောဂရသာ၊ တွေ့တိုင်းသော အာရုံကို သုံးဆောင် ခြင်းကိစ္စရှိ၏။ သုခ ဒုက္ခ ပစ္စုပဋ္ဌာနာ၊ သုခ,ဒုက္ခလျှင် ထင်သော အခြင်း

အရာရှိ၏။ ပဿဒ္ဓိပဒဋ္ဌာနာ၊ ကိုယ်စိတ်၏ ပြဋ္ဌာန်းခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

၃။ သညာ၊ သညာသည်။ သဉ္ဇာနနလက္ခဏာ၊ အမှတ်ကိုပြု၍ သိခြင်း လက္ခဏာရှိ၏။ ပုနသညာဏပစ္စယနိမိတ္တကရဏရသာ၊ တဖန်သိခြင်း၏ အကြောင်းဖြစ်သော အမှတ်ကို ပြုခြင်းကိစ္စရှိ၏။ ယထာဂဟိတနိမိတ္တဝသေန၊ အကြင်ယူဘူးသော အာရုံ၏အစွမ်းဖြင့်။ အဘိနိဝေသပစ္စုပဋ္ဌာနာ၊ နှလုံးသွင်းခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ ယထာဉပဋ္ဌိတဝိသယပဒဋ္ဌာနာ၊ ထင်လာတိုင်းသော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

၄။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်၊ အဘိသင်္ခရဏလက္ခဏာ၊ ပြုပြင်ခြင်းလက္ခဏာရှိကုန်၏။ အာယူဟနရသာ၊ သမ္ပယုတ်တရားတို့ကို မိမိတို့၏ကိစ္စတို့၌ ပေါင်းရုံးခြင်းကိစ္စရှိကုန်၏။ ဝိပ္ဖါရပစ္စုပဋ္ဌာနာ၊ ဗျာပါရရှိသည်၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိကုန်၏။ သေသခန္ဓတ္တယပဒဋ္ဌာနာ၊ ကြွင်းသော ခန္ဓာသုံးပါးသာလျှင် နီးစွာသော အကြောင်းရှိကုန်၏။

၅။ ဝိညာဏံ၊ ဝိညာဉ်သည်၊ ဝိဇာနနလက္ခဏံ၊ အာရုံကိုသိခြင်း လက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ ပြဋ္ဌာန်းခြင်း၊ ရှေ့သွား ဖြစ်ခြင်းကိစ္စရှိ၏။ သန္ဓာနပစ္စုပဋ္ဌာနံ၊ ရှေးရှေးသောစိတ်နှင့် မပြတ်ဆက်သော အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ နာမ ရူပပဒဋ္ဌာနံ၊ နာမ် ရုပ် အပေါင်းလျှင် ပဒဋ္ဌာန်ရှိ၏။ ။ ဤသို့သိမ်းဆည်းရာ၏ ဟူပေ။

## ကင်္ခါဝိတရဏဝိသုဒ္ဓိကို ပြခြင်း

သတ္တဝါတို့၏ သန္တာန်၌ နာမ် တရား၊ ရုပ် တရားတို့သည် ပဋိသန္ဓေအခါ၌ ရှေးဘဝကဖြစ်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဟူသော အကြောင်းကြောင့် ဖြစ်၏။

ပဝတ္တိအခါ၌ကား ရုပ်သည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသောအကြောင်းကြောင့်ဖြစ်၏။တစုံတယောက်သော ဗြဟ္မာ, သကြား, ဘုရားဖန်ဆင်း၍ ဖြစ်သည် မဟုတ်ဟု နာမ်, ရုပ် တို့၏အကြောင်းကို သိမ်းဆည်းခြင်းသည် ၁၆-ပါးအပြားရှိသောယုံမှားခြင်းကို လွန်မြောက်ကြောင်းဖြစ်၍ ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

## ၄၅၁--ယုံမှားခြင်း ၁၆-ပါး

**မေး။** ။တဆယ့်ခြောက်ပါး၊ ယုံမှားခြင်းကိုပင်၊ လွန်နိုင်ခြင်းသည်၊ကင်္ခါဝိတရဏ,သည်အရဝယ်,ဘယ်သို့ ယုံမှားဖြစ်သနည်း။

**ဖြေ။** ။၁၆ ပါးသော ယုံမှားခြင်းဟူသည်ကား--

အဟောသိ နု ခေါ အဟံ အတီတမဒ္ဓါနံ, န နု ခေါ အဟောသိ အတီတမဒ္ဓါနံ, ကိံ နု ခေါ အဟောသိ အတီတမဒ္ဓါနံ, ကထံ နု ခေါ အဟောသိ အတီတမဒ္ဓါနံ, ကိံ ဟုတွာ ကိံ အဟောသိ နု ခေါ အဟံ အတီတမဒ္ဓါနံ။ (အတိတ်၌ ၅-ပါး)

ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ, န နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ, ကိံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ, ကထံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ, ကိံ ဟုတွာ ကိံ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ။ (အနာဂတ် ၅-ပါး)

အဟံ နု ခေါသ္မိ, နော နု ခေါသ္မိ, ကိံ နု ခေါသ္မိ, ကထံ နု ခေါသ္မိ, အယံ နု ခေါ သတ္တော ကုတော အာဂတော, သော ကုဟိံ ဂါမီ ဘဝိဿတိ။ (ပစ္စုပ္ပန် ၆-ပါး)

ဤသို့ အတိတ်၌ငါးပါး, အနာဂတ်၌ငါးပါး, ပစ္စုပ္ပန်၌ခြောက်ပါး အားဖြင့် ၁၆-ပါး ပြားသည်။

အဓိပ္ပါယ်ကား—

၁။ ငါသည် လွန်လေပြီးသော ကာလ၌ ဖြစ်ဘူးလေသလော၊

၂။ ငါသည် လွန်လေပြီးသော ကာလ၌ မဖြစ်ဘူးသလော၊

၃။ ငါသည် လွန်လေပြီးသော ကာလ၌ ဘယ်သို့ဖြစ်ဘူးသနည်း၊

၄။ ငါသည် လွန်လေပြီးသော ကာလ၌ ဤပုံသဏ္ဍာန်ဖြင့် ဖြစ်ဘူးလေသလော၊

၅။ ငါသည် လွန်လေပြီးသော ကာလ၌ အဘယ်သူဖြစ်၍ အဘယ်သူ ဖြစ်ဘူးလေသနည်း၊

၆။ ငါသည် လာလတ္တံ့သော အဓွန့်၌ ဖြစ်ဦးအံ့လော၊

၇။ ငါသည် လာလတ္တံ့သော အဓွန့်၌ မဖြစ်တော့လတ္တံ့လော၊

၈။ ငါသည် လာလတ္တံ့သော အဓွန့်၌ ဘယ်သို့ဖြစ်လတ္တံ့နည်း၊

၉။ ငါသည် လာလတ္တံ့သော အဓွန့်၌ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်လတ္တံ့နည်း၊

၁၀။ ငါသည် လာလတ္တံ့သော အဓွန့်၌ အဘယ်သူဖြစ်၍ အဘယ်သူဖြစ်လတ္တံ့နည်း၊

၁၁။ ဤရုပ်နာမ်သည် ငါဖြစ်၏လော၊

၁၂။ ငါမဖြစ်လော၊

၁၃။ အဘယ်သို့ ငါဖြစ်သနည်း၊

၁၄။ အဘယ်အခြင်းအရာဖြင့် ငါဖြစ်သနည်း၊

၁၅။ ထို ငါသည် အဘယ်မှလာခဲ့သနည်း၊

၁၆။ ငါသည် အဘယ်သို့ လားရဦးအံ့နည်း—

ဟူ၍ ယုံမှားခြင်းရှိ၏ ဟူလိုသည်။

### ယုံမှားခြင်း ၈-ပါး

ဤမှတပါး ရှစ်ပါးသောယုံမှားခြင်းဟူသည်ကား—

၁။ ဗုဒ္ဓေ ကင်္ခတိ၊

၂။ ဓမ္မေ ကင်္ခတိ၊

၃။ သံဃေ ကင်္ခတိ၊

၄။ သိက္ခာယ ကင်္ခတိ၊

၅။ ပုဗ္ဗန္တေ ကင်္ခတိ၊

၆။ အပရန္တေ ကင်္ခတိ၊

၇။ ပုဗ္ဗန္တာပရန္တေ ကင်္ခတိ၊

၈။ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ-

ဟူသည်တည်း။ ။ (အနက်လွယ်ပြီ)

### ၄၅၂-မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိကိုပြခြင်း

### ဥပက္ကိလေသတရား ၁၀—ပါး

မေး။ ။ မဂ္ဂါမဂ္ဂ ဉာဏဒဿန အရမှာလည်း, ဝိပဿနာ ညစ်ညူးရာမှန် ဆယ်ပါးရန်ကို ကေန်ဘယ်သို့ဆောက်သနည်း။

ဖြေ။ ။ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော၊
သုခံ ဉာဏ မုပဋ္ဌာန၊ မုပေက္ခာ စ နိကန္တိ စေတိ။

ဟူ၍ အနုရုဒ္ဓါဆရာပင် ပြဆိုပြီ။

ဩဘာသော စ၊ ဝိပဿနာစိတ်ကြောင့်ဖြစ်သော ကိုယ်မှထွက်သော အလင်း ဟု ဆိုအပ်သော အရောင်ရင်း။ ပီတိ စ၊ ဝိပဿနာစိတ်နှင့်ယှဉ်သော ခုဒ္ဒကာ, ခဏိကာ, ဩက္ကန္တိကာ, ဥဗ္ဗေဂါ, ဖရဏာဟူ၍ငါးပြားသောနှစ်သက်ခြင်းရင်း။ ပဿဒ္ဓိ စ၊ ကိုယ်၏ပူပန်ခြင်း, စိတ်၏ပူပန်ခြင်းမှ ငြိမ်းချမ်းခြင်းသည်ရင်း။ အဓိမောက္ခော

၏၊ အားကြီးသော သဒ္ဓိန္ဒြေဟုဆိုအပ်သော အဓိမောက္ခရှင်း။ ပဂ္ဂဟော ၏၊ သမ္မပ္ပဓာန်ကိစ္စကို ပြီးစေတတ်သော ဝီရိယသမ္ဗောဇ္ဈင်ရှင်း။ သုဋ္ဌု လွန်မြတ်သော ချမ်းသာရှင်း။ ဉာဏဉ္စ၊ ဝဇိရ်လက်နက်ကဲ့သို့ ထက်မြက်စွာ၍ လက္ခဏာရေးသုံးပါးကို ပိုင်းခြားနိုင်သော ပညာသည်ရှင်း။ ဥပဋ္ဌာနဉ္စ၊ အဖန်တလဲလဲ အောက်မေ့နိုင်သော ထင်သောသတိရှင်း။ ဥပေက္ခာ ၏၊ လိုထိုအာရုံ၌ လျစ်လျူရှုတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်သို့ ရောက်တတ်သော ပဇ္ဈတ္တုပေက္ခာ အာဝဇ္ဇန်း ယှဉ်သော ဝေဒနုပေက္ခာရှင်း။ နိကန္တိ ၏၊ ဩဘာသစသော မမွေ့ကိုးပါး၌ တပ်သော သိမ်မွေ့သော တဏှာရှင်း။ ဤဆယ်ပါးတို့သည် ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်တို့တည်း။

ဝိပဿနာရှုဟန်ကား—မဂ် ရစိမ့်သောငှာ ဝိပဿနာကို အားထုတ်သော ပုဂ္ဂိုလ်သည် ဆိုအပ်ပြီးသော နည်းအားဖြင့် နာမ်, ရုပ်တရားတို့၏ လက္ခဏာကိုရှင်း, ဖြစ်ကြောင်းတရားကိုရှင်း, သိမ်းဆည်းပြီးသော် ထိုသို့သောအခြင်းအရာဖြင့် သိမ်းဆည်းအပ်ကုန်သော အကြောင်းနှင့်တကွ ဖြစ်ကုန်သော အတိတ်စသည်ဖြင့် ပြားကုန်သော တေဘူမက သင်္ခါရတရားတို့၌ ခန္ဓာကို ဝေဖန်သော နည်းအားဖြင့်ရှင်း, ဒွါရ ၆ ပါး, အာရုံ ၆-ပါး, ထိုဒွါရ၌ ဖြစ်သောတရားတို့ကို ဝေဖန်သောအားဖြင့်ရှင်း, အာရုံပြု၍ အပေါင်းအစည်း၏ အစွမ်းဖြင့်ချုံး၍ အကြင်ရုပ်စုသည် အတိတ်၌ဖြစ်၏။ ထိုရုပ်စုသည်အတိတ်၌ချုပ်လေပြီ။ အကြင်ရုပ်သည် အနာဂတ်၌ ဖြစ်လတ္တံ့၊ ထိုရုပ်လည်း အနာဂတ်၌ချုပ်လတ္တံ့။ အကြင်ရုပ်သည် ဖြစ်ဆဲဖြစ်၏။ ထိုရုပ်လည်း အနာဂတ်သို့ မရောက်ပဲ ဤပစ္စုပ္ပန်၌ပင် ချုပ်တတ်၏။

ယင်းသို့ ကုန်ခန်း ချုပ်ပျောက်တတ်သော အနက်ကြောင့် အနိစ္စသဘောသာတည်း။ ကြောက်မက်ဖွယ်ဖြစ်သော အနက်ကြောင့် ဒုက္ခသဘောသာတည်း။ အနှစ်မရှိသော အနက်ကြောင့် အနတ္တသဘောသာတည်း။ ဤသို့ကာလ၏ အစွမ်းဖြင့်ရှင်း၊ သပ္တရသာယုကဖြစ်စဉ်၏ အစွမ်းဖြင့်ရှင်း၊ ဥပါဒ်, ဌီ, ဘင် တည်းဟူသော ခဏ၏ အစွမ်းဖြင့်ရှင်း၊ သုံးသပ်ဆင်ခြင်တတ်သော ဉာဏ်ဖြင့် လက္ခဏာရေးသို့တင်၍ သုံးသပ်သောပုဂ္ဂိုလ်အား ထိုတေဘူမက တရားတို့၌သာလျှင် အကြောင်း၏ အစွမ်းဖြင့်ရှင်း၊ ခဏ၏ အစွမ်းဖြင့်ရှင်း၊ ဖြစ်ခြင်း ပျက်ခြင်းကို သိတတ်သောဉာဏ်ဖြင့် ဖြစ်ခြင်းပျက်ခြင်းကို အဖန်တလဲလဲ ရှုသောပုဂ္ဂိုလ်အား အလွန်အားကြီးသော ဝိပဿနာအဟုန်ကြောင့် အလုံးစုံသောကိုယ်မှ အရောင်အလင်းသည်ရှင်း၊ နှစ်သက်ခြင်းပီတိ, ပဿဒ္ဓိ စသည်တို့သည်ရှင်း ဖြစ်၏။

ထိုသို့ဖြစ်လတ်သော တရားဆယ်ပါးတို့ ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်သာတည်းဟု နှလုံးသွင်း၍ သိမ်းဆည်းသည်၏ အစွမ်းဖြင့် မဂ်ဟုတ်

သည် မဟုတ်သည်၏လက္ခဏာကို မှတ်ခြင်းသည် မဂ်ဟုတ်သည် မဟုတ်သည်ကို သိသော ဉာဏ်အမြင်၏ စင်ကြယ်ခြင်းဖြစ်၍ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ပြခြင်း

ယင်းသို့ ဆီးတားခြင်းဘေးရန်မှ လွတ်လျက် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မြင်တတ်သော ဥဒယဗ္ဗယဉာဏ်ကို ရပြီးသော် ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်းကိုသာ အဖန်များစွာ ရှုသဖြင့် ပိုလှူသော ကမ်းစွန်း၌တည်သော သစ်ပင်ကဲ့သို့ မိမိတွင်ရှိသော ရုပ်နာမ်ခန္ဓာတို့ကို ပျက်ဆဲဆဲဟုမြင်သော ဘင်္ဂဉာဏ် သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် ရှုပြန်သောကာလ ကျား ၊ ခြင်္သေ့ စသည်ကို တွေ့သောအခါ ကဲ့သို့ ကြောက်လန့်ဖွယ်ရှိသော အခြင်းအရာဖြင့် ထင်သောဘယဉာဏ်သည် ဖြစ်၏။

ထိုဘယဉာဏ်ဖြင့် ရှုပြန်သောကာလ ငါးဝသောခန္ဓာ တို့သည် မီးလောင်၍ လာသောအိမ်ကဲ့သို့ ထိန်ထိန်လောင်သော အခြင်းအရာဖြင့် ထင်သည်ဖြစ်၍ အပြစ်ဟု သိသော အာဒီနဝဉာဏ်သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် ရှုပြန်သောအခါ ဤခန္ဓာ၌ လွန်စွာငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ် သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် အဖန်ဖန်ရှုသော ပုဂ္ဂိုလ်အား မီးလောင်သောအိမ်မှ ထွက်သွား လိုသကဲ့သို့ ဘေးဥပဒ္ဒဝတို့မှ လွတ်လိုသော မုစ္စိတုကမျတာဉာဏ်သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် အဖန်ဖန်ရှုသောအခါ လွတ်ရာလွတ်ကြောင်းကို ဆင်ခြင်မြော် မြင်တတ်သော ပဋိသင်္ခါနုပဿနာဉာဏ်သည် ဖြစ်၏။

ထိုဉာဏ်ဖြင့် အဖန်ဖန်ရှုသောပုဂ္ဂိုလ်အား စွန့်ပစ်ထိုက်၍ စွန့်ပစ်လိုက်သော မယားကို အရပ်တပါး၌ မြင်သော်လည်း ခင်မင်စိတ်မဖြစ်လာ၊ လျစ်လျူသာ ရှုဘိသကဲ့သို့ မိမိ၏ခန္ဓာ သင်္ခါရအစုတို့၌ လျစ်လျူရှုတတ်သော သင်္ခါရုပေက္ခာ ဉာဏ်သည်ဖြစ်၏။

ထိုဉာဏ်ဖြင့် အဖန်တလဲလဲရှုပြန်သောကာလ ရလတ္တံ့သော မဂ်အား လျော် သော သစ္စာနုလောမဉာဏ် သည် ဖြစ်၏။

ရှေးပြခဲ့ပြီးသော ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမဉာဏ်တိုင်အောင် ဝိပဿနာအဆင့်ဆင့်ဖြင့် ကျင့်ပေသော ပုဂ္ဂိုလ်အား ကိုးပါးသောဝိပဿနာ ဉာဏ်တို့၏ ဖြစ်ခြင်းသည် ကျင့်စဉ်ဉာဏ်၏ စင်ကြယ်ခြင်းဖြစ်၍ ပဋိပဒါဉာဏ-ဒဿနဝိသုဒ္ဓိမည်၏။

## ဉာဏဒဿန ဝိသုဒ္ဓိကို ပြခြင်း

ယင်းသို့ ဆိုအပ်ပြီးသော အစဉ်အားဖြင့် လက္ခဏာရေးသုံးပါးကို အား ထုတ်လာ၍ ဝိပဿနာရင့်ခြင်းသို့ ရောက်သဖြင့် အပ္ပနာဇောဖြစ်လိုလတ်သော် မိမိပဋိသန္ဓေစိတ်နှင့် တူသောစိတ်သည် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ထို့နောင် တေဘူမကစမ္မတို့၏ အနိစ္စလက္ခဏာစသည်ကို အာရုံပြု၍ ဖြစ်သော မနောဒွါရာဝဇ္ဇန်း, ထို့နောင် ထိုအာရုံကိုအာရုံပြု၍ မဟာကုသိုလ် ပဌမဒွေ တို့တွင် တခုခုသည် မန္ဒပညာပုဂ္ဂိုလ်အား ပရိကံ, ဥပစာ, အနုလုံ, ဂေါ်တြဘုကို အာရုံပြု၍ ဂေါ်တြဘူဟု ၄-ကြိမ်, တိက္ခပညာပုဂ္ဂိုလ်အား ဥပစာ, အနုလုံ, နိဗ္ဗာန်ကို အာရုံပြု၍ ဂေါ်တြဘူ ဟု ၃ ကြိမ် ဒွေဒှနုဂါမိနီ ပဋိပဒါ ဇောကိစ္စ ဖြစ်၍ ချုပ်၏။

ထို့နောင် တိက္ခပညာပုဂ္ဂိုလ်အား ၄-ကြိမ်မြောက် မန္ဒပညာပုဂ္ဂိုလ်အား ၅-ကြိမ်မြောက် ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော သောတာပတ္တိမဂ် ပဌမ ဈာန်စိတ်သည်၎င်း ဈာန်အင်္ဂါ လေးပါးနှင့်ပြည့်စုံသော သောတာပတ္တိမဂ် ဒုတိယ ဈာန်စိတ်သည်၎င်း၊ ဈာန်အင်္ဂါ ၃-ပါးနှင့်ပြည့်စုံသော သောတာ- ပတ္တိမဂ် တတိယဈာန်စိတ်သည်၎င်း၊ ဈာန်အင်္ဂါ ၂ ပါးနှင့်ပြည့်စုံသော သောတာပတ္တိမဂ် စတုတ္ထဈာန်စိတ်သည်၎င်း၊ ဂေါ်တြဘူသည် မဟာကုသိုလ် တတိယဒွေတို့တွင် တခုခုဖြစ်အံ့ ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော သောတာ- ပတ္တိမဂ် ပဉ္စမဈာန်စိတ်သည်၎င်း၊ နိဗ္ဗာန်ကို အာရုံပြု၍ ဒုက္ခသစ္စာကို ပိုင်းခြား ၍သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မဂ္ဂသစ္စာကို ပွားစေခြင်းတည်းဟူသော ကိစ္စလေးပါးကို တပြိုင်နက် တချက် တည်းပြီးစေလျက် မဂ်ဇောကိစ္စ တကြိမ်ဖြစ်၍ ချုပ်၏။

ထို့နောင် သောတာပတ္တိမဂ်ဇောဝေဟန သည်ဖြစ်ပေအပ်သော သောတာ- ပတ္တိမဂ်နှင့် ဈာန်အင်္ဂါ, အာရုံအားဖြင့် တူသော သောတာ- ပတ္တိဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ တိက္ခပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ်, ဖိုလ် ဟု ၃-ကြိမ်, မန္ဒပညာပုဂ္ဂိုလ်အား ဖိုလ်, ဖိုလ် ဟု နှစ်ကြိမ် ဖိုလ်ဇောကိစ္စ ဖြစ်၍ ချုပ်၏။ ထို့နောင် မိမိပဋိသန္ဓေစိတ်နှင့်တူသော စိတ်သည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၍ ချုပ်၏။ ။ယင်းသို့ စိတ်အစဉ်ဖြင့် နိဗ္ဗာန်ကို မြင်သော မဂ်စိတ်၏ဖြစ်ခြင်းသည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဤကို ရည်၍ ပုစ္ဆာသပြောသည်—

ပဋိပဒါဉာဏဒဿနအရ ခွဲခြမ်း သိနိုင်စွမ်းလျှင် ငြိမ်းထိုထိုထက် နေ့တိုင်းတက်, မဂ်ဖြင့်မပြတ်ရှု—

ဟူ၍ဆိုလေသည်။

## ၄၂၃–မဂ်၏နီးပါး ကာမဇောများပင် သမာဓိဇောဖြစ်ကြောင်း

**မေး။** ။မဂ်ဖြင့်နီးကာ ဘာဝနာဖြင့် သမာဓိဇော သဘောဘယ်သို့ ပြသနည်း။

**ဖြေ။** ။သမ္မသနဉာဏ်မှစ၍ ဝိပဿနာဉာဏ်ဆယ်ပါးဖြစ်အောင် ရှုသော ကာမကုသိုလ်ဇောစိတ်သည် သမာဓိဇောပင် ဖြစ်သည်။

## အနုလုံ ၄-ပါး စုံသောဝီထိကို ပြခြင်း

**မေး။** ။အနုလုံ အနုလုံ ၄-ချက်စုံနှင့်၊ ဉာဏ်ရုံကျယ်သည် ဘယ်ဝီထိမှာ၊ ဖြစ်သနည်း။

**ဖြေ။** ။သောတာပတ္တိမဂ်ကို ရပြီးသော ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို ဝင်စားသော အခါ၌ ဖြစ်သည်။

**မေး။** ။မဂ်ဖြစ်သောအခါ၊ လက္ခဏာတရား၊ အစွမ်းအားဖြင့်၊ သုံးပါးအစုံ ဖြစ်သလော။

**ဖြေ။** ။နိဗ္ဗာန်ပိုင်းက ပြခဲ့လေပြီ။

အနိစ္စာဒိ၊ ဝိပဿနာ၊ ရှုကာပြတ်ပြတ်၊ မှတ်အပ်မှတ်ကြောင်း၊ ခန္ဓာပေါင်းကို၊ မှတ်ကြောင်းအလို၊ သင့်အောင်ဆိုလျှင်၊ မဂ်ဖိုလ် လေးကြိမ် ပေါက်လတ်မည်။

ဤတွင် ကမ္မဋ္ဌာန်းပိုင်းဆိုင်ရာ

ပုစ္ဆာဝိသဇ္ဇနာများ ပြီးပြီ။

# ကျမ်းပြီး နိဂုံး

စတုစက္ကသမ္ပုဏ္ဏာယ၊ ကဉ္စနာဂိရိနဂြယ။
စက္ကဋ္ဌေ တိလကဋ္ဌာယုတေ၊ ကျီးသဲလ္လတျာဘိသမ္မုတေ။

မဟာနိဂမေ ဇာတတ္တာ ဝယပတ္တေ စ ဇာတသ္မိံ ယေဝ ပဗ္ဗာဇေတွာ ဥပသမ္ပာဒေတွာဝ နာနာစေရာနံ သန္တိကေ ပရိယတ္တိံ ယော ဥဂ္ဂဏှိတွာ ဆေကင်္ဂတေ ဟသာ ပါဠိနဘူမိဇေဋ္ဌေ မဟာမဏ္ဍေန ကာရာပိတေ သာသနဒ္ဓဇာယ ပုတ္တဒါရာနံ စတုဘူမကာဝါသေ ပထမံ ဝသိတတ္တာ စ, ကျီးသဲ ၄-ထပ်တိ အာချာတေန စက္ကသန္ဒရစေရာနံ ဝံသာလင်္ကာရဘူတေန သဒ္ဓမ္မာဘိရမ္မန္တေန သီလာဒိဂုဏယုတ္တေန ဝေပုလ္လပညာဝေယျတ္တိကေန တိပေဋကဝေဒတ္တယကန္ထန္တရဗဟုသုတဂုဏေဟိ ဝိသုတေန ဂဏဝါစကေန မုနိန္ဒာဘိဓေသညိနာ မယာ သာသနသံဝုဍ္ဎနတ္ထံ ပဏိဓာယ ပန်းတောင်းနာဂရေ ဝသန္တေ ဂန္ထဝံသ နိဿယဉ္စ ဇိနတ္ထပကာသနီနာမ ပကရဏဉ္စ ရစိတွာ အုပ်ဖိုလ်ဒေသ သီလဘေဒပကာသနီ ဂပ္ပါရယ ဝဿပဘုတိ ဥတ္တရတိတ္ထံနာမ ဇနပဒမုပနိဿာယ နဝဝိဟာရေ ဝသန္တေ မင်္ဂလတ္ထဒီပနီယာ နိဿယဉ္စ ယေဟျ ကရဏ ဂန္ထဉ္စ ဒိဋ္ဌိဒီပက ပဉ္စာဗျာကရဏ နိဗ္ဗာနလင်္ကာရ ဝိမတိဝိစ္ဆေဒနီပကရဏာနိ သင်္ဂဟနိဿယဉ္စ လိခိတွာ ဣဒါနိ စ ပရမတ္ထဆောကိဿာနံ သဇ္ဇနသမ္မတာနံ ဥပါသကာနမာယာစနဉ္စ သာသနောဒယာဘိကာမဿ သာဓုမာနိတဂုဏဿ ပဉ္စာလထေရဿ အဇ္ဈေသနဉ္စ မာရဇ္ဈ, ပေါရာဏုပဒေသံ သဇ္ဇန္တော, နဝပညတ္တရာနိ, ပက္ခိပိတွာ သဒ္ဒနယံ ပမုဉ္စန္တော သာရဘူတံ အတ္ထနယံ ဝိဂ္ဂါဟေတွာ မနောရထပူရဏာယ သုရစိတမိဒံ ဂန္ထံ နိဋ္ဌင်္ဂတော သော’နာယာသေန ဣသိ, နေရု, သိန္ဓု, စမ္မေ, ဇိနစက္က, ပါဏဂ္ဂိ,နေတြ,ရူပေ သက္ကရာဇေ ဘဒြမာသကာလပက္ခေ ဒသမေ စန္ဒြဒိနကေ။

ဓမ္မစက္ကာနုဘာဝေန-’ ခိလသတ္တာ သုခါရိဝ။
ယသ္မာ တေဇေန သဇ္ဇနာ၊ သုခိတာ လောကလာဘကာ။
ဝေရမဒ္ဒါဘိသမယာ၊ ဟောန္တု သဗ္ဗေပိ ဇန္တုနော။

စတုစက္ကသမ္ပုဏ္ဏာယ၊ ပဋိရူပစသည်အင်္ဂါ စက်လေးဖြာနှင့် လွန်စွာပြည့်စုံထသော။ ကဉ္စနာဂိရိနဂြယ၊ ရွှေတောင်အမည်ရှိသောမြို့၏။ တိလကဋ္ဌာယုတေ၊ မှန်ကင်းတဆူ မှန်ကူသဖွယ်လည်းဖြစ်ထသော။စက္ကဋ္ဌေ၊ဘုရားသြဝါ သာသနာ၏တည်ရာခေတ်မြတ် လည်းဖြစ်ထသော။ ကျီးသဲလ္လတျာဘိသမ္မုတေ၊ ကျီးသဲဟူ၍ ဗိုလ်လူသမိုက်အပ်ထသော။ ။မဟာနိဂမေ၊ မြစ်သာနီးတုံ ဈေးမစုံသော

ကြောင့် နိဂုံးမည်သိး ရှာရပ်ကြီး၌။ ဇာတတ္တာ စ၊ သန္ဓေကျိန်းပျော် ဖွား မြော်ကြီးရင့်သည်၏ အဖြင့်ကြောင့်ရင်း။ ဝယပတ္တော၊ အရွယ်သို့ ရောက်လတ်သော်။ တသ္မိံယေဝ ဂါမေ၊ ထိုရွာ၌ သာလျှင်။ ပဗ္ဗာဇေတွာ၊ ရှင်ရဟန်းပြု၍။ ဥပသမ္ပာဒေတွာ၊ ပဉ္စင်းခံယူ၍။ နာနာစေရာနံ၊ အထူးထူးသော မြို့ရပ်ပြည်ရွာ ဆရာမှန် ဆရာမြတ်တို့၏။ သန္တိကေ၊ အထံ၌။ ပရိယတ္တိယော၊ သင်အပ်သော အတတ်ပညာ နာနာဝါဒတို့ကို။ ဥဂ္ဂဏှိတွာ၊ ကောင်းစွာသင်ယူ၍။ ဆေကာဂ်တော၊ ပြွမ်းတီးလိမ္မာခြင်းသို့ ရောက်လတ်သော်။ တဿ နိဂမဿ၊ ထိုကျီးသဲအမည်ရှိသော နိဂုံး၏။ ပါစီနဒ္ဘူမိဇေဋ္ဌေ၊ အရှေ့မျက်နှာ တာသုံးရာခန့် မျှော်ရာဌွေဘုံ မြေခုံညွှန့်မြိတ် ကုန်းဦးထိပ်၌။ မဟာမဏ္ဍစွနု၊ ရွှေတောင်, ပန်းတောင်း ကူး ပြောင်းလှည့်ကာ ဟံသာဝတီ ဌာနီပိုက်ချုပ် ဝန်ကြီးလုပ်ရသော မင်းကြီး မဟာမင်းကျော် နော်ရထာ ကြော်ငြာတွင်ပြီး အမတ်ကြီးသည်။ သာသနဒ္ဓရာယ၊ သာသနာကို စည်ပင်မွှာဆောင်ရွက်စေခြင်း အကျိုးငှာ။ ပုတ္တဒါရာနံ၊ ရင်နှစ်, နှစ်ဖော် ကြင်ဘော်ဇနီး မြောက်သားကြီးတို့ကို။ ကာရာပိတေ၊ မိ မွေ့ ဘင်္ဂုတ် ကံကျွေး ထုတ်၍ ဆောက်လုပ်တည်ထောင်စေအပ်သော။ စတုဘူမကာဝါသေ၊ လေးထပ်ကျောင်းကြီး၌။ ပထမံ၊ ရှေးဦးစွာ။ ဝသိတတ္တာ၊ ရာပိုထိပြည့်တင်း, သီတင်းသုံးနေသည်၏ အဖြစ်ကြောင့်။ ကျီးသဲ ၄- ထပ်တိအာချာတေန၊ ကျီးသဲ ၄-ထပ် ဆရာတော်ဟု ခေါ်ဝေါ်အပ်ထသော။ စက္ကုသန္ဓရစေရာနံ၊ ပရိယတ် ပဋိပတ် နှစ်ရပ်သော သာသနာကို ကောင်းစွာဆောင်ကုန်သော ဆရာမှန်ဆရာ မြတ်တို့၏။ ဝံသာလင်္ကာရဘူတေန၊ အဆက်အနွယ်ကို တင့်တယ်စွာ တန်ဆာ ဆင်သကဲ့သို့ ဖြင်ထသော။ သဒ္ဓမ္မေ၊ သူတော်ကောင်း တို့၏ တရား၌၊ အဘိရမ္မ-နေ့န၊ အလွန်မွေ့လျော်စွာထသော။ သီလာဒိဂုဏယုတ္တေန၊ သံဝရဝိနည်း, အာ-စာရဝိနည်း စောင့်စည်းခြိုးခြံ မှုမရုံသော သီလ သိက္ခာ သမာဓိ ဂုဏ်နှင့်လည်း ယှဉ်ထသော။ ဝေပုလ္လပညာဝေယျတ္တိကေန၊ ပြန့်ပြောကျယ်ဝင်း ထိုးထွင်း နိုက်နဲ ခွဲခြမ်းဝေဖန်နိုင်သော ဉာဏ်ပညာအစွမ်းလည်းရှိထသော။ တိပေဋကဝေဒတ္တယ, ဂန္ထန္တရ ဗဟုဿုတ ဂုဏောဟိ၊ ပါဠိ, အဋ္ဌကထာ, ဋီကာ ဥဿုံ ကျမ်းသုံးပုံကို ချက်ကုန်ထုတ်ဖောက် လှံ့မ,စောက်ဖြင့် ပြန်ခေါက်များစွာ လေ့ လာနိုင်ခြင်းတည်းဟူသော ပိဋကတ္တယ ဗဟုသုတ, ဆန်း, အလင်္ကာ သဒ္ဒါ, နေတ္တိ, ဝိဂ်, ဒဏ္ဍီ ဗျဉ္စီ, ကလာပ် ပြို့ဟာဒ်, ရာဇမတ္တဏ်, ပုရာဏ်, သရောဒယ, ဇောတိသတ္တ, သိဒ္ဓန္တဟု စသည်သုံးခန်း၊ ဝေဒလ်ကျမ်းတို့၌ ပြွမ်းတီးလေ့လာ လိမ္မာသိမြင်ခြင်းတည်းဟူသော ဗေဒတ္တယ ဗဟုသုတ, ထုံးရာဇဝင် ပုံပြင်လင်္ကာ ကဗျာအရပ်ရပ် ဓမ္မသတ်ဆေးကျမ်း ခေတ်ကျမ်းစာမ လောကဝိဇ္ဇာကျမ်းအရာ တို့၌ကောင်းစွာသိမြင်ခြင်း တည်းဟူသော ဂန္ထန္တရ, ဗဟုသုတ ဂုဏ်တို့ကြောင့်။ ဝိသုတေန၊ နိုင်ငံအနှံ့ ပြန့်သောကျော်စောခြင်းလည်း ရှိထသော။ ဂဏာဝါစ-ကေန၊ ရှစ်ခွင်ဒိသာ ရောက်ဝင်လာသော သံဃာတော်အပေါင်းတို့၏ စာပို့ဆရာ

လည်းဖြစ်ထသော။ မုနိန္ဒာဘိဓဇာလာညိနာ၊မုနိန္ဒာဘိဓဇ အမည်ရှိသော။ မယော၊ ငါသည်။ ။(သုရုစိတံ၌စပ်)

သာသနသံဝဍ္ဎနတ္ထံ၊ ဘုရားသာသနာ၏ လွန်စွာရှည်လျား ပြန့်ပွားရာသောအကျိုးကို။ ပဏိဓာယ၊ တောင့်တမျှော်ခေါ်သဖြင့်။ ပန်းတောင်းနဂရေ၊ ပန်းတောင်းမြို့၌။ ဝသန္တော၊ သီးတင်းသုံးနေစဉ်၊ ဂန္ထဝံသနိဿယဥ္စ၊ ဂန္ထဝံသကျမ်း၏ မှီရာနိဿယကိုရင်း။ ဇိနတ္ထပကာသနီနာမ ပကရဏဥ္စ၊ ဇိနတ္ထပကာသနီမည်သောကျမ်းကိုရင်း။ ရစိတွာ၊ ရေးသားစီရင်ပြီး၍။ အုပ်ဖိုလ်ဒေသေ၊အုပ်ဖိုလ်အရပ်၌။ ဝသန္တော၊ သီတင်းသုံးနေစဉ်။ သီလဘေဒပကာသနံ၊ သီလဘေဒပကာသနီကျမ်းကို၊ရစိတွာ၊ ရေးစီရင်ပြီး၍၊ ဂပ္ပါရယ ဝဿပဘုတိ၊ သက္ကရာဇ်တထောင့်နှစ်ရာ နှစ်ဆယ့် သုံးခုနှစ်မှစ၍။ ဥတ္တရဝတ္ထံနာမ ဇနပဒံ၊ မြောက်ဆိပ်အမည်ရှိသောဇနပုဒ်ကြီးကို။ ဥပနိဿာယ၊ အမှီပြု၍။ နဝဝိဟာရဂဗ္ဘေ၊ အသစ်တည်ထောင်အပ်သော ကျောင်းတိုက်၌။ ဝသန္တော၊သီတင်းသုံးနေစဉ်။ မင်္ဂလတ္ထဒီပနိယာ၊ မင်္ဂလတ္ထဒီပနီဋီကာ ကျမ်းကြီး၏။ နိဿယဥ္စ၊ မှီရာအတ္ထ နိဿယကိုရင်း။ ဝေယျာကရဏဂန္ထဥ္စ၊ စွယ်စုံ ကျော်တင် ပုဏ္ဏာကိုဖြေရာ ဝေယျာကရဏ်းကျမ်းကြီးကိုရင်း။ ဒိဋ္ဌိဒီပက ပဋ္ဌာဗျာကရဏ,နိဗ္ဗာန်လမ်းပြ,ဝိမတိစ္ဆေဒနီပကရဏာနိ စ၊ ဒိဋ္ဌိဒီပကကျမ်း, ပဋ္ဌာဗျာကရဏကျမ်း, နိဗ္ဗာန်လမ်းပြကျမ်း,ဝိမတိစ္ဆေဒနီကျမ်းတို့ကိုရင်း။ သင်္ဂဟနိဿယဥ္စ၊ သင်္ဂြိုဟ်နိဿယကိုရင်း။ လိက္ခိတွာ၊ ရေးသားပြုပြင်စီရင်ပြီး၍။ ဣဒါနိ စ၊ ယခုအခါ၌လည်း။ ပရမတ္ထသောတ္တာနံ၊ ပရမတ်တရားမှတ်သားလေ့လာ လိမ္မာ ပွမ်းတီးခြင်းကို အလိုရှိကုန်သော။ သဇ္ဇနသမ္မတာနံ၊ ဒုရာဇိဝ သုဇိဝဖြင့် မမွ မှေ့လျော် လူသူတော်ဟု ခေါ်ဝေါ်သမုတ်အပ်ကုန်သော။ ဥပါသကာနံ၊ ပိဋကတ်ဒါယကာ ကြေငြာထင်ပေါ် မေးင်မြတ်ကျော် အမှူးရှိကုန်သော ဥပါသကာတို့၏။ အာယာစနဥ္စ၊ အဖန်ဖန်တောင်းပန်ခြင်းကိုရင်း။ သာသနောဒယာဘိကာမသ၊ သာသနာတော်၏ ဖြောင့်မတ်စွာ တက်ထွန်းခြင်းကို အလွန်အလိုရှိလာသော။သာဓုမာနိတဂုဏာသ၊ သူတော်ကောင်းတို့သည် ညွှတ်ဖြောင်းမြတ်နိုးအပ်သော သီလသံဝရ ဥဿာဟဂုဏ်နှင့်လည်းပြည့်စုံထသော။ ပဉ္ဇာလယေရဿ၊ ပဉ္ဇာလဟု နာမခေါ်တွင် အရှင်ထေရ်မြတ်၏။ အဇ္ဈေသနဥ္စ၊ အလွန်တိုက်တွန်းခြင်းကိုရင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပေါရာဏုပဒေသံ၊ ရှေးဆရာတို့ နည်းနာရအောင် မေးပြသော ပရမတ္ထပုစ္ဆာကို။ သဇ္ဇန္တော၊ ဖြေသင့်လျက်။ နဝပည်တ္တရာနိ၊ အသစ်သော အမေးအဖြေတို့ကို။ ပက္ခိပိတွာ၊ ထည့်သွင်း၍။ သဒ္ဒနယံ၊ ကျမ်းလာကစ္စည်း သဒ္ဒါနည်းကို။ ပမုဥ္စန္တော၊ လွှတ်လျက်။ သာရဘူတံ၊ အနှစ်သာဖွယ်ဖြစ်သော။ အတ္ထနယံ၊ သဘောအဓိပ္ပါယ်ဖြစ်သော အနက်နည်းကို။ ဝိဂ္ဂါဟေတွာ၊ အထူးထူးသော ကျမ်းဂန်မှယူ၍။ မနောရထပူရဏာယ၊ ဆန်းကြယ်

ထုးကဲ နက်နဲစွာသိလိုသောသူတို့၏ နှလုံးအလိုကို ပြည့်စေခြင်းငှာ၊ ဣဒံ ဂန္ထံ၊ ဤကျမ်းကို။ သုရစိတံ၊ ကောင်းစွာစီရင်အပ်ပြီ။

ဧသော ဂန္ထော၊ ထို "မနောရထပူရဏီ" မည်သောကျမ်းသည်။ ဇိနစက္ကေ၊ မြတ်စွာဘုရား သာသနာတော်သည်။ ဣသိ-နေရှ သိန္ဓု စမ္မေ၊ နှစ်ထောင့် လေးရာ တဆယ့်ခုနစ်ခုနှစ်ဖြစ်သော၊ သက္ကရာဇေ၊ လူတို့မှတ်ဆစ် သက္ကရာဇ် သည်။ ပါဏဂ္ဂိနေတြဗျမေ၊ တထောင့်နှစ်ရာ သုံးဆယ်ါးခုဖြစ်သော။ ဝဿေ၊ နှစ်၌။ ဘဒြမာသကာလပက္ခေ၊ ဒကာ်သလင်းလဆန်း ပက္ခဖြစ်သော။ ဒသ- မေစန္ဒြဒိနကေ၊ လဆန်းဆယ်ရက် တနင်းလာနေ့၌။ အနာယာသေန၊ ရောဂါ ဘေးဘျမ်း မငြိမသန်းခြင်းဖြင့်။ နိဋ္ဌဂ်တော၊ အပြီးသို့ရောက်၏။

ဓမ္မစက္ကာနုဘာဝေန၊ ဓမ္မစကြာ ဟောခေသာအခါ၌ ဒေသနာနုဘော် မြတ် တေဇော်ကြောင့်။ အခိလသတ္တာ၊ မြေပေါ်မိုးထက် ဘဝဂ်အထိ ဝိစိတိုင် ရောက် ထက်အောက်တပြင် ဝန်းကျင်ဥဿုံ ကြွင်းမဲ့ကုန်သော သတ္တဝါတို့ သည်။ သုခါရိဝ၊ ဘေးမျိုးကွာ၍ ချမ်းသာရကုန်သကဲ့သို့။ ယဿ၊ အကြင် "မနောရထပူရဏီ" ဂုဏ်ဆိပြည့်လျှမ်း ဤသည့်ကျမ်း၏။ တေဇေန။ တန်ခိုး ရှိန်စော် အာနုဘော်ကြောင့်။ သဇ္ဇနာ၊ ဣဿာ, မစ္ဆေ, ပလာသေနှင့် ရန်မေ့ ခြောက်သင်း စောင်းမာန်ကင်းသော သူတော်ကောင်းတို့သည်။ သုခိတာ၊ ပီတိငါးဖြာ ပြန့်ပွားကာဖြင့် ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အာလော- ကလာဘကာ၊ ဉာဏ်တည်းဟူသော အလင်းကို ရကုန်သည်။ ဟောန္တု၊ ဖြစ်စေ ကုန်သတည်း။ ဝေရမဒ္ဒါ၊ အဇ္ဈတ်ဗာဟိ နှစ်လီသောရန် မိစ္ဆာမာန်ကို ပယ် လှန်နှိပ်နင်းနိုင်ကုန်သည်။ အဘိသမယာ၊ ဆယ်တန်ပေသ ဉာဏ်အမြတ်ဖြင့် ပညတ်ပရမတ် ခဲကပ်သမျှ ဓမ္မခပင်း ထိုးထွင်းဥဿုံ သိကြကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သဗ္ဗေပိ ဇန္တုနော၊ အလုံးစုံသော သတ္တဝါတို့သည် လည်း။ သုခိတာ၊ လိုအင်ပြည့်ဝ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်စေ ကုန်သတည်း။

ဣဿာ၊ ငြူစူခြင်း။ မစ္ဆေ၊ သူ၏ဂုဏ်ကျက်သရေကို ချေဖျောက်ခြင်း။ ပလာသ၊ အဖျင်းမူခြင်း။ ဥပါရမ္ဘ၊ စွပ်စွဲပြောဆိုခြင်း။ အတ္တုက္ကံသန၊ မိမိကိုယ် ကို ချီးမြှောက်ခြင်း။ ပရဝမ္ဘန၊ သူ့ကိုရှုတ်ချခြင်း။ အတွင်းရန် ၆-ပါးတည်း။

ဤရန်မေ့ ၆-သင်း ကင်းလွတ်သောသူ နာယူသင်ကြားမှ ပီတိသုခနှင့်တကွ ဉာဏ်တည်းဟူသော အလင်းကို ရမည်ဖြစ်၍ ပတ္ထနာသည်။

ဤတွင် နိဂုံးခါးပတ် အပြီးသတ်တည်း။

---

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ပ-မ-သ-စ—၄၁၇—၂၇-၅-၈၁—၅၀၀၀-အုပ်။ (၂)

# အလိမ္မာ စာမှာရှိသည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

**သာသနာရေးဦးစီးဌာနမှ**

**မြန်မာပြန် ပိဋကတ်များကို ဖတ်ပါ**

**ပိဋကတ်ပါဠိတော် ၅၂-ကျမ်းလုံးကို ဖတ်ရှုနားလည်နိုင်ကြပြီ။**

## မြန်မာပြန်ကျမ်းများ

| | | | |
|---|---|---|---|
| ၁။ ဒီဃနိကာယ် ( သုတ္တန် ) | ပါ၊ ဒု၊ တ | ( ၃-ကျမ်း ) | ၃-အုပ် |
| ၂။ မဇ္ဈိမနိကာယ် ( သုတ္တန် ) | 〃 | ( ၃-ကျမ်း ) | ၃-အုပ် |
| ၃။ သံယုတ္တနိကာယ် ( သုတ္တန် ) | 〃 | ( ၅-ကျမ်း ) | ၃-အုပ် |
| ၄။ အင်္ဂုတ္တရနိကာယ် ( သုတ္တန် ) | 〃 | ( ၁၁-ကျမ်း ) | ၃-အုပ် |
| ၅။ ခုဒ္ဒကနိကာယ် ( ကျမ်း-၃၀ ) မှ | | ဝိနည်း ( ၅-ကျမ်း ) | ၅-အုပ် |
| | | အဘိဓမ္မာ ( ၄-ကျမ်း ) | ၅-အုပ် |
| | | အခြားသုတ္တန် ( ၁၄-ကျမ်း ) | ၇-အုပ် |

**တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကြီး**

၁၀-တွဲ ထွက်ပြီ

**မဟာဗုဒ္ဓဝင်**

**ပဌမတွဲမှ ဆဋ္ဌမတွဲအထိ ၆-တွဲ ၈-အုပ် အပြည့်အစုံထွက်ပြီ။**